http://www.dhammadownload.com

အရှင်ဓနုကာဘိဝံသ

၏

သတ္တုမကျမ်းစာ

ပါတိမောက်ဘာသာဋီကာ

သာသနာ-၂၅၄၅ ကောဇော-၁၃ဒဿ ရက်စွဲ-၂၀၀၂

နယူးဘားမားအောင်ဆန်းပြည်ထောင်စုပြန်လည်တည်တံ့ရေး

အမရပူရမြို့

http://www.dhammadownload.com

အရှင်ဇနကာဘိဝံသ

၏

သတ္တမကျမ်းစာ

ပါတိမောက်ဘာသာဋ္ဌိကာ

သာသနာ-၂၅၄၅ ကောဆာ-၁၃၈၄ ခရစ်-၂၀၀၂

နယူးဘားမားအော့ဖ်ဆက်ပ်ဗုဒ္ဓဘာသာ
အမရပုရမြို့

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာ စာပေနွဲ့ပြိုင်ပြုချက်
အမှတ် (၃၅/၉၈) (၈)

စာအုပ်စာတမ်း စာနယ်ဇင်း မျက်နှာပုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ် (၃၀/၉၈) (၈)

နှုန်း	၂၀၀၂ နှုန်း ဧပြီလ။
အုပ်ရေ	၂၀၀၀
အကြိမ်	ပဌမအကြိမ်
တန်ဖိုး	( )

ကွန်ပျူတာစာစီ	နယူးဘားမား မဟာဂန္ဓာရုံ အမရပူရမြို့။
ထုတ်ဝေသူ	ဦးစောင်စောင် (မြို ဝ၃၂၇၁) မဟာဂန္ဓာရုံစာပေ ပိန်းတန်းရပ် အမရပူရမြို့။
ပုံနှိပ်သူ	ဦးစောင်စောင် (မြို ဝ၁၈၂၄) နယူးဘားမားစအာ(ပ်)ဆက်ပိုင်ကပုံနှိပ်တိုက်၊ မဟာဂန္ဓာရုံ မြင်းမူကျောင်း၊ အမရပူရမြို့။

http://www.dhammadownload.com

အရှင်ဇနကာဘိဝံသ၏
ဘဝသံသရာပြစ်စဉ်အကျဉ်း

* * * * * * * * * *

၁။ အရှင်ဇနကာဘိဝံသဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၊ သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်ဟိုမှ ၁၃၆၁-ခုနှစ် တပို့တွဲလပြည့်ကျော် (၁၄) ရက် (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီ ၂၇- ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၃၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၃၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၃၇၉-ခုနှစ်၊ သက်တော် ၁၈-နှစ်အရွယ်တွင် ပဌမကြီးတန်း စာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၃၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၃၈၁-ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၃၈၁-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၃၈၇-ခုနှစ်၌ ''ပဌမကျော်'' အောင်မြင်တော်မူသည်။

၈။ ၁၃၈၉-ခုနှစ်၌ ''သကျသီဟ စာမေးပွဲ 'ခေါ်' ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ''ဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု၊ ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပုံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေးရရှိပြီးနောက်) ၁၃၁၂-ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ) ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

http://www.dhammadownload.com

အရှင်စေနကာဘိဝံသ၏ ဘာဝသံသရာဖြစ်စဉ်အကျဉ်း

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းများ၌ သင်ကြားရန်မူလ တန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ သြဝါဒါစရိယ သံယနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ သြသာနသောဓေယျပတ္တ ပါဠကအဖြစ် တင်မြှောက်တော်မူခြင်းကို ခံယူ ရသည်။

၁၃။ ၁၃၁၇ - ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယ သာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၉၁-ခု၊ သက်တော် (၃၀) မှစ၍ ကျမ်းစာများကို စတင်ပြုစု တော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံး ကျမ်းစာကို ရေးသားပြီး စီးတော်မူ၍ ၁၃၁၈-ခု၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ"ကျမ်းစာကို ရေးသားပြီးလျှင်"တစ်ဘဝသံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင်ရေးတော်မူခဲ့သည်၊ ပဋ္ဌ ပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယပါဠိတော် နိဿယ များကို ၁၃၁၆-ခု၊ တန်ဆောင်မုန်းလဆန်း (၅) ရက် (၁၈-၁၁-၇၄) တနလာနေ့ တစ်နာရီအချိန်စတင်ပို့ချရေးသား၍ ၁၃၁၉-ခု၊ ဝါခေါင်လဆန်း (၁၂) ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်၊ သုတ် မဟာဝါ ဘာသာဋီကာကို ၁၃၁၇-ခု၊ ဝါဆိုလပြည့်ကျော် (၂)ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင်ပို့ချ ရေးသား၍ ၁၃၁၉-ခု၊ နတ်တော်လဆန်း ၁၃-ရက် (၂၃- ၁၂- ၇၇) သောကြာနေ့ ပျံ့လွန်တော်မမူမီ (၅)ရက်အလိုတွင် ပြီးတော်မူခဲ့ပါသည်၊ ပါထေယျ ဘာသာဋီကာကိုပင် တစ်ရက်မျှသာ ရေးသားပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၁၉-ခုနှစ်၊ သက်တော် (၇၈)နှစ်အရ နတ်တော်လပြည့်ကျော် ၂-ရက် (၁၉၇၇-ခု၊ ဒီဇင်ဘာ ၂၇-ရက်)အင်္ဂါနေ့ ညနေ ၄-နာရီ မိနစ် (၃၀)တွင် တစ်ဘဝအတွက် ငြိမ်းတော်မူပါသည်။

http://www.dhammadownload.com

အရှိန်ဒါန်း

အာဏာရဟော ဒယာညာဏော, ဝေနေယျာနံ ဝိနာယကော၊
ပဏေတု ဟဒယေ အာဏံ, အညာဏဗ္ဗ ဝိနာသယံ။

ဒယာညာဏော- သတ္တာနုစ္စာ, မတုသ်ာအောင်, ကရုဏာဓာတ်, ဉာဏ်တော်မြတ်လည်း ရှိပေထသော၊ (ဒယာညာဏတ္တာ- သတ္တာနုစ္စာ, မတုသာ့အောင်, ကရုဏာဓာတ်, ဉာဏ်တော်မြတ်ရှိသည့်အဖြစ်ကြောင့်၊) အာဏာရဟော- မတိမ်းမစောင်း, ကောင်းထက် ကောင်းသည့်, ဦးမ့်ညောင်း သာလွင်, အာဏာရှင်လည်း ဖြစ်ပေထသော၊ ဝေနေယျာနံ- အာဏာတော်ရင်, ဘုရားရှင်မှ, သွန်သင်ထိုက်စွာ, ဝေနေယျာတို့၏၊ ဝိနာယကော- ရှေ့သွား ခေါင်းဆောင်, အခေါင်ထွတ်ထား, ရှင်တော် မြတ်ဘုရားသည်၊ ဟဒယေ- ဘုရားအာရုံ, ကောင်းစွာထုံလျက်, တလုံလဲလဲ, မှိုဝဲစွဲသုံး, စိတ်နှလုံး၌၊ အညာဏဗ္ဗ- မသိမိုက်မှောင်, သီဟန်ဆောင်၍, ဉာဏ်ရောင်ကင်းလျက်, ချွတ်ယွင်းချက်ကိုလည်း၊ ဝိနာသယံ- အာဏာတော်နှင့်, လျှော်ကန်သင့်အောင်, နှိုင်းချင့်လွယ်ကူ, ပယ်ဖျောက်တော်မူလျက်၊ အာဏံ- ကရုဏာဉာဏ်, အရင်းခံ၍, အမှန်ဦးမ့်ညောင်း, အမိန့် ကောင်းကို၊ ပဏေတု- အမြဲကပ်ချဉ်း, မပြတ်သွင်း၍, အပ်နှင်းတော်မူပါ့ဘုရား။

အာဏာရှင်။ ။ ကရုဏာနှင့် ပညာ ၂ ပါးလုံး ပြည့်စုံသော ပုဂ္ဂိုလ်မှသာ အာဏာရှင် ဖြစ်ထိုက်ပေသည်၊ ချဉ်ဦးအံ- အာဏာရှင်ဟူသည် မိမိ၏ အာဏာစက်ရိပ်တွင် ပါဝင်သူများကို နည်းလမ်းညွှန်ပြစေခိုင်းရမည့် ပုဂ္ဂိုလ်မျိုးဖြစ်၏၊ ထိုသို့ စေခိုင်းရာဝယ် ပညာရှိမှသာ အလုပ်ကိစ္စတစ်ခု၏ အကျိုးအပြစ်ကို အစအဆုံးမြင်နိုင်ပေမည်၊ ဉာဏ်ပညာသာရှိ၍ ကရုဏာ မရှိပြန်လျှင်လည်း အပြစ်ဖြစ်လောက်သော ကိစ္စကိုပင် ကိုယ်ရေးအတွက် လက်အောက်ငယ်သားများကို စေခိုင်းမိတတ်၏၊ သို့ဖြစ်၍ ကရုဏာလည်းရှိမှ သာ အပြစ်ဖြစ်လောက်သည့် ကိစ္စ၌ မစေခိုင်းဘဲ အကျိုးရလောက်သော ကိစ္စ၌သာ စေခိုင်းပေလိမ့်မည်၊ ထို့ကြောင့် အာဏာရှင်အစစ် ဖြစ်ထိုက်သော ပုဂ္ဂိုလ်မှန်လျှင် ကရုဏာ ပညာ ၂ ပါးလုံး ပြည့်စုံသူချည်းသာ ဖြစ်ဆင့်ပေသည်။

အာဏာဒေသနာ။ ။ ငါတို့ ဘုရားရှင်ကား သဗ္ဗညုတဉာဏ်တော် ဖြင့် ကြွင်းမဲ့ဥသုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသည့်ပြင်, မဟာ ကရုဏာတော်ဖြင့်လည်း သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ သနားညှာတာ

http://www.dhammadownload.com

တော်မှ၏၊ မိခင်သည် မိမိသားငယ်၏ ဆင်းရဲမည့် အရေးကို တွေးကာ တောကာ လွန်စွာကရုဏာသက်သဖြင့် ကစားနေစဉ် လည်မို့သို့ မတော်တဆ အလုံးကလေး ဝင်သွားခဲ့သော် ပါးစပ်ကို အတင်းဟ၍ လည်ပင်းကျဲအောင် နှိုက်ယူထုတ်ပစ်သကဲ့သို့, ထို့အတူဘုရားရှင်လည်း သားတော်ရဟန်းသာမဏေ တို့၏ နောင်ဆင်းရဲမည့်အရေးကို တွေးတော်မှုကာ လတ်တလော ဒုက္ခကလေး ကို မငဲ့သာတော့ဘဲ "မည်သည့်အမှုပြုလျှင် မည်သည့်အာပတ်သင့်စေ" ဟု အမိန့်တော် အာဏာပြုလျက် "ဝိနယပိဋကတ" ခေါ် အာဏာဒေသနာတော်ကို ထုတ်ဖော်ပညတ်တော်မူရပေသည်။

အာဏာတည်ပုံ။ ။ လောကဌ် မိဘ၏ အာဏာသည် သားကောင်းသမီးကောင်းတို့၏ အပေါ်ဌာန တည်ရှိသကဲ့သို့, ထို့အတူ ဘုရားရှင်၏ အာဏာသိက္ခာပုဒ် အဖြာဖြာလည်း သားကောင်းရတနာဝင် လဒ္ဓိသုတော်စင်တို့ဌာန တည်ရှိပေသည်၊ ထို့ကြောင့်ပင် ဘုရားရှင် လက်ထက်တော်မှစ၍ ယခုအချိန်ကုန်အောင် ဘုရားသားကောင်း လဒ္ဓိအပေါင်း တို့ တိမ်းစောင်းသွေဖည်ခြင်းမရှိဘဲ ဝိနယ အမိန့်အာဏာတော်ကို ပျော်ပျော်ကြီး လိုက်နာကြရုံသာမက, နောက်နောက် ညီတော်အပေါင်းလည်း တစ်ကြောင်းတည်း လိုက်နာရစ်စေလိုကြသဖြင့် အောက်ပါသြဝါဒကိုမိန့်တော်မူခဲ့ကြပေသည်။

ပါတိမောက္ခ ဝိသောဝေန္တော, အပ္ပေ ဇီဝိတဝေဟေ၊
ပညတ္တဲ လောကနာထေန, နဘိန္နေ သီလသံဝရံ။

ပါတိမောက္ခ- ဝိနည်းပိဋကတ်, အရပ်ရပ်ဌာ, ပညတ်ထုတ်ဖော်, သိက္ခာပုဒ် သီလတော်ကို၊ ဝိသောဝေန္တော- မကျိုးမယွေါက်, မညှိုးပျောက်ဘဲ, တိုးတောက်စေချင်, သုတ်သင်သူသည်၊ ဇီဝိတ- လွန်စွာစုံမက်, ကိုယ့်အသက်ကို၊ အပ္ပေဝဝေဟေ- မဝံ့တဝံ့, ရွံ့တရွံ့ဖြင့်, တွန့်ကာလွန့်ကာ, စွန့်လိုက်ရစေကာမူ၊ လောကနာထေန-ဗြဟ္မာလူနတ်, မြတ်ထက်မြတ်သည့်, နတ်နတ်ထိပ်ထား, ဘဘုရားသည်၊ ပညတ္တဲ- အာဏာတော်မြတ်, မိန့်တော်မှတ်၍, ပညတ်ထုတ်ဖော်, ဟောပြတော်မူအပ်သော၊ သီလသံဝရ-ကိုယ် နှုတ် နှစ်ထွေ, ချုပ်တည်းစေဘိ, ကုဋေကိုးထောင်, ကျော်ခေါင်မြင့်ဟည်း, သီလတော်ကြီးကို၊ နဘိန္နေ- အမိန့်တော်ချက်, ဦးထိပ်ရွက်၍, မဖျက်မီစေ, စောင့်စည်း သင့်ပေသတည်း။

ပါတိမောက် ၂ မျိုး။ ။ "ပါတိမောက္ခ ဝိသောဝေန္တော" နှင့်စပ်၍ ပါတိမောက္ခပုဒ်နက်နှင့် အရကိုလည်း မှတ်သားသင့်၏။ ပါတိမောက္ခပုဒ်ကို "ပ+အတိ+မောက္ခ" ဟု ပထမပုဒ်ခွဲ၍ အတိနှင့် ပကို ရှေ့နောက်လဲပြီးသော်

http://www.dhammadownload.com

"အတိ+ပ+မောက္ခ=အလွန်မြတ်"ဟု အနက်ရ၏၊ ထို အလွန်မြတ်သော ပါတိမောက္ခဟူသည် ဩဝါဒပါတိမောက် အာစာရပါတိမောက်ဟု ၂ မျိုးရှိ၏၊ ထိုတွင် "ဩဝါဒပါတိမောက်"ဟူသည် အဆုံးအမကိုပြသော "ခန္တီ ပရမံ တပေါ တိတိက္ခာ" စသော ၃ ဂါထာပင်တည်း။ အာစာရပါတိမောက်ကား ယခုလက်ရှိ အမိန့်အာဏာ ပညတ်တော်ကိုပြသော သိက္ခာပုဒ်တော်များပင် ဖြစ်သည်။

ဩဝါဒပါတိမောက်၏ဂုဏ်။ ။ ထို ဩဝါဒဂါထာတော်များသည် လွန်စွာ အနက်အဓိပ္ပာယ် ကောင်းလှပေရကား ဩဝါဒတော်အတိုင်း လိုက်နာပါမူ ၃ ဂါထာလုံးကို မဆိုထားဘိ- အောက်ပါ တစ်ဂါထာမျှဖြင့် ပင်ကိုယဉ်ကျေးပြီးသူတို့မှာ တရားထူးရလောက်ပါပေသည်။ [အောက်ပါ ဂါထာကို စဉ်းစဉ်းစားစားရှုလျက် နှုတ်တက်ဆောင်ထားပါ။]

သဗ္ဗပါပဿ အကရဏံ, ကုသလဿုပသမ္ပဒါ၊
သစိတ္တ ပရိယောဒါပနံ, ဧတံ ဗုद္ဓါန သာသနံ။

သဗ္ဗပါပဿ- ယုတ်မာသော့သွမ်း, ဟော့ရမ်းသမျှ, အကုသိုလ်အစုစုကို၊ အကရဏံ- လုံးဝပြောင်စင်အောင်, ရှောင်ကြဉ်သမျှ, မပြုမလုပ်ခြင်းလည်းကောင်း၊ ကုသလဿ-ကာမမဟဂ္ဂတ်, လောကုတ်အထိ, ရှိရှိသမျှ, ကုသလကို၊ ဥပသမ္ပဒါ- တစ်ဆင့်တစ်ဆင့်, ရင့်ထက်ရင့်၍, မလင့်ပုံသေ, ပြည့်စုံစေခြင်း လည်းကောင်း၊ သစိတ္တ ပရိယောဒါပနံ- မိမိစိတ်ရင်း, ပွတ်သစ်ဝင်းသည့်, ခရုသင်းအနေ, ဖြူစင်စေခြင်းလည်းကောင်း၊ ဧတံ-အကုသိုလ်ကင်း, ကုသိုလ်သွင်း၍, စိတ်ရင်းစင်ရိုး, ဤ ၃ မျိုးသည်၊ ဗုဒ္ဓါန-ဂဂါသဲတူ, ပွင့်တော်မူသည့်, ဆူဆူထွတ်ထား, မြတ်ဘုရားတို့၏၊ သာသနံ-လိုရင်းနှုန်းပြ, ထုံးအရဖြင့်, သုံးကြပစေ, ဆုံးမတော်မူချက်ပါပေတည်း။

ဩဝါဒပါတိမောက်ပြခဲ့ရာအခါ။ ။ တစ်ဂါထာမျှ ထုတ်ပြအပ်သော ဤ ဩဝါဒပါတိမောက်ဖြင့်ပင် ယဉ်ကျေးပြီးသော ရဟန်းသာမဏေတို့အတွက် ဆုံးမပွယ်အားလုံး ကုန်စင်ပြီ-ဟုဆိုထိုက်ပေသည်၊ ဥပမာ-လိမ္မာပြီးသော သားသမီးတို့မှာ နိပ်ကွပ်ဆုံးမမှုမလိုဘဲ ကောင်းသည်ထက် ကောင်းလာဖို့ရာ ဩဝါဒမျှသာ ပေးရတော့သကဲ့သို့တည်း။ ထို့ကြောင့် ငါတို့ ဘုရားရှင်လည်း ရဟန်းကောင်း သူတော်စင်များချည်းပေါ်ထွန်းရာ ဝါတော် ၂၀ အတွင်းမှာ လောကပြစ်ပါသော သိက္ခာပုဒ်များကို ပညတ်တော်မမူရဘဲ

http://www.dhammadownload.com

ဥပုသ်ပြုရာနေ့များ၌ ဘုရားရှင်ကိုယ်တော်တိုင် ဤသြဝါဒပါတိမောက် ၃ ဂါထာကို ရွတ်ပြတော်မူခြင်းဖြင့် ဥပုသ်ပြုကိစ္စကို ပြီးစေတော်မူသည်။

အာဏာပါတိမောက်စခဲ့ရာ။ ။ ဘုရားရှင် ဝါတော် ၂၀ ကျော်သည့် အခါ၌မူ ဘုရားသာသနာတော်တွင် မသန့်စင်မှုများ တစ်စတစ်စတိုးပွား သဖြင့် "မည်သည့်အမှုပြုလျှင် မည်သည့်အပြစ် (မည်သည့်အာပတ်)"ဟု အမိန့်တော်အာဏာပြု၍ အာဏာပါတိမောက်ခေါ် သိက္ခာပုဒ်များကို ပညတ်တော်မူရပေသည်၊ ထိုအချိန်မှစ၍ ဘုရားရှင်ကိုယ်တော်တိုင် သြဝါဒ ပါတိမောက်ပြမှုကို ရပ်သိမ်းလျက် ယခုခေတ်၌ကဲ့သို့ အာဏာပါတိမောက်များကိုသာ ရဟန်းတော်များ ရွတ်ပြ၍ ဥပုသ်ကိစ္စကိုရွက်ဆောင်ကြရတော့သည်။

ယဉ်ကျေးမှု။ ။ ဤအာဏာ ပါတိမောက်ဖြင့် ကိုယ်နှုတ် ၂ ပါး၏ ယဉ်ကျေးမှုကို အထူးဆုံးမတော်မူ၏၊ ချဲ့ဦးအုံ- "မနောဒွါရေ အာပတ္တိနာမ နတ္ထိ"နှင့်အညီမနောဒွါရအတွက် စိတ်သက်သက်၌ အာပတ်သင့်ရမည်-ဟု အာဏာထားတော် မမှုရကား အားလုံးသော သိက္ခာပုဒ်များသည် စိတ်ကိုဆုံးမသော အာဏာတော်များ မဟုတ်ကြ၊ ကိုယ် နှုတ် ၂ ပါးကိုသာ ယဉ်ကျေးအောင် ဆုံးမသော အာဏာတော်များ ဖြစ်ကြပါသည်၊ ထို့ကြောင့် ဤ သိက္ခာပုဒ် အာဏာတော်များကို တစ်သဝေမတိမ်း လိုက်နာ၍ ပြောဆိုနေထိုင်ပါလျှင် ကမ္ဘာပေါ်တွင် အယဉ်ကျေးဆုံး အဆင့်အတန်း၌ ရဟန်းတော် အားလုံး တည်ရှိကြပေလိမ့်မည်။ [ပြလတ္တံ့သော သိက္ခာပုဒ်များကို စဉ်းစားကြည့်ကြပါလေ။]

အချက်ပိုင်သော အာဏာတော်။ ။ ဤအာဏာပါတိမောက်ဖြင့် အမိန့်အာဏာတော်ပြု၍ ကိုယ် နှုတ် ၂ ပါးကို ဆုံးမတော်မူခဲ့ပုံမှာ အလွန်အချက်ပိုင်ပါပေသည်၊ ထင်ရှားစေအုံ- သာသနာ့ဝန်ထမ်း ရဟန်းတော်များကို အင်မတန် လူကြီး လူကောင်းဆိုသူတို့ကပင် ဦးတင်ရှိခိုး မြတ်နိုးမူဇော်ကြရ၏၊ သို့ဖြစ်လျှင် ရဟန်းတော်များမှာ ထို လူကြီး လူကောင်းတို့ထက် ဝတ်ပုံစားပုံနှင့်တကွ ကိုယ်အနေဇြိမ်သက်၍ နှုတ်မြွက်သည့်အခါမှာလည်း နည်းယူရလောက်အောင်ကျွန်ုပ်သိက္ခာကို ဆောင်ကြရပေလိမ့်မည်၊ လူကြီး လူကောင်းတို့ထက် သာလွန်၍ ကိုယ် နှုတ် ကျွန်ုပ် မရကြပါလျှင် (မိရိုး ဖလာ မလွဲသာသော ရိုသေဟန်ဆောင်မှုမှတစ်ပါး) အဘယ်မှာ လေးစားသော ရိုသေမှုကို ပြုနိုင်ကြပါမည်နည်း၊ သို့ဖြစ်၍ လူကြီးလူကောင်းတို့၏ စိတ်ပါလက်ပါ ရိုသေနိုင်လောက်အောင် သီတင်းသုံးဖော် အချင်းချင်းလည်

http://www.dhammadownload.com

ရှိသေလေးစားနိုင်လောက်အောင် ကိုယ် နှုတ် ၂ ပါးကိုအာဏာပါတိမောက်ဖြင့် ဆုံးမတော်မူခဲ့ပုံမှာ လွန်စွာအချက်ပိုင်ပါပေသည်။

အာဏာပါတိမောက် မရှိခဲ့သော်။ ။ အာဏာပါတိမောက် မရှိခဲ့သော် ရှိစေကာမူ အမိန့်အာဏာကိုမလိုက်နာခဲ့သော် ရဟန်း သံဃာတော်များ၏ ကိုယ်နေနှုတ်ထားသည် လူအများတို့ လေးစားကြည်ညိုခြင်းကို ခံနိုင်ဖို့ မလွယ်ကူတော့ချေ။ မခံနိုင် ခံနိုင် ခံရပြန်လျှင်လည်း နောင်သံသရာကို ထားဘိဦး, ဒုတိယ ဘဝအကူးမှာပင် ဆုးကြောင့်ခလုတ်တွေ များပေတော့မည်။

ထိုစကားမှန်၏ – လူသာမန်တို့၏ မနေနိုင်သော ကျောင်းကြီးပေါ်၌လည်း စက်တော်ခေါ်ရပြန်, ရိုခိုးဦးချနှင့် ဘုရား အထူးကိုလည်း ခံရပြန်, စားဦးစားဖျားကိုလည်း စားနေရပြန်, ဤကဲ့သို့ အတန်တန် အထက်ကန်းကျ၍ ကိုယ် နှုတ် စိတ်ထားမှာ ဖြစ်ချင်တိုင်းဖြစ်နိုင်ပြီးနောက် သေသည့်အခါ နတ်ပြည်ကိုပင် ရောက်နိုင်သေးသည် - ဟုဆိုပါလျှင် သည့်ထက်ကောင်းသော လူပေါ်လူဇော် လုပ်နည်းကား အဘယ်မှာရှိတော့မည်နည်း၊ ကိုယ်ကြောင့် ဘုရားရှင်သည် လူအပေါင်းတို့၏ ပြုစုသမျှကို ခံထိုက်၍ သုဂတိ သိုက်လောက်အောင် အာဏာပါတိမောက်ခေါ် သိက္ခာပုဒ် သိလတော်များကို ပညတ်တော်မူခဲ့ပေရာ, ထိုပညတ်တော်အတိုင်း လိုက်နာပါလျှင် စိတ်အနေ အထားလည်း အလိုလို အချိုးအစားကျပြီး ဖြစ်ပါလိမ့်မည်။

သီလ– ဂန္ဓပါတိမောက်။ ။ ထိုသိက္ခာပုဒ် သီလတော်များကို "သီလ ပါတိမောက်"ဟုခေါ်၍ ထိုသီလတော်ကိုပြသော သိက္ခာပုဒ်ပါဠိတော်များ ကိုကား "ဂန္ဓ ပါတိမောက်"ဟုခေါ်သည်၊ သီလ ပါတိမောက်ကို အတ္ထပါတိ မောက် - ဂန္ဓ ပါတိမောက်ကို သဒ္ဒပါတိမောက်ဟု ခွဲလိုက ခွဲနိုင်သေး၏၊ ဥပမာ ပါဏာတိပါတမှမှ ရှောင်ကြဉ်ခြင်းသည် သီလမည်၍, ထိုသီလကို ပြသော "ပါဏာတိပါတာ ဝေရမဏီ"စသော သဒ္ဒါအစဉ်မှာ သိက္ခာပုဒ်ပါဠိ မည်သကဲ့သို့တည်း။

ဒွေမာတိကာနှင့် ဝိနယပိဋက။ ။ ဤသီလဂန္ဓ ၂ မျိုးလုံးအတွက် "ဒွေမာတိကာ"ဟုခေါ်သော မာတိကာ သိက္ခာပုဒ်များကိုသာ ပါတိမောက် ခေါ်သည်ဟု နားလည်နေကြသည်၊ အမှန်မှာ–ဝိနည်းပိဋက အားလုံးကို လည်းကောင်း ထိုဝိနည်းပိဋကလာ ကုဒ္ဒေကိုးထောင်တစ်ရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်းခြောက်ထောင်သော သိက္ခာပုဒ်သီလကိုလည်းကောင်း "အတိ+ပ+ မောက္ခ= အလွန်မြတ်"ဟုသော အနက်အရ "ပါတိမောက္ခ"ခေါ်နိုင်သည်သာ။

http://www.dhammadownload.com

[သာဓကကို သိက္ခာသာဓိ၀ သမာပနော၏ အဖွင့်၌ တွေ့ရလတ္တံ့။] သို့ရာတွင် "ဥဘယာနိ ခေါပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ" အစရှိသော ပါဠိ၌ကား အများနှားလည်သော ဒွေမာတိကာကိုပင် ပါတိမောက္ခ ဟုဆိုလိုသည်၊ အချုပ်မှာ ဝိနည်းပိဋကအားလုံးကိုလည်းကောင်း - ဒွေမာတိကာကိုသာလည်းကောင်း- ထိုဒွေမာတိကာဖြင့် ပြအပ်သော သီလကိုလည်းကောင်း, အရာအားလျော်စွာ ပါတိမောက္ခခေါ်နိုင်သည်ဟု ဆိုလိုသည်။

[ဆောင်] ကိုးထောင့်တစ်ရာ- ရှစ်ဆယ်သာ, သချဂ္ဂဇ္ဇေထုတ်။
ငါးသန်းသုံးသောင်း- ခြောက်ထောင်ဆောင်း, များတောင်း
သိက္ခာပုဒ်။

ဒွေမာတိကာနှင့် ဥဘတောဝိဘင်း။ ။ "ယော ပန ဘိက္ခု ဘိက္ခုနံ" စသော သိက္ခာပုဒ်များသည် အကျဉ်းချုပ်ခေါင်းစဉ်မျှသာ ဖြစ်သောကြောင့် မာတိကာ မည်၏၊ ထိုသိက္ခာပုဒ် မာတိကာနှင့် ဆက်၍ "ယော ပနာတိ ယော ယာဒိသော" စသည်ဖြင့် ပုဒ်ကိုလည်း ဖွင့်ပြ-ထို သိက္ခာပုဒ်နှင့်စပ်၍ သင့်နိုင်သမျှသော အာပတ်တို့ကိုလည်း ဝေဖန်ပြသော အကျယ်စကားကို "ပဒဘာဇနိယ"ဟုလည်းကောင်း, "ဝိဘင်္ဂ=ဝိဘင်း"ဟုလည်းကောင်းခေါ်၏၊ [ပဒ=ပုဒ်ကို+ ဘာဇနိယ= အကျယ်ဝေဖန်ကြောင်း ပါ၏၊ ဝိဘင်္ဂ= အကျယ်ဝေဖန်ကြောင်းစကား။] ဘိက္ခု ဘိက္ခုနီအားဖြင့် ၂ ပါး၊သောမာတိကာကို "ဒွေမာတိကာ"ဟုလည်းကောင်း, ထိုမာတိကာ ၂ ပါး၏အကျယ် ပဒဘာဇနိကို "ဥဘတောဝိဘင်း"ဟုလည်းကောင်း ခေါ်သည်။

ဘာသာဋီကာ။ ။ ဤ ဒွေမာတိကာခေါ် ပါတိမောက် သိက္ခာပုဒ်တော်များကိုပင် မိမိတို့တိုင်းရင်းဘာသာဖြင့် (အဋ္ဌကထာမှ ဖွင့်ထက် တစ်ဆင့်တက်၍) ဋီကာဖွင့်သကဲ့သို့ ဖွင့်ပြပါတော့မည်၊ ထိုသို့ ဖွင့်ပြရာ၌ သိက္ခာပုဒ်ပါဠိဟူသော ဂန္ထ ပါတိမောက်ကို ဖွင့်လိုက်လျှင် "မည်သည့်အမှုကို ပြုကျင့်က မည်သည့်သီလ ပျက်၏"စသည်ဖြင့် သီလအပြားကိုလည်း ခွဲခြားသိနိုင်မည် ဖြစ်ရကား ဤဘာသာဋီကာသည် သီလပါတိမောက်ကိုလည်း တစ်ပါတည်း ဖွင့်ရာရောက်သဖြင့် ဝိနယာနုဂ္ဂဟ (ဝိနည်းကို ချီးမြှောက်သော) ကျမ်းစာတို့တွင် ပါ၀င်နိုင်သော ကျမ်းစာတစ်စောင် ဖြစ်ပါလိမ့်မည်။

ဖွင့်ပြပုံ အကျဉ်းချုပ်။ ။ ဤဘာသာဋီကာ၌ နိဿယ- အဓိပ္ပာယ်လက်ာ ဆောင်ပုဒ်နှင့်နိဿဋ္ဌယ (ပါစိတ်ကုန်အောင်) လေ့ကျင့်ခန်းများပါ ရှိ၏၊ အခြေပြုသဂြိုဟ်နှင့် သဂြိုဟ်ဘာသာဋီကာ ခွဲသကဲ့သို့ နိဿယနှင့်

http://www.dhammadownload.com

လွယ်ကူသော အဓိပ္ပာယ်များကို တစ်သန့်ခွဲကာ စိစဉ်ထားသော်လည်း နိသဂ္ဂိယမှ နောက်သိက္ခာပုဒ်များ၌ ထိုကဲ့သို့ ခွဲခြားလောက်အောင် အဓိပ္ပာယ်မများ-ထူးလည်းမထူးခြားသောကြောင့် နိဿယနှင့်တကွ အဓိပ္ပာယ်အားလုံးကိုပင် ဘာသာဋီကာ၌ သွင်းလိုက်ရတော့သည်။ [သို့ရာတွင် မူလပညတ်အနုပညတ်ခွဲခြား၍ ဝတ္ထုကြောင်းနှင့်တကွ အောက်ခြေကစပြီးလျှင် "**ဘုရားဥပဒေတော်ကြီး**"ခေါ် ကျမ်းစာတစ်စောင်လည်း ရိုက်နိုပ်ပြီးဖြစ်၍ အခြေခံဝတ္ထုများကို ထိုကျမ်း၌ ရှုကြပါလေ။]

အာဏာတော်တည်ပါစေ။ ။ဤသို့လျှင် သြဝါဒပါတိမောက် အာဏာပါတိမောက်အားဖြင့် ရှေးဦးစွာ ကွဲပြားပြီးနောက် အာဏာပါတိမောက်မှ ဂန္ဓ-သီလ အားဖြင့် ၂ ပါး, ဘိက္ခု-ဘိက္ခုနီ အားဖြင့် ၂ ပါး, အသီးအသီးဖြာ၍ ထွက်ရသောကြောင့် အရင်းမူလ ပဘာဝဖြစ်သော ဗုဒ္ဓရှင်တော်မြတ်၏ အာဏာတော်သည် ဤပါတိမောက်များကိုမှီ၍ပြသော တပည့်တော်၏ စိတ်နလုံးဟဒယ၌ ပထမတည်တော်မူပြီးလျှင် အစဉ်အတိုင်း ပျံ့နှံ့တော်မူကာ ဤကျမ်းစာ ရှုကြသူတိုင်း၏ စိတ်နလုံးအတွင်းရောက်အောင် ထွင်းပေါက်တည်ရှိပါစေခလို။

ယဒိဥတ္တံ အယုတ္တေတ္ထ, ပမာဒေန ဘမေနဝါ၊
ဝစော မယာ ဒယာဝန္တော, သန္တော သံသောဓယန္တုတံ။

ဗျာ-ဤဘာသာဋီကာ, အမည်သာသည်, မှီရာသိပ်သည်:, နိဿရည်:၌, ပမာဒေန-သတိကင်းပေါ့, မေ့လျော့ခြင်းကြောင့်သော်လည်းကောင်:, ဘမေနဝါ-စိတ်စက်ချောက်ချား:, လွင့်ပါ:ခြင်းကြောင့်သော်လည်းကောင်:, အယုတ္တံ- ပေါက်ပြန်ချို့ယွင်:, ယုတ္တိကင်:သော, ယံဝစော-အကြင်စကား:ကို, မယာ-ငါသည်, ယဒိဥတ္တံ-အကယ်ရေးသား:, ဆိုမှား:အပ်မိအုံ, တံဝစော-ထိုသို့မှား:လတ်, စကား:ရပ်ကို, ဒယာဝန္တော-ကရဏာမှ, မေတ္တာပြု၍, ရှုလေ့ရှုထ, ရှိတော်မူကြကုန်သော, သန္တော-အာဘိဓာကင်:, ဣသာရှင်:၍, ဝမ်:တွင်: စိတ်ကောင်:, သူတော်အပေါင်:တို့သည်, သံသောဓယန္တု-မိမိစိရင်, ကျမ်:အသွင်သို့, ပြင်ဆင်ပြုကာ, ရှုနိုင်ကြပါစေသတည်:။

၁၃၀၀ **အရှင်ဓမ္မာဘိဝံသ**

တပေါင်:လ

http://www.dhammadownload.com

ခေါင်းစဉ်မာတိကာ

မာတိကာ			စာမျက်နှာ
ဥပုသ်ပြုပရိကမ်အခန်း			
ဥပုသ်ပြုခြင်း ပရိကမ်	....	....	၁
ပုဗ္ဗကရဏ ၄ ပါး	....	....	၁
ပုဗ္ဗကိစ္စ ၅ ပါး	....	....	၂
ဆန်ခ္ဍပါရိသုဒ္ဓိအကွာန	....	....	၃
ဆန္ဒပါရိသုဒ္ဓိပေးပုံ	....	....	၄
ဆန္ဒချည်း ပေးသင့်ရာ	....	....	၅
ဥတုအကွာနနှင့် ဘိက္ခုဂဏနာ	....	....	၅
ကရဏနှင့်ကိစ္စအထူး	....	....	၆
ပတ္တကလ္လအင်္ဂါ ၄ ပါး	....	....	၇
ဥပေါသထော	....	....	၇
ပကတတ်ရဟန်း	....	....	၈
သဘာဂအာပတ် မရှိပုံ	....	....	၉
ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁ ယောက်	....	....	၁၀
ပဏ္ဏာက် ၅ မျိုး	....	....	၁၁
ထေယျသံဝါသက ပုဂ္ဂိုလ်	....	....	၁၁
လိင်္ဂထေနက	....	....	၁၁
သာမဏေများ သတိထားဖွယ်	....	....	၁၁
သံဝါသထေနက	....	....	၁၂
ဥဘယထေနက	....	....	၁၂
တိတ္ထိယပက္ကန္တက	....	....	၁၂
ပါတိမောက္ခုဒ္ဒေသက ရဟန်း၏ ပဋိညာဉ်စကား	....	....	၁၃
ပဋိညာဉ်စကားအတွက် စဉ်းစားဖွယ်	...	....	၁၄
သမာပေတွာပုဒ် အဆုံးအဖြတ်	....	....	၁၄
သာမဂ္ဂိ ၂ မျိုး	....	....	၁၄
နိဒါနအခန်း			
ဥတ်ခေါ်ရပုံနှင့် ဥတ်မြန်မာပြန်	....	....	၁၈
စာတုဒ္ဒသီနှင့် သာမဂ္ဂိဥတ်	....	....	၁၈
ပါတိမောက်ပြမှုကို ဥပုသ်ပြုခေါ်ရပုံ	....	....	၁၉

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
ဥဒ္ဒိသိဿာမိ ဆိုထိုက်ပုံ	....	....	၂၁
သာဓုကံ သုဏောမနှင့် မနသိကရောမ	....	....	၂၃
အာပတ်သင့်–မသင့်အလိုက်တိုက်တွန်းချက်	....	....	၂၃
အာပတ်သင့်ခြင်း အကြောင်း ၆ ပါး	....	....	၂၄
အလဇ္ဇီလကွဏာ	....	....	၂၅
အသားကြီး ၁၀ မျိုး	....	....	၂၅
အာပတ် ၇ ပုံ	....	....	၂၅
မမေးသော်လည်း ဖြေသင့်ပုံ	....	....	၂၆
ထင်စွာမပြုလျှင် အာပတ်သင့်	....	....	၂၇
မုသာဝါဒဒုက္ကဋ်	....	....	၂၉
အပြစ်နှင့် အကျိုး	....	....	၂၉
အကြောင်းအကျိုးဆက်ပုံ	....	....	၃၀
ပိဏ္ဍတ္ထပဋ္ဌက ၅ ပါးအခွဲ	....	....	၃၂
ပါရာဇိကအခန်း			
ပထမပါရာဇိကသိက္ခာပုဒ်	....	....	၃၄
သိက္ခာနှင့် သာဓိဝခေါ်ပုံ	....	....	၃၅
သီလ ၂ မျိုးနှင့် အရကောက်	....	....	၃၅
ဝါရိတ္တနှင့် စာရိတ္တသီလ	....	....	၃၆
ဖြည့်ကျင့်မှုနှင့် မကျူးလွန်မှု ထူးခြားပုံ	....	....	၃၇
သိက္ခာချနည်း	....	....	၃၇
သိက္ခာကျကြောင်း အင်္ဂါ ၆ ပါး	....	....	၃၈
ဒုဗ္ဗလျာဝိကမ္မ ၂ မျိုး	....	....	၃၉
မဂ် ၃ မျိုး	....	....	၄၀
ပါရာဇိကလောက်သော အငယ်ဆုံးတိရစ္ဆာန်များ....		....	၄၀
သိက္ခာပုဒ်နှင့် အာပတ်	....	....	၄၁
ရဟန်းကောင်းတို့ ပေါင်းသင်းနေထိုင်ရာ ၃ ဌာန....		....	၄၁
ဒုတိယပါရာဇိကသိက္ခာပုဒ်	....	....	၄၂
အဒိန္နခေါ်ပုံ	....	....	၄၅
ပါရာဇိကအတွက် အရေးကြီးသော ငွေတစ်မတ်....		....	၄၆

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
နိလကဟာပဏ လုပ်နည်း	....	....	၄၆
တန်ဖိုးအလိုက် အာပတ်ကွဲပြားပုံ	....	....	၄၆
အယမ္ဘိပါရာဇိကောဋ္ဌ ပိသဒ္ဒါအတွက် မှတ်ချက်	....	....	၄၇
တတိယပါရာဇိကသိက္ခာပုဒ်	....	....	၄၉
ဇိဝိတ ၂ မျိုး	....	....	၅၀
ပရိယာယ်ဖြင့် အပြစ်သင့်	....	....	၅၂
တတိယပါရာဇိကသိက္ခာပုဒ်၌ သတ်နည်း ၄ မျိုး	....	....	၅၄
စတုတ္ထပါရာဇိကသိက္ခာပုဒ်	....	....	၅၆
ဥတ္တရိမနုဿဓမ္မအဓိပ္ပာယ်	....	....	၅၇
သမနုဂ္ဂါဟီယမာနောအရ မေးမြန်းနည်း ၆ မျိုး	....	....	၅၈
တုန်ဆုန့် မုသာအထူး	....	....	၆၀
အဓိမာနခေါ်ပုံ	....	....	၆၀
ပါရာဇိက ၂၄ ပါး	....	....	၆၂
ယာဝတတိယာနုဿာဝနအကျိုး	....	....	၆၃
သံဃာဒိသေသအစန်း			
သုက္ကဝိသဋ္ဌိသိက္ခာပုဒ်	....	....	၆၄
ကာယသံသဂ္ဂသိက္ခာပုဒ်	....	....	၆၆
ဩတိဏ္ဍပုဒ်၏အနက် ၂ မျိုး	....	....	၆၆
ဤသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမ	....	....	၆၇
ကာယသံသဂ္ဂအဓိပ္ပာယ်	....	....	၆၇
သံဃာဒိသေသောပုဒ်၏ ဝစနတ္ထနှင့် အရကောက်	....	....	၆၈
ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်	....	....	၇၀
ဤသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမ	....	....	၇၀
အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်	....	....	၇၂
ဤသိက္ခာပုဒ်၌ ယူရမည့် မာတုဂါမ	....	....	၇၂
သဉ္စရိတ္တသိက္ခာပုဒ်	....	....	၇၄
အောင်သွယ်မှုမပြုထိုက်သော အောက်ထစ်ဆုံးပုဂ္ဂိုလ်	....	....	၇၄
ကုဋီကာရသိက္ခာပုဒ်	....	....	၇၇
သံဃာဒိတကုဋီ	....	....	၇၈

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
ကုဋိတိုင်းတာမှုအတွက် စဉ်းစားဖွယ်	....	....	၈၀
အနာရမ္ဘနှင့် သပရိက္ကမန	....	....	၈၁
ဝိဟာရကာရ သိက္ခာပုဒ်	....	....	၈၃
မဟာလ္လကဝိဟာရ	....	....	၈၃
ဒုဋ္ဌဒေါသ သိက္ခာပုဒ်	....	....	၈၆
အမူလက ပါရာဇိကဖြစ်ပုံ	....	....	၈၇
ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ်	....	....	၉၀
အညဘာဂိယဖြစ်ပုံ	....	....	၉၁
ဒေသ ၁၀ ပါးနှင့် လေသ ၁၀ ပါး	....	....	၉၁
ကာလအပိုင်းအခြားချင်း တူညီမှုများ	....	....	၉၂
သံဃဘေဒ သိက္ခာပုဒ်	....	....	၉၃
ဘေဒါနုဝတ္တက သိက္ခာပုဒ်	....	....	၉၈
ဧကောဝါ-ဒွေဝါ-တယောဝါ ဆိုရပုံ	....	....	၁၀၀
ကံ ၂ မျိုး	....	....	၁၀၀
ဒုဗ္ဗစ သိက္ခာပုဒ်	....	....	၁၀၃
သဟဓမ္မိက ဝုစ္စမာနော	....	....	၁၀၄
ကုလဒူသက သိက္ခာပုဒ်	....	....	၁၀၇
ကုလဒူသန ဝတ္ထု ၈ ပါး	....	....	၁၀၈
ကုလဒူသနမှုအတွက်ချင်းချက်နှင့် ကုလဒူသနအပြစ်	....	....	၁၀၉
အနေသန မိစ္ဆာဇီဝ	....	....	၁၁၀
ဖုံးထားမှုအတွက် အင်္ဂါ ၁၀ ချက်	....	....	၁၁၆
သံဃာဒိသေသ်အာပတ် ကုစားနည်းအစီအစဉ်	....	....	၁၁၆
အနိယတအခန်း			
ပထမ အနိယတသိက္ခာပုဒ်	....	....	၁၂၀
ရဟော ပဋိစ္ဆန္နေ၌ ယူရမည့်ရဟာ	....	....	၁၂၀
ဤသိက္ခာပုဒ်အရ သင့်ခွင့်ရှိသော အာပတ်နှင့် ယူရမည့် မာတုဂါမ	....	....	၁၂၃
ဒုတိယ အနိယတ သိက္ခာပုဒ်	....	....	၁၂၄
အနိယတ ပညတ်ရကျိုး	....	....	၁၂၅

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
နိသဂ္ဂိယပါစိတ်အခန်း			
ပထမကထိန သိက္ခာပုဒ်	....	....	၁၂၇
ကထိန်အကျိုး ၅ ပါး	....	....	၁၂၇
သင်္ကန်း ၆ မျိုး	....	....	၁၃၀
အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သင်္ကန်းပမာဏ....		....	၁၃၁
အဓိဋ္ဌာန် ၂ မျိုး	....	....	၁၃၁
ပစ္စုဒ္ဓိရ် အဓိပ္ပာယ်	....	....	၁၃၂
သင်္ကန်း ၉ ထည်	....	....	၁၃၃
အဓိဋ္ဌာန်ကျကြောင်းအင်္ဂါနှင့် နိသဂ္ဂိစွန့်ပုံ စွန့်နည်း....		....	၁၃၄
ဒုတိယကထိန သိက္ခာပုဒ်	....	....	၁၃၈
သင်္ကန်းထားရာ ဌာနများ	....	....	၁၃၉
နိသဂ္ဂိ မထိုက်စေနည်း	....	....	၁၄၀
တတိယ ကထိန သိက္ခာပုဒ်	....	....	၁၄၀
စီဝရကာလနှင့် စီဝရ အကာလ	....	....	၁၄၁
နိသဂ္ဂိအဝတ်ကို စွန့်ပုံ	....	....	၁၄၃
ပုရာဏစီဝရသိက္ခာပုဒ်	....	....	၁၄၅
ဥာတိများ	....	....	၁၄၅
ဆွေမျိုးဆက်ပုံ	....	....	၁၄၆
ပုရာဏစီဝရ အဓိပ္ပာယ်	....	....	၁၄၆
စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ်	....	....	၁၄၇
အညာတက ဝိညတ္တိ သိက္ခာပုဒ်	....	....	၁၄၇
တတုတ္တရိသိက္ခာပုဒ်	....	....	၁၄၉
သန္ဓရတ္တရ ပရမ်	....	....	၁၅၀
ပထမဥပက္ခဋ သိက္ခာပုဒ်	....	....	၁၅၁
ဒုတိယဥပက္ခဋ သိက္ခာပုဒ်	....	....	၁၅၄
ရာဇ သိက္ခာပုဒ်	....	....	၁၅၆
တောင်းမှုနှင့်စပ်၍ မှတ်ရမည့်အချက်	....	....	၁၆၀
အကပ္ပိယဝတ္ထုများ	....	....	၁၆၂
ကပ္ပိယတစ်ကျိပ်	....	....	၁၆၂

2(A)

http://www.dhammadownload.com

မာတိကာ		စာမျက်နှာ
မေဏ္ဍကသိက္ခာပုဒ်	....	.... ၁၆၄
ကောသိယသိက္ခာပုဒ်	....	.... ၁၆၇
အခင်းလုပ်ပုံ	....	.... ၁၆၇
သုဒ္ဓကာဠကနှင့် ဒွေဘာဂသိက္ခာပုဒ်	....	.... ၁၆၉
ဆဗ္ဗသ သိက္ခာပုဒ်	....	.... ၁၇၀
နိသီဒန သန္ထတသိက္ခာပုဒ်	....	.... ၁၇၁
ဧကလောမ သိက္ခာပုဒ်	....	.... ၁၇၃
ဧကလောမ ဓောဝါပနသိက္ခာပုဒ်	....	.... ၁၇၄
ရူပိယ သိက္ခာပုဒ်	....	.... ၁၇၆
အယူခိုင်းပြစ်	....	.... ၁၇၇
အလှူခံမှုနှင့်စပ်၍ ခေတ်အလိုက် ကျင့်ဖွယ်	....	.... ၁၇၇
ရွှေငွေစွန့်နည်းနှင့် စွန့်ရကျိုး	....	.... ၁၇၈
ရွှေငွေအလှူခံသူ၏ အပြစ်	....	.... ၁၇၈
ရွှေငွေနှင့်စပ်၍ သတိပေးတိုက်တွန်းချက်	....	.... ၁၇၉
ရူပိယ သံဝေါဟာရ သိက္ခာပုဒ်	....	.... ၁၇၉
စောဒနာဖွယ်	....	.... ၁၈၀
လဲလှယ်မှုနှင့်စပ်၍ သတိပြုရမည့် ပတ္တစတုက္က	....	.... ၁၈၁
ကယဝိက္ကယ အဓိပ္ပာယ်	....	.... ၁၈၃
မအပ်သောလဲနည်းနှင့် အပ်သောလဲနည်း	....	.... ၁၈၃
နိုင်းစေရာ၌ အပ်–မအပ်	....	.... ၁၈၄
ပတ္တသိက္ခာပုဒ်	....	.... ၁၈၆
သပိတ် ၉ လုံးနှင့် အရွယ်အစားစား	....	.... ၁၈၆
ကွမ်းစား ၃ မျိုးမှတ်ချက်	....	.... ၁၈၈
သပိတ် အမျိုးအစားနှင့် အဆင်းအရောင်	....	.... ၁၈၉
သပိတ် အဓိဋ္ဌာန်တင်ပုံနှင့် ပစ္စုဒ္ဓိရ်ပြုပုံ	....	.... ၁၈၉
သပိတ် အဓိဋ္ဌာန်ကျကြောင်း အင်္ဂါ ၉ ပါး	....	.... ၁၈၉
နိသဂ္ဂိသပိတ်စွန့်နည်း	....	.... ၁၉၀
ဥုန်ပဋ္ဌမနေသိက္ခာပုဒ်	....	.... ၁၉၀
ဖွဲ့တုပ်ပုံ ဖွဲ့တုပ်နည်း	....	.... ၁၉၁
ဓုဒ္ဓသိက္ခာလာ သပိတ်နှင့်စပ်၍ မှတ်ဖွယ်များ	....	.... ၁၉၃

http://www.dhammadownload.com

| မာတိကာ | | |

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
သဟသေယျုပုဒ် အဓိပ္ပါယ်	....	....	၂၂၇
တစ်မိုးတစ်ရံတည်းသောကျောင်း	....	....	၂၂၈
၃ ညဉ့်အတူအိပ်ပုံ	....	....	၂၂၉
သဟသေယျဖြတ်နည်း	....	....	၂၂၉
ဒုတိယသဟသေယျသိက္ခာပုဒ်နှင့် အစိတ္တကအာပတ်		....	၂၃၀
လူသိနည်းသော ဒိဝါသေယျသိက္ခာပုဒ်	....	....	၂၃၁
ဓမ္မဒေသနာသိက္ခာပုဒ်	....	....	၂၃၁
၅ ခွန်းနှင့် ၆ ခွန်း	....	....	၂၃၂
ဘူတာရောစနသိက္ခာပုဒ်	....	....	၂၃၃
ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်	....	....	၂၃၄
အာရောစေယျ အဓိပ္ပါယ်နှင့်မှတ်ချက်	....	....	၂၃၄
ပထဝီခဏနသိက္ခာပုဒ်	....	....	၂၃၅
ပထဝီအမျိုးမျိုး	....	....	၂၃၆
တူးဖောက်ခွဲဖျက်ခြင်းကြောင့် အာပတ်သင့်-မသင့် စိစစ်ချက်			၂၃၆
အပ်သောခိုင်းနည်း	....	....	၂၃၇
ဘူတဂါမသိက္ခာပုဒ်	....	....	၂၃၈
ဗီဇဂါမ်နှင့် ဘူတဂါမ်	....	....	၂၃၈
မအပ်သောခိုင်းနည်းနှင့် အပ်သောခိုင်းနည်း	....	....	၂၃၉
ကပ္ပိနည်းအမျိုးမျိုး	....	....	၂၃၉
ကပ္ပိယ်ကရောဟိ အဓိပ္ပါယ်	....	....	၂၄၀
အညဝါဒကသိက္ခာပုဒ်	....	....	၂၄၁
ပါစိတ်ဒုက္ကဋ်ခွဲခြားချက်	....	....	၂၄၂
ဥဒ္ဓာပနကသိက္ခာပုဒ်	....	....	၂၄၃
ပထမသေနာသနသိက္ခာပုဒ်	....	....	၂၄၅
မဗျူဟ စသည်	....	....	၂၄၅
ဒုတိယသေနာသနသိက္ခာပုဒ်	....	....	၂၄၇
သေယျာ ၁၀ မျိုး	....	....	၂၄၈
အနုပခဇ္ဇသိက္ခာပုဒ်	....	....	၂၅၀
နေရာမှ မထစေထိုက်သူ ၃ ယောက်	....	....	၂၅၀
နိကမနသိက္ခာပုဒ်	....	....	၂၅၂

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
ဝေဟာသကုဋိသိက္ခာပုဒ်	....	....	၂၁၂
မဟာလွှကဝိဟာရ သိက္ခာပုဒ်	....	....	၂၁၄
သပါဏကသိက္ခာပုဒ်	....	....	၂၁၇
ဩဝါဒသိက္ခာပုဒ်	....	....	၂၁၉
ဘိက္ခုနောဝါဒက အဂ်ါ	....	....	၂၁၉
အတ္တဂ်ံတနှင့် ဘိက္ခုနုပဿယ သိက္ခာပုဒ်	....	....	၂၆၀
အာမိသသိက္ခာပုဒ်	....	....	၂၆၁
စိဝရဒါနနှင့် စိဝရသိဗ္ဗနသိက္ခာပုဒ်	....	....	၂၆၂
သံဝိဓာနသိက္ခာပုဒ်နှင့် အဠါနမဂ္ဂ၏ အတိုင်းအရှည်....		....	၂၆၃
နာဝါဘိရူဟနနှင့် ပရိပါစိတသိက္ခာပုဒ်	....	....	၂၆၅
ရဟောနိသဇ္ဇသိက္ခာပုဒ်	....	....	၂၆၆
အာဝါသထပိဏ္ဍ သိက္ခာပုဒ်	....	....	၂၆၇
ဂဏဘောဇနသိက္ခာပုဒ်နှင့် ဂဏဘောဇဉ်ခေါ်ပုံ....		....	၂၆၈
မအပ်သော ပင့်ဖိတ်နည်းနှင့် မအပ်သောတောင်းနည်း		....	၂၆၉
ခံယူပုံနှင့် ပင့်ဖိတ်ရာ၌ သတိပြုဖွယ်	....	....	၂၇၀
သမယ ၇ ပါးနှင့် အဓိပ္ပါယ်	....	....	၂၇၀
ပရမ္မရဘောဇနေ သိက္ခာပုဒ်	....	....	၂၇၁
ဝိကပ္ပနာပြုပုံ	....	....	၂၇၂
ကာဏမာတာသိက္ခာပုဒ်	....	....	၂၇၂
ပူပနှင့် မန္တ	....	....	၂၇၃
ပထမပဝါရဏာ သိက္ခာပုဒ်နှင့် ဘောဇဉ် ၅ပါ်:....		....	၂၇၅
အဂ်ါ ၅ ပါ:စုံမှ ပဝါရိတ်သင့်	....	....	၂၇၇
အတိရိတ်ဝိနည်းကဲ့ပြုပုံ	....	....	၂၇၈
ဒုတိယပဝါရဏာ သိက္ခာပုဒ်	....	....	၂၈၀
ဝိကာလဘောဇနေ သိက္ခာပုဒ်	....	....	၂၈၁
ကာလိက ၄ ပါ:နှင့် ဖျော်ရည် ၈မျိုး	....	....	၂၈၁
အနုလောမ အဖျော်နှင့် ဖျော်ရည်အကပ်ခံ သတိပြုဖွယ်		....	၂၈၂
ယခုခေတ်ချင်းသုပ်	....	....	၂၈၃
သန္နိဓိကာရက သိက္ခာပုဒ်	....	....	၂၈၄
ဒုဒ္ခေါတ ပတ္တနှင့်စွန့်လျှင် သန္နိဓိမဖြစ်ပုံ	....	....	၂၈၅

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
ကာလိကရောပုံ	....	....	၂၈၆
ပဏိတဘောဇနေ သိက္ခာပုဒ်	....	....	၂၈၇
ဒန္တပေါဏသိက္ခာပုဒ်နှင့် အကပ်မြောက် အင်္ဂါ၅ပါး....		....	၂၈၉
ဟတ္ထပါသ်တိုင်းနည်း	....	....	၂၉၀
ဒုရူပစိဏ္ဍနှင့် ဥဂ္ဂဟိတကဒုက္ကဋ်	....	....	၂၉၂
အကပ်ပျက်ကြောင်း အင်္ဂါ ၆ ပါး	....	....	၂၉၃
အစေဋကသိက္ခာပုဒ်နှင့် အစေဋက-ပရိဇ္ဇာဇကခြားနားပုံ		....	၂၉၆
ဥယျောဇနေ သိက္ခာပုဒ်	....	....	၂၉၇
ရဟောပဋ္ဌန, ရဟောနိသဇ္ဇနှင့် စာရိတ္တသိက္ခာပုဒ်		....	၃၀၀
မဟာနာမ သိက္ခာပုဒ်	....	....	၃၀၂
ဥယျုတ္တသေနာ သိက္ခာပုဒ်	....	....	၃၀၃
သေနာဝါသသိက္ခာပုဒ်	....	....	၃၀၄
ဥယျောဓိကသိက္ခာပုဒ်	....	....	၃၀၅
သုရာပါနသိက္ခာပုဒ်နှင့် သေရည် ၅မျိုး, အရက် ၅မျိုးသရုပ်			၃၀၇
အဂုံလိပတောဒက သိက္ခာပုဒ်	....	....	၃၀၇
ဟသမ္မေနှင့် အနာဒရိယသိက္ခာပုဒ်	....	....	၃၀၈
ဘီသာပနသိက္ခာပုဒ်	....	....	၃၀၉
ဇောတိနှင့် နာနသိက္ခာပုဒ်	....	....	၃၁၀
ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်	....	....	၃၁၂
တိဏ္ဍံအရ ယူဆပုံနှင့် ကပ္ပဗိန္နု အဆင်းအရောင်....		....	၃၁၃
ကပ္ပဗိန္နု၏ ပမာဏနှင့် ကပ္ပဗိန္နုထိုးရကျိုး	....	....	၃၁၄
ဝိကပ္ပန သိက္ခာပုဒ်	....	....	၃၁၅
ဝိကပ္ပနာ၏ အမိပ္ပါယ်နှင့် အကျိုးရ	....	....	၃၁၅
ဝိကပ္ပနာ ၂ မျိုး	....	....	၃၁၅
ပစ္စုဒ္ဓိရ်ပြုပုံနှင့် အဝေးနေသူအား သမ္မုခဝိကပ္ပနာပြုပုံ		....	၃၁၆
ပရမ္မုခ ဝိကပ္ပနာပြုပုံ	....	....	၃၁၇
စီဝရာ ပနီဓာနသိက္ခာပုဒ်	....	....	၃၁၈
သဠိစ္ဆပါဏ, သပါဏက သိက္ခာပုဒ်နှင့် ပါဏချင်းထူးခြားပုံ			၃၁၉
ဥက္ကောဋနသိက္ခာပုဒ်	....	....	၃၂၀
ဒုဋ္ဌုल्ल သိက္ခာပုဒ်	....	....	၃၂၁

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
ဥုနဝိသတိ၀ဿသိက္ခာပုဒ်နှင့် အသက် ၂၀တွက်ပုံ		....	၃၂၂
ပေါရာဏ ထေရ၀ါဒနှင့် ယခုခေတ်၀ါဒ	....	....	၃၂၃
ရဟန်းစစ်ဖြစ်ရန် အင်္ဂါ ၅ တန်	....	....	၃၂၄
ရဟန်းမဖြစ်သော်လည်း အကျိုးမယုတ်ပုံ	....	....	၃၂၄
ရဟန်းခေါ်ပုံနှင့် ဦးပဋ္ဌင်းခေါ်ပုံ	....	....	၃၂၅
ထေယျသဗ္ဗ သိက္ခာပုဒ်နှင့် သံဝိဓာနသိက္ခာပုဒ်		....	၃၂၅
ဤသိက္ခာပုဒ်၀ယ် မာတုဂါမေနဋ္ဌ သွင်းယူရမည့်သူများ		....	၃၂၇
ဘေးရန်ရှိသော်လည်း မာတုဂါမနှင့်ကား အတူမသွားကောင်း			၃၂၇
အရိဋ္ဌသိက္ခာပုဒ်	....	....	၃၂၇
ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်	....	....	၃၃၀
ကဏ္ဏက သိက္ခာပုဒ်	....	....	၃၃၂
သဟဓမ္မိက သိက္ခာပုဒ်	....	....	၃၃၄
ဝိလေခန သိက္ခာပုဒ်	....	....	၃၃၅
ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်များ	....	....	၃၃၆
မောဟန သိက္ခာပုဒ်	....	....	၃၃၇
ပဟာရနှင့် တလသတ္ထိကသိက္ခာပုဒ်	....	....	၃၄၁
အမူလကနှင့် သဉ္ဇိစ္စသိက္ခာပုဒ်	....	....	၃၄၂
ဥပဿုတိ သိက္ခာပုဒ်	....	....	၃၄၃
ကမ္မပတိဗာဟနသိက္ခာပုဒ်နှင့် ကံ ၄ ပါး	....	....	၃၄၅
ဆန္ဒအဒတ္တာ သိက္ခာပုဒ်	....	....	၃၄၆
ဒုဋ္ဌုလသိက္ခာပုဒ်	....	....	၃၄၇
ပရိဏာမန သိက္ခာပုဒ်	....	....	၃၄၈
အန္တေပုရ သိက္ခာပုဒ်	....	....	၃၄၉
ရတန သိက္ခာပုဒ်	....	....	၃၅၀
ဝိကာလ ဂါမပ္ပ၀েသန သိက္ခာပုဒ်	....	....	၃၅၁
သူစီယရသိက္ခာပုဒ်နှင့် မဠုသိက္ခာပုဒ်	....	....	၃၅၃
တူလောနဒ္ဓသိက္ခာပုဒ်	....	....	၃၅၄
လဲ ၃ မျိုးနှင့် ခေါင်းဆုံးပမာဏ	....	....	၃၅၅
နိသိဒနသိက္ခာပုဒ်နှင့် နိသီဒိုင် အသုံးချနည်း	....	....	၃၅၆

http://www.dhammadownload.com

မာတိကာစဉ်

မာတိကာ			စာမျက်နှာ
ကဏ္ဍာပဉ္စိုဗာဒီ သိက္ခာပုဒ်	....	....	၃၅၇
ဝဿိကသာဋိက သိက္ခာပုဒ်နှင့် မိုးရေခံသက်နှင်းခေါ်ပုံ		....	၃၅၈
နန္ဒတ္ထေရ သိက္ခာပုဒ်	....	....	၃၅၉
တိစီဝရိတ် သက်နှင်း၏ ပမာဏနှင့် စဉ်းစားပွယ်		....	၃၆၀
ပါဋိဒေသနီယ အခန်း			
ပထမပါဋိဒေသနီယ သိက္ခာပုဒ်	....	....	၃၆၁
ပါဋိဒေသနီယခေါ်ပုံ	....	....	၃၆၁
ဒုတိယ ပါဋိဒေသနီယ သိက္ခာပုဒ်	....	....	၃၆၂
အညိုအမျှ စိမ်ရာ၌ ခံယူသော်လည်း အနာပတ္တိဖြစ်ပုံ		....	၃၆၃
တတိယ ပါဋိဒေသနီယ သိက္ခာပုဒ်	....	....	၃၆၄
စတုတ္ထ ပါဋိဒေသနီယ သိက္ခာပုဒ်	....	....	၃၆၆
သိစေနှင့် ရကျိုး	....	....	၃၆၇
သေခိယ သိက္ခာပုဒ်			
သေခိယ သိက္ခာပုဒ်များ၌ ဂဏန်း မထားခြင်းအကြောင်း		....	၃၆၈
ပရိမဏ္ဍလဝဂ်	....	....	၃၆၉
သေခိယသိက္ခာပုဒ် ကျူးလွန်လျှင် ဒုက္ခင့်ချည်း		....	၃၆၉
သိက္ခာပုဒ်၌ အာပတ်နာမည် တိုက်ရိုက်မပါပုံ		....	၃၇၀
သိက္ခာပုဒ်တိုင်း အဂ်ါ ၃ပါးအတွက် မှတ်ချက်		....	၃၇၁
ဥဒ္ဓရိုကဝဂ်	....	....	၃၇၅
ခမ္ဘကတဝဂ်	....	....	၃၇၇
သာရပ္ပ သိက္ခာပုဒ်ပေါင်း	....	....	၃၇၈
သက္ကစ္စဝဂ်	....	....	၃၈၀
ကဗဠဝဂ်	....	....	၃၈၅
သုရသုရဝဂ်	....	....	၃၈၈
သက္ကစ္စ ဘုဥ္ဇန ပဋိသံယုတ္တ သိက္ခာပုဒ်ပေါင်း	....	....	၃၈၉
ပါဒကဝဂ်	....	....	၃၉၀

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
အဓိကရဏ် သမထအခန်း			
အဓိကရဏ်း ၄ ပါး	....	....	၃၉၈
သိက္ခာပုဒ် ၂၂၇ပါးရှိသော်လည်း အာပတ်အားဖြင့် ၁၀သာ			၃၉၉
သမထ ၇ ပါး	....	....	၃၉၉
သမ္မုခါဝိနယ သမထ၌ သမ္မုခ ၄ ပါး	....	....	၄၀၀
သမ္မဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်သင့်ချိန်	....	....	၄၀၅
မဟာနိဂုံးနှင့် ဥဒ္ဒေသ ၅ ပါး	....	....	၄၀၇
နိဒါနဒ္ဒေသော မပါသင့်ပုံနှင့် သုတသဒ္ဒါဖြင့် သိမ်းပုံ		....	၄၀၈
နောက်နောက်ဝါကျများ၌ "ခေါပနာ ယသ္မွာ ဟိ"မပါသင့်ပုံ			၄၀၉
သုတသဒ္ဒါ၏ အဓိပ္ပါယ်	....	....	၄၀၉
ဘိက္ခုနီပါရာဇိကအခန်း			
ပထမပါရာဇိက သိက္ခာပုဒ်	....	....	၄၁၁
ပဌမ, ဆဋ္ဌပါရာဇိက သိက္ခာပုဒ်	....	....	၄၁၂
သတ္တမပါရာဇိက သိက္ခာပုဒ်	....	....	၄၁၄
အဋ္ဌမပါရာဇိက သိက္ခာပုဒ်	....	....	၄၁၆
သံဃာဒိသေသအခန်း			
ပထမ သိက္ခာပုဒ်	....	....	၄၂၀
အစောင့်အရှောက် တောင်းနည်း	....	....	၄၂၁
ဒုတိယ သိက္ခာပုဒ်	....	....	၄၂၂
တတိယ သိက္ခာပုဒ်	....	....	၄၂၃
စတုတ္ထနှင့် ပဌမ သိက္ခာပုဒ်	....	....	၄၂၄
ဆဋ္ဌနှင့် ဒသမ သိက္ခာပုဒ်	....	....	၄၂၅
ဧကာဒသမ သိက္ခာပုဒ်	....	....	၄၂၇
ဒွါဒသမ သိက္ခာပုဒ်	....	....	၄၂၈
တေရသမ သိက္ခာပုဒ်	....	....	၄၃၀

http://www.dhammadownload.com

မာတိကာ			စာမျက်နှာ
နိသဂ္ဂိယပါစိတ်အခန်း			
ပတ္တဝဂ်	....	....	၄၃၃
ပထမ သိက္ခာပုဒ်နှင့်စွန့်ခြင်း ဝိနည်းကဲ့ရှိသောပါစိတ်		....	၄၃၃
ဒုတိယသိက္ခာပုဒ်	....	....	၄၃၃
တတိယသိက္ခာပုဒ်နှင့် ယခုခေတ် ကထိန်သင်္ကန်း		....	၄၃၄
စတုတ္ထသိက္ခာပုဒ်	....	....	၄၃၅
ပဉ္စမနှင့် ဆဋ္ဌနိသဂ္ဂိယ သိက္ခာပုဒ်	....	....	၄၃၆
သတ္တမ, အဋ္ဌမ, နဝမနှင့် ဒသမသိက္ခာပုဒ်	....	....	၄၃၇
စီဝရဝဂ် ပထမသိက္ခာပုဒ်	....	....	၄၃၈
ဒုတိယ သိက္ခာပုဒ်	....	....	၄၃၉
သုဒ္ဓပါစိတ် အခန်း			
လသုနဝဂ် ပထမနှင့် ဒုတိယသိက္ခာပုဒ်	....	....	၄၄၀
တတိယ, စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ်	....	....	၄၄၁
ဆဋ္ဌနှင့် သတ္တမ သိက္ခာပုဒ်	....	....	၄၄၂
အဋ္ဌမသိက္ခာပုဒ်	....	....	၄၄၃
ကျောင်းပေါ်မှ အမှိုက်စသည်ကို ပစ်ချရာ၌ မှတ်ချက်		....	၄၄၃
နဝမနှင့် ဒသမ သိက္ခာပုဒ်	....	....	၄၄၄
ဘုရားပွဲ, ကျောင်းပွဲ, ဘုန်းကြီးပျံ့ကိစ္စများအတွက် ပွဲလက်ခံမှု သတိပြု	....	....	၄၄၄
ရတ္တနာကရဝဂ် ပထမ, ဒုတိယနှင့် တတိယ သိက္ခာပုဒ်		....	၄၄၅
စတုတ္ထနှင့် ပဉ္စမ သိက္ခာပုဒ်	....	....	၄၄၆
ဆဋ္ဌ သိက္ခာပုဒ်	....	....	၄၄၇
သတ္တမနှင့် အဋ္ဌမ သိက္ခာပုဒ်	....	....	၄၄၈
နဝမနှင့် ဒသမ သိက္ခာပုဒ်	....	....	၄၄၉
နဂ္ဂဝဂ် ပထမနှင့် ဒုတိယ သိက္ခာပုဒ်	....	....	၄၅၀
ဖုံးကွယ်ခြင်း ခုမျိုး	....	....	၄၅၀
တတိယနှင့် စတုတ္ထ သိက္ခာပုဒ်	....	....	၄၅၁
ပဉ္စမ, ဆဋ္ဌနှင့် သတ္တမသိက္ခာပုဒ်	....	....	၄၅၂

http://www.dhammadownload.com

မာတိကာ **စာမျက်နှာ**

အဌမနှင့် နဝမသိက္ခာပုဒ်	....	.... ၄၅၃
ဒသမသိက္ခာပုဒ်	....	.... ၄၅၄
ကထိန်နတ်ခွင့်နှင့် နတ်ရက္ခီး	....	.... ၄၅၄
တုဝင္ဆဝက် ပထမနှင့် ဒုတိယသိက္ခာပုဒ်	....	.... ၄၅၅
တတိယသိက္ခာပုဒ်	....	.... ၄၅၆
စာအံ့မီးထွန်းစသည်အတွက် ခွင့်ပြုမှု အနာပတ္တိဖြစ်ပုံ		.... ၄၅၆
စတုတ္ထ, ပဉ္စမနှင့် ဆဋ္ဌသိက္ခာပုဒ်	....	.... ၄၅၇
သတ္တမနှင့် အဋ္ဌမသိက္ခာပုဒ်	....	.... ၄၅၈
နဝမနှင့် ဒသမသိက္ခာပုဒ်	....	.... ၄၅၉
စိတ္တာဂါရဝက် ပထမသိက္ခာပုဒ်	....	.... ၄၆၀
ပန်းခြံနှင့် ကန်တော်ကြီးများသို့ အကြည်အရှုသွားသောရဟန်း		
သာမဏေတို့ သတိထားဖွယ်	....	.... ၄၆၀
ဒုတိယ သိက္ခာပုဒ်	....	.... ၄၆၀
တတိယ, စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ်	....	.... ၄၆၁
ဆဋ္ဌနှင့် သတ္တမသိက္ခာပုဒ်	....	.... ၄၆၂
အဋ္ဌမ, နဝမနှင့် ဒသမသိက္ခာပုဒ်	....	.... ၄၆၃
တိရစ္ဆာနဝိဇ္ဇာများ	....	.... ၄၆၄
အာရာမဝက် ပထမ, ဒုတိယနှင့် တတိယသိက္ခာပုဒ်....		.... ၄၆၆
စတုတ္ထ, ပဉ္စမနှင့် ဆဋ္ဌသိက္ခာပုဒ်	....	.... ၄၆၇
သတ္တမသိက္ခာပုဒ်	....	.... ၄၆၈
ဘိက္ခုအချင်းချင်း ဖိတ်မန် (ပဝါရဏာပြု)ပုံ	....	.... ၄၆၉
အဋ္ဌမနှင့် နဝမသိက္ခာပုဒ်	....	.... ၄၇၀
ဒသမသိက္ခာပုဒ်	....	.... ၄၇၁
ဂဒ္ဒိနီဝက် ပထမ, ဒုတိယနှင့် တတိယသိက္ခာပုဒ်		.... ၄၇၂
သိက္ခာမာန်ခေါ်ပုံ	....	.... ၄၇၃
စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ်	....	.... ၄၇၃
ဆဋ္ဌ, သတ္တမ, အဋ္ဌမ, နဝမနှင့် ဒသမသိက္ခာပုဒ်....		.... ၄၇၄
ကုမာရိဘူတဝက် ပထမ, ဒုတိယနှင့် တတိယသိက္ခာပုဒ်		.... ၄၇၆
သိက္ခာမာန် ၃ မျိုး	....	.... ၄၇၇
စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ်	....	.... ၄၇၇

http://www.dhammadownload.com

မာတိကာ		စာမျက်နှာ
ဆဋ္ဌနှင့် သတ္တမသိက္ခာပုဒ်	....	.... ၄၇၈
အဋ္ဌမနှင့် နဝမသိက္ခာပုဒ်	...	.... ၄၇၉
ဒသမနှင့် ဧကာဒသမသိက္ခာပုဒ်	...	.... ၄၈၀
ဒွါဒသမနှင့် တေရသမသိက္ခာပုဒ်	...	.... ၄၈၂
ဆတ္တပါဟနဝဂ် ပထမသိက္ခာပုဒ်	...	.... ၄၈၃
ထီးဖိနပ် အပ်သောအချက်	...	.... ၄၈၃
ဒုတိယသိက္ခာပုဒ်	...	.... ၄၈၃
တတိယ, စတုတ္ထနှင့် ပဉ္စမသိက္ခာပုဒ်	...	.... ၄၈၄
ဆဋ္ဌနှင့် သတ္တမသိက္ခာပုဒ်	...	.... ၄၈၅
အဋ္ဌမ စသည်	...	.... ၄၈၆
ပါဠိဒေသနီယ အခန်း		
ပထမနှင့် ဒုတိယသိက္ခာပုဒ် စသည်	...	.... ၄၈၈
နောက်ဆက်တွဲမှတ်ဖွယ်များ	...	.... ၄၈၈
ဥပုသ် ၉ မျိုး	...	.... ၄၈၈
အကျဉ်းနှင့် အကျယ်သိရမည့်အဓိပ္ပါယ်	...	.... ၄၈၉
အန္တရာယ် ၁၀ပါး	...	.... ၄၈၉
၃ပါးပြုပုံနှင့် ၂ပါးပြုပုံ	...	.... ၄၉၀
ပါရိသုद्ध်ပြုရာဌာနများ	...	.... ၄၉၁
ဒေသနာပြော ဒေသနာခံ	...	.... ၄၉၂
ရှေးခေတ် ဒေသနာပြောနည်းနှင့် ယခုခေတ်ဒေသနာ ပြောနည်း	...	.... ၄၉၂
သီတင်းငယ်က သီတင်းကြီးထံပြောပုံ	...	.... ၄၉၄
သီတင်းကြီးက သီတင်းငယ်ထံပြောပုံ	...	.... ၄၉၄
သီတင်းငယ်က ထပ်၍ပြောပုံ	...	.... ၄၉၅
ဘာသာဋီကာနိဂုံး	...	.... ၄၉၇

http://www.dhammadownload.com

ပါတိမောက္ခာသာဒီကာ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဥပုသ်ပြု ပရိကမ်

၁။ ပုဗ္ဗကရဏ ၄ ပါး

သမ္မဇ္ဇနီ–ဥပုသ်ကျောင်းဆောင်၌ တံမြက်လှည်းရခြင်းလည်းကောင်း၊ ပဒီပေါစ–မီးထွန်းရခြင်းလည်းကောင်း၊ အာသနေန–နေရာခင်းခြင်းနှင့်တကွ၊ ဥဒကဿ–သောက်ရေသုံးရေတည်ထားရခြင်းလည်းကောင်း (ဣတိ–ဤသို့)၊ ဘောနိ–ဤလေးပါးသော ပြုဖွယ်တို့ကို၊ ဥပေါသထသ–ဥပုသ်ဟု၏၊ ပုဗ္ဗကရဏန္တိ–ပုဗ္ဗကရဏဟူ၏၊ ဝုစ္စတိ–ဆိုအပ်၏။

* * * * *

ဥပုသ်ပြုခြင်း၏ ပရိကမ်။ ။ ဤ "သမ္မဇ္ဇနီပဒီပေါစ" ဂါထာမှစ၍ "အာရာဓနံ ကရောမ"တိုင်အောင် စကားစုကား ပါတိမောက် မဟုတ်သေးရုံသာမက, ပါတိမောက်၏ အခြေခံ နိဒါန်းမျှပင် မဟုတ်သေး၊ ဥပုသ်ပြုခါနီးဝယ် ပြုဖွယ်အမှုများနှင့် ပြည့်စုံဖွယ် အင်္ဂါများကိုပြသော ဥပုသ်ပြုခြင်း–ပါတိမောက်ပြုခြင်း၏ အခြေခံ "ပရိကမ်"စကားစုသာ ဖြစ်သည်။ [ပရိကမ္မ ဘာဝနာ ဟူရာ၌ကဲ့သို့ ရှေးဦးစွာ ပြုရသောအလုပ်ကို "ပရိကမ်"ဟု ခေါ်သည်။]

ပုဗ္ဗကရဏ ၄ ပါး။ ။ ထို ပရိကမ်စကားစုတွင် ["သမ္မဇ္ဇနီ"စသော ဂါထာသည် ပုဗ္ဗကရဏ ၄ ပါးကိုပြသော ဂါထာတည်း၊] တံမြက်လှည်းခြင်းအစရှိသော ၄ ပါးကို သံဃာမစည်းဝေးမီ ရှေ့အဖို့၌ ပြုအပ်သောကြောင့်

http://www.dhammadownload.com

၂။ ပုဗ္ဗကိစ္စ ၅ ပါ။ ။ ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ-ဆန္ဒကိုလျှောက်ခြင်း, ပါရိသုဒ္ဓိကို လျှောက်ခြင်း, ဥတုကိုလျှောက်ခြင်းလည်းကောင်း၊ ဘိက္ခု ဂဏနာစ-ရဟန်းအပေါင်းကို ရေတွက်ခြင်းလည်းကောင်း၊ သြဝါဒေါ-ဘိက္ခုနီတို့၏ သြဝါဒခံလိုပါကြောင်း ခွင့်တောင်းမှုကို လျှောက်ခြင်းလည်းကောင်း၊ (ဣတိ-ဤသို့၊) ဧတာနိ-ဤငါးပါးသော ပြုဖွယ်တို့ကို၊ ဥပေါသထာသေ-ဥပုသ်ကံ၏၊ ပုဗ္ဗကိစ္စန္တိ-ပုဗ္ဗကိစ္စဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

* * * * *

"ပုဗ္ဗကရဏ"ဟု ခေါ်၏။ [ပုဗ္ဗ= သံဃာမစည်းဝေးမီ ရှေ့အဖို့၌ + ကရဏ= ပြုအပ်သောအမှု။] ဤပုဗ္ဗကရဏ ၄ ပါးကို ဂါထာကြည့်၍-

၁။ ဥပုသ်ပြုရာ ကျောင်းဆောင်၌ တံမြက်လှည်းရခြင်း,

၂။ ဥပုသ်ကျောင်းဆောင်တွင်း၌ နေရောင်မရှိလျှင် မီးထွန်းရခြင်း,

၃။ ဥပုသ်ကျောင်း[illegible]ောင်တော်ရာ အနီးအပါး၌ သောက်ရေနှင့် (ခြေဆေးဖို့ရာ) သုံးရေများကို တည်ထားရခြင်း,

၄။ ဥပုသ်ကျောင်းဆောင်တွင်း၌ နေရာခင်းရခြင်း-ဟု ရေတွက်ပါ။

ရှင်းလင်း - ဘုရားလက်ထက်တော်ဝယ် ဥပုသ်ကျောင်းဆောင်၌ တံမြက်မလှည်းသဖြင့် အမှိုက်ရှုပ်နေခြင်း, အမှောင်ထဲ၌ တစ်ပါးနှင့်တစ်ပါး တိုက်မိနင်းမိကြခြင်း, နေရာခင်းမထားသဖြင့် သံဃာများ၏ ကိုယ်နှင့်သင်္ကန်းတို့၌ ဖုန်လူးခြင်း, မဟာသိမ်ဖြစ်၍ ခရီးဝေးသော ကျောင်းတိုက်များမှ ဥပုသ် ပြုရန်လာကြလေရာ သောက်ရေသုံးရေ မရှိသဖြင့် အာဂန္တုရဟန်းတို့ ကဲ့ရဲ့ ကြခြင်း, ဤအကြောင်းများကြောင့် တံမြက်လှည်းမှုစသော ၄ ပါးကို သံဃာမစည်းဝေးခင် ကြိုတင်၍ ပြုရမည်ဟု ဘုရားရှင် ပညတ်တော်မူလေသည်၊ ထိုအမှုများကို နာယကဖြစ်သောထေရ်က ကြောင့်ကြစိုက်၍ သင့်တော်သူကို စေခိုင်းရမည်။

ပုဗ္ဗကိစ္စ ၅ပါး။ ။ "ဆန္ဒပါရိသုဒ္ဓိ"စသော ဤဂါထာသည် ပုဗ္ဗကိစ္စ ၅ ပါးကိုပြသော ဂါထာတည်း၊ ဆန္ဒလျှောက်ခြင်း စသော ၅ ပါးကို သံဃာစည်းဝေးပြီးနောက် ပါတိမောက် မရွတ်မီရှေ့အဖို့၌ ပြုအပ်သောကြောင့်

http://www.dhammadownload.com

"ပုဗ္ဗကိစ္စ"ဟုခေါ်၏။ [ပုဗ္ဗ=ပါတိမောက် မရွတ်မီရှေ့အဖို့၌+ကိစ္စ=ပြုသင့်သောအမှု၊] ဤပုဗ္ဗကိစ္စ ၅ ပါးကိုလည်း ဂါထာကြည့်၍.....

၁။ ဆန္ဒကိုလျှောက်ခြင်း,

၂။ ပါရိသုဒ္ဓိကိုလျှောက်ခြင်း,

၃။ ရောက်ဆဲဥတု ရောက်ဆဲပက္ခကိုလျှောက်ခြင်း,

၄။ ဥပုသ်ပြုရာဝယ် ပါဝင်သော သံဃာကိုရေတွက်၍လျှောက်ခြင်း,

၅။ ဘိက္ခုနီတို့က အဆုံးအမခံလိုပါကြောင်း ခွင့်တောင်းလိုက်သော စကားကို ဆောင်ယူလာသော ရဟန်းက ပါတိမောက်ပြသော ရဟန်းအားလျှောက်ခြင်း–ဟု ရေတွက်ပါ။

ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ – ဆန္ဒပါရိသုဒ္ဓိ ဥတုပုဒ်တို့ကား ဒွန်ပုဒ်တည်း၊ "ဆန္ဒောစ ပါရိသုဒ္ဓိစ ဥတုစဆန္ဒပါရိသုဒ္ဓိဥတုယော"ဟု ဒွန်သမာသ်ဝစနတ်ပြု၊ ဥတုက္ခာနံကို "ဥတု+အက္ခာနံ"ဟု ပုဒ်ဖြတ်။ [ဤ]အက္ခာနပုဒ်သည် နားဖြင့် ကြားခြင်း အနက်မျိုးကို မဟော, နှုတ်ဖြင့် လျှောက်ထားခြင်း အနက်ကိုဟော၏၊ ထို့ကြောင့် "ဆန္ဒကြားခြင်း"စသည်ဖြင့် မဆိုဘဲ "ဆန္ဒလျှောက်ခြင်း" စသည်ဖြင့်ဆိုသည်၊ "ပြောကြား"ဟူသော အသုံးမှာလည်း "ပြောသည်=ကြားစေသည်"ဟု ဆိုလိုသည်။]

ဆက်ဦးအုံ – ဤအက္ခာနပုဒ်သည် ဒွန်၏နောက်၌ရှိသော ပုဒ်တည်း၊ ထိုပုဒ်မျိုးကို အနက်သဘောအားဖြင့် ရှေးရှေးပုဒ်များသို့လည်း လိုက်စေရသည်၊ ထို့ကြောင့် "ဆန္ဒ+အက္ခာန=ဆန္ဒကိုလျှောက်ခြင်း၊ ပါရိသုဒ္ဓိ+အက္ခာန=ပါရိသုဒ္ဓိကို လျှောက်ခြင်း၊ ဥတု+အက္ခာန=ဥတုကို လျှောက်ခြင်း ဟု မှတ်ပါ။"

[ဆောင်] ဒွန်၏ နောက်၌, ရှိသောပိုဒ်, ယှဉ်လိုက် ပုဒ်တိုင်းသာ။

ဆန္ဒပါရိသုဒ္ဓိ အက္ခာန – ဥပုသ်ပြုရာ သိမ်တွင်း၌နေသော ဂိလာန–သို့မဟုတ် အလုပ်ကိစ္စများနေသော ရဟန်းသည် ဥပုသ်ပြုရာဌာနသို့ ကိုယ်တိုင် မလိုက်နိုင်လျှင် ဆန္ဒပါရိသုဒ္ဓိ ၂ မျိုးလုံးကို ရဟန်းတစ်ပါးထံ ပေးလိုက်ရသည်၊ ထိုတွင် ဆန္ဒပေးခြင်းသည် "ဥပုသ်ကံမှတစ်ပါး အခြားကံများ ပြုဖွယ်ရှိက သဘောတူပါသည်"ဟု မိမိအလိုကို ဖော်ပြသဖြင့် ထိုထိုအခြား သံဃာ့ကံများ ထမြောက်စေ၏၊ ပါရိသုဒ္ဓိပေးခြင်းကား "မိမိမှာ အာပတ်မှ

http://www.dhammadownload.com

စင်ကြယ်ပါသည်"ဟု ဖော်ပြခြင်းဖြစ်သည်၊ ထို့ကြောင့် အာပတ်ရှိလျှင် ဒေသနာပြောပြီးမှ ပါရိသုဒ္ဓိ ပေးရသည်၊ ထို ပါရိသုဒ္ဓိ ပေးခြင်းဖြင့် မိမိ၏ ဥပုသ်ပြုခြင်းကိစ္စကိုလည်း ပြီးစေ- သံဃာ၏ ဥပုသ်ပြုခြင်း ကိစ္စကိုလည်း (ဝဂ်ဖြစ်မှုဟူသော) အနှောင့်အယှက်မရှိဘဲ ပြီးစေသည်၊ ထိုကဲ့သို့ ပေးလိုက်အပ်သော ဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူလာသော ရဟန်းက သံဃာ့အထံ၌ လျှောက်ခြင်းကို "ဆန္ဒလျှောက်ခြင်း, ပါရိသုဒ္ဓိလျှောက်ခြင်း"ဟု ခေါ်သည်။

ဆန္ဒပါရိသုဒ္ဓိပေးပုံ။ ။ မိမိနေရာ သိမ်ထဲ၌ ဥပုသ်ပြုမည့် အရပ်သို့ မလိုက်နိုင်သော ရဟန်းသည် ရဟန်းတစ်ပါးထံ (အာပတ်ရှိလျှင် ဒေသနာပြောပြီးနောက်).....

"ဆန္ဒပါရိသုဒ္ဓိं ဒမ္မိ, ဆန္ဒပါရိသုဒ္ဓိं မေ ဟရ,
ဆန္ဒပါရိသုဒ္ဓိं မေ အာရောစေဟိ"

ဟုဆို၍ ပေးလိုက်ရသည်။ [ဆန္ဒပါရိသုဒ္ဓိं-ဆန္ဒပါရိသုဒ္ဓိကို၊ ဒမ္မိ-ပေးပါ၏၊ မေ-၏၊ ဆန္ဒပါရိသုဒ္ဓိं-ကို၊ ဟရ-သံဃာ့ထံသို့ ဆောင်ပါလေ၊ မေ-၏၊ ဆန္ဒပါရိသုဒ္ဓိं-ကို၊ အာရောစေဟိ-သံဃာအား လျှောက်ပါလေ။]

ဆောင်ယူ၍လျှောက်ပုံ။ ။ ထိုပေးလိုက်သော ဆန္ဒပါရိသုဒ္ဓိကို လက်ခံခဲ့သော ရဟန်းက သံဃာ၏ ဟတ္ထပါသ်ရောက်လျှင် ပေးလိုက်သော ဆန္ဒပါရိသုဒ္ဓိလည်း ရောက်ပြီးဖြစ်တော့၏၊ သို့သော် ဆောင်ယူခဲ့သော ရဟန်းက သံဃာအား မလျှောက်လျှင် ဒုက္ခဒုဏ္ဍာအပတ် သင့်သောကြောင့် သံဃာအား လျှောက်ရဦးမည်၊ လျှောက်ဟန်ကား-(ပေးလိုက်သော ရဟန်း၏ ဘွဲ့မည်ကို ဖော်ပြ၍).....

"တိဿေန ဘိက္ခုနာ ဆန္ဒပါရိသုဒ္ဓိ ဒိန္နာ,
တမဟံ သံဃသ အာရောစေမိ"

ဟု လျှောက်ရမည်၊ ယခုကာလ၌ ၃ ကြိမ်ဆိုကြ၏၊ တစ်ကြိမ်တည်းလည်း ပြီးသည်ပင်၊ "တိဿေန"၌ "တိဿနာမေန=တိဿဝုယေန"ဟု အမျိုးမျိုး ဆိုနိုင်သည်၊ [တိဿေန ဘိက္ခုနာ- တိဿရဟန်းသည်၊ ဆန္ဒပါရိသုဒ္ဓိ-ကို၊ ဒိန္နာ- ပေးအပ်ပါပြီ၊ တं- ထိုဆန္ဒပါသုဒ္ဓိကို၊ အဟံ- သည်၊ သံဃသ- သံဃာအား၊ အာရောစေမိ- လျှောက်ပါ၏၊ ပေးသူက မိမိထက်ကြီးလျှင် "အာယသ္မတာ တိဿေန ဆန္ဒပါရိသုဒ္ဓိဒိန္နာ"ဟု ဆိုပါ။]

http://www.dhammadownload.com

ဆန္ဒချည်းယေးသင့်ရာ။ ။ ဥပုသ်ကံမှတစ်ပါး အခြားကံများ၌ လည်းကောင်း-ဥပုသ်ကံပင်ဖြစ်သော်လည်း မိမိက အခြားသိမ်တစ်ခု၌ ဥပုသ်ပြုခဲ့ပြီးဖြစ်လျှင်လည်းကောင်း, ပါရိသုဒ္ဓိပေးဖွယ်မလို, ဆန္ဒကိုသာပေးရမည်။ ပေးပုံကား-ရဟန်းတစ်ပါးပါးအား "[illegible]ဒမ္မိ, ဆန္ဒံမေဟရ, ဆန္ဒံမေ အာရောစေဟိ"တည်း၊ ထိုဆန္ဒကို ဆောင်[illegible]ကွားသော ရဟန်းကလည်း သံဃာ့အထံ၌ လျှောက်ရမည်မှာ... "တိ[illegible] ဘိက္ခုနာ ဆန္ဒော ဒိန္နော, တမဟံ သံဃသ အာရောစေမိ"စသည်[illegible] [ဤဆန္ဒပါရိသုဒ္ဓိမှားကို ပါဠိဘာသာဖြင့်သာ ပေးနိုင်လျှောက်နိုင်သည်[illegible]တတ်, မိမိကို နားလည်သော မြန်မာဘာသာ စသည်ဖြင့်လည်း ပေးနိုင်[illegible]ကျောက်နိုင်သည်။]

ဥတုအကွာန, ဘိက္ခုဂဏနာ - ဘုရားလက်[illegible]ကျောက်တော်၌ အချို့ ရဟန်းတို့ "ယနေ့ ဘယ်နှရက်မြောက်နေ့-လဆန်း ၁[illegible]နေ့ ၂ရက်နေ့" စသည်ကိုမှ မသိကြ၍ လူတို့ကဲ့ရဲ့ခံရလေသည်၊ အချို့မှာ[illegible]: ကျောင်းတိုက် အတွင်း၌ သံဃာ့အရေအတွက်ကိုမှ မသိကြ၍ အကဲ့[illegible]ခံရလေသည်၊ ထို့ကြောင့် ရောက်ရှိသောဥတုတွင် "ပက္ခပေါင်: မည်မျှလွန်ပြီ, မည်မျှကြွင်းသေး၏"ဟု ဥပုသ်ပြုသည့်အခါ ပြောပြရမည်ဟုလည်းကောင်း, သိမ်တွင်း၌ ဥပုသ်ပြု သံဃာမည်မျှ ရှိသည်ကို ရေတွက်ရမည်ဟုလည်းကောင်း ပညတ်တော်မူသည်၊ ဤဥတုရေတွက်မှု သံဃာရေတွက်မှုကို တစ်ပါ[illegible]ကပြု၍ သံဃာအားလျှောက်လျှင်ပြီး၏၊ ယခုကာလ၌ ဥပုသ်အဖြေလုပ်[illegible]ကလျှောက်လေ့ရှိသည်။ [ဥတုကို "ဤမျှလွန်ပြီ, ဤမျှကြွင်းသေး၏"[illegible]ကလျှောက်လျှင် ပက္ခကို ရေတွက်ရာရောက်၏၊ ထို့ကြောင့် ပဂ္ဂအကွာနကုံ့ပြုတော့ဘဲ "ဥတုအကွာန" ဟုသာ ဆိုထားသည်၊ ဥပေါသထကွန္ဓက [illegible]ပါဠိတော်၌မူ "အနဇာနာမိ ဘိက္ခဝေ ပက္ခဂဏနံ (တစ်ပက္ခ တစ်ပက္ခ၌ ရောက်ဆဲရက်ကိုပါ ရေတွက်ခြင်းကို) ဥဂ္ဂဟေတုံ"ဟု ဟောတော်မူသည်။]

ဩဝါဒ - ဘိက္ခုနီတို့သည် ဥပုသ်နေ့၌ ဥပုသ်ပြုချိန် မရောက်မီ ဘိက္ခုနီတစ်ယောက်ယောက်ကို အဖေါ်နှင့်တကွ ရဟန်းတစ်ပါးပါးထံ စေလွှတ်ရသည်၊ ထိုစေလွှတ်အပ်သော ဘိက္ခုနီက "အရှင်ဘုရား...ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ၏ ခြေတော်တို့ကို ရှိခိုးလိုက်ပါသည်၊ ဩဝါဒခံဖို့ရာ ချဉ်းကပ်ခွင့်ကိုလည်း တောင်းလိုက်ပါသည်၊ ဘိက္ခုနီသံဃာသည် ဩဝါဒ ခံဖို့ရန် ချဉ်းကပ်ခွင့်ကို ရလိုပါသတဲ့ဘုရား"ဟု ခွင့်တောင်းလျှောက်ထားရသည်၊ ထိုရဟန်းက ထိုဘိက္ခုနီခွင့်တောင်းချက်ကို ယူဆောင်၍ ဥပုသ်ပြုခါနီး၌ ပါတိမောက္ခတ်မည့် ရဟန်းအား တစ်ဆင့်လျှောက်ထားမှုကို ဂါထာ၌ "ဩဝါဒေါ"ဟု ဆိုသည်။

http://www.dhammadownload.com

ဆက်ဦးအံ့ - ထိုကဲ့သို့ လျှောက်ထားသည့်အခါ ပါတိမောက်ရွတ်ဆိုမည့်ရဟန်းက "ဘိက္ခုနောဝါဒက သမ္မုတိ"ရသော မဟာထေရ်ရှိလျှင် "ဘိက္ခုနီတို့သည် ထို မဟာထေရ်အထံ အဆုံးအမခံကြလေ"ဟုမှာရသည်၊ သမ္မုတိရသော မဟာထေရ်မရှိလျှင် "ပါသာဒိကေန ဘိက္ခုနိသံဃော သမ္မာဒေတု (ဘိက္ခုနီသံဃာသည် ကြည်ညိုခြင်းကိုဆောင်သော ကိုယ် နှုတ် စိတ်အမှုဖြင့် သိက္ခာ ၃ ပါးကို ပြည့်စုံစေ)"ဟု မှာရသည်၊ သြဝါဒခံဖို့ရန် ခွင့်တောင်းသည်ကို ဆောင်ခဲ့သော ပထမရဟန်းက နောက်တစ်ရက်နံနက်၌ ဘိက္ခုနီတို့အား ထိုမှာလိုက်သည့်အတိုင်း ပြောရသည်၊ ဘိက္ခုနီတို့ကလည်း သြဝါဒပေးမည့်ထေရ်ရှိလျှင် ထိုတစ်ရက်နေ့မှာပင် သြဝါဒခံယူဖို့ရန်သွားရမည်။

ကရဏနှင့်ကိစ္စအထူး။ ။ ရှေ့ဂါထာ၌ ကရဏဟုဆို၍ ဤဂါထာ၌ ကိစ္စဟု ဆိုရာဝယ် ကရဏနှင့် ကိစ္စတို့ မည်သို့ထူးပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား-မပြုမနေရ ကေန်ပြုရမည့်အလုပ်ကို "ကရဏ"ဟုခေါ်၏၊ တစ်ပါးတည်းနေ၍ အဓိဋ္ဌာန်ဥပသမ်ပြုသော ရဟန်းသော်မှ (အာဂန္တုက ရဟန်းများ ရုတ်တရက်လာလျှင် အဆင်သင့်ဖြစ်ဖို့ရာ) တံမြက်လှည်းမှု စသော ၄ ပါးကို ပြုထားရသည်။

ပြုသင့်မှ ပြုရမည့်အလုပ်ကို "ကိစ္စ"ဟုခေါ်၏၊ ဆန္ဒစသည်ကို ပေးသူရှိမှ လျှောက်ရမည်၊ တစ်ပါးတည်းရှိရာ၌ ဥတုအကျွှာနလည်းမလို၊ ၂ ပါး ၃ ပါးစသည် အနည်းငယ်သာရှိရာ၌ ဘိက္ခုဂဏနာလည်းမလို၊ ဤသို့ ပြုခွင့်ရှိမှ ပြုရမည့်အမှုကို "ကိစ္စ"ဟု သုံးစွဲလေသည်။

[ဆောင်] မပြုမနေ, ပြုရချေ, ခေါ်လေကရဏ၊
ပြုခွင့်ကြိုလျှင်, ပြုဖို့ပင်, ခေါ်တွင်မှုကိစ္စ။

မှတ်ချက်။ ။ ကရဏနှင့်ကိစ္စအထူးဟု မမေးဘဲ "ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စအထူး"ဟု မေးရာ၌ကား သံဃာမစည်းဝေးခင် ကြိုတင်၍ ပြုအပ်သော အလုပ်သည် ပုဗ္ဗကရဏမည်၏၊ သံဃာစည်းဝေးပြီးနောက် ပါတိမောက်မပြမီ ပြုအပ်သော အလုပ်သည် ပုဗ္ဗကိစ္စမည်၏-ဟု ဖြေ၊ ရှေးနိဿယ၌ "ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ"ဝယ် "တောနိ"ဟူသော ဗဟုဝုစ်ကိုင်၍ "ဝုစ္စတိ"ကို ဝစနဝိပလ္လာသကြောင့်ပြီးလျှင် "ဝုစ္စတိ ဝုစ္စန္တေ-ဆိုအပ်ကုန်၏"ဟု အနက်ပေး၏၊ ဤ၌ကား "ပုဗ္ဗကိစ္စန္တိ"ဟူသော အာကာရကိုင်၍ ပါဠိ၌ရှိအတိုင်း ဝုစ္စတိကို အနက်ပေးသည်။

http://www.dhammadownload.com

၃။ ပတ္တကလ္လအင်္ဂါ ၄ ပါး

ဥပေါသထော-ဥပုသ်နေ့သည်၊ (ဟောတိ-ဖြစ်အုံ့၊) ယာဝတိကာ-အကြင်မျှ အတိုင်းအရှည် ရှိကုန်သော၊ ဘိက္ခု-ပကတတ်ရဟန်းတို့သည်၊ ကမ္မပတ္တာ-ကံအား လျောက်ပတ်ကုန်၏၊ (တာဝတိကာ- ထိုမျှ အတိုင်းအရှည် ရှိကုန်သော၊ ဘိက္ခုစ- ပကတတ် ရဟန်းတို့သည်လည်း၊ ဟတ္ထပါသ- ဟတ္ထပါသ်ကို၊ အဝိဇဟိတွာ-မစွန့်မူ၍၊ ဧကသီမာယ-တစ်သိမ်တည်း၌၊ ဌိတာ-တည်နေကုန်အုံ့၊) သဘာဂါပတ္တိယောစ- သဘာဂ အာပတ်တို့သည်လည်း၊ နဝိဇ္ဇန္တိ-မရှိကုန်အုံ့၊ ဝဇ္ဇနီယာ-ဟတ္ထပါသ်မှ ကြဉ်ဖယ်အပ်ကုန်သော၊ ပုဂ္ဂလာစ-လူအစရှိသော နှစ်ကျိပ်တစ်ယောက်သော ပုဂ္ဂိုလ်တို့သည်လည်း၊ တသ္မိं-ထိုသံဃာ၏ ဟတ္ထပါသ်၌၊ နဟောန္တိ-မရှိကုန်အုံ့၊ ပတ္တကလ္လန္တိ-ပတ္တကလ္ဟူ၍၊ ဝါ-လျောက်ပတ်သောအခါ ရှိသောကဲ့ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

* * * * *

၃။ ပတ္တကလ္လအင်္ဂါ ၄ ပါး။ ။ "ဥပေါသထော၊ပေ၊ဝုစ္စတိ" ဂါထာကား ပတ္တကလ္လအင်္ဂါ ၄ ပါးကိုပြသော ဂါထာတည်း၊ ဥပုသ်ပြုဖို့ရန် သင့်လျော်သော အချိန်အခါရှိသော ကဲ (ဥပုသ်ပြုရန် အချိန်တန်သောကဲ)ကို "ပတ္တကလ္ဟု ခေါ်၏၊ ပတ္တကလ္လအင်္ဂါ ၄ ပါးကို ဂါထာကြည့်၍.....

၁။ စာတုဒ္ဒသီ-ပန္နရသီ-သာမဂ္ဂီဟု ဥပုသ်နေ့ ၃မျိုးတွင် တစ်နေ့နေ့ ဖြစ်ခြင်း။

၂။ ပကတတ် ရဟန်း ၄ ပါးဖြစ်စေ, ထို့ထက်အလွန်ဖြစ်စေ တစ်သိမ်တည်း၌ ဟတ္ထပါသ်စပ်လျက် တည်ရှိခြင်း။

၃။ သဘာဂအာပတ် မရှိခြင်း။

၄။ လူအစရှိသော ၂ကျိပ်တစ်ယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်များ သံဃာ၏ ဟတ္ထပါသ်အတွင်း၌မရှိခြင်း....ဟု ရေတွက်ပါ။

ဥပေါသထော – ဥပုသ်နေ့ဖြစ်မှလည်း ဥပုသ်ပြုကောင်း၏၊ ထို့ကြောင့် ဥပုသ်နေ့ဖြစ်ခြင်းကို ပတ္တကလ္လအင်္ဂါ ၁ပါးဟုဆိုသည်၊ ထိုဥပုသ်နေ့ကား တန်ခူးလကွယ်နေ့ကဲ့သို့ ၁၄ရက်မြောက်နေ့ဟူသော စာတုဒ္ဒသီဥပုသ်နေ့, တန်ခူးလပြည့် စသည်တို့ကဲ့သို့ ၁၅ရက်မြောက်နေ့ဟူသော ပန္နရသီဥပုသ်နေ့,

http://www.dhammadownload.com

ကျောင်းတိုက်တစ်ခုဝယ် အကြီးအကျယ် သံဃာကွဲပြားနေသဖြင့် ဥပုသ်ပြုခွင့်မရဘဲ နေခဲ့ရပြီးနောက် သံဃာချင်း ညီညွတ်ကြသည့်အခါဟူသော သာမဂ္ဂီဥပုသ်နေ့ဟု ခုမျိုးရှိသည်၊ [တစ်နှစ်လျှင် စာတုဒ္ဒသီဥပုသ်နေ့ပေါင်း ၆နေ့, ပန္နရသီဥပုသ်နေ့ပေါင်း ၁၈နေ့ရှိ၏, တွက်ကြည့်ပါ၊ သံဃာညီညွတ်ရာနေ့သည် ရိုးရိုးဥပုသ်နေ့မဟုတ်ဘဲ လဆန်း ၁ရက် ၂ရက်စသည် ဖြစ်စေကာမူ ထိုနေ့သည်ပင် ဥပုသ်ပြုကောင်းသော သာမဂ္ဂီဥပုသ်နေ့ ဖြစ်တော့၏၊ သံဃ-ဂဏ-ပုဂ္ဂလ ဥပုသ်ပြုပုံများကို ဤကျမ်းအဆုံး နောက်ဆက်တွဲ၌ ပြထားသည်။]

ယာဝတိကာစ ဘိက္ခူကမ္မပတ္တာ - သံဃဥပုသ်ကံ၌ အနည်းဆုံး ရဟန်း ၄ပါးရှိမှ ထိုကံအား လျှောက်ပတ်သည်, ထိုကံနှင့်သင့်တော်သည်-ဟူလို၊ ထိုရဟန်းများလည်း အချင်းချင်းဟတ္ထပါသ်စပ်လျက် နီးကပ်စွာတည်သော ပကတတ် ရဟန်းများချည်း ဖြစ်စေရသည်၊ ထိုကဲ့သို့ နီးနီးကပ်ကပ်နေမှလည်း ဆိုင်ရာကံကို သဘောတူပြုရာရောက်၏၊ ၂တောင့်ထွာထက် ဝေးကွာနေလျှင် ဆိုင်ရာကံကိုမထောက်ခံလိုဘဲ ကန့်ကွက်ရာရောက်သည်၊ ထို့ကြောင့် ဟတ္ထပါသ်အတွင်း၌ အချင်းချင်း နီးကပ်စွာနေရခြင်းသည် သံဃာကံအားလုံး၏ ထုံးစံပင်တည်း။ ["ယာဝတာ ဧတေသံတိ ယာဝတိကာ"ဧတေသံ-ဤရဟန်းတို့၏၊ ယာဝတာ-အကြင်မျှလောက် အတိုင်းအရှည်သည်၊ အတ္ထိ-ရှိ၏,ဟုပေး၊ မောဂ္ဂလ္လာန်ကာဒီ, ၄၂ နိဿယ၌ တစ်မျိုးစီရင်၏။] "ဟတ္ထသ-လက်၏၊ ပါသော-အနီးအရပ်သည်၊ ဟတ္ထပါသော-ဟတ္ထပါသ်မည်၏" ဟု ပါစိတ်ယောဇနာ ဝိဂြိဟ်ပြုသည်။

ပကတတ်။ ။ [ပကတ=ပင်ကိုအတိုင်း+အတ္ထ=သဘောရှိသူ။] ပါရာဇိကကျ၍ သီလပျက်သူလည်းမဟုတ်ရ (အရိုးသီကွာပုဒ်၌ လာလတ္တံ့. အတိုင်း) မိန်းမအယူကိုယူမိ၍ နှင်ထုတ်ခံရသူ, အာပတ်သင့်လျက် ထိုအာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ခံရသူ, ထိုအာပတ်ကို မကုခြင်းကြောင့် နှင်ထုတ်ခံရသူ, ဤဥက္ခိတ္တက (နှင်ထုတ်ခံရသူ) ခုမျိုးလည်း မဟုတ်ရ, ပင်ကိုသဘောရှိသူ (အခြေအနေမပျက် သီလရှိသူ)ကို "ပကတတ္တ-ပကတတ် ရဟန်း"ဟုခေါ်သည်၊ အတိုချုပ်မှာ-ပါရာဇိကကျသူနှင့် ဥက္ခိတ္တက ခုမျိုးမှ တစ်ပါးသော ရဟန်းများကို ပကတတ်ရဟန်းဟုမှတ်။ [ယာဝတိကာစ ဘိက္ခူကမ္မပတ္တာ၌ ဘိက္ခူအရ "ပကတတ်ရဟန်း"ဟု တိုက်ရိုက်မပြသော်လည်း ဝစ္ဆနိယ ၂ဝတွင် ပါရာဇိက ဥက္ခိတ္တကတို့ကို ကြဉ်ဖယ်လတ္တံ့. ဖြစ်သောကြောင့် ဘိက္ခူအရ ပကတတ်ရဟန်းသာဖြစ်သင့်သည်ဟု ကောက်ချက်ချရသည်။]

http://www.dhammadownload.com

နိယမ, အနိယမ။ ။ "ယ,တ"နှစ်မျိုးရှိရာ၌ ယသဒ္ဒါ၏ အနက်သည် အနိယမအနက် (မမှတ်သားအပ်သောအနက်)တည်း၊ တသဒ္ဒါ၏ အနက်ကား နိယမအနက် (သတ်မှတ်အပ်သောအနက်)တည်း၊ ဥပမာ- "ယောအာဂစ္ဆတိ, တံဂဏ္ဍ=အကြင်သူ+လာ၏, ထိုသူ.ကို+ဖမ်းခဲ့"ဟူရာ၌ "အကြင်သူ"ဟူရာဝယ် "မည်သူမည်ဝါ"ဟု မသတ်မှတ်ရသေး၊ "ထိုသူ" ဟူရာ၌ကား "လာတဲ့သူ"ဟု သတ်မှတ်ပြီး ဖြစ်နေလေသည်၊ ဤသို့ အနိယမဝါစက ယသဒ္ဒါရှိရာဝယ် နိယမဝါစက တ-ဣမသဒ္ဒါတို့လည်း ရှိမြဲ-မရှိလျှင်လည်း ထည့်မြဲဖြစ်သောကြောင့် "ယာဝတိကာစ ဘိက္ခူ။ ကမ္မ ပဗ္ဗာ"နှင့် ရှေ့နောက်လိုက်အောင် "တာဝတိကာ ဘိက္ခူ။ ကေသီမာယ" စသည်ဖြင့် ရှေးဆရာတို့ ထည့်ကြသည်၊ "ယောပနဘိက္ခု"စသည်လာရာ ဝယ် "အယမ္ပိ=တဿ"စသည်ဖြင့် ထည့်ရာ၌လည်း ဤနည်းပင်။

အဋ္ဌကထာ။ ။ ["ယတ္ထယတ္ထဟိ ယသ္မာတိ အဝတ္တာ တသ္မာတိ ဝုစ္စတိ, တတ္ထတတ္ထ ယသ္မာတိအာနေတ္တာ ယောဧတေဒ္ဓ၊ အယံ သာသနယုတ္တိ၊ ဧသနယော သဗ္ဗတ္ထ"- မူလပရိယာယသုတ်။]

[ဆောင်] ၁။ ရှေ့အနိယ, ရှိတဲ့က, နိယနောက်နေစေ။
၂။ အကယ်တိတီ, မရှိဘိ, ထည့်ရမည်ပုံသေ။

သဘာဝအာပတ် မရှိခြင်း။ ။ အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုချင်း သဘောတူသော အာပတ်ကို (ဤနေရာ၌) "သဘာဝ အာပတ်" ဟုခေါ်၏၊ ဥပမာ-ညစာ ထမင်းစားခြင်းကြောင့် တစ်တိုက်လုံး ဝိကာလ ဘောဇနပါစိတ် အာပတ်သင့်ကြလျှင် ထိုအာပတ်များသည် အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထုက ညစာစားမှုချင်း တူမျှသောကြောင့် "သဘာဝ အာပတ်" မည်၏၊ ထိုကဲ့သို့ သဘာဝအာပတ်ရှိနေလျှင် အချင်းချင်း ဒေသနာ မပြောကောင်း၊ ဒေသနာမပြောဘဲ အာပတ်တန်းလန်းနှင့်လည်း ဥပုသ်မပြုကောင်းချေ၊ ထိုသို့ မပြုကောင်းလျှင် ဥပုသ်ကဲ့ မပြစ်နိုင်သောကြောင့် သဘာဝအာပတ် မရှိခြင်းကို ပတ္တကလ္လအဂါတစ်ပါးဟု ဆိုရသည်၊ ဒေသနာ မပြောကောင်းဘဲ မတတ်သာ၍ ပြောကြလျှင် ပြောသည့်အတွက် ဒုက္ကဋ်အာပတ် ထပ်၍သင့်၏၊ ဒေသနာခံသူမှာလည်း ခံယူသည့်အတွက် ဒုက္ကဋ်အာပတ် ထပ်၍သင့်၏။

အမှာ။ ။ ထိုအာပတ်များ ဖြေပုံကို ဤကျမ်း၏ နောက်ဆက်တွဲမှာ ပြထားသည်။

http://www.dhammadownload.com

ဝဗ္ဗနိယာ၊ ထေ၊ နု ဟောန္တိ – ဥပုသ်ပြုရာ၌ သံယာ၏ ဟတ္ထပါသ်အတွင်း ဝယ် လူအစရှိသော ၂၁ မျိုးသော ပုဂ္ဂိုလ်များရှိမှန်းသိလျက် ကံပြုလျှင် ကံမပျက်သော်လည်း အာပတ်သင့်၏၊ ဥက္ခိတ္တက ဒုယောဂ်ရှိလျက် ကံပြုလျှင် ပါစိတ်, ကျန်ပုဂ္ဂိုလ်များရှိလျက် ကံပြုလျှင် ဒုက္ကဋ်၊ ထို့ကြောင့် ထိုလူစသည် တို့၏ မရှိခြင်းကိုလည်း ပတ္တကလ္လအင်္ဂါတစ်ပါးဟုဆိုရသည်၊ ထိုစကား သင့်၏– ကိစ္စတစ်ခုကို ပြုလုပ်ရာ၌ သက်ဆိုင်သူတို့ချည်းသာ ပါဝင်သင့်၏၊ မဆိုင် သူတို့ ပါဝင်နေလျှင် ကိစ္စကိုပင် အနောင့်အယှက် ပြုတတ်သေး၏၊ ထို့ကြောင့် သံယာကိစ္စဖြစ်သော ဥပုသ်ကံကို ပြုရာဌာန၌ မဆိုင်သူတို့ကို ကြဉ်ဖယ်ထားမှသာ ပတ္တကလ္လဖြစ်မည်။

ဝဗ္ဗနိယ ၂၁။ ။ [ဝဗ္ဗနိယ- သံယာ၏ ဟတ္ထပါသ်မှ ကြဉ်ဖယ်အပ် သူများ။] ထိုဝဗ္ဗနိယ ပုဂ္ဂိုလ်သည် "လူ, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ, သိက္ခာချသူ, ပါရာဇိကကျသူ, ဥက္ခိတ္တက ပုဂ္ဂိုလ် ၃မျိုး, ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, အာနန္တရိယကံထိုက်သူ ၅မျိုး, ဘိက္ခုနီဒူသက, ဥဘတောဗျည်း"အားဖြင့် ၂ကျိပ် တစ်ယောက်ရှိ၏။

[ဆောင်] ၁။ လူ-နီ-သိက်-သာ, သာ-သိက္ခာ, ပါရာ-ဥက္ခိတ်တည်း။
၂။ ပဏ်-ထေ-ပက်-ဆာန်, ပဠာနန်-ဒူသ်-ဥဘောဗျည်း။
၃။ ဟတ္ထပါသ်မှ, ကြဉ်ဖယ်ရ, ကေဝိသတည်း။
၄။ မစ္ဆန်-မရ, မကုတုံ့ခြား, သရုပ်ကြား, ဒုပါး ဥက္ခိတ် တည်း။

ချဲ့ဦးဆုံ – လူမှစ၍ သာမဏေတိုင်အောင် ထင်ရှားပြီ၊ "သိက္ခာချသူ" ဟူသည် ပါရာဇိက မကျဘဲ သက်သက်သိက္ခာချသူတည်း၊ သိက္ခာချပုံမှာ နောက်၌ထင်ရှားလတ္တံ့၊ ပါရာဇိကကျသူကား တစ်ခုတစ်ခု ပါရာဇိကမှုကို ပြုကျင့်သူတည်း။ ["ဥက္ခိတ္တက"၌ "နှင်ထုတ်"ဟူသည် သံယာ့ကံတွင် မပါဝင်ရအောင် ဥတ်ကမ္မဝါစာပြင့် ကံပြုထားခြင်းတည်း၊ ထို့ကြောင့် ဤ ဥက္ခိတ္တကတို့ သံယာ့ကံတွင် မပါဝင်ထိုက်သော ဝဗ္ဗနိယပုဂ္ဂိုလ်များ ဖြစ်ကြ ရလေသည်၊ ဥက္ခိတ္တက ဒုယောဂ်ကို ရှေ့၌ပြခဲ့ပြီ– (မစ္ဆန်)မိစ္ဆာအယူကိုမစွန့် သူ၊ (မရ)အာပတ်သင့်လျက် ထိုအာပတ်ကို အာပတ်ဟုမရှုသူ၊ (မကု)အာပတ် ဟုရှုသော်လည်း ဒေသနာပြောခြင်း ပရိဝါသ်နေခြင်းတို့ဖြင့် မကုစားသူတည်း။]

http://www.dhammadownload.com

ပဏ္ဍုက်။ ။ အာသိတ္တက-ဥသူယ-သြပက္ကမိက-ပက္ခ-နပုန်းဟု ပဏ္ဍုက် ၅မျိုးရှိ၏၊ (ထိုပဏ္ဍုက်များ၏ ဖြစ်ပုံကို ထိုထိုကျမ်းဂန်တို့၌ လည်းကောင်း- သင်ကြိုဟ်ဘာသာ၌ကာ ဝိထိမုတ်ပိုင်း ပဋိသန္ဓိစတုက္ကဌ်လည်း ကောင်း ရှုပါ။) ပဏ္ဍုက် ၅မျိုးတွင် အာသိတ္တကနှင့် ဥသူယပဏ္ဍုက်တို့မှာ ရဟန်းပင် ပြုကောင်းသေးရကား ထို ၂မျိုးကို ဘုန္ဒနိယ အဖြစ်၌မယူအပ်၊ ပက္ခပဏ္ဍုက်လည်း ကိလေသာ မပူလောင်သော ပက္ခ၌ ရဟန်းပြုကောင်း၏၊ ကျန် ၂မျိုးကား ရဟန်းမပြုကောင်း၊ ဤရဟန်းမပြုကောင်းသော ၂မျိုးသည် အမြဲဝိဒ္ဓနိယတည်း၊ ရဟန်းပြုကောင်းသော ၃မျိုးမှာ ရဟန်းပြုနေခိုက် ဝဒ္ဓနိယမဟုတ်၊ ရဟန်းမပြုလျှင်ကား သာမန်လူမျိုးတွင် ပါဝင်လေပြီ။

ထေယျသံဝါသက။ ။ ခိုးသောအားဖြင့် ပေါင်းသင်းနေထိုင်သူကို ထေယျသံဝါသကဟုခေါ်၏။ [ထေယျ-ခိုးသူ၏ အဖြစ်ဖြင့်၊ သံဝါသက-ပေါင်းသင်းနေထိုင်သူ၊] ထို ထေယျသံဝါသကသည် လိုက်ထေနက-သံဝါသ ထေနက-ဥဘယထေနကအားဖြင့် ၃မျိုးပြား၏၊ ထိုတွင် ရဟန်းအသွင်ကိုသာ ခိုးသူသည် လိုက်ထေနကမည်၏။ [လိုက်-အသွင်ကို၊ ထေနက-ခိုးသူ၊] အသွင်ကို မခိုးဘဲ ရဟန်းဝါကို ရေတွက်ခြင်း ရဟန်းတို့နှင့် ပေါင်းသင်း ဆက်ဆံခြင်းကိုသာ ခိုးသူသည် သံဝါသထေနကမည်၏၊ ၂ မျိုးလုံးကို ခိုးယူသူသည် ဥဘယထေနက မည်၏၊ ချဉ်ဦးဆုံ....

လိုက်ထေနက။ ။ ဆရာဥပဇ္ဈာယ်မရှိဘဲ မိမိဘာသာ သက်နှံ့ဝတ်လာသူသည် ရဟန်းအသွင်ကို ခိုးယူရာ ရောက်သောကြောင့် လိုက်ထေနကမည်၏၊ ထိုလိုက်ထေနကပုဂ္ဂိုလ်သည် သိက္ခာမည်မျှရှိပြီဟု ရဟန်းဝါကိုလည်း မရေတွက်- ရဟန်းသာမဏေတို့၏ ရှိခိုးခြင်းကိုလည်း မသာယာ- ကဲကြီးကဲငယ်ပြုရာ၌လည်း မပါဝင်လျှင် သံဝါသထေနကမဟုတ်။ [မင်းဘေးခိုးသူ ဘေးစသော အန္တရာယ်ကြောင့် မိမိဘာသာသက်နှံ့ဝတ်၍ ရဟန်းယောင်ဆောင်လာသော်လည်း ရဟန်းဝါ ရေတွက်ခြင်းစသော သံဝါသအမှုကို မပြုလျှင် လိုက်ထေနကပင် မဟုတ်။]

သာမဏေများ သတိထားကွယ်။ ။ သာမဏေစစ်စစ် ဖြစ်ပြီးသူသည် ပြန်ဝတ်ဦးမည်ဟု သက်နှံ့၌ ငဲ့ကွက်ခြင်းမရှိဘဲ သက်နှံ့ကို ချွတ်ပယ်ကာ အခြားအဝတ်ကိုဝတ်၍ဖြစ်စေ- မဝတ်ဘဲဖြစ်စေ, မေထုန်မှီဝဲပြီးနောက် သက်နှံ့ကို မိမိဘာသာပြန်၍ဝတ်အုံ့, ထိုသူမှာလိုက်ထေနကဖြစ်၏၊ ထို့ပြင်- လူထွက်လို၍ သက်နှံ့ကို ခါးတောင်းကျိုက်ကာ, သို့မဟုတ် အခြားသော

http://www.dhammadownload.com

လူဝတ်နည်းတစ်မျိုးမျိုးကို ဝတ်ကာ "ငါ၏ လူ့အသွင်သည် တင့်တယ်လေ သလား-မတင့်တယ်လေသလား"ဟု စုံစမ်းရုံတွင် စုံစမ်းအံ့, လိုက်ထေနက မဖြစ်သေး၊ စုံစမ်းရုံတွင်မကဘဲ "ငါ၏ လူ့အသွင်သည် တင့်တယ်၏"ဟု သဘောကျကာ လူ့အဖြစ်ကို လက်ခံကျေနပ်ပြီးမှ တစ်ဖန်ပြန်၍ သာမဏေ ဝတ်နည်းအတိုင်းဝတ်လျှင် လိုက်ထေနကဖြစ်၏၊ သက်နှံ့မှတစ်ပါး အခြား အဝတ်ကိုဝတ်၍ စုံစမ်းရာ၌လည်း စုံစမ်းရုံတွင်စုံစမ်း၍ သက်နှံ့ပြန်ဝတ်လျှင် သက်နှံ့၌ ငုံကွက်ခြင်း ရှိသေးသောကြောင့် လိုက်ထေနက မဖြစ်သေး, စုံစမ်းရုံတွင်မကဘဲ "တင့်တယ်၏"ဟု သဘောကျပြီး လက်ခံပြီးမှ သက်နှံ့ ပြန်ဝတ်လျှင် လိုက်ထေနကဖြစ်၏၊ ဤသို့လျှင် သာမဏေတို့၌ လိုက်ထေနက ဖြစ်ဖွယ် အပြစ်များကို နားလည်သင့်ပေသည်၊ ပါရာဇိကကျပြီး ရဟန်းသည် သာမဏေအဖြစ်၌ နေခွင့်ရသေး၏၊ လိုက်ထေနက ဖြစ်ပြီးသူကား သာမဏေ အဖြစ်၌မှု နေခွင့်မရတော့ချေ။

သံဝါသထေနက။ ။ ဆရာဥပဇ္ဈာယ်တို့က သက်နှံ့ဝတ်ပေးသဖြင့် သာမဏေဖြစ်ပြီးသူသည် အရပ်တစ်ပါးသို့ သွားပြီးနောက် သူ့ကိုယ်သူရဟန်း ဟု ဝန်ခံကာ ရဟန်းဝါကိုလိမ်၍ပြောခြင်း၊ ထိုပြောထားသော ဝါအောက် ငယ်သော ရဟန်းများနှင့် သာမဏေများ၏ ရှိခိုးမှုကို သာယာခြင်း- ဥပုသ်ကဲ့ စသည်တို့၌ ပါဝင်ခြင်းစသော ရဟန်းတို့၏ အမှုအရာကိုပြုအံ့, ထို သာမဏေသည် သံဝါသကို ခိုးသောကြောင့် သံဝါသထေနကမည်၏။ [ရဟန်းဝါကို ရေတွက်ခြင်းစသော အပြုအမှုများကိုပင် ဤနေရာ၌ သံဝါသ ဟုခေါ်သည်။]

ဥဘယ ထေနက။ ။ လူတစ်ယောက်ကား မိမိဘာသာ သက်နှံ့ဝတ် ပြီးလျှင် ရဟန်းဟု ဝန်ခံကာ ရဟန်းဝါ ရေတွက်ခြင်းစသော အမှုအရာကို လည်းပြု၏၊ ထိုသူကား အသွင်နှင့် သံဝါသ ၂မျိုးလုံးကို ခိုးရာရောက်သော ကြောင့် ဥဘယထေနကမည်၏။ [ဤထေယျသံဝါသကနှင့်စပ်၍ ယခုထက် ကျယ်ဝန်းသော မှတ်ဖွယ်များကို မဟာဝါ အဋ္ဌကထာ မဟာခန္ဓက ပုရာဏကုလပုတ္တ ဝတ္ထုဌ္ဌပါ။]

တိတ္ထိယ ပက္ကန္တက။ ။ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ပါလျက် တိတ္ထိတို့ အယူကို နှစ်သက်၍ တိတ္ထိဘောင် (တိတ္ထိအဖြစ်)သို့ ပြောင်းရွှေ့ကာ တိတ္ထိတို့ အဝတ်ကို ဝတ်နေသူ-အဝတ်မဝတ်ဘဲနေသူကို တိတ္ထိယပက္ကန္တကဟု ခေါ်၏၊ [ပက္ကန္တက-ပြောင်းရွှေ့သူ၊] ဤတိတ္ထိယပက္ကန္တကသည် ရဟန်းများ၌ သာ ဖြစ်နိုင်၏၊ ပြအပ်ခဲ့သော ထေယျသံဝါသကား လူနှင့်သာမဏေများ၌သာ

http://www.dhammadownload.com

ဝဏ္ဏာဥ် ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ– ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို၊ သမာ ပေတွာ– ပြီးစီးစေ၍၊ (သမာဒါပေတွာဂရိုလျှင် "ဆောက်တည် စေ၍"ဟုပေး၊) ဒေသိတာပတ္တိကသဒေသနာပြောအပ်ပြီးသော

* * * * *

ဖြစ်ခွင့်ရှိ၏၊ ထို့ကြောင့်ရဟန်းများသည် ရရှိသောဝါထက် ပိုရ်ပြောသော် လည်း မုသာဝါဒအပြစ်လောက်သာ၊ သို့သော် ဝါပိုပြော၍ ဝါကြီးသူတို့သာ ရထိုက်သော ပစ္စည်းကို ခံယူလျှင် ဘဏ္ဍာတန်ဖိုးလိုက်၍ ဒုတိယပါရာဇိက ထုံးစံအဟိုင်း စီရင်ရလိမ့်မည်။

တိရစ္ဆာန်။ ။ ဤ တိရစ္ဆာန်အရ ရဟန်းမခံဖို့ရန် ပယ်ရှားထားသော လူယောင်ဆောင်တတ်သော နဂါး ဂဠုန်နှင့် နတ်များကိုသာ ယူရမည်ဟု ကခ်ါဋ္ဌိကာဖွင့်၏၊ ထိုနဂါးစသည်ကိုလည်း လူယောင်ဆောင်နေခိုက်သာ ယူသင့်သည်၊ တန်ခိုးဣဒ္ဓိတ်ပါဒ်ဖြင့် အနိုးအပါးမှာ မမြင်သာအောင်နေခိုက်ကို မယူထိုက်၊ ဤစကားသင့်၏၊ –လူ,ဘိက္ခုနိစသော အခြားဝဋ္ဋနိယ ၂ကျိပ် သည် လူသားစင်စစ်တို့သာ ဖြစ်ကြသကဲ့သို့ ဤတိရစ္ဆာန်လည်း လူယောင် ,ဆောင်နိုင်သော လူယောင်ဆောင်ခိုက်လည်းဖြစ်သော နဂါးစသည်သာ ဖြစ်သင့်သည်၊ ခွေး နွား စသောတိရစ္ဆာန်တို့ကား ဟတ္ထပါသ်အတွင်း ရောက်နေသော်လည်း သံယာ့ဂဏ်ကို မနှောင့်ယှက်နိုင်သောကြောင့် ဝဋ္ဋနိယ အဖြစ်၌ မပါဝင်။

[ကမ်ါဋ္ဌိက] တိရစ္ဆာနဂတောတိ ဘေ္ဘ အန္ဓ မသော သက္ကဲ ဒေဝရာဇာနံ ဥပါဒါယ ယောကောစိ နာဂမာဏဝကာဒိကောအမနုဿ ဇာတိကော ဝေဒိတဗ္ဗော၊ နအသဿဝါဏာဒယော။

[ဘိက္ခုနိ၌ မေထုန်ကျူးလွန်သူကို ဘိက္ခုနီဒူသက (ဘိက္ခုနီဖျက်ဆီးသူ) ဟု ခေါ်ရ၏၊ အာနန္ဒ ရိယဂ်ထိုက်သူ ၅မျိုးနှင့် ဥဘတောဗျည်းအကြောင်းကို ထိုထိုကျမ်းဂန်များ၌လည်းကောင်း–ဝိထိမုတ်ပိုင်း သင်္ဂြိဟ်ဘာသာဋီကာ ကမ္မစတုက္ကနှင့် ပဋိသန္ဓိစတုက္ကဌ၌လည်းကောင်း ရှုပါ။]

ပဋိညာဉ်။ ။ "ပုဗ္ဗကရဏ၊ ပေ၊ အာရာဓနံ ကရောမ"ကား ပါတိ မောက် ပြမည့်ရဟန်း၏ ပါတိမောက်ပြဖို့ရန် ပဋိညာဉ် အချီစကားတည်း၊ "ပုဗ္ဗကရဏ ၄ပါး ပုဗ္ဗကိစ္စ ၅ပါးကို ပြီးစေပြီး၍ အာပတ်ရှိလျှင် ဒေသနာပြော ပြီးသော သမဂ္ဂသံယာ၏ ခွင့်ပြုချက်ဖြင့် ပါတိမောက်ပြကုန်တော့မည်"ဟူလို။

http://www.dhammadownload.com

အာပတ်ရိသော၊ သမဂ္ဂသ-ညီညွတ်သော၊ ဘိက္ခုသံဃသ-ရဟန်းအပေါင်း၏၊ အနုမတိယာ-ခွင့်ပြုချက်ဖြင့်၊ ပါတိမောက္ခံ-ပါတိမောက်ကို၊ ဥဒ္ဒိသိတုံ-ရွတ်ပြခြင်းငှာ၊ အာရာဓနံ-နှစ်သက်စေခြင်းကို၊ ကရောမ-ပြုပါကုန်တော့အုံ။

* * * * *

ပဉ်းစားပွယ်။ ။ ဤ "ပုဗ္ဗကရဏ၊ပေ၊ကရောမ" ဟူသော ပါဠိသည် ဝိနည်းပါဠိတော်အဋ္ဌကထာကြီးတို့၌ မပါ၊ ကခ်ါအဋ္ဌကထာလည်း မဖွင့်၊ ထို့ကြောင့် ဤပါဠိသည် အရှင်မဟာဗုဒ္ဓဃောသတို့ လက်ထက်ဟောက်ကရှိနေသော ပါဠိမဟုတ်၊ မူလသိက္ခာနှင့် ယခုလက်ထက် ပါတိမောက်များ၌သာ က

့ရသောကြောင့် နောက်ဆရာတို့ ထည့်အပ်သော ပါဠိဖြစ်ကြောင်း သိသာသည်၊ ထို့ကြောင့် ပါဠိ၌ ကစ်မှုနှင့်တစ်မှု မတူကြသည်မှာ အုံ့အားသင့်ဖွယ်မဟုတ်တော့ချေ၊ ["သမ္ဗဒ္ဓနိ ပဒီပေါစ"စသော ရှေ့ ၃ဂါ၊ ဟကား ပါဠိတော်၌လာသော စကားနှင့် အကျဉ်းချုပ်၍ အဋ္ဌကထာ၌ ပြုထားသော ဂါထာများဖြစ်သည်။]

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ - "သမာဒါပေတွာ"ဟုလည်းကောင်း အာကို ရဿပြု၍ "သမာဒပေတွာ"ဟုလည်းကောင်း တချို့စာရိုက်၏၊ "ကောင်းစွာပြီးစေ၍"ဟုလည်း အနက်ပေးကြသည်၊ သို့သော် "သံ+အာပုဗ္ဗ-ဒါဓာတ်, ဏာပေပစ္စည်း, တွာပစ္စည်း"ဖြစ်၍ ကိုအနက်မှာ ကိုပါ၌နှင့် မသင့်လျော်ချေ၊ ထိုပါ၌၏အနက်မှာ "ကောင်းစွာယူစေ၍=ဆောက်တည်စေ၍"ဟုသာ ထွက်သည်၊ ဤအနက်အလို ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို သီလဆောက်တည်သလို စိတ်ထဲ၌ ဆောက်တည်ထားရမည်ကဲ့သို့ ဖြစ်သောကြောင့် ထိုအနက်လည်း ဤနေရာနှင့်မသင့်သေးချေ၊ ထို့ကြောင့် သမာဒါပေတွာဟူသော ပါဠိအတွက် သင့်မြတ်ဖွယ်အနက်ကို ပညာရှိတို့ရှာကြပါကုန်။

သမာပေတွာ။ ။ ဆရာတို့ကား "သမာပေတွာ"ဟု ပို့ချတော်မူကြ၏၊ "ဣတိ(သမတ္တော)-ပြီးပြီ"ဟူရာ၌ "သံပုဗ္ဗ+အပဓာတ်"ဖြစ်သကဲ့သို့ ဤ၌လည်း "သံပုဗ္ဗ+အပဓာတ်, ဏေပစ္စည်း, တွာပစ္စည်း"ဟု ကြံတော်မူပြီးလျှင် "သမာပေတွာ-ပြီးစီးစေ၍"ဟု အနက်ပေးစေတော်မူကြသည်၊ [ဝိနယာလင်္ကာရ၌မူ "သမ္မာ+နိဋ္ဌာပေတွာ=ကောင်းစွာပြီးဆုံးစေ၍"ဟု ပါဠိတစ်မျိုးကို တွေ့ရ၏။]

http://www.dhammadownload.com

သမဂ္ဂဿ – သမံ ဂယှတေတိ သမဂ္ဂေါ၊ သမံ–အလုံးစုံ အကုန်အစင်၊ ဂယှတေ–ယူအပ်၏၊ ဣတိ–ထို့ကြောင့်၊ သမဂ္ဂေါ–မည်၏၊ ဤဝိဂြိဟ်အရ အလုံးစုံ အကုန်အစင်ယူအပ်သော (အကုန်အစင်ပါဝင်သော) သံဃာသည် သမဂ္ဂမည်၏၊ ဤသို့ အကုန်အစင် ပါဝင်ကြသော ဘိက္ခုကိုပင် ယခုအခါ၌ "ညီညွတ်သော သံဃာ"ဟု ခေါ်ကြသည်၊ [သမဂ္ဂ၌ "သမံသဒ္ဒ။ပပဒ+ဂဟ ဓာတ်"ဟု ထောမနီမိ သဏ္ဌာနအဘိဓာန်ကြဲသည်၊ ဘတ္တဂ္ဂ၌ ဘတ္တ+ဂတ, ကွိပစ္စည်းဖြင့် ပြီးသကဲ့သို့တည်း။]

သာမဂ္ဂီ ၂မျိုး။ ။ သမဂ္ဂဿဟူသော ပါဠိနှင့်စပ်၍ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီဟု သာမဂ္ဂီ ၂မျိုးကိုမှတ်အပ်၏၊ ထိုတွင် အချင်းချင်း ၂တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်ရှိခြင်းသည် ကာယသာမဂ္ဂီမည်၏၊ ပြုအပ်သော ကံကို မတားမြစ်ဘဲ စိတ်အားဖြင့် သဘောတူခြင်းသည် စိတ္တသာမဂ္ဂီမည်၏၊ ဆန္ဒပေးလိုက်သော ရဟန်းများ၏ ဆန္ဒလည်း သံဃာ့အထံသို့ ရောက်သည့်အခါ သာမဂ္ဂီဖြစ်ပြီ၊ [သမဂ္ဂဿ–အကုန်အစင်ပါဝင်သော သံဃာ၏၊ ဝါ–ညီညွတ်သော သံဃာ၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ အကုန်အစင်ပါခြင်းသည်၊ ဝါ–ဖြစ်ကြောင်းဖြစ်ရာ ညီညွတ်ခြင်းသည်၊ သာမဂ္ဂီ–မည်၏။]

အနုမတိယာ – ထောမနီမိ အဘိဓာန်၌ အနုမတိကို အနုညာဟုဖွင့်၏၊ ထို့ကြောင့် "အနုမတိယာ–ခွင့်ပြုချက်ဖြင့်"ဟု အနက်ဆိုသည်၊ "သံဃော ဘဝန္တု အာယသ္မန္တံ ပါတိမောက္ခုဒ္ဒေသံ အဝေ့ယ္ယသတိ"စသည်ဖြင့် သံဃာက ပါတိမောက်ပြဖို့ရန် တိုက်တွန်းခဲ့သောကြောင့် ထိုတိုက်တွန်းချက် ခွင့်ပြုချက်အရ ပါတိမောက်ပြကုန်အုံ–ဟုဆိုလိုသည်။ [ရှေးနိဿယများ၌ "အနုမတိယာ–အလိုအားဖြင့်"ဟုလည်းကောင်း "အလိုအားလျော်သဖြင့်" ဟုလည်းကောင်း အနက်ပေးကြ၏၊ ထိုအနက်ကို စဉ်းစားပါလေ။]

အာရာဓနံ ကရောမ – "နှစ်သက်စေခြင်းကိုပြုကုန်အုံ"ဟူသော စကားသည် ကျမ်းစာသဘောအားဖြင့် ယဉ်ကျေးအောင် သုံးစွဲသော စကားတည်း၊ သံဃာတော်အားလုံးက ပါတိမောက်ပြခြင်းကို လိုလားနေကြ၏၊ ထို့ကြောင့် ပါတိမောက်ပြခြင်းသည် ထို သိမ်တွင်းရှိ သံဃာအားလုံးကို နှစ်သက်စေရာ ရောက်၏၊ သို့ဖြစ်၍ "အာရာဓနံကရောမ–သံဃာတော်အားလုံး နှစ်သက်စေခြင်းကို ပြုကုန်အုံ"ဟူသော စကားကို အဖြောင့်ပြောရလျှင် "ပါတိမောက်ပြကုန်တော့အုံ၊ ပါတိမောက် ပြသောအားဖြင့် ဤသံဃာတော်ကို နှစ်သက်အောင် ပြုပါအုံ"ဟု ဆိုလိုရင်းပင်ဖြစ်သည်။

http://www.dhammadownload.com

မှတ်ချက်။ ။ အာရာဓနကိုထောမနီမိ၍ "သာဓန (ပြီးစေခြင်း) တောသ[illegible] (နှစ်သက်စေခြင်း)" စသည်ဖြင့်မှတ်၏၊ ထို့ကြောင့် "အာရာဓနံ-နှစ်သက်စေခြင်းကို"ဟု အနက်ပေးသည်၊ "အာရာဓနံ-အားထုတ်ခြင်းကို" ဟု ပေးသော ရှေးအနက်ကား "အာရဒ္ဓေါ-အားထုတ်အပ်၏" ဟုသည်ကို နည်းမှီဟန်တူသည်၊ သို့သော် အာရာဓနဒ္ဒ အာ ရှေးရှိသော ဥပဓာတ်, အာရဒ္ဓေါဒ္ဒ အာ ရှေးရှိသော ရဘာဓာတ်ဖြစ်၍ ဓာတ်ချင်းမတူရကား အနက်ခွဲ[illegible] [illegible]ခြင်[illegible] ထို့ကြောင့် ထို ရှေးနီသယနက်ကို (အဓိပ္ပာယ် ရသော်လည်း [illegible] [illegible]ည်းအရ) စဉ်းစားကြပါကုန်။

၁။ လေကျင့်ဓနိ မေးခွန်းများ

က။ "သမ္ဘဇ္ဇနိပဒိပေါစ"မှစ၍ "အာရာဓနံ ကရောမ"တိုင်အောင် စကားများသည် ဘာကိုပြသော စကားတို့ပါနည်း။

ခ။ မည်သည့်စကားရပ်မှစ၍ မည်သည့် စကားရပ်တိုင်အောင်ကို "ဥပသမ्पပြုခြင်း၏ ပရိကမ်"ဟုခေါ်သနည်း။

ဂ။ ဘာ့ကြောင့် "ပုဗ္ဗကရဏ"ဟုခေါ်သနည်း, ၎င်း ၄ပါးကို ရေတွက်ပြပါ။

ဃ။ ဘာ့ကြောင့် "ပုဗ္ဗကိစ္စ"ဟုခေါ်သနည်း, ၎င်း ၅ပါးကို ရေတွက်ပြပါ။

င။ ဆန္ဒပါရိသုဒ္ဓိ ၂မျိုးလုံးပေးကြရာ၌ ပါရိသုဒ္ဓိပေးခြင်းသည် ဘယ်အကျိုးကိုပြီးစေ၍, ဆန္ဒပေးခြင်းက ဘယ်အကျိုးကို ပြီးစေသနည်း။

စ။ ဆန္ဒပါရိသုဒ္ဓိပေးပုံ, ဆောင်လာသော ရဟန်း၏ လျှောက်ပုံကိုပြပါ။

ဆ။ ဥတုကွာန်အရ ဥတု ၃မျိုးကိုဖော်ပြ၍, ၎င်းဥတုကွာန်အရ ဥတုကိုချည်း လျှောက်ရမည်လော, သို့မဟုတ် မည်သည့်အရာကို ထည့်စွက်၍ လျှောက်ရဦးမည်နည်း။

ဇ။ ဩဝါဒေါအရ ဘိက္ခုနီတို့က ရဟန်းတစ်ပါးပါးထံလာ၍ လျှောက်ပုံကို ပြပြီးလျှင် ထိုရဟန်းက ထိုစကားကိုမည်သူ့အား တစ်ဆင့် လျှောက်ရမည်ကိုလည်းပြပါ။

ဈ။ ဘယ်ကဲကို "ပတ္တကလ္လ"ခေါ်သနည်း, ထိုအဂါ ၄ပါးကိုရေတွက်ပါ။

http://www.dhammadownload.com

၁။ ဥပုသ် ၃မျိုးကိုဖော်ပြ၍, တစ်နှစ်၌ စာတုဒ္ဒသီပေါင်း- ပန္နရသီပေါင်း မည်မျှစီ ရှိကြောင်းကိုလည်းပြပါ။

၄။ ဘာ့ကြောင့် "ပကတတ်"ဟုခေါ်သနည်း, ဤပကတတ်ရဟန်းတို့ကား အဘယ်ရဟန်းမျိုးပါနည်း။

၅။ ယာဝတိကာစ ဘိက္ခု-ဟူသော ပါဠိ၌ ပကတတ်ရဟန်းဟု မဆိုဘဲ အဘယ့်ကြောင့် ပကတတ်ရဟန်းကို ယူကြရသနည်း။

၃။ သံဃဥပုသ်၌ ပကတတ်ရဟန်း မည်မျှရှိမှ ကမ္မပွတ္တာဖြစ်သနည်း။

၆။ အဘယ် အာပတ်မျိုးကို သဘာဂ အာပတ်ဟု ခေါ်သနည်း, ထင်ရှားအောင်ပြပါ။

၈။ သဘာဂအာပတ် မရှိခြင်းကို အဘယ့်ကြောင့် ပတ္တာကလ္ပ အင်္ဂါတစ်ပါးဟု ဆိုရသနည်း။

၇။ အဘယ်ကို "ဝဒ္ဓနီယ"ဟု ခေါ်သနည်း, ဤ ၂၁ကို ရေတွက်၍ "တိရစ္ဆာန"အရ ယူရမည့် တိရစ္ဆာန်ကိုလည်း ပြပါ။

ထ။ သမဂ္ဂသနှင့်စပ်၍ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ ၂မျိုးကိုပြပါ။

မှာထားချက်။ ။ စာသင်သားတို့သည် ဆရာက ပြောသမျှ အဓိပ္ပာယ်တို့ကို နားမလည်ကြပါ၊ မေးခွန်းထုတ်လိုက်သော အခါကျမှ ပြေရမည့်အချက်ကို သဘောကျ၍ ကျမ်းရင်းအဓိပ္ပာယ်ကို နားလည်ကြပါသည်၊ ယခုအခါ ခေတ်အားလျော်စွာ ပြုပြင်သင်ပြလေ့ရှိသော တိုက်တာတို့၌ ပြောပြီး အဓိပ္ပာယ်ကို ပြန်၍မေးခြင်း- အားလပ်သော သီတင်းနေ့စသည်၌ အစမ်းမေးခွန်းထုတ်၍ ဖြေဆိုစေခြင်း စသည်ဖြင့် လေ့လာနေစေကြပါပြီ၊ ထိုနည်းသည် အမှန်အကျိုးရှိသောနည်းဖြစ်သည်၊ သို့ဖြစ်၍ ဤညွှန်ပြသည် ထက် ပိုမိုသော လေ့ကျင့်ခန်းများကိုလည်း ထုတ်ပြ၍ လေ့လာစေကြပါကုန်။

ဥပုသ်ပြုပရိကမ် ပြီးပြီ။

http://www.dhammadownload.com

ဥတ် ဘန္တေ–အရှင်ဘုရားတို့၊ သံဃာ–သံဃာတော်သည်၊ မေ–တပည့်တော်၏၊ (ဝစနံ–စကားကို၊) သုဏာတု–နားစိုက်တော်မူပါ၊ အဓ–ယနေ့၊ ပန္နရသော– တစ်ဆယ့်ငါးရက်မြောက်သော၊ ဥပေါသထော– ဥပုသ်နေ့ပါတည်း၊ သံဃသ–သံဃာတော်၏၊ (ကမ္မံ–ဥပုသ်ကံသည်၊) ပတ္တကလ္လံ–လျောက်ပတ်သောအခါရှိသည်၊ ယဒိ (သိယာ)–

* * * * *

နိဒါနဘခန်း။ ။ "သုဏာတု မေ ဘန္တေ သံဃော"စသည်တို့ကား ပါတိမောက် ပါဠိတော်တည်း၊ အချိန်ဒါန်း၌ ပြခဲ့သော အာဏာပါတိမောက် ဩဝါဒပါတိမောက် ၂ မျိုးတို့တွင် အာဏာပါတိမောက်တည်း၊ ထိုတွင် "သုဏာတုမေ"မှစ၍ "တတ္ထသဗ္ဗေဟေဝ၊ပေ၊သိက္ခိတဗ္ဗံ"တိုင်အောင် အခန်းများကို "ဘိက္ခုပါတိမောက်=ရဟန်းယောက်ျားများ၏ ပါတိမောက်"ဟု ခေါ်၏၊ ထိုအခန်းတို့တွင် "သုဏာတုမေ"မှစ၍ "ဥဒ္ဒိဋ္ဌံခေါ အာယသ္မန္တော၊ ပေ၊ ဘေမေတံ ဓာရယာမိတိ"တိုင်အောင် စကားရပ်ကား နိဒါနအခန်းတည်း။

ဥတ်။ ။ "သုဏာတုမေ၊ ပေ၊ ဥဒ္ဒိသေယ္ယ" ဟူသော ဂါထာကို "ဥတ်"ဟုခေါ်၏၊ ပါဠိလို "ဥတ္တိ" မြန်မာလို "ဥတ်"–အဓိပ္ပာယ်မှာ "သံဃာကို သိစေကြောင်းစကား"ဟုဆိုလိုသည်၊ [ဥတ္တိ၌ ဥာဓာတ်, ဏော ပစ္စည်း, တိပစ္စည်းတည်း၊ ကာရိတ်ဏောပစ္စည်းကြ၍ "ဥတ္တိ"ဟု ဖြစ်နေသည်၊] "သိစေ"ဟူသည်မှာလည်း ယခုပြုလုပ်မည့် ကိစ္စကိုလည်းကောင်း–ထိုကိစ္စ၏ အချိန်တန်ကြောင်းကိုလည်းကောင်း သံဃာအား ပြောပြခြင်းပင်တည်း၊ သိစေပုံထင်ရှားအောင် ထိုဥတ်ပါဠိကို အောက်ပါအတိုင်း မြန်မာပြန်ကြည့်ပါ။

"အရှင်ဘုရားတို့... သံဃာတော်သည် တပည့်တော်၏ စကားကို နားဆင်တော်မူပါ၊ ယနေ့ ပန္နရသီဥပုသ်နေ့ဖြစ်ပါသည်၊ သံဃာတော်၏ ဥပုသ်ကံသည် သင့်လျော်သောအခါ ရှိပါလျှင်, သံဃာတော်သည် ဥပုသ်ပြုချိန် တန်ပါပြီ, ပါတိမောက်ပြုချိန် တန်ပါပြီ။"

စာတုဒ္ဒသီသာမဗ္ဗဥတ်။ ။ စာတုဒ္ဒသီ–ပန္နရသီ–သာမဂ္ဂီအားဖြင့် ဥပုသ်နေ့ ၃မျိုးရှိကြောင်းပြခဲ့ပြီ၊ ပါတိမောက်၌ တိုက်ရိုက်လာသော ဥတ်သည် ပန္နရသီဥပုသ်နေ့အတွက် ဥတ်တည်း၊ စာတုဒ္ဒသီဥပုသ်နေ့ဖြစ်မှ "အဓ္ဓုပေါသထော ပန္နရသော"အစား "အဓ္ဓုပေါသထော စာတုဒ္ဒသော"ဟု

http://www.dhammadownload.com

ဆို၊ အကယ်၍ဖြစ်အုံ၊ (ဝေ၀သတိ–ဤသို့ ဖြစ်လသော်၊) သံယော–သံယောတော်သည်၊ ဥပေါသထံဥပုသ်ကို၊ ကရေယျ–ပြုရာပါ၏၊ ၀ါ–ပြုချိန်တန်ပါပြီ၊ ပါတိမောက္ခံ–ပါတိမောက်ကို၊ ဥဒ္ဒိသေယျ–ရွတ်ပြရာပါ၏၊ ၀ါ–ရွတ်ပြချိန်တန်ပါပြီ။

* * * * *

သာမဂ္ဂိဥပုသ်နေ့ဖြစ်မှ "အဇ္ဇုပေါသထော သာမဂ္ဂိ"ဟုဆို၊ ["အဇ္ဇ–ယနေ့၊ စာတုဒ္ဒသော – တစ်ဆယ့်လေးရက်မြောက်သော၊ ဥပေါသထော–ဥပုသ်နေ့ပါတည်း၊ သာမဂ္ဂိဥပေါသထော–သာမဂ္ဂိဥပုသ်နေ့ ပါတည်း" ဟုဆို။]

ဥတ်ပါဠိ အနက်ပေးပုံ။ ။ "ယဒိ သံဃသ"၌ သဒ္ဒစည်းမျဉ်းကို လည်းကောင်း ဝိမတိဝိုဏာ (ဥပသမ္မဒဥတ်) အဖွင့်ကိုလည်းကောင်း ကြည့်၍ "သံဃသ–၏၊ ကမ္မံ–သည်"ဟုအနက်ပေးလိုက်သည်။ ထို့ပြင်–"ကရေယျ ဥဒ္ဒိသေယျ"တို့၌ ယျဝိဘတ်များ၏ အနက်ကိုလည်း ဝိဓိ (စိမ်ခြင်း) အနက်ဟု ဝိမတိဖွင့်၏၊ မောဂ္ဂလ္လာန်၌ကား ဝိဓိသဘောသက်သော "ပတ္တကလ္လ"အနက်ဟုဆို၏၊ ထို့ကြောင့် "ကရေယျ–ပြုချိန်တန်ပါပြီ" ဟု စာစ်နည်းပေးလိုက်သည်။ [ပါတိမောက်၌လာသောဥတ်သည် သိတင်းငယ်၏ ဥတ်တည်း၊ ပါတိမောက် ပြသုက အကြီးဆုံးဖြစ်လျှင် "ဘန္တေ"အစား "အာဝုသော"ဟု လဲ၍ဆိုပါ။

ပါတိမောက်ပြမှုကို ဥပုသ်ပြုခေါ်ပုံ။ ။ "ဥပေါသထံကရေယျ"အရ "ဥပုသ်ပြုခြင်း"ဟူသည် ပါတိမောက်ကို ရွတ်ပြခြင်းပင်တည်း–ဟုသိစေတော်မူလိုသောကြောင့် "ပါတိမောက္ခံ ဥဒ္ဒိသေယျ"ဟု ထပ်၍ မိန့်တော်မူသည်၊ ဤ "ဥပေါသထံကရေယျ, ပါတိမောက္ခံ ဥဒ္ဒိသေယျ"တို့ကို ထောက်၍ ပါတိမောက်ပြမှုကိုပင် (သံဃဥပုသ်အရာ၌) ဥပုသ်ပြုခြင်းဟု သိသာပြီ၊ သို့ရာတွင် ပါတိမောက်ပြမှုကို အဘယ်ကြောင့် ဥပုသ်ပြုခေါ်သနည်းဟု မေးဖွယ်ရှိ၏။

အဖြေကား။ ။ ဥပေါသထ၌ "ဥပ+၀သထ"ဟု ပုဒ်ခွဲ၊ ဥပသဒ္ဒါသည် "ပြည့်စုံခြင်း" အနက်ရှိ၍, ၀သဓာတ်က "ကျင့်သုံးခြင်း"အနက်ရှိ၏၊ ထို့ကြောင့် "ဥပေတေဟိ–စင်ကြယ်သော သီလနှင့် ပြည့်စုံသော သီတင်းသုံးဖော်တို့သည်၊ ၀သီယတိ–ရွတ်ပြခြင်း ကြားနာခြင်းအားဖြင့် ကျင့်သုံးအပ်၏"ဟူသော ၀စနတ်အရ စင်ကြယ်သောသီလနှင့် ပြည့်စုံသော သီတင်းသုံးဖော်တို့ ရွတ်ဆိုခြင်း–ကြားနာခြင်းအားဖြင့် ကျင့်သုံးအပ်သောကြောင့်

http://www.dhammadownload.com

ပုဗ္ဗကိစ္စကို မေးခြင်း

သံယသ-သံယာတော်၏၊ ဝါ-သံယာတော်သည်၊ ပုဗ္ဗကိစ္စံ- ပုဗ္ဗကိစ္စ ၉ပါးကို၊ (ကတံ)ကိ-ပြုအပ်ပါပြီလော။

အာပတ်စင်ကြယ်အောင် တိုက်တွန်းခြင်း

အာယသ္မန္တော-အရှင်ကို၊ (ဘုရေ-အရှင်တို့)သည်၊ ပါရိသုဒ္ဓိ-အာပတ်မှ စင်ကြယ်သူ၏ အဖြစ်ကို၊ အာရောစေထ-ပြောဆိုကြပါကုန်၊ ပါတိမောက္ခံ-ပါတိမောက်ကို၊ ဥद्दिသိသာမိ-ရွတ်ဆိုပါတော့မည်၊ ဝါ- ပြုပါတော့မည်။

• • • • •

ပါတိမောက်ရွတ်ပြုမှုကိုပင် ဥပုသ်ပြု ဟုခေါ်ရသည်။ [အင်ကြယ်သော ကိလေသာနှင့် ပြည့်စုံ၍ ကျွန်ုပ်လည်း အာပတ်ရှိလျှင် ဒေသနာပြောပါမည်ဟု ထင်ပါး၏။]

[ဆောင်] ပြုနှင်သိလ,ပြုသင့်ရာကြသည့်, သမဂ္ဂအားလုံး, ပေါ်ရှင်ဘုန်းတို့, ကျေင့်သုံးအပ်ဘိ, ဗျူဟာပွတ်ကြောင့်, ပါတိမောက်စု, ရွတ်ပြမှုလျှင်, ဥပုသ်ပင်, မြတ်ရှင်မိန့်တော်မူ။

ပုဗ္ဗကိစ္စကို မေးခြင်း။ ။ "ကိ သံယသ ပုဗ္ဗကိစ္စံ"ကား ပုဗ္ဗကရဏ ၄ပါး ပုဗ္ဗကိစ္စ ၅ပါး "ပြုပြီးပါပြီလား"ဟု ပါတိမောက်ပြမည့် ရဟန်းက ဆိုင်ရာ ပုဂ္ဂိုလ်များကို မေးသောကောင်းတည်း။ ဤအမေးအရ ယခုကာလ၌ ပါတိမောက် အမေး-အပြေများ ဖြစ်ပေါ်လာရသည်၊ ယခုကာလကဲ့သို့ ကျယ်ဝန်းမှု မမေးဘဲ "ကိ သံယသ ပုဗ္ဗကိစ္စံ"ဟု မေးလိုက်သည်နှင့် တစ်ပြိုင်နက် ပါတိမောက်ပြေမည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ဆိုင်ရာတစ်ပါးပါးက ဖြစ်စေ "ပြီးပါပြီ"ဟု တိုတိုပြေလျှင်လည်း တာဝန်ကျေသည်သာ။

အာပတ်စင်ကြယ်ရန် တိုက်တွန်းခြင်း။ ။ "ပါရိသုဒ္ဓံ အာယသ္မန္တော အာရောစေထ"သည် "အာပတ်မှ စင်ကြယ်ကြောင်းကို ပြောကြပါ"ဟု ပါတိမောက်ပြမည့် ရဟန်း၏ တိုက်တွန်းသော စကားတည်း။ [မောက်ခ်ခ်လည်း နိဒါန်းအတွင်းစကားတို့ကို ပါတိမောက်ပြသော ရဟန်း၏ စကားချည်းဟု မှတ်ပါ။]

ဆက်ဦးအုံ - "ပါရိသုဒ္ဓိ" အရ "အာပတ်မှ စင်ကြယ်သူ၏ အဖြစ် (အာပတ်မှ စင်ကြယ်သူ၏ဖြစ်ကြောင်း)"ဟူသည် မိမိမှာ အာပတ်သင့်သည်

http://www.dhammadownload.com

ကို ဖုံးကွယ်၍ မထားဘဲ ထင်ရှားအောင် ပြောပြခြင်းပင်တည်း၊ ထို့ကြောင့် "ပါရိသုဒ္ဓိ အာရောစေထ"၏ ဆိုလိုရင်းမှာ အာပတ်သင့်နေလျှင် ထိုအာပတ်ကို (ယခုကာလ ထုံးစံအတိုင်း) ဒေသနာသော်လည်း ပြောကြပါ, ပါတိမောက်ပြနေခိုက်ဖြစ်၍ ဒေသနာ မပြောသာလျှင်လည်း အနီးအပါး ရဟန်းတို့အား "အာပတ်သင့်ကြောင်း"တိုးတိုးတိတ်တိတ် ပြောကြပါ-ဟု ဆိုလိုသည်။ [ဤ"ပါရိဒ္ဓံအာယသ္မန္တော အာရောစေထ"၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုပင် "ယဿသိယာအာပတ္တိ,သော အာဝိကရေယျ"ဟု ပြလိမ့်ဦးမည်၊ ဒေသနာပြောပြပုံကို ဤကျမ်း၏ နောက်ဆက်တွဲ၌ အဓိပ္ပာယ်နှင့်တကွ ပြထားသည်။]

ပါတိမောက္ခ ဥဒ္ဒိသိဿာမိ - [ဥပေါသထကွန်ရှင်၌ "ဥဒ္ဒိသိဿာမိကို "အစိကွိဿာမိ, ပကာသေဿာမိ"ဟု ဖွင့်ပြသောကြောင့် "ရွတ်ဆိုပါတော့မည်, ပြပါတော့မည်"ဟု အနက်ပေးသည်။] ဤစကားခွဲ "ပါတိမောက်ပြတော့မည်"ဟု ပဋိညာဉ်ပေးမှုက အရေးမကြီး"ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ"ဟု တိုက်တွန်းရခြင်း၏ အကြောင်းပြုဖြစ်သည်၊ ချဲဦးအံ့- ဥပုသ်ပြုရာ၌ ပါတိမောက်နာသော ရဟန်းသည် အာပတ်တန်းလန်းနှင့် နာလျှင် "နု ဘိက္ခဝေ သာပတ္တိကေန ပါတိမောက္ခံ သောတဗ္ဗံ, ယော သုဏောယျ, အာပတ္တိ ဒုက္ကဋသ (ဟူသော ပါတိမောက္ခထပနက္ခန္ဓက)နှင့်အညီဒုက္ကဋ်အာပတ်သင့်၏၊ သို့ဖြစ်၍ "ပါတိမောက္ခ ဥဒ္ဒိသိဿာမိ"သည် "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ"ဟုတိုက်တွန်းရခြင်း၏ အကြောင်းပြုဖြစ်သည်၊ "ပါတိမောက်ပြတော့မည် ဖြစ်သောကြောင့် မိမိ၏ အာပတ်မှ စင်ကြယ်သူဖြစ်ကြောင်းကို ပြောကြပါ"ဟူလို။

ဥဒ္ဒိသိဿာမိ ဆိုထိုက်ပုံ။ ။ ဥတ်ပါဠိ၌ "သံဃောပေါပါတိမောက္ခံ ဥဒ္ဒိသိသေယျ=သံဃာသည် ပါတိမောက်ရွတ်ပြရာ၏"ဟုဆိုခဲ့ပြီးနောက် ယခု "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ=တပည့်တော် ပါတိမောက် ရွတ်ပြပါမည်"ဟု ဆိုပြန်ရာ ရှေ့နောက် မဆက်မစပ်သည် မဟုတ်ပါလော...ဟု မေးဖွယ်ရှိ၏၊ အဖြေကား- သဒ္ဒါအနေအားဖြင့် ရှေ့နောက်မညီညွတ်သကဲ့သို့ ထင်ရသော်လည်း လက္ခဏာအားဖြင့် ရှေ့နောက် ညီညွတ်လျက်ရှိသည်။ [လက္ခဏာ ဟူသည် လိုရင်းအနက်-သဘာဝခေါ် အမှန်အနက်တည်း။]

ချဲဦးအံ့ - "သံဃသ သာမဂ္ဂိယာ ဂဏသ သာမဂ္ဂိယာ ပုဂ္ဂလသ ဥဒ္ဒေသာ သံဃသ ဥဒ္ဒိဋ္ဌောတိ ပါတိမောက္ခံ"ဟူသော ပါဠိနှင့် အညီ ၅ပါး၊ စသော သံဃာရိုရာ၌ ထိုသံဃာအများ၏ သာမဂ္ဂိဖြစ်ခြင်း, ၄ပါးသာ

http://www.dhammadownload.com

နားစိုက်စို့ရန် တိုက်တွန်းခြင်း

တံ-ထိ ပါတိမောက်ကို၊ သဗ္ဗေ၀-အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ သန္ဓာ-ဤဥပုသ်ကျောင်းဆောင်တွင် ထင်ရှားရှိကုန်သော၊ (မယံ-တပည့်တော်တို့သည်၊) သာ၀ကံ-ကောင်းမွန်စွာ၊ သုဏောမ- နားစိုက်ကြပါကုန်စို့၊ မနသိ-စိတ်၌၊ ကရောမ-ထားကြပါကုန်စို့၊ တစ်နည်း-မနသိကရောမ- နှလုံးသွင်းကြပါကုန်စို့။

* * * * *

ရှိရာ၌ ၃ပါးဂိုဏ်း၏ သာမဂ္ဂိဖြစ်ခြင်း ရဟန်းတစ်ပါးက ရွတ်ဆိုခြင်းကြောင့် သံဃာအားလုံးပင် ပါတိမောက်ကိုရွတ်ဆိုရာ (ပြရာ)ရောက်၏၊ "သာမဂ္ဂိဖြစ်" ဟူသည် တစ်ပါးပါးက ရွတ်ဆိုနေသည်ကို ကန့်ကွက်ခြင်းမရှိဘဲ ညီညွတ်စွာ နားထောင်နေကြခြင်းပင်တည်း၊ ဤသို့ ညီညွတ်စွာ နားထောင်နေကြလျှင် သံဃာအားလုံး သဘောတူရွတ်ရာရောက်သောကြောင့် "သံဃော ဥဒ္ဒိသေယျ" ဟူသော ဥတ်ပါဠိတော်စကားနှင့် "ဥဒ္ဒိသိဿာမိ"ဟူသော စကားသည် လိုရင်း အသားကျအားဖြင့်(အမှန်သဘော လက္ခဏာအားဖြင့်)ဆန့်ကျင်ခြင်း မရှိကြ- ရှေ့နောက် ဆက်စပ်လျက်ရှိကြပေသည်။ [သံဃသ-၏၊ ဣဏသ-ဂိုဏ်း၏၊ သာမဂ္ဂိယာ- ညီညွတ်ခြင်းကြောင့်၊ ပုဂ္ဂလသ-၏၊ ဥဒ္ဒေသာ-ရွတ်ပြခြင်းကြောင့်၊ သံဃသ- သံဃာသည်၊ ပါတိမောက္ခံ-သည်၊ ဥဒ္ဒိဒ္ဒं-ရွတ်အပ် (ပြအပ်)သည် မည်သည်၊ ဟောတိ-၏။]

[ဆောင်] ပါတိမောက္ခ, ဥဒ္ဒိသဒ္ဒ, ဧယျ-ဿာမိ, ရှေ့နောက်ရှိကာ,
သဒ္ဒါမနော, ကွဲဘိသောလည်း, သဘောကိုထောက်, လိုရင်း
ကောက်က, ရှေ့နောက်နစ်ရပ်, ကောင်းစွာထပ်, မစပ်မရှိပြီ။

နားစိုက်စို့ရန် တိုက်တွန်းခြင်း။ ။"တံသဗ္ဗေ၀ပေ၊မနသိကရောမ=နာကြကုန်စို့, နှလုံးသွင်းကြကုန်စို့"ဟု ဆိုသောကြောင့် ဤ "တံသဗ္ဗေ၀ပေ၊ မနသိကရောမ"ဝါကျသည် ပါတိမောက်နာကြဖို့ရန် တိုက်တွန်းသော စကားတည်း-ဟုမှတ်၊ ဤ၌ "သုဏောမ"ဟူသော အမှယောဂကြောင့် ကိုကြည့်၍ "မယံ"ဟုထည့်ရသည်၊ "သဗ္ဗေ၀-အလုံးစုံ"ဟူသည်မှာ "ထေရ-နေ၀-မစ္ဆိမဖြစ်သော ရဟန်းအားလုံး"တည်း၊ ဥပုသ်ကျောင်းဆောင်တွင် ထင်ရှားရှိကြသော ထေရ-နေ၀-မစ္ဆိမ အားလုံးသောတပည့်တော်တို့သည် ထို

http://www.dhammadownload.com

အာပတ်သင့်-မသင့်အလိုက် တိုက်တွန်းခြင်

ယသ-အကြင်ရဟန်း၏ (သန္တာန်၌) အာပတိ-အာပတ်သည်၊ သိယာ-ရှိရာ၏၊ သော - ထို ရဟန်းသည်၊ အာဝီ ကရေယျ -ထင်စွာပြုပါ လော၊ အာပတ္တိယာ-အာပတ်သည်၊အသန္တိယာ-

* * * * *

ပါတိမောက်ကို ဂရုစိုက်၍ နာယူကြပါစို့-ဟူလို။ [ဆယ်ဝါရသူမှစ၍ အထက်ပုဂ္ဂိုလ်များကို "ထေရ=ထေရ်" ဟုလည်းကောင်း, ရဟန်းဖြစ်သည်မှစ၍ ၅ဝါမရသေးခင် "နဝ-သီတင်းငယ်"ဟုလည်းကောင်း, ၈၊်ဝါရသည်မှစ၍ ဆယ်ဝါအတွင်း "မဇ္ဈိမ=သီတင်းလတ်"ဟုလည်းကောင်း, ဝါ၂ဝအထက်ကို "မဟာထေရ =မဟာထေရ်=မထေရ်"ဟုလည်းကောင်း ခေါ်၏၊ "သန္တာ-သူတော်ကောင်း ဖြစ်ကြကုန်သော"ဟုလည်း ပေးကြသေး၏၊ ထိုအနက်ကား "သဗ္ဗေသန္တာတိ- သဗ္ဗေ တုမှေ ဣမ ဝိဇ္ဇမာနာ" ဟူသော နာရဒဇာတ် အဋ္ဌကထာနှင့်မညီ။]

သာဓုကံ သုဏောမ, မနသိကရောမ။ ။ သုဏောမတွင် မဆိုဘဲ "သာဓုကံ-ကောင်းမွန်စွာ"ဟု ဆိုရာ၌ စွဲစွဲမြဲမြဲနာခြင်းကို "အကောင်း"ဟု ဆိုလိုသည်၊ စိတ်ကို ဟိုအာရုံရောက်-သည်အာရုံရောက် မဖြစ်စေဘဲ ပါတိမောက်ရွတ်သံ တစ်ခုတည်း၌သာ ထားခြင်း (နားစိုက်ထောင်ခြင်း)ကို "သာဓိကံ သုဏောမ"ဟုဆိုသည်၊ ကြားကာမတ္တမဟုတ်- ကြားပြီးနောက် လျှံထွက် မသွားစေဘဲ ထိုပါတိမောက် အာရုံကိုပင် စိတ်ထဲ၌ ကေဋ္ဌတာကျ၍ သမာဓိရလောက်အောင် ဆောင်ယူချထားခြင်းကို "မနသိ+ကရောမ"ဟု ဆိုသည်။

[ဆောင်] ၁။ ပါတိမောက္ခံ, ရွတ်ဆိုသံကို, မြဲမြဲစေ၎င်, နားစိုက်မှ, သာဓု သုဏောမ။
၂။ ကြားနာရုံမျှ, မက တိုးတက်, ကေဋ္ဌတာ ကျ, သမာဓိ ရအောင်, စိတ်၌ဆောင်ထည့်, ချထားဘိ, မနသိကရောမ။

အာပတ်သင့်-မသင့် အလိုက်တိုက်တွန်းခြင်း။ ။ "ယသ သိယာ အာပတ္တိ၊ပေ၊တုဏှီ ဘဝိတဗ္ဗံ" စကားလည်း အာပတ်သင့်-မသင့် အလိုက် တိုက်တွန်းသော စကားပင်တည်း၊ ထိုတွင် "ယသ သိယာ အာပတ္တိ,သော အာဝီကရေယျ"၏ အဓိပ္ပာယ်ကို "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ"

http://www.dhammadownload.com

မရှိလျှင်၊ တုဏှီ–ဆိတ်ဆိတ်၊ ဘဝိတဗ္ဗံ–ဖြစ်ပါလော၊ တုဏှီဘာဝေန–ဆိတ်ဆိတ်နေခြင်းကြောင့်လည်း၊ (အဝိ–သဒ္ဒါအကြေ၊ ခေါ၊ ပန–အနက်မရှိ၊) အာယသမ္ဘေ–အရှင်တို့ကို၊ ပရိသုဒ္ဓါတိ–အာပတ်မှစင်ကြယ်သူတို့ဟူ၍၊ ဝေဒိဿာမိ–သိနိုင်ပါလိမ့်မည်။

* * * * *

ဝါကျ၌ပြခဲ့ပြီ၊ ထိုဝါကျ၌ ပြခဲ့သော ဒေသနာပြောခြင်း–တိုးတိုးတိတ်တိတ်ပြောခြင်း ၂မျိုးလုံးပင် "မိမိမှာ သင့်နေသော အာပတ်ကို ဖုံးဝှက်မထားဘဲ ထင်ရှားပြရာ ရောက်သောကြောင့် ဤ၌ "အာဝိကရေယျ"ဟု ဆိုထားသည်၊ ဤအာဝိကရေယျ၌ ဧယျဝိဘတ်လည်း ပါတိမောက်ပြသော ရဟန်းအောက်ငယ်သူများကို စေခိုင်းခြင်း အာဏာတ္တိအနက်–ကြီးသူများကို တိုက်တွန်းခြင်း အစ္ဈိဋ္ဌအနက်ကိုဟောစ၏၊ ထို့ကြောင့် "အာဝိကရေယျ–ထင်စွာပြုပါလော"ဟု အနက်ပေးသည်။ [ကခ်ါဖွင့်ပုံကိုကြည့်။]

ယသ သီယာ အာပတ္တိ – ဤ၌ အာပတ်သင့်ခြင်း၏အကြောင်း ၆ပါးကို မှတ်သားသင့်၏၊ ၁–အရှက်မရှိခြင်းဟူသော အလဇ္ဇီတာ, ၂–မသိတတ်ခြင်းဟူသော အညာဏတာ, ၃–ကုက္ကုစ္စနှိပ်စက်ခြင်းဟူသော ကုက္ကုစ္စာပကတတာ, ၄–မအပ်သောအရာ၌ အပ်၏ဟုထင်မှတ်ခြင်းဟူသော အကပ္ပိယကပ္ပိယသညိတာ, ၅–အပ်သောအရာ၌ မအပ်ဟုထင်မှတ်ခြင်းဟူသော ကပ္ပိယအကပ္ပိယသညိတာ, ၆–သတိကင်းခြင်းဟူသော သတိသမ္မောသာတို့တည်း။

[ဆောင်] အလစ်–အညာ, ကုက္ကုစ္စာနှင့်, အကပ္ပါထည်, နောက်ကပ္ပိတည်း,
သတိမောသတ်, ဤခြောက်ရပ်, အာပတ်သင့်ကြောင်း တည်း။

ရှင်းပုံ – အာပတ်သင့်မည်ကို မရှက်မကြောက်ဘဲ သင့်ချင်သင့်ပေစေဟူသော သဘောထားဖြင့် သီလျက်ကျူးလွန်သူသည် အလဇ္ဇီတာကြောင့် အာပတ်သင့်၏၊ အာပတ်သင့်ကြောင်း အပြစ်မှန်းမသိ၍ ပြုသူသည် အညာဏတာကြောင့် အာပတ်သင့်၏၊ တစ်စုံတစ်ခုကို "အပ်လေသလား, မအပ်လေသလား"ဟု ယုံမှားသံသယ ဖြစ်နေခြင်းသည် ကုက္ကုစ္စာပကတကာမည်၏၊ ထိုသို့ သံသယဖြစ်နေလျှင် ဝိနည်းနားလည်သူကိုမေး၍ သံသယပျောက်မှ ထိုကိစ္စကို ပြုကောင်း၏၊ သံသယ မပျောက်သေးဘဲ ပြုလျှင် အပ်သည်ကို ပြုမိသော်လည်း ဒုက္ကဋ်အာပတ်သင့်သေး၏၊ မအပ်သည်ကို ပြုမိလျှင်ကား ဆိုင်ရာအာပတ် သင့်လိမ့်မည်။

http://www.dhammadownload.com

မအပ်သော ဝံသားကို ဝက်သားထင်မှတ်၍ စားလျှင် အကပ္ပိယ ကပ္ပိယသည်တာကြောင့် အာပတ်သင့်၏၊ အပ်သောဝက်သားကို ဝံသား ထင်လျက် စားပြန်လျှင်လည်း ကပ္ပိယ အကပ္ပိယသည်တာကြောင့် အာပတ်သင့်၏၊ [ဤစကားအရ မည်သည့် အသားဟင်းကိုမဆို စားမည့် ကြံလျှင် အပ်သောအသား ဟုတ်-မဟုတ်ကို သတိထား၍ စိတ်ထဲ၌ မဆုံးဖြတ်နိုင်လျှင် နားလည်လောက်သူကို မေးပြီးမှစားရမည်၊ ထိုကဲ့သို့ မဆင်ခြင် သတိမထားဘဲ စားလျှင် အာပတ်သင့်၏ဟုမှတ်ပါ။]

အညာဏတာ ဖြစ်လောက်အောင် (ထိုအမှု မပြုအပ်-ဟု)-မသိခြင်းလည်း မဟုတ်-အလဒ္ဓိတာဖြစ်လောက်အောင် တမင်ကျူးလွန်ခြင်းလည်း မဟုတ်ဘဲ အမှတ်တမဲ့ ပြုမိပြန်လျှင်လည်း သတိသမ္မောသကြောင့် အာပတ်သင့်တက်၏၊ ဥပမာ-တိစီဝရိုက် သက်နှံ့နှင့် အမှတ်တမဲ့ ညဉ့်ကင်းမီ၍ နိသဂ္ဂိယ ပါစိတ်အာပတ် သင့်ခြင်းစသည်တည်း၊ ဤသို့လျှင် အာပတ်သင့်ခြင်း၏အကြောင်း ၆ပါးရှိသည်။

အလဒ္ဓိလက္ခဏာ။ ။ အာပတ်သင့်ခြင်း၏ အကြောင်းတို့တွင် အလဒ္ဓိတာ ဟူသော အကြောင်းနှင့်စပ်၍ အလဒ္ဓိလက္ခဏာကို မှတ်သားထိုက်၏၊ အလဒ္ဓိလက္ခဏာကား ၁-မအပ်မှန်းသိလျက် အာပတ်သင့်အောင် ပြုခြင်း, ၂-မသိ၍ သင့်ပြီးသော အာပတ်ကို လျှို့ဝှက်ကာ ဒေသနာ မပြောဘဲနေခြင်း, ၃-ပစ္စည်းဝေဖန်မှု တရားဆုံးဖြတ်မှု စသည်၌ အဂတိ လိုက်စားခြင်း, ဤ ၃ပါးတည်း။

[ဝဇိုဝါ] သဠိစ္စ အာပတ္တိ အာပန္နတိ, အာပတ္တိ ပရိဂူဟတိ၊
အဂတိ ဂမနဉ္စ ဂစ္ဆတိ, ဧဒိသော ဝုစ္စတိ အလဒ္ဓိပုဂ္ဂလော။

အသား ၁၀မျိုး။ ။ အကပ္ပိယ ကပ္ပိယသည်တာနှင့်စပ်၍ မစားအပ်သော အသား ၁၀မျိုးကား လူသား- ခွေး- မြင်း- ဆင်- သစ်-ကျား- ခြေသုံ- ဝံ- အောင်း- မြွေသားတည်း၊ ဤသတ္တဝါ ၁၀မျိုး၏ အရိုးအရေ အသွေး အမွေးတို့ပါ ရဟန်းနှင့် သာမဏေတို့မအပ်၊ ဤအဓိပ္ပာယ်နှင့်စပ်၍ မှတ်ဖွယ်ကို ဝိနည်းမဟာဝါပါဠိတော် အဋ္ဌကထာ ဘာသစ္စခန္ဓကမှာ ရှု။

[ဆောင်] လူ-ခွေး-မြင်း-ဆင်, သစ်-ကျားလျှင်, ခြေသုံ-ဝံ-အောင်း မြွေ၊
ရိုး-ရေ-သား-သွေး, အမွေးတို့ပါ, မသုံးရာ, ဆယ်ဖြာအမျိုးပေ။

အာပတ် ၇ဖုံ။ ။ ပြခဲ့သော အကြောင်း၆ပါးတို့တွင် တစ်ပါးပါးကြောင့် သင့်ရောက်အပ်သော အာပတ်တို့ကား ပါရာဇိက သံဃာဒိသေသ် ထုလ္လစ္စဉ်း ပါစိတ် ပါတိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသိတအားဖြင့် ၇ဖုံ (၇မျိုး) ရှိကြ၏၊

http://www.dhammadownload.com

မမေးသော်လည်း ဖြေသင့်ပုံ

ပစ္စေက ပုဗ္ဗသ-တစ်ယောက်စီ မေးအပ်သူ၏၊ ဝေယျာကရဏ-ကေန် ဖြေဆိုရခြင်းသည်၊ (ဟောတိ) ယထာ-ဖြစ်သကဲ့သို့၊ ဝေမေ-ဤ အတူပင်၊ ဝေရူပါယ-ဤသို့သဘောရှိသော၊ ပရိသာယရဟန်းပရိသတ်၌၊ ယာဝတတိယံ- ၃ကြိမ်တိုင်အောင်၊ (ပါတိမောက္ခံ-သည်) အနုသာဝိတံ-အဖန်ဖန်ကြားစေအပ်သည်၊ ဟောတိ-၏။

* * * * *

ထိုတွင် ရှေ့ ၂ပုံသည် လူထွက်ရခြင်း-ပရိဝါသ် မာနတ်ဆောက်တည်ရခြင်းဟူသော ကြီးလေးသောကံဖြင့် ဖြေဖျောက်မှ ပြေသောကြောင့် ဂရုက အာပတ်မည်၏၊ ထုလ္လစ္စဉ်းစသော နောက် ၅ပုံကား ဒေသနာပြောခြင်းဟူသော ပေါ့သောကံဖြင့် ဖြေဖျောက်ရသောကြောင့် လဟုကအာပတ်မည်၏။

အသန္တီယာ၊ပေ၊ဘဝိတဗ္ဗံ - လုံးလုံးအာပတ်မသင့်ခြင်း-အာပတ်သင့်လျှင်လည်း ထိုအာပတ်ကို (ဆိုင်ရာဝိနည်းကံဖြင့်) ကုစားပြီး ဖြစ်ခြင်းသည် "အသန္တီယာ အာပတ္တိယာ"အရ "အာပတ်မရှိခြင်း"မည်၏၊ ထိုကဲ့သို့ အာပတ်မရှိလျှင် ဆိတ်ဆိတ်နေကြပါ-ဟူလို။ [ဘဝိတဗ္ဗံ၌ တမ္ဘပစ္စည်းကို "ပေသ (အာဏာတ္ထိ-အစ္ဆိုဋ္ဌ) အနက်ဟောတည်း"ဟုမှတ်ပါ။]

တုဏှီ ဘာဝေန၊ပေ၊ဧဝံ ဝိဿဇ္ဇိ - "တပည့်တော်မှာ အာပတ်စင်ကြယ်ပါသည်"ဟု နှုတ်မြွက်ပြောဆိုမှသာ "ဤရဟန်းသည် အာပတ် စင်ကြယ်ပေသည်"ဟု သိနိုင်သည် မဟုတ်သေးပါ, ဆိတ်ဆိတ်နေသဖြင့်လည်း "အာပတ်စင်ကြယ်သော ပုဂ္ဂိုလ်များ"ဟု သိနိုင်ပါလိမ့်မည်- ဟူလို၊ ထို့ကြောင့် တုဏှီဘာဝေနာပိ"ဟု သမုစ္စည်း အနက်ရှိသော အပိသဒ္ဒါကိုပါ ထည့်စွက်၍ အဋ္ဌကထာတို့ ဖွင့်ကြသည်။

မမေးသော်လည်းဖြေသင့်ပုံ။ ။ "ယထာခေါပန၊ ပေ၊ အနုသာဝိတံ" ဝါကျကား တိုက်ရိုက်မမေးသော်လည်း ဖြေသင့်ပုံကိုပြသော ဝါကျတည်း၊ မည်သည့်မေးဖွယ်ကိစ္စမဆို တစ်ယောက်က အခြားတစ်ယောက်ကို တိုက်ရိုက်မေးလျှင် အမေးခံရသူသည် ဧကန်ဖြေဆိုရတော့သကဲ့သို့, ထို့အတူ ယခုလို ရဟန်းတော် ပရိသတ်၌ ပါတိမောက်ကိုပြသော ရဟန်းက ၃ကြိမ်တိုင်တိုင် ပါတိမောက်ကို ကြားစေခြင်း-မေးစီစစ်ခြင်းသည် တစ်ပါးစီတစ်ပါးစီကိုမေးနေ

http://www.dhammadownload.com

ထင်စွာမပြုလျှင် အာပတ်သင့်ပုံ

ယောပန ဘိက္ခု- အကြင် ရဟန်းသည်၊ ယာဝ တတိယ- ၃ ကြိမ် တိုင်အောင်၊ (ပါတိမောက္ခေ- ပါတိမောက်ကို၊) အနုသာဝိယမာနေ - အဖန်ဖန် ကြားစေ အပ်သော်၊ သရမာနော - သင့်သော အာပတ်ကို အမှတ်

* * * * *

သက့ဲသို့ပင်ဖြစ်၏၊ "ဝေရူပါယ ပရိသာယ"အရ "ဤသို့သော ပရိသတ်" ဟူရာ၌ "ဤသို့ ဂုဏ်အသရေရှိသော ရဟန်းပရိသတ်"ဟု ဆိုလိုသည်။

ဆိုလိုရင်းကား- ရဟန်းတော်ပရိသတ် ဆို့သည်မှာ မြင့်မြတ်သော ဂုဏ်အသရေရှိသော ပရိသတ်ဖြစ်၏၊ ဂုဏ်အသရေရှိသူကို တိုက်ရိုက်မေး ခြင်းသည် ရိုင်းပြစော်ကားရာ ရောက်၏၊ သို့ဖြစ်၍ ယခုလို ဂုဏ်အသရေရှိ ရဟန်းပရိသတ်၌ တစ်ပါးစီမေးနေဖွယ်မလိုပါ၊ ပါတိမောက် ၃ ကြိမ်ရွတ်ဆို ခြင်း (၃ ကြိမ်မေးခြင်း)သည်ပင် တစ်ပါးစီမေးသကဲ့သို့ ဖြစ်သောကြောင့် ထိုကဲ့သို့ ၃ ကြိမ်ရွတ်ဆိုသည့်အခါ ရဟန်းတော်များက "ငါ့ကိုမေးသည်,ငါ့ ကိုမေးသည်"ဟု သဘောပိုက်ကာ ဂုဏ်အသရေရှိသူပီအောင် အာပတ်ရှိလျှင် ဖုံးကွယ်မထားဘဲ ထင်ရှားပြောကြပါ-ဟု ဆိုလိုသည်။

ယာဝတတိယာ နုဿာဝနဝါကျ။ ။ "ယာဝတတိယ အနုဿာဝိတံ" ဝယ် "အနုဿာဝိတံ"၌ သဒ္ဒါနက်အားဖြင့် "အနု=အဖန်ဖန် (အထပ်ထပ်) +သာဝိတံ=ကြားစေအပ်"ဟု အနက်ထွက်၏၊ "ကြားစေခြင်း"ဟူသည်မှာ ကြားအောင် ပြောပြခြင်းတည်း၊ ထို ၃ ကြိမ်တိုင်အောင် အထပ်ထပ်ပြောသော ဝါကျကား "တတ္ထာယသ္မွန္တေ ပုစ္ဆာမိ-ကိစ္စိတ္ထ ပရိသုဒ္ဓါ, ဒုတိယမ္ပိပုစ္ဆာမိ- ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ပေ၊ ဧ၀ မေတံ ဓာရယာမိ"ဟု မေးသော ဝါကျတည်း၊ ထို့ကြောင့် "အနုဿာဝိတံ-အဖန်ဖန် မေးစီစစ်အပ်သည်"ဟု ရှေးက အဓိပ္ပာယ်နက်ပေးကြသည်။

[ကစ်] တဒေတံ (ထိုပါတိမောက်သည်) ယထာ အနုဿာဝိတံ ယာဝ တတိယံ အနုဿာဝိတံ နာမဟောတိ၊ တံ ဒဿေတုံ" တတ္ထာယသ္မွန္တေ ပုစ္ဆာမိ" တိ အာဒိဝုတ္တံ။

ထင်စွာ မပြုလျှင် အာပတ်သင့်ပုံ။ ။ "ယော ပန ဘိက္ခု၊ ပေ၊ မုသာဝါဒ ဿ" ဝါကျကား အာပတ်ရှိလျက် ထင်စွာမပြုလျှင် နောက်ထပ် အာပတ် သင့်ကြောင်းကိုပြသော ဝါကျတည်း၊ ဤဝါကျ၏ အဓိပ္ပာယ်မှာ ပါဠိရှိတိုင်း သိသာပြီ။ [မုသာဝါဒဿကို "မုသာဝါဒေါ+အဿ"ဟု ပုဒ်ဖြတ်။]

http://www.dhammadownload.com

ရပါလျက်၊ သန္ဓိ- ထင်ရှားရှိသော၊ အာပတ္တိ-အာပတ်ကို၊ နာဝိကရေယျ ထင်စွာမပြုအံ့၊ အသ-ထိုရဟန်း၏၊ သမ္မာနမုသာဝါဒေါ- သမ္မာနမုသာဝါဒ ဒုက္ကဋ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

ဆက်ဦးအုံ့ - "ယာဝတတိယံ အနုသာဝိယမာနေ-ခုကြိမ်တိုင်အောင် အဖန်ဖန် ကြားစေအပ်သော- အဖန်ဖန်ကြားစေလျှင် - အဖန်ဖန်ကြားစေသောအခါ- မေးစိစစ်သောအခါ၌"ဟု ဆိုသောကြောင့် "တတ္ထာယသ္မာ ဥပ္ပန္နာမိ-ကစ္စိတ္ထ ပရိသုဒ္ဓါ" စသည်ဖြင့် မေးသည့်အခါ "ယဿသိယာ အာပတ္တိ၊ ပေ၊ ပရိသုဒ္ဓါတိ ဝေဒိဿာမိ"ဟု မှာထားခဲ့သည့် အတိုင်း အာပတ်မရှိမှ ဆိတ်ဆိတ်နေရမည်ဖြစ်၏၊ ယခုသော်ကား အာပတ်ရှိလျက် ဆိတ်ဆိတ်နေသောကြောင့် ထိုအနုဿာဝနာ ဝါကျအဆုံး (ဇဝမေတံ ဓာရယာမိ၌ မိအပြီး)တွင် သမ္မာနမုသာဝါဒ ဒုက္ကဋ်အာပတ်သင့်သည်။

မုသာဝါဒဖြစ်ပုံ။ ။ မုသာဝါဒထုံးစံမှာ ကိုယ်နှုတ်တစ်ပါးပါးဖြင့် လိမ်မှု ဖြစ်ရိုးတည်း၊ "မနောဒ္ဓါရေ အာပတ္တိနာမ နတ္ထိ"နှင့်အညီမနောဒ္ဓါရ၌ အာပတ်မသင့်ဟုလည်း အမိန့်တော်ရှိ၏၊ သို့ပါလျက် ဆိတ်ဆိတ်နေသူမှာ အဘယ်ကြောင့် သမ္မာနမုသာဝါဒ ဒုက္ကဋ်အာပတ် သင့်ရပါသနည်း-ဟု စောဒနာ။

အဖြေကား - "ယဿ သိယာ အာပတ္တိ,သော အာဝိကရေယျ"ဖြင့် ပါတိမောက်ပြုဂ္ဂိုလ်က "အာပတ်ရှိလျှင် ထင်စွာပြုပါ"ဟု တိုက်တွန်းလျက် ရှိသောကြောင့် အာပတ်သင့်နေသူမှန်လျှင် ဇကန်ထုတ်ဖော်ပြောဆိုသင့်၏၊ ထုတ်ဖော်မပြောလျှင် "တုဏ္ဏီဘာဝေန၊ ပေ၊ ပရိသုဒ္ဓါတိ ဝေဒိဿာမိ"အရ အာပတ်မှ စင်ကြယ်သူဟု အထင်လွဲသွားပေလိမ့်မည်၊ ဤသို့လျှင် ဆိတ်ဆိတ်နေခြင်းသည် နှုတ်ဖြင့် ထုတ်ဖော်ပြောဆိုရမည်ကို မပြောဘဲ လိမ်ရာရောက်သောကြောင့် "ဝစီဒ္ဓါရေ အကြိယသမုဋ္ဌာန"ခေါ် သမ္မာနမုသာဝါဒ ဒုက္ကဋ်အာပတ် သင့်ရလေသည်၊ [ဝစီဒ္ဓါရေ=ဝစီဒ္ဓါရ၌+အကြိယ=ပြုသင့်သော ပြောဆိုမှုကို မပြုခြင်းကြောင့်+သမုဋ္ဌာန=ဖြစ်သောအာပတ်။] ဤမုသာဝါဒ ဒုက္ကဋ်အာပတ်သည် **မနောဒ္ဓါရ**၌**သင့်**သော အာပတ်မဟုတ်, **ဝစီဒ္ဓါရ**၌ ပြုထိုက်သောပြောဆိုမှုကို မပြုခြင်းကြောင့် သင့်သောအာပတ်ဖြစ်သည်-ဟူလို။

[ဆောင်] **နှုတ်ဖြင့်ပြောမှု, ပြုထိုက်ပါလျက်, သက်သက်တိတ်ဆိတ်, နေသည့်ဟိတ်ကြောင့်, စိတ်၌မထိ, နှုတ်ပြစ်မိ, ဆန်းဘိ မုသားပေ။**

http://www.dhammadownload.com

အပြစ်နှင့်အကျိုး

ပန - ဆက်ဦးအုံ၊ အာယသွန္တော- အရှင်တို့၊ သမ္မာန မုသာဝါဒေါ - သမ္မာန မုသာဝါဒ ဒုက္ခင့်အာပတ်ကို၊ အန္တ ရာယိကော-ဈာန်မဂ်ဖိုလ်၏ အန္တ ရာယ်ကိုပြုနိုင်သော၊ ဓမ္မော-အာပတ်ဟူ၍၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ဝုတ္တော-ဟောတော်မူအပ်ပြီ၊ တသ္မာ-ထို့ကြောင့်၊ သရမာနေန- အာပတ်ကို အမှတ်ရသော၊ အာပန္နေန- အာပတ်သင့်သည်ဖြစ်၍၊ ဒိသုဒ္ဓါပေက္ခေန- စင်ကြယ်ခြင်းကို အလိုရှိသော၊ ဘိက္ခုနာ-သည်၊ သန္တီ - ထင်ရှားရှိသော၊ အာပတ္တိ-အာပတ်ကို၊ အာဝီ ကာတဗ္ဗာ- ထင်စွာပြုထိုက်၏၊ ဟိ-အကျိုးကား၊ အာဝိကတာ-ထင်စွာပြုခြင်း၊

* * * * *

မုသာဝါဒဒုက္ခင့်။ ။ မုသာဝါဒ အပြစ်သင့်လျှင် "သမ္မာန မုသာဝါဒေ ပါစိတ္တိယံ"နှင့်အညီ ပါစိတ်အာပတ်သာ သင့်ထိုက်သည် မဟုတ်ပါလော, အဘယ်ကြောင့် ဒုက္ခင့်အာပတ် သင့်ပါသနည်းဟုမေး၊ အဖြေကား-ရိုးရိုး မုသာဝါဒ၏ လက္ခဏာမှာ ကိုယ်သော်လည်း လှုပ်-နှုတ်သော်လည်း မြွက်ရ၏၊ ထိုရိုးရာအတိုင်းဖြစ်လျှင် ပါစိတ်အာပတ်သာ သင့်ထိုက်ပါပေ၏၊ ဤ၌ကား ကိုယ်လည်းမလှုပ်, နှုတ်လည်း မပါသောကြောင့် မုသာဝါဒ လက္ခဏာနှင့် မညီညွတ်၊ နှုတ်ဖြင့်ပြုရမည့် အမှုကို မပြုဘဲ လိမ်ရာရောက်သော မုသာဝါဒ အဆန်းတည်း၊ ထို့ကြောင့် ဤ မုသာဝါဒအတွက် ပါစိတ် အာပတ်သင့်ထိုက်လောက်အောင် မလေးနက်၍ "သမ္မာနမုသာ ဝါဒေကိ ဟောတိ, ဒုက္ခဋ္ဌဟောတိ"ဟု ဥပေါသထက္ခန္ဓက ပါဠိတော်၌ ဒုက္ခင့်အာပတ်လောက်သာ ပြစ်ချက်ချတော်မူသည်။]

[ဆောင်] မုသားလက္ခဏာ, ဖြစ်တုံပါမူ, မှန်စွာပါစိတ်, ဖြစ်ကြောင်း ဟိတ်တည်း၊ တိတ်ဆိတ်သောအား, နေမှုမျှားကား,မုသား အဆန်း, နည်းတစ်လမ်းမို့, သူ့စွမ်းသဘော, ဒုက္ခင့်ဟာ သည်, ဥပေါသထက္ခန္ဓကတည်း။

အပြစ်နှင့်အကျိုး။ ။ "သမ္မာန၊ ပေ၊ ဟာသုဟောတိ" ဝါကျတို့ကား ဒုက္ခင့်အာပတ်၏ အပြစ်နှင့် အာပတ်ကို ထင်စွာပြုခြင်းကြောင့် အကျိုးရပုံ ကိုပြသော ဝါကျတို့တည်း၊ ထိုတွင် "သမ္မာနမုသာဝါဒေါ၊ ပေ၊ ဝုတ္တော

http://www.dhammadownload.com

ကြောင့်၊ အသ- ထိုရဟန်း၏၊ ဟသု-ဗျာန်စသည်ကို ရဖို့ရာ ချမ်းသာ လွယ်ကူသော အကျင့်သည်၊ ဟောတိ-ဖြစ်၏။

နိုဝုံးနှင့် တတိယာနုသာဝန

အာယသ္မန္တော- အရှင်တို့၊ နိဒါနံ-နိဒါန်းကို၊ ဥဒ္ဒိဋ္ဌ -ရွတ်ဆိုအပ်ပါပြီ၊ ဝါ-ပြအပ်ပါပြီ၊ တတ္ထ- ထိုနိဒါန်း ၌၊ အာယသ္မန္တေ -အရှင်တို့ကို၊ ပုစ္ဆာမိ-မေးပါ၏၊ ကစ္စိ အသ္မိ.နည်း၊ (တုမှေ-အရှင်တို့သည်၊)

* * * * *

ဘဂဝတာ"ကား အပြစ်ပြဝါကျတည်း၊ "သမ္မာနေ မုသာဝါဒ ဒုက္ခင်္ဂကိုပင် ဗျာန် မဂ်ဖိုလ်၏ အန္တ ရာယ်ကို ပြုနိုင်သည်"ဟု ဘုရားဟောတော်မူပါသည်- ဟူလို၊ "တသ္မာ၊ ပေ၊ ဟသုဟောတိ"ကား အကျိုးပြဝါကျတည်း၊ ထိုသို့ ဒုက္ခင်္ဂအာပတ်က အန္တ ရာယ်ပြုနိုင်ကြောင်းကို ဟောတော်မူခြင်းကြောင့် အာပတ်ကို အမှတ်လည်းရ - စင်ကြယ်လည်း: စင်ကြယ်လိုလှသော သူတော်ကောင်: ရဟန်းမှန်လျှင် သင့်သောအာပတ်ကို ထင်စွာပြုထိုက်သည်၊ ထိုကဲ့သို့ ထင်စွာပြုလိုက်လျှင် အာပတ်အတွက် တအုံ့နွေးနွေး: မပူဆွေးရ တော့ဘဲ ဗျာန်မဂ်ဖိုလ်ရဖို့ရာ ချမ်းသာလွယ်ကူသော အကျင့်တစ်မျိုး: ဖြစ်ပါသည်- ဟူလို။

မှတ်ချက်။ ။ "သရမာနေန ဘိက္ခုနာ" ဆိုသောကြောင့် အာပတ် သင့်နေသော်လည်: ထိုအာပတ်ကို အမှတ်မရ (သင့်နေမှန်:-မသိ)၍ ဆိတ်ဆိတ်နေသော ရဟန်းမှာ ဒုက္ခင်္ဂအာပတ် မသင့်ဟု သိသာပြီ။

အကြောင်းအကျိုးဆက်ပုံ။ ။ အာပတ်ကို မကုစားလျှင် ဝိပွဒိုသာရ ခေါ်နလုံးမသာယာမှုဖြစ်၏၊ ဝိပွဒိုသာရရှိနေလျှင် ပါမောဇ္ဇ (ဝမ်းမြောက်မှု) ခေါ် အနုစား: အသေးစားပိတိ မဖြစ်နိုင်၊ ပိတိနုမဖြစ်လျှင် တိုးတက်လာသော ပိတိအရင့်စား: မဖြစ်နိုင်၊ ပိတိအရင့်စား:မဖြစ်လျှင် "ပဿဒ္ဓိ"ခေါ် ကိုယ်စိတ် ၂ပါ: မငြိမ်းအေးနိုင်၊ ပဿဒ္ဓိမဖြစ်လျှင် "သုခ"ခေါ် ကိုယ်စိတ်ချမ်းသာမှု မဖြစ်နိုင်၊ သုခမဖြစ်လျှင် သမာဓိ မရ၊ သမာဓိမရလျှင် ယထာဘူတ (လမ်းမှန်ကျအောင်) မသိ၊ ယထာဘူတ မသိလျှင် မည်မျှပင် အားထုတ် သော်လည်: ဗျာန်မဂ်ဖိုလ်ကို မရနိုင်၊ ဤသို့သော အစဉ်ဖြင့် ဒုက္ခင်္ဂ အာပတ်ကလေးသည်ပင် ဗျာန်မဂ်ဖိုလ်၏ အန္တ ရာယ်ကိုပြုနိုင်သည်၊ အာပတ် မသင့်လျှင်ကား: ဝိပွဒိုသာရမဖြစ်၍ ပါမောဇ္ဇစသည် အဆင့်ဆင့်ဖြစ်ကာ ကြီးစားပါလျှင် ဗျာန်မဂ်ဖိုလ်ကိုရဖို့ရာ ချမ်းသာလွယ်ကူလေသည်။

http://www.dhammadownload.com

ပရိသုဒ္ဓါ- အာပတ်မှ စင်ကြယ်သူတို့သည်၊ အတ္ထ-ဖြစ်ပါကုန်၏လော၊ ဒုတိယမှိ-နှစ်ကြိမ်မြောက်လည်း၊ ပုစ္ဆာမိ-မေးပါ၏၊ ကစ္စိတုမှေ ပရိသုဒ္ဓါ၊ အတ္ထ၊ တတိယမှိ-၃ကြိမ်မြောက်လည်း၊ ပုစ္ဆာမိ-ကစ္စိတ္ထ ပရိသုဒ္ဓါ၊ (ပါဠိ မျှားကို အနက်ဖော်ဆိုပါ) အာယသ္မန္တော-အရှင်တို့သည်၊ ဇတ္ထ-ဤနိဒါန်း၌၊ ပရိသုဒ္ဓါ-အာပတ်မှ စင်ကြယ်ကြကုန်၏၊ တသ္မာ- ထို့ကြောင့်၊ တုဏှီ-တိတ်ဆိတ်သည်၊ (အာသိ-ဖြစ်ပြီ၊) ဧवं-ဤသို့ ဆိတ်ဆိတ်နေခြင်းကြောင့်လည်း၊ ဧတं- ဤအာပတ်မှ စင်ကြယ်ကြကြောင်းကို၊ ဓာရယာမိ-သိမှတ်ရပါ၏၊ ဣတိ-နိဒါန်းပြီးပြီ။

နိဒါနံ- နိဒါန်းသည်၊ နိဋ္ဌိတं-ပြီးပြီ။

* * * * *

နိဝုံးနှင့် အနုသာဝန။ ။ "ဥဒ္ဒိဋ္ဌခေါ၊ပေ၊ဓာရယာမိ" ဝါကျများကား နိဝုံးနှင့် ယာဝတတိယာနုသာဝနကိုပြသော ဝါကျတို့တည်း၊ ထိုတွင် "ဥဒ္ဒိဋ္ဌခေါ အာယသ္မန္တော နိဒါနံ"သည် နိဒါန်းပြီးကြောင်းကို အုပ်ဖုံးသော အဆုံးသတ် အနားသတ် နိဝုံးဝါကျတည်း၊ "တတ္ထာယသ္မန္တေ ပုစ္ဆာမိ၊ ပေ၊ ပရိသုဒ္ဓါ"တို့ကား ၃ကြိမ်တိုင်အောင် ကြားသိစေသော (မေးစိစစ်သော) ယာဝတတိယာနုသာ ဝနဝါကျတည်း၊ ထိုဝါကျတို့၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ပါဠိအတိုင်းပင် သိသာပြီ။

မှတ်ချက်။ ။ "တတ္ထ-ထိုနိဒါန်း၌၊ ပရိသုဒ္ဓါ-အာပတ်မှ စင်ကြယ်ကုန်သည်၊ အတ္ထ-ဖြစ်ပါကုန်၏လော"ဟု မေးရာ၌ နိဒါန်းစကားစုတွင် မည်သည့်အာပတ်ဟု ပညတ်လျက် မပါသော်လည်း "ယသ သိယာ အာပတ္တိ"၌ အာပတ် ၇ ဖုံလုံးပါဝင်နေသောကြောင့် "ထို ၇ ဖုံလုံးမှ စင်ကြယ်ကြပါရဲ့လား"ဟု မေးသည်- ဟုပြောဆိုကြသည်။

ထိုကဲ့သို့ ၃ကြိမ်မေးသည့်အခါ တိတ်တိတ်နေကြလျှင် ပါတိမောက်ပြရဟန်း၏ ယူဆပုံကိုလည်း ဆက်လက်ပြပြန်လိုရ၍ "ပရိသုဒ္ဓေတ္ထာ ယသ္မန္တော၊ တသ္မာတုဏှီ, ဧवमेतं ဓာရယာမိ"ဟု မိန့်တော်မူသည်။ ဓာရယာမိတိဟု မိ နောက်၌ (မိတိ=မိ+ဣတိ) ဣတိပါသည်ကား နိဒါန်းအခန်းကို ရုပ်သိမ်းသော "ပရိသမာပန"ခေါ် စကားသိမ်းနိပါတ်ပုဒ်တည်း။ ["နိဒါနံ နိဋ္ဌိတं" နေရာဝယ် တရို့စာအုပ်များ၌ "နိဒါနဒ္ဒေသော ပဌမော"ဟုရှိ၏၊ ထိုသို့ရှိသင့်-မရှိသင့် စိစစ်ချက်ကို ဘိက္ခုပါတိမောက် အဆုံး၌ တွေ့ရပါလိမ့်မည်။]

http://www.dhammadownload.com

နိဒါနေဥတ္တိထပနံ, ပုဗ္ဗကိစ္စသ ပုစ္ဆနံ၊
နိဒါနဒ္ဒေသသဝနေ, ဝိသုဒ္ဓါရောစနေ ဝိဓိ၊
အနာရောစနေ အာပတ္တိ, ဧယျုံပိဏ္ဍတ္ထပဠကံ။

၁။ "ပိဏ္ဍတ္ထ=ပိဏ္ဍ+အတ္ထ"ဟူသည် စကားတစ်ရပ်အတွက် ပေါင်း၍ ယူလိုက်လျှင် ရအပ်သောအနက်တည်း၊ စကားကြောရှည်နေ သော်လည်း လိုရင်းမှာ ဘာကိုပြလိုရင်းဟု ကောက်ချက်ချရသော အနက်-ဟူလို၊ "နိဒါနေ- နိဒါန်း၌၊ ဥတ္တိထပနံ-ဥတ်ထားခြင်း" ဟူသည် "သုဏာတုမေ၊ ပေ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ" တည်း။

၂။ "ပုဗ္ဗကိစ္စသ-ပုဗ္ဗကိစ္စကို+ပုစ္ဆနံ-မေးခြင်း"ဟူသည် "ကိ သံဃသ ပုဗ္ဗကိစ္စံ"တည်း။ [ရှေးနိဿယ၌ "ပါရိသုဒ္ဓိ၊ ပေ၊ ဥဒ္ဒိသိဿာမိ" ကိုလည်း ပုဗ္ဗကိစ္စ ပုစ္ဆနတွင် သွင်းထား၏၊ ပုဗ္ဗကိစ္စကို မေးသော စကား ဟုတ်-မဟုတ်ကို အဓိပ္ပာယ်ပြန်ကြည့်ပါ။

၃။ "နိဒါနဒ္ဒေသသဝနေ-နိဒါန်းရွတ်ပြရာဝယ် ကြားနာခြင်း၌၊ ဝိဓိ-စီမံတိုက်တွန်းခြင်း"ဟူရာ၌ နိဒါနကိုမှတ်၍ ပြောသည်၊ ပါတိမောက် အားလုံးကိုပင် ကြားနာခြင်း၌တိုက်တွန်းခြင်းဖြစ်သည်။ ထိုတိုက်တွန်း သောစကားကား "တံ သဗ္ဗေ၀ သန္တာ၊ ပေ၊ မနသိကရောမ"တည်း။

၄။ "ဝိသုဒ္ဓါရောစနေ-အာပတ်မှ စင်ကြယ်ကြောင်းကို ပြောပြခြင်း၌၊ ဝိဓိ-တိုက်တွန်းခြင်း"ဟူသည် "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေ ထ, ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"ဝါကျနှင့် "ယဿသိယာ အာပတ္တိ၊ ပေ၊ အနုဿာ၀ိတံ ဟောတိ" ဝါကျလာ အနက်များတည်း၊ [ရှေးနိဿယ၌ "ပါရိသုဒ္ဓိ၊ ပေ၊ ဥဒ္ဒိသိဿာမိ"ကိုဝိသုဒ္ဓါရောစနေ ဝိဒိ၌သွင်း၍မယူ၊ ဖြစ်သင့်ရာ အဓိပ္ပာယ်ကို ဆင်ခြင်ကြပါကုန်။]

၅။ "အနာရောစနေ-အာပတ်ရှိလျက် မပြောခြင်းကြောင့်၊ အာပတ္တိ-အာပတ်သင့်ပုံ" ဤ အနာရောစနေအာပတ္တိဖြင့် အာရောစနေ အနာ ပတ္တိ (ပြောလျှင်အာပတ်မသင့်ပုံ)ကိုလည်းကောင်း, အာပတ် သင့်-မသင့် အလိုက်အကျိုးရပုံကိုလည်းကောင်း "တစ်နွယ်ငင်တစ်စင်ပါ" မကင်းရာမကင်းကြောင်းဖြစ်၍ သွင်းယူနိုင်သည်၊ ထို့ကြောင့် အနာရော စနေအာပတ္တိအရ "ယောပနဘိက္ခု"မှစ၍"ဟသုဟောတိ"တိုင်အောင် သော ဝါကျတို့ဖြင့် ပြအပ်သောအနက်ကိုယူ။ [(ဣတိ-ဤသို့၊)

http://www.dhammadownload.com

ပိဏ္ဍတ္ထပဠူကံ- လိုရင်းချုံး၍ ပေါင်းရုံးအပ်သော အနက် ၅ပါးကို၊ ဧယျ-သိထိုက်၏။] "ဥဒ္ဒိဋ္ဌခေါ" စသည်ကိုကား နိဒါန်းအဆုံး နိဂုံးဖြစ်၍ နိဒါန်းအတွင်း၌ ရထိုက်သော ပဠူကတ္ထတွင် မသွင်းဘဲ ထားသည်။

၂။ လေ့ကျင့်ခန်း မေးခွန်းများ

က။ ဥတ်ပါဋိမြန်မာပြန်ကိုပြ၍, စာတုဒ္ဒသီဥတ်-သာမဂ္ဂိဥတ်ကိုလည်းပြပါ။

ခ။ "ပါတိမောက္ခံ ဥဒ္ဒိသေယျ"နှင့်စပ်၍ ပါတိမောက် ၂မျိုးကိုခွဲပြပြီးလျှင်, ဤနေရာ၌ မည်သည့် ပါတိမောက်ကို ယူရမည်-ဟုလည်းပြပါ။

ဂ။ "ကိ သံဃသ ပုဗ္ဗကိစ္စံ"ဟူသော အမေးအရ ယခုကာလ၌ ဘယ် အရာများ ဖြစ်ပေါ်လာသနည်း။

ဃ။ "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ"ဖြင့် ဘာကိုဆိုလိုပါသနည်း, ဤစကား၏ အဓိပ္ပာယ်ကို နောက်၌ ဘယ်စကားဖြင့် ပြသနည်း။

င။ "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"ကား "ပါတိမောက်ပြတော့မည်"ဟု ပဋိညာဉ်ပြုလိုရင်း ဟုတ်ပါ၏လော, ဘာကိုပြုလိုရင်းပါနည်း။

စ။ "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ, ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ၂ ဝါကျကို အကြောင်းအကျိုး ဆက်စပ်၍ မြန်မာပြန်ပါ။

ဆ။ "တံ သဗ္ဗေ သန္တာ"၌ "အလုံးစုံ"ဟူသည် ဘယ်လိုပုဂ္ဂိုလ်အားလုံး ပါနည်း, ထေရ-နဝ-မဇ္ဈိမတို့ကို ရဟန်းဝါဖြင့် ပိုင်းခြားပြပါ။

ဇ။ "သာဓုကံ သုဏောမ"ဟုဆိုရာ၌ သာဓုကံ၏ အဓိပ္ပာယ်နှင့်တကွ သုဏောမနှင့် မနသိကရောမကို ထူးခြားအောင် အဓိပ္ပာယ်ပြပါ။

ဈ။ အာပတ်သင့်ခြင်း၏ အကြောင်း ၆ ပါးနှင့် အာပတ် ၇ ပုံကိုပြပါ။

ည။ ပါတိမောက်ပြသော ရဟန်းက ၃ ကြိမ်တိုင်အောင် မေးစီစစ်သောအခါ အာပတ်ရှိသူမှာ ဘာယ်လိုလုပ်၍, မရှိသူမှာ ဘာယ်လိုနေရမည်နည်း။

ဋ။ ဒုက္ကဋ်အာပတ်က ဗျာန်မဂ်ဖိုလ်၏ အန္တရာယ်ပြုနိုင်ပုံကို ဆက်သွယ်ပြ၍, အာပတ်မရှိက ဗျာန်မဂ်ဖိုလ်တိုင်အောင် ချမ်းသာပုံကိုပြပါ။

နိဒါနအခန်း ပြီးပြီ။

http://www.dhammadownload.com

ပါရာဇိကအခန်း

ပါရာဇိကအချီ တတြ-ထိ ပါတိမောက်၌၊ စတ္တာရော- ၄ပါးကုန်သော၊ ပါရာဇိကာ- ပါရာဇိက မည်ကုန်သော၊ ဣမေဓမ္မာ-ဤ၊ အာပတ်တို့သည်၊ ဥဒ္ဒေသ-သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်သည်၏ အဖြစ်သို့၊ အာဂစ္ဆန္တိ- ရောက်ကုန်၏။

ပထမပါရာဇိက ယောပနဘိက္ခု - အကြင်ရဟန်းသည်၊ ဘိက္ခုနံ - ရဟန်းတို့၏၊ သိက္ခာ သာဇီဝ သမာပန္နော - ပါတိမောက္ခ သံဝရသီလဟူသော အဓိသီလသိက္ခာ, သိက္ခာပုဒ် ပါဠိတော်ဟူသော သာဇီဝသို့ ကောင်းစွာရောက်သူ (ဖြစ်ပါလျက်)၊ သိက္ခံ - အဓိသီလ သိက္ခာကို၊ အပစ္စက္ခာယ - မပယ်စွန့်မူ၍၊ ဝါ - မချမူ၍၊ ဒုဗ္ဗလ္ယ-

* * * * *

ပါရာဇိကအချီ။ ။ "တတြိမေ၊ ပေ၊ အာဂစ္ဆန္တိ" ဝါကျကား ပါရာဇိက သိက္ခာပုဒ်များ၏ အချီ (အခြေခံနိဒါန်း) ဝါကျတည်း။ [တတြိမေ= တတြ+ဣမေ] "ဥဒ္ဒေသံ အာဂစ္ဆန္တိ"၌ သရုပ်အားဖြင့် ရွတ်ပြခြင်း"ဟူသည် သဏ္ဌိုဟ် သရုပ်ခွဲရာ၌ ဤသဘောကား လောဘ, ဤသဘောကား ဒေါသ စသည်ဖြင့် သရုပ်သကောင်ကို ပြရသကဲ့သို့ ထို့အတူ "မည်သည့်အမှုကိုပြု လျှင် မည်သည့်အာပတ်သင့်၏"ဟု အာပတ်သင့်ခြင်း၏ အကြောင်းဝတ္ထု နှင့်တကွ အာပတ်ကို သရုပ်သကောင်ပေါ်လာအောင် ပြခြင်း-ရွတ်ဆို ခြင်းတည်း၊ နိဒါနအခန်း၌ "ယဿသိယာ အာပတ္တိ"ဟု အာပတ်ကို သရုပ်ထုတ်၍ မပြခဲ့ဘဲ အာပတ်အလုံးစုံကို သာမညအားဖြင့် ပြခဲ့သည်၊ ဤ၌ကား "ပါရာဇိကောဟောတိ" စသည်ဖြင့် အာပတ်များကို သရုပ် သကောင်ပေါ်အောင်ပြမည်-ဟု ဆိုလိုသည်။

မှတ်ချက်။ ။ ဥဒ္ဒေသ်၌ ဥပုဇ္ဈဒီသဓာတ် ဏပစ္စည်းဖြစ်၍ "ဒီသ= ဥစ္စာရဏေ"နှင့်အညီ "ရွတ်ဆိုအပ်"ဟုလည်းကောင်း, ရွတ်ဆိုခြင်းဟူသည် ထင်ရှားအောင် ပြောပြခြင်းဖြစ်သောကြောင့် "ပြအပ်"ဟုလည်းကောင်း အနက်ထွက်၏၊ "အဖြစ်"ဟူသော ဘာဝပစ္စည်း အနက်မပါသော်လည်း ဘာဝပွဓာန (ဘာဝ ပစ္စည်းအနက်ကို လိုရင်းကောက်ယူရသော) နည်းဟု မှတ်၍ "ရွတ်ပြအပ် ကုန်သည်၏ အဖြစ်သို့"ဟု အနက်ပေးရသည်၊ "ရွတ်ပြခံရခြင်းသို့" ဟူလို။

http://www.dhammadownload.com

အားမရှိသူ၏အဖြစ်ကို၊ အနာဝိကတွာ–ထင်စွာမပြုမူ၍၊ မေထုန်ဓမ္မ–မေထုန်အကျင့်ကို၊ ပဋိသေဝေယျ–မှီဝဲအုံ့၊ အန္တ ရသော–အောက်ထစ်ဆုံးအားဖြင့်၊ တိရစ္ဆာန ဂတာယပိ– တိရစ္ဆာန်မ၌သော်လည်း၊ (မေထုန်ဓမ္မ– မေထုန်အကျင့်ကို၊ ပဋိသေဝေယျ– မှီဝဲအုံ့၊ သောဘိက္ခု– ထိုရဟန်းသည်၊) ပါရာဇိကော– သာသနာတော်မှ ဆုံးရှုံးစေအပ်သူသည်၊ ဝါ–ပါရာဇိကကျသူသည်၊ အသံဝါသော– ဧကကမ္မ, ဧကုဒ္ဒေသ, သမသိက္ခာဟူသော သံဝါသမရှိသူသည်၊ ဝါ–ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိသူသည်၊ ဟောတိ–ဖြစ်၏။

* * * * *

ပထမပါရာဇိက။ ။ "ယောပနဘိက္ခု၊ ပေ၊ အသံဝါသော"ကား ပထမ ပါရာဇိကသိက္ခာပုဒ် ပါဠိတော်တည်း၊ ထို သိက္ခာပုဒ်ပါဠိတော်၏ မြန်မာပြန်ကား– အကြင်ရဟန်းသည် ရဟန်းတို့၏ သိက္ခာနှင့် သာဓီဝသို့ ရောက်သူဖြစ်ပါလျက် သိက္ခာမချဘဲ သိက္ခာပုဒ်၌ ဖြည့်ကျင့်လိုသော စိတ်အားမရှိကြောင်းကိုလည်း ထင်ရှားမပြဘဲ မေထုန်မှီဝဲအုံ့၊ အောက်ထစ်ဆုံး တိရစ္ဆာန်မ၌ပင် မှီဝဲစေဦးတော့၊ ထိုရဟန်းမှာ ပါရာဇိကကျ၍ ရဟန်းကောင်းများနှင့် ပေါင်းသင်းခွင့်မရှိ။

ဘိက္ခုနံ သိက္ခာသာဓီဝ သမာပဇ္ဇော – "သီလသိက္ခာ"ဟု တွဲဖက်၍ ခေါ်ဝေါ်ရိုး ရှိသည်အတိုင်း ဤနေရာ၌ ပါတိမောက္ခသံဝရဟူသော အဓိသီလကို "သိက္ခာ"ဟုခေါ်၍, [ထိုသီလစုကိုပြသော သိက္ခာပုဒ်ပါဠိတော်များကို "သာဓီဝ"ဟုခေါ်သည်၊] ထိုသိက္ခာနှင့် သာဓီဝသည် ဘိက္ခုနီတို့၏ သိက္ခာသာဓီဝမဟုတ်– လူတို့၏ သိက္ခာသာဓီဝလည်းမဟုတ်, ဘိက္ခုတို့နှင့် ဆိုင်သော သိက္ခာသာဓီဝဖြစ်သည်–ဟု သိစေတော်မူလိုသောကြောင့် "ဘိက္ခုနံ"ဟု ထည့်တော်မူရပြန်သည်၊ "ဘိက္ခုတို့၏ သိက္ခာ သာဓီဝ"ဟူလို။

ချဦးအုံ – သီလဆိုသည်မှာ မိမိတို့သန္တာန်၌ ဖြစ်စေရသော စေတနာနှင့် ဝိရတိစေတသိက်များတည်း၊ ထိုသီလသည် သီလ–အဓိသီလဟု ၂မျိုး ရှိ၏၊ ထိုတွင် သာသနာပ ကာလ၌လည်း ရနိုင်သော ၅ပါး: ၈ပါး: ၁၀ပါး: သီလတို့သည် သီလသာမည်၏၊ ဘုရားရှင်ပွင့်မှ ဟောတော်မူသဖြင့် စောင့်သုံးရသောသီလသည် အဓိသီလမည်၏၊ ဤအဓိသီလ သိက္ခာသည် ဘိက္ခုတို့

http://www.dhammadownload.com

မကျင့်ဘဲနေလို့မဖြစ်, ဧကန်ကျင့်ရသော ဘိက္ခုတို့၏ သိက္ခာများဖြစ်သည်၊ [အဓိက်-၅ပါ: ၈ပါ: ၁၀ပါ: သီလတို့ထက် သာလွန်သော+သီလ-သီလ သည်၊ အဓိသီလ-အဓိသီလမည်၏၊] ထို အဓိသီလဟူသည် (ဝိနည်းပါဠိ တော်ဝယ် ထိုထို သိက္ခာပုဒ်ဖြင့် ပြသော) ပါတိမောက္ခသံဝရ သီလ များသာတည်း။

[သာရတ္ထ] ပါတိမောက္ခသံဝရသီလန္တိ - စာရိတ္တ ဝါရိတ္တဝသေန ဒုဝိဓံ ဝိနယပိဋကပရိယာပန္နံ သိက္ခာပဒသီလံ၊ (ပထမ ပါရာဇိက အဋ္ဌကထာအဖွင့်)။

ဝါရိတ္တ-စာရိတ္တသီလ။ ။ မပြုမလုပ်ရဟု တားမြစ်ထားသဖြင့် ထိုအမှုမှ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏၊ ဤပထမပါရာဇိက စသော သိက္ခာပုဒ်သီလတည်း၊ (အဘိဓမ္မာ တရားကိုယ်အားဖြင့်) (ဝိရတိနှင့်စေတနာ တို့တည်း၊) "ပြုကျင့်ရမည်"ဟု ပညတ်တော်မူသဖြင့် ပြုကျင့်ခြင်းသည် စာရိတ္တသီလမည်၏၊ မဟာဝါဒနှုက စသည်ဌာနလာသော ကျင့်ဝတ်သီလမျိုးတည်း၊ ထိုသီလမျိုးကို ပြုကျင့်ခြင်းသည် (ရှောင်ကြဉ်မှု မပါသောကြောင့် ဝိရတိသီလမဖြစ်) စေတနာ သီလသာဖြစ်သည်။

သိက္ခာနှင့် သာဓီဝသို့ရောက်ပုံ။ ။ "သမာပန္နံ" အရ "ရောက်ခြင်း" ဟူသည် "ဖြည့်ကျင့်ခြင်း-မကျူးလွန်ခြင်း"တည်း၊ "ဖြည့်ကျင့်"ဟူသည်ကား သိက္ခာပုဒ်ဟုခေါ်အပ်သော ထိုအဓိသီလကို မိမိသန္တာန်၌ ဖြစ်စေခြင်းတည်း၊ "မကျူးလွန်"ဟူသည်မှာ "သာဓီဝ"ဟု ခေါ်အပ်သော ထို သိက္ခာပုဒ် ဥပဒေတော်ကို မကျူးကျော်ခြင်းတည်း၊ ထို အဓိသီလ သိက္ခာများကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်သည် သိက္ခာသမာပန္နံ (သိက္ခာသို့ ကောင်းစွာရောက်သူ) မည်၏၊ သိက္ခာပုဒ် ဥပဒေတော်ကို မကျူးလွန်သူသည် သာဓီဝသမာပန္နံ (သာဓီဝသို့ ကောင်းစွာရောက်သူ) မည်၏။

[ဆောင်] ၁။သိက္ခာသီလ-မည်ရတုံ့ဘီ, ဝိရတိစေတနံ, ထို ၂တန်ကို, လျော်ကန်ဖြည့်က၊ မှတ်ကုန်ကြ, သိက္ခာ့သမာပန်။
၂။ သိက္ခာပုဒ်ဟု, ပညတ်စုကို, မကျူးလွန်က, မှတ်ကုန်ကြ, သာဓီဝ သမာပန်။

http://www.dhammadownload.com

ဖြည့်ကျင့်မှုနှင့် မကျူးလွန်မှုထူးပုံ။ ။ အမှတ်တမဲ့ စဉ်းစားလျှင် သီလ သိက္ခာကို ဖြည့်ကျင့်မှုနှင့် သိက္ခာပုဒ် ဥပဒေ မကျူးလွန်မှုမှာ အတူတူပင်ဟု ထင်မှတ်ဖွယ်ရှိ၏၊ သို့ရာတွင် မတူချေ၊ ထင်ရှားစေအံ့- သီလသိက္ခာဟူသည် စေတနာနှင့် ဝိရတိ စေတသိက်များဖြစ်ကြောင်းကို နားလည်ကြပြီ၊ ထိုစေတနာနှင့် ဝိရတိတို့သည် အခါခပ်သိမ်း ဖြစ်နိုင်ကြသည်မဟုတ်၊ မေထုန်ကျူးလွန်ခွင့်ကြုံပါလျက် မကျူးလွန်မိအောင် ရှောင်ကြဉ်သည့်အခါမျိုး၌သာ ဖြစ်နိုင်ကြသည်၊ သိက္ခာပုဒ် ဥပဒေကို မကျူးလွန်မှုကား မကျူးလွန်ဘဲ နေသမျှ (အိမ်ပျော်နေစဉ်ကာလ၌ပင်) အမြဲတည်ရှိလေသည်၊ ထို့ကြောင့် မေထုန်မှုမှ ရှောင်ကြဉ်ခိုက်၌ သိက္ခာကို ဖြည့်ကျင့်မှု သိက္ခာပုဒ် ဥပဒေကို မကျူးလွန်မှု ၂မျိုးလုံးရ၍, ထိုသို့ ဖြည့်ကျင့်မှုမပါသော မကျူးလွန်ဘဲ နေရာကာလ၌ သိက္ခာပုဒ်ဥပဒေကို မကျူးလွန်မှု တစ်မျိုးသာရသည်၊ ဤသို့ ထူးခြားပုံကိုမှတ်ပါ၊ အခြားသော သိက္ခာသီလနှင့် သိက္ခာပုဒ်များ၌လည်း ဤနည်းကို မှီ၍ခွဲလေ၊ (ကခ်ါဒိုကာသစ်ကိုကြည့်။)

သိက္ခံအပစ္စက္ခာယ - ပစ္စက္ခာယ၌ ပတိအာပုဗ္ဗ+ခါဓာတ်, တွာပစ္စည်းတည်း၊ အက္ခာယတိစသည်၌ အာပုဗ္ဗ-ခါဓာတ်သည် ပြောဆိုခြင်းအနက်ကို ဟောသော်လည်း ဤနေရာ၌ ပတိဥပသာရလည်း ရှေးရှိပြန်သောကြောင့် ပဋိကွေပ (ပယ်ခြင်း) အနက်ကိုဟော၏၊ ထို့ကြောင့် "အပွင့်ကိုပိတ္တာ-မပယ်စွန့်မူ၍"ဟုဖွင့်သည်၊ မပယ်စွန့်မှုကိုပင် ယခုကာလ၌ "မချခြင်း"ဟု ဆိုကြသည်၊ ဆက်ဦးအံ့-ဥပုသ်စောင့်သူသည် မိမိရည်မှန်းထားသော အချိန်စေ့က တမင်တကာ ဥပုသ်ချဖွယ် မလို, အလိုလို ၈ပါးသီလကင်း၍ ၅ပါးသီလသာ ကျန်ရစ်လေသည်၊ လူထွက်လိုသော သာမဏေသည် သာမဏေ၏ သိက္ခာကို တမင်တကာချဖွယ်မလို လူဝတ်လဲလိုက်လျှင်ပင် သာမဏေသိက္ခာ အလိုအလျောက် ကင်းကွာ၍ ကျသွားလေတော့သည်၊ ဤရဟန်းတို့ သိက္ခာများကား ထိုကဲ့သို့ အလိုလိုမကျဘဲ တမင်တကာချမှ ကျကြလေသည်။

သိက္ခာချနည်း။ ။ "ဗုဒ္ဓံပစ္စက္ခာမိ-ဘုရားကိုစွန့်ပါ၏" ထို့အတူ "ဓမ္မံ-သံဃံ-သိက္ခံ (အဓိသီလ သိက္ခာကို)-ဝိနယံ" စသည်ကိုထည့်၍ ပစ္စက္ခာမိနှင့် တွဲ၍ဆိုလေ၊ ထို့ပြင် "ဂိဟိတမံ ဓာရေဟိ= ငါ့ကိုလူဟုမှတ်ပါ"ဟုလည်းကောင်း၊ ထို့အတူ "သာမဏေရောဟိ-တိတ္ထိယသာဝကောတိ" စသည်ဖြင့် လဲလှယ်၍ "မံ ဓာရေဟိ" နှင့်တွဲ၍ဆိုလေ၊ ထို့ပြင် "အလံ မေ ဗုဒ္ဓေန- ငါ့မှာ ဘုရားဖြင့် အကျိုးမရှိ" ထို့အတူ "အလံမေ"ကိုစ၍ "ဓမ္မေန-သံဃေန-သိက္ခာယ" စသည်တို့နှင့် တွဲဆိုလေ။

http://www.dhammadownload.com

အင်္ဂါခုံမှ သိကွာကျ။ ။ ဆိုခဲ့သော စကားတို့ဖြင့် သိက္ခာချရာ၌ "စိတ်-ခေတ်-ကာလ-ပယောဂ-ပုဂ္ဂလ-ဝိဓာနန" ဤအင်္ဂါ ၆ ပါးခုံမှ သိက္ခာကျသည်၊ ထိုတွင်.....

စိတ်။ ။ တကယ်ကို လူထွက်လိုသောစိတ်ပါမှ သိက္ခာကျသည်၊ စိတ်မပါဘဲ ပြောင်သလို လှောင်သလို ချလျှင်မကျ။

ခေတ်။ ။ သိက္ခာချနည်းကိုပြသော "ဗုဒ္ဓံ ပစ္စက္ခာမိ, ဂိဟီတိ မံ ဓာရေဟိ"စသော ဝါကျများကို "သိက္ခာချခေတ်"ဟု ဆိုသည်၊ ထိုခေတ်တွင် ပါဝင်သော ဝါကျများကို မိမိနားလည်သော ဘာသာဖြင့် သုံးစွဲ၍ချမှ သိက္ခာကျသည်၊ (ထိုဝါကျများကို အဋ္ဌကထာမှာ ရှု။)

ကာလ။ ။ "ပစ္စက္ခာမိ-စွန့်ပါ၏၊ ဓာရေဟိ-မှတ်ပါလော"ဟု ပစ္စုပ္ပန်ကာလဖြင့်ဖြစ်စေ, "အလ-အကျိုးမရှိ" စသော အနာဂတ်ကာလဖြင့်ဖြစ်စေ ဆိုမှ သိက္ခာကျသည်၊ "ပစ္စက္ခာသိं-စွန့်ခဲ့ပြီ၊ ပစ္စက္ခိဿံ-စွန့်တော့အုံ"ဟု အတိတ်ကာလ အနာဂတ်ကာလ စသည်ဖြင့် ချလျှင်လည်းကောင်း, "ယံနူ နာဟံ သိက္ခံ ပစ္စက္ခေယျံ = ငါသိက္ခာချရလျှင် ကောင်းမှာပဲ"ဟု ပရိကပ္ပ စကားဖြင့် ချလျှင်လည်းကောင်း မကျ။

ပယောဂ။ ။ [နှုတ်မြွက်ခြင်းဟူသော ဝစီပယောဂ၊] နှုတ်မြွက်၍ "ဗုဒ္ဓံ ပစ္စက္ခာမိ" စသည်ဖြင့်ဆိုမှ သိက္ခာကျသည်၊ စာရေးမှတ်ခြစ်စေ, ကိုယ်လက် ပြ၍ဖြစ်စေ ချလျှင်မကျ။

ပုဂ္ဂလ။ ။ [သိက္ခာချသော ပုဂ္ဂိုလ်=သိက္ခာချသည်ကို နားထောင်သော ပုဂ္ဂိုလ်၊] ထို၂ မျိုးလုံးပင် သွေးယျက်သော အရူးလည်းမဟုတ်ရ၊ ဘီလူးစသည် ဖမ်းစား၍ စိတ်လွင့်နေသူလည်း မဟုတ်ရ, ရောဂါ၁ဏ်ကို အပြင်းအထန် ခံနေရသူလည်း မဟုတ်ရ, ပကတိ လူသားရိုးရိုးဖြစ်မှ သိက္ခာကျသည်။

ဝိဓာနန။ ။ [သိခြင်း-နားလည်ခြင်း၊] "ဗုဒ္ဓံ ပစ္စက္ခာမိ" စသည်ဖြင့် ခေတ်တွင်းပါသော စကားကို ဆိုပြီးသည်နှင့် တစ်ပြိုင်နက် "ဤသူဟာ လူထွက်လိုပေါ့"ဟု နားထောင်သူက သိမှ နားလည်မှ သိက္ခာကျသည်၊ နားမလည်လျှင်မကျ၊ ဤသို့

http://www.dhammadownload.com

လျှင် သိက္ခာချသော်လည်း ဤအင်္ဂါခြောက်ပါး ပြည့်စုံစွာ မချခြင်းကိုလည်းကောင်း, လုံးလုံးကို သိက္ခာမချခြင်းကို လည်းကောင်း, "သိက္ခံ အပစ္စက္ခာယ"ဟု ဆိုသည်။

[ဆောင်] စိတ်-ခေတ်-ကာလ, ပယောဂနှင့်, ပုဂ္ဂလ-ဝိဇာ, ဤ ၆ ဖြာ, သိက္ခာကျကြောင်းတည်း။

ဒုဗ္ဗလျံအနာဝိကတွာ - [ဒုဗ္ဗလသ- အားမရှိသူ၏၊ ဘာဝေါ- အဖြစ်သည်၊ ဒုဗ္ဗလျံ-မည်၏၊ ဘာဝအနက်၌ ဏျပစ္စည်း၊] "အားမရှိသူ၏ အဖြစ်" ဟူရာ၌ "သိက္ခာပုဒ်များကို မကျူးလွန်ဘဲ စောင့်စည်းနေဖို့ရာ စိတ်အား မထက်သန်ခြင်း"ဟု ဆိုလိုသည်၊ ထိုကဲ့သို့ စိတ်အားမထက်သန် ကြောင်းကို (စိတ်ထဲ၌မထားဘဲ) သူတစ်ပါးအား အထင်အရှားပြောမှုကို "ဒုဗ္ဗလျာ ဝိကမ္မ-စိတ်အားမထက်သန်ကြောင်းကို ထင်ရှားပြုခြင်း"ဟု ဆိုသည်။

ဒုဗ္ဗလျဝိကမ္မ ၂ မျိုး။ ။ သိက္ခာမကျသော ဒုဗ္ဗလျာဝိကမ္မ, သိက္ခာ ကျသော ဒုဗ္ဗလျာဝိကမ္မဟု ၂မျိုးရှိ၏၊ ထိုတွင် ရဟန်းတစ်ပါးသည် သာသနာ့ ဘောင်၌ မပျော်ပိုက်နိုင်တော့ပြီဖြစ်၍ သိတင်းသုံးဖော် စသူအား "ယန္တ။ နာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ-ဘုရားကို စွန့်ရလျှင် ကောင်းမှာပဲ" ဟုပြော၏၊ ဤအပြောကို စဉ်းစားလျှင် "ဘုရားစွန့်ပါ၏"ဟု တိုက်ရိုက် မပြောဘဲ "ဘုရားကို စွန့်ရလျှင် ကောင်းမှာပဲ"ဟု ငြိုးတွားသော အပြောမျိုး သာ ဖြစ်ကြောင်းသိသာ၏၊ ထို့ကြောင့် ဤအပြောမျိုးဖြင့် သိက္ခာမကျသေး, ဒုဗ္ဗလျာ ဝိကမ္မကား ဖြစ်နေပြီ။

ယနုကာလ။ ။ "ကိုရင်ကြီးလုပ်နေရလျှင် ကောင်းမှာပဲ, ရသေ့ လုပ်နေရလျှင် ကောင်းမှာပဲ, လူထွက်ရလျှင် ကောင်းမှာပဲ, လူထွက် တော့မယ်, ရသေ့လုပ်တော့မယ်" စသည်ဖြင့် ပြောဆိုကြသည်၊ ထိုအပြော မျိုးလည်း (ပြောင်သလို လှောင်သလို မဟုတ်ဘဲ) သာသနာ၌ မပျော်ပိုက်၍ အမှန်ပြောခြင်းဖြစ်လျှင် သိက္ခာမကျသော ဒုဗ္ဗလျာဝိကမ္မပင်တည်း။

သိက္ခာကျ။ ။ သိက္ခာချနည်း၌ ပြခဲ့သော "ဗုဒ္ဓံ ပစ္စက္ခာမိ"စသော အပြောမျိုးကား သိက္ခာလည်းကျ, (သာသနာ့ဘောင်မှာ စိတ်အား မထက် သန်ကြောင်းကိုပြသော) ဒုဗ္ဗလျာဝိကမ္မလည်းဖြစ်၏၊ ထို ၂မျိုးသော ဒုဗ္ဗလျာ ဝိကမ္မတို့တွင် "ဒုဗ္ဗလျံ အနာဝိကတွာ"၌ သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မကိုသာ ယူရမည်၊ "သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မနှင့် သိက္ခာချမှုမှာ သဘောတူပင်" ဟု ဆိုလိုသည်။

http://www.dhammadownload.com

မေထုန် ဓမ္မံ ပတိသေဝေယ္ယ – [မိထုနာနံ–အချင်းချင်းတို့၏+အယံ–ဥစ္စာတည်း, ကိစ္စတည်း၊ မိထုနော– အချင်းချင်းတို့ဟာ၊] မိထုန သဒ္ဒါသည် "အချင်းချင်း"ဟု အနက်ထွက်၏၊ "အချင်းချင်း"ဟူသည် "ရာဂ ထင်ကြွသူချင်း"တည်း၊ ထိုကိစ္စကိုပြုရာ၌ (များသောအားဖြင့်) မိန်းမ–ယောကျ်ား ၂ဦးလုံးပင် ရာဂထင်ကြွချင်းတူကြ၏၊ ထိုကဲ့သို့ အတူတူနှင့် အနုနုဖြစ်ကြသူ ၂ဦးတို့၏ကိစ္စကို "မေထုန=မေထုန်"ဟုခေါ်သည်။

မဂ် ၃ မျိုး။ ။ ပါဠိလို "မဂ္ဂ"–မြန်မာလို "မဂ်"တစ်မျိုးဆက်လျှင် "လမ်းပေါက်"ဟု အနက်ရ၏၊ ထိုမဂ်သည် "မုခမဂ္ဂ–ခံတွင်းလမ်းပေါက်, ပဿာဝမဂ္ဂ–ကျင်ငယ်လမ်းပေါက်, ဝစ္စမဂ္ဂ–ကျင်ကြီးလမ်းပေါက်"ဟု ၃မျိုးရှိ၏၊ မေထုန်မှီဝဲဖို့ရာ အထီးသတ္တဝါနှင့် နပုန်းပဏ္ဏုက်များ၌ မုခနှင့် ဝစ္စမဂ် ၂မျိုးပါ၍, အမသတ္တဝါများ၌ မဂ် ၃ မျိုးပါသည်၊ သိက္ခာမချဘဲ ထိုမဂ်တစ်ခုခု၌ မိမိအင်္ဂါဇာတ်ကို နှမ်းတစ်စေ့ခန့်မျှ အတွင်းရောက်အောင် သွင်းလျှင် ပါရာဇိကကျ၏။

အန္တမသော။ ။ မေထုန်နှင့်ဆိုင်ရာ အမသတ္တဝါတို့သည် (အထက်တန်းမှစ၍) "ပရနိမ္မိတစသော နတ်မ, လူမ, တိရစ္ဆာန်မ"ဟု အမ အမျိုးမျိုးရှိသည်တွင် တိရစ္ဆာန်မသည် အောက်ထစ်ဆုံး အောက်တန်း အကျဆုံး အမတည်း– ဟု သိစေလိုရ၍ "အန္တမသော"ဟု မိန့်တော်မူသည်။

တိရစ္ဆာနဂတာယပိ။ ။ ဤ၌ ပိသဒ္ဒါကား "ဂရဟာ–ရှုတ်ချဖွယ်" အနက်ကိုပြ၏၊ "အောက်ထစ်ဆုံး တိရစ္ဆာန်မ၌သော်မှ မေထုန်မှီဝဲလျှင် ပါရာဇိကကျသေးသည်"ဟူလို၊ ထိုပိပြင့် "သမ္ဘာဝနာ–မြှောက်ပင့်ဖွယ်" အနက်ကိုလည်း ဆည်းယူသေး၏၊ "တိရစ္ဆာန်မထက် အထက်တန်းကျသော လူမစသည်ကို မေထုန်မှီဝဲလျှင်ကား အဘယ်မှာ ပါရာဇိကမကျဘဲ နေတော့အုံနည်း" ဟူလို။

တိရစ္ဆာန်အဝိုင်းအခြား။ ။ ခြေထောက်မပါသော သတ္တဝါတို့တွင် အဟိ(မြွေမ), မစ္ဆာ (ငါးမ), ခြေ ၂ချောင်းပါသူတို့တွင် ကုက္ကုဋီ(ကြက်မ), ခြေ ၄ချောင်းပါသူတို့တွင် မဂ္ဂာရိ(ကြောင်မ) ဤတိရစ္ဆာန်မတို့သည် နှမ်းတစ်စေ့ခန့်ဝင်လောက်အောင် မဂ်ပါကြသဖြင့် ပါရာဇိကဖြစ်ဖို့ရာ အသေးငယ်ဆုံး တိရစ္ဆာန်အဝိုင်းအခြားများတည်း၊ ထိုမြွေစသည်မှအထက် ကြီးမားသော တိရစ္ဆာန်မများကို ဤ"တိရစ္ဆာနဂတာ"အရ–ယူရမည်ဟု ဆိုလိုသည်။

[ဆောင်] **အပဒါနံ အဟိမစ္ဆာ, ဒ္ဝိပဒါနဉ္စ ကုက္ကုဋီ၊**
စတုပ္ပဒါနံ မဂ္ဂါရီ, ဝတ္ထုပါရာဇိကသိမာ။

http://www.dhammadownload.com

ပါရာဇိကော – ပရာဇိယတော–ဆုံးရှုံးစေအပ်၏၊ ဣတိ–ထို့ကြောင့်၊ ပါရာဇိကော– ပါရာဇိကမည်၏၊ "ဆုံးရှုံးစေအပ်"ဟူသည်လည်း ဆုံးရှုံးခြင်းသို့ ရောက်ခြင်းဖြစ်ရကား: "ပရာဇယ်–ဆုံးရှုံးခြင်းသို့+အာပနော–ရောက်ပြီ"ဟု အဓိပ္ပာယ်နက် ဖွင့်ကြလေသည်၊ လောကဌ် ပြင်၍မရအောင် မှားယွင်းမိလျှင် "လူဖြစ်ရှုံးပေါ့"ဟု ပြောကြသကဲ့သို့, ထို့အတူ သိက္ခာမချဘဲ ပါရာဇိကမှုကို ကျူးလွန်သူလည်း သာသနာတော်၌ တစ်ဖန်ပြန်၍ ရဟန်းပြုခွင့် မရ– ရဟန်းအဖြစ် ဆုံးရှုံးရာရလေတော့သည်။

သိက္ခာပုဒ်နှင့် အာပတ်။ ။ သိက္ခာပုဒ်နှင့် အာပတ်ကို ပါရာဇိက ဟု ခေါ်ရာ၌ကား: "ပရာဇယတိ–သာသနာတော်မှ ဆုံးရှုံးစေတတ်၏"ဟု ဝိဂ္ဂြိဟ်ပြု၍ သိက္ခာပုဒ်ကို "ပါရာဇိက"ဟု နပုလ္လိင်ဖြင့်လည်းကောင်း၊ အာပတ်ကို "ပါရာဇိကာ"ဟု ဣတ္ထိလိင်ဖြင့်လည်းကောင်းပြီးစေ၊ သိက္ခာပုဒ် ကျူးလွန်သူ–အာပတ်သင့်သူကို သာသနာမှ ဆုံးရှုံးစေတတ်သည် – ဟူလို၊ ပုဂ္ဂိုလ်ကို ဟောသော ပါရာဇိကသဒ္ဒါသည် ဟေတုကမ္မသာဓန ကိတ်ပုဒ်တည်း၊ ပရာ ပုဗ္ဗဒိဓာတ်၊ ဏော ပစ္စည်း, တပစ္စည်း, ကာရိတ်ဏောပစ္စည်းကျေ၊ ပုဒ်ရင်းမှာ "ပါရာဇိတော"တည်း၊ ပဌ် အာဝုဒ္ဓိ–တကိုကပြု၍ ပါရာဇိကဟုပြီး၏၊ သိက္ခာပုဒ်ကိုဟောရာ၌ ဟေတုကတ္တုသာဓန ကိတ်ပုဒ်တည်း၊ ဓာတ်ပစ္စည်းနှင့် ပုဒ်ပြီးပုံမှာ မထူးပြီ။

အသံဝါသော – [သံ=အတူတကွ+ဝါသ=နေထိုင်ရာ+အ=မရှိ] ရဟန်းကောင်းဟူသမျှတို့ အတူတကွ ပေါင်းသင်းနေထိုင်ရာ၌ ဌာန ၃ချက်ရှိ၏၊ ၁–ဧကကမ္မ (အတူပြုရသော ကံကြီးကံငယ်) ၂–ဧကုဒ္ဒေသ– (အတူပြုရသော ပါတိမောက္ခုဒ္ဒေသ) ၃–သမသိက္ခာ (အားလုံးအညီအမျှကျင့်ရသော သီလသိက္ခာ)တည်း၊ ဤ ၃ ဌာနကိုပင် "သံဝါသ"ဟုခေါ်၏၊ လူဖြစ်ရှုံးသူ တစ်ယောက်ကို သွားဖော်လာဖက်မပြုကြတော့သကဲ့သို့, ထို့အတူ ပါရာဇိက ကျသူ(သာသနာမှ ဆုံးရှုံးပြီးသူ)ကို ထို ၃ ဌာန၌ ရဟန်းကောင်းတို့က အပေါင်းအသင်း မလုပ်ကြတော့ချေ။

ဝတ္ထုပါရာဇိကအင်္ဂါ။ ။ ၁–မိုဝဲလိုသောစိတ်ရှိခြင်း, ၂–သူတစ်ပါး၏ မက်တွင်း၌ မိမိအင်္ဂါဇာတ်ကိုသွင်းခြင်း, ဤအင်္ဂါ ၂ ပါးစုံလျှင် ပထမပါရာဇိက အာပတ်သင့်၏။ [အကြောင်းဝတ္ထု–မူလပညတ်–အနုပညတ်–သစ်တွေက အစိတ္တက စသည်ကို ကခ်ီစသည် ကြည့်ရှုမှုဖြင့် သိနိုင်ပြီ။]

[ဆောင်] မိုဝဲလိုဘိ– စိတ်ကူးရှိလျက်[1], သူ၏မက်တွင်း, ကိုယ်မက်
သွင်းဟု[2], ကြောင်းရင်း ၂လီ, အင်္ဂါညီ, ကျပြီပါရာဇိက်။

http://www.dhammadownload.com

၃။ လေ့ကျင့်စရိုး မေးခွန်းများ

က။ "တတြိမေ စတ္တာရော၊ ပေ၊ ဥဒ္ဒေသံ အာဂစ္ဆန္တိ"သည် ဘာကို ပြသော ဝါကျနည်း၊ ထိုဝါကျ၌ "ဥဒ္ဒေသံ"အရ သရုပ်အားဖြင့်ပြပုံကို ထင်ရှားအောင် ပြပါ။

ခ။ ပထမပါရာဇိက သိက္ခာပုဒ်ကိုမြန်မာပြန်ပါ။

ဂ။ "ဘိက္ခုနံ သိက္ခာသာဓီဝသမာပန္နော"အရ ဘိက္ခုတို့၏ သိက္ခာနှင့် သာဓီဝများကိုဖေါ်ပြပါ။ ["သိက္ခာနှင့် သာဓီဝတို့၏ အထူးပြပါ" ဟုမေးလျှင် အဖြေတူပင်။]

ဃ။ စာရိတ္တ-ဝါရိတ္တ သီလများကို ခွဲပြ၍, ထိုသီလတို့၏ တရားကိုယ်ကို ကောက်ပြပါ။

င။ "သမာပန္နော"အရ အဘယ်ကို "ရောက်ခြင်း"ဟုဆိုသနည်း, သိက္ခာသို့ရောက်ပုံ-သာဓီဝသို့ ရောက်ပုံကိုပြပါ။

စ။ သိက္ခာ သမာပန္နနှင့် သာဓီဝ သမာပန္န ၂မျိုးဖြစ်နိုင်ရာအခါ-တစ်မျိုးတည်း ဖြစ်နိုင်ရာအခါကို ခွဲပြပါ။ ["သိက္ခာ သမာပန္နနှင့် သာဓီဝ သမာပန္နအထူးပြပါ"ဟု မေးလျှင်လည်း အဖြေတူပင်။]

ဆ။ သိက္ခာချုပ်ကို "ပဠက္ခာမိ-ဓာရေဟိ"နှင့် တွဲစပ်၍ ၃မျိုးစီ၊ အလံနှင့် တွဲစပ်၍ ၃မျိုးစီကိုပြပါ။

ဇ။ သိက္ခာကျခြင်း အင်္ဂါများကိုလည်းပြပါ။

ဈ။ အဘယ်သို့ဖြစ်မှုကို "ဒုဗ္ဗလ"ခေါ်သည်ဟု ပြ၍, သိက္ခာမကျသော ဒုဗ္ဗလျာဝိကမ္မကိုလည်း ၂ မျိုးလောက်ပြပါ။

ဉ။ ဘာကို "မေထုန်"ဟုခေါ်၍ ဘာကို "မိုဝဲခြင်း"ဟုခေါ်သနည်း။

ဋ။ "တိရစ္ဆာနဂတာဃ"အရ မည်ကဲ့သို့ တိရစ္ဆာန်မမျိုးကို ယူရမည်နည်း, ဝိသဒ္ဒါ၏ ဂရဟာအနက်နှင့် သမ္ဘာဝနာအနက်ကိုလည်း ပြပါ။

ဌ။ ပါရာဇိကာ၏ သဒ္ဒါနက်ကိုပြ၍, အသံဝါသဌ် သံဝါသ ၃ မျိုးကိုပြပါ။

ဍ။ အဘယ်ကြောင့် သိက္ခာပုဒ်နှင့် အာပတ်ကို "ပါရာဇိက"ဟု ခေါ်သနည်း, ဝိဂြိဟ်လုပ်ပြပါ။

ဎ။ ပထမ ပါရာဇိကအာပတ် သင့်ခြင်း၏အင်္ဂါကိုပြပါ။

http://www.dhammadownload.com

ဒုတိယပါရာဇိက ယောပနဘိက္ခု-အကြင်ရဟန်းသည်၊ ဂါမာဝါ-ရွာမှသော်လည်းကောင်း၊ အရညာဝါ-တောမှသော်လည်းကောင်း၊ အဒိန္နံ- မပေးအပ်သော လူ့ဥစ္စာကို၊ထေယျသင်္ခါတံ- ခိုးသူ၏ ဖြစ်ကြောင်းစိတ်အစုဖြင့်၊ အာဒိယေယျ- ယူအံ့၊ ယထာရူပေ- အကြင်အနည်းဆုံးတစ်မတ်, တစ်မတ်တန်လောက် သဘောရှိသော၊ အဒိန္နာဒါနေ- မပေးအပ်သော ဥစ္စာကို ယူခြင်းကြောင့်၊ ရာဇာနော- မင်းတို့သည်၊ စောရံ- ခိုးသူကို၊ ဂဟေတွာ- ဖမ်းယူ၍၊ ဟနေယျုံဝါ- နှိပ်စက်မူလည်း နှိပ်စက်ကုန်ရာ၏၊ ဗန္ဓေယျုံဝါ- ချုပ်နှောင်မူလည်း ချုပ်နှောင်ကုန်ရာ၏၊ ပဗ္ဗာဇေယျုံဝါ- နှင်ထုတ်မူလည်း နှင်ထုတ်ကုန်ရာ၏၊ စောရော- ခိုးသူသည်၊ အသိ- ဖြစ်၏၊ ဘဝေါ- လူမိုက်သည်၊ အသိ-ဖြစ်၏၊ မူဠှော- လူဖျင်းသည်၊ အသိ-ဖြစ်၏၊ ထေနော- သူဝှက်သည်၊ အသိ- ဖြစ်၏၊ ဣတိ- ဤသို့ ပြောဆို၍၊ (ပရိဘာသေယျုံဝါ- ကြိမ်းမောင်းမူလည်း ကြိမ်းမောင်းကုန်ရာ၏၊) တထာရူပံ- ထို အနည်းဆုံး တစ်မတ်, တစ်မတ်

* * * * *

ဒုတိယပါရာဇိက။ ။ "ယောပနဘိက္ခု ဂါမာဝါ" စသည်ကား ဒုတိယ ပါရာဇိက သိက္ခာပုဒ်တည်း၊ ဤသိက္ခာပုဒ်၌ "ဘိက္ခုနှင့် သိက္ခာသာဓိဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ"ဟူသော ပုဒ်များ မပါ၊ သို့သော် ထိုပုဒ်များကို ဤသိက္ခာပုဒ်မှစ၍ နောက်နောက် သိက္ခာပုဒ်များသို့ လိုက်စေနိုင်သည်ဟု မှတ်၊ ထိုသို့ လိုက်စေရာဝယ် ကခ်ါဋ္ဌကာဟောင်း၌ ရတနဝဂ်အဆုံး သုဂတစီဝရ သိက္ခာပုဒ်တိုင်ရုံသာ လိုက်ပုံကိုပြသော်လည်း ပါဋိဒေသနီယ- သေခိယတိုင်အောင် လိုက်ခွင့်ရှိသည်သာ၊ ထိုစကားမှန်၏- ပါဋိဒေသနီယ သေခိယသိက္ခာပုဒ်ဆိုင်ရာ အပြစ်များကိုလည်း သိက္ခာမချဘဲ ပြုမှ အာပတ်သင့်သည်။

လိုက်ပုံ။ ။ "ယောပနဘိက္ခု ဘိက္ခုနှင့် သိက္ခာသာဓိဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ ဂါမာဝါ အရညာဝါ" စသည် ဖြင့် ဆိုရှုံသာတည်း၊ တချို့ သိက္ခာပုဒ်များ၌ကား စပ်ပုဒ်ကြည့်၍ ပြင်သင့်သလို ပြင်ရလိမ့်မည်၊ ထိုပြင်ပုံကိုလည်း ပါဋိအသွား အဝါးဝသည့်အခါ အလိုလို နားလည်ပါလိမ့်မည်။

http://www.dhammadownload.com

တန်လောက်သဘောရှိသော၊ အဒိန္နံ-မပေးအပ်သော လူ့ဥစ္စာကို၊ အာဒိယမာနော- ယူသော၊ အယံပိဘိက္ခု- ဤရဟန်းသည်လည်း၊ ပါရာဇိကော- သည်၊ အသံဝါသော- သည်၊ ဟောတိ- ၏။

* * * * *

သီက္ခာပုဒ် ဘာသာပြန်။ ။ အကြင်ရဟန်းသည် ရွာမှဖြစ်စေ, တောမှ ဖြစ်စေ, ဥစ္စာရှင်တို့က မပေးအပ်သော လူ့ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် (လိမ်လို ညာလိုသောစိတ်ဖြင့်) ယူအုံ၊ အနည်းဆုံးအားဖြင့် တစ်မတ်-တစ်မတ်တန်လောက် ဥစ္စာကိုယူလျှင် အစိုးရမင်းတို့က ခိုးသူကိုဖမ်း၍ နိပ်စက်ညှဉ်းဆဲမှု ချုပ်နှောင်မှု နှင်ထုတ်မှု တစ်ခုခုကို ပြုတတ်ကုန်ရာ၏၊ ထို တစ်မတ်တန်က အထက်လူ့ဥစ္စာခိုးသော ဤရဟန်းလည်း ပါရာဇိကကျ၍ သံဝါသ မရှိတော့ချေ။

ဂါမဝါ အရညဝါ။ ။ ဂါမအရญာနှင့် ရွာ၏ ဥပစာ ၂မျိုးလုံးကိုယူ၊ ထိုတွင် လယ်လုပ်တဲစသည်ဖြစ်၍ တစ်အိမ်တည်းပင်ရှိသော်လည်း ထိုအိမ်၌ ၄လကျော်ကျော် အိမ်သူအိမ်သားတို့ နေထိုင်ကြလျှင် "တစ်အိမ်ရွာ"ပင် ဖြစ်၏၊ ကိစ္စတစ်ခုတစ်ရာကြောင့် ထိုရွာမှ အခြားအရပ်သို့ ပြောင်းရွှေ့ သွားသော်လည်း ပြန်နေဦးမည်ဟု ကြံစည်ချက်ရှိသေးလျှင် ရွာပင်တည်း။

ထိုရွာ၌ စည်းရိုးစသော အကာရှိလျှင် ထိုအကာတိုင်အောင် "ရွာ"ဟု ခေါ်၏၊ ထိုရွာစည်းရိုး၏ အလယ်တည့်တည့်လောက် ခဲတစ်လုံးကို အားကုန်လွှဲ၍ ပစ်လိုက်သည့်အခါ ပထမဆုံးခဲကျရာအရပ်ရှိ၏၊ ထိုခဲတစ်ကျအရပ်သည် "ရွာ၏ဥပစာ"မည်၏၊ အကာအရံမရှိသောရွာ၌ကား အစွန်ဆုံးအိမ်၏ ဥပစာမှနေ၍ ပစ်အပ်သော ပထမခဲတစ်ကျအရပ်သည် ရွာမည်၏၊ ထို ခဲတစ်ကျမှ ဆက်၍ ဒုတိယပစ်အပ်သော ခဲတစ်ကျသည် ရွာ၏ဥပစာ မည်၏၊ ထိုရွာ ဥပစာပြင်ဘက်ကို "အရญ=တော" ဟုခေါ်သည်၊ [တံစက်မြီတ်မှ ရေကျရာ အရပ်၏ အတွင်းအရပ်သည် "အိမ်"မည်၏၊ ထိုအိမ်၏ ဝင်းအကာကို လည်းကောင်း၊ အကာမရှိလျှင် အိမ်တံခါးမှနေ၍ အိမ်ရှင်မ သွန်လိုက်-ပစ်လိုက်သော ရေ-ဗန်းဆန်ကောတို့ ကျရာအရပ် ကိုလည်းကောင်း "အိမ်၏ ဥပစာ" ဟုခေါ်သည်။]

ဆက်ဦးအုံ - ဂါမဖြင့်ရွာကိုသာ မယူဘဲ ရွာဥပစာကိုပါ ယူရခြင်းသည် ခိုးယူရာအရပ် မလစ်လပ်စေလိုခြင်းကြောင့် ဖြစ်၏၊ ထို့ကြောင့် ဂါမဖြင့် ရွာကိုသာမက-နိဂမ(နိဝုံး) နဂရ(မြို့)ကိုလည်း ယူရမည်၊ မှန်၏-ဝိနည်း၌ နိဝုံး-များကို သီးခြားပြလေ့မရှိ၊ "ဝိကာလေ ဂါမံ ပဝိသေယျ, အန္တ မ္ဘော ဂါမန္တ ရံဝိ, ဂါမသီမာ"စသည်ဖြင့် ဂါမကိုသာ ပြလေ့ရှိ၏၊ ထိုပြတိုင်းပင်

http://www.dhammadownload.com

နိဂမ– နဂရတို့ကိုလည်း ဂါမဋ္ဌသွင်းယူရသည်၊ [မြို့ရိုးမရှိ ဈေးသာရှိလျှင် နိဂမ, မြို့ရိုး ဈေး ၂မျိုးလုံးရှိလျှင် နဂရ, ၂မျိုးလုံး မရှိလျှင် ဂါမဟုခွဲကြ၏။]

အဒိန္နံ – လူတော်ရှိသော ဖစ္စည်းရှင်တို့က ကိုယ်ထိလက်ရောက်ဖြစ်စေ, "ယူပါ"စသည်ဖြင့် နှုတ်မြွက်၍ဖြစ်စေ မပေးအပ်သော ပစ္စည်းကို"အဒိန္နံ"ဟု (ဤသိက္ခာပုဒ်၌)ခေါ်သည်၊ ထို့ကြောင့် "အဒိန္နံ–ကိုယ် နှုတ် တစ်ပါးပါးဖြင့် မပေးအပ်သော လူ့ဥစ္စာကို"ဟု အနက်ကျယ်ပေးပါ၊ ဒန္ဓပေါဏ သိက္ခာပုဒ်၌ အဒိန္နအရ တစ်မျိုးလာဦးလတ္တံ့။

ထေယ္ယသင်္ခါတံ အာဒိယေယ္ယ – ထေနသ– ခိုးတတ်သူ၏၊ ဘာဝေါ– ဖြစ်ကြောင်းစိတ်သည်၊ ထေယ္ယ–ထေယ္ယမည်၏၊ "ခိုးတတ်သူဖြစ်ကြောင်းစိတ်" ဟူသည်လည်း "ခိုးယူလိုသောစိတ်" ပင်တည်း၊ သင်္ခါတသဒ္ဒါကား "ကောဋ္ဌာသ=အစု"ဟူသော အနက်ကိုဟော၏၊ အစုဟူသည်လည်း စိတ်တစ်ခုတည်း သာမက၊ အထပ်ထပ်ဖြစ်သော စိတ်အစဉ်တည်း။ [သင်္ခါတံ၌ နိဂ္ဂဟိတ်မှာ ပဌမာဝိဘတ်၏ ကာရိယတည်း၊ ထိုပဌမာ ဝိဘတ်လည်း ကရိဏ်းအနက်၌ သက်၍ "ဖြင့်"ဟု အနက်ထွက်သည်။]

ဆက်ဦးအံ့ – ယူရာ၌ "ဝိဿာသဂ္ဂါဟ=အကျွမ်းဝင်၍ ယူလိုသော စိတ်မျိုးတစ်စု, တာဝကာလိကဂ္ဂါဟ=ခေတ္တခဏ ငှားရမ်းယူလိုသော စိတ်မျိုး တစ်စု၊ ထေယ္ယ=ခိုးလိုသောစိတ်မျိုးတစ်စု" စသည်ဖြင့် စိတ်အစု စိတ်အစဉ် အမျိုးမျိုးရှိရာ, ဝိဿာသဂ္ဂါဟ– တာဝကာလိက ယူနည်းများကို တားမြစ်လို၍ "ထေယ္ယသင်္ခါတံ"ဟုဆိုသည်၊ အချုပ်မှာ– စိတ်ရိုးစိတ်ကောင်းဖြင့် ယူခြင်းမဟုတ်ဘဲ, ခိုး၍ တိုက်နိုက်လုယက်၍ ညာဖြန်းလှည့်ပတ်၍ တရားတွေ့၍ ယူခြင်းစသည်ဖြင့် မရိုးမသား ယူလိုသောစိတ် (ရထားသော်ဟု စသည်၌ ကျွန်နန်းအတိုင်း မပေးရအောင် တိမ်းရှောင်လိုသောစိတ် – ပုံးဝှက်လိုသော စိတ်) ဟူသမျှကို "ထေယ္ယသင်္ခါတ"ဟုမှတ်။

[ဆောင်] တာဝကာလိ, ဝိဿာသိက, ယူခြင်းမျှကို, တားမြစ်လို, မိန့်ဆို ထေယ္ယသင်္ခါတ။

ယထာရူဟ အဒိန္နဘေန – ယထာရူပေကို အဒိန္နတွင် စပ်၊ "အကြင်သို့ သဘောရှိသော ဥစ္စာ=အကြင်မျှလောက်သော ဥစ္စာ"ဟူလို၊ အစိုးရမင်းတို့က ဖမ်း၍ ညှဉ်းပန်းသတ်ဖြတ်မှု စသည်ကို ပြုလောက်သော ဥစ္စာဟူသည် အနည်းဆုံးအားဖြင့် ငွေဖြစ်လျှင် တစ်မတ်–အထည်ဝတ္ထုဖြစ်လျှင် တစ်မတ် တန်မှုစ၍ အထက် ဥစ္စာများတည်း။

http://www.dhammadownload.com

တစ်မတ်။ ။ တစ်မတ်ဆိုသော်လည်း ယခုအခါ သုံးစွဲရိုးဖြစ်နေသော ၄ပဲမဟုတ်၊ ရှေးက ငွေတစ်ကျပ်သည် ပဲ ၂၀ ရှိ၏၊ တစ်ကျပ်၏ ၄ပုံ-တစ်ပုံသည် တစ်မတ်တည်း၊ ထို့ကြောင့် ဘုရားလက်ထက်တော်က တစ်မတ်ဆိုလျှင် ငါးပဲရှိသည်-မှတ်၊ ထိုတစ်မတ်ခေါ် ငါးပဲလည်း ယခုခေတ် ငါးပဲနှင့်မညီမျှသေး၊ "နိလကဟာပဏ"ခေါ် ငွေတစ်ကျပ်လုပ်ပုံ အချိုးအစားကို ကြည့်ရချေဦးမည်။

နိလကဟာပဏလုပ်ပုံ။ ။ ရွှေသားငါးပဲ, ငွေသားငါးပဲ, ကြေးနီဆယ်ပဲ, ဤပဲ ၂၀ကိုပေါင်း၍ "နိလကဟာပဏ"ခေါ် ငွေတစ်ကျပ် ပြုလုပ်ကြသတဲ့၊ ထို့ကြောင့် ထိုငွေတစ်ကျပ်သည် ယခုတစ်ကျပ်ထက် တန်ဖိုးသာနေရကား၊ ထို၅ပဲလည်း ယခု ၅ ပဲထက် တန်ဖိုးသာပြန်သည်၊ ထို့ကြောင့် "တစ်မတ်-တစ်မတ်တန်ပစ္စည်း"ဟူရာ၌ "နိလကဟာပဏ"ခေါ်သော ငွေတစ်ကျပ်၏ တစ်မတ်ငွေဟု သတိပြုကာ ယခုကာလ ငွေနှင့် မည်မျှတန်ဖွယ်ရှိသည်ကို ခန့်မှန်းကြပါကုန်၊ [နိလ=အညစ်အကြေးကင်းသော, စင်ကြယ်သော+ကဟာပဏ=အသပြာ၊ ဝါ=ငွေစင်တစ်ကျပ်။]

တန်ဖိုးအလိုက် အာပတ်ကွဲပုံ။ ။ တစ်မတ်-တစ်မတ်တန်မှစ၍ အထက်ယူလျှင် ပါရာဇိကအာပတ်, တစ်ပဲအထက် တစ်မတ်အောက်ယူလျှင် ထုလ္လစ္စဉ်း, တစ်ပဲအောက်ယူလျှင် ဒုက္ကဋ်=ဟုခွဲခြား မှတ်သားလေဦး။

ရာစာနော၊ ဃ၊ ပဗ္ဗာဇေယျုံဝါ - ဟနေယျုံဝါ၌ ရိုက်နှက်ခြင်း-လက်ခြေစသည် ဖြတ်ခြင်းစသော ညှဉ်းဆဲနှိပ်စက်မှုများပါဝင်၏၊ ဗန္ဓေယျုံ အရ "နှောင်ဖွဲ့ခြင်း"ဟူသည် လက်ထိပ်ခတ်ခြင်း အချုပ်ခန်း၌ ချုပ်ထားခြင်းများတည်း ပဗ္ဗာဇေယျုံအရ "နှင်ထုတ်ခြင်း"ဟူသည် ထိုသူခိုး၏ နေရင်းအရပ်ဖြစ်သော ရွာ-နိဂုံး-မြို့မှ နှင်ထုတ်ခြင်း ပြည်နှင်ဒဏ်ပေးခြင်းတည်း။

စောရောသိ၊ပေ၊ထေနောသိ - ဤစကားကား ရေရွတ်သော ကြိမ်းမောင်းသော ငေါက်ငမ်းသော စကားတည်း၊ ယခုကာလ၌ ခိုးသူ၏ မျက်နှာကို သေသေချာချာ ကြည့်၍ "နင်ဟာ သူခိုးပဲ, လူမိုက်ပဲ, လူဖျင်းပဲ, သူဝှက်ပဲ"စသော အပြောမျိုးတည်း၊ ထို့ကြောင့် "ပရိဘာသေယျုံ"ဟု အပိုထည့်၍ အနက်ပေးရသည်။ [စောရောသိ=စောရော+အသိ။]

ရာစာနော - တစ်မတ်-တစ်မတ်တန်ပစ္စည်းကို ခိုးရုံမျှဖြင့် ညှဉ်းပန်းမှုစသည်ပြုဖို့ရန် ဥပဒေပြုလုပ်ထားသော မင်းဟူသည် ဗိမ္ဗိသာရမင်းတည်း၊ အခြားမင်းများ၌ ထိုဥပဒေရှိ-မရှိမှာ လိုရင်းမဟုတ်၊ ထင်ရှားစေအံ့-ဤ

http://www.dhammadownload.com

ဒုတိယပါရာဇိက ပညတ်ဖို့ရန် နိုးမှုဖြစ်ပေါ်ရာဌာနသည် ဗီမွှီသာရမင်း၏ တိုင်းပြည်ဖြစ်သော ရာဇဂြိုဟ်ပြည်တည်း၊ ထို့ကြောင့် ရာဇဂြိုဟ်ပြည်၏ ဥပဒေအရ "ဟနေယျုဝါ" စသည်ကို မိန့်တော်မူရလေသည်။

အယမ္ပိ ပါရာဇိကော - အယမ္ပိ၌ အပိသဒ္ဒါသည် ဝုတ္တသမုစ္စည်း အနက်ရှိ၏၊ "ပထမပါရာဇိက၌ ပြခဲ့သော ရဟန်းသာ ပါရာဇိကကျသည် မဟုတ်သေး, ဤရဟန်းလည်း ပါရာဇိကကျသည်"ဟူလို၊ ဤဝုတ္တသမုစ္စည်း အနက်မျိုးကိုပင် သဒ္ဒါကျမ်းတို့၌ "အပေက္ခာအနက်"ဟုသုံးစွဲ၏၊ ရှေ့သိက္ခာပုဒ်၌ ပြခဲ့သော ရဟန်းကိုင့်၍ (ထောက်၍) "အယမ္ပိ-ဤရဟန်းသည်လည်း" ဟု အပိသဒ္ဒါဖြင့်ဆိုသည်-ဟူလို၊ [နာမ်ရူပသိဒ္ဓိ အပိသဒ္ဒါ၏ အဖွင့်ကိုကြည့်။] နောက်သိက္ခာပုဒ်များ၌ အပိသဒ္ဒါလည်း ဤနည်းပင်တည်း။

ဒုတိယပါရာဇိကအင်္ဂါ။ ။ ၁-လူစာတ်ရှိသူ၏ ဥစ္စာဖြစ်ခြင်း, ၂-သူတစ်ပါးဥစ္စာမှန်းသိခြင်း, ၃-ဂရုပရိက္ခရာဖြစ်ခြင်း, ၄-နိုးယူလိုသော စိတ်ရှိခြင်း, ၅-နိုးယူခြင်း, ဤအင်္ဂါ ၅ပါးနှင့် ညီညွတ်လျှင် အဒိန္နာဒါနပါရာဇိက အာပတ်သင့်၏။

[လူစာတ်ရှိသူ၏ ဥစ္စာခိုးမှ ပါရာဇိကကျသောကြောင့် နတ် စသူတို့၏ ဥစ္စာကို နိုးယူသော်လည်း ပါရာဇိကမကျ-ဟုမှတ်၊ သို့သော် ငါးပါးသီလ ထုံးစံအတိုင်း အဒိန္နာဒါန သိက္ခာပုဒ်ပြစ်ကား မကင်းချေ၊ သူ့ဥစ္စာဖြစ်သော်လည်း ကိုယ်ဟာထင်၍ ယူမိလျှင် အပြစ်မရှိ၊ သို့သော် သူ့ဥစ္စာမှန်းသိလျှင် ပြန်ပေးရမည်၊ ဂရုပရိက္ခရာဟူရာ၌ တစ်မတ်တန်မှစ၍ အထက်ပစ္စည်းကို "ဂရု=လေးသော+ပရိက္ခရာ"ဟု ဆိုသည်။]

[ထောင်] လူစာတ်ရှိ ငြား-သူတစ်ပါး၏-ပိုင်ထားဥစ္စာ[1],သူ့ဥစ္စာဟု-သိမှတ်မှန့်[2], ဂရုပရိက်[3], ထေယျစိတ်သွင်း[4], နိုးယူခြင်း ဟု[5], ကြောင်းရင်း ၅ လီ, အင်္ဂါညီ ကျပြီပါရာဇိက်။

၄။ လေ့ကျင့်စရိုး ပေးစွန်းများ

က။ ပထမပါရာဇိကလာ "ဘိက္ခုနဲ့ သိက္ခာပေ၊အနဝိကတွာ"ပုဒ်များကို မည်သည့် သိက္ခာပုဒ်တိုင်အောင် လိုက်စေဖို့ရန် ကစ်ခြင်ကာဟောင်းက ဖွင့်ပြသနည်း, အမှန်အားဖြင့် မည်သည့်သိက္ခာပုဒ်အထိ လိုက်စေသင့်သနည်း။

http://www.dhammadownload.com

၁။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို မြန်မာပြန်ပါ။

၂။ ဂါမာဒိ၌ ဂါမဖြင့် မည်သည့်အရပ်ကိုပါ ယူရမည်နည်း၊ ဂါမ ဂါမူ ပဒေရ အရည အရပ်ကို ပိုင်းခြားပြပါ။

၃။ နိုဂမ- နရဂတို့ကို (ဝိနည်းအရာဝယ်) အဘယ်၌ သွင်းလေ့ရှိသနည်း။

၄။ ဆေယျသခါတ်၌ "ထေယျ"၏ အနက်, "သခါတ"၏ အနက်များကို ခွဲခြားရှု၍, ထိုထေယျသခါတ်ဖြင့် မည်သည့်ယူနည်းမျိုးကို တားမြစ်သည် ဟုလည်း ပြပါ။

၅။ အနည်းဆုံး မည်မျှလောက်သော ဥစ္စာကိုခိုးမှ ပါရာဇိက ကျသနည်း, ဘုရားရှင်လက်ထက်တော်က ဟစ်မက်သည့် ယခုကာလတင် မတ်နှင့် တန်ဖိုးမည်မျှကြောင်းကို ထင်ရှားပြပါ။

၆။ ဟနေယျ- ဇနေယျ- ပဗ္ဗာဇေယျ- ကို၏ အဓိပ္ပာယ်ကိုပြ၍, ဟဒေနော အရ မည်သည့်မင်းကို ဆိုလိုကြောင်းလည်းပြပါ။

၇။ "စောရောသိ၊ ပေ၊ ထေနောသိ"တို့ကား အဘယ်ကိုပြသော စကား ပါနည်း, ထိုစကား၏ မြန်မာလို ဆိုလိုရင်းကိုလည်းပြပါ။

၈။ အယမ္ပိ၌ အပိသဒ္ဒါ၏ အနက်ကိုပြ၍, မြန်မာလို ဆိုလိုရင်းကိုလည်းပြပါ။

၉။ (ရှေးခေတ်အတိုင်း) တစ်ပဲအောက်ကိုလည်းကောင်း, တစ်ပဲမှအထက် တစ်မတ်အောက်ကိုလည်းကောင်း, တစ်မတ်မှစ၍ အထက်ကို လည်းကောင်း ခိုးရာ၌ အသီးအသီး အာပတ်ခွဲခြားပြပါ။

၁၀။ ဒုတိယပါရာဇိကအင်္ဂါကိုပြ၍, ကိုယ်ဥစ္စာအမှတ်ဖြင့် ယူမိလျှင် အပြစ်ရှိ-မရှိ, လူမဟုတ်သူတို့၏ ဥစ္စာကိုယူလျှင် ဤသိက္ခာပုဒ်ဖြင့် အပြစ်မသင့်က မည်သည့်အပြစ် ရသည်ဟု ဖော်ပြပါ။

---

http://www.dhammadownload.com

တတိယ ပါရာဇိက ယောပန ဘိက္ခု-သည်၊ သဠေစ္စ- သတ္တဝါဟုသိသော သညာနှင့်တကွ သေစေလိုသော စေတနာဖြင့်စေ့ဆော်၍၊ မနုဿဝဏ္ဏဟံ-လူ့ကိုယ်ကို၊ စီဝိတာ-စီဝိတိန္ဒြေမှ၊ ဝေါရောပေယျ-ခွင်းအုံ့၊ သတ္ထဟာရကံဝါ- အသက်ကို ဆောင်တတ်သော လက်နက်ကိုမူလည်း၊ အသ-ထိုလူ့ကိုယ်၏ (အနီး၌)၊ ပရိယေသေယျ - ရှာမှီး၍ချထားအုံ့၊ မရဏဝဏ္ဏံဝါ - သေရခြင်း၌ ကျေးဇူးကိုမူလည်း၊ သံဝဏ္ဏေယျ- ထင်ရှားပြအုံ့၊ မရဏာယဝါ - သေဖို့ရာမူလည်း၊ (ဥပါယံ- နည်းလမ်းကို) သမာဒါပေယျ-ကောင်းစွာယူစေအုံ့၊ အမ္ဘောဘုရိသ-အိုယောကျ်ား၊ တုယှံ-သင်၏၊ ပါပကေန-ယုတ်ညံ့သော။

* * * * *

တတိယပါရာဇိက။ ။"ယောပန ဘိက္ခု သဠေစ္စ မနုဿဝဏ္ဏဟံ"စသည်ကား တတိယ ပါရာဇိကသိက္ခာပုဒ်တည်း၊ ဤသိက္ခာပုဒ်၏ မြန်မာပြန်အကျဉ်းချုပ်ကား- "အကြင်ရဟန်းသည် သတ္တဝါမှန်းသိသော သညာနှင့်တကွ ၁-လူကိုသတ်အုံ့, (တိုက်ရိုက်မသတ်လျှင်) ၂-လက်နက် တစ်စုံတစ်ရာကိုရှာ၍ ထိုလူ့အနီး၌ (အလွယ်တကူရအောင်) ထားအုံ့, (ထိုသို့ လက်နက်ရှာ၍ မထားလျှင်) ၃-သေရခြင်း၌ အကျိုးကျေးဇူးကို (သေချင်လာအောင်) ချီးမွမ်းအုံ့, (ထိုသို့ မချီးမွမ်းလျှင်) ၄-သေဖို့ရန် နည်းလမ်းပေးအုံ့, ထိုရဟန်းလည်း ပါရာဇိကကျ၍ သံဝါသမရှိတော့ချေ။

သဠေစ္စ - "သံ+စိစ္စ"ပုဒ်ဖြတ်၊ သံဥပသာဂရသည် "တကွ"ဟူသော အနက်ရှိ၍ "စိစ္စ"၌ စိတိဓာတ်-တွာပစ္စည်းက "စေ့ဆော်၍"ဟု အနက်ရှိ၏၊ "တကွ"ဟူသည် "သတ္တဝါမှန်းသိသော သညာနှင့်တကွ"တည်း၊ "စေ့ဆော်"ဟူသည်လည်း "သေစေလိုသော စေတနာဖြင့် မိမိစိတ်ကို လှုံ့ဆော်ခြင်း-သေစေလိုသော စေတနာရှိခြင်း"တည်း၊ ထို့ကြောင့် ဤ သဠေစ္စပါဠိဖြင့် "သတ္တဝါမှန်းသိခြင်း, သတ်လို (သေစေလိုသော) စိတ်ရှိခြင်း" ဟု အဂါ၂ပါးသိသာပြီ။

မနုဿ ဝိဂ္ဂဟံ - ဝိဂ္ဂဟသဒ္ဒါသည် "ကိုယ်"ဟူသော အနက်ကိုဟောဘ၏၊ လူ့ကိုယ်ဟူရာ၌ လူစာတ်ရှိလူ လူသားစင်စစ်၏ ကိုယ်ကိုယူရမည်၊ လူယောင်ဆောင်ထားသော နတ်-နဂါး-ဂန္ဓမ္ဗန်စသည်တို့၏ ကိုယ်ကိုမယူရ၊ လူယောင်ဆောင်ထားသော်လည်း လူ့ကိုယ်မဟုတ်, နတ်ကိုယ်-နဂါးကိုယ်-ဂန္ဓမ္ဗန့်ကိုယ်

http://www.dhammadownload.com

ဣမိနာ ဒုဇ္ဇိဝိတေန- ဤဆင်းရဲစွာ အသက်ရှင်ရခြင်းဖြင့်၊ ကိ-ဘာအကျိုး ရှိအံ့နည်း ၊တ-သင်၏။ ဇီဝိတာ-အသက်ရှင်နေရခြင်းထက်၊ မတ-သေရခြင်းက၊ သေယျော-မြတ်ပါသေး၏၊ ဣတိ-ဤသို့၊ (မရဏဝဏ္ဏဝါ-လည်း၊ သံဝဏ္ဏေယျ-အံ့- ဣတိ စိတ္တမနော-ဤသေခြင်း၌ စိတ်ရှိသည်၊ ဣတိစိတ္တသင်္ကပ္ပေါ-ဤသေခြင်း၌ ဆန်းကြယ်သော သညာ, စေတနာ, ဝိတက်ရှိသည်၊ (ဟုတ္တာ-ဖြစ်၍)၊ အနေကပရိယာယေန- များစွာသော အကြောင်းဖြင့်၊ မရဏဝဏ္ဏဝါ- သေခြင်း၌ ကျေးဇူးကိုမူလည်း၊ သံဝဏ္ဏေယျ-ထင်ရှားပြအံ့၊ ဝါ-ချီးမွမ်းအံ့၊ မရဏာယဝါ-သေဖို့ရာမူလည်း၊ (ဥပါယံ-နည်းလမ်းကို) သမာဒါပေယျ- ကောင်းစွာ ယူစေအံ့၊ အယံပိဘိက္ခု ပါရာဇိကော အသံဝါသော ဟောတိ။

* * * * *

သာတည်း။ [ဘိလူးနတ်တို့ကိုသတ်လျှင် ထုလ္လစ္စဉ်:, နဂါးစသော တိရစ္ဆာန်ကိုသတ်လျှင် ပါစိတ်၊] ထိုလူ့ကိုယ်လည်း အကောင်အထည် ထင်ရှားမှ မဟုတ်, အမိဝမ်းတွင်း၌ ကလလရည်ကြည် တည်ချိန်မှစက မမွေးခင်လည်း "လူ့ကိုယ်"ပင်ဖြစ်၏၊ ထို့ကြောင့် ကိုယ်ဝန်ဖျက်သော ရဟန်းလည်း ပါရာဇိကကျသည်။

ဇီဝိတာဝေါရောပေယျ - "ဇီဝိတ"အရ ရုပ်ဇီဝိတ-နာမ်ဇီဝိတ ၂မျိုးလုံးကိုယူ၊ ထိုဇီဝိတ ၂မျိုးလုံးကိုပင် "အသက်"ဟု ခေါ်သည်၊ "ဝေါရောပေယျ=ချအံ့"ဟု အနက်ပေးရိုးရှိ၏၊ "သြရောပေတိ=အောက်သို့ချ၏"ဟူရာ၌ "အဝရေးရှိသော ရဟာဓာတ်, ဏာပေပစ္စည်း, တိဝိဘတ်"ဖြစ်သကဲ့သို့,ဤ၌လည်း "ဝိ+အဝ+ရဟ+ဏာပေ+ဏေယျ" ဖြစ်သောကြောင့် "ချအံ့"ဟု ပေးကြဟန်တူသည်၊ သို့သော် ထိုအနက်ရ "လူ့ကိုယ်ကို အသက်မှ ဆွဲချအံ့"ဟု ဆိုရာရောက်သဖြင့် အဓိပ္ပာယ် ကွေ့ကောက်လျှက်ရှိ၏။

အဋ္ဌကထာတို့၌ "ဝေါရောပေယျ"ကို "ဝိယောဇေယျ=ခွဲအံ့"ဟု ဖွင့်၏၊ ထို အဖွင့်အတိုင်းသာ အဓိပ္ပာယ်လှသည်၊ ဘာကြောင့်နည်း- "လူ့ကိုယ်ကို အသက်မှခွဲအံ့"ဟု ဆိုလျှင် "အသက်တခြား ကိုယ်တခြား ဖြစ်အောင် သတ်အံ့" ဟုဆိုရာရောက်သောကြောင့်တည်း၊ ဤ "မနုဿ ဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ"၌ ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ သတ်ခြင်းများ ပါဝင်သည်။

http://www.dhammadownload.com

သတ္တဟာရက် ဝါသ၀ဒီယေသေယျ – ဤ၀ါကျကား သေအောင် လုပ်နည်းတစ်မျိုးကို ပြသော၀ါကျတည်း၊ "သတ္တ"အရ "ဓား"ကိုသာ ယူကြ၏၊ သို့သော် "သတ္တ"သဒ္ဒါသည် လက်နက်အမျိုးမျိုးကို ဟောနိုင်သောကြောင့်လည်းကောင်း, ပါဠိတော်၌ "အသိ'၀ါ (သန်လျက်) သတ္တိ'၀ါ (လှံ)"• စသည်ဖြင့် လက်နက်အမျိုးမျိုး ဖွင့်သောကြောင့်လည်းကောင်း "သတ္တ" အရ လက်နက်အားလုံးကို ယူရမည်။

ဟာရက။ ။ "အသက်ကိုဆောင်"ဟူရာ၌လည်း လက်နက်ဖြင့် ထိုးခုတ်၍ အသက်ဆုံးလျှင် ထိုအသက်ကို လက်နက်က ဆောင်ယူသွားသကဲ့သို့ ဖြစ်သောကြောင့် "အသက်ကို ဆောင်တတ်သော လက်နက်"ဟုဆိုသည်၊ ယခုကာလ၌လည်း "နင့်အသက်ကို ဓားထဲ ပါသွားချင်သလား"ဟု စသည်ဖြင့် ကြိမ်းမောင်းလေ့ရှိကြသည်။

ပရိယေသေယျ။ ။ သဒ္ဒါအနက်မှာ "ရှာမှီးအံ့"ဟုသာထွက်၏၊ သို့သော် ရှာရုံမျှဖြင့် အပြစ်မရှိ, ကိုယ့်ကိုယ်ကို သတ်သေချင်သူ အလွယ်တကူရအောင် ထိုသူ့အနီး၌ ချထားမှ အပြစ်ရှိသည်၊ ထို့ကြောင့် သိခါပတ္တ (အပြီးရောက် အနက်ကို) ပြလို၍ "ရှာမှီး၍ ချထားအံ့"ဟု ပေးသည်။

အချုပ်မှာ– ဤ "သတ္တဟာရက် ၀ါသ ပရိယေသေယျ"ပါဌ်ဖြင့် တိုက်ရိုက်လည်း မသတ်–အသတ်လည်းမခိုင်းဘဲ သေချင်နေသူ အလွယ်တကူရအောင် သေစေလိုသော စေတနာဖြင့် လက်နက်ရှာ၍ ထိုသူ့အနီး၌ ချထားရာ, ထိုလက်နက်ဖြင့် သူ့ကိုယ်သူသတ်၍ သေလျှင်– လက်နက်ရှာ၍ ပို့ထားသူမှာ ပါရာဇိကကျသည်–ဟုပြသည်။

စရဏ၀ဏ္ဏံ၀ါသံ၀ဏ္ဏယျ – ဤ၀ါကျလည်း သူတစ်ပါးသေအောင် သတ်နည်းတစ်မျိုးကို ပြသော၀ါကျတည်း၊ သေရခြင်း၌ အကျိုးကျေးဇူးကို ဖော်ပြခြင်းကိုပင် "သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်း"ဟု ရှေးကသုံးစွဲကြ၏၊ အကျိုးကျေးဇူးဖော်ပြပုံမှာ နောက်၌ "ကိ'တုယိမိနာ ပါပကေန ဒုဗ္ဘိ'ဝတေန၊ မတံ တေ .ဇီ'ဝိတာ သေယ္ယော"ဟု လာလိမ့်မည်။

ကိ' တုယိမိနာ ပါပကေန ဒုဗ္ဘိ'ဝတေန – ဤပါဌ်ဖြင့် အသက်ရှင်နေရခြင်း၌ အပြစ်ပြော၍ သေရခြင်း၌ အကျိုးပြသည်၊ "သင့်မှာအောက်ကျ နောက်ကျ ရှိလှသောအသက်ရှင်ရခြင်း–စားလိုတာမစားရသော (သို့မဟုတ်) ရောဂါထူပြောလှသော ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းဖြင့် အကျိုးမရှိပါ, သေရတာကပင်မြတ်ပါသေးသည်"ဟူလို၊ ဤကျေးဇူးပြောနည်းကား စီးပွား

http://www.dhammadownload.com

ဥစ္စာမှစ၍ အရာရာအောက်ကျသူ- စားရမဲ့ သောက်ရမဲ့ ဖြစ်နေသူ- ရောဂါများသူတို့ကို ပြောနည်းတည်း။

မတံ ဟ ဒီဝိတာ သေယျော။ ။ ဤပါဠိဖြင့် သေသည့်အခါ အကျိုးရမည်ကိုပြော၍ သေရခြင်း၌ အကျိုးပြသည်၊ "သင်သည် ကုသိုလ်ကောင်းမှု အားကြီးသူဖြစ်၍ သေလျှင် နတ်ပြည်ရောက်ပါလိမ့်မည်, သို့ဖြစ်၍ အသက်ရှင်နေရခြင်းထက် သေရတာကပင် ကောင်းပါသေးသည်" စသည်ဖြင့် ပြောခြင်းတည်း၊ ဤပြောနည်းမှာ ကုသိုလ်အားကြီးသူကို သေချင်လာအောင် ပြောနည်းတည်း။

ပရိယာယ်ဖြင့် အပြစ်သင့်။ ။ ဤမရဏဝဏ္ဏ သံဝဏ္ဏနာ ၂ မျိုးလုံးပင် သတ်လည်းမသတ်, အသတ်လည်းမခိုင်း, သတ်နည်းကိုလည်း မပြဘဲ ပရိယာယ်ဖြင့် သူတစ်ပါးသေချင်လာအောင် ပြောပြခြင်းဖြစ်၏၊ ထို့ကြောင့် မည်သည့်နည်းမျိုးနှင့်ဖြစ်စေ သူတစ်ပါးသေချင်လာအောင် ပရိယာယ်ဖြင့် ပြောပြလျှင် ထိုစကားအရ တစ်ယောက်ယောက်သည် (ရှည်သင့်သလောက် မရှည်ဘဲ အချိန်အနည်းငယ်မျှ) အသက်တိုသွားမှု ပြောသူမှာ ပါရာဇိကကျတော့၏၊ သို့ဖြစ်၍ လူမမာ အနာ၌ အားရအောင် အားပေးရာဝယ် မြန်မြန်သေအောင် အားပေးမမှားဖို့ သတိထားသင့်သည်။ [ဒုတိယ ပါရာဇိက၌ "အာဒိယေယျ"ဟု ဆိုသောကြောင့် ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ ယူမှ အာပတ်သင့်သည် ယူချင်လာအောင် ပရိယာယ် ပြောရုံမျှဖြင့် အာပတ်မသင့်။]

မရဏယဝါ သမာဒါယေယျ - ဤဝါကျလည်း သူတစ်ပါးသေစေရန် သတ်နည်း တစ်မျိုးကိုပြသော ဝါကျပင်တည်း၊ "သေဖို့ရာ နည်းလမ်းကို ယူစေအုံ" ဟူရာ၌ "နည်းလမ်းကို ယူစေခြင်း"ဟူသည် နည်းလမ်းပေးခြင်း, နည်းပြခြင်းတည်း၊ "ဓားဖြင့်ထိုး၍ သေပါ့လား, အဆိပ်သောက်သေပါ့လား" စသည်ဖြင့် နည်းပေးသည်ဟူလို၊ မရဏဝဏ္ဏဝါ သံဝဏ္ဏေယျဖြင့် သေချင်စိတ်မရှိသေးသူကို သေချင်လာအောင် ပြော၍, မရဏယဝါ သမာဒါယေယျဖြင့် သေချင်နေသူအား နည်းလမ်းကိုပြသည်၊ [မရဏာယပုဒ်၌ အာယသည် အတ္ထာယ-ဟိတာယ၌ကဲ့သို့ သဝိဘတ်၏ ကာရိယတည်း။]

အမ္ဘောပုရိသ၊ ယေ၊ သေယျောတိ - ဤဝါကျကား "မရဏဝဏ္ဏဝါ သံဝဏ္ဏေယျ" အရသေခြင်း၌ အကျိုးကျေးဇူး ပြောပုံကိုပြသော ဝါကျတည်း၊ ထို့ကြောင့် "သေယျောတိ"၌ ဣတိနောင် "မရဏဝဏ္ဏဝါ သံဝဏ္ဏေယျ"ဟု ရှေ့ပုဒ်များကိုလှည့်၍ အနက်ဖြည့်ရသည်၊ အဓိပ္ပာယ်ကိုလည်း ရှေးဦးပြခဲ့ပြီ။

http://www.dhammadownload.com

ဣတိစိတ္တမနော။ ။ ဣတိသဒ္ဒါသည် "မတं တေ ဇိဝိတာသေယ္ယော"၌ ပြခဲ့သော "မတं"အရ "သေခြင်း"ကိုပြန်၍ ညွှန်ပြသော (နိဒဿန)အနက်ရှိ၏၊ "ဣတိ-မတံအရ၌ ပြခဲ့သော ဤသေခြင်း"ဟု ဆိုလိုသည်၊ စိတ္တသဒ္ဒါသည် စိတ်ဟူသောအနက်-အထူးအဆန်းဟူသောအနက်-ပန်းချီ ဆေးရေးရပ်အနက်စသည်ကို ဟောနိုင်သောကြောင့် ဤနေရာ၌ စိတ်ကိုသာ ဟောစေလို၍ မနဟု တွဲဖက်ပြရသည်၊ "ဣတိစိတ္တမနော-ဤသေခြင်း၌ စိတ်ရှိသည်" ဟူရာယော် "သေစေလိုသော စိတ်ရှိသည်"ဟု ဆိုလိုသည်။

စိတ္တသက်ပွေါ - ဤ၌ စိတ္တသဒ္ဒါကား "စိတ်"ဟူသော အနက်ကိုမဟော, "ဆန်းပြား"ဟူသော အနက်ကိုဟော၏၊ သက်ပွသဒ္ဒါလည်း အများမှတ်ရိုးဖြစ်သော ဝိတက် (အကြံ)အနက်ကိုသာ မဟော, သံဝိဒဟန အနက်ကို ဟော၏၊ "သံဝိဒဟန"ဟူသည်လည်း "သတ္တဝါမှန်းသိသော သညာ, သေစေလိုသော စေတနာ, သေစေဖို့ရန် အကြံဝိတက်"ဤ ၃ ချက်တည်း၊ "ဣတိ"သဒ္ဒါ မပါသော်လည်း ဣတိစိတ္တမနောမှ ဣတိသဒ္ဒါကို လိုက်စေသည်၊ စိတ္တသက်ပွေါ်၌ "ဆန်းပြား"ဟူသည် သညာအမျိုးမျိုး စေတနာအမျိုးမျိုးနှင့် ဝိတက်အမျိုးမျိုးတည်း။

အနေကပရိယာယေန - ဤပုဒ်ကို သံဝဏ္ဏေယျသမဒါပေယျ ၂ ချက်၌စပ်၊ "အမျိုးမျိုးသော အကြောင်း"ဟူသည် ထင်ရှားသော အကြောင်း, မထင်ရှားသော အကြောင်း, ကြမ်းတမ်းသော အကြောင်း၊ နူးညံ့သော အကြောင်းများတည်း၊ ထိုတွင် "ကိံ တုယှိမိနာ"စသည်ဖြင့် "သင့်မှာ ယုတ်ညံ့အောက်ကျဆင်းရဲသော အသက်ရှင်ရခြင်းဖြင့် ဘာအကျိုးရှိတော့အံ့နည်း"ဟု ပြောခြင်းမျိုးသည်၊ ကြမ်းတမ်းသော အကြောင်းဖြင့် ပြောခြင်းတည်း၊ "မတं တေ ဇိဝိတာ သေယျော"ဟု ပြောခြင်းမျိုးသည် နူးညံ့သော အကြောင်းဖြင့် ပြောခြင်းတည်း၊ အနေကပရိယာယေန ဟုဆိုသောကြောင့် ဤနည်းသာမက ယခုကာလ နာမည်ကြီးခြင်း-ဥစ္စာရခြင်း စသော အကျိုးကို ပြ၍ သေချင်လာအောင် ပြောလျှင်လည်း မရဏဝဏ္ဏသံဝဏ္ဏနာပင်တည်း။ ["မရဏဝဏ္ဏော သံဝဏ္ဏေယျ မရဏာယ ဝါ သမာဒါပေယျ"ဟု ထပ်ဆိုခြင်းကား ရှေ့၌ ပြခဲ့သော မရဏဝဏ္ဏော သံဝဏ္ဏေဝါ စသည်ကိုပြန်အုပ်သော နိဂုံးစကားတည်း။]

အယမ္ပိ ပါရာဇိကာ - ဤအပိသဒ္ဒါလည်း ရှေ့သိက္ခာပုဒ် ၂ ရပ်၌ပြအပ်ခဲ့သော ရဟန်းတို့ကို ပြန်၍ခဲ့သော အပေက္ခာအနက်ရှိ၏ တစ်နည်း-ပြန်၍

http://www.dhammadownload.com

ဆည်းသော ဝုတ္တသမုစ္စည်း အနက်ရှိ၏၊ ရှေ့ဦးပြခဲ့သော မေထုန်မှိုဝ-ခိုးယူ သူများသာ ပါရာဇိကကျသည်မဟုတ်, ဤရဟန်းလည်း ပါရာဇိကကျသည်-ဟူလို။

အရေးပေါ်မှတ်ပွယ်။ ။ ဤတတိယ ပါရာဇိကသိက္ခာပုဒ်၌ (နိဂုံးမှတစ်ပါး) ရှေ့က ဝါသဒ္ဒါ ၃ ချက်ကိုရှု၍ (ဝါမပါသော မူလဝါကျ၏ အနက်နှင့်တကွ) အနက် ၄ ပါးကို (သေအောင် လုပ်နည်း ၄ မျိုးကို) ပိုင်းခြား မှတ်သားသင့်၏။

၁။ "မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ"အရ ကိုယ်တိုင်ဖြစ်စေ၊ ခိုင်းရှိ၍ဖြစ်စေ သတ်ခြင်း,

၂။ "သတ္ထဟာရကံ ဝါသ ပရိယေသေယျ"အရ သေချင်သူ အလွယ်တကူရအောင် လက်နက်ရှာ၍ ပို့ထားခြင်း,

၃။ "မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ"အရ သေရခြင်း၌ ကျေးဇူးရှိပုံကို ထင်ရှားပြခြင်း (ချီးမွမ်းခြင်း),

၄။ "မရဏာယ ဝါ သမာဒါပေယျ"အရ သေဖို့ရာ နည်းပေးလမ်းပြ ပြုလုပ်သင်ပြခြင်းတည်း။

တတိယပါရာဇိက အင်္ဂါ။ ။ ၁-လူဇာတ်ရှိခြင်း, ၂-သတ္တဝါမှန်းသိခြင်း, ၃-သတ်လိုသောစိတ်ရှိခြင်း, ၄-လုံ့လအားစိုက်ခြင်း, ၅-သေခြင်း, ဤအင်္ဂါ ၅ ပါး ညီညွတ်လျှင် ပါရာဇိကကျ၏ [၄-သတ်ခြင်း, အသတ်ခိုင်းခြင်း, လက်နက်ရှာထားခြင်း သေချင်လာအောင် ကျေးဇူးပြောပြခြင်း, သတ်နည်းပေးခြင်းဟူသော ကိုယ်ပယောဂ-နှုတ်ပယောဂ တစ်ခုခုကို "လုံ့လအားစိုက်ခြင်း" ဟု ဆိုသည်။]

[ဆောင်] လူဇာတ်လည်းရှိ[1], သတ္တဝါဟုသိ၍[2], သတ်မည်လိုလား-စိတ်စက်ထားဖြင့်[3], အားပါ စိုက်လျှင်[4], စုတေခြင်းဟု[5], ကြောင်းရင်း ၅ လီ, အင်္ဂါညီ, ကျပြီပါရာဇိက်။

၅။ လေ့ကျင့်စန်း မေးခွန်းများ

က။ တတိယပါရာဇိက သိက္ခာပုဒ်ပါဠိကို အကျဉ်းချုပ် မြန်မာပြန်၍, သဠေစ္ဆ ၌ သံအနက် စီစွဲအနက် ခွဲပြပါ။

http://www.dhammadownload.com

၅။ "မနုဿဝိဂ္ဂဟံ"အရ ဘယ်အချိန်မှစ၍ ဘယ်အချိန်အထိ လူ့ကိုယ်ကို ယူရမည်နည်း, ဘီလူး နတ်နှင့် တိရစ္ဆာန်တို့ကို သတ်ရာ၌ အသီးအသီး မည်သည့်အာပတ် သင့်ကြောင်းကိုလည်းပြပါ။

၈။ "ဝေါရောပေယျ=ချအုံ့"၊တစ်နည်း- "ခွင်းအုံ့=ခွဲအုံ့"ဟု ပေးသော အနက်တို့တွင် မည်သည့်အနက်က သာ၍ သင့်ပါသနည်း။

၈။ "သတ္ထဟာရကံ"၌ သတ္ထအရ ဘာကို ယူရမည်နည်း၊ ဟာရကအရ "အသက်ကိုဆောင်" ဟူသော စကား၏ အဓိပ္ပာယ်ကိုလည်းပြပါ။

၈။ "ပရိယေသေယျ"အတွက် "ရှာမှီးအုံ့"ဟုသာ အနက်ထွက်ပါလျက် အဘယ်ကိုပြလို၍ "ရှာမှီး၍ ချထားအုံ့"ဟု ပေးပါသနည်း။

၈။ ကိ"တုယိမိနာ၊ ပေ၊ သေယ္ယောအရ မရဏဝဏ္ဏ သံဝဏ္ဏနာ ၂ မျိုးကို ပြပါ။

ဆ။ ဤ တတိယပါရာဇိကာ၌ ပရိယာယ်ဖြင့်ပြောလျှင် အပြစ်သင့်ကြောင်းကို မည်သည့်ပါဠိထောက်၍, ဒုတိယပါရာဇိကာ၌ ပရိယာယ်ပြောရုံမျှဖြင့် အပြစ်မသင့်ကြောင်းကို မည်သည့်ပါဠိထောက်မည်နည်း။

ဇ။ "မရဏာယဝါ သမာဒါပေယျ"အရ သေဖို့ရာ နည်းပေးပုံကိုပြပါ။

ဈ။ "ဣတိ စိတ္တော"တွင် မဆိုဘဲ အဘယ့်ကြောင့် "မန"ထည့်၍ ဆိုရသနည်း။

ည။ စိတ္တသက်ပွေါ်၌ စိတ္တအနက်-သက်ပွအနက်ကို ခွဲခြားပြ၍၊ သက်ပွ အရ မည်သည့်တရားများကို ယူရမည်-ဟုပြပါ။

ဋ။ စိတ္တသက်ပွေါ်၌ ဣတိမပါဘဲ အနက်ပေးသည့်အခါ အဘယ်မှရ၍ "ဣတိစိတ္တသက်ပွေါ"ဟု ဆိုရသနည်း။

ဌ။ အနေကပရိယာယေန၌ ပရိယာယ် အမျိုးမျိုးဟူသည် ဘယ်လိုပရိယာယ် မျိုးပါနည်း။

ဍ။ တတိယပါရာဇိက သိက္ခာပုဒ်၌ အချုပ်မှတ်ဖွယ်အနက် ၄ ချက်ကိုပြ၍ တတိယပါရာဇိက အင်္ဂါကိုလည်းပြပါ။

---

http://www.dhammadownload.com

ဇာတုဗ္ဗ ပါရာဇိက

ယောပနဘိက္ခု-သည်၊ အနဘိဇာနံ-မိမိ၌ ဥတ္တရိမနုဿ ဓမ္မရှိကြောင်းကို မသိပါဘဲ၊ အလမရိယ ညာဏဒဿနံ-ကိလေသာကိုဖျက်ဆီးခြင်း၌ စွမ်းနိုင်သော စင်ကြယ်သော ဉာဏ်အမြင်ရှိသော၊ ဥတ္တရိ မနုဿဓမ္မံ-မြတ်သော စျာယီအရိယာလူတို့၏ စျာန်မဂ်ဖိုလ်တရားကို၊ အတ္တူပနာယိကံ- မိမိ၌ ကပ်ဆောင်၍၊ ဣတိ-ဤအကြောင်းကြောင့်၊ ဇာနာမိ-ငါသိ၏ ဣတိ-ဤအကြောင်းကြောင့်၊ ပဿာမိ-ငါမြင်၏၊ ဣတိ-ဤသို့၊ သမုဒါစရေယျ-ပြောပြအံ့။

တတော- ထို ပြောပြရာ အခါမှ၊ အပရေန သမယေန-တစ်ပါးသော အခါ၌၊ သမနုဂ္ဂါဟီယမာနေဝါ- စစ်ဆေးမေးမြန်းအပ်သော်လည်းကောင်း၊ အသမနုဂ္ဂါဟီယမာနေဝါ- မစစ်ဆေး မမေးမြန်းအပ်သော်လည်းကောင်း၊ အာပန္နော-ပါရာဇိက အာပတ်သို့ရောက်ပြီး (ဖြစ်၍)၊ ဝိသုဒ္ဓါပေက္ခော-စင်ကြယ်ကြောင်း လူ့အဖြစ် စသည်ကို အလိုရှိလသော်၊ ဧဝံ-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့။

(ကထံ-အဘယ်သို့ ပြောဆိုသနည်း၊) အာဝုသော-ငါရှင်တို့၊ အဇာနမေဝ - ဥတ္တရိ မနုဿဓမ္မကိုမသိပါဘဲ၊ ဇာနာမိ - ငါသိ၏၊ အပဿသမေဝ-ဥတ္တရိမနုဿဓမ္မကို မမြင်ပါဘဲ၊ (အဇာနမေဝ-မှ ဧဝကို လိုက်စေသည်၊) ပဿာမိ- ငါမြင်၏၊ ဣတိ-ဤသို့၊ အဝစံ-ပြောဆိုမိပါပြီ၊ တုစ္ဆံ- အနက်မဖိုး အချည်းနီးသော၊ မုသာ-လိမ်လည်လိုခြင်း ရှုတ်ယွင်းသော စကားကို၊ ဝိလပိ-ပြောဆိုမိပါပြီ၊ ဣတိ-ဤသို့၊ ဝဒေယျ- ပြောဆိုအံ့၊ အဒိမာနာ- ရအပ်ပြီဟုမှတ်ထင်ခြင်းကို၊ ဝါ- လွန်ကဲသော မှတ်ထင်

* * * * *

ဇာတုဗ္ဗပါရာဇိက။ ။ "ယောပနဘိက္ခု အနဘိဇာနံ" စသည်ကား စတုတ္ထပါရာဇိက သိက္ခာပုဒ်တည်း၊ သိက္ခာပုဒ်၏အကျဉ်းချုပ်ကား- အကြင် ရဟန်းသည် မိမိ၌ "ဥတ္တရိမနုဿဓမ္မ"ဟုခေါ်သော စျာန်မဂ်ဖိုလ် တရားများ မရှိမှန်းသိလျက် ဥတ္တရိမနုဿဓမ္မကို မိမိ၌ (ရှိသကဲ့သို့) ကပ်ဆောင်ပြောဆိုအံ့၊ ဥတ္တရိမနုဿဓမ္မ ဇကန်ရှိပြီးပြီဟု မှတ်ထင်မှု မရှိပါဘဲ ဝါကြွားလို၍ပြောလျှင် ထိုရဟန်းလည်း ပါရာဇိကကျ၍ သံဝါသ မရှိတော့ချေ။

http://www.dhammadownload.com

ခြင်းကို၊ အညတြ- ကြဉ်ထား၍၊ သမုဒါစရေယျ-ပြောပြအံ့၊ (ရှေ့က "သမုဒါစရေယျ"ကို ပြန်၍ အနက်ပေးသည်။) အယမ္ပိ ပါရာဇိကော ဟောတိ အသံဝါသော။

* * * * *

အနဘိစာနံ - [နဉ+အဘိစာနံ၊အဘိစာနံ၌ အဘိပုဗ္ဗ-ဥာဓာတ် နာ ပစ္စည်း, အန္တ ပစ္စည်း၊] အနဘိစာနံအရ "မသိ"ဟူသည် မိမိသန္တာန်၌ ဥတ္တရိမနုဿဓမ္မ ရှိကြောင်းကို မသိခြင်းတည်း၊ "ရှိကြောင်းကို မသိခြင်း" ဟူသည်လည်း "ရှိပါလျက် မသိခြင်း"မဟုတ်, ရှိကိုမရှိ၍ မသိခြင်းတည်း။

ဥတ္တရိ မနုဿဓမ္မံ - ဥတ္တရိ-မြတ်ကုန်သော၊ မနုဿာ-လူတို့တည်း၊ ဥတ္တရိ မနုဿာ-မြတ်သောလူတို့၊ "မြတ်သောလူ"ဟူသည် ရိုးရိုးပုထုဇဉ်လူများထက် သာလွန်သော စျာယိ(စျာန်ရသူ)နှင့် အရိယာ (မဂ်ဖိုလ်ရသူ)များတည်း၊ "ထိုသူတို့၏ တရား"ဟူသည် ထိုသူတို့သန္တာန်၌ ထင်ရှားရှိသော (ထိုသူတို့ အပိုင်ဖြစ်သော) စျာန်မဂ်ဖိုလ် တရားများတည်း။

အတ္တူပနာယိကံ - [အတ္တ=မိမိ၌+ဥပနာယိကံ=ဥပ-ကပ်+နာယိကံ-ဆောင်၍] "မိမိ၌ ကပ်ဆောင်ခြင်း"ဟူသည် မိမိမှာ စျာန်မဂ်ဖိုလ်တရားများ ရှိသည့်အနေမျိုးဖြစ်အောင် မိမိသန္တာန်၌ ကပ်၍ ဆောင်ယူခြင်းတည်း၊ "ဆောင်ခြင်း"ဟူသည်လည်း လက်ဖြင့် ယူဆောင်ခြင်းမဟုတ်၊ နှုတ်အပြောအားဖြင့်ယူဆောင်ခြင်းတည်း။ ဥပမာ-ငွေမရှိသူက ငွေရှိကြောင်းကို ဝါကြွားပြောဆိုရာ၌ ထိုငွေများကို သူသန္တာန်၌ နှုတ်အပြောအားဖြင့် ယူဆောင်ထားသကဲ့သို့တည်း။

ဤ "အတ္တူပနာယိကံ"သည် "သမုဒါစရေယျ"ဟူသော ကြိယာကို အထူးပြုသော ကြိယာဝိသေသနပုဒ်တည်း၊ "မိမိ၌ ဥတ္တရိမနုဿဓမ္မကို ယူဆောင်၍ ပြောပြသည်"ဟူလို၊ ထို့ကြောင့် ကြိယာဝိသေသန သဘောထင်ရှားအောင် "ကတ္တာ"တည့်၍ ဖွင့်ရိုးပြုကြသည်၊ အနက်ပေးသောအခါ၌ကား ထိုကတ္တာမထည့်ဆဲလည်း "ယူဆောင်၍"ဟု အနက်ပေးနိုင်သည်။

အလမရိယ ဉာဏဒဿနံ - [အလံ=စွမ်းနိုင်သော+အရိယ=ကိလေသာတို့မှ စင်ကြယ်သော+ဉာဏ=ကသိုဏ်းစသော အာရုံ-သစ္စာ၄ ပါး အာရုံကို သိတတ်+ဒဿန-မျက်စိဖြင့် မြင်သကဲ့သို့ ထိုအာရုံများကို မြင်တတ်သော ဉာဏ်၊ ဤပုဒ်အပေါင်းကို ဗဟုဗ္ဗီဟိသမာသ်တွဲ၍ ဥတ္တရိမနုဿဓမ္မကို ရစေသည်။] အလံအရ "စွမ်းနိုင်"ဟူသည် ကိလေသာကို ဖျက်ဆီးခြင်း ကိစ္စ၌

http://www.dhammadownload.com

စွမ်းနိုင်ခြင်းတည်း၊ ထိုကဲ့သို့ စွမ်းနိုင်သောတရားဟူသည် ဈာန် မဂ်ဖိုလ်နှင့် ယှဉ်သောဉာဏ်တည်း။ [စွမ်းနိုင်ပုံကို အဘိဓမ္မာ လေ့လာသူတိုင်း သိနိုင်ပြီ။]

သမုဒါစရေယျ – "သမုဒါစရေယျ"အရ "ပြောပြခြင်း"ဟူရာ၌ ကိုယ်လက်ဖြင့်ပြခြင်း–စာရေးပြခြင်း–နူတ်ဖြင့်ပြောခြင်းများ ပါဝင်သည်၊ ထိုသို့ ပြောရာဝယ် အပြောခံရသူက နားလည်လောက်သူ လူသားစင်စစ်ဖြစ်မှလည်း ပါရာဇိကကျသည်၊ နားမလည်သော ကလေးသူငယ် စသူနှင့် နတ် စသူကို ပြောရာ၌ ပါရာဇိကမကျ။

ဣတိစာနာမိ၊ ဣတိပဿာမိ – ဤစကားကား ပြောပုံပြောနည်းပြသော စကားတည်း၊ "ဣတိစာနာမိ"၌ ဣတိသဒ္ဒါက သိဖွယ်ဟူသမျှကို ညွှန်ပြ၍ "ဣတိပဿာမိ"၌ ဣတိသဒ္ဒါက မြင်ဖွယ်ဟူသမျှကို ညွှန်ပြသောကြောင့် တကယ်ပြောသည့်အခါ "ငါပထမဈာန်ကိုသိ၏, ငါပထမဈာန်ကိုမြင်၏"ဟုလည်းကောင်း၊ "ငါအရဟတ္တဖိုလ်ကို သိ၏, ငါအရဟတ္တဖိုလ်ကိုမြင်၏"ဟုလည်းကောင်း နည်းအမျိုးမျိုးဖြင့် အလိုရှိသလို ပြောပေလိမ့်မည်။ [ဉာဏ + ဒဿနံဟုဥတ္တရိမနုဿမမ္မ၏ဝိသေသန ၂ ခုကိုင့်၍ ဉာဏအတွက် "စာနာမိ"ဟုလည်းကောင်း ဒဿနအတွက် "ပဿာမိ"ဟုလည်းကောင်း ၂ မျိုးပြသည်။]

ထေရေနာ၊ ဝေ၊ ဝေ၀ေဒယျ။ ။ ဤဝါကျဖြင့် မိမိမှာ အာပတ်သင့်ကြောင်း ဝန်ခံရာအခါကိုပြသည်၊ ထိုကဲ့သို့ ပြောဆိုပြီးနောက် သူတစ်ပါး၏ အစစ်အဆေးအမေးအမြန်းကို ခံရ၍ဖြစ်စေ–မခံရဘဲ (မိမိဘာသာ) ဖြစ်စေ၊ မိမိပြောမိလိမ်မိသည်ကို ဝန်ခံကောင်းဝန်ခံပေလိမ့်မည်–ဟူလို၊ သို့သော် ဝန်ခံခြင်း–မခံခြင်းကား ဤသိက္ခာပုဒ်၌ လိုရင်းမဟုတ်၊ ဝန်ခံခြင်းဖြင့် သူ၏ စိတ်ကောင်းနှလုံးကောင်း ရှိကြောင်းကိုသာ သိရသည်၊ အာပတ်မှာ ပြောဆိုပြီးစတုန်းကပင် သင့်ခဲ့လေပြီ။

သဗ္ဗရုဠိဟိယမာနရာဝါ – [သံ+အနု+ဂဟ+ဏော+ယ+မာန၊] ဤပုဒ်၌ ဥပသာရနှင့် ပစ္စည်းများစွာပါရှိသော်လည်း အနက်မှာ– "စောဒီတော= စစ်ဆေးမေးမြန်းအပ်"ဟု ဖွင့်ကြသည်၊ မေးမြန်းနည်း ၆ မျိုးကား –

၁။ ကိ"တောအမိဂတ်= သင်ဘာကို ရအပ်သလဲ၊ "ဈာန်ကို ရသလား, မဂ်ဖိုလ်ကို ရသလား"ဟူလို။

၂။ ကိ"ဟိတော အမိဂတ်= ဘယ်နည်းဖြင့် သင်ရအပ်သလဲ၊ "အနိစ္စကို လိုရင်းပဓာနလုပ်၍ အားထုတ်လို့ ရသလား, သမာဓိကို အားထုတ်လို့ ရသလား, ဝိပဿနာကို အားထုတ်လို့ရသလား" ဟူလို။

http://www.dhammadownload.com

၃။ ကဒါတော အဓိဂတံ= အဘယ်အချိန်မှာ သင်ရအပ်သလဲ။
၄။ ကတ္ထ တော အဓိဂတံ= အဘယ်နေရာမှာ သင်ရအပ်သလဲ။
၅။ ကတမေ တေ ကိလေသာ ပဟီနာ= အဘယ် ကိလေသာများကို သင်ပယ်အပ်ကုန်ပြီလဲ။
၆။ ကတမေသံ တွံလာဘီ= အဘယ်တရားတို့ကို သင်ရသနည်း၊ "ဈာန်တို့တွင် ပထမဈာန်ကိုရသလား, မဂ်ဖိုလ်တို့တွင် သောတာပတ္တိမဂ်ဖိုလ်ကို ရသလား"ဟူလို၊ ...ဤသို့ မေးနည်း ၆မျိုးရှိသည်။

အာပနော ဝိသုဒ္ဓါပေက္ခော - အာပနောအရ "အာပတ်သင့်ခြင်း"ဟူသည် လိမ်၍ပြောပြီးစကပင် သင်ခဲ့ခြင်းတည်း၊ ထို့ကြောင့် "အာပနော-အာပတ်သင့်ပြီးဖြစ်၍"ဟု အနက်ပေးသည်၊ ဝိသုဒ္ဓါပေက္ခောကို "ဝိသုဒ္ဓိ+အပေက္ခော"ဟု ပုဒ်ဖြတ်၊ "ဝိသုဒ္ဓိ"အရ စင်ကြယ်ခြင်းကိုမယူရ၊ စင်ကြယ်ကြောင်း (စင်ကြယ်ခြင်း၏အကြောင်း)ကို ယူရမည်၊ "စင်ကြယ်ကြောင်း" ဟူသည်လည်း လူ့အဖြစ် စသည်ပင်တည်း။

ချဉ်းအုံ - ပါရာဇိက ကျပြီးသူသည် ရဟန်းအသွင်ကို မစွန့်သမျှ, မစင်ကြယ်တော့ရကား ထိုအနေမျိုးဖြင့် ဈာန်မဂ်ဖိုလ်ကိုမဆိုထားဘိ၊ သေသည့် အခါ သုဂတိဘဝ (လူနတ်ဘဝ)ကိုမျှ မရနိုင်တော့ချေ၊ လူ-ဥပါသကာကြီး အာရာမ်စောင့်-သာမဏေအဖြစ်သို့ ပြောင်း၍ ဒါန-သီလ-ဘာဝနာတို့ကို အားထုတ်နေလျှင်ကား ထိုသုဂတိဘဝနှင့် ဈာန်မဂ်ဖိုလ်တရားများကိုပင် ရခွင့်ရှိသေး၏၊ ထို့ကြောင့် လူ့အဖြစ် စသည်သည် ထိုရဟန်းအတွက် စင်ကြယ်ကြောင်းပေတည်း၊ ထို့ကြောင့် "ဝိသုဒ္ဓါပေက္ခော=မိမိ၏ စင်ကြယ်ကြောင်း လူ့အဖြစ်စသည်ကို အလိုရှိလသော်"ဟု အနက်ပေးသည်။

အစာနမေဝ၊ ဃ၊ ဝိလပိဿို - ဤဝါကျကား သူ၏ လိမ်လည်ပြောမိကြောင်းကို ဝန်ခံပုံပြသော ဝါကျတည်း၊ "ငါ့ရှင်တို့...ဥတ္တရိမနုဿဓမ္မကို မသိပါဘဲ "ငါသိ၏"ဟုလည်းကောင်း, မမြင်ပါဘဲ "ငါမြင်၏" ဟုလည်းကောင်း ပြောမိပြီ, အချည်းနှီးမှားယွင်းသော စကားကိုဆိုမိပြီ"ဟူလို။ ["အစာနမေဝ-အစာနမေဝံ"ဟု ပါ၌ ၂ မျိုးရှိကြောင်းကို သာရတ္ထဒီကာဆို၏၊ ဤနိဿယ၌ ရှေ့ပါ၌ကိုသာ အနက်ပေးထားသည်၊ မေဝံရှာ၌ "ဧဝံ-ဤသို့၊ ဇာနာမိ-၏၊ ဧဝံ-ဤသို့၊ ပဿာမိ=၏"ဟုပေး၊ ပဿာမိနောင် ယခုစာတို့၌ ဣတိမပါ၊ "ပဿာမိတိ အဝစ"ဟု ဒီကာဖွင့်သောကြောင့် ပါလျှင်ကောင်း၏, မပါလျှင်ထည့်ပေး။]

http://www.dhammadownload.com

တုန္ဓမုသာအထူး။ ။ အနက်မရှိခြင်းကို "တုန္ဓ"ဟုလည်းကောင်း, စကားလုံးမှားယွင်းခြင်းကို "မုသာ"ဟုလည်းကောင်း ခွဲပါ၊ ဆိုလိုရင်းကား- "ပထမဈာန်ကို ငါရ၏"ဟုဆိုရာ၌ "ပထမဈာန်"ဟူသော စကား၏ အနက်မှန်ဖြစ်သော ပထမဈာန်တရား၏ သူ့သန္တာန်မှာ မရှိခြင်းသည် "တုန္ဓ"တည်း၊ "ပထမဈာန်ကို ငါရ၏"ဟူသော စကားတစ်ဝါကျလုံး မမှန်ခြင်းသည် "မုသာ"တည်း။

အညတြ အဓိမာနာ - [အဓိ (အဓိဂတ)=ရအပ်ပြီဟု+မာန=မှတ်ထင်ခြင်း။] ဈာန်မဂ်ဖိုလ်ရအောင် ကြိုးကြိုးစားစား အားထုတ်နေသော ယောဂီသူတော်စင်ဖြစ်၍ ကိလေသာများ အထင်အရှား မဖြစ်တော့ရကား မိမိမှာ ဈာန်-သို့မဟုတ် မဂ်ဖိုလ်များကို မရသေးသော်လည်း "ရနေပြီ"ဟု မှတ်ထင်မှုကို "အဓိမာန"ဟုခေါ်သည်၊ တစ်နည်း=[အဓိ (အဓိက)=လွန်ကဲသော+မာန=မှတ်ထင်ခြင်း။] မိမိမှာရှိသော ကာမာဝစရ သိလ သမာဓိ ပညာထက်ပို၍ မဟဂ္ဂုတ်လောကုတ္တရာ သိလ သမာဓိ ပညာရှိနေပြီဟု မှတ်ထင်မှုကို "အဓိမာန"ဟုခေါ်သည်၊ ထိုကဲ့သို့ အထင်ရှိ၍ စပ်မိစပ်ရာ ပြောသော ယောဂီပုဂ္ဂိုလ်မြတ်မှာ အာပတ်မသင့်။

မှတ်ချက်။ ။ ဤပြခဲ့သော စကားအရ အဓိမာနရှိသော ပုဂ္ဂိုလ်ဟူသည် ဈာနလာဘီအစစ်-အရိယာအစစ်လည်းမဟုတ်, မေ့မေ့လျော့လျော့နေသော ပုထုဇဉ်လည်းမဟုတ်, တရားအားထုတ်နေသော ယောဂီရဟန်းတော်တည်း- ဟုမှတ်ပါ၊ [ရှေးနိဿယ၌ "အဓိမာနာ-ရန်းခြင်းကို"ဟု အနက်ပေး၏၊ အဓိဟာယ်မထင်ရှား, သဒ္ဒါနက်အားဖြင့်လည်း မထိမိချေ။]

စတုတ္ထပါရာဇိက အဏိ။ ။ ၁-ဥတ္တရိမနုဿဓမ္မ၏ မိမိ၌မရှိခြင်း, ၂-ယုတ်မာသော (ဝါကြွားလိုသော)စိတ်ဖြင့်ပြောခြင်း, ၃-သူတစ်ပါးကိုကဲ့သို့ ညွှန်ပြသော အရာမဟုတ်ခြင်း, ၄-နားထောင်သူက လူသားစင်စစ်ဖြစ်ခြင်း, ၅-ပြောပြီးသည်နှင့် တစ်ပြိုင်နက် "ဤကိုယ်တော်သည် ဈာန်ရ-သို့မဟုတ် အရိယာပုဂ္ဂိုလ်"ဟုသိခြင်း၊ ဤအင်္ဂါ ၅ပါး ညီညွတ်လျှင် ပါရာဇိကကျ၏။

[ဆောင်] ဈာန်မဂ်ဖိုလ် ဥတ္တရိရယ်က, မိမိ၌ မရှိမှန်[1]၊
ပါဝိန္ဓာ စိတ်ဝါကြွားနှင့်, ပြောမှားမိဟန်[2]၊
သူတစ်ပါး: မညွှန်ပြန်[3], နာခံသူ. လူသား[4]၊
ပြောခြင်းပင် အမြန်သိလျှင်လ[5], အင်ငါးတန်-
အမှန်ရှိတာကြောင့်, စတုတ္ထာ ပါရာဇိကယ်,
ကျ၏မမှား။

http://www.dhammadownload.com

[၃-မိမိကိုပင် သူတစ်ပါး အနေမျိုးဖြင့် "ယော တေ ဝိဟာရေ ဝသတိ၊ သော အရဟာ=သင်ဒါယကာရဲ့ ကျောင်းဘုန်းကြီးဟာ ရဟန္တာပဲ"စသည်ဖြင့် "အညာပဒေသ=သူတစ်ပါးကိုကဲ့သို့ ညွှန်ပြ၍ ပြောရာ၌ နားထောင်သူကထို ပြောတိုင်း နားလည်လျှင် ပါရာဇိကမကျ-ထုလ္လစ္စဉ်း အာပတ်သာသင့်၏ နားထောင်သူက နားမလည်လျှင် ဒုက္ကဋ်အာပတ်သာသင့်၏။]

၆။ လေ့ကျင့်ခန်း မေးခွန်းများ

က။ စတုတ္ထပါရာဇိက သိက္ခာပုဒ် ပါဠိတော်ကို မြန်မာပြန်ပါ။

ခ။ ဥတ္တရိ+မနုဿ+ဓမ္မပုဒ်တို့၏ အနက်ကိုခွဲပြပြီးလျှင် "ဥတ္တရိမနုဿ" အရ မည်သည့်လူမျိုးကိုရ၍ "ဥတ္တရိမနုဿဓမ္မ"အရ မည်သည့်တရား ရသည်ဟုလည်း ပြပါ။

ဂ။ "အတ္တူပနာယိကံ"အရ မိမိ၌ ဥတ္တရိမနုဿဓမ္မ ဆောင်ယူပုံကို ထင်ရှားအောင် ဥပမာဖြင့်ပြပါ။

ဃ။ အလ်+အရိယ်+ဉာဏ+ဒဿနံတို့၏ အနက်ကို အသီးအသီးပြ၍, အလမရိယဉာဏဒဿနံ တစ်ပုဒ်လုံးအရ ဥတ္တရိမနုဿဓမ္မကိုရအောင် မည်သည့်သမာသ် တွဲစပ်ရမည်ကိုလည်းပြပါ။

င။ "ဣတိဇာနာမိ, ဣတိပဿာမိ"သည် ပြောပုံကိုပြသော စကားဖြစ်လျှင် တကယ်ပြောသောအခါ ဘယ်လိုပြောလိမ့်မည်နည်း။

စ။ "တတော၊ ပေ၊ ဧဝံ ဝဒေယျ"ကား ဘာကိုပြသော စကားပါနည်း။

ဆ။ သမနုဂ္ဂါဟိယမာနောဝါ အရ မေးပုံကိုပြပါ။

ဇ။ "အာပန္နော"အရမေး၍ ဝန်ခံမှ အာပတ်သင့်သည်-ဟု မှတ်ရမည်လော, ဘယ်အချိန်က သင်ခဲ့ပါသနည်း။

ဈ။ "ဝိသုဒ္ဓါပေက္ခော"၌ အဘယ်အဖြစ်ကို ဝိသုဒ္ဓိဟုခေါ်သနည်း။

ည။ "အဇာနမေဝ၊ပေ၊ဝိလပိန္တိ"ဝါကျကား ဘာကိုပြသော ဝါကျပါနည်း, ထိုဝါကျကို မြန်မာပြန်ပါ။

ဋ။ "အဇာနမေဝံ"ဟုရှိလျှင် အဘယ်သို့ အနက်ပေးမည်နည်း။

ဌ။ အဘယ်ကို "အဓိမာန"ဟုခေါ်သနည်း, ၂နည်းလုံးပြ၍, စတုတ္ထပါရာဇိက အဂါကိုလည်းပြပါ။

http://www.dhammadownload.com

နိဝုံး အာယသ္မန္တော-အရှင်တို့၊ စတ္တာရော-၄ပါး၊ ကုန်သော၊ ပါရာဇိကာ- ပါရာဇိက မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ-သရုပ်အားဖြင့် ရွတ်ပြအပ်ပါကုန်ပြီ၊ ဘိက္ခု-ရဟန်းသည်၊ ယေသံ-ယင်းပါရာဇိကတို့တွင်၊ အညတရံဝါ အညတရံဝါ-တစ်ပါးပါးသော ပါရာဇိကသို့မူလည်း၊ အာပဇ္ဇိတွာ-ရောက်လသော်၊ ပုရေ-ရှေးလူဖြစ်စဉ်, သာမဏေဖြစ်စဉ်အခါ၌၊ ဘိက္ခူဟိ-ရဟန်းတို့နှင့်၊ သဒ္ဓိं-တကွ၊ သံဝါသं-ဧကကမ္မ ဧကုဒ္ဒေသ သမသိက္ခာဟူသော သံဝါသကို၊ ဝါ-ပေါင်းသင်းခွင့်ကို၊ နလဘတိ ယထာ-မရသကဲ့သို့၊ တထာ-ထို့အတူ၊ ပစ္ဆာ-ပါရာဇိကကျပြီးနောက်၌၊ ဘိက္ခူဟိ-တို့နှင့်၊ သဒ္ဓိं-ကွ၊ သံဝါသं-ကို၊ နလဘတိ-မရ၊ ပါရာဇိကော ဟောတိ အသံဝါသော။

တတိယာနုသာဝန တတ္ထ-ထို ပါရာဇိကတို့၌၊ အာယသ္မန္တော ပုစ္ဆामိ-ကစ္စိ ပရိသုဒ္ဓါ အတ္ထ၊ ဒုတိယမ္ပိ ပုစ္ဆာမိ - ကစ္စိတ္ထ ပရိသုဒ္ဓါ၊ တတိယမ္ပိ ပုစ္ဆာမိ - ကစ္စိတ္ထ ပရိသုဒ္ဓါ၊ အာယသ္မန္တော- အရှင်တို့သည်၊ ဧတ္ထ- ဤပါရာဇိကတို့၌၊ ပရိသုဒ္ဓါ-စင်ကြယ်ကုန်၏ တသ္မာ-ထို့ကြောင့်၊ တုဏှီ-သည်၊ (အာသိ-ဖြစ်ပြီ၊) ဧဝမေတं ဓာရယာမိ၊ ဣတိ-ပါရာဇိကပြီးပြီ၊ ပါရာဇိကာ-ပါရာဇိက ဓမ္မတို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။

[မပါသော အနက်များကို နိဒါန်းအဆုံးကြည့်၍ပေးပါ။]

* * * * *

နိဝုံးနှင့် အနုသာဝန။ ။ "ဥဒ္ဒိဋ္ဌာ၊ပေ၊ဓမ္မာ"သည် နိဝုံးဝါကျ, "ယေသံဘိက္ခု"မှစ၍ "အသံဝါသော"တိုင်အောင်ကား အမှာစကားရပ်၊ "တတ္ထာယသ္မန္တော"စသည်တို့မှာ ယာဝတတိယာနုသာဝန စကားတည်း၊ "ဥဒ္ဒိဋ္ဌာ-သရုပ်အားဖြင့် ပြအပ်ပါကုန်ပြီ"ဟူရာ၌ ဘိက္ခုပါတိမောက္ခဒွေသ၌ တိုက်ရိုက်ပြထားသော ပါရာဇိက ၄ပါးကို ရည်ရွယ်၍ဆိုသည်၊ ထို ၄ပါးကို သရုပ်သကောင်ပေါ်အောင် ထုတ်ပြပြီးပြီ-ဟုဆိုလိုသည်။

ပါရာဇိက ၂၄။ ။ ပြခဲ့သော ပါရာဇိက ၄ပါးတွင် မပါဝင်သော ပါရာဇိကများနှင့်တကွ ပါရာဇိက ၂၄ပါးကို မှတ်သားရာ၏၊ ဤပါတိမောက်၌

http://www.dhammadownload.com

တိုက်ရိုက်လာသော ဘိက္ခုအတွက် ပါရာဇိက ၄, ဘိက္ခုနီအတွက် (စပါ:ရိုသော်လည်း ၄ပါ:က တူပြီးဖြစ်၍ မတူသော) ပါရာဇိက ၄, ဝဋ္ဌနီယ ၂၁၌ ပြခဲ့သော "ပဏ်-ထေ-ပက်-ဆာန်, ပဠာနန်, ဒုသ်-ဥဘောဗျည်:"ဟူသော အဘဗ္ဗပုဂ္ဂိုလ် ၁၁, လူထွက်လို၍ လူဝတ်လဲသော ဘိက္ခုနီ၁, အင်္ဂါတော်ရှည်၍ "လမ္ဘီ"ခေါ် ပုဂ္ဂိုလ် ၁, နှုးညံ့ပျော့ပျောင်းသော ကျောက်ကုန်းရှိ၍ "မုဒု ပိဋ္ဌိက"ခေါ် ပုဂ္ဂိုလ် ၁, သူတစ်ပါ:၏ အင်္ဂါတော်ပေါ်သို့ ရှေ့ရွှေထိုင်သူ ၁, သူတစ်ပါ:၏ အင်္ဂါတော်ကိုစုပ်သူ(ပန်:စုပ်)၁, ပေါင်: ၂၄ပါ:တည်:။

[ဆောင်] ရှစ်ပါ:ပါရာ, ဘဗ္ဗာရောသွတ်, လူဝတ်သည့်နီ, လမ္ဘီ-မုဒု, ရှေ့ရွှေထိုင်ခဲ့, စုပ်ပြန်ငဲ့, နှစ်ဆဲ့လေးပါရာ။

ဗျဲ့ဦ:အုံ - လူထွက်လို၍ လူဝတ်သကဲ့သို့ဝတ်သော ဘိက္ခုနီသည် (သိက္ခာမချရတော့ပဲ) လူဖြစ်၏, နောက်ထပ်လည်: ဘိက္ခုနီလုပ်ခွင့် မရတော့သဖြင့် ပါရာဇိကကျလေတော့သည်၊ လမ္ဘီပုဂ္ဂိုလ်ကား: ရှည်ရဲ့သက်သက်ဖြင့် ပါရာဇိကမကျ, မိမိ၏ရှည်သော အင်္ဂါတော်ကို ပါ:စပ်ဖြင့်သော်လည်: စုပ်အုံ, ဝစ္ဆမဂ်သို့သော်လည်:သွင်:အုံ, ထိုအခါမှ ပါရာဇိကကျသည်၊ မုဒုပိဋ္ဌိက ပုဂ္ဂိုလ်လည်: ကျောက်ကုန်:ပျော့နေရဲ့ဖြင့် ပါရာဇိကမကျ, လမ္ဘီအတိုင်: ပြုမှကျသည်၊ သူတစ်ပါ:၏ အင်္ဂါတော်ကို ထိုင်သူ စုပ်သူများ: ပါရာဇိကကျပုံမှာ ထင်ရှား:ပြီ။

ယာဝတတိယာနုသာဝနအကျိုး။ ။ တတ္ထာယသွန္တေ ပုဗ္ဗာမိစသည်ဖြင့် "ပါရာဇိကအာပတ်မှ စင်ကြယ်ကြပါရဲ့လား:"ဟု မေးရာ၌ စင်ကြယ်၍ ဆိတ်ဆိတ်နေသူ့အတွက်မှာ စဉ်:စား:ဖွယ်မရှိပြီ၊ မစင်ကြယ်ဘဲ ဆိတ်ဆိတ်နေသူမှာ လိမ်ရာရောက်၏၊ သို့သော် ပါရာဇိကကျပြီ:ဖြစ်၍ သမ္ဘာနမုသာ ဝါဒ ဒုက္ခင့်အာပတ်လည်: ထပ်၍ မသင့်ထိုက်ချေ၊ သို့ဖြစ်၍ ပါရာဇိကအဆုံ:၌ ခုကြိမ်မေးခြင်:သည် ဘာအကျိုး:ရှိပါလိမ့်မည်နည်:-ဟု စဉ်:စား:ဖွယ်ရှိ၏၊ စဉ်:စား:မိသည်ကား:-ပါရာဇိက ကျသူသည် မိမိပါရာဇိကကျမှန်:သိလျှင် မေးသည့်အခါ ဝဋ္ဌနီယပုဂ္ဂိုလ်ဖြစ်သည့်အတွက် သံဃာ့ဘောင်မှ ရှောင်ရှားထသွား:၍ လူဝတ်လဲဖို့ရန် တာဝန်ရှိ၏၊ ထိုတာဝန်အတိုင်: ဆောင်ရွက်ဖို့ရာ ခုကြိမ်မေး:ရသည်ဟု စဉ်:စား:မိပေသည်။

ပါရာဇိကအစန်: ပြီ:ပြီ။

---

http://www.dhammadownload.com

သံယာဒီသေသအခန်း

အချီ အာယသွန္တော-အရှင်တို့၊ တေရသ-တစ်ဆယ့်သုံးပါးကုန်သော၊ သံယာဒီသေသော-သံယာဒီသေသ် မည်ကုန်သော၊ ဣမေခေါ ပန ဓမ္မာ-ဤအာပတ်တို့သည်၊ ဥဒ္ဒေသံ-သို့၊ အာဂစ္ဆန္တိ-ရောက်ကုန်၏။

၁။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ် (ဘိက္ခုနော-ရဟန်း၏၊) သပိနန္တော-အိပ်မက်၌ သုက်လွတ်ခြင်းကို၊ အညတြ-ကြဉ်၍၊ သဇ္ဇေတနိကာ-လွတ်စေလိုသောစေတနာ ထင်ရှားရှိသော၊ ယာသုက္ကဝိသဋ္ဌိ- အကြင်သုက်လွတ်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤသုက်လွတ်ခြင်းသည်၊ သံယာဒီသေသော-သံယာဒီသေသ်မည်သော၊ အာပတ္တိနိကာယော-အာပတ်အပေါင်းသည်၊ ဟောတိ-၏။ [ပါဠိ၌ မပါသောပုဒ်များကို ထည့်ပါ၌ဟုချည်းမှတ်။]

* * * * *

အချီ။ ။ "ဣမေခေါ ပနာယသွန္တော၊ အာဂစ္ဆန္တိ"ကား သံယာဒီသေသ် သိက္ခာပုဒ်များ၏ အချီ(စကားပျိုး-နိဒါန်း)ဝါကျတည်း၊ အခန်းတိုင်းဝယ် ဤကဲ့သို့ အချီ-နိဒါန်းနှင့် "ဥဒ္ဒိဋ္ဌာ ခေါ အာယသွန္တော"စသော အချ-နိဂုံးများပါရှိသည်၊ ထိုအချီ-အချဝါကျတို့သည် ပါတိမောက်ပြသည့်အခါဝယ် ပါတိမောက်နာသော ရဟန်းတို့ကို (ပါတိမောက်ပြသော ရဟန်းက) ပြောပြရသော ဝါကျတို့ချည်းတည်း၊ ထို့ကြောင့် ထိုဝါကျတို့၌ပါသော "အာယသွန္တော"အာလုပ်ကို ပါတိမောက်ပြသော ရဟန်းက စည်းဝေးရောက်လာသော ရဟန်းများကိုခေါ်သော အာလုပ်-ဟုချည်းမှတ်။

၁။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်။ ။ အိပ်မက်မက်၍ သုက်လွတ်ခြင်းမှတစ်ပါး လွတ်စေလိုသော စေတနာဖြင့် လုံ့လပြု၍ သုက်လွတ်စေလျှင် သံယာဒီသေသ် အာပတ်သင့်သည်၊ ဤသိက္ခာပုဒ်၌ "ယောပနဘိက္ခု"ဟူသော ကတ္တားပုဒ်မပါ, ကတ္တားပုဒ်ထည့်၍လည်း အစပ်မတည့်၊ ဘာ့ကြောင့်နည်း-သုက္ကဝိသဋ္ဌိပုဒ်က "ရဟန်း၏+သုက္ကဝိသဋ္ဌိ"ဟု သမ္ဗန်ကို ငဲ့နေသောကြောင့်တည်း၊ ထို့ကြောင့်ကတ္တားပုဒ်မထည့်ဘဲ "ဘိက္ခုနော-ရဟန်း၏၊ သိက္ခာသာဓိဝ သမာပန္နသ-ပါတိမောက္ခသံဝရဟူသော အဓိသီလသိက္ခာ, သိက္ခာပုဒ်ပါဠိတော်ဟူသော သာဓိဝသို့ ကောင်းစွာရောက်သည်ဖြစ်၍၊ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလ္ယံ အနာဝိကတ္တာ"ဟု ထည့်မှ အစပ်တည့်သည်။

http://www.dhammadownload.com

သဠေတနိကာ – [သံ=ထင်ရှားသော+စေတနာ=စေတနာ+ဏိက= အနက်မ့ရှိ၊] သုက်ကို လွတ်စေရာဝယ် အိပ်မက်ထဲ၌ လုတ်စေခြင်း- နိုးနေစဉ်အခါ တစ်စုံတစ်ခု လုံ့လပြု၍ လွတ်စေခြင်းဟု ၂မျိုးရှိ၏၊ ထို ၂မျိုး တွင် အိပ်မက်၌ လွတ်စေရာဝယ် စေတနာပါသော်လည်း အာပတ်၏ အဂ်ါ ဟုဆိုရလောက်အောင် စေတနာအထင်အရှားမရှိ၊ နိုးနေစဉ်အခါ လွတ်စေရာ ၌ကား လွတ်စေလိုသောစေတနာ အထင်အရှားရှိသည်၊ ထို့ကြောင့် "သံ" အတွက် "ဝိဇ္ဇမာန=အထင်အရှား"ဟူသော အနက်ကြ၍ "သဠေတနိကာ- ထင်ရှားသော စေတနာရှိသော"ဟု အနက်ပေးသည်။ [စေတနာဟူသည် မောစနသာဒစေတနာ–လွတ်စေခြင်း၌ သာယာသော စေတနာတည်း၊ ထိုစေတနာကိုပင် "လွတ်စေလိုသော စေတနာ"ဟု ခေါ်ကြသည်။]

သုက္ကဝိသဋ္ဌိ – ဝိသဋ္ဌံ–လွတ်ခြင်း+ဝိသဋ္ဌိ–လွတ်ခြင်း၊ ဝိပုဗ္ဗ–သဇ ဓာတ်သည် ကဲ့ရှိသော သကမ္မကဓာတ်ဖြစ်၏၊ ဓာတ်နက်မှာလည်း "စာဂ= စွန့်လွတ်ခြင်း"ဟု အနက်ရှိ၏၊ သို့ဖြစ်၍ "ဝိသဋ္ဌိ=လွတ်ခြင်း"ဟု အနက်မရ၊ "လွတ်"ဆိုသည်မှာ "မုစ"ဓာတ်၏ အနက်သာဖြစ်သည်၊ "မုစ္စတိ–မုတ္တော" စသည်တည်း၊ ထို့ကြောင့် ရှေးက "သုက္ကဝိသဋ္ဌိ=သုက်လွတ်ခြင်း"ဟု ဟထိုးမပါသော အနက်ကိုဆင်ခြင်ပါ။ [ကဲ့ရှိသောဝိ–သဇဓာတ်၏ "လွတ်" ဟူသော အနက်ကို ကဲမရှိသော ဒိဝါဒိမုစဓာတ်–စ,ဓာတ်တို့ဖြင့် ဖွင့်လျှင် ကာရိတ်ပစ္စည်းဝင်မှ အဓိပ္ပာယ်ညီမျှ၍ ဝိသဋ္ဌိကို "မောစနာ"ဟု ဖွင့်ကြသည်၊ "လွတ်စေ=ရွ,.စေ=လွတ်=ရွ,."တို့ကား အသံကွဲ၍ အနက်တူတို့တည်း၊ သက္ကတဝယ် သဇဓာတ်၌ သ–မှာ ရိဆွဲနှင့်ရှိ၏၊ ထိုရိဆွဲပျောက်နေသော ပါဠိ၌ နောက်အက္ခရာ ဒွေးဘော်ရောက်၍ "ဝိသဋ္ဌိ ဝိသဋ္ဌော, ဝိသဋ္ဌေါ, ဝိသ,ဋ္ဌံ"ဟု ရှိရ၏၊ ပထမရိုက်၌ သဒ္ဒေးဘော်ဖြင့် မှားပါသွားသည်။]

ဆက်ဦးဆုံ – "လွတ်"ဟူသော စကားသည် နိဗ္ဗာပါရ (ပုဂ္ဂိုလ်၏ အားစိုက်မှုမပါသော) စကားတည်း၊ "လွတ်=လွတ်စေ"ဟူသော စကားတို့ ကား ဗျာပါရ ပါသောစကားတို့တည်း၊ သုက်ကို လွတ်စေရာ၌ အိပ်မက်ထဲမှာ ဖြစ်သော်လည်း အားစိုက်သော စေတနာ (အနည်းငယ်) ပါသေးသည်သာ၊ သို့သော် ထိုစေတနာမှာ မစောင့်ထိန်းနိုင်သော အရာဖြစ်၍ အာပတ်၏ အဂ်ါဟု မဆိုလောက်ဘဲ နိုးနေစဉ်အခါ စိတ်ပါလက်ပါ ထင်ရှားသော စေတနာဖြင့် လွတ်စေခြင်းသာ အာပတ်၏အဂ်ါဟု ဆိုရလေသည်။

http://www.dhammadownload.com

၂။ ကာယသံသဂ္ဂ သိက္ခာပုဒ် ယောပန ဘိက္ခု–သည်၊ ဩတိဏ္ဏော–ရာဂဘီလူး, ဝင်ပူးသက်ရောက်အပ်သည်၊ ဝါ – ရာဂတွင်းသို့ သက်ဆင်းကျရောက်သည်၊ (ဟုတ္တာ – ဖြစ်၍)
ဝိပရိဏာတေန–ဖေါက်ပြန်သော၊ စိတ္တေန–စိတ်ဖြင့်၊ မာတုဂါမေန–မာတုဂါမနှင့်၊ သဒ္ဓိं–တကွ၊ ကာယသံသဂ္ဂं–ကိုယ်ဖြင့်နီးနှောခြင်းသို့၊ သမာပဇ္ဇေယ္ယ–ရောက်အုံ့၊ ဟတ္ထဂ္ဂါဟံဝါ–လက်ကိုကိုင်ခြင်းသို့သော်လည်းကောင်း၊ ဝေဏိဂ္ဂါဟံဝါ–ဆံထုံးကို ကိုင်ခြင်းသို့သော်လည်းကောင်း၊ အညတရဿဝါ

* * * * *

အညတြသုပိနန္တာ – သုပိန=အိပ်မက်+အန္တ=အနက်သီးခြားမရှိ, (သုတ္တန္တ၌ အန္တပုဒ်ကဲ့သို့ သုပိနပုဒ်၏ အနက်ကို တွဲဖက်ဟောသော ပုဒ်တစ်မျိုးတည်း၊) နန္တာ၌ သွာဝိဘတ်လည်း အညတြကိုင်ခဲ့၍ ကံအနက်ဟောအ်၏၊ သဒ္ဒါနက်အားဖြင့် "သုပိနန္တာ=အိပ်မက်ကို"ဟုသာ ထွက်၏၊ သို့သော် ဥပစာနည်းအားဖြင့် "အိပ်မက်၌ သုက်လွတ်ခြင်းကို"ဟု အနက်ပေးရသည်၊ [သံဃာဒိသေသော ပုဒ်ဖွင့်ကို နောက်၌ပြအုံ့။]

အဂါ ၃ပါး။ ။ သဏ္ဌေတနိကာအရ စေတနာရှိခြင်းကိုလည်းကောင်း၊ "သုက္ကဝိသဋ္ဌိ=သုက်လွတ်စေသည်"ဟု ဆိုသဖြင့် လွတ်အောင် လုံ့လပြုခြင်းနှင့် လွတ်ခြင်းကိုလည်းကောင်း သိနိုင်၏၊ ထို့ကြောင့် ဤသိက္ခာပုဒ်၌ အာပတ်သင်ဖို့ရာ "၁–လွတ်စေလိုသောစေတနာရှိခြင်း, ၂–လုံ့လပြုခြင်း, ၃–သုက်လွတ်ခြင်း"အားဖြင့် အင်္ဂါ ၃ပါးရှိသည်–ဟုမှတ်။

[ဆောင်] လွတ်စေလို့ဌာ–စေတနာတည်း[1], ဗျာပါလုံ့လ–ပြုမိကလျှင်း[2], သုက်လွတ်ခြင်းဟု[3], ကြောင်းရင်းသုံးလီ, အင်္ဂါညီ, သင့်ပြီ ဝိသဋ္ဌိ။

၂။ ကာယသံသဂ္ဂသိက္ခာပုဒ်။ ။ ကာယသံသဂ္ဂ ရာဂဖြင့် မာတုဂါမ၏ လက်–ဆံထုံး–ကြွင်းသော အင်္ဂါတစ်ရပ်ရပ်ကို သုံးသပ်ကိုင်ဆွဲသော ရဟန်းမှာ သံဃာဒိသေသ် အာပတ်သင့်၏။

ဩတိဏ္ဏော – ဩတရီယတေ–သက်ရောက်အပ်၏၊ ဣတိ–ဤကမ္မသာမ် ဝစနတ်ကြောင့်၊ ဩတိဏ္ဏော–၏၊ ဘီလူးက လူကို ပူးဝင်သည့်အခါ လူသည် ဘီလူးသက်ရောက်အပ် ပူးဝင်အပ်သကဲ့သို့, ထို့အတူ ရာဂစိတ်ဖြစ်နေသည့်အခါ လူ၏ခန္ဓာကိုယ်သည် ရာဂသက်ရောက်အပ် (ရာဂဘီလူးအပူးခံအပ်) လျက်ရှိသည်။

http://www.dhammadownload.com

အညတရဿဝါ– တစ်ပါးပါးလည်းဖြစ်သော၊ အဂ်ိဿ–အဂ်ိကြီးငယ်ကို၊ ပရာမသနံဝါ– သုံးသပ်ခြင်းသို့သော်လည်းကောင်း၊ သမာပဇ္ဇေယ္ယ– ရောက်အုံ့၊ (တဿ ဘိက္ခုနော–၏၊) သံယာဒီသေသော–သော၊ အာပတ္တိ နိကာယော–သည်၊ ဟောတိ–၏။

* * * * *

တစ်နည်း – သြတရတိ–ကျရောက်တတ်၏၊ ဣတိ– ဤကတ္တုသာဓ ဝစနတ်ကြောင့်၊ သြတိဣတ္ထာ–မည်၏၊ ရေတွင်းရေကန်ထဲသို့ လူကျနေသကဲ့သို့, ထို့အတူ ရာဂစိတ် ဖြစ်နေသည့်အခါ လူတစ်ကိုယ်လုံး ရာဂတွင်းသို့ သက်ဆင်းကျရောက်လျက်ရှိသည်။ [ဤသိက္ခာပုဒ်၌ ရာဂဟူသည် မာတုဂါမကို ကိုင်ဆွဲလိုသော ကာယသံသဂ္ဂရာဂတည်း။]

ဝိပရိဏတေနစိတ္တေန – [ဝိ=ဖောက်ပြန်စွာ+ပရိဏတ=ပြောင်းလွဲသော စိတ်။] ဘဝင်–ဟူသော ဝိပါက်များသည် ပဋိသန္ဓေတည်သည်ကစ၍ ပါသော မူလပင်ကိုစိတ်တည်း၊ ထိုဘဝင်စိတ်သည် လောဘ–စသော အညစ်အကြေးတို့နှင့် မယှဉ်သဖြင့် သန့်ရှင်းစင်ကြယ်၏၊ ထို ဘဝင်စိတ်အစဉ်မှ ပြောင်းလဲ၍ တစ်နည်းတစ်ပုံ ဖြစ်ပေါ်လာသော အကုသိုလ်စိတ်များကား ရာဂ အညစ်အကြေးနှင့်တွဲ၍ ဖေါက်ဖေါက်ပြန်ပြန် ပြောင်းလဲလာသော စိတ်များ တည်း၊ ဤနေရာ၌ ကာယသံသဂ္ဂ ရာဂစိတ် (ရာဂနှင့် ယှဉ်သော လောဘ မူစိတ်)ကိုပင် "ဝိပရိဏတစိတ္တ=ဖေါက်ပြန်သောစိတ်"ဟု ဆိုလိုသည်။

မာတုဂါမေန – ထိုရာဂစိတ်ဖြင့် ဖွားခါစ သူငယ်မကိုပင် ကိုင်စေကာမူ ဤသိက္ခာပုဒ်အရ အာပတ်သင့်၏၊ ထို့ကြောင့် မာတုဂါမ–အရ အသက်ရှင်ဆဲ မိန်းမအားလုံးကိုယူ၊ [သေပြီးအလောင်းကောင်ကို ဤကာယသံသဂ္ဂ ရာဂဖြင့် ကိုင်လျှင်ကား (အလောင်းမပျက်သေးလျှင်) ထုလ္လစ္စဉ်:, အလောင်းပျက်လျှင် ဒုက္ကဋ်တည်း၊ မာတုဂါမ၏ ကိုယ်သာမဟုတ်, မာတုဂါမ၏ သုံးစွဲရန်ဖြစ်သော (လူပြီးမဟုတ်သော) အဝတ်များကို ကိုင်လျှင်လည်း ဒုက္ကဋ်ပင်။

ကာယသံသဂ္ဂ –. [ကာယေန=ကိုယ်ဖြင့်+သံသဂ္ဂေါ–နီးနှောခြင်း။] "ကိုယ်"ဆိုသော်လည်း တစ်ကိုယ်လုံးဖြင့် နီးနှောမှုမဟုတ်, ကိုယ်၏ အစိတ်အပိုင်းဖြစ်သော လက်ခြေအင်္ဂါကိုလည်း (အပေါင်း၏ အမည်ကို အစိတ်၌ တင်စားသော ကေဒေသျှုပစာရအားဖြင့်) ကိုယ်–ဟုခေါ်နိုင်သည်ပင်၊ သံသဂ္ဂအရ နီးနှောခြင်းဟူသည် ကိုင်ခြင်း–ဆွဲခြင်း–ဆိတ်ခြင်း–နမ်းခြင်း စသော လောကအပြုအမူ အားလုံးတည်း။

http://www.dhammadownload.com

ဟတ္ထဂ္ဂါဟ်ေပ၊ပရာမသနံ – ဤစကားရပ်ကား "ကာယသံသဂ္ဂ သမာပဇ္ဇေယျ"၏ အကျယ်ကိုပြသော စကားရပ်တည်း၊ ထိုတွင် တံတောင်ဆစ်မှ စ၍ လက်ဖျားအထိကို "ဟတ္ထ"ဟုခေါ်၏၊ ဖွတ်မြီးထိုး၍ဖြစ်စေ မထိုးဘဲ ရိုးရိုးဖြစ်စေ, ပန်း-ရွှေ-ငွေ-သိုးမွေးစသည်ဖြင့် ရောရ်ဖြစ်စေ, ဆံချည်းသက်သက်ဖြစ်စေ ထုံးအပ်သော ဆံထုံးကို "ဝေဏိ"ဟုခေါ်၏၊ ဥပလက္ခဏနည်းအားဖြင့် ဆံထုံးကိုမှတ်၍ ပြောသည်၊ မထုံးဘဲထားသော ဆံပင်များနှင့် အမွေးများကိုပါ ဝေဏိ၌ သွင်းယူရမည်၊ ထို လက်ဆံတို့မှ ကြွင်းသမျှ ကိုယ်အင်္ဂါ၌ သုံးသပ်ခြင်းကို "အညတရဿဝါ အညတရဿဝါ အင်ဿ ပရာမသနံ"ဟု ဆိုသည်။ [ဟတ္ထ=လက်+ဂါဟ=ကိုင်ခြင်း၊ ဂါဟဝယ် သက္ကတ၌ "ဂြဟ"ဓာတ်တည်း၊ ရ(ရိဆွဲ)ပျောက်၍ ဒွေးဟော်ရောက်ရသည်။]

သံယာဒိသေသော။ ။ [သံယ+အာဒိ+သေသ။] သံယာဒိသေသ် အာပတ်သင့်၍ အာပတ်မှထလို စင်ကြယ်လိုသည့်အခါ ထိုအာပတ်မှ ထမှု အတွက် အစပထမ၌ သံဃာက ပရိဝါသ်ပေးရ၏၊ အလယ်၌ သံဃာသည်ပင် မာနတ်ပေးရ (တချို့အရာဝယ် အရင်းသို့ပြန်ငင်ကာ မူလာယပဋိကဿနခေါ် ပရိဝါသ်-မာနတ်ပြန်ပေးရ)၏၊ အဆုံး၌လည်း သံဃာသည်ပင် အဗ္ဘာန်သွင်းပေးရ၏၊ ဤသို့လျှင် အစ ပရိဝါသ်ပေးသော က, ထိုအစမှ ကြွင်းကျန်သမျှ မာနတ်ပေးသောက (မူလာယပဋိကဿနက) အဗ္ဘာနကတို့၌ သံဃာကို အလိုရှိအပ် (သံဃာပြည့်စုံမှသာ ကိစ္စပြီး)သောကြောင့် အာပတ်မှထမှုကို မုချ "သံဃာ ဒိသေသ"ဟု ခေါ်၏၊ သို့သော် အကျိုးအာပတ်မှထမှု၏ အမည်ကို အကြောင်းအာပတ်ပေါ်၌ တင်စား၍ ဖလုပစာရအားဖြင့် အာပတ်ကိုလည်း "သံဃာဒိသေသ"ဟု ခေါ်ရပြန်သည်။

ဝေနတ္ထ။ ။ သံယော အာဒိမှိစေဝ သေသေစ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော၊ အဿ-ဤအာပတ်အပေါင်း၏၊ အာဒိမှိစေဝ-အစဖြစ်သော ပရိဝါသဒါနကဲ့၌လ်ည်းကောင်း၊ သေသေစ-ကြွင်းသော မာနတ္တဒါနကဲ (မူလာယပဋိကဿနက) အဗ္ဘာနကဲ့၌လည်းကောင်း၊ သံယော-သံဃာကို၊ ဣစ္ဆိတဗ္ဗော-အလိုရှိထိုက်၏၊ ဣတိ-ထို့ကြောင့်၊ သော-ထိုအာပတ်အပေါင်းသည်၊ သံဃာ ဒိသေသော-မည်၏၊ "အာပတ္တိနိကာယ" ခေါ်ပုံကို နောက်၌ပြအံ့။

http://www.dhammadownload.com

အင်္ဂါ ၅ပါး။ ။ ၁-လူမိန်းမဖြစ်ခြင်း, ၂-မိန်းမမှန်းသိခြင်း, ၃-ကာယသံသဂ္ဂရာဂရှိခြင်း, ၄-ထိမိအောင် လုံ့လပြုခြင်း, ၅-လက်စသည်ကို ကိုင်မိခြင်း, ဤအင်္ဂါ ၅ပါးညီလျှင် အာပတ်သင့်၏။

[ဆောင်] လူမိန်းမပင်[1], မိန်းမထင်လျက်-, သံသဂ်ရာဂ[2], လုံ့လပြုလျှင်း[3], ကိုင်မိခြင်းဟု[4], ကြောင်းရင်း ၅လီ, အင်္ဂါညီ, သင့်ပြီသံဃ။

၇။ လေကျင့်ခန်း မေးခွန်းများ

က။ သုက္ကဝိသဋ္ဌိ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ခ။ ထို သိက္ခာပုဒ်၌ "ယောပနဘိက္ခု"စသော ကတ္တားပုဒ်မပါ၍ ကတ္တားပုဒ် ထည့်လျှင် စပ်ပုဒ်ရှိမည်လော, မရှိလျှင် ဘယ်သို့ ထည့်ရမည်နည်း။

ဂ။ သဠေတန်ကာ၌ "သံ"အတွက် "ထင်ရှား"ဟူသော အနက်နှင့်စပ်၍ စေတနာ မထင်ရှားသော လွတ်ခြင်းကို ထင်ရှားပြပါ။

ဃ။ ဝိသဋ္ဌိ၌ "ဝိ+သဇ"ဓာတ်၏ အနက်ကား အဘယ်ပါနည်း, "ဝိသဋ္ဌိ=လွတ်ခြင်း"ဟုပေးရာ၌ ဓာတ်နက်နှင့် သင့် မသင့်ကို ဆုံးဖြတ်၍, လွတ်-ရွေ့နှင့် လွတ်-ရွှေ့တို့၏ အဓိပ္ပါယ် ထူးခြားပုံကိုလည်းပြပါ။

င။ ကာယသံသဂ္ဂ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

စ။ သြတိဏ္ဏော၌ ကမ္မသာဓနေအနက်- ကတ္တုသာဓနေအနက် ၂ချက်လုံး၏ အဓိပ္ပါယ်ကိုပြ၍, "ဝိပရိဏတစိတ္တ"အရ စိတ်၏ ပေါက်ပြန်ပုံကိုလည်း ထင်ရှားပြပါ။

ဆ။ "ဟတ္ထဂ္ဂါဟံဝါ၊ ပေ၊ ပရာမသန်"တို့ကား ဘာကိုပြသော စကားတို့ ပါနည်း, ဝေဏိအရကိုလည်းပြပါ။

ဇ။ သံဃာဒိသေသခေါ်ပုံကို စုံလင်စွာပြ၍, ဝိဂ္ဂဟလည်းဖြေပြီးလျှင်, ကာယသံသဂ္ဂသိက္ခာပုဒ်၏ အင်္ဂါကိုပါပြပါ။

---

http://www.dhammadownload.com

၃။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်

ယောပန ဘိက္ခု သြတိဏ္ဏော ဝိပရိဏတေန စိတ္တေန မာတုဂါမံ-ကို၊ ဒုဋ္ဌုလ္လာဟိ- ရုန့်ရင်းကုန်သော၊ ဝါစာဟိ-ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့်စပ်သော စကားတို့ဖြင့်၊ သြဘာသေယျ-ယုတ်ယုတ်မာမာ ပြောဆိုအံ့၊ ယုဝါ-လုလင်ပျိုသည်၊ ယုဝတီ-မိန်းမပျိုကို၊ (သြဘာသတိယထာ-ယုတ်ယုတ်မာမာ ပြောဆိုသကဲ့သို့၊) တထာ-ထို့အတူ၊ မေထုနပသံဟိတာဟိ-မေထုန်နှင့်စပ်သော စကားတို့ဖြင့်၊ သြဘာသေယျ-အံ့၊ တဿ- ဘိက္ခုနော-ထိုရဟန်း၏၊ သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

၃။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်။ ။ လုလင်ပျိုက မိန်းမပျိုကိုပြောသကဲ့သို့ ဒုဋ္ဌုလ္လဝါစသာဒ ရာဂစိတ်ဖြင့် မာတုဂါမကို ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့်ဆိုင်သော စကားတို့ဖြင့် ပြောသောရဟန်းသည် သံဃာဒိသေသ်သင့်၏။

ဒုဋ္ဌုလ္လဝါစသာဒရာဂ။ ။ သြတိဏ္ဏ ဝိပရိဏတစိတ္တတို့၏ အနက်ကို ရှေ့သိက္ခာပုဒ်အတိုင်း သိနိုင်လောက်ပြီ၊ သို့သော် "သြတိဏ္ဏ"အရ ရာဂမှာ ကာယသံသဂ္ဂရာဂမဟုတ်၊ ဒုဋ္ဌုလ္လဝါစသာဒရာဂဖြစ်သည်၊ ချဲ့ဦးအံ့-လုလင်ပျိုတစ်ယောက်က မိန်းမပျိုတစ်ယောက်အား မရှက်တမ်းပြောဆိုရာ၌ ကဲ့သို့ ဝစ္စမဂ်လှကြောင်း မလှကြောင်းလည်းပါ၏၊ ပဿာဝမဂ်လှကြောင်း-မလှကြောင်းလည်းပါ၏၊ ထိုအကြောင်းများ ပြောဆိုနေရခြင်းကို နှစ်သက်၏, သာယာ၏၊ စိတ်မှာ ရာဂနှင့်ယှဉ်သော လောဘမူစိတ်ပင်တည်း၊ ထိုရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခိုက်၌ဖြစ်သော ရာဂကို ဒုဋ္ဌုလ္လဝါစသာဒ ရာဂ-ဟုခေါ်၏၊ [ဒုဋ္ဌုလ္လ-ရုန့်ရင်းသော+ဝါစာ=စကားပြောရခြင်းကို+အသာဒ= သာယာသော+ရာဂ။] ထိုရာဂသက်ရောက်သည်ကို သြတိဏ္ဏ, ထိုရာဂစိတ်ကို ဝိပရိဏတစိတ္တ-ဟုခေါ်သည်။

မာတုဂါမံ။ ။ ဤသိက္ခာပုဒ်၌ အလွန်ငယ်သော ကလေးမနှင့် ကြီးသော်လည်း ထုံထိုင်းဖျင်းအသော မိန်းမပျိုကိုမယူရ, ရုန့်ရင်းသော စကားမှန်း (စကားရိုးစကားဆန်းမှန်း) နားလည်လောက်သော မိန်းမကိုသာယူရမည်။

သြဘာသေယျ။ ။ [အဝ+ဘာသေယျ။] အဝ ဥပသာရသည် ဤ၌ "ပရိဘာဝ=လွမ်းမိုးခြင်း" အနက်ဟောတည်း၊ အမျိုးကောင်းသားဘမီးတို့

http://www.dhammadownload.com

စောင့်စည်းရမည့် စည်းမျဉ်းကို လွမ်းမိုး၍ ပြောသည်-ဟူလို၊ ထိုစည်းမျဉ်းကို ကျူးကျော်၍ ပြောဆိုခြင်းဟူသည်လည်း "ယုတ်ယုတ်မာမာ ပြောဆိုခြင်း" ဖြစ်၍ "နာနပုကာရံ အသဒ္ဓမ္မဝစနံ ဝဒေယျ"ဟု အဋ္ဌကထာ၌ အဓိပ္ပါယ်နက် ဖွင့်သည်။

ဖရုသတံ ယုဝါ ယုဝတိ။ ။ ဤစကားဖြင့် "ရုန့်ရင်းသော စကားကို ပြောဆိုရာ၌ ကြောက်ရွံ့တွန့်ဆုတ်ခြင်းမရှိဘဲ ရဲရဲရင့်ရင့် ပြောဆိုကြောင်းကို" ပြ၏၊ "လူယျိုက အယျိုကိုပြောရာ၌ ရဲရဲရင့်ရင့် ပြောသကဲ့သို့, ထိုရဟန်းလည်း မာတုဂါမအား ဒုဋ္ဌုလ္လဝါစာကို ပြောရာဝယ် ရဲရင့်စွာ ပြောသည်"ဟူလို။ ["ယထာတံ"၌ တံအနက်မရှိ။]

မေထုနပသံဟိတာဟိ။ ။ [မေထုန=မေထုန်+ဥပသံဟိတာ=စပ်ယှဉ်သည်။] "မေထုန်ကို ဘယ်လိုမှီဝဲသနည်း"ဟုလည်းကောင်း "မေထုန်ကို သည်လိုမှီဝဲရသည်"ဟုလည်းကောင်း "ငါ့ကိုမေထုန်ပေးစမ်းပါ" စသည်ဖြင့်လည်းကောင်း ပြောဆိုအပ်သော စကားကို* မေထုန်နှင့်စပ်သောစကား-ဟုခေါ်၏၊ "မေထုနပသံဟိတာဟိ"ဟူသောပါဠိဖြင့် အစွမ်းကုန် ရုန့်ရင်းသော စကားကို ညွှန်ပြသည် မေထုန်နှင့် မစပ်ဘဲ ဝစ္စမဂ်-ပဿာဝမဂ်တို့၏ လှ-မလှကို ကဲ့ရဲ့ရံ ချီးမွမ်းရံမျှဖြင့်လည်း သံယာဒီသေသ် အာပတ်သင့်သည်ပင်။

အာပတ္တိနိကာယော။ ။ "သံယာဒီသေသော"နောက်၌ အဋ္ဌကထာတို့က "အာပတ္တိနိကာယော"ဟု ထည့်၍ဖွင့်ကြ၏၊ ထိုအဖွင့်၏ ဆိုလိုရင်းမှာ-"သံယာဒီသေသ"ဟူသော အမည်သည် အာပတ်တစ်ခု၏ အမည်မဟုတ်, သံယာဒီသေသ် အာပတ်များ၏ အမည်သာဖြစ်သည်၊ သို့သော် အပေါင်း၏ အမည်ကို အစိတ်တစ်ခုတစ်ခုအပေါ်၌ တင်စား၍ အာပတ်တစ်ခုတစ်ခုကိုပင် (ဧကဒေသျှုပစာရအားဖြင့်) "သံယာဒီသေသ"ခေါ်နိုင်သည်-ဟူလို။

အင်္ဂါ ၅ပါး။ ။ ၁-လူဇာတ်ရှိသော မိန်းမဖြစ်ခြင်း, ၂-မိန်းမမှန်းသိခြင်း, ၃-ဒုဋ္ဌုလ္လဝါစဿာဒရာဂရှိခြင်း, ၄-ထိုရာဂဖြင့် ယုတ်ယုတ်မာမာ ပြောဆိုခြင်း, ၅-ပြောလျှင်ပြောခြင်း (အပြောခံရသူက)သိခြင်း, ဤအင်္ဂါငါးပါး ညီညွတ်လျှင် ဤသိက္ခာပုဒ်အရ သံယာဒီသေသ် အာပတ်သင့်၏။

[ဆောင်] လူမိန်းမပင်[1], မိန်းမထင်လတ်[2], ဝါစဿာဒ[3], ထိုရာဂဖြင့်-ပြောပြလေဘိ[4], ချက်ချင်းသိဟု[5], ကြောင်းရှိ ၅ လိ, အင်္ဂါညီ, သင့်ပြီဒုဋ္ဌုလ္လ။

http://www.dhammadownload.com

၄။ အတ္တကာမ ပါရိစရိယ

ယောပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏာတေန စိတ္တေန မာတုဂါမဿ-မာတုဂါမ၏၊ သန္ဓိကေ-အနိုင်၌၊ အတ္တကာမ ပါရိစရိယာယ - မိမိအကျိုးငှာ ကာမဂုဏ်ဟု မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးခြင်း၏၊ ဝဏ္ဏံ-ဂုဏ်ကျေးဇူးကို၊ ဘာသေယျ-ပြောဆိုအုံ့၊ (ကထံ - အဘယ်သို့ပြောဆိုသနည်း၊) ဘဂိနိ - နှမ၊ ယာ-အကြင်မိန်းမသည်၊ မာဒိသံ- ငါကဲ့သို့သော၊ သီလဝန္တံ- သီလရှိသော၊ ဗြဟ္မစာရိ-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော၊ ကလျာဏဓမ္မံ- ကောင်းသော ကိုယ်ကျင့်တရားရှိသူကို၊ ဧတေနဓမ္မေန - ဤမေထုန်အမှုဖြင့်၊ ပရိစရေယျ - ပြုစုလုပ်ကျွေးအုံ့၊ (တဿာ - ထိုမိန်းမ၏၊) ဧတံ - ဤ

* * * * *

၄။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်။ ။ အတ္တကာမ ပါရိစရိယ ရာဂစိတ်ဖြင့် မာတုဂါမအထံ၌ မေထုန်ဖြင့် ပြုစုခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျှင် သံဃာဒိသေသ် အာပတ်သင့်၏။ [ဤသိက္ခာပုဒ်၌ "ဩတိဏ္ဏော" အရ ရာဂဟူသည် အတ္တကာမပါရိစရိယ ရာဂတည်း။]

မာတုဂါမဿသန္ဓိကေ - ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ပြခဲ့သော စကားရိုးစကားဆန်းကို နားလည်လောက်သော မိန်းမကိုပင် ဤသိက္ခာပုဒ်၌ "မာတုဂါမ"ဟု ဆိုလိုသည်။ သန္ဓိကေ-အရ "အနိုး"ဟူသည် ရဟန်း၏ စကားကို မာတုဂါမ ကြားလောက်ရာအရပ်တည်း၊ ထိုအနိုးကိုပင် မြန်မာလို "အထံ"ဟု သုံးနှုန်း၏။

အတ္တကာမပါရိစရိယာယ - ကာမေန-မေထုန်ဟူသော ကာမဖြင့်၊ ပါရိစရိယာ-ပြုစုလုပ်ကျွေးခြင်းသည်၊ ကာမပါရိစရိယာ-မည်၏၊ အတ္တနော-မိမိ၏(အကျိုးငှာ)၊ ကာမပါရိစရိယာ-သည်၊ အတ္တကာမပါရိစရိယာ-မည်၏။

ဧတဒဂ္ဂေ၊ မေ၊ ပရိစရေယျ - ဤဝါကျကား လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးပြောပုံကိုပြသော ဝါကျတည်း၊ ဤဝါကျ၌ ဗြဟ္မစာရိဟူသည် ပထမပါရာဇိကအမှုကို မပြုကျင့်သဖြင့် မြတ်သော မေထုနဝိရတိအကျင့်ကို ကျင့်သူတည်း၊ ယခု ကာလ၌လည်း မေထုန်မှရှောင်နေသူကို "ဗြဟ္မစာရီ"ဟုခေါ်သည်၊ မေထုန ဝိရတိမှတစ်ပါး ပါဏာတိပါတဝိရတိ အစရှိသော သီလရှိသူကို သီလဝန္တ ဟု ခေါ်၏၊ ထိုကဲ့သို့ ဗြဟ္မစာရီဖြစ်ခြင်း-အခြားသီလရှိခြင်းကိုပင် "ကလျာဏ ဓမ္မ=ကောင်းသော ကိုယ်ကျင့်ရှိသူ"ဟု ဆိုပြန်သည်။

http://www.dhammadownload.com

လုပ်ကျွေးခြင်းသည်၊ ပါရိစရိယာနံ - ပြုစုလုပ်ကျွေးခြင်းတို့တွင်၊ အဂ္ဂ-အမြတ်ဆုံးတည်း၊ ဣတိ-ဤသို့၊ မေထုနပသံဟိတေန - မေထုန်နှင့် စပ်သော စကားဖြင့်၊ (ဘာသေယျ-ပြောဆိုအံ့)၊ တဿဘိက္ခုနော-၏၊ သံယာဒီသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

ဆိုလိုရင်းကား - "ငါ့ကဲ့သို့ သီလသိက္ခာ ပြည့်စုံစွာဖြင့် ဗြဟ္မစာရိပြီးသ၍ ကလျာဏဓမ္မဖြစ်သူမှာ မေထုန်အမှုသည် လွန်စွာရခဲ၏၊ ထိုသို့ ရခဲသော မေထုန်မှုဖြင့် ပြုစုခြင်း မေထုန်ပေးလှူခြင်းသည် ဆွမ်း သက်နံ့ ကျောင်းဆေ ပစ္စည်းလေးပါ: အလှူများနှင့် လားလားမှ မတူအောင် မြင့်ခေါင်သော အကျိုးကို ရဘတ်သဖြင့် အမြတ်ဆုံးအလှူဖြစ်သည်"ဟူလို၊ [ဧတဒဂ္ဂံပုဒ်ကား လိင်ဝိပလ္လာသ (ဣတ္ထိလိင်မှ နပုံလ္လိင်ပြန်နေသော)ပုဒ်တည်း၊ "ဧသော+အဂ္ဂါ" ဟု ဆိုလိုသည်။]

မေထုနပသံဟိတေန - [မေထုန=ဥပသံဟိတေန၊] "ဧတဒဂ္ဂံ ဘဂိနီ" စသည်ဖြင့် သိုင်းသိုင်းဝိုင်းဝိုင်းပြော၍ မေထုန်အလှူခံမှ အာပတ်သင့်သည် မဟုတ်သေး၊ အခြားနည်းဖြင့် သွယ်ဝိုက်၍ပြောပြော-မပြောပြော "ငါ့အား မေထုန်ပေးထိုက်ပါသည်, ငါ့အား မေထုန်ပေးစမ်းပါ"စသည်ဖြင့် မေထုန်နှင့်စပ်၍ တောင်းသမျှ သံယာဒီသေသ် အာပတ်သင့်သည်သာ။

အင်္ဂါ ၅ပါး။ ။ ၁-လူသားစင်စစ် မိန်းမဖြစ်ခြင်း, ၂-လူမိန်းမမှန်းသိခြင်း, ၃-အတ္တကာမ ပါရိစရိယ ရာဂရှိခြင်း, ၄-ဂုဏ်ကျေးဇူးကို ပြောဆိုတောင်းခံခြင်း, ၅-အတောင်းခံရသူ မိန်းမက နားလည်ခြင်း, ဤအင်္ဂါ ၅ပါးညီလျှင် သံယာဒီသေသ် အာပတ်သင့်သည်။

[ဆောင်] လူမိန်းမပင်[1], မိန်းမထင်လျက်[2], ကိုယ့်တွက်တာဟု-ကာမမှုဖြင့်- ပြုစေလိုတဲ့- ရာဂကြောင့်[3], ဂုဏ်ကိုပြောဘိ[4], ချက်ချင်းသိဟု[5], ကြောင်းရှိ ၅လိ, အင်္ဂါညီ, သင့်ပြီ ကာမပါရိစရိယ။

http://www.dhammadownload.com

၅။ သဠာရိတ္တ သိက္ခာပုဒ်

ယောပန် ဘိက္ခု သဠာရိတ္တံ-အောင်သွယ်ခြင်းသို့၊ သမာ ပဇ္ဇေယ္ယ-ရောက်အံ့၊ ဣတ္ထိယာဝါ-မိန်းမအားလည်း၊ ပုရိသမတိ-ယောကျ်ား၏ အလိုကို၊ ပုရိသဿဝါ-ယောကျ်ားအားလည်း၊ ဣတ္ထိမတိ-မိန်းမ၏ အလိုကို၊ ဓာယတ္တနေဝါ-မယား၏ အဖြစ်ကြောင့်သော်လည်းကောင်း၊ ဝါ-မယားဖြစ်စေလိုခြင်းကြောင့်သော်လည်းကောင်း၊ ဓာရတ္တနေဝါ-လင်၏ အဖြစ်ကြောင့်သော်လည်းကောင်း၊ ဝါ-

* * * * *

၅။ သဠာရိတ္တ သိက္ခာပုဒ်။ ။ ယောကျ်ား၏ အလိုကို မိန်းမအား မယားဖြစ်စေလို၍ ပြောခြင်း-မိန်းမ၏ အလိုကို ယောကျ်ားအား လင်ဖြစ်စေလို၍ ပြောခြင်းအားဖြင့် အောင်သွယ်ပေးလျှင် အယုတ်သဖြင့် ခဏမျှပေါင်းဖော်ရန်ဖြစ်စေ, သံဃာဒိသေသ် အာပတ်သင့်၏။

သဠာရိတ္တံ။ ။ သဠာရဏ-လှည့်လည်ခြင်း၊ သဠာရော-လှည့်လည်ခြင်း၊ [သံ+စရ+အ။] သဠာရော ယဿ အတ္ထိတိ သဠာရိ- (လှည့်လည်ခြင်းရှိသူ၊) သဠာရိနော ဘာဝေါ သဠာရိတ္တံ-လှည့်လည်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ လှည့်လည်ခြင်းကြီယာတည်း၊ ဤ၌ "လှည့်လည်ခြင်း"ဟူသည် သွားလိုက်ပြန်လိုက်လုပ်ခြင်းတည်း၊ ထို့ကြောင့် မိန်းမ-ယောကျ်ား နှစ်ဦးသားတို့၏ အကြား၌ သွားလိုက်ပြန်လိုက်နှင့် တစ်ယောက်၏စကားကို အခြား တစ်ယောက်ထံ ပို့ပေးခြင်းကို "သဠာရိတ္တ=အောင်သွယ်ခြင်း (သူတို့၏ အကြား အောင်ဖို့ရာ ဆက်သွယ်ပေးခြင်း)"ဟုခေါ်သည်။

ဣတ္ထိယာဝါ၊ပေ၊ဓာရတ္တနေဝါ။ ။ "ဣတ္ထိယာဝါ ပုရိသမတိ, ဓာယတ္တနေဝါ, ပုရိသဿဝါ ဣတ္ထိမတိ ဓာရတ္တနေဝါ"ဟု ဆိုင်ရာပုဒ်ချင်းတွဲစပ်၍ "အာရောစေယ္ယ" ကြီယာကိုလည်းထည့်ပါ။ [ဓာယာ=မယား၊ ဓာရော-လင်၊ တ္တနေ၌ တ္တနပစ္စည်းက ဘာဝအနက်ရှိ၍, သို့ဝိဘတ်က ဟိတ်အနက်ရှိ၏၊ ဓာယာယ ဘာဝေါ ဓာယတ္တံ-မယား၏ အဖြစ်=မယားဖြစ်စေလိုခြင်း။]

ဆက်ဦးအုံ့။ ။ ယောကျ်ားဘက်က "အရှင်ဘုရား...မည်သည့်မိန်းမကို ပြောပေးစမ်းပါ"ဟု အောင်သွယ်ခိုင်း၍ ထို ယောကျ်ား၏အလိုကို မိန်းမထံ သွား၍ပြောရာ၌ ထိုမိန်းမကို မယားဖြစ်စေလို၍ ပြောခြင်းတည်း၊ မိန်းမဘက်က "အရှင်ဘုရား... မည်သည့် ယောကျ်ားကို ပြောပေးစမ်းပါ" ဟု

http://www.dhammadownload.com

လင်ဖြစ်စေလိုခြင်းကြောင့်သော်လည်းကောင်း၊ (အာရောစေယျ-ပြောပြအုံ၊) အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ တခံ၏ကာယပိ-တစ်ခဏမျှပေါင်းဖော်ထိုက်သော မိန်းမအားလည်း၊ (အာရောစေယျ-အုံ၊) တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

စေခိုင်း၍ သွားပြောရာ၌ ထိုယောကျ်ားကို ထိုမိန်းမ၏ လင်ဖြစ်စေလို၍ ပြောခြင်းတည်း။

အန္တမသော တခံ၏ကာယပိ။ ။ တခံ၏-တစ်ခဏ၌ (တစ်ခဏမျှ) +သံဝသိတဗ္ဗာ-ပေါင်းဖော်ထိုက်သော မယားသည်၊ တခံ၏ကာ-မည်၏၊ ဤ "တခံ၏ကာ"ဟူသည် မာတုရက္ခိတာ ပိတုရက္ခိတာ စသော (ပါဠိတော်လာ) မိန်းမ ၂၀ တွင် မုဟုတ္တိကာခေါ် အောက်တန်းအကျဆုံး ပြည့်ဟန်ဆာမတည်း၊ ယောကျ်ား၏ အလိုကို ထိုပြည့်တန်ဆာမအထံ သွား၍ပြောရာ၌လည်း (ပြည့်တန်ဆာမကို ခေါ်ပေးရာ၌လည်း) အာပတ်သင့်၏-ဟူလို။

အင်္ဂါ ၅ပါး။ ။ ၁-မိန်းမ ယောကျ်ားတို့ လူသားစင်စစ်ဖြစ်ခြင်း, ၂-အောင်သွယ်ထိုက်ခြင်း, ၃-ဝန်ခံခြင်း, ၄-စုံစမ်းခြင်း, ၅-ပြန်ပြောခြင်း, ဤအင်္ဂါ ၅ ပါးညီလျှင် သဠရိတ္တသံဃာဒိသေသ် အာပတ်သင့်၏။

ရှင်းပုံ-၂- "အောင်သွယ်ထိုက်ခြင်း"ဟူသည် တစ်ယောက်နှင့် တစ်ယောက် လုံးဝမဆက်သွယ်ဖူးခြင်း, သမီးခင်ပွန်းဖြစ်ဖူးသော်လည်း ယခုအခါ ကွာပြီး ရှင်းပြီးဖြစ်ခြင်းကို ဆိုလိုသည်၊ ၃-"ဝန်ခံခြင်း"ဟူသည် "မည်သူ့ကို ပြောပေးပါ"ဟု စေခိုင်းသည့်အခါ နှုတ်ဖြင့်ဖြစ်စေ, ဦးခေါင်းညိတ်၍ဖြစ်စေ ဝန်ခံခြင်းတည်း၊ ၄-"စုံစမ်းခြင်း"ဟူသည် ဝန်ခံခဲ့သည့်အတိုင်း သွား၍ သဘောတူ-မတူကို စုံစမ်းခြင်းတည်း၊ ၅-"ပြန်ပြောခြင်း"ဟူသည် စုံစမ်းပြီးနောက် ထိုသူ့သဘောကို ပြန်၍ပြောခြင်းတည်း၊ ထိုကဲ့သို့ အောင်သွယ်ပေးရာ၌ သူတို့ချင်းပေါင်းရသည်ဖြစ်စေ မပေါင်းရသည်ဖြစ်စေ အင်္ဂါ ၅ ပါး ညီလျှင် အာပတ်သင့်လေပြီ။

[ဆောင်] ကျား-မ ၂ ရပ်-လူသားဇာတ်တို့ ^{2}, ကင်းပြတ်ကွဲခိုက်-အောင်သွယ်ထိုက်၍-, ခိုင်းခိုက်ဝန်ခံ ^{3}, စုံစမ်းဟန်နှင့် ^{4}, တစ်ဖန်မယွင်း-ပြန်ပြောခြင်းဟု ^{5}, ကြောင်းရင်း ၅ လီ, အင်္ဂါညီ, သင့်ပြီသဠရိတ်။

http://www.dhammadownload.com

၀။ လေ့ကျင့်ခန်း မေးခွန်းများ

က။ ဒုဋ္ဌုလ္လ၀ါစာ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ခ။ ဒုဋ္ဌုလ္လ၀ါစသာဒရာဂ-ဟူသည် ဘယ်လို ရာဂပါနည်း။

ဂ။ "ယထာတံ ယုဝါ ယုဝတိ"ကား ဘာကိုပြသော စကားပါနည်း။

ဃ။ "မေထုနပသံဟိတာဟိ"ဟု ဆိုသောကြောင့် မေထုန်နှင့် စပ်၍ပြောမှ အာပတ်သင့်သလော၊ ဒုဋ္ဌုလ္လာဟိ ၀ါစာဟိ-အရ ဒုဋ္ဌုလ္လ၀ါစာတို့ကို စုံလင်စွာပြပါ။

င။ "သံယာဒိသေသော"နောက်၌ "အာပတ္တိနိကာယော"ဟု ထည့်သောကြောင့် အာပတ်အပေါင်းကို သံယာဒိသေသ-ဟုဆိုလျှင် အာပတ်တစ်ခုတည်း မည်သည့်နည်းအရ သံယာဒိသေသ်ဟု ခေါ်ရမည်နည်း။

စ။ ဒုဋ္ဌုလ္လ၀ါစာ အာပတ်၏ အဂ်ါကိုပြပါ။

ဆ။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်ကို အကျဉ်းချုပ်မြန်မာပြန်ပါ။

ဇ။ မာတုဂါမဿ သန္ဓိကေ၌ "သန္ဓိကေ"အရ မည်မျှနီးသော အရုပ်ကို ယူရမည်နည်း။

စျ။ ကာယသံသဂ္ဂ-ဒုဋ္ဌုလ္လ၀ါစာ-အတ္တကာမ သိက္ခာပုဒ်တို့၌ ယူရမည့် မာတုဂါမကို အသီးအသီးပြပါ။

ည။ ထို သိက္ခာပုဒ် ၃ ရပ်၌ဖြစ်သော ရာဂကို ခွဲခြားပြပါ။

ဋ။ အတ္တကာမ၌ ကာမအရနှင့်-ထိုကာမဖြင့် လုပ်ကျွေးရပုံကိုလည်းပြပါ။

ဌ။ "ဇေတဒဂ္ဂ၊ပေ၊ပရိစရေယျ"ကား ဘာကိုပြသော ၀ါကျပါနည်း, ထို ၀ါကျ၏ မြန်မာလို ဆိုလိုရင်းကိုပြပါ။

ဍ။ အတ္တကာမ ပါရိစရိယ အာပတ်၏ အဂ်ါကိုပြပါ။

ဎ။ သဠေရိတ္ထ သိက္ခာပုဒ်ကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ဏ။ ယောက်ျားအလိုကို မိန်းမအား ပြောရာ, မိန်းမအလိုကို ယောက်ျားအား ပြောရာတို့၌ ဖြစ်စေလိုသော ရည်ရွယ်ချက်ကို အသီးအသီး တွဲ၍ပြပါ။

တ။ တခ်ဏိကာမိန်းမဟူသည် မည်သည့်မိန်းမမျိုး ဖြစ်ကြောင်းကို ပြ၍, သဠေရိတ္ထသိက္ခာပုဒ်၏ အဂ်ါများကိုလည်းပြပါ။

---

http://www.dhammadownload.com

၆။ ကုဋိကာရ သီကွာပုဒ်

ဘိက္ခုနှာ - သည်၊ သညာစိယာယ - ကိုယ်တိုင် ဖြစ်စေအပ်သော တောင်းခြင်းဖြင့်၊ အသာမိကံ-ကျောင်းရှင် ဒါယကာ မရှိသော၊ အတ္တဒ္ဒေသံ-မိမိဟူသော ညွှန်ပြထိုက်သုရှိသော၊ ဝါ-မိမိဖို့ဖြစ်သော၊ ကုဋိ-ကျောင်းငယ်ကို၊ ကာရယမာနေန-ဆောက်လုပ်စေလိုလသော်၊ ပမာဏိကာ-ပမာဏနှင့် ယှဉ်သော ကုဋိကို၊ ကာရေတဗ္ဗာ- ဆောက်လုပ်စေထိုက်၏။

တတ္ထ-ထိုကုဋိ၏၊ ကဋ-ဤဆိုအပ်လတ္တံ့ကား၊ ပမာဏံ-ပမာဏဟူ၏။ သုဂတ ဝိဒတ္ထိယာ-ဘုရား အထွာတော်ဖြင့်၊ ဒီဃသော- အလျားမှ၊ ဒွေဒသ ဝိဒတ္ထိယော-တစ်ဆယ့်နှစ်ထွာတို့လည်းကောင်း၊ တိရိယံ- အနံမှ၊ အဋ္ဌ ရာ အတွင်းဘက်အစွန်ဖြင့်၊ သတ္တဝိဒတ္ထိယော-ဂုထွာတို့လည်းကောင်း ဟူ၏။ (ဤတို-ဤကား၊ ပမာဏံ-ပမာဏတည်း။)

ဘိက္ခု-ရဟန်းတို့ကို၊ ဝတ္ထုဒေသနာယ-ကုဋိရာကို ညွှန်ပြဖို့ရာ၊ အဘိနေဟဗ္ဗာ-ပင့်ဆောင်ထိုက်ကုန်၏၊ တေဟိ ဘိက္ခုဟိ- ထို ရဟန်းတို့သည်၊ အနာရမ္ဘ-ပိုးရွ ခြပုန်း ကောက်ပဲသီးနှံ အစရှိသော ဘေးရန် မရှိသော၊ သ ပရိက္ကမနံ- ၂ ကောင်ကပ်လှည်း, ၄ ကောင်ကပ်လှည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာရှိသော၊ ဝတ္ထု-ကုဋိရာကို၊ ဒေသေတဗ္ဗံ-ညွှန်ပြထိုက်၏။

ဘိက္ခု - ရဟန်းသည်၊ သာရမ္ဘေ - ပိုးရွ ခြပုန်း ကောက်ပဲသီးနှံ အစရှိသော ဘေးရန်ရှိသော၊ အပရိက္ကမနေ - ၂ ကောင်ကပ်လှည်း

* * * * *

၆။ ကုဋိကာရသီကွာပုဒ်။ ။ ရဟန်းသည် ပဲခွပ် ပုဆိန်စသော အဆောက်အဦးများကို ကိုယ်တိုင်ငှား၍ ဒါယကာ မရှိသော မိမိအတွက် ကျောင်းငယ်ကို ဆောက်စေလိုလျှင် ပမာဏနှင့် သင့်တော်သော ကျောင်းငယ်ကို ဆောက်စေရသည်၊ ယခုညွှန်ပြမည့် "ဘုရားအထွာတော်ဖြင့် အလျား ၁၂ထွာ-အနံ (အတွင်းဘက် တိုင်းတာခြင်းဖြင့်) ၇ထွာ"ကား ထိုကျောင်းငယ်၏ အကြီးဆုံး ပမာဏတည်း။

http://www.dhammadownload.com

၄ ကောင်းကပ် လှည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာမရှိသော၊ ဝတ္ထုသို့-ကုဋိရာဌ်၊ သညာစိကာယ-ကိုယ်တိုင်ဖြစ်စေအပ်သော တောင်းခြင်းဖြင့်၊ ကုဋိ - ကျောင်းငယ်ကို၊ စေကာရေယျ - အကယ်၍ ဆောက်လုပ်စေအံ့၊ ဘိက္ခုဝါ-ရဟန်းတို့ကိုမူလည်း၊ ဝတ္ထုဒေသနာယ -ကုဋိရာကို ညွှန်ပြဖို့ရာ၊ စေ အနိဘိနေယျ-အကယ်၍ မပင့်ဆောင်အံ့၊ ပမာဏဝါ-ပမာဏကိုမူလည်း၊ စေ အတိက္ကာမေယျ - အကယ်၍ ပိုလွန်စေအံ့၊ တဿဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

ထိုပြင် ကျောင်းနေရာကို ညွှန်ပြဖို့ရာ ရဟန်းများကို ထိုကျောင်းဆောက်မည့် အရပ်သို့ ပင့်ရမည်၊ ထို ရဟန်းတို့က ပိုးရွှေ့ခြပုန်း ကောက်ပဲသီးနှစ်သောဘေးရန်မရှိရာအရပ်- လှည်းတစ်စီး လှည့်ပတ်လောက်ရာ အရပ်ကို ညွှန်ပြရမည်၊ ဘေးရန်ရှိ၍ လှည်းမသွားသာသော အရပ်ဝယ် ကိုယ်တိုင်ငှားရမ်း၍ ကျောင်းငယ်ကိုဆောက်အံ့၊ ကျောင်းရာကို ညွှန်ပြဖို့ရာ ရဟန်းများကိုလည်း မပင့်ဆောင်လျှင် (ပင့်စေကာမူ) ပမာဏကို လွန်စေလျှင် သံဃာဒိသေသ် အာပတ်သင့်သည်။

သညာစိကာယ။ ။ [သံ=ကိုယ်တိုင်+ယာစိကာ=တောင်းခြင်း၊] သံကို သယံဟုဖွင့်၍ ယာစိကာကို "ပဝတ္တိတယာစနာ"ဟုဖွင့်၏၊ ထို့ကြောင့် "ကိုယ်တိုင်+ဖြစ်စေအပ်သောတောင်းခြင်း"ဟု ပေးရသည်၊ တောင်းခြင်းဟူသည်လည်း အပိုင်တောင်းခြင်းမဟုတ်၊ ခေတ္တငှားခြင်းသာတည်း၊ "သံယာစိကာယ+ကာရယမာနေန=ပဲခွပ် ပုဆိန်စသော အဆောက်အဦများကို ငှား၍ ထိုအဆောက်အဦများဖြင့် ဆောက်လုပ်စေလျှင်"ဟူလို၊ ပဲခွပ် ပုဆိန်စသော လက်နက်သာမက, သစ်ဝါးခုတ်ပေးမည့်သူ မြေတူးပေးမည့်သူများကိုလည်း ခေတ္တခေါ်ယူရသေးသည်၊ ဤသို့ ခေါ်ယူရာ၌ တစ်စုံတစ်ခု ဝတ္ထုပစ္စည်းကို တောင်းယူခြင်း မဟုတ်သောကြောင့် သူတို့အိမ်သို့သွား၍ "မည်သည့်ကိစ္စအတွက် ခေတ္တလိုက်ခဲ့စမ်းပါ"စသည်ဖြင့် ခေါ်ယူကောင်းသည်။

ကုဋိ - သက္ကတ အဘိဓာန်၌ ဣတ္ထိလိင်ကုဋိပုဒ်ကို "ခုဒ္ဒဂေဟ=အိမ်ငယ်"ဟုဖွင့်၏၊ ထို့ကြောင့် ငယ်သောအိမ်-ငယ်သောကျောင်းများကို "ကုဋိ"ဟုခေါ်၏၊ "တဲကုပ်-ကျောင်းကုပ်"စသော စကားများလည်း ကုဋိပုဒ်

http://www.dhammadownload.com

၏ ပါဠိပျက်များ ဖြစ်တန်ရာသည်၊ ဤသိက္ခာပုဒ်နှင့်ဆိုင်သော ကုဋိကား ဥလ္လိတ္တာကုဋိ အဝလိတ္တာကုဋိ ဥလ္လိတ္တာဝလိတ္တာကုဋိဟု ၃မျိုးရှိ၏၊ ထိုတွင် အင်္ဂတေ–သို့မဟုတ် မြေညက်တို့ဖြင့် အတွင်းဘက်၌သာ သုတ်ထားအပ်သော ကုဋိသည် ဥလ္လိတ္တာကုဋိမည်၏၊ အပြင်ဘက်၌သာ သုတ်ထားအပ်သော ကုဋိသည် အဝလိတ္တာကုဋိမည်၏၊ အတွင်းအပြင် ၂ ဖက်လုံး၌ သုတ်ထားအပ်သော ကုဋိသည် ဥလ္လိတ္တာ ဝလိတ္တာကုဋိမည်၏။

[အင်္ဂတေ မြေညက်သုတ်ရာ၌ အတွင်းဘက်သုတ်သည့်အခါ အောက်မှစ၍ အထက်သို့ တက်ကာတက်ကာသုတ်၍, အပြင်ဘက် သုတ်သည့်အခါ အထက်မှစ၍ အောက်သို့ သက်ကာသက်ကာ သုတ်ရသတဲ့၊ ဥ=အထက်သို့ ရှေ့.ရှ+အဝ=အောက်သို့ ရှေ့.ရှ+လိတ္တာ=သုတ်လိမ်းအပ်သည်။]

ကုဋိဆောက်ပုံ။ ။ ကုဋိကိုအင်္ဂတေ မြေညက် မသုတ်ခင် အဖြူထည်ဆောက်ရာ၌ မြေညက်များကိုရေဖြင့်နယ်၍ ထိုရွံ့.ကိုလုံးကာ အုတ်စိသလိုစီခြင်း– အုတ်ကိုပင်စီခြင်း– သစ်သား ထရံ သက်ငယ် ဓနိရွက် ထန်းရွက်စသည်ကို (အလိုရှိရာ) ကာခြင်း မိုးခြင်း–တိုင် ထုပ် လျှောက် တံခါ: လေသာပြတင်းစသည် တပ်ခြင်းအားဖြင့် ထုံးစံအတိုင်း တည်ဆောက်ရမည်၊ ဤအဖြူထည်ဆောက်ရာ၌ အာပတ်နှင့် လုံးဝမဆိုင်သေး။

ထို့နောက် ထိုနံရံ အမိုး အကာ အားလုံးကို သုတ်ရိုးသုတ်စဉ်အတိုင်း အင်္ဂတေဖြင့်ဖြစ်စေ, မြေညက်ဖြင့်ဖြစ်စေ သုတ်ရမည်၊ ထိုသို့ သုတ်သည့်အခါ အင်္ဂတေချင်း မြေညက်ချင်းစပ်မိလျှင် (ဥလ္လိတ္တာကုဋိ၌ အတွင်းဘက် သုတ်သင့်ရာကို အားလုံးသုတ်မိလျှင်, အဝလိတ္တာကုဋိ၌ အပြင်ဘက် သုတ်သင့်ရာ အားလုံးကို သုတ်မိလျှင်, ဥလ္လိတ္တာဝလိတ္တာကုဋိ၌ ၂ ဖက်လုံးကို အားလုံး သုတ်မိလျှင်) သံဃာဒိသေသ် အာပတ်သင့်သည်၊ သုတ်သင့်ရာ အရပ်များ ကွက်လပ်ကျန်နေသေးလျှင်ကား (အာပတ်မသင့်အောင် တမင်ချန်ထားစေကာမူ) အာပတ်မသင့်။ [အာပတ်သင့်ရာ၌ ပမာဏာတိက္ကန္တ အဒေသိတဝတ္ထုက တစ်မျိုးမျိုးဖြစ်မှ သင့်သည်ကိုလည်း သတိပြု။]

ကာရယမာနေန – [ကရ+ဏယ+မာန၊] ကာရိတ် ဏယပစ္စည်းအတွက် "ပြုစေ"ဟူသော အနက်အရ "ပဲခွပ်–ပုဆိန် စသည်ကို ငှားရမ်း၍ မြေတူးခိုင်းခြင်း–မြေနယ်ခိုင်းခြင်း–ရွံ့.လုံးခိုင်းခြင်း–အစီခိုင်းခြင်း" စသည်ဖြင့် သူတစ်ပါးကို စေခိုင်းသော ရဟန်းသာ ရသော်လည်း မိမိလုပ်ကောင်းသော ကိစ္စ၌ ကိုယ်တိုင်လုပ်သော ရဟန်းလည်း ကာရယမာနေနတွင် ပါဝင်သည်။

http://www.dhammadownload.com

အသာမိက် အတ္တဒ္ဒေသ – ကုဋိဆောက်လုပ်ရာ၌ တာဝန်ခံကျောင်းဒကာ မရှိသောကြောင့် အသာမိက, "မည်သူ့ဖို့ ကုဋိပါနည်း"ဟု မေးလျှင် "မိမိဖို့"ဟု ညွှန်ပြရသောကြောင့် "အတ္တဒ္ဒေသ"ဟု ခေါ်သည်။

တတြေဒံပမာဏံ ယေသတ္ထန္တ ရာ – ဤကား "ပမာဏိကာ ကာရေတဗ္ဗာ" အရ ကုဋိ၏ ပမာဏကိုပြသော ဝါကျတည်း၊ ဘုရားအထွာတော်ဖြင့် အလျား ၁၂ ထွာ-အနံ ၇ ထွာသည် ထိုကုဋိ၏ ပမာဏဖြစ်သည်၊ အလျားတိုင်းရာ၌ ထုံးစံအတိုင်း နံရံအပြင်ဘက်က အစွန်းခွင်း တိုင်းရမည်၊ အနံတိုင်းရာ၌ကား "အန္တ ရာ"ဟု မိန့်သောကြောင့် နံရံ၏ အတွင်းဘက် အစွန်းချင်း တိုင်းရမည်။

စဉ်းစားဖွယ်။ ။ ဤသိက္ခာပုဒ်၌ "ဘုရားတစ်ထွာသည် မဒ္ဒိမပုရိသ (အလယ်အလတ် ယောကျ်ား)၏ အထွာဖြင့် "ဒီယမ္ဗ ဟတ္ထ=တစ်ဘောင့် ထွာရှိ၏"ဟုဖွင့်ကြ၏၊ သို့သော် ထိုစကားကို အင်ြင်းအခုံ မဖြစ်ပွားစေလိုသည့် အတွက် မစဉ်းစားတော့ဘဲ ကုဋိ ၏ သဘောသွားကိုသာ စဉ်းစားပါတော့မည်၊ ဤကျောင်းကုပ် ကုဋိကို တည်ဆောက်ရာ၌ ကျောင်းဒါယကာ မရှိဘဲ ရဟန်းကိုယ်တိုင် "ဟိုလူ့ခေါ်ရ-သည်လူ့ခေါ်ရ, ဟိုဟာငှားရ, သည်ဟာ ငှားရနှင့်" အတော်ကြိုးစား၍ ဆောက်ရသည်၊ ယခုလူတို့ အထွာဖြင့်ပင် အလျား ၁၂ ထွာ အနံ ၇ ထွာရှိသော ကျောင်းငယ်သည် ယခု ကမ္မဋ္ဌာန်း ကျောင်းငယ်များအောက် မငယ်ပါ၊ ခုတင်တစ်လုံး ကောင်းကောင်း ထားသာသည်ပြင် နေရာအပိုပင်ကျန်သေး၏၊ ဘုရားရှင်ကလည်း ငယ်သည့် အတွက် အရေးမကြီး, "ပမာဏဝါ အတိက္ကာမေယျ= ပမာဏလွန်လျှင် အာပတ်"ဟု ပညတ်တော်မူပါသည်၊ ထိုအထွာထက် ၃ ဆတက်လျှင်ကား အလျား ၃၆ ထွာ (၁၈ တောင်), အနံ ၂၁ ထွာ (၁၀ တောင့်တစ်ထွာ) ရှိသောကြောင့် ကမ္မဋ္ဌာန်း ၃ ကျောင်းစာ (၃ ခန်း, ၂ ခန်းလောက် ကြီးမား မည်ဖြစ်ရကား ခဲခဲယဉ်းယဉ်းရှာဖွေ၍ တည်ဆောက်ရသော ထိုကုဋိအတွက် ထိုမျှလောက် ကြီးကျယ်သင့်- မသင့်ကို နှိုင်းချင့်ကြပါကုန်။

ဘိက္ခုအဘိနေတဗ္ဗာ ဝတ္ထုဒေသနာယ – ကိုယ့်ကိုယ်တိုင် တာဝန်ခံ၍ ကိုယ့်ကျောင်း ကိုယ်ဆောက်သောရဟန်းသည် ပမာဏထက် မပိုလွန်စေရရုံ သာမက, ဆောက်ချင်သည့် နေရာ၌လည်း ဆောက်ခွင့်မရချေ၊ "မည်သည့် နေရာ၌ ဆောက်သင့်သည်"ဟု ကျောင်းရာကို ညွှန်ပြဖို့ရာ ကျောင်းရာကြည့် ရှုမည့် ရဟန်းတို့ကို ထိုကျောင်းဆောက်ဖို့ ရည်မှန်းထားသောနေရာသို့ ပင့်

http://www.dhammadownload.com

ရမည်၊ [ပင့်ပုံ အစီအစဉ်ကို ပါဠိတော်မှာ ရှုပါ၊] ထိုသို့ ပင့်သည့်အခါ သံယာအားလုံး လိုက်ကြည့်နိုင်လျှင် သံယာကုန်လိုက်ကြည့်, အားလုံး မလိုက်နိုင်လျှင် ၂ ပါး, ၃ ပါး စသည် ကျွမ်းကျင်နားလည်သော ရဟန်းများကို သံယာက သမ္မုတိပေး၍ ထိုရဟန်းများက ကျောင်းရာကို လိုက်ကြည့်ရမည်။

တေဟိ၊ပေ၊အနာရမ္ဘ သ ပရိက္ကမန် - ထို သမ္မုတိရသော ရဟန်းများက ဘေးရန်လည်း ရှိ-ဥပစာလည်းမရှိလျှင် (သာရမ္ဘ အပရိက္ကမနနေရာဖြစ်နေလျှင်) "ဤနေရာ၌ မဆောက်နှင့်"ဟု တားမြစ်ရမည်၊ ဘေးရန်လည်းမရှိ-ဥပစာလည်းရှိလျှင် ထိုနေရာ၌ ဘေးရန်ကင်းကြောင်း ဥပစာရှိကြောင်းကို သံယာ့ထံပြန်၍ လျှောက်ရမည်၊ ထို့နောက် ထိုကျောင်းရှင်ရဟန်းက သံယာ့ထံ ကျောင်းရာညွှန်ပြဖို့ရန် တောင်းပန်၍ သံယာက ဥတ်ကမ္မဝါစာဖြင့် ညွှန်ပြရမည်၊ ဤအစီအစဉ်ကို ပါဠိတော်ရင်းကြည့်ပါ။

အနာရမ္ဘ - အာရမ္ဘ သဒ္ဒါသည် နိပ်စက် ဖျက်ဆီးတတ်သော ဘေးရန်အဓိ ရာယ်ကိုဟောတ်။ [နိ+အာရမ္ဘ=အနာရမ္ဘ=ဘေးရန်အဓိ ရာယ် မရှိသော အရပ်၊] အနာရမ္ဘကို ပြောင်းပြန်ပြန်၍ "သာရမ္ဘ"ခေါ် ဘေးရန်ရှိသော အရပ်များကား... ပုရွက်-ခြ စသည်ဖြင့် သနားဖွယ် သတ္တဝါကလေးများ အမြဲနေရာအရပ်, ဆင်-မြင်း-သစ်-ကျားစသော ရန်မူတတ်သော သတ္တဝါတို့ အမြဲ နေရာ အမြဲကျက်စားရာအရပ်, ကောက်ပဲ သီးနှံ စိုက်ပျိုးရာအရပ်, ခိုးသူတို့ကို သတ်ဖြတ်ရာအရပ်, လမ်းဆုံကျသောအရပ် စသည်ဖြင့် မလွတ်လပ်သော အရပ်များတည်း၊ ထိုအရပ်များကိုလည်း ပါဠိတော်မှာ ရှုကြပါကုန်။

သ ပရိက္ကမန - [ပရိက္ကမန=လှည့်ပတ်လောက်ရာဥပစာ+သ=ရှိသည်။] အကြောင်းကိစ္စရှိ၍ ထိုကျောင်းပတ်ပတ်လည်ကို လှည့်လည်လျှင် နွားတ ကောင် သို့မဟုတ် ၄ ကောင် ကပ်အပ်သော လှည်းဖြင့် လှည့်ပတ်လောက်စေရမည်၊ ထိုမျှလောက် ကျောင်းဥပစာရှိမှ "သပရိက္ကမန"ဟု ဆိုနိုင်သည်၊ ထိုကဲ့သို့ မလှည့်ပတ်လောက်အောင် ချောက်ကမ်းပါးစသည်နှင့် နီးကပ်နေလျှင်ကား အပရိက္ကမနအရပ် မည်၏။

သာရမ္ဘဓေ၊ပေ၊ကာရေယျ - ဤဝါကျ၌ ၁-သာရမ္ဘဖြစ်ခြင်း, ၂-အပရိ က္ကမနဖြစ်ခြင်း, ဤ ၂ ချက်ကြောင့် ဒုက္ကဋ်အာပတ် ၂ ချက်သင့်သည်၊ တစ်ချက်ချက်သာဖြစ်လျှင် ဒုက္ကဋ် ၁ ချက်သာသင့်၏။

http://www.dhammadownload.com

ဘိက္ခုဝါ အနဘိနေယျ, ပမာဏဝါ အတိက္ကာမေယျ – ဤဝါကျ ၂ ရပ်၌ ဝါ ၂ ချက် ရှိပုံကို သတိပြုပါ၊ ကျောင်းရာကို ကြည့်ဖို့ရန် ရဟန်းတို့ကို မပင့် ခြင်းကြောင့်လည်း သံဃာဒိသေသ် အာပတ်တစ်ချက်သင့်နိုင်, ပမာဏကို လွန်စေခြင်းကြောင့်လည်း အာပတ်တစ်ချက် သင့်နိုင်သည်။

အဂါ ၆ ပါ:, ၇ ပါ:။ ။ ၁–ဥလ္လိတ္တစသော ကုဋီ ၃ မျိုးတွင် တစ်မျိုး: မျိုးဖြစ်ခြင်:, ၂–အောက်ထစ်ဆုံ: ကုဋီပမာဏရှိခြင်:, ၃–ကုဋီရာကိုမည္ဆန်ပြ အပ်ခြင်:, ၄–ပမာဏကိုလွန်ခြင်:, ၅–မိမိအတွက်ဖြစ်ခြင်:, ၆–နေထိုင်ဖို့ ရာဖြစ်ခြင်:, ၇–အင်္ဂတေမြေညက်တို့ ဆက်စပ်မိခြင်:, အင်္ဂါ ၆ ပါ: ၇ ပါ: နှင့်ညီလျှင် သံဃာဒိသေသ် အာပတ်သင့်၏။

[ဆောင်] ဥလ္လိတ္တာဒိ–အစရှိသား:–ကုဋီ ၃ လုံး[1], အောက်ဆုံးပမာဏ[2], ကျောင်:ဌာနလည်:– မပြမည္ဆန်[3], ပမာဏလွန်လျက်[4], မိမိတွက်တာ[5], နေထိုင်ရာနှင့်[6], လျော်စွာသုတ်လေ– အင်္ဂတေမြေကို–စပ်စေမကြွင်:[7], အကြောင်:ရင်:ဟု, ခြောက်ခင်:ခုနစ်လိ, လျော်အောင်ညီ, သင့်ပြီကုဋီက။

၂–"ကုဋီ၏ အောက်ထစ်ဆုံ:ပမာဏ"ဟူသည် ၄ တောင်တည်:၊ ထို ၄ တောင်အောက်ထစ်ဆုံ:ရှိမှ ကုဋီခေါ်သည်၊ ၄ တောင်မျှ မကျယ်ဝန်:လျှင် နေထိုင်လောက်သော ကုဋီမဟုတ်, အခြား: တစ်ခုခုထား:ဖို့သာဖြစ်မည်။ [ဤ စကား:ဖြင့် အကျဉ်:ဆုံ: ၄ တောင်ရှိ၍ အလွန်ဆုံ: အလျား:၁၂ ထွာ– အနဲ ၇ ထွာရှိသော ကျောင်:ငယ်ကိုသာ ဤ၌ အလိုရှိအပ်သော "ကုဋီ"ဟု မှတ်။] ၃–"မိမိအတွက်ဖြစ်ခြင်:"ဟူရာ၌ မိမိနေထိုင်ဖို့ ဆောက်လုပ်မှသာ အာပတ်သင့်သည်၊ သူတစ်ပါ:ဖို့ ဆောက်လျှင်လည်:ကောင်:–သူတစ်ပါ: ဆောက်ပြီ:ကို အဆင်သင့်ရ၍နေလျှင်လည်:ကောင်:– အာပတ်မသင့်။

၆–"နေထိုင်ဖို့ရာဖြစ်ခြင်:"ဟူရာ၌ နေထိုင်ဖို့ ကျောင်:ဖြစ်မှသင့်သည်၊ နေဖို့မဟုတ်ဘဲ ဥပုသ်ကျောင်: ဆွမ်:စား:ကျောင်:စသည် ပြုလုပ်ရန်ဖြစ်လျှင် အာပတ်မသင့်၊ ၇–"အင်္ဂတေမြေညက် ဆက်စပ်မိခြင်:"ဟူရာ၌ သုတ်သင့်ရာ အရပ်များကို အား:လုံ: စပ်အောင်သုတ်မိမှ အာပတ်သင့်သည်၊ တစ်ခါသုတ် လောက် ကျန်နေသေ:လျှင်, သို့မဟုတ် တမင်ချန်ထား:လျှင် အာပတ်မသင့်။

မှတ်ချက်။ ။ ၃နှင့်၄ အင်္ဂါ၂ မျိုး:တွင် တစ်မျိုး:ဖြစ်ရုံမျှဖြင့် သံဃာ ဒိသေသ် ၁ ချက်သင့်၏၊ သို့ဖြစ်၍ အင်္ဂါ ၆ ပါ:ဆိုသည်၊ ထို၃–၄ နှစ်မျိုး:လုံ: ဖြစ်လျှင် သံဃာဒိသေသ် ၂ ချက်သင့်၏၊ သို့ဖြစ်၍ အင်္ဂါ ၇ ပါ:ဆိုသည်။

http://www.dhammadownload.com

၇။ ဝိဟာရကာရ သိက္ခာပုဒ်

ဘိက္ခုနှာ-သည်၊ သဿာမိက်-ကျောင်းရှင် ဒါယကာရှိသော၊ အတ္တုဒ္ဒေသ်-သော၊ (ရှေ့ သိက္ခာပုဒ်အတိုင်း အနက်ပေး၊) မဟလ္လက်-ကြီးသော၊ ဝိဟာရ်-ကျောင်းကို၊ ကာရယမာနေန-ဆောက်လုပ်စေလိုလသော်၊ ဘိက္ခု-တို့ကို၊ ဝတ္ထုဒေသနာယ-ကျောင်းနေရာကို ညွှန်ပြဖို့ရာ၊ အဘိနေတဗ္ဗာ-ကုန်၏၊ တေဟိ ဘိက္ခုဟိ ဝတ္ထု (ကျောင်းနေရာကို၊) ဒေသေတဗ္ဗံ အနာရဗ္ဘံ သပရိက္ကမန်၊ သာရမ္ဘေ ဘိက္ခု ဝတ္ထုသို့ အပရိက္ကမနေ မဟလ္လက်-ကြီးသော၊ ဝိဟာရ်-ကျောင်းကို၊ စေ ကာရေယျ-အုံ့၊ ဘိက္ခု-ရဟန်းတို့ကို၊ ဝတ္ထု ဒေသနာယ-ငှာ၊ စေ အနဘိနေယျ၀ါ- အကယ်၍ မပင့်ဘဲသာလျှင်နေအုံ့၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိ နိကာယော ဟောတိ။

* * * * *

၇။ ဝိဟာရကာရ သိက္ခာပုဒ်။ ။ ရဟန်းသည် ကျောင်းဒကာရှိသော မိမိဖို့ ကျောင်းကြီးကို ဆောက်လုပ်စေလိုလျှင် ရဟန်းတို့ကို ကျောင်းနေရာ ညွှန်ပြဖို့အတွက် ပင့်ရမည်၊ ထိုရဟန်းတို့က ဘေးရန်မရှိရာ အရပ်-လှည်း တစ်စီး လှည့်ပတ်လောက်ရာအရပ်ကို ညွှန်ပြရမည်၊ ဘေးရန်ရှိ၍ လှည်းမသွား သာသော အရပ်ဝယ် ကျောင်းကြီးကို ဆောက်ရာ၌ ကျောင်းရာညွှန်ပြရန် အတွက် ရဟန်းတို့ကို မပင့်လျှင် ထိုမပင့်မူကြောင့် သံဃာဒိသေသ် အာပတ်သင့်သည်။

မဟလ္လက်ဝိဟာရ် - "ကြီးသောကျောင်း"ဟူရာ၌ ၁-ဆောက်လုပ်သူ ဒါယကာ ရှိသည်အတွက် ကြီးမြတ်ခြင်း အထက်တန်းကျခြင်း, ၂-သံဃာ စိတကုဋိထက် ပမာဏကြီးလိုလျှင် ကြီးနိုင်ခြင်း, ဤ ၂ မျိုးလုံးပင်ရ၏၊ ၁-အဓိပ္ပာယ်အလို ရှေ့သိက္ခာပုဒ်က ကုဋိထက် အရွယ်မကြီးသော်လည်း ကျောင်းဒကာ ရှိသည်အတွက် မဟလ္လကခေါ်နိုင်၏၊ ၂-အဓိပ္ပာယ်အလို သံဃာစိတ ကုဋိမှာ ပမာဏထက်မလွန်စေရ၊ ဤကျောင်းကား ပမာဏလွန်သော်လည်း အပြစ်မရှိဟု အဓိပ္ပာယ်ရသည်၊ ဝိဟာရအရ "ကျောင်း"ဟူသည် ရှေ့သိက္ခာပုဒ်၌ ပြခဲ့သော အင်္ဂတေမြေညက် တစ်ခုခုဖြင့် သုတ်ထားသော ဥလ္လိတ္တ စသောကျောင်း ၃ မျိုးပင်တည်း၊ အချုပ်မှာ-ဤသိက္ခာပုဒ်၌ ကျောင်းရှင် ဒါယကာရှိခြင်း- ပမာဏသတ်မှတ်ချက်မရှိ (အလိုရှိသလောက် ကြီးကြီးငယ်ငယ် ဆောက်နိုင်) ခြင်းသာလျှင် ရှေ့သိက္ခာပုဒ်မှ ထူးသည်။

http://www.dhammadownload.com

မှတ်ရွက်။ ။ အင်္ဂတေ မြေညက် သုတ်ထားသော ဥလ္လိတ္တစသော ကျောင်း ၃ မျိုးကိုသာ ဆိုလိုသောကြောင့် ယခုကာလ သစ်သားကျောင်း စသည်နှင့် အင်္ဂတေ မသုတ်အပ်သော အုတ်တိုက်တို့မှာ ဤသိက္ခာပုဒ်အရ ကျင့်ဖွယ်မလို၊ အင်္ဂတေသုတ် အုတ်တိုက်ပင်ဖြစ်သော်လည်း သံယိုက ကျောင်းဖြစ်လျှင် အတ္တုဒ္ဒေသ မဟုတ်၍ ဤသိက္ခာပုဒ်အရ ပြုကျင့်ဖွယ်မလို၊ အင်္ဂတေသုတ် အုတ်တိုက်ကိုပင် (ပုဂ္ဂလိက)ဖြစ်၍ ကိုယ်တိုင်ကြပ်မတ်စီမံ ရလျှင်ကား ဤသိက္ခာပုဒ်အရ ကျင့်ရလိမ့်မည်၊ ကိုယ့်အတွက်ပင် ဖြစ်သော်လည်း ဒကာ ကြပ်မတ်ဆောက်လျှင်, သို့မဟုတ် အခြားရဟန်း ကြပ်မတ်လျှင် ဤသိက္ခာပုဒ်အရ ကျင့်ဖွယ်မလို။

ဘိက္ခုဝါ အနဘိနေယ္ယ - ဤ၌ ဝါသဒ္ဓါသည် ရှေ့သိက္ခာပုဒ်လာ ဝါသဒ္ဓါကဲ့သို့ ဝိကပ်နက်မရ, "အယံဝါသော မဟာနာဂေါ=ထိုဆင်ပြောင်ဟု သည် ဤဆင်ပင်တည်း"ဟူရာ၌ ပါသဒ္ဓါ အဝေါရဏအနက် ရှိသကဲ့သို့, ဤဝါသဒ္ဓါလည်း အဝေါရဏအနက်ရှိ၏၊ ဤသိက္ခာပုဒ်၌ ဝိကပ်ပြုဖို့ရာ တွဲဖက်မရှိ။ "ဘိက္ခုဝါ အနဘိနေယ္ယ ဝတ္တုဒေသနာယ"ဟု တစ်ဝါကျတည်း ရှိရကား ရဟန်းတို့ကို မပင့်ခြင်းကြောင့်သာ အာပတ်သင့်သည်-ဟု ဆိုလိုသည်။

အဂါ ၆ပါးသာ။ ။ ပမာဏကို လွန်ခြင်းဟူသော (ရှေ့သိက္ခာပုဒ်ပြ ၄နံပါတ်) အဂါမလိုသောကြောင့် အဂါ ၆ ပါးသာ ရှိသည်ကိုလည်း သတိပြုပါ။

[ဆောင်] ကုဋိကာရ, အင်ခုနစ်ဝတွင်, ပမာဏ လွန်ပယ်,
ကျန်ခြောက်သွယ်, သင့်ဖွယ် ဝိဟာရ။

၇။ လေ့ကျင့်ဓနိ: ဝေးခွန်းများ

က။ ကုဋိကာရ သိက္ခာပုဒ်ကို လိုရင်းအချုပ်မျှ မြန်မာပြန်ပါ။

ခ။ သံယာစိုကာအရ ကိုယ်တိုင်တောင်းပုံကိုပြ၍, ထို သံယာစိတ ကုဋိ၏ အလျား အနံ ပမာဏကို ဘုရားအထွာဖြင့် မည်မျှရှိ၍, မဇ္ဈိမ ပုရိသ အထွာဖြင့် မည်မျှရှိသည်ကိုပြပါ။

http://www.dhammadownload.com

၈။ ဤသိက္ခာပုဒ်၌ အလိုရှိအပ်သော ကုဋီမျိုးကိုပြ၍, ထို ကုဋီများ ဆောက်လုပ်ပုံကို အသီးအသီးပြပါ။

၈။ ထို ကုဋီများကို ဆောက်လုပ်ရာ၌ မည်သည့်အခါ အာပတ်သင့်သနည်း။

၈။ အသာမိုက် အတ္တဒ္ဒေသတို့၏ ဆိုလိုရင်းကိုပြပါ။

၈။ ဘိက္ခု၊ အဘိနေတဗ္ဗာအရ မည်သည့်အရပ်သို့ မည်သည့်အလုပ်လုပ်ရန် ပင့်ရမည်နည်း။

ဆ။ အနာရ မ္ဘမ္ မ ပြောင်းပြန်ဖြစ်သော သာရ မ္ဘအရပ်ဟူသည် မည်ကဲ့သို့သော အရပ်များပါနည်း, ထိုအရပ်များကို ၄-၅မျိုးမျှ ထုတ်ပြပါ။

ဇ။ သပရိက္ကမန အပရိက္ကမန နေရာများကို ခွဲခြားပြပါ။

စ။ သာရ မ္ဘအတွက်-အပရိက္ကမနအတွက်-ဘိက္ခု၊ အနဘိနေယျအတွက်-ပမာဏ အတိက္ကာမေယျအတွက် သင့်ရသော အာပတ်များကို ခွဲခြားဖော်ပြပါ။

ဉ။ ကုဋီကာရ သိက္ခာပုဒ်အင်္ဂါများကိုဖော်ပြ၍, ၆ ပါး ၇ ပါး ကွဲပြားခြင်း၏ အကြောင်းကိုလည်းပြပါ။

ဋ။ ဝိဟာရကာရသိက္ခာပုဒ်ကို လိုရင်းအချုပ်မျှ မြန်မာပြန်ပြီးလျှင်, မဟာလွှက အဓိပ္ပာယ်ကိုလည်းကောင်း, သိက္ခာပုဒ်အင်္ဂါကိုလည်းကောင်းပြပါ။

ဌ။ ယခုကာလ အင်္ဂတေ မသုတ်ရသော သစ်သားကျောင်း စသည်နှင့်-မသုတ်ဘဲထားသော အုတ်တိုက်များကို ဤမဟာလွှက ဝိဟာရအရ ယူနိုင်မည်လော, အင်္ဂတေသုတ် အုတ်တိုက်များ၌ ပုဂ္ဂလိက (တစ်ပါး ပိုင်) ဖြစ်လျှင် ဤဝိဟာရကာရ သိက္ခာပုဒ်အရ၌ မပြုကျင့်ဘဲ လည်းနေနိုင်မည်လော။

ဍ။ ကုဋီကာရ သိက္ခာပုဒ်နှင့်- ဝိဟာရကာရ သိက္ခာပုဒ် အထူးကိုပြ၍, ဝိဟာရကာရ သိက္ခာပုဒ်လာ ဝါသဒ္ဒါ၏ အနက်ကိုလည်းပြပါ။

---

http://www.dhammadownload.com

၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်

ယောပန ဘိက္ခု – သည်၊ ဘိက္ခုံ – ကို၊ ဒုဋ္ဌော–ဒေါသက ဖျက်ဆီးအပ်သည်၊ ဒေါသော–ဒေါသ အတွက် သူတစ်ပါးကိုလည်း ဖျက်ဆီးတတ်သည်၊ အပ္ပတိတော–ပိတိသုခ စသည်တို့ မကပ်ရောက်အပ်သည်၊ (ဟုတ္တာ–ဖြစ်၍၊) အမူလကေန– အခြေအမြစ် မရှိသော၊ ပါရာဇိကေန ဓမ္မေန–ပါရာဇိက အာပတ်ဖြင့်၊ အနုဒ္ဓသေယျ–စွပ်စွဲဖျက်ဆီးအံ့၊ (ကိ–အဘယ်အလိုဆန္ဒဖြင့် စွပ်စွဲသနည်း၊) နံ–ထိုရဟန်းကို၊ ဣမမှာ ဒြဟ္မစရိယာ– ဤမြတ်သော အကျင့်မှ၊ အပ္ပေဝနာမ စာဝေယျ–ရွှေ့လျောစေနိုင်တန်ရာ၏၊ (ဣတိ–ဤအလို ဆန္ဒဖြင့် စွပ်စွဲအံ့၊) တတော– ထိုစွပ်စွဲရာ အခါမှ၊ အပရေနသမယေန သမနုဂ္ဂါဟိယမာနောဝါ အသမ နုဂ္ဂါဟိယမာနောဝါ (စတုတ္ထပါရာဇိက ပြန်ကြည့်၊) တံ အဓိကရဏံ– ထို အာပတ္တာဓိကရဏ်းသည်၊ အမူလကဠေ–အခြေအမြစ် မရှိသည်လည်း၊ ဟောတိ–ဖြစ်အံ့၊ ဘိက္ခုစ– စွပ်စွဲသော ရဟန်းသည်လည်း၊ ဒေါသဲ– အပြစ်ကို၊ ပတိဋ္ဌာတိ–စွဲ၍ တည်ရတော့၏၊ ဝါ–ဝန်ခံရတော့၏၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာ ဏယာ ဟောတိ။

* * * * *

၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်။ ။ ဒေါသစိတ်ဖြင့် ရဟန်းကို သာသနာမှ ရွှေ့လျောစေလို လူထွက်စေလို၍ အခြေအမြစ် မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ် အာပတ်သင့်၏။

ဒုဋ္ဌော။ ။ [ဒုသဓာတ်, ကဲဟော တပစ္စည်းတည်း] မည်သူမဆို ဒေါသဖြစ်နေလျှင် စိတ်ကောင်းနလုံးကောင်း မရှိနိုင်တော့ဘဲ ထိုဒေါသက ထိုသူ၏ စိတ်ကို ဖျက်ဆီးရာရောက်၏၊ "ထိုသူ့စိတ်သည် နဂိုအတိုင်း စိတ်ကောင်းနလုံးကောင်း မဟုတ်တော့ဘဲ ဒေါသ၏ အဖျက်အဆီးကို ခံရသဖြင့် စိတ်ပျက်စိတ်ဆိုး ဖြစ်နေတော့သည်"ဟူလို။

ဒေါသော – [ဒုသဓာတ်, ကတ္တားဟော ဏ ပစ္စည်းတည်း။] ဒေါသ ဖြစ်နေလျှင် မိမိစိတ်သာ ပျက်စီးသည် မဟုတ်သေး, ထိုဒေါသစိတ်ကြောင့် "ဟိုလူ့ပြောချင်–သည်လူ့ဆိုချင်နှင့်" သူတစ်ပါးကိုလည်း နှိပ်စက်ဖျက်ဆီး တတ်သည်၊ ဤသို့လျှင် ပုဂ္ဂိုလ်တစ်ယောက်တည်းကိုပင် အဖျက်ဆီးခံရပုံ

http://www.dhammadownload.com

အခြင်းအရာကိုစွဲ၍ "ဒုဋ္ဌော"ဟုလည်းကောင်း၊ သူတစ်ပါးအား နှိပ်စက်ဖျက်ဆီးတတ်ပုံ အခြင်းအရာကိုစွဲ၍ "ဒေါသော"ဟုလည်းကောင်း ဆိုရပေသည်။

အပ္ပတိတော – ပတိတောဌ် "ပတိပုဗ္ဗ–ဣဓာတ်၊ တပစ္စည်း"တည်း။ ပတိ=ရှေးရှု+ဣတော=ရောက်အပ်သည်၊ နေ+ပတိတော, အပ္ပတိတော၊ ဒေါသဖြစ်သည့်အခါ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော ပိတိသုခ စသည်တို့ ထိုသူ့စိတ်အစဉ်မှာ မကပ်ရောက်ကြသည်ကို "အပ္ပတိတော"ဟုဆိုသည်၊ [ပတိဥပသာရ၏ အစအကွာရာဌ် ဒွေဘော်ရောက်မြဲဖြစ်၍ အပ္ပတိတော– ဟု ရှိရသည်။]

အမူလကေန ပါရာဇိကေန – ပါရာဇိကအာပတ်ဖြင့် သူတစ်ပါးကို စွပ်စွဲရာဝယ် တချို့ပါရာဇိကမှာ အခြေအမြစ်ရှိ၍, အချို့ ပါရာဇိကမှာ အခြေအမြစ်မရှိချေ။ ချဲ့ဦးအုံ– ပါရာဇိကမှု ကျူးလွန်နေသော ရဟန်းတစ်ပါးကို ကိုယ်တိုင်မြင်အုံ၊ ထိုရဟန်းကို ပါရာဇိကဖြင့် စွပ်စွဲခြင်းသည် မြင်ခြင်းဟူသော အခြေအမြစ်ရှိ၏၊ သူတစ်ပါးထံမှ တစ်ဆင့်ကြား၍ စွပ်စွဲလျှင်လည်း ကြားခြင်းဟူသော အခြေအမြစ်ရှိ၏၊ မာတုဂါမနှင့် ဆိတ်ကွယ်ရာ သို့မဟုတ် မှောင်အတွင်းဌ် နေသည်ကိုတွေ့၍ "ပါရာဇိကမှု ကျူးကျော်လေသလား"ဟု ယုံမှားသံသယ ဖြစ်သောကြောင့် စွပ်စွဲလျှင်လည်း ယုံမှားခြင်းဟူသော အခြေအမြစ်ရှိ၏၊ ဤသို့လျှင် ဒိဋ္ဌသုတ ပရိသက်တို တ (မြင်ခြင်း–ကြားခြင်း–ယုံမှားခြင်း) ၃ပါးကို ပါရာဇိကဖြင့် စွပ်စွဲဖို့ရန် မူလ (အကြောင်းရင်းအခြေခံ–အခြေအမြစ်)ဟုခေါ်၏၊ ထိုသို့ မူလ (အခြေအမြစ်) မရှိသော ပါရာဇိကကို အမူလက ပါရာဇိကဟုခေါ်သည်၊ [ဤဌ် ပါရာဇိကအရ ပါရာဇိက အခန်းအဆုံးဌ် ပြခဲ့သောပါရာဇိက ၂၄ပါးတွင် ဘိက္ခုနီနှင့်သာ ဆိုင်သော ၅ပါးကို နုတ်၍ ကျန် ၁၉ပါးသော ပါရာဇိကများကိုယူ။]

အပ္ပေဝနာမ၊ ယေ၊ ဓာ၊ ဝေယ္ယ၊ ဣ – ဤဝါကျကား စွပ်စွဲသော ရဟန်း၏ အလိုဆန္ဒကိုပြသောဝါကျတည်း၊ ချဲ့ဦးအုံ– သူတစ်ပါးကိုစွပ်စွဲရာဌ် ၁–ဆဲလို၍ စွပ်စွဲခြင်း, ၂–အာပတ်ကို မရှုလျှင် နှင်ထုတ်ဖို့ရန် ဥက္ခေပနီယက် စသည်ကိုပြုလို၍ စွပ်စွဲခြင်း, ၃–အာပတ်မှ ထမြောက်စေလိုသော စေတနာကောင်းဖြင့် စွပ်စွဲခြင်း စသည်ဖြင့် အလိုဆန္ဒ အမျိုးမျိုးရှိ၏၊ ဤသိက္ခာပုဒ်လာ စွပ်စွဲခြင်းမှာ ထိုရဟန်းကို သာသနာမှရွှေ့လျောစေလိုသော ဆန္ဒဖြင့် စွပ်စွဲခြင်းတည်း။

မှတ်ချက်။ ။"ဣမမှာဒြဟွစရိယာ"အရ မြတ်သောအကျင့် ဟူသည် သာသနာတော်ပင်တည်း၊ "အပ္ပေဝနာမ"ကား "အပိ+ဧ၀+နာမ" နိပါတ်

http://www.dhammadownload.com

ဒုခုကို ပေါင်းထားသော ပုဒ်အပေါင်းတည်း ဤအပ္ပေဝနာမသည် သံသယတ္ထ (မိမိအလုပ်ကို ယုံမှားခြင်း-မိမိအလုပ်၏ အသေအချာ မဟုတ်ခြင်း-ထမြောက်မည် မမြောက်မည်ကို မသိရခြင်းအနက်)ရှိ၏၊ ထို့ကြောင့် "အပ္ပေဝနာမစာဝေယျ-ရွှေ့လျောစေနိုင်တန်ရာ၏"ဟု အနက်ပေးသည်၊ ဤ၌ "ရွှေ့လျော"ဟူသည် လူထွက်ရခြင်းပင်တည်း၊ "လူထွက်သွားရအောင် စွပ်စွဲနိုင်မည်လား မသိ, ငါစွပ်စွဲလိုက်သည့်အတွက် လူထွက်သွားရလျှင် ကောင်းမှာပဲ"ဟူလို။

တတောအပရေနမေဃပတိဋ္ဌာတိ - "တတော အပရေန သမယေန၊ ပေ၊ ဘိက္ခုစဒေါသ ပတိဋ္ဌာတိ သံဃာဒိသေသော"ဟုဆိုသောကြောင့် စာသွား အတိုင်း အမှတ်တမဲ့ စဉ်းစားလျှင် "ထိုကဲ့သို့ စွပ်စွဲပြီးနောက် အပြစ်ကို ဝန်ခံမှ သံဃာဒိသေသ် အာပတ်သင့်သည်"ဟုထင်ဖွယ်ရှိ၏၊ စင်စစ်မှာ-စွပ်စွဲပြီးစကပင် သံဃာဒိသေသ် အာပတ်သင့်ခဲ့လေပြီ၊ ဤ "တတော အပရေန" စသော ဝါကျမှာ စွပ်စွဲမှု၏ အခြေအမြစ်မရှိပုံ ထင်ရှားရာ ကာလကိုပြသော ဝါကျဖြစ်သည်။

သမနုဂ္ဂါဟီယမာနောဝါ - သာသနာတော်၌ စွပ်စွဲမှုဖြစ်သည့်အခါ တရားရုံး၌ တရားသူကြီးက စစ်သကဲ့သို့ "အနုဝိဒ္ဓက"ခေါ် စစ်ဆေးရန် သမ္မုတိရသော ထေရ်က စောဒက (စွပ်စွဲသူ)ကို "ငါ့ရှင်က ဤရဟန်းကို ပါရာဇိကဖြင့် စွပ်စွဲရာ၌ ဤရဟန်းနှင့်စပ်၍ ငါ့ရှင်သည် ဘာကို မြင်သလဲ, ဘယ်လိုနေသည်ကို မြင်သလဲ, ဘယ်အခါ မြင်သလဲ, ဘယ်အရပ်မှာ မြင်သလဲ, ဘာကိုကြားသလဲ, ဘာကိုသံသယဖြစ်သလဲ" စသည်ဖြင့် စစ်ဆေးမေးမြန်းရသည်၊ ဤသို့ အစစ်အဆေးခံရမှ အပြစ်ကို ဝန်ခံသူလည်းရှိ၏။

အသမနုဂ္ဂါဟီယမာနောဝါ - ထိုသို့ အစစ်အဆေးမခံရဘဲ မိမိဘာသာ မိမိအပြစ်ကို ဝန်ခံသူလည်းရှိသည်။ [ဤသမနုဂ္ဂါဟီယမာနောဝါ အသမနုဂ္ဂါဟီယမာနောဝါ ၂ ပုဒ်ကို "ဘိက္ခုစ ဒေါသ ပတိဋ္ဌာတိ"၌ လှမ်းစပ်၊ "မေးအပ်သည်ဖြစ်စေ မမေးအပ်သည်ဖြစ်စေ အပြစ်ကို ဝန်ခံရတော့သည်" ဟူလို။

အမူလကဟေ တံ အဓိကရဏံ - အဓိကရဏ် အရ ဝိဝါဒါဓိကရဏ်: အနုဝါဒါဓိကရဏ်: အာပတ္တာဓိကရဏ်: ကိစ္စာဓိကရဏ်:-ဟု ၄မျိုးရှိ၏၊ အကျယ်ကို အဓိကရဏသမထအခန်းကျမှ ပြပါဦးမည်၊ ဤသိက္ခာပုဒ်လာ အဓိကရဏ်:ဟူသည် အာပတ်နှင့်စပ်၍ဖြစ်သော အာပတ္တာဓိကရဏ်:တည်း။

http://www.dhammadownload.com

ဘိက္ခုဝေါသံ ပတိဋ္ဌာတိ – "ဒေါသ"ဟူသည် စွပ်စွဲရာ၌ အမှန်မဟုတ်ဘဲ လိမ်လည်မှု အပြစ်တည်း၊ ပတိဋ္ဌာတိ၌ သဒ္ဒါနက်အားဖြင့် "စွဲ၍တည်ရတော့၏"ဟုထွက်၏၊ "အပြစ်ကိုစွဲ၍တည်ခြင်း"ဟူသည် အပြစ်၌ တန့်ရပ်ခြင်း-အပြစ်၌ အဆုံးသတ်ခြင်း-အပြစ်မှ မရှောင်လွှဲနိုင်တော့ခြင်းတည်း၊ မရှောင်လွှဲနိုင်ခြင်းဟူသည်လည်း "တပည့်တော် မဟုတ်မတရား စွပ်စွဲမိပါပြီ"ဟု အပြစ်ကို ဝန်ခံခြင်းပင် ဖြစ်သည်။

အင်္ဂါ ၅ပါး။ ။ ၁-ရဟန်းအရေအတွက်တွင် ပါဝင်ခြင်း, ၂-ထိုသူ.၌ ပါရာဇိကအာပတ်မှ စင်ကြယ်သူဟု အမှတ်ရှိခြင်း, ၃-မြင်ခြင်း ကြားခြင်း ယုံမှားခြင်းဟူသော အခြေအမြစ်မရှိခြင်း, ၄-သာသနာမှ ရွှေ့လျှောစေလိုရ်ု မျက်မှောက်၌ စောဒနာခြင်း, ၅-အစွပ်စွဲခံရသူက မိမိကို စွပ်စွဲမှန်း ချက်ခြင်းသိခြင်း, ဤအင်္ဂါ ၅ပါးတည်း။

၁-ပါရာဇိက ကျွန်ုပ်စေကာမူ သူ.ကိုသူရဟန်းဟု ဝန်ခံနေသေးလျှင် ရဟန်းအရေအတွက်တွင် ပါဝင်နေသူပင်ဖြစ်၏၊ ၂-စွပ်စွဲသူမိမိကလည်း (ရဟန်းအစစ်ဖြစ်စေ-.အတုဖြစ်စေ) ပါရာဇိကမှ စင်ကြယ်သူဟု အထင်ရှိနေလျှင် မစွပ်စွဲရ၊ ၄-"မျက်မှောက်စောဒနာခြင်း" ဟူရာ၌ စွပ်စွဲအပ်သော ရဟန်း၏ မျက်မှောက်၌ တိုက်ရိုက်စွပ်စွဲမှုအပြစ်ရှိသည်၊ တိုက်ရိုက်မဟုတ်ဘဲ ကွယ်ရာမှ စွပ်စွဲနေလျှင် ဤသိက္ခာပုဒ်ဖြင့် အပြစ်မသင့်။

မှတ်ချက်။ ။ ကိုယ့်ကိုယ်တိုင် နှုတ်ဖြင့်စွပ်စွဲမှုမဟုတ်, တစ်ယောက်ယောက်ကို မိမိကိုယ်စားစွပ်စွဲခိုင်းခြင်း- လက်ပြခြေပြဖြင့် စွပ်စွဲခြင်းများလည်း ဤသိက္ခာပုဒ်အရ အပြစ်သင့်သည်သာ၊ စေခိုင်းရာ၌ အခိုင်းခံရသူက သူ.သဘောမဟုတ်ဘဲ ခိုင်းသူ၏ သဘောအတိုင်းသာ စွပ်စွဲလျှင် အခိုင်းခံရသူမှာ အပြစ်မရှိ, သူ.သဘောကိုပါ ပြောပြစွပ်စွဲလျှင် အခိုင်းခံရသူမှာလည်း သံယာဒီသေသ်ပင်။

[ဆောင်] ရဟန်းများတွင်, ရေတွက်ဝင်၍[1], သန့်စင်သသူ-ထင်မှတ်ယူလျက်[2], အမှုလက[3], သမ္ဘုခလျှင်:, စွပ်စွဲခြင်:တည်[4], ချက်ချင်:သိဟု[5], ကြောင်:ရှိငါ:လီ, အင်္ဂါညီ, သင့်ပြီ ဒုဋ္ဌဒေါသ။

http://www.dhammadownload.com

၆။ ဒုတိယ ဒုဋ္ဌဒေါသ

ယောပန ဘိက္ခု၊ ဘိက္ခုံ ဒုဋ္ဌော ဒေါသော အပ္ပ တိတော (ရှေ့အတိုင်း အနက်ဆိုပါ)အညဘာဂိ ယသ- တစ်ပါးသောအဖို့၏ဥစ္စာဖြစ်သော၊ အဓိ ကရဏသ- နာမည်တည်ရာ၏၊ ကိဠီ-တစ်စုံတစ်ခုသော၊ ဒေသ-ညွှန်ပြအပ်သော၊ လေသမတ္တံ-အမြွက်မျှကို၊ ဥပါဒါယ-စွဲ၍၊ ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေယျ "အပ္ပေဝနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျ"န္တိ၊ တတော အပရေန သမယေန သမနုဂ္ဂါဟိယမာနောဝါ အသမနုဂ္ဂါ ဟိယမာနောဝါ၊ တံ အဓိကရဏံ-ထိ အပတ္တာဓိကရဏ်းသည်၊ အညဘာဂိ ယဿ-တစ်ပါးသော အဖို့၏ ဥစ္စာသည်လည်း၊ ဟောတိ-အုံ့၊ ကောစိ-တစ်စုံတစ်ခုသော၊ ဒေသော-ညွှန်ပြအပ်သော၊ လေသမတ္တော-အမြွက်မျှသည်၊ ဝါ-ကို၊ ဥပါဒိန္နော-ယူအပ်သည်၊ (ဟောတိ-ဖြစ်အုံ့) ဘိက္ခုစ ဒေါသ ပတိဋ္ဌာတိ, သံဃာဒိသေသော။

* * * * *

၆။ ဒုတိယ ဒုဋ္ဌဒေါသ။ ။ [ဤသိက္ခာပုဒ်ကို အညဘာဂိယ သိက္ခာပုဒ်ဟုလည်းခေါ်၏၊] ရဟန်းသည် အခြားရဟန်းကို လူထွက်ရအောင် ဖျက်ဆီးလိုသော ဒေါသစိတ်ရှိရကား ထိုရဟန်းနှင့် စပ်သော နာမည်ကို အခြားသတ္တဝါ စသည်အပေါ်၌ တပ်ပြီးလျှင် "ထိုရဟန်းကို သာသနာမှ ရွှေ့လျောစေနိုင်ပါမူကောင်းလေစွ"ဟု သဘောထား၍ ထိုနာမည်ကို ညွှန်ပြ ပြီးလျှင် ပါရာဇိကဖြင့် စွပ်စွဲအုံ့, သံဃာဒိသေသ် အာပတ်သင့်၏။

အညဘာဂိယဿ အဓိကရဏဿ - [အညဘာဂဿ-တစ်ပါးသော အဖို့၏ (အခြားတစ်မျိုး၏)+ဣယ-ဥစ္စာ၊ အဓိကရဏသဒ္ဒါသည် (အဓိ ကရဏသာဓန ဟူရာ၌ကဲ့သို့) "တည်ရာ"ဟူသော အနက်ကိုဟော၏၊] မေတ္တိယ ဘူမဇကရဟန်းတို့သည် ရဟန္တာဖြစ်သော အရှင်ဒဗ္ဗကို စွပ်စွဲလို သောအခါ အရှင်ဒဗ္ဗမှာ စွပ်စွဲစရာ အပြစ်မရှိ၍ အပြစ်ရှာနေကြစဉ်, တစ် နေ့သ၌ ဆိတ်မကိုမေထုန်မှီဝဲနေသော ဆိတ်ဖိုကို တွေ့ကြရာဝယ် ဆိတ်ဖို ကို"ဒဗ္ဗ-မလ္လပုတ္တ"ဟု နာမည်ပေး၍, ဆိတ်မကို "မေတ္တိယာ"ဟု ရဟန်းမ တစ်ယောက်၏နာမည်ကို ပေးကြလေသည်၊ ဤ၌ ဆိတ်ဖိုနှင့် ဆိတ်မတို့သည် "ဒဗ္ဗ မလ္လပုတ္တ-မေတ္တိယာ"ဟူသော နာမည်များ၏ တည်ရာ "အဓိကရဏ"

http://www.dhammadownload.com

ဖြစ်ကြ၏။ [နာမည်ဟူရာ၌ ဇာတိနာမည် (ခတ္တိယ), ဂေါတ္တနာမည် (ဂေါတမ), နာမနာမည် (ဒဠ-မေတ္တိယာ) စသည်ဖြင့် အမျိုးမျိုးရှိသည်။]

အညဘာဂိယဖြစ်ပုံ။ ။ ဆိတ်ဖိုကို "ဒဠ-မလ္လပုတ္တ"ဟု နာမည်ပေးရာ၌ အရှင်ဒဠ၏ လူဇာတ်-ရဟန်းအဖြစ်က တစ်ဖို့၊ ဆိတ်ဖို၏ တိရစ္ဆာန်ဇာတ်-ဆိတ်ဖိုအဖြစ်က တစ်ဖို့အားဖြင့် ၂ ပက္ခ ၂ ဖို့ကွဲလျက်ရှိ၏၊ ထိုတွင် "အညဘာဂ"အရ "တစ်ပါးသောအဖို့"ဟူသည် လူဇာတ်-ရဟန်းအဖြစ်မှ တစ်ပါးသော တိရစ္ဆာန်ဇာတ်-ဆိတ်ဖိုအဖြစ်တည်း၊ ထို "တစ်ပါးသော အဖို့၏ ဥစ္စာ"ဟူသည် ဆိတ်သတ္တဝါတည်း၊ အချုပ်မှာ အညဘာဂိယ၌ အည၏ အပါဒါန်ကို လူဇာတ်-ရဟန်းအဖြစ်ကိုပံ့၍ တစ်ပါးသော တိရစ္ဆာန်ဇာတ်-ဆိတ်ဖိုအဖြစ်ကို "အညဘာဂ"ဟုခေါ်ပြီးလျှင် ထိုအညဘာဂ၏ ဥစ္စာ (အညဘာဂနှင့် စပ်သောအရာ)မှာ ဆိတ်သတ္တဝါဖြစ်သည်-ဟူလို၊ ဤကား-ဝတ္ထုကြောင်းအလိုက် အညဘာဂိယ၏ အဓိပ္ပာယ်တည်း။ [ဦးတိဿကို ပါရာဇိကဖြင့် စွပ်စွဲလိုသောအခါ နွားမ၌ မေထုန်မှီဝဲနေသော နွားထီးကို တိဿဟု နာမည်မှည့်၍ အဓိပ္ပာယ်ပြောပါ။]

ကိဠိဒေဿ - ဒိဿတိ(အပဒိဿတိ)-ညွှန်ပြအပ်၏၊ ဣတိ-ထို့ကြောင့်၊ ဒေသော-ဒေသမည်၏၊ ဤဒေသသည် ဇာတိ ဂေါတ္တ နာမစသောအားဖြင့် ၁၀ပါးရှိ၏။ [ဇာတိ=အမျိုးဇာတ်၊ ဂေါတ္တ=အနွယ်၊ နာမ=နာမည်၊] ညွှန်ပြအပ်ပုံကား-မင်းဇာတ်ရှိသော ရဟန်းတစ်ပါး ပါရာဇိကမှု ကျူးလွန်နေသည်ကို မြင်ပြီးနောက် မိမိရန်သူဖြစ်သော မင်းဇာတ်ရှိသူအခြားရဟန်းကို စွပ်စွဲလိုသောအခါ ထိုမင်းဇာတ်ကို အစွဲပြု၍ "မင်းဇာတ်ရှိသော သင်သည် ပါရာဇိကမှုကို ကျူးလွန်၏"ဟု စွပ်စွဲရာ၌ မင်းဇာတ်သည် ညွှန်ပြအပ်သော ဒေသမည်၏၊ အရှင်ဒဠကို စွပ်စွဲကြရာ၌ကား ဆိတ်ဖိုကို "ဒဠ-မလ္လပုတ္တ"ဟု နာမည်ပေးကြပြီးနောက် ထိုဆိတ်နှင့် နာမည်တူဖြစ်နေသော အရှင်ဒဠကို စွပ်စွဲကြသည်၊ ထို့ကြောင့် "ဒဠ-မလ္လပုတ္တ"ဟူသော နာမည်သည် ညွှန်ပြအပ်သော ဒေသမည်၏၊ "ညွှန်ပြ"ဆိုသည်ကား "မင်းဇာတ်ရှိသော သင်သည်, ဒဠမည်သော သင်"ဟု ညွှန်ပြပြောဆိုခြင်းတည်း။

လေသမတ္တံ -လိဿတိ(သိလိဿတိ)-အခြားဝတ္ထုကိုလည်း ဦးကပ်တတ်၏၊ ဣတိ-ကြောင့်၊ လေသော-လေသမည်၏၊ ဤလေသဟူသည်လည်း ထိုဇာတိဂေါတ္တနာမ စသောအားဖြင့် ၁၀ ပါးပင်တည်း၊ မင်းတစ်ယောက်၏ ခတ္တိယဇာတ်သည် အခြားမင်းတစ်ယောက်အပေါ်၌လည်းဦးကပ်၏၊ ထို့ကြောင့်

http://www.dhammadownload.com

ခတ္တိယဇာတ်သည် လေသမည်၏၊ "အခြားမင်းတစ်ယောက်ကိုလည်း ခတ္တိယ ဟု သုံးနှုန်းနိုင်ခြင်းကို ငြိကပ်သည်"ဟုဆိုသည်၊ ဂေါတ္တနာမတို့ လေသဖြစ် ကြပုံကိုလည်း ပြောပါ၊ ဤလေသကိုပင် ရှေးဆရာတို့က "အမြွက်"ဟု အနက်ပေးကြ၏၊ တိုက်ရိုက်မဟုတ်-အားလုံးမဟုတ်ဘဲ ဆင်တူရိုးမှား လောက်ဖြစ်သော အရာ-တစ်စွန်းတစ်စဖြစ်သော အရာကို "အမြွက်လောက် ပြောပြလျှင် နားလည်ပါတယ်, သူက ငါ့ကို အမြွက်ထောင်နေတယ်"စသည် ဖြင့် အမြွက်ဟူသော စကားလုံးကို သုံးစွဲရိုးရှိသည်၊ ထိုအမြွက်ထောင်ခြင်း ကိုပင် "စကားကပ်ခြင်း"ဟု သုံးစွဲလေ့ရှိရကား "လေသ"ဟူသော ပါဠိ၏ "ငြိကပ်"ဟူသော သဒ္ဒါနက်နှင့် ထပ်မိလျက် ရှိလေသည်

လေသမတ္တံဥပါဒါယ - မတ္တသဒ္ဒါသည် အနည်းငယ်ဟူသော အနက်ကို ဟောဘ၏၊ မင်းဇာတ်ရှိသော ရဟန်းတစ်ပါး၏ ခတ္တိယဇာတ်ကိုစွဲ၍ အခြား မင်းဇာတ်ရှိသော ရဟန်းကို စွပ်စွဲရာ၌ မင်းဇာတ်ချင်းသာတူသည်၊ "ပါရာဇိက ကျူးလွန်မှု"ဟူသော လိုရင်းအချက်ကား မတူချေ၊ ဤသို့ အနည်းငယ်တူ သောခတ္တိယဇာတ်လောက်ကို (ခတ္တိယဇာတ်ချင်း တူတာလောက်ကို) စွဲမှီ ခြင်းကို "လေသမတ္တံ ဥပါဒါယ"ဟု ဆိုသည်။

အဂ်ါ ၆ပါး။ ။ ဒုဋ္ဌဒေါသ၌ ပြခဲ့သော အဂ်ါ ၅ ပါးအပြင် "အညဘာဂိယာမိကရဏ၏ တစ်စုံတစ်ခု ညွှန်ပြအပ်သော အမြွက်မျှကို စွဲယူခြင်း"ဟူသော အဂ်ါကို အပိုထည့်၍ အဂ်ါ ၆ ပါးရှိသည်ဟုမှတ်။

[ဆောင်] ရှေ့ဒုဋ္ဌဒေါသ, အင်ငါးဝတွင်, အညဘာဂိ-တည်ရာ၏ လျှင်- ကိုဋ္ဌဒေသ-အမြွက်မျှကို-စွဲယူပို, မှတ်လို ဒုတိယ-ဒုဋ္ဌဒေါသ။

ကာလအပိုင်းအခြားတူများ။ ။ ၁-သိက္ခာချမှု, ၂-(စတုတ္ထပါရာဇိကလာ) အဘူတာရောစန-မဟုတ်မမှန်ပြောမှု, ၃-ဒုဋ္ဌုလ္လ သိက္ခာပုဒ်အရ ဒုဋ္ဌုလ္လဝါစာ ပြောမှု, ၄-အတ္တကာမ သိက္ခာပုဒ်အရ အတ္တကာမပြောမှု, ၅-ဤဒုဋ္ဌဒေါသ ဖြင့်စွပ်စွဲမှု, ၆-ပါစိတ်၌ လာမည့် ဘူတာရောစန အမှုတို့သည် ပြောပြီးလျှင် ပြီးခြင်း သိခြင်းအားဖြင့် ကာလအပိုင်းအခြား တူကြလေသည်။

[ဆောင်] သိက္ခာကိုချ, အဘူတနှင့်, ဌုလ္လဝါစာ, အတ္တကာတည်း, ဒုဋ္ဌာဒေါသ, ဘူတရောစန်, ဤ ၆ တန်တို့, ပိုင်းရန်ကာလ, တူညီမှု, သိရချက်ချင်းသာ။

http://www.dhammadownload.com

၁၀။ လေ့ကျင့်ခန်း မေးခွန်းများ

က။ ပထမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်ပါဠိကို အကျဉ်းချုပ် မြန်မာပြန်ပါ။

ခ။ အမူလကေန ပါရာဇိကေနဋ္ဌ အဘယ်ကို မူလဟု ခေါ်၍, ပါရာဇိကေန အရ အဘယ်ပါရာဇိကတို့ကို ဤသိက္ခာပုဒ်ဋ္ဌ ယူရမည်နည်း။

ဂ။ "အပ္ပေဝနာမ ပေါစာ ဂေယ္ယုံ"ကား ဘာကိုပြသော ဝါကျပါနည်း, သူ တစ်ပါးကို စွပ်စွဲရာ၌ အလိုဆန္ဒ အမျိုးမျိုးရှိရာတွင် ၃မျိုးမျှ ဖေါ်ပြ၍, ဤသိက္ခာပုဒ်ဋ္ဌ ယူရမည့် အလိုဆန္ဒကိုလည်းပြပါ။

ဃ။ ပထမ ဒုဋ္ဌဒေါသသိက္ခာပုဒ် အဂ်ါများကိုပြ၍, အောက်ပါ အချက်များ ကို ဆုံးဖြတ်လိုက်ပါ။

(၁) ပါရာဇိကကျပြီးသော ရဟန်းတုကို ဒုဋ္ဌဒေါသဖြင့် စွပ်စွဲလျှင် ဤသိက္ခာပုဒ်အရ အပြစ်ရှိ-မရှိ။

(၂) ကွယ်ရာကနေ၍ စွပ်စွဲလျှင် ဤသိက္ခာပုဒ်အရ အပြစ်ရှိ-မရှိ။

(၃) စုဒိတကဏ် မျက်မှောက်သို့ တိုက်ရိုက်သွား၍ စွပ်စွဲဖို့ရန် စေခိုင်းရာ၌ ခိုင်းသည့်အတိုင်း စွပ်စွဲလျှင် ခိုင်းသူအပြစ် ရှိ-မရှိ, အခိုင်းခံရသူမှာလည်း အပြစ်ရှိ-မရှိ။

င။ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ် ပါဠိကို အကျဉ်းချုပ် မြန်မာပြန်ပါ။

စ။ ရှင်ဒဇ္ဇကို ပါရာဇိဖြင့် စွပ်စွဲသော မေတ္တိယဘုမဇက ရဟန်းများသည် ဆိတ်မ၌ မေထုန်မှီဝဲနေသော ဆိတ်ဖိုကို မြင်ကြရာဝယ် ထို ဆိတ်ဖိုနှင့် ဆိတ်မကို အဘယ်သို့ နာမည်ပေးကြသနည်း။

ဆ။ ထို ဝတ္ထုသွားအလိုက် အညဘာဂိယ၌ အညဏ် အပါဒါန်ကိုလည်း ကောင်း, အညဘာဂ အရကိုလည်းကောင်း, အညာဘာဂိယ အရကို လည်းကောင်း ဖေါ်ပြပါ။

ဇ။ ကိဋ္ဌဒေသဲ လေသမတ္တံအရ "ဒေသ=လေသ"၁၀ပါးရှိရာ ၃မျိုးမျှကို ဖော်ပြ၍ "ဒေသ"အရ ညွှန်ပြပုံကို ထင်ရှားအောင်ပြပါ။

ဈ။ လေသမတ္တံ ဥပါဒါယ၌ "လေသ"အရ အခြားဝတ္ထု၌ ငြိကပ်ပုံကို လည်းကောင်း, မတ္တဏ် အနက်ကိုလည်းကောင်း, စွဲမှီပုံကိုလည်းကောင်း ပြပါ။

ဉ။ ဒုတိယ ဒုဋ္ဌဒေါသ အဂ်ါကိုပြ၍, ဤဒုဋ္ဌဒေါသနှင့် ကာလအပိုင်းအခြား တူသော အရာများကိုပြပါ။

---

http://www.dhammadownload.com

၁၀။ သံဃဘေဒ သိက္ခာပုဒ်

ယောပန ဘိက္ခု-သည်၊ သမဂ္ဂသ-ညီညွတ်သော၊ သံဃသ-သံဃာ၏၊ ဘေဒါယ-ကွဲပြားခြင်းငှာ၊ ပရက္ကမေယျ-အားထုတ်အံ့၊ ဘေဒန သံဝတ္တနကံ-သံဃာကွဲပြားခြင်း အကျိုးငှာဖြစ်သော၊ အဓိကရဏံ ဝါ- အကြောင်းကိုမူလည်း၊ သမာဒါယ-ယူ၍၊ ပဂ္ဂယှ-ချီမြှောက်၍၊ တိဋ္ဌေယျ-တည်အံ့၊ သောဘိက္ခု-ထိုရဟန်းသည်၊ ဝါ-ထိုရဟန်းကို၊ ဘိက္ခူဟိ-မြင်ကုန်ကြားကုန်သော ရဟန်းတို့သည်၊ ဧဝံ-ဤသို့၊ ဝစနီယော-ပြောဆိုထိုက်သည်၊ အသ-ဖြစ်၏။

(ကိံ-အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ-အရှင်သည်၊ သမဂ္ဂသ သံဃသ ဘေဒါယ-ငှာ၊ မာ ပရက္ကမိ-အားမထုတ်ပါနှင့်၊ ဘေဒနသံဝတ္တနကံ အဓိကရဏံ ဝါ သမာဒါယ ပဂ္ဂယှ-၍၊ မာ အဋ္ဌာသိ-မတည်ပါနှင့်၊ အာယသ္မာ-အရှင်သည်၊ သံဃေန-သံဃာနှင့်တကွ၊ သမေတု-ညီညွတ်ပါလော၊ ဟိ-ညီညွတ်ရကျိုးကား၊ သမဂ္ဂေါ-ညီညွတ်သော၊ သံဃော-သံဃာသည်၊ သမ္မောဒမာနော-လွန်စွာဝမ်းမြောက်သည်၊ အဝိဝဒမာနော-ဆန့်ကျင်ဘက် မပြောဆိုရသည်၊ ဧကုဒ္ဒေသော-တစ်ခုတည်းသော ပါတိမောက်ပြရခြင်းရှိသည်၊ (ဟုတ္တာ-ဖြစ်၍၊) ဖာသု-ချမ်းသာစွာ၊ ဝိဟရတိ-နေရပါ၏၊ ဣတိ- ဤသို့ပြောဆိုထိုက်၏။

ဧဝဉ္စ-ဤသို့လျှင်၊ သောဘိက္ခု-သည်၊ ဝါ-ကို၊ ဘိက္ခူဟိ- မြင်ကုန်ကြားကုန်သော ရဟန်းတို့သည်၊ ဝုစ္စာမာနော - ပြောဆိုအပ်ပါလျက်၊ တဏေ ဝ - ထိုရှေးအတိုင်းသာလျှင်၊ ပဂ္ဂဏှေယျ - ချီမြှောက်အံ့၊ သောဘိက္ခု-ထိုရဟန်းကို၊ ဘိက္ခူဟိ-ရဟန်းတို့သည်၊ တသ-ထိုအယူကို၊

* * * * *

၁၀။ သံဃဘေဒ သိက္ခာပုဒ်။ ။ တစ်သိမ်တည်း၌ ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားထုတ်လျှင်, ထိုရဟန်းကို "သံဃာကွဲပြားအောင် အားမထုတ်ပါနှင့်"ဟု တားမြစ်ပြောဆိုရမည်၊ ထိုသို့ တားမြစ်ပြောဆိုအပ်ပါလျက် ရှေးအတိုင်းပင် မိမိ၏ အယူဝါဒကို ချီမြှောက်နေသေးအံ့၊ (မလျှော့ဘဲအားကြိုးမာန်တက်လုပ်ဆဲနေသေးအံ့၊) ထိုဝါဒကို စွန့်လွှတ်အောင်

http://www.dhammadownload.com

ပတိနိသဂ္ဂါယ-စွန့်ဖို့ရာ၊ ယာဝတတိယံ-၃ ကြိမ်တိုင်အောင်၊ သမနုဘာသိ တမ္မော- ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန်ပြောဆိုထိုက်၏၊ ယာဝတတိယံ-၃ ကြိမ်တိုင်အောင်၊ သမနုဘာသိယမာနော- ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုအပ်စဉ်၊ တံ-ထိုအယူကို၊ စေ ပတိနိသဇ္ဇေယ္ယ- အကယ်၍စွန့်အုံ၊ ဣစ္ဆေတံ-ဤသို့စွန့်ခြင်းသည်၊ ကုသလံ-ကောင်း၏၊ နောစေ ပတိနိသဇ္ဇေယ္ယ- အကယ်၍မစွန့်အုံ၊ တဿ ဘိက္ခုနော သံယာဒီသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

ထိုရဟန်းကို အခြားရဟန်းများက သမနုဘာသနကပ်ပြုရမည်၊ ထိုသမနုဘာသန ကပ်ပြုစဉ် (ပြု၍မပြီးခင်) ထိုဝါဒကို စွန့်လိုက်လျှင် (သံယာဒီသေသ်အာပတ် မသင့်ဖို့ အကြောင်းဖြစ်၍) ကောင်းပေ၏၊ မစွန့်လျှင်ကား သံယာဒီသေသ် အာပတ် သင့်ရတော့သည်။ [ဤ၌သံယာချင်း ကွဲပြားအောင် အားထုတ်ရံမျှဖြင့် သံယာဒီသေသ်မသင့်သေး၊ နှုတ်ဖြင့် တားမြစ်, တားမြစ်၍မရမှ ကပ်ပြု, ကပ်ပြု၍မပြီးခင် အားထုတ်မှုကို စွန့်လျှင်လည်း သံယာဒီသေသ် မသင့်သေး၊ ကပ်ပြု၍ ပြီးသည့်တိုင်အောင် မစွန့်လွတ်မှ သံယာဒီသေသ် အာပတ်သင့်သည်ကို သတိပြုပါ။]

သမဂ္ဂသ သံယသ၊ပေ၊ပရက္ကမေယျ - ဤ၌ သမဂ္ဂသံယာဟူသည် သိမ်တွင်း၌ ကပ်ပြုဖို့ရန် စည်းဝေးနေကြသော သံယာတည်း၊ သိမ်ပြင်ဘက်၌ နေခိုက်သံယာကို မဆိုလို၊ "ကွဲပြားအောင် အားထုတ်ခြင်း"ဟူသည် "ဤ သမဂ္ဂသံယာသည် ဘယ်လိုနည်းဖြင့် အသီးအသီး ကွဲပြားလျက် ဝဂ္ဂဖြစ်ပါ အုံနည်း, ဝဂ်ဖြစ်အောင် ဘယ်လိုလုပ်ရပါမည်နည်း, ဟု စဉ်းစား၍ သူ့ ဘက်ပါမည့် ရဟန်းများကိုရှာခြင်း အသင်းအပင်း ဖွဲ့ခြင်းတည်း။

ဘေဒနသံဝတ္တနကဝါ အဓိကရဏံ - ဤ၌ "အဓိကရဏ"သဒ္ဒါသည် "အကြောင်း"ဟူသော အနက်ဟောတည်း၊ သံယာကွဲပြားခြင်းကို ဖြစ်စေ တတ်သော အကြောင်းဟူသည်လည်း "**အဓမ္မံ ဓမ္မောတိ ဒီပေတိ**" စသည် ဖြင့် စုဥဝါ-သံယဘေဒကခန္ဓကဌ် လာသည့်အတိုင်း ၁-အဓမ္မကို ဓမ္မဟူ၍ ပြခြင်း, ၂-ဓမ္မကို အဓမ္မဟူ၍ ပြခြင်းစသည်ဖြင့် ၁၈ပါးရှိ၏၊ [အကုသလကမ္ဘ ပထ ၁၀ပါးသည် အဓမ္မတည်း၊ ထိုအဓမ္မကိုပင် ဓမ္မဟုပြောင်းပြန်ပြု၍ အများနားလည်အောင် ချဲ့ကားထွင်ကာပြောခြင်းကို "အဓမ္မကို ဓမ္မဟုပြုခြင်း" ဟုဆိုသည်၊ ဤနည်းအတိုင်း ကုသိုလ်ဓမ္မကို အဓမ္မဖြစ်အောင်ပြောပုံကိုလည်း

http://www.dhammadownload.com

သိပါ။] ဤသို့ ပြခြင်းသည်ပင် ထိုစကားကို ယုံကြည်သော သံဃာနှင့် မယုံကြည်သော သံဃာတို့ ကွဲပြားဖို့အကြောင်း ဖြစ်လေတော့သည်။

သမာဒါယ ပဋိယတိဌေယျ – အဓမ္မစသည်ကို ဓမ္မစသည်ဟု မိမိယူထားသော ဝါဒကို လက်ကိုင်လုပ်ထားခြင်းကို "သမာဒါယ–ကောင်းစွာယူ၍"ဟုဆိုသည်၊ ထိုသို့ လက်ကိုင်လုပ်ပြီးလျှင် ထိုဝါဒကို အများသဘောကျအောင် အမွမ်းတင်ခြင်း, မှန်ကန်ကြောင်း ဟောပြောပြသခြင်းကို "ပဋိယတိဌေယျ=ချီမြှောက်၍တည်ခြင်း"ဟုဆိုသည်၊ ယခုကာလ နိုင်ငံရေးသမားတို့ ဝါဒတစ်ခုခုကို လက်ကိုင်ပြုပြီးလျှင် ထိုမိမိဝါဒ ကောင်းကြောင်းကို မြှောက်ပင့်ပြောဆိုကာ ဝါဒပြန့်ပွားရေးပြုလုပ်ကြသကဲ့သို့တည်း၊ ဤသို့ကြိုးစားပြီးနောက် မိမိဘက်သား အတော်များသည့်အခါ တစ်သိမ်တည်း၌ သံဃာစည်းဝေးနေစဉ် မိမိဝါဒကိုပြောပြ၍ မိမိဘက်သား သံဃာများကို ထိုသိမ်အတွင်းမှာပင် တစ်နေရာရှေ့စေလျက် တစ်သီးတစ်ခြား ကံပြုလျှင် သံဃဘေဒကံထိုက်တော့၏။ ထို့ကြောင့် သံဃဘေဒကံကို ရဟန်းသာ ပြုနိုင်ကြောင်း သတိပြုပါ။

သောဘိကျုပေါ်ဝစနီယော – ဤသိက္ခာပုဒ်ကား ထိုပြခဲ့သည့်အတိုင်း သံဃဘေဒကံပြုဖြစ်သည့်တိုင်အောင် ဆိုင်းငံ့မနေရ, သံဃာကွဲပြားအောင် အားထုတ်ခိုက်မှာပင် တွေ့ကြ–ကြားကြသော ရဟန်းတို့က တားမြစ်ပြောဆိုကြရမည်၊ တွေ့လျက် ကြားလျက် မတားမြစ်လျှင် မတားမြစ်သူတို့မှာ ဒုက္ခင့်အာပတ်သင့်၏။ [ကြားသောရဟန်းတို့မှာ တစ်ယူဇနာဝက် ခရီးဝေးစေကာမူ သွား၍တားမြစ်ရမည်–ဟု အဋ္ဌကထာဆိုသည်။]

မာယသွာ၊ဧပ၊ဧသုဝိဟရတိ – ဤဝါကျတို့ကား တားမြစ်ပြောဆိုပုံ ပြသောဝါကျတို့တည်း၊ "ငါ့ရှင်...ညီညွတ်နေသော သံဃာကို ကွဲပြားအောင် အားမထုတ်ပါနှင့်, ကွဲပြားခြင်းကိုဖြစ်စေမည့် အကြောင်းအရာများကိုလည်း လက်ကိုင်ပြုကာ အများသိလောက်အောင် ချီမြှောက်၍ မတည်ပါနှင့်, (ဝါဒပြန့်ပွားရေး မလုပ်ပါနှင့်)၊ ငါ့ရှင်သည် သံဃာနှင့် ဓမ္မအဓမ္မစသော အယူအဆဝယ် ညီညွတ်ပါစေ၊ သံဃာညီညွတ်နေလျှင် အချင်းချင်း ဝမ်းမြောက်ဝမ်းသာရှိရ, တစ်ဖက်ကဓမ္မ–တစ်ဖက်ကအဓမ္မ စသည်ဖြင့်လည်း ဆန့်ကျင်ဘက် မပြောရ (မငြင်းရ–မခုံရ), ပါတိမောက်ကိုလည်း အတူတကွပြုရသဖြင့် ချမ်းသာစွာ နေနိုင်ပါသည်"ဟူလို။ [ဤ၌ "သမဂ္ဂေါ၊ဧပ၊ဖါသုဝိဟရတိ"ကား သံဃာညီညွတ်ခြင်း၏ အကျိုးကိုပြသော ဝါကျတည်း၊ ဤအကျိုးပြဝါကျကို အကြောင်းလုပ်၍ ကိ"ကာရဏာဟု အဋ္ဌကထာဖွင့်သည်။]

http://www.dhammadownload.com

စေ့ဌေးဟာထေ၀ ပဠုဏ္ဍေယျ – "မာယသ္မာ ဘောဒါယ ပရက္ကမိ" စသော စကားတို့ကို ၁ ကြိမ်–၂ ကြိမ်–၃ ကြိမ်တိုင်အောင် ပြော၍ သူ၏ အယူ၀ါဒကို တားမြစ်ရမည်၊ သံယာ့အလယ်သို့ မခေါ်သေးဘဲ ၃ ကြိမ်တိုင်အောင် ပြော၍မရလျှင် (သူ့အယူမစွန့်လျှင်) သံယာ့အလယ်သို့ အတင်းဆွဲ၍ "ငါ့ရှင်... သံယာ၀ေဒကက်ဆိုတာ လွန်စွာအပြစ်ကြီးပါသည်၊ သံယာကွဲပြားအောင် အားမထုတ်ပါနှင့်"စသည်ဖြင့် ၃ ကြိမ်တိုင်အောင်ပင် ပြောရဦးမည်၊ ထိုသို့ ပြော၍မရအောင် သူ့၀ါဒကို ခိုင်မြဲကြောက်နေသူကို "တထေ၀ ပဠုဏ္ဍေယျ"ဟု ဆိုသည်။

ယာ၀တတိယံ၊ ဟေ၊ ဟတိနိသဠါယ – "ထိုအယူကို စွန့်ဖို့ရာ (ထိုအယူစွန့်အောင်) သမနုဘာသနက်ပြုရမည်"ဟူရာ၌ ထိုအယူဟူသည် "အမှန်ကို ဓမ္မဟုယူခြင်း"စသော ဘေဒကရ၀တ္ထုများတည်း၊ ထို့ကြောင့် ပါဠိတော်၌– "တဿ၀တ္ထုဿ"ဟု ဟောတော်မူသည်၊ "သမနုဘာသိတဗ္ဗော"အရသမနုဘာသနက်ပြုပုံကို သိက္ခာပုဒ် ပါဠိတော်ရင်းမှာ ရှု။

ယာ၀တတိယံ၊ ဟေ၊ သံယာဒီသေသော – "သမနုဘာသိယမာနော"၌ မာနပစ္စည်းသည် ပစ္စုပ္ပန်အနက်ဟောတည်း၊ ပြောဆိုအပ်စဉ် (ပြောဆို၍ မပြီးခင်–တတိယ ကမ္မ၀ါစာ၀ယ် "သော ဘာသေယျ"၌ ယျအက္ခရာသို့ မရောက်ခင်) သူ့အယူ၀ါဒကိုစွန့်လွှတ်လိုက်အုံ–ဟူလို၊ ထိုသို့ စွန့်လွှတ်လိုက်ခြင်းသည်ကောင်း၏၊ "ကောင်း"ဆိုသည်ကား သံယာဒီသေသ် အာပတ်မသင့်ခြင်းတည်း၊ တတိယကမ္မ၀ါစာ၀ယ် "ယျ"အက္ခရာကိုင်အောင် သူ့အယူကို မစွန့်လျှင်ကား သံယာဒီသေသ် အာပတ်သင့်တော့သည်။

အဂါ ၄ ပါး ။ ။ ၁–သံယာကွဲအောင် အားထုတ်ခြင်း, ၂–ဓမ္မက်ဖြစ်သော သမနုဘာသနက်ပြုခြင်း, ၃–ကမ္မ၀ါစာ ပြီးဆုံးခြင်း, ၄–အယူကို မစွန့်ခြင်းတည်း။ ["ဓမ္မက်"ဟု လာသမျှ၌ ဝိနည်းလမ်းနှင့် လျော်ညီသောကံချည်းဖြစ်စေရမည်–ဟုမှတ်။]

[ဆောင်] သံယာကွဲမှု–လုံ့လပြု၍[1], သမနုဘာသနံ–ဓမ္မက်တည်း[2], ကမ္မ၀ါစာ–ပြီးဆုံးရာ၀ယ်[3], မြဲစွာယူလျှင်း–မစွန့်ခြင်းဟု[4], ကြောင်းရင်းလေးလီ, အင်္ဂါညီ, သင့်ပြီဘေဒက။

http://www.dhammadownload.com

၁၁။ ဘေဒါနုဝတ္တက သိက္ခာပုဒ် တဿေဝ ဘိက္ခုဿ-ထိ သံဃာသင်းခွဲသော ရဟန်း၏ပင်၊ အနုဝတ္တကာ-နောက်လိုက် ဖြစ်ကုန်သော၊ ဝဂ္ဂဝါဒကာ-ဝဂ်ဖြစ်ကြောင်း စကားကို ပြောဆိုတတ်ကုန်သော၊ ဧကောဝါ- ၁ ပါးသော်လည်း ဖြစ်သော၊ ဒွေဝါ- ၂ ပါးသော်လည်း ဖြစ်ကုန်သော၊ တယောဝါ- ၃ ပါးသော်လည်း ဖြစ်ကုန်သော၊ ဘိက္ခူ-ရဟန်းတို့သည်၊ ဟောန္တိ-ဖြစ်ကုန်အံ့။

တေ-ထိုရဟန်းတို့သည်၊ ဧဝံ-ဤသို့၊ ဝဒေယျုံ-ပြောဆိုကုန်အံ့၊ (ကိံ- အဘယ်သို့ ပြောဆိုကုန်သနည်း၊) အာယသ္မာနော-အရှင်တို့၊ (တုမှေ-အရှင်တို့သည်၊) ဧတံဘိက္ခုံ-ထိုရဟန်းကို၊ ကိဉ္စိ-ဘာကိုမျှ၊ မာ အဝစုတ္ထ-မဆိုကြပါကုန်လင့်၊ ဧသော ဘိက္ခု-ထိုရဟန်းသည်၊ ဓမ္မဝါဒီစ-အမှန်ကိုလည်း ပြောလေ့ရှိပါ၏၊ ဧသော ဘိက္ခု-သည်၊ ဝိနယဝါဒီစ-ဋ္ဌိမ်းအေးရေးကိုလည်း ပြောလေ့ရှိပါ၏၊ ဧသော ဘိက္ခု-သည်၊ အမှာကဉ္စ-တပည့်တော်တို့၏လည်း၊ ဆန္ဒဉ္စ-အလိုကိုလည်းကောင်း၊ ရုစိဉ္စ-အကြိုက်ကို လည်းကောင်း၊ အာဒါယ-ယူ၍၊ ဝေါဟရတိ-ပြောဆိုပါ၏၊ နော-တပည့်တော်တို့၏ (ဆန္ဒစသည်ကို၊) ဇာနာတိ-သိပါ၏၊ နော-တပည့်တော်တို့နှင့်တကွ၊ ဘာသတိ-ပြောဆိုတိုင်ပင်ပါ၏၊ အမှာကံပိ-တပည့်တော်တို့အားလည်း၊ ဧတံ-သူပြုသမျှ, ထိုအမှုသည်၊ ခမတိ-နှစ်သက်ပါ၏၊ ဣတိ- ဤသို့ ပြောဆိုကုန်အံ့။

* * * * *

၁၁။ ဘေဒါနုဝတ္တက။ ။ ဤသိက္ခာပုဒ်ကား သံဃာသင်းခွဲသော ရဟန်း၏ နောက်လိုက်များ သံဃာဒိသေသ် အာပတ်သင့်ကြောင်းကိုပြသော သိက္ခာပုဒ်တည်း၊ ဤ၌လည်း နောက်လိုက်ရုံမျှဖြင့် သံဃဒိသေသ် မသင့်သေး၊ သံဃာကွဲပြားအောင် အားထုတ်နေသော ရဟန်းဘက်သို့ မည်သည့်ရဟန်းများ ပါနေသည်ဟု ကြားရ-မြင်ရသော ရဟန်းတို့က တားမြစ်၍မရလျှင် သမနုဘာသနကံပြုရမည်, ထိုသမနုဘာသနကံ ဆုံးသည့် တိုင်အောင် သူတို့အယူကိုမစွန့်မှ သံဃာဒိသေသ် အာပတ်သင့်သည်။ [သိက္ခာပုဒ် မြန်မာပြန်ကို ပါဠိကြည့်၍ ပြန်ပါလေ။]

http://www.dhammadownload.com

တေ ဘိက္ခု-ထိုရဟန်းတို့သည်၊ ဝါ-ထိုရဟန်းတို့ကို ဘိက္ခုဟိ-မြင်ကုန်ကြားကုန်သော ရဟန်းတို့သည်၊ ဧဝံ-သို့၊ ဝစနီယာ-ပြောဆိုထိုက်ကုန်သည်၊ အသုံ-ဖြစ်ကုန်၏၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်ကုန်သနည်း၊) အာယသ္မန္တော-အရှင်တို့၊ (တုမှေ-အရှင်တို့သည်၊) ဧဝံ-ဤသို့၊ မာ အဝစုတ္တ-မပြောကြကုန်လင့်၊ ဧသော ဘိက္ခု-သည်၊ နိ စ ဓမ္မဝါဒီ- အမှန်ကို ပြောလေ့ရှိသူလည်းမဟုတ်၊ ဧသော ဘိက္ခု-သည်၊ နိ စ ဝိနယဝါဒီ- ဦးမ်းအေးရေးကို ပြောလေ့ရှိသူလည်းမဟုတ်၊ အာယသ္မန္တာနံ ပိ-အရှင်တို့အားလည်း၊ သံယဘေဒေါ - သံယာကွဲပြားခြင်းသည်၊ မာရုစ္စိတ္ထ-မနှစ်သက်ပါလင့်၊ အာယသ္မန္တာနံ- အရှင်တို့၏ (စိတ္တံ-စိတ်သည်၊) သံဃေန-သံယာနှင့်တကွ၊ သမေတု-ညီညွတ်ပါလော၊ သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖါသု ဝိဟရတိ၊ ဣတိ-ဤသို့ ပြောဆိုထိုက်ကုန်၏။

* * * * *

တဿေဝ ဓေါပနဲ ... အနုဝတ္တကာ - အနုဝတ္တကာအရ "နောက်လိုက်" ဟူရာ၌ သံယာကွဲပြားအောင်ပြုသော ရဟန်း၏ နောက်မှ တကောက်ကောက်လိုက်ခြင်းကို ဆိုလိုသည်မဟုတ်၊ ထိုရဟန်းက အဓမ္မကို ဓမ္မဟုယူ၏၊ အဓမ္မကို ဓမ္မဟု နှစ်သက်၏၊ အဓမ္မကို ဓမ္မဟုကြိုက်၏၊ ထိုရဟန်း ယူသည့်အတိုင်း နှစ်သက်သည့်အတိုင်း-ကြိုက်သည့်အတိုင်း လိုက်၍ယူခြင်း နှစ်သက်ခြင်း- ကြိုက်ခြင်းကို "နောက်လိုက်"ဟု ဆိုလိုသည်။

ဝဂ္ဂဝါဒကာ - ဝဂ္ဂသဒ္ဒါသည် "အစု"ဟူသောအနက်ကိုဟော၏၊ သမဂ္ဂ သဒ္ဒါကား "အားလုံး"ဟူသော အနက်-"ညီညွတ်"ဟူသော အနက်ကို ဟော၏၊ အဓမ္မကို ဓမ္မဟုယူလျှင် (ပြောဆိုလျှင်) အဓမ္မကို ဓမ္မဟုယူသော အစုကတစ်ဘက်, အဓမ္မကို အဓမ္မဟု ယူသောအစုက တစ်ဘက်အားဖြင့် ၂စု ၂ဖက် ကွဲပြားရတော့၏၊ ဤသို့လျှင် ညီညွတ်နေသော သမဂ္ဂသံယာ၏ ဝဂ္ဂဖြစ်ကြောင်း စကားဟူသည် အဓမ္မကို ဓမ္မဟု ပြောဆိုခြင်းစသော ၁၈ပါးတို့ ပင်တည်း၊ ထို့ကြောင့် ဝဂ္ဂအရ "အစု"ကိုသာ မယူဘဲ အစုဖြစ်ကြောင်း (သံယာကွဲပြားကြောင်း)စကားကိုယူ။ [အကျိုး-ဝဂ်ဖြစ်ခြင်း၏ ဝဂ္ဂအမည်ကို အကြောင်းစကားပေါ်တင်စား၍ ဖလူပစာရအားဖြင့် ဝဂ္ဂဟခေါ်သည်- ဟူလို။]

http://www.dhammadownload.com

ဧဝဆ-လျှင်၊ တေဘိက္ခု-ထိုရဟန်းတို့သည်၊ ဝါ-တို့ကို၊ ဘိက္ခုဟိ-ရဟန်းတို့သည်၊ ဝုစ္စမာနာ-ပြောဆိုအပ်ကုန်သော်၊ တထေဝ-လျှင်၊ ပဋ္ဌဏ္ဍယျု-ချီမြှောက်ကုန်အံ့၊ တေဘိက္ခု-တို့ကို၊ ဘိက္ခုဟိ-ရဟန်းတို့သည်၊ တဿ-ထိုအယူကို၊ ပတိနိသဋ္ဌါယ ယာဝတတိယံ သမနုဘာသိတဗ္ဗာ-ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုထိုက်ကုန်၏၊ ယာဝတတိယံ-အောင်၊ သမနုဘာသိယမာနာ-ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုအပ်ကုန်စဉ်၊ တံ-ထိုအယူကို၊ စေပတိနိသဋ္ဌေယျုံ- အကယ်၍ စွန့်လွှတ်ကုန်အံ့၊ ဣစ္ဆေတံ ကုသလံ၊ နောစေ ပတိနိသဋ္ဌေယျုံ-ကုန်အံ့၊ တေသံ ဘိက္ခုနံ-ထိုရဟန်းတို့၏၊ သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

ကောဝါဒေါ တယောဝါ - ကံသည် နိပ်နင်းကြောင်း ဖြစ်သော "နိဂ္ဂဟ"ကံ, ချီမြှောက်ကြောင်းဖြစ်သော "ပဋ္ဌဟ"ကံ ဟု ၂ မျိုးရှိ၏၊ ဤသိက္ခာပုဒ်၌လာသော သမနုဘာသနကံသည် နိဂ္ဂဟကံမျိုးတည်း၊ ထိုနိဂ္ဂဟကံ ပြုရာ၌ အနိပ်ခံရသူကလည်း ၄ပါး -၄ပါးထက်များသော သံဃာဖြစ်နေလျှင် ကံပြုသော သံဃာကိုပင် သူတို့ကလည်း ပြန်၍ကံပြုဖွယ်ရှိသောကြောင့် အနိပ်ခံရသောဘက်က ၃ပါးထက်မပို၊ "၃ပါးထက်ပိုလျှင် နိဂ္ဂဟကံ ပြုရန်မထိုက်"ဟူလို၊ ဤသိက္ခာပုဒ်ကလည်း သမနုဘာသနကံ ပြုဖို့တိုင်အောင် မြှော်ခေါ်ထားသော သိက္ခာပုဒ်ဖြစ်၏၊ ထို့ကြောင့် "**ဧကောဝါ**ဒေါ**ဝါ** **တ**ယောဝါ"ဟု ၃ ပါး အထိသာ ပြထားခြင်း ဖြစ်သည်။

ဆိုလိုရင်းကား -"သံဃာသင်းခွဲသူ၏ နောက်လိုက်မှာ ၃ပါးထက်ပို၍လည်း ရှိပေမည်သာ၊ သို့ရာတွင် ၃ ပါးထက်ပိုလျှင် ကံပြုဖို့ရန်ပင် မထိုက်သောကြောင့် ၃ ပါးအထိသာ ပြထားသည်"-ဟူလို၊ ဘေဒါနုဝတ္တက ၅ပါး ရှိလျှင် ၃ ပါးကို တခြား, ၂ ပါးကို တခြားကံပြုရမည် စသည်ဖြင့်သိလေ။

မာယသ္မေဣ**ဝေ**ဣ**ဝေ**ဣ**ဝ**ဣ**ဝ**ဣ**ဝ

http://www.dhammadownload.com

ပြောလေ့ရှိ- ဇြီမ်းအေးရေးကိုလည်း ပြောလေ့ရှိပါသည်၊ ထိုရဟန်းသည် တပည့်တော်တို့၏ အလိုနှင့် အကြိုက်ကိုယူ၍ (တပည့်တော်တို့နှင့် သဘောတူ) ပြောဆိုပါသည်၊ တပည့်တော်တို့၏ အလိုအကြိုက်ကိုလည်း သိပါသည်၊ တပည့်တော်တို့နှင့်အတူ "သည်လိုပြုကြစို့"ဟု တိုင်ပင်၍လည်း ပြောခေါ်ပါသည်၊ ထိုရဟန်းပြုသမျှကို တပည့်တော်တို့လည်း နှစ်သက်ကြပါသည်-ဟူလို။

ဓမ္မဝါဒီ ဝိနယဝါဒီ - ဓမ္မဟူသည် ဟုတ်မှန်သော သဘောတည်း၊ ထို့ကြောင့် "ဘုတဝါဒီ"ဟု ဖွင့်သည်၊ ဝိနယဟူသည် ငြင်းခုံခြင်း မရှိရအောင် ဇြီမ်းအေးရေးစကားတည်း၊ ထို့ကြောင့် "ဝူပသမဝါဒီ"ဟု ဦးကာဖွင့်သည်။

ဆန္ဒဗျပေါ၊ထေါဟရတိ - ရစိ ဟူသည်ကား "မည်သည့် ကိုယ်မှု နှုတ်မှု၌ မဆို, သူတို့၏ ဆန္ဒရစိကို မေးပြီးလျှင် သဘောတူတာမှ ပြောဆိုခြင်းကို ဆန္ဒရစိကိုယူ၍ ပြောဆိုပါသည်"ဟု ဆိုသည်။

ဇာနာတိ နော ဘာသတိ - နော၌ ဆဋ္ဌိ နံဝိဘတ်တည်း၊ ဤနောကို ကာကောလောကန (ကျီးသည် အစာနှင့် ရန်သူ ၂ဖက်ကို ကြည့်သကဲ့သို့) နည်းအားဖြင့် ဇာနာတိ-ဘာသတိ ၂ပုဒ်လုံးစပ်ဖို့ရန် အလွယ်ကထားသည်၊ ထိုတွင် ဇာနာတိ၌ စပ်ခိုက် "နော-တပည့်တော်တို့၏ (ဆန္ဒစသည်ကို)" ဟုထည့်ပေး၊ ဘာသတိ၌ စပ်ခိုက် "နော-တပည့်တော်တို့နှင့်(တကွ)"ဟုပေး၊ ဒုတိယအနက် အလို "နော"ကိုလည်း ဆဋ္ဌိဝိဘတ်မှ တတိယာဝိဘတ် ပြောင်းလွှဲထားသည်-ဟုမှတ်ပါ။ ["ဘာသတိတိ ဗျတ္တ နောတိ ဣဒံ ဝိဘတ္တိ ဝိပရိဏာမေန ယုဇ္ဇတိ (ယှဉ်စပ်အပ်၏)"-ကခ်ါဋီကာသစ်။]

အမှာကမ္ပေတံ ခမတိ - "ယသ ဒါတုကာမော ရောစတေ"သုတ်နှင့် အညီ ခမတိပုဒ်သည် သမ္ပဒါန်ငံ့သော ပုဒ်ဖြစ်၍ "အမှာက်-တပည့်တော်တို့ အား"ဟု သမ္ပဒါန်အနက်ပေးရမြဲဖြစ်သည်၊ ကြွင်းသော ပုဒ်နက်အဓိပ္ပာယ်ကို ရှေ့သိက္ခာပုဒ်မှီး၍ သိလောက်ပြီ။ [ရှေ့သိက္ခာပုဒ်၌ ၁-နံပါတ် အဂ်ါဝယ် ဤသိက္ခာပုဒ်၌ သံဃာသင်းခွဲသော ရဟန်း၏ နောက်လိုက်ဖြစ်ခြင်းကို လဲ၍, ၂-၃-၄-နံပါတ်များကို ထပ်တူထားလျက် အဂ်ါ ၄ပါးပင်ရှိသည်။

[ဆောင်] သံဃာခွဲသူ- နောက်လိုက်မှုနှင့်[3], သမနဘာသနံ-ဓမ္မ ကဲတည်း[4], ကမ္မဝါစာ-ပြီးဆုံးရာဝယ်[5], မြဲစွာယူလျှင်:-မစွန့်ခြင်း[6],ဟု ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန် နဝတ္တက။

http://www.dhammadownload.com

၁၁။ လေ့ကျင့်စံနမူနာ ဝေးခွန်းများ

က။ သမဂ္ဂသံဃာဟူသည် ဘယ်သံဃာပါနည်း, ကာယသာမဂ္ဂီ- စိတ္တသာမဂ္ဂီ ၂ မျိုးကိုလည်း ခွဲခြားပြပါ။

ခ။ "ဘေဒါယ ပရက္ကမေယျ"အရ ကွဲပြားအောင် အားထုတ်ပုံကို ပြပါ။

ဂ။ ဘေဒနသံဝတ္တနက အဓိကရုဏ်းဟူသည် အဘယ်ပါနည်း။

ဃ။ "သမာဒါယ ပဂ္ဂယှ တိဋ္ဌေယျ"အရ ယူပုံ-ချီမြှောက်၍ တည်ပုံကို ယခု ခေတ်သုံး အတိုင်း ထင်ရှားအောင်ပြပါ။

င။ "ထို ရဟန်းကို မြင်ရကြားရသော ရဟန်းတို့က ပြောရမည်"ဟူရာဝယ် ကြားသော ရဟန်းသည် မည်မျှလောက် ဝေးကွာသော ခရီးမှ လာ၍ ပြောရမည်နည်း, ပြောပုံ စကားကိုလည်း ပါဠိသွားအတိုင်းပြပါ။

စ။ "မာယသ္မာ၊ပေ၊ဖါသုဝိဟာရတိ"ဟူသော စကားကို ပထမဆုံး သံဃာ့အလယ်မှာ ပြောရမည်လော, ဘယ်နေရာမှာ ပြောရမည်နည်း, ထိုနေရာ၌ ပြောရ်မရလျှင် အဘယ်သို့ ခေါ်၍ ပြောရမည်နည်း, ထိုသို့ အကြိမ်ကြိမ်ပြောရ်မရလျှင် ဘာလုပ်ရမည်နည်း။

ဆ။ သမနုဘာသနက်ပြုရာ၌ ဘယ်အခိုက်ကျမှ သံဃာဒိသေသ် သင့်သနည်း။

ဇ။ သံဃဘေဒ သိက္ခာပုဒ်အင်္ဂါကိုပြပါ။

ဈ။ ဘေဒါနုဝတ္တက သိက္ခာပုဒ်ကား ဘယ်ရဟန်းများအတွက် ပညတ်ရသော သိက္ခာပုဒ်ပါနည်း။

ည။ အနုဝတ္တကာအရ "နောက်လိုက်"ဟူရာ၌ နောက်က တကောက်ကောက် လိုက်ခြင်းလော, အဘယ်ကို "နောက်လိုက်"ဟု ဆိုပါသနည်း။

ဋ။ "ဝဂ္ဂဝါဒကာ"၌ ဝဂ္ဂအရ (ရဟန်းတစ်စု)ကို ယူရမည်လော, အဘယ်ကို ယူရမည်နည်း, ထိုသဂ္ဂစကားဟူသည် အဘယ်စကားမျိုးပါနည်း။

ဌ။ "ဧကောဝါ ဒွေဝါ တယောဝါ"ဟု အဘယ့်ကြောင့် ၃ ပါးအထိသာ ပြထားပါသနည်း, ထင်ရှားအောင်ပြပါ။

ဍ။ ဓမ္မ-ဝိနယ-ဆန္ဒ-ရုစိတို့ကို မြန်မာလို ထင်ရှားစွာ အသီးအသီး ခွဲပြပါ။

---

http://www.dhammadownload.com

၁၂။ ဒုဗ္ဗစ သိက္ခာပုဒ် ဘိက္ခုပနေဝ–ရဟန်းဖြစ်ပါလျက်ပင်၊ ဥဒ္ဒေသပရိယာ ပနေသု–ပါတိမောက္ခဒွေသ၌ အကျုံးဝင်ကုန်သော၊ သိက္ခာပဒေသု–သိက္ခာပုဒ်တို့၌၊ ဒုဗ္ဗစဇာတိကော–အပြောခက် အဆိုခက် သဘောရှိသည်၊ ဟောတိ–ဖြစ်အုံ့၊ ဘိက္ခုဟိ–ရဟန်းတို့သည်၊ သဟဓမ္မိကဿ–သီတင်းသုံးဖော်တို့ ကျင့်အပ်သောသိက္ခာပုဒ်ဖြင့်၊ ဝုစ္စမာနော–ပြောဆိုအပ်သော်၊ အတ္တာနံ–မိမိကို၊ အဝစနီယံ–မဆိုထိုက်သူကို၊ ကရောတိ–ပြုအုံ့။

* * * * *

၁၂။ ဒုဗ္ဗစ သိက္ခာပုဒ်။ ။ "သိက္ခာပုဒ်တော်အရ မအပ်စပ်ကြောင်း မလုပ်ကောင်းကြောင်း"ပြောလျှင် အပြောမခံဘဲ ပြန်လှန် ပြောဆိုသော ရဟန်းမှာ သံယာဒီသေသ် အာပတ်သင့်ကြောင်းကိုပြသော သိက္ခာပုဒ်တည်း၊ သို့သော် အပြောမခံ ပြန်လှန်ပုတ်ခတ်ရုံမျှဖြင့် သံယာဒီသေသ်မသင့်သေး၊ အပြောမခံလျှင် အပြောခံအောင် အကျိုးအကြောင်းပြ၍ပြော, ထိုသို့ပြော၍ မရလျှင် သမနုဘာသနကပ်ပြု, သမနုဘာသနက် ဆုံးသည့်တိုင်အောင် အပြောမခံသော အလေ့အထ အယူဝါဒကိုမစွန့်မှ သံယာဒီသေသ် အာပတ်သင့်သည်ဟု (သိက္ခာပုဒ်ပါဠိတော် အစဉ်ကြည့်၍) သိပါလေ။

ဘိက္ခုပနေဝ – ဧဝသဒ္ဒါသည် "သမ္ဘာဝနာ=ချီမြှောက်ခြင်း"အနက်ရှိ၏၊ မြင့်မြတ်သောရဟန်းများထုံးစံမှာ ပြောဆိုဆုံးမလျှင် လွယ်ကူစွာနာခံရိုးဖြစ်၏၊ ယခုမှာ ရဟန်းဖြစ်ပါလျက် အဆုံးအမ ခက်နေသည်–ဟူလို၊ ဥပကွဋ္ဌ သိက္ခာပုဒ်၌ကား "ဧဝ–အနက်မရှိ"ဟု ဋီကာတို့ဖွင့်ကြသည်။

ဒုဗ္ဗစဇာတိကော – [ဒု=ခက်ခဲစွာ+ဝစော=စကားရှိသူ၊] ရဟန်းများက ဆုံးမလျှင် အဆုံးအမ မခံသူကို "ခက်ခဲစွာ ဆုံးမအပ်သော စကားရှိသူ=အပြောရအဆိုရခက်သူ"ဟု ခေါ်သည်၊ ဇာတိအရ "သဘော"ဟူသည် အလေ့အထတည်း၊ "ဒုဗ္ဗစ"အရ အပြောအဆို ခက်သူကိုသာရသော်လည်း ဤနေရာ၌ ("ဒုဗ္ဗစဘာဝ"ဟု ဆိုလိုလျက် ဘာဝပုဒ်အကျေကြ၍) အပြောအဆို ခက်သူ၏ဖြစ်ကြောင်း သဘောကိုပါယူ၊ ထို့ကြောင့် သဒ္ဒါနက်ကျကျပေးလျှင် "ဒုဗ္ဗစဇာတိကော–ခက်ခဲစွာ ပြောဆိုအပ်သော စကားရှိသူ၏ အဖြစ်သဘောရှိသည်"ဟု ပေးပါ၊ ဆိုလိုရင်းမှာ– "သူ့အလေ့အထအားဖြင့် သူများ အပြောအဆိုမခံ ပြန်လှန်ပြောဆိုလေ့ရှိသူ"ဟု ဆိုသည်။

http://www.dhammadownload.com

(ကိ-အဘယ်သို့ပြုသနည်း၊) အာယသ္မန္တော-အရှင်တို့၊ (တုမှေ-သင်တို့သည်၊) မံ-တပည့်တော်ကို၊ ကလျာဏဝါ-ကောင်းသောစကားကိုလည်းကောင်း၊ ပါပကဝါ-မကောင်းသော စကားကိုလည်းကောင်း၊ ကိဉ္စိ-ဘာစကားကိုမျှ၊ မာ အဝစုတ္ထ- မဆိုကြကုန်လင့်၊ အဟံပိ-တပည့်တော်သည်လည်း၊ အာယသ္မန္တေ-အရှင်တို့ကို၊ ကလျာဏဝါပါပကဝါ ကိဉ္စိ နဝက္ခာမိ-ပြောလိမ့်မည်မဟုတ်၊ အာယသ္မန္တော-အရှင်တို့၊ (တုမှေ-တို့သည်၊) မမ-တပည့်တော်ကို၊ ဝစနာယ-ပြောဆိုကြောင်းစကားမှ၊ ဝိရမထ- ရှောင်ကြဉ်ကြပါလော၊ ဣတိ-ဤသို့ပြုအံ့။

သော ဘိက္ခု ဘိက္ခူဟိ ဇဝံ ဝစနီယော အဿ၊ (ကိ-အဘယ်သို့ပြောဆိုထိုက်သနည်း၊) အာယသ္မာ-အရှင်သည်၊ အတ္တာနံ-မိမိကို၊

* * * * *

ဥဒ္ဒေသ ပရိယာပန္နေသု သိက္ခာပဒေသု။ ။ "ဥဒ္ဒေသ"အရ ပါတိမောက္ခုဒ္ဒေသ (ရွတ်ပြအပ်သော ပါတိမောက်) ကိုယူ၊ ထိုပါတိမောက်၌ အာပတ် ၇ ဖုံတွင် ထုလ္လစ္စဉ်း ဒုက္ကဋ် ဒုဗ္ဘာသိတတို့ တိုက်ရိုက်မလာသော်လည်း "ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ"ဟူသော နိဒါန်းဝယ် အာပတ် ၇ဖုံလုံးကို သိမ်းကျုံးထားသောကြောင့် "ပါတိမောက္ခုဒ္ဒေသ၌ အကျုံးဝင်သော သိက္ခာပုဒ်"ဟူရာ၌ အာပတ် ၇ဖုံလုံး ပါဝင်နိုင်သည်၊ ထိုသိက္ခာပုဒ်များနှင့် သက်ဆိုင်သော အရာတို့၌ ဆုံးမလျှင် အဆုံးအမ မခံ, ပြန်လှန်ပြောဆိုလေ့ရှိသူကို "ဥဒ္ဒေသ ပရိယာပန္နေသု သိက္ခာပဒေသု ဒုဗ္ဘရတာတိကော"ဟု ဆိုသည်။

သဟဓမ္မိကံ ဝုစ္စမာနော - [သဟ=အတူ+ဓမ္မ=တရား+ဣက=ကျင့်သူ၊ သဟဓမ္မိက=အတူတကွ တရားကျင့်ဖက်ဖြစ်သူ၊ ဝါ-သီတင်းသုံးဖော်၊] သီတင်းသုံးဖော်ကား-ဘိက္ခု-ဘိက္ခုနီ-သိက္ခမာန်-သာမဏေ-သာမဏေမ တည်း၊ "သဟဓမ္မိက"အရ သီတင်းသုံးဖော် ပုဂ္ဂိုလ်တို့ကိုသာ ရသေးသော်လည်း "သဟဓမ္မိကေဟိ-သီတင်းသုံးဖော်တို့သည်၊ သိက္ခိတဗ္ဗံ-ကျင့်ထိုက်၏" ဟု သိက္ခိတဗ္ဗတဒ္ဓိတ်ပြု၍, တစ်နည်း- "သဟဓမ္မိကာနံ ဣဒံ" ဟု ဣဒံတဒ္ဓိတ် လုပ်၍ သီတင်းသုံးဖော်တို့ ကျင့်ထိုက်-သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ကို"သဟဓမ္မိကံ"ဟု ဆိုသည်၊ ဒုတိယာဝိဘတ်ကိုလည်း ကရိုက်:အနက်၌ သက်စေ၍ "ဖြင့်"ဟုအနက်ပေးရသည်။

http://www.dhammadownload.com

အဝစနီယ်-မဆိုထိုက်သူကို၊ မာအကာသိ-မပြုပါလင့်၊ အာယသ္မာ-အရှင်သည်၊ အတ္တာနံ-မိမိကို၊ ဝစနီယမေဝ-ဆိုထိုက်သူကိုသာ၊ ကရောတု-ပြုပါလော၊ အာယသ္မာပိ-အရှင်သည်လည်း၊ ဘိက္ခု-ရဟန်းတို့ကို၊ [သဟမ္မေန-သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်၊ ဝါ-အကြောင်းနှင့်ထာကွဖြစ်သော စကားဖြင့်၊] ဝဒတု-ပြောဆိုပါလော၊ ဘိက္ခုပိ-ရဟန်းတို့သည်လည်း၊ အာယသ္မန္တံ-အရှင်ကို၊ သဟဓမ္မေန-ဖြင့်၊ ဝါ-ဖြင့်၊ ဝက္ခန္တိ-ပြောပါကုန်လတ္တံ့၊ ဟိ-အချင်းချင်းပြောရကျိုးကား၊ ယဒိဒံ- အကြင်အချင်းချင်းပြောဆိုခြင်း, အချင်းချင်း အာပတ်မှ ထစေခြင်းသည်၊ (အတ္ထိ-ရှိ၏၊) တေနအညမည ဝစနေန-ထို အချင်းချင်း ပြောဆိုခြင်းကြောင့်လည်းကောင်း၊ တေန အညမည ဝုဋ္ဌာပနေန- ထိုအချင်းချင်း အာပတ်မှ ထစေခြင်းကြောင့်လည်းကောင်း၊ တဿ ဘဂဝတော-ထိုမြတ်စွာဘုရား၏၊ ပရိသာ-ပရိသတ်သည်၊ ဧဝံ သံဝမာ-ဤသို့ကြီးပွားရပါ၏၊ ဣတိ- ဤသို့ပြောဆိုထိုက်၏။

ဧဝဉ္စ သော ဘိက္ခု ဘိက္ခုဟိ ဝုစ္စမာနော တထေဝ ပဋိဃောယ္ယ၊ သော ဘိက္ခု ဘိက္ခုဟိ တဿ - ထိုဒုဗ္ဗစ သဘောကို၊ ပတိနိသဂ္ဂါယ

* * * * *

မာမံအာယသ္မန္တောဝေ၊ပေ၊ဝစနာယ - ဤဝါကျတို့ကား အပြောမခံပုံကိုပြသော ဝါကျတည်း၊ အရှင်တို့က တပည့်တော်ကို ကောင်းကောင်း ဆိုးဆိုး ဘာကိုမျှ မပြောကြနှင့်, တပည့်တော်ကလည်း အရှင်တို့ကို ကောင်းကောင်း ဆိုးဆိုး ဘာကိုမျှ ပြောလိမ့်မည်မဟုတ်ပါ, အရှင်တို့သည် တပည့်တော်ကို ပြောဆိုကြောင်းစကားမှ ရှောင်ကြဉ်ကြပါ။ [ယေန ဝစနေန မံ ဝဒထ, တတော ဝစနတော ဝိရမထ-အဋ္ဌကထာ။]

မာယသ္မာ၊ပေ၊အညမည ဝုဋ္ဌာပနေန - ဤဝါကျတို့ကား အပြောမခံသော ရဟန်းကို အခြားရဟန်းတို့က ဖျောင်းဖျပြောပုံကိုပြသော ဝါကျတို့တည်း၊ "အရှင်သည် မိမိကိုယ်ကို အပြောအဆိုခံနိုင်သူလုပ်ပါ, အရှင်ကလည်း ရဟန်းတို့ကို သိက္ခာပုဒ်ဖြင့်ပြောပါ၊ ရဟန်းတို့ကလည်း အရှင့်ကိုသိက္ခာပုဒ်ဖြင့်ပြောကြပါလိမ့်မည်၊ (ဤသို့ အချင်းချင်းပြောဆိုခြင်း အချင်းချင်းအာပတ်မှ ထစေခြင်းကြောင့် ထိုဘုရားရှင်၏ ပရိသတ်သည် ယခုလိုကြီးပွားနေပါသည်)ဟူလို။

http://www.dhammadownload.com

ယာဝတတိယံ သမနုဘာသိတဗ္ဗော၊ ယာဝတတိယံ စေ သမနုဘာသိယ မာနော တံ ပတိနိသဇ္ဇေယ္ယ။ ဣဒဉ္စေတံ ကုသလံ၊ နော စေ ပတိနိသဇ္ဇေယ္ယ၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

သဟဓမ္မေန – "သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်" ဟု အနက်ပေးရာ၌ "သဟ စရိတဗ္ဗော ဓမ္မော ယေသံ"ဟု ဝိဂြိုဟ်ပြု၍ အတူတကွ ကျင့်အပ်သော တရားရှိသူ သီတင်းသုံးဖော်များကို "သဟဓမ္မ"ဟု ယူ၊ ထို့နောက် "သဟဓမ္မာနံ ဣဒံ" ဟု ဝိဂြိုဟ်ဆက်၍ သိက္ခာပုဒ်ကို ယူ၊ တစ်နည်း–"ယံ–အကြင်စကားသည်၊ ဓမ္မေန–အကြောင်းနှင့်၊ သဟ–တကွ၊ ဝတ္တတိ–ဖြစ်၏"ဟု ဝိဂြိုဟ်ပြုလေ၊ နောက်နည်းအရ အကြောင်းနှင့်စပ်သော စကား=အကျိုးအကြောင်းပြု၍ ပြောအပ်သောစကား=ကြည်ညိုဖွယ်ရှိအောင် နေနည်း ပြောနည်းကိုပြသော စကားများနှင့် သိက္ခာပုဒ်ဆိုင်ရာ စကားများ ကိုပါ သဟဓမ္မဟုမှတ်။

ဓေ သံဝမာ – "ဤသို့ ကြီးပွားရပါ၏"ဟူရာ၌ "ယခု မျက်မြင် အခြေအနေအထိ ကြီးပွားနေသည်"ဟု ဆိုလိုသည်၊ ထိုသို့ ကြီးပွားနေခြင်း မှာလည်း "အညမည ဝစနေန အညမည ဝုဋ္ဌာပနေန=အပြစ်တွေ့လျှင် အချင်းချင်း ပြောဆိုဆုံးမ သတိပေးကြ အာပတ်သင့်လျှင် ထိုအာပတ်မှ ထမြောက်အောင် ကူညီကြသောကြောင့်သာ ဖြစ်သည်"ဟူလို။ [ယဒိဒံ အညမည ဝစနေန အညမည ဝုဋ္ဌာပနေန"ကား ကြီးပွားခြင်း၏ အကြောင်း ကိုပြသော စကားတည်း။]

အဂါ ၄ ပါးပင်။ ။ သံဃဘေဒ သိက္ခာပုဒ် အင်္ဂါ ၄ ပါးတွင် ၁ နံပါတ် ကိုနတ်၍ "မပြောဆိုထိုက်သူဟု သူ့ကိုယ်သူပြုခြင်း" အင်္ဂါကိုထည့်။

[ဆောင်] **မပြောထိုက်သူ–ကိုယ့်ကိုယ်ပြု၍[1], သမနုဘာသနံ–ဓမ္ম ကံတည်း[2], ကမ္မဝါစာ–ပြီးဆုံးရာဝယ်[3], မြဲစွာယူလျှင်း, မစွန့်ခြင်းဟု[4], ကြောင်းရင်းလေးတန်, အင်ညီပြန်,သင့်ရန် ၃ဗွစ။**

http://www.dhammadownload.com

၁၃။ ကုလဒူသက သိက္ခာပုဒ် ဘိက္ခုပနေဝ-ရဟန်းဖြစ်ပါလျက်ပင်၊ အညတရံ-တစ်ခုခုသော၊ ဂါမံဝါ-ရွာကိုသော်လည်းကောင်း၊ နိဂမံဝါ-နိုဂုံးကိုသော်လည်းကောင်း၊ ဥပနိဿယ-မှီ၍၊ ကုလဒူသကော-အမျိုး ၄ ပါး၏ သဒ္ဓါတရားကို ဖျက်ဆီးသည်၊ ပါပသမာစာရော-ယုတ်မာသောအကျင့်ရှိသည်၊ (ဟုတ္တာ-၍၊) ဝိဟရတိ-နေအံ့၊ တဿ-ထိုရဟန်း၏၊ ပါပကာ-ယုတ်မာကုန်သော၊ သမာ စာရာ- အကျင့်တို့ကို၊ ဒိဿန္တိ စေဝ-မြင်လည်းမြင်အပ်ကုန်အံ့၊ သုယျန္တိ စ-ကြားလည်းကြားအပ်ကုန်အံ့၊ တေန-ထိုရဟန်းသည်၊ ဒုဋ္ဌာနိ- ဖျက်ဆီးအပ်ကုန်ပြီးသော၊ ကုလာနိစ-အမျိုးတို့ကိုလည်း၊ ဒိဿန္တိ စေဝ သုယျန္တိ စ။

* * * * *

၁၃။ ကုလဒူသက။ ။ ဤသိက္ခာပုဒ်ကား "ကုလဒူသက ရဟန်းကို ကျောင်းတိုက်မှ နှင်ထုတ်ပါ၊ ထိုအခါ နှင်ထုတ်သောရဟန်းကို "ဆန္နာဂတိ လိုက်ကြသည်"စသည်ဖြင့်ပြောလျှင် ရဟန်းတို့က မပြောဖို့ရန် တားမြစ်ပါ၊ တားမြစ်လျက် ထိုအပြောကိုမစွန့်လျှင် သမနုဘာသနကံပြုပါ၊ ကံပြု၍မပြီးခင် စွန့်လျှင် ကောင်း၏, ပြီးသည့်တိုင်အောင် မစွန့်လျှင် သံယာဒိသေသ် အာပတ်သင့်သည်"ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

ဘိက္ခုဝေ။ ။ဤ၌ ဝေသဒ္ဒါလည်း ရှေးသိက္ခာပုဒ်၌ကဲ့သို့ သမ္ဘာဝနာ အပဓာရဏအနက်ရှိ၏၊ သမ္ဘာဝနာဟူရာ၌ ရဟန်းအဖြစ်ကို ချီမြှောက်ခြင်း-ရဟန်းအဖြစ်၏ မြင့်မြတ်ကြောင်းကိုပြခြင်းတည်း၊ ထိုသို့ ချီမြှောက်ပြီးနောက် သူ၏ နိမ့်ကျသောအလုပ်ကို ဖော်ပြခြင်းသည် သာ၍လေးနက်၏၊ "မြင့်မြတ်သော ရဟန်းဖြစ်ပါလျက် (မြင့်မြင့်-မြတ်မြတ်မနေဘဲ) ကုလဒူသနမှ ပါပသမာစာရမှများကို ပြုနေသည်"ဟူလို။

ဂါမံဝါ နိဂမံဝါ ဥပနိဿယ - ဤ၌ နဂရမပါ, သို့ရာတွင် နဂရ(မြို့)ဟူသည် ရွာအထူး (ရွာအကြီးစား)ပင် ဖြစ်၍ ဂါမ၌ သွင်းယူရမည်ဟု ဖွင့်ကြသည်၊ "ဥပနိဿယ" အရ "မှီခြင်း"ဟူသည် ထိုမြို့ရွာနိုဂုံးတို့မှ ရအပ်သော ပစ္စည်းလေးပါးကို အားထားခြင်း, ထိုပစ္စည်းများကို သုံးစွဲခြင်းတည်း။

http://www.dhammadownload.com

သော ဘိက္ခု ဘိက္ခုဟိ ဧဝမသ ဝစနီယော (ကိ-အဘယ်သို့ ပြောဆိုထိုက်သနည်း।) အာယသ္မာ-အရှင်သည်၊ ကုလဒူသကော-အမျိုး ၄ ပါး၏ သဒ္ဓါတရားကို ဖျက်ဆီးသူတည်း၊ ပါပသမာစာရော-ယုတ်မာသော အကျင့်ရှိသူတည်း၊ အာယသ္မတော-အရှင်၏၊ ပါပကာ သမာစာရာ ဒိဿန္တိ စေဝ-မြင်လည်းမြင်အပ်ကုန်၏၊ သုယ္ယန္တိ စ- ကြားလည်းကြားအပ်ကုန်၏၊ အာယသ္မတာ-အရှင်သည်၊ ဒုဋ္ဌာနိ ကုလာနိ စ ဒိဿန္တိ စေဝ သုယ္ယန္တိ စ၊ အာယသ္မာ-အရှင်သည်၊ ဣမမှာ အာဝါသာ- ဤကျောင်းတိုက်မှ၊ ပက္ကမတု-ထွက်သွားပါလော၊ တေ-အရှင်၏၊ ဣဓ-ဤကျောင်းတိုက်၌၊ ဝါသေန-ဆက်လက်နေခြင်းဖြင့်၊ အလं-အကျိုးမရှိတော့ပါ၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏။

* * * * *

ကုလဒူသကော - "ကုလာနိ=အမျိုး ၄ ပါးတို့ကို၊ ဒူသေတိ-ဖျက်ဆီးတတ်၏"ဟူသော ဝစနတ္ထနှင့်အညီ "ခတ္တိယ ဗြဟ္မဏ ဝေဿ သုဒ္ဒ"ဟူသော အမျိုး ၄ ပါးဖျက်ဆီးသူကို "ကုလဒူသက"ရဟန်းဟုခေါ်၏၊ "ဖျက်ဆီး"ဟူရာ၌ ပျက်စီးအောင် မစင်ရှဲ့ပုပ်တို့ဖြင့် ပက်သည်မဟုတ်၊ ထိုအမျိုးများ၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းတည်း၊ ချဲ့ဦးအုံ-လူတစ်ယောက်ကို ဖျက်ဆီးရာ၌ မစင်ရှဲ့ပုပ်သည် ဖျက်ဆီးကြောင်း ဝတ္ထုဖြစ်သကဲ့သို့, ထိုအတူ အမျိုးကို ဖျက်ဆီးရာ၌ ဖျက်ဆီးကြောင်းဝတ္ထုရှိရဦးမည်၊ ထိုဝတ္ထုကား -

"ပန်း-သီး-မှန့်-မြေ, ဝါး-ပူ-ရေ, ဝတ္ထုသုတ်ဖြာ"

နှင့်အညီ, ၁-ပန်း, ၂-သစ်သီး, ၃-ရေချိုးဆပ်ပြာမှုန့်, ၄-မြေညက်, ၅-ဝါး, ၆-ဒန်ပူ, ၇-ခြေဖြင့်သွားခြင်း, ၈-(ဝတ္ထု) ဆေးကုခြင်းအားဖြင့် ၈ပါးရှိ၏၊ မိန်းကလေး တစ်ယောက်ယောက်အား ပန်းပေးလိုက်လျှင် ထိုမိန်းကလေး၏ သဒ္ဓါတရားကို ဖျက်ဆီးပစ်ရာ ရောက်၏။ [မစင်နှင့် ပန်း, ပက်ခြင်းနှင့်ပေးခြင်း, အပက်ခံရသူ ပျက်စီးခြင်းနှင့် မိန်းကလေး၏ သဒ္ဓါတရား ပျက်စီးခြင်း, မစင်ပက်သူနှင့် ပန်းပေးသူ တူကြလေသည်။]

သဒ္ဓါတရား ပျက်ပုံ။ ။ မိန်းကလေးသည် ရိုးရိုးရာရာအားဖြင့် နဂိုက သဒ္ဓါတရား ကောင်းသူကလေးတည်း၊ သို့သော် "ဒါနံ သဗ္ဗတ္ထ သာဓက=ပေးကမ်းခြင်းသည် အကျိုးအားလုံးပြီးစေ၏"ဟူသော စကားကို သဘောပေါက်၍ ရဟန်းတစ်ပါးပါးက သူ့ကိုကြည်ညိုအောင် ထိုမိန်းကလေးအား

http://www.dhammadownload.com

ဝေဠု သော ဘိက္ခု ဘိက္ခုဟိ ဝုစ္စမာနော တောဘိက္ခု ဝေ၀ဝေယျ၊ (ကိ-အဘယ်သို့ ပြောဆိုသနည်း၊) ဘိက္ခု-ရဟန်းတို့သည်၊ **ဆန္နဂါမိ**နောစ-ဆန္နဘဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခု-တို့သည်၊ **ဒေါသ**ဂါမိနောစ-ဒေါသဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခု မောဟဂါမိနောစ-မောဟဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခုဘယဂါမိနောစ-ဘယဂတိသို့လည်း လိုက်ကုန်၏၊ တာဒိသိကာယ- ထိုကဲ့သို့ ရှုအပ်သော၊ **အာပတ္တိယာ**-အာပတ်ကြောင့်၊ **ကေစ္စံ**-ကို၊ ပဗ္ဗာ**ဇေန္တိ**-နှင်ထုတ်ကုန်၏၊ **ကေစ္စံ**-ကို၊ နပဗ္ဗာ**ဇေန္တိ**-နှင်မထုတ်ကုန်၊ ဣတိ-ဤသို့ပြောဆိုအံ့။

* * * * *

ပန်းကိုပေးလိုက်ရာ ထိုရဟန်းအား လွှချင်စိတ်ဖြစ်ကာ ချစ်ခင်လာပေမည်၊ သို့သော် ထိုကဲ့သို့ ပေးဖော်မရသော လဖ်ခ်ိုသူမွန်သီလ၀န် အရှင်မြတ်တို့အား မလွှချင် မဒါန်းချင် မဆည်းကပ်ချင်- မကိုးကွယ်ချင်လာတော့သဖြင့် ထိုမိန်းကလေး၏ အစစ်အမှန် အဖိုးတန် သဒ္ဓါတရားကား ပျက်ပြားလေပြီ။

ဤနည်းအတိုင်း သစ်သီးပေး၍ ဖျက်ဆီးပုံ, (သစ်သီးဖြင့် သစ်ရွက်ကိုပါယူ,) ကုက္ကိုမှုန့်စသော (ကာလပေါ်အမှုန့် ဆပ်ပြာခဲများနှင့်တကွ) ရေချိုးရာ၌ အသုံးပြုရသော အမှုန့်ကိုပေး၍ ဖျက်ဆီးပုံ, မြေညက်ပေး၍ ဖျက်ဆီးပုံ, (အိန္ဒိယ၌ မြေညက်များကိုလည်း မြန်မာနိုင်ငံ သဲဆပ်ပြာကဲ့သို့ အသုံးပြုသည်၊) အိမ်စသည် ဆောက်ဖို့ရန်အတွက် ဝါးပေး၍ဖျက်ဆီးပုံ, ဒန်ပူပေး၍ ဖျက်ဆီးပုံ, (အိန္ဒိယသားတို့သည် သွားတိုက်ရန် ဒန်ပူကို အများပင် အသုံးပြုကြသည်၊ ယခု မြန်မာနိုင်ငံ၌လည်း ကုလားနှင့်ပုဏ္ဏားတို့ ဒန်ပူသုံးကြသည်ကို တွေ့နိုင်သေး၏၊) လူများက စေခိုင်း၍ ခြေဖြင့် လျှောက်သွားခြင်း-အစေအပါ: အခိုင်းစေခံခြင်းဖြင့် ဖျက်ဆီးပုံ, ဆေးကုရ၍ ဖျက်ဆီးပုံများကိုလည်း သိကြပါလေ။

ခြွင်းချက်။ ။ "**မိဘ**-မိမိ၏ ဝေယျာ၀စ္စပြုသူ, ရိုကျွေးပြုတ်ရ၍ ကျောင်းကပ်လာသူ, ကျောင်းမှာ မကျန်းမမာဖြစ်နေသူများနှင့်-ရှင်လောင်း (ကျောင်းသား)တို့အား ပေးကောင်း ဆေးကုကောင်း၏"ဟု အနည်းငယ် ခြွင်းချက်ရှိသေး၏၊ ထိုခြွင်းချက်ကို ပါရာဇိကဏ်အဋ္ဌကထာ ဤသိက္ခာပုဒ်မှာ ရှုလေ။

ကုလဒူသနအပြစ်။ ။ ပြခဲ့သော ကုလဒူသနအမှုကိုပြုလျှင် ဒုက္ခင့် အာပတ်သင့်၏၊ ထိုကုလဒူသနအမှုကြောင့် ရအပ်သောဆွမ်းသက်နှံ:ကျောင်:

http://www.dhammadownload.com

သော ဘိက္ခု ဘိက္ခုဟိ ဧဝမသ ဝစနီယော၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာ-သည်၊ ဧဝံ-ဤသို့၊ မာအဝစ- မပြောပါနှင့်၊ ဘိက္ခု-တို့သည်၊ နစ ဆန္ဒဂါမိနော-ဆန္ဒာဂတိသို့လည်း မလိုက်ကုန်၊ ဘိက္ခုနစ ဒေါသဂါမိနော, ဘိက္ခုနစမောဟဂါမိနော, ဘိက္ခုနစဘယဂါမိနော၊ ခေါ-စင်စစ်၊ အာယသ္မာ-သည်၊ ကုလဒူသကော-တည်း၊ အာယသ္မတော-၏၊ ပါပကာ သမာစာရာ ဒိဿန္တိ စေဝ သုယျန္တိ စ၊ အာယသ္မတာ ဒုဋ္ဌာနိ ကုလာနိ စ ဒိဿန္တိ စေဝ သုယျန္တိ စ၊ အာယသ္မာ ဣမမှာ အာဝါသာ ပဏ္ဍမတု, တေ ဣဓ ဝါသေန အလံ၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏။

* * * * *

ဆေးစသော ပစ္စည်းများကိုလည်း ထိုကုလဒူသက ရဟန်းနှင့်တကွ သီတင်းသုံးဖော် ၅ ဦးလုံးပင် မသုံးစွဲကောင်း၊ သုံးစွဲသူတိုင်း ဒုက္ခဉ်အာပတ်သင့်၏၊ နဂိုက ဖိတ်မန်ထားသူ ဒကာ ဒကာမတို့အား ပန်း သစ်သီးပေးခြင်း ဆေးပေးခြင်းစသည်ကိုပြုရာ၌ ပြုသည့်အတွက် ဒုက္ခဉ်အာပတ် သင့်သေးသည်သာ၊ သို့သော် ထိုဆေးပေးမှုကြောင့် အပိုမလှူဘဲ လှူရိုးလှူစဉ် လှူနေသော ပစ္စည်းများကား အပ်၏။

အနေသန မိစ္ဆာဇီဝ။ ။နေ+ဇသန-မသင့်သော မအပ်သော ပစ္စည်းရှာမှုကို "အနေသန"ဟုခေါ်၏၊ ထို အနေသနများကား-ပန်းပေးခြင်းစသော ဈပါ:အပြင် ဗေဒင်ဟောခြင်း-ဒကာ ဒကာမကို မြှောက်ပင့်ခြင်း-ကလေးကို ယုယခြင်း စသည်ဖြင့် ဒကာ ဒကာမတို့ကို လှူချင်လာအောင် ပြုလုပ်ခြင်းများတည်း၊ ထိုကဲ့သို့ ပြုလုပ်၍ရသော ပစ္စည်းဖြင့် အသက်မွေးခြင်းကို "မိစ္ဆာဇီဝ (ယုတ်မာသော အသက်မွေးခြင်း)"ဟု ခေါ်သည်။

ပါပသမာစာရာ- ယုတ်မာသော အကျင့်ဟူသည် "ဒကာ ဒကာမတို့အား ပေးကမ်းဖို့ရန် ရည်မှန်း၍ ပန်းပင်စိုက်ခြင်း-ရေလောင်းခြင်း"စသော ရဟန်းတို့နှင့် မလျော်သော အကျင့်များတည်း၊ ထိုကဲ့သို့ ပန်းပင်စိုက်ခြင်းစသည်ပြုရာ၌လည်း ဒုက္ခဉ်အာပတ်သင့်၏၊ ကိုယ်တိုင်မြေတူး၍ စိုက်ခြင်းစသည်၌ မြေတူးမှုကြောင့် ပါစိတ်အာပတ်လည်း အပိုသင့်သေး၏၊ ကျောင်းတိုက် သာယာအောင်စသည်ဖြင့် စိုက်လိုလျှင် "ဤမြေကိုသိစမ်း, ဤပန်းပင်ကို သိစမ်း"စသည်ဖြင့် ပြော၍ သာမဏေစသူကို ခိုင်းရသည်။

http://www.dhammadownload.com

ဝေဠု သော ဘိက္ခု ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဂ္ဂဏှယျ၊ **သော ဘိက္ခု ဘိက္ခူဟိ** တဿ-ထိုအပြောကို ပတိနိသဂ္ဂါယ ယာဝ တတိယံ သမနုဘာသိတမ္ဘော၊ ယာဝတတိယံ သမနုဘာသိယမာနော တံ-ထိုအပြောကို၊ **ဧ** ပတိနိသဇ္ဇေယျ၊ ဣဒ္ဓေတံ ကုသလံ၊ **နော** **ဧ** ပတိနိသဇ္ဇေယျ၊ တဿ ဘိက္ခုနော သံဃာဒိသေသော အာပတ္တိနိကာယော ဟောတိ။

* * * * *

တဿ၏၊ ထ၊ သူယျန္တိ – ထိုရဟန်း၏ (ပန်းပင်စိုက်ခြင်း)စသော ယုတ်မာသော အမှုများကို သူသူငါငါလည်း မြင်ရ-ဟိုကသည်ကလည်း ကြားရအုံ့၊ ထိုရဟန်းဖျက်ဆီး၍ သဒ္ဓါတရား ပျက်စီးနေသော (အခြားရဟန်း-ကောင်းများကို မကိုးကွယ်သော) အမျိုးများကိုလည်း မြင်ရ-ကြားရအုံ့။

သော ဘိက္ခု၊ ဃ၊ ဝါသေနာတိ – ထိုကုလဒူသကရဟန်းကို မြင်ကုန်ကြားကုန်သော ရဟန်းတို့က ပြောကြဆိုကြရမည်၊ "အာယသ္မာခေါ"မှစ၍ "အလ်တေ ဣဓ ဝါသေန"တိုင်အောင်ကား ရဟန်းတို့က ပြောပုံကိုပြသော ဥပါကျတို့တည်း၊ ထိုဝါကျများ၏ မြန်မာပြန်ကို နားလည်လောက်ပြီ၊ ထိုဝါကျတို့ဖြင့် ထို ကုလဒူသကရဟန်းအား ပဗ္ဗာဇနီယကံ ပြုထိုက်နေကြောင်းကို ပြ၏၊ သို့သော် ရဟန်းတို့က ပြောဆိုသည်ကို နားထောင်၍ ထိုကျောင်းမှာ မနေဘဲ ထွက်သွားလျှင် ပဗ္ဗာဇနီယကံ ပြုဖွယ်မလို၊ ကုလဒူသနကြောင့် သင့်မိသော ဒုက္ခဉ်ကိုဒေသနာပြော၍ အခြားတစ်ရပ်မှာ ကောင်းစွာနေလျှင် စင်ကြယ်၏။

ပဗ္ဗာဇနီယကံ။ ။ ထိုကဲ့သို့ ပြောဆိုရုံမျှဖြင့် မပြီးသူကို ဥတ်ကမ္မဝါစာ ဖတ်ရွတ်၍ ကုလဒူသနပြုလျက် နေထိုင်ရာကျောင်းတိုက်မှ နှင်ထုတ်ကြောင်းကံကို ပဗ္ဗာဇနီယကံဟုခေါ်၏၊ ချဉ်ဦးအုံ့-ကုလဒူသနပြုထားသော ရွာနိုဂုံးမြို့တို့မှ ရဂ္ဂိသောပစ္စည်းများသည် ထိုရဟန်းမှာလည်း မအပ်, သီတင်းသုံးဖော်တို့အားလည်း မအပ်တော့ရကား ထိုရဟန်းသည် ထိုရွာ နိုဂုံး မြို့တို့ကိုမှီကာ ထိုကျောင်းတိုက်မှာ ဆက်လက်နေသဖြင့် အာပတ်ဗရမ္ဘေ သင့်နေဖွယ်ရှိ၏၊ ထို့ကြောင့် "အလ် တေ ဣဓ ဝါသေန-ဤကျောင်းတိုက်၌ ဆက်လက်ပေကပ်၍နေသဖြင့် သင့်မှာ အကျိုးမရှိတော့ပြီ"ဟုဆိုသည်၊ ထိုသို့ ပြောရုံမျှဖြင့် အခြားကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်လျှင်ကောင်း၏၊ ထိုပြောသည်အတိုင်း နားမထောင်သူကိုသာ ပဗ္ဗာဇနီယကံပြုရမည်။

http://www.dhammadownload.com

တာဝန်ဝတ္တရား။ ။ ထို ကဲ့ပြုခံရသောရဟန်းသည် ဆိုင်ရာကျင့်ဝတ်ကို ကျင့်၍ ကဲ့ငြိမ်းပြီးနောက် ရဟန္တာအဖြစ်ရောက်သော်လည်း ထိုကုလဒူသနဖြင့် ဆက်ဆံမိသော ဒကာ ဒကာမတို့ထံမှ ပစ္စည်းကို အလှူမခံရတော့ သတတ်၊ ဘာ့ကြောင့် အလှူမခံပါသနည်း-ဟု လူတို့ကလျှောက်ကြလျှင် "ရှေးတုန်းက သင်တို့အား ကုလဒူသနအမှုနှင့် ချိမ့်ြောက်မိလို့"ဟုပြောရမည်၊ "ရှေးတုန်းက ချိမ့်ြောက်ခဲ့လို့ လှူခြင်းမဟုတ်ပါ, ယခု ကောင်းစွာနေ၍ ကြည်ညိုလို့လှူပါသည်"ဟု လျှောက်လျှင်ကား ခံယူကောင်းသတတ်၊ ပဗ္ဗာဇနီယက် အပြုမခံရဘဲ နောင်တရ၍ ကောင်းစွာနေထိုင်သူများလည်း ဤနည်းအတိုင်း အလှူမခံဘဲ ရှောင်ကြဉ်နေရမည်၊ သူတို့က သဒ္ဓါတရားနှင့် လှူပါကြောင်း လျှောက်မှ အလှူခံလျှင် အပြစ်လွတ်သည်သာ။

ဆန္ဒဂါမိနောစ ဘိက္ခူ။ ဃ၊ နပဗ္ဗာဇေန္တိ - ဤဝါကျတို့ကား ပဗ္ဗာဇနီယက် အပြုခံရသောရဟန်းက ကဲ့ပြုသောရဟန်းတို့အား စွပ်စွဲပြောဆိုပုံကိုပြသော ဝါကျတို့တည်း၊ သူ့ကို ကဲ့ပြုသောရဟန်းတို့သည် အဂတိ ၄ပါးကို လိုက်သော ရဟန်းများဖြစ်ကြသည်၊ ဘာ့ကြောင့်နည်း.....ထို ဒုက္ခင်္ဂအာပတ်မျိုးကြောင့် အချို့ကိုသာ နှင်ထုတ်၍ တချို့ကိုကား နှင်မထုတ်သောကြောင့် တည်း-ဟု စွပ်စွဲသည်။

မှတ်ချက်။ ။ ဤစွပ်စွဲသလို ဒုက္ခင်္ဂအာပတ် သင့်သူတိုင်းကို မနှင်ထုတ်သည်မှာမှန်၏၊ နိဒါန်း၌ပြခဲ့သော သမ္ဘာနမုသာဝါဒဒုက္ခင်္ဂမျိုးမှာ ထိုနေရာတစ်ချက်သာသင့်၍ နောက်ထပ်သင့်ဖွယ်မရှိပေ၊ သူ၏ ကုလဒူသနဒုက္ခင်္ဂကား ဤတစ်ချက်နှင့် ကိစ္စမပြီး၊ နောက်နောက် ရသမျှပစ္စည်းများကို သုံးစွဲမှုကြောင့်လည်း ဒုက္ခင်္ဂအာပတ်တွေ မဆုံးနိုင်အောင် သင့်ရချေဦးမည်၊ သို့အတွက် အခြား ဒုက္ခင်္ဂအာပတ်သည် နှင်ထုတ်လောက်အောင် အပြစ်မကြီးဘဲ သူ၏ ကုလဒူသနဒုက္ခင်္ဂအာပတ်သာ နှင်ထုတ်လောက်အောင် အပြစ်ကြီး၍ သူ့ကိုနှင်ထုတ်ရသည်။

ဆန္ဒဂါမိနော - မရောက်အပ်မရောက်သင့် မပြုအပ် မပြုသင့်သော အမှုကို "အဂတိ"ဟုခေါ်၏၊ ချစ်သည့်အတွက် ထိုအဂတိလိုက်သူကို "ဆန္ဒဂါမိ"ဟု ခေါ်၏၊ ဆန္ဒေန-ချစ်ခြင်းကြောင့်၊ အဂတိ-မရောက်ထိုက်သော အမှုသို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ ဆန္ဒဂါမိနော-ဆန္ဒဂါမိတို့မည်၏၊ [ဒေါသေန-ဒေါသထွက်ခြင်း စိတ်ဆိုးခြင်း မုန်းခြင်းကြောင့်၊ မောဟေန-မသိခြင်း နားမလည်ခြင်း ဖျင်းအခြင်းကြောင့်၊ ဘယေန- ကြောက်ရွံ့ခြင်းကြောင့်, ဟု နောက်နောက်ပုဒ်များကိုလည်း အနကီပေ။]

http://www.dhammadownload.com

ဟယသ္မာ၊ ပေ၊ ဝါသေနာတိ – ဤဝါကျတို့ကား အစွပ်စွဲခံကြရသော ရဟန်းတို့က စွပ်စွဲသောရဟန်းအား ပြန်၍ပြောပုံကိုပြသော ဝါကျတို့တည်း၊ ထိုဝါကျ၏ မြန်မာလို ဆိုလိုရင်းကိုလည်း နားလည်လောက်ပြီ၊ ပဗ္ဗာဇနီယက် ပြုဖို့ပြသော ရှေးဝါကျ၌ "ပက္ကမတာယသ္မာ၊ ပေ၊ ဝါသေန"သည် ပဗ္ဗာဇနီယ်က် ပြုပုံကိုပြသော ဝါကျတည်း၊ ဤ၌လာသော "ပက္ကမတာ၊ပေ၊ ဝါသေန"ကား ပဗ္ဗာဇနီယက် အပြုခံရသောရဟန်း၏ ကျင့်ဝတ်ကိုပြသော ဝါကျတည်း၊ ["ပဗ္ဗာဇနီယက် အပြုခံရသော ရဟန်းမှာ ကျောင်းတိုက်မှ ထွက်သွားရန် ဝတ္တရား၊ရှိသည်"ဟူလို။]

ဧဝဿော၊ ပေ၊ သံဃာဒိသေသော – ဤဝါကျတို့ကား "ဆန္နဂါမိနောစ ဘိက္ခု"စသည်ဖြင့် စွပ်စွဲကဲ့ရဲ့ကြောင်းစကားကို မစွန့်လွှတ်ဘဲ ရှေးအတိုင်း (နဂိုပြောမြဲအတိုင်း) ချီမြှောက်နေလျှင် (ပြန့်ပွားအောင် ပြောဆိုနေလျှင်) ထိုအပြောကိုစွန့်လွှတ်စေရန် သမနုဘာသနက်ပြုပါ၊ ဂ်ပြုနေစဉ် ထိုအပြောကို စွန့်လျှင် သံဃာဒိသေသ်မသင့်တော့သည်ဖြစ်၍ ကောင်း၏၊ ကမ္မဝါစာဆုံး၍ မှ မစွန့်လျှင် သံဃာဒိသေသ် အာပတ်သင့်၏–ဟု ပြသောဝါကျတည်း။

မှတ်ချက်။ ။ ဤသိက္ခာပုဒ်၌ သမနုဘာသနက် ပြုရခြင်းမှာ "ဆန္ဒဂါမိ နောစဘိက္ခု"စသော အ့ပြောမျိုးကို စွန့်လွှတ်စေရန် ပြုရခြင်းဖြစ်သည်၊ ပဗ္ဗာဇနီယက် ငြိမ်းအေးဖို့ (ဂ်ကိုပြန်၍ရုပ်သိမ်းဖို့) အတွက်မှာ ဆိုင်ရာ ကျင့်ဝတ်များကို ပြည့်စုံအောင်ပြည့်ကျင့်မှသာ ရုပ်သိမ်းရသည်၊ ဆိုင်ရာ ကျင့်ဝတ်တို့ကို စူဠဝါ ပါဠိတော် (ကမ္မက္ခန္ဓက)မှာရှု။

အဂ်ါ ၄ပါး။ ။ သံဃဘေဒ သိက္ခာပုဒ်လာ အဂ်ါ ၄ ပါ:တွင် ၁ နံပါတ် အဂ်ါ၌ "ဆန္ဒာဂတိ လိုက်ကြသည်"စသည်ဖြင့် ပြောဆိုခြင်းကို လဲလှယ် ထည့်သွင်း၍ အဂ်ါ ၄ ပါ:ပင်ရှိသည်။ [သမနုဘာသနက်ပါသော သိက္ခာပုဒ် ၄ ပါ:၌ နောက်အဂ်ါ ၃ ပါ:မှာ အတူချည်းသာတည်းဟု သတိပြု။]

[ဆောင်] ဆန္ဒာဂတိ–လိုက်ကြ၏ဟု–စသည်ပြောမှု[3], သမနုဘာသနံ – ဓမ္မက်တည်း[1], ကမ္မဝါစာ–ပြီးဆုံးရာဝယ်[2], မြဲစွာယူ လျှင်–မစွန့်ခြင်းဟု[4], ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန် ဒုသန။

---

http://www.dhammadownload.com

၁၁။ လေ့ကျင့်ခန်း မေးခွန်းများ

က။ ဒုဗ္ဗစသိက္ခာပုဒ်ကို ဘယ်ရဟန်းမျိုးအတွက် ပညတ်ပါသနည်း။

ခ။ အပြောမခံ ပြန်လှန်ပုတ်ခတ်ရုံမျှဖြင့် သူ့မှာ သံဃာဒိသေသ် အာပတ်သင့်သလော, ဘယ်အခါကျမှ အာပတ်သင့်သနည်း။

ဂ။ "ဥဒ္ဒေသ ပရိယာပန္နေသု သိက္ခာပဒေသု"၌ "ဥဒ္ဒေသ"အရ ပါတိမောက်ပြရာတွင် ပါဝင်သော သိက္ခာပုဒ်များကိုသာယူလျှင် ထုလ္လစ္စဉ်း ဒုက္ကဋ် ဒုဿီသိတတို့ကို အဘယ်စကားဖြင့် သိမ်းကျုံးမည်နည်း။

ဃ။ "သဟမ္မိက"အရ သိတင်းသုံးဖော် ၅ယောက်ကိုပြ၍, "ဘာကို သိတင်းသုံးဖော်တို့ ဥစ္စာခေါ်ကြောင်း"ကိုလည်းပြပါ။

င။ "မာယသ္မာ၊ပေ၊အညမညဝုဋ္ဌာပနေန"ဝါကျကို မြန်မာလို ပြန်ပြီးလျှင်, "ယဒိဒံ၊ပေ၊ဝုဋ္ဌာပနေန"ဖြင့် ဘာကိုဆိုသည်–ဟုလည်းပြပါ။

စ။ ကုလဒူသက သိက္ခာပုဒ်သည် အဘယ် ရဟန်းမျိုးအတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ပါနည်း။

ဆ။ "ဂါမံဝါ နိဂမံဝါ ဥပနိဿာယ"၌ နဂရကို အဘယ်ဖြင့် သွင်းယူမည်နည်း, "ဥပနိဿာယ"အရ မှီပုံကိုလည်း ပြပါ။

ဇ။ "ကုလဒူသကော"နှင့်စပ်၍ ကုလဒူသနဝတ္ထု ၈ပါးကို ပြပြီးလျှင်, ထိုဝတ္ထုဖြင့် ဖျက်ဆီး၍ ပျက်စီးပုံကိုလည်းပြပါ။

စျ။ ကုလဒူသနမှုပြုလျှင် ဘာအာပတ်သင့်သနည်း, ထိုကုလဒူသနကြောင့် ရသောပစ္စည်းများကို သုံးစွဲလျှင် ဘာအာပတ်သင့်သနည်း။

ည။ "ပါပသမာစာရော"အရ ယုတ်မာသော အကျင့်များကိုပြပါ။

ဋ။ ထိုကုလဒူသကရဟန်းကို သံဃာညီညွတ်လျှင် ဘယ်ကံပြုရမည်နည်း, ထိုကံ့သို့ ကံပြုရကြောင်းကို သိက္ခာပုဒ်တွင် ဘယ်စကားဖြင့်ပြသနည်း။

ဌ။ "တာဒိသိကာယ အာပတ္တိယာ ဧကစ္စံ ပဗ္ဗာဇေန္တိ"ဟု စွပ်စွဲရာ၌ ကုလဒူသနဒုက္ခဉ်ကြောင့်သာ နှင်ထုတ်ထိုက်ပုံကိုပြပါ။

ဍ။ အဘယ်ကို "အဂတိ"ဟု ခေါ်သနည်း, အဂတိ ၄ ပါးကိုပြပါ။

ဎ။ "ပဏ္ဏမတာ၊ပေ၊ဝါသေန" ဝါကျတို့ ၂ ထပ်ပါနေရာ, ရှေ့၌ပါသော စကားဖြင့် ဘာကိုပြ၍, နောက်စကားဖြင့် ဘာကိုပြသည်–ဟု ခွဲခြားပါ။

http://www.dhammadownload.com

နိဂုံး အာယသွန္တော-တို့၊ ပဌမာပတ္တိကာ-ပထမလွန်ကျူးဆဲ ခဏ၌ သင့်ရောက်ရခြင်းရှိကုန်သော၊ နဝ-ကိုးပါးသော အာပတ်တို့ကိုလည်းကောင်း၊ ယာဝတတိယကာ- ၃ ကြိမ်မြောက်ကျ, သမနုဘာသနက် အဆုံးခံ၌ဖြစ်ကုန်သော၊ စတ္တာရော-၄ ပါးသော အာပတ်တို့ကို လည်းကောင်း၊ တေရသ-၁၃ ပါးကုန်သော၊ သံဃာဒိသေသာ-သံဃာဒိသေသ် မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ-သရုပ်အားဖြင့် ရွတ်အပ် ပြအပ်ပါကုန်ပြီ။

ကျင့်ဝတ် ဘိက္ခု-ရဟန်းသည်၊ ယေသံ-ယင်းတစ်ဆယ့်သုံးပါးတို့တွင်၊ အညတရံဝါ အညတရံဝါ - တစ်ပါးပါးသော အာပတ် သို့လည်း၊ အာပဇ္ဇိတ္တာ - ရောက်ပြီး၍၊ ယာဝတိဟံ - အကြင်မျှ အတိုင်း

* * * * *

နိဂုံး။ ။ "ဥဒ္ဒိဋ္ဌာခေါ၊ပေ၊ယာဝတတိယကာ"ကား နိဂုံးဝါကျတည်း၊ ပဌမာပတ္တိကအာပတ် ၉ ပါးဟူသည် သုက္ကဝိသဋ္ဌိမှစ၍ ဒုတိယ ဒုဋ္ဌဒေါသ တိုင်အောင်သော သိက္ခာပုဒ်တို့ဖြင့် ပြအပ်သော အာပတ်တို့တည်း၊ ယာဝ တတိယက အာပတ် ၄ ပါးကား သံဃဘေဒ-ဘေဒါနုဝတ္တက-ဒုဗ္ဗစ-ကုလ ဒူသက သိက္ခာပုဒ်တို့ဖြင့် ပြအပ်သော အာပတ်တို့တည်း။ [ပဌမ=ပထမလွန် ကျူးဆဲ ခဏ၌ (လွန်ကျူးလျှင် လွန်ကျူးခြင်း)+အာပတ္တိ=သင့်ရောက်ခြင်း+ ဣက=ရှိသည်၊ ၃ ကြိမ်တိုင်အောင် ပြောဆိုဖွယ်မလို, လွန်ကျူးလျှင်ပင် သင့်အပ်သော အာပတ်များ-ဟူလို၊ ယာဝတတိယ=၃ ကြိမ်မြောက် သမနုဘာသနက် အဆုံးခံ+က=ဖြစ်သောအာပတ်။]

ယေသံ၊ ပေ၊ ပတိဋ္ဌာဒေတိ - "ယေသံ၊ပေ၊သာမိစိ" တိုင်အောင် သံဃာဒိသေသ် အာပတ်သင့်သူတို့ ကျင့်ရသောကျင့်ဝတ်ကိုပြသော ဝါကျတို့ တည်း၊ ယေသံ၌ ယသည် နိယမ (တွဲဖက် တသဒ္ဒါ)မရှိ, ဤယသည်ပင် နိယမမျိုး ဖြစ်နေတော့၏၊ ထို့ကြောင့် ဆရာတို့က "အကြင်"ဟု အနက် မပေးဘဲ "ယင်း"ဟု အနက်ပေးသည်၊ ယာဝတိဟံပုဒ်၌ ပါရာဒိကဏ် ယောဇနာဝယ် ယာဝတိနိပါတ်ပုဒ်ဟုကြံ၍- "အဟသ-နေ့၏၊ ယာဝတိ- အကြင်မျှလောက် အပိုင်းအခြားသည်၊ ယာဝတိဟံ-မည်၏"ဟု ဖွင့်၏၊ ယာဝတိနိပါတ်ကို သက္ကတ အဘိဓာန်၌ မတွေ့ရ၊ ဤကျမ်းကား ယာဝတာ နိပါတ်နောင် အဿတ္ထိအနက်၌ ဤပစ္စည်းသက်၍ ယာဝတိ-အကြင်မျှလောက်

http://www.dhammadownload.com

အရှည်ရှိသော ရက်ပတ်လုံး၊ ဓာန်-သီလျက်၊ ပတိစ္စာဒေတိ-ဖုံးထားအုံ၊ တာဝတိဟ်-ထိုမျှ အတိုင်းအရှည်ရှိသော ရက်ပတ်လုံး၊ တေန ဘိက္ခုနာ-ထိုရဟန်းသည်၊ အကာမာ-အလိုမရှိဘဲလည်း၊ ပရိဝတ္ထဗ္ဗံ- ပရိဝါသ်နေရမည်။

* * * * *

အတိုင်းအရှည်ရှိကုန်သော+ အဟာနိ-ရက်တို့တည်း၊ ယာဝတိဟ်-အကြင်မျှလောက် အတိုင်းအရှည်ရှိသော ရက်"ဟုလည်းကောင်း, ယာဝတိကိုလည်း သချုံဟပုဒ်မျိုးဟုလည်းကောင်း သဘောထား၍ သမာဟာရဒိဂုသမာသ်ကြဲလိုက်ပေသည်၊ တာဝတိဟ်လည်း နည်းတူ။

ဓာန် ပတိစ္စာဒေတိ - အာပတ်သင့်မှန်း သိသည်ကို "ဓာန်"ဟုဆို၏၊ ထိုကဲ့သို့ အာပတ်သင့်မှန်း သိပါလျက် ထင်စွာမပြုခြင်း (အခြား ရဟန်းအား မပြောခြင်း)ကို ဖုံးထားသည်-ဟုဆိုသည်၊ ဖုံးထားရာ၌ ဖုံးထားရာရောက် ဖို့ရန် အင်္ဂါ ၁၀ ပါးရှိ၏၊ ၁-အာပတ်သင့်ခြင်း, ၂-အာပတ်သင့်မှန်းသိခြင်း, ၃-ပကတတ်ဖြစ်ခြင်း ("ပကတတ်"အကြောင်းကို ပြခဲ့ပြီ), ၄-ပကတတ်မှန်းသိခြင်း, ၅-အန္တရာယ် ၁၀ ပါးမရှိခြင်း, ၆-အန္တရာယ် မရှိမှန်းသိခြင်း, ၇-အခြား ရဟန်း၏ အထံသို့ သွားနိုင်-သွားပြီး၍လည်း ဒေသနာ ပြောနိုင်ခြင်း, ၈-ထိုသို့ စွမ်းနိုင်မှန်းလည်း သိခြင်း, ၉-ဒေသနာ မပြောဘဲ ဖုံးထားလိုခြင်း, ၁၀-ဖုံးထားခြင်း, ဤသို့ အင်္ဂါ ၁၀ ပါးစုံမှ ဖုံးရာရောက်၏၊ တစ်ပါးပါး ချို့ယွင်းလျှင် ဖုံးထားရာ မရောက်။

မှတ်ချက်။ ။ ဤ ၁၀ ပါးသည် ထုလ္လစ္စဉ်းစသော အောက်အာပတ်များကို ဖုံးခြင်းနှင့်လည်း ဆိုင်၏၊ မည်သည့် အာပတ်မဆို အာပတ်သင့်ရာ နေ့၏ ညဉ့်အရုဏ်တက်သည့်တိုင်အောင် ဒေသနာ မပြောလျှင် ဖုံးထားသည်မည်၏၊ ထိုသို့ ဖုံးထားရာ၌ တစ်ညဉ့်ဖုံးလျှင် ဒုက္ကဋ်တစ်ချက်တိုး၏၊ သံဃာဒိသေသ်ကို ဖုံးထားရာ၌ကား ဒုက္ကဋ်အာပတ်အပြင် ပရိဝါသ်လည်း တိုးနေရသည်။

[ဆောင်] သင့်တုံအာပတ်[1], ပကတတ်တည်း[2], ကင်းလတ်အန္တရာယ်[3], အစွမ်းကြွယ်သား, လေးသွယ်သိစွမ်း[4], စဉ်တိုင်းပြွမ်း၍[5], ဖုံးလွမ်းလိုငြား[6], ဖုံးလွမ်းငြား-ဟု[7], ၅ ပါးနှစ်လီ, အင်ဆယ်ညီ, ဖုံးပြီထိုအာပတ်။

အကာမာ ပရိဝတ္ထဗ္ဗံ - အကာမာကို "အနိစ္စန္တေ နာပိ"ဟု ဋီကာတို့ ဖွင့်ရကား တေန ဘိက္ခုနာနှင့် ဝိဘတ်တူအောင် နာဝိဘတ်ကို အာပြု၍ အပိ

http://www.dhammadownload.com

ပရိဝုတ္ထိ ပရိဝါသေန-ကျင့်သုံးအပ်ပြီးသော ပရိဝါသ် ရှိသော၊ ဘိက္ခုနှာ-ရဟန်းသည်၊ ဥတ္တရိ-အလွန်၊ ဆာရတ္တဲ-ခြောက်ညဉ့်ပတ်လုံး၊ ဘိက္ခုမာနတ္တာယ-ရဟန်းတို့ မြတ်နိုးကုန်သည်၏ အဖြစ် အကျိုးငှာ၊ ပတိပန္ဓိတဗ္ဗံ-ကျင့်ရမည်၊ (ယဒါ-အကြင်အခါ၌၊) ဘိက္ခု-ရဟန်းသည်၊ စိဏ္ဏမာနတ္တော-ကျင့်အပ်ပြီးသော မာနတ်ရှိ၏၊ (တဒါ-ထိုအခါ၌၊) ယတ္တ-အကြင်သိမ်၌၊ ဝိသတိဂဏော-နှစ်ကျိပ်ဂိုဏ်းရှိသော၊ ဘိက္ခုသံဃော-ရဟန်းအပေါင်းသည်၊ (သိယာ-ရှိ၏၊) တတ္တ-ထို သိမ်၌၊ သောဘိက္ခု-ထိုရဟန်းကို၊ ဘိက္ခုဟိ-ရဟန်းတို့သည်၊ အဗ္ဘေတဗ္ဗော- လက်ခံထိုက်၏၊ ဝါ-သွင်းခေါ်ထိုက်၏။

* * * * *

သဒ္ဒါ အကျေကြ်ဲသည်၊ မိမိနေလိမ့် ပရိဝါသ် နေရမည်မဟုတ်, မနေလိုဘဲလည်း ပရိဝါသ်နေရမည်-ဟူလို၊ ဘုရားအမိန့်တော်အတိုင်း ကျင့်နေခြင်းကို ပရိဝါသ်-ဟု ခေါ်၏၊ "တာဝတိဟံ"ဟု ဆိုသောကြောင့် ဒေသနာမပြောဘဲ အာပတ်ကို တစ်ရက်ဖုံးလျှင် ပရိဝါသ် တစ်ရက်နေ, ၂-၃-၄ ရက် စသည်ဖုံးလျှင်လည်း ၂-၃-၄ ရက် ပရိဝါသ် နေရမည်-ဟူလို။

ပရိဝုတ္ထ ပရိဝါသေန၊ပေ၊ပတိပန္ဓိတဗ္ဗံ။ ။ ပရိဝါသ်နေရာ ညဉ့်ထက်ပိုလွန်သည်ကို "ဥတ္တရိ"ဟု ဆိုသည်၊ "ဘိက္ခုမာနတ္တာယ"၌ "ဘိက္ခုမာန"ဟူသည် ရဟန်းတို့၏ မြတ်နိုးခြင်းတည်း၊ "မြတ်နိုး"ဟူသည်လည်း "နှစ်သက် ကျေနပ်ခြင်း"တည်း၊ "ပရိဝါသ်နေပြီးသော ရဟန်းသည် ပကတတ် ရဟန်းတို့ မြတ်နိုးနှစ်သက်ကျေနပ်ဖို့ရာ ၆ ညဉ့်ပတ်လုံး ကျင့်ရဦးမည်"ဟူလို၊ ဤသို့ ၆ ညဉ့် ကျင့်ခြင်းကိုပင် "မာနတ္တာယ+ပတိပန္ဓိတဗ္ဗံ"ကိုစွဲ၍ "မာနတ်+ကျင့်" ဟုခေါ်သည်။ [မာနတ္တာယ၌ တ္တပစ္စည်းသည် ဘာဝ အနက်၌သက်၏၊ ထို့ကြောင့် "မာနဘာဝါယ"ဟု အဋ္ဌကထာဖွင့်သည်၊ အာယကား တဒတ္ထသမ္ဗဒါန်တည်း၊ ထို့ကြောင့် "ဘိက္ခုမာနတ္တာယ-ရဟန်းတို့+မြတ်နိုးကုန်သည်၏+အဖြစ်+အကျိုးငှာ"ဟု ပေးရသည်။]

စိဏ္ဏမာနတ္တော၊ ပေ၊ အဗ္ဘေတဗ္ဗော - "စိဏ္ဏမာနတ္တော ဘိက္ခု"၏ စပ်ဖို့ရာ ကြိယာမရှိ၊ အဗ္ဘေတဗ္ဗောဌ် စပ်ဖို့ရာလည်း "သော ဘိက္ခု"ဟု ကဲ့သိုးခြားရှိလေပြီ၊ ထို့ကြောင့် ဘိက္ခုနိသံယာဒီသေသ်၌ ကခ်ါဖွင့်ပုံကို နည်းမှီ၍ "ယဒါ တဒါ"ထည့်လျက် အနက်ပေးလိုက်သည်၊ "ရဟန်းသည် အကြင်

http://www.dhammadownload.com

ကေနာပိ–တစ်ပါးဖြင့်လည်း၊ ဥုနော–ယုတ်လျော့သော၊ ဝိသတိ ဂဏော–နှစ်ကျိပ်ဂိုဏ်းရှိသော၊ ဘိက္ခုသံဃော–ရဟန်းအပေါင်းသည်၊ တံ ဘိက္ခု–ထိုရဟန်းကို၊ စေ အဗ္ဗေယျ–အကယ်၍ လက်ခံအုံ့၊ ဝါ–အကယ်၍ သွင်းခေါ်အုံ့၊ သောစ ဘိက္ခု–ထိုရဟန်းကိုလည်း၊ အနဗ္ဘိတော–သွင်းခေါ်အပ်ရာ မရောက်၊ တေစ ဘိက္ခူ–ထိုရဟန်းတို့ကိုလည်း၊ ဂါရယှာ–ကဲ့ရဲ့ထိုက်ကုန်၏၊ အယံ–ဤဆိုအပ်ပြီးကား၊ တတ္ထ–ထို သံဃာဒိသေသ် အာပတ်သင့်ရာ၌၊ သာမိစိ–လောကုတ္တရာ တရားအားလျော်သော ကျင့်ဝတ်တည်း။

* * * * *

အခါ မာနတ်ကျင့်ပြီးဖြစ်၏၊ ထိုအခါဝယ် ထိုရဟန်းကို အဗ္ဘာန်သွင်းရမည်" ဟူလို၊ "အဗ္ဘေတဗ္ဗော"၌ အဘိပုဗ္ဗ, ဣဓာတ်, တဗ္ဗပစ္စည်းတည်း၊ ဓာတ်တို့သည် အနက်များစွာကို ဟောနိုင်ရကား ဤ "အဘိ+ဣ" ဓာတ်သည် "သမ္မုခီဘာဝ=လက်ခံခြင်း, ဩသာရဏ=သွင်းခြင်း"အနက်များကို ဟောသည်၊ မာနတ်ကျင့်ပြီး၍ ရဟန်းများက ကျေနပ်သောကြောင့် သံဃာက လက်ခံနိုင်ပြီ–သံဃာ့အလယ်သို့ သွင်းခေါ်နိုင်ပြီ–ဟူလို၊ ဤလက်ခံ သွင်းခေါ်ခြင်းကိုပင် "အဗ္ဘာန"ပုဒ်ကိုစွဲ၍ "အဗ္ဘာန်သွင်း"ဟု ခေါ်ကြသည်။

ကေနာပိ၊ ပေ၊ ဂါရယှာ – "၂ ကျိပ်ပြည့် သံဃာက လက်ခံသွင်းခေါ်ရမည်"ဟု ဆိုထားပါလျက် တစ်ပါးတလေ လျော့နေလျှင် အဗ္ဘာန်သွင်းရာ မရောက်, အဗ္ဘာန်သွင်း အထမမြောက်၊ ၂ ကျိပ်မပြည့်မှန်းသိလျက် အဗ္ဘာန်သွင်းပေးသော ရဟန်းများလည်း ကဲ့ရဲ့ထိုက်၏၊ "ကဲ့ရဲ့ထိုက်"ဆိုသည်ကား "အပြစ်ရှိသည်, ဒုက္ကဋ်အာပတ်သင့်သည်"ဟု ဆိုလိုသည်။ [ထို့ကြောင့် ယခုအခါ အဗ္ဘာန်သွင်းရာ၌ ရဟန်း အစစ်အမှန်ချည်း ၂ ကျိပ်ပြည့်ဖို့ရာ ၂ ကျိပ်ကျော်ကျော် ရှိအောင် ကြိုးစားလေ့ရှိကြသည်။]

အယံ တတ္ထ သာမိစိ – "အယံ–ဤဆိုအပ်ပြီး"ဟူသည် သံဃာဒိသေသ် အာပတ်ကို ဖုံးထားလျှင် ဖုံးထားရာနေ့နှင့်အမျှ ပရိဝါသ်နေရခြင်း–၆ ညဉ့် ပတ်လုံး မာနတ်ကျင့်ရခြင်း– သံဃာ ၂ ကျိပ်ရှိရာသိမ်၌ အဗ္ဘာန်သွင်းရခြင်းများတည်း၊ သာမိစိသဒ္ဒါသည် "အလျော်"ဟူသော အနက်ကိုဟော၏၊ [သဒ္ဒါကျမ်းတို့၌ "သာမိစိ"ဟု ရှိ၏၊] "ထိုဆိုအပ်ခဲ့ပြီးသော ကျင့်ဝတ် (တာဝန်ဝတ္တရား) များကား လောကုတ္တရာတရားနှင့် လျော်သော (လော

http://www.dhammadownload.com

အနုသာဝန တတ္ထ-ထိ သံယာဒီသေသ်တို့၌၊ အာယသ္မန္တေ-တို့ကို၊ ပုစ္ဆာမိ-၏၊ ပေ၊ ဇတ္ထ-ဤသံယာဒီသေသ်အာပတ်တို့၌၊ ပရိသုဒ္ဓါ-နှ၏၊ တသ္မာ တုဏ္ဍီ(အာသိ), ဧဝ မေတံ ဓာရယာမိ၊ ဣတိ-သံယာဒီသေသ် ပြီးပြီ။ [မပါသော ပုဒ်နက်များကို နိဒါန်းအဆုံးမှာ ကြည့်၊] သံယာဒီသေသာ-တို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။

* * * * *

ကုတ္တရာတရားကို ရဖို့ရန်ဖြစ်သော) ကျင့်ဝတ်ဖြစ်သည်"ဟူလို၊ "တတ္ထ ယသ္မန္တေ ပုစ္ဆာမိ"စသော တတိယာနုသာဝနဓ၏ အဓိပ္ပာယ်ကို နိဒါန်းအတိုင်း သိလေ၊ ပရိဝါသ်နေနည်း-မာရ်နတ် ကျင့်နည်းများကိုကား စူဠဝါ-သမုစ္စယကွန်ရက ပါဠိတော်ကိုဖြစ်စေ, ထိုထို ဝိနိစ္ဆယကိုဖြစ်စေ ကြည့်ရှု၍ သိုးခြားလေ့လာမှ နားလည်နိုင်မည်။]

၁၂။ လေ့ကျင့်ခန်း မေးခွန်းများ

က။ ဥဒ္ဒိဋ္ဌာခေါမှစ၍ ဧဝ မေတံ ဓာရယာမိတိုင်အောင် မည်သည့်ဝါကျက မည်သည့်အဓိပ္ပာယ်ကိုပြသည်-ဟု ခွဲခြားပြပါ။

ခ။ သံယာဒီသေသ် ၁၃ ပါ:တို့တွင် ပဌမာပတ္တိကနှင့် ယာဝတတိယကတို့ မည်မျှစီရှိကြောင်းကိုပြ၍, ထို ပဌမာပတ္တိက ယာဝတတိယကပုဒ်တို့၏ မြန်မာလို ဆိုလိုရင်းကိုပြပါ။

ဂ။ ပတိစ္ဆာဒေတိအရ အဘယ်ကို ဖုံးထားသည်ဟု ခေါ်သနည်း, အာပတ် ဖုံးရာရောက်ကြောင်း အင်္ဂါ ၁၀ ပါ:ကိုလည်းပြပါ။

ဃ။ ပရိဝါသ်နေပြီးနောက် အဘယ်အကျိုးငှာ မာနတ်ကျင့်ရသနည်း။

င။ မာနတ်ကျင့်ပြီးသူကို အဘယ်မျှလောက်သော သံဃာက အဗ္ဘာန်သွင်းရ မည်နည်း, ဘာကို အဗ္ဘာန်ဟု ခေါ်သနည်း။

စ။ အဗ္ဘာန်သွင်းနိုင်လောက်အောင် သံဃာမပြည့်မှန်းသိပါလျက် အဗ္ဘာန် သွင်းသော ရဟန်:တို့အား ဘာအာပတ်သင့်သနည်း။

သံယာဒီသေသ်အခန်း ပြီးပြီ။

http://www.dhammadownload.com

အနိယတအခန်း

အဏ္ဍ အာယသ္မန္တော-တို့၊ ဒွေ-နှစ်ပါးကုန်သော၊ အနိယတာ-အနိယတမည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ-ဤအာပတ်တို့သည်၊ ဥद्देသं-သို့၊ အာဂစ္ဆန္တိ-ကုန်၏။

ပဌမ အနိယတ သိက္ခာပုဒ် ယော ပန ဘိက္ခု-သည်၊မာတုဂါမေန-မာတုဂါမနှင့်၊ သဒ္ဓိं-တကွ၊ ဧကော ဧကာယ-တစ်ယောက်ချင်းချင်း၊ ရဟော-မျက်စိ၏ကွယ်ရာ၌၊ ပတိစ္ဆန्ने-ဖုံးကွယ်အပ်သော၊ အလं ကမ္မနိယေ - စွမ်းနိုင်သော မေထုန်မှု၌ ခံ့သော သဘောရှိသော၊ အာသနေ - နေရာ၌၊ နိသဇ္ဇं - ထိုင်နေခြင်းကို၊ ကပ္ပေယ္ယ - ပြုအံ့၊

* * * * *

ပဌမ အနိယတ။ ။ ဤ သိက္ခာပုဒ်ကား "မျက်စိဖြင့် မမြင်နိုင်လောက်အောင် ဖုံးကွယ်သော နေရာဝယ် မာတုဂါမနှင့် အတူတကွ ထိုင်နေသော ရဟန်းကို အရိယာဥပါသိကာမတွေ့မြင်၍ ပါရာဇိက သံဃာဒိသေသ် ပါစိတ်အာပတ် တစ်မျိုးမျိုးဖြင့် စွပ်စွဲစေကာမူ, သို့မဟုတ် နေထိုင်ပုံ အခြင်းအရာနှင့်တကွ ဝတ္ထုကိုဖေါ်ပြ၍ စွပ်စွဲစေကာမူ ထိုရဟန်းက ဟုတ်ကြောင်း ဝန်ခံမှသာ ဝန်ခံသည့်အတိုင်း ဆုံးဖြတ်ရမည်၊ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရ"ဟု ဝိနည်းအဆုံးအဖြတ်၏ လက္ခဏာ (ဆုံးဖြတ်နည်း)ကို ပြသော သိက္ခာပုဒ်တည်း။

မာတုဂါမေန၊ ဃ၊ ဧကော ဧကာယ - ဧကောပုဒ်သည် ဘိက္ခုပုဒ်နှင့် အရတူ၍ ဧကာယကား မာတုဂါမေနနှင့် အရတူသည်၊ ထို့ကြောင့် "ဧကော ဧကာယ- တစ်ယောက်ချင်းချင်း"ဟု အနက်ပေးရိုးရှိသော်လည်း ကျကျနန ပေးလျှင် "ယော ပန ဘိက္ခု-အကြင်ရဟန်းသည်၊ ဧကော=တစ်ပါးတည်း၊ (ဟုတ္တာ-၍)၊ ဧကာယ-တစ်ယောက်တည်းသော၊ မာတုဂါမေန-နှင့်၊ သဒ္ဓိं-တကွ"ဟု ပေးရမည်။

ရဟောပတိစ္ဆန္နေ အာသနေ - "ရဟော"အရ "စက္ခုရဟ သောတရဟ=မျက်စိကွယ်ရာ နားကွယ်ရာ"ဟု ၂ မျိုးရှိသော်လည်း ဤသိက္ခာပုဒ်၌ စက္ခုရဟကိုသာ ယူရမည်၊ ဘာ့ကြောင့်နည်း၊....ဤ ရဟောဏ် အရကိုပင် "ပတိစ္ဆန္နေအာသနေ"ဟု ဖွင့်ပြသောကြောင့်တည်း၊ "ဖုံးကွယ်သောနေရာ"

http://www.dhammadownload.com

တမေနံ (တံ+ဧနံ)-ထို ရဟန်းကို၊ သဒ္ဓေယျဝစသာ-ယုံကြည်ထိုက် သော စကားရှိသော၊ ဥပါသိကာ-အရိယာ ဥပါသိကာမသည်၊ ဒိသွာ-မြင်၍၊ တိဏ္ဏံ- ၃ ပါးကုန်သော၊ ဓမ္မာနံ-အာပတ်တို့တွင်၊ အညတရေန- တစ်ပါးပါး ဖြင့်၊ ပါရာဇိကေနဝါ-ပါရာဇိက အာပတ်ဖြင့်သော်လည်းကောင်း၊ သံဃာ ဒိသေသေနဝါ- သံဃာဒိသေသ် အာပတ်ဖြင့်သော်လည်းကောင်း၊ ပါစိတ္တိ ယေနဝါ-ပါစိတ် အာပတ်ဖြင့်သော်လည်းကောင်း၊ ဥဒေယျ-ပြောဆိုစွပ်စွဲ အုံ၊

* * * * *

ဟုဆိုလျှင် မျက်စိ၏ ကွယ်ရာဖြစ်ကြောင်း ထင်ရှား၏-ဟူလို၊ ပတိစ္ဆန္နေအရ "ဖုံးကွယ်ထားအပ်သောနေရာ"ဟူသည် နံရံ အဝတ် ဒသည်တို့ဖြင့် ကွယ်ကာ ထားအပ်သော နေရာတည်း၊ ထိုကြောင့် ၄ တောင်ခန့်ရှိသော အခန်းကလေးခ၌ ရဟန်းနှင့် မာတုဂါမတို့ တစ်ယောက်ချင်း နေထိုင်၍ တံခါးကို ပိတ် ထားလျှင် အပြင်ဘက် တံခါးဝ၌ ယောကျ်ားအဖော်ရှိသော်လည်း ပတိစ္ဆန္န အာသနဖြစ်သောကြောင့် ထိုအပြင်ဘက်ယောကျ်ားသည် အတွင်းရှိ ရဟန်းကို အာပတ်မသင့်အောင် မတတ်နိုင်တော့ချေ။

အလ် ကမ္မနိယ - [ဤပါဌ်ဝယ် ပါရာဇိကဏ်နှင့် ကခ်ါတို့ ဖွင့်ကြ ပုံချင်းတူပါလျက် စာမူမတူဘဲဖြစ်နေသည်၊ ဤ၌ ပါရာဇိကဏ် စာမူအတိုင်း ရေးမည်။] ကမ္မနီ-မေထုန်မှု၌၊ ခမ်-ခံ့သောသဘောသည်၊ ဝါ-လျှောက် ပတ်သော သဘောသည်၊ ကမ္မနိယ်-မည်၏၊ "မေထုန်မှု၌ လျှောက်ပတ်သော သဘော"ဟူသည် မေထုန်မှီဝဲလောက်သော အကွယ်အကာရှိခြင်း-လုံခြုံခြင်း သဘောတည်း၊ အလ် (ပရိယတ္တိ)+ကမ္မနိယ်+ယသာတိ အလ်ကမ္မနိယ်၊ ယသ-အကြင်နေရာ၏၊ အလ် (ပရိယတ္တိ)-စွမ်းနိုင်သော၊ ကမ္မနိယ်- မေထုန်မှု၌ ခံ့သောသဘောသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ တံ-ထို နေရာသည်၊ အလ်ကမ္မနိယ်-မည်၏၊ ဤ၌ "စွမ်းနိုင်"ဟူသည် မေထုန်ပြုနေ သည့်အခါ "ကွယ်ကာနိုင်ခြင်း"တည်း၊ ဤစကားစဉ်အရ- မေထုန်မှုကို ကွယ်ကာနိုင်လောက်အောင် အကွယ်အကာရှိသော နေရာကို "အလ်ကမ္မနိယ" ခေါ်သည်-ဟုမှတ်။

နိသဇ္ဇ ကမ္မယျ - "သွားခြင်း-ရပ်ခြင်း-ထိုင်ခြင်း-လျှောင်းခြင်း" ဟူသော ဣရိယာပုတ် ၄ ပါးတို့တွင် "နိသဇ္ဇ"အရ ထိုင်ခြင်း ဣရိယာပုတ်ကို ပြသဖြင့် ထိုင်ပြီးနောက်မှ လျှောင်းရသည့်အတွက် ထိုင်ခြင်းထက်ပင် ပို၍ ဖြစ်နိုင်ခဲ့သော လျှောင်းခြင်း ဣရိယာပုတ်ကိုပါယူ။

http://www.dhammadownload.com

ဘိက္ခု – ရဟန်းကို၊ နိသဇ္ဇ – ထိုင်နေခြင်းကို၊ ပတိစာနမာနော – ဝန်ခံမှသာ၊ တိဏ္ဏံ ဓမ္မာနံ အညတရေန ပါရာဇိကေနဝါ သံဃာဒိသေသေနဝါ ပါစိတ္တိယေနဝါ ကာရေတဗ္ဗော – ပြုစေထိုက်၏၊ ဝါ – ဆုံးဖြတ်ထိုက်၏၊ သဒ္ဓေယ္ယ ဝစသာ – သော၊ သာဥပါသိကာ – ထို အရိယာဥပါသိကာမသည်၊ ယေနဝါ – အကြင် အခြင်းအရာနှင့်တကွ မူလည်း၊ ဝဒေယ္ယ – ဝတ္ထုကိုဖေါ်ပြ၍ ပြောဆိုအံ့၊ တေန – ထို အခြင်းအရာဖြင့်၊

* * * * *

သဒ္ဓေယ္ယဝစသာ၊ ယေ၊ ဝဒေယ္ယ – "ယုံကြည်ထိုက်သော စကားရှိသူ" ဟူသည် မည်သည့်နည်းနှင့်မျှ မုသားမပြောသော အရိယာ ဥပါသိကာမတည်း၊ ထို ဥပါသိကာမသည် ပါရာဇိက သံဃာဒိသေသ် ပါစိတ်အာပတ် ၃ မျိုးတွင် တစ်မျိုးမျိုးဖြင့် ပြောဆိုစွပ်စွဲအံ့–ဟူလို။

နိသဇ္ဇံ ဘိက္ခု ပတိစာနမာနော၊ ယေ၊ ကာရေတဗ္ဗော – ပတိစာန မာနောကို "ပတိစာနမာနော၀"ဟု ဝေဝထည့်၍ ဖွင့်ကြ၏၊ ဆိုလိုရင်းကား ယုံကြည်လောက်သော အရိယာ ဥပါသိကာမက စွပ်စွဲစေကာမူ (သူမြင်တိုင်းဟုတ်ချင်မှဟုတ်မည်, အမြင်လွဲချင် လွဲတတ်သည်ဖြစ်၍) ရဟန်းက "မာတုဂါမနှင့် အတူထိုင်မိပါကြောင်း" ဝန်ခံမှသာ သင့်တော်ရာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်–ဟူလို။

ယေနဝါ၊ ယေ၊ ဝဒေယ္ယ – ဤကား ထို အရိယာဥပါသိကာမ၏ ပြောဆိုစွပ်စွဲပုံ တစ်နည်းကိုပြသော ဝါကျတည်း၊ ရှေ့နည်း၌ "တိဏ္ဏံ ဓမ္မာနံ အညတရေန ဝဒေယ္ယ ပါရာဇိကေနဝါ"စသည် ဆိုသောကြောင့် အရိယာ ဥပါသိကာမက အာပတ်တပ်၍ စောဒနာပုံကို ပြ၏၊ ဤနည်း၌ကား (အရိယာ ဥပါသိကာမက အာပတ်နာမည် တပ်ချင်မှ တပ်တတ်မည် ဖြစ်သောကြောင့် အာပတ်နာမည် မတပ်ဘဲ) နေထိုင်ပုံ–သို့မဟုတ် အိပ်နေပုံ အခြင်းအရာနှင့်တကွ မေထုန်မှု ကိုယ်လက်နှီးနှောမှု အစရှိသောဝတ္ထုကို ထုတ်ဖေါ်၍ စောဒနာပုံကိုပြသည်။

တေနသောဘိက္ခု ကာရေတဗ္ဗော – ဤဝါကျ၌ "ပတိစာနမာနော"ဟု မပါသော်လည်း ရှေ့ဝါကျမှလိုက်စေရမည်၊ ထိုအခြင်းအရာနှင့်တကွ ဝတ္ထုကို ဖေါ်ပြ၍ စောဒနာခံရသောရဟန်းကို သူက ဟုတ်မှန်ကြောင်းဝန်ခံမှသာ ထို စွပ်စွဲထားသော အခြင်းအရာဖြင့် (အာပတ်တပ်၍) ဆုံးဖြတ်ရမည်။ [ဤ ယေနဝါ၌ ဝါသဒ္ဒါကို ဝဓိရဗုဒ္ဓိဋီကာ၌ တစ်မျိုးဖွင့်သေး၏။]

http://www.dhammadownload.com

သောဘိက္ခု–ထိုရဟန်းကို၊ (ပတိစာနမာနော–ဝန်ခံမှသာ၊) ကာရေ တဗ္ဗော–၏၊ အယံ ဓမ္မော–ဤအာပတ်သည်၊ အနိယတော–အနိယတ အာပတ်တည်း၊ ဝါ–အမြဲ မသတ်မှတ်အပ်သော အာပတ်တည်း။

* * * * *

ကာရေတဗ္ဗော – [ကရ+ဏော+တဗ္ဗ၊] သဒ္ဒါနက်အားဖြင့် "ပြုစေထိုက်" ဟူရာ၌ "ပြုစေ"ဟူသည် "အာပတ်ကို ကုစားစေခြင်း"တည်း၊ ထိုသို့ "ကုစားစေခြင်း=အကုစားခိုင်းခြင်း"ကိုပင် ဝေါဟာရတွင် (သုံးစွဲရိုးအနက်) အားဖြင့် မည်သည့်အာပတ်သင့်ကြောင်း ဆုံးဖြတ်ခြင်းဟု ဆိုကြသည်။ ဘဗ္ဗ ပစ္ဆည်းနှင့်လာသမျှ၌ "ထိုက်,သင့်"ဟုသာ အနက်ပေး၊ "အပ်"ဟု မပေးနှင့်၊ တကယ်ပြုနေမှသာ "အပ်"ဟု သုံးရသည်။]

အယံ ဓမ္မော အနိယတော – ပါရာဇိကဟူ၍လည်းကောင်း သံဃာဒိသေသ်ဟူ၍လည်းကောင်း ပါစိတ်ဟူ၍လည်းကောင်း အမြဲသတ်မှတ်၍ မရသောကြောင့် "အနိယတော=မမြဲသောအာပတ်"ဟုဆိုသည်။ [ဤ အနိယတ သိက္ခာပုဒ် ၂ ပါး၌ အာပတ်အင်္ဂါ–ဟု အထူးမရှိပါ၊ ပါရာဇိကဖြစ်လျှင် ပါရာဇိက အင်္ဂါအတိုင်း, သံဃာဒိသေသ်ပါစိတ်ဖြစ်လျှင်လည်း ထိုဆိုင်ရာအာပတ်၏ အင်္ဂါအတိုင်းပင်။]

သင့်ခွင့်ရှိသော အာပတ်။ ။ မာတုဂါမနှင့် အတူနေရာဝယ် သင့်ခွင့်ရှိသော အာပတ်များကား: ပဌမပါရာဇိက, သံဃာဒိသေသ်တွင် (မျက်စိကွယ်ရာဟု ဆိုသောကြောင့် စကားပြောမှုနှင့်မဆိုင်ရကား:) ကာယသံသဂ္ဂ, ပါစိတ်တွင် အစေလကဝဂ်လာ ရဟောပတိစ္ဆန္န အာပတ်များတည်း။ [ဘိက္ခု နောဝါဒဝဂ်လာ "ရဟောနိသဇ္ဇ" သိက္ခာပုဒ်ကား: ဒုတိယ အနိယတနှင့်သာ ဆိုင်သည်၊ "ဒသမေ (ရဟောနိသဇ္ဇ သိက္ခာပုဒ်၌) သဗ္ဗောပိ ကထာမဂ္ဂေါ ဒုတိယအနိယတေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော"–ကခ်ါ, ဩဝါဒဝဂ်။]

မာတုဂါမ။ ။ ဤ ပဌမအနိယတ၌ ပဌမပါရာဇိက ကာယသံသဂ္ဂတို့ ပါဝင်သောကြောင့် မြွေးဖွားစမှစ၍ အသက်ရှင်ဆဲ မိန်းမဟူသမျှကိုယူ၊ "ဧကော ဧကာယ"ဟူရာ၌ ယောကျ်ားအဖော် မရှိခြင်းကိုယူ၊ မိန်းမအဖော်ရှိသော်လည်း: ဤသိက္ခာပုဒ်၌ "အဖော်"မမည်၊ ဘာ့ကြောင့်နည်း၊...မိန်းမတို့သည် မေထုန်မှုကဲ့သို့ ကြီးလေးသော အပြစ်များကို ပုံးထားလေ့ရှိကြ–တစ်ယောက်အပြစ်ကို သူတစ်ပါးအား ပေါ်ပြလေ့ မရှိကြသောကြောင့်တည်း။

http://www.dhammadownload.com

ဒုတိယ အနိယတ သိက္ခာပုဒ်

အာသန်-နေရာသည်၊ နဟေဝ ပတိစ္ဆန္နံ-မဖုံးကွယ်အပ်သည်၊ နအလဲကမ္မနိယံ-စွမ်းနိုင်သော မေထုန်မှ၌ ခံ့သော သဘောမရှိသည်၊ ဟောတိ-ဖြစ်အံ့၊ စ-အနွယကား၊ (အနွယဝါကျဧာတက "စ"ဟူလို၊) မာတုဂါမံ - ကို၊ ဒုဋ္ဌုလ္လာဟိ - ရုန့်ရင်းကုန်သော၊ ဝါစာဟိ - ဝစီမဂ် ပဿာဝမဂ် မေထုန်နှင့်စပ်သော စကားတို့ဖြင့်၊ သြဘာသိတုံ - ယုတ်ယုတ်မာမာ ပြောဆိုခြင်းငှာ၊ အလံ - စွမ်းနိုင်သည်၊ ဟောတိ - ဖြစ်အံ့၊ ယောပန ဘိက္ခု - သည်၊ တထာရူပေ - ထိုသို့ သဘောရှိသော၊ အာသနေ -နေရာ၌၊ မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော-နား၏ ကွယ်ရာ၌၊ နိသဇ္ဇံ ကပ္ပေယျ၊ တမေနံ သဒ္ဒေယျဝစသာ ဥပါသိကာ ဒိသွာ ဒိနံ - ၂ ပါး ကုန်သော၊ ဓမ္မာနံ - အာပတ်တို့တွင်၊ အညတရေန သံဃာဒိသေသေန

* * * * *

ဒုတိယ အနိယတ။ ။ ဤသိက္ခာပုဒ်၌ မြန်မာပြန်ကို ရှေ့သိက္ခာပုဒ်မှီး၍ ပြန်နိုင်လောက်ပြီ၊ "နဟေဝ ခေါပန ပတိစ္ဆန္နံ ဟောတိ နာလဲကမ္မနိယံ= နေရာက အကွယ်အကာမရှိ-ဟာလာဟင်းလင်း ဖြစ်နေ၍ မေထုန်ပြုခြင်းငှာ မဖြစ်နိုင်"ဟု ဆိုသောကြောင့် "ရဟော"အရ မျက်စိကွယ်ရာကို မယူဘဲ နားကွယ်ရာကိုသာ ယူရခြင်း- "အလဘူ၊ပေ၊သြဘာသိတုံ"ဟု ဆိုသောကြောင့် သံဃာဒိသေသ်အရာဝယ် ပါဠိတော်၌ တိုက်ရိုက်ပြသော ကာယသံသဂ္ဂအပြင် ဒုဋ္ဌုလ္လဝါစာ သံဃာဒိသေသ်အာပတ်ကိုလည်း ထပ်မံသွင်းယူရခြင်း, ပါစိတ် အရာဝယ် ဘိက္ခုနောဝါဒဝဂ် အစေလကဝဂ်တို့၌ လာသော ရဟောနိသဇ္ဇ သိက္ခာပုဒ် ၂ ပါးကို ယူရခြင်း, မိန်းမများလည်း အဖော်ဖြစ်နိုင်ခြင်းသာ ရှေ့သိက္ခာပုဒ်မှ ထူး၏။

ဆက်ဦးအုံ - မိန်းမတို့သည် အခြားတစ်ယောက်၏ မေထုန်ဖြင့် ဖောက်ပြန်သည်ကို မဖော်ပြလိုကြသော်လည်း ကာယသံသဂ္ဂ-ဒုဋ္ဌုလ္လဝါစာမှ ကိုကား ထုတ်ဖော်ကြညာတတ်ကြလေသည်၊ "ရဟော"အရ နား၏ ကွယ်ရာအရပ်ကိုလည်း ၁၂ တောင်ဖြင့် သတ်မှတ်ကြ၏၊ ထို့ကြောင့် ဟင်းလင်း အပြင်ဝယ် မာတုဂါမနှင့် အတူနေရာ၌ ၁၂ တောင် အတွင်းမှာ အဖော် (ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ)မရှိလျှင် "ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ"ဖြစ်သည်။

http://www.dhammadownload.com

ဝါ ပါစိတ္တိယေနဝါ ဝဒေယျ။ (နောက်၌ ပထမသိက္ခာပုဒ်ကို မှီး၍ အနက်ဆိုလေ၊) အယမ္ပိ ဓမ္မော–ဤအာပတ်သည်လည်း၊ အနိယတော–အနိယတ အာပတ်တည်း၊ ဝါ–သံဃာဒိသေသ် ပါစိတ်ဟု အမြဲမသတ်မှတ် အပ်သော အာပတ်တည်း။ ["ဥဒ္ဒိဋ္ဌာခေါ"စသော နိဂုံးဝါကျ၌လည်း အနက် မထူးပြီ၊ ယာဝ တတိယာနုဿာဝနဝယ် "တတ္ထ–ထိ အနိယတတို့၌"ဟု အနက်ပေးရုံသာ။]

အနိယတာ–အနိယတတို့သည်၊ နိဋ္ဌိတာ–ပြီးကုန်ပြီ။

* * * * *

အနိယတပညတ်ရကျေး။ ။ အနိယတသိက္ခာပုဒ် ၂ ပါး:အတွက် သီးခြား အာပတ်မရှိ, ပါရာဇိက သံဃာဒိသေသ် ပါစိတ်တို့၌ ပညတ်တော်မူပြီးသော အာပတ်များကိုပင် "အနိယတအာပတ်"ဟု ထပ်မံပြတော်မူသည်၊ သို့ဖြစ်၍ အနိယတ ၂ ပါးကို ဘယ်အကျိုးငှာ ပြတော်မူပါသနည်:–ဟု မေးဖွယ်ရှိ၏၊ အဖြေကား:– "သိက္ခာပုဒ်၌ ပြထားသော အရိယာ ဥပါသိကာမ ကိုယ်တိုင် ဖြစ်စေ–အခြား: ယုံကြည်လောက်သူကဖြစ်စေ စွပ်စွဲ ပြောဆိုစေကာမူ အစွပ်စွဲ ခံရသော ရဟန်:က (ဟုတ်ပါသည်–ဟု) ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ် ရမည်, ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရ"ဟု ဝိနည်းတော် ဆုံးဖြတ်နည်: လက္ခဏာကို ပြခြင်:အကျိုးငှာ ဤ အနိယတ ၂ ပါ:ကိုပြတော်မူသည်။ [ဤ လက္ခဏာသည် ဘိက္ခုနီများအတွက်လည်: သက်ရောက်သောကြောင့် ဘိက္ခုနီ ပါတိမောက်၌ အနိယတသိက္ခာပုဒ်များကို မပြတော့ချေ။...**သာရတ္ထဒီကာ**။]

[ဆောင်] အနိယတုတ်, သိက္ခာပုဒ်၌, ဖေါ်ထုတ်အာပတ်, ထူး
မတပ်လည်:, ဆုံးဖြတ်နည်:နှာ, လက္ခဏာကို, လျော်စွာ
ပြမှု, ပညတ်ပြု၏၊ .....ဘိက္ခုနီလည်:, ဤတိုင်:မှီ:ဖို့, တသီ:
တခြား:, ထပ်မထား:သည်, မှတ်သား:ဋီကာ အမိန့်တည်:။

မှတ်ချက်။ ။ နည်: ၂ မျိုးလုံ:၌ "ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ် ရမည်"ဟု မိန့်တော်မူသောကြောင့် နဂိုက လန္ဓိသူတော်ကောင်:–ဟု ထင်ရှား သော ပုဂ္ဂိုလ်ဖြစ်လျှင် ထိုပုဂ္ဂိုလ်က ဟုတ်ကြောင်:ဝန်ခံမှ ဆိုင်ရာ အာပတ်ဖြင့် ဆုံးဖြတ်ရမည် မဟုတ်ပါ–ဟုဆိုလျှင် အာပတ်မတပ်ဘဲ ဆုံး ဖြတ်ရမည်၊ အလန္ဓိပုဂ္ဂိုလ်ဟု ထင်ရှား:သူက "မဟုတ်ပါ"ဟု ငြင်:ကွယ်နေ လျှင်ကား: "နေဝသုဒ္ဓ နာသုဒ္ဓ–စင်ကြယ်သူလည်: မဆိုရ, မစင်ကြယ်သူလည်: မဆိုရ"ဟု ဆုံးဖြတ်ရမည်။

http://www.dhammadownload.com

"၁၃။ လေ့ကျင့်ခန်း မေးခွန်းများ

က။ ပဌမအနိယတသိက္ခာပုဒ်၌ သိက္ခာပုဒ် မြန်မာပြန်နှင့်တကွ ပြလိုရင်း ကိုလည်း ဖော်ပြပါ။

ခ။ အနိယတ ၂ ပါးလုံး၌ "ရဟော"အရ ထူးခြားပုံနှင့် နေရာ ၂ ခု ထူးခြားပုံကိုလည်း ပြပါ။

ဂ။ အနိုးအပါး၌ မိန်းမအဖော်ရှိနေလျှင် "ဧကော ဧကာယ"ဖြစ်–မဖြစ်ကို သိက္ခာပုဒ် ခွဲခြား၍ စိစစ်ပါ။ [ထို စိစစ်ရာ၌ ဘာ့ကြောင့် အဖော်ဖြစ်နိုင်–ဘာ့ကြောင့် အဖော်မဖြစ်နိုင်ပုံကိုလည်း ပြပါ။]

ဃ။ သောတရဟ၌ မည်မျှလောက်အရပ်ဝယ် အဖော်မရှိမှသာ သောတရဟ ဖြစ်သနည်း။

င။ "နိသဇ္ဈကပေယျ"၌ လျောင်းခြင်းကိုလည်း သွင်းသင့်–မသွင်းသင့်ကို အကြောင်းပြ၍ ပြောပါ။

စ။ "သဒ္ဓေယျဝစသာ"ဟူသည် အဘယ် ဥပါသိကာမမျိုးပါနည်း။

ဆ။ "ယေနဝါ၊ပေ၊ကာရေတဗ္ဗော"အရ စောဒနာနည်းကို ထင်ရှားပြပါ။

ဇ။ အာပတ် ၇ ပုံတွင် "အနိယတအာပတ်"ဟု သီးခြား ရှိသေးသလော, ဘာ့ကြောင့် အနိယတ ဆိုပါသနည်း။

စျ။ အနိယတ ၂ ပါးလုံး၌ ယူရမည့် မာတုဂါမကို ခွဲခြားပြ၍, သိက္ခာပုဒ် ၂ ပါးလုံး၌ သင့်ခွင့်ရှိသော အာပတ်များကို ခွဲခြားပြပါ။

ည။ အနိယတသိက္ခာပုဒ်ဖြင့် အထူးပညတ်အပ်သော အာပတ်မရှိပါဘဲလျက် ဘယ်အကျိုးငှာ ဣအနိယတ ၂ ပါးကို မိန့်တော်မူရသနည်း။

ဋ။ ဘိက္ခုနီများအတွက် ဘာ့ကြောင့် အနိယတ သိက္ခာပုဒ်ကို ပညတ်တော်မမူပါသနည်း။

ဌ။ နည်း ၂ မျိုးလုံး၌ "ဝန်ခံမှ ဆုံးဖြတ်ရမည်"ဟု ဆိုရာ အလန္ဒိက ဝန်မခံ လျှင် ဘယ်ပုံဆုံးဖြတ်ရမည်နည်း။ [အာပတ်တပ်၍လည်းကောင်း, အာပတ်မတပ်ဘဲ ဝတ္ထုကိုပြ၍လည်းကောင်း, စောဒနာနည်း ၂ မျိုးကို "နည်း ၂ မျိုး" ဆိုသည်။]

အနိယတအခန်း ပြီးပြီ။

---

http://www.dhammadownload.com

နိသဂ္ဂိယပါစိတ် အခန်း
(စီဝရဝဂ်)

အချို အာယသ္မန္တော-အရှင်တို့၊ တိ သ-သုံးဆယ်သော၊ နိသဂ္ဂိ ယာ-စွန့်ခြင်း ဝိနည်းကဲ့ရှိကုန်သော၊ ပါစိတ္တိယာ-ပါစိတ် မည်ကုန်သော၊ ဣမေ ခေါပန ဓမ္မာ-ဤသိက္ခာပုဒ်တို့သည်၊ ဥဒ္ဒေသ-သို့၊ အာဂစ္ဆန္တိ-ကုန်၏။

၁။ ပဌမ ကထိန သိက္ခာပုဒ် စီဝရသို့-သင်္ကန်းသည်၊ နိဋ္ဌိတေ-ပြီးဆုံးလသော် လည်းကောင်း၊ ကထိနေ-ကထိန်ကို၊ ဥဒ္ဒတသို့-နုတ်အပ်ပြီးသော်လည်းကောင်း၊ ဘိက္ခုနာ-ရဟန်း သည်၊ ဒသာဟ ပရမံ-ဆယ်ရက်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ အတိရေက စီဝရံ-အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းမှ အပို သင်္ကန်းကို၊ ဓာရေတဗ္ဗံ-ဆောင်ထားနိုင်၏၊ တံ-ထိုဆယ်ရက်ကာလကို၊ အတိက္ကာမယတော-လွန်စေသောရဟန်း၏၊ နိသဂ္ဂိယံ-စွန့်ခြင်း ဝိနည်းကဲ့ ရှိသော၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

၁။ ပဌမ ကထိန။ ။ ဤ သိက္ခာပုဒ်ကား "စီဝရ ပလိဗောဓ အာဝါသ ပလိဗောဓဟူသော ပလိဗောဓ ၂ မျိုးမရှိလျှင် အသစ်ရရှိသော သင်္ကန်းကို အဓိဋ္ဌာန်လည်းမတင်, ဝိကပ္ပနာလည်း မပြုဘဲ အလွန်ဆုံး ၁၀ ရက်သာ ထားနိုင်သည်၊ ၁၀ ရက်ကလွန်လျှင် နိသဂ္ဂိယပါစိတ်အာပတ် သင့်သည်"ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

ဆက်ဦးအုံ - "ကထိန်အာနိသင်"ဟုခေါ်ကြသော "ကထိန်၏အကျိုး" ကား "အနာမန္တ စာရ-အသမာဒါန စာရ-ယာဝဒတ္ထ စီဝရ-ဂဏဘောဇန-ယောစ တတ္ထ စီဝရပွါဒ"ဟု ၅ မျိုးရှိ၏။ [ထို ၅ မျိုးအကျယ်ကို ကထိန်နှင့် ဆိုင်သော အဆုံးအဖြတ်များနှင့် မဟာဝါ ကထိနကွန်ကမှာရှု၊] ထို ၅ မျိုး တွင် ယာဝဒတ္ထ စီဝရဟူသည် ကထိန်အာနိသင် ရနေသမျှကာလပတ်လုံး အလိုရှိသလောက် သင်္ကန်းများကို အဓိဋ္ဌာန်မတင်, ဝိကပ္ပနာလည်း မပြုဘဲ ထားခွင့်ရခြင်းတည်း။

http://www.dhammadownload.com

ဆက်ဦးအုံ – ကထိန်အာနိသင် ရရာကာလဟူသည် ကထိန်ခင်းသည်မှ စ၍ တပေါင်းလပြည့်နေ့ အထိတည်း၊ "ထိုလအတွင်း၌ သင်္ကန်းများကို အဓိဋ္ဌာန်မတင်, ဝိကပ္ပနာမပြုဘဲထားခွင့်ရသည်"ဟု ဆိုသော်လည်း စီဝရ ပလိဗောဓ အာဝါသပလိဗောဓ ၂ ပါးတွင် တစ်ပါးပါးရှိမှသာ ထားခွင့်ရ သည်၊ ထိုတွင် မချုပ်ရသေးသော သင်္ကန်းအစသည် စီဝရပလိဗောဓမည်၏၊ ကထိန်ခင်းရာ မိမိ၏နေရာလည်းဖြစ်သော ကျောင်းတိုက်သည် အာဝါသ ပလိဗောဓမည်၏၊ ထို ပလိဗောဓ ၂ ပါး ပြတ်စဲသွားလျှင် တပေါင်းလ မပြည့်ခင်ပင် ကထိန်နုတ်ပြီးဖြစ်၍ ကထိန်အာနိသင် ၅ ပါးလုံး ပျက်ပြယ် တော့ရကား အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ၁၀ ရက်ထက်ပို၍ သင်္ကန်းထားခွင့် မရတော့ချေ။ [ဤနှင့်စပ်၍ ကထိန်ခင်းပုံ ကထိန်နုတ်ပုံများကို ကထိနက္ခန္ဓက နှင့် ဆိုင်ရာ ဝိနိစ္ဆယတို့မှာ ရှု။]

နိဿိတစီဝရသို့ – နိဿိတေ ဟုရှိသင့်လျက် သို့ဝိဘာတ်ကိုချေ၍ "နိဿိတ" ရှိသည်ဟု သာရတ္ထမှင့်၏၊ ကခ်ါဋိကာ၌ကား "နိဿိတ္ဟု (တဲ)စီဝရဟု"ဟု ဖွင့်၏၊ ကခ်ါဋိကာအလို "နိဿိတ စီဝရသို့-သင်္ကန်းပြီးဆုံးလသော်"ဟုပေးပါ၊ ဤ "နိဿိတ စီဝရသို့"ပါ၌ဖြင့် ထိုရဟန်းမှာ စီဝရပလိဗောဓမရှိတော့ကြောင်း ကိုပြ၏၊ ချဲ့ဦးအုံ-ကထိန်ခင်းရာမှ သင်္ကန်းချုပ်ရန် (အာနိသင်)ပိတ် ဖျင် ရသော ရဟန်းသည် ထိုသင်္ကန်းကို မချုပ်လိုသေးသောကြောင့်ဖြစ်စေ မချုပ်လောက်သဖြင့် အခြားမှ ပိတ်စရခွင့်ကို မျှော်လင့်စောင့်ဆိုင်းနေသော ကြောင့်ဖြစ်စေ သင်္ကန်းချုပ်ခြင်းကိစ္စ မပြီးပြတ်သေးသမျှ စီဝရပလိဗောဓ ရှိနေသေး၏။ [သင်္ကန်း၌ "ချုပ်ဆိုးဦးအုံ"ဟု စိတ်စိုက်နေမှုသည် အခြားကိစ္စ ကို နှောင့်ယှက် တားမြစ်တတ်သောကြောင့် ပလိဗောဓမည်၏။]

ထို စီဝရပလိဗောဓရှိနေသမျှ တပေါင်းလပြည့်အတွင်း၌ ကထိန် အာနိသင်ရနေသမျှ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ သင်္ကန်းထားခွင့်ရ၏၊ ထို သင်္ကန်းစကို ချုပ်၍ပြီးသော်လည်းကောင်း, တစ်နည်းနည်းဖြင့် ပျောက်ဆုံး ပျက်စီးသော်လည်းကောင်း, ရဖို့ရန် မျှော်လင့်နေသောနေရာမှ "မရတော့ပါ ဘူး"ဟု အာသာပြယ်သော်လည်းကောင်း, ထို သင်္ကန်းနှင့်စပ်၍ ကိစ္စပြီးပြတ် လေရကား နိဿိတစီဝရ ဖြစ်လေတော့၏၊ ၀ါ-စီဝရပလိဗောဓ ပြတ်တော့၏၊ ယခုကာလ၌ နဂိုကပင် ချုပ်ပြီးဆိုးပြီးသော သင်္ကန်းများကို ရလေ့ရှိသော ကြောင့် အများအားဖြင့် နိဿိတစီဝရဖြစ်ပြီး-စီဝရပလိဗောဓ ပြတ်ပြီးဖြစ်လေ ပြီ၊ အာဝါသပလိဗောဓ ရှိသေးသောကြောင့်သာ သင်္ကန်းထားခွင့်ရကြသည်။

http://www.dhammadownload.com

ဥဗ္ဗတသမိ်ကထိနေ-"ကထိန်နုတ်" ဟူသည် ကထိန်ခင်းထားသဖြင့် ရှိနေသော အရှိန်အဝါ အကျိုးအာနိသင်များကို ရုပ်သိမ်းလိုက်ခြင်းတည်း၊ ထိုနုတ်ခြင်းသည် တပေါင်းလပြည့်မတိုင်မီအတွင်း၌ ကမ္မဝါစာဖြင့် နုတ်ခြင်း-တပေါင်းလ ပြည့်သဖြင့် အလိုလိုနုတ်ခြင်း-ထိုကထိန်ခင်းရာကျောင်းတိုက်၌ ဆက်လက်မနေတော့ဘဲ အခြားကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်သော အားဖြင့် နုတ်ခြင်း-အခြားကျောင်းသို့ ခေတ္တသွားရာမှ သဘောကျ၍ မပြန်တော့အံ့ဟု ဆုံးဖြတ်သောအားဖြင့် နုတ်ခြင်းဟု အမျိုးမျိုးရှိ၏၊ ထိုနည်း အမျိုးမျိုးဖြင့် နုတ်ရာ၌ (နဂိုက စီဝရပလိဟောဓ ပြတ်ပြီးဖြစ်သူမှာ) အာဝါသပလိဟောဓ ပြတ်စဲလေတော့သည်၊ ဆိုလိုရင်းကား-နိဋ္ဌိတစီဝရသို့ ပါ၌ဖြင့် စီဝရပလိဟောဓ မရှိကြောင်းကို ပြပြီးဖြစ်သောကြောင့် "ဥဗ္ဗတသို့ ကထိနေ" ဟူသော ဤပါ၌ဖြင့် အာဝါသပလိဟောဓ မရှိကြောင်းကိုပြသည်-ဟူလို။ [ကျောင်းတိုက်အာဝါသ၌ တွယ်တာမှုသည် အခြား၌နေခြင်းကို နှောင့်ယှက်တားမြစ်တတ်သောကြောင့် ပလိဟောဓမည်၏။]

မှတ်ချက်။ ။ ဤဥဗ္ဗတသို့ကထိနေအရ တပေါင်းလပြည့်၍ အလိုလို နုတ်ရာ၌ တပေါင်းလပြည့်မှာပင် ကထိန်အာနိသင် ပြယ်ပေမည်၊ တပေါင်းလမပြည့်မီ တခြားကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်ခြင်း စသည်ဖြင့် နုတ်ရာ၌ကား အာဝါသပလိဟောဓ ပြတ်စဲသောကြောင့် (နိဋ္ဌိတစီဝရ ဖြစ်ပြီးသူမှာ) ကထိန်အာနိသင်အားလုံး ပျက်ပြယ်ပြီ-ဟုမှတ်၊ ယခုကာလ၌ ပြောင်းရွှေ့နေသည့်အတွက် ကထိန်အာနိသင်ပျက်ပုံကို သတိမပြုဘဲ ရှိတတ်သည်။

ဒသာဟပရမံ-ပရမသဒ္ဒါသည် "အလွန်" ဟူသော အနက်ကို ဟော၏၊ အလွန်ဟူသည်လည်း အလွန်ဆုံး အပိုင်းအခြားတည်း၊ ထို့ကြောင့် ပရမောကို "ပရိစ္ဆေဒေါ"ဟု ဖွင့်ရာ၌ ပရမော၏ သဒ္ဒါနက်ကို ဖွင့်ခြင်းမဟုတ်, အဘိဓေယျ (အရကောက်) အနက်ကို ဖွင့်ခြင်းတည်း၊ "ဆယ်ရက်အလွန်အပိုင်းအခြားရှိသော ကာလ" ဟူရာ၌ "အလွန်ဆုံး ဆယ်ရက်=ဆယ်ရက်ထက်မပိုစေရ" ဟု ဆိုလိုသည်။

အတိရေကစီဝရံဓာရေတဗ္ဗံ- "အတိရေကစီဝရ = အပိုသင်္ကန်း" ဟူသည် အဓိဋ္ဌာန်သော်လည်း တင်ထားအပ် ဝိကပ္ပနာသော်လည်း ပြုထားအပ်သော သင်္ကန်းတို့တွင် မပါဝင်ဘဲ ထိုသင်္ကန်းတို့မှ အပိုအလျှံဖြစ်သော သင်္ကန်းတည်း၊ "အတိရေကစီဝရကို ဆောင်ထားနိုင်၏" ဟူရာ၌ အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုဘဲ (အလွန်ဆုံး ၁၀ ရက်) ထားနိုင်၏-ထားကောင်း၏-

http://www.dhammadownload.com

ထားခြင်းကြောင့် အာပတ်မသင့်-ဟု ဆိုလိုသည်။ [ဓာရေတဗ္ဗံ၌ တဗ္ဗပစ္စည်းသည် အနုညာ (ခွင့်ပြုခြင်း) အနက်ဟောတည်း၊ ဝိနည်းပညတ်တော်၌ ခွင့်ပြုချက် မှန်သမျှကို အနုညာ-ဟုချည်းမှတ်။]

နိသဂ္ဂိယ ပါစိတ္တိယ-ထို ၁၀ ရက်လွန်လျှင် (အဓိဋ္ဌာန်ဝိကပ္ပနာ တစ်ခုခုမပြုဘဲ ဆယ်ရက်ထက်ပို၍ထားလျှင်) နိသဂ္ဂိယ ပါစိတ်အာပတ် သင့်တော့၏၊ "နိသဂ္ဂိယ" ၌ "စွန့်ထိုက်" ဟုလည်းကောင်း, "စွန့်ခြင်း၏" ဟုလည်းကောင်း ၂ နည်းပွင့်၏၊ နိသဒ္ဒိယတော-စွန့်ထိုက်၏၊ ဣတိ-ထို့ကြောင့်၊ နိသဂ္ဂိ(ယ)-မည်၏၊ ဤနည်း၌ "အတိက္ကာမယတော-၏၊ စီဝရံ-သင်္ကန်းသည်၊ နိသဂ္ဂိ(ယ)-စွန့်အပ်စွန့်ထိုက်သည်လည်းကောင်း၊ ပါစိတ္တိယ-ပါစိတ်အာပတ်သည် ၎င်းကောင်း၊ ဟောတိ-ဖြစ်၏" ဟု အနက်ဆို၊ ဒုတိယနည်း၌ "နိသဂ္ဂိယ အသာတိ နိသဂ္ဂိယ=အသ-ထိုပါစိတ်အာပတ်၏၊ နိသဂ္ဂိယ-စွန့်ခြင်းဝိနည်းကဲသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ကြောင့်၊ တံ-ထိုပါစိတ်အာပတ်သည်၊ နိသဂ္ဂိ(ယ)-မည်၏] ဟု ဝိဂြိုဟ်ပြု၊ နိဿယ၌ ဤနောက်နည်းအတိုင်း အနက်ပေးထားပြီ။ [ပါစိတ္တိယပုဒ်ကို သုဒ္ဓပါစိတ်ကျမှဖွင့်မည်။]

သင်္ကန်း ၆ မျိုး။ ။ "အဓိဋ္ဌာန်ဝိကပ္ပနာ တစ်ခုခုမပြုဘဲ ဆယ်ရက်ကိုလွန်၍ မထားရ" ဟု ဆိုသောကြောင့် သင်္ကန်း ၆ မျိုး-အဓိဋ္ဌာန်လောက်သော သင်္ကန်းပမာဏ-အဓိဋ္ဌာန်ဝိကပ္ပနာ ပြုပုံများကို သိသင့်ပေသည်၊ ထိုတွင် ပမာဏကိုပြုရာ၌ အဌကထာရှိတိုင်းသာ သိက္ခာပုဒ်တိုင်းမှာ ပြထားလိမ့်မည်၊ သင်္ကန်း ၆ မျိုးကား - - -

၁။ ခေါမ=ခုမ်ချည်ဖြင့် ရက်အပ်သော အဝတ်၊ တစ်နည်း ခေါမတိုင်း၌ဖြစ်သော အဝတ်။

၂။ ကပ္ပါသိက=ဝါချည်ဖြင့် ရက်အပ်သော ပိတ်-ဖျင်-ဇင်-အဝတ်။

၃။ ကောသေယျ=ပိုးချည်ဖြင့် ရက်အပ်သော ပိုးအဝတ်။

၄။ ကမ္မလ=သားမွေးဖြင့် ရက်အပ်သော ကမ္မလာ (သက္ကလတ်) အဝတ်။

၅။ သာဏ=ပိုက်ဆံလျှော်ချည်ဖြင့် ရက်အပ်သော အဝတ်။

၆။ ဘင်္ဂ=ဘန်ချည်ဖြင့် ရက်အပ်သော (တစ်နည်း=ရှေ့၌ပြခဲ့သော ချည် ၅-မျိုးရောရ၍ ရက်အပ်သော) အဝတ်၊ ဤသို့ သင်္ကန်းချုပ်ဖို့ရာ အဝတ် ၆-မျိုးကိုမှတ်ပါ။

[ဆောင်] ခေါမကောသေယျကပ္ပါသ-သာဏဘင်္ဂါနိကမ္မလံ။

http://www.dhammadownload.com

ဝမာဏ။ ။ [သက်နှ်း ၃ ထည်၏ ပမာဏကို သုဂတစီဝရသိက္ခာပုဒ် ကျမှုပြမည်။] ဝမုကီဟတ္ထဟုလည်းကောင်း-မဒ္ဒိမပုရိသဟတ္ထဟုလည်းကောင်း ခေါ်အပ်သော လက်သမားတို့ အတောင် (ကိုက်တောင်) အားဖြင့် အလျား တစ်တောင်-အနံတစ်ထွာရှိသော အဝတ်သည် အဓိဋ္ဌာန်တင်လောက်-ဝိကပ္ပနာပြုလောက်သော အဝတ်တည်း၊ သို့ဖြစ်၍ သက်နှ်းချုပ်ဖို့ရန် သင့်တော်သော ပိတ် ဖျင် မျက်နှာသုတ်ပဝါ စသည်ကိုရလျှင် ပမာဏ လောက်က ပရိက္ခာရစောင္ အဓိဋ္ဌာန်တင်၍ဖြစ်စေ ဝိကပ္ပနာပြု၍ဖြစ်စေ သုံးစွဲရမည်၊ [အဓိဋ္ဌာန်တင်ပုံ နောက်၌ပြမည်။]

[ဆောင်] ကိုက်တောင်ခေါ်ငြား, လက်သမား၏, အလျားတစ်တောင်မှန်,
တစ်ထွာနံ, ဓိဋ္ဌာန်ဝိကပ်လောက်။

အချို့အယူ။ ။ "ရှင်စောတစ်ထွာ, မဇ်သုံးထွာ, တို့ထွာခေါက်ချိုးတက်" ဟု ဆိုကြ၏၊ ဆိုလိုရင်းကား-ဘုရားတစ်ထွာသည် မဒ္ဒိမပုရိသတို့ ၃ ထွာနှင့်ညီမျှ၏၊ မဒ္ဒိမပုရိသတို့၏ ပမာဏနှင့် ဝမုကီဟတ္ထ (လက်သမားတောင်) မှာ ပမာဏတူပင်၊ ထိုမဒ္ဒိမပုရိသကို ခေါက်ချိုးတက်၍ ၄ ထွာ လက် ၆ သစ်သည် ငါတို့အတွက် ဖြစ်သတဲ့၊ "ထိုတွင် ဘုရားတစ်ထွာနှင့် မဒ္ဒိမပုရိသ ၃ ထွာသည် ညီမျှ၏" ဟု ဆိုသောစကားမှာ အဋ္ဌကထာ စကားပင်တည်း၊ "ထိုမဒ္ဒိမပုရိသပမာဏကို ခေါက်ချိုးတက်မှ ငါတို့ တစ်ထွာနှင့် ညီမျှသည်" ဟူသော စကားကား အဋ္ဌကထာစကားမဟုတ်၊ မြန်မာနိုင်ငံကျမှ ဝိနယာလင်္ကာရ စသည်တို့ မှန်းဆအပ်သောစကားဖြစ်သတတ်။

ထိုဆရာတို့ မှန်းဆချက်လည်း ဘုရားအရပ်တော်ကို ၁၈ တောင် ကိန်းမှန်းထား၍ "ဘုရားအရပ်တော်သည် ဘုရားအတောင်နှင့် ၄ တောင်သာ ရှိရမည်၊ မဒ္ဒိမပုရိသတို့ အတောင်နှင့် ၃ ဆတက်လျှင် ၁၂ တောင်ရှိသင့်၏, ဤ ၁၂ တောင်ကိုထပ်၍ ခေါက်ချိုး (၆ တောင်) တက်ပြန်လျှင် ငါတို့လူများ၏ အရေအတွက်ဖြင့် ၁၈ တောင်ဖြစ်သင့်သည်" ဟု ကြံဆခြင်းဖြစ်သည်၊ ရှေးရှေးသင်္ဂါယနာတင်ကာလက ဆိုခဲ့သော အဋ္ဌကထာလာ ၁၈ တောင်ကို ယခု ငါတို့ ၁၈ တောင်ဟု ကြံခြင်းကစ၍ အဆင်မပြေတော့ချေ။

အဓိဋ္ဌာန် ၂ မျိုး။ ။ အဓိဋ္ဌာနသဒ္ဒါသည် "စွဲမြဲစွာတည်ခြင်း=ဆောက်တည်ခြင်း" ဟု အနက်ထွက်၏၊ [အဓိ=စွဲ စွဲမြဲမြဲ (ဝါ-စိုက်ဆောက်ထားသကဲ့သို့ဖြစ်အောင်)+ဌာန=တည်ခြင်း။] ထိုအဓိဋ္ဌာန် တင်ခြင်းသည် တိစီဝရိတ်အဓိဋ္ဌာန်တင်ခြင်း-ပရိက္ခာရစောင္ အဓိဋ္ဌာန်တင်ခြင်းဟု ၂ မျိုးရှိ၏။

http://www.dhammadownload.com

တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ။ ။ "သင်းပိုင်-ဇကသီ-သင်္ကန်းကြီး] ဤ ၃ ထည်ကို တိစီဝရိတ်-ဟုခေါ်၏၊ ထိုတွင် သင်းပိုင်ကိုဖြစ်စေ ဇကသီ သင်္ကန်းကြီး တစ်ထည်ထည်ကိုဖြစ်စေ အဓိဋ္ဌာန်တင်လိုလျှင် အနီးအပါးရှိက "ဣမံ"ဟုလည်းကောင်း, အဝေးမှာရှိက ရှိရာအရပ်ကိုမှန်းလျက် "ဇတံ" ဟုလည်းကောင်း တွဲ၍ "၁-ဣမံအဋ္ဌ ရဝါသကံ အဓိဋ္ဌာမိ။ ..... ၂-ဣမံ ဥတ္တရာသင်္ဃံ အဓိဋ္ဌာမိ။ - -၃-ဣမံသင်္ဃာဋိ အဓိဋ္ဌာမိ" ဟု ဆိုရမည်၊ နှုတ်ဖြင့် မရွတ်နိုင်လျှင် ကိုယ်ဖြင့် သင်္ကန်းကိုကိုင်၍ ဤအဆိုအတိုင်း မှန်းလျက်လည်း အဓိဋ္ဌာန်တင်ကောင်း၏။ [ဣမံ-ဤသင်္ကန်းကို၊ အဋ္ဌ ရဝါသကံ-သင်းပိုင်ဟူ၍၊ အဓိဋ္ဌာမိ-ဆောက်တည်ပါ၏၊ ဝါ-အဓိဋ္ဌာန်ပါ၏၊ "ဥတ္တရာသင်္ဃံ-ဇကသီဟူ၍၊ သင်္ဃာဋိ-၂ ထပ်သင်္ကန်းကြီးဟူ၍"ဟု အနက်ဆို၊ "ဟူ၍" ဟု ဆိုခြင်းသည် "ပရိက္ခာရစောဠန္တိ အဓိဋ္ဌာတဗ္ဗံ" ဟု ဣတိ ထည့်၍ ဖွင့်ပုံနှင့်အညီတည်း။]

ဆောင်ရွက်ပုံ။ ။ ဤကဲ့သို့ ဆိုင်ရာနာမည်တပ်၍ အဓိဋ္ဌာန်တင်ထားအပ်သော တိစီဝရိတ်ကို (ဆရာမှတ်မှတ်-တပည့်မှတ်မှတ် ဆိုသကဲ့သို့) သင်းပိုင်မှတ်မှတ် ဇကသီမှတ်မှတ် ဂရစိုက်ရလိမ့်မည်၊ ဂရစိုက်ပုံကား-ဝတ်၍သော်လည်း ထားရမည်၊ မဝတ်လျှင် အရဏ်တက်ချိန်မှာ မိမိ၏ ၂ တောင့်ထွာအတွင်း၌ ရှိစေရမည်၊ ထိုသို့ မစောင့်ရှောက်လျှင် နောက်သိက္ခာပုဒ် အရ နိသဂ္ဂိယဖြစ်၍ ပါစိတ်အာပတ် သင့်သည်၊ [မိမိကျောင်းပေါ်မှာဖြစ်စေ, သိမ်တွင်းမှာဖြစ်စေ, ဒကာတစ်ဦး၏ ကျောင်းတိုက် သို့မဟုတ် ဘုန်းကြီးတစ်ပါးပိုင် ကျောင်းတိုက်မှာဖြစ်စေ, ၂ တောင့်ထွာထက်ဝေး၍ ထားကောင်းပါသေး၏၊ အကျယ်ကို နောက်သိက္ခာပုဒ် အဌကထာမှာရှု။] ဤသို့ အဓိဋ္ဌာန်တင်ထားသူကို "ဝိနည်းတိစီဝရိတ်ဆောင်သူ" ဟုခေါ်၏။

သူ့နာမည်ဖြင့် တစ်ထည်စီသာ။ ။ "ဝိနည်းတိစီဝရိတ်" ဆောင်ရာ၌ "အဋ္ဌ ရဝါသက-ဥတ္တရာသင်္ဃ-သင်္ဃာဋိ" ဟူသော နာမည်ဖြင့် တစ်ထည်စီသာ အဓိဋ္ဌာန်တင်နိုင်သည်၊ ကျန်သော သင်းပိုင်စသည်ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်သော်လည်း တင်ရ, သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုထားရသည်၊ သို့ဖြစ်၍ သင်္ကန်းအသစ်ရသဖြင့် သူ့နာမည်နှင့် အဓိဋ္ဌာန်တင်လိုလျှင် အဓိဋ္ဌာန်တင်ပြီးသော အဟောင်းကို "ပစ္စုဒ္ဓိရိ" ဟူ သော ဝိနည်းကဲတစ်ခုကို ပြုပြီးမှသာ အသစ်ကို အဓိဋ္ဌာန်တင်ရသည်။

ပစ္စုဒ္ဓိရိ။ ။ ပစ္စုဒ္ဓရဏ-ဟူသော ပါဠိကို "ပစ္စုဒ္ဓိရိ" ဟု သုံးစွဲကြ၏၊ မြန်မာလို "ရပ်သိမ်းခြင်း"ဟု အနက်ထွက်၏၊ နဂိုက "အဋ္ဌ ရဝါသက" ဟုအဓိဋ္ဌာန်တင်ထားခဲ့ရာ "ထိုမိဋ္ဌာန်ချက်ကို ရပ်သိမ်းလိုက်ပြီ" ဟု ဆိုလိုသည်၊

http://www.dhammadownload.com

"ဣမံအန္တရဝါသကံ ပစ္ဆိဒ္ဒာမိ=ဣမံ-ဤသက်နှံးကို၊ အန္တရဝါသကံ-အန္တရဝါသကကို၊ ဝါ-အန္တရဝါသကအဖြစ်မှ၊ ပစ္ဆိဒ္ဒာမိ-ရုပ်သိမ်းပါ၏၊" ဥတ္တရာသံဃ-သံဃာဌိတို့ကိုလည်း ဤနည်းအတိုင်းပြု၊ အဝေးမှာရှိလျှင် "ဧတံ" ဟုဆို၊ ဤသို့ ရုပ်သိမ်းပြီးမှ အသစ်သင်းပိုင်ကို ရှေးနည်းအတိုင်း အဓိဋ္ဌာန်တင်ရမည်၊ ပစ္ဆိဒ္ဒါရ်ပြုထားသော သင်းပိုင်ကိုလည်း သူတစ်ပါ:အား လှူလိုလျှင် လှူ, မလှူလိုလျှင် ဝိကပ္ပနာနှင့် ပရိကွာရစောဠ တစ်ခုခုပြုထား ရမည်။ ["ပစ္ဆိဒ္ဒာမိ" ကို ထပေမိ, ပရိစ္ဆေဒမိ-ဟု ကခ်ါဋ္ဌိကာသစ်ဖွင့်၏။]

ပရိကွာရစောဠအဓိဋ္ဌာန်။ ။ ထိုထိုကိန္နဠ် သုံးစွဲရန်ဖြစ်သော ပရိကွာရ အဝတ်ကို "ပရိကွာရစောဠ" ဟုခေါ်၏: [ပရိကွာရ=အသုံ:အဆောင် ပရိကွာရဖြစ်သော+စောလ=အဝတ်၊] ပရိကွာရစောဠဟူသော နာမည်ဖြင့် တိစီဝရိတ်နှင့်တကွ မည်သည့်အဝတ်မဆို အဓိဋ္ဌာန်တင်ကောင်း၏၊ ဆိုလိုရင်: ကား- တိစီဝရိတ်ကိုလည်: သံဃာဌိစသော သူ့နာမည်ဖြင့် တိစီဝရိတ် အဓိဋ္ဌာန်မတင်လိုလျှင် ပရိကွာရစောဠ နာမည်ဖြင့် တင်နိုင်၏၊ အဓိဋ္ဌာန် လောက်သော ပိတ်တို ဖျင်စမှစ၍ အခြား:အထည်များကိုလည်: ပရိကွာရ စောဠ နာမည်ဖြင့် အဓိဋ္ဌာန်တင်ကောင်း၏-ဟူလို၊ [ဘုံလျှို=ဖုံ, စောင်, ခေါင်:အုံ:, ကော်ဇောများကိုကား: အဓိဋ္ဌာန်တင်ဖွယ်မလို။]

ပရိကွာရစောဠ အဓိဋ္ဌာန်တင်ပုံ။ ။ "ဣမံစီဝရံပရိကွာရစောဠံ အဓိဋ္ဌာမိ" ဟုဆို၊ အများ:ဖြစ်လျှင် တစ်ခါတည်:ပေါင်:၍-"ဣမာနိ စီဝရာနိ ပရိကွာရစောဠာနိ အဓိဋ္ဌာမိ" ဟု ဆို၊ အဝေး၌ရှိလျှင် "ဧတေ စီဝရေ" ဟုလည်:ကောင်:, များ:လျှင်- "ဧတာနိ စီဝရာနိ" ဟုလည်:ကောင်:ဆို၊ "စီဝရ" ဟူသောနာမည်သည် သင်:ပိုင်ဧကသီသက်နှံ:ကြီ: ဤ ၃ မျိုး:၏ နာမည်သာမဟုတ်၊ ရဟန်:အသုံ:အဆောင် အဝတ်မှန်လျှင် "စီဝရ" မည် သည်သာ၊ "ဣမံစီဝရံ=ဤသက်နှံ:ကို၊ ပရိကွာရစောဠံ-ပရိကွာရ အဝတ်ဟူ၍၊ အဓိဋ္ဌာမိ-အဓိဋ္ဌာန်ပါ၏၊ ဝါ-ဆောက်တည်ပါ၏။ [ဤပရိကွာရစောဠ အဓိဋ္ဌာန်တင်ကောင်:သော သက်နှံ: ၉ ထည်လုံ:၌ မိမိနှင့် ညဉ့်မကင်:အောင် စောင့်ရှောက်ဖွယ်မလို။]

သက်နှံ: ၉ ထည်။ ။ သက်နှံ: ၉ ထည်ကား:-တိစီဝရိတ် ၃ ထည်, အိပ်ရာခင်:, မုက်နှာသုတ်ပဝါ, ပရိကွာရစောဠ (ပိတ်တို ဖျင်စ စသော သက်နှံ:မချုပ်ရသေ:သော အထည်များ:), နိသီဒိုန်, မိုး:ရေခံသက်နှံ:, အမာ လွမ်:သက်နှံ:တည်:။-- [သင်:=သင်:ပိုင်၊ ကိုယ်-ကိုယ်ရံ, ဧကသီ။ ဒု=ဒကုဏ်, ၂ ထပ်သက်နှံ:။]

[ဆောင်] သင်:-ကိုယ်-ဒု-အိပ်, မျက်-ပရိတ်, နိသီဒ်-မိုး:-အမာ။

http://www.dhammadownload.com

အဓိဋ္ဌာန်ကျကြောင်း။ ။၁-သူတစ်ပါးအား ပေးစွန့်ခြင်း, ၂-ခိုးယူသွားခြင်း, ၃-အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟ ယူနည်းဖြင့် ယူသွားခြင်း, ၄-(သင်္ကန်းရှင်ကဘိက္ခုနီဖြစ်လျှင်) သိက္ခာမချဘဲလူဝတ်လဲခြင်း, ၅- ဘိက္ခုဖြစ်လျှင် သိက္ခာချခြင်း, ၆-သေဆုံးခြင်း, ၇-လင်ပြန်ခြင်း, ၈-ပစ္စုဒ္ဓိရ်ပြုခြင်း, ဤအကြောင်းရှစ်ပါးကား ပရိက္ခာရစောင့်ဖြစ်စေ (အိပ်ရာခင်းစသည်) ပစ္စတ္ထရဏစသော နာမည်ဖြင့်ဖြစ်စေ (အဓိဋ္ဌာန်တင်ထားသော အဝတ်များ၏ အတွက်) အဓိဋ္ဌာန်ကျကြောင်းတည်း၊ "ကျ" ဆိုသည်ကား အဓိဋ္ဌာန်ပျက်သည်ဟု ဆိုလိုသည်။

တိစီဝရိတ် အဓိဋ္ဌာန်တင်၍ ဆောင်ထားသော တိစီဝရိတ်များအတွက်မှာ လက်သန်း၏ လက်သည်းခွံလောက် အပေါက်ပေါက်လျှင်လည်း အဓိဋ္ဌာန်ကျသဖြင့် အဓိဋ္ဌာန်ကျကြောင်း ၉ ပါးရှိသည်ဟုမှတ်၊ အပေါက်ဟူရာ၌ အနားပတ်လည်ပေါက်ရုံဖြင့်မကျ, ၃ ထည်လုံးအတွက် အလျှားစွန်း တစ်ထွာအတွင်း, အနံ့စွန်းကေသိနှင့် သင်္ကန်းကြီးအတွက် လက်ရှစ်သစ်-သင်းပိုင်အတွက် လက်လေးသစ်အတွင်း ထုတ်ချင်းပေါက်မှ အဓိဋ္ဌာန်ကျကြောင်း အပေါက်ဖြစ်သည်၊ အပေါက်ကို ဖာပြီးက ထပ်၍ အဓိဋ္ဌာန်တင်နိုင်၏။

[ဆောင်] ၁။ ပေးစွန့်-ခိုးဂုက်, ဝိဿာသဂ်, လူထွက်-ချသိက္ခာ၊

၂။ သေဆုံး-လင်ပြန်, ပစ္စုဒ္ဓ, ရှစ်တန် ကျဓိဋ္ဌာ။

၃။ လက်သန်းသည်းမျှ,ပေါက်လတ်က, သုံးဝ စီဝရိတ်မှာ။

နိသဂ္ဂိစွန့်ပုံ။ ။ သင်္ကန်းရပြီးနောက် ၁၀ ရက်အတွင်း အဓိဋ္ဌာန်ဝိကပ္ပနာ မပြုမိလျှင် ထိုသင်္ကန်းသည် နိသဂ္ဂိထိုက်၍ ပါစိတ်အာပတ်သင့်ရုံသာမက, ထိုသင်္ကန်းကို ကိုင်တိုင်း ဒုက္ခဉ်အာပတ်လည်း ထပ်၍ထပ်၍ သင့်သေးသည်၊ ထို့ကြောင့် နိသဂ္ဂိထိုက်နေသောသင်္ကန်းကို သံဃာ့အထံ၌ ဖြစ်စေ-၂ ပါး ၃ ပါး ဂိုဏ်းအထံ၌ဖြစ်စေ-တစ်ပါးအထံ၌ဖြစ်စေ စွန့်ရမည်၊ ထိုတွင် တစ်ပါးထံစွန့်ပုံကား - - -

"ဣဒံမေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိသဂ္ဂိယံ,
ဣမာဟံ အာယသ္မတော နိသဇ္ဇာမိ"-ဟူသည်တည်း။

၂ ထည်မှစ၍ အများဖြစ်လျှင် "ဣဒံ-နိသဂ္ဂိယံ-ဣမာဟံ" ပုဒ်တို့အစား "ဣမာနိ နိသဂ္ဂိယာနိ-ဣမာနိအဟံ"ဟုပြင်ပါလေ။ [ဘန္တေ- အရှင်ဘုရား၊ မေ-တပည့်တော်၏၊ ဣဒံစီဝရံ-ကို၊ ဒသာဟာတိက္ကန္တံ-ဆယ်ရက်လွန်သည်

http://www.dhammadownload.com

(ဖြစ်၍)၊ နိသဂ္ဂိယ်-စွန့်အပ်စွန့်ထိုက်ပါ၏၊ အဟံ-သည်၊ ဣမံ-ဤသင်္ကန်း ကို၊ အာယသ္မတော-အရှင်အား၊ နိသဋ္ဌာမိ-စွန့်ပါ၏၊] နိသဂ္ဂိသင်္ကန်းကို လက်ခံသူက အငယ်ဖြစ်လျှင် "ဘန္တေ" အရာ၌ "အာဝုသော" ဟု "အာ ယသ္မတော" အရာ၌ "တုယှံ"ဟုဆို၊ နောက်၌လည်း ဤနည်းချည်း၊ ပါဠိ လို မဆိုတတ်သူများကား-

"အရှင်ဘုရား- -တပည့်တော်၏ ဤသင်္ကန်းသည် ၁၀ ရက်လွန်လာ သဖြင့် နိသဂ္ဂိထိုက်နေပါသည်၊ ဤသင်္ကန်းကို အရှင်ဘုရားအား တပည့်တော် စွန့်ပါသည်" ဟု .....

မြန်မာလိုလည်း ဆိုနိုင်၏။ [သင်္ကန်းခံသူက သီတင်းငယ်ဖြစ်လျှင် "ငါ့ရှင်" ဟုလည်းကောင်း "သင့်အား" ဟုလည်းကောင်း ဆိုရုံသာ၊ နောက်၌လည်း ဤနည်းချည်း၊] ဤသို့စွန့်ပြီးသောအခါ ယခုကာလ ထုံးစံအတိုင်း ပါစိတ် အာပတ်ကို ရည်မှန်း၍ ဒေသနာပြောရမည်၊ ဤသို့ စွန့်ပြီးနောက်မှ ဒေသ နာပြောရသော ပါစိတ်အာပတ်ဖြစ်၍ "စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ် အာပတ်"ဟုဆိုရသည်၊ ထို့နောက် နိသဂ္ဂိသင်္ကန်းကိုခံရသောရဟန်းက.....

"ဣမံ စီဝရံ အာယသ္မတော ဒမ္မိ"

"ဤသင်္ကန်းကို (များလျှင် "ဣမာနိ စီဝရာနိ" ဤသင်္ကန်းတို့ကို)အရှင် အား ပြန်ပေးပါ၏" ဟု ပါဠိလိုဖြစ်စေ-မြန်မာလိုဖြစ်စေ ဆိုရ၍ပြန်ပေးရမည်၊ ထိုကဲ့သို့ ပြန်ပေး၍ရပြီးနောက် အလိုရှိရာ အဓိဋ္ဌာန်သော်လည်း တင်- သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုထားရမည်။ [ဝိကပ္ပနာပြုပုံကို သုဒ္ဓပါစိတ် သုရာပါနဝဂ် နဝမသိက္ခာပုဒ်ကျမှပြမည်။]

အဂါ ၅ ပါး။ ။ ၁-စာတ်ပမာဏလောက်သောသင်္ကန်း၏ မိမိဥစ္စာ ဖြစ်ခြင်း, ၂-နေ့ရက်အရေအတွက်သို့ရောက်ခြင်း, ၃-ပလိဘောပြတ်ပြီးခြင်း, ၄-အပိုသင်္ကန်းဖြစ်ခြင်း, ၅-ဆယ်ရက်လွန်ခြင်း, ဤအင်္ဂါ ၅ ပါးစုံမှ ထို သင်္ကန်း နိသဂ္ဂိထိုက်၍ သင်္ကန်းရှင်ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။

ချဲ့ဦးအံ့-၁-ခေါမ 'ကောသေယျစသော' သင်္ကန်း ၆ မျိုးတွင် ပါဝင် သည်ကို "စာတ်" ဟု ခေါ်၍, အလျားတစ်တောင် အနံတစ်ထွာ ပမာဏ ရှိသည်ကို "ပမာဏလောက်" ဟု ခေါ်၏။

၂-မိမိအားလျှပြီးဖြစ်၍ မိမိဥစ္စာဖြစ်နေသော်လည်း (အဝေးမှ လှမ်းလျှ လိုက်၍ လမ်းခရီးရောက်နေခြင်း-အနားဌ် မသိအောင် ထားခဲ့ခြင်း စသည်

http://www.dhammadownload.com

ကြောင့်) မိမိမသိသေးလျှင် ထိုမသိသမျှရက်ကို သက်နှံးရရာ ရက်ဟု အရေအတွက်မပြုရ, မိမိသိသည့်ရက်မှစ၍ အရေအတွက် ပြုရခြင်းကို "နေ့ အရေအတွက်ရောက်ခြင်း" ဟုဆိုသည်။

၃-ရှေ့ဦးပြုခဲ့သော စီဝရနှင့်အာဝါသပလိဗောဓ ၂ ပါး ပြတ်စဲခြင်းကို ဆိုသည်၊ ၄-အဓိဋ္ဌာန် ဝိကပ္ပနာပြုထားသော သက်နှံးမှ အပိုဖြစ်နေခြင်း (အဓိဋ္ဌာန် ဝိကပ္ပနာ တစ်ခုခုမပြုဘဲ အပိုထားခြင်း)။

၅-လဆန်း ၁ ရက်နေ့ရလျှင် ထိုရက်ရက်၏ လာလတ္တံ့သော အရုဏ်မှစ၍ ၁၀ အရုဏ်လွန်လျှင် (၁၁ ရက်နေ့ဘက်ရောက်လျှင်) ဒသာ ဟာတိက္ကန္တ ဖြစ်၏၊ လဆန်း ၁ ရက်၏ လွန်ပြီးအရုဏ်ကိုထည့်၍ မရေတွက်ရ။ [အဋ္ဌကထာ၌ ၁၁ အရုဏ်ဆိုသည်မှာ လွန်ပြီးအရုဏ်ပါ ဆိုခြင်း ဖြစ်သည်။]

[ဆောင်] ဈာတ်ပမာဏ-လောက်ငလေရာ-ကိုယ့်ဟာဖြစ်ခြင်း[၁], ရေတွက်တွင်းသို့-ရောက်လျှင်းတုံ့ဘို[၂], ပလိဗောဓ-ပြတ်ကြေပေလစ်[၃], အပိုဖြစ်လျက်[၄], ဆယ်ရက်လွန်ပြီ[၅], အင်ငါးလီ, သင့်ပြီပထမကထိန်။

၁၄။ လေ့ကျင့်ခန်းမေးခွန်းများ

က။ ကထိန်အာနိသင် ရရာကာလကို ဖော်ပြ၍ မည်သည့်အရာကို စီဝရ ပလိဗောဓ-အာဝါသ ပလိဗောဓ ခေါ်ကြောင်းကိုလည်း ပြပါ။

ခ။ "နိဋ္ဌိတစီဝရသို့"အရ နိဋ္ဌိတစီဝရဖြစ်ပုံကိုပြ၍, ထိုပါဠိဖြင့် "မည်သည့် ပလိဗောဓ ပြတ်ကြောင်းပြသည်" ဟုလည်း ဖော်ပြပါ။

ဂ။ "ဥဇ္ဇတသို့ ကထိနေ"အရ ဘာကို "ကထိန်နုတ်" ခေါ်ကြောင်းကို ပြ၍, ကထိန်နုတ်ခြင်း အမျိုးမျိုးကိုလည်းပြပါ။

ဃ။ ထို "ဥဇ္ဇတသို့ကထိနေ" ပါဠိဖြင့် မည်သည့်ပလိဗောဓ ပြတ်ကြောင်းကို ပြလိုပါသနည်း။

င။ ယခုကာလ၌ များသောအားဖြင့် ချုပ်ဆိုးပြီး သက်နှံးကိုသာ ရသောကြောင့် နိဋ္ဌိတစီဝရ ဖြစ်ရကား တပေါင်းလမပြည့်ခင် အတိရေက စီဝရကို ထားခွင့်ရအောင် မည်သည့် ပလိဗောဓက တားဆီးထားပါသနည်း။

http://www.dhammadownload.com

စ။ "အတိရေကစီဝရ" ဟူသည် မည်သည့်အဝတ်မျိုးပါနည်း။

ဆ။ နိသဂ္ဂိယ်အတွက် အနက် ၂ မျိုးဖော်ပြ၍, စီဝရ ၆ မျိုးကိုလည်းပြပါ။

ဇ။ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော စီဝရ၏ ပမာဏကို (မဲ့ချိမ ပုရိသ၏ အတိုင်းအထွာဖြင့်) ပြပါ။

စျ။ "ရှင်စောတစ်ထွာ, မဇ်သုံးထွာ, တို့ထွာခေါ်ချိုးတက်" ဟူသော သံပေါက်၌ "တို့ထွာခေါက်ချိုးတက်" ၏ ရှေးကျမ်းလာ ဟုတ်-မဟုတ်, ယုတ္တိရှိ-မရှိကို စိစစ်ပါ။

ည။ တိစီဝရိတ် အဓိဋ္ဌာန်ကိုလည်းကောင်း, အဟောင်းကို ပစ္စုဒ္ဓိရ်ပြုပုံကိုလည်းကောင်း ပြပါ။

ဋ။ တိစီဝရိတ် အဓိဋ္ဌာန် တင်ထားသူကို "မည်သည့်ပုဂ္ဂိုလ်" ဟု ခေါ်ကြသနည်း, ထိုပုဂ္ဂိုလ်က ထိုတိစီဝရိတ်ကို မည်သို့ စောင့်ရှောက်ရမည်နည်း။

ဌ။ ပရိက္ခာရစောဠ နာမည်ဖြင့် မထားကောင်းသော အဝတ်မျိုး ရှိပါသေးသလော၊ သင်္ကန်း ၉ မျိုးကိုလည်း ဖော်ပြ၍, ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ပုံကိုလည်း ပြပါ။

ဍ။ ထို ၉ မျိုးအတွက် အဓိဋ္ဌာန်ကျကြောင်း ရှစ်ပါးကိုဖော်ပြ၍, တိစီဝရိတ် အတွက် ထူးခြားသောအကြောင်းကိုလည်း ထင်ရှားပြပါ။

ဎ။ နိသဂ္ဂိယစီဝရကို မစွန့်ဘဲသုံးလျှင် ဘာအပြစ်ရှိသနည်း, ထိုနိသဂ္ဂိယ စီဝရကို တစ်ပါးအထံ ပါဠိလိုစွန့်ပုံ မြန်မာလိုစွန့်ပုံကိုပြပါ။

ဏ။ နိသဂ္ဂိယစီဝရကို စွန့်ပြီးနောက် ဘာလုပ်ရမည်နည်း, ဘာ့ကြောင့် နိသဂ္ဂိယ ပါစိတ်အာပတ်ဟု ခေါ်သနည်း။

တ။ နိသဂ္ဂိယစီဝရကိုစွန့်၍ လက်ခံရရှိသော ရဟန်းက မည်သို့ဆို၍ ပြန်ပေးရမည်နည်း။

ထ။ နိသဂ္ဂိယစီဝရကို ပြန်ရသော ဥစ္စာရှင်သည် ထိုသင်္ကန်းကို မည်သို့ပြု၍ ထားရမည်နည်း။

---

http://www.dhammadownload.com

၂။ ဒုတိယ ကထိန သိက္ခာပုဒ်

ဘိက္ခုနော–ရဟန်း၏၊ စီဝရသို့–သင်္ကန်းသည်၊ နိဋ္ဌိတေ–ပြီးဆုံးသော်လည်းကောင်း၊ ကထိနေ–ကထိန်ကို၊ ဥဒ္ဒတသို့–နတ်အပ်ပြီးသော်လည်းကောင်း၊ ဘိက္ခုသမ္မုတိယာ–ဂိလာန ရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ–ကြဉ်ထား၍၊ ကေရတ္တိပိ–တစ်ညဉ့်မျှလည်း၊ ဘိက္ခု–ရဟန်းသည်၊ တိစီဝရေန–တိစီဝရိတ် သင်္ကန်းနှင့်၊ စေ ဝိပ္ပဝသေယျ–အကယ်၍ ကင်းနေအုံ၊ တဿ ဘိက္ခုနော–ထိုရဟန်း၏၊ နိသဂ္ဂိယ–စွန့်ခြင်းဝိနည်းကဲ့ရှိသော၊ ပါစိတ္တိယ–ပါစိတ်အာပတ်သည်။ ဟောတိ–ဖြစ်၏။

* * * * *

၂။ ဒုတိယ ကထိန။ ။ စီဝရပလိဇောဓ အာဝါသပလိဇောဓ ၂ ပါး တို့ ပြတ်ပြီးနောက် တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းနှင့် ညဉ့် ကင်းနေလျှင် နိသဂ္ဂိယ ပါစိတ်အာပတ်သင့်၏။ [တိစီဝရိတ် သင်္ကန်းထားရာ ဌာနများတွင် ဥဒေါသိတ (ဘဏ္ဍာတိုက်) လည်း ပါဝင်သောကြောင့် ဤ သိက္ခာပုဒ်ကို အဌကထာ၌ "ဥဒေါသိတ သိက္ခာပုဒ်" ဟုလည်း နာမည် တပ်၏။]

နိဋ္ဌိတ စီဝရသို့ ဘိက္ခုနော–ဤဘိက္ခုနာပုဒ်ကို ပထမကထိန သိက္ခာပုဒ်၌ ကဲ့သို့ "ရဟန်းသည်" ဟု အနက်ပေးလျှင် "ရဟန်းသည်+ပြုအပ်" စသည် ဖြင့် စပ်ဖို့ရာ ကြိယာတစ်ခုခု ရှိရမည်၊ ဤ၌စပ်ဖို့ရာ ကြိယာမပါချေ၊ ထို့ကြောင့် နာဝိဘတ်ကို သာမိအနက်၌ သက်စေ၍ "ရဟန်း၏" ဟုအနက်ပေး ပြီးလျှင် "စီဝရသို့"ပုဒ်၌ (သာမိ+သံအဖြစ်ဖြင့်) စပ်စေရမည်၊ "ရဟန်း၏+သင်္ကန်း" ဟူလို။ [နိဋ္ဌိတစီဝရသို့ - ဥဒ္ဒတသို့ ကထိနေပုဒ်တို့၏ အဖွင့်မှာ ပထမ သိက္ခာပုဒ်အတိုင်းပင်။]

ကေရတ္တိပိ တိစီဝရေန ဝိပ္ပဝသေယျ– ဤ၌ "တိစီဝရိတ်"ဟု သာမည ဆိုသော်လည်း "တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း ၃ ထည်" ဟုမှတ်၊ "ညဉ့်" ဟု ဆိုရာ၌ ဝိနည်းအရာဝယ် အရုဏ်သာလိုရင်းတည်း၊ ထို့ကြောင့် "အရုဏ်တက်ချိန်၌ တိစီဝရိတ် သင်္ကန်းနှင့် ကင်းနေလျှင်, တစ်ညဉ့် (တစ်အရုဏ်) ကင်းစေကာမူ နိသဂ္ဂိထိုက်သည်" ဟူလို၊ "တိစီဝရေန" ဟု သင်္ကန်း ၃ ထည်လုံးကို ဆိုသော်လည်း သင်းပိုင်–ကိုယ်ရံ – ဒုကုဋ် ၃ ထည်လုံးနှင့် ကင်းမှမဟုတ်, ထို ၃ ထည်တွင် တစ်ထည်ထည်နှင့် ကင်းလျှင်လည်း " တိစီဝရိတ်နှင့် ကင်းသည် " ဟု

http://www.dhammadownload.com

ဆိုနိုင်သည်၊ "အပေါင်း ၃ ထည်၏ တိစီဝရအမည်ကို အစိတ် ၁ ထည် ၂ ထည်ပေါ်မှာတင်စား၍ ဧကဒေသ၌ ပစာရအားဖြင့် ၁ ထည် ၂ ထည်ကိုပင် တိစီဝရိတ်ခေါ်နိုင်သည်" ဟူလို၊ ထိုသို့ကင်းရာ၌ တစ်ထည်နှင့်ကင်းလျှင် တစ်ထည်သာ နိသဂ္ဂိထိုက်သည်-ဟုမှတ်။

အညတြ ဘိက္ခုသမ္မုတိယာ-တိစီဝရိတ် သင်္ကန်းကို သွားလေရာယူ၍ မသွားနိုင်သော ဂိလာနရဟန်းအား အဝိပ္ပဝါသသမ္မုတိ (တိစီဝရိတ်နှင့်ကင်းသော်လည်း ကင်းရာမရောက်ကြောင်း သမ္မုတိ) ကို ဂိလာနပုဂ္ဂိုလ်ကလျှောက်တောင်းလျှင် သံဃာက ပေးရသည်၊ (တောင်းပုံ ပေးပုံကို ပါဠိတော်မှာရှု၊) ဤသို့ သမ္မုတိရထားသော ဂိလာနမှာ ရောဂါမပျောက်သေးသမျှ တိစီဝရိတ်နှင့် ညဉ့်ကင်းနေသော်လည်း အာပတ်မသင့်၊ ရောဂါပျောက်လျှင်ကား သင်္ကန်းရှိရာအရပ်သို့ ဖြည်းဖြည်းသက်သာ သွားပြီးနောက် အဓိဋ္ဌာန်တင်၍ သုံးစွဲရမည်။

သင်္ကန်းထားရာဌာနများ။ ။ ရွာ-အိမ်-တိုက်-(ဘဏ္ဍာတိုက်)- ထီးတပ်အပ်သော ပြာသာဒ်, ထီးမတပ်အပ်သော ပြာသာဒ်ဦးပြည်:, လှေ, လှည်:, ပြအိုး, လယ် (ယာ), ကောက်နယ်တလင်:, သစ်ပင်, လွင်တီးခေါင်, အာရာမ်, ကျောင်းတိုက်, တန်ဆောင်:, ဤ ၁၅ ပါးသည် တိစီဝရိတ်သင်္ကန်းထားရာ အရပ်များတည်း၊ မည်သည့်အရပ်ထားလျှင် မည်သို့နေရမည် စသောခွဲခြားချက်ကိုကား ပါဠိတော် အဋ္ဌကထာမှာရှု။

[ဆောင်] ရွာ-အိမ်နှင့်-တိုက်, ထီးစိုက်-ဦးပြည်:, လှေ-လှည်:-ပြ-လယ်, ကောက်နယ်-သစ်ပင်, လွင်-အာရာမ်-ကျောင်:, တန်ဆောင်: ဆယ့်ငါး:, သင်္ကန်းထား:, မှတ်သား:အရပ်တည်:။

နိသဂ္ဂိသင်္ကန်းစွန့်ပုံ။ ။ ညဉ့်ကင်းမိ၍ နိသဂ္ဂိထိုက်သော သင်္ကန်းကို သံဃာ-ဂိုဏ်:-ပုဂ္ဂိုလ်တို့တွင် အလိုရှိရာ စွန့်နိုင်သည်၊ ပုဂ္ဂိုလ်ထံစွန့်ပုံကား-"ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခု သမ္မုတိယာ နိသဂ္ဂိယं, ဣမာ ဟं အာယသ္မတော နိသဇ္ဇာမိ" ဟူသည်တည်:။

ပါဠိလိုမဆိုတတ်လျှင် "အရှင်ဘုရား- -တပည့်တော်၏ ဤသင်္ကန်းကို (ဘိက္ခုသမ္မုတိကို ကြဉ်ထား၍) ညဉ့်ကင်းနေအပ်သည်ဖြစ်၍ စွန့်ထိုက်နေပါ

http://www.dhammadownload.com

၃။ တတိယကထိန သိက္ခာပုဒ်

ဘိက္ခုနှာ - ရဟန်း၏၊ စီဝရသို့ - သည်၊ နိဋ္ဌိတေ - လည်းကောင်း၊ ကထိနေ-ကို၊ ဥဒ္ဒတသို့-လည်းကောင်း၊ ဘိက္ခုနော ပနေဝ-ရဟန်း၏ပင်လျှင်၊ အကာလ စီဝရံ-အကာလ သင်္ကန်းသည်၊ ဥပ္ပဇ္ဇေယ္ယ - ဖြစ်အံ့၊ အာကခံမာနေန - အလို

* * * * *

သည်, ဤသင်္ကန်းကို ဘုရားရှင်အား တပည့်တော်စွန့်ပါသည်" ဟု မြန်မာလို ဆို၍လည်း စွန့်နိုင်၏၊ သင်္ကန်းက ၂ ထည် ၃ ထည်ဖြစ်လျှင် "ကြမာနိ" စသည်ဖြင့်ဆို၍, အဝေးမှာနေလျှင် "ဧတံ,ဧတာနိ" ဟုဆိုပါ၊ ထိုသို့ စွန့်ပြီးနောက် ဒေသနာပြောရခြင်း, ပြန်ပေးရခြင်း စသည်တို့မှာ နိဿဂ္ဂိယဝတ္ထု အားလုံးအတူပင်တည်း။

နိသဂ္ဂိ မထိုက်စေနည်း။ ။ တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် အရုဏ်တက်ခို့နှမ်းမှာ ညဉ့်ကင်းတော့မည်ထင်လျှင် အရုဏ်မတက်ခင် အဝေးသင်္ကန်းရှိရာကိုမှန်း၍ "ဧတံ သံဃာဋိ ပစ္စုဒ္ဓရာမိ= ထိုသင်္ကန်းကြီးကို ပစ္စုဒ္ဓိုရ်ပြုပါ၏" ဟုဆို၍ ပစ္စုဒ္ဓိုရ်ပြုလိုက်လျှင် နိသဂ္ဂိယ မထိုက်တော့ပြီ၊ အရုဏ်တက်ပြီးနောက် အဝေးရှိရာမှန်းပြီး ထပ်၍ အဓိဋ္ဌာန်တင်နိုင်သည်၊ ဤသို့ပြုလျှင် နိသဂ္ဂိ ပါစိတ်အာပတ်လည်းမသင့်, အဓိဋ္ဌာန်လည်း ထပ်မံ တင်ပြီးဖြစ်တော့သည်။

အဂ်ါ ၄ ပါး။ ။ ၁-တိစီဝရိတ် အဓိဋ္ဌာန်တင်ထားအပ်ပြီးသောသင်္ကန်းဖြစ်ခြင်း, ၂-ကထိန်မခင်းခြင်း (ခင်းသော်လည်း နှတ်ပြီးခြင်း), ၃-အဝိပ္ပဝါသ သမ္ဘုတိမရခြင်း, ၄-ညဉ့်ကင်းခြင်း, ဤ ၄ ပါးညီလျှင် နိသဂ္ဂိထိုက်၏။

[ဆောင်] **မိဋ္ဌာန်တင်လစ်, သင်္ကန်းဖြစ်သား[1], စင်စစ်ကထိန်-ခင်းမကြိမ်**
တည်း[2], နာချိန်သမ္ဘုတိ မရရှိဘဲ[3], ရဏ္ဍိအရုဏ်-ကင်းနေတုံဟု[4],
ကြောင်းစုံလေးလိ, အင်္ဂါညီ, သင့်ပြီဒုတိယ ကထိန။

၃။ တတိယ ကထိန။ ။ **စီဝရပလိဟောဓ အာဝါသပလိဟောဓ ၂** မျိုးစုံ ပြတ်ပြီးနောက်မှ ရရှိသော အကာလသင်္ကန်းကို ခံယူပြီးလျှင် ၁၀ ရက်မလွန်ခင် ချုပ်ရမည်၊ မချုပ်လောက်လျှင် ထိုအဝတ်ကို ဖြည့်၍ချုပ်ဖို့ရာ (နောက်ထပ်ရဖို့လမ်းမြင်လျှင်) မချုပ်သေးဘဲ တစ်လသာ ထားကောင်း၏၊ နောက်ထပ်ရဖို့လမ်း မြင်စေကာမူ တစ်လထက်ပို၍ ထားလျှင်ကား နိသဂ္ဂိ ပါစိတ်အာပတ်သင့်သည်ဟုပြသော သိက္ခာပုဒ်တည်း။

http://www.dhammadownload.com

ရှိသော၊ ဘိက္ခုနော-ရဟန်းသည်၊ ပတိဋ္ဌဟေတဗ္ဗံ-ခံယူနိုင်၏၊ ပတိဋ္ဌဟေတ္တာ-ခံယူပြီး၍၊ ခိပ္ပမေဝ-ဆယ်ရက်မလွန်ခင် အလျင်အမြန်သာလျှင်၊ ကာရေတဗ္ဗံ-ပြုစေထိုက်၏၊ ပါရိပူရိ-ပြည့်စုံလုံလောက်ခြင်းသည်၊ နောစသ (နော+စေ+အသ)-အကယ်၍မဖြစ်အုံ၊ ဥုနသ-ယုတ်လျော့သောသက်နံ့၏၊ ပါရိပူရိယာ-ပြည့်စုံလုံလောက်ဖို့ရာ၊ ပစ္စာသာယ-သက်နံ့၌ အာသာသည်၊ သတိယာ-ရှိလသော်၊ မာသပရမံ-တစ်လအလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ တေနဘိက္ခုနာ-ထိုရဟန်းသည်၊ တံစီဝရံ-ကို၊ နိက္ခိပိတဗ္ဗံ-ထားနိုင်၏၊ ပစ္စာသာယ-သက်နံ့၌ အာသာသည်၊ သတိယာပိ-ရှိပါ သော်လည်း၊ တတော-ထိုတစ်လထက်၊ ဥတ္တရိ-အလွန်၊ စေနိက္ခိပေယ္ယ - အကယ်၍ထားအုံ၊ တဿဘိက္ခုနော နိသဋ္ဌိယ် ဟောတိ။

* * * * *

အကာလစီဝရံ-ရှေးဦးစွာ စီဝရကာလနှင့် စီဝရအကာလကို ခွဲခြားရာ၏၊ စီဝရကာလဟူသည် (ဤနေရာ၌) သက်နံ့ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားခွင့်ရရာအခါတည်း၊ စီဝရအကာလ ဟူသည်ကား အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားခွင့်မရရာအခါတည်း၊ ထို့ကြောင့် ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လသည် စီဝရကာလ၊ တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်အထိ ၁၁ လသည် စီဝရအကာလ၊ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍ တပေါင်းလပြည့်အထိ ၅ လသည် စီဝရကာလ၊ တပေါင်းလပြည့်ကျော် တစ်ရက်မှစ၍ သီတင်းကျွတ်လပြည့်အထိ ၇ လသည် စီဝရအကာလတည်း၊ ထိုအကာလ၌ရရှိသော အဝတ်ကို အကာလ စီဝရဟုခေါ်သည်။ [ဤနေရာဝယ် ကခ်ါအဌကထာ၌ အကာလစီဝရ အမျိုး မျိုးကို ပြထားသေး၏၊ ထိုအမျိုးမျိုးသည် ဤသိက္ခာပုဒ်၌ လိုရင်းမဟုတ်ကြောင်း ဋီကာသစ်မှာရှု။]

ဥပ္ပဇ္ဇေယ္ယ-"ဥပ္ပဇ္ဇေယ္ယ" အရ "ဖြစ်" ဟူသည် "ရခြင်း" ပင်တည်း၊ သံယာမှဝေစုရ၍ဖြစ်စေ တစ်ယောက်ယောက်က လှူ၍ဖြစ်စေ မိမိ၏ကပ္ပိယ ဘဏ္ဍာဖြင့် လဲလှယ်ကပ္ပိယူ၍ဖြစ်စေ တစ်နည်းနည်းဖြင့်ရခြင်းကို ဥပ္ပဇ္ဇေယ္ယဟု ခေါ်သည်။ [အကာလစီဝရဟု ဆိုသော်လည်း သက်နံ့လျှာ (သက်နံ့ချုပ်ဖို့

http://www.dhammadownload.com

အလောင်းအလျာအဝတ်)ဖြစ်ကြောင်းကိုသိပါ၊ ဝိနည်း၌ စီဝရဟုလာတိုင်း သင်္ကန်းချုပ်ပြီးဟု မမှတ်ရ, များသောအားဖြင့် သင်္ကန်းလျာ အဝတ်ကိုပင် စီဝရဟု ဆိုလေ့ရှိသည်။]

အာကစ်မာနေန၊ ဃ၊ ဒီပွမေဝ ကာရေတွဲ–အကာလစီဝရဖြစ်ပေါ် လာလျှင် လက်ခံလိုက လက်ခံနိုင်၏၊ လက်ခံပြီးနောက် အမြန်ချုပ်စေရမည်၊ "အမြန်" ဟု ဆိုသော်လည်း ပထမကထိနသိက္ခာပုဒ်၌ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ၁၀ ရက်ထက်ပို၍ မထားကောင်းဟု ဆိုသောကြောင့် ၁၀ ရက် အတွင်းမှာ ပြီးအောင်ချုပ်–ဟု ဆိုလိုသည်၊ ဝိကပ္ပနာပြုထားလျှင် သို့မဟုတ် ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်တင်ထားလျှင်ကား အလျင်အမြန် ချုပ်ဖွယ်မလိုပါ, တိစီဝရိတ် အဓိဋ္ဌာန်တင်မည့် ပုဂ္ဂိုလ်အတွက်သာ ၁၀ ရက်အတွင်းပြီးအောင် အမြန် ချုပ်ရမည်–ဟု မိန့်တော်မူခြင်းဖြစ်သည်။

နောစသ ပါရိပူရိ၊ ဃ၊ နိက္ခိပိတွဲ–ထိုရရှိသော အဝတ်က တိစီဝရိတ် အဓိဋ္ဌာန် တင်လောက်သော သင်းပိုင်ဖြစ်စေ ကိုယ်ရံ–ဒုကုဋ် တစ်ထည်ထည် ဖြစ်စေ မလောက်မငဖြစ်နေလျှင် အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ တစ်လတိတိထား ကောင်းသေး၏။ [ဤခွင့်ပြုချက်ကြောင့် တိစီဝရိတ် အဓိဋ္ဌာန်တင်၍ သုံးဆောင်မည့် စီဝရအတွက် ပထမကထိန သိက္ခာပုဒ်လာ ၁၀ ရက်ထက် အရက်နှစ်ဆယ်အပို (အားလုံးတစ်လ) ထားခွင့်ရလေသည်၊ ထိုတစ်လခွင့် ပေးခြင်းမှာလည်း ရရှိသော အဝတ်က မလောက်မငဖြစ်နေ၍ နောက်ထပ် ရဉီးမည့်အဝတ်စနှင့် ရောစပ်ဖို့ရန် ဖြစ်သည်၊ "ပါရိပူရိယာ" ပုဒ်ကို "နိက္ခိပိတွဲ" ပုဒ်၌ တဒတ္ထသမ္ဘဒါန် အဖြစ်ဖြင့် စပ်ရမည်။]

သတိယာ ပစ္စာသာယ–[ပစ္စာသာ=ပတိ+အာသာ။] ပစ္စာသာဟူသည် အဝတ်ရလိမ့်ဦးမည်–ဟု မျှော်လင့်ချက်တည်း၊ ထိုမျှော်လင့်ချက်ကို "အာသာ" ဟုခေါ်သည်၊ မူလရပြီး၌ မချုပ်လောက်သေးသော အဝတ်ကို တစ်လ ထားနိုင်သည်ဟု ဆိုသော်လည်း သံဃာ့အထံမှ ဝေစုဖြစ်စေ တစ်ယောက် ယောက်ထံမှဖြစ်စေ မိမိကပ္ပိယဘဏ္ဍာဖြင့် လဲလှယ်၍ဖြစ်စေ နောက်ထပ်ရဖို့ မျှော်လင့်ချက်ရှိမှသာ ထားနိုင်သည်၊ မျှော်လင့်ချက် မရှိလျှင်ကား တစ်လ မထားရ, ပထမကထိနသိက္ခာပုဒ် ပညတ်တော်အတိုင်း ၁၀ ရက် အတွင်းမှာပင် ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်နှင့် ဝိကပ္ပနာ တစ်ခုခု ပြုရမည်ဟူလို။

http://www.dhammadownload.com

တတောစေ၊ ဃ၊ သတိယာဝီ ဝစ္ဆာသာယ–သင်္ကန်းလျှာအဝတ်ရဖို့ရာ ချော်လင့်ချက် အာသာရှိစေကာမူ တစ်လထက်ပို၍ကား မထားကောင်းတော့ချေ, တစ်လထက်ပို၍ထားလျှင် နိသဂ္ဂိပါစိတ်အာပတ် သင့်တော့သည်၊ (ရလိမ့်မည်ဟု မျှော်လင့်အပ်သော) ပစ္စာသာသင်္ကန်း ရလာသည့်အခါ မူလထားသောသင်္ကန်းနှင့် အမျိုးအစားမတူလျှင် နောက်ထပ်မျှော်လင့်ဖွယ်ရှိသေးက မူလသင်္ကန်းကို ပရိကွာရစောင့ အဓိဋ္ဌာန်တင်၍ နောက်ရအပ်သော ပစ္စာသာသင်္ကန်းကို မူလသင်္ကန်းလုပ်ပြီးလျှင် နောက်တစ်လထားကောင်းသေး၏၊ ဤနည်းအတိုင်း ဆက်ကာဆက်ကာ အမျိုးချင်းမတူသော သင်္ကန်းရနေပါလျှင် ဤနည်းအတိုင်းပင် မချုပ်သေးဘဲ ဆက်ကာဆက်ကာ ကထိန်မခင်းလျှင် ၁၁ လ, ကထိန်ခင်းလျှင် ၇ လ–(ဤသိက္ခာပုဒ်အရ) ထားကောင်း၏၊ သင်္ကန်းကာလ ရောက်မူကား ပထမကထိနသိက္ခာပုဒ် ထုံစံအတိုင်းပင် ထားကောင်းပြီ။ [ယခုကာလ၌ကား ချုပ်ပြီးသင်္ကန်းသာ အရများသောကြောင့် ဤသိက္ခာပုဒ်အရ ပြုကျင့်ဖွယ် မလိုလှတော့ချေ။]

စွန့်ပုံနှင့်အဂါ။ ။ ထိုသိက္ခာပုဒ်အရ နိသဂ္ဂိသင်္ကန်းလျှာအဝတ်ကို စွန့်ပုံကား–"ဣဒံ မေ ဘန္တေ အကာလစီဝရံ မာသာတိက္ကန္တံ နိသဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိသဇ္ဇာမိ" ဟု ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ စွန့်ရမည်။ ["ဣဒံ အကာလစီဝရံ–ဤအကာလသင်္ကန်းကို၊ မာသာတိက္ကန္တံ–တစ်လလွန်သည်ဖြစ်၍" ဟု အနက်ဆို၊] အဂါများကား–ပထမကထိနအဂါတွင် "ဆယ်ရက်လွန်ခြင်း" အစား "တစ်လလွန်ခြင်း" ဟု လဲလှယ်ကာ အဂါ ၅ ပါးပင်ရှိသည်။

[ဆောင်] ပထမကထိန, အင်ငါးဝ၌, တစ်လလွန်အင်, ဆယ်ရက်တွင်, လဲလျှင်တတိယကထိန။

၁၅။ လေကျင့်ခန်းမေးခွန်းများ

ကပ။ ဒုတိယ ကထိနသိက္ခာပုဒ်ကို အချုပ်မျှပြပါ။

ခ။ "တိစီဝရေန ဝိပ္ပဝေယျ" ၌ အဘယ် တိစီဝရိတ်ကို ယူရမည်နည်း, ပရိကွာရစောင့ ဝိကပ္ပနာ တစ်ခုခုပြုထားသော တိစီဝရိတ်ပါလော။

http://www.dhammadownload.com

၈။ "တိစီဝရေန" ဟု ဆိုသောကြောင့် ၃ ထည်လုံးနှင့် ညဉ့်ကင်းမှ နိသဂ္ဂိ ထိုက်သည်ဟု မှတ်ရမည်လော, ဘာဥပစာ စကားပါနည်း။

၈။ "ဘိက္ခုသမ္မုတိ" ဟူသည် ဘယ်လို သမ္မုတိပါနည်း, ထိုသမ္မုတိရသော ရဟန်းမှာ ဘယ်လိုလွတ်လပ်ခွင့် ရပါသနည်း။

၈။ ရတ္တိဝိပ္ပဝတ္ထ (ညဉ့်ကင်းသော) နိသဂ္ဂိသက်နှိုးစွန့်ပုံကိုပြ၍, နိသဂ္ဂိမထိုက်အောင် ပြုနည်းကိုလည်း ပြပါ။

၈။ ဒုတိယကထိန သိက္ခာပုဒ်အင်္ဂါကို ပြပါ။

ဆ။ တတိယကထိန သိက္ခာပုဒ်ကို အချုပ်မှုပြပါ။

ဇ။ အကာလစီဝရ်နှင့်စပ်၍ စီဝရကာလ-စီဝရအကာလကို ခွဲပြပါ။

ဈ။ "ထိုအကာလသက်နှိုးကို ခံယူပြီးနောက် အမြန်ချုပ်ရမည်" ဟူရာ၌ ဘယ်လောက်မြန်အောင် ချုပ်ရမည်နည်း။

ည။ ထိုရရှိသော သက်နှိုးလျှာကို ပရိက္ခာရစောင့် အဓိဋ္ဌာန် တင်ထားလျှင် ဖြစ်နိုင်ပါလျက် ဘယ်လိုဆောင်ထားလိုသော ပုဂ္ဂိုလ်အတွက် "အမြန်ချုပ်ရမည်" ဟု တိုက်တွန်းပါသနည်း။

ဋ။ "မချုပ်လောက်လျှင် တစ်လထားခွင့်ရ၏" ဟူရာ၌ ပစ္စာသာသက်နှိုးမရှိဘဲ ထားခွင့်ရမည်လား, အဘယ် သက်နှိုးမျိုးကို ပစ္စာသာသက်နှိုး-ဟု ခေါ်ပါသနည်း။

ဌ။ ပစ္စာသာသက်နှိုးနှင့် မူလသက်နှိုးတို့ တွဲဖက်ချုပ်ဖို့မသင့်လျှင် ပစ္စာသာသက်နှိုးကို ဘယ်လိုလုပ်၍ မူလသက်နှိုးကို ဘယ်လိုလုပ်ထားကနောက်ထပ် တစ်လထားခွင့်ရသေးသနည်း, ဤနည်းအတိုင်း ထားသွားလျှင် လပေါင်းမည်မျှ ဆက်ကာဆက်ကာ ဤသိက္ခာပုဒ်အရ ထားခွင့်ရမည်နည်း။

ဍ။ တစ်လလွန်သော နိသဂ္ဂိသက်နှိုး စွန့်ပုံကိုပြ၍, သိက္ခာပုဒ် အင်္ဂါကိုလည်း ပြပါ။

---

http://www.dhammadownload.com

၄။ ပုရာဏစီဝရ သိက္ခာပုဒ်

ယောပန ဘိက္ခု-သည်၊ အညာတိကာယ-ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ-ရဟန်းမကို၊ ပုရာဏစီဝရ-သင်္ကန်းဟောင်းကို၊ ဓောဝါ ဃယျုဝါ-ဖွပ်မှုလည်း ဖွပ်စေအံ့၊ ရဇာပေယျုဝါ-ဆိုးမှုလည်း ဆိုးစေအံ့၊ အာကောဋာပေယျုဝါ-ထုရိုက်မှုလည်း ထုရိုက်စေအံ့၊ တဿ ဘိက္ခုနော-ထိုရဟန်း၏၊ (တံ စီဝရ-ထိုသင်္ကန်းကို)၊ နိသဂ္ဂိယ-စွန့်အပ် စွန့်ထိုက်၏၊ ပါစိတ္တိယ-ပါစိတ်အာပတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ [အဖွင့်တစ်မျိုးအတိုင်း အနက်တစ်မျိုးပေးလိုက်သည်၊ ဖွင့်ပုံကို ပထမကထိန သိက္ခာပုဒ် ပြန်ကြည့်။]

* * * * *

၄။ ပုရာဏစီဝရ။ ။ ဆွေမျိုးမတော်သော ဘိက္ခုနီကို သင်္ကန်းအဟောင်းကို အဖွပ်ခိုင်း-အဆိုးခိုင်း-အထုအရိုက်ခိုင်းလျှင် နိသဂ္ဂိပါစိတ်အာပတ်သင့်၏။ [ယခုအခါ ဘိက္ခုနီမရှိသောကြောင့် ဤသိက္ခာပုဒ်ကိုလည်း အထူးမကျင့်ရတော့ပြီ။]

အညာတိကာယ။ ။ "ဉာယတိ-(အတွင်းသား-ဟု) သိအပ်၏၊ ဣတိ-ထို့ကြောင့်၊ ဉာတိ-မည်၏၊ ဉာတိဇေ-ဉာတိသည်ပင်၊ ဉာတိကာ-ဉာတိကာမည်၏"၊ အတွင်းသားမဟုတ်သူ သွေးသားမစပ်သူကို "အညာတိ" ဟုခေါ်၏၊ [အညာတိကာယ၌ နာဝိဘတ်ကို "ကာရိတ်ကဲ" ဟုသဘောထား၍ "ကို" ဟု အနက်ပေးသည်၊ ဓာတ်ကတ္တားလည်း သင့်ပါ၏။]

ဉာတိမျှား။ ။ "ဘ-ဘိုး-ဘေး-ဘီ-ဘင်-ဘောင်-ဘော" ဟု အထက် ၇ ဆက်, "သား-မြေး-မြစ်-တီ-တွတ်-ကျွတ်-ကျွတ်ဆက်" ဟု အောက် ၇ ဆက်ရှိ၏၊ ဘ-ဘိုးစသည်၌ အမိ-အဘွား စသော မိန်းမများကိုလည်းကောင်း, သား စသည်၌ သမီးစသည်ကိုလည်းကောင်း ယူပါ။ [ဘိုး၏အဘကို ဘေး, ဘေး၏အဘကို ဘီ စသည်ဖြင့်လည်းကောင်း, မြေး၏သားကိုမြစ်, မြစ်၏သားကိုတီ စသည်ဖြင့်လည်းကောင်း သိပါ।] ဤသို့ဆွေ ၇ ဆက် မျိုး ၇ ဆက်တွင် (အထက်အောက်မှ) မပါဝင်သူ သွေးသားချင်း ဆက်သွယ်၍ မရနိုင်သူကို "အညာတိက" ဟုခေါ်ကြသည်၊ ထို့ကြောင့် သား၏မယားနှင့် ထိုမယားဘက်မှ ဆက်သွယ်လာသူတို့သည် ယခုအခါ၌ ဆွေမျိုးဟု အသိအမှတ် ပြုရသော်လည်း ဝိနည်းတော်အရ ဆွေမျိုးစာရင်းတွင် မပါဝင်ကြ-ဟု မှတ်။

http://www.dhammadownload.com

ဆွေမျိုးဆက်ပုံ။ ။ ဘ=ပထမဆွေမျိုး၊ ဘိုး=ဒုတိယ၊ ဘိုး၏ သားသမီး ဖြစ်သော (ဘ၏ညီအစ်ကို မောင်နှမအရင်းဖြစ်သော) ဦးကြီး ဦးလေး စသည်=တတိယ၊ ထိုတတိယ၏ သားသမီးဖြစ်သော (တစ်ဝမ်းကွဲ ညီအစ်ကို မောင်နှမ)=စတုတ္ထ၊ ထိုစတုတ္ထ၏ သားသမီးဖြစ်သော (တစ်ဝမ်းကွဲတူ)=ပဉ္စမ၊ ထိုပဉ္စမ၏ သားသမီးဖြစ်သော (တစ်ဝမ်းကွဲမြေး)=ဆဋ္ဌ၊ ထိုဆဋ္ဌ၏ သား သမီးဖြစ်သော (တစ်ဂမ်းကွဲမြစ်)=သတ္တမ၊ တစ်ဝမ်းကွဲမြစ်မှ နောက်၌ ဥတိစာရင်း မဝင်တော့ပြီ၊ ဤနည်းအတိုင်း ဘိုး=ဒုတိယ၊ ဘော=တတိယ၊ ဘိုး၏ မောင်နှမ အရင်းဖြစ်သော (ဘိုးလေး-ဘွားလေး) စတုတ္ထ၊ ထိုစတုတ္ထ၏ ညီအစ်ကို သားသမီး စသည်ကိုလည်း ပဉ္စမ-ဆဋ္ဌ စသည်ဖြင့် ဆက်လေ၊ အောက်ဘက်မှာလည်း "သား=ပထမ၊ မြေး=ဒုတိယ" စသည်ဖြင့် ဆက်လေ။

ပုရာဏစီဝရဲ့။ ။ ဆိုးပြီး ကပ္ပဒိန္နုဆိုးပြီးသော ဝတ်လောက်သည့် သက်နုံးကို ဤသိက္ခာပုဒ်၌ "စီဝရ" ဟုခေါ်၏၊ "ဟောင်း" ဟူရာ၌ သုံးစွဲ သည့် အနေအားဖြင့် တစ်ကြိမ်သုံးဖူးလျှင် (ဦးခေါင်းပေါ် တင်သွားဖူး-ခေါင်းအုံးလုပ်၍ အုံးဖူးလျှင်ပင်) "အဟောင်း" စာရင်းဝင်တော့သည်။

တောဝါဃယျ၊ ပေ၊ အာကောဌာဃယျ-အဖွပ်ခိုင်းခြင်းဟူသည် အညစ် အကြေး ကင်းစင်သွားအောင် အလျှော်ခိုင်းခြင်းတည်း၊ အဆိုးခိုင်းခြင်း ဟူသည် ဆိုးပြီးသားကိုထပ်၍ အဆိုးခိုင်းခြင်းတည်း၊ အထု အရိုက်ခိုင်းခြင်း ဟူသည်၊ သက်နုံးဖွပ်သောအခါ အညစ်အကြေးများ ကုန်စင်အောင် လက်ဖြင့်ထု စေခြင်း အဝတ်ဖွပ်တုတ်ဖြင့် ရိုက်နှက်စေခြင်းတည်း။ [ရှေးက "အာကော ဌာပေယျ-နယ်စေအုံ" ဟု အနက်ပေးကြသည်မှာ-"အကောဌေဟိတိ၊ ပေ၊ သကိ ပါဏိပဟာရံဝါ (လက်ဖြင့်ထုရိုက်ခြင်း) မုဂ္ဂရပဟာရံဝါ (လက်ရိုက်ဖြင့် ရိုက်ခြင်း) ဒိန္နေ နိသဂ္ဂိယံ ဟောတိ" ဟူသော ပါဠိတော်နှင့်မလျော်။]

အဂါ ၃ ပါး။ ။ ၁-သက်နုံးဟောင်းဖြစ်ခြင်း, ၂-၁၂ တောင် ဥပစာ ၌နေ၍ ဆွေမျိုးမတော်သော ဘိက္ခုနီကိုစေခိုင်းခြင်း, ၃-ထိုဘိက္ခုနီက ဖွပ်-ဆိုး-ထုရိုက်မှုတစ်ခုခုပြုလုပ်ခြင်း, ဤအဂါနှင့်ညီလျှင် နိသဂ္ဂိထိုက်၏။ [ဖွပ်-ဆိုး- ၂ ခုခိုင်းရာ၌ တစ်ခုကြောင့်နိသဂ္ဂိယ, အခြားတစ်ခုကြောင့် ဒုက္ကဋ်၊ ၃ ခုလုံးခိုင်းရာ ၁-ခုကြောင့် နိသဂ္ဂိ, အခြား ၂ ခုကြောင့် ဒုက္ကဋ် ၂ ချက်ဟုသိလေ၊ စွန့်ပုံကို ကခ်ါမှာရှု။]

[ဆောင်] သက်နုံးဟောင်းပြီ^{3}, ဆွေမသီသည့်-မယ်နီဘိက္ခု-
စေခိုင်းမှုနှင့်^{2}, ဖွပ်-ထု-ဆိုးခြင်း-သုပြုလျှင်^{2}ဟု,
ကြောင်းရင်းသုံးလီ, အဂါညီ, သင့်ပြီ ပုရာဏစီဝရ။

http://www.dhammadownload.com

၅။ စီဝရ ပတိဋ္ဌဟဏ သိက္ခာပုဒ်

ယောပန ဘိက္ခု-သည်၊ ပါရိဝတ္တကာ-လဲလှယ်အပ်သော သင်္ကန်း-ကို၊ အညတြ-ကြဉ်ထား၍၊ အညာတိကာယ-ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ-ရဟန်းမ၏၊ စီဝရ-သင်္ကန်း-ကို၊ ပတိဋ္ဌဏှောယျ-ခံယူအံ့၊ တဿဘိက္ခုနော-၏၊ တံ စီဝရ-ကို၊ နိသဂ္ဂိယ-၏၊ ပါစိတ္တိယ-သည်လည်း၊ ဟောတိ-၏။

၆။ အညာတကဝိညတ္တိ သိက္ခာပုဒ်

ယောပန ဘိက္ခု-သည်၊ အညာတက-ဆွေမျိုးမတော်သော၊ ဂဟပတိ-ဝါ-အိမ်ရှင်ယောကျ်ားကိုသော်လည်းကောင်း၊ ဂဟပတာနိ-ဝါ - အိမ်ရှင်မကိုသော်လည်းကောင်း၊ သမယာ-အခါကို၊ အညတြ-ကြဉ်ထား၍၊ စီဝရ-သင်္ကန်း-ကို၊ ဝိညာပေယျ-တောင်းအံ့၊ တဿ ဘိက္ခုနော-၏၊ တံစီဝရ-ကို၊ နိသဂ္ဂိယ-ထိုက်၏၊ ပါစိတ္တိယ-လည်း၊ ဟောတိ-၏၊ တတ္ထ-ထိုအညတြ သမယာ ဟူသော ပါဠိ၌၊ အယ-ဤဆိုအပ်လတ္တံ့ကား၊ သမယော-

* * * * *

၅။ စီဝရ ပတိဋ္ဌဟဏ။ ။ လဲ၍ယူခြင်းမဟုတ်ဘဲ ဆွေမျိုးမတော်သော ဘိက္ခုနီ၏သင်္ကန်း-ကို ခံယူလျှင် ထိုသင်္ကန်းလည်း စွန့်အပ်၏၊ ပါစိတ်အာပတ်လည်းသင့်၏၊ ဤသိက္ခာပုဒ်၌ "**စီဝရ**" ဟူသည် အဓိဋ္ဌာန် ဝိကပ္ပနာ လောက်သော အဝတ်ပင်တည်း၊ ပိတ်တို ဖျင်စ စသည်နှင့်တကွ ထိုသင်္ကန်း-ကို ဆီးဖြူသီး ဖန်ခါ:သီးမျှဖြင့်လည်း လဲယူလျှင်လည်းကောင်း, လဲမည်-ဟု နှလုံးသွင်း၍ ယူလျှင်လည်းကောင်း ယူကောင်း၏၊ လဲ၍ယူခြင်းမဟုတ်ဘဲ တောင်း၍ဖြစ်စေ သူ့အလိုအလျောက် လာရောက်လှူဒါန်း၍ဖြစ်စေ လက်ခံယူထားလျှင် နိသဂ္ဂိပါစိတ်အာပတ်သင့်၏။ [စွန့်ပုံကို အဌကထာမှာရှု။]

အင်္ဂါ ၃ ပါ:။ ။ ၁-အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းဖြစ်ခြင်း, ၂-လဲလှယ်မှုမရှိခြင်း, ၃-ဆွေမျိုးမတော်သော ဘိက္ခုနီလက်မှ ခံယူခြင်း, အင်္ဂါ ၃ ပါ:တည်း။ [သူ့လက်က တိုက်ရိုက်မဟုတ်ဘဲ, လူသာမကောကို တစ်ဆင့် အလှူခိုင်းလျှင် ခံယူကောင်း၏။]

[ဆောင်]ဓိဋ္ဌာန်ဝိကပ်-လောက်လတ်ဝတ်ထည်[1], လဲလှယ်မရှိ[2], အညာ
တိက-နီလက်မှယူ[3], အင်သုံးဆူ, စုံမှူသင့်ရ ပတိဋ္ဌဟ။

http://www.dhammadownload.com

အခါတည်း၊ ဘိက္ခု-ရဟန်းသည်၊ **အစ္ဆိန္နဿ** စိဝရောဝါ-လုယူအပ်သော သက်နှံ:ရှိသူသော်လည်းကောင်း၊ **နဋ္ဌစိဝရောဝါ**-ပျက်စီးသော သက်နှံ:ရှိသူသော်လည်းကောင်း၊ ဟောတိ-အံ့၊ အယံ-ဤအခါကား၊ တတ္ထ-ထိုအညတြ သမယာဟူသော ပါဠိ၌၊ သမယော-အခါတည်း။

* * * * *

၆။ အညာတက ဝိညတ္တိ။ ။ ဆွေမျိုးမတော်သော လူဒကာ ဒကာမကို တောင်းသင့်ရာမဟုတ်သော အခါ၌ သက်နှံ:တောင်းလျှင် နိသဂ္ဂိထိုက်၏၊ တောင်းသင့်ရာအခါကား-သူခိုး မင်း စသူတို့ လုယူသွား၍ဖြစ်စေ, မီး ရေ စသည်ကြောင့် ပျက်စီးသွား၍ဖြစ်စေ လုံးလုံးဝတ်ဖို့မရှိရာ အခါတည်း။

ဂဟပတိ ဂဟပတာနီ-"ဂဟဿ-အိမ်၏ +ပတိ-အရှင်တည်း" ဟူသော ဝိဂ္ဂြိဟ်အရ အိမ်ပိုင်ရှိသူကို "ဂဟပတိ, ဂဟပတာနီ" ဟု ခေါ်ရရှိ:တည်း၊ သို့သော် ဤသိက္ခာပုဒ်ကား ရဟန်:သာမဏေမှတစ်ပါ: (အိမ်ပိုင်ရှိရှိ-မရှိရှိ ကိတ္တိ ပရိဋ္ဌိခ်ိန်တို့ပါမကျန်) ဂဟပတိမည်၏၊ ထို့အတူ ဘိက္ခုနီသိက္ခာမာန် သာမဏေတို့မှတစ်ပါ: အား:လုံ:သော မိန်:မများကို ဂဟပတာနီဟုခေါ်သည်။

စိဝရံဝိညာပေယျ-စိဝရံအရ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်မှ စ၍ အဝတ်အား:လုံ:ကိုယူ၊ "ဝိညာပေယျ" ၌ "သိစေအံ့" ဟုသာ သဒ္ဒါနက် ထွက်၏၊ "သိစေ" ဟူသည် "မိမိအလိုရှိကြောင်:ကို သိစေခြင်:"တည်:၊ ထိုသိစေခြင်:ဟူသည်လည်: ကိုယ်တိုင်တောင်:ခြင်: သူတစ်ပါ:ကို အတောင်:ခိုင်:ခြင်:ပင်တည်:၊ ထို့ကြောင့် ဝိညာပေယျကို "ယာစေယျဝါ ယာစာပေယျဝါ" ဟုဖွင့်သည်။

အစ္ဆိန္နဿ စိဝရော နဋ္ဌစိဝရော။ ။ ခိုးသူ ဓားပြ မင်: စသူတို့ အလုခံရသူကို "အစ္ဆိန္နဿ စိဝရ" ဟုလည်:ကောင်:, မီ:လောင်-ရေမျော-ကြွက်ကိုက်ခြင်: စသည်ကြောင့် ပျောက်ပျက်သော သက်နှံ:ရှိသူကို "နဋ္ဌစိဝရ" ဟုလည်: ကောင်:ခေါ်၏၊ ထိုအခါသည် တောင်:ကောင်:ရာ အခါတည်:၊ တောင်:ဖို့ရာ လူမရှိသောအရပ်ဖြစ်လျှင် သစ်ပင်မှ သစ်ခက်ကို ကိုယ်တိုင် ခုတ်ဖြတ်ချိုး:ယူကောင်:၏၊ ထိုသစ်ရွက်များ:ကို လျှော်ဖြင့်တွဲစပ်၍ ဝတ်သွား:ရမည်၊ အချည်:နီ: အဝတ်မဝတ်ဘဲကား: မသွား:ကောင်:။

အဂါ ၄ ပါ:။ ။ ၁-အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သက်နှံ:ဖြစ်ခြင်:, ၂-သမယမဟုတ်ခြင်:, ၃-ဆွေမျိုးမတော်သူကိုတောင်:ခြင်:, ၄ တောင်:ရ

http://www.dhammadownload.com

၇။ တတုတ္တရိ သိက္ခာပုဒ်

တံ–ထိုအစ္ဆိန္နစီဝရ နဌစီဝရ ရဟန်းကို၊ အညာတကော–ဆွေမျိုးမတော်သော၊ ဂဟပတိဝါ–အိမ်ရှင်ယောကျ်ား သည်သော်လည်းကောင်း၊ ဂဟပတာနီဝါ–အိမ်ရှင်မ သည်သော်လည်းကောင်း၊ ဗဟူဟိ–များစွာကုန်သော၊ စီဝရေဟိ–သင်္ကန်းတို့ဖြင့်၊ အဘိဟဋ်–ဆောင်ယူဖို့ ရာ၊ ဝါ–ရှေးရှုဆောင်ယူ၍၊ ဧဝပဝါရေယ္ယ–အကယ်၍ ဖိတ်မန်အံ့၊ တေန ဘိက္ခုနာ–ထိုရဟန်းသည်၊ တတော–ထိုသင်္ကန်းအများမှ၊ သန္တ ရတ္တရုပရမံ–သင်းပိုင်နှင့်တကွ ကိုယ်ရံ့အလွန် အတိုင်းအရည်ရှိသော၊ စီဝရံ–ကို၊ သာဒိတဗ္ဗံ–သာယာနိုင်၏၊ တတော–ထိုသင်းပိုင် ကိုယ်ရံ့ထက်၊ ဥတ္တရိ–အပို၊ စေသာဒ ယေယ္ယ–အကယ်၍ သာယာအံ့၊ တသ ဘိက္ခုနော–၏၊ တံစီဝရံ–ကို၊ နိသဂ္ဂိယံ–၏၊ ပါစိတ္တိယံ–လည်း၊ ဟောတိ–၏။

* * * * *

ရခြင်းအားဖြင့် အင်္ဂါ ၄ ပါးညီမှသာ နိသဂ္ဂိထိုက်၏။ [၃–ဆွေမျိုးမတော်သော်လည်း ဖိတ်မန်ထား၍ ပဝါရိတ ရသူကိုလည်း တောင်းကောင်းသေး၏၊ ၄–"တောင်း၍ရမှ နိသဂ္ဂိထိုက်သည်"ဟု ဆိုသော်လည်း မရခင်တောင်းသည် အခိုက်မှာပင် ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်သေး၏၊ ဤသိက္ခာပုဒ်ကို ဉာတိပဝါရိတ မဟုတ်သူထံ သင်္ကန်းကို တောင်းခြင်းကြောင့် ပညတ်တော်မူသည်၊ နောက်၌ ဆွမ်းဟင်းများ တောင်းခြင်းကြောင့် "သူပေါဒနဝိညတ္တိ" သိက္ခာပုဒ် လာဦးလတ္တံ့၊ ထိုသိက္ခာပုဒ်ကျမှ အကျယ်ပြဦးမည်။]

[ဆောင်] ဓိဋ္ဌာန်ဝိကပ်, လောက်အပ်လေရာ[1], အခါမလျော်[2], ဆွေမတော်တောင်း[3], ရခြင်းပေါင်း၍[4], အကြောင်းလေးလီ, အင်္ဂါညီ, သင့်ပြီဝိညတ္တိ။

၇။ တတုတ္တရိ။ ။ ရှေ့ ၆ နံပါတ် သိက္ခာပုဒ်၌ ပြအပ်ခဲ့သော အစ္ဆိန္နစီဝရ နဌစီဝရရဟန်းကို ဆွေမျိုးမတော်သော (ဖိတ်မန်ထားသူလည်း မဟုတ်သော) ဒကာ ဒကာမတို့ကသိ၍ များစွာသောသင်္ကန်း (အဝတ်)တို့ဖြင့် ဖိတ်မန်လျှင် ထိုသင်္ကန်းအများမှ သင်းပိုင်နှင့် ကိုယ်ရံ့ (တစ်စုံ) မျှကိုသာ သာယာကောင်းသည်၊ ထို့ထက်ပို၍ သာယာလျှင် (ယူလျှင်) နိသဂ္ဂိပါစိတ်တည်း။

အညာတကော–တောင်းဖို့အရာဝယ် "ဉာတက" ဟု လာသမျှ၌ "ပဝါရိတ=ဖိတ်မန်သူကိုပါ" ယူရမည်၊ ဖိတ်မန်ထားသူကို "ပဝါရိတရသူ"ဟု

http://www.dhammadownload.com

ခေါ်၏၊ ထိုပဝါရိတရသူသည် သူတို့ဖိတ်ထားအပ်သော ပစ္စည်းကို(သင်္ကန်း ဖြစ်လျှင် သင်္ကန်း-ပစ္စည်း ၄ ပါးလုံးဖြစ်လျှင် ၄ ပါးလုံးကို) တောင်းခံရာ၌ ဆွေမျိုးများနှင့် မထူးပြီ၊ သို့ရာဝယ် သူတို့အကြည်ညိုပျက်မှုနှင့် သိသောအခါ၌ မတောင်းကောင်းတော့ချေ။ ["ပဝါရေတွာပိ အဒါတုကာမော အပဝါရိတ ဌာနေ တိဋ္ဌတိ"-အညာတကဝိညတ္တိသိက္ခာပဒ, သာရတ္ထဋီကာ။]

အဘိဟट्ठे-[အဘိ+ဟရဓာတ်, တုံ့ပစ္စည်း, ဓာတွန်ကိုချေ, တကိုင်ပြု၊] ၂ နက်တွင် ပထမနက်၌ အဘိအနက်မရှိ၊ "ဟट्ठे=ဟရိတုံ=ဂဏှိတုံ-ယူဖို့ရာ"ဟုပေး၊ ရဟန်းအလိုရှိသလို ယူဖို့ရာ သင်္ကန်းများစွာဖြင့် ဂဟပတိကဖြစ်စေ ဂဟပတာနီကဖြစ်စေ ဖိတ်မန်သည်-ဟူလို၊ နောက်အနက်၌ တုံ့ပစ္စည်းသည် "၍"ဟု အနက်ထွက်၍ တွာပစ္စည်းနှင့် အနက်တူတည်း၊ "အဘိ=ရှေးရှု+ ဟट्ठे=ဆောင်ယူ၍" ဟုပေး၊ ဂဟပတိဖြစ်သူ, သို့မဟုတ်-ဂဟပတာနီ ဖြစ်သူသည် ကိုယ်ဖြင့် ယူဆောင်ခဲ့၍ဖြစ်စေ, "အလိုရှိသလို အထည်တိုက်မှ ထုတ်ယူပါ" ဟု နှုတ်ဖြင့် ရှေးရှုဆောင်၍ဖြစ်စေ ဖိတ်မန်သည်-ဟူလို။ ["သာဒိသန္တ ပုစ္ဆာနှ" စသော သုတ်အဖွင့် ရူပသိဒ္ဓိ၌ကား: "အဘိဟट्ठे" ဟု ပါ၌ရှိ၏။]

သန္တ ရတ္ထရ ပရမံ=[သ+အန္တ ရ+ဥတ္တရ။] အန္တ ရသဒ္ဒါသည် "အတွင်း ဝတ်=ခါ:ဝတ်=သင်:ပိုင်" ဟူသော အနက်ကိုဟော၏၊ ဥတ္တရသဒ္ဒါကား: "အပေါ်ရုံ=အပေါ်တင်=ဧကသီ" ဟူသော အနက်ကိုဟော၏၊ သ+အန္တ ရ= သင်:ပိုင်နှင့်တကွသော+ဥတ္တရ=ကိုယ်ရုံ၊ သူခိုးလုယူ၍ဖြစ်စေ တစ်စုံတစ်ရာ ကြောင့် ပျောက်သွား၍ဖြစ်စေ သင်္ကန်းမရှိမှန်းသိသော ဒကာ ဒကာမတို့က ဖိတ်မန်လာလျှင် သင်:ပိုင်နှင့် ကိုယ်ရုံ (ဒွိစုံ) ကိုသာ ယူရမည်, ဒွိစုံထက် မပိုရ-ဟူလို၊ ထို့ကြောင့် နဂိုက သင်္ကန်း ၃ ထည်ဖြင့် လှည့်လည်နေသူမှာ တစ်ထည်ပျောက်လျှင် (ဘာပျောက်ပျောက်) ၂ ထည်ကျန်သေး၍ မယူကောင်း၊ ၂ ထည်ပျောက်လျှင် တစ်ထည်ယူ, ၃ ထည်ပျောက်လျှင် ၂ ထည်ယူ၊ နဂိုက ၂ ထည်ဖြင့် လှည့်လည်သူမှာလည်: တစ်ထည်ပျောက်လျှင် တစ်ထည်ယူ, ၂ ထည်ပျောက်လျှင် ၂ ထည်ယူကောင်း၏၊ ၃ ထည်ပြည့်အောင်ကား: မယူ ကောင်း။

မှတ်ချက်။ ။ ဤကဲ့သို့ "၂ ထည်သာယူကောင်း၏"ဟုမိန့်ခြင်းလည်: သင်္ကန်းပျောက်၍ သင်္ကန်းမရှိကြောင်: သိသည့်အတွက် လာရောက် ဖိတ်မန် သူတို့အထံမှ ယူနည်းကိုပြခြင်းဖြစ်သည်၊ "ဖိတ်စဉ်ကပင် သင်္ကန်းမရှိမှန်းသိ၍ ဖိတ်သောကြောင့် ယူသူကလည်: အလိုက်သိစွာ လုံ့လောက်ရုံ ၂ ထည်သာ

http://www.dhammadownload.com

၈။ ဝထမ ဥပကွဇ္ဇ သိက္ခာပုဒ်

ဣမိနာစီဝရစေတာပနေန–ဤသင်္ကန်းအဖိုးဖြင့်၊ **စီဝရ**–သင်္ကန်းကို၊ 'စေတာပေတွာ–လဲလှယ်၍၊ ဣတ္ထန္နာမ–ဤအမည်ရှိသော၊ ဘိက္ခု – ရဟန်းကို၊ **စီဝရေန**–သင်္ကန်းဖြင့်၊ **အစ္ဆာဒေဿာမိ** – ဖုံးလွှမ်းအုံ့၊ ဣတိ – ဤသို့၊ ဘိက္ခု–ရဟန်းကို၊ (ပန + **ဧ**ဝအနက်မရှိ၊) **ဥဒ္ဒိဿ** – ရည်စူး၍၊ **ဝါ** – ညွှန်ပြ၍၊ **အညာတကဿ** – ဆွေမျိုးမတော်သော၊ **ဂဟပတိဿဝါ** – အိမ်ရှင်ယောကျ်ားသည်သော်လည်းကောင်း၊ **ဂဟပတာနိယာဝါ** – အိမ်ရှင်မသည်သော်လည်းကောင်း၊ **စီဝရစေတာပန္နံ** – သင်္ကန်းအဖိုးသည်၊ **ဝါ** – ကို၊ **ဥပကွဇ္ဇံ**–

* * * * *

(အလွန်ဆုံး) ယူရမည်"ဟူလို၊ နဂိုဖိတ်ထားပြီးသူ–အခြားဂုဏ်အတွက် ကြည်ညိုမှု ယခုမှ ဖိတ်သူနှင့် ဥတိပဝါရိတ အထံမှကား ဒွိစုံထက်ပို၍လည်း ယူကောင်းပါသည်။

အင်္ဂါ ၄ ပါး။ ။ ၁–သင်းပိုင် ကိုယ်ရုံထက် ပိုလွန်ခြင်း, ၂–အစ္ဆိန္နနှင့ စီဝရဖြစ်ခြင်း, ၃–ဥတိပဝါရိတ မဟုတ်သူကိုတောင်းခြင်း, ၄–တောင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၄ ပါးရှိ၏။

[ဆောင်] သင်းပိုင်–ကိုယ်ရုံ–ဒွိတစ်စုံထက်–ပိုလွန်တက်သား[1], ပျော်ကပ်ပျက်လုခ်[2], ဆွေမဆံတောင်း[3], ရခြင်းပေါင်း[4]၍, အကြောင်းလေးလီ, အင်္ဂါညီ, သင့်ပြီ–တတုတ္တရိ။

၈။ ပထမ ဥပကွဇ္ဇ။ ။ ဥတိပဝါရိတ မဟုတ်သော ဒါယကာ, သို့မဟုတ် ဒါယိကာမ က "ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းဝယ်၍ မည်သည့် ရဟန်းအား လှူဒါန်းမည်" ဟု ရဟန်းတစ်ပါးပါးကို ရည်စူးညွှန်ပြ၍ သင်္ကန်းဖိုး စုဆောင်းထားရာ, ထိုအလှူ.ရှင်ထံသွား၍ နဂို သင်္ကန်းဖိုးထက် အပိုကုန်အောင် ထူးထူးထွေထွေ စိမ်လျှင် ထိုသင်္ကန်း နိသဂ္ဂိထိုက်၍ ပါစိတ် အာပတ် သင့်လေတော့သည်။

ဘိက္ခုပမေါ ဥဒ္ဒိဿ–ဥဒ္ဒိဿကို "အာရဗ္ဘ=ရည်စူး၍" ဟု အဋ္ဌကထာ ဖွင့်ပြီးလျှင် "အပဒိသိတ္တာ=ညွှန်ပြ၍" ဟု တစ်နည်းဖွင့်၏၊ **နောက်**နည်းအရ "ညွှန်ပြခြင်း" ဟူသည် "မည်သည့်ရဟန်း" ဟု နာမည်ကို ထုတ်ဖော်ပြောဆိုခြင်းတည်း၊ "ဂဟပတိဿ" ၌ "သ" ဝိဘတ်သည် ဆဋ္ဌီကတ္တားဖြစ်၍ "သည်" ဟု **အနက်**ပေးရသည်။

http://www.dhammadownload.com

စုဆောင်းထားအပ်သည်၊ ဟောတိ–အံ့၊ တတြ–ထိုအလ္လ.ရှင်ရှိရာသို့၊ သော ဘိက္ခု–ထိုရဟန်းသည်၊ ပုဗ္ဗေ–ရှေးဦး၊ အပ္ပဝါရိတော–မဖိတ်အပ်ဖူးဘဲ၊ ဥပ သင်္ကမိတ္တာ–ချဉ်းကပ်၍၊ စိဝရေ–သင်္ကန်း၌၊ ဝိကပ္ပံ–ထူးသောစိမ်ခြင်းသို့၊ ဒေ အာပဇ္ဇေယ္ယ–အကယ်၍ရောက်အံ့။

(ကိ – အဘယ်သို့စိမ်သနည်း၊) အာယသ္မာ–ငါ့ရှင်ဒါယကာ၊ သာဓု – တောင်းပန်ပါ၏၊ ဝတ – အကြံဖြစ်သည်ကား၊ မံ – ငါ့ကို၊ ဣမိနာ စီဝရစေတာ ပနေန – ဤသင်္ကန်းအဖိုးဖြင့်၊ **ဒေရုပ်ဝါ ဒေရုပ်ဝါ** – ဤသို့သဘောရှိသည်မူလည်းဖြစ်, ဤသို့သဘောရှိသည်မူလည်းဖြစ်သော၊ စီဝရံ – သင်္ကန်းကို၊ စေတာပေတွာ – လဲလှယ်၍၊ **အစ္ဆာဒေဟိ** – ဖုံးလွှမ်း

* * * * *

စီဝရစေတာပနေ–စိတမာတ်သည် ရောင်းဝယ်ခြင်း လဲလှယ်ခြင်း အနက်ကိုဟောအ်၏၊ ဤ၌ ကာရိတ် ဏာပေပစ္စည်း ယုပစ္စည်းဖြစ်၍ "စေ တာပနံ"ဟု လည်းကောင်း, နတစ်လုံး ဒွေးဘော်လာ၍ "**စေတာပနေ**" ဟု လည်းကောင်းရှိကြောင်းကို ဋီကာတို့ဖွင့်ကြ၏၊ **ဒေတေန**–ဤသင်္ကန်းဖိုးဖြင့်၊ **စီဝရံ**–သင်္ကန်းကို၊ **စေတာပေန္တိ**, (ပရိဝတ္တေန္တိ)–လဲလှယ်ကြကုန်၏၊ ဣတိ–ထိုသို့ လဲလှယ်ကြောင်း၏ အဖြစ်ကြောင့်၊ **စီဝရစေတာပနေ**–မည်၏။ [သင်္ကန်းကို လဲလှယ်၍ရနိုင်သော ရွှေငွေစသော အကပ္ပိယဝတ္ထု–ချည်စသော ကပ္ပိယ ဝတ္ထုများတည်း။]

ဥပကဋ္ဌံ– "ဥပ=အနီး၌+ကတံ=ထားအပ်သည်" **အနီး၌ထားအပ်**–ဟူသည် **စီစဉ်ထားခြင်း=စုဆောင်းထားခြင်း**တည်း၊ထို့ကြောင့် "**သဒ္ဓိတံ ဟောတိ သံဟရိတ္တာ ထပိတံ**" ဟုဖွင့်သည်။ [ဥပကဋ္ဌံ ဥပ+ကရ+တ၊ ပုရ သမုပပရိဟိစသောသုတ်ဖြင့် ကရကို ခပြု, ကဒွေးဘော်လာ, တကိုဋ္ဌပြု။

ဣမိနာ၊ ဟေ၊ အစ္ဆာဒေဿာမိ။ ။ ဤဝါကျကား "သင်္ကန်းလျှမည့် ဒါယကာ ဒါယိကာမတို့က အလျှခံရဟန်းကို ရည်မှန်းပုံ–မည်သည့်ရဟန်းအား လျှမည်ဟု ထုတ်ဖော်ပြောဆိုပုံ အခြင်းအရာကိုပြသော ဝါကျတည်း၊ ဤဝါကျ၌ "**အစ္ဆာဒေဿာမိ**" ကား ထိုခေတ်က အဝတ်သင်္ကန်းလျှဒါန်းရာ၌ သုံးစွဲ ရိုးစကားတည်း။ [အာ+ဆာဒ+ဏော၊] "ဖုံးလွှမ်းအံ့"ဟုရာ၌ "ဖုံးလွှမ်းခြင်း" ဟူသည် ထိုရဟန်းမှာ အဝတ်သင်္ကန်း ဖုံးလွှမ်းစရာ (ဆီးစရာ) ရအောင် လျှဒါန်းခြင်းပင်တည်း၊ ယခုကာလ၌ "သင်္ကန်း+ဆီး" ဟူသော အသုံးအနှုန်း လည်း ထိုအစ္ဆာဒန၏ တိုက်ရိုက်မြန်မာပြန် ဖြစ်ဟန်တူသည်။

http://www.dhammadownload.com

ပါလော၊ ဣတိ-ဤသို့၊ ကလျာဏကမ္မတံ-အကောင်းကို အလိုရှိသူ၏ အဖြစ်ကို၊ ဥပါဒါယ-စိတ်ဖြင့်ယူ၍၊ (ဝိကပ္ပံ-ထူးသော စိမ်ခြင်းသို့၊ စေအာ ပဒ္ဒေယျ-အကယ်၍ ရောက်အံ့၊) တသ ဘိက္ခုနော တံ စီဝရံ နိသဂ္ဂိယ ပါစိတ္တိယံ ဟောတိ။

* * * * *

တတြ၊ ယေ၊ အပ္ပဝါရိတောဟု။ ။ "အရှင်ဘုရား သင်္ကန်းအလိုရှိက မိန့်တော်မူပါ" စသည်ဖြင့် ထိုသင်္ကန်းလှူမည့် အလှူရှင်၏ အဖိတ်ကို ရှေးက မခံရဖူးသော ရဟန်းကို "အပ္ပဝါရိတော" ဟု ဆိုသည်။

စီဝရေ ဝိကပ္ပံ အာပဇ္ဇေယ္ယ။ ။ [ဝိ=ထူးသော + ကပ္ပ=ပြုစီမံခြင်း။] "ထူးသောပြုစီမံခြင်း" ဟူသည် မူလရည်စူးထားသော သင်္ကန်းထက် အလျား ရှည်အောင် အနံပြန့်အောင် အသားကျစ်အောင် ချောအောင် စီမံခြင်းတည်း၊ ထိုသို့ ထူးထွေကောင်းမွန်လာအောင် စီမံရာ၌ စီမံလိုက်သည့်အတွက် မူလရည်စူးထားသော တန်ဖိုးထက် ပိုလာမှသာ နိသဂ္ဂိထိုက်သည်၊ တန်ဖိုး မပိုလျှင်ကား မိမိကို ရည်စူးပြီးသားဖြစ်၍ နိသဂ္ဂိမထိုက်။

သာဓုဝတ၊ ယေ၊ အဗ္ဗာဒေဟီ-ဤဝါကျကား ရဟန်းက စီမံပုံ အခြင်း အရာကိုပြသော ဝါကျတည်း၊ သာဓုသည် တောင်းပန်ခြင်း (အာယာစန) အနက်ရှိသော နိပါတ်, ဝတကား ကြံစည်ခြင်း (ပရိဝိတက္ကန) အနက်ရှိသော နိပါတ်တည်း၊ ထိုပါ၌ ၂ ရပ်လုံးပင် မြန်မာလို အနက်ပြန်ရာ၌ အဆင်မပြေလှ, ရိုးရာအတိုင်း ပြန်လိုက်ရတော့သည်၊ "ဝေရှုပ်ဝါ ဝေရှုပ်ဝါ" ကား ရဟန်းက လက်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ သင်္ကန်းပုံစံကို ညွှန်ပြသောစကား ဖြစ်သည်၊ "သည့်လောက် အလျားရှည်ရှည်, သည်လိုအနံပြန့်ပြန့်, သည်ပုံ ကျစ်ကျစ်, သည်နည်းချောချော" စသည်ဖြင့် ပြောလိုရင်းဖြစ်သည်။

ကလျာဏကမ္မတံ ဥပါဒါယ- ကလျာဏ-ကောင်းသော သင်္ကန်းကို၊ ကာမေတိ-အလိုရှိ၏၊ ဣတိ-ထို့ကြောင့်၊ ကလျာဏကာမော-မည်၏၊ ကလျာဏကာမသ-ကောင်းသော သင်္ကန်းကို အလိုရှိသူ၏၊ ဘာဝေါ-ဖြစ်ကြောင်းသည်၊ ကလျာဏကမ္မ-မည်၏၊ "သင်္ကန်းကောင်းကို အလိုရှိသူ ၏ဖြစ်ကြောင်း" ဟူသည် သင်္ကန်းကောင်းကို လိုချင်သော လောဘပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ပင်တည်း။ [ကမ္မ၌ ဘာဝတ္တရေးပစ္စည်း, ကာ၌ အာကို ရဿပြု၊ "ကလျာဏကမ္မယေဝ ကလျာဏကမ္မတာ"၊ တာပစ္စည်း အနက်သီးခြားမရှိ၊ ဒုတိယဥပဂ္ဂဋ္ဌ အဆုံးမှ အဂါကိုပြမည်။]

http://www.dhammadownload.com

၉။ ဒုတိယ ဥပကွဲ့ သိက္ခာပုဒ်

မယ်-ငါတို့သည်၊ ဣမေဟိ ပစ္ဆေကစီဝရ စေတာ ပနေဟိ-ဤအသီးသီးသော သက်နှံးဖိုးတို့ဖြင့်၊ ပစ္ဆေက စီဝရာနိ-အသီးအသီးသော သက်နှံးတို့ကို၊ စေတာ ပေတွာ-လဲလှယ်၍၊ ဣတ္ထန္နာမ-သော၊ ဘိက္ခု-ကို၊ စီဝရေဟိ-သက်နှံးတို့ဖြင့်၊ အစ္ဆာဒေဿာမ-ဖုံးလွှမ်းကုန်အံ့၊ ဣတိ-ဤသို့၊ ဘိက္ခု-ကို၊ ဥဒ္ဒိသ-၍၊ ဝါ-၍၊ ဥဘိန္နံ-၂ ဦးကုန်သော၊ အညာတကာနံ-ဆွေမျိုးမတော်ကုန်သော၊ ဂဟပတိနံဝါ-အိမ်ရှင်ယောကျ်ားတို့သည်သော်လည်းကောင်း၊ ဂဟပတာနိနံဝါ-အိမ်ရှင်မတို့သည်သော်လည်းကောင်း၊ ပစ္ဆေက စီဝရစေတာပနာနိ-အသီးအသီးသော သက်နှံးဖိုးတို့သည်၊ ဥပကွဌာနိ-စုဆောင်းထားအပ်ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်အံ့၊ တတြ-ထိုအလှူ့ရှင်တို့ရှိရာသို့၊ သောဘိက္ခုပုဗ္ဗေ အပ္ပ ဝါရိတော ဥပသက်မိတ္တာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယ္ယ။

(ကိ-နည်း၊) အာယသ္မန္တော-ငါ့ရှင် ဒါယကာတို့၊ သာဓု-၏၊ ဝတ-ကား၊ ဝေရုပ်ဝါ ဝေရုပ်ဝါ-သော၊ စီဝရံ-ကို၊ စေတာပေတွာ-လဲလှယ်၍၊ ဥဘောဝ-နှစ်ဦးတို့သည်သာ၊ သန္တာ-ဖြစ်ကုန်လျက်၊ ဧကေန-တစ်ထည်တည်းဖြင့်၊ အစ္ဆာဒေထ-ဖုံးလွှမ်းကြကုန်လော၊ ဣတိ-ဤသို့၊ ကလျာဏကမျတံ-ကို၊ ဥပါဒါယ-၍၊ (ဝိကပ္ပံ-သို့၊ စေအာပဇ္ဇေယ္ယ-အံ့) တဿ ဘိက္ခုနော တံ စီဝရံ နိသဋ္ဌယ်, ပါစိတ္တိယ် ဟောတိ။

* * * * *

၉။ ဒုတိယ ဥပကွဲ့။ ။ ဤသိက္ခာပုဒ်၌ ပုဒ်ဖွင့် အထူးမရှိ၊ အားလုံးရှေ့သိက္ခာပုဒ် အတိုင်းပင်၊ ရှေ့သိက္ခာပုဒ်၌ သက်နှံးဒါယကာ, သို့မဟုတ် ဒါယိကာမ တစ်ဦးသာဖြစ်၍, ဤသိက္ခာပုဒ်၌ ၂ ဦးဖြစ်၏၊ ထို ၂ ဦးလည်း နဂိုက အတူပေါင်း၍ (တစ်ထည်တည်း) လှူမည်ဟု မကြံရွယ်၊ ကိုယ့်ဘာသာ ကိုယ်ဝယ်၍ ကိုယ့်သက်နှံး ကိုယ်လှူမည်-ဟု ကြံရွယ်ရင်းရှိ၏၊ ထိုအကြောင်းကိုကြား၍ "တစ်ထည်စီခွဲလှူလျှင် ၂ ထည်လုံးကောင်းတော့မည်မဟုတ်, ၂ ထည်စာကို တစ်ထည်တည်းပေါင်းလိုက်မှကောင်းမည်" ဟု ကြံ၍ စိမ်ရာ, သူစိမ်တိုင်း ပေါင်းစပ်စေသည့်အခါ တန်ဖိုးပိုလာလျှင် နိသဋ္ဌိထိုက်သည်၊

http://www.dhammadownload.com

(တန်ဖိုးမပိုလျှင် မထိုက်) ဟု ပညတ်တော်မူပြန်သည်၊ အချုပ်မှာ-ရှေ့သိက္ခာပုဒ်၌ အလှူ.ရှင် တစ်ဦးကိုသာ ညှဉ်းဆဲရာရောက်၍, ဤသိက္ခာပုဒ်၌ အလှူရှင် ၂ ဦးကို ညှဉ်းဆဲရာ (စိတ်ထိခိုက်အောင် ပြုလုပ်ရာ) ရောက်သည်။

မှတ်ချက်။ ။ ဥာတိပဝါရိတ မဟုတ်သူတို့.က သင်္ကန်းကိုသာ မဟုတ်, ကျောင်းစသည်ကို ရည်းစူးထားရာဝယ် သွားရောက်စီမံရာ၌လည်း နဂိုရည်စူးချက်ထက် တန်ဖိုးပိုသွားလျှင် ထိုပစ္စည်းများ မအပ်သည်သာ၊ ဥာတိပဝါရိတတို့. အထံ၌ကား တန်ဖိုးပိုသော်လည်း အပ်ပါ၏။

အဂ်ါ ၃ ပါး။ ။ ၁-အပိုအလွန်ကို အလိုရှိခြင်း, ၂-အဆွေမတော်သူကိုတောင်းခြင်း, ၃-တောင်း၍ ရခြင်းအားဖြင့် အဂ်ါ ၃ ပါးရှိ၏။

[**ဆောင်**] အပိုကိုမျှော်[1], ဆွေမတော်တောင်း[2], ရခြင်းပေါင်း၍[3], အကြောင်းသုံးလီ, အဂ်ါညီ, သင့်ပြီ ဥပကွဇ္ဇ။

၁၆။ လေကျင့်ခန်းမေးခွန်းများ

က။ ပုရာဏစီဝရ သိက္ခာပုဒ်ကို မြန်မာပြန်ပါ။

ခ။ ဆွေမျိုးကို အထက် ၇ ဆက်-အောက် ၇ ဆက် ရေတွက်၍, ညီအစ်ကို မောင်နှမရင်းများ ဘယ်နှဆက်မြောက် ဖြစ်ကြောင်းကိုပြပါ။

ဂ။ ပုရာဏစီဝရဟူသည် အလွန်ဟောင်းသော သင်္ကန်းပါလော, မည်သည့် သင်္ကန်းမျိုးမှစ၍ ပုရာဏစီဝရ ခေါ်ပါသနည်း။

ဃ။ "အာကောဌာပေယျ" ဟူသည် မည်ကဲ့သို့ ခိုင်းခြင်းမျိုးပါနည်း, သိက္ခာပုဒ်အဂ်ါကိုလည်းပြပါ။

င။ စီဝရပတိဂ္ဂဟဏ သိက္ခာပုဒ်ကို မြန်မာပြန်၍, အဂ်ါကိုလည်း ပြပါ။

စ။ အညာတကဝိညတ္တိ သိက္ခာပုဒ်ကို မြန်မာပြန်၍, အဂ်ါကိုလည်း ပြပါ။

ဆ။ တတုတ္တရိ သိက္ခာပုဒ်ကို မြန်မာပြန်၍, အဂ်ါကိုလည်းပြပါ။

ဇ။ ပထမဥပကွဇ္ဇ သိက္ခာပုဒ်ကို လိုရင်းအချုပ်မှ မြန်မာပြန်ပါ။

ဈ။ ဥပကွဇ္ဇ သိက္ခာပုဒ် ၂ ပါ: ထူးခြားပုံကိုပြ၍, သိက္ခာပုဒ် အဂ်ါကိုပြပါ။

ည။ "ဥဒ္ဒိဿ" အရ ရည်စူးပုံ-ညွှန်ပြပုံကို ပြပါ။

---

http://www.dhammadownload.com

၁၀။ ရာစ သိက္ခာပုဒ် ဘိက္ခု-ရဟန်းကို၊ ဥဒ္ဒိသ-ရည်စူး၍၊ ဝါ-ညွှန်ပြ၍၊ ရာစာဝါ-မင်းသည်သော်လည်းကောင်း၊ ရာစဘောဂ္ဂါ ဝါ - အမတ်သည်သော်လည်းကောင်း၊ ဗြာဟ္မဏောဝါ - ပုဏ္ဏားသည်သော်လည်းကောင်း၊ ဂဟပတိ ကောဝါ - အိမ်ရှင်ယောက်ျားသည်သော်လည်းကောင်း၊ ဒူတေန-တမန်ဖြင့်၊ စီဝရ စေတာ ပန္နံ-ကို၊ ပဟိဏေယျ-ပို့အုံ့၊ (ကိ-အဘယ်သို့မှာ၍ပို့သနည်း၊) ဣမိနာ စီဝရ စေတာပန္နေန-ဖြင့်၊ စီဝရံ-သင်္ကန်းကို၊ စေတာပေတွာ-လဲလှယ်၍၊ ဣတ္ထန္နာမ-သော၊ ဘိက္ခု-ရဟန်းကို၊ စီဝရေန-ဖြင့်၊ အစ္ဆာဒေဟိ-ဖုံးလွှမ်းချေလော၊ ဣတိ-ဤသို့မှာ၍ပို့အုံ့။

သောဒူတော-ထိုတမန်သည်၊ တံဘိက္ခု-ထိုရဟန်းကို၊ ဥပသင်္ကမိတွာ-ချဉ်းကပ်၍၊ ဧဝံ-ဤသို့၊ စေဝဒေယျ-အကယ်၍လျှောက်အုံ့၊ (ကိ-အဘယ်သို့လျှောက်သနည်း၊) ဘန္တေ-အရှင်ဘုရား၊ .....အာယသ္မန္တံ-အရှင်ဘုရားကို၊ ဥဒ္ဒိသ-ရည်စူး၍၊ ဣဒံ စီဝရ စေတာပန္နံ-ဤသင်္ကန်းအဖုံးကို၊ အာဘတံ-ဆောင်ယူအပ်ပါပြီ၊ အာယသ္မာ-သည်၊ စီဝရ စေတာပန္နံ-သင်္ကန်းဖုံးကို၊ ပတိဂ္ဂဏှတု-လက်ခံတော်မူပါ၊ ဣတိ-ဤသို့လျှောက်အုံ့။

* * * * *

၁၀။ ရာစသိက္ခာပုဒ်။ ။ ဤသိက္ခာပုဒ်၌ လိုရင်းအချုပ်မှာ သင်္ကန်းဖုံးဖြစ်သော ရွှေငွေစသော အကပ္ပိယဝတ္ထုကို အလှူလာရာဝယ် ပြုလုပ်ရမည့် အစီအစဉ်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

ဘိက္ခု၊ ပေ၊ အစ္ဆာဒေဟိ - "ဤသင်္ကန်းဖုံးဖြင့်ဝယ်၍ မည်သည့်ရဟန်းအား သင်္ကန်းလှူပါလေ" ဟုမှာပြီးလျှင် ရဟန်းကို ညွှန်ပြလျက် မင်းစသူတို့က တမန်စေလွှတ်၍ သင်္ကန်းဖုံးကို ပို့လေသည်။ [ဤ၌ "ဣမိနာ စီဝရ စေတာ ပန္နေန၊ ပေ၊ အစ္ဆာဒေဟိ" ကား စေခိုင်းပုံ အခြင်းအရာကို ပြသော ဝါကျတည်း၊ ထို့အတူ နောက်၌ ဣတိသဒ္ဒါဖြင့် အဆုံးသတ်သော (ကိ ဟုမေး၍ အနက်ပေးရသော) ဝါကျများကို "အာကာရဝါကျ" ဟုချည်းမှတ်။]

သောဒေဒူတော၊ ပေ၊ စီဝရ စေတာပန္နံ- ထိုတမန်က ထိုရဟန်းထံ ချဉ်းကပ်ပြီးလျှင် "ဤသင်္ကန်းဖုံးကို အရှင်ဘုရားဖို့ ယူခဲ့ပါသည်၊ သင်္ကန်းအဖုံးကို အလှူခံပါ" ဟု လျှောက်လျှင် .....

http://www.dhammadownload.com

တေန ဘိက္ခုနာ–ထိုရဟန်းသည်၊ **သောဒုတော**–ထိုတမန်သည်၊ **ဝါ**–ကို၊ **ဧဝံ**–ဤသို့၊ **ဝစနီယော**–ပြောဆိုထိုက်သည်၊ **အဿ**–ဖြစ်၏၊ (**ကိ**–**အဘယ်**သို့ ပြောဆိုထိုက်သနည်း၊) **အာဝုသော**–ငါ့ရှင်၊ **မယံ**– ငါတို့သည်၊ **စီဝရစေတာပန္နံ**–ကို၊ **နခေါ** ပတိဋ္ဌာမ–**မခံယူကုန်**၊ **မယံ**–ငါတို့သည်၊ **ကာလေန**–**သင့်လျော်သောအခါ**၌၊ **ကပ္ပိယံ**–**အပ်စပ်သော**၊ **စီဝရဿ**–**သင်္ကန်း**ကိုသာ၊ **ပတိဋ္ဌာမ**–**ခံယူကုန်**၏၊ **ဣတိ**–**ဤ**သို့ ပြောဆိုထိုက်၏။

သောဒုတော–**သည်**၊ **တं ဘိက္ခုံ**–**ကို**၊ **ဧဝံ**–**သို့**၊ **စေဝဒေယျ**–**အကယ်**၍**လျှောက်**အုံ့၊ (**ကိ**–**အဘယ်**သို့ **လျှောက်**သနည်း၊) **အာယသ္မတော**–**အရှင်**၏၊ **ဝေယျာဝစ္စကရော**–**ကိစ္စကြီး**ငယ်ကို ပြုလုပ်တတ်သော၊ **ကောစိ**–**တစ်စုံ** **တစ်ယောက်**သည်၊ **အတ္ထိပန**–**ရှိပါ**သလော၊ **ဣတိ**–**ဤ**သို့**လျှောက်**အုံ့။

ဘိက္ခဝေ–**ရဟန်း**တို့၊ **စီဝရတ္ထိကေန**–**သင်္ကန်း**ကို **အလိုရှိ**သော၊ **ဘိက္ခုနာ**–**ရဟန်း**သည်၊ **ဝေယျာဝစ္စကရော**–**ကိစ္စကြီး**ငယ်ကို ပြုလုပ်တတ်သူကို၊ **အာရာမိကောဝါ**–**အာရာမ်စောင့်**ကိုသော်လည်း**ကောင်**း၊ **ဥပါ**သကော**ဝါ**–**သီတင်း**သည်ကိုသော်လည်း**ကောင်**း၊ **နိဒ္ဒိသိတဗ္ဗော**–**ညွှန်ပြနိုင်**၏၊ (**ကိ**–**အဘယ်**သို့ **ညွှန်ပြ**ရမည်နည်း၊) **အာဝုသော**–**ဒါ**ယကာ၊ **ဧသော**– **ဤ**သူသည်၊ **ဘိက္ခုနံ**–**ရဟန်း**တို့**၏**၊ **ဝေယျာဝစ္စကရော**–**ကိစ္စကြီး**ငယ်ကို ပြုလုပ်တတ်သူ**တည်**း၊ **ဣတိ**–**ဤ**သို့ **ညွှန်ပြနိုင်**သည်။

* * * * *

တေန ဘိက္ခုနာ၊ ယေ၊ ဝေယျာဝစ္စကရောတိ–ထိုရဟန်းက ထိုတမန်ကို "**သင်္ကန်း**ဖိုး (**ရွှေငွေ**စသည်) **အကပ္ပိယ** **ဝတ္ထု**ကို **ငါ**တို့ **လက်**မခံ**ကြ**ကုန်, **သင့်လျော်**သောအခါ (**အလိုရှိ**သောအခါ) **အပ်**စပ်သော **သင်္ကန်း**ကိုသာ **ခံယူ**ကြ**သည်**" ဟု ပြောရမည်၊ ထိုသို့ ပြောသောအခါ ..... ထိုတမန်က "**အရှင်ဘုရား**၏ **ဝေယျာဝစ္စ**ကို **ရွက်ဆောင်**မည်သူ (**ကပ္ပိယ**ကာရက) **ရှိ**ပါ**ရဲ့**လား" ဟု **လျှောက်**လျှင် .....

စီဝရတ္ထိကေန၊ ယေ၊ ဝေယျာဝစ္စကရောတိ– (**သင်္ကန်း**ကို **အလို**မ**ရှိ**လျှင် **ကပ္ပိယ**ကာရကကို **ညွှန်**ပြ**ဖွယ်**မလို၊) **အလိုရှိ**သော **ရဟန်း**ကား **အာရာမ်**

http://www.dhammadownload.com

သော ဒုတော-သည်၊ တံ ဝေယျာဝစ္စကရံ-ထိုဝေယျာဝစ္စကရကို၊ သညာပေတွာ-နားလည်စေပြီး၍၊ တံဘိက္ခုံ-ကို၊ ဥပသက်မိတွာ-၍၊ ဧဝံ-သို့၊ စေဝဒေယျ-အကယ်၍ လျှောက်အုံ့၊ (ကိုး-အဘယ်သို့ လျှောက်သနည်း၊) ဘန္တေ-အရှင်ဘုရား၊ **အာယသ္မာ**-အရှင်သည်၊ ယံ ဝေယျာဝစ္စကရံ-အကြင် ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သူကို၊ နိဒ္ဒိသိ-ညွှန်ပြပြီ၊ **သော**-ထိုဝေယျာဝစ္စ ကရကို၊ **မယာ**-တပည့်တော်သည်၊ **သညတ္တော**-နားလည်စေအပ်ပါပြီ၊ **အာယသ္မာ**-အရှင်သည်၊ **ကာလေန**-သင့်လျော်သောအခါ၌၊ ဥပသက်မတ္ဝ-ချဉ်းကပ်တော်မူပါ၊ **စိဝရေန**-ဖြင့်၊ **တံ**-အရှင်ကို၊ **အစ္ဆာဒေဿတိ**-ဖုံးလွှမ်း ပါလိမ့်မည်၊ **ဣတိ**- ဤသို့လျှောက်အုံ့။

ဘိက္ခဝေ-တို့၊ **စိဝရတ္ထိကေန**-**သော**၊ **ဘိက္ခုနာ**-**သည်**၊ **ဝေယျာဝစ္စ** ကရော-ကို၊ ဥပသက်မိတွာ-၍၊ ဒွတ္တိကွတ္ခုံ-၂ ကြိမ် ၃ ကြိမ်၊ **စောဒေတဗ္ဗော**-**တောင်းအပ် တောင်းနိုင်၏**၊ **သာရေတဗ္ဗော**-**သတိပေးအပ် သတိပေးနိုင်၏**၊ (ကိုး-အဘယ်သို့ပြော၍ **တောင်းနိုင်**သနည်း၊) **အာဝုသော**-**ဒါယကာ**၊ **မေ**-ငါ့**အား**၊ **စိဝရေန**-**သက်နှံ**:ဖြင့်၊ **အတ္ထော**-**အလိုရှိ၏**၊ **ဣတိ**-**ဤသို့ပြော၍ တောင်းနိုင်၏**။

* * * * *

စောင့်ကိုဖြစ်စေ **သိတင်**:**သည်**ကိုဖြစ်စေ "**ဤသူသည် ကပ္ပိယကာရကပဲ**" **ဟု ညွှန်ပြနိုင်၏**။ [**အာရာမ်စောင့်**နှင့် **သိတင်**:**သည်**မှာ **ကျောင်**:**၌ ရှိတတ်သူများ ဖြစ်၍ ညွှန်ပြဖို့ရန် လျှောက်ပတ်သည့်**အတွက်**ဆိုသည်**၊ **သိတင်**:**သုံ**:**ဖော် ၅ ဦ**:**မှတစ်ပါ**: **အခြား**:**သူ**ကို (**မည်သူ့**ကိုမဆို) **ကပ္ပိယအဖြစ် ညွှန်ပြနိုင်**သည်**၊ ဤသို့ ညွှန်ပြရခြင်**:**မှာ**လည်**:** **တမန်**က (**သို့**မဟုတ် **အလွှာ**လာ**သူ**က) **ကပ္ပိယ ရှိ**ပါ**ရဲ့**လာ**:** .....**ဟု** **မေ**:**မှ**, **သို့**မဟုတ် **ကပ္ပိယ**ညွှန်ပါ .....**ဟု** **လျှောက်**မှ **ကပ္ပိယ**ကို **ညွှန်ပြ**ခွင့်**ရှိ**သည်**၊ ထိုသို့ **မ**လျှောက်ဘဲ "**ဤ**သက်နှံ**:ဖိ**:**ယူ**ပါ**, **ဘယ်**သူ့**ပေ**:**ခဲ့**ရမည်**လဲ**" **ဟု** **လျှောက်**လျှင် **ကပ္ပိယ**ကို **မ**ညွှန်**ကောင်**:။]

သောစေဒုတော**၊ ဝေ**၊ **အစ္ဆာဒေဿတိတိ**-**ကပ္ပိယ**ကို **ညွှန်ပြ**သောအခါ **တ**မန်**က ကပ္ပိယ**ထံ **သ**ကန်**:**ဖို**:**အပ်**နှံ**၍ "**ဤ**သက်နှံ**:**ဖို**:**ဖြင့် **သ**ကန်**:**ကို**ဝ**ယ်**၍ **မ**ည်**သ**ည့်**အ**ရှင်**အား လွှ**ရစ်**ပါ**" **ဟု** **နား**လည်**အော**င် **ပြော**ပြ**ပြီ**:**နော**က်, **ရ**ဟန်**:**ထံ**ပြ**နှ**ိုင်**လာ**၍ "**ကပ္ပိယ**ကို **နား**လည်**အော**င် **မှ**ာ**ထား**:**ခဲ့**ပါ**ပြီ**၊ **အ**လို**ရှိ**သော

http://www.dhammadownload.com

ဒွတ္တိကွတ္တဲ့–ကြိမ်၊ **ဓောဒယမာနော**–တောင်းလသော်၊ **သာရယမာနော**–သတိပေးလသော်၊ တံ စီဝရံ–ထိုသင်္ကန်းကို၊ **အဘိနိပ္ပါဒေယ္ယ**–ပြီးစေနိုင်အုံ့၊ ဣဒေတံ–ဤသို့ ပြီးစေနိုင်ခြင်းသည်၊ ကုသလံ–ကောင်း၏၊ **နောစေ** အဘိနိပ္ပါဒေယ္ယ – အကယ်၍ မပြီးစေနိုင်အုံ့၊ **စတုက္ခတ္တဲ့** – ၄ ကြိမ်သော်လည်းကောင်း၊ **ပဉ္စက္ခတ္တဲ့**–၅ ကြိမ်သော်လည်းကောင်း၊ **ဆက္ခတ္တုပရမံ**–၆ ကြိမ် အလွန် အပိုင်းအခြား ရှိအောင်သော်လည်းကောင်း၊ **တုဏ္ဍီဘူတေန**–ဆိတ်ဆိတ်နေလျက်၊ **ဥဒ္ဒိသ**–သင်္ကန်းကိုရည်မှန်း၍၊ **ဒ္ဒုတဗ္ဗံ**–ရပ်ရာ၏။

စတုက္ခတ္တဲ့ ပဉ္စက္ခတ္တဲ့ ဆက္ခတ္တုပရမံ, **တုဏ္ဍီဘူတော**–ဆိတ်ဆိတ်နေလျက်၊ **ဥဒ္ဒိသ**–၍၊ **တိဋ္ဌမာနော**–ရပ်လသော်၊ **တံ စီဝရံ**–ကို၊ **အဘိနိပ္ပါဒေယ္ယ**–အုံ့၊ **ဣဒေတံ**–သည်၊ **ကုသလံ**–ကောင်း၏၊ **တတော**–ထို ၃ ကြိမ်တောင်းခြင်း, ၆ ကြိမ် ရပ်ခြင်းထက်၊ **ဥတ္တရိ**–အလွန်၊ **ဝါယမာနော**–အားထုတ်လသော်၊ **ဝါ**–အားထုတ်မှ၊ **တံ စီဝရံ**–ကို၊ **စေအဘိနိပ္ပါဒေယ္ယ**–အုံ့၊ **တဿ ဘိက္ခုနော** **တံ စီဝရံ** **နိသဂ္ဂိယံ, ပါစိတ္တိယံဟောတိ**။

* * * * *

အခါ သင်္ကန်းကို **အလှူခံရန်** **ချဉ်းကပ်တော်မူပါ**၊ **သင်္ကန်းလှူပါလိမ့်မည်**" ဟု **စာရှိအတိုင်းဖြစ်စေ** ("**အရှင်ဘုရား** **အလိုရှိသောအခါ** **ကပ္ပိယ** **မည်သူ့ထံ** **သင်္ကန်းအလှူခံတော်မူပါ**" ဟု **စကားတစ်မျိုးမျိုးဖြင့်ဖြစ်စေ**) **လျှောက်လျှင်**....

စီဝရတ္ထိကေန၊ **ဃ**၊ **စီဝရေနာတိ**–**သင်္ကန်းအလိုရှိသော** **ရဟန်းသည်** **ကပ္ပိယထံချဉ်းကပ်၍** "**အတ္ထော** **မေ** **အာဝုသော** **စီဝရေန**" ဟု **ပါဠိစကားဖြင့်** **ဖြစ်စေ** **ထိုပါဠိနှင့်** **သဘောတူသော** **မြန်မာစကားဖြင့်ဖြစ်စေ** **ပြောဆိုတောင်းကောင်း၏**၊ "**သင်္ကန်းပေးပါ**, **သင်္ကန်းဝယ်ခဲ့ပါ**" **စသည်ဖြင့်ကား** **မပြောကောင်း**၊ "**အတ္ထော** **မေ** **အာဝုသော** **စီဝရေန**" **ဟူသော** **စကားမျိုးဖြင့်ကား** **တစ်ကြိမ်တောင်း၍မရလျှင်** ၂ **ကြိမ်တောင်း**, ၂ **ကြိမ်တောင်း၍** **မရသေးလျှင်** ၃ **ကြိမ်တောင်းကောင်း**, **သတိပေးကောင်း**၏၊ ၃ **ကြိမ်အထိ** **တောင်း၍မှ**, **မရသေးလျှင်** .....

စတုက္ခတ္တဲ့၊ **ဃ**၊ **ဒ္ဒုတဗ္ဗံ**–**၄**–**၅**–**၆** **ကြိမ်သွား၍** **မည်သည့်စကားကိုမှ** **မပြောဘဲ**, **ထိုင်ပါဦး**, **တရားဟောပါဦး** ..... **ဟု** **လျှောက်စေကာမူ** **မထိုင်ဘဲ**

http://www.dhammadownload.com

နော **စေ** **အဘိနိပ္ပါဒေယျ-အုံ့၊** **ယတော-အကြင်အလ္လ,ရှင်အထံမှ၊** **အသ** - ထိုရဟန်းဖို့၊ **စီဝရစေတာပန္နံ-ကို၊** **အာဘတံ** - **ဆောင်ယူအပ်ခဲ့ပြီ၊** **တတ္ထ** - **ထိုအလ္လ,ရှင်အထံသို့၊** **သာမံဝါ** - **ကိုယ်တိုင်သော်လည်း၊** **ဂန္ဓ,ဗ္ဗံ-သွားရမည်၊** **ဒုတောဝါ-တမန်ကိုသော်လည်း၊** **ပါဟေတဗ္ဗော-စေလွှတ်ထိုက်၏၊** **ဝါ** - **စေလွှတ်ရမည်၊** (**ကိ** - **အဘယ်သို့ပြောဆိုဖို့ရာ** **သွားရ** **စေလွှတ်ရ** **မည်နည်း၊**) **အာယသ္မန္တော-ဒါယကာတို့၊** **တုမှေ-သင်တို့သည်၊** **ယဘိက္ခု-** **အကြင်ရဟန်းကို၊** **ဥဒ္ဒိသ-ရည်စူး၍၊** **ဝါ-ညွှန်ပြ၍၊** **စီဝရစေတာပန္နံ** - **ကို၊** **ပဟိဏိတ္ထ** - **ပို့လိုက်ကုန်ပြီ၊** **တံ** - **ထိုသက်နန်းဖိုးသည်၊** **တဿ** **ဘိက္ခုနော-ထို** **ရဟန်း၏၊** **ကိဠိအတ္ထံ-တစ်စုံတစ်ခုသောကိစ္စကို၊** **နု** **အနုဘောတိ** - **မပြီးစေ၊** **အာယသ္မန္တော** - **ဒါယကာ**

* * * * *

တရားမဟောဘဲ (အလိုက်သိစွာ လှူလိမ့်မည်ဟု သဘောထား၍) တိတ်ဆိတ်စွာ ရပ်ကောင်း၏၊ ထိုသို့ ၆ ကြိမ်အထိ ရပ်၍ရလျှင်လည်း အာပတ်မသင့်ကြောင်းဖြစ်၍ ကောင်းသေးသည်ပင်။

မှတ်ချက်။ ။ "**စီဝရတ္ထိကေန**" **စသော** **စကား** ၂ ရပ်၌ ၃ ကြိမ်အထိ ဝစီဝိညတ် (နှုတ်) ဖြင့်တောင်းခြင်း, ၆ ကြိမ်အထိ ကာယဝိညတ် (ကိုယ်) ဖြင့် ရပ်ခြင်းကို ခွင့်ပြုထား၏၊ ထိုစကားကို ကောက်ချက်ချလိုက်လျှင် ၁ ကြိမ်တောင်းခြင်းနှင့် ၂ ကြိမ်ရပ်ခြင်းသည် ညီမျှကြောင်းသိသာ၏၊ ဘာ့ကြောင့်နည်း ..... ရပ်ခြင်းကိုပြုရာ၌ ၃ ကြိမ် ၂ လီ (၆) ကြိမ်ပြုခြင်းကြောင့်တည်း၊ သို့ဖြစ်၍ ရပ်မှုမပါဘဲ တောင်းရုံချည်း တောင်းလျှင် (ရပ်မှု ၆ ကြိမ်ကို တောင်းမှု ၃ ကြိမ်လုပ်၍) ၆ ကြိမ် တောင်းကောင်း၏၊ တောင်းမှုမပါဘဲ ရပ်ရုံသာရပ်လျှင် (တောင်းမှု ၃ ကြိမ်ကို ရပ်မှု ၆ ကြိမ်လုပ်၍) ၁၂ ကြိမ် ရပ်နိုင်သည်-ဟု သိသာသည်၊ ဤနည်းအတိုင်း နဂို ၃ ကြိမ်ထက်ပို၍ တောင်းမှု တစ်ကြိမ်တိုးလျှင် ရပ်မှုဘက်က ၂ ကြိမ်လျှော့၍လည်းကောင်း, ရပ်မှုဘက်က မူလ ၆ ကြိမ်ထက် ၂ ကြိမ်တိုးလျှင် တောင်းမှုဘက်က တစ်ကြိမ်လျှော့၍လည်းကောင်း, တောင်းနိုင်ကြောင်းကို သိရာ၏။

တတောစ၊ **ဃ၊** **ပါစိတ္တိယံ**-ထိုသို့ ၃ ကြိမ်တောင်းခြင်း-၆ ကြိမ်ရပ်ခြင်းထက် ပို၍အားထုတ်မှ ထိုသက်နန်းရလျှင် နိသဂ္ဂိထိုက်၍, ရဟန်းမှာ ပါစိတ်အာပတ်လည်းသင့်သည်။

http://www.dhammadownload.com

တို့သည်၊ သက်-မိမိဥစ္စာကို၊ ယုဇ္ဇန္တ-ပြန်ရဖို့ရန် အားထုတ်ကြကုန်လော၊ ဝေါ-သင်တို့၏၊ သက်-မိမိဥစ္စာသည်၊ မာ၀ိနသ-သူများလက်၌ မပျောက်ပျက်စေလင့်၊ ဣတိ-ဤသို့ ပြောဖို့ရာ သွားရ စေလွှတ်ရမည်၊ အယံ-ဤသို့ ကိုယ်တိုင်ဖြစ်စေ စေလွှတ်၍ဖြစ်စေ ပြောရခြင်းသည်၊ တတ္ထ-ထိုသက်နှီးဖိုးက ကိစ္စကို မပြီးစေရာ၌၊ သာမိစိ-လောကုတ္တရာတရားသို့ အစဉ်လိုက်သော ကျင့်ဝတ်တည်း။

* * * * *

နောစေ၊ ဃ၊ သာမိစိ- ၃ ကြိမ်တောင်း- ၆ ကြိမ်ရပ်၍မျှ ထိုသက်နှီးကို မပြီးစေနိုင်လျှင် (မရလျှင်) အလ္ဗ.ရှင်ထံ ကိုယ်တိုင်သွား၍ဖြစ်စေ တစ်ယောက်ယောက်ကို စေလွှတ်၍ဖြစ်စေ "သင်တို့ ပို့လိုက်သော သက်နှီးဖိုးသည် ထိုရဟန်း၏ မည်သည့်ကိစ္စကိုမျှ မပြီးစေ (ထိုရဟန်းမှာ သက်နှီးမရ၊) သို့ဖြစ်၍ ကိုယ့်ဥစ္စာ ကိုယ်ပြန်ရအောင် အားထုတ်ကြပေတော့၊ ကိုယ့်ဥစ္စာကို သူများ၏လက်၌ မပျောက်ပျက်စေသင့်" ဟု ပြောရမည်၊ ဤပြောခြင်းသည် ၀ိနည်းနှင့် မဆန့်ကျင်ရုံသာမက, လောကုတ္တရာတရား ရဖို့ရန် လျော်ကန်သော အကျင့်ဖြစ်၏-ဟူလို၊ ဤသို့ ပြောရမည့် ဝတ္တရားရှိလျက် မပြောလျှင် ဝတ္တဘေဒ ဒုက္ကဋ်အာပတ်ပင် သင့်သေးသည်။ [ဝတ္တဘေဒ=ဝတ္တရား ပျက်ကွက်မှု။]

ပုဒ်ကွဲများ။ ။ "ရာ၀ဏေ လဒ္ဓံ ဘောဂ္ဂံ ယသ္သာတိ ရာ၀ဏ ဘောဂ္ဂေါ= မင်းထံမှ ရအပ်သော စည်းစိမ်ရှိသူ (မှူးမတ်)၊ ရာ၀ဏောဂဟု လည်းရှိ၏၊ အနက်တူပင်၊ ဘောဂ္ဂ၌ ဏျပစ္စည်း, ဘောဂ၌ ဏပစ္စည်းသာ ထူး၏၊ ဓာတ်မှာ ဘုဇဓာတ်ချည်းပင်၊ ဝါယမာနော=ဝါယမမာနောဟု ပါ၌ ၂ မျိုး ရှိတ်ဆိုကြ၏၊ ဝါယမမာနော၌ အပစ္စည်း မာနပစ္စည်း၊ ဝါယမာနော၌ကား ပစ္စုပ္ပန် အနက်ဟောရာ၀ယ် ရူပသိဒ္ဓိ၌ မာနကို အာနပြု၏၊ မောဂ္ဂလ္လာန်၌ မာနမှ မကိုချေသည်၊ ဓာတ်မှာ ဝိ+အာ+ယမ္ဓာတ်ချည်းပင်။

မှတ်ချက်များ။ ။ သိက္ခာပုဒ် ပါဠိရင်း၌ ရာ၀ဏ စသူတို့က တမန်လွှတ်၍ သက်နှီးဖိုးလျှပ်ကို ပြထား၏၊ သို့သော် အလ္ဗ.ရှင်ကိုယ်တိုင်လာ၍ "သက်နှီးဖိုးအလျှခံပါ" ဟု လျှောက်လျှင်လည်း ဤသိက္ခာပုဒ်၌ အစဉ် အတိုင်း ပြောဆိုပြုလုပ်ရမည်သာ၊ ဆွမ်း, ခဲတံ, စာအုပ်, စသည်တို့အတွက် အဖိုးငွေ လာလျှောက်၌လည်း ဤနည်းအတိုင်းပင် စီစဉ်ရမည်။ ["ဒေသနာမတ္တမေ၀ဧတံ-

http://www.dhammadownload.com

ဒုတေန စိ၀ရစေတာပန္နံ ပဟိဏေယျာတိ၊ သယံ အာဟရိတ္မာပိ ပိဏ္ဍပါတာ ဒိနံ အတ္ထာယ ဒဒန္တေ သုပိ ဘေသေ၀နယော။" -ရာဇသိက္ခာပုဒ်အဋ္ဌကထာ။]

အကပ္ပိယ၀တ္ထုများ။ ။ ရွှေတုံး-ငွေခဲ-ရွှေဒင်္ဂါး ဈေးသုံး၍ ရကောင်းသော ပိုက်ဆံအမျိုးမျိုးကို (နောက် ဇာတရူပရဇတ သိက္ခာပုဒ်အရ) နိသဂ္ဂိယ၀တ္ထုဟုခေါ်၏၊ ပုလဲ ပတ္တမြား စသော ရတနာနှင့် ကျွန်မ ကျွန်ယောကျ်ား လယ်ယာ အာရာမ် ဥယျာဉ်များကို ဒုက္ကဋ၀တ္ထုဟုခေါ်၏၊ အလျှခံလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဟု ဆိုလိုသည်၊ ထိုနိသဂ္ဂိယ၀တ္ထု ဒုက္ကဋ၀တ္ထု ၂ ခုလုံးပင် မိမိ-ဂိုဏ်း-သံယာ-စေတီတို့အတွက် မိမိထံ အပ်နှံ လျှဒါန်းလာလျှင် ပယ်ရမည်သာ။

ကပ္ပိယများ။ ။ သိက္ခာပုဒ်၌ "စိ၀ရတ္ထိကေန၊ ပေ၊ ဝေယျာ၀စ္စကရော" ဟု ရဟန်းကိုယ်တိုင် ညွှန်ပြအပ်သော ကပ္ပိယကိုသာ ပြသော်လည်း ထိုစကားနှင့် မဆန့်ကျင်သော ကပ္ပိယများကိုလည်းကောင်း, ဆန့်ကျင်၍ မတောင်းကောင်းသော ကပ္ပိယများကိုလည်းကောင်း မှတ်သားထိုက်၏။ [ဤ၌ ပါတိမောက် နိဿယဟောင်းလက်ကို အခြေတည်၍ပြမည်။]

[ဆောင်] ၁။ ရဟန်းညွှန်းပြ, လေးယောက်မျှ, ဒုတညွှန်းလေးဖြာ။
၂။ အနိဒ္ဒိဋ္ဌ, ဒုဝိဓ, ပေါင်းက ဘစ်ကျိပ်သာ။
၃။ တစ်ဦးမျက်မှောက်, ကွယ်သုံးယောက်, ညွှန်းမြောက် ရဟန်းမှာ။
၄။ ရှေ့အပ်-ပြန်ကြား, စေ၍ကြား, မှာထားသွားသည့်ခါ။
၅။ တမန်ညွှန်းလည်း, လေးပါ:တည်း, ဤနည်းယူလေပါ။
၆။ ရှေ့အပ်မကြား, ကွယ်အပ်သွား, နှစ်ပါးမညွှန်းရာ။
၇။ ရာဇ-မေဏ္ဍ, အညာတ, ကျင့်ရစဉ်တိုင်းသာ။

၁-၂။ ကပ္ပိယတစ်ကျိပ်။ ။ "ကပ္ပိယ်-အပ်စပ်သည်ကို၊ ကရောတိ-ပြုတတ်၏" ဟူသော ဝိဂြိုဟ်အရ ရဟန်းများ၌ အပ်စပ်အောင် ပြုတတ်သော ကပ္ပိယကာရက (ကာရကကိုပြုတ်၍ အတိုသုံးအားဖြင့် ခေါ်ကြသော ကပ္ပိယ)ကား ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄ ယောက်, တမန်ညွှန်းအပ်သော ကပ္ပိယ ၄ ယောက်, အနိဒ္ဒိဋ္ဌ (မည်သူမျှ မညွှန်းအပ်သော) ကပ္ပိယ ၂ ယောက်အားဖြင့် တစ်ကျိပ်ရှိသည်။

http://www.dhammadownload.com

၃-၄။ ရဟန်းညွှန်း ၄ ယောက်။ ။ ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄ ယောက်ကား-မျက်မှောက်အနီးအပါး၌ ညွှန်ပြအပ်သူတစ်ယောက်, အဝေးလှမ်း၍ မျက်ကွယ်၌ ညွှန်ပြအပ်သူ ၃ ယောက်တည်း၊ ထို ၄ ယောက်တွင် မျက်မှောက် ညွှန်ပြအပ်သူထံ အလှူ့ရှင်က (သို့မဟုတ်-တမန်က) ငွေကိုအပ်နှံ၍ "သင်္ကန်းဝယ်၍လှူရစ်ပါ" ဟု ပြောဆိုမှာထားသွားလျှင် ရဟန်းအား အထူးမလျှောက်သော်လည်း (မိမိရှေ့မှာပင် မိမိညွှန်ပြသူ့ထံ အပ်နှံ၍ သင်္ကန်းလှူရစ်ပါဟု မှာသွားသောကြောင့်) သိက္ခာပုဒ် လာသည့်အတိုင်း တောင်းမှု ရပ်မှုကို ပြုနိုင်ပြီ၊ ထို့ကြောင့် လင်္ကာပိုဒ်၌ "ရှေ့အပ်" ဟု ဆိုသည်။

"မျက်ကွယ်၌ ညွှန်ပြအပ်သူ ၃ ယောက်" ဟူရာဝယ် ရဟန်းက အဝေး လှမ်း၍ ညွှန်ပြမှုကြောင့် ၃ ယောက်ပြားသည် မဟုတ်, အလှူလာသူက ၁-ကပ္ပိယထံ အပ်နှံပြောပြပြီးနောက် ရဟန်းထံပြန်၍ ကပ္ပိယနာမည်ကို ဖော်ပြလျက် "မည်သူ့အထံ ငွေ ၁၀ အပ်ခဲ့ပါသည်, အရှင်ဘုရား အလိုရှိသောအခါ အပ်စပ်သော ပစ္စည်းကို အလှူခံတော်မူပါ" ဟု လျှောက်ခြင်း, ၂ - အပ်နှံပြောဆိုပြီးနောက် ကိုယ်တိုင်ပြန်၍ မလျှောက်နိုင်သဖြင့် တစ်ယောက်ယောက်ကို စေလွှတ်၍ ထိုနည်းအတိုင်း လျှောက်ခိုင်းခြင်း, ၃-ကပ္ပိယရှိရာသို့ သွားခါနီး (မသွားခင်) ကပင် အရှင်ဘုရား ညွှန်ပြအပ်သော ကပ္ပိယထံ သင်္ကန်းဖိုး အပ်နှံခဲ့ပါမည်, အလိုရှိသောအခါ တောင်းတော်မူပါ-ဟု မှာထား၍ သွားခြင်းအားဖြင့် လျှောက်ပုံ ၃ မျိုး ကွဲပြားသောကြောင့် အဝေးညွှန်း ကပ္ပိယ ၃ ယောက် ပြားရသည်၊ ထို့ကြောင့် ၄ နံပါတ် လင်္ကာပိုဒ်၌ "ပြန်ကြား-စေ၍ကြား-မှာထားသွားသည့်ခါ" ဟု ဆိုသည်။

၅။ တမန်ညွှန်း ၄ ယောက်။ ။ တမန်ကိုယ်တိုင် ညွှန်းပြအပ်သော ကပ္ပိယ ၄ မျိုးလည်း ရဟန်း ၄ မျိုးကဲ့သို့ "ရှေ့အပ်-ပြန်ကြား, စေ၍ကြား, မှာထားသွားခြင်း" အားဖြင့် ကွဲပြားသည်-ဟု မှတ်၊ ချဉ်ဦးအံ့-ကပ္ပိယမရှိသောကြောင့်ဖြစ်စေ, ရှိသော်လည်း မညွှန်လိုသောကြောင့်ဖြစ်စေ, ရဟန်းက ကပ္ပိယ မညွှန်လျှင် တမန်ကိုယ်တိုင် ကပ္ပိယလုပ်မည့်သူကိုရှာ၍ ၁-ရှေ့မှာ အပ်နှံပြောဆိုခြင်း, ၂-အဝေးမှာရှိသူထံ အပ်နှံ၍ ပြန်လျှောက်ခြင်း, ၃-စေလွှတ်၍လျှောက်ခြင်း, ၄-သွားခါနီးကပင် လျှောက်သွားခြင်းအားဖြင့် ရေးနည်းအတိုင်း ၄ မျိုးပြားသည်၊ လျှောက်ပုံ စကားများမှာ ရဟန်းညွှန်း ကပ္ပိယအထံ အပ်နှံရာ၌ လျှောက်သည့်အတိုင်းပင်တည်း။

http://www.dhammadownload.com

မေဏ္ဍက သိက္ခာပုဒ်။ ။ [မေဏ္ဍက သူဌေးကို အကြောင်းပြု၍ မဟာဝါ-ဘေသဇ္ဇခန္ဓကဌ ခွင့်ပြုအပ်သော သိက္ခာပုဒ်ကို မေဏ္ဍကသိက္ခာပုဒ်-ဟု ခေါ်သည်။] မေဏ္ဍကသိက္ခာပုဒ်၌ နောက်ဆုံးခွင့်ပြုချက်မှာ-သဒ္ဓါတရား၊ ရှိသူတို့က "ဤဌေးဖြင့်အပ်သော ပစ္စည်းကို ဘုန်းကြီးအား (ဦးပဋ္ဌင်းအား) လှူပါ" ဟု မှာထား၍ ကပ္ပိယထံ ဌေးကိုအပ်နှံထားတတ်ကြသည်၊ ထိုသို့အပ်ထားကြရာ၌ ထိုဌေးမှ အပ်စပ်သော ပစ္စည်းကို သာယာကောင်း၏၊ (တောင်းယူကောင်း၏၊) ရွှေဌေးကိုကား မည်သည့်ပရိယာယ်နှင့်မျှ မသာယာကောင်း-ဟု မိန့်တော်မူသည်၊ ဤမေဏ္ဍကသိက္ခာပုဒ်လာ ရွှေဌေးအပ်နှံထားရာ ကပ္ပိယတို့မှာ ရဟန်းက ညွှန်ပြအပ်သောသူများ မဟုတ်ကြ, တမန်ကိုယ်တိုင် ညွှန်ပြအပ်သော ကပ္ပိယတို့တည်း၊ သို့ဖြစ်၍ ကပ္ပိယက ရဟန်းမျက်ကွယ်မှာ ဖြစ်လျှင် ရဟန်းကို တစ်နည်းနည်းဖြင့် "မည်သူ့အထံ၌ အပ်သောပစ္စည်းကို တောင်းပါ" ဟု လျှောက်ထားရဦးမည်၊ ဤသို့ လျှောက်လျှင် အကြိမ်ပေါင်းရာထောင်မက (မရမချင်း) တောင်းနိုင်သည်။

၆။ မည္ဆန်းအပ် ၂ ယောက်။ ။ တမန်က ကပ္ပိယရှိပါသလား-ဟု လျှောက်သောအခါ ရဟန်းက ကပ္ပိယ မည္ဆန်ပြဘဲနေလျှင် ၁-အနီးအပါး မျက်မှောက်ရှိသူ လူတစ်ယောက်က "ကျွန်တော်ထံ အပ်ခဲ့ပါ, ကျွန်တော်ဝယ်ပြီး လှူလိုက်ပါ့မည်" ဟု ပြောလေသော် ထိုသူ့အထံ၌ပင် အပ်နှံသွား၏၊ တမန်က ကပ္ပိယကိုလည်း "လှူရစ်ပါ" ဟု မမှာ, ရဟန်းကိုလည်း "တောင်းရစ်ပါ" ဟု မလျှောက်၊ ၂-တမန်တစ်ယောက်ကား ရဟန်း၏ ကွယ်ရာမှာပင် သင့်တော်သူတစ်ယောက်ထံအပ်ခဲ့၍ "သင်္ကန်းလှူရစ်ပါ" ဟု မှာထားသွား၏၊ သို့သော် ရဟန်းကိုကား မလျှောက်ထားခဲ့ချေ၊ ဤသို့လျှင် ရဟန်းကလည်း မည္ဆန်ပြအပ် တမန်ကလည်း မည္ဆန်ပြအပ်သော ကပ္ပိယ ၂ ယောက် ရှိပြန်သည်။ [ပထမလူကို "မုခဝေဝဋိက=သူ့နှုတ်ဖြင့် ထုတ်ဖော် ပြောဆို၍ ကပ္ပိယလုပ်သူ-ဟု ခေါ်၏၊ ဒုတိယလူကို "ပရမ္မုခ အနိဿိတ= မျက်ကွယ်၌ မည္ဆန်အပ်သော ကပ္ပိယ" ဟု ခေါ်သည်။]

ထိုတွင် ရဟန်းညွှန်း ကပ္ပိယ ၄ ယောက်၌ ရာဇသိက္ခာပုဒ်အတိုင်း ၃ ကြိမ် တောင်းမှ ၆ ကြိမ်ရပ်မှကို ပြုရခြင်း, တမန်ညွှန်း ကပ္ပိယ ၄ ယောက်၌ မေဏ္ဍက သိက္ခာပုဒ်အတိုင်း ကျင့်ရခြင်း, မည်သူမျှ မည္ဆန်ပြအပ်သော

http://www.dhammadownload.com

အနိဿိဋ္ဌကပ္ပိယ ၂ ယောက်၌ အညာတက အပ္ပဝါရိတအတိုင်း ကျင့်ရခြင်းကြောင့် "ရာဇ-မေဏ္ဍ, အညာတ, ကျင့်ရစဉ်တိုင်းသာ" ဟု ၇ နံပါတ် သံပေါက်ကို ဆိုရလေသည်။

ယခုခေတ် = ယခုခေတ်၌ ဝိနည်းဂရုပြုသော ကျောင်းများဝယ် ဝိနည်းလမ်းကြောင်းကို တင်ကြို၍ သင်ပြကောင်းသည့် အားလျော်စွာ သင်ပြထားသော ကျောင်းသား ကပ္ပိယများ ရှိတတ်ကြသည်၊ ထိုကျောင်းသား ကပ္ပိယများကား ငွေလာလျှ၍ ဆရာသမားက ငွေကို အလှမခံ ပယ်လှန်သော်လည်းကောင်း, အလှလာသူက နားလည်ပြီးဖြစ်၍ ကပ္ပိယထံ အပ်နှံပြီးသော်လည်းကောင်း ကပ္ပိယက "တပည့်တော်ထံ မည်မျှတန်သော အပ်သောပစ္စည်းကို တောင်းတော်မူပါ, လုံခြုံရာ အရပ်ကိုလည်း ညွှန်းပြတော်မူပါ" ဟု လျှောက်တတ်ကြသည်၊ ထိုသို့လျှောက်ရာ၌ ဒကာက အထူးလျှောက်သည်ဖြစ်စေ မလျှောက်သည်ဖြစ်စေ ပဝါရိတ (ဖိတ်မန်သူ) ဖြစ်တော့ရကား ထိုငွေနှင့် တန်သလောက် အလိုရှိရာ အပ်သောပစ္စည်းများကို တောင်းကောင်း၏၊ ငွေကိုလည်း မည်သည့်နေရာ၌ လုံခြုံသည်-ဟု ပြောပြကောင်း၏၊ "မည်သည့်နေရာမှာထားလိုက်" ဟုကား မပြောကောင်း။

အင်္ဂါ ၄ ပါး။ ။ ၁-ရဟန်းညွှန်ပြအပ်သော ကပ္ပိယဖြစ်ခြင်း, ၂-အဖိုးကို အပ်နှံထား၍ ရဟန်းအားလျှောက်ခြင်း, ၃-သုံးကြိမ်တောင်းခြင်း ၆ ကြိမ်ရပ်ခြင်းထက် ပို၍ အားထုတ်ခြင်း, ၄-ထိုအားထုတ်မှုကြောင့် ရခြင်းအားဖြင့် အင်္ဂါ ၄ ပါးရှိ၏။

[ဆောင်] ရဟန်းညွှန်ပြ-ကပ္ပိယမျိုး[1], သက်နှံ့ဖိုးအပ်-လျှောက်ထားလတ်တည်း[2], တောင်းရပ်ခွင့်ထက် - တိုးတက်အားထုတ်[3], အားထုတ်၍ရ[4], အင်္ဂလေးဝ, ရာဇ နိသဂ္ဂိ။

၁၇။ လေ့ကျင့်စန်းမေးခွန်းများ

ကပ္ပိ။ ရာဇသိက္ခာပုဒ်၌ တမန်က "သက်နှံ့အဖိုးကို လက်ခံပါ" ဟု လျှောက်လျှင် ရဟန်းက မည်သို့ ပြန်ပြောရမည်နည်း။

http://www.dhammadownload.com

ခ။ တမန်က "ကပ္ပိယ ရှိပါသလား, ကပ္ပိယညွှန်းပါ" ဟု မလျှောက်ဘဲ "သင်္ကန်းအဖိုးကို မည်သူ့ထံ ထားခဲ့ရပါမည်နည်း" ဟု လျှောက်လျှင် ကပ္ပိယညွှန်းကောင်းမည်လော။

ဂ။ ကပ္ပိယညွှန်းပြီးနောက် ကပ္ပိယထံ တမန်က သင်္ကန်းအဖိုး အပ်ခဲ့ရံမျှဖြင့် တောင်းကောင်းမည်လော, မည်သို့လျှောက်မှ တောင်းနိုင်သနည်း။

ဃ။ ဤရာဇသိက္ခာပုဒ်အတိုင်း သုံးကြိမ်တောင်းနိုင်– ၆ ကြိမ်ရပ်နိုင်သော ကပ္ပိယ ၄ မျိုးကိုပြပါ။

င။ ဤရာဇသိက္ခာပုဒ်၌ တမန်က လျှောက်ပုံကိုသာ ပြထားရာ, အလှူရှင် ကိုယ်တိုင်လာ၍ လျှောက်လျှင် တစ်မျိုးတစ်ပုံ စီစဉ်ရဦးမည်လော။

စ။ သင်္ကန်းအဖိုးကိုသာ ပြထားသောကြောင့် ဆွမ်းအဖိုး စသည်ကြောင့် လှူဒါန်းလာလျှင် တစ်မျိုးတစ်ပုံ စီစဉ်ရဦးမည်လော။

ဆ။ တမန် (သို့မဟုတ် အလှူရှင် ကိုယ်တိုင်) ညွှန်ပြအပ်သော ကပ္ပိယ ၄ ယောက်ကို ပြပါ။

ဇ။ ထို ကပ္ပိယ ၄ ယောက်၌ မေဏ္ဍကသိက္ခာပုဒ်အတိုင်း ကျင့်ရမည်ဟု ဆိုရာ မေဏ္ဍကသိက္ခာပုဒ်၏ သဘောသွားကို ပြပါ။

ဈ။ ယခုကာလ၌ ညွှန်ပြ၍ဖြစ်စေ မညွှန်ဘဲဖြစ်စေ ကျောင်းသား စသူတို့ထံ ငွေရောက်လာလျှင် အလှူရှင်က အထူးမလျှောက်ခဲ့သော် ဉာတိမဟုတ်သော ကျောင်းသားက မည်သို့လျှောက်မှ တောင်းကောင်းမည်နည်း။

ည။ အနိဿိတ္ထကပ္ပိယ ၂ ယောက်ကိုပြ၍ ထိုကပ္ပိယတို့၌ မည်ကဲ့သို့ ကျင့်ရမည်ကိုလည်း ပြပါ။

ဋ။ ဤရာဇသိက္ခာပုဒ်၌ ကိ"သဒ္ဒါဖြင့် မေး၍ ဆုံးသည့်အခါ ဣတိသဒ္ဒါဖြင့် ပြန်အုပ်ရသော အာကာရဝါကျစုကို တစ်ခုစီ ဖော်ပြပါ။

---

http://www.dhammadownload.com

ဌေကလောမဝဂ်

၁။ ကောသိယ သိက္ခာပုဒ် ယောပနဘိက္ခု-သည်၊ ဇကောသေယျမိဿက်-ပိုးချည်ဖြင့် ရောနှောအပ်သော၊ သန္တတ်- အခင်းကို၊ ကာရာပေယျ-ပြုစေအုံ့၊ တဿ ဘိက္ခုနော - ၏၊ တံသန္တတ်-ထိုအခင်းကို၊ နိသဂ္ဂိယ်-၏၊ ပါစိတ္တိယ်-လည်း၊ ဟောတိ-ဖြစ်၏။

* * * * *

၁။ ကောသိယ။ ။ ဤကဲ့သို့ တိုတောင့်သော သိက္ခာပုဒ်များ၌ မြန်မာလို ဆိုလိုရင်း ထင်ရှားပြီးဖြစ်၍ ပုဒ်မှင့်ကိုသာ ရေးမည်။ [ကောသိယ သိက္ခာပုဒ်ကို ပထမပြသောကြောင့် ဤဝဂ်ကို ပါဠိတော်နှင့် အဋ္ဌကထာတို့၌ "ကောသိယ" ဟု နာမည်တပ်၏၊ ကခ်ါနှင့် ယခုပါတိမောက် စာအုပ်များ၌ "ဌေကလောမဝဂ်= (သိုးမွေးဆိုင်ရာ သိက္ခာပုဒ်များစွာ ပါခြင်းကြောင့်) ဌေကလောမ သိက္ခာပုဒ်စု" ဟု နာမည်တပ်သည်။]

ကောသေယျမိဿက် - [ကောသေယ =ပိုးချည်+မိဿက=ရောအပ်သော။] မိဿကအရ "ရောခြင်း" ဟူရာ၌ ပိုးချည်အများဖြင့်ရောမှ အရောမဟုတ်, အခင်းပြုလုပ်ထားသော နေရာဝယ် လေတိုက်၍ကျလာသော ပိုးချည်တစ်မျှင်ဖြင့် ရောလျှင်လည်း အရောပင်၊ ထိုပိုးချည်ဖြင့် ရောထားအပ်သော မူလချည်မှာ ဌေကလောမတို့ကိုပြသော ဝဂ်ဖြစ်၍ သိုးမွေးချည်များ ဖြစ်သင့်၏-ဟု နှလုံးပြုပြီးလျှင် ဝိမတိဋ္ဌိကာ၌ "မိဿေတ္တာတိ-ဌေကလောမေဟိ (ဌေကလောမာနိ) မိဿေတ္တာ" ဟု ဖွင့်သည်၊ အချုပ်ကား-သိုးမွေးချည်ကို ပိုးချည်ဖြင့်ရော၍ ပြုလုပ်သည်ဟု ဆိုလိုသည်၊ ရောရာ၌ကား ပိုးချည်တစ်မျှင် ပါပါ, ပိုးချည်အများပါပါ, သိုးမွေးက တစ်မျှင်သာပါ၍ ကျန်သမျှ ပိုးချည် မျှင်ဖြစ်ဖြစ် "အရော" ပင်တည်း၊ ဝိမတိ အဖွင့်အတိုင်း မဟုတ်ဘဲ အခြားချည်ကို အခြေတည်၍ ပိုးချည်ဖြင့်ရောလျှင်လည်း ကောသိယမိဿက မဟုတ်-ဟု မဆိုသာ။

သန္တတ်-"သန္တရိယတေ-ခင်း၍ပြုအပ်၏" ဟူသော ဝိဂြိုဟ်အရ သန္တတ အထည်ကို ပြုလုပ်သည်အခါ ညီညွတ်သော ကြမ်းပြင်မြေပြင် စသည်ဝယ် သိုးမွေးချည်တို့ကို အလျားအနံ အလိုရှိသလို ဖြန့်ထားရမည်၊ ထို့နောက် အလိုရှိသလောက် ထူအောင်ထပ်လျက် အထက်အောက် အချင်းချင်း ကပ်နေ

http://www.dhammadownload.com

အောင် "ကဋ္ဌိယ=ကစီရေ(ထမင်းကိုကြိတ်၍ ပြုအပ်သောအရေ)" စသော စေးကပ်သောအရေတို့ဖြင့် သွန်းလောင်း ဖိနှိပ်ပေးရမည်၊ ဤသို့ညီညွတ်သော အပြင်ဝယ် ဖြန့်ခင်း၍ ပြုအပ်သောကြောင့် "သန္ဌတ=အခင်း" ဟုခေါ်၏၊ ရက်ကန်းစင်ပေါ်တင်၍ ရက်အပ်သောအထည်မျိုးမဟုတ်, ခင်း၍ပြုအပ်သောအထည်မျိုး" ဟုဆိုလိုသည်၊ "အခင်း" ဟုဆိုသဖြင့် ခင်းထိုင်ဖို့-ခင်းအိပ်ဖို့သက်သက်သာ အသုံးဝင်၍ "အခင်း"ခေါ်သည်-ဟု ထင်မှတ်တတ်ကြ၏၊ အမှန်မှာ-ခင်းခြင်းဆိုင်ရာသာမက မျက်နှာကြက်-ကန့်လန့်ကာ-ခေါင်းအုံးများပင် ပြုလုပ်ရသော အထည်တစ်မျိုးဖြစ်သည်။ [မျက်နှာကြက်စသည်တို့အတွက် ပြုလုပ်ရာ၌ အနာပတ္တိဟုဆို၏။]

ကာရာပေယျ-"ပြုစေအုံ=အပြုခိုင်းအုံ" ဟု ဆိုသောကြောင့် "သူတစ်ပါးကို အပြုခိုင်းမှ နိသဂ္ဂိထိုက်သည်, ကိုယ်တိုင်ပြုလျှင် နိသဂ္ဂိမထိုက်" ဟု ထင်ဖွယ်ရှိ၏၊ သို့ရာတွင် မပြုအပ်သော အရာတိုင်း၌ သူတစ်ပါးကို ခိုင်းခြင်းထက် ကိုယ်တိုင်ပြုခြင်းက သာ၍ရန့်ရင်း၏၊ ထိုကြောင့် "ကာရာပေယျ" စသည်ဖြင့် လာသော သိက္ခာပုဒ်များ၌ ကိုယ်တိုင်ပြုလုပ်ခြင်းနှင့်လည်း သက်ဆိုင်သည်-ဟုမှတ်။

[ကစ်] ကာရာပေယျ နိသဂ္ဂိယန္တိ-ကရဏ ကာရာပဏ ပယောဂေသု (ကိုယ်တိုင်ပြုခြင်း-ပြုစေခြင်း ပယောဂတို့ကြောင့်) ဒုက္ကဋံ, ပတိလာဘေ နိသဂ္ဂိယံ ဟောတိ။

အဂ်ါ ၃ ပါး။ ။ ၁-ပိုးချည်ဖြင့်ရောနှောခြင်း, ၂-မိမိအတွက် အခင်းပြုခြင်း ပြုစေခြင်း, ၃-ရခြင်း, (ပြီးဆုံးခြင်း)ဟု အဂ်ါ ၃ ပါးရှိသည်၊ ကခ်ါ၌ "ကောသိယဘာဝေါ"ဟုရှိ၏၊ သာရတ္ထ-ဝိမတိတို့၌ "ကောသိယ မိဿကတာ" ဟုရှိ၏၊ ဋီကာတို့ဆိုပုံကသာ "ကောသိယမိဿကံ" ဟူသော ပါဠိတော်သွားနှင့်ညီသည်။ [မိမိအတွက် ပြုခြင်း ပြုစေခြင်းကို နိသဂ္ဂိယပါစိတ်အရာဖြစ်၍ဆိုသည်၊ သူများအတွက် ပြုပေးခြင်း-သူများပေး၍ရသည်ကို သုံးစွဲခြင်းတို့ကြောင့် ဒုက္ကဋ်အာပတ်သင့်သေး၏၊] ပတိလာဘ(ရခြင်း)ဟူသည် ပြုလုပ်ပြီးဆုံးခြင်းတည်း၊ ပိုးချည်ဖြင့် ရောအပ်သော သန္ဌတကိုသာ တားမြစ်ရကား ပိုးချည်ဖြင့်ရော၍ ရက်အပ်သောအထည်ကို ပြုလုပ်သုံးစွဲကောင်း၏။

[ဆောင်] ပိုးချည်ရောဖက်[1], မိမိတွက်ဟု-ဆက်ဆက်အခင်း-ပြုစေခြင်းနှင့်[2], ရခြင်း[3]သုံးလီ, အဂ်ါညီ, သင့်ပြီကော်သိယ။

http://www.dhammadownload.com

၂။ သုဒ္ဓကာဌက သိက္ခာပုဒ်

ယောပန ဘိက္ခု-သည်၊ သုဒ္ဓကာဌကာနံ-သက်သက် မည်းနက်သောအဆင်: ရှိကုန်သော၊ ဌေကလောမာနံ-သိုးမွေးတို့၏၊ သန္ထတ်-အခင်းကို၊ ကာရာပေယျ-အုံ့၊ တဿ ဘိက္ခုနော တံ သန္ထတံ နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

၃။ ဒွေဘာဂ သိက္ခာပုဒ်

နဝ-အသစ်ဖြစ်သော၊ သန္ထတ်-အခင်းကို၊ ကာရယမာနေန-ပြုစေလိုသော၊ ဘိက္ခုနာ-ရဟန်းသည်၊ သုဒ္ဓကာဌကာနံ-သက်သက် မည်းနက်သော အဆင်:ရှိကုန်သော၊ ဌေကလောမာနံ-သိုးမွေးတို့၏၊ ဒွေဘာဂါ-နှစ်ဖို့တို့ကိုလည်း ကောင်း၊ သြဒါတာနံ-ဖြူသောအဆင်:ရှိကုန်သော၊ (ဌေကလောမာနံ-တို့၏၊) တတိယံ-၃ ခုမြောက် တစ်ဖို့ကိုလည်းကောင်း၊ ဂေါစရိယာနံ-ညှိရွှေရောရောင်, ကြောင်သောအဆင်: ရှိကုန်သော၊ (ဌေကလောမာနံ-တို့၏၊) စတုတ္ထံ - ၄ ခုမြောက် တစ်ဖို့ကိုလည်းကောင်း၊ အာဒါတမ္ဘာ-ယူထိုက်

* * * * *

၂။ **သုဒ္ဓကာဌက**။ ။ [သုဒ္ဓ=သက်သက်, သန့်သန့် (အခြား အဆင်:အရောင်တို့နှင့် မရောသော) + ကာဌက=အနက်ရောင်။] အဖြူ အနီ အကြောင် အကျား: အဆင်:တို့နှင့်မရောဘဲ အနက်ရောင်သက်သက်ရှိသော သိုးမွေးတို့ကို အခင်:လုပ်လျှင် ထိုအခင်: နိသဂ္ဂိထိုက်သည်၊ ဤသိက္ခာပုဒ်၌ ရှေ့သိက္ခာပုဒ်ကဲ့သို့ အဂါ ၃ ပါ:ပင်၊ ရှေ့သိက္ခာပုဒ်၌ "ပိုးချည်ဖြင့် ရောနှောခြင်:" ဟူသော ၁ နံပါတ်အဂါတွင် "သက်သက်နက်သောအဆင်:ရှိသော သိုးမွေးဖြစ်ခြင်:"ဟု လဲလှယ်ရုံသာ ထူးသည်။

၃။ **ဒွေဘာဂ**။ ။ သန္ထတကို အသစ်စ၍ပြုလုပ်လိုလျှင် မိမိလိုသလောက် သိုးမွေးများ၏ ပိသာချိန်ကိုမှန်:ထားပြီ:နောက် ထိုသိုးမွေးများကို ချိန်သည့်အခါ အနက်ရောင်ရှိ သိုးမွေး ၂ ဆ-အဖြူရောင်ရှိ သိုးမွေး ၁ ဆ-(အညို အရွှေရောသော အဆင်:ကို "ကြောင်သောအဆင်:"ဟုခေါ်၏၊) ထိုကြောင်သောအဆင်:ရှိ သိုးမွေးတစ်ဆပါစေရမည်၊ ထိုတွင် အနက်ရောင်များနေမည်ကိုသာ တားမြစ်လိုရင်:ဖြစ်၏၊ ထို့ကြောင့် အနက်ရောင်လျော့၍ အဖြူအကြောင်တို့က များနေလျှင် အပြစ်မရှိ၊ အနက်ရောင်က ၂ ဆ ထက်ပိုလာလျှင် နိသဂ္ဂိထိုက်သည်။

http://www.dhammadownload.com

ကုန်၏၊ ဘိက္ခု-သည်၊ သုဒ္ဓကာဇုကာနံ-ကုန်သော၊ ဇုကလောမာနံ- တို့၏၊ ဒွေဘာဂေ-၂ ဖို့တို့ကိုလည်းကောင်း၊ သြဒါတာနံ-ကုန်သော၊ (ဇုကလောမာနံ-တို့၏၊) တတိယံ-ကိုလည်းကောင်း၊ ဂေါစရိယာနံ-ကုန်သော၊ (ဇုကလောမာနံ-တို့၏၊) စတုတ္ထံ-ကိုလည်းကောင်း၊ အနာဒါ-မယူမူ၍၊ နဝံ-သော၊ သန္ထတံ-အခင်းကို၊ စေကာရာပေယျ-အကယ်၍ ပြုစေအံ့။ တဿဘိက္ခုနော တံ သန္ထတံ နိသဒ္ဓိယံ, ပါစိတ္တိယံဟောတိ။

၄။ ဆဗ္ဗဿ သိက္ခာပုဒ်

ဘိက္ခုနော-ရဟန်းသည်၊ နဝံ-သော၊ သန္ထတံ-ကို၊ ကာရာပေတွာ-ပြုစေပြီး၍၊ ဆဗ္ဗဿာနိ-၆ နှစ်တို့ပတ်လုံး၊ ဓာရေတဗ္ဗံ-ဆောင်ထားရမည်။ ဆန္နံဝဿာနံ-၆ နှစ်တို့၏၊ သြရေန-အတွင်း၌၊ တံသန္ထတံ-ထိုအခင်းကို၊

* * * * *

ဤသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါးပင်၊ ၁ နံပါတ်အင်္ဂါ၌ "သိုးမွေး ၄ ပုံတွင် မည်းနက်သော သိုးမွေးတို့၏ ၂ ပုံထက်ပိုလွန်ခြင်း" ဟု ထည့်သွင်းလဲလှယ်ရုံသာ၊ ဤပြခဲ့သော ၁-၂-၃ နံပါတ် သိက္ခာပုဒ်လာ အခင်းတို့ကို နိသဒ္ဓိထုံးစံအတိုင်း စွန့်ပြီးနောက် ပြန်ရသော်လည်း ထိုင်ခြင်း အိပ်ခြင်း စသော သုံးစွဲမှုကို မပြုရ, ပြုလျှင်ဒုက္ကဋ်၊ သို့သော် ဗိတာန်မျက်နှာကြက် ကန့်လန့်ကာ ဘုံလျှိုခေါင်းအုံး စသည်ကိုကား လုပ်ကောင်း၏။

၄။ ဆဗ္ဗဿ။ ■ [ဆ+ဝဿ=ဆဗ္ဗဿ။] ၃ နံပါတ်သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ၄ ပုံတွင် အနက်ရောင် ၂ ပုံထက် မများသော အခင်းကိုပြုပြီးနောက် (သမ္မုတိရထားသော ဂိလာနမဟုတ်လျှင်) ထိုအခင်းကို ၆ နှစ်လုံးလုံး ဆောင်ထားရမည်၊ ၆ နှစ်မပြည့်ခင် အဟောင်းကို သူတစ်ပါးအား စွန့်ပေးပြီးမှဖြစ်စေ, မစွန့်ပေးဘဲဖြစ်စေ အသစ်အခင်းကို မလုပ်ရ, လုပ်လျှင် ထိုအခင်းနိသဒ္ဓိထိုက်သည်၊ ဂိလာနရဟန်းအား သွားရာအရပ်သို့ ထိုအခင်းကို မယူနိုင်လျှင် သံဃာ့ထံ သန္ထတသမ္မုတိ (၆ နှစ်အတွင်း အခင်းသစ်ပြုလုပ်ခွင့် သမ္မုတိ)ကိုတောင်း၍ ထိုသမ္မုတိကို ရထားလျှင် ရောက်ရာအရပ်၌ ၆ နှစ်အတွင်းမှာပင် အခင်းသစ်ပြုခွင့်ရသည်။

မှတ်ချက်။ ■ ဤသိက္ခာပုဒ်ကား မိမိဖို့အသစ်ပြုလုပ်ခြင်းကိုသာ တားမြစ်သောကြောင့် သူများအတွက် ပြုလုပ်ပေးကောင်း၏၊ ၆ နှစ်အတွင်း သူများက လှူလျှင်လည်း သုံးစွဲကောင်းသေး၏-ဟုမှတ်၊ သိက္ခာပုဒ်အင်္ဂါများမှာ

http://www.dhammadownload.com

ဝိသဇ္ဇေတွာဝါ-စွန့်၍သော်လည်းကောင်း၊ အဝိသဇ္ဇေတွာဝါ-မစွန့်ဘဲသော်လည်းကောင်း၊ ဘိက္ခု သမ္မုတိယာ-ဂိလာနရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ-ကြဉ် ထား၍၊ နဝ-အသစ်ဖြစ်သော၊ အညဿ ဒုတ်-အခြားအခင်းကို၊ စေကာရာ ပေယျ-အုံ့၊ တဿ ဘိက္ခုနော တဿ ဒုတ်နိသဂ္ဂိယ်, ပါစိတ္တိယ်ဟောတိ။

၅။ နိသီဒနသန္ထတ သိက္ခာပုဒ်

နိသီဒနသန္ထတ-နိသီဒိုင်အခင်းကို၊ ကာရယမာနေန-ပြုစေလိုသော၊ ဘိက္ခုနာ-ရဟန်းသည်၊ ပုရာဏသန္ထတဿ-အခင်းဟောင်း၏၊ သမန္တာ-ထက်ဝန်းကျင် နံပါ:တစ်ခုမှ၊ သုဂတဝိဒတ္ထိ-ဘုရား၏တစ်ထွာလောက် အရပ်ကို၊ ဒုဗ္ဗဏ္ဏ ကရဏာယ-မကောင်းသော အဆင်:သဏ္ဌာန်ရှိအောင် ပြုခြင်:ငှာ၊ အာဒါ တဗ္ဗာ-ဖြတ်ယူထိုက်၏။ ဘိက္ခု-ရဟန်းသည်၊ ပုရာဏသန္ထတဿ-၏၊ သမန္တာ-မှ၊ သုဂတဝိဒတ္ထိ-ကို၊ အနာဒါ-မယူမူ၍၊ နဝ-သော၊ နိသီဒနသန္ထတ-ကို၊ စေကာရာပေယျ-အုံ့၊ တဿ ဘိက္ခုနော တ နိသီဒနသန္ထတ နိသဂ္ဂိယ်, ပါစိတ္တိယ် ဟောတိ။

* * * * *

သိလောက်ပြီးဖြစ်၍ အဌကထာ၌ပင် အထူးမပြတော့ချေ၊ ထို့ကြောင့် နောက်နောက်သိက္ခာပုဒ်များဝယ် အရေးကြီးမှသာ သိက္ခာပုဒ်အဂါကို ထုတ်ပြတော့မည်။

၅။ နိသီဒနသန္ထတ။ ။ နိသီဒိုင်အခင်းကို ပြုလိုလျှင် အခင်းဟောင်းမှ ဘုရား၏တစ်ထွာပမာဏလောက်ရှိသော နံပါ:အရပ်ကို ဖြတ်ယူပြီးလျှင် ထိုတစ်ထွာကို နိသီဒိုင် အခင်းသစ်အတွင်:သို့ ထည့်သွင်:ပြုလုပ်ရမည်၊ ထိုကဲ့သို့ မပြုလုပ်လျှင် ထိုနိသီဒိုင်အခင်:သစ် နိသဂ္ဂိထိုက်သည်။

နိသီဒန-နိသီဒိုင်ဆိုလျှင် အမြိတ်အဆာ ပါရိ:ထုံ:စံပင် ဖြစ်ဟန်တူသည်၊ ထို့ကြောင့် ပါဠိတော်၌ "နိသီဒနံနာမ သဒသံ (အဆာရှိသော အခင်:ကို) ဝုစ္စတိ" ဟု ဟောတော်မူသည်၊ ထိုအဆာနှင့်တကွ နိသီဒိုင် ပြုလုပ်နည်:ကိုကား ရတနဝဂ်ကျမှပြမည်။

ပုရာဏ၊ ပေ၊ အာဒါတဗ္ဗာ။ ။ ပုရာဏသန္ထတဿ "သာမန္တာ=သမန္တာ"ဟု ပါ၌ ၂ ထွေရှိ၏။ သာမန္တာဆိုလျှင် "အနီ:" သမန္တာဆိုလျှင် "ပတ်ဝန်:ကျင်" ဟု အနက်ပေးရိ:ရှိ၏၊ အခင်:ဟောင်:၏ အနီ:ဆိုလျှင် အခင်:ဟောင်:၏ အနီ:အပါ: အခြား တစ်ခုခုကိုသာ ယူခွင့်ရှိသောကြောင့်

http://www.dhammadownload.com

"သာမန္တာ" ပါဠိသည် သင့်ဟန်မတူ၊ "အခင်းဟောင်း၏ ပတ်ဝန်းကျင်" ဟူရာ၌ကား "အခင်း၏ဝန်းကျင်ပတ်လည်(အခင်းဟောင်းတွင် ပါဝင်သော အနားနံပါး) အရပ်ကို ယူရသောကြောင့် "သမန္တာ=ဧကပသဿတော" ဟူသော အဖွင့်နှင့်ညီမျှ၏၊ ဘုရားရှင်၏ တစ်ထွာလောက်ရှိသော အနားသားကို အပိုင်းဖြစ်စေ ၄ ထောင့်ဖြစ်စေ ဖြတ်ယူပါ-ဟူလို။

ဒုဗ္ဗဏ္ဏကရဏာယ= ဤပုဒ်ကို အဋ္ဌကထာဋီကာတို့ မဖွင့်ကြသဖြင့် ဆိုလိုရင်းအဓိပ္ပာယ် မထင်ရှားဘဲရှိ၏၊ ရှေးကပင် ဤပါဠိမပါလေရော့သလား-သို့မဟုတ် ချွတ်ယွင်းသောပါဠိပင် ဖြစ်လေရော့သလားဟု တွေးထင်မိတော့သည်၊ ဤပါဠိကို "သုဂတဝိဒတ္ထိ အာဒါတဗ္ဗာ" တွင် စပ်ရမည်မှာ အမှန်ပင်တည်း၊ "ပုံသဏ္ဌာန် ပျက်သွားအောင် အခင်းဟောင်းမှ တစ်ထွာလောက် ဖြတ်ယူရမည်" ဟူရာ၌ ဘုရားရှင်၏ ရည်ရွယ်တော်မူချက်မှာ ဤသို့ဖြစ်ဟန်ရှိ၏။

အခင်းဟောင်းကို လုံးဝစွန့်ပစ်လိုက်ရမည်မှာ အလှူရှင်တို့၏ သဒ္ဓါဒေယျ(သဒ္ဓါ၌လှူထားသော) ပစ္စည်းကို ဝိနိပါတန (ဖရိုဖရဲ သုံးစွဲပစ်ရာ) ရောက်၏၊ သို့ဖြစ်၍ အခင်းဟောင်းမှ တစ်ထွာလောက် ဖြတ်ယူလိုက်လျှင် ထိုအခင်းဟောင်းမှာ ပုံသဏ္ဌာန်ပျက်သွားပြီ, ကောင်းသေးသောအသားကို လည်း ဖြတ်ယူပြီးဖြစ်၍ ကျန်သမျှမှာ အဆွေးအရိမ္ဘားသာ ကျန်ဖွယ်ရှိတော့၏၊ သို့ဖြစ်လျှင် "အလှူရှင်များမြင်သော်လည်း ကျေနပ်လောက်ပြီ" ဟု ရည်ရွယ်တော်မူဟန်ရှိသည်။

ဆက်ဦးအုံ-ထိုသို့ ဒုဗ္ဗဏ္ဏကရဏာဖြစ်အောင် "တစ်ထွာလောက်ဖြတ်ယူရမည်" ဟု ဆိုသော်လည်း နိသီဒိုင်အသစ်၌ထည့်၍ သင့်တော်လောက်သော အသားကောင်းနေရာက တစ်ထွာလောက်ရှိမှသာ တစ်ထွာလောက် ဖြတ်ယူရမည်၊ အခင်းဟောင်းက ရိုဆွေးနေသဖြင့် အသားကောင်း တစ်ထွာလောက်မျှ မရှိလျှင် ရတန်သလောက် ဖြတ်ယူရမည်၊ လုံးလုံးအသားကောင်း မရှိတော့လျှင်ကား အခင်းဟောင်းမှ အသားကို လုံးလုံးမယူဘဲလည်း နိသီဒိုင်အခင်းသစ် ပြုလုပ်နိုင်၏။

ထိုကဲ့သို့ တစ်ထွာဖြစ်စေ တစ်မိုက်ဖြစ်စေ ရတန်သရွေ့ ဖြတ်ယူပြီးလျှင်ကား နိသီဒိုင်အခင်းပြုလုပ် ဖြန့်ခင်းသည့်အခါ ထိုအဟောင်းမှအသားကို နိသီဒိုင်၏ တစ်နေရာရာမှာလည်း သန့်သန့်ထည့်နိုင်၏၊ ထိုသို့မထည့်ဘဲ ထိုအသားဟောင်းကိုလည်း အားလုံးပြန်ဖြေ၍ နိသီဒိုင်အခင်းအသစ်လုပ်မည့် သိုးမွေးတို့နှင့် ရောပြီးမှလည်း နိသီဒိုင်အသစ်ဖြစ်အောင် ပြုလုပ်နိုင်သည်။

http://www.dhammadownload.com

၆။ ဌေကလောမ သိက္ခာပုဒ်

ဘိက္ခုနော–ရဟန်း၏၊ ဝါ–ရဟန်းသည်၊ (ပန+ဧဝ အနက်မရှိ) အဒ္ဓါနမဂ္ဂပ္ပတိပန္နဿ–အဓွန့်ရှည်သော ခရီးကိုသွားစဉ်၊ ဌေကလောမာနိ–သိုးမွေးတို့သည်၊ ဥပ္ပဇ္ဇေယ္ယုံ–ဖြစ်ကုန်အံ့၊ အာကခ်ံမာနေန–အလိုရှိသော၊ ဘိက္ခုနာ–ရဟန်းသည်၊ ပတိဂ္ဂဟေတဗ္ဗာနိ – ခံယူအပ်ခံယူနိုင်ကုန်၏၊ ပတိဂ္ဂဟေတ္တာ – ခံယူပြီး၍၊ ဟာရကေ–ဆောင်ယူမည့်သူသည်၊ အသန္တေ–မရှိလသော်၊ တိယောဇနပရမံ–၃ ယူဇနာအလွန် အပိုင်းအခြားရှိသော အရပ်တိုင်အောင်၊ သဟတ္ထာ–မိမိလက်ဖြင့်၊ (ဝါ–ကိုယ်တိုင်၊) ဟာရိတဗ္ဗာနိ–ဆောင်ယူအပ် ဆောင်ယူနိုင်ကုန်၏။ ဟာရကေသည်၊ အသန္တေ ပိ–မရှိသော်လည်း၊ တတော–ထို ၃ ယူဇနာအရပ်ထက်၊ ဥတ္တရိ–အလွန်၊ စေဟရေယ္ယ–အကယ်၍ ယူဆောင်အံ့၊ တဿဘိက္ခုနော, တံဌေကလောမံ–(ထိုသိုးမွေးအပေါင်းကို)၊ နိသဂ္ဂိယ, ပါစိတ္တိယံဟောတိ။

* * * * *

အနာဒါဝေ ဘိက္ခု–"တစ်ထွာလောက်အရပ်ကို အခင်းဟောင်းမှ ဖြတ်မယူဘဲ နိသီဒိုင်ပြုလျှင် နိသဂ္ဂိထိုက်သည်"ဟု ဆိုရာ၌ အခင်းဟောင်းမှ ရလောက်လျက် ဖြတ်မယူခြင်းကိုဆိုသည်၊ မရလောက်၍ မယူခြင်းကြောင့်ကား အပြစ်မရှိ။ ["ပဋိသခ်ါ ယောနိသော" ဝယ် ပဋိသခ်ါ၌ "ယ" ကျေသကဲ့သို့ အနာဒါ၌လည်း "အနာဒါယ" ဆိုလိုလျက် "ယ" ကျေနေသည်ဟုမှတ်။]

၆။ ဌေကလောမ။ ။ "သိုးမွေးရလျှင် ရရာအရပ်မှစ၍ ၃ ယူဇနာ အထိ (ယူဆောင်မည့် – ကပ္ပိယစသူမရှိလျှင်) ကိုယ်တိုင်ယူသွားနိုင်၏၊ ၃ ယူဇနာထက်လွန်၍ ယူသွားလျှင်ကား ထိုသိုးမွေးအများပင် နိသဂ္ဂိထိုက်၍၊ ရဟန်းမှာလည်း သိုးမွေးမျှင်၏ အရေအတွက်နှင့်အမျှ ပါစိတ်အာပတ်များ သင့်သည်။

အဒ္ဓါနမဂ္ဂ၊ ပေ၊ ဥပ္ပဇ္ဇေယ္ယုံ–"ဥပ္ပဇ္ဇေယ္ယုံ" အရ "ဖြစ်ခြင်း" ဟူသည် "ရခြင်း" ပင်တည်း၊ "ခရီးရှည်သွားစဉ်ရအံ့" ဟူသည်မှာလည်း သိက္ခာပုဒ်ပညတ်ဖို့ရာ ဝတ္ထုဖြစ်လာပုံ၌ ခရီးသွားစဉ် ရအပ်သောကြောင့် "အဒ္ဓါနမဂ္ဂ၊ ပေ၊ ဥပ္ပဇ္ဇေယ္ယုံ၊ ပေ၊ ပဋိဂ္ဂဟေတဗ္ဗာနိ" ဟု မိန့်သည်၊ မည်သည့်နေရာ၌မဆို ရရာအရပ်မှာ အလွန်ခံယူကောင်းသည်သာ။

http://www.dhammadownload.com

၇။ ဌေကလောမ ဆောဝါပန

ယော ပန ဘိက္ခု-သည်၊ အညာတိကာယ-ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ-ရဟန်းမကို၊ ဌေကလောမာနိ - သိုးမွေးတို့ကို၊ ဆောဝါပေယျဝါ - ဖွပ်မူလည်း ဖွပ်စေအံ့၊ ရဇာပေယျဝါ-ဆိုးမူလည်း ဆိုးစေအံ့၊ ဝိဇဋာပေယျဝါ-ဖြေရှင်းမူလည်း ဖြေရှင်းစေအံ့၊ တဿဘိက္ခုနောတံ ဌေကလောမံ နိသဂ္ဂိယံ, ပါစိတ္တိယံဟောတိ။

* * * * *

အဂါ ၅ ပါ။ ။ ၁-သိုးမွေးတို့၏ ဘဏ္ဍာမပြုရသေးခြင်း, ၂-ပထမရခြင်း, ၃-ကိုယ်တိုင်ယူ၍ဖြစ်စေ လှည်းသမားကို မသိစေဘဲ လှည်းပေါ်တင်၍ဖြစ်စေ သုံးယူဇနာ လွန်သွားခြင်း, ၄-အသွားဆောင်၍ အပြန်ဆောင်မှု မဟုတ်ခြင်း, ၅-နေဖို့ရန် ရည်ရွယ်ချက်မရှိခြင်း, အင်္ဂါ ၅ ပါ-တည်း။

၁-တစ်စုံတစ်ခု အထည်ဘဏ္ဍာပြုပြီးသော သိုးမွေးအထည်ကို ဆောင်ယူကောင်း၏၊ သိုးမွေးများကို ချည်ဖြင့် တွဲထားလျှင်ပင် ဘဏ္ဍာပြုပြီးဖြစ်၍ ဆောင်ယူကောင်းသည်၊ ၂-ပထမရခြင်း၌ ၃ ယူဇနာထက် မလွန်ကောင်း၊ ခိုးသူတို့ခိုး၍ အသုံးမချလိုသဖြင့် ရဟန်းကို တစ်ဆင့်လွှဲရာ၌ဖြစ်စေ-နိသဂ္ဂိ သိုးမွေးကို စွန့်ပြီးနောက် ပြန်ရရာ၌ဖြစ်စေ ဒုတိယရခြင်းဖြစ်၍ ၃ ယူဇနာထက်လွန်အောင် ဆောင်ယူကောင်း၏။

၄-သုံးယူဇနာအတွင်း ယူသွား၍ ပြန်ယူလာရာ၌ ခရီးတာမှာ ၃ ယူဇနာထက် ပိုသော်လည်း ၃ ယူဇနာအတွင်းဖြစ်၍ အပြစ်မရှိ၊ ၅-နေထိုင်လို၍ ၃ ယူဇနာတိတိ ရှိသောအရပ်သို့ သွားပြီးနောက်, ရောက်ပြီးမှ မနေလို၍ နောက်ထပ် ၃ ယူဇနာတိတိ ဆက်လက်ယူသွားပြန်လျှင်လည်း အပြစ်မရှိ၊ နေလို၍မဟုတ်ဘဲ သွားပြီးနောက် ရောက်ရာအရပ်မှ ဆက်လက်ယူသွားလျှင်ကား ၃ ယူဇနာလွန်လျှင်ပင် အပြစ်ရှိသည်-ဟူလို။

[ဆောင်] သိုးမွေးအစု-ဘဏ္ဍာမှုကို-မပြုရသေး[1], ရှေးဦးရခါ[2], ကိုယ်တိုင်သာလျှင်-ယူဇနာသုံးဆူ-လွန်အောင်ယူ၍[3], သွားယူပြန်ဆောင်- မဟုတ်အောင်တည့်[4], နေမည့်စိတ်ရင်း-မရှိခြင်း[5]ဟု, ကြောင်းရင်းငါးလီ, အင်္ဂါညီ, သင့်ပြီ ဌေက။

၇။ ဌေကလောမဆောဝါပန။ ။ ဆွေမျိုးမတော်သော ဘိက္ခုနီကို သိုးမွေးအဖွပ်ခိုင်းလျှင် ခိုင်းသည့်အတွက် ဒုက္ကဋ်-ဖွပ်ပြီးလျှင် ထိုသိုးမွေးများ

http://www.dhammadownload.com

နိသဂ္ဂိထိုက်၍, ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်၊ သိုးမွေးများကို ဆေးဆိုးခိုင်းခြင်း–ရွှပ်ထွေးနေသော သိုးမွေးများကို ဖြေရှင်းခိုင်းခြင်းကြောင့်လည်း ဤနည်းအတိုင်း အာပတ်များသင့်၏။

၁၀။ လေ့ကျင့်ခန်းမေးခွန်းများ

က။ သန္ဓတပြုလုပ်ပုံကိုပြ၍ "ကောသိယမိဿက" အရ ပိုးချည်မျှင်မည်မျှပါလျှင် အရောဖြစ်ကြောင်းကိုလည်းပြပါ။

ခ။ "အခင်း" ဟုဆိုရာ၌ ခင်းထိုင် ခင်းအိပ်ရ၍ "အခင်း" ဟု ဆိုပါသလော, ဘာ့ကြောင့် "အခင်း" ဆိုပါသနည်း။

ဂ။ "ကာရာပေယျ=ပြုစေအံ့" ဟု ဆိုသောကြောင့် ကိုယ်တိုင်ပြုလျှင် အပြစ်ရှိ–မရှိ အကြောင်းပြ၍ ဆုံးဖြတ်ပါ။

ဃ။ သုဒ္ဓကာဌကသိက္ခာပုဒ်အရ အားလုံး သိုးမွေးအနက်ချည်း အခင်းမပြုကောင်းလျှင် ဒွေဘာဂသိက္ခာပုဒ်အရ သိုးမွေးအနက် အပုံမည်သို့ အလွန်ဆုံး ပါနိုင်ခွင့်ရပါသနည်း။

င။ ဆဗ္ဗဿသသိက္ခာပုဒ်အရ သမ္ပုတိမရသောရဟန်းသည် အခင်းလုပ်ပြီးနောက် ၆ နှစ်အတွင်း အခင်းသစ်ပြုလုပ်ခွင့်မရလျှင် ရှိပါစေတော့, ထိုအတွင်း၌ နိသီဒိုန်အခင်းကိုမျှ မပြုရဟု မှတ်ရမည်လော။ [နိသီဒန သန္ဓတနှင့် သန္ဓတ မတူကြောင်းကို သတိပြုပါ။]

စ။ ဌေကလောမသိက္ခာပုဒ်အဂ်ါကိုပြ၍ "အသွားဆောင်၍ အပြန်ဆောင်မှ မဟုတ်ခြင်း" ဟူသော အဂ်ါ၏ အဓိပ္ပာယ်ကို ရှင်းလင်းပါ။

---

http://www.dhammadownload.com

၀။ ရူပိယသိက္ခာပုဒ် ယော ပန ဘိက္ခု-သည်၊ ဇာတရူပရဇတ်-ရွှေငွေကို၊ ဥဂ္ဂဏှောယျ၀ါ-ကိုယ်တိုင်မူလည်း ခံယူအံ့၊ ဥဂ္ဂဏှာပေယျ၀ါ-သူတစ်ပါးကိုမူလည်း ခံယူစေအံ့၊ ဥပနိက္ခိတ္တံ-အပ်နှံလျှက်ရှိသော ရွှေငွေကို၊ သာဒယေယျ၀ါ-သာယာမူလည်း သာယာအံ့၊ ဘသ ဘိက္ခုနော တं ဇာတရူပရဇတံ နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

* * * * *

၀။ ရူပိယ။ ။ ဤသိက္ခာပုဒ်ပါဠိ၌ ရူပိယပုဒ် မပါသော်လည်း ရူပိယသဒ္ဒါသည် ရှင်ဘုရင်တို့၏ အရုပ်ဖြစ်စေ ဒေါင်းရုပ်စသည်ဖြင့်စေ အရုပ်ရှိသော (အရုပ်တံဆိပ် ခတ်နိပ်ထားအပ်သော) ရွှေငွေ ; ရပ်လုံးကိုပင် ဟောနိုင်သောကြောင့် အဋ္ဌကထာ၌ "ရူပိယသိက္ခာပုဒ်" ဟု နာမည်တပ်လျက်ရှိသည်၊ ရွှေငွေဆိုင်ရာကို ကိုယ်တိုင်ခံယူသည်ဖြစ်စေ, မိမိအတွက် သူတစ်ပါးကို အယူ (ယူလိုက်ဟု) ခိုင်းသည်ဖြစ်စေ, လျှောနှိုးအပ်သော ရွှေငွေကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ သာယာသည်ဖြစ်စေ, ထိုရွှေငွေများ နိသဂ္ဂိထိုက်၍ ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။

ဇာတရူပရဇတ်-"ယသ-အကြင်ရွှေ၏၊ ဇာတံ-ဖြစ်မြဲတိုင်းသော၊ ရုပ-သဘောသည်၊ အတ္ထိ-ရှိ၏" ဟူသော ဝိဂြိုဟ်အရ မူလဖြစ်မြဲတိုင်းသဘောရှိသော (မူလအနေမှ မပြောင်းလွဲသော) ရွှေကို "ဇာတရူပ" ဟု ခေါ်၏၊ ဤဇာတရူပအရ ရွှေတုံးရွှေခဲနှင့် ရွှေဒင်္ဂါးကိုယူ၊ "ဇတ္တ-ဤရွှေ၌၊ ဇနော-လူတို့သည်၊ ရဇ္ဇန္တိ-တပ်မက်မောကုန်၏" ဟူသော ဝိဂြိုဟ်အရ လူအများတို့နှစ်သက်မက်မောစရာဖြစ်သော ရွှေတုံးရွှေခဲနှင့် ရွှေဒင်္ဂါးကို "ရဇတ" ဟု ခေါ်ရိုးရှိ၏၊ သို့သော် ဤနေရာ၌ကား ရွှေအဖြစ်ဖြင့် သုံးစွဲရသော ပိုက်ဆံအမျိုးမျိုးနှင့် ရွှေစက္ကူများကိုပါ "ရဇတ" ဟုခေါ်သည်။

ဥဂ္ဂဏှောယျ ဥဂ္ဂဏှာပေယျ-ဥသဒ္ဒါသည် အနက်ထူးမရှိ၊ "ဂဏှောယျ" အရ "ယူခြင်း" ဟူသည် လျှောအပ်သော ရွှေငွေကိုဖြစ်စေ လမ်းစသည်၌ ဥစ္စာရှင်မရှိသော ရွှေငွေကိုဖြစ်စေ ကိုယ်တိုင်ယူခြင်းတည်း၊ "ဂဏှာပေယျ" အရ "ယူစေခြင်း" ဟူသည် ထိုရွှေငွေတို့ကို ကိုယ်တိုင်မယူဘဲ တစ်ယောက်ယောက်ကို အယူခိုင်းခြင်းတည်း။

http://www.dhammadownload.com

အယူခိုင်းပြန်။ ။ အယူခိုင်းရာ၌ မိမိဖို့ အယူခိုင်းလျှင် နိသဂ္ဂိယ ပါစိတ်၊ အခြား သီတင်းသုံးဖော်များဖို့ အယူခိုင်းလျှင် ဒုက္ကဋ်၊ လူများပိုင်ဆိုင်သော ရွှေငွေကို "ယူလော, သိမ်းထားလော, မည်သည့်အဖိုး ပေးလိုက်လော" ဟု မစိမ်ကောင်းကြောင်းကိုလည်း ဖွင့်ကြ၏။ ["တဝစောဌကဲ့ ပဿာဟိတိ ဣမိနာ ဂိုဟိသန္တ ကေပိ "ဣဒံဂဏှထာ" တိ အကပ္ပိယဝေါဟာရေန ဝိဓာနံ ဘိက္ခုနော နု ကပ္ပတိတိ" -သာရတ္ထ။]

ဥပနိက္ခိတ္တသာဒယေယျ-အနိ:အပါ: မျက်မှောက်၌ လာရောက်ပြီးလျှင် "ဤဟာသည် အရှင်ဘုရားဖို့ ဖြစ်ပါသည်" ဟု လျှောက်ထား၍ လူအပ်သော ရွှေငွေ "မည်သည့်အရပ်မှာ-သို့မဟုတ် မည်သူ့လက်မှာရှိသော ရွှေငွေများ အရှင်ဖိုးဖြစ်ပါစေ (အရှင်အားလူပါ၏)"ဟု အဝေးရပ်ကို ညွှန်ပြ၍ လူအပ်သော ရွှေငွေ, ဤ ၂ မျိုးကို "ဥပနိက္ခိတ္တ (အပ်နှံလျှဒါန်းအပ်သော ရွှေငွေ)"ဟု ခေါ်၏၊ ထိုကဲ့သို့လျှာ၌ (ဦးခေါင်းခါ၍ဖြစ်စေ-ငါတို့မှာ ရွှေငွေမအပ် ရွှေငွေကို ငါတို့အလိုမရှိဟု ပြောရ၍ဖြစ်စေ) ကိုယ်နှုတ်တစ်ခုခုဖြင့် မပယ်ရှားဘဲ စိတ်၌သာ သဘောကျမှုစိတ်ဖြင့် လက်ခံမှုကို "သာယာခြင်း" ဟု ဆိုသည်။

ဓေတ်အလိုက်ကျင့်ဖွယ်။ ။ "သာဒယေယျ" အရ သာယာမှု နိသဂ္ဂိယပါစိတ်အာပတ် သင့်ရကား: ယခုကာလ အလှူစသည်၌ ငွေကိုလှူသောအခါ တစ်ပါးတည်: ထူးချွန်၍ ကိုယ်နှုတ်ဖြင့် မပယ်သာလျှင် "ငါမယူလို၊ ငါ မသာယာ၊ ကပ္ပိယ သုံးချင်ရာ သုံးပေစေ" ဟု အမှန် စင်ကြယ်သော မသာယာသောစိတ် ဖြစ်နိုင်ပါလျှင် အာပတ်မသင့်၊ ထိုငွေကို ကျောင်းသားယူလာ၍ "အရှင်ဘုရား ..... မည်မျှတန်သော အပ်သောပစ္စည်းကို တပည့်တော်ထံ တောင်းတော်မူပါ" ဟု လျှောက်လျှင် မူလကငွေကို မသာယာခဲ့သောကြောင့် အပ်ဖွယ်ရှိသည်၊ ဤသို့ မလျှောက်လျှင် ကျောင်းသားစသူက ယူရဲ့သာ ယူထားလျှင် ထိုငွေနှင့်စပ်၍ ဘာမျှမအပ်တော့ချေ၊ ဤသိက္ခာပုဒ်အရ ကျောင်းဒကာ ဒကာမ ရဟန်းဒကာ ဒကာမ စသော အလှူရှင်များနှင့် အလှူခံပုဂ္ဂိုလ်တိုင်: ကပ္ပိယလုပ်သူတိုင်: နားလည်ဖို့ အရေးကြီးပေသည်။

စောဒနာဖွယ်။ ။ "ရွှေငွေကို လှူသည့်အခါ စိတ်ထဲ၌ သာယာနေလျှင် အာပတ်သင့်သည်" ဟု ဆိုရာ၌ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ= မနောဒွါရ၌ အာပတ်မသင့်" ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော-ဟု စောဒနာဖွယ်ရှိ၏၊ အဖြေကား:-စိတ်ထဲ၌ သာယာနေရုံမျှကြောင့် သင့်သည်မဟုတ်၊ ကိုယ်နှုတ်ဖြင့် ပယ်ရှားမှုကို ပြုရမည်ဖြစ်လျက် ကိုယ် နှုတ်ဖြင့် မပယ်ရှားခြင်းကြောင့် ကာယဒွါရ၌ သင့်ရောက်အပ်သော

http://www.dhammadownload.com

အကြိုယသမုဋ္ဌာန အာပတ်ဖြစ်ရကား "မနောဒ္ဓါရေ အာပတ္တိနာမ နတ္ထိ" နှင့် မဆန့်ကျင်ပေ။ [အကြိုယ=ကိုယ် နှုတ်ဖြင့် ပြုရမည့် ပယ်ရှားမှုကို မပြုခြင်းကြောင့် + သမုဋ္ဌာန=ဖြစ်သောအာပတ်။] စိတ်ထဲ၌ သာယာနေစေကာမူ ကိုယ် နှုတ် တစ်ပါးပါးဖြင့် ပယ်ရှားလိုက်လျှင် အာပတ်မသင့်, ယခုသော် ကိုယ် နှုတ်ဖြင့် မပယ်ရှားခြင်းကြောင့် သင့်ရလေသည်။

[ဆောင်] စိတ်၌သာယာ, နေတုံပါလည်:, ခေါင်းခါနှုတ်မြှက်, ပယ်သင့်လျက်ပင်, မပယ်အင်ကြောင့်, ကိုယ်တွင်နှုတ်၌, အပြစ်ဆိုက်, စိတ်၌ မသင့်ချေ။

အမှာ။ ။ ဤသို့ ကိုယ် နှုတ်ဖြင့် ပယ်ပါလျက် အလျှလာသူက အတင်းထားသွားလျှင် ထိုရွှေငွေမှုဖြစ်သော ပစ္စည်းများ သုံးစွဲခွင့်ရသော နည်းလမ်းကို ပါရာဇိကဏ်အဌကထာ၌ အကျယ်ဆိုထား၏။ ရှုစားလေတော့။

စွန့်ပုံ။ ။ ဤရွှေငွေကို စွန့်ရာ၌ကား သံယာ-ဂိုဏ်း-ပုဂ္ဂိုလ် အားလုံးပင် မအပ်သောကြောင့် အခြား နိသဂ္ဂိယပစ္စည်းကဲ့သို့ သံယာ-ဂိုဏ်း-ပုဂ္ဂိုလ်အား စွန့်ခွင့်မရ၊ သံယာ့အလယ်တွင်-"အဟံဘန္တေ ရူပိယံ ပတိဂ္ဂဟေသိं၊ ဣဒမေ ဘန္တေ နိသဂ္ဂိယं, ဣမာဟံ နိသဇ္ဇာမိ" ဟုဆိုလျှင် ပါဠိ လိုဖြစ်စေ "အရှင်ဘုရား .....တပည့်တော်သည် ရွှေ (ငွေ) ကို ခံယူမိပါပြီ, ဤရွှေ (ငွေ) ကို တပည့်တော် စွန့်ပါ၏" ဟု မြန်မာလိုဖြစ်စေ စွန့်ရမည်။

စွန့်ရခြင်းအကျိုး။ ။ ထိုကဲ့သို့ စွန့်ပြီးသောအခါ လူတစ်ယောက် ယောက်လာလျှင်-"ဤဟာကိုသိလော" ဟုပြော၊ "ဤငွေဖြင့် ဘာကိုယူခဲ့ရ မည်နည်း" ဟု ဒကာကလျှောက်လျှင်-"မည်သည့်ပစ္စည်းကို ယူစေလို သည်=ယူခဲ့" ဟု မပြောဘဲ သံယာတော်မှာ အလိုရှိသော အပ်သောပစ္စည်းကို ညွှန်ပြ၍ "မည်သည့်ပစ္စည်းတော့ သံယာမှာအပ်ထာပဲ" ဟု ပြောနိုင်၏၊ ထိုသို့ပြော၍ ဒကာက ဝယ်ယူလာလျှင် ထိုပစ္စည်းကို (ရွှေငွေအလျှခံသော ရဟန်းမှတစ်ပါး) သံယာအားလုံး (သံဃိကပစ္စည်းကို ခွဲဝေ သုံးဆောင်သကဲ့သို့) သုံးဆောင်ကောင်း၏၊ ဤသို့လျှင် ရွှေငွေကို မစွန့်ဘဲထားက ထိုရွှေ ငွေသည် မည်သည့် ရဟန်းမျှ မအပ်တော့ဘဲ၊ သံယာ့အလယ်၌ စွန့်လိုက်က ရွှေငွေခံသူ ရဟန်းမှ တစ်ပါးသော သံယာများ၌ ပစ္စည်းသုံးစွဲခွင့် ရခြင်းသည် ရွှေငွေကို စွန့်ရခြင်း၏ အကျိုးပင်တည်း။

ရွှေငွေခံသူ။ ။ ရွှေငွေကိုအလျှခံမိသော ရဟန်းမှာကား စွန့်လိုက်သည့် အတွက် မိမိမှာ အဆက်ဆက် အပြစ်ကင်း၍ သန့်ရှင်းခြင်းအကျိုးရှိ၏၊ ထို

http://www.dhammadownload.com

၉။ ရူပိယ သံဝေါဟာရ

ယော ပန ဘိက္ခု-သည်၊ နာနာပွကာရကံ-အထူးထူး အပြားပြားရှိသော၊ ရူပိယ သံဝေါဟာရံ-ရွှေငွေကို လဲလှယ်ခြင်းသို့၊ သမာပဇ္ဇေယျ-ရောက်အံ့၊ တဿ ဘိက္ခုနောတံ-(ထိုလဲလှယ်အပ်သောဝတ္ထုကို၊) နိသဂ္ဂိယံ, ပါစိတ္တိယံဟောတိ။

* * * * *

စွန့်ပြီးရွှေငွေမှ ကပ္ပိယတို့ ဝယ်ယူပေးသော ပစ္စည်းများကား မအပ်တော့ချေ၊ သံဃာမှ ဝေစုရသောပစ္စည်းကို ရဟန်း သာမဏေ ကပ္ပိယတို့က တစ်ဆင့်ပေးသော်လည်း ထိုပစ္စည်းကို မသုံးစွဲကောင်း၊ ထိုစွန့်ပြီး ရွှေငွေဖြင့် သစ်ပင်မျိုးစေ့ကိုဝယ်၍ စိုက်ထားသော သစ်ပင်၌သော်မျှ ထိုရွှေငွေကို အလှူခံမိသော ရဟန်းမှာ အရိပ်မခိုကောင်း, ထိုငွေဖြင့် ဝယ်ထားအပ်သော ဆီမီးရောင်၌ စာသော်မျှ မချကောင်း။

အင်္ဂါ ၃ ပါး။ ။ ၁-ရွှေငွေဖြစ်ခြင်း, ၂-မိမိဖိုဖြစ်ခြင်း, ၃-ကိုယ်တိုင်ခံယူခြင်းစသော ၂ ပါးတွင် တစ်ပါးပါးဖြစ်ခြင်း အင်္ဂါ ၃ ပါး တည်း။ [စေတီ-သံဃာ-အခြားပုဂ္ဂိုလ်အတွက် ခံရာ၌ကား ဒုက္ကဋ်အာပတ်တည်း။]

[ဆောင်] ရွှေငွေဖြစ်ချက်[1], မိမိတွက်ဟူ[2], ခံယူ-ခံစေ, သာယာပေ[3], သင့်လေရူပိယ။

တိုက်တွန်းချက်။ ။ ရွှေငွေကို အလှူခံ၍ ထိုရွှေငွေဖြင့် ဝယ်ယူအပ်သော ပစ္စည်းများ, ကုလဒူသနပြု၍ ရအပ်သောပစ္စည်းများ, မိမိကိုကြည်ညိုအောင် ဟိတ်ဟန်ဆောင်သဖြင့် အထင်ကြီး၍ လှူအပ်သော ပစ္စည်းများသည် သီတင်းသုံးဖော် ၅ ဦးလုံးပင် မသုံးစွဲအပ်တော့ပြီ၊ သုံးစွဲသူတိုင်းမှာ ဒုက္ကဋ်အာပတ်သင့်သည်၊ ထို့ကြောင့် ဤရွှေငွေနှင့်စပ်၍အပ်သော နည်းလမ်းများကို ရာဇသိက္ခာပုဒ်ဝယ် ကပ္ပိယအမျိုးမျိုးဖြင့် ပြခဲ့သော နည်းလမ်းအတိုင်း စိစဉ်တတ်ဖို့ရာ ကိုယ်စီကိုယ်ဝ အလေ့အလာ ပြုသင့်ကြပေသည်။

၉။ ရူပိယသံဝေါဟာရ။ ။ ရှေ့သိက္ခာပုဒ်က ရွှေငွေအတုံးအခဲနှင့် ဒင်္ဂါးပိုက်ဆံဟူသော နိသဂ္ဂိယဝတ္ထု-အခြား ရတနာ အမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများကို ခံယူခြင်းမှ တားမြစ်၍, ဤသိက္ခာပုဒ်က ထိုနိသဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ဖြင့် အခြားဝတ္ထုများကို လဲလှယ်ခြင်းမှတားမြစ်သည်။ [နာနာပွကာရက ရွှေငွေဟူသည် "၁-ကတ=လက်ဝတ်တန်ဆာ ပြုလုပ်အပ်သော ရွှေငွေ, ၂-အကတ = တန်ဆာ မပြုလုပ်ရသေးသော ရွှေငွေ, ၃-ကတာ

http://www.dhammadownload.com

ကတ=တန်ဆာဖြင့်ပြုပြီး မပြုသေး ၂ မျိုးလုံးပါဝင်သော ရွှေငွေ အစုအဝေး များတည်း။]

ဤသို့လျှင် ဤသိက္ခာပုဒ်က နိသဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုခွင်းဖြစ်စေ နိသဂ္ဂိယ ဒုက္ကဋဝတ္ထုဖြင့် အခြားသော ကပ္ပိယဝတ္ထုကိုဖြစ်စေ လဲလှယ်ခြင်းမှ တားမြစ်သောကြောင့် မိမိ အလှူခံထားသော ငွေဖြင့်-သို့မဟုတ် အခြား ရတနာဖြင့် ကိုယ်တိုင်ဖြစ်စေ ကပ္ပိယကို ခိုင်းရှုဖြစ်စေ ဈေးသည်စသူ၏ ဆွမ်း သက်နှံးစသော ကပ္ပိယဝတ္ထုကို လဲလှယ်လျှင် (ဝယ်လျှင်) ထို ဆွမ်းသက်နှံး စသည်တို့ နိသဂ္ဂိထိုက်၏၊ မိမိ ကပ္ပိယဝတ္ထုဖြင့် အခြားရဟန်း၏ နိသဂ္ဂိထိုက် ပြီးသော ပစ္စည်းကို ကိုယ်တိုင်ဖြစ်စေ ကပ္ပိယကိုခိုင်းရှုဖြစ်စေ လဲယူလျှင် "ဒုက္ကဋ ကပ္ပိယဝတ္ထုဟိစ နိသဂ္ဂိယဝတ္ထုံ ပရိဝတ္တေန္တသ နိသဂ္ဂိယံ ဟောတိ" ဟူသော ကခ်ါနှင့်အညီ ထိုလဲလှယ်ယူအပ်သော မူလ နိသဂ္ဂိယ ဝတ္ထုသည် နိသဂ္ဂိယ ဖြစ်မြဲဖြစ်ရုံသာမက, နိသဂ္ဂိယဝတ္ထုဖြင့် လဲကြောင်းဖြစ် သော မူလ ကပ္ပိယ ဝတ္ထုလည်း နိသဂ္ဂိယ ဖြစ်သည်သာ။

[ဆောင်] ရဟန်းချင်းတည့်, လဲလှယ်ဘိသော်, နိသဂ္ဂိယ, တစ်ဖက် မှမှ,ကပ္ပတစ်ဖက်, ဖြစ်တုံလျက်လည်း, နှစ်ဖက်လုံးလျှင်, မအပ်ပင်, ဆင်ခြင်စဉ်းစားလေ။

အဂ်ါ ၂ ပါး။ ။ ၁-လဲလှယ်အပ်သောဝတ္ထု လဲလှယ်ကြောင်းဝတ္ထု ၂ ခုတွင် တစ်ခုခုဖက်၌ ရွှေငွေဖြစ်ခြင်း, ၂-လဲလှယ်ခြင်း, အဂ်ါ ၂ ပါ: တည်း။

[ဆောင်] လဲလှယ်အပ်တောင်:, လဲလှယ်ကြောင်းဖြင့်, အပေါင်: နှစ်ထွေ-တစ်ထွေထွေ၌-ရွှေငွေဖြစ်ခြင်း[3], လဲလှယ်ခြင်း[4] ဟု, ကြောင်းရင်:နှစ်လီ, အဂ်ါညီ, သင့်ပြီသံ၀ေါဟ။

စောဒနာပွယ်။ ။ "အဂ်ါ ၂ ပါ:တွင် လဲလှယ်သူ တစ်ဖက်ဖက်က ရှုပိယပါမှ ဤသိက္ခာပုဒ်အရ နိသဂ္ဂိထိုက်သည်" ဟု ဆိုသောကြောင့် ရဟန်: တစ်ပါ: အလှူခံထားသော ငွေဖြင့် ဝယ်မိ၍ နိသဂ္ဂိထိုက်နေသော သက်နှံးကို အခြားရဟန်:က ကပ္ပိယဝတ္ထုဖြင့် လဲယူရာ၌ ဤသိက္ခာပုဒ်အရ အဘယ်မှာ အပြစ်ရှိနိုင်အုံ့နည်:-ဟု စောဒနာပွယ်ရှိ၏၊ အဖြေကား-အလှူခံထားသော ငွေဖြင့် ဝယ်မိသော သက်နှံ:သည် ငွေမဟုတ်သော်လည်: ငွေနှင့်အလား:တူ မည်သည့်သီတင်:သုံ:ဖော်မျှမအပ်၊ သို့ဖြစ်၍ ရှုပိယအစစ်မဟုတ်သော်လည်: ထိုသက်နှံ:သည် ရှုပိယသဘော သက်ရောက်ရကား: ထိုသက်နှံ:ကို ကပ္ပိယဝတ္ထု ဖြင့် လဲယူရာ၌ ၂ ဖက်လုံ:ပင် နိသဂ္ဂိထိုက်သည်။

http://www.dhammadownload.com

ပတ္တစတုက္ကဟု။ ။ ဤနေရာဝယ် ရွှေငွေဖြင့် လဲလှယ်မိသော နိသဂ္ဂိယ ပစ္စည်း၏ အပြစ်ကြီးလေးပုံကို နားလည်ဖို့ရာ ဝိနည်းဓိုရ်များ၏ နယ်၌ အလွန်ထင်ရှားသော "ပတ္တစတုက္က" ခေါ် သပိတ် ၄ လုံး အကြောင်းကို ပြဦးအုံ့။

၁။ ရဟန်းတစ်ပါးသည် ရှုပိယသိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း ငွေကို အလှူခံ၍ ထိုငွေဖြင့် သံမျိုးစေ့ကိုဝယ်, ထိုသံမျိုးစေ့ကို သံဖြစ်အောင်, ထုရိုက်, ထိုသံဖြင့် သပိတ်လုပ်ထားအုံ့၊ ဤသပိတ်ကား မည်သည့်နည်းနှင့်မျှ အပ်အောင်လုပ်၍ မရတော့သော "မဟာအကပ္ပိယ" သပိတ်တည်း။ [ထို သပိတ်ကို ပုက်ဆီး၍ ခွက်လုပ်, ပဲခွပ်လုပ်, ထိုပဲခွပ်ဖြင့် ဒန်ပူဖြတ်အုံ့၊ ထို ခွက် ပဲခွပ် ဒန်ပူတို့ပင် မအပ်၊ ထိုပဲခွပ်ကို မီးဖုတ်၍ ထိုပဲခွပ်ဖြင့် ရေ-နွားနို့ စသည်ကို နွှေးလျှင် ထို ရေ-နွားနို့များလည်း မအပ်ပင်၊ထိုသပိတ်ပျက်များ ကို ငါးမျှားခြိတ်လုပ်၍ ငါးမျှားသဖြင့် ရအပ်သော ငါးများပင် သီတင်း သုံးဖော်အားလုံးမအပ်-ဟုဆို၏။]

၂။ ရဟန်းတစ်ပါးကား ငွေကိုအလှူခံ၍ သပိတ်ဝယ်အုံ့၊ ထိုသပိတ်လည်း သီတင်းသုံးဖော် ၅ ဦးလုံးမအပ်၊ သို့ရာတွင် သပိတ်သည်ထံ သပိတ် လည်းပေး၍ ငွေကိုပြန်ယူလျှင် ထိုသပိတ်သန့်စင်၏ ၊ ထိုသပိတ်ကို ကပ္ပိယ ဖြင့်အပ်အောင် ကပ္ပိနိုင်သေးသည်။

၃။ ရဟန်းတစ်ပါးကား ငွေကိုအလှူခံပြီးနောက် သပိတ်ဆိုင်သွား၍ မိမိအလိုရှိသော သပိတ်ကိုပြု၏, ကပ္ပိယဝယ်လှူ၏၊ ထိုသပိတ်လည်း မူလ ကငွေကို အလှူခံမိလျက်သားဖြစ်သောကြောင့် ကပ္ပိယက ဝယ်လှူသော် လည်း မအပ်ပင်၊ ဒုတိယသပိတ်ကဲ့သို့ ပြန်ပေးရမည်။

၄။ ရဟန်းတစ်ပါးကား ငွေကိုအလှူမခံ, ဆိုင်ရာဒကာဒကာမတို့က "သပိတ်ဝယ်လှူပါ" ဟု မှာလိုက်သော ကပ္ပိယနှင့်အတူ-သို့မဟုတ် ဥာတိ ပဝါရိတနှင့် အတူသွား၍ သပိတ်သည်အား "ဤငွေကိုယူ၍ ဤသပိတ် ကိုပေးပါ" ဟု ပြောအုံ့၊ "ရဟန်းကိုယ်တိုင်ဝယ်အုံ့" ဟူလို၊ ထိုသပိတ်ကား မူလက အဖိုးကို အလှူမခံခဲ့သောကြောင့် အခြားသီတင်းသုံးဖော်များအား အပ်သော်လည်း ထိုရဟန်းက အစီအမံမတတ်-သူ့ကိုယ်တိုင်ဝယ်၍ အလယ် လုပ်မိသောကြောင့် သူ့မှာ မအပ်တော့ချေ။

၁။ မှတ်ချက်။ ။ ၁-နံပါတ်သပိတ်၌ "မည်သည့်နည်းနှင့်မျှ အပ်အောင်လုပ်၍ မရတော့" ဟူရာဝယ် ရဟန်းသံဃာများ၏ ပစ္စည်းအနေ အားဖြင့် သပိတ်ခွက်စသည် ပြောင်းလွဲနေသမျှကို ရည်ရွယ်၍ ဆိုခြင်းတည်း၊

http://www.dhammadownload.com

"ငါးမျှားချိတ်" ဟူရာ၌လည်း အလစ္ဆီရဟန်းဖြစ်လျှင် လုပ်ချင်ရာလုပ်မည်ဖြစ်သောကြောင့် အစွမ်းကုန် မအပ်သောအရာကို ညွှန်ပြခြင်းဖြစ်သည်–ဟု မှတ်၊ အကယ်၍ ထို ၁–နံပါတ်သပိတ်–ခွက်–သံများကို လူကဝယ်၍ဖြစ်စေ လုယူ၍ဖြစ်စေ ပေးလိုက်၍ဖြစ်စေ လူပိုင်ပစ္စည်းဖြစ်သွားပြီးနောက် လူကပြန်လှူလျှင် ထိုသပိတ် ခွက် စသည်တို့ အပ်ကြောင်းကို ဋီကာတို့ ဆိုကြသည်။

[သာရတ္ထ] နေ သက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုန္တိ–ဣဒံ ပဋ္ဌနံယေဝ သဟမမ္ပိကာနံ အန္တရေ ပရိဝတ္တနံ သန္ဓာယ ဝုတ္တံ၊ ဂိဟိဟိ ပန ဂဟေတွာ အတ္တနော သန္တကံ ကတွာ ဒိန္နံ သဗ္ဗေသံ ကပ္ပတိတိ ဝဒန္တိ။

ဤဝါဒကို လက်ခံနိုင်ပါလျှင် မိမိ အလှူခံမိသော မိဘစသူတို့အား မင့်မကွက် စွန့်လွှတ်ပြီးနောက် မိဘစသူတို့က အပ်သောပစ္စည်းများကို မိမိသားရဟန်း သို့မဟုတ် အခြားသီတင်းသုံးဖော်တို့အား လှူရာ၌ အပ်သည်ဟုပင် ဝန်ခံကြရပေလိမ့်မည်၊ ဘာ့ကြောင့်နည်း၊ ..... ငွေဖြင့် ဝယ်အပ်သော ပစ္စည်းနှင့် ငွေတို့မှာ ရဟန်းများအတွက် သဘောတူဖြစ်သောကြောင့်တည်း။

၄–မှတ်ချက်။ ။ [၂–၃ သပိတ်များအတွက် ထင်ရှားပြီ၊] ၄ နံပါတ်သပိတ်၌ ငွေကိုအလှူမခံဘဲ ကပ္ပိယနှင့်သွား၍ ဈေးသည်ထံကျမှ မိမိကိုယ်တိုင် ဈေးဆစ်ခြင်း ဝယ်ခြင်းများကို ကျမ်းဂန်တို့၌ "ဒုဗ္ဘိစာရဏ=မကောင်းသဖြင့် စီမံခြင်း" ဟုဆို၏၊ ပစ္စည်းကို ကပ္ပိရာ၌ ဒုဗ္ဘိစာရဏာဖြစ်လျှင် မိမိမှာ ထိုပစ္စည်းကိုကိုင်တိုင်း ဒုက္ကဋ်အာပတ်သင့်တော့၏။ [ရှေ့သပိတ် ၃ လုံးသည် နိသဂ္ဂိယဝတ္ထု–၄ နံပါတ် သပိတ်ကား ဒုက္ကဋဝတ္ထုဟု ခွဲခြားပါ၊ ကပ္ပိယဟူရာ၌ကား ရာစသိက္ခာပုဒ်၌ ပြအပ်ခဲ့သော ကပ္ပိယနှင့် ဥာတိပဝါရိတတို့ကို ယူရမည်။]

စွန့်ပုံ။ ။ ထိုကဲ့သို့ ရွှေငွေဖြင့် ဝယ်မိသော နိသဂ္ဂိပစ္စည်းများလည်း ရွှေငွေကဲ့သို့ပင် သံယာ ဂိုဏ်း ပုဂ္ဂိုလ်ထံ မစွန့်ရ။ သံယာ့အလယ်မှာ "အဟံဘန္တေ ရူပိယသံဃေါဟာရံ သမာပဇ္ဇိံ, ဣဒံ မေ ဘန္တေ နိသဂ္ဂိယံ, ဣမာဟံ နိသဇ္ဇာမိ" ဟု ပါဠိမြန်မာ အလိုရှိရာဖြင့် စွန့်၍ ရူပိယသိက္ခာပုဒ်အတိုင်း စီစဉ်ရမည်။

---

http://www.dhammadownload.com

၁၀။ ကယဝိကွယ သိက္ခာပုဒ်

ယော ပန ဘိက္ခု–သည်၊ နာနာပွကာရက်–သော၊ ကယဝိကွယ်–ဝယ်ခြင်းရောင်းခြင်းသို့၊ သမာပဇ္ဇေယ္ယ–အံ့၊ တဿ ဘိက္ခုနော တံ (ထိုဝယ်အပ် ရောင်း၍ ရအပ်သောဝတ္ထုကို၊) နိသဂ္ဂိယ်–၏၊ ပါစိတ္တိယ်–လည်း၊ ဟောတိ–၏။

* * * * *

၁၀။ ကယဝိကွယ။ ။ ဤ၌ "နာနာပွကာရက" ဟူသည် သက်နှံ:စသော အပ်သော အသုံးအဆောင် အမျိုးမျိုးတည်း။ [ကယ=ဝယ်ခြင်း+ဝိကွယ=ရောင်းခြင်း။] ရူပိယသံဝေါဟာရသိက္ခာပုဒ်၌ ရွှေငွေဖြင့်ဝယ်ခြင်း, ရွှေငွေကိုဖြစ်စေ ရွှေငွေဖြင့် သီတင်းသုံးဖော်တို့ ဝယ်ထားအပ်သော နိသဂ္ဂိယပစ္စည်းကိုဖြစ်စေ လဲလှယ်ယူခြင်းကြောင့် အာပတ်သင့်ကြောင်းကိုပြ၏၊ ဤသိက္ခာပုဒ်၌ ကပ္ပိယဝတ္ထုများကို လူ ဧသူများနှင့် လဲခြင်းကြောင့် အာပတ်သင့်ကြောင်းကိုပြသည်။

မအပ်သော လဲနည်း။ ။ ဈေးသည်စသူတို့ အထံ၌ရှိသော ပစ္စည်းကို မိမိမှာရှိသော သက်နှံ: ဖိနပ်စသည်ဖြင့် လဲလှယ်ယူလိုလျှင် မိမိကိုယ်တိုင် "ဤသက်နှံ:ဖြင့် ထိုသပိတ်ကိုပေးပါ" ဟုလည်းကောင်: "ဤသက်နှံ:ကို ယူလော, ထိုသပိတ်ကိုပေးလော" ဟုလည်းကောင်: ပြောဆို၍ မလဲလှယ်ကောင်း၊ ဤသို့ လဲလှယ်သော စကားမျိုးကိုပြော၍ကား လူ့ပစ္စည်းမှန်လျှင် မိဘပစ္စည်းကိုပင် မလဲကောင်း၊ လဲလှယ်၍ရလျှင် ထိုပစ္စည်း နိသဂ္ဂိထိုက်၏။

အပ်သော လဲနည်း။ ။ "ထိုဈေးသည်ထံက သပိတ်ကို လိုချင်သည်, ဤသက်နှံ:ဖြင့် လဲပေးစမ်:" ဟုကား: ကပ္ပိယလုပ်သူကို ပြောကောင်းသည်၊ ကျောင်းသားကပ္ပိယ မရှိလျှင် ဈေးဆိုင်သို့သွား၍ (ဈေးသည်ကိုယ်တိုင်မှ တစ်ပါ:)ဈေးသည်၏ သားသမီ: စသူကိုပင် "ငါ့မှာသက်နှံ:ရှိသည်, ဤသက်နှံ:ဖြင့် ထိုသပိတ်လဲပေးပါ" ဟု ပြောဆိုလဲယူကောင်း၏၊ မည်သည့်နည်:နှင့်မျှ ကပ္ပိယရှာမရလျှင် (သို့မဟုတ် ကပ္ပိယမရှာလိုလျှင်) ဈေးသည်ထံသွား၍ "ငါ့မှာ ဤသက်နှံ:ရှိသည်, သက်နှံ:တော့ အသုံးမကျ, သပိတ်သာလိုသည်" ဟု ပရိယာယ်ပြောရာ ဈေးသည်က သက်နှံ:ကိုယူ၍ သပိတ်ကို ပေးလိုက်လျှင် ထိုသပိတ်အပ်၏၊ ဤပြခဲ့သောနည်:အရ ယခုကာလ ခဝါသည် စသူတို့ထံမှ အပ်သောပစ္စည်:ဖြင့် လဲယူနည်:ကို သတိပြုသင့်ကြပေသည်။

http://www.dhammadownload.com

နိုင်းစေရာ၌ အစ်–အောပ်။ ။ တောင်းရမ်း စားသောက်နေသော (စားကြွင်းစား) နှင့် လက်သမား စသူကိုမြင်၍ "ဤထမင်းကို စားပြီးလျှင် ဆိုးရည်ခေါက် ခွာပေးစမ်းလော, ဤထမင်းကိုစားပြီးလျှင် ကျောင်းကိုပြင်ပေးစမ်းလော" စသည်ဖြင့် ခိုင်းရာ၌ နိသဂ္ဂိပါစိတ်အာပတ်ပင်၊ ထိုသို့ ခိုင်းစေသည့်အတွက် ဆိုးရည်ခေါက်စသော ပစ္စည်းတစ်ခုတစ်ရာရလျှင် ထိုပစ္စည်းပါစွန့်ရ၏၊ ကျောင်းပြင် ခေါင်းရိတ်ခိုင်း စသည်၌ ပစ္စည်းတစ်ခုတစ်ရာမရလျှင် (စွန့်စရာပစ္စည်းမရှိလျှင်) အာပတ်ကိုသာ ဒေသနာပြောရမည်၊ "ထမင်းကို စားပြီးလျှင် အလုပ်လုပ်" ဟု တစ်ဆက်တည်း စကားမပြောဘဲ, "ဤထမင်းကိုစားလော (သို့မဟုတ် စားရလိမ့်မည်), ဤအလုပ်ကိုလုပ်လော" ဟု စကား ၂ ရပ်ခွဲ၍ ပြောဆိုစေခိုင်းလျှင်အပ်၏။

စွန့်ပုံ။ ။ နိသဂ္ဂိထိုက်သော ပစ္စည်းကိုစွန့်ရာ၌ ကခ်ါဋိကာဝယ် "သံဃသ နိသဇ္ဇာမိ" ဟု သံဃာအား စွန့်ပုံကိုသာပြထား၏။ [ဂိုဏ်း–ပုဂ္ဂိုလ်အားလည်း စွန့်နိုင်သည်၊] ထိုစကားသင့်၏–အပ်သောပစ္စည်းချင်းလဲလှယ်သောကြောင့် ပစ္စည်းမှာ နဂိုကပင်အပ်၏၊ မအပ်သော စကားအသုံးအနှုန်းအတွက်သာ နိသဂ္ဂိဖြစ်ရသည်၊ သို့ဖြစ်၍ ထိုပစ္စည်းများမှာ ငွေဖြင့်ဝယ်အပ်သော နိသဂ္ဂိနှင့်မတူ၊ လဲမိသူမှတစ်ပါး အခြားပုဂ္ဂိုလ်များ အပ်သည်–ဟုပင် ယူဖွယ်ရှိသည်၊ "အဟံ ဘန္တေ နာနာပဂ္ဃကာရကံ ကယဝိက္ကယံ သမာပဇ္ဇိံ, ဣဒံ မေ ဘန္တေ နိသဂ္ဂိယံ, ဣမာဟံ အာယသ္မတော နိသဇ္ဇာမိ" ဟု ပါဠိမြန်မာ အလိုရှိရာဆို၍ စွန့်နိုင်သည်။

အဂ်ါ ၃ ပါး။ ။ ၁–ကပ္ပိယဝတ္ထုဖြစ်ခြင်း၊ [၂ ဖက်လုံးက ကပ္ပိယဝတ္ထုချည်း–ဟူလို၊ ယခုကာလ၌ ဘုန်းကြီးက သက်နိုးစသော ပရိက္ခရာကို ငွေဖြင့်ရောင်းရာ၌ကား ကပ္ပိယဝတ္ထုချင်း မဟုတ်သောကြောင့် ရူပိယသံဃေါဟာရ သိက္ခာပုဒ်အရ အာပတ်သင့်သည်၊] ၂–သီတင်းသုံးဖော် မဟုတ်ခြင်း၊ [ရဟန်းသာမဏေချင်း မဟုတ်ပါဘဲ လူ စသူတို့နှင့် လဲလှယ်ခြင်း–ဟူလို။] ၃–ရောင်းမှု ဝယ်မှုသို့ရောက်ခြင်း၊ [အရောင်းစကား အဝယ်စကားပြော၍ လဲလှယ်မှု အထမြောက်ခြင်း–ဟူလို။]

[ဆောင်] ကပ္ပိယဟု–ဝတ္ထုဖြစ်ခြင်း[1], သီတင်းသုံးသူ–မဟုတ်လူနှင့်[2], ရောင်းမှုဝယ်လျှင်း–ထမြောက်ခြင်းဟု[3], ကြောင်းရင်းသုံးလီ, အဂ်ါညီ, သင့်ပြီ ကယဝိက္ကယ။

---

http://www.dhammadownload.com

၁၉။ လေကျင့်ခန်းမေးခွန်းများ

က။ ရူပိယသိက္ခာပုဒ်လာ "ဥဂ္ဂဏှေယျ-ဥဂ္ဂဏှာပေယျ-ဥပနိက္ခိတ္တं သာဒယေယျ" ၃ ချက်၏ အဓိပ္ပာယ်ကိုပြပါ။

ခ။ ယခုကာလ အလှူစသည်၌ ငွေကိုလှူရာဝယ် ရေစက်ချသောအခါလည်း၊ ဓမ္ဓအပ်-ကပ္ပိယလက်၌ လှူသောအခါလည်း၊ မအပ်လှူင် မိမိမှာ အပြစ်လွတ်အောင် အဘယ်သို့ သဘောထားရမည်နည်း။

ဂ။ ငွေကိုလှူသောအခါ ကိုယ် နှုတ်မလှုပ်ဘဲ စိတ်ထဲ၌ သာယာနေရုံမျှဖြင့် အပြစ်ရှိသည်ဟု ဆိုရာ၌ "မနောဒွါရေ အာပတ္တိနာမ နတ္ထိ" နှင့် မဆန့်ကျင်အောင် ရှင်းလင်းပါ။

ဃ။ ရွှေငွေစွန့်ပုံကိုပြု၍, ထိုစွန့်ပြီးရွှေငွေများအတွက် သံယာမှာ အပြစ်လွတ်၍ အကျိုးရအောင် စီမံနည်းကိုလည်းပြပါ။

င။ ရူပိယသိက္ခာပုဒ်ဖြင့် ဘာကိုတားမြစ်၍, ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် ဘာကို တားမြစ်သနည်း။

စ။ "နာနာပဂ္ဂကာရက် ရူပိယ သံဝေါဟာရ်" ၌ နာနာပဂ္ဂကာရက ဟူသည် အဘယ်နည်း။

ဆ။ အခြားသီတင်းသုံးဖော်၏ ရွှေငွေဖြင့် ဝယ်အပ်သော နိသဂ္ဂိယဝတ္ထုကို မိမိ၏ ကပ္ပိယဝတ္ထုဖြင့် လဲရာ၌ ထိုဝတ္ထု ၂ မျိုးလုံး အပ်-မအပ် ဆုံးဖြတ်ပါ။

ဇ။ ရူပိယသံဝေါဟာရသိက္ခာပုဒ် အဂ်ါကိုပြု၍, ပတ္တစတုက္က (သပိတ် ၄ လုံး) မအပ်ပုံကို အသီးအသီးပြပါ။

စ။ ကယဝိက္ကယသိက္ခာပုဒ်ဖြင့် မည်သည့်ပုဂ္ဂိုလ်နှင့် မည်သည့်ဝတ္ထု လဲလှယ်ရာဝယ် အပြစ်ရကြောင်းကို ပြသနည်း။

ည။ မအပ်သော လဲလှယ်နည်းများကို အသီးအသီး ပြပါ။

ဋ။ ကျောင်း၌ လာရောက်၍ တောင်းရမ်း စားသောက်နေသူ-သို့မဟုတ် လက်သမား စသူကို ထမင်း မုန့် စသည်ပေး၍ အလိုရှိရာ စေခိုင်းရာ၌ မအပ်သောခိုင်းနည်း-အပ်သောခိုင်းနည်းများကိုပြပါ။

ဌ။ ဤကယဝိက္ကယ နိသဂ္ဂိယ ပစ္စည်းများကို လဲလှယ်သောရဟန်းမှတစ်ပါး အခြားရဟန်းတို့ အပ်-မအပ် စိစစ်၍, စွန့်ပုံကိုလည်းပြပါ။

http://www.dhammadownload.com

ပတ္တဝဂ်

၁။ ပတ္တ သိက္ခာပုဒ် ဒသာဟပရမ်–ဆယ်ရက်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ အတိရေကပတ္တော–အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သောသပိတ်မှ အပိုဖြစ်သော သပိတ်ကို၊ ဓာရေတဗ္ဗော–ဆောင်ထားအပ် ဆောင်ထားနိုင်၏၊ တံ–ထိုဆယ်ရက်ကို၊ အတိက္ကာမယတော–လွန်စေသော ရဟန်း၏၊ နိသဂ္ဂိယ်–စွန့်ခြင်းဝိနည်းကဲ့ရှိသော၊ ပါစိတ္တိယ်–ပါစိတ်အာပတ်သည်၊ ဟောတိ–၏။ ["တံ–ထိုသပိတ်ကို၊ နိသဂ္ဂိယ်–စွန့်အပ်စွန့်ထိုက်၏" ဟုလည်း ပေးလေ။]

* * * * *

၁။ ပတ္တ သိက္ခာပုဒ်။ ။ သင်္ကန်းကဲ့သို့ သပိတ်ကိုလည်း အဓိဋ္ဌာန်တင်မှု ဝိကပ္ပနာပြုမှု တစ်ခုခုပြုထားရမည်၊ ထိုသို့ မပြုဘဲ ရသည့်နေ့မှ နောက်ဆယ်ရက် လွန်မြောက်သော အရုဏ်တက်သည့်တိုင်အောင် ထားလျှင် နိသဂ္ဂိယဖြစ်၏၊ သို့ရာတွင် "သပိတ်" နာမည်ရတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာပြုလောက်သော သပိတ်မဟုတ်, အရွယ်ပမာဏနှင့် အဆင်းအရောင် လုံလောက်သော မြေ–သံသပိတ် ၂ မျိုးသာ သပိတ်အစစ်ဖြစ်၍ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သည်။

သပိတ် ၉ လုံး။ ။ ဥက္ကဋ္ဌသပိတ်–မဇ္ဈိမသပိတ်–ဩမကသပိတ်–ဟု မူလသပိတ် ၃ မျိုးပြား၏၊ ထိုတွင် ဥက္ကဋ္ဌလည်း ဥက္ကဋ္ဌ၊ဣက္ကဋ္ဌ (ဥက္ကဋ္ဌ ထက်ကြီးသော) သပိတ်, ဥက္ကဋ္ဌသပိတ်, ဥက္ကဋ္ဌောမက (ဥက္ကဋ္ဌအောက် ငယ်သော) သပိတ်အားဖြင့် ၃ လုံး ပြားပြန်၏၊ ထို့အတူ **မဇ္ဈိမ**သပိတ်လည်း **မဇ္ဈိမ**ုက္ကဋ္ဌ–**မဇ္ဈိမ**– **မဇ္ဈိ**မောမက–ဟု ၃ လုံး၊ ဩမကသပိတ်လည်း ဩမ ကုက္ကဋ္ဌ–ဩမက–ဩမကောမက–ဟု သုံးလုံးပြား၏၊ ဤသို့ သပိတ် ၉ လုံးပြားသည်။ [ပါဠိတော်ရင်း၏ အဓိပ္ပာယ်ပါ ရှင်းလင်းအောင် ဩမက သပိတ်ကိုစ၍ အကျယ်ပြမည်။]

ဩမက သပိတ်။ ။ ဩမကောနာမပတ္တော – ဩမကသပိတ်မည်သည်၊ ပတ္တောဒနံ – ဆန်တစ်စလယ်ချက် ထမင်းကိုလည်ကောင်း၊ စတုဘာဂ – ၄ ဖို့ တစ်ဖို့ဖြစ်သော၊ ခါဒနံ – မကျဲမပျစ်၊ လက်ကော်၍ ဖြစ်သော ပဲဟင်းကို လည်းကောင်း၊ တဒုပိယ်–ထိုထမင်းနှင့် သင့်တော်လောက်သော၊ ဗျဉ္ဇနံ – အမဲသားငါး, တစ်ပါးပါးသော ဟင်းလျှာကို လည်းကောင်း၊ "ဂဏှာတိ – ယူနိုင်၏၊ ဝါ – ဆန့်၏" ဟူသော ပါဠိ

http://www.dhammadownload.com

တော်နှင့်အညီ, ရဟန်းတစ်ပါ: ကောင်းကောင်းစားလောက်ဖို့ရာ ဆန်တစ်စလယ်ချက်ထမင်:, ထိုထမင်:၏ ၄ ပုံ့တစ်ပုံ ပဲဟင်:, ထိုထမင်:အလုတ်တိုင်: ပါနိုင်သော အမဲသား:ငါ:ဖြင့် ချက်အပ်သော ဟင်:လျှာတစ်မျိုး, ဤအား:လုံ: ဆန့်သော သပိတ်သည် သြမကသပိတ်မည်၏။

ဆက်ဦ:အုံ–ဆန်တစ်စလယ်ကို ချက်လျှင် (ဆန်ထက် ထမင်:ကနှစ်ဆပွား:သောကြောင့်) ထမင်:တစ်ခွက်ဖြစ်၏၊ ထိုတစ်ခွက်၏ ၄ ပုံ့တစ်ပုံဟင်:ကား: တစ်လမယ် ရှိပေမည်၊ "ဟင်:လျှာကို အလုတ်တိုင်: လောက်အောင် ပါစေရမည်" ဟူရာ၌ "ဗျဟနသ မတ္တာနာမ သြဒနစတုတ္ထ ဘာဂေါ=ဟင်:လျှာ၏ ပမာဏမည်သည် ထမင်:၏ ၄ ဖို့တစ်ဖို့ပင်" ဟူသော ဗြဟ္မာယု သုတ္တဋ္ဌကထာနှင့်အညီ ထမင်: ၄ ပုံ့တစ်ပုံ (တစ်လမယ်) ကိုပင် ထည့်ရမည် ဖြစ်သောကြောင့် ချက်ပြီ: ထမင်: ဟင်:အစုံ ၃ စလယ် ဆန့်သော သပိတ်သည် သြမကသပိတ်တည်:။

၃ စလယ် ထည့်သည့်အခါ ဟောက်နေလျှင် သြမကသပိတ်ထက် အနည်:ငယ်ကြီ:သော (မဇ္ဈိမသပိတ်လောက်လည်: မကြီ:သော) သြမကုက္ကဋ္ဌ သပိတ်, ၃ စလယ်ထည့်သည့်အခါ သပိတ်အပေါ် မောက်တက်လာလျှင် သြမကအောက်ငယ်သော သြမကောမကသပိတ်မည်၏။ [မြတ်စွာဘုရား:က တစ်ယောက်စာ ကောင်:ကောင်:ဆန့်သည့် သြမကသပိတ်ကို ခွင့်ပြုသောကြောင့် ဤနောက်ဆုံ: သြမကောမကသပိတ်သည် သပိတ်အရာမဝင်–အဓိဋ္ဌာန်ဝိကပ္ပနာတင်စရာမဟုတ်, သာမန်စား:ခွက်အဖြစ်ဖြင့်သာ အသုံ:ပြုရမည်။]

မဇ္ဈိမ သပိတ်။ ။ "မဇ္ဈိမောနာမ ပတ္တော နာဠိကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ"–ဟူသော ပါဠိတော်၌ "နာဠိကောဒနံ= တစ်ကွမ်:စား:ချက်ထမင်:" ဟုပင် အနက်ပေ:ကြ၏၊ အဘိဓာန်၌လည်: "ပတ္တောတုနာဠိ" ဟု ဆိုသောကြောင့် "ပတ္တ=နာဠိ" ၂ ပုဒ်လုံ:ပင် "ကွမ်:စား:=စလယ်" ဟူသော အနက်ကို ဟောလျက်ရှိ၏၊ သို့ဖြစ်စေကာမူ ဤနေရာဝယ် သြမကသပိတ်အတွက် ပတ္တောဒနနှင့် မဇ္ဈိမသပိတ်အတွက် နာဠိကောဒနတို့သည် ပမာဏချင်: မညီမျှထိုက်၊ ထို့ကြောင့် နာဠိကောဒနဒ္ဒ နာဠိကာအရ "ပကတိကွမ်:စား: (စလယ်) ထက် ၂ ဆကြီ:သော မာဂဓ ကွမ်:စား:ကို ယူရမည်" ဟု ဖွင့်ကြသည်။

ဤစကား:စဉ်အရ "မဇ္ဈိမသပိတ်သည် ဆန်တစ်ခွက်ကို ချက်၍ရသော ထမင်:တစ်ပြည့်,ပဲဟင်:တစ်စလယ်,ဟင်:လျှာတစ်စလယ်,ပေါင်:တစ်ပြည့် တစ်ခွက်ဝင်၏"ဟုမှတ်။အချုပ်မှာ–"သြမကသပိတ်ထက်ဆဝင်သော သပိတ်

http://www.dhammadownload.com

သည် မဒ္ဒိမသပိတ်တည်း" ဟု ဆိုလိုသည်၊ ထိုတစ်ပြည့်တစ်ခွက် ထည့်သော အခါ ဟောက်နေလျှင် မဒ္ဒိမုက္ကဋ္ဌ, မောက်နေလျှင် မဒ္ဒိမောမကဖြစ်သည်။

ဥက္ကဋ္ဌ သပိတ်။ ။ "ဥက္ကဋ္ဌော နာမ ပတ္တော အမှာဌကောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ" -[အာဌက=ပြည်+အမှ=ထက်ဝက်] "အမှာဌကောဒနံ-တစ်ပြည်ထက်ဝက်, တစ်ခွက်ချက်ထမင်းကို" ဟု ပေးရသော်လည်း ထိုတစ်ခွက်သည် မာဂဓတိုင်းသုံး တစ်ခွက်ဖြစ်ရကား ပကတိအသုံးထက် ၂ ဆကြီးသောကြောင့် ယခုကာလ ချင့်ကိန်းဖြင့် တစ်ပြည်ပင်တည်း၊ ထို့ကြောင့် "ဆန်တစ်ပြည်ကို ချက်ရသော ထမင်း ၂ ပြည်-ပဲဟင်း ၁ ခွက်သား, ဟင်းလျာ ၁ ခွက်သား, ပေါင်း ၃ ပြည် ဆန်သော သပိတ်သည် ဥက္ကဋ္ဌသပိတ်တည်း" ဟုမှတ်။

အချုပ်မှာ "မဒ္ဒိမသပိတ်ထက် ၂ ဆဝင်သောသပိတ်သည် ဥက္ကဋ္ဌသပိတ်တည်း" ဟု ဆိုလိုသည်၊ [အချို့ကား-၃ ပြည် ၁ ခွက်ဝင်သပိတ်သည် ဥက္ကဋ္ဌသပိတ်ဟုဆို၏၊ ထိုဆရာတို့သည် အမဲဟင်း ၁ ခွက်သား, ငါးဟင်း ၁ ခွက်သား" ဟု ခွဲယူဟန်တူသည်။] ထို ၃ ပြည်ထည့်သည့်အခါ ဟောက်နေလျှင် ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်, မောက်နေလျှင် ဥက္ကဋ္ဌောမကသပိတ် ဖြစ်သည်။ [ဘုရားရှင်က ဥက္ကဋ္ဌသပိတ်ကိုသာ ခွင့်ပြုသောကြောင့် ဥက္ကဋ္ဌထက် ကြီးသော ဥက္ကဋ္ဌုက္ကလည်း သပိတ်အရာမဝင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုရ၊ စားခွက်သာမန် အဖြစ်ဖြင့်သာ သုံးစွဲအပ်သည်။]

[ဆောင်] ၁။ သုံးပြည်-သုံးခွက်, သုံးစလယ်တွက်, ဆွမ်းကျက်ဟင်း စုံခတ်။

၂။ ဥက္ကဋ္ဌ မဒ္ဒ, သြမက, ဝင်ကြ စဉ်တိုင်းမှတ်။

ကွမ်းစား ၃ မျိုးမှတ်ချက်။ ။ ရှေးက "စလယ်ကွမ်းစား-ခွက်ကွမ်းစား-ပြည်ကွမ်းစား" ဟု ကွမ်းစား ၃ မျိုးခေါ်ရိုးရှိ၏၊ ထိုတွင် စလယ်ကွမ်းစား အသုံးအနှုန်းမှာ ..... ဤသိက္ခာပုဒ်လာ သြမကသပိတ်အတွက် အသုံးတည်း၊ ခွက်ကွမ်းစား (တစ်ခွက်ကိုပင် ပါဠိလို "နာဠိ" မြန်မာလို "ကွမ်းစား") ဟုသုံးစွဲခြင်းမှာ မဒ္ဒိမသပိတ်အတွက် အသုံးတည်း၊ တစ်ပြည်ကိုပင် ပါဠိလို "ပတ္တ" မြန်မာလို "ကွမ်းစား" ဟု သုံးပြန်ခြင်းမှာ ဤသိက္ခာပုဒ် နှင့်မဆိုင်၊ သုတ္တနိပါတ်အဋ္ဌကထာ (ကောကာလိကသုတ်အဖွင့်) ၌ "မာဂဓ ပတ္ထေန စတ္တာရော ကောသလရဋ္ဌေ ကော ပတ္ထော ဟောတိ= မာဂဓတိုင်းသုံး ကွမ်းစားဖြင့် ၄ ကွမ်းစား (၄ စလယ်) သည် ကောသလတိုင်းသုံး တစ်ပတ္ထ (တစ်ကွမ်းစား)ဖြစ်သည်" ဟူသောစကားကို ထောက်၍ သုံးစွဲခြင်း ဖြစ်ဟန် တူသည်။

http://www.dhammadownload.com

အမျိုးအစားနှင့်အရောင်။ ။ မြေသပိတ် သံသပိတ်အားဖြင့် ၂ မျိုး သော သပိတ်သာအပ်၏၊ ထို ၂ မျိုးတွင် မြေသပိတ်ကို ၂ ကြိမ်မီးဖုတ်၍, သံသပိတ်ကို ၅ ကြိမ် မီးဖုတ်ရမည်ဟု အဋ္ဌကထာတို့ဆို၏၊ ထိုဆိုခြင်း၌ ရည်ရွယ်ချက်မှာ ဖြူကြောင်ကြောင် အဆင်းမရှိစေဘဲ "ညိုမှောင်မှောင် အဆင်းအရောင်" ရှိစေလိုခြင်းဖြစ်သည်၊ သို့ဖြစ်၍ ကခ်ါ၌ မီးဖုတ်အကြိမ်ကို မပြတော့ဘဲ "သမဏသာရုပ္ပေန-ရဟန်းတို့အား လျောက်ပတ်သောအားဖြင့်၊ ပက္ကဏ်-ကျက်ပြီးသော" ဟုမိန့်သည်၊ ဤကခ်ါမိန့်ချက်အရ "ညိုမှောင်သော အဆင်းအရောင်ရှိလျှင် သပိတ်အရာဝင်ပြီ၊ အဓိဋ္ဌာန်ဝိကပ္ပနာ တင်နိုင်ပြီနိုင်ပြီ" ဟုမှတ်။ [ယခုကာလ သရီးကိုင်ထားသော သပိတ်များ၌ကား သရီးအတွင်းက အရောင်သည် ညိုမှောင်ခြင်း မရှိသောကြောင့် အချို့ဝိနည်းခိုရ်များ ကိုယ်တိုင် မီးဖုတ်ပြီးမှ သရီးကိုင်စေပြီးလျှင် အဓိဋ္ဌာန်တင်၍ သုံးစွဲကြသည်။]

ဤသို့လျှင် "မြေသံအားဖြင့် ၂ မျိုးပြား၍ အဆင်းအရောင် မည်းနှက်သော ပြခဲ့သော သပိတ် ၉ လုံးတွင် ဥက္ကဋ္ဌကွက်ဋ္ဌနှင့် သြမကောမက ၂ လုံးကို ပယ်၍ ကျန် ၇ လုံးသည် အဓိဋ္ဌာန်ဝိကပ္ပနာတင်ရန် သပိတ်အရာဝင်များ" ဟုမှတ်။

အဓိဋ္ဌာန်တင်ပုံ။ ။ "ဣမံ ပတ္တံ အဓိဋ္ဌာမိ" ဆို၍ သပိတ်ကို အဓိဋ္ဌာန်တင်။ [ဣမံ-ဤခွက်ကို၊ ပတ္တံ-သပိတ်ဟူ၍၊ အဓိဋ္ဌာမိ-စိတ်၌မြဲစွာ, ဆောက်တည်ပါ၏။] အဝေးရှိလျှင် "တေ ပတ္တံ အဓိဋ္ဌာမိ" ဟုဆို၊ တစ်လုံးသာ အဓိဋ္ဌာန် တင်ထားကောင်း၏၊ အခြားသပိတ်များ ရှိသေးလျှင် ဝိကပ္ပနာချည်းပြုထားရမည်၊ အဓိဋ္ဌာန်မတင်ဘဲ သပိတ်အားလုံးကိုပင် (သင်္ကန်းကဲ့သို့) ဝိကပ္ပနာချည်းလည်း ပြုထားနိုင်၏၊ [ဝိကပ္ပနာပြုပုံကို သုဒ္ဓပါစိတ် သုရာပါနဝဂ် ဝိကပ္ပနာ သိက္ခာပုဒ်ကျမှပြအံ့။]

ပစ္စုဒ္ဓိရ်ပြုပုံ။ ။ သပိတ်ဟောင်းကို အဓိဋ္ဌာန်တင်၍ ဆောင်ထားသော ရဟန်းသည် သပိတ်သစ်ရသဖြင့် ထိုအသစ်ကို အဓိဋ္ဌာန်တင်လိုလျှင် အဓိဋ္ဌာန်တင်၍ တစ်လုံးသာ ထားကောင်းသောကြောင့် သပိတ်အဟောင်းကို ပစ္စုဒ္ဓိရ်ပြုရမည်၊ "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ" ဟုဆို။ [ဣမံ-ဤခွက်ကို၊ ပတ္တံ-သပိတ်ကို၊ ဝါ-သပိတ်အဖြစ်မှ၊ ပစ္စုဒ္ဓရာမိ-ရုပ်သိမ်းပါ၏။] ဤသို့ ပစ္စုဒ္ဓိရ်ပြုပြီးသော သပိတ်ကိုလည်း ၁၀ ရက်အတွင်းမှာပင် ဝိကပ္ပနာ ပြုထားရမည်။

အဓိဋ္ဌာန်ကျကြောင်း ၉ ပါး။ ။ ဤသပိတ် အဓိဋ္ဌာန်ကျကြောင်းများ မှာ တိစီဝရိတ် အဓိဋ္ဌာန်ကျကြောင်းကဲ့သို့ (အပေါက်ပေါက်ခြင်းနှင့်တကွ) ၉ ပါးပင်တည်း၊ "အပေါက်" ဟူရာ၌ နှုတ်ခမ်းမှ လက် ၂ သစ်အောက်

http://www.dhammadownload.com

၂။ ဥုနပဋ္ဌမနေ သိက္ခာပုဒ်

ယော ပန ဘိက္ခု-သည်၊ ဥုနပဋ္ဌမနေန-ယုတ်လျော့သော ၅ ဖွဲ့ရှိသော၊ ပတ္တေန-သပိတ်ဖြင့်၊ အည - တစ်ပါးသော၊ နဝ-အသစ်ဖြစ်သော၊ ပတ္တံ-သပိတ်ကို၊ စေတာပေယ္ယ - တောင်းအုံ၊ တဿ ဘိက္ခုနော - ၏၊ နိသဂ္ဂိယ-သော၊ ပါစိတ္တိယ-သည်၊ ဟောတိ-၏၊ တေန ဘိက္ခုနာ-ထိုရဟန်းသည်၊ သော ပတ္တော-ထိုသပိတ်ကို၊ ဘိက္ခုပရိသာယ-ရဟန်းပရိသတ်၌၊ နိသဒ္ဒိတဗ္ဗော - စွန့်အပ်စွန့်ထိုက်၏၊ တဿာ ဘိက္ခုပရိသာယ-ထိုရဟန်းပရိသတ်၏၊ ယောပတ္တပရိယန္တော - အကြင်အဆုံးစွန်သပိတ်သည်၊ (အတ္ထိ-ရှိ၏၊) သောစ-ထိုအဆုံးစွန် သပိတ်ကိုလည်း၊ (ယောစမှ စကို ရှေ့ထိုင်စေသည်၊) တဿ ဘိက္ခုနော - ထိုရဟန်း

* * * * *

ဆပ်ဆန် ထမင်းဝင်လောက်လျှင် "အပေါက်" ဟုမှတ်ပါ။ [စပါးမျိုးတွင် "ကဂုံ" ဟုခေါ်သော ဆပ်စပါးတစ်မျိုးရှိ၏၊ ထိုဆပ်ဆန်သည် အငယ်ဆုံးဆန်လုံး ဖြစ်သတတ်။]

နိသဂ္ဂိ သပိတ်စွန့်ပုံ။ ။ အဓိဋ္ဌာန်မတင်-ဝိကပ္ပနာလည်းမပြုဘဲ ၁၀ ရက် လွန်သွားလျှင် နိသဂ္ဂိသင်္ကန်းကို စွန့်သည့်အတိုင်း စွန့်ရမည်၊ ပုလ္လိင်ဖြစ်၍-"အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိသဂ္ဂိယော, ဣမာဟံ အာယသ္မတော နိသဇ္ဇာမိ" ဟု ဆိုရုံသာ၊ ဒေသနာပြောပြီးနောက် ထိုသပိတ်ကို လက်ခံသူက (သင်္ကန်းကဲ့သို့) ပြန်ပေး၍ ရသောအခါ အဓိဋ္ဌာန်သော်လည်း တင်, သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုရမည်။

၂။ ဥုနပဋ္ဌမနေ။ ။ သပိတ်အဟောင်းက ငါးဖွဲ့မပြည့်သေးဘဲ သပိတ်အသစ်ကိုတောင်းလျှင် ထိုသပိတ်ကို ရဟန်းပရိသတ်အလယ်မှာ စွန့်ရမည်၊ [ရဟန်းများကလည်း ကိုယ်စီကိုယ်ဝ မိမိသုံးနေကျ သပိတ်ကိုယူ၍ စည်းဝေးကြရမည်၊] ထိုစွန့်အပ်သောသပိတ်ကို ပတ္တဂါဟကသမ္မုတိရသော ရဟန်းက သပိတ်၏ ကောင်းမွန်ကြောင်း-ထေရ်ကြီးနှင့် သင့်တော်ကြောင်းကို လျှောက်၍ ထေရ်ကြီးယူဖို့ရန် တိုက်တွန်းရမည်၊ ထေရ်ကြီးကယူလျှင် ထေရ်ကြီး၏ ရှိရင်းစွဲသပိတ်ကို ပတ္တဂ္ဂါဟကသမ္မုတိရသော ရဟန်းက ရှေးအတိုင်း သပိတ်၏ဂုဏ်ကို ပြော၍ ဒုတိယထေရ်အား ပေးရမည်။

http://www.dhammadownload.com

အား၊ ပဒါတဗ္ဗော–ပေးထိုက်၏၊ (ကိ–အဘယ်သို့ပြော၍ ပေးရမည်နည်း၊) ဘိက္ခု–ရဟန်း၊ တေ–သင်သည်၊ အယံပတ္တော–ဤသပိတ်ကို၊ ယာဝ ဘေဒနာယ – ကွဲရာကာလတိုင်အောင်၊ ဓာရေတဗ္ဗော – ဆောင်

* * * * *

စွန့်အပ်သောသပိတ်ကို ပထမထေရ်ကြီး မယူလျှင် ဒုတိယထေရ် ယူဖို့ရန် တိုက်တွန်းရမည်၊ ဤနည်းအတိုင်း ဆင့်ကာဆင့်ကာ (ယူလိုသူက ယူ–မယူလိုသူက–မယူဘဲ) သွားပြီးနောက် မည်သူမျှမယူလို၍ ကျန်နေသော နောက်ဆုံးသပိတ်သည် "ပတ္တာပရိယန္တ=အဆုံးစွန်သပိတ်" ဖြစ်၏၊ အဆုံးစွန်သပိတ်ကို ထိုပတ္တဂါဟကသမ္ဘူတိရသော ရဟန်းကပင် "ငါ့ရှင် ..... ဤသပိတ်ကို ကွဲသည့်တိုင်အောင် ဆောင်ထားရမည်" ဟုပြော၍ ပေးရမည်။

သာမိစိ။ ။ ပြခဲ့သည့်အတိုင်း ..... ၁–ဘိက္ခုပရိသတ်၌ နိသဂ္ဂိသပိတ်ကို စွန့်ရခြင်း, ၂–ထိုစွန့်အပ်ပြီးသောသပိတ်ကို ထေရ်ကြီးမှစ၍ ဆင့်ကာဆင့်ကာ ယူစေခြင်း, ၃–မယူချင်၍ကျန်နေသော သပိတ်ကိုမှ ထိုရဟန်းအား "ကွဲသည့်တိုင်အောင် ဆောင်ရမည်" ဟုပြော၍ ပေးရခြင်းသည် ငါးဖွဲ့မပြည့်သေးဘဲ သပိတ်ကိုတောင်းမိရာ၌ ကျင့်ဝတ်ထုံးစံပင်ဖြစ်သည်။ [တောင်းထားသော သပိတ်မှစ၍ သပိတ်များကို အဆင့်ဆင့် ယူစေသော ရဟန်းကို "ပတ္တာ=သပိတ်တို့ကို+ဂါဟက=ယူစေသောရဟန်း" ဟုခေါ်၏၊ ထိုပတ္တဂါဟကသမ္ဘူတိပေးပုံကို ပါဠိတော်မှာရှု။]

ဥပုတ္တမနေန–ဗန္ဓနအရ "ဖွဲ့တုပ်ခြင်း" ဟူသည် ကွဲအက်နေသော အရေး၏ ဝဲဘက် ယာဘက်ကို စူးဖြင့်ဖောက်၍ ကြိုးဖြင့်ဖွဲ့တုပ်ရခြင်းတည်း၊ ချဲ့ဦးအုံ–မြေသပိတ်၌ အထက်နှုတ်ခမ်းမှစ၍ အက်ရာရှိလျှင် ဖွဲ့တုပ်မထားက ထိုအရေးအကြောင်းကလေး ဆက်လက် ရှည်သွားဖွယ်ရှိသဲ့သည်၊ ထို့ကြောင့် ဖွဲ့တုပ်ထားရမည်၊ ဖွဲ့တုပ်သည့်အခါ နှုတ်ခမ်းအနီးအပါးကို စူးဖြင့်ဖောက်လျှင် (နှုတ်ခမ်းက ထူသည့်အတွက်) ကွဲသွားမည်စိုးရကား နှုတ်ခမ်းအောက်လက်နှစ်သစ်လောက်အရပ်ကို စူးဖြင့်ဖောက်၍ ရိုးရိုးအပ်ချည်ကြိုးဖြင့်ဖြစ်စေ သင်ပေါင်းလျှော်စသော လျှော်မျှင်ဖြင့်ဖြစ်စေ, ခဲ (သံနန်း)သေးသေးဖြင့်ဖြစ်စေ တုပ်ထားရမည်၊ နှုတ်ခမ်းမှအောက် လက် ၄ သစ်လောက်အက်ကြောင်းရှိလျှင် (လက် ၂ သစ် တစ်ဖွဲ့ကိန်းဖြင့်) ၂ ဖွဲ့တုပ်, ၆ သစ်ရှည်လျှင် ၃ ဖွဲ့တုပ်, ၈ သစ်ရှည်လျှင် ၄ ဖွဲ့တုပ်၊ အက်ကြောင်းတစ်နေရာတည်း မဟုတ်ဘဲ ၃ နေရာရှိလျှင်လည်း နေရာအလိုက် ၂ ဖွဲ့. ၃ ဖွဲ့. ၄ ဖွဲ့. တုပ်နိုင်သည်။

http://www.dhammadownload.com

ထိုက်၏၊ ဝါ-ဆောင်ရမည်၊ ဣတိ-ဤသို့ပြော၍ ပေးရမည်၊ အယံ-ဤအစီအစဉ်သည်၊ တတ္ထ-ထိုသပိတ်အဟောင်း ၅ ဖွဲ့.မပြည့်သေးဘဲသပိတ်အသစ်ကို ငေတာင်းမိရာ၌၊ သာမိစိ-လောကုတ္တရာအားလျော်သော ကျင့်ဝတ်တည်း။

* * * * *

ထိုသို့တုပ်ဖွဲ့.အပ်ပြီးသောနေရာ၌ ဆေးကြောသည့်အခါ ဆွမ်းဟင်းစသော (အဖတ်အဆီ) အာမိသတို့ ငြိကပ်-မကျန်ရစ်ရအောင် သလွဲမည်: အပြားပါ:ပါ:ဖြင့်ဖြစ်စေ သစ်စေ:ဖြင့်ဖြစ်စေ ဖုံ:အုပ်ထား:ရမည်၊ ထိုသို့ပြုလုပ်ပြီ:နောက် ထပ်မံ၍ အဓိဋ္ဌာန်တင်ရမည်၊ ဘာ့ကြောင့်နည်:-အပေါက်ဖောက်စဉ်က အပေါက်မှာ ဆပ်ထမင်:လုံ: ဝင်လောက်လျှင် အဓိဋ္ဌာန် ပျက်သောကြောင့်တည်:၊ ထိုသို့ အဓိဋ္ဌာန် ထပ်မတင်ရအောင် အပေါက်ကို ကျဉ်:ကျဉ်:သော်လည်: ဖောက်ရမည်။

ဆက်ဦ:အုံ-ထိုသို့ ၄ ဖွဲ့.တုပ်ပြီ:နောက် ၂ လက်မလောက် အရေ:အကြောင်:ရှိပြန်လျှင် ၅ ခုမြောက်အဖွဲ့.ကို ဖွဲ့.တုပ်သည်ဖြစ်စေ, မတုပ်သည်ဖြစ်စေ အဓိဋ္ဌာန် ဝိကပ္ပနာတင်လောက်သော သပိတ်မဟုတ်တော့ပြီ၊ ပထမအက်ကွဲကတည်:က ၅ ဖွဲ့.-ဖွဲ့.လောက်အောင် ရှည်ရှည် (သို့.မဟုတ် ၅ နေရာ) အက်ကြောင်:ထင်နေလျှင် လုံ:လုံ: မဖွဲ့.မတုပ်ရစေကာမူ သပိတ်အရာမဝင်တော့ပြီ။

ဤပြခဲ့သောဖွဲ့.မှုတုပ်မှုတို့သည် မြေသပိတ်အတွက်သာတည်:၊ သံသပိတ်၌ အက်ကြောင်:မရှိ, အပေါက်သာပေါက်မည်၊ ထိုအပေါက်ကို သံမှုန့်.ဖြင့်ဖြစ်စေ စိုရိုက်၍ဖြစ်စေ သံပြား:ဝိုင်:ကလေ:ဖြင့်ဖြစ်စေ ဖာထေ:ရမည်၊ ထိုသို့ ဖာထေ:၍ ညက်ညောသဖြင့် အာမိသ မကပ်ငြိနိုင်လျှင်သပိတ်အရာ ဝင်ပါသေ:သည်၊ အပေါက်က ကြီ:နေသောကြောင့်ဖြစ်စေ များသောကြောင့်ဖြစ်စေ ဖာထေ:၍ မညက်ညောလျှင် သပိတ်အရာ မဝင်တော့ပြီ။

နဝံ ပတ္တံ စေတာပေယျ။ ။ စေတာပေယျအရ "တောင်:ခြင်:" ဟူသည် ဆွေမတော်သူ မဖိတ်သူကို တောင်:ခြင်:တည်:၊ မြေသပိတ်က ၅ ဖွဲ့.မပြည့်သေ:လျှင် သံသပိတ်လည်: ဖာထေ:၍ ဖြစ်နိုင်သေ:လျှင် အခြား သပိတ်သစ် မတောင်:ကောင်:၊ တောင်:မိလျှင် သိက္ခာပုဒ် အစီအစဉ်အတိုင်: ရဟန်:ပရိသတ်မှာ .....

http://www.dhammadownload.com

"အယံ မေ ဘန္တေ ပတ္တော ဥုနပဋ္ဌမနေန ပတ္တေန
စေတာပိတော နိသဂ္ဂိယော, ဣမာဟံ သံဃသ နိသဇ္ဇာမိ" –ဟု
စွန့်၍ ရဟန်းပရိသတ်မကြိုက်သော အညံ့ဆုံး ပတ္တပရိယန္တကိုမှ မိမိသုံး
ဆောင်ရမည်၊ မြေသပိတ်၌ ၅ ဖွဲ့–ဖွဲ့လောက်နေလျှင် သံသပိတ်၌ ဖာထေး
၍ မညက်မညောရှိလျှင်ကား ဥာတိပဝါရိတ မဟုတ်သူတို့၏ အထံ၌ပင်
သပိတ်အသစ် တောင်းကောင်းပြီ။ [ဘန္တေ–တို့၊ မေ–သည်၊ ဥုနပဋ္ဌမနေန–
ယုတ်သော ၅ ဖွဲ့ရှိသော၊ ပတ္တေန–သပိတ်ဖြင့်၊ အယံပတ္တော–ဤသပိတ်ကို၊
စေတာပိတော–တောင်းအပ်မိသည်၊ (ဟုတွာ–၍၊) နိသဂ္ဂိယော–၏၊ အဟံ–
သည်၊ ဣမံ–ဤသပိတ်ကို၊ သံဃသ–အား၊ နိသဇ္ဇာမိ–စွန့်ပါ၏။]

အဂ်ါ ၄ ပါး။ ။ ၁–အမိန္ဒာန်တင်လောက်သော သပိတ်ဖြစ်ခြင်း,
၂–မိမိဖိုးဖြစ်ခြင်း, ၃–မဖိတ်ဖူးသူ့ထံတောင်းခြင်း, [ဖိတ်သူ့ထံ ဥာတိထံ၌ကား
လက်ရှိသပိတ်က ၅ ဖွဲ့ မပြည့်စေကာမူ တောင်းကောင်း၏။] ၄–တောင်း၍
ရခြင်းအားဖြင့် အဂ်ါ ၄ ပါးတည်း။

[ဆောင်] ဓိဋ္ဌာန်လောက်ငဲ့, သပိတ်ကဲ့လျှင်, ငါးဖွဲ့မပြည့်[1], မိမိ
ဖိုဟု– ရည်ရွယ်ပြုသား[2], မဖိတ်သူ့ထံ–တောင်းခံမိလျှင်း[3],
ရရှိခြင်း[4]ဟု, ကြောင်းရင်းလေးလီ, အဂ်ါညီ, သင့်ပြီ
ဥုနဝဋ္ဌနေ။

ဒုဗ္ဗသိက္ခာလာ

သပိတ်နှင့်စပ်၍မှတ်ဖွယ်များ

ပတ္တံ နပတိသာမေယျ, သောဒကံ နစ ဩတရေ၊
ဥဏ္ဏေ နနိဒဟေဘူမျံ, နထပေ နောစ လဂ္ဂယေ။

သောဒကံပတ္တံ–ရေမစင်သော သပိတ်ကို၊ နပတိသာမေယျ–မသိမ်း
ထားရ၊ နစဩတရေ–နေလည်းမလှန်းရ၊ ဥဏ္ဏေ–နေပူ၌၊ နနိဒဟေ–ကြာ
မြင့်စွာ သိမ်းမထားရ၊ ဘူမျံ–ကြမ်းသောမြေပေါ်၌၊ နထပေ–အခင်းမပါ
သပိတ်ခြေမပါဘဲ မထားရ၊ နောစလဂ္ဂယေ–ဆင်စွယ်ကောက်စသည်တို့၌
ချိတ်မထားရ။

[ဆွမ်းစားပြီးလျှင် သပိတ်ကို စင်ကြယ်စွာဆေး, ရေစင်အောင်သုတ်ပြီးမှ
ဟင်းနုံ့ပျောက်အောင် ခေတ္တနေလှန်း, ကြာရှည်စွာ နေပူမှာမထားရ၊ နေလှန်း
ပြီးနောက် ရုပ်သိမ်း၍ အခင်းမပါ သပိတ်ခြေမပါသော မြေပေါ်မှာမထားဘဲ
နံရံကောက်စသည်၌လည်း မချိတ်ဘဲ သပိတ်ခြေပေါ်မှာဖြစ်စေ, အခင်းရှိသော

http://www.dhammadownload.com

မြေပေါ်မှာဖြစ်စေ, သပိတ်မပျက်စီးလောက်သော မြေပေါ်မှာဖြစ်စေ ထားရမည်၊ သပိတ်ဖုံးဖြင့် ဖုံးထားလျှင် အနံ့မကောင်းသောကြောင့် သပိတ်ကိုလည်း ဖွင့်ထားသင့်သည်။]

မိမုန္ဓေ ပရိဘဏ္ဍေ, အကော်ဝါ အာတပတ္တကေ၊
ပါဒေသု မဗ္ဗပိဌေဝါ, ထပေတုံ နစ ကပ္ပတိ။

မိမုန္ဓေ-အတွင်းအကြည်စွန်းခ်ိန်လည်းကောင်း၊ပရိဘဏ္ဍေ-အပြင်ဘက်အကြည် စွန်းခ်ိန်လည်းကောင်း၊ အကော်ဝါ-တင်ပျဉ်,ရင်ခွင်ခ်ိန်လည်းကောင်း၊ အာတပတ္တကေ-ထီးပေါ်ခ်ိန်လည်းကောင်း၊ ပါဒေသုဝါ-ခြေတို့ခ်ိန်လည်းကောင်း၊ မဗ္ဗပိဌေဝါ-ညောင်စောင်းအင်းပျဉ် (ခုတင်-ထိုင်ခုံ) ပေါ်ခ်ိန်လည်းကောင်း၊ ထပေတုံစ-ထားခြင်းငှာလည်း၊ နကပ္ပတိ-မအပ်။

[ရှေးက နံရံအခြေခိုင်အောင် သို့မဟုတ် ထိုင်ရအောင် နံရံ၏ အတွင်းအပြင်ခ်ိန် မြေခုံအပိုရှိတတ်၏၊ ထိုမြေခုံကို "အကြည်" ဟုခေါ်၏၊ ထိုအကြည်ခ်ိန် သပိတ်ထားလျှင် လိမ့်ကျမည်စိုး၍ မထားရ-ဟု တားမြစ်သည်၊ ယခုကာလ အုတ်တိုက်အစွန်းများလည်း အကြည်သဘောပင်ဖြစ်၍ မထားရ၊ အကြည်က တစ်တောင်လောက် ကျယ်ဝန်းလျှင် ထားကောင်း၏၊ သပိတ်ခြေပါလျှင်လည်း ထိုအကြည်မှာ ထားကောင်း၏-ဟု ဋီကာဆိုသည်။]

နနိဟရေယ္ယ ဥဒ္ဓိဠ္ဠော-ဒကဠ္ဠ စလကဠ္ဠိကံ။
ပတ္တေန ပတ္တဟတ္ထောဝါ, ကဝါဠံ နပဏာမယေ။

ဥဒ္ဓိဠ္ဠောဒကံ-လုတ်ဆေးရေကိုလည်းကောင်း၊ စလကဠ္ဠိကံ-စုပ်၍ ပစ်အပ်သော ဟင်းဖတ်နှင့်အရိုးကိုလည်းကောင်း၊ နနိဟရေယ္ယ-သပိတ်ခ်ိန်ထည့်၍ မထုတ်ဆောင်ရ၊ [သပိတ်ထဲခ်ိန်ထည့်၍ မစွန့်ပစ်ရ-ဟူလို၊ သပိတ်ကို လက်ဆေးခဲလုပ်၍ လက်မဆေးရ၊] ပတ္တေန-သပိတ်ဖြင့်လည်းကောင်း၊ ပတ္တဟတ္ထောဝါ-လက်ခ်ိန် သပိတ်ရှိလျက်လည်းကောင်း၊ ကဝါဠံ-တံခါးရွက်ကို၊ နပဏာမယေ-မတွန်းမဖွင့်ရ။

[လက်ခ်ိန် သပိတ်ရှိခ်ိန်သာမဟုတ်, လက်မှာဖြစ်စေ ခြေဖမိုးပေါ်မှာဖြစ်စေ ကိုယ်၏ အစိတ်အပိုင်းမှာ သပိတ်ရှိနေလျှင် တံခါးရွက်ကို မတွန်းရ၊ မင်းတုပ်ကန့်လန့်ကိုလည်း မဖြုတ်ရ၊ သို့ရာတွင် သပိတ်ကို အိတ်ဖြင့် ပခုံးစွန်းခ်ိန် လွယ်ထားနိုက် ဖြစ်လျှင်ကား ထိုအားလုံးကိုပင် ပြုကောင်း၏၊ မပြုရဟု ဆိုသမျှခ်ိန် ပြုလျှင် ရဟန်းမှာ ဒုက္ခဋ်-သာမဏေမှာ ဒဏ်။]

---

http://www.dhammadownload.com

သစိတ်နှင့်စပ်၍မှတ်သားထိုက်သော

အပ်-အစ် စားခွက်များ

ကပ္ပိယာ ထာလကာ တိသော, တမ္မာယောမတ္တိကာမယာ။
ဒါရုသောဝဏ္ဏ ရဇတ-မဏိ ဝေဠုရိယာမယာ။
အကပ္ပါ ဖလိကောကာစ-ကံသစာ ဂိဟိသန္ထုကာ။
သံယိကာ ကပ္ပိယာ တုမ္ဗ-ဃဋိစာ တာဝကာလိကာ။

တမ္မာယောမတ္တိကာမယာ-ကြေးနီ, သံ, မြေဖြင့် ပြုအပ်ကုန်သော၊ တိသော-၃ မျိုးကုန်သော, ထာလကာ-စားခွက် သောက်ခွက်တို့သည်၊ ကပ္ပိယာ-အပ်ကုန်၏။ [ကြေးနီခွက်-မြေခွက်-သံခွက် ၃ မျိုးတို့သည် ရဟန်းသာမဏေတို့ ကိုယ်ပိုင် (ပုဂ္ဂလိက) အဖြစ်ဖြင့် သုံးစွဲကောင်း၏၊ ၎င်းတို့ခ်ထည့်၍ စားကောင်းသောက်ကောင်း၏။]

ဒါရုသောဝဏ္ဏ ရဇတ မဏိဝေဠုရိယာ မယာ-သစ်သားခွက်, ရွှေခွက်, ငွေခွက်, ပတ္တမြားခွက်, ကြောင်မျက်ရွဲခွက်တို့သည်၊ အကပ္ပါ-မအပ်ကုန်၊ [ရွှေခွက် စသည်တို့သည် ကိုင်ရုံ ထိရုံမျှမအပ်၊ သစ်သားခွက်ကား ထည့်၍သာ မစားမသောက်ကောင်းသည်၊ ကိုင်ရုံကား: ကိုင်ကောင်းပါသေး၏၊ ယခုကာလ ကွမ်းအစ်စသည်ခ် ငွေထုံးဘူး စသည်တို့မှာ လူ့ဥစ္စာပင် ဖြစ်စေကာမူ ကိုင်ရုံမျှ မကိုင်ကောင်းရကား: အဘယ်မှာထည့်၍ စားကောင်း: ပါတော့မည်နည်း၊ နီးခွက် နီးကွမ်းအစ်တို့ကိုပင် သစ်သားခွက်နှင့် အလားတူဟု သဘောထား၍ လက်ဖက် ကွမ်းစသည် ထည့်စားမှုကို ရှောင်ကြဉ်ကြသည်။]

ဖလိကောစ - ဖန်ခွက်သည်လည်းကောင်း၊ ကာစကံသစာ-ချက်ကျောက်ခွက်နှင့် စဉ်ခွက်, ကြေးဖြူ, ကြေးဝါခွက်တို့သည်လည်းကောင်း၊ ဂိဟိသန္ထုကာ-လူ့ဥစ္စာဖြစ်ကုန်သော်လည်းကောင်း၊ သံယိကာ-သံယိကဖြစ်ကုန်သော်လည်းကောင်း၊ ကပ္ပိယာ-အပ်ကုန်၏၊ [ပါရာဇိကဏ်-ကာယသံသဂ္ဂဋ္ဌကထာ၌ "စာတိဖလိက (ဖန်စစ်-တွင်းထွက်ဖန်)ကို ပတ္တမြားနှင့် အလားတူ၍ မသုံးသပ်ကောင်း" ဟု ဆိုထား၏၊ ဤ၌ကား: သုံးသပ်-ကိုင်ကောင်းသေးသောကြောင့်. "ဖလိက"အရ ဖန်စစ်ခွက်မဟုတ်ရာ၊ သဲကို ချက်၍ ပြုလုပ်အပ်သော ယခုကာလ ဖန်ခွက်သာ ဖြစ်တန်ရာ၏၊ ထို့ပြင်-"ပစိတ္တာ ကတော ကာစမဏိ" ဟု ထိုအဋ္ဌကထာဆိုသောကြောင့်လည်းကောင်း, "ကာစော-သည်၊ ကဠနသံသဂ္ဂါ-ရွှေနှင့် ပေါင်းမိခြင်းကြောင့်"ဟု စာဏကျနီတီ ဆိုသောကြောင့်လည်းကောင်း, ချက်ကျောက်ကို

http://www.dhammadownload.com

ကာစဋ္ဌ သွင်းယူလိုက်သည်၊ ဤစကားအရ–ချက်ဖန်ခွက် ချက်ကျောက်ခွက် စဉ်ခွက် ကြေးပြ။ ကြေးဝါခွက်တို့မှာ ပုဂ္ဂလိကအဖြစ်ဖြင့် မသုံးစွဲအပ်, သံယိုက သို့မဟုတ် လူ့ဥစ္စာဖြစ်မူ ထည့်စားကောင်း၏ဟုလည်းကောင်း, ယခုကာလ ကြေးဝါဇွန်းနှင့် ဖန်ခွက် ဖန်ချိုင့် စသည်တို့ ပုဂ္ဂလိက မအပ်ကြောင်းကိုလည်းကောင်း, သတိပြုပါ။]

တုမ္ဗယဋ္ဌာ–နီးခွက် အိုးခွက်တို့သည်၊ တာဝကာလိကာ–တစ်ခဏမျှ ထည့်၍ စားသောက်ကောင်းကုန်၏။ [သွားလေရာယူ၍ သပိတ်ကဲ့သို့ကား အမြဲမသုံးစွဲကောင်း, ခဏလောက် ထည့်စား၍ စွန့်ပစ်ထားခဲ့ ရမည်–ဟုလို၊ ဖက်ရွက်သစ်ရွက်ဖြင့် လုပ်အပ်သော ဖက်ခွက်များလည်း ဆိုအတူ တစ်ခဏမျှ ထည့်စားကောင်း၏–ဟု ဋီကာတို့ဆို၏။]

စဉ်းစားဖွယ်။ ။ "ထည့်မစားကောင်း" ဟု ဆိုခဲ့သော သစ်သားခွက် နီးခွက်စသည်၌ တချို့က ယာဝကာလိကဖြစ်သော ခဲဖွယ်ဘောဇဉ်ကိုသာ ထည့်၍ မစားမသောက်ကောင်း, ယာမကာလိက အဖျော်ရည်စသည်ကိုကား စားသောက်ကောင်း၏–ဟု ယူကြ၏။ ဝိနယကောသလ္လ၌ကား မည်သည့် ကာလိကမဆိုထည့်၍ မစားသောက်ကောင်းဟု ယူလို၏၊ စူဠဝါဂဒုကဝတ္ထုခန္ဓက ပါဠိတော်၌ သပိတ်အမျိုးမျိုးကို ပယ်ချက်နှင့်စပ်၍ အဌကထာ၌ ခွက်အဖြစ်ဖြင့် အပ်–မအပ်ကို စိစစ်ထားသော အရာဖြစ်၏၊ သပိတ်–ခွက်ဟူသည်မှာ စားသောက်ဖွယ် အားလုံးကို (ယာမသတ္တာဟ ယာဝဇီဝိကမကျန်) ထည့်စားဖို့ရာဖြစ်၏၊ သို့ဖြစ်၍ "ထည့်၍မစားကောင်း" ဟု ပယ်ရှားအပ်သော ခွက်များ၌ မည်သည့်ကာလိကကိုမျှ ထည့်၍မစားခြင်းသာ သင့်လျော်ဖွယ်ရှိ၏၊ ထို့ကြောင့် ဝိနည်းဓိဋ္ဌာန် ပုဂ္ဂိုလ်များသည် နီးကွမ်းအစ်၌ ကွမ်းထည့်၍ မစားကြ, နီးအစ်ဖြင့် ကပ်လျှင် လက်ပေါ် တစ်ဆင့်ပြောင်း၍ စားကြ၏၊ နီးခွက်ဖြင့်လည်း အဖျော်ရည်စသည်ကို မသောက်ကြကုန်။

၂၀။ လေကျွင်ခန်းမေးခွန်းများ

က။ သပိတ် ၉ လုံးကို ပမာဏနှင့်တကွပြု၍, ထို ၉ လုံးတွင် အဓိဋ္ဌာန်ဝိကပ္ပမှာ မဝင်သော သပိတ် ၂ လုံးကိုပြပါ။

ခ။ သပိတ်အမျိုးအစားနှင့် အရောင်ကိုပြု၍, သပိတ်သစ်ကို အဓိဋ္ဌာန်တင်ပုံ–အဟောင်းကို ပစ္စုဒ္ဓိရ်ပြုပုံကိုပါပြပါ။

http://www.dhammadownload.com

ဂ။ သပိတ်ကို အဓိဋ္ဌာန်တင်ရာ၌ လုံးရေမည်မျှကိုသာ တင်ကောင်းသနည်း, အဓိဋ္ဌာန်မတင်လျှင် ဝိနည်းပြစ်လွတ်အောင် ဘယ်လိုပြုထားမည်နည်း။

ဃ။ အဓိဋ္ဌာန်ကျကြောင်း ၉ ပါးကိုပြ၍, အပေါက်ပမာဏကိုလည်းပြပါ။

င။ ဥုနပဋ္ဌ ဗန္ဓနအရ ဖွဲ့ချည်ပုံကိုပြ၍ လက်သစ်မည်မျှရှည်သော အက်ကွဲကြောင်းကို တစ်ဖွဲ့-ဖွဲ့ရမည်ဟုလည်း ပိုင်းခြားပြပါ။

စ။ "နဝံ ပတ္တံ စေတာပေယျ" အရ ဥာတိပဝါရိတကိုတောင်းလျှင် အပြစ်ရှိ-မရှိပြ၍, နိသဂ္ဂိယသပိတ် စွန့်ပုံကိုလည်းပြပါ။

ဆ။ ထိုသပိတ်ကို စွန့်ရမည့် နေရာနှင့်တကွ စွန့်ပြီးနောက် ပြုလုပ်ရမည့် အစီအစဉ်ကို စုံလင်အောင်ပြပါ။

[အောက်ပါ မေးခွန်းများသည် ကခ်ါအဓိပ္ပာယ်မဟုတ်၍ ပုစ္ဆာထုတ်သူတို့ အစိုးရ စာမေးပွဲ၌ မမေးမိရန် သတိပြု။]

ဇ။ သိက္ခာပုဒ် အင်္ဂါ ၄ ပါးကိုပြ၍, သပိတ်မထားကောင်းသော နေရာများကိုလည်း အထောက်သာဓကနှင့်တကွပြပါ။

ဈ။ သပိတ်ထဲ၌ လုတ်ဆေးရေ လက်ဆေးရေနှင့် စုပ်ဖတ် အရိုးတို့ကို ထည့်ကောင်းသလော, သာဓကပြပါ။

ည။ ကိုယ်အစိတ်အပိုင်း၌ သပိတ်ရှိနေလျှင် (အိတ်နှင့်လွယ်ထားခိုက်လည်း မဟုတ်လျှင်) တံခါးရွက်ကိုတွန်း၍ မဖွင့်ကောင်းကြောင်း သာဓကပြပါ။

ဋ။ ၁-ကိုယ်ပိုင် ပုဂ္ဂလိကအဖြစ် မအပ်သော ခွက်မျိုး, ၂-လုံးလုံးထည့်၍ မစားကောင်းသောခွက်မျိုး, ၃-သံယိက ဂိဟိသန္တကဖြစ်လျှင် ထည့်၍ စားသောက်ကောင်းသောခွက်မျိုး, ၄-တစ်ကြိမ်ထည့်စားကောင်းသော ခွက်မျိုးများကို ခွဲခြားပြပါ။

---

http://www.dhammadownload.com

၃။ ဘေသဇ္ဇ သိက္ခာပုဒ် ဂိလာနာနံ–မကျန်းမာကုန်သော၊ ဘိက္ခူနံ–ရဟန်းတို့၏၊ ဝါ–ရဟန်းတို့သည်၊ ပတိသာယနီယာနိ–သာယာအပ် သာယာထိုက်ကုန်သော၊ ဝါ–သုံးဆောင်အပ် သုံးဆောင်ထိုက်ကုန်သော၊ ယာနိ တာနိ ဘေသဇ္ဇာနိ–အကြင်ဆေးတို့သည်၊ (သန္ဓိ–ရှိကုန်၏၊) သေယျထိဒံ–ဤဆေးတို့ဟူသည် အဘယ်နည်း၊ ....သပ္ပိ–ထောပတ်လည်းကောင်း၊ နဝနီတံ–ဆီဦးလည်းကောင်း၊ တေလံ–ဆီလည်းကောင်း၊ မဓု–ပျားရည်လည်းကောင်း၊ဖါဏိတံ–တင်လဲလည်းကောင်းတည်း၊ တာနိ–ထိုဆေးတို့ကို၊ ပတိဂ္ဂဟေတွာ–အကပ်ခံပြီး၍၊ သတ္တာဟပရမံ–

* * * * *

၃။ ဘေသဇ္ဇ။ ။ ထောပတ်စသော ၅ မျိုးကို အကပ်ခံပြီးနောက် ၇ ရက်အထိ သိမ်းဆည်း၍ ဆေးအဖြစ်ဖြင့် စားသောက်နိုင်၏၊ ၇ ရက်လွန်လျှင်ကား ထိုထောပတ်စသည်တို့ နိသဂ္ဂိထိုက်၍ ရဟန်းမှာ ပါစိတ် အာပတ်သင့်သည်၊ ထို့ကြောင့် ထိုထောပတ်စသည်ကို အကပ်ခံသည့်အခါ ၇ ရက်စာလောက်မှန်း၍ အကပ်ခံရမည်၊ ၇ ရက် လွန်သည့်တိုင်အောင် ကုန်ပုံမရလျှင် (၇ ရက်မလွန်ခင်) "ဤထောပတ်စသည်ကို ငါမစားတော့ပြီ, ခြေနယ်ဆီစသည်ပြုလုပ်၍ ကိုယ်၏ အပြင်ဌာသာ သုံးစွဲတော့မည်" ဟု ဓိဋ္ဌာန် (စိတ်ကူး) လိုက်ရမည်၊ ထိုအပြင်ပဌ သုံးဖို့ဖြစ်လျှင်ကား ၇ ရက် လွန်သော်လည်း အပြစ်မရှိ။

ပတိသာယနီယာနိ– [ပတိ+သာ+အနီယ။] "သာ+အဿာဒေ" ဟု ဓာတ်ကျမ်းတို့ဌ ရှိသောကြောင့် "သာယာအပ်" ဟု အနက်ပေးသည်၊ "သာယာ" ဟူသည် စားသောက်ခြင်းဖြစ်သောကြောင့် "သုံးဆောင်" ဟု နောက်ထပ် အနက်ပေးသည်၊ "ပတိသာယနီယ" အရ "သုံးဆောင်ထိုက်" ဆိုသဖြင့် ရဟန်းများ စားထိုက်လောက်အောင် အကပ်ခံထားသော ဆေးများဖြစ်ကြောင်း, အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူထားသော ထောပတ်စသည်တို့ မစားကောင်းကြောင်းကိုလည်းကောင်း, အပြင်ပသုံးဖို့ရန်ဖြစ်လျှင် ၇ ရက်လွန်သော်လည်း အာပတ်မသင့်ကြောင်းကိုလည်းကောင်း ပြသည်။

ဘေသဇ္ဇာနိ။ ။"ဆေး"ဟုဆိုသော်လည်း တကယ့်ကို အနာရောဂါ ဖျောက်နိုင်မှ ဆေးအမည်ရသည်မဟုတ်၊ အများကဆေးဟု သမုတ်ထားလျှင် ဆေးအမည်ရသည်ပင်တည်း၊ ဤထောပတ်စသည်တို့ကား အများက ဆေးဟု

http://www.dhammadownload.com

၇ ရက်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး၊ သန္ဓိခိကာရက်-သိုမှီး သိမ်းဆည်းမှုကိုပြု၍၊ ပရိဘုဉ္ဇိတဗ္ဗာနိ-သုံးဆောင်အပ် သုံးဆောင်နိုင်ကုန်၏၊ တံ-ထို ၇ ရက်ကို၊ အတိက္ကာမယတော-လွန်စေသောရဟန်း၏၊ နိသဋ္ဌိယ-စွန့်ခြင်းဝိနည်းကဲရှိသော၊ ပါစိတ္တိယ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

အသိအမှတ်ပြုထားကြ၍ ဘေသဇ္ဇအမည်ရသည်၊ ဤထောပတ်စသော ဆေးများကို "၇ ရက်အတွင်း စားကောင်းသည်" ဟု ဆိုသော်လည်း မွတ်သိပ်ဆာလောင်ရုံသက်သက်ဖြင့် မစားကောင်း၊ အားနည်းသောရောဂါ အသွေးအသားနည်းသော (ပိန်ခြောက်သော) ရောဂါနှင့် လေနာရောဂါ စသည်ရှိသူတို့သာ စားကောင်းသည်။ [မွတ်သိပ်ဆာလောင်ရုံ သက်သက်ကား "ယာမကာလိက" ခေါ် အဖျော်ရည်စသည်ကိုသာ သောက်ကောင်းသည်။]

ဆက်ဦးအုံ-သက်ဆိုင်သောရောဂါရှိလျှင် အကပ်ခံပြီး စတုမဟာစသော ဆေးများကို နေလွဲ-နေမလွဲ အချိန်တိုင်းမှာပင် စားကောင်း၏၊ သို့သော် နေမလွဲမီ စားရာဝယ် ပထမအကပ်ခံရာ တစ်နံနက်၌သာ ဆွမ်းခဲဖွယ်တို့နှင့်ရော၍ စားကောင်းသည်၊ နောက် နံနက်များ၌ကား ဆွမ်းခဲဖွယ်များနှင့်ရော၍ မစားရ၊ ပါးစပ်တွင်း၌ ဆွမ်းခဲဖွယ် အာမိသရှိလျှင် ပြောင်စင်အောင် ပါးစပ်ကိုဆေးပြီးမှ ဆေးကိုစားရမည်၊ ဆေးကို အလေ့စားလျှင်လည်း ပြောင်စင်အောင် ပါးစပ်ကိုဆေးပြီးမှ ခဲဖွယ်ဘောဇဉ်ကို စားရမည်။[ဤစကားထက် အကျယ်ကို အဋ္ဌကထာမှာရှု။]

သေယျထိဒံ-ဤပုဒ်ကို ပုစ္ဆာအနက်ရှိသော "နိပါတ်တစ်ပုဒ်" တည်းဟုလည်းကောင်း, "သေယျထာ+ဣဒံ" နိပါတ်ပုဒ် ၂ ခုပေါင်းထားသည်ဟုလည်းကောင်း သိလက္ခန္ဓ (ဗြဟ္မာ့ကလသုတ်) အဋ္ဌကထာနှင့် ဋီကာတို့ဖွင့်ကြ၏၊ ဤ၌ နိပါတ် တစ်ပုဒ်တည်းဟု သဘောထား၍ တစ်ပေါင်းတည်း အနက်ပေးလိုက်သည်။

သပ္ပိနဝနီတံ-အပ်သော အသားရှိသော နွား ကျွဲ ဆိတ် အစရှိသော သတ္တဝါတို့မှဖြစ်သော ထောပတ်ဆီဦးကို ဤသိက္ခာပုဒ်၌ "သပ္ပိ,နဝနီတံ" ဟု ဖွင့်ကြ၏၊ ဘာကြောင့်နည်း .... မအပ်သော အသားရှိသော သတ္တဝါတို့မှဖြစ်သော ထောပတ်ဆီဦးတို့ကား နိသဋ္ဌိယဝတ္ထုမဟုတ်, ၇ ရက်လွန်အောင် အကပ်ခံထားလျှင် ဒုက္ကဋ်အာပတ်သင့်ကြောင်းဖြစ်သော ဒုက္ကဋဝတ္ထုများဖြစ်၍

http://www.dhammadownload.com

ဤသိက္ခာပုဒ်နှင့် တိုက်ရိုက်မဆိုင်သောကြောင့်တည်း။ [စားကောင်းသော ထောပတ်ဆီဦးတွင်ကား လူမှုဖြစ်သော ထောပတ်ဆီဦးမှတစ်ပါး အပ်-မအပ် အသားရှိ အားလုံးသတ္တဝါ၏ ထောပတ်ဆီဦးများ ပါဝင်ကြသည်။]

ဆီဦး။ ။ နို့ရည်ကို ထောပတ်ဖြစ်အောင် ချက်ရာ၌ ထောပတ်မဖြစ်မီ အထက်သို့ နို့အဆီခဲများ တက်လာ၏၊ ထိုအဆီဦးကို ပါဠိလို "နဝနီတ (နဝ=အသစ်+နီတ=ထုတ်ယူအပ်သောအဆီ)" ဟုခေါ်၏၊ ၎င်းကို "ထောပေ:" ဟုလည်းကောင်း "မသကာ" ဟုလည်းကောင်း ခေါ်သေး၏၊ "မသကာ" ဟူ သောစကားကား "မဆကာ" ဟူသော ပါရယိုဘာသာမှ ပြောင်းလာသောစကား ဖြစ်သတတ်။

တေလ။ ။ နှမ်းဆီ-မုန်ညင်းဆီ-ကြက်ဆူဆီ-သားဆီများကို တေလ၌ သွင်းယူရမည်။ [ဝံဆီ-ငါးဆီ-လင်းပိုင်(လပိုင်)ဆီ-ဝက်ဆီ-မြည်းဆီ များကို "ဝသာတေလ=သားဆီ"ဟုဆိုသည်၊ ရှေးခေတ်က မြေပဲမှ ဆီမထုတ်သေးသောကြောင့် ဤသိက္ခာပုဒ်၌ မြေပဲဆီမပါသေး, နှမ်းဆီနှင့် အလားတူဟု ယူသင့်၏၊ ဝသာတေလ၌ ငါးဆီများပါဝင်ရကား ယခုကာလ ငါးကြီးဆီများသည် မုယောမှုန့်စသည်နှင့် မရောဘဲ (သန့်သန့်ဖြစ်မှု) အား နည်းသော စာသင်သားများအဖို့ ညဉ့်အခါ ရေနွေးနှင့်သောက်လျှင် သင့်လည်း သင့်မြတ် အပ်လည်းအပ်သည်။]

မခုဖါဏိတံ။ ။ မခုကို "မကွိုကာမခု" ဟု ဖွင့်ရာ၌ ပျားကြီး ပျားငယ် ၂ မျိုးနှင့်ဆိုင်၏၊ ထို့ကြောင့် ပျားကြီးရည် ပျားငယ်ရည် ၂ မျိုးကို "မခု" ဟုမှတ်၊ "ဖါဏိတံနာမ-ဖါဏိတမည်သည်၊ ဥစ္ဆုမှာ-ကြံမှ၊ နီဗွတ္တ-ဖြစ်သော ဝတ္ထုတည်း" နှင့်အညီ အဖတ်မပါအောင် စစ်ပြီးသောကြံရည်မှစ၍ ကြံနှင့်ဆိုင်သမျှအားလုံးကို "ဖါဏိတ" ဟုဆိုသည်၊ ယခုအခါ ကြံမှတစ်ပါး အခြားသော ဝတ္ထုမှထွက်သော သကြားများနှင့် ထန်းရည်သကာ ထန်းလျက်များကိုလည်း ဤဖါဏိတ၌ သွင်းယူကြ၏။ [ရှေးခေတ်က ထန်းရည်အသုံးမရှိ၍ ကျမ်းဂန်မှာ မပါခြင်းဖြစ်သည်။]

မှတ်ချက်။ ။ ဤပြခဲ့သော စကားစဉ်အရ ထန်းရည် ထန်းလျက်ရည်များသည်လည်းကောင်း, သကြားနှင့် သံပရာ စသော ယာဝဓိဝိက အသီးရည် ရောစပ်သော ဖျော်ရည် လမနစ် (ဘီလပ်ရည်) စသည်တို့သည်လည်းကောင်း သတ္တာဟကာလိက တို့တည်း၊ သို့သော်

http://www.dhammadownload.com

ဘေသဇ္ဇခန္ဓကဋ္ဌ .... "အနုဇာနာမိ ဘိက္ခဝေ ဂိလာနသဂုဏ္ဍ, အဂိလာနသ ဂုဏ္ဍောဒကံ=ဂိလာနအတွက် ကြဲသကာ ထန်းလျက်အခဲကိုလည်းကောင်:, ဂိလာနမဟုတ်သူအတွက် ကြဲရည် ထန်းရည် ထန်းလျက်ရည်ကိုလည်းကောင်:, ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူသောကြောင့် ဂိလာနမဟုတ်သူလည်: ထိုအရည်များကို (ဆာလောင်မွတ်သိပ်လျှင်) သောက်ကောင်:၏။ [သန္ဓိမ ကာရကံပုဒ်ကို သန္ဓိမသိက္ခာပုဒ်ကျမှဖွင့်မည်။]

၂၁။ လေ့ကျင့်ခန်း မေးခွန်းများ

က။ စတုမဟာဆေးများကို အကပ်ခံပြီ:လျှင် ၇ ရက်အတွင်: စားကောင်:သည် ဟု ဆိုရာ၌ မွတ်သိပ်ဆာလောင်ရုံဖြင့် စားကောင်:မည်လော, အဘယ် အကြောင်:ရှိမှ စားကောင်:သနည်:။

ခ။ ဒုတိယနေ့မှစ၍ အကြောင်:ရှိသဖြင့် စားရာ၌ နံနက်ပိုင်:ဝယ် ဆွမ်:ခဲ ဖွယ်စသည်နှင့် ရောနှောရှ၍ စားကောင်:မည်လော, နံနက်စား:လျှင် မည်ကဲ့သို့ စင်ကြယ်အောင်ပြု၍ စား:ရမည်နည်:။

ဂ။ ပါဠိအဋ္ဌကထာ ဝယ် တေလဲအရည် ပဲဆီကိုမပြ, ဖါဏိတ် အရည်လည်: ထန်:ရည် ထန်:လျက် စသည်ကိုမပြ, ထိုသို့ မပြခြင်:၌ အကြောင်: ဘယ်သို့ မှတ်ရမည်နည်:။

ဃ။ ထန်:ရည်ချို, ကြဲရည်, သတ္တာဟကာလိက သကြား:နှင့် ယာဝဇီဝိက သံပရာသီ: စသည်ကို ရောသောဖျော်ရည်, လမနစ် ဘီလပ်ရည်တို့ အဘယ်ကာလိကဋ္ဌ ပါဝင်ကြသနည်:။

င။ ထိုထန်:ရည်စသည်ကို ဆာလောင်မွတ်သိပ်ရုံမျှဖြင့် သောက်ကောင်:- မသောက်ကောင်: ပါဠိသာဓကဖြင့် ဆုံ:ဖြတ်ပါ။

---

http://www.dhammadownload.com

၄။ ဝဿိကသာဋိက သိက္ခာပုဒ်

ဂိမှာနံ–နွေလတို့၏၊ ဝါ–နွေလတို့တွင်၊ မာသော–တစ်လသည်၊ သေသော–ကြွင်းတော့၏၊ ဣတိ–ဤသို့ဆိုထိုက်ရာနေ့မှစ၍၊ဘိက္ခုနှာ–ရဟန်းသည်၊ဝဿိကသာဋိကစီဝရံ–မိုးရေခံသင်္ကန်းကို၊ ပရိယေသိတဗ္ဗံ–ရှာမှီးအပ် ရှာမှီးနိုင်၏၊ ဂိမှာနံ–တို့၏၊ ဝါ–တို့တွင်၊ အမုမာသော–တစ်လထက်ဝက်, ဆယ့်ငါးရက်သည်၊ သေသော–ကြွင်းတော့၏၊ ဣတိ–ဤသို့ ဆိုထိုက်ရာနေ့မှစ၍၊ ဘိက္ခုနှာ–သည်၊ ကတွာ–ချုပ်ဆိုးမှုကိုပြု၍၊ နိဝါသေတဗ္ဗံ–ဝတ်အပ်ဝတ်နိုင်၏၊ ဂိမှာနံ– တို့၏၊ မာသော–သည်၊ သေသော–၏၊ ဣတိ–ဤသို့ဆိုထိုက်ရာလ၏၊ သြရေန–ဤဘက်၌၊ ဝဿိကသာဋိက စီဝရံ–ကို၊ စေ ပရိယေသေယျ–အကယ်၍ ရှာမှီးအုံ့၊ ဂိမှာနံ–တို့၏၊ အမုမာသော–သည်၊ သေသော–၏၊ ဤတိ–ဤသို့ဆိုထိုက်ရာရက်၏၊ သြရေန–၌၊ ကတွာ–၍၊ စေ နိဝါသေယျ–အကယ်၍ဝတ်အုံ့၊ တဿ ဘိက္ခုနော နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

* * * * *

၄။ ဝဿိက သာဋိက။ ။ [ဝဿိက=မိုးအခါ ဝတ်အပ်သော+ သာဋိက=အဝတ်, သင်္ကန်း။] ဤသိက္ခာပုဒ်ကား မိုးရေခံသင်္ကန်းကို ရှာနိုင်ရာခေတ် ချုပ်ဆိုး၍ ဝတ်နိုင်ရာခေတ် (ကာလ) ကိုပြု၍, ထိုကာလ မဟုတ်ဘဲ ရှာလျှင်လည်းကောင်း, ချုပ်ဆိုး၍ဝတ်လျှင်လည်းကောင်း, နိသဂ္ဂိပါစိတ်–ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

စာသော၊ ပေ၊ ပရိယေသိတဗ္ဗံ– ဤကား ရှာရာခေတ်ကိုပြသော ဝါကျတည်း၊ နွေလ၏ နောက်ဆုံးတစ်လဟူသည် မြန်မာအသုံးအားဖြင့် နယုန်လပြည့်ကျော်တစ်ရက်မှ ဝါဆိုလပြည့်အထိတည်း၊ ရှာပုံကား–ဘုတိပဝါရိတ ထံသို့ သွား၍ဖြစ်စေ (ဘုတိပဝါရိတ မဟုတ်သော်လည်း) ရှေးက လူနေကျ သူတို့အထံသို့ သွား၍ဖြစ်စေ "ကာလော ဝဿိကသာဋိကာယ–မိုးရေခံ သင်္ကန်း အချိန်တန်ပြီ" စသည်ဖြင့် ပြောဆိုသတိပေး ရမည်၊ ဘုတိပဝါရိတ ဖြစ်သူတို့ အထံ၌ကား "ဒေထ မေ ဝဿိကသာဋိကစီဝရံ=ငါ့အား မိုးရေခံ သင်္ကန်း လှူကြလော" ဟု တိုက်ရိုက်လည်း ပြောကောင်း၏၊ (ပါဠိတော်၌ "နဝတ္ထာဗ္ဗာ" စသည်ဖြင့် တားမြစ်ခြင်းကား အညာတက အပဝါရိတတို့ကို ရည်ရွယ်၍ တားမြစ်ခြင်းတည်း၊) ထိုသို့ သတိပေး၍ဖြစ်စေ, တောင်းကောင်း

http://www.dhammadownload.com

သူ့.ထံတောင်းရ၍ဖြစ်စေ အဝတ်ရလျှင် ဝါဆိုလမဆန်းခင် မချုပ်မဆိုးရသေး။ [ရှေးရိုက်စာအုပ်များ၌ "အမိကိုမျှ မတောင်းကောင်း" ဟု မှားသွားသည်။]

အမှမာသော၊ ဃ၊ နိဝါသေတဗ္ဗံ–ဤကား ရှာမှီး၍ ရပြီးနောက် ချုပ်ဆိုးရာ ခေတ်ကိုပြသော ဝါကျတည်း၊ နွေလတွင် နောက်ဆုံး ၁၅ ရက်ဟူသည် ဝါဆိုလဆန်း ၁ ရက်မှ လပြည့်အထိတည်း၊ ဆက်ဦးအံ့-သိက္ခာပုဒ်ပါဠိ၌ "မာသော, အမှမာသော" ဟု "နွေလ၏ နောက်ဆုံးတစ်လကို ရှာမှီးရာခေတ်, နောက်ဆုံး ၁၅ ရက်ကို ချုပ်ဆိုး၍ ဝတ်ရာခေတ်" အနေဖြင့် ပြထားခြင်းမှာ မိုးလမရောက်ခင် မိုးရေခံသက်နှံးကိစ္စ အပြီးအစီးဖြစ်နှင့်လောက်သော အချိန်ကို မှန်း၍ပြထားခြင်းဖြစ်သည်၊ ထိုတစ်လအတွင်း ၁၅ ရက်အတွင်းမှာ မရသေး-ရစေကာမူ ဝါဆိုလပြည့်နေ့မှ ရသဖြင့် မချုပ်မဆိုးရသေးလျှင် တန်ဆောင်မုန်းလပြည့်ထိအောင် မရမချင်း ရှာခွင့်-မပြီးမချင်း ချုပ်ဆိုးခွင့် ရှိပေသည်။

ခေတ် ၄ ပါး။ ။ ဤမိုးရေခံသက်နှံးနှင့်စပ်၍ ခေတ် (ကာလ) ၄ ရပ်ကို မှတ်သားထိုက်၏၊ နယုန်လပြည့်မှစ၍ ထိုလကွယ်အထိ ၁၅ ရက်သည် မိုးရေခံသက်နှံးကို ရှာရုံသာ အခွင့်ရသော ပရိယေသနခေတ် (ရှာရာကာလ) တည်း၊ ဝါဆိုလဆန်း ၁ ရက်မှစ၍ ထိုလပြည့်အထိ ၁၅ ရက်သည် မရသေးလျှင် ဆက်လက်ရှာခွင့်-ရပြီးလျှင် ချုပ်ဆိုးခွင့် ဝတ်ခွင့်ရသော ခေတ်တည်း၊ [ပြခဲ့သော တစ်လအတွင်း၌ အဓိဋ္ဌာန်တင်ခွင့် မရသေး။] ဝါဆို လပြည့်ကျော် ၁ ရက်မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၄ လသည် မရ သေးလျှင် ဆက်လက်ရှာခွင့် ချုပ်ဆိုးခွင့် ဝတ်ခွင့် အဓိဋ္ဌာန်တင်ခွင့် ၄ မျိုးလုံးရသော (ပရိယေသန-ကရဏ-နိဝါသန-အဓိဋ္ဌာန) ခေတ်တည်း၊ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်မှစ၍ လာမည့် နယုန်လပြည့်အထိ ၇ လကား မိုးရေခံသက်နှံးနှင့် လုံးဝမစပ်သော ပိဋ္ဌသမယခေတ်ဟုမှတ်၊

အချုပ်မှတ်ဖွယ်။ ။ ဤစကားအရ ရှာရာခေတ်သည် နယုန်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၅ လဟုလည်းကောင်း, ချုပ်-ဆိုး-ကပ္ပဝိန္ဒုထိုး၍ ဝတ်ရာခေတ်သည် ဝါဆိုလဆန်း ၁ ရက်မှ တန်ဆောင်မုန်း လပြည့်အထိ ၄ လခွဲဟုလည်းကောင်း, အဓိဋ္ဌာန်တင်ရာ ခေတ်သည် ဝါဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၄ လတည်းဟုလည်းကောင်းမှတ်။ [ပါရာဇိကဏ် အဋ္ဌကထာ လက်ရှိစာမူများကို ပါဠိပျက်နေသည်ဟု သာရတ္ထဒီကာ မှာသည်။]

မှတ်ချက်။ ။ နယုန်လပြည့်ကျော် ၁ ရက်နေ့၌ရ၍ သက်နှံးမချုပ်လောက်သေးသော ပိတ်စ ဖျင်စစ်စသည်ကိုမချုပ်ရသေးသမျှ တန်ဆောင်မုန်းလပြည့်

http://www.dhammadownload.com

အထိ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲထားနိုင်၏၊ ကထိန်အာနိသင်ရပြန်လျှင် ပထမကထိနသိက္ခာပုဒ်အရ တပေါင်းလပြည့်အထိ ထားနိုင်၏၊ ဆက်စပ်ချုပ်ဖို့ရန် ပစ္စာသာသက်နှီး ရှိနေသေးလျှင် တတိယကထိနသိက္ခာပုဒ်၏ ခွင့်ပြုချက်အရ နောက်ထပ်တစ်လ (တာကူးလပြည့်အထိ) ထားနိုင်၏၊ ဤသို့ ဝါထပ်လျှင် ၁၁ လ, ဝါမထပ်လျှင် ၁၀ လ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရသည်–ဟုမှတ်၊ ချုပ်ဆိုးပြီးလျှင်ကား "ဝဿိကသာဋီကာ" အမည်ဖြင့် "ဣမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ" ဆို၍ မိုးလအတွင်း အဓိဋ္ဌာန်တင်, မိုးလလွန်လျှင် ပစ္စုဒ္ဓိ၏ပြု၍ ပရိက္ခာရစောဠ–ဝိကပ္ပနာ တစ်ခုခု သင့်ရာပြုထားရမည်။

သြရေန စေ၊ ဃ၊ ပရိယေသေယ္ယ– "သြရေန စေ မာသော" ၌ "သြရေန" အရ "ဤဘက်" ဟူသည် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ နယုန်လပြည့်အထိ ၇ လတည်း၊ ထို ၇ လအတွင်း၌ မိုးရေခံသက်နှီးကို မရှာကောင်း, ရှာ၍ရလျှင် နိသဂ္ဂိထိုက်၏၊ "သြရေနမုမာသော" ၌ "သြရေန" အရ "ဤဘက်" ဟူရာ၌ကား ချုပ် ဆိုး ဝတ်ရာခေတ်ဖြစ်သော ဝါဆိုလဆန်းမရောက်ခင် နယုန်လပြည့်ကျော် တစ်ရက်မှ နယုန်လကွယ်အထိ တည်း၊ ထိုရက်အတွင်း၌ ချုပ် ဆိုး ဝတ်ခြင်းကို မပြုကောင်း, ပြုလျှင် နိသဂ္ဂိထိုက်သည်။ [နယုန်လမပြည့်ခင် ရှေ့ ၇ လမှာ ချုပ် ဆိုး ဝတ်မှုကို မဆိုထား ဘီ ရှာရုံမျှ မရှာကောင်းရကား ရှာ၍ရစဉ်ကပင် နိသဂ္ဂိထိုက်ပြီးဖြစ်၍ ချုပ် ဆိုးဝတ်သည့်အတွက် နိသဂ္ဂိမထိုက်တော့ပြီ။]

ပိဋ္ဌိ–ကုစ္ဆိသမယ ၂ မျိုး။ ။ ကုစ္ဆိသမယ=ဝမ်းဘက်နှင့်တူသော အတွင်းဘက် (မိုးရေခံသက်နှီးကို ရှာမိုးခွင့်–ချုပ်ဆိုးခွင့်ရသောကာလ၊) ပိဋ္ဌိသမယ=ကျောဘက်နှင့်တူသော အပြင်ဘက် (ရှာမိုး–ချုပ်–ဆိုး–ဝတ်ခွင့်မ ရသောကာလ၊) ထိုတွင် နယုန်လပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်း လပြည့်အထိ ကုစ္ဆိသမယ, တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်မှစ၍ နယုန်လပြည့်အထိ ပိဋ္ဌိသမယတည်း။

အဂ်ါ ၂ မျိုး။ ။ ဤသိက္ခာပုဒ်၌ အချိန်မဟုတ်ဘဲ ရှာမိုး၍ရခြင်းကြောင့် အာပတ်တစ်ချက်, ချုပ် ဆိုး၍ ဝတ်ခြင်းကြောင့် အာပတ်တစ်ချက်ဟု ၂ ချက်ရှိရကား အဂ်ါကိုလည်း ၂ မျိုးခွဲ၍ ပြကြရလေသည်၊ ၁–မိုးရေခံသက်နှီး၏ မိမိအတွက်ဖြစ်ခြင်း, ၂–အခါမဟုတ်ဘဲရှာခြင်း, (ပိဋ္ဌိသမယ၌ရှာခြင်း ဟူလို), ၃–ရခြင်းဟု ရှာမိုးမှုအတွက် အဂ်ါ ၃ ပါး၊ ၁–သက်နှီးရှိခြင်း, ၂–ဘေးရန်မရှိခြင်း, ၃–မိုးရေခံသက်နှီး၏ ကိုယ်ပိုင်ဖြစ်ခြင်း, ၄–အခါ မဟုတ်ဘဲ ဝတ်ခြင်းဟု ဝတ်မှုအတွက် အဂ်ါ ၄ ပါး၊ [၁–ပိဋ္ဌိသမယ၌ နိုးသူ

http://www.dhammadownload.com

၅။ စီဝရအဆ်ိန္နန ယော ပန ဘိက္ခု–သည်၊ ဘိက္ခုသ–ရဟန်းအား၊ သာမံ–ကိုယ်တိုင်၊ စီဝရံ–သင်္ကန်းကို၊ ဒတ္တာ–ပေးပြီး၍၊ ကုပိတော–စိတ်ဆိုးသည်၊ အနတ္တမနော–မိမိစိတ်မရှိသည်၊ (ဟုတ္တာ–ဖြစ်၍၊) အစ္ဆိန္နေယျဝါ–ကိုယ်တိုင်မူလည်း လုယူအံ့၊ အစ္ဆိန္နာပေယျဝါ–သူတစ်ပါးကိုမူလည်း လုယူစေအံ့၊ တဿ ဘိက္ခုနော နိသဂ္ဂိယ်, ပါစိတ္တိယ်ဟောတိ။

* * * * *

စသည် လုယူသွား၍ သင်္ကန်းမရှိလျှင် မိုးရေခံသင်္ကန်းကို ဝတ်ကောင်း၏၊ ၂–မိုးရေခံသင်္ကန်းကို မဝတ်ဘဲရေချိုးလျှင် ခိုးသူယူသွားဖွယ် ရှိခြင်းသည် ဘေးရန်တည်း၊ ထိုသို့ ခိုးသူဘေးရန်ရှိလျှင် မိုးရေခံသင်္ကန်းကို ပိုင်ဋ္ဌသမယ ၌လည်း ဝတ်ကောင်း၏၊ ထို့ကြောင့် မဝတ်ကောင်းသည့်ဘက်၌ (အခြား ဝတ်ဖွယ်) သင်္ကန်းရှိခြင်း, ဘေးရန်မရှိခြင်းဟု အင်္ဂါ ၂ ပါးကို ထည့်ရသည်။]

[ဆောင်] မိမိတွက်တာ[1], ချိန်အခါလည်း–မဟုတ်ပါဘိ–ဖွေရှာမိလျှင်[2], ရရှိခြင်း[3]ဟု, ကြောင်းရင်းသုံးချက်, ရှာမှုတွက်တည်း၊ နောက်ဆက် ဝတ်လွှမ်း, အပြစ်ခန်းကား–သင်္ကန်းလည်းရှိ[4], ဘေးကင်းဘိသား[5], မိမိလည်းပိုင်[6], ခါမတိုင်ဘဲ –စွဲကိုင်ဝတ်မှီ[7], ကြောင်းစုံညီ, သင့်ပြီ ဝဿိက။

၅။ စီဝရအဆ်ိန္နန။ ။ "မိမိ၏ ဝေယျာဝစ္စကို ပြုလိမ့်မည်" စသော မျှော်လင့်ချက်ဖြင့် ရဟန်းတစ်ပါးအား သင်္ကန်းပေးပြီးနောက် မျှော်လင့်ချက် မကိုက်၍ စိတ်ဆိုးဆိုးနှင့် ပေးပြီးသင်္ကန်းကို ပြန်၍ ကိုယ်တိုင်လုယူသည်ဖြစ်စေ–တစ်ယောက်ယောက်ကို လုယူရန် ခိုင်းသည်ဖြစ်စေ နိသဂ္ဂိယပါစိတ်။

အနတ္တမနော=အတ္တနော–မိမိ၏+မနော–စိတ်တည်း၊ အတ္တမနော–မိမိစိတ်, မိမိစိတ်ဟူသည် ပီတိ သုခ ယှဉ်၍ ကြည်လင်ချမ်းမြေသော (မိမိ သဘောကျဖြစ်သော) စိတ်တည်း၊ ဒေါသဖြစ်နေလျှင်ကား ထိုစိတ်မျိုးမဖြစ်တော့ချေ၊ နတ္ထိအတ္တမနော ယသ္သာတိ အနတ္တမနော=မိမိစိတ်မရှိသူ, ပီတိသုခနှင့်ယှဉ်၍ ကြည်လင်သောစိတ် မရှိသူတည်း။

အင်္ဂါ ၅ ပါး။ ။၁–အမိဋ္ဌာန် ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်း ဖြစ်ခြင်း, ၂ – ကိုယ်တိုင်မပေးခြင်း, ၃ – ကိုယ့်ဥစ္စာဟု အမှတ်ရှိသေးခြင်း,

http://www.dhammadownload.com

၆။ သုတ္တဝိညတ္တိ သီကွာပုဒ် ယော ပန ဘိက္ခု–သည်၊ သာမံ–ကိုယ်တိုင်၊ သုတ္တံ–ချည်ကို၊ ဝိညာပေတွာ–တောင်း၍၊ တန္ဒ ဝါယေဟိ–ရက်ကန်းသည်တို့သည်၊ (ဓာတ်ကတ္တား)၊ ဝါ–ရက်ကန်းသည်တို့ကို၊ (ကာရိတ်ကံ)၊ စီဝရံ–သင်္ကန်းကို၊ ဝါယာပေယျ–ရက်စေအံ့၊ တဿ ဘိက္ခုနော နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

* * * * *

၄–အလုခံရသူက ရဟန်းပြစ်ခြင်း, ၅–စိတ်ဆိုး၍လုခြင်း ၅ ပါ:တည်:။ [၂–ကိုယ်တိုင်ပေးပြီး ပြန်လုယူမှ အပြစ်ရှိသည်၊ ကိုယ်တိုင်မပေးဘဲ သူများပေးလိုက်သည်ကို ပြန်ယူက အပြစ်မရှိ၊ ၃–မိမိနှင့် ဆိုင်သေးသည်ဟုထင်၍ သကသညာဖြင့် လုယူမှသာ နိသဂ္ဂိယ, သူပိုင်မှန်းသိလျှက် လုယူရာ၌ကား တန်ဖိုးလိုက်၍ ပါရာဇိကအဆိ ဆုံးဖြတ်ခွင့်ရှိသည်၊ ၄–ရဟန်း၏ သင်္ကန်းကို လုယူမှ နိသဂ္ဂိထိုက်သည်၊ ရဟန်း၏ အခြားဥစ္စာကိုလည်းကောင်:, လူသာမဏေ၏ ဥစ္စာအားလုံးကိုလည်းကောင်: (ပေးပြီးနောက်) ပြန်၍ လုယူရာ၌ ဒုက္ကဋ် ဟုမှတ်။]

[ဆောင်] ဝိကပ်လောက်လစ်–သင်္ကန်:ဖြစ်ရေ:[1], ကိုယ်တိုင်ပေး၍–, ထင်ကြေ:ကိုယ့်ဟာ–မကင်:ပါဘ[2], ဥစ္စာရှင်မှ–ရဟန်:ဟူသာ:[3], လုယူလုစေ[3], အင်ငါ:ထွေ, သင့်လေ အစ္ဆိန္ဒ။

၆။ သုတ္တဝိညတ္တိ။ ။ ဘုတိပဝါရိတ မဟုတ်သူ.ထံ ကိုယ်တိုင် ချည်တို့ကို (မအပ်သောနည်:ဖြင့်) တောင်း၍ ထိုချည်တို့ကိုပင် ဘုတိပဝါရိတ မဟုတ်သော ရက်ကန်:သည်တို့.ကို မအပ်သောနည်:ဖြင့် အရက်ခိုင်:လျှင် နိသဂ္ဂိယပါစိတ်၊ [ကာယဝိညတ်ဖြင့် ထိသူ.အနီ:သို့သွား၍ ရပ်ပြီ:လျှင် "ဘာအလို ရှိပါတုံ:ဘုရား:" ဟုမေ:မှ အလိုရှိရာ ပြောခြင်:မဟုတ်ဘဲ "ချည်ကိုလှူစမ်:ပါ, ရက်ကန်: ရက်ပေ:စမ်:ပါ" စသည်ဖြင့် တောင်:ခြင်:ခိုင်:ခြင်:ကို "မအပ်သောတောင်:ခြင်:–ခိုင်:ခြင်:" ဟုဆိုလိုသည်၊ သုတ္တအရ "ခေါမ" စသော ချည် ၆ မျိုးနှင့် ထိုချည်တို့.အား လျော်သော ချည်အမျိုးမျိုး တည်:။]

အဂ်ါ ၃ ပါ:။ ။ ၁–သင်္ကန်:ရက်ရန် တောင်:အပ်သော ချည်ဖြစ်ခြင်:, ၂–မိမိအတွက်ဖြစ်ခြင်:, ၃–မခိုင်:ကောင်:သော (ဘုတိပဝါရိတမဟုတ်သော) ရက်ကန်:သည်ကို မအပ်သောနည်:ဖြင့် ရက်စေခြင်:တည်:။ [မအပ်သောနည်:ဖြင့် တောင်:အပ်သောချည်ကို မအပ်သောနည်:ဖြင့် ရက်စေမှ နိသဂ္ဂိ

http://www.dhammadownload.com

ထိုက်သည်၊ ချည်ကဖြစ်စေ ရက်ကန်းသည်ကဖြစ်စေ တစ်ဖက်ဖက်က အပ်နေသေးလျှင် ဒုက္ကဋ်၊ သင်္ကန်းဟူရာ၌လည်း အဓိဋ္ဌာန်ဝိကပ္ပနာလောက်၍ အလျား တစ်တောင် အနံ တစ်ထွာရှိသော အဝတ်တည်း၊ အလျား ၂ တောင် အနံ ၂ ထွာရှိလျှင် နိသဂ္ဂိ ၂ ချက်စသည်ဖြင့် အတောင်အထွာများလျှင် များ သလောက် အာပတ်တိုး၍ တစ်တောင် တစ်ထွာ မပြည့်သေးသော သင်္ကန်းသားအတွက် ဒုက္ကဋ်ချည်းမှတ်။]

[ဆောင်] တောင်းအပ်သည့်ချည်[1], ကိုယ့်ဖို့ရည်သား[2], ရက်သည့်သူ့ကပ်-
နည်းမအပ်ဖြင့်-ရက်လတ်စေမှု[3] အင်သုံးဆူ, မှတ်ယူသုတ္တ-ဝိညတ္တိ။

၂၂။ လေ့ကျင့်ခန်းမေးခွန်းများ

က။ "မာသော သေသော ဂိမှာနံ" စသည်၌ မာသနှင့် အမှုမာသတို့ဟူသည် အဘယ်လ-အဘယ်ရက်များပါနည်း။

ခ။ ထိုမာသနှင့် အမှုမာသတို့ အတွင်းသာလျှင် ရှာနိုင်-ချုပ်ဆိုးနိုင်ပါသလော, မိုးရေခံသင်္ကန်းရှာရာခေတ်-ချုပ်ဆိုးရာခေတ်များကို ပိုင်းခြားပြပါ။

ဂ။ မိုးရေခံသင်္ကန်းနှင့်စပ်၍ ပရိယေသနခေတ်စသော ခေတ်ကာလ ၄ မျိုးကို ပိုင်းခြားပြပါ။

ဃ။ "သြရေန စေ၊ ပေ၊ ပရိယေသေယျ၊ ပေ၊ နိဝါသေယျ" တို့၌ သြရေနအရ ယူရမည့်ရက်များကို ခွဲခြားပြပါ။

င။ ပိဋ္ဌသမယ-ကုစ္ဆိသမယ ၂ မျိုးကို ခွဲခြား၍ ဝသီကသာဒိုကကိုရှာမှီးမှုအတွက် အင်္ဂါ ၃ ပါး, ဝတ်မှုအတွက် အင်္ဂါ ၄ ပါးကို ခွဲခြားပြပါ။

စ။ စီဝရအစ္ဆိန္နနှင့် သင်္ကာပုဒ်၏ အင်္ဂါကိုပြ၍ ရဟန်း၏ (စီဝရမှတစ်ပါး) အခြားပစ္စည်းကိုလုယူလျှင် မည်သည့်အာပတ်ဟု ဆုံးဖြတ်ပါ။

ဆ။ သုတ္တဝိညတ္တိ သင်္ကာပုဒ်ဝယ် ဥာတိပဝါရိတ မဟုတ်သူ့ထံ မအပ်သော တောင်းနည်း-အပ်သောတောင်းနည်း ၂ မျိုးကို ခွဲခြားပြပါ။

ဇ။ ထိုသုတ္တဝိညတ္တိသင်္ကာပုဒ်အရ ရက်စေရာ၌ သင်္ကန်းပြီးမှ အာပတ်သင့်သလော, မည်မျှပြီးလျှင် အာပတ်သင့်ပါသနည်း။

---

http://www.dhammadownload.com

၇။ မဟာပေသကာရ သိက္ခာပုဒ် ဘိက္ခု၊ ဥဒ္ဒိသ အညာတကော ဂဟပတိဝါ ဂဟပတာနိဝါ (တတုတ္တရိသိက္ခာပုဒ် ပြန်ကြည့်၊) တန္တ ဝါယေဟိ-ရက်ကန်းသည်တို့သည်၊ ဝါ-တို့ကို၊ စီဝရံ-သင်္ကန်းကို၊ ဝါယာပေယျ-ရက်စေအံ့၊ တတြ-ထိုရက်ကန်းသည်တို့ ရွာနီဂုံးသို့၊ သော ဘိက္ခု-ထိုရဟန်းသည်၊ ပုဗ္ဗေ-ရှေးဦး၊ အပ္ပဝါရိတော-အလျှောရှင်တို့က မဖိတ်အပ်ဘဲ၊ တန္တ ဝါယေ-ရက်ကန်းသည်တို့သို့၊ ဥပသင်္ကမိတ္တာ စီဝရေ ဝိကပ္ပံ အာပဇ္ဇေယျ (ကိံ)၊ (ဥပက္ခေဒသိက္ခာပုဒ် ပြန်ကြည့်။)

အာဝုသော-ဒါယကာတို့၊ ဣဒံစီဝရံ-ဤသင်္ကန်းကို၊ မံ-ငါ့ကို၊ ဥဒ္ဒိသ-ရည်စူး၍၊ ဝိယျတိ-ရက်အပ်၏၊ အာယတဋ္ဌ-အလျားရှည် သည်ကိုလည်း၊ ကရောထ-ပြုကုန်လော၊ ဝိတ္ထတဋ္ဌ-အနံပြန့်သည်ကိုလည်း၊ ကရောထ-လော၊ အပ္ပိတဋ္ဌ-ပိတ်ပိတ်သည်းသည်: တစ်ခဲနက်ကိုလည်း၊ ကရောထ-လော၊ သုဝိတဋ္ဌ-ကောင်းစွာအညီ ရက်အပ်သည်ကိုလည်း၊ ကရောထ-လော၊ သုပ္ပဝါယိတဋ္ဌ-ကောင်းစွာအညီ ဖြန့်အပ်သည်ကိုလည်း၊ ကရောထ-လော၊ သုဝိလေခိတဋ္ဌ-ကောင်းစွာမှန်မှန် နယ်ဖြင့်ကန်အပ်သည်ကိုလည်း၊ ကရောထ-လော၊ သုဝိတစ္ဆိတဋ္ဌ-ကောင်းစွာဘီးဖြင့် ဖြီးအပ်သည်ကိုလည်း၊ ကရောထ-ပြုကြကုန်လော၊ မယမ္ပိ-ငါတို့သည်လည်း၊ အာယသ္မန္တာနံ-ဒါယကာတို့အား၊ ကိဋ္ဌိမတ္တံ-စိုးစဉ်းအနည်းငယ်မျှကို၊ အပ္ပေဝနာမ အနုပဒဇ္ဇေယျာမ-နောက်ထပ်ပေးနိုင်ကုန်တန်ရာ၏၊ ဣတိ-ဤသို့စိမံအံ့။

* * * * *

၇။ မဟာပေသကာရ။ ။ [ပေသကာရနှင့် တန္တ ဝါယသည် "ရက်ကန်းသည်" ဟူသော အနက်ဟောချင်းတူ၏၊ ရှေ့သိက္ခာပုဒ်လည်း ရက်ကန်းသည်နှင့်စပ်-ဤသိက္ခာပုဒ်လည်း ရက်ကန်းသည်နှင့် စပ်ရာဝယ်, ဤသိက္ခာပုဒ်က ကျယ်သောကြောင့် "မဟာပေသကာရ" ဟု နာမည်တပ်သည်။] သင်္ကန်းလျှမည့် အလျှောရှင်က မဖိတ်ဘဲ ရက်ကန်းသည်ထံသွားလျက် နဂိုရည်မှန်းထားသော ချည်ထက် ထူးကဲပိုလွန်အောင် စိမ်ခြင်းကြောင့် ချည်ပိုး၍ ကုန်သွားလျှင် ထိုသင်္ကန်း နိသဂ္ဂိထိုက်၏။

http://www.dhammadownload.com

ဝေဠု–ဤသို့လျှင်၊ **သောဘိက္ခု**–ထိုရဟန်းသည်၊ **ဝတ္တာ**–ပြောဆိုပြီး၍၊ **ကိဠိမတ္တံ**–စိုးစဉ်းအနည်းငယ်မျှကို၊ **အန္ဓမသော**–အောက်ထစ်ဆုံးအားဖြင့်၊ **ပိဏ္ဍပါတမတ္တံပိ**–ဆွမ်းမျှကိုလည်း၊ **အနုပဒဇ္ဇေယ္ယ**–နောက်ထပ်ပေးအုံ၊ **တဿ ဘိက္ခုနော** နိသဂ္ဂိယ်, ပါစိတ္တိယ် ဟောတိ။

* * * * *

ဣဒံ ဝေါ၊ ပေ၊ အနုပဒဇ္ဇေယ္ယာမ။ ။ဤဝါကျကား ရဟန်း၏ စီမံပုံ အခြင်းအရာကိုပြသော ဝါကျတည်း၊ ဤသင်္ကန်းကား ငါ့ကိုရည်စူး၍ ရက်အပ်သော သင်္ကန်းတည်း၊ ထို့ကြောင့် အလျားရှည်ရှည်–အနံပြန့်ပြန့်–ပိတ်ပိတ်သည်းသည်: တစ်ခဲနက်ဖြစ်အောင် ရက်ပါ, ညီညီလည်းရက်ပါ, ရက်ကန်းစင်ပေါ်၌ ဖြန့်သည့်အခါလည်: ညီညီညွှတ်ညွှတ်ဖြန့်ပါ, နယ်ဖြင့်လည်: ကောင်းစွာကန်ပါ, ဘီးဖြင့်လည်: ကောင်းစွာပြီးပါ၊ ငါတို့ကလည်: ဒကာတို့အား: နည်:နည်:ပါ:ပါ: လက်ခထပ်၍ ပေးနိုင်ကောင်:ပါရဲ့–ဟူလို၊ ဤသို့ ပြောဆိုစီမံရာ၌ အလျားရှည်မှု အနံပြန့်မှု ပိတ်ပိတ်သည်းသည်: ဖြစ်မှုတို့အတွက် နဂိုရည်မှန်:ထားသော ချည်ထက်ပို၍ ချည်ကုန်ဖွယ်ရှိ၏၊ ထိုသို့ ချည်ကုန်သည့်အတွက် နိသဂ္ဂိဖြစ်ရသည်၊ ရဟန်:က ဆွမ်:အစရှိသော ရက်ကန်:လက်ခကို ထပ်၍ပေးမှုကြောင့် နိသဂ္ဂိဖြစ်သည် မဟုတ်၊ နောက်ထပ်မပေးစေကာမူ ရဟန်:၏ အစီအမံကြောင့် ချည်ပို ၍ကုန်လျှင် နိသဂ္ဂိထိုက်သည်ပင်။

မှတ်ချက်။ ။ "အပ္ပိတ" အရ "ထူထဲ" ဟု ပေးကြ၏၊ ထူခြင်:ကား: အကောင်:မဟုတ်, အသား:ကျစ်၍ ပိတ်ပိတ်သည်:သည်:ရှိခြင်:သာ ကောင်:သည်၊ ရက်ကန်:ရက်လိုသည့်အခါ ပြုပြင်ပြီ:သောချည်များကို ရက်ကန်:စင်ပေါ်၌ ဖြန့်ရသည်၊ ၎င်:ကို ပါဠိလို "ပဝါယိတ" ဟုခေါ်၏၊ ထိုသို့ ဖြန့်ပြီ:နောက် ရက်သည့်အခါ ရက်အပ်ပြီ:သော ရက်ကန်:သား:တို့ အတွင်:သို့ မကျုံ့ဝင်စေခြင်:ငှာ အဖျား:၌ အချွန်ကလေ:တစ်ခုစီ တပ်ထား:သော တုတ် ၂ ချောင်:ကို ကန့်လန့်ကြက်ခြေဖြစ်စေ လေ:ကိုင်:ကဲ့သို့ဖြစ်စေ ထား၍ သံချွန်ကလေ:များကို ရက်ကန်:သား:အနား:၌ ထိုး:ထား:ပြီ:လျှင် တွန်:ကန်ပေ:ရသည်၊ ထိုသံချွန် တုတ် ၂ ချောင်:ကို ပါဠိလို "လေခနီ= ရက်ကန်:သား:အနား:ကို ခြစ်ထား:ကြောင်:တုတ်" ဟုခေါ်၍ မြန်မာလို "နယ်" ဟု ခေါ်၏။ [**အနုပဒဇ္ဇေယ္ယာမ၌ အနုကား: "နောက်ထပ်" အနက်ဟောတည်:၊ အပ္ပေဝနာမကား: "သံသယ=ပေးဖို့ရန် မသေချာခြင်:"** အနက်ဟောတည်:။]

http://www.dhammadownload.com

၀။ အစွေကစီဝရ သိက္ခာပုဒ်

ဒသာဟာနာဂတံ–ဆယ်ရက်သည် မရောက်အပ်သေးသော၊ ကတ္တိက တေမာသိက ပုဏ္ဏမ်–သီတင်းကျွတ်လပြည့်နေ့၌၊ ဘိက္ခုနော – ရဟန်း၏၊ (၀ါ–ရဟန်းဖို့) အစွေကစီဝရံ–အဆောတလျင်သက်နိုး်သည်၊ ဥပ္ပဇ္ဇေယ္ယ–ဖြစ်အံ့၊ အစွေကံ–အဆောတလျင်သက်နိုး်ဟူ၍၊ မညမာနေန–သိသော၊ ဘိက္ခုနာ–ရဟန်းသည်၊ ပတိဂ္ဂဟေတဗ္ဗံ–ခံယူအပ် ခံယူနိုင်၏၊ ပတိဂ္ဂဟေတွာ–ခံယူပြီး၍၊ ယာဝ စီဝရကာလ သမယံ–သက်နိုး်ကာလ သမယ ကုန်အောင်၊ နိက္ခိပိတဗ္ဗံ–ထားအပ် ထားနိုင်၏၊ တတော–ထိုသက်နိုး်ကာလထက်၊ ဥတ္တရိ–အလွန်၊ စေ နိက္ခိပေယ္ယ–အကယ်၍ထားအံ့၊ တဿ ဘိက္ခုနော နိသဂ္ဂိယံ, ပါစိတ္တိယံ ဟောတိ။

* * * * *

အဂါ ၄ ပါ။ ။ ၁–ဥာတိပ၀ါရိတ မဟုတ်သော အလှူ.ရှင်တို့. အရက်ခိုင်းအပ်သော ရက်ကန်းသည်ထံ ချဉ်းကပ်၍ ပိုလွန်အောင်စီမံခြင်း, ၂–မိမိဖို့.သက်နိုး်ဖြစ်ခြင်း, ၃–ရဟန်း၏စကားကြောင့် ချည်ပိုကုန်ခြင်း, ၄–သက်နိုး်ကိုရခြင်း, ၄ ပါ:တည်း။

[ဆောင်] ပ၀ါရိနှင့်–ဥာတိမဟု–ထိုသူခိုင်းအပ်–ရက်သူ.ကပ်၍–ထူးမြတ်စေမှု–စီမံပြုဘိ[3], မိမိဖို့.မှန်:–သက်နိုး်ဖြစ်တုံ[2], ချည်ပိုကုန်လျှင်:[3], ရရှိခြင်:[4] ဟု, ကြောင်:ရင်:လေးဖြာ, အင်ညီညာ, မဟာပေသသင့်။

၀။ အစွေကစီဝရ။ ။ ဤသိက္ခာပုဒ်ကား "သီတင်းကျွတ်လမပြည့်မီ ၁၀ ရက်အတွင်:၌ အစွေကသက်နိုး်ရလျှင် ထိုသက်နိုး်ကို အစွေကသက်နိုး်ဟု သိသော ရဟန်းသည် ခံယူနိုင်ကြောင်:–ခံယူပြီးနောက် သက်နိုး်ကာလ ကုန်အောင် အမိဋ္ဌာန် ၀ိကပ္ပနာမပြုဘဲ ထားနိုင်ကြောင်:ကိုလည်:ကောင်:, ထိုထက်အလွန် အမိဋ္ဌာန်၀ိကပ္ပနာ မပြုဘဲထားလျှင် နိသဂ္ဂိပါစိတ်ဟုလည်:ကောင်: ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်:၊ သက်နိုး်လှရိုးလှစဉ် ဖြစ်သော သီတင်းကျွတ် လပြည့်ကျော်သို့ မရောက်သေးခင် အရေးတကြီ:လှအပ်သောကြောင့် အစွေကသက်နိုး်ဟု ခေါ်သည်။

ဒသာဟ၊ ဃ၊ ပုဏ္ဏမ်– [ဒသာဟ=ဆယ်ရက်+အနာဂတ= မရောက်အပ်သေး၊ ကတ္တိက=ပထမကြတ္တိကာ နက္ခတ်နှင့် စန်:ယှဉ်သော+တော်မာသိ

http://www.dhammadownload.com

ကမ= မိုး ၃ လနှင့်ယှဉ်သော (မိုး ၃ လအဆုံးဖြစ်သော)+ပုဏ္ဏမာ = လပြည့်နေ့၊ (သီတင်းကျွတ်လပြည့်နေ့–ဟူလို၊) "ဆယ်ရက်သည် မရောက်အပ်သေးသော သီတင်းကျွတ်လပြည့်" ဟူရာ၌ "လပြည့်ဖို့ရန် လိုသေးသော ဆယ်ရက်" ဟု ဆိုလိုသည်၊ ထိုဆယ်ရက်ကား သီတင်းကျွတ်လဆန်း ၅ ရက်မှ ၁၄ ရက်အထိတည်း။]

မှတ်ချက်။ ။ ဤ"ဒသာဟာနာဂတံ ကတ္တိကတေမာသိကပုဏ္ဏမံ" တို့၌ ဒုတိယာဝိဘတ်ကို သတ္တမီအနက်မှာသက်ဟုဆို၏၊ သို့သော် ရိုးရိုး သတ္တမီမဟုတ်, အစ္ဆန္ဒ သံယောဂသဘောပါသော သတ္တမီတည်း၊ ထို့ကြောင့် "သီတင်းကျွတ်လပြည့်မတိုင်မီ ဆယ်ရက်ပတ်လုံး၌ အစ္ဆေကသက်နံ့ ဖြစ်ပေါ်လာအံ့" ဟု ဆိုလိုသည်။

အစ္ဆေကစီဝရဲ့–၁–ခရီးသွားမည်သူ, ၂–ကိုယ်ဝန်ရှိသူ, ၃–မကျန်းမာသူ, ၄–တရားနာရခြင်း စသည်ကြောင့် ရုတ်တရက် သဒ္ဓါတရားဖြစ်သူ, ဤအလ္လ.ရှင်များတွင် ရှေ့ ၃ မျိုးက အသက်အတွက် စိုးရိမ်ခြင်း စသည်ကြောင့် နောက်ဆုံးတစ်မျိုးက သူ့မှာ ထူးခြားစွာဖြစ်ပေါ်လာသော သဒ္ဓါတရားကြောင့် "ဝဿာဝါသိကံ ဒဿာမိ=ဝါဆိုသက်နံ့ ကပ်လျှလိုပါသည်" ဟု အရေးတကြီးပင့်၍ဖြစ်စေ, ကိုယ်တိုင်လာပြီးလျှင် "ဝဿာဝါသိကံ ဒမ္မိ= ဝါဆိုသက်နံ့ကပ်လျှပါ၏" ဟု လျှောက်၍ဖြစ်စေ လျှအပ်သောသက်နံ့ကို "အစ္ဆေကသက်နံ့" ဟု ခေါ်သည်။

[**ဆောင်**] ခရီးသွားမည်, ဂဿိနီနှင့်, မအီမကျန်း, သဒ္ဓါစွမ်းကြောင့်–ရဟန်းထံ ရင်း–ရုတ်ချင်းပင့်ကာ, လာတန်လာ၍, ဝဿာဝါသိ–ဒဿာမိဟု–ဆိုဘိလျှဒါန်း, ထိုသက်နံ့, ခေါ်မှန်းအစ္ဆေက။

ဥပ္ပဇ္ဇေယ္ယ–"ဝဿဝါသိကံဒဿာမိ" ဟု လျှောက်၍လျှရာ၌ "ဝဿာဝါသိက" ဟူသည် ဝါတွင်း၌ ဝါကပ်နေသော သံယာ–ဂိုဏ်း–ပုဂ္ဂိုလ်အား လျှဒါန်းအပ်သောသက်နံ့တည်း၊ ထို့ကြောင့် သံယာဂိုဏ်းအား ထိုအစ္ဆေကသက်နံ့ကိုလျှဒါန်းရာ၌ သံယာမှ သို့မဟုတ် ဂိုဏ်းမှဝေစုရ၍ဖြစ်စေ မိမိအား တိုက်ရိုက်လျှသည်ဖြစ်စေ တစ်နည်းနည်းဖြင့်ရခြင်းကို "ဥပ္ပဇ္ဇေယ္ယ" ဟု ဆိုသည်။

ထိုသို့ရရာ၌ သီတင်းကျွတ်လဆန်း ၅ ရက်မတိုင်မီရသော အစ္ဆေကသက်နံ့အတွက် ဤသိက္ခာပုဒ်က အထူးလွတ်လပ်ခွင့်မပေးနိုင်, အများသက်နံ့ ထုံးစံအတိုင်း(ပထမကထိန သိက္ခာပုဒ်အရ)ဆယ်ရက်မလွန်ခင်အမြဲဘန်ဝိကပ္ပနာ သင့်ရာပြုထားရမည်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့၌ရအပ်သော အစ္ဆေက

http://www.dhammadownload.com

သက်နိ်းအတွက်သာ ဤသိက္ခာပုဒ်အရ လွတ်လပ်ခွင့်တစ်ရက်ပိုရသည်။ ထင်ရှား စေအုံ-၅ ရက်နေ့ရသောသက်နိ်းသည် ၆ ရက်တစ်အရက် ၇ ရက်တစ်အရက် စသည်ဖြင့်တွက်လျှင် ၊ လပြည့်နေ့၌ ၁၀ အရက်ရနေပြီ။ ထိုလပြည့်နေ့ည အရက်တက်လျှင် ၁၁ အရက်မြောက်ဖြစ်၍ အခြား သက်နိ်း ထုံးစံအတိုင်းဆိုသော် နိသဂ္ဂိထိုက်ရတော့မည်၊ သို့သော် ဝဿာဝါသိက အစွေကသက်နိ်းဖြစ်၍ (ဤသိက္ခာပုဒ်၏ သီးခြားခွင့်ပြု ချက်အရ) နိသဂ္ဂိမထိုက်၊ ဤကဲ့သို့ တစ်ရက်ပိုရ်ု ထားခွင့်ရခြင်းသည် ဤအစွေကဝဿာဝါသိက သက်နိ်းအဖို့ ထူးခြားပုံတည်း။

ထိုသီတင်းကျွတ်လဆန်း ၅ ရက်နေ့၌ ဝဿာဝါသိကသက်နိ်းကိုပင် ရစေကာမူ အစွေကသက်နိ်းမဟုတ်လျှင် (ဖြည်းဖြည်းသက်သာ ရိုးရာလှူနေကျ လှူဒါန်းအပ်သောသက်နိ်းဖြစ်လျှင်) ဤအစောင့်အရှောက်မရ၊ လပြည့်နေ့ည အရက်တက်လျှင် နိသဂ္ဂိဖြစ်မည်၊ လဆန်း ၆ ရက်မှစ၍ရသော သက်နိ်းများကား အစွေကသက်နိ်း ဟုတ်ဟုတ်-မဟုတ်ဟုတ်, ၁၁ ရက်မြောက် အရက်မှာ သက်နိ်းထားခွင့်ရသောကာလ၌ အရက်တက်သောကြောင့် အားလုံးသက်နိ်းများ နိသဂ္ဂိမဖြစ်နိုင်၊ ထို့ကြောင့် ဤသိက္ခာပုဒ်သည် ပထမကထိနသိက္ခာပုဒ် ခွင့်ပြုချက်ထက် လဆန်း ၅ ရက်နေ့ရသော သက်နိ်းအတွက် တစ်ရက်ပိုရ်ု ထားခွင့်ရသောကြောင့် ပထမကထိန သိက္ခာပုဒ်၏ အနုပညတ် သဖွယ် ဖြစ်သည်ဟု-ဆိုကြသည်။

စီဝရကာလသမယ။ ။ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ လွတ်လပ်စွာ သက်နိ်းထားခွင့်ရသောအခါကို "စီဝရကာလ" ဟုခေါ်၏၊ ကာလသဒ္ဒါ၏ အနက်များစွာတွင် ဤနေရာ၌ "အခါ" ဟူသောအနက်ကိုယူစေလို၍ သမယဟု ထပ်ဆိုသည်၊ ထို "သက်နိ်းအခါ" ဟူသည် ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်အထိ ၅ လတည်း။

မှတ်ချက်။ ။ "ဝဿာဝါသိက" ပုဒ်၏အနက်ကို "ဝါဆိုသက်နိ်း" ဟုပြန်ကြ၏၊ ယခုကာလ၌လည်း ဝါမဆိုခင် "ဝါဆိုသက်နိ်း" ဟု ခေါ်လျက် သက်နိ်းကပ်ကြ၏၊ ကျမ်းဂန်လာ ဝဿာဝါသိက သက်နိ်းကား ဝါတွင်း၌ ဝါကပ်နေသော ရဟန်းသံဃာအား လှူအပ်သော သက်နိ်းဖြစ်သည်၊ ထို ဝဿာဝါသိက စီဝရသည် အစွေကစီဝရ-အစွေက မဟုတ်သော စီဝရဟု ၂ မျိုးရှိရာ, ဝဿာဝါသိက အစွေက စီဝရသာ ဤသိက္ခာပုဒ်နှင့်ဆိုင်သည်၊ ဝဿာဝါသိက ဖြစ်သော်လည်း အစွေကမဟုတ်လျှင်, အစွေက ဟုတ်သော်

http://www.dhammadownload.com

လည်း ဝဿာဝါသိက မဟုတ်လျှင်–ထို ၂ မျိုးလုံး ဟုတ်စေကာမူ သီတင်းကျွတ်လဆန်း ၅ ရက်မှ လပြည့်အတွင်း မဟုတ်လျှင် ဤသိက္ခာပုဒ်နှင့် မဆိုင်။ [ဤသိက္ခာပုဒ်၌ အဌကထာ ဋီကာတို့အဆို မညီကြ, သက်ပြုကြလေတော့။]

အဂ်ါ ၄ ပါး။ ။ ၁–ဇာတ်ပမာဏလောက်သော စီဝရ၏ မိမိပိုင်ဖြစ်ခြင်း, ၂–သီတင်းကျွတ်လပြည့်မတိုင်မီ ၁၀ ရက်အတွင်း၌ ရအပ်ခြင်း, ၃–အဓိဋ္ဌာန်ဝိကပ္ပနာ မပြုအပ်ခြင်း, ၄–စီဝရကာလကို လွန်အောင်ထားခြင်း, အဂ်ါ ၄ ပါးစုံလျှင် နိသဂ္ဂိယပါစိတ်။

[ဆောင်] ဇာတ်ပမာဏ–လောက်ငလေရာ–ကိုယ့်ဟာဖြစ်ခြင်း[1], သီတင်းလ မပြည့်–ဆယ်ရက်၏ လျှင်း–ထိုအတွင်းရမှန်[2], မိဋ္ဌာန်ဝိကပ်–မပြုလတ်ဘဲ[3], လွန်ကဲလေရာ–သက်နှံ့ခ[4]ဟု, အဂ်ါလေးလိ, စုံပြည့်ညီ, သင့်ပြီအစွေက။

၂၃။ ရေကျွင်ခန်းမေးခွန်းများ

ကဲ။ မဟာပေသကာရ သိက္ခာပုဒ်၌ ရဟန်း၏ စိမ်ပုံဝါကျကို ထုတ်ပြ၍, ဆိုလိုရင်းကိုလည်းပြပါ။

ခ။ မဟာပေသကာရ သိက္ခာပုဒ်၌ ရဟန်းက ဆွမ်းစသည်ပေးသည့်အတွက် နိသဂ္ဂိထိုက်ရသလော, ဘာ့ကြောင့်ထိုက်ပါသနည်း။

ဂ။ ၆ စွေကစီဝရဟူသည် မည်ကဲ့သို့သော စီဝရပါနည်း။

ဃ။ ဝဿာဝါသိက စီဝရနှင့် အစွေကစီဝရကို လုံးဝ သဘောတူဟုမှတ်ရ မည်လော, အစွေကသက်နှံ့ မဟုတ်သော ဝဿာဝါသိက သက်နှံ့များကိုပြပါ။

င။ သီတင်းကျွတ်လဆန်း ၅ ရက်မတိုင်မီ ရနှင့်သော အစွေက စီဝရများသည် သိက္ခာပုဒ်အရ ၁၁ ရက်အစောင့်အရှောက် ရနိုင်မည်လော, မရလျှင် အဘယ်သိက္ခာပုဒ်အတိုင်း ကျင့်ရမည်နည်း။

---

http://www.dhammadownload.com

၉။ သာသက် သီကွာဟုဒ် ဥပဝသ်–ဝါသို့လည်းကပ် မကျိုးပြတ်အောင် နေ လတ်ပြီး၍၊ ကတ္တိကပုဏ္ဏမ်–တန်ဆောင်မုန်းလပြည့် တိုင်အောင်၊ သာသက် သမ္မတာနိ – ယုံမှားဖွယ်ရှိ ၏ဟု သမုတ်အပ်ကုန်သော၊ သပ္ပဋိဘယာနိ–ဘေးရန်နှင့်တကွ ဖြစ်ကုန် သော၊ အာရညကာနိ–တောရဖြစ်ကုန်သော၊ ယာနိတာနိ သေနာသနာနိ– အကြင်ကျောင်းတို့သည်၊ (သန္တိ–ရှိကုန်၏၊) တထာရူပေသု–ထိုသို့သဘော ရှိကုန်သော၊ သေနာ သနေသု–ကျောင်းတို့၌၊ ဝိဟရန္တော–နေသော၊ ဘိက္ခု– သည်၊ အာကခ်မာနော–ထားလိုလတ်သော်၊ တိဏ္ဏံ –၃ ထည်ကုန်သော၊ စီဝရာနံ–သင်္ကန်းတို့တွင်၊ အညတရံ–တစ်ထည်ထည်သော၊ စီဝရံ–သင်္ကန်းကို၊ အန္တရ ဃရေ–ရွာတွင်း၌၊ နိက္ခိပေယျ–ထားနိုင်၏။

စ–ထားနိုင်ရုံသာ မကသေး၊ တသ ဘိက္ခုနော–ထို ရဟန်း၏၊ တေန စီဝရေန – ထို သင်္ကန်းနှင့်၊ ဝိပ္ပဝါသာယ – ကင်း၍နေခြင်းငှာ၊ ကောစိဒေဝ – တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ ပစ္စယော – အကြောင်းသည်၊ သိယာ – ရှိအုံ၊ ဆာရတ္တာပရမံ – ၆ ညဉ့်အလွန် အပိုင်းအခြား ရှိသော

* * * * *

၉။ သာသက်။ ။ တောကျောင်း၌ဖြစ်စေ, ရွာကျောင်း၌ဖြင့်စေ ပုရိမဝါကပ်၍ မကျိုးမပြတ်အောင် နေပြီးနောက် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်း လပြည့်အထိ တစ်လလုံးလုံး သာသက် သပ္ပဋိဘယဖြစ်သော တောကျောင်း၌ နေသော ရဟန်းသည် သင်္ကန်း ၃ ထည်တွင် တစ်ထည်ထည်ကို အနီးအပါ: ဆွမ်းခံရွာ၌ထားလိုလျှင် ထားနိုင်၏၊ (ထိုသင်္ကန်းနှင့် တစ်လလုံးလုံး ညဉ့် ကင်းနေသော်လည်း အနီးအပါ: ဆွမ်းခံရွာမှာပင် သင်္ကန်းရှိသောကြောင့် ညဉ့်ကင်းရာမရောက်, နိသဂ္ဂိမထိုက်–ဟူလို၊) ထိုပြင် ထိုနေမြဲတောကျောင်းမှ အခြားကျောင်းသို့ ကိစ္စရှိ၍ သွားရသည့်အတွက် ထိုသင်္ကန်းနှင့် လုံးလုံးကင်း နေခွင့်ကြုံပြန်လျှင် ၆ ညဉ့်အထိ ကင်းနေခွင့်ရှိ၏၊ သမ္ပုတိရသူမဟုတ်ဘဲ ထို ၆ ညဉ့်ထက်ပို၍ ကင်းမနေရ, ကင်းနေလျှင် နိသဂ္ဂိထိုက်သည်။

ဥပဝသ်–"ဥပဝသ"ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ "ဥပဝသ်" ဟုဖြစ်နေသည်၊ ဥပသဒ္ဒါသည် "ကပ်ရောက်ခြင်း (ဝါကပ်ခြင်း)"အနက်ရှိ၍

http://www.dhammadownload.com

ကာလပတ်လုံး၊ တေန ဘိက္ခုနှာ-ထိုရဟန်းသည်၊ တေန စီဝရေန-ထိုသင်္ကန်းနှင့်၊ ဝိပ္ပဝသိတဗ္ဗံ-ကင်း၍နေနိုင်၏၊ ဘိက္ခု သမ္မုတိယာ-ဂိလာနရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ-ကြဉ်၍၊ တတော-ထို ၆ ညဉ့်ထက်၊ ဥတ္တရိ-အလွန်၊ စေ ဝိပ္ပဝသေယျ-အကယ်၍ ကင်းနေအုံ၊ တဿ ဘိက္ခုနော နိသဂ္ဂိယံ, ပါစိတ္တိယံဟောတိ။

* * * * *

ဝဿဋ္ဌ ဝသဓာတ် တွာပစ္စည်းသည် "နေပြီး၍ (ဝါကျွတ်ပြီး၍)" ဟု အနက် ရှိ၏၊ "ဝါသို့လည်းကပ်သည်, ဝါမကိုးအောင်လည်း နေပြီးဖြစ်သည်" ဟု ဆိုလိုသည်။ [ဤ "ဥပဝဿံ" ပုဒ်ကို "တထာရူပေသု သေနာသနေသု ဝိဟရန္တော"၌စပ်၊ "ဝါကပ်၍ ဝါကျွတ်ပြီးနောက် ထိုတောကျောင်း၌နေသည်" ဟူလို။]

အာရညကာနိ-"အရညေ-တောင်၌၊ ဇာတာနိ ဖြစ်သောကျောင်းတို့" နှင့်အညီ, တောကျောင်းကို "အာရညက"ဟုခေါ်၏၊ ထိုတောရကျောင်းနှင့် ဆိုင်သော "တော" ဟူသည် ရွာ၏အကာအရံ စည်းရိုး-သို့မဟုတ် အရံ ဖြစ်ထိုက်ရာ ခဲတစ်ပစ်အရပ်မှစ၍ ညှို့တင်အပ်ပြီးသောလေးဖြင့် တိုင်းတာလျှင် အနီးဆုံး အပြန်ငါးရာကွာဝေးသောတောတည်း။ [လေးဆရာတို့ကိုင်နေကျ လေးသည် ၄ တောင်နှင့်တစ်ထွာရှိ၍ ညှို့တင်လိုက်သည့်အခါ ၄ တောင်ရှိ၏၊ ညှို့တင်ပြီးလေးဖြင့် တိုင်းတာရမည်ဖြစ်သောကြောင့် လေးအပြန်ငါးရာဆိုလျှင် "အတောင်ပေါင်း ၂၀၀၀ (နှစ်ထောင်) ဝေးသည်" ဟုမှတ်။]

သာသင်္ကသမ္မတာနိ-[သ=ရှိသည်+အာသင်္ကာ=ယုံမှားဖွယ်၊ သာသင်္ကာ=ယုံမှားဖွယ်ရှိသည်။] ထိုတောရကျောင်း၏ အတွင်းမှာဖြစ်စေ ကျောင်း၏ အနီး ဥပစာမှာဖြစ်စေ ခိုးသူတို့ သွားလာနေထိုင်ရာ အရပ်များကို တွေ့ရသဖြင့် "သင်္ကန်းအပိုကိုလည်း ထိုခိုးသူတို့ ခိုးယူချင် ခိုးယူလိမ့်မည်" ဟု ယုံမှားသံသယ ဖြစ်ဖွယ်ရှိသောကျောင်း=ဟု သမုတ်ထားအပ်သည်။

သပ္ပဋိဘယာနိ-[သ=ရှိသည်+ပဋိဘယ=ဘေးရန်။] ခိုးသူတို့ရိုက်နှက် ပုတ်ခတ် သတ်ဖြတ်လုယူထားသည်ကို တွေ့ရသဖြင့် ဘေးအန္တရာယ် မကင်းသောကျောင်းဖြစ်သည်။

အညတရံ စီဝရံ အန္တရယရေ နိက္ခိပေယျ-ထိုသို့ သာသင်္ကသပ္ပဋိဘယ ဖြစ်သော တောရကျောင်းများဝယ် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍

http://www.dhammadownload.com

တန်ဆောင်မုန်းလပြည့်အထိ နေရသောရဟန်းသည် အပိုသက်နှံ့တစ်ထည်ကို (ခိုးသူအတွက်စိုးရိမ်ရ၍) ရွာတွင်း၌ထားလိုပါလျှင် အနီးအပါးရှိ ဆွမ်းခံရွာ အများတွင် မိမိနှစ်သက်ရာရွာ၌ ထားနိုင်သည်။ ["အန္တရေ ဃရာနိ ဇေတ္ထ ဇေတသာတိ ဝါ အန္တရ ဃရော၊ ဇေတ္ထ-ဤရွာ၌၊ ဝါ-တစ်နည်း၊ ဇေတသ-ဤရွာ၏၊ အန္တရေ-အလယ်၌၊ ဃရာနိ-အိမ်တို့သည်၊ သန္တိ-ရှိကုန်၏" အရ အလယ်၌ အိမ်ရှိသောရွာကို "အန္တရ ဃရ" ဟုခေါ်၏။]

ဆက်ဦးအုံ-(မြန်မာနိုင်ငံအချို့အရပ်၌ "ပန်းထိုးကာလ" ခေါ်သော တန်ဆောင်မုန်းလပြည့်ဝယ် အပျော်ခိုးတမ်း ကစားကြသကဲ့သို့) ထို့အတူ သီတင်းကျွတ်လပြည့်ကျော်မှ တန်ဆောင်မုန်းလပြည့်အတွင်းဝယ် "ကတ္တိက စောရ" ခေါ်သော အပျော်တမ်းသူခိုးတွေ အလွန်ပေါများ လေသတတ်၊ ထို့ကြောင့် ထိုတစ်လအတွင်း၌ သက်နှံ့ကို ရွာတွင်း၌ထား၍ ညဉ့်ကင်းခွင့်ပေးတော်မူသည်၊ ထိုသို့ ညဉ့်ကင်းနေသော်လည်း မိမိသက်နှံ့ ပျောက်ပျက်မပျောက်ပျက်ကိုကား နေ့စဉ်သိဖို့ အရေးကြီးသောကြောင့် မိမိဆွမ်းခံနေကျ ရွာ၌သာ ထားခွင့်ပြုတော်မူသည်၊ ထို့ကြောင့် ထိုသက်နှံ့ ထားခွင့်ရသောရွာသည် တောကျောင်းပိပိ လေးအပြန်ငါးရာအောက်လည်း မနီးစေရ၊ ဆွမ်းခံသွားနိုင် ပြန်နိုင်လောက်အောင် တစ်ဂါဝုတ်ထက်လည်း မဝေးစေရ။

သက်နှံ့ထားခွင့်အင်္ဂါ။ ။၁-"ဥပဝဿ"အရ ပုရိမဝါကျွတ်သူ ဖြစ်ခြင်း, ၂-"ကတ္တိကပုဏ္ဏမံ"အရ တန်ဆောင်မုန်းလဖြစ်ခြင်း။ [သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ "ကတ္တိကမာသ=တန်ဆောင်မုန်းလ" ဟုခေါ်သည်၊ မဇ္ဈိမဒေသထုံးစံမှာ ကောင်းကင်ကလပြည့်လျှင် ခေါ်ဝေါ်နေကျ ဝေါဟာရမာသလည်း ပြည့်တော့သည်၊ ထို တန်ဆောင်မုန်းလပြည့်အထိသာ ဤသိက္ခာပုဒ်အရ သက်နှံ့ထားခွင့်ရသည်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစ၍ ထားခွင့်မရတော့ပြီ၊] ၃-"အာရညကာနိ"အရ လေးအပြန်ငါးရာဝေးသော တောကျောင်းဖြစ်ခြင်း, ၄-"သာသက်သမ္မတာနိ သပ္ပဋိဘယာနိ"အရ သာသက်သပ္ပဋိဘယဖြစ်ခြင်း, ဤအင်္ဂါ ၄ ပါးစုံမှ ရွာတွင်း၌ သက်နှံ့ထား၍ ထိုသက်နှံ့နှင့် ညဉ့်ကင်းနေ ခွင့်ရသည်။**

[ဆောင်] ဝါပုရိမ-ကျွတ်ပြီးမှလျှင်[1], လတန်ဆောင်မုန်း[2], နည်းထုံးကျနေ-တောရကျောင်းတွင်[3], သာသင်သပ္ပဋိ[4], လေးအင်ပြည့်မှ, မိမိဆွမ်းခံ-ရပ်ရွာထံ, ထားရန်ခွင့်ပြုသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်း လပြည့်အထိသည် သင်္ကန်းကာလဖြစ်၏၊ ထိုသင်္ကန်းကာလ၌ပင် သင်္ကန်းနှင့် ညဉ့်ကင်းနေခွင့်ကို တောကျောင်းဘုန်းကြီးများအတွက် သီးခြားခွင့်ပြုချက်ကို ထောက်၍ အခြားပုဂ္ဂိုလ်များမှာ ကထိန်အာနိသင်မရလျှင် သင်္ကန်းကာလဖြစ်စေကာမူ တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သောသင်္ကန်းနှင့် ညဉ့်မကင်းရ-ဟု သိသာပြီ။

သိယာစ၊ ဃ၊ ဝိပ္ပဝသိတ္ဗွဲ-ဤဝါကျကား "ထိုတစ်လလုံးလုံး နေရာတောကျောင်းမှ အခြားကျောင်းသို့ ကိစ္စရှိ၍ ညဉ့်အိပ်သွားရသဖြင့် ထိုသင်္ကန်းနှင့် ကင်းနေခွင့်ကြိုလျှင် ၆ ညဉ့်အထိ ကင်းနေနိုင်သေးကြောင်းကို"ပြသော ဝါကျတည်း။

တတောစ ဥတ္တရိဝိပ္ပဝသေယျ-ထို ၆ ညဉ့်ထက်ကား အခြားမှာ နေသောအားဖြင့် ညဉ့်မကင်းရတော့ချေ၊ မိမိအမြဲနေရာ တောကျောင်းသို့ ပြန်နိုင်လျှင် ပြန်လာခဲ့ရမည်၊ တောကျောင်းက သင်္ကန်းထားရာ ရွာ၏ အရှေ့ဘက်မှာရှိ-ကိစ္စရှိ၍ သွားရာအရပ်က ရွာ့အနောက်ဘက်မှာရှိရာ, ကိစ္စလည်းမပြီးသေးသဖြင့် မူလကျောင်းရောက်အောင် မပြန်နိုင်သေးသော်, သင်္ကန်းထားရာရွာသို့ ရောက်ရုံလာ၍ သင့်လျော်သော နေရာဝယ်နေလျက် ၇ ရက်မြောက် အရုဏ်ကိုတက်စေကာ, မိမိသင်္ကန်း၏ သတင်းကို နားထောင်ပြီးမှ ကိစ္စမပြီးသေးရာအရပ်သို့ ပြန်သွားရမည်၊ ထိုကဲ့သို့ မတတ်နိုင်လျှင် သင်္ကန်းကို ပစ္စုဒ္ဓိရ်ပြု၍လည်း အာပတ်မသင့်အောင် စီမံနိုင်သေး၏၊ ထိုသို့ မပြုဘဲ သမ္မုတိရသူလည်း မဟုတ်ဘဲ ၇ ရက်မြောက်အရုဏ်ကို အခြားတစ်ရပ်မှာတက်စေလျှင် ထိုသင်္ကန်း နိသဂ္ဂိထိုက်၏။ [သမ္မုတိရပုံကို ဒုတိယကထိန သိက္ခာပုဒ်၌ ပြခဲ့ပြီ၊ ဤသိက္ခာပုဒ်အဓိပ္ပာယ်မှာ ပါဠိအဋ္ဌကထာဖြင့် မထင်ရှား, ဋီကာများကိုပါကြည့်မှ ထင်ရှားမည်။]

အဂါ ၄ ပါ:။ ။ ဤသိက္ခာပုဒ်လာ အဂါ ၄ ပါ:ကား: စီဝရဝိပ္ပဝါသ (ဒုတိယကထိန) သိက္ခာပုဒ်လာ အဂါများတွင် "ညဉ့်ကင်းခြင်:" ဟူသော စတုတ္ထအဂါ၌ "၆ ညဉ့်ထက်ပို၍ ညဉ့်ကင်းခြင်:" ဟု လဲလှယ်ထည့်သွင်းရုံသာ ထူးသည်၊

[ဆောင်] ဒုတိယကထိန, အင်လေးဝတွင်, စတုတ္ထတွက်, ခြောက်ညဉ့်ထက်လျှင်:, ညဉ့်ကင်းခြင်:-ဟု, လဲလှယ်ပြု, ကြွင်းစုအားလုံးတူ။

---

http://www.dhammadownload.com

၁၀။ ပရိဏတ သိက္ခာပုဒ်

ယော ပန ဘိက္ခု–သည်၊ **ဇာနံ**–သံဃာသို့ညွှတ်စေ အပ်ပြီးဟုသိလျက်၊ **သံယိကံ**–သံဃာ့ဥစ္စာဖြစ်သော၊ **ပရိဏတံ**–သံဃာသို့ ညွှတ်စေအပ်ပြီးသော၊ **လာဘံ**–လာဘ်ကို၊ **အတ္တနော**–မိမိသို့၊ **ပရိဏာမေယျ**–ညွှတ်စေအုံ့၊ **တဿ ဘိက္ခု**နော **နိသဂ္ဂိယ**၊ **ပါစိတ္တိယ** ဟောတိ။

* * * * *

၁၀။ ပရိဏတ။ ။ သံဃာ၌ ညွှတ်စေအပ်ပြီးသော သံယိကလာဘ်ကို မိမိသို့ညွှတ်စေလျှင် နိသဂ္ဂိပါစိတ်သင့်၏၊ "**လဇ္ဇတိ**–ရှအပ်၏"ဟူသော ဝိဂ္ဂြိဟ်အရ ရှအပ်ရထိုက်သော ဆွမ်းစသောပစ္စည်းနှင့် ဒန်ပူမြိတ်ဆာ ချည်မျှင်တိုင်အောင် ပစ္စည်းများကို "**လာဘ**=**လာဘ်**" ဟုခေါ်၏၊ ထိုပစ္စည်းမျိုးကို မည်သည့် ကျောင်းတိုက် သံဃာအားလှူမည်, သံဃာအတွက် ဆောက်လုပ်မည် စသည်ဖြင့် အလှူရှင်က နှုတ်မြွက်ပြောဖူးလျှင် သို့မဟုတ် လက်ဖြင့်ပြဖူးလျှင် "**ပရိဏတ**" မည်၏၊ ထိုသို့ နှုတ်မြွက်ပြောဆိုပြီးသည်မှစ၍ သံဃာ့လက်သို့ မရောက်သေးသော်လည်း "**သံယိက**" ဟု ဆိုရတော့သည်။

ဇာနံ အတ္တနော ပရိဏာမေယျ–ထိုသို့ သံဃာ့ထံ ညွှတ်စေအပ်ပြီးသော လာဘ်ဖြစ်နေလျှင် မယ်တော်ပစ္စည်းကိုပင်ဖြစ်စေ မိမိသို့ မညွှတ်စေကောင်း, ညွှတ်စေလျှင် နိသဂ္ဂိထိုက်တော့သည်သာ။

မှတ်ချက်။ ။ သံယိကလာဘ်ကို အခြားပုဂ္ဂိုလ်အားညွှတ်စေရာ၌ ပါစိတ်အာပတ်သင့်ကြောင်းကို နောက်၌ပြလိမ့်မည်၊ အခြား တိုက်သံဃာသို့ညွှတ်ပြီးလာဘ်ကို အခြားတစ်တိုက်သံဃာသို့ဖြစ်စေ စေတီသို့ဖြစ်စေ ညွှတ်စေလျှင်လည်းကောင်း, စေတီသို့ ညွှတ်ပြီးလာဘ်ကို အခြားစေတီနှင့် သံဃာသို့ ညွှတ်စေလျှင်လည်းကောင်း, ပုဂ္ဂိုလ်တခ်ပါးသို့ညွှတ်ပြီးလာဘ်ကို သံဃာ ဒေတီနှင့် အခြားပုဂ္ဂိုလ်သို့ညွှတ်စေလျှင်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်၏၊ "**မည်သည့်နေရာ၌ လှူ သင့်ပါသနည်း**" ဟု တိုင်ပင်လာလျှင်ကား မိမိသဘောအတိုင်း ညွှန်ပြကောင်း၏။

[**ဆောင်**] **သံယာစေတီ, တစ်လိလိဝယ်, ရွယ်ရည်ပိုင်းခြား, ညွှတ်ပြီးသားကို, အခြားသံယာ–စေတီမှာပင်, ပြောင်းကာညွှတ်စေ, တစ်ထွေပုဂ္ဂိုလ်, ညွှတ်ပြီးဆိုလည်း, ပုဂ္ဂိုလ်တခြား, သံယာများနှင့်, ဘုရားစေတီ, ညွှတ်စေမိသော်, သင့်၏ဒုက္ကဋ်, တိုင်ပင်လတ်မူ, သင့်မြတ်တော်ရာ, ညွှန်ကောင်းပါသည်, ကျမ်းလာမိန့်ခွန်းအချုပ်တည်း။**

http://www.dhammadownload.com

နိဝုံးနှင့် အနုသာဝန

အာယသ္မန္တော-တို့၊ တိ သ-သုံးဆယ်သော၊ နိသဂ္ဂိ ယာ-စွန့်ခြင်း ဝိနည်းကဲ့ရှိကုန်သော၊ ပါစိတ္တိယာ-ပါစိတ်မည်ကုန်သော၊ ဓမ္မာ-တို့ကို၊ ဥဒ္ဒိဋ္ဌာ-ကုန်ပြီ၊ တတ္ထ-ထိုနိသဂ္ဂိယပါစိတ် အာပတ်တို့၌၊ (စသည်ဖြင့်အနက်ဆို၊) ဣတိ-အပြီးတည်း၊ နိသဂ္ဂိယာ-နှ်သော၊ ပါစိတ္တိယာ-တို့သည်၊ နိဋ္ဌိတာ-နှ်ပြီ။

* * * * *

အဂ်ါ ၃ ပါ:။ ။ ၁-သံယာ၌ ညွှတ်စေအပ်ပြီးဖြစ်ခြင်း, ၂-သံယာ၌ ညွှတ်စေအပ်ပြီးမှန်းသိလျက် မိမိသို့ ညွှတ်စေခြင်း, ၃-ရခြင်းအားဖြင့် ၃ ပါ:တည်း။

[ဆောင်] သံယာရည်မှတ်-ညွှတ်စေအပ်ဘိ[1], သိလည်းသိလျက်-မိမိ ညွှတ်စေ[2], ရရှိလေ[3], သုံးထွေအင်္ဂ ပရိဏာတ။

၂၄။ လေ့ကျင့်ခန်းမေးခွန်းများ

ကပ်။ သာသက်သိက္ခာပုဒ်၌ မြန်မာလို ဆိုလိုရင်:အချုပ်ကိုပြပါ။

ခ။ ဥပဝဿပုဒ်၏ စပ်ဆိုင်ရာပုဒ်များကိုပြ၍, မြန်မာလို ပြောပြပါ။

ဂ။ မည်မျှဝေးသောကျောင်:ကို တောရကျောင်:ဟု ခေါ်ရသနည်:, တောရ တိုင်:တာပုံကိုလည်: ပြပါ။

ဃ။ ထိုတောရကျောင်:၏ သာသက်ဖြစ်ပုံ-သပ္ပဋိဘယဖြစ်ပုံကို ခွဲခြားပြပါ။

င။ အဘယ့်ကြောင့် တန်ဆောင်မုန်:လကိုမှ သက်နှ်:နှင့် ညဉ့်ကင်:ခွင့် ပြုတော်မူရသနည်:။

စ။ ရွာတွင်:၌ သက်နှ်:ထား:ခွင့်အင်္ဂါကို သိက္ခာပုဒ်ပါ၌နှင့် တွဲစပ်ပြပါ။

ဆ။ "သိယာစ၊ ပေ၊ ဝိပ္ပဝသိတဗ္ဗံ" တို့ကား ဘာကိုပြသော ဝါကျတို့ပါနည်:။

ဇ။ ၆ ညဉ့်ထက်ပို၍ အခြား:တစ်နေရာ၌ ညဉ့်ကင်:မနေရလျှင် ၇ ညဉ့် မြောက်၌ မူလတောကျောင်:အရောက် မပြန်နိုင်သူတို့ အာပတ်မသင့် ရအောင် မည်ကဲ့သို့ စီမံခွင့်ရှိသနည်:။

ဈ။ ဒုတိယကထိနနှင့် ဤသာသက်သိက္ခာပုဒ်တို့ အင်္ဂါချင်:ထူ:ပုံကိုပြပါ။

ည။ ပရိဏာတသိက္ခာပုဒ်၌ အဘယ်ကို "ပရိဏာတ" ခေါ်သနည်:၊ ညွှတ်ရုံ သာရှိပါသေ:လျက် အဘယ့်ကြောင့် "သံယိက" ဟု ဆိုနိုင်ပါ သနည်:။

http://www.dhammadownload.com

သုဒ္ဓပါစိတ်အခန်း
(မုသာဝါဒဝဂ်)

အာယသ္မန္တော–တို့၊ ဒွေနဝုတိ–၉၂ ပါးသော၊ ပါစိတ္တိယာ–ပါစိတ်မည်ကုန်သော၊ ဣမေခေါ ပနမမ–တို့သည်၊ ဥဒ္ဒေသ–သို့၊ အာဂစ္ဆန္တိ–ကုန်၏။

၁။ မုသာဝါဒ (ဘိက္ခုနော–ရဟန်း၏) သမ္ဘာနမုသာဝါဒေ–သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းကြောင့်၊ ပါစိတ္တိယ်–ပါစိတ်အာပတ်သည်၊ ဟောတိ–ဖြစ်၏။

* * * * *

သုဒ္ဓပါစိတ်။ ။ နိသဂ္ဂိယသဘော မပါသောကြောင့် "သုဒ္ဓပါစိတ်=ပါစိတ်သက်သက်(ပါစိတ်ချည်းသန့်သန့်)"ဟု ဆိုသည်၊ "စိတ္တံပါတေတိတိ ပါစိတ္တိယ်" စိတ္တံ–ကုသိုလ်စိတ်ကို+ပါတေတိ–ကျစေတတ်၏၊ ဤတို့–ကြောင့်၊ ပါစိတ္တိယ်–ပါစိတ်မည်၏၊ စေတနာနှင့်တကွ သင့်အပ်သော ပါစိတ်အာပတ် ဖြစ်သည့်အခါ ကုသိုလ်စိတ်များ ကွယ်ပျောက်သောကြောင့် "ကုသိုလ်စိတ်ကို ကျစေသောအာပတ်" ဟုဆိုသည်။

ပါရာဇိကစသည်တို့လည်း ကုသိုလ်စိတ်ကို ကျစေတတ်သည်ပင်၊ သို့သော် ပါရာဇိကစသော နာမည်ထူးကို ရပြီးဖြစ်၍ ဤအာပတ်များကိုသာ ပါစိတ္တိယဟု ခေါ်ရတော့သည်။ [ပါစိတ္တိယ၌ "စိတ္တ+ပါတိယ" ပုဒ်ရင်း၊ ပါတနှင့် စိတ္တကို ရှေ့နောက်ပြန်–(တ)ကိုလည်းချေ၍ "ပါစိတ္တိယ"ဟုဖြစ်၏၊ ပါတိယ၌လည်း ပတဓာတ်ကျပစ္စည်း (ဣ)အာဂုံ၊ ကျပစ္စည်းသည် ဟေတုကတ္တားအနက်ဟောတည်း၊ (ပရိဝါယောဇနာ)။]

၁။ မုသာဝါဒ။ ။ လိမ်လည်၍ ပြောခြင်းကြောင့် ပါစိတ်အာပတ်သင့်၏၊ ဘိက္ခုနောပုဒ်ကို "ရဟန်း၏မုသားမှန်း" ထင်ရှားအောင် ထည့်ပေးသည်၊ ရှေးရှေး သိက္ခာပုဒ်များ၌လည်း "တဿဘိက္ခုနော–ထိုရဟန်း၏" ဟု သမ္မန်အနက်ကိုချည်း ပေးခဲ့သည်မှာ "ထိုရဟန်း၏+အာပတ်"ဟု သိစေလိုခြင်းကြောင့်တည်း၊ ရှေးဆရာတို့က "အား" ဟု သမ္ပဒါန်အနက် ပေးကြသည်ကား: "ဟောတိ" ၌ စပ်လိုဟန်တူသည်၊ သို့သော် "ဟောတိ–အတ္ထိ" ကြိယာတို့ သမ္ပဒါန်ငဲ့ကြောင်းကို သဒ္ဒါကျမ်း၌ အဆိုမရှိချေ၊ ဆက်ဦး အုံ – ဤဘိက္ခုနောနှင့် သမ္ဘာနပုဒ်လည်း အနက်အရတူသောကြောင့်

http://www.dhammadownload.com

(သိသူလည်း ရဟန်း, ရဟန်းလည်း သိသူဖြစ်သောကြောင့်) "သမ္ဘဏန္တ္ဓ သ+ မုသာဝါဒေါ=သမ္ဘဏန မုသာဝါဒေါ" ဟု ဆဋ္ဌိတပ္ပုရိသ်ပြု၊ ဏန၌ ဥ ဓာတ်, ကိယာဒိ နာပစ္စည်း, အန္တ ပစ္စည်းတည်း၊ ထို့ကြောင့် "သမ္ဘဏန္တ္ဓ မုသာဝါဒေါ" ဟု ရှိသင့်လျက် "န္တ"ကိုချေထားသည်၊ ဝါဒေ၌ သို့ ဝိဘတ်မှာ နိမိတ်အနက်၌ သက်သည်။

သမ္ဘဏန။ ။ မပြောမီ ပြောခါနီးခဏနှင့် ပြောဆဲခဏ၌ အလွဲအမှား ကို မိမိက လိမ်ပြောနေကြောင်းသိခြင်း (အမှားကို အမှားမှန်းသိခြင်း) ကို "သမ္ဘဏန" ဟုဆိုသည်၊ တချို့အရာ၌ကား အလွဲကို ပြောဆိုပြုလုပ်နေ သော်လည်း ကိုယ်တိုင်ကမူ အမှန်ထင်နေတတ်၏၊ ထိုနေရာမျိုး၌ မုသာဝါဒ ပြစ် မရှိ။

မုသာဝါဒ။ ။ မဟုတ်မမှန်သော ဝတ္ထုကို "မုသာ" ဟုခေါ်၏၊ "မဟုတ်" ဟူရာ၌ ပြောတိုင်းမဟုတ်သည်ကို ဆိုလိုသည်၊ ရွှေအစစ်ကို "ရွှေမဟုတ်" ဟု ပြောဆိုရာ၌ ပြောတိုင်းမဟုတ်သောကြောင့် ထိုရွှေအစစ် သည်ပင် "မုသာ" ဖြစ်ရလေသည်၊ ဝါဒသဒ္ဒါသည် "ပြောခြင်း" အနက်ရှိ၏၊ ထိုသို့ပြောခြင်းမျိုးကိုသာ ပြထားရာ၌ ယေဘုယျနည်းဟုမှတ်၊ များသောအား ဖြင့် နှုတ်ဖြင့်ပြော၍ လိမ်သောကြောင့် "မုသာဝါဒ=မုသားပြော" ဟု ဆိုထား သော်လည်း လက်-ဦးခေါင်းစသော ကိုယ်အင်္ဂါဆိုင်ရာဖြင့် လိမ်ခြင်းကိုပါ "ဝါဒ" အရ သွင်းယူရမည်၊ ထို့ကြောင့် ကိုယ်-နှုတ် တစ်ပါးပါးဖြင့် လိမ်လည်လှည့်စားကြောင်း စေတနာကို "မုသာဝါဒ" ဟုမှတ်။

အင်္ဂါ ၂ ပါး။ ။၁-အလွဲအမှားကို မှတ်မှားစေလိုခြင်း, ၂-မိမိပြော အပ်သော အကြောင်းကို တစ်ဖက်သား နားလည်အောင် ကိုယ်-နှုတ် ပယောဂ တစ်ပါးပါးကို ပြုခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း။

[ဆောင်] လွဲအမှားကို-မှတ်စေလိုရ၌, ပြောဆိုပြုမှု-ကိုယ် နှုတ် ကူကြား၊, အင်နှစ်ပါး, မုသားဖြစ်ကြောင်းတည်း။

မုသားပြစ်များ။ ။ ၁-ဥတ္တရိ မနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် စတုတ္ထပါရာဇိကအပြစ်, ၂-အမူလကပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် သံဃာ ဒီသေသ်ပြစ်, ၃-အမူလက သံဃာဒီသေသ်ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်ပြစ်, (ဤပြခဲ့သော ၃ ပါးကား ဒွေမာတိကာ၌ သိက္ခာပုဒ် တိုက် ရိုက်ရှိ၏၊) ၄-အမူလက ထုလ္လစ္စည်းစသော အောက်အာပတ် ၅ ပုံဖြင့် စွပ်စွဲခြင်းကြောင့် ဒုက္ကဋ်အာပတ်ပြစ်, ၅-ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်မပြောဘဲ "အကြင်သူသည် မည်သည့်ကျောင်း၌နေ၏, ထိုသူရဟန္တာတည်း" စသည်ဖြင့်

http://www.dhammadownload.com

၂။ သြမသဝါဒ (ဘိက္ခုနော-ရဟန်း၏)၊ သြမသဝါဒေ နှုတ်လုံထိုးခြင်းကြောင့်၊ ပါစိတ္တိယ်-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

သွယ်ဝိုက်၍ပြောခြင်းကြောင့် ထုလ္လစ္စဉ်းအာပတ်ပြစ်၊ ၆-ထိုသို့သွယ်ဝိုက်ပြောရာ၌ တစ်ဖက်သား နားမလည်လျှင် ဒုက္ကဋ်ပြစ်, ၇-ဤမုသာဝါဒ သိက္ခာပုဒ်အရ လိမ်လည်မှုကြောင့် ပါစိတ်အာပတ်ပြစ်အားဖြင့် မုသားအတွက် အာပတ် ၇ ချက်လာသည်။

[ဆောင်] စတုတ္ထပါရာ, သံဃာဒိသေသ်, ပါစိတ်ဖြစ်လတ်, ဒုက္ကဋ်-ထုလ္လစ္စဉ်:, တစ်ခင်:ဒုက္ကဋ်, ပါစိတ်ထပ်ငြား:, ခုနှစ်ပါ:, မုသား:အပြစ်တည်:။

၂။ သြမသဝါဒ။ ။ ရဟန်:ကို ဆဲရေးခြင်:ကြောင့် ပါစိတ်အာပတ်သင့်၏၊ ဘိက္ခုနီများနှင့် သာမဏေလူများကို ဆဲရေးခြင်:ကြောင့်ကား: ဒုက္ကဋ်အာပတ်သင့်၏၊ ထိုသို့ ဆဲ ရေ:သည့်အခါ နား:လည်:မခံသာ စိတ်နှလုံ:လည်: မခံသာအောင် ရှိရကား: လုံ့ဖြင့်ထိုးဆွသကဲ့သို့ ဖြစ်သောကြောင့် ထိုဆဲရေ:ကြောင်: စကား: (ဆဲဆိုသော စကား:လုံ:) များ:ကို နှုတ်လုံ (လုံ့နှင့်တူသောနှုတ်) ဟုခေါ်၏၊ ထိုစကား:လုံ:များ:ကို ပြောဆိုဆဲရေ:ခြင်:သည် လုံ့ဖြင့်ထိုးသကဲ့သို့ဖြစ်၏၊ ထို့ကြောင့် "သြမသဝါဒ=နှုတ်လုံထိုးခြင်:" ဟုအနက်ပေ:ကြသည်၊ မသဓာတ်က "ဟိ'သာ=ညှဉ်:ဆဲခြင်:" အနက်ရှိသောကြောင့် သဒ္ဒါအနက်မှာ "ညှဉ်:ဆဲနှိပ်စက်ကြောင်: စကား:ကို+ ပြောဆိုခြင်:ကြောင့်" ဟု ပေ:ရမည်။ [ပါစိတ်ယောဇနာ၌ကား: "မသဓာတ်သည် ဝိဗျနတ္ထ=ထိုးဆွခြင်:အနက်ရှိ၏" ဟု ဖွင့်လေသည်။]

ဆဲရေ:ကြောင်:ဝတ္ထု။ ။ လုံ့ကိုင်၍ထိုးရာ၌ လုံ့သည် အရာဝတ္ထုဖြစ်သကဲ့သို့ ထို့အတူ ဆဲရေ:ရာ၌ အမျိုး:ကိုင်၍-အမည်ကိုင်၍ ဆဲခြင်: (အမျိုး:အမည် စသည်ကို ထိပါ:ပုတ်ခတ်၍ဆဲခြင်:) စသည်ဖြင့် ကိုင်တွယ်ထိပါ:ဖွယ် အရာဝတ္ထုများ:ရှိ၏၊ ထိုအရာဝတ္ထုများ:ကို "အက္ကောသ+ဝတ္ထု = ဆဲရေ:ကြောင်: + ဝတ္ထု" ဟုခေါ်၏၊ ထိုအက္ကောသဝတ္ထုကား:-ဇာတိ=အမျိုး:ဇာတ်၊ နာမ= နာမည်၊ ဂေါတ္တ=အနွယ်၊ ကမ္မ=သူ၏အလုပ်အကိုင်၊ သိပ္ပ=အတတ်ပညာ။ အာဗာဓ= သူ့မှာရှိသော အနာရောဂါ၊ လိင်=သူ၏ အချိုး:ကျ မကျသော ပုံသဏ္ဌာန်၊ ကိလေသ=သူ့မှာ ဖြစ်တတ်သော လောဘ ဒေါသ

http://www.dhammadownload.com

မာန ဣဿာ မစ္ဆရိယစသည်၊ အာပတ္တိ=သူ့မှာသင့်သောအာပတ်၊ အက္ကောသ=မေထုန်နှင့်စပ်၍လည်းကောင်း, ယောက်ျားအင်္ဂါဇာတ် မိန်းမအင်္ဂါဇာတ် နှင့်စပ်၍လည်းကောင်း, ဟဲ့နွား ဟဲ့ခွေး စသည်ဖြင့်လည်းကောင်း ဆဲခြင်း၊ ဤသို့လျှင် ပါစိတ်အာပတ်သင့်ဖို့ရာ အက္ကောသဝတ္ထု ၁၀ ပါးရှိသည်။

[ဆောင်] ဇာတိ-နာမ, ဂေါတ္တ-ကမ္မာ, သိပ္ပါဟာ၊ လိင်-ကိလေသာ,

အာပတ္တာ-အက္ကောသ, ဤဆယ်၀, အက္ကောသ ဝတ္ထုတည်း။

ဆဲပုံနှင့်အာပတ်အမျိုးမျိုး။ ။ တကယ်စိတ်ဆိုး၍ ဒွန်းစဏ္ဍားဇာတ် ရှိသူကို "ဟဲ့ဒွန်းစဏ္ဍား" ဟုလည်းကောင်း, မင်းဇာတ်ရှိသူကို "ဟဲ့မင်းမျိုး" ဟုလည်းကောင်း ဆဲလိုရ်ပြောလျှင် ပါစိတ်ပင်တည်း၊ ထိုအက္ကောသဝတ္ထုများဖြင့်ပင် တိုက် ရိုက်မဆဲဘဲ "ယခုကာလ၌ ဒွန်းစဏ္ဍားများ ရှိတယ်ဟေ့" စသည်ဖြင့် စောင်းရ်ပြောလျှင် ဒုက္ကဋ်အာပတ်၊ အက္ကောသဝတ္ထု ၁၀ ပါးမှ အလွတ်ဖြစ်သော "ဟဲ့ သူခိုး" စသည်ဖြင့် ဆဲရာ၌လည်း ဒုက္ကဋ်ပင်၊ ထိုအက္ကောသဝတ္ထုဖြင့်ပင် ရဟန်းဖြစ်စေ သာမဏေလူကိုဖြစ်စေ ပြောင်လှောင်ရ် "ဟေ့ .....ခတ္တိယ ကြီးလာပြီကွ" စသည်ဖြင့် ပြောရာ၌ ဒုဗ္ဘာသိတသင့်၏။

ဒုက္ကဋ်, ဒုဗ္ဘာသိတ။ ။ "ဒု=မကောင်းသဖြင့်၊ ကတ=ပြုအပ်သောအမှု" မကောင်းသဖြင့် ပြုအပ်သော ကိုယ်မှု နှုတ်မှုကို ဒုက္ကဋဟု ဆိုရသော်လည်း ဤနေရာ၌ မကောင်းသဖြင့် ပြုမှုပြောမှုကြောင့် သင့်ရောက်အပ်သော အာပတ်ကိုပါ (ကာရဏူပစာရအားဖြင့်) "ဒုက္ကဋ" ဟုခေါ်ရသည်၊ ထို့အတူ မကောင်းသဖြင့် ပြောဆိုအပ်သောစကားကို "ဒုဗ္ဘာသိတ" ဟုဆိုသော်လည်း ထိုပြောမှုကြောင့် သင့်သောအာပတ်ကိုပါ ကာရဏူပစာရအားဖြင့် "ဒုဗ္ဘာသိတ" ဟု ခေါ်ရသည်။ [ကာရဏ=အကြောင်း၏ + ဥပစာရ= ဟင်ထားအပ်သောနာမည်။]

အင်္ဂါ ၄ ပါး။ ။ ၁-ဆဲရေးအပ်သူ၏ ရဟန်းဖြင့်ခြင်း, ၂-အခြားသူကို ညွှန်ပြခြင်းမရှိဘဲ ဇာတ်စသည်ဖြင့် ဆဲခြင်း, [ယခုအခါ၌ "ဒွန်းစဏ္ဍားရှိသည်" ဟုဆိုရာ၌ အခြားသူကို ညွှန်ပြခြင်းဖြစ်၏၊ ထိုသို့ မညွှန်ပြဘဲ တိုက်ရိုက်ဆဲခြင်း-ဟူလို၊] ၃-အဆဲခံရသူက သူ့ကို ဆဲမှန်းသိခြင်း, ၄-အတ္ထပုရေက္ခာရတာ စသည်မရှိခြင်း။ ["စဏ္ဍာလောသိ" စသော ပါဠိ၏ အနက်ကို ချပေးရာ၌ "အတ္ထ=အနက်ကို+ပုရေက္ခာရတာ=ရှေ့ရှုပြုသူ၏ အဖြစ်" ဟု ခေါ် သည်၊ ထိုကဲ့သို့ အနက်ချပေးရာ ပါဠိချပေးရာ ဆုံးမညြတ်ပေးရာ၌ "စဏ္ဍာလောသိ" စသော ဆဲလုံးများ ပါစေကာမူ အာပတ်မသင့်။]

http://www.dhammadownload.com

၃။ ပေသုည ဘိက္ခုနော-ရဟန်း၏၊ ဘိက္ခုပေသုညော-ရဟန်း၏ အထံ သို့ ဆောင်အပ်သော ကုန်းတိုက်စကားကြောင့်၊ ပါစိတ္တိယ်-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

[ဆောင်] ဆဲရေးအပ်သူ-ရန်သူဟူလတ်[1], ဇာတ်စသည်စွဲ, တိုက်ရိုက်ဆဲနှင့်[2], ဆဲရေးခံသူ-သိမ္ဘတစ်ဝ[3], အတ္ထပုရိ-စမရှိပေ[4], လေးထွေအင်မျှ, သြမသ-ဝါဒပါစိတ်သင့်။

၃။ ပေသုည။ ။ ဦးတိဿသည် ဦးဒတ္တ၏ကွယ်ရာ၌ အကျွှာသဝတ္ထု ၁၀ ပါးတွင် တစ်ပါးပါးဖြင့် ဦးဒတ္တကိုဆဲ၏, ထိုဆဲသံကို ဦးဓမ္မက ကြား၍ (ဦးတိဿနှင့် ဦးဒတ္တကွဲအောင်) ဦးဒတ္တထံ သွား၍ပြော၏၊ ဤသို့ ရဟန်းတစ်ပါးက ရဟန်းတစ်ပါးအား ဆဲရာ၌ ဆဲသံကိုကြားသောရဟန်းက ကုန်းချောသောအားဖြင့် ဆောင်ပို့ခြင်းကို "ဘိက္ခုပေသုည" ဟုခေါ်၏၊ [ဘိက္ခု=ရဟန်း၏+ပေသုည=ကုန်းချောခြင်း: ကတုန်းကတိုက်လုပ်ခြင်း၊] ဘိက္ခုနှိ လူသာမဏေတို့ကို ကုန်းတိုက်လျှင် ဒုက္ကဋ်၊ ဤသို့ ကုန်းတိုက်ရာ၌ ကုန်းတိုက်သူမှာ ထိုသူ ၂ ဦးကို ကွဲစေလိုသော ရည်ရွယ်ချက်-မိမိကို "ပြောဖော်ရပေသည်" ဟု ကျေးဇူးတင်ကာ ချစ်ခင်လာစေလိုသော ရည်ရွယ်ချက် ၂ မျိုးတွင် တစ်မျိုးမျိုးရှိတတ်သည်။

[ပိသတိ-မိတ်ဆွေ ၂ ဦးကို ကွဲပြားအောင် ကြိတ်ချေတတ်၏၊ ဣတိ-ထို့ကြောင့်၊ ပိသုနော-ပိသုနပုဂ္ဂိုလ်မည်၏၊ ပိသုနသ-မိတ်ဆွေ ၂ ပါး ကွဲပြားအောင် ကြိတ်ချေတတ်သူ၏၊ ကမ္မ-အမှုလုပ်ငန်းသည်၊ (ကုန်းချော စကားပြောမှုသည်၊) ပေသုည-မည်၏၊ ပိသုနနောက်-ကမ္မအနက်၌ ကျေပစ္စည်း, ချကို ဥပြု, ပ၌ ဣကို ဖြေ၍ "ပေသုည" ဟုပြီးသည်၊ အခြားနည်းရှိသေး၏။]

အဂ်ါ ၃ ပါး။ ၁-ဇာတိစသော အကျွှာသဝတ္ထုဖြင့် ဆဲသည်ကိုကြား၍ အဆဲခံရသူ.ထံသို့ ပို့ဆောင်ခြင်း, [အကျွှာသဝတ္ထုမှတစ်ပါး: အခြားဆဲနည်းဖြင့် ဆဲသည်ကိုပို့လျှင် ဒုက္ကဋ်။] ၂-မိမိကို ချစ်ခင်စေလိုခြင်း, သူတို့ ၂ ဦး ကွဲစေလိုခြင်း ၂ မျိုးတွင် တစ်မျိုးမျိုးကို အလိုရှိခြင်း, ၃-ကုန်းတိုက်ခံရသူက နားလည်ခြင်း, ၃ ပါးတည်း။

[ဆောင်] ရဟန်းချင်းအား-ဆဲသံများကို-ကြား၍ပို့လျှင်[5], ချစ်-ကွဲခြင်းကို-တစ်ခုခုလိုရှိ[6], ထိုသူသိတဲ့[7], အင်သုံးစုံ, ပေသုဉ်ပါစိတ်သင့်။

http://www.dhammadownload.com

၄။ ပဒသောမမ္မ ယောပန ဘိက္ခု-သည်၊ အနုပသမ္ပန္နံ-လူသာမဏေကို၊ ပဒသော-အစုအစုဖြစ်သော၊ ဓမ္မံ-ပါဠိအဋ္ဌကထာဓမ္မကို၊ ဝါစေယျ-တစ်ပြိုင်နက်ဆိုစေအုံ့၊ ဝါ-တစ်ပြိုင်နက် ပို့ချအုံ့၊ တဿ ဘိက္ခုနော-၏၊ ပါစိတ္တိယံ-သည်၊ ဟောတိ-၏။

* * * * *

၄။ ပဒသောမမ္မ။ ။ လူ သာမဏေအား သံပြိုင်စာချပေးလျှင် ပါစိတ်အာပတ်သင့်၏၊ ရဟန်းချင်းဖြစ်စေ၊ ဘိက္ခုနီအားဖြစ်စေ သံပြိုင်စာချ ရာ၌ကား အနာပတ္တိ၊ "ဓမ္မ" အရလည်း ပါဠိတော်နှင့် အဋ္ဌကထာ တရားများကိုသာ ဆိုလိုသည်၊ ပါဠိတော်အဋ္ဌကထာမဟုတ်-တစ်စုံတစ်ယောက် စိုက်ုံးအပ်သော ပါဠိများနှင့် အခြားဘာသာ (မြန်မာ နိဿယ အနက်) များကို သံပြိုင်ချသော်လည်း အာပတ်မသင့်။

ပဒသော-ပဒသောဌ် "ပဒ" သဒ္ဒါသည် အစုဟူသောအနက်ကို ဟော၍ "သော" ပစ္စည်းကဝိဓာန်အနက်ကိုဟော၏၊ ထို့ကြောင့် "ပဒံပဒံ= ကောဋ္ဌာသံကောဋ္ဌာသံ=အစုအစု" ဟု ဖွင့်ကြသည်၊ ရှေးက "ပဒသော= ပုဒ်ပြိုင်" ဟု အနက်ပေးကို ဆင်ခြင်ပါ၊ ဤသိက္ခာပုဒ်ဌ် "ပဒ" အရ အားလုံးနှားလည်နေသော "ဝိဘတ္တိ ဆ် ပဒံ=တဝိဘတ်ဆုံး တပုဒ်" ဟု ခေါ်သော ပုဒ်မျိုးသာမက, အကွာရာတစ်လုံးတည်းကိုလည်းကောင်: ဝိဘတ္တိ ဆ် ပုဒ် ၂ ပုဒ် ၃ ပုဒ် စသည်ပါသော ဂါထာတစ်ပါဒကိုလည်းကောင်:, "ပဒ" အရ ဌ် သွင်းယူရသည်။

ပဒ ၄ မျိုး။ ။ ပဒသောအရ "ပဒ-အနုပဒ-အနွကွရ-အနုဗျဉ္ဇန" ၄ မျိုးရှိ၏၊ ထိုတွင် ဂါထာ၏ ပထမပါဒသည် ပဒမည်၏၊ ဒုတိယပါဒသည် အနုပဒမည်၏၊ အကွာရာတစ်လုံးတစ်လုံးသည် အနွကွရမည်၏၊ ရှေ့ဝါကျရှိ ဝိဘတ္တိ ဆ် ပုဒ်နှင့်တူသော နောက်ဝါကျရှိ ဝိဘတ္တိ ဆ် ပုဒ်သည် အနုဗျဉ္ဇနမည်၏။ [အနု=နောက်ဖြစ်သော+ပဒံ=အစု(ဂါထာပါဒ)၊ အနုအကွာရံ= အကွာရတိုင်း၊ အနု (သဒိသံ)-ရှေ့ဝါကျရှိ ပုဒ်နှင့်တူသော+ဗျဉ္ဇနံ=နောက် ဝါကျရှိပုဒ်။]

[ဆောင်] ဂါထာပါဒ, ပထမကို, ပဒဆိုလော၊ ထို့နောက် ဒုတိယ, နုပဒတည်း၊ အကွာရာတိုင်းတွက်, အနွကွရံ၊ ဝိဘတ္တိ ဆ် , ရှေ့ပဒနှင့်, နောက်ပဒ တူလျှင်, နုဗျဉ္ဇန-မည်ကြသောဟု, ပဒသောသည်, မိန့်ဟော လေးမျိုး အပြားတည်း။

သံပြိုင်ဝိုဿဇ္ဇပုံ။ ။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ, မနောသေဋ္ဌာ မနောမယာ" ဟူသောဂါထာဌ် ပထမပါဒကို ဆရာတပည့် (အစတူ အပြီးတူ) သံပြိုင်ဆိုမိ

http://www.dhammadownload.com

လျှင် "ပဒ" အရ အာပတ်၊ ဆရာက ပထမပါဒကို ရွတ်သည့်အချိန်မှာ တပည့်က မမှီ၍ ခုန်ကျော်လိုက်ကာ "မနောသေဋ္ဌာ မနောမယာ" ၌ သံပြိုင်ရွတ်မိအံ့, "အနုပဒ" အရ အာပတ်၊ "ရူပ်အနိစ္စ၊ ဝေဒနာအနိစ္စာ" ဟူသော စုဏ္ဍိယ၌ "ရူ" ဟူသော အက္ခရာကို သံပြိုင်ရွတ်ပြီးနောက် ဆရာက ရပ်နေအံ့, ရူကိုသံပြိုင်ရွတ်မိသည့်အတွက် "အနက္ခရ" အရ အာပတ်၊ ဆရာက "ရူပ် ..... အနိစ္စ" ဟု ရွတ်ရာ၌ ရူပ်နောက် အတော်ကြာ ပြတ်ပြီးမှ အနိစ္စကို ရွတ်၏, တပည့်က ဉာဏ်ထက်ထက် နှုတ်သွက်သွက်နှင့် လိုက်၍ဆိုရာ "ရူပ် အနိစ္စ, ဝေဒနာအနိစ္စာ" ဟု ၂ ဝါကျပြီး၏၊ ထိုသို့ပြီးရာ၌ ဆရာ၏ ပထမဝါကျ "အနိစ္စ" ပုဒ်နှင့် တပည့်၏ ဒုတိယဝါကျ "အနိစ္စာ" ပုဒ်တို့ သံပြိုင်ကျလျှင် "အနုဗျဉ္ဇန" အရ အာပတ်သင့်၏။

မှတ်ချက်။ ။ ဤအနက္ခရ အနုဗျဉ္ဇနတို့အတွက် အာပတ်သင့်ပုံမှာ ဂါထာ၌လည်း ဖြစ်နိုင်သည်၊ အနုဗျဉ္ဇနအရ ထိုကဲ့သို့ ရှေ့ပုဒ်နှင့်တူသော နောက်ပုဒ်ကိုမယူဘဲ ဝိဘတ်မဆုံးသေးသော အက္ခရာ ၂ လုံး ၃ လုံး အပေါင်းကို ယူရသောနည်း, ပဒအရ ဂါထာပါဒကိုသာ မယူဘဲ ဝိဘတ္တ ၆ တစ်ပုဒ်ကို ယူရသောနည်းလည်း ရှိသေး၏၊ ထိုနည်းများအရ လူ သာမဏေကို သံပြိုင်စာ ချရာ၌ အာပတ်မှလွတ်ဖို့ ခဲယဉ်း၏၊ သို့ဖြစ်၍ သံပြိုင်မဖြစ်အောင် ဆရာ ရဟန်းက ရွတ်ပြီးမှ တပည့် လူ သာမဏေက လိုက်၍ရွတ်ရမည်။ [ရှေ့ခေတ်က စာအုပ်မရှိသောကြောင့် အလွတ်ချ အလွတ်ဆိုရသဖြင့် သာ၍ သံပြိုင်ဖြစ်လွယ်သည်။]

အနာပတ်များ။ ။ "ဝါစေယျ=ပို့ချအံ့" ဟု ဆိုသောကြောင့် သံပြိုင်စာချမှ အာပတ်သင့်ရကား: စာချသောအရာ မဟုတ်လျှင် အာပတ်မသင့်၊ ထို့ကြောင့် သာမဏေနှင့် ရဟန်းတွဲ၍ စာတက်ရာ၌လည်းကောင်း၊ တွဲ၍ စာပြန်ရာ၌လည်းကောင်း၊ သာမဏေ့အထံရဟန်းက စာတက်ရာ၌ လည်းကောင်း သံပြိုင်ဆိုသော်လည်း အာပတ်မသင့်၊ သာမဏေ့ကိုယ်တိုင် ရပြီးလျက် ကြောက်၍ မဆိုဝံ့သော (သို့မဟုတ် မကျေပွန်သော) စာကို သံပြိုင် ထောက်ပေးရာ၌လည်း အာပတ်မသင့်။

အင်္ဂါ ၃ ပါး။ ၁–လူသာမဏေဖြစ်ခြင်း, ၂–အစုအစုအားဖြင့် ပါဠိတော် အဋ္ဌကထာခမ္ဘာကို ပို့ချခြင်း, ၃–သံပြိုင်ရွတ်ခြင်း, အင်္ဂါ ၃ ပါးတည်း၊ [ကခ်ါ၌ "ဧကတော သြသာပနာ" ဟု ရှိ၍, တေရသကဏ်၌ "ဧကတောဘဏနံ" ဟု ၃ နံပါတ်အင်္ဂါရှိသည်၊ ဋီကာပါဠိကကောင်းသည်။]

[ဆောင်] ရဟန်းမဟု–လူရှင်စသည်[1], ပါဠိဋ္ဌကထာ–ခမ္ဘာဆိုင်ဆိုင်[2], သံပြိုင်ချ ပြော[3], အင်သုံးနှော, ပဒသော ပါစိတ်သင့်။

http://www.dhammadownload.com

၅။ ပထမ သဟသေယ္ယ ယောသန ဘိက္ခု-သည်၊ အနုပသမ္ပန္နေန-လူသာမဏေ တိရစ္ဆာန်နှင့်၊ သဟ-တကွ၊ ဥတ္တရိ-ဒီရတ္တတိရတ္တံ-၂ ညဉ့် ၃ ညဉ့်၏ အထက်ညဉ့်၌၊ သေယျံ-တစ်မိုးတစ်ရံတည်းသောကျောင်းသို့၊ (ပဝိသိတ္တာ-ဝင်၍၊) သေယျံ-အိပ်ခြင်းကို၊ ကပ္ပေယျ-ပြုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၅။ ပထမ သဟသေယ္ယ။ ။ တစ်မိုးတစ်ရံတည်းသော ကျောင်း၌ လူသာမဏေ တိရစ္ဆာန်နှင့်အတူ ၃ ညဉ့်ထက်မိုရ်အိပ်လျှင် ပါစိတ်အာပတ်သင့်၏၊ "၃ ညဉ့်အထိကား အိပ်ကောင်း၏" ဟူလို။

အနုပသမ္ပန္နေ-ရှေ့သိက္ခာပုဒ်၌ ဘိက္ခု ဘိက္ခုနီမှတစ်ပါး လူသာမဏေများကို အနုပသမ္ပန္နဟုခေါ်၏၊ ဤသိက္ခာပုဒ်ကား ဘိက္ခုနီမှတစ်ပါး လူသာမဏေ တိရစ္ဆာန်များကို အနုပသမ္ပန္နဟုခေါ်၏၊ ဒုတိယသဟသေယ္ယသိက္ခာပုဒ်၌ မာတုဂါမနှင့် အတူအိပ်ခြင်းကို တားမြစ်မည်ဖြစ်သောကြောင့် ဤသိက္ခာပုဒ်၌ ဘိက္ခုနီနှင့် လူမိန်းမ တိရစ္ဆာန်မများကို ယူဖွယ်မလို-ဟု ဋီကာတို့ဆိုကြ၏။ [အနုပသမ္ပန္နနှင့်စပ်၍ မှတ်ဖွယ်ကို သပ္ပါဏကဝဂ် ဥနုဝိသတိဝသ သိက္ခာပုဒ်ကျမှပြမည်။]

ဥတ္တရိဒီရတ္တတိရတ္တံ-[ဒီရတ္တ=၂ ညဉ့်+တိရတ္တ=၃ ညဉ့်။] ၃ညဉ့်အထိ အိပ်ခွင့်ရလျှင် ၂ ညဉ့်အတွက်မှာ ယုံမှားစရာမရှိ-ဧကန်အိပ်ခွင့်ရသောကြောင့် "ဒီရတ္တ" သဒ္ဒါကို လောကပြောရိုးအတိုင်း ဝါစာသိလိဋ္ဌ (စကားချောဖို့) အကျိုးငှာ အပိုထည့်ထားသည်၊ မြန်မာ၌ စကားချောအောင် "၂ ခု ၃ ခု, ၃-၄ ခု, ၄-၅-၆ ခု" စသည်ပြင့် ရှေ့ကသင်္ခေါ်များကို တွဲဖက်သုံးစွဲကြသကဲ့သို့ ပါဠိ၌လည်း စကားချောအောင် "ဒီရတ္တ တိရတ္တံ" ဟု တွဲဖက်သုံးစွဲထားသည်၊ အမှန်အားဖြင့် ဒီရတ္တံမှာ အပိုပင်-ဟူလို။ [အခြားတစ်နည်းကို အဋ္ဌကထာမှာရှုလေ။]

သဟသေယ္ယံ-သဟသဒ္ဒါသည် "အတူ=တကွ"ဟူသော အနက်ကို ဟော၏၊ "အတူ=တကွ"ဟူရာ၌ တစ်ပြိုင်နက်အိပ်ခြင်း(လူကလည်း သူ့နေရာနှင့်သူ ရဟန်းကလည်း သူ့နေရာနှင့်သူ အိပ်ခြင်းကို) ဆိုလိုသည်၊ သေယျာပုဒ်ကား သေယျာ ၂ ပုဒ်ကို ဧကသေသ်လုပ်ထားသော ပုဒ်တည်း၊ ထိုတွင် သေယျာတစ်ပုဒ်သည် "အိပ်ရာ နေရာ ကျောင်း" ဟူသော အနက်ကို ဟော၏၊

http://www.dhammadownload.com

"သေန္ဓီ ဇေတ္ထာတိ သေယျာ=ဇေတ္ထ-ဤအိပ်ရာ နေရာ ကျောင်း၌၊ သေန္ဓီ-အိပ်ကြေနေကြကုန်၏" ဟု အနက်ဆို။

သေယျာတစ်ပုဒ်ကား "အိပ်ခြင်း" ဟူသော အနက်ကိုဟော၏၊ "သယနံ-အိပ်ခြင်း၊ သေယျာ-အိပ်ခြင်း" သေယျာစ-ကျောင်း အိပ်ရာ နေရာလည်း၊ သေယျာစ-အိပ်ခြင်းလည်း၊ သေယျာ-ကျောင်း အိပ်ရာ နေရာ, အိပ်ခြင်း၊ ဤနည်းအရ အိပ်ရာ နေရာ ဟောသော သေယျ၏ စပ်ရာပုဒ်ကို "ပဝိသိတ္တာ" ဟုထည့်လျက် သေယျကို အနက် ၂ ထပ်ပေးရသည်။ [ဤ၏ကဲ့သို့ အနက်၂ ချက်ထပ်သောပုဒ်များကို "သာမည နိဒ္ဒေသနည်း" ဟုလည်းခေါ်၏၊ သာမည=ပုဒ်နေတူသည့်အတွက်+နိဒ္ဒေသ=တစ်ပုဒ်ကလည်း ညွှန်ပြအပ်သည်။]

တစ်မိုး၊တစ်ရံတည်းသောကျောင်း။ ။ အမိုးမှာ ယခုမျက်မြင် အိုးများ ပင်တည်း၊ အရံ(အကာ)ကား ဝမုကိဟတ္ထခေါ် လက်သမား၊တောင်အား၊ဖြင့် တစ်တောင့်ထွာမြင့်လျှင် အရံအကာဖြစ်ပြီ၊ ယခုခေတ် အကာရှိသော ဧရပ်များနှင့် တစ်ထပ်ကျောင်းများသည် ဤသိက္ခာပုဒ်နှင့်ဆိုင်သော သေယျာများတည်း၊ ၂ ထပ် ၃ ထပ် စသည်ရှိသော အိမ် ကျောင်းများ၌လည်း အတွင်းလှေကား တပ်ထား၊လျှင် အထပ်အား၊လုံးပင် သဟသေယျာကို ဖြစ်စေနိုင်၏၊ အပြင်လှေကား တပ်ထား၊သဖြင့် အပြင်မထွက်ဘဲ အထက်ထပ် အောက်ထပ် အဆက်အသွယ် မရလျှင် သဟသေယျာ မဖြစ်စေနိုင်။

ထက်ဦးဆုံ-တချို့ အိမ် ဧရပ် ကျောင်းတို့၌ ဖိနပ်ချွတ် (ဆင်ဝင်)စမှတ် ရှိတတ်၏၊ ထိုစမှတ်၌ အမိုးအကာ လုံ၊လောက်စွာပါလျှင် အတွင်းဆောင်နှင့် ယခင်အထက်ထပ်တို့ပါ သဟသေယျာပင်တည်း၊ အတွင်းဘက်ရှိ အခန်းတို့ အသီးအသီး အကာခြား၍ တံခါ၊ပိတ်စေကာမူ သဟသေယျာပင်တည်း၊ ထို့ကြောင့် သင်္ဘော ပထမ ဒုတိယခန်းများနှင့် ရွက်ထည်အကာချထား၊သော တတိယတန်း ကုန်းပတ်တို့မှာ အချင်းချင်း သဟသေယျာတို့ချည်း၊သာတည်း၊ မီး၊ရထား၊တစ်တွဲတည်း၌ သဟသေယျာဖြစ်ပုံမှာ ဆိုဖွယ်ရာမရှိပြီ၊ ထိုကဲ့သို့ သဟသေယျာ ဖြစ်လောက်သော နေရာတို့၌ သဟသေယျာ လွတ်အောင် ကန့်လန့်ကာ ကာထား၊ခြင်း ကြိုး၊တန်း၊ထား၊ခြင်း၊တို့ဖြင့် သဟသေယျမလွတ်နိုင်သည်သာ။ [ဤတစ်မိုး၊တစ်ရံ, နေရာများကို အဋ္ဌကထာတို့၌ ကျယ်ဝန်း၊စွာ ပြသေး၏။]

အတူအိပ်ခြင်း။ ။ ပြခဲ့သော သဟသေယျာဖြစ်လောက်သည့် ကျောင်း ဧရပ် အိမ် ရထား သင်္ဘောများ၌ လူ သာမဏေ-တိရစ္ဆာန် တစ်ဦးဦးက

http://www.dhammadownload.com

(အိပ်ပျော်ပျော်–မပျော်ပျော်) ဦးခေါင်းချခိုက် ရဟန်းကလည်း ဦးခေါင်းချလိုက်လျှင် သဟသေယျာ (တကွအိပ်ခြင်း) ဖြစ်တော့၏၊ ဦးခေါင်းမချဘဲ ထိုင်၍အိပ်နေလျှင်လည်းကောင်း, ကုလားထိုင်ပေါ်၌ ခြေထောက် ၂ ဖက်ကို ကြမ်းပြင်ပေါ်မှာ ထိစေလျက် အိပ်လျှင်လည်းကောင်း သဟသေယျာမဖြစ်။

၃ ညဉ့်အိပ်ပုံ။ ။ "၃ ညဉ့်အိပ်"ဟူရာ၌ ၃ ညဉ့်လုံး အရုဏ်တက်အောင် ချည်း လူစသည်နှင့်အတူအိပ်မှ ၃ ညဉ့်အိပ်ရာရောက်သည်၊ အရုဏ်မတက်ခင် ထ–ထနေလျှင်ကား ၃ ညဉ့်အပြည့် အိပ်ရာမရောက်၍ ၄ ညဉ့်မြောက်မှာ အာပတ်မသင့်၊ ၃ ညဉ့်အပြည့် အိပ်ပြီးနောက် ၄ ညဉ့်မြောက် သဟသေယျ အာပတ် သင့်ရာ၌ကား လူသာမကော တိရစ္ဆာန်များလျှင် များသလောက်–ဦးခေါင်း ထောင်လိုက်ချလိုက် အကြိမ်များသလောက် အာပတ်လည်း တိုးပွားသည်။ ["တိရစ္ဆာန်" ဟူရာ၌ကား ပါရာဇိကဋ္ဌ ပြခဲ့သော ပါရာဇိကလောက်သော တိရစ္ဆာန် အကြီးစားများတည်း၊ အိမ်မြှောင်စသည်တို့ကား သဟသေယျ မလောက်ကြ။]

သဟသေယျဟင်းလေး။ ။ ထိုကဲ့သို့ အရုဏ်တက်အောင် ၃ ညဉ့်အပြည့် အိပ်လျှင်ကား ၄ ရက်နေ့ နေဝင်လျှင် လူ သာမကော တိရစ္ဆာန်ရှိရာ (သဟသေယျာလောက်သော) ကျောင်းစသည်၌ ဦးခေါင်းမချရ၊ ဦးခေါင်းချမိသည်နှင့်တစ်ပြိုင်နက် အာပတ်သင့်၏၊ ထိုဦးခေါင်းချပြီးနောက် (အရုဏ်မတက်ခင် ထစေကာမူ) အာပတ်မှ မလွတ်တော့ပြီ၊ ၅ရက်နေ့ နေဝင်လျှင် လူစသည်ရှိရာကျောင်း၌ ဦးခေါင်းချက သဟသေယျအာပတ် ဆက်ပြန်၏၊ ဤနည်းအတိုင်း လူသာမကောရှိရာ ကျောင်း၌ ဆက်ကာဆက်ကာ အိပ်သွားလျှင် (အရုဏ်မတက်ခင်ထသော်လည်း) အာပတ်အဆက်မပြတ်ချေ၊ ဤသို့အဆက်မပြတ် သင့်သောအာပတ်ကို "သဟသေယျ ဟင်းလေးအိုး" ဟု ခေါ်ရိုးပြုကြသည်။

[အဋ္ဌကထာ] ယောကေသို့ အာဝါသေ ကေနေဝ အနုပသမ္ပန္နေန သဒ္ဓိ တိရတ္ဆာ သဟသေယ္ယံ ကပ္ပေတိ, တသ္မာစတုတ္ထဒိဝသတော ပဋ္ဌာယ ဒေဝသိကာ (နေ့တိုင်းသင့်အပ်သော) အာပတ္တိ။

သဟသေယျဖြတ်နည်း။ ။ ဤအဆက်မပြတ်နိုင်သော သဟသေယျ အာပတ်ကိုဖြတ်လိုလျှင် နေဝင်ပြီးနောက် လူစသည်ရှိရာကျောင်း၌ ဦးခေါင်းမချမိစေဘဲလူစသည်မရှိရာ (ရဟန်းရှိချင်ရှိပေစေ) ကျောင်း၌ဖြစ်စေ လွင်ပြင်၌

http://www.dhammadownload.com

၆။ ဒုတိယသဟသေယျ ယောပန ဘိက္ခု–သည်၊ မာတုဂါမေန–မာတုဂါမနှင့်၊ သဟ–တကွ၊ သေယျ–သို့၊ (ပဝိသိတ္တာ–၍)၊ သေယျ–ကို၊ ကပ္ပေယျ–အုံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

ဖြစ်စေ အိပ်ရမည်၊ ဤသို့အိပ်လျှင် သဟသေယျ အဆက်ပြတ်၍ နောက်ထပ် ၃ ညဉ့် လူစသည်နှင့်အတူ အရဏ်တက်အောင် အိပ်ခွင့်ရသေး၏။

အင်္ဂါ ၃ ပါး။ ။ ၁–ပါစိတ်အာပတ်လောက်သော ကျောင်း အိပ်ရာ နေရာဖြစ်ခြင်း, ၂–လူစသည်နှင့် အတူတကွအိပ်ခြင်း, ၃–လေးရက်မြောက် နေဝင်ခြင်း, အင်္ဂါ ၃ ပါးတည်း။ [တစ်ဝက်ထက်များသော အမိုး–တစ်ဝက်ထက်များသော အကာရှိသော ကျောင်း အိပ်ရာများကို ပါစိတ်အာပတ်လောက်သော ကျောင်း အိပ်ရာဟု ဆိုသည်။]

[ဆောင်] တစ်ဝက်ထက်တိုး–အမိုးအကာ, ရှိရာကျောင်းဟု[1], လူစသည်နှင့်–အသင့်အိပ်လျက်[2], လေးရက်နေဝင်[3], သုံးအင်စုံက, တူသဟ–သေယျပါစိတ်သင့်။

၆။ ဒုတိယသဟသေယျ။ ။ မာတုဂါမနှင့်အတူ တစ်မိုးတစ်ရံတည်းသော ကျောင်း အိမ် ဧရပ် စသည်၌အိပ်လျှင် ပါစိတ်အာပတ်သင့်၏၊ ရှေ့သိက္ခာပုဒ်အရ လူယောက်ျားစသော (အထီး) များနှင့် ၃ ညဉ့်အိပ်ခွင့် ရသေး၏၊ ဤသိက္ခာပုဒ်၌ကား မာတုဂါမနှင့်အတူတကွ တစ်ညဉ့်မျှ (နေဝင်သည်နှင့် တစ်ပြိုင်နက်) အိပ်ခွင့် (ဦးခေါင်းချခွင့်) မရတော့ချေ၊ လူမိန်းမမှတစ်ပါး ပါရာဇိကလောက်သော အခြားတိရစ္ဆာန်မများနှင့် အတူအိပ်ရာ၌ကား ဒုက္ကဋ် အာပတ်သင့်၏။ [လူမိန်းမနှင့် ၄ ညဉ့်အထိ အိပ်ရာ၌လည်း ဤဒုတိယ သဟသေယျသာ ထပ်သင့်၏၊ ပထမ သဟသေယျ သင့်ဖွယ်မရှိ။ (ဝိမတိ)။]

အစိတ္တကအာပတ်။ ။ [အ + စိတ္တ + က။] စိတ်မရှိဘဲ (စိတ်မပါဘဲ = မသိဘဲ) သင့်ရောက်အပ်သော အာပတ်ကို "အစိတ္တကအာပတ်" ဟု ခေါ်ကြ၏၊ ဤသဟသေယျ ၂ ပါးလည်း အစိတ္တကပင်တည်း၊ ထို့ကြောင့် မာတုဂါမ လူသာမဏေ စသူတို့ ရှိမှန်းမသိ၍ ဝင်ရောက် အိပ်လျှင်လည်းကောင်း, မိမိနေရာအရပ်သို့ မာတုဂါမ စသူတို့ မိမိ မသိဘဲ ဝင်ရောက်အိပ်လျှင်လည်းကောင်း ဆိုင်ရာသဟသေယျ အာပတ်များ သင့်တော့သည်သာ၊ ဤဒုတိယသဟသေယျ **အင်္ဂါ**များ လည်း "အမိုးအကာ တစ်ဝက်ကျော်ကျော် မိုးပြီးကာပြီးသော ကျောင်း

http://www.dhammadownload.com

၇။ ဓမ္မဒေသနာ ယောပန ဘိက္ခု–သည်၊ ဝိညုနာ–တတ်သိနားလည်သော၊ ပုရိသဝိဂ္ဂဟေန–ယောက်ျားဖြစ်သောကိုယ်ကို၊ အညတြ–ကြဉ်ထား၍၊ မာတုဂါမဿ–အား၊ ဆပ္ပဠ္ဆဝါစာဟိ–၆ ခွန်း ၅ ခွန်းသော စကားတို့ထက် ဥတ္တရိ–အလွန်၊ ဓမ္မံ–ပါဠိအဋ္ဌကထာဓမ္မကို၊ ဒေသေယျ–ဟောအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

အိပ်ရာနေရာဖြစ်ခြင်း, မာတုဂါမနှင့် အတူအိပ်ခြင်း, နေဝင်ခြင်း" အားဖြင့် ၃ ပါးပင်။

ဒိဝါသေယျသိက္ခာပုဒ်။ ။ အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပတိသလ္လီ ယန္တေ နဒ္ဓါရံသံဝရိတွာ ပတိသလ္လီယိတုံ=ဘိက္ခုတို့.....“နေ့အခါ၌ ကိန်းအောင်းသော (အိပ်သော) ရဟန်းသည် တံခါးပိတ်၍ ကိန်းအောင်းခြင်းငှာ ခွင့်ပြုတော်မူ၏” ဟူသော ပထမပါရာဇိက ဝိနိတဝတ္ထု ပါဠိတော်နှင့်အညီ, နေ့အခါ တံခါးရှိသော ကျောင်းအတွင်း အခန်းတွင်းတို့၌ အိပ်သောရဟန်းသည် မိမိနှင့်သက်ဆိုင်ရာတံခါးကို ပိတ်ရမည်၊ အခန်းတွင်းအိပ်လျှင် အခန်းတံခါးကိုပိတ်–တစ်ပါးနေကျောင်းတွင်း(ကမ္မဋ္ဌာန်းကျောင်းစသည်၌) အိပ်လျှင် ကျောင်းတံခါးပိတ်၍ အိပ်ရမည်၊ မပိတ်ဘဲအိပ်လျှင် ဤဒိဝါသေယျသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်သင့်သည်။

အများနှင့်ဆိုင်သော ကျောင်းအခန်းများ၌ကား “နောက်ဝင်မည့်ပုဂ္ဂိုလ် ပိတ်လိမ့်မည်” ဟု နှလုံးသွင်း၍အိပ်ရမည်၊ တံခါးစောင့်ရှိလျှင် ထိုသူကိုစောင့်ဖို့ရန် မှာထား၍ဖြစ်စေ–သူစောင့်လိမ့်မည်ဟု နှလုံးသွင်း၍ဖြစ်စေ အိပ်ကောင်း၏၊ ထိုသို့ နှလုံးမသွင်းဘဲအိပ်လျှင် ဒုက္ကဋ်ပင်၊ သို့သော် “တံခါး” ဟူရာ၌ ယခုကာလ ပတ္တာတပ်ထားသော (ရှေးကအထက်၌ ကွင်းတပ်၍ အောက်၌ ဆုံ့ယော်တပ်ထားသော) တံခါးများတည်း၊ ယခုခေတ် ဆွဲလိုက်ရွှဲ့လိုက်ရသော သံတံခါးမျိုးနှင့် ကဲလားစသော တံခါးမျိုးမှာ ပိတ်ဖွယ်မလို၊ ထို့ပြင်–အထွက်အဝင် မဟုတ်သော ပြတင်းပေါက်များလည်း ပိတ်ဖွယ်လိုမည်မထင်၊ “ပိတ်” ဟူရာ၌လည်း မင်းတုပ်ချထားမှမဟုတ်, ဦးခေါင်းမဝင်ရုံသာ ဧုထားလျှင်လည်း “အပိတ်” ပင်တည်း။

၇။ ဓမ္မဒေသနာ။ ။ အနီးအပါး၌ နားလည်သူ လူယောက်ျားမရှိဘဲ မာတုဂါမအား တစ်ယောက်လျှင် ၆ ခွန်းကျထက်ပို၍ ပါဠိအဋ္ဌကထာဓမ္မကို

http://www.dhammadownload.com

ဟောလျှင် ပါစိတ်၊ နားလည်သောယောက်ျားဟူသည် "ရိုးရိုးသားသား ပြောသောစကား, ဆန်းဆန်းပြားပြား ပြောသောစကား" ဟု ခွဲခြားနိုင်လောက်သူတည်း၊ ဝိဂ္ဂဟသဒ္ဒါနှင့် လာသမျှ အယောင်ဆောင်ထားသူကို မယူရ၊ လူစင်စစ် ယောက်ျား၏ကိုယ်ကိုသာ ယူရမည်၊ မာတုဂါမဟူသည်လည်း ထိုကဲ့သို့သော စကားမျိုးကို နားလည်လောက်သော မိန်းမတည်း။

ဓမ္မဟူသည် ပဒသောဓမ္မသိက္ခာပုဒ်၌ ပြအပ်ခဲ့သော ပါဠိတော်အဋ္ဌကထာများတည်း၊ ထိုကြောင့် မြန်မာဘာသာစသည်ဖြင့် တရားစကားပြောရာ၌ အနားက ယောက်ျားမရှိဘဲ ၆ ခွန်းထက်ပို၍ ပြောသော်လည်း အနာပတ္တိ၊ ယခုကာလ သီလပေးများ၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆामိ" စသည်ဖြင့် ပါဠိတွေ ပါနေသော်လည်း ထိုပါဠိသည် ဓမ္မဒေသနာသဘော (တရားဟော) မဟုတ်သောကြောင့် အာပတ်သင့်ဖွယ်မရှိဟု ဆိုကြ၏။

၅ ခွန်း ၆ ခွန်း။ ။ "ဆပ္ပဠ္ဍဝါစာ" ဟူရာ၌ ပဠ္ဍမှာ ဝါစာသိလိဋ္ဌ (စကားချောအောင် ထည့်ရိုးအတိုင်း ထည့်ခြင်းသာ) တည်း၊ အခွန်းရေတွက်ရာ၌ကား ဂါထာရွတ်၍ဟောရာဝယ် တစ်ပါဒလျှင် တစ်ခွန်းကျ, စုဏ္ဏိယဖြင့် ဟောရာဝယ် တစ်ဝိဘတ်ဆုံးလျှင် တစ်ခွန်းကျရေတွက်ရမည်၊ ထို ၆ ခွန်းထက်ပိုလျှင်ကား အကွာရာတစ်လုံးဖြစ်စေ တစ်ပါဒဖြစ်စေ တစ်ဝိဘတ်ဆုံးသော တစ်ပုဒ်ဖြစ်စေ ပိုလျှင် အာပတ်ပင်တည်း။

အဂါ ၅ ပါး။ ။၁-ပါဠိအဋ္ဌကထာဓမ္မကို ၆ ခွန်းထက်ပို၍ ဟောခြင်း, ၂-တတ်သိနားလည်လောက်သော မာတုဂါမဖြစ်ခြင်း, ၃-ဣရိယာပုတ် အပြောင်းအလွဲမရှိခြင်း, ၄-တတ်သိနားလည်သူ ယောက်ျားမရှိခြင်း, ၅-ပြဿနာဖြေသောအရာ မဟုတ်ခြင်း, ၅ ပါးတည်း။

၃-မာတုဂါမတစ်ယောက်အား ရပ်လျက် ၆ ခွန်းဟောပြီးနောက်, ထိုင်လျက် ၆ ခွန်းဟော, သို့မဟုတ် ပထမ တစ်ထိုင် ၆ ခွန်းဟောပြီးနောက်, တစ်ခါထပြီးမှ ဒုတိယတစ်ထိုင် ၆ ခွန်းဟော, ဤသို့ ဣရိယာပုတ်ကို ပြောင်း၍ဟောလျှင် ၆ ခွန်းပေါင်းများစွာ ဟောနိုင်၏၊ ဣရိယာပုတ် မပြောင်းဘဲကား ၆ ခွန်းထက်ပို၍ ဟောခွင့်မရ၊ မာတုဂါမအများ ထိုင်နေရာ၌လည်း တစ်ယောက်လျှင် ၆ ခွန်းကျ မှန်း၍ဖြစ်စေ (၆ ခွန်းစီဟောမည်ဟု ပြော၍ဖြစ်စေ) ဟောနိုင်သည်။

၅-မာတုဂါမက "ဒီဃနိကာယ်ဆိုတာ ဘယ်လို အကြောင်းအရာကို ပြသော နိကာယ်ပါလဲ ဘုရား" စသည်ဖြင့်မေးလျှင် ဒီဃနိကာယ် ပါဠိတော်

http://www.dhammadownload.com

၀။ ဘူတာရောစန ယောသန ဘိက္ခု-သည်၊ အနုပသမ္ပန္နသ-လူသာမဏေ အား၊ ဥတ္တရိမနုဿဓမ္မ-မြတ်သောစျာယီ အရိယာ လူတို့၏ ဥစ္စာဖြစ်သော စျာန်မဂ်ဖိုလ်တရားကို၊ အာရောစေယျ-ပြောအုံ၊ ဘူတသ္မိံ-ဟုတ်မှန်လသော်၊ တဿဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

အဋ္ဌကထာအားလုံးပင် ဟောကောင်းသည်၊ ဤသို့မမေးဘဲ ဟောလျှင်သာ ၆ ခွန်းထက်ပိုရာ၌ အာပတ်သင့်သည်။ [အကြွင်းအဂ်ါများ ထင်ရှားပြီ။]

[ဆောင်] ဓမ္မခြောက်ခု-ပိုအောင်ပြုသား၁, မာတုဂါမ-နားလည်စွန့်၂, ပထဝီရှိ-ပြောင်းမလှည့်ဘဲ၃, တတ်သိယောက်ား-နိုးနားမပါ၄, ပြဿနာဖြေခင်း-မဟုတ်ခြင်းဟု၅, ကြောင်းရင်း ၅ လိ, အဂ်ါညီ, သင့်ပြီ ဓမ္မ-ဒေသန။

၀။ ဘူတာရောစန။ ။ [ဘူတ=ဟုတ်မှန်သည်ကို+အာရောစန=ပြောခြင်း။] စျာန်ကိုရပြီးသော သို့မဟုတ် မဂ်ဖိုလ်ကိုရပြီးသော ရဟန်းသည် မိမိမှာ စျာန်မဂ်ဖိုလ်ရကြောင်းကို လူသာမဏေအား အမှန်အတိုင်းပြောလျှင် ပါစိတ်အာပတ်။ [မိမိမရဘဲ စျာန်မဂ်ဖိုလ်ရသည်ဟု လိမ်ပြောလျှင်ကား ပါရာဇိကဟု ဆိုခဲ့ပြီ၊ ဥတ္တရိမနုဿဓမ္မပုဒ်ဖွင့်ကို ထိုပါရာဇိကမှာ ပြန်ကြည့်။]

အဂ်ါ ၄ ပါး။ ။ ၁ - ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားရှိခြင်း, ၂-လူသာမဏေအားပြောခြင်း။ [သာသနာတော်၏ မွန်မြတ်ကြောင်းကို သိစေလို-သူတို့လည်း အားကျစေလို၍ ဘိက္ခု-ဘိက္ခုနီတို့အား ပြောကောင်း၏။]

၃-ထိုပြောပြီးခဏ၌သိခြင်း၊ [အတော်ကြာ၍ စဉ်းစားမှသိလျှင် သို့မဟုတ် ، လုံးလုံးမသိလျှင် ဒုက္ခင့်၊] ၄-သူတစ်ပါးကို မည္ဆန်ပြခြင်း၊ ["သင်၏ကျောင်း၌နေသူသည် စျာန်ရ၏" စသည်ဖြင့် မိမိပင် ဖြစ်သော်လည်း သူတစ်ပါးအနေအားဖြင့် မည္ဆန်ပြခြင်း-ဟူလို။] ဤသို့ အဂ်ါ ၄ ပါးတည်း။

[ဆောင်] စျာန်မဂ်ဖိုလ် ဥတ္တရိရယ်က, မိမိ၌ရှိသည်မှန်၁,
သာမဏေ လူပါနော-ပြောပြမိပြန်၂,
ချက်ချင်းလည်းသိဟန်၃, မည္ဆန်ပြန်သူများ၄,
အင်လေးဖြာ အစုံကပ်လျှင်လ, ပါစိတ္တိ-ဘူတာပတ်ရယ်ဟု,
ဆုံးဖြတ်မမှား။

http://www.dhammadownload.com

၉။ ဒုဋ္ဌုလ္လာရောစနေ ယောပန ဘိက္ခု-သည်၊ ဘိက္ခုသမ္မုတိယာ-ရဟန်းအား ပေးအပ်သော သမ္မုတိကို၊ အညတြ-၍၊ ဘိက္ခုသ-ရဟန်း၏၊ ဒုဋ္ဌုလ္လဲ-ရုန့်ရင်းသော၊ အာပတ္တိ-အာပတ်ကို၊ အနုပသမ္မနုသ-လူသာမဏေအား၊ အာရောစေယျ-ပြောအံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၉။ ဒုဋ္ဌုလ္လာရောစနေ။ ။ [ဒုဋ္ဌုလ္လ=ရုန့်ရင်းသော အာပတ်ကို+ အာရောစန=ပြောခြင်း။] ရဟန်းတစ်ပါး-သံဃာဒိသေသ် အာပတ်သင့်သည်ကို မိမိက သမ္မုတိရသူမဟုတ်ဘဲ လူသာမဏေအားပြောလျှင် ပါစိတ်အာပတ်၊ [ပါရာဇိကနှင့် သံဃာဒိသေသ် အာပတ်များကို ဒုဋ္ဌုလ္လအရ ယူရမည်၊ ထိုသို့ ယူရကြောင်းကို နောက်၌ မှတ်ခုက်ဖြင့် ထင်ရှားစေလတ္တံ့။]

ဘိက္ခုသမ္မုတိယာ-ဥုံးတိသ်သည် သံဃာဒိသေသ်အာပတ် မပြတ်သင့်နေအံ့၊ "နောင်ခါ ရှက်ကြောက်သောအားဖြင့် ထိုအာပတ်အပြစ်မှ ရှောင်ကြဉ်ပါစေတော့" ဟု သဘောထား၍ ထိုဥုံးတိသ်၏အပြစ်ကို လူဒကာ ဒကာမတို့အား ပြောဖို့ရန် သံဃာက အပလောကနကံ (သံဃာ့အလယ်မှာ ခွင့်ပန်သောကံ) ဖြင့် ရဟန်းတစ်ပါးအား သမ္မုတိပေးထားလျှင် ထိုသမ္မုတိရသောရဟန်းက ထိုဥုံးတိသ်၏ ဒုဋ္ဌုလ္လအာပတ်ကို လူတို့အား ပြောကောင်း၏၊ ထိုသို့ သမ္မုတိမရှာ်ပြောလျှင် ပါစိတ်အာပတ်သင့်သည်။

သမ္မုတိပေးပုံ။ ။ သံဃာစည်းဝေးပြီးနောက် သံဃာ့အလယ်မှာ "ဥုံးတိသ်၏ ဒုဋ္ဌုလ္လအာပတ်ကို လူသာမဏေအား ပြောနိုင်ဖို့ရန် ဥုံးမမ္ဘကို သမုတ်ပါသည်, သဘောတူလျှင် ဆိတ်ဆိတ်နေပါ" ဤသို့ ၃ ကြိမ်ပြော၍ ပေးရသည်။

မှတ်ချက်။ ။ ဤသို့ နောင်ရှောင်ကြဉ်စေရန် လူတို့အား ပြောခွင့် သမ္မုတိပေးမှုကို ထောက်သောအားဖြင့် ဒုဋ္ဌုလ္လအရ သံဃာဒိသေသ်သာ ယူရကြောင်း သိသာသည်၊ ပါရာဇိကအာပတ် သင့်ပြီးဖြစ်လျှင်ကား နောင်ရှောင်ကြဉ်ဖို့ မလိုသောကြောင့် သမ္မုတိရသော ရဟန်းက ပြောသော်လည်း အကျိုးမရှိပြီ။

အာရောစေယျ -"ပြော" ဟုဆို၍ "ဥုံးတိသ်သည် သံဃာဒိသေသ် အာပတ် သင့်၏" ဟု အာပတ်ကိုသာ ပြောသည်ဖြစ်စေ "ဥုံးတိသ်သည်

http://www.dhammadownload.com

၁၀။ ပထဝီခဏေန ယောပန ဘိက္ခု-သည်၊ ပထဝီ-မြေကို၊ ခဏေယျဝါ-ကိုယ်တိုင်မှလည်းတူးအုံ့၊ ခဏာပေယျဝါ-သူတစ်ပါးကိုမှလည်း တူးစေအုံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ [ပထမော-ပထမဖြစ်သော၊ မုသာဝါဒဝဂ္ဂေါ-မုသာဝါဒဝဂ်တည်း။]

* * * * *

သုက္ကဝိသဋ္ဌိအမှုကိုပြု၏" ဟု ဝတ္ထုကိုသာ ပြောသည်ဖြစ်စေ အာပတ်မသင့်သေး၊ "ဥုးတိဿသည် သုက္ကဝိသဋ္ဌိအမှုကို ပြုသောကြောင့် သံဃာဒိသေသ် အာပတ်သင့်၏" ဟု ဝတ္ထုနှင့် အာပတ်ကို တွဲစပ်၍ပြောမှသာ ပါစိတ်အာပတ်သင့်သည်။

မှတ်ချက်။ ။ အောက်အာပတ်များကိုလည်းကောင်း သာမဏေများ၏ လွန်ကျူးမှုကိုလည်းကောင်းပြောလျှင် ဒုက္ကဋ်၊ သာမဏေများ၏ ပါဏာတိပါတ စသော ရှေ့ငါးပါးကို ကျူးလွန်ခြင်းသည် ဒုဋ္ဌုလ္လ (အကြမ်း) အပြစ်တည်း၊ ဝိကာလဘောဇန စသည်နှင့် သံဃာဒိသေသ်လာ သုက္ကဝိသဋ္ဌိ စသော အမှုများကို ကျူးလွန်ခြင်းသည် အဒုဋ္ဌုလ္လ (မကြမ်းသော) အပြစ်များတည်း၊ ထို့ကြောင့် ပါတိမောက်လာ အချို့သိက္ခာပုဒ်များသည် သာမဏေများ ကျင့်ထိုက်သော သိက္ခာပုဒ်များတည်းဟုမှတ်။

အဂါ ၃ ပါး။ ။ ၁-ပါရာဇိက မကျသေးသော ရဟန်း၏ သံဃာဒိသေသ်အာပတ်ဖြစ်ခြင်း, ၂-လူသာမဏေအားပြောခြင်း, ၃-သမ္ဘုတိ မရခြင်း, ၃ ပါးတည်း။ [လူဟူရာ၌ ရသေ့ ပရဝိုဇ်များပါ ပါသည်။]

[ဏောင်] ရဟန်းစင်စစ်, ဖြစ်သည့်သူ၏, ဝတ္ထုလည်းပါ, သံဃာဒိသေသ်, အာပတ်ဖြစ်စေ[1], သာမဏေလူ-ပြောမှုတစ်ဝ[2], မရသမ္ဘုတိ[3], အင်သုံးပြည့်, သင့်၏ ဒုဋ္ဌုလ္လ။

၁၀။ ပထဝီခဏေန။ ။ မြေကို ကိုယ်တိုင်တူးလျှင်လည်းကောင်း "သူတစ်ပါးကိုတူးစမ်း" ဟုခိုင်းလျှင်လည်းကောင်း ပါစိတ်၊ "ခဏေယျ"ဟု တူးခြင်းကြိယာကိုသာ ဆိုသော်လည်း တူးခြင်းတစ်မျိုးသာမက, ထေါက်ခွဲခြင်း-ခြစ်ခြင်း-မီးတိုက်ခြင်း စသော ဖျက်ဆီးခြင်းအားလုံးကို ယူပါ၊ ခဏနကြိယာကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ပြထားသည်-ဟု ဆိုလိုသည်။

http://www.dhammadownload.com

ပထဝီအမျိုးမျိုး။ ။ ဇာတပထဝီ အဇာတပထဝီ ဟု ၂ မျိုးရှိသည်၊ ထိုတွင် "ဇာတပထဝီ ဟူသည် မြေဖြစ်ပြီးသော ပထဝီ (မြေအမျိုးတွင် ပါဝင်သောပထဝီ) တည်း၊ "အဇာတပထဝီ" ဟူသည်ကား မြေအမျိုးတွင် မပါဝင်သော ပထဝီတည်း၊ ဇာတပထဝီလည်း သုဒ္ဓပထဝီ မိဿပထဝီ ပုဗ္ဗပထဝီအားဖြင့် ၃ မျိုးပြား၏။ သုဒ္ဓပထဝီဟူသည် မြူမှုန် (ပုံ) သက်သက် သို့မဟုတ် မြေညက်သက်သက်တည်း။ ["မြေမှုန်–မြူမှုန်–ပုံ" ဟုခေါ်သော အပေါ်ယံမြေကို "ပံသု" ဟုခေါ်၏၊ မြူပုံတို့၏ အောက်ခ်ိုရှိသော မြေသားကို "မတ္တိကာ" ဟုခေါ်သည်။]

မိဿပထဝီဟူသည် ကျောက်ခဲ ကျောက်စရစ် အိုးခြမ်း ကျောက်ပြွတ်ခဲတို့နှင့် ရောနေသော ယခင် ပံသု–မတ္တိကာ ပထဝီများတည်း၊ ထိုသို့ရောရာ၌ ပံသုဖြစ်စေ မတ္တိကာဖြစ်စေ, တစ်ဝက် တစ်ဝက်ထက်များလျှင် ဇာတပထဝီတွင် ပါဝင်၏၊ ပံသုမတ္တိကာတို့ကနည်း၍ ကျောက်ခဲစသည်ကများလျှင် အဇာတပထဝီတွင် ပါဝင်သည်။

ပုဗ္ဗပထဝီဟူသည်ကား ပုံထားသောမြေမှုန် မြေညက်များတည်း၊ ထိုမြေပုံများသည် အမိုးအကာမရှိသော လွင်ပြင်၌ သို့မဟုတ် မိုးမလုံသော နေရာ၌ တစ်ကြိမ် မိုးစွတ်ပြီးနောက် လေးလကြာလျှင် ဇာတပထဝီတွင် ပါဝင်တော့သည်၊ အထက်ပိုင်းသာ မိုးစိုရ်ု အောက်ပိုင်းအတွင်းပိုင်း မစိုလျှင် မစိုသော နေရာများ ဇာတပတဝီတွင် မပါဝင်သေး။

မှတ်ချက်။ ။ ဤပုဗ္ဗပထဝီနှင့်စပ်၍ လွင်ပြင်ရှိ ခြံတောင်ပို့ခြအိမ်များနှင့် ပန်းအိုး၌ ထည့်ထားအပ်သော မြေများလည်း ပထမတစ်ကြိမ် မိုးစွတ်ပြီးနောက် လေးလကြာလျှင် ဇာတပထဝီတွင် ပါဝင်ကြသည်–ဟုမှတ်။

အာပတ်သင့် မသင့်။ ။ထိုဇာတပထဝီတွင် ပါဝင်သော သုဒ္ဓပံသု သုဒ္ဓမတ္တိကာ မိဿပံသု မိဿမတ္တိကာများကို တူးဖောက် ခွဲဗျက် မီးတိုက်ခြင်း–ထိုဇာတပထဝီများကို ခြေ လက် တုတ်တို့ဖြင့်ခြစ်ခြင်း–ရေးသားခြင်း (အယုတ်သဖြင့် မြေပျက်အောင် ကျင်ငယ်ကိုပြင်းပြင်းစွန်ခြင်း) တို့တွင် တစ်ခုခုကိုပြုလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်။ [ဇာတပထဝီပေါ်၌ သပိတ်ဖုတ်ရန် ဆိုးရည်ကျိုရန် မီးမွှေးလျှင်လည်း မီးတိုက်ရာရောက်၏။]

http://www.dhammadownload.com

ဈာတပထဝီတွင် မပါဝင်သော အုတ် ကျောက်စသည်တို့ များစွာပါသော မြေ, သပိတ်ဖုတ်ဖူးသော နေရာဖြစ်၍ မီးလောင်ပြီးသော မြေ, မိုးမစွတ်သေးသော-စွတ်သော်လည်း ၄ လမပြည့်သေးသော မြေပုံ တောင်ပို့ ခြအိမ်များကို ဖျက်ဆီးသော်လည်း အပြစ်မရှိ၊ ထိုဈာတပထဝီကိုပင် သစ်တုံးလိုမ့်ရင်း တောင်ဝှေး ထောက်ရင်း တံမြက်လှည်းရင်း ပျက်စေသော်လည်း ဖျက်လိုသော စိတ်မရှိလျှင် အာပတ်မသင့်။

ဈာဝေယျ-တူးစေခြင်း (အတူးခိုင်းခြင်း) ၌ အပ်သော ခိုင်းနည်း မအပ်သောခိုင်းနည်းဟု ၂ မျိုးရှိ၊ "ဤမြေကို တူးစမ်း, ဤတွင်းကိုတူးစမ်း, ဤမြေကိုခွဲစမ်း, ဖောက်စမ်း, ဖြိုဖျက်စမ်း, မီးတိုက်စမ်း" စသည်ဖြင့် မြေကို တိုက်ရိုက်သွန်ပြ၍ ခိုင်းခြင်းသည် မအပ်သောခိုင်းခြင်းတည်း။

အပ်သော နိုင်းနည်း။ ။ "ဤတွင်းကို ဤမြေကို ကပ္ပိစမ်း, သိစမ်း, ဤမြေဖြင့် အလိုရှိသည်, ဤမြေကို ယူခဲ့စမ်းပါ" စသော ခိုင်းခြင်းများသည် အပ်သော ခိုင်းခြင်းတည်း၊ နေရာကို မသတ်မှတ်ဘဲ "မြေပေါက်လိုက်, တွင်းတူးလိုက်" စသော ခိုင်းခြင်းများ၌လည်း အာပတ်မသင့်ပါ၊ သို့ရာတွင် "ကပ္ပိစမ်း သိစမ်း" စသော အသုံးများကိုသာ သုံးမိအောင် သတိပြုရမည်။

အဂါ ၃ ပါး။ ။ ၁-ဈာတပထဝီဖြစ်ခြင်း, ၂-ဈာတပထဝီမှန်းသိခြင်း, [အမှတ်တမဲ့ ခြစ်မိ တူးမိရာ၌ အနာပတ္တိ။] ၃-ကိုယ်တိုင်တူးခြင်း, သို့မဟုတ် သူတစ်ပါးကို တူးစေခြင်း, ၃ ပါးတည်း။

[ဆောင်] ပထဝီဈာတ-ဖြစ်ကြဆိုင်ဆိုင်[1], သိမှတ်နိုင်လျက်[2], ကိုယ်တိုင်တူးခြင်း, တူးစေခြင်း[3]ဟု, ကြောင်းရင်းသုံးလိ, အဂါညီ, ပထဝီ ပါစိတ်သင့်။

---

http://www.dhammadownload.com

ဘူတဂါမဝဂ်

၁။ ဘူတဂါမ ဘူတဂါမပါတဗျတာယ–ဖြစ်ဆဲ ကြီးပွားဆဲ, ဖြစ်ပြီး ကြီးပွားပြီးသော မြက်သစ်ပင် အပေါင်းကို ဖျက်ဆီး ခြင်းကြောင့်၊ ပါစိတ္တိယ်–ပါစိတ် အာပတ်သည်၊ ဟောတိ–ဖြစ်၏။

* * * * *

၁။ ဘူတဂါမ။ ။ သစ်ပင်ကို ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ ဖျက်ဆီးလျှင် ပါစိတ်အာပတ်သင့်၏၊ "ဖျက်ဆီး" ဟူသည် ဖြတ်ခြင်း ခွဲခြင်း မီးတိုက်ခြင်း စသည်များတည်း၊ "ဘူတဂါမ" ၌ ဘူတသဒ္ဒါသည် အမြစ် အညွန့် ထွက်သည်မှစ၍ စည်ကားမှု မကုန်သေးသမျှ စည်ကားဆဲ ဖြစ်သော သစ်ပင်များကိုလည်းကောင်း, အစွမ်းကုန် စည်ကားပြီးသော သစ်ပင်ကြီးများကိုလည်းကောင်း ဟောတ်၏၊ "ဘဝန္တိတိ ဘူတာ, အဘဝုန္တိ ဘူတာ=ဘဝန္တိ–ဖြစ်ကုန် ကြီးပွားကုန်ဆဲ၊ အဘဝုံ–ဖြစ်ကုန် ကြီးပွားကုန်ပြီ" ဟု အနက်ဆို၊ ဂါမသဒ္ဒါကား "အပေါင်း" အနက်ဟော၊ ဘူတာနံ–ဖြစ်ဆဲ ကြီးပွားဆဲ ဖြစ်ပြီး ကြီးပွားပြီးသော သစ်ပင်တို့၏၊ ဂါမော–အပေါင်းသည်၊ ဘူတဂါမော–ဘူတဂါမ်မည်၏။

ပါတဗျတာ။ ။ "ပါတဗျ" ၌ ပါဓာတ် (တဗ္ဗပစ္စည်းနှင့် အလားတူသော) တဗျပစ္စည်းတည်း၊ ဤနေရာ၌ ပါဓာတ်သည် "သုံးစွဲခြင်း" အနက်ဟောတည်း၊ ပါတဗျာနံ–ဖြတ်ခြင်း ခွဲခြင်း မီးတိုက်ခြင်း စသည်ဖြင့် အလိုရှိတိုင်း သုံးစွဲအပ်သော သစ်ပင်အပေါင်း၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ ဖျက်ဆီးခြင်းကြိယာသည်၊ ပါတဗျတာ–မည်၏၊ ဆိုလိုရင်းမှာ–"သစ်ပင် အပေါင်းကို ဖျက်ဆီးခြင်း" ဟု ဆိုလိုသည်။

ဗီဇဂါမ် ဘူတဂါမ်။ ။ မျိုးစေ့အပေါင်းကို (ဗီဇဂါမ) ဗီဇဂါမ်, သစ်ပင်အပေါင်းကိုဘူတဂါမ်ဟုခေါ်ကြသည်၊ ထိုတွင် ဗီဇဂါမ်သည် မူလ (အမြစ်), ခန္ဓ (ပင်စည်), ဖလု (အဆစ်), အဂ္ဂ (အညွန့်), ဗီဇ (အစေ့) အားဖြင့် ၅ပါးပြား၏၊ ထိုမျိုးစေ့အဖြစ်၌ တည်ရှိသော ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုမျိုးစေ့ကို စိုက်ပျိုးသည်အခါ အမြစ်သာထွက်၍ အညွန့်မထွက်သေးလျှင်လည်းကောင်း, အညွန့်သာထွက်၍ အမြစ်မထွက်သေးလျှင်လည်းကောင်း, ဗီဇဂါမ်ပင်တည်း၊ အမြစ် အညွန့် ၂ မျိုးလုံး ထွက်လျှင်ကား ဘူတဂါမ်တွင် ပါဝင်လေပြီ၊ သောက်ရေအိုးများ၏ အပြင်ဘက်၌ ရေညှိဟုခေါ်အပ်သော မှော်သေးကလေးများကို တွေ့ရတတ်၏၊ ထိုမှော်သေးကလေးများ၌ အရွက်

http://www.dhammadownload.com

အညွှန့်လည်း မပါရကား ဗီဇဂါမ်တွင် ပါဝင်လေသည်၊ သို့ဖြစ်၍ ထိုရေကို မျှားကို ရဟန်းကိုယ်တိုင် မဆေးမိရန် သတိပြု။

[ဆောင်] မြစ်-ဆစ်-ပင်စည်, ညွှန့်-စေ့မှီ, ငါးလိပ်ဗီဇဂါမ်။
ဖျက်လေသမျှ, ဒုက္ခင့, မုချသင့်ရမှန်။

မအပ်သောနိုင်းနည်း။ ။ "ဤသစ်ပင်ကို ဖြတ်စမ်း-ခုတ်စမ်း-လှဲစမ်း-ချိုင်စမ်း-ဤအသီးကိုဆွတ်စမ်း" ငရုတ်သီး ကြက်သွန် စသည်ကို "ထောင်းစမ်း, ချက်စမ်း" အပင်ပေါက်မည့် ကြဲစသည်ကို "ဖြတ်စမ်း" စသော ခိုင်းခြင်းသည် မအပ်သောခိုင်းခြင်းဖြစ်၍ အာပတ်သင့်၏၊ ထိုတွင် သစ်ပင်ကား ဘုတဂါမ်, ငရုတ်သီးစသော အပင်မှလွတ်ပြီး မိုးစေ့ကား ဗီဇဂါမ်တည်း။

အပ်သောနိုင်းနည်း။ ။ "ဤသစ်ပင်ကို သီစမ်း, ကပ်စမ်း, ဤငရုတ်သီးကို ကပ်စမ်း" စသော ပထဝီခဏနသိက္ခာပုဒ်၌ ပြခဲ့သော ခိုင်းနည်းကား အပ်သောခိုင်းနည်းတည်း၊ မည်သည့်သစ်ပင် မည်သည့်ငရုတ်သီးဟု မည္ဆန်ဘဲ "သစ်ပင်ခုတ်လိုက်, ငရုတ်သီးထောင်းလိုက်" စသော ခိုင်းခြင်း၌ အပြစ်မရှိပါ၊ သို့ရာတွင် "သီစမ်း, ကပ်စမ်း" ဟု ပြောလေ့ရှိပါ၏။ ဤသိက္ခာပုဒ်၌လည်း ဖျက်ဆီးလိုသော စိတ်မရှိဘဲ သစ်တုံးလိုမ့်ရာ ဘောင်ဝေးထောက်၍ စကြ်သွားရာ အခါတို့၌ မြက်သစ်ပင်တို့ ပျက်စီးသော်လည်း အနာပတ္တိပင်။

ကပ်ခြင်း။ ။ အပ်သောနည်းဖြင့် သစ်ပင် သစ်သီး ကြဲ စသည်ကို ဆွတ်ခြင်း ခုတ်ခြင်းကို ပြုစေပြီးသည့်အခါ ဘုတဂါမ်အဖြစ်မှ ကင်းခဲ့လေပြီ၊ သို့သော် နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်လျှင် ဗီဇဂါမ်ဖြစ်နေသေးသောကြောင့် ထိုဗီဇဂါမ် သစ်ပင် သစ်သီး-ကြဲစသည်ကို ရဟန်းများ သုံးဆောင်ကောင်းလောက်အောင် (ဗီဇဂါမ်ကို ဖျက်ဆီးရာမရောက်အောင်) "ကပ်ခြင်း" ခေါ် ဝိနည်းကဲတစ်ခုကို ပြုရသေးသည်။

ကပ်နည်းအမျိုးမျိုး။ ။ ကပ္ပသဒ္ဒါသည် ဤနေရာ၌ သမဏဝေါဟာရ (ရဟန်းတို့၏ အပ်အောင်ပြုကြောင်းဖြစ်သော အသုံးအနှုန်း) အနက်ကို ဟောတ်၏၊ ထိုအသုံးအနှုန်းကား ၁-မီးဖြင့်တိုက်ခြင်း, ၂-ဓားဖြင့်ခုတ်ခြင်း, ၃-လက်သည်းခြေသည်းတို့ဖြင့် ဆိတ်ဖြတ်ထိုးဖောက်ခြင်း, ၄-နဂိုအစေ့နှ၍ အပင်မပေါက်နိုင်ခြင်း, ၅-သရက်သီးမှည့် စသည်ကဲ့သို့ အစေ့ကို ထုတ်ပစ်၍ ဖြစ်ခြင်းများတည်း။ ဤ ၅ မျိုးလုံးပင် ရဟန်းတို့အား အပ်သောအသုံးအနှုန်းများ ဖြစ်သောကြောင့် "ကပ္ပ" ဟုခေါ်သည်။ [ထိုတွင် အစေ့နှင့် ထုတ်ပစ်၍ ရကောင်းသော အစေ့တို့မှာ ကပ်ဖွယ်မလို, နဂိုအတိုင်း ကပ္ပဖြစ်သည်။]

http://www.dhammadownload.com

ကပ္ပိုပုံ။ ။ သူ၏မျိုးစေ့မှ အပင်ပေါက်လောက်သော သစ်သီး-ကြဲတို့ကို စားလိုလျှင် ရဟန်းက "ကပ္ပိယံ+ကရောဟိ" ဟု ဆိုပြီးနောက် လူသာမဏေက "ကပ္ပိယံ+ဘန္တေ" ဟု ဆိုလျက် (ဆိုတုန်းဖြစ်စေ ဆိုပြီး ချက်ချင်းဖြစ်စေ) မီးဖြင့်သော်လည်းထိုး, ဓားဖြင့်သော်လည်းခုတ်, လက်သည်းဖြင့်သော်လည်းဆိတ်ရမည်၊ ဓား-လက်သည်းဖြင့် ထိုး ခုတ် ဆိတ်ဖြတ်ရာ၌ ထက်ပိုင်းမပြတ်ဘဲ ဓားရာ လက်သည်းရာ အပေါက်အပြတ် ထင်ရှားလျှင် အပ်ပြီ၊ ထက်ပိုင်းပြတ်လျှင်ကား ဆိုဖွယ်ရာမရှိပြီ၊ သို့သော် ဝိမတိ၌ကား "တဋ္ဌ ဒ္ဒိဓာ အကတ္တာ ဆေဒနဘေဒနမေဝ ဒဿေတဗ္ဗံ" ဟုဆို၏၊ ထိုအလို "၂ ပိုင်းမပြတ်စေရ" ဟု ဆိုလိုသည်၊ စဉ်းစားပါ။

ဆက်ဦးအုံ- "ဓားဖြင့်ခုတ်" ဟူရာ၌ အပ်ဖြင့်ထိုးခြင်းများလည်း ပါဝင်၏၊ ထိုသို့ ကပ္ပိရာ၌ သစ်သီးစသော ဝတ္ထုက ရဟန်း၏လက်ထဲ၌ ရှိနေမှမဟုတ်, ထောင်ပုံရာပုံ ပုံထားသော အကပ်မခံရသေးသော သစ်သီးပုံ ကြဲပုံတို့ကိုလည်း, ရဟန်းတစ်ပါးက မထိမကိုင်ဘဲ "ကပ္ပိယံ ကရောဟိ" ဟုဆိုလျှင် လူသာမဏေက တစ်စပ်တည်းနေသော သစ်သီးတစ်လုံးကို ကြဲတစ်ချောင်းကို "ကပ္ပိယံ ဘန္တေ" ဟုဆို၍ ခုတ်လိုက် ထိုးလိုက်လျှင် အားလုံးပင် ကပ္ပိပြီးဖြစ်တော့၏၊ တစ်ကြိမ် ကပ္ပိပြီးသော သစ်သီးများကို (အကပ်မခံရသေးလျှင်) နောက်နောက်ရက်များ၌ပင် ထပ်၍မကပ္ပိဘဲ အကပ်ခံ၍ စားသောက်နိုင်၏။

ကပ္ပိယံ ကရောဟိအဓိပ္ပာယ်။ ။ ကပ္ပသ-သမဏဝေါဟာရအား+ အနုရူပ်-လျော်သောအမှုတည်း၊ ကပ္ပိယံ-မှု၊ ကပ္ပိယံ-ရဟန်းတို့အား အပ်ကြောင်းဖြစ်သော အသုံးအနှုန်းအားလျော်သောအမှုကို (သဒ္ဒါနက်), ဝါ-အပ်သည်ကို (အဓိပ္ပာယ်နက်), ဝါ-ကပ္ပိခြင်းကို ("ဝေါဟာရ-သုံးစွဲ ရိုးအနက်၊) ကရောဟိ-ပြုလော" ဟု အနက်ဆို၊ "ကပ္ပိယံ ဘန္တေ" ၌ "ဘန္တေ-အရှင်ဘုရား၊ ကပ္ပိယံ-အပ်သည်ကို၊ (ကရောမိ-ပြုပါ၏)" ဟု ဆို၊ ပါဠိလိုမဆိုတတ်လျှင် မြန်မာလို ဆရာက "ကပ္ပိစမ်:" တပည့်က "ကပ္ပိပါ၏ဘုရား" ဟုဆို၍ ဓားစသည်ဖြင့် ခုတ်လျှင်လည်း အပ်သည်သာ။

အဂါ ၃ ပါး။ ။ ၁-ဘူတဂါမ်ဖြစ်ခြင်း, ၂-ဘူတဂါမ်ဟုသိခြင်း, ၃-ကိုယ်တိုင်ဖြစ်စေ နိုင်း၍ဖြစ်စေ ဖျက်ဆီးခြင်း, ၃ ပါးတည်း။ [ပါစိတ်အာပတ်၏ အဂါဖြစ်၍ ဘူတဂါမ်ဟုဆိုသည်၊ ဒုက္ကဋ်အဂါဆိုလျှင် ဗီဇဂါမ်ဖြစ်ခြင်း, ဗီဇဂါမ်ဟုသိခြင်း-ဟု ဆိုရသည်။]

[ဝေါ] ဘူတဂါမ်ဆိုင်ဆိုင်[1], သီမှတ်နိုင်လျက်[2], ကိုယ်တိုင်ဖျက်ခြင်း-ဖျက်စေခြင်းဟု[3], ကြောင်းရင်းသုံးတန်, အင်ညီပြန်, ဘူတဂါမ်ပါစိတ်သင့်။

http://www.dhammadownload.com

၂။ အညဝါဒက

အညဝါဒကေ–မေးအပ်သော အကြောင်းမှ တစ်ပါးသော အကြောင်းကို ပြောဆိုတတ်သူ၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝိဟေသကေ–သံဃာကို ညှဉ်းဆဲတတ်သူ၏ အဖြစ်ကြောင့်လည်းကောင်း၊ ပါစိတ္တိယံ–ပါစိတ်အာပတ်သည်၊ ဟောတိ–ဖြစ်၏။

* * * * *

၂။ အညဝါဒက။ ။ အညဝါဒကကြောင့် ပါစိတ် ၁, ဝိဟေသကကြောင့် ပါစိတ် ၁ ချက်သင့်သည်၊ ထိုတွင် အညဝါဒကဟူသည် မေးမြန်းအပ်သော အကြောင်းကို မဖြေလိုသဖြင့် ထိုစကားကို အခြားစကားဖြင့် ဖုံးလွှမ်းပစ်ခြင်းတည်း၊ ဤဖုံးလွှမ်းခြင်းကို ရှေးနိဿယ၌ "အဖျင်းဖျင်း ပြောဆိုခြင်း" ဟုဆို၏၊ [အနက်ဆန်မရှိဘဲ စပါးပိန် စပါးဖျင်းနှင့်တူသော စကားကို "အဖျင်းဖျင်း" ဟုဆိုလိုသည်။] ဝိဟေသကဟူသည် ဆိတ်ဆိတ်နေလျက် သံဃာကို ညှဉ်းဆဲခြင်းတည်း။

ဆက်ဦးအုံ့–သံဃာဒိသေသ်စသော အာပတ်များကို သာဝသေသ အာပတ်ဟုခေါ်၏၊ "ပါရာဇိကအာပတ်ကဲ့သို့ အမြစ်အရင်း မပြတ်သေးဘဲ အကြွင်းအကျန် ရှိသေးသော အာပတ်များ" ဟူလို၊ ထိုသာဝသေသအာပတ်သင့်နေသော ရဟန်းကို ဝိနည်းမိုရ်က သံဃာ့အလယ်၌ "ငါ့ရှင် ... အာပတ်သင့်သည်မဟုတ်လော" ဟု အာပတ်ဖြင့်ဖြစ်စေ "ငါ့ရှင် ... သုက္ကဝိသဋ္ဌိအမှုကို ပြုသည်မဟုတ်လော" ဟု ဝတ္ထုဖြင့်ဖြစ်စေ မေးလျှင် "ဘယ်သူသင့်သလဲ" ဟု ပြန်မေး၏၊ ဤပြန်မေးခြင်းကား ဝိနည်းမိုရ်မေးသည်ကို မဖြေလို၍ ဝိနည်းမိုရ်စကားကို ဖုံးလွှမ်းပစ်ခြင်းပင်တည်း၊ ဤနည်းအတိုင်း.....

ဝိနည်းမိုရ်။ ။ "သင် သင့်သည်"
ရဟန်း ။ ။ "ဘာအာပတ် သင့်သလဲ"
ဝိနည်းမိုရ်။ ။ "ပါစိတ်အာပတ်–သို့မဟုတ် ဒုက္ကဋ်အာပတ် သင့်သည်"
ရဟန်း ။ ။ "ဘာ့ကြောင့်သင့်သလဲ"
ဝိနည်းမိုရ်။ ။ "မုသာဝါဒကြောင့် သင့်သည်"
ရဟန်း ။ ။ "တပည့်တော် ဘာလုပ်ရင်း သင့်သလဲ"

ဤသို့ စသည်ဖြင့် မီးခိုးမဆုံး မိုးမဆုံး မေးသမျှကို ဖုံးလွှမ်းပစ်နေခြင်းကို "အညဝါဒက" ဟုခေါ်သည်။ ["အည–မေးအပ်သော အကြောင်းမှတစ်ပါးသော အကြောင်းကို + ဝဒတိ–ပြောဆိုတတ်၏" ဝိဂြိုဟ်အရ အညဝါဒက

http://www.dhammadownload.com

သဒ္ဒါသည် မေးအပ်သောအနက်မှ တစ်ပါးသောအနက်ကို ပြောဆိုဖုံးလွှမ်းသူ ရဟန်းကို ရသော်လည်း ဘာဝအနက်ကို ပဓာနကောက်၍ မေးအပ်သော အနက်မှ တစ်ပါးသောအနက်ကို ပြောဆိုဖုံးလွှမ်းတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ (တစ်ပါးသောအနက်ကို တစ်ပါးသောအနက်ဖြင့် ဖုံးလွှမ်းပစ်ခြင်း) ကြိယာကို ရသည်။]

[ဆောင်] အညဝါဒက-ပုဒ်အရ၌, မုချပြောသူ, ရ၏ဟူလည်း, ဤမှဘာဝ-ပဓာနဖြင့်, အညအနက်, မေးသည့်ချက်ကို, အနက်တစ်လမ်း, ဖျက်ဖို့မှန်း၍, ဖုံးလွှမ်းပြောခါ, ကြိယာ, မှန်စွာအရကောက်။

ဝိဟေသက။ ။ "ဝိဟေသေတိ-သံဃာကို ညှဉ်းဆဲတတ်၏" ဟူသော ဝိဂြိုဟ်အရ ညှဉ်းဆဲတတ်သူရဟန်းကို ရသော်လည်း ဘာဝပုဒ်အရကို ပဓာနကောက်၍ ညှဉ်းဆဲတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဆိတ်ဆိတ်နေသော အားဖြင့် ညှဉ်းဆဲခြင်း ကြိယာကိုရသည်၊ ချဲ့ဦးအုံ-သံဃာ့အလယ်၌ ဝိနည်းခိုရ်က "အာပတ်သင့်သလော" ဟု စစ်ဆေးမေးမြန်းသည့်အခါ လုံးလုံးမဖြေဆိုဘဲ ဆိတ်ဆိတ်နေ၏၊ ထိုသို့ ဆိတ်ဆိတ်နေသည့်အတွက် သံဃာများမှာ အထိုင်ရကြာသဖြင့် ညောင်း၏၊ ထပ်ကာထပ်ကာ မေးရသဖြင့် အာခေါင်ခြောက်၏၊ ဤသို့လျှင် မေးအပ်သည်ကို မဖြေဘဲ ဆိတ်ဆိတ်နေခြင်းသည် သံဃာကို ညှဉ်းဆဲရာရောက်၏၊ အချုပ်မှာ-"ဝိနည်းခိုရ်က မေးသည်ကို တိုက်ရိုက်မပြောဘဲ တောပြောတောင်ပြောနှင့် ရှောင်လွှဲ၍ ပြောနေလျှင် အညဝါဒက, သံဃာကို ညှဉ်းဆဲလိုသောသဘောဖြင့် မေးသည်ကို မပြောဘဲ ပေနေလျှင် ဝိဟေသက" ဟုမှတ်။

[ဆောင်] ဝိဟေသက-ပုဒ်အရ၌, မုချညှဉ်းသူ, ရ၏ဟူလည်း, ဤမှဘာဝ ပဓာနဖြင့်, သံဃာ့ညှဉ်းရန်, အတွင်းကြ၍, နှုတ်သံမဆွေ, ဆိတ်ဆိတ်နေ, ကောက်လေသတိပြု။

ပါစိတ်ဒုက္ကဋ်ခွဲမျက်။ ။ ထို အညဝါဒကအမှု ဝိဟေသကအမှု ပြုသော ရဟန်းကို သံဃာက ကမ္မဝါစာဖြင့် အညဝါဒကဏ် ဝိဟေသကဏ်သို့ တင်ပေးရသည်၊ "ဏ်ပြုရသည်" ဟူလို၊ ထိုဏ်ပြုပြီးနောက် အညဝါဒကအမှု, သို့မဟုတ် ဝိဟေသကအမှုကို ထပ်မံ၍ပြုမှ ပါစိတ်အာပတ်သင့်သည်၊ ဏ် မပြုသေးခင် အညဝါဒကအမှု ဝိဟေသကအမှုကို ပြုခိုက်၌ကား ဒုက္ကဋ် အာပတ်သာသင့်၏။ [အညဝါဒက ဝိဟေသကဏ်သို့ တင်ပုံကို ပါဠိတော်မှာရှု။]

http://www.dhammadownload.com

၃။ ဥဒ္ဓာပနက ဥဒ္ဓာပနကေ-အထင်သေး အမြင်သေးစေကြောင်း စကားကို ပြောဆိုခြင်းကြောင့်လည်းကောင်း၊ ဝါ-ကဲ့ရဲ့ခြင်းကြောင့်လည်းကောင်း၊ ခိယျနကေ-အပြစ်ကို ထင်ရှားပြခြင်းကြောင့်လည်းကောင်း၊ ဝါ-ရွှတ်ချခြင်းကြောင့်လည်းကောင်း၊ ပါစိတ္တိယ်-သည်၊ ဟောတိ-ဖြစ်၏။

* * * * *

အဂ်ါ ၃ ပါး။ ။ ၁-အညဝါဒကဂ် ဝ်ဟေသကဂ်သို့ မမှန်အပြစ်ဖြင့် တင်အပ်ပြီးဖြစ်ခြင်း, ၂-အာပတ်ဖြင့်ဖြစ်စေ ဝတ္ထုဖြင့်ဖြစ်စေ အမေးအမြန်းခံရခြင်း, ၃-မိမိအပြစ်ကို ဖုံးလွှမ်းလိုသည့်အတွက် တစ်ပါးသော အနက်ဖြင့် တစ်ပါးသောအနက်ကို ဖုံးလွှမ်းပစ်ခြင်း-သို့မဟုတ် ဆိတ်ဆိတ်နေခြင်း, ၃ ပါးတည်း။

[ဆောင်] မြေထုံးနည်း-ကဲတင်ပြီးလတ်[1], အာပတ်ဝဏ္ဏ-တစ်ခုခုစစ်[2], ကိုယ့်အပြစ်ကို, ဖုံးလွှမ်းလို၍, ထိုထိုစကား, ရှောင်ရှားဆိုလေ-ဆိတ်ဆိတ်နေ[3]ဟု, သုံးထွေအင်, စုံညီမှု, အညဝိဟေသင့်။

၃။ ဥဒ္ဓာပနက။ ။ ဥဒ္ဓာပနကဟူသည် မိမိမှန်းသူ၏ အကြောင်းကို အခြားရဟန်းတို့အထံသွား၍ အထင်သေးအမြင်သေးဖြစ်အောင် တိုက်ရိုက်ပြောခြင်းတည်း၊ ဥပမာ-"ရှင်ဒဗ္ဗသည် ဆန္နာဂတိလိုက်၏" ဟု ပြောလာသည်ကို ကြားရသောရဟန်းတို့က (ဓာတ်မသိလျှင် တကယ်ကို ဆန္နာဂတိလိုက်သူဟု မှတ်ထင်ကာ) ရှင်ဒဗ္ဗအပေါ်မှာ အထင်သေး အမြင်သေးဖြစ်ကြ၏၊ ထိုကဲ့သို့ အခြားရဟန်းတို့က မိမိမှန်းသူ့အပေါ်၌ အထင်သေး အမြင်သေးစေကြောင်းစကားကို "ဥဒ္ဓာပနက" ဟုခေါ်သည်။

ခိယျနက။ ။ "ရှင်ဒဗ္ဗသည် ဆန္နာဂတ်လိုက်၏" စသောစကားကို တစ်စုံတစ်ယောက်ထံသို့ တိုက်ရိုက်ကား သွား၍မပြော၊ သို့သော် ထိုထိုရဟန်းများကြားလောက်အောင် (ကြားလောက်သည့်နေရာတို့၌) မိမိတို့ အပေါင်းအဖော်ချင်း မှန်းသူ၏အပြစ်ကို အတင်းပြောခြင်း-မကောင်းသတင်း လွှင့်ခြင်းသည် "ခိယျနက" မည်၏၊ ယခုကာလ၌ ဥဒ္ဓာပနကကို ကဲ့ရဲ့ခြင်း, ခိယျနကကို ရွှတ်ချခြင်းဟု အနက်ပြန်ကြသည်။

ထိုကဲ့သို့ တိုက်ရိုက်သွားပြောလျှင်လည်းကောင်း, မိမိတို့အချင်းချင်း အတင်းပြောလျှင်လည်းကောင်း, အသီးအသီး ပါစိတ်အာပတ်သင့်၏၊ သို့သော် အပြစ်ပြော အတင်းပြောခံရသော ရဟန်းက ကမ္မဝါစာဖြင့် သမုတ်အပ်သူ (အိပ်ရာနေရာကို အာဂန္တုများအတွက် ခင်းပေးသော သေနာသနပညာပက,

http://www.dhammadownload.com

သံဃာများကို ဆွမ်းလှည့်ညွှန်ပြသော ဘတ္တုဒ္ဒေသက, သစ်သီးဝေဖန်သော ဖလဘာဇက, ဤသို့ စသည်ဖြင့် သံဃာက သမုတ်ထားသော သံဃာ့ဘာဝန်ဆောင်) ရဟန်းဖြစ်မှ ပါစိတ်အာပတ်သင့်သည်၊ ထိုကဲ့သို့ သမ္မုတိရသူ မဟုတ်လျှင်လည်းကောင်း ပြောရာပုဂ္ဂိုလ်က ရဟန်းမဟုတ် လူသာမဏေ ဖြစ်လျှင်လည်းကောင်း လူသာမဏေ၏ မဟုတ်မမှန်သော အပြစ်ကို ပြောလျှင်လည်းကောင်း ဒုက္ကဋ်အာပတ်သာ၊ အမှန်အဂတိလိုက်သူကို ပြောလျှင်ကား အနာပတ္တိ။

အဂါ 6 ပါး။ ။၁-ဓမ္မက်ဖြင့် သမုတ်အပ်သူဖြစ်ခြင်း, [ဝိနည်းထုံးတမ်းနှင့် ညီညွတ်ခြင်းကို ဓမ္မက်ဟုခေါ်သည်။] ၂-အပြစ်ပြောခံရသူက ရဟန်းဖြစ်ခြင်း, ၃-အဂတိမလိုက်စားခြင်း, ၄-ထိုသူ၏ ကျေးဇူးမဲ့ကို (ဂုဏ်ပျက်ခြင်း မကောင်းသတင်းပြန့်ခြင်းကို) လိုလားခြင်း, ၅-ပြောရာပုဂ္ဂိုလ်ကလည်း ရဟန်းဖြစ်ခြင်း, ၆-ဥဒ္ဓရာပန ခိယျနမှု တစ်ခုခုကိုပြုခြင်း။

[ဆောင်] ဓမ္မထုံးနည်း-သမုတ်ပြီးလစ်[1], ရဟန်းဖြစ်ခိုက်[2], မလိုက်ဂတိ[3], ထိုသူ၏ဲ့ - ကျေးဇူးမဲ့လို[4], ထိုထိုပြောရာ - ရဟန်းသာလျှင်[5], ဥဒ္ဓရာပန-ခိယျနမှု၊ တစ်ခုခုလျှင်:-ပြုမိခြင်း[6]ဟု, ကြောင်းရင်းခြောက်ဖြာ, အင်ညီညာ, ဥဒ္ဓရာပါစိတ်သင့်။

သဘျိနည်း။ ။ ဥဒ္ဓရာပနကဋ္ဌ "အဝပုဗ္ဗဝေ္ဟတ်, ဏာပေပစ္ဆည်:, ယုပစ္ဆည်:" အဝကို ဥပ္ပြ ယုကို အနုပ္ပြ၍ ဥဒ္ဓရာပနအပြီးမှာ ကပစ္ဆည်:ထပ်၍ "ဥဒ္ဓရာပနက" ဟုပြီး၏၊ အဝသည် အဘိဓာန်လာ အနက်တို့တွင် အဘိဘဝန (လွှမ်းမိုးခြင်:) အနက်ရှိ၏၊ လွှမ်းမိုးဟူသည် နှိမ့်ချခြင်:တည်:၊ ဝေ္ဟတ်ကားရိုးရာ "စိန္တန" အနက်နှင့် "ဓာတုနံ အနေကတ္ထတ္ထာ" ပရိဘာသာ ဟိတ်အရ "သြလောကန" အနက်ရှိ၏၊ [အဝ=အောက်ချ၍+ဈာပန=ကြဲစေကြောင်:စကား, ဝါ-ကြည့်စေကြောင်:စကား။] အောက်ချ၍ ကြဲစေခြင်:ဟူသည် ယခုခေတ်သုံ:အားဖြင့် "အထင်သေ:စေခြင်:" တည်:၊ အောက်ချ၍ ကြည့်စေခြင်:ဟူသည် "အမြင်သေ:စေခြင်:" တည်:။

ခိယျနကဋ္ဌ ခိဓာတ်, ယုပစ္ဆည်:၊ ခိ၌ ဣကို ဣယပ္ပြ (တစ်နည်: ဤ ယပ္ပြ)၍, ယဒ္ဓေ:ဘော်လာ, ခိယျနကဟုဖြစ်၏၊ ခိဓာတ်သည် ကောဓ (စိတ်ဆိုးခြင်:) အနက်ရှိသော်လည်: ဤနေရာ၌စိတ်ဆိုး၍ အပြစ်ပျံ့နှံ့အောင်လွှင့်ခြင်:ကိုယူ၊ "ဥပဒ္ဓရာပေန္တိ ဇေတေနာတိ ဥဒ္ဓရာပနက်, ခိယန္တိ ဇေတေနာတိ ခိယျနက်" ဟု ဝိဂြိဟ်ပြု၊ ဇေတေ-ဤစကားဖြင့်၊ ဥဒ္ဓရာပေန္တိ-အထင်သေ:စေကြကုန်၏၊ ဝါ-အမြင်သေ:စေကြကုန်၏၊ ခိယန္တိ-အပြစ်ပြောကြကုန်၏, ဟု အနက်ဆို။

http://www.dhammadownload.com

၄။ ပထမ
သေနာသန

ယော ပန ဘိက္ခု-သည်, သံဃိက်-သံဃာ့ဥစ္စာဖြစ်
သော၊ မဉ္စံဝါ-ညောင်စောင်းကိုသော်လည်းကောင်း၊
ပီဌံဝါ-အင်းပျဉ်ကိုသော်လည်းကောင်း၊ ဘိသိ"ဝါ-
ဘုံလျှိုကိုသော်လည်းကောင်း၊ ကောစ္ဆံဝါ-ခတ်အခင်းကိုသော်လည်းကောင်း၊
အဠောကာသေ - လွင်တီးခေါင်၌၊ သန္ထ ရိတ္တာဝါ - ကိုယ်တိုင်ခင်းပြီး၍
သော်လည်းကောင်း၊ သန္ထ ရာပေတ္တာဝါ - သူတစ်ပါးကို ခင်းစေပြီး၍
သော်လည်းကောင်း၊ တံ-ထိုညောင်စောင်းစသည်ကို၊ ပက္ကမန္တော-အခြား
တစ်နေရာသို့ ဖဲသွားလိုလသော်၊ နေဝဒ္ဓရေယျ-ကိုယ်တိုင်မူလည်း မရပ်သိမ်း
အံ့၊ နဒ္ဓရာပေယျ-သူတစ်ပါးကိုမူလည်း မရပ်သိမ်းစေအံ့၊ အနာပုစ္ဆဝါ-
မပန်ပြောဘဲမူလည်း၊ ဂစ္ဆေယျ-သွားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ
ဟောတိ။

* * * * *

၄။ ပထမသေနာသန။ ။ သံဃိကညောင်စောင်း စသည်ကို လွင်တီးခေါင်
၌ ကိုယ်တိုင်ခင်းပြီး၍ဖြစ်စေ လူသာမဏေကို အခင်းခိုင်းပြီး၍ဖြစ်စေ
ထိုနေရာမှ တခြားတစ်နေရာသို့ သွားလိုလျှင် (ညဉ့်အိပ်ရာအရပ်သို့ဖြစ်စေ,
ကိစ္စရှိ၍ ရွာတွင်းစသည်သို့ဖြပ်စေ သွားလိုလျှင်) ထိုညောင်စောင်းစသည်ကို
ကိုယ်တိုင်သော်လည်း ရုပ်သိမ်း၍ သင့်တော်ရာ၌ သိမ်းမထား-တစ်ယောက်
ယောက်ကိုသော်လည်း အသိမ်းမခိုင်း-ကိုယ့်ပစ္စည်းလို သဘောထား၍
စောင့်ရှောက်မည့် ရဟန်းသာမဏေ အာရာမ်စောင့်ကိုသော်လည်း ကြည့်ရှု
ရစ်ရန် အပ်နှံပန်ကြားခြင်းမပြုဘဲ သွားလျှင် ပါစိတ်။

မဉ္စပီဌ။ ။ မဉ္စ(ညောင်စောင်း) ဟူသည် ယခုကာလ အိပ်ရာခုတင်
အမျိုးမျိုးတည်း၊ သက္ကတအဘိဓာန်၌ မဉ္စ၏ ပရိယာယ်တွင် "ခဋ္ဌာ"ဟုရှိ၏၊
ရင်းကိုပင် ဟိန္ဒီ၌ "ခဋ်ယား" ဟုခေါ်၍ မြန်မာက "ခုတင်" ဟုခေါ်သည်၊
ပီဌ(အင်းပျဉ်) ဟူသည် ယခုကာလ စားပွဲ ထိုင်ခုံ ကုလားထိုင်အမျိုးမျိုးတည်း။

ဘိသိ။ ။ အပြင်က အဝတ်-သို့မဟုတ် သမင်ရေစသော အပ်သော
သားရေကို ချုပ်ပြီးလျှင် အတွင်း၌ အဆာသွတ်ထားသော (ထိုင်စရာ
အိပ်စရာ) ဖုံမွှေ့ရာအမျိုးမျိုးကို "ဘိသိ=ဘုံလျှိ" ဟုခေါ်၏။ [လဲအဆာ
သွတ်ထားလျှင် ရဟန်းသာမဏေ ဥပုသ်သည်တို့ မထိုင်မအိပ်ကောင်း၊
အဝတ်အဆာ-သားမွေးအဆာ-ပိုးချည်အဆာ-မြက်သစ်ရွက်အဆာ-အုန်းဆံ
အဆာများ သွတ်ထားလျှင်ကား အိပ်ကောင်း ထိုင်ကောင်း၏။]

http://www.dhammadownload.com

ကောဇ္ဇ။ ။ အလယ်၌ အတွင်းသို့ ကျုံ့ဝင်၍ အထက်အောက် အပြန့်ကျယ်သော အခင်းတစ်မျိုးကို "ကောဇ္ဇ" ဟုခေါ်၏၊ ဤကောဇ္ဇ၌ အတွင်းမှာ အဆာမပါ၊ မြက်စသည်ကို အလယ်ကထုံးဖွဲ့၍ ခပ်နိမ့်နိမ့်ထိုင်ဖြစ်လောက်အောင် ပြုလုပ်ထားသော အရာဝတ္ထုတစ်မျိုးတည်း၊ ရုပ်တုတော်များ၏ အောက်၌ရှိသော ပလ္လင်တော်များနှင့် ပုံသဏ္ဌာန်တူသည်-ဟု ပါစိတျာဒိ ယောဇနာဆိုသည်။

အဇ္ဇောကာသေ။ ။ လွင်တီးခေါင်၌ ညောင်စောင်းစသည်ကိုခင်း၍ နေထိုင်ပြီးနောက် မိမိက အခြားတစ်နေရာသို့သွားလျှင် ရုပ်သိမ်းပြီးမှ သွားရမည်ဟု မိန့်တော်မူရာ၌ ရည်ရွယ်တော်မူချက်ကား (မိုးရွာလျှင်) မိုးစိုခြင်း, ကျီးစသည်တို့ ကျင်ကြိုးစွန့်ချခြင်း စသည်ကြောင့် သံယိကညောင်စောင်း စသည်တို့ ပျက်စီးမည်မှ ကာကွယ်တော်မူလိုရင်းတည်း၊ ထို့ကြောင့် မိုး ၄ လပတ်လုံးလည်းကောင်း, ဆောင်းအခါဝယ် မကြာမကြာ မိုးရွာတတ်သော ဒေသ၌ ဆောင်း ၄ လနှင့်တကွ ၈ လပတ်လုံးလည်းကောင်း, အမိုးမရှိသော လွင်တီးခေါင်-အမိုးရှိသော်လည်း မိုးမလုံသော မဏ္ဍပ်စသည်၌ ထားမပစ်ခဲ့ရ၊ နွေခေါင်ခေါင်၌လည်းကောင်း မိုးရွာလေ့မရှိသော ဆောင်းအခါနှင့် မိုးလုံသောနေရာတို့၌လည်းကောင်း ထားခဲ့လျှင်ကား အနာပတ္တိ၊ ကျီးစသည်တို့ အမြဲနေရာ သစ်ပင်အောက်၌ကား မိုးလုံစေကာမူ အခါခပ်သိမ်း ထားမပစ်ခဲ့ရ၊ ထိုနေရာအားလုံးကို "အဇ္ဇောကာသ" ဟုခေါ်သည်။

သန္ဓရာယတ္ထာ-မဋ္ဌစသည်ကို ရဟန်းကိုယ်တိုင် ခင်းရာ၌ ကိုယ့်တာဝန်ဖြစ်ကြောင်းမှာ ဆိုဖွယ်ရာမရှိ၊ လူသာမဏေများကို အခင်းခိုင်းရာ၌လည်း ကိုယ့်တာဝန်ပင်ဖြစ်၍ ထိုနေရာမှ ထသွားလိုသည့်အခါ ကိုယ်တိုင်သော်လည်း ရုပ်သိမ်း, တစ်ယောက်ယောက်ကိုသော်လည်း အသိမ်းခိုင်း, သို့မဟုတ် အလုပ်ဝတ္တရားကို လေးစားစောင့်ရှောက်မည့် ကပ္ပိယသာမဏေရှိလျှင် တစ်ဦးဦးထံ အပ်နှံ၍သော်လည်း သွားရမည်။ [အနာပုစ္ဆ၌ အာပုဗ္ဗ ပုစ္ဆာတတ်တွာပစ္စည်း၊ နိဂ္ဂဟီတ်ကား ဥပဝသံကဲ့သို့ အပိုလာအက္ခရာတည်း။]

အဂါ ၆ ပါး။ ။၁-ညောင်စောင်းစသည်တို့၏ သံယိကဖြစ်ခြင်း, [အခြားပုဂ္ဂိုလ်ပိုင် ပုဂ္ဂလိကပစ္စည်းကို ထားပစ်ခဲ့လျှင်ကား ဒုက္ကဋ်၊ မဋ္ဌစသော ၄ မျိုးမှ အခြားအခင်းနှင့် အခြားသံယိကဘဏ္ဍာတို့ကို ထားပစ်ခဲ့လျှင်လည်း ဒုက္ကဋ်ပင်၊ ကြိမ်စသည်မကွပ်ဘဲ သစ်သားသက်သက် ပိဋ္ဌလည်း ဒုက္ကဋ်ဝတ္ထုပင်။]

http://www.dhammadownload.com

၅။ ဒုတိယသေနာသန သိက္ခာပုဒ်

ယောပန ဘိက္ခု-သည်၊ သံဃိကေ-သံဃာ့ဥစ္စာ ဖြစ်သော၊ ဝိဟာရေ-ကျောင်း၌၊ သေယျ-အိပ်ရာ နေရာအခင်းကို၊ သန္ထရိတွာဝါ-လည်းကောင်း၊ သန္ထရာ ပေတွာဝါ-လည်းကောင်း၊ တံ-ထိုအခင်းကို၊ ပက္ကမန္တော-သော်၊ နေဝဒ္ဓရေယျ, နဒ္ဓရာပေယျ, အနာပုစ္ဆံဝါ ဂစ္ဆေယျ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၂-ပြခဲ့ပြီးသော (မိုးရွာရာအခါ ၄ လ, သို့မဟုတ် ၈ လအတွင်း လွင်တီးခေါင်အရပ်-မိုးမလုံသောမဏ္ဍပ်နှင့် ကျိုးစသည်တို့ အမြဲနေရာ) အရပ်ဝယ် ခင်းနေခြင်း, ၃-အစိုးရသူတို့က အာဏာဖြင့်ယူခြင်း-သို့မဟုတ် ဘိလူး သားရဲထိုင်နေခြင်း-ခြေသံ့ သစ် ကျား လိုက်ခြင်းစသော အနှောင့် အယှက်မရှိခြင်း။

၄-ဘေးရန်မရှိခြင်း, [အသက်ဘေး-သာသနာ့အန္တရာယ်ပြုမည့်ဘေးရှိ၍ ရုတ်တရက် ထပြေးရလျှင် အနာပတ္တိ၊] ၅-မင့်မကွက်သွားခြင်း, [ခေတ္တခဏ ကုဋိစသည် သွားခြင်းမဟုတ်, ယနေ့အဖို့ ပြန်၍မထိုင်တော့ဘူး-ဟုသွား ခြင်း၊] ၆-ခဲတစ်ကျကိုလွန်ခြင်း, [ညောင်စောင်းစသည်မှ ခဲတစ်ပစ်အရပ်ကို လွန်မှ အာပတ်သင့်သည်၊ ထိုခဲတစ်ပစ်အတွင်း သတိရသဖြင့် ပြန်၍ရုပ်သိမ်း လျှင် အနာပတ္တိ၊ ဤသို့ အင်္ဂါ ၆ ပါးရှိသည်။]

[ဆောင်] မဟာစသည့်-သံဃိကဖြစ်[1], ပြခဲ့လစ်သား-အရပ်များ၌-ခင်းထား နေခြင်း[2], နှောင့်ယှက်ကင်း၍[3], ဘေးရှင်းပါလျက်[4], မင့်ကွက်ဘဲ[5], ခဲတစ်ကျတွင်း-လွန်မြောက်ခြင်း[6]ဟု, ကြောင်းရင်းခြောက်လီ, အင်္ဂါ ညီ, သင့်ပြီပထမသေနာသန။

၅။ ဒုတိယသေနာသန။ ။ သေနာသနသဒ္ဒါသည် ကျောင်းကိုလည်း ကောင်း-အိပ်ရာနေရာ အခင်းများကိုလည်းကောင်း ဟောတ်၏၊ ဤပထမ ဒုတိယ သေနာသနသိက္ခာပုဒ်တို့၌ သေနာသနသဒ္ဒါကား အိပ်ရာနေရာများကို ဟောတ်၏။ [သေန္တိ ဣတ္ထာတိ သေနံ=အိပ်ရာ(အိပ်စရာ)အခင်း၊ အာသန္တိ ဥပဝိ သန္တိ ဣတ္ထာတိအာသနံ=ကပ်ဝင်နေထိုင်ရာ (ထိုင်စရာ)အခင်း၊သေနံစ-အိပ် စရာအခင်းလည်း+အာသနံစ-ထိုင်စရာအခင်းလည်း၊ သေနာသနာနိ-အိပ်စရာ နှင့် ထိုင်စရာအခင်းတို့၊] သံဃိကကျောင်းပေါ်ဝယ် အိပ်စရာနေစရာ အခင်း

http://www.dhammadownload.com

များကို ခင်း၍ နေထိုင်ပြီးနောက် ထိုနေရာမှ ဖဲသွားလိုသည့်အခါ ကိုယ်တိုင် ရပ်သိမ်းခြင်း-သို့မဟုတ် သူတစ်ပါးကို အသိမ်းခိုင်းခြင်း-သို့မဟုတ် တစ်ယောက်ယောက်ထံ အပ်နှံပန်ကြားခြင်းမရှိဘဲသွားလျှင် ပါစိတ်အာပတ်။

သေယျာ။ ။ [သံဃိကဝိဟာရကို နားလည်လောက်ပြီ।] "သေန္တိ ဇေတ္ထာတိသေယျာ=ဇေတ္ထ-ဤနေရာ၌၊ သေန္တိ-အိပ်ကြထိုင်ကြကုန်၏"အရ အိပ်စရာ ထိုင်စရာ အခင်းများကို "သေယျာ" ဟုခေါ်သည်၊ ထိုသေယျာ ကား .....

ဘိသိစိမိလိကာစေဝ, ဥတ္တရတ္ထရဏံပိစ၊
ဘူမတ္ထရဏံ တဋ္ဌိကာ, စမ္မခဏ္ဍာ နိသီဒနံ။
ပစ္စတ္ထရဏံစ တိဏ-သန္ထာရော ပဏ္ဏသန္ထာရော၊
ဒသယိမာ သေယျာ ဝုတ္တာ, မုနိနာ ဒိစ္စဗန္ဓုနာ။

ဘိသိ-ဘုံလျှို၊ စိမိလိကာ-အဝတ်ကြမ်း၊ ဥတ္တရတ္ထရဏံ-အပေါ်လွှမ်းအခင်း၊ ဘူမတ္ထရဏံ-မြေအခင်း၊ တဋ္ဌိကာ-ဖျာကြမ်း၊ စမ္မခဏ္ဍာ-သားရေပိုင်း၊ နိသီဒနံ-နိုသီဒိုင်၊ ပစ္စတ္ထရဏံ-သီးခြားအခင်း၊ တိဏသန္ထာရော-မြက်အခင်း၊ ပဏ္ဏသန္ထာရော-သစ်ရွက်အခင်း၊ ဣမာဒသသေယျာ-ဤအခင်းဆယ်မျိုးတို့ကို၊ မုနိနာ ဒိစ္စဗန္ဓုနာ-နေမျိုးထွတ်တင်, ဘုရားရှင်သည်၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ။

"စိမိလိကာ" ဟူသည် အင်ကြေစသည် အချောကိုင်ထားသောမြေ၌ အရောင်မပျက်အောင် ခင်းထားအပ်သော အခင်းကြမ်းတစ်မျိုးတည်း၊ "ဥတ္တရတ္ထရဏ (ဥတ္တရိ=အပေါ်၌+အတ္ထရဏ=ခင်းအပ်သော)" ဟူသည် ညောင်စောင်: အင်းပျဉ်တို့အပေါ်၌ ခင်းအပ်သော အိပ်ရာခင်: စသော အခင်းများတည်း။ "ဘူမတ္ထရဏ" ဟူသည် စိမိလိကာရှိလျှင် စိမိလိကာ အပေါ်၌ ခင်းရသော စိမိလိကာမရှိလျှင် ရိုးရိုးမြေ၌ ခင်းအပ်သော သင်ဖြူး စသည်တည်း၊ "တဋ္ဌိကာ" ဟူသည် သင်ဖြူးစသည်ကဲ့သို့ အနုအချောမဟုတ်-ထန်းရွက်စသည်ဖြင့် ပြုလုပ်အပ်သော ဖျာကြမ်းတည်း။

"စမ္မခဏ္ဍ" ဟူသည် ခြသေ့ရေ သစ်ရေ ကျားရေမှစ၍ အားလုံးသော သားရေတည်း၊ ထိုသားရေကိုပင် နံဘေးပတ်လည် ဖြတ်ထားအပ်သော ကြောင့် "စမ္မ=သားရေ+ခဏ္ဍ-အပိုင်းအပြတ်" ဟုခေါ်သည်။ [ခြသေ့ရေ စသည်ကို ပုဂ္ဂလိကအဖြစ်ဖြင့် သွားလေရာယူ၍ မသုံးစွဲကောင်:, ကျောင်: အသုံးအဆောင် အဖြစ်ဖြင့်ကား သားရေအားလုံ: သုံးဆောင်ကောင်:၏။] နိသီဒိုင်ကို နိသီဒနသန္ထတသိက္ခာပုဒ်၌ ပြထားပြီ၊ "ပစ္စတ္ထရဏ= (ပတိ+

http://www.dhammadownload.com

အတ္ထရဏ=သီးခြားအခင်း)"ဟူသည် ပါဝါရ (ခြိုထည်) သားမွေးကော်ဇော အခင်းများတည်း၊ "တိဏသန္ထာရ" ဟူသည် မြက်များကိုလည်းကောင်း သစ်ရွက်များကိုလည်းကောင်း တွဲစပ်၍ အခင်းလုပ်ထားသော အခင်းများ တည်း။

တာဝန်ဝတ္ထုရား။ ။ ထိုအခင်းများကို သံဃာကျောင်းပေါ်၌ ခင်းနေပြီးနောက် တခြားအရပ်သို့ ညဉ့်အိပ်သွားလျှင် ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ သိမ်းထားခဲ့ရမည်၊ သို့မဟုတ် ရဟန်း-သာမဏေ-အာရုံမ်စောင့် ၃ မျိုးလုံးရှိလျှင် ရဟန်းထံ, ရဟန်းမရှိလျှင် သာမဏေထံ၊ ရဟန်းသာမဏေ မရှိလျှင် အာရုံမ်စောင့်ထံ အပ်နှံပန်ကြား၍ သွားရမည်၊ မည်သူမှ မရှိလျှင် ကျောင်းဒကာထံအပ်နှံ၍, ကျောင်းဒကာက သံဃာကပစ္စည်းကို အိမ်မှာ လက်မခံလိုလျှင် တစ်နည်းနည်းဖြင့် ကြံဖန်သိမ်းထား၍ သွားရမည်၊ ထိုကဲ့သို့ မသိမ်းဘဲသွားလျှင် ခြတက်၍ ကျောင်းပါ ပျက်စီးတတ်သောကြောင့် ပါစိတ်အာပတ်သင့်သည်။

မှတ်ချက်။ ။ ကျောင်းတွင်းမဟုတ်ဘဲ အခြားမလုံခြုံသောနေရာ၌ ထားပစ်ခဲ့လျှင် ကျောင်းမပျက်-အခင်းများသာ ပျက်သောကြောင့် ဒုက္ကဋ်။ [ခြလည်းတက်မည်ဟု မထင်ရ, မိုးလည်းလုံသောကျောင်းမှ သွားရာ၌ကား မသိမ်းမပန်ဘဲ သွားခြင်းကြောင့် အာပတ်မသင့်ပါ၊ သို့ရာတွင် ရပ်သိမ်း၍သွား ခြင်းမှာ ဝတ္တရားဖြစ်သည်။]

အင်္ဂါ ၇ ပါး။ ။ ၁-ပြခဲ့သော သေယျာဖြစ်ခြင်း, ၂-သံဃာကဖြစ် ခြင်း,၃-မိုးမလုံသော သံဃာကျောင်း၌ခင်းခြင်း-ခင်းစေခြင်း, ၄-အနောင့် အယှက်မရှိခြင်း, ၅-ဘေးရန်မရှိခြင်း, ၆-မင့်မကွက်သွားခြင်း, ၇-ဥပစာ ကိုလွန်ခြင်း၊ [အာရုံမ်နှင့် အာရုံမ်ထိုက်ရာအရပ်ကို ဥပစာ-ဟု ဆိုလိုသည်။] အင်္ဂါ ၇ ပါးတည်း။ [အကျယ်ကို ပထမ သေနာသနအတိုင်းမှတ်။]

[ဆောင်] ဆယ်မျိုးအပြား-သေယျများတွင်-တစ်ပါးပါးတည်း[1], သံဃာကဖြစ်-, ပြခဲ့လစ်သား-ကျောင်းဆောင်များ၌-ခင်းထားနေခြင်း[2], နောင့်ယှက် ကင်း၍[3], ဘေးရှင်းပါလျက်[4], မင့်ကွက်သာ[5], ဥပစာတွင်း-လွန် မြောက်ခြင်း[6]ဟု, ကြောင်းရင်းခုနစ်လီ, အင်္ဂါညီ, သင့်ပြီဒုတိယ သေနာသန။

---

http://www.dhammadownload.com

၆။ အနုပခဇ္ဇ ယော ပန ဘိက္ခု သံယိကေ ဝိဟာရေ-ဌ၊ **ဈာနံ-** မထစေထိုက်သူဟုသိလျက်၊ ပုဗ္ဗူပဂတံ-မိမိအလျင်၊ ကပ်ဝင်နေသော၊ ဘိက္ခု-ရဟန်း၏၊ အနုပခဇ္ဇ-အနီးသို့ကပ်ဝင်၍၊ သေယျ-ထိုင်ခြင်း အိပ်ခြင်းကို၊ ကပ္ပေယျ-ပြုအုံ့၊ (ကိ-အဘယ်သို့ကြ၍ပြုသနည်း၊) ယသ-အကြင်ရဟန်း၏၊ သမ္မာဓော-ကျင့်ကျပ်ခြင်းသည်၊ ဘဝိသတိ-ဖြစ်လတ္တံ့၊ သော-ထိုရဟန်းသည်၊ ပက္ကမိသတိ-ဖဲသွားလိမ့်လတ္တံ့၊ ဣတိ-ဤသို့ကြ၍၊ ဇေတဒေ-ဤကျင့်ကျပ်စေလိုခြင်းကိုသာလျှင်၊ ပစ္စယံကရိတွာ-အကြောင်းပြု၍၊ အနည်-အခြားအကြောင်းမရှိဘဲ၊ (သေယျ-ကို၊ ကပ္ပေယျ-အုံ့၊) တသ ဘိက္ခုနော ပါစိတ္တိယံဟောတိ။

* * * * *

၆။ အနုပခဇ္ဇ။ ။ သံယိကကျောင်းဝယ် တစ်ခုသောနေရာ၌ မိမိအလျင်နေနှင့်သော ရဟန်းကို ထသွားစေထိုက်သူ မဟုတ်မှန်းသိလျက် ထိုရဟန်းအနီးသို့ ကပ်ရောက်နေထိုင်အုံ့၊ ထိုသို့ ကပ်ရောက်နေထိုင်ရာ၌ "ကျင့်ကျပ်သူထွက်သွားလိမ့်မည်" ဟု ကြံရွယ်ချက် (စိတ်ယုတ်မာ) လည်းရှိအုံ့၊ ထိုရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။

ဈာနံ—၁-မိမိထက် သိက္ခာ (၀၊) ကြီးသူ, ၂-ဂိလာန, ၃-သံဃာမှာ ကျေးဇူးများသဖြင့် သို့မဟုတ် ဂုဏ်အထူးရှိသဖြင့် သီးခြားနေရာပေးထားသူ, ဤ ၃ မျိုးကို သူတို့နေနှင့်ပြီးနေရာမှ ပြောင်းရွှေ့မသွားစေထိုက်။ ချဲ့ဦးအုံ့-၀ါကြီးသူကို မိမိထက်ကြီးသောကြောင့်ပင် ၀ါငယ်ရဟန်းက ထသွားအောင် မပြုရ၊ ဂိလာနမှာ သနားထိုက်သူဖြစ်၍ အားလုံးက ညှာတာရမည်၊ သံဃာ့ပစ္စည်းကို စောင့်ရှောက်နေသော ဘဏ္ဍာဂါရိက (ဘဏ္ဍာစိုး) ရဟန်းမှာ သံဃာအား ကျေးဇူးများသဖြင့် သံဃာကပန်ပြော၍ နေရာသီးခြားပေးထားလေ့ရှိသည်၊ ဓမ္မကထိက ဝိနည်းမိုရ်များနှင့် ဂဏ၀ါစက (စာချ) ပုဂ္ဂိုလ်တို့အားလည်း ဂုဏ်ထူးရှိသူများဖြစ်၍ သံဃာက သီးခြားနေရာကို သံဃာ့ထံ ပန်ပြောလျက် ပေးထားလေ့ရှိသည်၊ ထိုပုဂ္ဂိုလ်များကို သူတို့လက်ရှိနေရာမှ ထွက်သွားအောင် မပြုထိုက်မှန်းသိခြင်းကို "ဈာနံ" ဟုဆိုသည်။

ပုဗ္ဗူပဂတံ-[ပုဗ္ဗ=ရှေ့(အလျင်)+ဥပဂတ=ကပ်ရောက်နေထိုင်သူ] မိမိအလျင်နေနှင့်သူကို ပုဗ္ဗူပဂတဟုဆိုသည်၊ [ပုဗ္ဗူပဂတံနှင့် ဘိက္ခုကို အနှဲ့ စပ်ဖို့ရန် "၏" ဟု အနက်ပေးသည်၊ "ရဟန်း၏+အနီး" ဟူလို။]

http://www.dhammadownload.com

အနုပခဇ္ဇ–အနုပခဇ္ဇ၌ "အနု=အနီး+ပခဇ္ဇ=ညှဉ်းဆဲ၍" ဟုအနက်ထွက်၏၊ ခဇ္ဇ၌ ခဒဓာတ် တွာပစ္စည်းဖြစ်၍, ခဒဓာတ်သည် ဟိ'သာ (ညှဉ်းဆဲခြင်း) အနက်ဟောတည်း၊ "အနီး၌ ညှဉ်းဆဲခြင်း" ဟူသည် အနီးသို့ ကပ်ဝင်နေထိုင်ခြင်းပင်တည်း၊ "အနီး" ဟူသည်မှာလည်း ထိုဝါကြီးသူစသည်တို့နေရာ ခုတင်၏ ပတ်ပတ်လည် တစ်တောင့်ထွာ ဥပစာတည်း၊ [နံရံကပ်ထား၍ နံရံဘက်က ဥပစာမရလျှင်လည်းကောင်း, ကျောင်းကငယ်၍ ဥပစာမရလျှင်လည်းကောင်း, ရသမျှဥပစာကိုယူရမည်၊] ထိုတစ်တောင့်ထွာအတွင်းသို့ ဝင်ရောက်နေထိုင်ခြင်းကို "အနုပခဇ္ဇ" ဟုဆိုသည်၊ ရှေးနိဿယ၌ "အနုပခဇ္ဇ–တိုးဝှေ့၍" ဟုအနက်ပေးသည့်အတွက် "ပွတ်ကပ်ကြပ်နေအောင် နေထိုင်သည်" ဟု ထင်မှားတတ်ကြသည်။

သေယျံကမ္ပေယျ–ဤ၌ ထိုင်ခြင်း အိပ်ခြင်း ၂ မျိုးလုံးကိုပင် "သေယျာ" ဟုခေါ်၏၊ ထို့ကြောင့် ဥပစာအတွင်းဝင်၍ အိပ်ရာ နေရာ ခင်းလျှင် ဒုက္ခင့်, ထို့နောက် ထိုင်လျှင် ပါစိတ်တစ်ချက်သင့်–အိပ်လျှင် ပါစိတ်တစ်ချက်သင့်၏၊ ထ၍ ထ၍ ထိုင်မှ အိပ်မှ အကြိမ်များသလောက်လည်း ပါစိတ်အာပတ်များ တိုးပွားသည်။

ယသ သမ္ဘာဝေ၊ ဝေ၊ အနည်–ဤဝါကျကား ထိုရဟန်း၏ ကြွေ့ရယ်ပုံ စိတ်ထားယုတ်မာပုံကိုပြသော် ဝါကျတည်း။ ထိုကဲ့သို့ စိတ်ယုတ် မာဖြင့် ကပ်ဝင်နေထိုင်မှ အာပတ်သင့်သည်၊ မကျန်းမာခြင်း စသည်ကြောင့် မတတ်သာ၍ ကပ်ဝင်နေထိုင်သူမှာ အနာပတ္တိ။ [အနည်း၌ "နှ+အည်" ဟု ပုဒ်ခွဲ၍ "အည်–အခြားအကြောင်းကို၊ ပစ္စယ်–အကြောင်းကို၊ နကရိတ္တာ–မပြုမူ၍" ဟု ရှေ့ပုဒ်များကိုယူ၍ အနက်ပေးနိုင်၏၊ ဤ၌ အလွယ်ပေးလိုက်သည်။]

အဂိ ၄ ပါး။ ။ ၁–သံဃိကကျောင်းဖြစ်ခြင်း, [သူများပိုင် ပုဂ္ဂလိက၌ ဒုက္ခင့်, မိမိပိုင်၌ အနာပတ္တိ၊] ၂–ထိုနေရာမှ ထွက်ခွာထသွားစေထိုက်သူ မဟုတ်မှန်းသိခြင်း, ၃–ကျင်းကျပ်စေလိုခြင်း, ၄–ဥပစာ၌ထိုင်ခြင်း–သို့မဟုတ် အိပ်ခြင်း, ၄ ပါးတည်း။

[ဆောင်] ကျောင်းသံဃိက[1], ထသွားစေမှု–မပြုထိုက်မှန်း–သိစွမ်းနိုင်လတ်[2], ကျင်းကျပ်စေလို–သကောအိုပြင့်[3], ထိုဥပစာတွင်း–ထိုင်အိပ်ခြင်း[4]ဟု, ကြောင်းရင်းလေးခု, အဂိုစု, အနုပခဇ္ဇသင့်။

---

http://www.dhammadownload.com

၇။ နိကမှန် ယောပန ဘိက္ခု ဘိက္ခုနီ-ကို၊ ကုပိတော အနတ္တမနော (စိ၀ရအစ္ဆိန္နနပြန်ကြည့်၊) သံဃိကာ-သံဃာ့ဥစ္စာဖြစ်သော၊ ဝိဟာရာ-ကျောင်းမှ၊ နိကမေယျ၀ါ-ကိုယ်တိုင်မူလည်းနှင်ထုတ်အံ့၊ နိကမာပေယျ၀ါ-သူတစ်ပါးကိုမူလည်း နှင်ထုတ်စေအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၈။ ဆေဟာသကုဋိ ယောပန ဘိက္ခု သံဃိကေ ဝိဟာရေ - ၌၊ ဥပရိ ဝေဟာ သကုဋိယာ - အထက်ဆင့်တွင် ဟင်းလင်းအပြင်ရှိသော ကုဋိ၌၊ အာဟစ္စပါဒကံ - အပေါင်း၌ သွင်းအပ်သော အခြေရှိသော၊ မဠ္ဆ၀ါ - ညောင်စောင်းကိုသော်လည်းကောင်း၊ ပိဋ္ဌ၀ါ - အင်းပျဉ်

* * * * *

၇။ နိကမှန်။ ။ ရဟန်းတစ်ပါးကို သံဃိကကျောင်းမှ နှင်ထုတ်လျှင်လည်းကောင်း နှင်ထုတ်ခိုင်းလျှင်လည်းကောင်း ပါစိတ်၊ "နှင်ထုတ်" ဟူရာ၌ တရားသဖြင့်နေသူကို နှင်ထုတ်မှသာ အာပတ်သင့်သည်၊ ခိုက်ရန်ပြုတတ်သော ရဟန်းများနှင့် ထိုသူတို့ ပရိက္ခရာကိုကား သံဃိက တစ်တိုက်လုံးမှ နှင်ထုတ်သော်လည်း အနာပတ္တိ၊ အလဇ္ဇီရဟန်းသာမဏေနှင့် ကောင်းမွန်စွာ ဆုံးမသည်ကို မလိုက်နာသော ရဟန်းသာမဏေများကိုမူ မိမိနေရာ သံဃိကကျောင်း တစ်ကျောင်းမှသာ နှင်ထုတ်နိုင်ခွင့်ရှိ၏၊ တစ်တိုက်လုံးမှကား နှင်ထုတ်ခွင့်မရှိ၊ မိမိနှင့် အကျွမ်းဝင်သူ မဟုတ်သော သူများပိုင် ပုဂ္ဂလိကကျောင်းမှ နှင်ထုတ်ရာနှင့် လူသာမဏေကိုလည်းကောင်း-ရဟန်းပစ္စည်းနှင့် လူသာမဏေ၏ ပစ္စည်းများကိုလည်းကောင်း ဆွဲထုတ်ရာတို့၌ ဒုက္ကဋ်။

မှတ်ချက်။ ။ မိမိနှင့် အကျွမ်းဝင်သူ၏ကျောင်းမှ စိတ်ဆိုး၍ နှင်ထုတ်ရာ၌ အနာပတ္တိဟုဆို၏၊ သို့ဖြစ်လျှင် မိမိပိုင် ပုဂ္ဂလိကကျောင်းမှ သဘောမကျသူဟူသမျှကို နှင်ထုတ်ခြင်းကြောင့် အနာပတ္တိဟု သိသာပြီ။

အဂါ ၃ ပါး။ ။ ၁-သံဃိကကျောင်းဖြစ်ခြင်း, ၂-ခိုက်ရန်ဒေါသမပြုတတ်သော ရဟန်းဖြစ်ခြင်း, ၃-စိတ်ဆိုး၍နှင်ထုတ်ခြင်း, သို့မဟုတ် အနှင်ခိုင်းခြင်း, ၃ ပါးတည်း။

[ဏာင်] သံဃာ့ကျောင်းမှန်[1], ခိုက်ရန်ကင်းတောင်း-ရဟန်းကောင်းကို[2], အကြောင်းမဲ့လျှင်-စိတ်ဆိုးခြင်းကြောင့်-နှင်ခြင်းစေလတ်[3], အင်သုံးရပ်, နိကဏ္ဍပါစိတ်သင့်။

http://www.dhammadownload.com

သော်လည်းကောင်း၊ အဘိနိသီဒေယျဝါ–ဖိ၍မူလည်းထိုင်အုံ့၊ အဘိနိပဇ္ဇေ ယျဝါ–ဖိ၍မူလည်းအိပ်အုံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၀။ ဝေဟာသကုဋိ။ ။ ၂ ထပ် ၃ ထပ် စသည် ဆောက်လုပ်ထား အပ်သော ကုဋိ (ကျောင်းငယ်) များ၌ ဒုတိယ တတိယ အထပ်များတွင် ကြမ်းမခင်းရသေးသော် ထိုအထပ်များသည် ဟာလာဟင်းလင်းဖြစ်၏၊ ကြမ်းမခင်းရသေးသော်လည်း ထုတ်လျှောက်ဆင့်များ တင်ထားပြီး၍ ညောင်စောင်းအင်းပျဉ်များကို ထိုဆင့်ပေါ်၌ ခင်းထားနိုင်၏၊ သို့ရာ၀ယ် ခုတင်ခြေ များပြင့် ထိုဆင့်ပေါ်၌ ထောက်ထားရန် မလွယ်ကူရကား ခုတင်ခြေများမှာ ဆင့်တို့၏အောက်၌ တွဲလျားကျနေပေလိမ့်မည်၊ ထိုသို့ ဟာလာဟင်းလင်း ဖြစ်နေသော အထက်ဆင့်တွင် ခင်းထားအပ်သော ခုတင်ကုလားထိုင်များကို ထိုင်လျှင် သို့မဟုတ် အိပ်လျှင် ပါစိတ်အာပတ်သင့်၏။

ဥပရိဝေဟာသ ကုဋိယာ။ ။ ဝေဟာသ သဒ္ဒါသည် ကောင်းကင် ဟာလာဟင်းလင်းဟူသော အနက်ကိုဟော၏၊ ၂ ထပ် ၃ ထပ် စသည်ရှိ ရာ၀ယ် အထက်ထပ်၌ ကြမ်းမခင်းရသေး၍ ဟာလာဟင်းလင်းဖြစ်သည်ကို ဤ၌ "ဝေဟာသ" ဟုဆိုသည်။ [ဥပရိ=အထက်၌+ဝေဟာသ= ဟာလာ ဟင်းလင်း အပြင်ရှိသော+ကုဋိ= ကျောင်းငယ်။]

အာဟစ္စပါဒကံ–အာဟစ္စ၌ အာပုဗ္ဗ ဟနဓာတ်, ဏျပစ္စည်း၊ ဟနဓာတ် သည် ဂတိအနက်ဟောတည်း၊ အာဟညတေ–ရှေးရှုရောက်အပ် သွင်းထားအပ် ၏၊ ဣတိ–ထို့ကြောင့်၊ အာဟစ္စော–မည်၏၊ အာဟစ္စော ပါဒေါ ယဿာတိ အာဟစ္စပါဒေါ၊ အာဟစ္စပါဒေါယေ၀ အာဟစ္စပါဒကော (ကပစ္စည်း သီးခြား အနက်မရှိ၊) အပေါင်ကို ထွင်းပြီးလျှင် ထိုအပေါက်၌ ခြေ၏ထိပ်ဖျားကို သွင်းထားသော ညောင်စောင်းအင်းပျဉ်များတည်း။

ဆက်ဦးအုံ့။ ။ ဤသိက္ခာပုဒ်သည် ညောင်စောင်းအင်းပျဉ်ခြေများ ပြုတ်ထွက်၍ အောက်ထပ်၌ သွားလာနေသူ၏အပေါ်၌ ခုတင်ခြေကျဖူးသော ကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း၊ ထို့ကြောင့် အပေါင် ထွင်း ၍ သွင်းအပ်သော အခြေရှိသော "အာဟစ္စပါဒက" ညောင်စောင်း အင်းပျဉ် များကိုသာ ဤသိက္ခာပုဒ်ဝယ် ပြဆိုရလေသည်၊ ခြေထောက်ကို ထွင်း၍ အပေါင်တပ်ထားလျှင်ကား ပြုတ်ထွက်သွားဖွယ် မရှိ၍ ဤသိက္ခာ ပုဒ်နှင့် မဆိုင်၊ ထိုညောင်စောင်း ခြေများလည်း အပေါင်၌ စွဲနေအောင်

http://www.dhammadownload.com

၉။ မဟာလွှကဝိဟာရ – မဟာလွှက်–ကြီးသော၊ ဝိဟာရ်–ကျောင်းကို၊ ကာရယ မာနေန – ဆောက်လုပ်စေလိုသော၊ ဘိက္ခုနာ – ရဟန်းသည်၊ ယာဝဒ္ဓါရကောသာ – တံခါးပေါင်း၏ ထက်ဝန်းကျင် ၂ တောင့်ထွာ အရပ်တိုင်အောင်၊ အဂ္ဂဠဒ္ဒပနာယ – တံခါးရွက် တံခါးပေါင်တို့ကို မလှုပ်ရှားအောင် ထားခြင်းငှာ လည်းကောင်း၊ အာလောကသန္ဓိ ပရိကမ္မာယ – လေသောက်ပြူတင်း တံခါးရွက်ကို ခိုင်မြဲအောင် ပြုခြင်းငှာ

* * * * *

(မကျွတ်နိုင်အောင်) စို့ (သံ) ရိုက်ထားလျှင် ကျွတ်ထွက်ဖွယ် မရှိတော့ရကား ဤသိက္ခာပုဒ်၌ ထိုကဲ့သို့ စို့ (သံ) မရိုက်ဘဲ တပ်ရံတပ်ထားသော ညောင်စောင်းခြေများသာ ဖြစ်သည်–ဟုမှတ်။

အဘိနိသီဒေယျဝါ–အဘိဥပသာရကို "အဘိဘဝန–လွှမ်းမိုးခြင်း, ဖိခြင်း" အနက်ဟောကြ၍ "မဠ္ဆဝါ–ကိုသော်လည်းကောင်း" ဟု အနက်ပေးခဲ့သည်၊ "ညောင်စောင်းကို+ဖိ၍ထိုင်" ဟူလို၊ အဘိသည် အနက်သီးခြားမရှိ, "ပဒသောဘန=နိသီဒေယျဟုဒ်ကို တင့်တယ်ဝေဆာလာအောင် တန်ဆာဆင်ပေးခြင်း" ဟုသာကြလျှင် "မဠ္ဆဝါ–၌သော်လည်းကောင်း၊ ပိဋ္ဌဝါ–၌သော်လည်းကောင်း၊ အဘိနိသီဒေယျဝါ–ထိုင်မူလည်းထိုင်အံ့၊ အဘိနိပဇ္ဇေယျဝါ–အံ့" ဟုဆို။

အဂါ ၄ ပါး။ ။ ၁–သံဃိကကျောင်းဖြစ်ခြင်း, ၂–ဦးခေါင်းကို မတိုက်မိလောက်အောင်မြင့်သော ဝေဟာသကုဋိဖြစ်ခြင်း, [ဦးခေါင်းကို တိုက်မိလောက်အောင် နိမ့်နေလျှင် နေထိုင်သူမှာ အနာပတ္တိ၊ အောက်ကသွားလာသူ၏ တာဝန်သာ၊] ၃–အောက်ထပ်၌ သွားလာသုံးစွဲလေ့ရှိခြင်း, [အောက်ထပ်၌ သစ်သားစသည်ပုံထား၍ နေထိုင်သုံးစွဲခြင်းမရှိလျှင် အပေါ်ထပ်ခုတင်၌ ထိုင်နေသော်လည်း အနာပတ္တိ၊ နေထိုင်ရာမဟုတ်သော အောက်ထပ်၌ လာရောက်နေထိုင်သူ၏ အပြစ်သာ၊] ၄–စို့ (သံ) မရိုက်အပ်သော အာဟစ္စပါဒက ညောင်စောင်းအင်းပျဉ်၌ထိုင်ခြင်း–သို့မဟုတ် အိပ်ခြင်း, ၄ ပါးတည်း။

[ဆောင်] **သံဃိကကျောင်း[၁], ဦးခေါင်းမထိ–ကုဋိဝေဟာ[၂],**
အောက်မှာသုံးထိုက်[၃], စို့မရိုက်လစ်–အာဟစ်ပါဒက–
မဉ္ဇပိဋ္ဌတွင်း–ထိုင်အိပ်ခြင်းဟု[၄], ကြောင်းရင်းလေးဖြာ,
အင်ညီညာ, ဝေဟာ ပါစိတ်သင့်။

http://www.dhammadownload.com

လည်းကောင်း၊ (ပုနပ္ပုနံ-အထပ်ထပ် လိမ္မိတဗ္ဗောဝါ-ကိုယ်တိုင်မူလည်း လိမ်းကျဲအပ် လိမ်းကျဲနိုင်၏၊ လိမ္မာပေတဗ္ဗောဝါ-သူတစ်ပါးကိုမူလည်း လိမ်းကျဲစေအပ် လိမ်းကျဲစေနိုင်၏၊) ဆဒနသ-အမိုး၏၊ ဒွတ္တိပရိယာယံ-ဝန်းကျင်လှည့်ပတ် ၂ ထပ် ၃ ထပ်ကို၊ အပ္ပဟရိတေ-စိမ်းစိသောကောက်ပဲ မရှိရာအရပ်၌၊ ဌိတေန-ရပ်တည်လျက်၊ အဓိဋ္ဌာတဗ္ဗံ-စိမ်အပ်စိမ်နိုင်၏၊ တတော-ထို ၂ ထပ် ၃ ထပ်ထက်၊ ဥတ္တရိ-အလွန်၊ အပ္ပဟရိတေပိ-စိမ်းစိသော ကောက်ပဲမရှိရာအရပ်၌မူလည်း၊ ဌိတော-ရပ်လျက်၊ စေအခိဋ္ဌေယျ-အကယ်၍စိမ်အုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၉။ မဟလ္လကဝိဟာရ။ ။ [မဟလ္လကဝိဟာရ အဓိပ္ပာယ်ကို သံဃာဒိသေသ် ဝိဟာရကာရ သိက္ခာပုဒ်ပြန်ကြည့်။] ကျောင်းဒကာရှိ၍ ကြီးသော ဥလ္လိတ္တာဝလိတ္တကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည် တံခါးရွက် တံခါးပေါင်များကို ခိုင်မြဲစေဖို့ရာ တံခါးပေါင် (ကျည်းခွေ) ၏ ပတ်ပတ်လည် ၂ တောင့်ထွာအရပ်ကို အင်ုတေ သို့မဟုတ် မြေညက်တို့ဖြင့် အထပ်ထပ် လိမ်းကျဲ (သုတ်) နိုင်သည်၊ လေသာပြတင်း တံခါးရွက်များကို ခိုင်မြဲအောင် ပြုဖို့ရန်လည်း ထိုလေသာပြတင်း၏ ပတ်ပတ်လည်၌ အထပ်ထပ်လိမ်းကျဲနိုင်သည်၊ ထို့ပြင် အမိုးလည်း ၂ ထပ် ၃ထပ်အထိ ကောက်ပင်ပဲပင်မရှိရာ အရပ်၌ရပ်လျက် ကိုယ်တိုင်ကိုယ်ကြပ် စိမ်နိုင်သည်၊ ထို ၂ ထပ် ၃ ထပ် ထက်တိုး၍ စိမ်လျှင်ကား ကောက်ပဲသီးနှံ မရှိရာအရပ်၌ ရပ်လျက် စိမ်စေကာမူ ပါစိတ်အာပတ်သင့်၏။

ယာဝဒတ္ထိရကောသာ အဂ္ဂဠဒ္ဒပနာယ။ ။ တံခါးပေါင် ကျည်းခွေ၏ ၂ တောင့်ထွာပတ်လည်အရပ်ကို "ဒွါရကောသ" ဟုခေါ်၏၊ တံခါးရွက်သည် အပြားအကျယ်ဆုံး ၂ တောင့်ထွာသာရှိမည်ဖြစ်၍ တံခါးရွက် ရိုက်မိတတ်ရာ အရပ်ကိုလည်း ၂ တောင့်ထွာသာ အလွန်ဆုံး သတ်မှတ်ထားသည်၊ အဂ္ဂဠသဒ္ဒါသည် တံခါးရွက်ကိုသာ ဟောသော်လည်း တံခါးပေါင်နှင့် တံခါးရွက် မကင်းကောင်းရကား အဝိနာဘာဝနည်းအားဖြင့် တံခါးပေါင်ကိုပါ အဂ္ဂဠသဒ္ဒါဖြင့် ယူရတော့သည်၊ ဌပနအရ ထားခြင်းဟူသည် ခိုင်မြဲအောင် ထားခြင်းတည်း။

လိမ္မိတဗ္ဗော။ ။ တံခါးရွက်တံခါးပေါင်တို့ကို ခိုင်မြဲအောင် ထားခြင်းဌာ "ဘာလုပ်ရမည်"ဟု သိက္ခာပုဒ်ပါဠိတော်၌ မပါသော်လည်း တစ်ကျောင်းလုံး

http://www.dhammadownload.com

နှုန်စပ်အောင် သုတ်လိမ်းသည့်အတွက် ပညတ်တော်မူရကား: "တစ်ကျောင်းလုံး အနှံ့ အထပ်ထပ် မသုတ်ရ, တံခါ:၏ ၂ တောင့်ထွာ ဟတ္ထပါသ်တိုင်ရံနှင့် လေသာပြတင်း၏ တံခါ:ရွက်ပမာဏ ပတ်လည်လောက်ကိုသာ အထက်အောက် နံပါ:အရပ်၌ အထပ်ထပ်သုတ်ရမည်" ဟု သိသာသောကြောင့် "ပုနပ္ပုနံ လိမ္မိတဗ္ဗောဝ လိမ္မာပေတဗ္ဗောဝါ" ဟု အဋ္ဌကထာထည့်သည်။

ထင်ရှားစေအုံ-တံခါ:မကြီး၏ တံခါ:ရွက်ကို ဖွင့်လိုက်သည့်အခါ နံရံကိုရိုက်မိ၏၊ ပိတ်သည့်အခါ တံခါ:ပေါင်ကိုရိုက်မိ၏၊ ထိုသို့ ရိုက်ဖန်များလျှင် အင်္ဂတေ-သို့မဟုတ် မြေညက်များတုန်လှုပ်၍ ကွာကွတတ်၏၊ ကွာကွရုံသာမက ရိုက်မိဖန်များလျှင် စီထားသော အုတ်များလည်း တုန်လှုပ်ကာ လေ့ာ့ရဲရဲဖြစ်တတ်၏၊ တံခါ:ပေါင် တံခါ:ရွက်များလည်း မခိုင်မြဲနိုင်၊ ထို့ကြောင့် ခိုင်မြဲအောင်ထားခြင်းငှာ တံခါ:ရွက် ရိုက်မိတတ်ရာ ၂ တောင့်ထွာအရပ်၌ အင်္ဂတေမြေညက်ကို အထပ်ထပ်သုတ်နိုင်သည်။

အာလောကသန္ဓိ ပရိကမ္မာယ-"အလောက်-အရောင်အလင်းကို+ သန္ဓေတိ-ပိတ်ကွယ်တတ်၏" ဟူသော ဝိဂြိုဟ်အရ အပြင်က အရောင်များကို ပိတ်ကွယ်တတ်သော လေသာပြတင်း၏ တံခါ:ရွက်ကို "အာလောကသန္ဓိ" ဟုခေါ်၏၊ ထိုတံခါ:ရွက်များ ခိုင်မြဲအောင်ပြုခြင်းကို "ပရိကမ္မ"ဟုခေါ်၏၊ ထိုလေသာပြတင်း၏ တံခါ:ရွက်များကို ခိုင်မြဲအောင်ပြုဖို့ရာ အထပ်ထပ်သုတ်လိမ်းနိုင်သည်။

ဒွတ္တိဗ္ဗဒနသပရိယာယ-ဒွတ္တိနှင့် ပရိယာယကို ဆဒနသပုဒ်ခြားလျက် သမာသ်စပ်ထားသည်၊ ထို့ကြောင့် ဒွတ္တိပရိယာယ်ဟုတွဲ၍ အနက်ပေးသည်၊ ပရိယာယသဒ္ဒါသည် "ထက်ဝန်းကျင်လှည့်ပတ်ခြင်း" အနက်ကိုသာ ဟောသော်လည်း ဤ၌ ထက်ဝန်းကျင်လှည့်ပတ်၍ မိုးခြင်းတိုင်အောင် ယူရမည်၊ ထက်ဝန်းကျင်လှည့်ပတ်၍ မိုးခြင်းဟူသည်လည်း မိုးသင့်သော အရပ်အားလုံးတို့ကို မိုးခြင်းတည်း။

အပ္ပဟရိတေဒ္ဓိတေန အဓိဋ္ဌာတဗ္ဗံ-အပ္ပသဒ္ဒါသည် "အဘာဝ=မရှိခြင်း" အနက်ဟောတည်း၊ (ကောက်ပင် ပဲပင်ပေါ် ရပ်တည်လျှင် ထိုအပင်များ သေမည်စိုးသောကြောင့်) ၂ ထပ် ၃ ထပ် မိုးပုံမိုးနည်းများကို စိမ်းစိသော ပဲပင်ကောက်ပင် မရှိကအရပ်၌ ကည်လျက်စိမ်ရမည်၊ ထိုးသို့ စိမ်ရာ၌ ၂ ထပ် မိုးပုံကို သဘောမကွေးလျှင် ဖျက်ကာဖျက်ကာ သဘောကျသည့် တိုင်အောင် စိမ်ရ၏, ၃ ခုမြောက်အထပ်ကိုကား: "ဤနည်းအကိုင်:

http://www.dhammadownload.com

၁၀။ သပါဏက ယောပန ဘိက္ခု-သည်၊ ဏန်-ပိုးရှိသောရေဟုသိလျက်၊ သပါဏကံ - ပိုးရှိသော၊ ဥဒကံ-ရေကို၊ တိဏဝါ-မြက်သို့သော်လည်းကောင်း၊ မတ္တိကဝါ-မြေညက်သို့သော်လည်းကောင်း၊ သိဉ္စေယျဝါ-ကိုယ်တိုင်မူလည်း သွန်လောင်းအုံ့၊ သိဉ္စာပေယျဝါ-သူတစ်ပါးကိုမူလည်း သွန်လောင်းစေအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

မိုးရစ်တော့" ဟုမှာထား၍ သွားရမည်၊ မသွားဘဲကြည့်နေလျှင်လည်း ထပ်၍မပြောရ၊ ထပ်၍ပြောဆိုစိမ်းလျှင် ပါစိတ်အာပတ်သင့်သည်။ [အထပ်ထပ် မိုးထားလျှင် ကြာကြာခံသောကြောင့် ရှေးခေတ်က ၃ ထပ် ၄ထပ် ထပ်၍ မိုးလေ့ရှိကြသတတ်။] ၁-မဟလ္လကဝိဟာရဖြစ်ခြင်း, ၂-မိမိနေ့ဖို့ရာကျောင်းဖြစ်ခြင်း, ၃-ပြခဲ့သည်ထက်ပို၍ စိမ်ခြင်း, အင်္ဂါ ၃ ပါးတည်း။

[ဆောင်] မဟလ္လက-ဝိဟာရတည့်, မိမိနေရန်-, စိမ်ပိုထ, အင်သုံးဝ, မဟလ္လ ပါစိတ်သင့်။

၁၀။ သပါဏက။ ။ ဒုတိယာဝိဘတ်အတွက် "ကို"ဟုလည်းကောင်း "သို့" ဟုလည်းကောင်း ကဲ့အနက် ၂ မျိုးထွက်၏၊ ထိုတွင် ကြိယာနှင့် တိုက်ရိုက်ဆက်စပ်နေသောကဲ့ကို "ကို" ဟုအနက်ပေးရ၏၊ ဥပမာ- "ထမင်းကို+စား၏, လူကို+သတ်၏, လမ်းကို+သွား၏" စသည်တည်း။ ဤ၌ ထမင်းသည် စားခြင်းကြိယာနှင့်-လူသည် သတ်ခြင်းကြိယာနှင့်-လမ်းသည်သွားခြင်းကြိယာနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိ၏၊ ထို့သို့ တိုက်ရိုက်မဆက်စပ်ဘဲ ရှေးရှုရဲ့ ရှေးရှုအပ်သောကဲ့ကို "သို့" ဟုအနက်ပေးရ၏၊ ဥပမာ-ရွာမရောက်ခင် "ရွာသို့+သွား၏" ရေသို့မကျခင် "ရေထဲသို့+လောင်းထည့်၏" စသည်တည်း။

[ဆောင်] ကဲ့နှင့်ကြိယာ, တိုက်ရိုက်သာလျှင်, ထင်ရှားစပ်ဆက်, ကို-အနက်တည်း၊ မဆက်ရှေးရှု, ထိုကဲ့စုကို, သို့-ဟုမှတ်သား, နှစ်မျိုးပြားသည်, ခွဲခြားတွေ့တိုင်း ဤနည်းတည်း။

ပထမနည်း။ ။ "သပါဏကံ ဥဒကံ တိဏဝါ မတ္တိကဝါ" ပုဒ်တို့ကို ၂ နည်းအနက်ပေးရာ၌ ပထမနည်းအလို "ပိုးရှိသောရေကိုယူ၍ မြက်ထဲသို့သော်လည်းကောင်း, မြေညက်ပေါ်သို့သော်လည်းကောင်း, ကိုယ်တိုင်ဖြစ်စေ

http://www.dhammadownload.com

(တစ်နည်း) ဇာနံ-လျက်၊ သပါဏတံ-သော၊ ဥဒကံ-ရေထဲသို့၊ တိဏံဝါ-မြက်ကိုသော်လည်းကောင်း၊ မတ္တိကံဝါ-မြေညက်ကိုသော်လည်းကောင်း၊ သိङ္ဂေယျဝါ-ကိုယ်တိုင်မူလည်း လောင်းထည့်အုံ့၊ သိङ္ဂါပေယျဝါ-သူတစ်ပါးကိုမူလည်း လောင်းထည့်စေအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။ [ဒုတိယော-ဒုတိယဖြစ်သော၊ ဘူတဂါမဝဂ္ဂေါ-ဘူတဂါမဝဂ်တည်း။]

* * * * *

ခိုင်းရ၍ဖြစ်စေ သွန်ပစ်-လောင်းထည့်သည်" ဟု ဆိုလိုသည်၊ ဤနည်းအရ ရေအိုးရေကန် ရေတွင်းများမှ ပိုးရှိသောရေကို (ပိုးရှိမှန်းသိလျက်) မသွန်မလောင်းကောင်းဟုမှတ်။

ဒုတိယနည်း။ "ပိုးရှိသော ရေထဲသို့ မြက် (သစ်ရွက်သစ်ခက်) တို့ကိုသော်လည်းကောင်း, မြေညက်ကိုသော်လည်းကောင်း, ကိုယ်တိုင်ဖြစ်စေ ခိုင်းရ၍ဖြစ်စေ လောင်းထည့်သည်" ဟုဆိုလိုသည်၊ ဤနည်းဝယ် "ပိုးရှိသောရေ" ဟူရာ၌ သစ်ရွက် သစ်ခက် အမှိုက် မြေညက်တို့ကို ထည့်လိုက်လျှင် ရေနောက်သွားသဖြင့် ပိုးကလေးများ သေဖွယ်ရှိသော နည်းနည်းပါးပါး ရေကိုသာ ဆိုလိုသည်၊ မြစ်ချောင်း ကန်ကြီးများဝယ် များစွာရှိသောရေ၌ကား ထို မြက်စသည်ထည့်၍ ပိုးမသေနိုင်။ [ဝိမတိဋီကာ ပါစိတ်ယောဇနာနှင့် ရှေး နိဿယတို့ အမျိုးမျိုး ဖွင့်ကြသေး၏။]

အဂါ ၄ ပါး။ ။ ၁-ပိုးရှိသောရေဖြစ်ခြင်း, ၂-သွန်လောင်းခြင်း ကြောင့် ပိုးများသေမည်ကိုသိခြင်း, ၃-ထိုသို့ ပိုးသေလောက်သောရေလည်းဖြစ်ခြင်း, ၄-မြက်စသည် သွန်လောင်းခြင်း, ၄ ပါးတည်း။ [ဤသိက္ခာပုဒ်ကို သိဒ္ဓနသိက္ခာပုဒ်ဟုလည်း တချို့နေရာ၌ နာမည်ပေးသည်။]

[ဆောင်] ပိုးရှိသောရေ[1], သွန်လောင်းလေသော်-ပိုးသေမည်သိ[2], ရေ၏ဖြစ်ချက်-သေလောက်လျက်ပင်[3], မြေမြက်ခပင်း-သွန်ထည့်ခြင်းဟု[4], ကြောင်းရင်းလေးဖြာ, အင်ညီညာ, သပါဏကသင့်။

---

http://www.dhammadownload.com

ဘိက္ခုနောဝါဒဝဂ်

၁။ ဩဝါဒ

ယောပန ဘိက္ခု-သည်၊ အသမ္မတော-မသမုတ်အပ်ဘဲ၊ ဝါ-သမ္မုတိမရဘဲ၊ ဘိက္ခုနိယော-တို့ကို၊ ဩဝဒေယျ-ဆုံးမအုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၁။ ဩဝါဒ။ ။ သမ္မုတိမရဘဲ ဘိက္ခုနီတို့ကို ဂရုဓမ်တရားဖြင့် ဆုံးမလျှင် ပါစိတ်အာပတ်သင့်၏၊ သိလရှိခြင်း ဗဟုသုတရှိခြင်း စသော အင်္ဂါ၈ပါးနှင့် ပြည့်စုံသောရဟန်းအား ဥတ်ကမ္မဝါစာဖြင့် ဘိက္ခုနောဝါဒက သမ္မုတိပေးရန် ခွင့်ပြုတော်မူသည်၊ ထိုသို့ ဥတ်ကမ္မဝါစာဖြင့် အသမုတ်မခံရ သောရဟန်းကို "အသမ္မတ" ဟုခေါ်၏၊ ဆုံးမဟူရာ၌ "ဝဿသတူပသမ္ပန္နာယ ဘိက္ခုနိယာ တဒဟုပသမ္ပန္နဿ ဘိက္ခုနော အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမီစိကမ္မံ ကာတဗ္ဗံ" အစရှိသော ဂရုဓမ်ပါဠိကိုရွတ်၍ ဆုံးမမှသာ ပါစိတ်အာပတ်သင့်သည်၊ အခြားပါဠိကိုရွတ်၍ ဆုံးမရာ၌ကား ဒုက္ကဋ်သာ သင့်သည်။ [ဂရုဓမ် ၈ ပါးအကျယ်ကို ပါဠိတော် အဌကထာကြီးတို့မှာရှု။]

အင်္ဂါ ၃ ပါး။ ၁-သမ္မုတိမရခြင်း, ၂-ဘိက္ခုနီ၏ ပြည့်စုံသော ရဟန်းမဖြစ်ခြင်း, [ဘိက္ခုနီသံဃာ၌ ပထမရဟန်းဖြစ်-ဘိက္ခုသံဃာ၌ ဒုတိယ ရဟန်းဖြစ်သူကို "ပြည့်စုံသော ရဟန်း"မ ဟုခေါ်၏၊ ဘိက္ခုနီတစ်ဘက်၌သာ ရဟန်းပြုပြီး ဖြစ်သူကို ဆုံးမလျှင် ဒုက္ကဋ်၊] ၃-ဂရုဓမ်တရားဖြင့် ဆုံးမခြင်း, အင်္ဂါ ၃ ပါးတည်း။

[ဆောင်] မရသမ္မုတိ², ဘိက္ခုနိကား-ပြီးပြည့်စုံစွ-ရဟန်းမမှန်-, ဂရုဓမ်ဆုံးမ³, အင်သုံးဝ, ဩဝါဒက သင့်။

ဘိက္ခုနော ဝါဒက အင်္ဂါ။ ။ ဘိက္ခုနီတို့ကို ဆုံးမထိုက်သူဟု သမုတ်ရာ၌ အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသူကိုမှ သမုတ်ရမည်၊ အင်္ဂါ ၈ ပါးကား-၁-ပါတိမောက္ခသံဝရသိလရှိခြင်း, ၂-ပိဋကဗဟုသုတရှိခြင်း, ၃-ဥဘတောဝိဘင်းနှင့် ပါတိမောက်ကို နှုတ်တက်ရခြင်း, ၄-ကောင်းသော စကားလုံးနှင့် ကောင်းသောအသံရှိခြင်း, ၅-ဘိက္ခုနီသံဃာ (အားလုံး မဟုတ်သော်လည်း) အများ၏ အကြည်ညိုခံရခြင်း, ၆-ဘိက္ခုနီ တို့ကို တရားဟောနိုင်ခြင်း, ၇-ရှေးလူ့ဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ-သီကွမ်ဘန် သာမဏေမ

http://www.dhammadownload.com

၂။ အတ္ထဂ်ိက သမ္မတောပိ–သမုတ်အပ်သူလည်းဖြစ်သော၊ ဝါ–သမ္မုတိ ရပြီးသူလည်းဖြစ်သော၊ ဘိက္ခု–သည်၊ သူရိယေ–နေသည်၊ ဂ်တေ–ဝင်လသော်၊ ဘိက္ခုနိယော–တို့ကို၊ စေသြဝဒေယ္ယ–အကယ်၍ ဆုံးမအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၃။ ဘိက္ခုနုပဿယ ယော ပန ဘိက္ခု–သည်၊ သမယာ–ချဉ်းကပ်၍ ဆုံးမသင့်ရာ အခါကို၊ အညတြ–ကြဉ်၍၊ ဘိက္ခုနုပဿယံ–ဘိက္ခုနီ ကျောင်းသို့၊ ဥပသင်္ကမိတွာ–ချဉ်းကပ်၍၊ ဘိက္ခုနိယော–ရဟန်းမတို့ကို၊ သြဝဒေယ္ယ–အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံဟောတိ၊ တတ္ထ–ထို အညတြသမယာ ဟူသောပါဠိ၌၊ အယံ–ဤဆိုအပ်လတ္တံ့ကား၊ သမယော–အခါတည်း၊ ဘိက္ခုနီ–ရဟန်းမသည်၊ ဂိလာနာ–မကျန်းမာသည်၊ ဟောတိ–ဖြစ်အံ့၊ အယံ–ဤ မကျန်းမာရာအခါသည်၊ တတ္ထ–အညတြ သမယာဟူသော ပါဠိ၌၊ သမယော–အခါတည်း။

* * * * *

တို့၌ မေထုန်မှုကို မပြုဖူးခြင်း, ၈–ဝါ ၂၀ ရှိခြင်းအားဖြင့် အင်္ဂါ ၈ ပါ:တည်း။

သီလဝါ[1], ဗဟုသုတောစ[2], သွာဂတောစ[3], သုဝါစကော[4],
ပိယော[5] ပဋိဗလောစာပိ[6], နစ္ဆာပနော[7] ဝိသတိ[8]။

၂။ **အတ္ထဂ်ိတ**။ ။ သမ္မုတိရသောရဟန်း ဖြစ်စေကာမူ နေဝင်လျှင် ဘိက္ခုနီများကို သြဝါဒမပေးရ၊ နေဝင်သည့်တိုင်အောင် သြဝါဒပေးနေလျှင် ပါစိတ်အာပတ်သင့်သည်၊ [ဤသိက္ခာပုဒ်၌ ဂရုဓမ်တရားသာမက, အခြား တရားဖြင့် သြဝါဒပေးလျှင်လည်း ပါစိတ်အာပတ်ပင်။] ၁–နေဝင်ခြင်း, ၂–ပြည့်စုံစွာ ရဟန်းမဖြစ်ခြင်း, ၃–ဆုံးမခြင်း, အင်္ဂါ ၃ ပါ:တည်း။
[ဆောင်] နေဝင်ချိန်ကျ[1], ပြည့်စုံစွာသည့်–ရဟန်းမဖြစ်အင်[2],
ဆုံးမလျှင်[3], အတ္ထဂ်ိတသင့်။

၃။ **ဘိက္ခုနုပဿယ**။ ။ ဘိက္ခုနီ ဂိလာနဖြစ်နေရာအခါမှ အခြား အခါများ၌ ဘိက္ခုနီကျောင်းသို့ သွား၍ သြဝါဒပေးလျှင် ပါစိတ်အာပတ်

http://www.dhammadownload.com

၄။ အာမိသသိက္ခာပုဒ် ယောပန ဘိက္ခု-သည်၊ ဧဝံ-ဤသို့၊ ဝဒေယျ-ပြော ဆိုကဲ့ရဲ့အံ့၊ (ကိ-အဘယ်သို့ ပြောဆိုကဲ့ရဲ့သနည်း၊) အာမိသဟေတု-အာမိသအကြောင်းကြောင့်၊ ထေရာ-ထေရ်ဖြစ်ကုန်သော၊ ဘိက္ခု-ရဟန်းတို့သည်၊ ဘိက္ခုနိယော-တို့ကို၊ သြဝဒန္တိ-ဆုံးမကြကုန်၏၊ ဣတိ-ဤသို့ ပြောဆိုကဲ့ရဲ့အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံဟောတိ။

* * * * *

သင့်၏၊ [သြဝါဒဟူရာ၌ ဂရုဓမ်တရားကိုသာ ယူရမည်၊ ဂိလာန ဘိက္ခုနီ ဟူရာ၌လည်း အဆုံးအမခံဖို့ဖြစ်စေ ကံကြီးကံငယ်ပြုရန်ဖြစ်စေ မသွားနိုင် လောက်အောင် မကျန်းမာသူကို ယူရမည်၊ ဘိက္ခုနီတို့သည် မြို့ရွာအတွင်း၌ အစွန် အဖျား အရပ်ဝယ် ကျောင်းများကို တည်ထောင်နေထိုင်ကြသည်၊ ထိုကဲ့သို့ ကျောင်းကို "ဘိက္ခုနုပဿယ" ဟု ခေါ်၏၊ ဘိက္ခုနီ+ ဥပဿယ =ဘိက္ခုနီတို့၏+မှီတင်းနေထိုင်ရာကျောင်း။]

အဂ်ါ ၄ ပါး။ ။ ၁-ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်ခြင်း, ၂-ပြည့်စုံစွာ ရဟန်းမဖြစ်ခြင်း, ၃-အခါမဟုတ်ခြင်း, [ဂိလာနမဟုတ်-ဟူလို၊]၄-ဂရုဓမ်ဖြင့် ဆုံးမခြင်းတည်း။ [သမ္မုတိလည်းမရ, နေလည်းဝင်, ဘိက္ခုနီကျောင်းသို့လည်း သွား၍ ဂရုဓမ်တရားဖြင့် သြဝါဒပေးလျှင် ပါစိတ် ၃ ခုကသင့်၏။]

[ဆောင်] ရဟန်းမကျောင်းတွင်း-ချဉ်းကပ်ခြင်းတည်း[1], ပြီးပြည့်စုံစွာ-ရဟန်းမ မှန်[2], ခါ-မတန်ဘဲ[3], ဂရုဓမ်ဆုံးမ[4], အင်လေးဝ, ဥပဿယသင့်။

၄။ အာမိသ။ ။ "အာမသိယတေ-တဏှာဖြင့် ငါ့ဟာဟု သုံးသပ်အပ်၏" ဟူသော ဝိဂြိုဟ်အရ ငါ့ဟာ ငါ့ဟာဟု တဏှာဖြင့် သုံးသပ်အပ်သော ပစ္စည်းများကို အာမိသဟုခေါ်၏၊ "အာမိသအကြောင်းကြောင့်" ဟူရာ၌ "အာမိသကို အလိုရှိသောကြောင့်" ဟု ဆိုလိုသည်၊ ဘိက္ခုနောဝါဒက သမ္မုတိရသူတို့သည် ဝါ ၂၀ ရပြီးသော ထေရ်ကြီးများသာတည်း၊ ထို့ကြောင့် "ထေရာဘိက္ခု" ဟုဆိုသည်၊ "ထေရ်ကြီးများသည် ယဉ်ကျေး လိမ္မာစေလို ခြင်းကြောင့် ဘိက္ခုနီတို့ကို ဆုံးမကြသည်မဟုတ်, သက်နှံ့စသော အာမိသကို ရလိုမှုကြောင့် ဆုံးမကြသည်" ဟု ကဲ့ရဲ့လျှင် ပါစိတ်အာပတ်သင့်၏။ [သမ္မုတိ မရသော ဘိက္ခုနှင့် ရဟန်းဘဝတုန်းက သမ္မုတိရပြီးသော သာမဏေ-သမ္မုတိမရပြီးသော သာမဏေများကို ကဲ့ရဲ့လျှင် ဒုက္ကဋ်။]

http://www.dhammadownload.com

၅။ စီဝရဒါန ယော ပန ဘိက္ခု-သည်၊ ပါရိဝတ္တကာ-လဲလှယ်အပ်သော သင်္ကန်းကို၊ အညတြ-ကြဉ်၍၊ အညာတိကာယ-ဆွေမျိုးမတော်သော၊ ဘိက္ခုနိယာ-အား၊ စီဝရံ-ကို၊ ဒဒေယျ-ပေးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၆။ စီဝရသိဋ္ဌန ယော ပန ဘိက္ခု-သည်၊ အညာတိကာယ ဘိက္ခုနိယာ-စီဝရံ - ကို၊ သိဋ္ဌေယျ၀ါ - ကိုယ်တိုင်မူလည်းချုပ်အံ့၊ သိဋ္ဌာ ပေယျ၀ါ-သူတစ်ပါးကိုမူလည်း ချုပ်စေအံ့၊ တဿဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

အဂ်ါ ၄ ပါး။ ။ ၁-ရဟန်းဖြစ်ခြင်း, ၂-တရားသဖြင့် သမ္မုတိရသူဖြစ်ခြင်း, ၃-အာမိသင့်မှုမရှိခြင်း, [အာမိသင့်သူကို ကဲ့ရဲ့လျှင် အနာပတ္တိ၊] ၄-ကျေးဇူးမဲ့ကို လိုလားသဖြင့် ပြောဆိုခြင်းများတည်း။

[ဏေ] ရဟန်းလည်းဖြစ်[1], တရားစစ်ဖြင့်-ရလစ်သမ္မုတိ[2], အာမိသမင့်[3], ကျေးဇူးမဲ့လို-ပြောဆိုတုံက[4], အင်လေး၀, အာမိသ ပါစိတ်သင့်။

၅။ စီဝရဒါန။ ။ ဘိက္ခုနီအားလဲခြင်း: မဟုတ်ဘဲ သင်္ကန်းသင်္ကန်းပေးလျှင် ပါစိတ်အာပတ်သင့်၏၊ [မှတ်ဖွယ်ကို နိသဂ္ဂိယစီဝရ၀ဂ် စီဝရပတိဂ္ဂါဟက သိက္ခာပုဒ်အတိုင်း: သိ၊ ထို သိက္ခာပုဒ်၌ ဘိက္ခုက ခံယူသူဖြစ်ခြင်း:-ဤ၌ ဘိက္ခုနီက ခံယူသူဖြစ်ခြင်းသာလျှင် သိက္ခာပုဒ် ၂ ပါ: ထူးခြား၏။]

၆။ စီဝရသိဋ္ဌန။ ။ ဆွေမျိုးမတော်သော ဘိက္ခုနီ၏ ဝတ်လောက် ရုံလောက် သင်္ကန်းကို ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ ချုပ်ပေးလျှင် ပါစိတ်အာပတ်သင့်၏။ [ချုပ်ရာ၌ အပ်တစ်ချက် အနှုတ်အနှုတ်မှာ ပါစိတ်တစ်ချက်တစ်ချက်သင့်၏၊ ဆရာစသူက အချုပ်ခိုင်း၍ ချုပ်ပေးသော ရဟန်းမှာလည်း အာပတ်ပင်၊] ၁-ဆွေမျိုးမတော်သော ဘိက္ခုနီ၏ သင်္ကန်းဖြစ်ခြင်း, ၂-ဝတ်လောက် ရုံလောက်ခြင်း, ၃-ချုပ်ခြင်း: သို့မဟုတ် ချုပ်စေခြင်းအားဖြင့် အဂ်ါ ၃ ပါးတည်း။

[ဏေ] ဆွေမျိုးမသီ-ဘိက္ခုနီ၏-အထည်သင်္ကန်း[1], ဝတ်စွမ်းရုံနိုင်[2], ကိုယ်တိုင် သို့မဟုတ်-စေ၍ချုပ်က[3], အင်သုံး၀, သိဋ္ဌန ပါစိတ်သင့်။

http://www.dhammadownload.com

၇။ သံဝိဓာန ယောပန ဘိက္ခု-သည်၊ သမယာ-သွားသင့်ရာအခါ ကို၊ အညတြ-ကြဉ်ထား၍၊ ဘိက္ခုနိယာ-ရဟန်းမနှင့် သဒ္ဓိं-တကွ၊ သံဝိဓာယ-ကောင်းစွာစီစဉ်၍၊ ဝါ-ချိန်းချက်၍၊ ဧကဒ္ဒါနမဂ္ဂ-တစ်ကြောင်းတည်း အဓွန့်ရှည်သောခရီးကို၊ အန္တ-မသော-အောက်ထစ်ဆုံးအားဖြင့်, ဂါမန္တရမ္မိ-အခြားတစ်ရွာသို့လည်း၊ ပဋိပန္နေယျ-သွားအံ့၊ ဘသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတ္ထ-ထိုအညတြသမယာဟူသော ပါဌ်၌၊ အယံ-ကား၊ သမယော-တည်း၊ မဂ္ဂေ-ခရီးတည်း၊ သတ္ထဂမနီယော-ကုန်သည်အပေါင်းနှင့် အတူသွားထိုက်သည်၊ သာသက်သမ္မတော-ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်သည်၊ သပ္ပဋိဘယော-ဘေးရန်နှင့်ကကွ ဖြစ်သည်၊ ဟောတိ-အံ့၊ အယံ-ဤအခါသည်၊ တတ္ထ-ထို အညတြသမယာ ဟူသော ပါဌ်၌၊ သမယော-အခါတည်း။ ["တတ္ထ=ထိုဘိက္ခုနှင့်တိုင်ပင်၍သွားကဲ့" ဟု ရှေးနိသဿပေးသည်။]

* * * * *

၇။ သံဝိဓာန။ ။ လမ်းခရီးက ဘေးအန္တရာယ်ရှိနေရာအခါ မဟုတ်လျှင် ဘိက္ခုနီနှင့်အတူ ချိန်းချက်၍ အောက်ထစ်ဆုံးအားဖြင့် မိမိရွာမှ အနီးအပါး အခြားရွာသို့မျှ မသွားကောင်း, သွားလျှင် ပါစိတ်အာပတ်သင့်၏။

သံဝိဓာယ။ ။ ဂိပုဗ္ဗဓာတ်တွဘပစ္စည်း၊ ဝ-ဓာတ်သည် ပြုခြင်ရင်ခြင်း(စီစဉ်ခြင်း) အနက်ကိုဟောတတ်၏၊ "ကောင်းစွာစီစဉ်" ဟူသည် ရဟန်းက ဘိက္ခုနီကိုမြင်၍ "သင် - - မည်သည့်ရွာကို ရောက်ဖူးရဲ့လား, ငါသွားမလို့, သင်လိုက်ခဲ့, မည်သည့်အချိန်သွားမည်" စသည်ဖြင့် စီစဉ်ခြင်းတည်း၊ ဤကဲ့သို့ စီစဉ်ခြင်းကိုပင် "ချိန်းချက်ခြင်း" ဟုလည်းဖွင့်၏၊ ဤကဲ့သို့ ချိန်းချက်ခြင်းကိုပင် မြန်မာစကားအားဖြင့် "တိုင်ပင်ခြင်း" ဟုလည်းခေါ်သေး၏၊ ထိုသို့စီစဉ်ရာ၌ ရဟန်းကျောင်း ဘိက္ခုနီ တိတ္ထိတို့ကျောင်း အိပ်ရာနေရာများသည် ကပ္ပိယဘူမိ (အပ်သောနေရာ) ဖြစ်၍ ထိုနေရာတို့၌နေ၍ စီစဉ်လျှင် စီစဉ်မှုကြောင့် အာပတ်မသင့်သေး၊ အခြားနေရာ (လမ်းဆုံလမ်းမ) စသည်၌နေ၍ စီစဉ်လျှင်ကား စီစဉ်မှုသက်သက်ကြောင့် ဒုက္ကဋ်အာပတ်သင့်၏။

ဧကဒ္ဒါနမဂ္ဂ။ ။ အဒ္ဓါနသဒ္ဒါသည် "အဓွန့် (ခရီးရှည်)" ဟူသော အနက်ကိုဟော၏၊ ခရီးရှည်ဟူရာ၌လည်း တစ်ယူဇနာဝက်ရှိလျှင် ခရီးရှည်ပင်တည်း၊ ထို့ကြောင့် ရွာချင်းမနီးသော တောလမ်းခရီးဖြစ်လျှင် မူလရွာမှ

http://www.dhammadownload.com

ထွက်၍ တစ်ယူဇနာဝက်အလွန်တွင် အာပတ်သင့်၏၊ (ထွက်စက အာပတ်မသင့်သေး) ရွာချင်းနီးသော ခရီးဖြစ်လျှင်ကား (ရွာချင်းကပ်စေကာမူ) မိမိရွာမှထွက်၍ အခြားတစ်ရွာ၏ (အများသတ်မှတ်ထားအပ်သော) ဥပစာသို့ဝင်မိလျှင် ပထမခြေလှမ်း ဒုက္ကင့်-ဒုတိယခြေလှမ်း ပါစိတ်အာပတ်သင့်၏၊

ဧကဒ္ဓါနဋ္ဌ ဧကသဒ္ဒါသည် "တစ်ခု" ဟူသော အနက်ဟောတည်း၊ တစ်ခုတည်းသော ခရီးဟူရာ၌ "လမ်းကြောင်းတစ်ကြောင်းတည်း= တစ်လမ်းတည်း" ဟု ဆိုလိုသည်၊ တစ်နည်း-ဧကသဒ္ဒါသည် "ဧကတော (တစ်ပေါင်းတည်း)" ဟူသော အနက်ဟောတည်း၊ ဘိက္ခုနှင့် ဘိက္ခုနီတို့ တစ်ပေါင်းတည်း (အတူတကွ) အခွန်ရှည်သောခရီးကို သွားသည်-ဟူလို။

သတ္ထဂမနီယော၊ ဃ၊ သမ္ပဋိဘယော။ ။ တချို့ခရီးသည်များသည် တောပုန်း ဓားပြ သူခိုးတို့ ထကြွနေသဖြင့် "ငါတို့လည်း အတိုက်ခံကြရမည်လားမသိ" ဟု ယုံမှားဖွယ်ရှိ၏၊ သတ်ဖြတ်လုယူကြောင်းကိုလည်း ကြားနေရ တွေ့နေရသဖြင့် ဘေးအန္တရာယ် ပေါများ၏၊ သို့ဖြစ်၍ ခြေလျင်ကုန်သည်နှင့်ဖြစ်စေ အတူသွားထိုက်သော အတူသွားမှသာ ဘေးအန္တရာယ်လွတ်မည့်ခရီးဖြစ်လျှင်ကား ထိုအခါမျိုးဝယ် ဘိက္ခုနီတို့ အန္တရာယ်ကင်းလွတ်အောင် ဘိက္ခုနီနှင့်အတူ စီစဉ်ချိန်းချက်၍ သွားကောင်းသည်။ [သတ္ထေန-ကုန်သည်အပေါင်းနှင့်တကွ၊ ဂမနီယော-သွားထိုက်သောခရီးသည်၊ သတ္ထဂမနီယော-မည်၏။]

အဂါ ၅ ပါး။ ။ ၁-နှစ်ဦးသဘောတူ စီစဉ်၍သွားခြင်း, ၂-ချိန်းချက်မှ မဆုတ်ယွင်းခြင်း, [မည်သည့်အချိန်သွားကြစို့-ဟု ချိန်းချက်ထားသည့်အတိုင်း သွားဖြစ်ခြင်း-ဟူလို။]၃-ချိန်းချက်သွားသင့်ရာအခါမဟုတ်ခြင်း, ၄-ဘေးရန်မရှိခြင်း, [ဘေးရန်ဟူသည် တိုင်းပြည်ပျက်၍ ထွက်ပြေးကြရခြင်းမျိုးတည်း၊] ၅-အခြားတစ်ရွာသို့ သက်ရောက်ခြင်း, သို့မဟုတ် ယူဇနာဝက်ကို လွန်ခြင်းတည်း။

[ဏာင်] **သဘောတူလျက်-စီစဉ်မြွက်၍[1], ချိန်းချက်လည်းမှန်[2], ခါမတန်ဘဲ[3], ဘေးရန်ကင်းကွာ[4], အခြားရွာနှင့်-ယူဇနာဝက်-ဝင်သက်မိလျှင်:-လွန်မြောက်ခြင်း[5]ဟု, ကြောင်းရင်းငါးလီ, အဂါညီ, သင့်ပြီဝိဓာန။**

---

http://www.dhammadownload.com

၈။ နာဝါဘိရူဟန ယော ပန ဘိက္ခု ဘိက္ခုနိယာ သဒ္ဓိ သံဝိဓာယ-၍၊ တိရိယံ - ဖီလာ၊ တရဏာယ - ဖြတ်ကူးခြင်းကို၊ အညတြ-ကြဉ်၍၊ ဥဒ္ဒဂါမိနိ'ဝါ-အထက်သို့ ဆန်တက်သည်မူလည်းဖြစ်သော၊ အဓောဂါမိနိ'ဝါ-အောက်သို့ စုန်ဆင်းသည်မူလည်းဖြစ်သော၊ ဧကံနာဝံ-တစ်စင်းတွဲသည်းသောလေကို၊ အဘိရုဟေယျ-တက်စီးအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၉။ ပရိပါစိတ ယော ပန ဘိက္ခု-သည်၊ ပုဗ္ဗေ-ဘိက္ခုနိ မစိမ်မိရှေ့၌၊ ဂိဟိသမာရမ္ဘာ - လူတို့အားထုတ်အပ်သောဆွမ်းကို၊ အညတြ-၍၊ ဇာနံ-ဘိက္ခုနိစိမ်အပ်သောဆွမ်းဟုသိလျက်၊ ဘိက္ခုနိပရိပါစိတ်-ရဟန်းမသည်စိမ်အပ်သော၊ ပိဏ္ဍပါတံ-ဆွမ်းကို၊ ဝါ-ဘောဇဉ်ငါးပါ:တစ်ပါးပါးကို၊ ဘုဥ္ဇေယျ-စားအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၈။ နာဝါဘိရူဟန။ ။"မည်သည့်နေ့ရက် မည်သည့်အချိန် မည်သည့်လေကို (သင်္ဘောပါ) စီးကြစို့" ဟု ဘိက္ခုနိမနှင့် သဘောတူချိန်းချက်၍ ဆန်လေစုန်လေ တစ်စင်းစင်းကိုစီးလျှင် ပါစိတ်အာပတ်သင့်၏၊ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို ဖြတ်ကူးရံကား ကူးကောင်းသည်။ [ဤသိက္ခာပုဒ်နှင့် စပ်၍ကြွင်းသော မှတ်ဖွယ်များကို သံဝိဓာန သိက္ခာပုဒ်အတိုင်း သိနိုင်ပြီ၊ ထိုသိက္ခာပုဒ်လာ အဂါ ၅ ပါ:တွင် ၃ နံပါတ် "ချိန်းချက်၍ သွား:သင့်ရာ အခါ မဟုတ်ခြင်း" ဟူသော အဂါ၏အစား "ဖြတ်ကူးရာအခါမဟုတ်ခြင်း" ဟူသော အဂါကို လဲလှယ်သွင်းသင့်မည်ထင်သည်။

၉။ ပရိပါစိတ။ ။ဘိက္ခုနိမ မစိမ်မီ လူတို့ဘာသာ စိမ်အပ်သော ဆွမ်းသည် "ဂိဟိသမာရမ္ဘ" မည်၏။ [ဂိဟိနံ-တို့၏+သမာရမ္ဘော-ကောင်းစွာ အားထုတ်အပ်ပြီ:သော ဆွမ်းသည်၊ ဂိဟိသမာရမ္ဘော-မည်၏၊] ထိုဆွမ်းကို ဘိက္ခုနိကထပ်၍ (လောကွတ်လုပ်၍) စိမ်ရာ၌ ထိုဆွမ်းကို စားကောင်း၏၊ ထိုသို့ လူတို့ဘာသာ စိမ်အပ်ပြီ:မဟုတ်ဘဲ ဘိက္ခုနိစိမ်တိုက်တွန်:မှ ဖြစ်ပေါ်လာသော ဆွမ်းကိုသိလျက် စားလျှင်ကား ပါစိတ်အာပတ်သင့်သည်။

ဘိက္ခုနိ ပရိပါစိတ်- [ဘိက္ခုနိယာ-ရဟန်းမသည်၊ ပရိပါစိတ်-စိမ်အပ်သော ဆွမ်းတည်း၊ ဘိက္ခုနိပရိပါစိတ် - ဆွမ်း။] "စိမ်" ဟူရာ၌ကား

http://www.dhammadownload.com

၁၀။ ရဟောနိသ္စ ယော ပန ဘိက္ခု-သည်၊ ဘိက္ခုနိယာ-နှင့်၊ သဒ္ဓိ-ကွ၊ ဧကော ဧကာယ-တစ်ယောက်ချင်းချင်း၊ ရဟော-နား၏ကွယ်ရာအရပ်၌၊ နိသဇ္ဇ-ထိုင်နေခြင်းကို၊ ကပ္ပေယျ-အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [တတိယော-သော၊ ဘိက္ခုနောဝါဒဝဂ္ဂေါ-ဘိက္ခုနောဝါဒဝဂ်တည်း။]

* * * * *

"ဟိုဟာထည့်လော, သည်ဟာခတ်လော" စသည်ဖြင့် ကောင်းအောင် စီမံခြင်းမျိုးမဟုတ်၊ ဘိက္ခုနီတို့သည် မိမိတို့ အကျွမ်းဝင်ရာ အိမ်သူအိမ်သားများကို "မည်သည့်ရဟန်းအားလျှကြ"ဟု စီမံတတ် နှိုးဆော်တတ်ကြ၏၊ ထိုစီမံနှိုးဆော်အပ်သောဆွမ်းကို "ဘိက္ခုနိ ပရိပါစိတ" ဟုခေါ်သည်။ ထိုသို့နှိုးဆော်အပ်သူ လူများသည် ရဟန်းမ၏လည်းကောင်း ရဟန်း၏လည်းကောင်း ဥာတိပဝါရိတဖြစ်လျှင် အပြစ်မရှိ-စားအပ်ပါ၏။

ပိဏ္ဍပါတံ-ပိဏ္ဍသဒ္ဒါသည် "ဒေါနေ=အသက်ရှည်ကြောင်းအစာ" ဟူသောအနက်ကို ဟော၏၊ ပိဏ္ဍဿ-အစာ၏၊ ပါတော-သပိတ်၌ကျခြင်းသည်၊ ပိဏ္ဍပါတော-၏၊ "သပိတ်၌ကျခြင်း" ဟူရာဝယ် လက်ဆုပ်လက်ကိုင်ပြလျှင် ကျသောအစာကိုသာ ပြန့်ရကား သပိတ်၌ ကျရောက်သောအစာဟူသမျှကို ပိဏ္ဍပါတဟုခေါ်နိုင်၏၊ သို့သော် ဤသိက္ခာပုဒ်ကား ပိဏ္ဍပါတအရ ဘောဇဉ် ၅ ပါးကိုသာ ယူရမည်။ [ဘောဇဉ် ၅ ပါးကို နောက်၌ ပြမည်။]

အဂ်ါ ၅ ပါး။ ။ ၁-ဘိက္ခုနိစီမံခြင်း, ၂-ဘိက္ခုနိစီမံအပ်သော ဆွမ်းဟုသိခြင်း, ၃-ဘိက္ခုနိ မစီမံမီ ရှေးအဖို့က လူတို့စီမံမှုမရှိခြင်း, ၄-ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြစ်ခြင်း, ၅-ထိုဘောဇဉ်ကို စားမျိုခြင်းတည်း။

[ဆောင်] ဘိက္ခုနိစီမံ[၁], စီမံမှန်းသိ[၂], သူ၏အလျင်-လူစတင်၍, စီရင်မထား[၃], ဘောဇဉ်ငါးတွင်-တစ်ပါးဝင်လျှင်[၄], စားမျိုခြင်းဟု[၅], ကြောင်းရင်း ငါး၀, အင်ညီမျှ, ပရိပါစိတသင့်။

၁၀။ ရဟောနိသ္စ။ ။ ဤသိက္ခာပုဒ်၌ မှတ်သားဖွယ် အဓိပ္ပာယ်ကို ဒုတိယ အနိယတသိက္ခာပုဒ်အတိုင်း သိနိုင်ပြီ။

---

http://www.dhammadownload.com

ဘောဇနေဝဂ်

၁။ အာဝသထပိဏ္ဍ အဂိလာနေန–ဂိလာနမဟုတ်သော၊ ဘိက္ခုနာ–ရဟန်းသည်၊ ဧကော – တစ်နေ့စာဖြစ်သော၊ အာဝသထပိဏ္ဍော–တည်းခိုရာဧရပ် စသည်၌ ဝတ်တည်အပ်သောဆွမ်းကို၊ ဘုဉ္ဇိတဗ္ဗော–စားအပ် စားနိုင်၏၊ တတော – ထိုတစ်နေ့စာထက်၊ ဥတ္တရိ – အလွန်၊ စေဘုဇ္ဇေယျ–အကယ်၍စားအုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံဟောတိ။

* * * * *

၁။ အာဝသထ ပိဏ္ဍ။ ။ ဂိလာနမဟုတ်လျှင် (ကျန်းမာသူဖြစ်လျှင်) အာဝသထပိဏ္ဍကို တစ်နေ့စာသာ စားနိုင်၏၊ နောက်တစ်ရက်၌ စားလျှင်ကား ပါစိတ်အာပတ်သင့်သည်၊ ဂိလာနဖြစ်မူ နောက်ရက်များ၌လည်း စားကောင်းသည်သာ၊ ဂိလာနဟူရာ၌ တစ်ယူဇနာဝက် ခရီးကိုမူ ဆက်၍မသွားနိုင်သူကိုသာယူ၊ ယူဇနာတစ်ဝက်ခရီးကို ဆက်လက်သွားနိုင်သေးလျှင်ကား အဂိလာနတည်း။

အာဝသထပိဏ္ဍော–"အာဂန္တွာ ဝသန္တိဧတ္ထ" ဟူသော ဝိဂြိဟ်အရ ခရီးသွားစသူတို့ လာရောက်တည်းခိုနေရာ ဧရပ်စသည်ကို "အာဝသထ" ဟုခေါ်၏၊ ထိုအာဝသထ၌ ထားအပ်သောဆွမ်းကို "အာဝသထေ–၌+ ပညတ္တော–တည်ထားအပ်သော၊ ပိဏ္ဍော–တည်း" အရ "အာဝသထပိဏ္ဍ" ဟုခေါ်သည်။

ရှေ့ဦးအုံ–ခရီးသွားသူ မကျန်းမာသူ, ကိုယ်ဝန်ရှိသူ, ရသေ့ ရဟန်းစသူတို့ တည်းခိုနေထိုင်ကြဖို့ရာ ညောင်စောင်းအင်းပျဉ် (ကုတင်ကုလားထိုင်) များကို ထိုက်တန်သလို ခင်းထား၍ အခန်းများစွာ သူ့မျက်နှာသာနှင့်သူ ပိုင်းခြားကန့်ထားအပ်သော မိုးလုံလေလုံ တန်းလျားရှည်ဧရပ်စသည်ကို ကောင်းမှုလိုလားသူတို့က လမ်းဆုံ လမ်းမစသော အများနှင့် ဆက်ဆံ မည့်နေရာဝယ် ဆောက်လုပ်ထားတတ်ကြ၏၊ ထိုသို့ ဆောက်လုပ်ပြီးလျှင် ထိုဧရပ်စသည်၌ ယာဂုထမင်းနှင့် ဆေးအမျိုးမျိုးကိုပါ ထားလေ့ရှိကြ၏။

မှတ်ချက်။ ။ ထိုဆွမ်းစသည်ကို "အာဝသထပိဏ္ဍ" ဟု ယခုအခါ ကြီးကျယ်သော ဘုရားပွဲသွားလမ်းများ၌လည်း ထိုမျှလောက် မကျနစေကာမူ စားဖွယ် သောက်ဖွယ်များနှင့်တကွ တည်းခိုဖို့ရာ စာတုဒ္ဒိသာ မဏ္ဍပ်များ ရှိတတ်ကြ၏၊ ထိုမဏ္ဍပ်များလည်း အာဝသထတွင် ပါဝင်နိုင်သည်။

http://www.dhammadownload.com

၂။ ဂဏဘောနေ

သမယာ – စားသင့်ရာအခါကို၊ အညတြ – ကြဉ်၍၊ ဂဏဘောဇနေ – ဂဏဘောဇဉ်ကို စားခြင်းကြောင့်၊ ပါစိတ္တိယံဟောတိ၊ တတ္ထ–ထိုအညတြ သမယာဟူသောပါဠိ၌၊ အယံ–ဤဆိုအပ်လတ္တံ့ကား၊ သမယော–အခါတည်း၊ ဂိလာနသမယော–မကျန်းမာရာအခါလည်းကောင်း၊ စီဝရဒါနသမယော–သင်္ကန်းလှူရာအခါလည်းကောင်း၊ စီဝရကာရ သမယော – သင်္ကန်းချုပ်ဆိုးရာအခါလည်းကောင်း၊ အဒ္ဓါနဂမန သမယော – အဓွန့်ရှည်သောခရီးကို သွားရာအခါလည်းကောင်း၊ နာဝါဘိရုဟန သမယော–လှေစီးရာအခါ လည်းကောင်း၊ မဟာ သမယော–

* * * * *

ဇကော အာဝသထပိဏ္ဍော– "ဇကောတိ ဇကဒိဝသိကော=တစ်နေ့၌ စားအပ်သော" ဟု ကခ်ါအဋ္ဌကထာဖွင့်၏၊ ဇကဒိဝသိကေ–တစ်နေ့၌+ဘုဋ္ဌိ တဗ္ဗော–စားထိုက်သောအစာသည်၊ ဇကဒိဝသိကော–မည်၏၊ ပိဏ္ဍာအရလည်းဘောဇဉ် ၅ ပါးလုံးပင် ယူရမည်။ [သာရတ္ထဋီကာ၌ "ဇကဒိဝသ်သကိ' ယေဝ ဘုဋ္ဌိတ္ဗ=တစ်နေ့တစ်ကြိမ်သာစားရမည်" ဟု ဆိုထားရာ၌ ရှေးခေတ်ကတစ်ထပ်ထည်းဖြင့် ကိစ္စပြီးအောင် စားလေ့ရှိပုံကိုကြည့်၍ ဆိုဟန်တူသည်၊ ယခုခေတ်အလိုက် မွန်းလတ်မှာ ဆွမ်းစား ၁၁ နာရီလောက် (ဘောဇဉ်အပါအဝင် မုန့်များဖြင့်) လက်ဖက်ရည်သောက်သော်လည်း "ဇကဒိဝသိကော–တစ်နေ့စာ"ဟူသော အဋ္ဌကထာစကားနှင့် သင့်တင့်ညီညွတ်မည်သာ။]

အဂါ ၃ ပါး။ ။ ၁–အာဝသထပိဏ္ဍာဖြစ်ခြင်း, ၂–ဂိလာနမဟုတ်ခြင်း, ၃–နေ့စဉ်နေ၍စားခြင်း, ၃ ပါးတည်း။

[ဆောင်] အာဝသထ–ပိဏ္ဍာဖြစ်ကြား', မနာဗျားဘဲ', ယူစားနေ့စဉ်', သုံးပါးအင်, စုံလျှင်အာဝသထသင့်။

၂။ ဂဏဘောနေ။ ။ ဂိလာနသမယစသောအခါ၌ ဂဏဘောဇဉ်ကို စားကောင်း၏၊ ထိုအခါမျှားမှတစ်ပါး အခြားအခါ၌ ဂဏဘောဇဉ်ကိုစားလျှင် ပါစိတ်အာပတ်သင့်သည်။

ဂဏဘောဇဉ်ဆေါ်ပုံ။ ။ ဂဏသ–ဂိုဏ်း၏၊ သန္တ ကဲ–ဥစ္စာဖြစ်သော၊ ဘောနေ–ဘောဇဉ်သည်၊ ဂဏဘောဇနေ–ဂဏဘောဇနေမည်၏၊ ဤ၌ "ဂိုဏ်း" ဟူသည် ဂဏဥပသမ်ဟူရာ၌ကဲ့သို့ ၂ ပါး ၃ ပါးမဟုတ်, ၄ ပါးမှစ၍ အထက်ရာ ထောင်စသော ရဟန်းများကို "ဂိုဏ်း"ဟုခေါ်၏၊ ထို "ဂိုဏ်း"၏ ဥစ္စာ

http://www.dhammadownload.com

ရဟန်းများစွာ စုမိရာအခါလည်းကောင်း၊ သမဏာဘတ္တသမယော-သမဏာ အမည်ရသူတို့၏ ထမင်းကျွေးရာအခါလည်းကောင်း၊ အယ်-ဤဆိုအပ်ပြီးသောအခါသည်၊ တတ္တ-ထိုအညတြ သမယာဟူသောပါဠိ၌၊ သမယော-အခါတည်း။ ["တတ္တ-ထိုဂဏဘောဇဉ်ကို စားရာ၌"ဟု ရှေးနိသယပေးသည်။ နောက်၌လည်း တတ္တအစွဲချင်း မတူသည်ကို သတိပြု။]

* * * * *

ဖြစ်သော ဂဏဘောဇဉ်" ဟူသည် မအပ်သောနည်းဖြင့် ဖိတ်မန်ခြင်းကြောင့် ဖြစ်စေ-ရဟန်းများကိုယ်တိုင် တောင်းခြင်းကြောင့်ဖြစ်စေ ရအပ်သော ဘောဇဉ်တည်း။ [ဤ၌ကား ထိုဂဏဘောဇဉ်ကို စားခြင်းတိုင်အောင်ယူ၊ "ဂဏဘောဇနေ ဘောဇနေ" ဆိုလိုလျက် ဘောဇနတစ်ပုဒ် ကျေးသည်ဟုကြံသည်။]

မအပ်သောပင့်ဖိတ်နည်း။ ။ တစ်စုတစ်ဝေးတည်း နေသည်ဖြစ်စေ, သို့မဟုတ် ကိုယ်နေရာနှင့်ကိုယ် (ကိုယ်ကျောင်းနှင့်ကိုယ်) အသီးအသီး နေသည်ဖြစ်စေ, ရဟန်း ၄ ပါး ၅ ပါး စသူတို့ထံသွား၍ "သြဒနေန နိမန္တေမိ=ထမင်းဖြင့် ဖိတ်မန်ပါ၏" ဟု လျှောက်လျှင် မအပ်သောဖိတ်ခြင်းဖြစ်၏၊ ဤနည်းအတိုင်း ပါဠိဘာသာဖြင့်ဖြစ်စေ မြန်မာစသော အခြားဘာသာဖြင့်ဖြစ်စေ ဘောဇဉ်ငါးပါးကို နာမည်တပ်၍"ထမင်းဘုဉ်းပေးကြွပါ, ငါးဘုဉ်းပေးကြွပါ, အမဲသားဘုဉ်းပေးကြွပါ, မုန့်ဘုဉ်းပေးကြွပါ" စသည်ဖြင့် ဖိတ်ခြင်းများကို မအပ်သော ဖိတ်ခြင်းများဟု ဆိုလိုသတတ်။ [ဘောဇဉ် ၅ ပါးကို နောက်၌ပြမည်။]

မအပ်သောတောင်းနည်း။ ။ ရဟန်း ၄ ပါး ၅ ပါးစသူတို့ပေါင်း၍ ဖြစ်စေ အသီးအသီးဖြစ်စေ ဒကာ ဒကာမတို့ထံ "ဘဂ္ဂေ့မေဒေဟိ= ငါ့အား ထမင်းလှူစမ်းပါ" စသည်ဖြင့် ဘောဇဉ် ၅ ပါးတွင် တစ်ပါးပါး၏ နာမည်ဖြင့်တောင်းလျှင် (ဥာတိပဝါရိတကိုပင် တောင်းစေကာမူ) မအပ်သော တောင်းခြင်းမည်၏။

အရှုပ်မှာ-ဘောဇဉ် ၅ ပါးနှင့်စပ်၍ "ပိဏ္ဍပါတ" ဟူသော ပါဠိအသုံး "ဆွမ်း-ဆွမ်းဟင်း"စသော မြန်မာ အသုံးအနှုန်းများသည် ကျောင်းသုံးဘုန်းကြီးသုံးဖြစ်၍ အပ်သောအသုံးများတည်း၊ "သြဒန-သတ္တု-ကုမ္ဘာသ-မဒ္ဓ-မံသ-ထမင်း-ငါးဟင်း-အမဲဟင်း-အသားဟင်း" စသော အသုံးသည် အရပ်သုံး လူသုံးဖြစ်၍ မအပ်သော အသုံးများတည်း-ဟု ပြောရိုးရှိသည်။

http://www.dhammadownload.com

ခံယူပုံ။ ။ ဤပြခဲ့သော မအပ်သောဖိတ်ခြင်း: မအပ်သောတောင်းခြင်း: ၂ မျိုးတွင် တစ်မျိုးမျိုးနှင့်ဆိုင်သော ဘောဇဉ်ကို ၄ ပါး: ၅ ပါးစသော ရဟန်းတို့ အတူတကွ ခံယူကြလျှင် ထိုဘောဇဉ်သည် ဂဏဘောဇဉ်အစစ်ဖြစ်လေပြီ၊ ထိုဂဏဘောဇဉ်ကိုစားလျှင် ဆွမ်းလုပ်တိုင်: ပါစိတ်အာပတ်သင့်၏၊ [ခံယူရန်လာစဉ်က ထိုရဟန်းများ: တကွဲတပြားစီ လာသည်ဖြစ်စေ ခံယူပြီးနောက် တခြားစီပြန်၍ တခြားစီစားကြသည်ဖြစ်စေ လိုရင်းမဟုတ်, အတူတကွ ခံယူခြင်းသာ လိုရင်းဖြစ်သည်၊ ထို့ကြောင့် မပင့်တတ်သုက သံဃာ ၄ ပါးစသည်ကို "နက်ဖန် ထမင်းသုံးဆောင်ကြွပါ" ဟု ပင့်ဖိတ်လျှင် ၄ ပါးလုံးတစ်ပြိုင်နက် မခံဘဲ ၁ပါး:ပါ:ကနောက်မှ ခံယူလျှင် အား:လုံ:ပင် အပြစ်လွတ်သည်-ဟုမှတ်။]

[ဆောင်] ရဟန်း: ၄ ပါး:, စသည်များ:ကို, ၅ ပါ:ဘောဇဉ်, နာမ်တင်၍, ဖိတ်လျှင်လည်း:ကောင်:, တောင်:လျှင်တခြား:, ရတုံ့ငြား:က, ၄ ပါ: စသူ, တူခံမှ, မှတ်ယူဂဏဘောဇဉ်တည်:။

သတိပြုဖွယ်။ ။ ယခုကာလ၌ "ဆွမ်:စား:ကြွပါ,ဆွမ်:ဘုဉ်:ပေ:ကြွပါ" စသည်ဖြင့် ဆွမ်:ဟူသော အသုံ:အနှုန်:များ: နှုတ်တက်နေကြပြီဖြစ်၍ ထမင်:အတွက် ဂဏဘောဇဉ်ဖြစ်ဖွယ်မရှိပြီ၊ သို့သော် "ငါ:ကြော်ဘုဉ်:ပေ:ကြွပါ, ငါတို့အား ငါ:ကြော်လှူစမ်:ပါ, ငါ:ခြောက်-ငါ:-ဘုဉ်:ပေ:ကြွပါ, မုန့်တီဘုဉ်:ပေ:ကြွပါ"စသော အသုံ:အနှုန်:များ:သည် မအပ်သော အသုံ:အနှုန်:များ:တည်:၊ ထိုကဲ့သို့သော အသုံ:အနှုန်:ဖြင့် ၄ ပါ:စသည်အား: ပင့်ဖိတ်လာသော် ပယ်သာလျှင်ပယ်၊ မပယ်သာလျှင် ၃ ပါ:စီ ၃ ပါ:စီခံယူ၍ အခြား:တစ်နေရာသို့ သွား:ရောက်စား:သောက်နိုင်၏၊ မုန့်တီဆွမ်:ဟင်:ဟူသော အသုံ:များ:ကို အပ်သော အသုံ:ဟု ယူကြ၏။ [အခြား:သော အပ်သည့်နည်:များ:ကို အဌကထာမှာရှု။]

သမယ ၇ ပါ:။ ။ ဆွမ်:ခံမဆွား:နိုင်လောက်အောင် မကျန်:မမာ ဖြစ်ရာအခါသည် ဂိလာနသမယမည်၏၊ စီဝရဒါနသမယဟူသည် ကထိန်အာနိသင်မရလျှင် ကထိန်သင်္ကန်:လှူဒါန်:ရာ သီတင်:ကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်:လပြည့်အထိ တစ်လတည်:၊ အာနိသင်ရလျှင်ကား: တပေါင်:လပြည့်တိုင်အောင် ၅ လတည်:၊ အများ:ဝိုင်:၍ သင်္ကန်:ချုပ်ရာ ဆိုး:ရာအခါသည် စီဝရကာရသမယတည်:၊ အဒ္ဓါနသမယ၌ တစ်ယူဇနာဝက်ခရီ:ကို အဒ္ဓါဟုခေါ်၏။ [နာဝါဗိရဟန ထင်ရှား:ပြီ။]

http://www.dhammadownload.com

၃။ ပရမ္မရဘောဇန သမယာ-စားသင့်ရာအခါကို၊ အညတြ-၍၊ ပရမ္မရ ဘောဇနေ-နောက်နောက်ပင့်ဖိတ်သူ၏ ဘောဇဉ်ကို စားခြင်းကြောင့်၊ ပါစိတ္တိယံ ဟောတိ၊ တတ္ထ အယံသမယော၊ ..... ဂိလာနသမယော, စီဝရဒါနသမယော၊ စီဝရကာရသမယော၊ အယံ တတ္ထသမယော။

* * * * *

မဟာသမယ။ ။ ရွာတစ်ရွာဝယ် ရဟန်း ၃ ပါးသာ ဆွမ်းခံစားလောက်၏၊ ၄ ပါးမြောက် တစ်ပါးလာလျှင် ဆွမ်းခံ၍ မမျှတ၊ ထိုရွာအတွက် ထိုရဟန်း ၄ ပါးစုရာအခါသည် မဟာသမယတည်း၊ ထို့ထက်ကြီးသော ရွာမြို့များ၌ ထို့ထက်များသော ရဟန်းများ စုမိသဖြင့် ဆွမ်းခံ၍မမျှတလျှင် မဟာသမယပင်တည်း၊ သမဏဘတ္တသမယ၌ သမဏဟူသည် သီတင်းသုံးဖော် ၅ ဦးနှင့် ပရိဗ္ဗိုဇ်ရသေ့များတည်း။ ထိုသူတို့က ဘတ္တဟူသော နာမည်ဖြင့် ထမင်းကျွေးလျှင်လည်း စားကောင်းသည်သာ။ [၁-ဂဏ ဘောဇဉ်ဖြစ်ခြင်း, ၂-အခါ (သမယ) မဟုတ်ခြင်း, ၃-စားခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။]

[ဆောင်] ဘောဇဉ်ဂဏာ², ခါမရဘဲ², စားမိကြလျှင်², အင်စုံလင်, ဘောဇဉ် ဂဏာသင့်။

၃။ ပရမ္မရဘောဇန။ ။ ဂဏဘောဇနသိက္ခာပုဒ်၌ ပြခဲ့သည်အတိုင်း မအပ်သောဖိတ်နည်းဖြင့် ဖိတ်မန်ထားသော ဘောဇဉ်ရှိလျှင် (ဖိတ်သူတစ်ဦးတည်းဖြစ်က အခြားနည်းအားဖြင့် ရသောဆွမ်းကို မစားသေးဘဲ) ထိုသူ၏ ဘောဇဉ်ကိုသာ ပထမစားရမည်၊ "စား" ဟူရာ၌ တစ်လုပ်လောက် စားမိလျှင် "စားခြင်း" ဖြစ်တော့၏၊ မအပ်သောနည်းဖြင့် ၂ ဦး ၃ ဦးစသည် ဖိတ်ထားလျှင်လည်း အစဉ်အတိုင်းစားရမည်၊ ဂိလာနသမယစသော အခါ ရသူလည်းမဟုတ်-ဝိကပ္ပနာလည်းမပြုဘဲ ရှေ့ဖိတ်သူ၏ ဘောဇဉ်ကို နောက်မှစား-နောက်ဖိတ်သူ၏ ဘောဇဉ်ကို အလျှင်စားလျှင် ဆွမ်းလုပ်တိုင်း အာပတ်သင့်၏။

ဂိလာနသမယ စသည်ဖြစ်မူ ထိုကဲ့သို့ အစဉ်အတိုင်းမဟုတ်ဘဲလည်း စားနိုင်၏၊ ဂိလာနဟူသည်ကား တစ်ထိုင်တည်းဝအောင် မစားနိုင်သော ဂိလာနတည်း။ "ပရောစ ပရောစ ပရမ္မရော" ပရပရ ဆိုလိုလျက် နိဂ္ဂဟိတ်ကို ဝါစာသိလိုဋ္ဌဖြစ်အောင် လာထားသည်။ ပရောစ-နောက်ဖိတ်သူလည်း၊ ပရောစ-နောက်ဖိတ်သူလည်း၊ ပရမ္မရော-နောက်နောက်ဖိတ်သူ၊ ပရမ္မရသ ဘောဇနံ ပရမ္မရဘောဇနံ=နောက်နောက်ဖိတ်သူ၏ ဘောဇဉ်။

http://www.dhammadownload.com

ကုလ-အိမ်သို့၊ ဥပဂတ-ချဉ်းကပ်လာသော၊ ဘိက္ခု-ရဟန်းကို၊ (ပန+ဧဝအနက်မရှိ) ပူပေဟိ၀ါ-လက်ဆောင်ပေးရန် စိမ်အပ်သော မုန့်တို့ဖြင့်လည်းကောင်း၊ မဏ္ဍေ ဟိ၀ါ-ရိက္ခာပြုရန် စိမ်အပ်သော သတ္တု တိလ တဏ္ဍုလ စသည်တို့ဖြင့်လည်းကောင်း၊

၄။ ကာဏမာတာ

* * * * *

ဝိကပ္ပနာပြုပုံ။ ။ မအပ်သောနည်းဖြင့် ဒါယကာ ၂ ဦး ၃ ဦး စသည်က ဖိတ်ထားရာ၌ ပထမဒကာ၏ဘောဇဉ်ကို မစားခင် ဒုတိယဒကာ၏ ဘောဇဉ်ကိုစားလိုသော် ပထမဘောဇဉ်ကို အနီးအပါးရှိ မိမိနှစ်သက်ရာ သိတင်းသုံးဖော် ၅ ဦးတွင် တစ်ဦးဦးအား "မယုံ ဘတ္တပစ္စာသံ တုယ့် ဒမ္မိ=ငါ၏ မည်သည့်ဒါယကာ့ဘက်၌ မျှော်လင့်ဖွယ်ကို သင့်အား လျှပါ၏" ဟုဆို၍ ပေးလိုက်ရမည်။ မိမိပေးလိုက်သူက အဝေးမှာရှိလျှင် "မယုံ့ဘတ္တ ပစ္စာသံ ဣတ္ထန္နာမသ (ဤအမည်ရှိသူအား) ဒမ္မိ" ဟု မိမိ ဘာသာ ဆို၍ပေးပါ။ မြန်မာလို ဆို၍လည်း ပေးနိုင်၏။ ဤသို့ မျက်မှောက်ရှိသူ အားဖြစ်စေ မျက်ကွယ်၌ နေသူအားဖြစ်စေ စွန့်လိုက် ပေးလိုက်ခြင်းကို ဝိကပ္ပနာပြုခြင်း-ဟုခေါ်၏။ ထိုသို့ ဝိကပ္ပနာပြုလိုက်လျှင် ဒုတိယဘောဇဉ်ကို စားကောင်းပြီ။ တတိယဘောဇဉ်ကို အလျင်စားလိုရာ၌လည်း ဤနည်းအတိုင်း ပထမ ဒုတိယဘောဇဉ်များကို ဝိကပ္ပနာပြု၍ စားနိုင်၏။

အဂါ ၃ ပါး။ ။ ၁-ပရမ္မရဘောဇဉ်ဖြစ်ခြင်း, ၂-အခါမဟုတ်ခြင်း, ၃-စားမျိုခြင်း, ၃ ပါးတည်း။ [မအပ်သောနည်းဖြင့်ဖိတ်လျှင် တစ်ပါးတည်း ပင့်သည်ဖြစ်စေ အများပင့်သည်ဖြစ်စေ နောက်နောက် ဘောဇဉ်များ ပရမ္မရ ဘောဇနေဖြစ်နိုင်သည်၊ ရှေ့ဂဏဘောဇနကား တစ်ပါးတည်းပင့်ရာ၌ မဖြစ်။] [ဆောင်] ပရမ္မရ-ဘောဇနကို[1], မရအခါ[2], စားမိပါပြန်[3], အင်သုံးတန်, ပရမ္မရသင့်။

၄။ ကာဏမာတာ။ ။ ကာဏာသတို့သမီး၏ မိခင်ကို အကြောင်းပြု၍ သိက္ခာပုဒ်ဖြစ်ပေါ်လာသောကြောင့် "ကာဏမာတာသိက္ခာပုဒ်" ဟု နာမည်တပ်သည်။ [အိမ်သို့ ချဉ်းကပ်လာသော ရဟန်းကို ပူပ-မန္တ တို့ဖြင့် ရဟန်းအထံ ဆောင်ယူ၍ (အလိုရှိသလိုခံယူဖို့ရန်) ဖိတ်မန်လျှင် ၂ သပိတ် ၃ သပိတ် ပြည့်လောက်သာ ခံယူနိုင်၏၊ ထို့ထက်တိုး၍ ခံယူလျှင်ကား ပါစိတ်အာပတ်သင့်၏၊ ၂ သပိတ် ၃ သပိတ်ပြည့် ခံယူပြီးနောက်လည်း ထို ပူပ-မန္တ တို့ကို အခြားရဟန်းများနှင့် အတူဝေဖန်၍ သုံးဆောင်ဖို့ရန် ဝတ္တရားရှိသည်။

http://www.dhammadownload.com

အဘိဟင်္ဂ-ရှေးရှုဆောင်၍၊ ပဝါရေယျ-ဖိတ်အံ့၊ **အာကခံမာနေန**-ခံယူလို သော၊ ဘိက္ခုနှာ-ရဟန်းသည်၊ ဒွတ္တိပတ္တပူရာ-၂ သပိတ်ပြည့် ၃ သပိတ် ပြည့်တို့ကို၊ ပတိဂ္ဂဟေတဗ္ဗာ-ခံယူအပ်ခံယူနိုင်ကုန်၏၊ တတော-ထို ၂ သပိတ်ပြည့် ၃ သပိတ်ပြည့်ထက်၊ ဥတ္တရိ-အလွန်၊ စေ ပတိဂ္ဂဏှေယျ-အကယ်၍ ခံယူအံ့၊ တဿဘိက္ခုနော ပါစိတ္တိယံဟောတိ။

ဒွတ္တိပတ္တပူရေ-တို့ကို၊ ပတိဂ္ဂဟေတွာ-ခံယူပြီး၍၊ တတော-ထိုအရပ်မှ၊ နိဟရိတွာ-ထုတ်ဆောင်၍၊ ဘိက္ခူဟိ-ရဟန်းတို့နှင့်၊ သဒ္ဓိ-တကွ၊ သံဝိဘ ဇိတဗ္ဗံ-ဝေဖန်ရာ၏၊ ဝါ-ဝေဖန်ရမည်၊ အယံ-ဤဝေဖန်ရခြင်းသည်၊ တတ္ထ-ထို ၂ သပိတ်ပြည့် ၃ သပိတ်ပြည့် ခံယူရာ၌၊ သာမိစိ-လောကုတ္တရာအား လျော်သောကျင့်ဝတ်တည်း။

* * * * *

ပူဃဟိ-ပူရဓာတ်, တစ်နည်း-ပူဓာတ် ပ-ပစ္စည်းဖြင့် ပြီးသောကြောင့် သက္ကတအဘိဓာန်နှင့် ကောင်းစွာ သုတ်သင်ထားအပ်သော မဂဓအဘိဓာန်တို့၌ "ပူပ" ဟုရှိ၏။ ယခုစာအချို့ဝယ် "ပူဝ" ဟုရှိသည်မှာ ပါဠိပျက်သာတည်း၊ ဤပူပသဒ္ဒါသည် စပါးမျိုး ၇ ပါး၏ ဆန်အမျိုးမျိုးကို အမှုန့်ထောင်း၍ ပြုလုပ်အပ်သော မုန့်ဟူသမျှကို ဟောသော်လည်း ဤသိက္ခာပုဒ်၌ (ဝတ္ထု ကြောင်းအား လျော်စွာ လက်ဆောင်ပေးဖို့ လုပ်အပ်သော ပူပကိုသာယူ။

[ဆောင်] ကျမ်းဘိဓာန-ဟူသမျှက, ပူပဆိုလျှင်, ထိုထိုမုန့်စု, ဟောရိုးပြုလည်း, ဝတ္ထုကြောင်းထွက်, လျော်အောင်ဆက်၍, လက်ဆောင်ပေးစရာ, မုန့်ကိုမျှ, ပူပဟောလေသည်။

မဇ္ဇေဟိ-မဇ္ဇ သဒ္ဒါသည် အဘိဓာန်အလို အဗဒ္ဓသတ္တု (ဆန်အမျိုးမျိုး၏ အမှုန့်သက်သက်ကို ထောပတ်စသည်ရောလျက် ရေအေးနှောပြီးလျှင် သောက်ဖို့ရာဖြစ်သော အမှုန့်သာမန်) ကို ဟော၏။ သို့သော် ဤသိက္ခာပုဒ် ၌ကား ဆုပ်အပ်ပြီးသော အလုံးအခဲဖြစ်စေ မဆုပ်ရသေးသောအမှုန့်ဖြစ်စေ နှမ်းလုံး ဆန်လုံးသက်သက်ဖြစ်စေ လမ်းခရီး၌ ရိက္ခာအလို့ငှာ စီမံအပ်သမျှကို "**မဇ္ဇ**" ဆိုသည်။ [အဗဒ္ဓ=မဖွဲ့မဆုပ်အပ်သော+သတ္တု=အမှုန့်။]

[ဆောင်] **မဇ္ဇ** သဒ္ဒါ, ဘိဓာန်လာကား, မျှားစွာမုန့်မှုန့်, ဟောရိုးကျိုးလည်း, မချုပ်ပေါင်းရုံး, ဤအသုံးမှု, မုန့်လုံးမုန့်ခဲ, မုန့်ညက်ကျဲနှင့်, နှမ်း လည်းဆန်ပါ, လမ်းရိက္ခာရ, မုန်သမျှ, **မဇ္ဇ** ဟောလေသည်။

http://www.dhammadownload.com

ဒွေတ္ထိပဗ္ဗတ္တပုရာ ပတိဋ္ဌဟေတဒ္ဓာ–ထိုသို့ ပုပ–မန္တ အမျိုးမျိုးဖြင့် ခံယူဖို့ရန် ဖိတ်မန်လျှင် ၂ သပိတ်ပြည့်ဖြစ်စေ ၃ သပိတ်ပြည့်ဖြစ်စေ ခံယူနိုင်သည်။ "အပြည့်" ဟူရာ၌ သပိတ်အတွင်းနှုတ်ခမ်းနှင့် ညီမျှသည်ကို ဆိုလိုသည်။ ["ဒွေ+ပတ္တပုရာ" စသော ဝါကျကိုထောက်၍ "ပဏ္ဍေသု–သပိတ်တို့၌+ပူရာ–ပြည့်သောပုပ စသည်တို့သည် ပတ္တပုရာ–တို့မည်၏၊ ဒွေဝါ+တယောဝါ+ပတ္တပုရာ=ဒွေတ္ထိပတ္တပုရာ–၂ သပိတ်ပြည့်, သို့မဟုတ် ၃ သပိတ်ပြည့်တို့"။]

တတောစ ဥတ္တရိ–ပင်ကိုက လက်ဆောင်ပေးရန် သို့မဟုတ် ရိက္ခာပြုရန် စီမံအပ်သော ပုပစသည်ဖြစ်၍ ၃ သပိတ်အပြည့်ထက် ပိုအောင်ခံယူလျှင် အလှူရှင်မှာ လက်ဆောင်ရိက္ခာ လုံ့လောက်ဖွယ်မရှိရကား: အလိုက်မသိရာ ကျောက်၏၊ ထိုကြောင့် ၃ သပိတ်ပြည့်ထက် ပိုရှိခံယူသော ရဟန်းအတွက် ပါစိတ်အာပတ်ဟု ပညတ်တော်ရှိသည်။

ဆက်ဦးအုံ–ထိုကဲ့သို့ ပုပစသည်ဖြင့် လောင်းလှူရာဝယ် တစ်သပိတ်ပြည့်သာ ခံယူခဲ့သူသည် အိမ်မှယွက်၍ အခြားရဟန်းတစ်ပါးတွေ့လျှင် "တပည့်တော် တစ်သပိတ်ခံယူခဲ့ပြီ" ဟု ပြောရမည်၊ ဒုတိယ ရဟန်းကလည်း တစ်သပိတ်ပြည့်သာ ခံယူလျှင် အခြားရဟန်းအား "ပထမရဟန်းက တစ်သပိတ်, တပည့်တော်က တစ်သပိတ်ခံယူပြီးပြီ" ဟု ပြောရမည်၊ တတိယရဟန်းက တစ်သပိတ်ခံယူပြီးနောက် အခြားတွေ့သောရဟန်းအား "ပထမ–ဒုတိယ ရဟန်း ၂ ပါးနှင့် မိမိတို့ တစ်သပိတ်စီ ခံယူပြီးဖြစ်၍ နောက်ထပ် မခံနှင့်တော့" ဟု ပြောရမည်၊ ပထမရဟန်းက ၂ သပိတ်ခံယူရာ၌, သို့မဟုတ် ၃ သပိတ်ပြည့် ခံယူရာ၌လည်း: ထိုနည်းအတိုင်း ပြောပြရမည်။ မည်သည့်နည်းနှင့်မဆို ထိုတစ်အိမ်တည်းမှ ရဟန်းအားလုံးအတွက် ၃ သပိတ်ပြည့်ထက် မပိုလွန်စေရ။

ဘိက္ခူဟိ သဒ္ဓိ သံဝိဘဇိတဗ္ဗံ–ထိုကဲ့သို့ ခံယူကြရာဝယ် ၃ သပိတ်ပြည့် ခံယူသူသည် တစ်သပိတ်ကို မိမိအတွက်ထား၍ ကျန် ၂ သပိတ်ကို အခြားရဟန်းများနှင့်အတူ ဝေဖန်၍ သုံးဆောင်ရမည်၊ ၂ သပိတ်ပြည့်သာ ခံယူသူဖြစ်လျှင်လည်း: တစ်သပိတ်ကို ဝေဖန်ရမည်၊ တစ်သပိတ်ပြည့်သာ ခံယူသူကား: ဝေဖန်ဖို့ရာ တာဝန်မရှိ၊ မိမိဝေဖန်ချင်မှ ဝေဖန်ရမည်၊ ထိုသို့ဝေဖန်ရာ၌လည်း: မိတ်ဆွေများကိုသာ ရွေးချယ်၍ မဝေဖန်ရ, ထိုမှန့်ရရာအိမ်နှင့် အနီးဆုံးဖြစ်သော ရဟန်းအများ: စုဝေးရာအရပ်သို့သွား၍ ဝေဖန်ရမည်၊ ဤကဲ့သို့ မဝေဖန်လျှင် ဝတ္တဘေဒကြောင့် ဒုက္ခင်းအာပတ်ဟု ဆုံးဖြတ်ဖွယ်ရှိ၏။

အဂါ ၅ ပါး။ ။ ၁–ဆိုအပ်ပြီးသော လက္ခဏာရှိသော (လက်ဆောင်ရိက္ခာအလို့ငှာ စီရင်အပ်သော) ပုပ – မန္တဖြစ်ခြင်း, ၂ – အကြွင်းအကျန်

http://www.dhammadownload.com

၅။ ပထမ ပဝါရဏာ — ယောပန ဘိက္ခု-သည်၊ ဘုတ္တာဝီ-တချို့တစ်ဝက် စားပြီးသည်၊ ပဝါရိတော-ပယ်မြစ်စေအပ်ပြီးသည်၊ ဟုတ္တာ-ဖြစ်ပါလျက်၊ အနတိရိတ္တံ-အတိရိတ်ဝိနည်း ကံလည်းမပြုအပ်, ဂိလာနဿ အကျန်လည်း မဟုတ်သော၊ ခါဒနီယံ

* * * * *

မဟုတ်ခြင်း, [လက်ဆောင်ပေးပြီး-ရိက္ခာလုပ်ပြီး၍ အကြွင်းအကျန်ဖြစ်လျှင် ၃ သပိတ်ထက်ပို၍ ခံယူသော်လည်း အနာပတ္တိ။] ၃-သွားခြင်းကိစ္စမပြီးငြိမ်းသေးခြင်း, [လက်ဆောင်ပေးဖို့ရန် ယူသွားဖို့ရာ ဖြစ်သော်လည်း "မသွားတော့ပါဘူး" ဟု ဆုံးဖြတ်လိုက်သဖြင့် သွားခြင်းကိစ္စပြီးလျှင် ၃ သပိတ်ထက် အပိုခံသော်လည်း အနာပတ္တိ।] ၄-ဥတိပဝါရိတ မဟုတ်ခြင်း, ၅- ၃ သပိတ်ပြည့်ထက် ပို၍ခံခြင်း, [ပူပတစ်ခုပိုလျှင် အာပတ်တစ်ခု၊ ၂ ခုပိုလျှင် ၂ ချက်။]

[ဆောင်] လက်ဆောင်ရိက္ခာ-အလို့ငှာလျှင်, ပူပါမဏ္ဍ-ဖြစ်ကြလေလျှင်[1], ကျန်ကြွင်းမဟု[2], သွားမှုမငြိမ်း[3], သူစိမ်းသက်သက်-မဆက်ဘတိ, ပဝါရိန္ဒင့်[4], သပိတ်ပြည့်ထုံး-သုံးလုံးထက်လျှံ[5], အင်ငါးတန်-သင့်ရန် ကာဏမာတာ တည်း။

၅။ ပထမ ပဝါရဏာ။ ။ ဘောဇဉ် ၅ ပါးတွင် တစ်ပါးပါးကို တချို့တစ်ဝက်စားပြီးနောက် ကျန်တချို့ကို ဆက်လက်စားနေစဉ် ပဝါရိတ်သင့်အံ့၊ ထိုသို့ ပဝါရိတ်သင့်ပြီးနောက် ဣရိယာပုတ်တစ်မျိုးပြောင်းလျက် အတိရိက်ဝိနည်းကံမပြုအပ်-သို့မဟုတ် ဂိလာနဿ၏ အကျန်မဟုတ်သော ခဲဖွယ်ဘောဇဉ်ကိုစားလျှင် ပါစိတ်အာပတ်သင့်၏။

ဘောဇဉ် ၅ ပါး။ ။ သြဒန (ထမင်း), သတ္တု (ဆန်မှုန့်), ကုမ္မာသ (မုယောစပါးဖြင့် ပြုအပ်သော တစ်ဝက်ကျက် အစာတစ်မျိုး), မစ္ဆ (ငါး), မံသ (အမဲ=နွားသားစသည်) ကို ဘောဇဉ် ၅ ပါးဟုခေါ်၏၊ ထိုတွင် သြဒနဟူသည် စပါးမျိုး ၇ ပါး၏ ဆန်တို့ကို ချက်အပ်သော ထမင်းတည်း၊ လက်ဖြင့်ကော်၍ရကောင်းသော ယာဂုအပျစ်လည်းပါဝင်၏၊ ယာဂုအကျဲကား မပါဝင်။

သတ္တု။ ။သတ္တုဟူသည် စပါးမျိုး၇ပါး၏ဆန်ကိုလော်၍ အမှုန့်ပြုထားအပ်သော ဆန်မှုန့်ညက်ကို သတ္တုဟုခေါ်၏၊ ထိုဆန်မှုန့်ညက်ကို ထောပတ်ပျားရည်တင်လဲစသည်ဖြင့်ရောရ၍ ရေအေးဖြင့် မွေနှောက်လျက် စားသောက်လေ

http://www.dhammadownload.com

ဝါ–ခဲ ဖွယ်ကိုသော်လည်းကောင်း၊ ဘောဇနီယဝါ–ဘောဇဉ်ကိုသော်လည်း ကောင်း၊ ခါဒေယျဝါ–ခဲ မူလည်းခဲ အုံ့၊ ဘုဇ္ဇေယျဝါ–စားမူလည်း စားအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

ရှိကြသတတ်၊ ထိုအမှန့်ကိုပင် ထောပတ်စသည်နှင့်တွဲ၍ အခဲအလုံ: ပြုလျက် လည်: စားကြဟန်ရှိ၏၊ ထို့ကြောင့် သတ္တုဘဿတ္ထဇာတ်တော်၌ ဗဒ္ဓသတ္တု(ဖွဲ့ ဆုပ်အပ်ပြီ:သော မုန့်အခဲ) အဗဒ္ဓသတ္တု (မုန့်မှုန့်) ဟု ၂ မျိုး:လာသည်၊ မည်ကဲ့သို့ပင် ပြုလုပ်၍ သောက်ကြစား:ကြသည်ဖြစ်စေ သတ္တု၏ပင်ရင်:မှာ ဆန်မှုန့်ညက်သာဖြစ်သည်၊ "သတ္တု–မုန့်လုံ:" ဟု ရှေ:က ပေ:ကြသည်မှာ အခြေအမြစ် မရှိ။

ကုမ္ဘာသ။ ။ ကုမ္ဘာသဟူသည် ဆန်ကို တစ်ဝက်ကျက်ရုံမျှ ပြုတ် အပ်သော အစာတစ်မျိုး:တည်:၊ မုဂ္ဂစသည်ကိုလည်: ထိုကဲ့သို့ ချက်ပြုတ်ကြ၏၊ သို့သော် ပဝါရိတ်အရာ၌ ဆန်ကိုလုပ်သော ကုမ္ဘာသကိုသာ ယူရသည်၊ ရှေ:က ကုမ္ဘာသ–မုယောမုန့် ဟု ပေ:ကြ၏။ မုယောကို အဘိဓာန် နိသ္ဒ သစ်၌ "ဂျုံ(ဖြူ)" ဟု ပေ:၏၊

မဇ္ဇမ်သ။ ။ မဇ္ဇမ်သတို့ကား: ထင်ရှား:ပြီ၊ ယာဂုနှင့် ဟင်:ချိုများ:၌ ပုစွန်ခြောက် – ငါ:အမဲ အနည်:ငယ်ပါလျှင် ထိုယာဂု ဟင်:ချိုများ:ပင် ပဝါရိတ် သင့်စေနိုင်၏၊ ငါ:ချက် အမဲချက် စသည်တို့မှာ ဆိုဖွယ်ရာမရှိပြီ။

မုတ်ချက်။ ။ ဘောဇဉ် ၅ ပါ:တွင် စပါ:မျိုး: ၇ ပါ:၏ ဆန်ကို ထမင်:နှင့် လက်ကော်ရ ယာဂုအဖြစ်ဖြင့် ချက်ထား:လျှင် သြဒနတွင် ပါဝင်၏၊ ထိုဆန်တို့ကို အမှုန့်ပြု၍ မုန့်အမျိုး:မျိုး: လုပ်ထား:လျှင် သတ္တုတွင် ပါဝင်၏၊ ထို့ကြောင့် ခေါက်ဆွဲ စသည်များ:လည်: ပဝါရိတ်သင့်စေ နိုင်သည်ဟုမှတ်။

ဘုဇ္ဇာဝီ။ ။ ဘုဇဓာတ် "အတိတေ တ တဝန္တုတာဝီ"သုတ်ဖြင့် သက်ရသော တာဝီပစ္စည်:သည် "စား:ပြီ:" ဟူသော အတိတ်အနက်ကိုဟော ၏၊ သို့သော် ပဝါရိတ်သင့်ရာ၌ လုံ:ဝစား:ပြီ:သူမှာမသင့်, စား:ဆဲစား:တုံ့ သာ သင့်သည်၊ ထို့ကြောင့် တချို့တစ်ဝက် တစ်ပိုင်:တစ်စ (ဆွမ်:တစ်လုံ: ဟင်:တစ်ဖတ်ဖြစ်စေ) စား:ပြီ:သမျှကို ရည်ရွယ်၍ "ဘုဇ္ဇာဝီ" ဟုဆိုရသည်။

ပဝါရိတော–ပပုဗ္ဗဝရဓာတ်သည် ပယ်မြစ်ခြင်:(ပဋိက္ခေပ) အနက်ကို ဟော၏၊ ဤ၌ ကာရိတ်ဏောနှင့် တပစ္စည်: ၂ ချက်ပါရကား: "ပယ်မြစ်စေ အပ်ပြီ:သူ" ဟု သဒ္ဒါနက်ထွက်၏၊ "ပယ်မြစ်စေအပ်" ဟူရာ၌ ဖြောင့်ဖြောင့် ရိုး:ရိုး:ဆိုလျှင် "ပယ်မြစ်တတ်" ပင်ဖြစ်၏၊ ချဉ်ဦ:အုံ့–ဆွမ်:စသည်ကို လောင်:သူ

http://www.dhammadownload.com

(လိုက်၍ထည့်သူ) က ထည့်ပေးသည့်အခါ ရဟန်းက ပယ်မြစ်လိုက်လျှင် လောင်းသူသည် "ပယ်မြစ်စေသူ=ပယ်မြစ်ရလောက်အောင်ပင် ထည့်ပေးနေသူ"တည်း၊ စားနေသော ရဟန်းသည် "ပယ်မြစ်စေအပ်သူ=မလိုချင်လျှင် ပယ်မြစ်ပါ-ဟု မစေခိုင်းအပ်သော်လည်း စေခိုင်းအပ်သကဲ့သို့ဖြစ်သူ" တည်း၊ ထို့ကြောင့် "ပဝါရိတော-ပယ်မြစ်စေအပ်ပြီးသူ" ဟူရာ၌ အဖြောင့်အားဖြင့် "ပယ်မြစ်သူပင်" ရသည်။

ပယ်မြစ်ပုံ။ ။ ရှေးကဆွမ်းကပ်ရာ၌ တစ်ပါးစီတန်း၍ ဆွမ်းစားလေ့ရှိ၏၊ ဟင်းစသည်ကို လိုက်သူများက အစအဆုံးလှည့်၍လိုက်၏၊ မိမိမလိုသော ဟင်းစသည်တို့ အနားရောက်လျှင် "မလို"ဟူသော အထိမ်းအမှတ်ဖြင့် လက်ကိုသော်လည်းကာ၍ပြကြ၏၊ "အလ် အလ်=တော်ပြီ တော်ပြီ" ဟု နှုတ်ဖြင့်သော်လည်း တားမြစ်ကြ၏၊ ထိုသို့ တားမြစ်လျှင် ပဝါရိတ်သင့်ပြီ။

အဂါ ၅ ပါး နုံမှသင့်။ ။ ၁-စားဆဲ(စား၍မပြီးသေး) ဖြစ်ခြင်း,၂-ဘောဇဉ် ၅ ပါး တစ်ပါးပါးဖြစ်ခြင်း, (ဘောဇဉ် ၅ ပါးတွင် မပါဝင်သော ဆားဟင်းများနှင့် သစ်သီး ပဲမုန့် စသည်တို့ကို ပယ်မြစ်သော်လည်း ပဝါရိတ်မသင့်,)၃-ပေးသူက ၂ တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ဝင်ရောက်ခြင်း, (ဟတ္ထပါသ်အပြင်ဘက်က ပေးသည်ကို ပယ်သော်လည်း ပဝါရိတ်မသင့်၊) ၄-ဆောင်ယူခိုက်ဖြစ်ခြင်း (လက်ဖြင့်မြှောက်၍ ဆောင်ထားခိုက်ကိုပယ်မှ ပဝါရိတ်သင့်သည်၊ သပိတ်ခြေပေါ်ချထားသော ဆွမ်းစသည်ကို "ယူမလား"ဟု နှုတ်ဖြင့်မေးသည်ကို ပယ်ရာ၌ ပဝါရိတ်မသင့်,) ၅-ကိုယ် နှုတ်ဖြင့်ပယ်ခြင်း, (လက်ကာခြင်း ခေါင်းရမ်းခြင်း စသော ကိုယ်အမူအရာ, "တော်ပြီ,မထည့်နှင့်" စသော နှုတ်အမူအရာဖြင့် မြစ်မှ ပဝါရိတ်သင့်သည်။)

[ဆောင်] စားဆဲ[1]-ဘောဇဉ်[2], ဟတ်တွင်းဝင်[3], ဆောင်စဉ်[4]-
ကိုယ်နှုတ်မြစ်[5]။ .....အဂါငါးလီ, ခုံပြည့်ညီ, သင့်ပြီ
ပဝါရေတ်။

မှတ်ချက်။ ။ ဤအဂါများကို သတိပြု၍ ရဟန်းအချင်းချင်း ဆွမ်းအတူစားရာ၌ ဆွမ်း စသည်ကို ထည့်ပေးလိုလျှင် ရှေးဦးစွာ လက်ဖြင့် မကော်မခပ်သေးဘဲ "ဆွမ်းအလိုရှိပါသလား" ဟု နှုတ်ဖြင့်မေးပြီးမှ အလိုရှိလျှင် သင့်တော်ရဲ့ (မများလွန်းစေဘဲ) ထည့်ပေးသင့်သည်ကို သတိပြု။

http://www.dhammadownload.com

အနတိရိတ္တ၊ ဃ၊ ဘုရွေယျဝါ။ ။ ထိုအဂ်ါ ၅ ပါးညီညွတ်စွာ ပဝါရိတ်သင့်ပြီးသော ရဟန်းသည် ပဝါရိတ်သင့်ရုံဖြင့် မည်သည့်အာပတ်မျှ မသင့်သေး၊ ထိုင်လျက် ပဝါရိတ်သင့်လျှင် ထိုထိုင်ခြင်းကျရိယာပုတ်ကို မဖျက်သေးဘဲဆက်၍စားသောက်နိုင်သေး၏၊ လမ်းသွားရင်းစားနေခိုက် ပဝါရိတ်သင့်ပြန်လျှင်လည်း သွားခြင်း ကျရိယာပုတ်ကို မဖျက်ဘဲ မဝမချင်းစားနိုင်သေး၏၊ ပဝါရိတ်သင့်ပြီး၍ ကျရိယာပုတ်ပြောင်းလွဲပြီးနောက်ကား အတိရိတ် ဝိနည်းက်သော်လည်း မပြုအပ်-ဂိလာန၏ အကျန်သော်လည်း မဟုတ်သော ခဲဖွယ်ဘောဇဉ် (ယာဝကာလိကအစာ) အမျိုးမျိုးတို့ကို မစားကောင်းတော့ပြီ၊ ဂိလာန အကျန်ဟူရာ၌ ဂိလာနစားပြီး၍ ကျန်မှသာမဟုတ်, ဂိလာနဖို့ မှန်သမျှ "ဂိလာနာတိရိတ္တ=ဂိလာနအကျန်" ဟုပင်ဆိုရသည်၊ ဘောဇဉ် ၅ ပါးတွင် မပါဝင်သော မုန့်သစ်သီးများကို ခဲဖွယ်ဟုခေါ်သည်။

အတိရိတ်ဝိနည်းက် ပြုခြင်းအင်္ဂါ။ ။ ၁-အပ်စပ်အောင်ပြုပြီးဖြစ်ခြင်း, ၂-အကပ်ခံပြီးဖြစ်ခြင်း, ၃-ဝိနည်းခိုရ်၏အနီးဌ၌ မြှောက်ချီထားခြင်း, ၄-ဝိနည်းခိုရ်၏ ဟတ္ထပါသ်သို့ရောက်ခြင်း, ၅-ဝိနည်းခိုရ်က အနည်းငယ်ဖြစ်စေ စားပြီးခြင်း, ၆-ဝိနည်းခိုရ်ကိုယ်တိုင်က ပဝါရိတ်သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ်သင့်ရာ နေရာမှ မထသေးခြင်း, ၇-ဝိနည်းခိုရ်က "အလမေတ်သဗ္ဗံ"ဟု ရွတ်ဆိုခြင်း, ဤအင်္ဂါ ၇ ပါးညီမှ အတိရိတ်ဝိနည်းက် အထမြောက်သည်။ ["အလမေတ်သဗ္ဗံ" ဟုဆို၍ အတိရိတ်ဝိနည်းက် ပြုပေးမည့်ရဟန်းကို "ဝိနည်းခိုရ်" ဟု ဆိုသည်။]

ရှေ့ဦးဆုံ-ပဝါရိတ်သင့်၍ ကျရိယာပုတ် ပြောင်းပြီးသော ရဟန်းသည် နောက်ထပ် စားလိုသေးလျှင် မိမိစားလိုရာ ခဲဖွယ်ဘောဇဉ်ကို ခွက်တစ်ခု၌ ထည့်ပါ၊ ၁-ထိုအစာအားလုံး အပ်စပ်သော ကပ္ပိယပစ္စည်း-အပင်ပေါက်ဖွယ်ပါလျှင် ကပ္ပိပြီး ပစ္စည်းများ ဖြစ်စေရမည်၊ ၂-ထိုကပ္ပိယအစာများကို အကပ်ခံ၍ ၃-၄-ဝိနည်းခိုရ်တစ်ပါးပါး၏ ဟတ္ထပါသ်အနီးသို့သွား၍ ထိုစားခွက်ကို လက်ဖြင့်မြှောက်ချီထားရမည်-သို့မဟုတ် ဝိနည်းခိုရ်ဘက်သို့ စောင်းငဲ့ညွတ်ထားရမည်။

၅-ဝိနည်းခိုရ်ရဟန်းသည် ထိုနေ့အဖို့၌ ဘောဇဉ်တစ်ခုခုကို အနည်းငယ်ဖြစ်စေ စားပြီးသူဖြစ်ရမည်၊ ၆-အကယ်၍ ဝိနည်းခိုရ်ကိုယ်တိုင် ပဝါရိတ်သင့်နေလျှင် ထိုနေရာမှမထရ "ကျရိယာပုတ်မပြောင်းလွဲရ" ဟူလို၊ ပဝါရိတ်သင့်နေသူ မဟုတ်လျှင်ကား မိမိစားနေရာမှ ထပြီးသော်လည်း အဂ်ါမပျက်၊ ၇-ထိုဝိနည်းခိုရ်သည် မိမိဟတ္ထပါသ်အတွင်း၌ ချီမြှောက်ထားသော စားကွယ်

http://www.dhammadownload.com

၆။ ဒုတိယ ပဝါရဏာ

ယောပန ဘိက္ခု-သည်၊ ဘုတ္တာဝီ-တချို့တစ်ဝက် စားပြီးသည်ဖြစ်၍၊ ပဝါရိတ-ပယ်မြစ်စေအပ်ပြီးသော၊ ဝါ-ပဝါရိတ်သင့်ပြီးသော၊ ဘိက္ခု-ရဟန်းကို၊ အနတိရိတ္တေန-အတိရိတ်ဝိနည်းကဲလည်း မပြုအပ်, ဂိလာနဿ အကျန်လည်း မဟုတ်သော၊ ခါဒနီယေနဝါ-ခဲ ဖွယ်ဖြင့်သော်လည်းကောင်း၊ ဘောဇနီ

* * * * *

များကို "အလမေတံ သဗ္ဗံ" ဟုဆိုလိုက်ရမည်၊ ထိုအခါ အတိရိတ်ဝိနည်းကဲ ပြုပြီးဖြစ်တော့၏။

[ဆောင်] ကပ္ပိယမှန်[1], အကပ်ခံ၍[2], ချိပြန်ညွှတ်လတ်[3], ဟတ္ထပါသ်နှင့်[4], စားလတ်လေဘိ[5], ပဝါရိမှု-ဣရိမဗျက်[6], နှုတ်ဖြင့်မြွက်လေ, အလမေတံ-သဗ္ဗံခုနစ်[7], အင်္ဂါဖြစ်သည်, စင်စစ်တိရိတ် ဝိနည်းတည်း။

အလမေတံ အဓိပ္ပာယ်။ ။ တေသဗ္ဗံ-ဤအလုံးစုံသည်၊ အလံ-တော်ပြီ၊ "ဤခွက်ထဲ၌ရှိသောအားလုံးကို ငါတော်ပြီ ငါမစားလိုပြီ" ဟုဆိုလိုသည်၊ ချဲ့ဦးအုံ-အတိရိတ္တသဒ္ဒါသည် "အဓိက=အပိုအလျှံ အကြွင်းအကျန်" ဟူသော အနက်ကိုဟောတ၏၊ "အတိရိတ်ဝိနည်းကဲပြုခြင်း" ဟူသည်လည်း အပိုအကျန်ဖြစ်အောင် ပြုခြင်းပင်တည်း၊ ထို့ကြောင့် "အလံ" သဒ္ဒါ၏ ပတိကွေ့ပ(ပယ်မြစ်ခြင်း).အနက်အရ "ငါတော်ပြီ, ငါ့အကျန်ဖြစ်ပြီ" ဟု အဓိပ္ပာယ်ရသည်၊ ကခ်ါဋ္ဌိကာသစ်၌ အလံသဒ္ဒါ၏သင့်တော်ခြင်း "အရဟတိ" အနက်ဖွင့်ထား၏၊ ဆင်ခြင်ပါလေ။

အင်္ဂါ ၃ ပါး။ ။ ၁-ပဝါရိတ်သင့်ခြင်း, ၂-စားမည့်အာမိသ၏ အတိရိတ္တမဟုတ်ခြင်း, ၃-နံနက်ကာလ၌စားခြင်း အင်္ဂါ ၃ ပါးတည်း။ [ကိုယ် နှုတ်ဖြင့် ပယ်မြစ်သူကို ပါဠိလို "ပဝါရိတ"ဟုခေါ်၏၊ ထိုပဝါရိတဖြစ်သည်ကိုပင် "ပဝါရိတ်သင့်သည်" ဟုခေါ်သည်၊ ခဲဖွယ်ဘောဇဉ်ကို အာမိသဟုခေါ်၏၊ ထိုအာမိသ၏ အတိရိတ်ဝိနည်းကဲမပြုအပ်-ဂိလာန၏အကျန်မဟုတ်သည်ကို "အတိရိတ္တမဟုတ်ခြင်း" ဟုဆိုသည်၊ ထိုအာမိသကို နေလွဲမှစားလျှင်ကား ဝိကာလဘောဇနဖြင့် အာပတ်သင့်မည်ဖြစ်၍ ဤသိက္ခာပုဒ်နှင့်မဆိုင်ပြီ။]

[ဆောင်] ပဝါရိတ-သင့်တုံကလျှင်[1], အာမိသ၏-အတိရိတ္တ-မဟုတ်စွန့်[2], ကာလချိန်တွင်-စားမျိုခြင်း[3]ဟု, ကြောင်းရင်းသုံးလီ, အင်္ဂါညီ, သင့်ပြီပထမ ပဝါရဏာ။

http://www.dhammadownload.com

ယေနဝါ–ဘောဇဉ်ဖြင့်သော်လည်းကောင်း၊ အဘိဟဋ္ဌ–ရှေးရှုဆောင်၍၊ ဘိက္ခု–ရဟန်း၊ ဟန္ဒ–ရော့၊ ခါဒဝါ–ခဲမှုလည်းခဲပါလော၊ ဘုဥ္ဇဝါ–စားမှုလည်းစားပါလော၊ ဣတိ–ဤသို့၊ ဇာနံ–ပဝါရိတ်သင့်ပြီးသောရဟန်းဟုသိလျက်၊ အာသာဒနာပေက္ခော–အပြစ်တင်ခြင်းကိုငဲ့သည်၊ (ဟုတ္တာ–၍)ပဝါရေယျ–ဖိတ်အုံ့၊ ဘုတ္တာသို့–စားပြီးလသော်၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၆။ ဒုတိယပဝါရဏာ။ ။ ဆွမ်းစားစဉ် ပဝါရိတ်သင့်သောရဟန်းကို ပဝါရိတ်သင့်သော ရဟန်းမှန်းသိလျက် အပြစ်တင်လို၍ (အာပတ်ဖြင့်စောဒနာလို၍) အတိရိတ်ဝိနည်းကဲ့ မပြုရသေးသော–သို့မဟုတ် ဂိလာနအကျန်မဟုတ်သော ခဲဖွယ်ဘောဇဉ်ကို ရဟန်းအထံသို့ ဆောင်ယူပြီးလျှင် "ရော့–ခဲစမ်းပါ, စားစမ်းပါ" ဟုဖိတ်လျှင် ဖိတ်သည့်အတွက် ဒုက္ကဋ်အာပတ်သင့်ပြီ၊ ထိုအဖိတ်ခံရသော ရဟန်းက စားလျှင် ထိုရဟန်းမျိုးတိုင်း ဖိတ်သော ရဟန်းမှာ ဒုက္ကဋ်အာပတ် များစွာသင့်၏၊ ထိုအဖိတ်ခံရသောရဟန်း၏ စားခြင်းကိစ္စ ပြီးလျှင် ဖိတ်သောရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။

အဂါ ၅ ပါး။ ။ ၁–အဖိတ်ခံရသောရဟန်း၏ ပဝါရိတ်သင့်သူဖြစ်ခြင်း, ၂–ပဝါရိတ်သင့်သူမှန်းသိခြင်း, ၃–စောဒနာဖို့ရန်ရှေ့ရှုခြင်း, ၄–အတိရိတ္တမဟုတ်သော ခဲဖွယ်ဘောဇဉ်ဖြင့်ဖိတ်ခြင်း, ၅–အဖိတ်ခံရသော ရဟန်း၏ စားခြင်းကိစ္စ ပြီးဆုံးခြင်း, ဤသို့ အင်္ဂါ ၅ ပါးရှိသည်။

မှတ်ချက်။ ။ ၃–အာသာဒနဋ္ဌ အာပုဗ္ဗ သဒဓာတ် ကာရိတ်ကော ပစ္စည်းကျေ, ယုပစ္စည်းတည်း၊ အာသာဒကို ထောမနိဓိ အဘိဓာန်ဋ္ဌ "ဣဿာ ပန–အာရောပန=(တင်ခြင်း)"ဟုဖွင့်၏၊ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ္တမဟုတ်သော ခဲဖွယ်ဘောဇဉ်ကို အတိရိတ္တမဟုတ်မှန်း သိသိ–မသိသိစားလျှင် ပထမပဝါရဏာသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏၊ ထိုပါစိတ်အာပတ်ဖြင့် အပြစ်တင်လိုခြင်း စွပ်စွဲလိုခြင်းကို "အာသာဒနာပေက္ခ" ဟု ခေါ်သည်။

[ဆောင်] ပဝါရိတ်သင့်–သူဖြစ်လင့်သား[1], သင့်မှန်းသိပါ[2], စောဒနာလိုရိပ်[3], နတိရိတ်ဟု–စားဖွယ်စုဖြင့်–ဖိတ်မှုတစ်ခင်း[4], စားပြီးခြင်း[5]ဟု, ကြောင်းရင်းငါးလီ, အင်္ဂါညီ, သင့်ပြီဒုတိယ ပဝါရဏာ။

http://www.dhammadownload.com

၇။ ဝိကာလ

ယောပနဘိက္ခု-သည်၊ ဝိကာလေ-နေလွဲအခါ၌၊ ခါဒနိယံဝါ-ကိုသော်လည်းကောင်း၊ ဘောဇနိယံဝါ-ကိုသော်လည်းကောင်း၊ ခါဒေယျဝါ-အုံ့၊ ဘုဥ္ဇေယျဝါ-အုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၇။ ဝိကာလဘောဇန။ ။ ကာလတော-ရဟန်းတော်တို့ ဆွမ်းဘုဉ်းပေးချိန်ကာလမှ၊ ဝိဂတော-ကင်းသောအခါသည်၊ ဝိကာလော-မည်၏၊ ကာလအရ ရဟန်းတော်တို့၏ ဆွမ်းဘုဉ်းပေးခြိန်အခါ(အရဏ်တက်ပြီးမှစ၍ မွန်းတည့်တိုင်အောင်သောအခါ) ကိုယူ၊ ထိုကာလမှကင်းသော ဝိကာလဟူသည် မွန်းတည့်ပြီးနောက် အရုဏ်တက်သည့်တိုင်အောင် အခါတည်း၊ ဝိကာလေ-ဆွမ်းဘုဉ်းပေးချိန်မှ ကင်းသောအခါ၌ (သဒ္ဒါနက်)၊ ဝါ-နေလွဲအခါ၌ (အမှောင်းမှတ်သားအပ်သော သင်္ကေတအနက်)၊ ထိုနေလွဲအခါ၌ ခဲဖွယ်ဘောဇဉ်ကို ခဲစားလျှင် ပါစိတ်အာပတ်သင့်သည်။

ကာလိက ၄ ပါး။ ။ "ကာလေ-သတ်မှတ်အပ်သောအခါ၌၊ ဘုဉ်ခြင်းတဏှာနိ-စားထိုက်ကုန်၏" အရ ပိုင်းခြားအပ်သော သို့ကာလအတွင်း၌ စားထိုက်သော အစာများကို "ကာလိက" ဟုခေါ်၏၊ ထိုကာလိကကား-ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကအားဖြင့် ၄ မျိုးရှိ၏။

ယာဝကာလိက။ ။ "ယာဝကာလ-မွန်းတည့်ကာလတိုင်အောင်-ပရိဘုဉ်တဗ္ဗ-စားကောင်း၏" အရ အရုဏ်တက်ပြီးမှစ၍ မွန်းတည့်တိုင်အောင် စားသောက်ကောင်းသော ဘောဇဉ် ၅ ပါးနှင့် ခဲဖွယ်ဟူသမျှ (နွားနို့စသော သောက်ဖွယ်များပါ) ယာဝကာလိကတည်း။

ယာမကာလိက။ ။ "ယာမကာလ-နောက်ဆုံးညဉ့်ယံတိုင်အောင်-ပရိဘုဉ်တဗ္ဗ"အရ မွန်းတည့်ပြီးနောက် အရုဏ်မတက်မီ မိုးသောက်ယံတိုင်အောင် သောက်ထိုက်သော အဖျော်ရည်များသည် ယာမကာလိကတည်း၊ အဖျော်ရည်လုပ်ရန် အသီးများကို ကျမ်းဂန်၌ ၈ မျိုးပြ၏၊ ၁-သပြေသီး, ၂-သရက်သီး, ၃-မုဒရက်သီး, ၄-ဖက်သက်သီး, ၅-သစ်မည်စည်သီး, ၆-တောင့်ကျောသီး, ၇-အိမ်ငှက်ပျောသီး, ၈-ကြာစွယ်။ [မုဒရက်သီးဟူသည် သပျစ်သီးတည်း၊ အောက်မြန်မာပြည် အချို့အရပ်၌ ရှိသော

http://www.dhammadownload.com

"မြရာသီ:" ကိုပင် ရခိုင်နယ်၌ ဖက်သက်သီးဟု ခေါ်သတဲ့၊ ပုံသဏ္ဌာန်မှာ အထက်မြန်မာပြည် တောထဲ၌ ပေါ်ကိန်းသော "ပေါင်ပဲ့သီ:" နှင့် တူသတတ်။]

[ဆောင်] သပြေ-သရက်, မုဒရက်, ဖက်သက် သစ်မည်စည်။

တော အိမ် ၄ုက်ပျော, ကြာစွယ်နှော, မှတ်လောရှစ်ဖျော်ရည်။

အနုလောမအဖျော်။ ။ ပြခဲ့သော အဖျော် ၈ မျိုး၌ မန်ကျည်: ဖျော်ရည်-ဆီ:-ရှောက်-ဖျော်ရည်စသည်တို့မပ ဘေ:၊ ထိုမန်ကျည်:ဖျော်ရည် စသည်ကို အနုလောမ (တိုက်ရိုက်ပြသော အဖျော် ၈ ပါ:အား:လျော်သော အလား:တူဖြစ်သော) အဖျော်များ:ဟုခေါ်သည်၊ အဖျော်ရည်လုပ်ရာ၌ ရေစိမ်:ဖြင့်လုပ်ရမည်၊ မန်ကျည်: ရှောက် လိမ္မော်များ:ကို မီ:ဖြင့်ချက်၍ လုပ်ထား:လျှင် အမှန်မပါသော်လည်: ယာမကာလိကမဟုတ်, ယာဝကာလိက သာ၊ သို့ဖြစ်၍ ယခုအခါ နိုင်ငံခြား:မှ မီ:ဖြင့်ချက်၍ ကြာရှည်ခံအောင် လုပ်ထား:သော လိမ္မော်ဖျော်ရည် စသည်ကို ယာမကာလိကမဟုတ်ဟု မှတ်။

ဖျော်ရည် အကပ်ခံ သတိပြု။ ။ မန်ကျည်:ဖျော်ရည် စသည်၌ အသီ: များ:ကို မွန်:လွဲလျှင် အကပ်မခံကောင်:တော့ပြီ၊ သို့ဖြစ်၍ ရဟန်:တော်တို့ ဖျော်ရည်သောက်လိုသည့်အခါ မန်ကျည်:သီ:စသည်ကို ကိုယ်တိုင်အကပ်ခံ၍ မစိမ်ကောင်:, စစ်လည်:မစစ်ကောင်:၊ လူသာမဏေတို့ကို အစိမ်ခိုင်:၍ သူတို့ဘာသာ အဖတ်အမှန်မပါအောင် စစ်ပြီ:သောဖျော်ရည်သာ မွန်:လွဲအခါ၌ သောက်ကောင်:သော ယာမကာလိက ဖြစ်သည်။

ထိုသို့ စစ်ပြီ:သော ဖျော်ရည်ကိုကား: နံနက် မွန်:မတည့်မီ အကပ်ခံထား: စေကာမူ ထိုနေ့အဖို့၌ နောက်ဆုံ:ညဉ့်၏ အရုဏ်မတက်မီတိုင်အောင် သောက်ကောင်:၏၊ သို့သော် နေလွဲအခါဖြစ်မှ အကြောင်:မဲ့သက်သက် မသောက်ကောင်:၊ "ပိပါသ" ခေါ် မွတ်သိပ်ဆာလောင်နေမှသာ အဆာ ပြေအောင် သောက်ကောင်:သည်၊ "ဖျော်ရည်ကို သောက်ရာ၌ မွတ်သိပ် ဆာလောင်ခြင်:ဟူသော ပိပါသသည်ပင် သောက်ကောင်:ခြင်:၏ အကြောင်: ဖြစ်သည်" ဟုဆိုလိုသည်။

သတ္တာဟကာလိက။ ။ "သတ္တာဟကာလ-၇ ရက်ကာလပတ်လုံ:+ ပရိဘုဉ္ဇိတဗ္ဗံ" အရ ၇ ရက်လုံ:လုံ: စား:သုံ:ထိုက်သော (ဘေသဇ္ဇသိက္ခာပုဒ် လာ) သပ္ပိစသော ၅ မျိုး:ကို သတ္တာဟကာလိကဟုခေါ်သည်၊ အကျယ်ကို ထိုသိက္ခာပုဒ်၌ ပြခဲ့ပြီ၊ "သတ္တာဟ+ကာလော သတ္တာဟကာလော, သတ္တာဟ

http://www.dhammadownload.com

ကာလော အသ အတ္ထိတိ သတ္တာဟကာလိတံ" ဟုလည်း တစ်နည်း ဝိဂ္ဂဟပြုလေ၊ ယာဝကာလိက စသည်တို့၌လည်း ဤနည်းရကောင်းသည်။

ယာဝဇီဝိက။ ။ ယတ္တကော-အကြင်မျှလောက်သော၊ ဇီဝေါ-အသက်တည်း၊ ယာဝဇီဝံ-အသက်ရှည်သမျှ (အသက်ထက်ဆုံး)၊ "ယာဝဇီဝံ-ပရိဘုဉ္ဇိတဗ္ဗံ" အရ တစ်သက်ပတ်လုံး သုံးစားကောင်းသော ဆား-ချင်း စသည်ကို "ယာဝဇီဝိက" ဟုခေါ်သည်၊ ဤယာဝဇီဝိကအစာတို့ကား ထိုထိုမြို့နယ်၌ ထမင်း ဟင်း အစာအဖြစ်ဖြင့် သုံးစွဲလေ့မရှိသော (အဖျော်ရည်-သတ္တာဟကာလိက ဆေးမျိုးတွင်လည်း မပါဝင်သော) မန်ကျည်းရွက်အကြမ်း-ကင်ပွန်းရွက်အကြမ်း စသော အရွက် အမြစ် အခေါက် အဥများတည်း။

ဆက်ဦးဆုံ-ဆား ချင်းစိမ်း စသည်တို့ကို နံနက်စားရန် ဟင်းလျာများ တွင် ထည့်ခတ်ကြသော်လည်း ဟင်း၏အထည်ကိုယ် ပဓာနမဟုတ်, ဟင်း၏အဆာမျှသာဖြစ်သည်၊ ထိုကဲ့သို့ ခဲဖွယ်ဘောဇဉ်အစာဝယ် ပဓာနအဖြစ်ဖြင့် မသုံးစွဲရသော ဆား ချင်း ငရုတ် ကြက်သွန်တို့မှာ ယာဝဇီဝိကသာဖြစ်သည်၊ သို့ရာတွင် ထိုယာဝဇီဝိကတို့ကို အကြောင်းမဲ့သက်သက် (အဆာပြေရုံမျှ အကျိုးငှာ) မစားကောင်း, တစ်စုံတစ်ခုရောဂါရှိ၍ ဆေးအဖြစ်ဖြင့်သာ စားကောင်းသည်။

ယခုခေတ်ချင်းသုတ်။ ။ ယခုခေတ်ပေါ် ညချင်း (ချင်း) သုတ်များ-ကား ကြက်သွန် ဆီ ဆား ချင်းများကို တစ်ခုစီကြည့်လျှင် သတ္တာဟ-ကာလိကနှင့် ယာဝဇီဝိကချည်းဖြစ်၍ "အပ်၏" ဟုထင်ဖွယ်ရှိ၏၊ သို့သော် ချင်းကို (ပင်ကိုအကြမ်းအတိုင်းမဟုတ်ဘဲ) စားကောင်းအောင် ပြုပြင်ကာ လက်သုပ်တစ်မျိုးဖြစ်အောင် စီမံထားသဖြင့် "ယာဝကာလိက ခဲဖွယ်တွင် ပါဝင်နေပြီ" ဟု ဆရာတို့ ယူကြ၏၊ "ယာဝကာလိကမဟုတ်" ဟု ငြင်း-စေကာမူ ထိုချင်းသုပ်ကြောင့် ကင်းပျောက်မည့်ကောဂါရှိမှ စားကောင်း-မည်၊ အကြောင်းမဲ့ဖြစ်စေ မွတ်သိပ်ဆာလောင်၍ဖြစ်စေ စားလျှင်ကား မည်-သည့်နည်းနှင့်မျှ လွတ်လပ်ခွင့် မရချေ၊ အကပ်ခံလျှင် ဒုက္ခင့်, မျိုတိုင်းမျိုတိုင်း-ဒုက္ခင့်များစွာ မုချသင့်ရတော့မည်။

[ကစ်] ယာမကာလိကာဒီနိ အာဟာရတ္ထာယ ပဋိဂ္ဂဟဏ အဇ္ဇောဟာရေသု၊ ပေ၊ ဒုက္ခဋ္ဌ၊ ယာမကာလိကာဒီနိ သတိပစ္စယေ (ပိပါသအကြောင်း-ဂေလညအကြောင်း ရှိလသော်) ပရိဘုဉ္ဇန္တေ သေ၊ ပေ၊ အနာပတ္တိ။

http://www.dhammadownload.com

၀။ သန္ဓိဓိကာရက ယောပန ဘိက္ခု-သည်၊ သန္ဓိဓိကာရက်-သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသော၊ ခါဒနိယ်၀ါ ဘောဇနိယ်၀ါ ခါဒေယျ၀ါ ဘုဉ္ဇေယျ၀ါ၊ တဿ ဘိက္ခုနော ပါစိတ္တိယ် ဟောတိ။

* * * * *

အချုပ်မှာ-ယာ၀ကာလိက ခဲဖွယ်ဘောဇဉ်ကို နေလွဲအခါစားသောက်လျှင် ပါစိတ်, ယာမကာလိက အဖျော်ရည်နှင့် သတ္တာဟကာလိကတွင် ပါ၀င်သော ကြဲရည် ထန်းရည်ချို စသည်ကို မွတ်သိပ်ခြင်း အကြောင်းရှိ၍ ဆာ၍သောက်လျှင် အနာပတ္တိ၊ အကြောင်းမဲ့သက်သက် သောက်လျှင်ကား (အာဟာရအကျိုးငှာ သောက်ရာရောက်၍) ဒုက္ကဋ်၊ သတ္တာဟကာလိက ယာ၀ဒီ၀ိက လုက်ဆားစသည်ကို ထိုအစာစားလျှင် ပျောက်ကင်းလောက်သော လေထခြင်း လေနာခြင်း အားနည်းခြင်း စသော ရောဂါကြောင့် စားလျှင် - အနာပတ္တိ၊ အကြောင်းမဲ့ဖြစ်စေ ဆာလောင်မွတ်သိပ်ရုံဖြင့်ဖြစ်စေ စားလျှင် ဒုက္ကဋ်တည်း။

အဂါ ၃ ပါး။ ။ ၁-ဝိကာလဖြစ်ခြင်း, ၂-ယာ၀ကာလိကခဲဖွယ်ဘောဇဉ်ဖြစ်ခြင်း, ၃-စားမျိုခြင်း, ၃ ပါးတည်း။ [ပါစိတ်အာပတ်အရာဖြစ်၍ "ယာ၀ကာလိက" ဟုဆိုသည်။ ဒုက္ကဋ်အတွက်ဖြစ်မှု ယာမကာလိက စသည်များကို ၂ နံပါတ်၌ ထည့်သွင်းရမည်။]

[ဆောင်] ဝိကာလ၌², ယာ၀ကာလိ-မည်ရှိ၀တ္ထု-, စားမျိုမှုပါ², အင်သုံးဖြာ, ဝိကာပါစိတ်သင့်။

၀။ သန္ဓိဓိကာရက။ ။ အကပ်ခံထားသော ခဲဖွယ်ဘောဇဉ်ကို သိုမှီးသိမ်းဆည်း၍ နောက်တစ်နေ့ ခဲစားလျှင် ပါစိတ်အာပတ်သင့်၏၊ ယနေ့ နံနက်က အကပ်ခံထားသော ခဲဖွယ်ဘောဇဉ်ကို နက်ဖြန်နံနက်၌ စားသောက်လျှင် သိုမှီးသိမ်းဆည်း၍ စားသည်မည်၏၊ သဘက်-စသော နောက်နောက်ရက်များ၏ နံနက်၌စားလျှင်လည်း ဤသိက္ခာပုဒ်အရ အာပတ်ပင်၊ မွန်းလွဲမှ စားလျှင်ကား ဝိကာလဘောဇန ပါစိတ်လည်း တိုးပြန်၏၊ ခဲဖွယ်ဘောဇဉ် သာမက ယာမကာလိက အဖျော်ရည်ကိုလည်း တစ်ညဉ့်လွန်ပြီး နောက်နံနက်၌ စားသောက်လျှင် ဤသိက္ခာပုဒ်အရ ပါစိတ်ပင်ဟု အဋ္ဌကထာဆို၏။

http://www.dhammadownload.com

ဝေနတ္ထ။ ။ သန္ဓိမိ"ကာရော ယသာတိ သန္ဓိမိကာရော၊ ယသ-အကြင်ခဲဖွယ်ဘောဇဉ်၏၊ သန္ဓိမိ"-သိုမှီး သိမ်းဆည်းမှုကို၊ ကာရော-ပြုခြင်းသည်၊ အတ္ထိ-ရှိ၏၊ သန္ဓိမိကာရောဇေ-သန္ဓိမိကာရသည်ပင်၊ သန္ဓိမိကာရကော-(ကပစ္စည်း အနက်သိုးခြားမရှိသောကြောင့်) သန္ဓိမိကာရကမည်၏၊ "သိုမှီးသိမ်းဆည်းမှုကို ပြုခြင်းရှိသော ခဲဖွယ်ဘောဇဉ်" ဟူရာ၌ အဖြောင့်အားဖြင့် "အကပ်ခံပြီး၍ တစ်ညဉ့်လွန်အောင် မစွန့်ဘဲ သိုမှီးသိမ်းဆည်းထားအပ်သော ခဲဖွယ်ဘောဇဉ်" ဟု ဆိုလိုသည်။ [ပါစိတျာဒိယောဇနာ၌ "သန္ဓိမိ" ဝယ် "သန္ဓိမိ" ဟု နိဂ္ဂဟိတ်မပါသောပါဋ္ဌကိုတွေ့၍ ကာရ၌ ကမ္မသာဓကြောင့်လေသည်။]

ဒုဗ္ဘေါတပတ္တ။ ။ [ဒုဗ္ဘေါတ-မကောင်းသဖြင့် ဆေးအပ်သော, မစင်ကြယ်သော+ပတ္တ-သပိတ် (ပန်းကန် ခွက် စသည်အားလုံး)။] သပိတ်ပန်းကန်တို့၌ထည့်၍ စားပြီးနောက် စင်ကြယ်စွာမဆေးလျှင် ဆီစသော အာမိသကလေးများ ငြိကပ်ကျန်နေတတ်၏၊ သပိတ် ပန်းကန်တို့၏ ကွဲအက်ကြောင်း၌ လည်း ဆီဝင်နေတတ်၏၊ ထိုဆီစသော အာမိသတို့သည် နုက်ဖြန်နံနက် ကာလ၌ သန္ဓိခဲဖြစ်ကြလေပြီ၊ ထိုသန္ဓိမိ အာမိသများသည် နုက်ဖြန်နံနက်၌ ဆွမ်းပူ ဟင်းပူနှင့် ရောမီကာ ရဟန်း၏ခံတွင်းသို့ဝင်သွားလျှင် သန္ဓိမိအာမိသတို့ အတွက် ပ ိစိတ်အာပတ်သင့်သည်၊ ထို့ကြောင့် သပိတ်ပန်းကန်တို့၌ ဆီစသော အာမိသ မကျန်အောင် စင်ကြယ်စွာ ဆေးရမည်၊ ကွဲအက်ကြောင်းရှိသော သပိတ် ပန်းကန်များကိုလည်း ဖါထေး၍ မဖြစ်နိုင်လျှင် စွန့်ပစ်ကြရမည်။

စွန့်လျှင်သန္ဓိမိမဖြစ်။ ။ အကပ်ခံပြီးနောက် ခဲဖွယ်ဘောဇဉ်များကို လူသာမဏေတို့အား စွန့်ပေးလိုက်လျှင် သန္ဓိမိမဖြစ်၊ နုက်ဖြန်နံနက်၌ သူတို့သိမ်းထားသော အာမိသကို သူတို့ထံမှ တစ်ဖန်အကပ်ခံ၍ စားကောင်း၏၊ သို့သော် စွန့်သည်အခါ၌ကား "အနပေက္ခဝိသဇ္ဇန" ခေါ် "ထိုအာမိသကို ငါမစားတော့ပြီ" ဟု မင့်မကွက် စွန့်လိုက်ပေးလိုက်မှသာ စွန့်ရာရောက်သည်။

သာရတ္ထဝါဒ။ ။ သာရတ္ထဋီကာ၌ကား "ဝတ္ထုပစ္စည်းကို စွန့်လိုက်ပေးလိုက်မှသာ စွန့်ရာရောက်သည် မဟုတ်သေး၊ အကပ်ခံပြီးသော ဝတ္ထု၌ အကပ်စွန့်လိုက်လျှင်လည်း (ယခုကပ်ပြီးအတိုင်း မစားတော့ပြီ, အကပ်ဖျက်လိုက်ပြီ - ဟူသောသဘောဖြင့် အကပ် စွန့်ထားလိုက်လျှင်လည်း) သန္ဓိမိမဖြစ်၊ နုက်ဖြန်နံနက်၌ အကပ်ခံ၍ ထပ်မံစားကောင်းသည်" ဟု ဆို၏၊ သို့သော် ထိုသာရတ္ထဋီကာ၏ အကပ်စွန့်ဝါဒကို ဆရာတို့ မနှစ်သက်ကြ၊

http://www.dhammadownload.com

ဘာ့ကြောင့်နည်း .....အဌကထာတို့၌ အနပေက္ခဝိသဇ္ဇန (ထိုအာမိသ၌ မင့်မကွက်စွန့်ခြင်း)ဟုသာလာ၍ သာရတ္ထဝါဒအတိုင်း အကပ်ကိုသာ စွန့်လျှင် ဝတ္ထုအာမိသကို ငဲ့ကွက်နေသေးရာ ရောက်သဖြင့် "အနပေက္ခ" ဟူသော စကားနှင့် ဆန့်ကျင်သောကြောင့်တည်း။

မှတ်ချက်။ ။ သန္ဓိမိနှင့်စပ်၍ ဒုဠှေါတသပိတ်ခွက်များနှင့် အနပေက္ခဝိသဇ္ဇနတို့ကို ကောက်ချက်ချလိုက်သောအခါ အောက်ပါအချက်များ ပေါ်ထွက်လာ၏၊ သပိတ် ပန်းကန် ခွက် လက်ဖက်ရည်ကရား စသည်များ၌ ထည့်၍ စားသောက်ပြီးနောက် သပိတ်စသည်နှင့်တကွ အကြွင်းအကျန်ကို လူသာမဏေတို့အား မပေးမစွန့်ဘဲ ထိုသပိတ်စသည်ကို ကိုယ်တိုင်ဆေးရာဝယ် မစင်ကြယ်၍ အာမိသကျန်နေလျှင် နက်ဖြန်နံနက်၌ အခြားအာမိသနှင့် ရောနှောရ၍ ဝမ်းတွင်းသို့ ပါသွားပါက ဤသိက္ခာပုဒ်အရ အာပတ်သင့်၏။

ထိုသပိတ်စသည်၌ရှိသော အာမိသကို လူသာမဏေအား ပေးလိုက်လျှင် လူသာမဏေတို့က ထိုသပိတ်စသည်ကို ဆေးရာဝယ် မစင်ကြယ်သော်လည်း ထိုအာမိသ အဆီအကပ်တို့ သန္ဓိမိမဖြစ်၊ သို့ရာဝယ် ထိုအာမိသ အဆီအကပ် ကျန်ရှိသော သပိတ် ပန်းကန် လက်ဖက်ရည်ကရားများ၌ထည့်၍ နက်ဖြန်နံနက် စားသောက်လိုလျှင် ရဟန်းကိုယ်တိုင်မကိုင်ရ, လူသာမဏေတို့ထံ အကပ်ခံရဦးမည်၊ ထိုသို့ အကပ်မခံဘဲကိုင်လျှင် ကိုင်သည့်အတွက် ဥဂ္ဂဟိတ (ကောက်ယူမှု) ဒုက္ကဋ်နှင့် ထိုအာမိသကို အကပ်မခံဘဲ စားရာရောက်သဖြင့် လာလတ္တံ့ ဒန္ဓပေါဏ သိက္ခာပုဒ်အတွက် ပါစိတ်အာပတ် သင့်လိမ့်မည်။

ကာလိကရောပုံ။ ။ ထိုနေ့အကပ်ခံအပ်သော ယာဝကာလိကဝတ္ထုနှင့် ထိုနေ့အကပ်မခံအပ်သော ယာမ-သတ္တာဟ-ယာဝဇီဝိကဝတ္ထုတို့ရောလျှင် ထိုရောရာနံနက်၌သာအပ်၏၊ ညနေကစ၍မအပ်၊ ရှေ့နေ့က အကပ်ခံအပ်သော သတ္တာဟ-ယာဝဇီဝိကတို့နှင့် ရောရာ၌ကား ယာဝ-ယာမကာလိကတို့ မအပ်ကြတော့ပြီ၊ ဥပမာ-ရှေးနေ့က အကပ်ခံထားသော ထောပတ် ဆားတို့နှင့် ထိုနေ့အကပ်ခံအပ်သော ဆွမ်း-ဖျော်ရည်တို့ရောရ၍ မစားကောင်း။

သတ္တာဟကာလိက ထောပတ်စသည်နှင့် ယာဝဇီဝိက ဆား စသည်တို့ ရောရာ၌ကား သတ္တာဟကာလိက၏ သက်တမ်းရှိသမျှ ဆားကလိုက်နိုင်သည်၊ "သတ္တာဟကာလိက၏ ဝတ္ထုကအကပ်ခံ၍ ၂ ရက်လွန်မှ ရောလျှင် နောက်ထပ် ၅ ရက်သာအပ်၏" စသည်ဖြင့် သိလေ၊ ကာလိကချင်းရောရာ၌ ရက်တိုကာလိကသဘောကို ရက်ရှည်ကာလိကက အမြဲလိုက်ရသည်။

http://www.dhammadownload.com

၉။ ပဏီတ ဘောဇန

ယာနိ(ခေါပန)တာနိပဏီတဘောဇနာနိ-အကြင်မွန်မြတ်သောအာဟာရနှင့် ရောစပ်အပ်သောဘောဇဉ်တို့သည်၊ (သန္တိ-ရှိကုန်၏၊) သေယျထိဒံ-ဤမွန်မြတ်သော အာဟာရတို့ဟူသည် အဘယ်နည်း၊ ....သပ္ပိ-ထောပတ်၊ နဝနီတံ-ဆီဦး၊ တေလံ-ဆီ၊ မဓု-ပျားရည်၊ ဖါဏိတံ-တင်လဲ၊ မစ္ဆော-ငါး၊ မံသံ-ကုန်းသတ္တဝါတို့၏အသား၊ ခီရံ-နို့ရည်၊ ဒဓိ-နို့ခမ်းတည်း၊ ယောပန ဘိက္ခု-သည်၊ ဇဝရူပါနိ-ဤသို့သဘောရှိကုန်သော၊ ပဏီတဘောဇနာနိ-မွန်မြတ်သောအာဟာရနှင့် ရောစပ်အပ်သော ဘောဇဉ်တို့ကို၊ အဂိလာနော-ဂိလာနမဟုတ်ဘဲ၊ အတ္တနော-မိမိ၏၊ အတ္ထာယ-အကျိုးငှာ၊ ဝိညာပေတွာ-တောင်း၍၊ ဘုဥ္ဇေယျ-စားအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

[ဆောင်] ကလိက လေးဖြာ, ရောနှောရာဝယ်, သတ္တာဟနှင့်, ယာဝဇီဝိ, ရှေးနေ့ဆိုက, ကပ်ပြီးမှကို, ယာဝ-ယာမံ, ယနေ့ခံနှင့်, ရောပြန်သော်လည်း, မအပ်ချည်းသာ၊ တစ်နည်းမှာမူ-ယာဝဇီဝံ, ရှေးနေ့ခံနှင့်, ခုခံသတ္တာဟ, ရောတုံ့ကလျှင်, သတ္တာဟသက်, ခုနှစ်ရက်ဟု, အခွင့်ပြုသည်, မှတ်ရှုနောင်လာ အချုပ်တည်း။

အဂါ ၃ ပါး။ ။ ၁-ခဲဖွယ်ဘောဇဉ်ဟူသော် အာမိသဖြစ်ခြင်း, ၂-သိုမှီးသိမ်းဆည်းခြင်း (တစ်ညဉ့်လွန်အောင်ထားခြင်း-ဟူလို), ၃-စားမျိုခြင်း, အဂါ ၃ ပါးတည်း။

[ဆောင်] အာမိသဖြစ်[1], သိုမှီးလစ်သား[2], သုံးစားမျိုဘိ[3], အင်သုံးပြည့်, သန္နိဓိပါစိတ်သင့်။

၉။ ပဏီတ ဘောဇန။ ။ ထောပတ်စသည်နှင့် ရောအပ်သော ထောပတ်ထမင်း-ဆီဦးထမင်း-နွားနို့ထမင်း စသည်များကို "ပဏီတဘောဇဉ်"ဟု ခေါ်၏၊ ပဏီတေန-မွန်မြတ်သောထောပတ်စသည်နှင့်၊ သံသဋ္ဌာနိ-ရောစပ်အပ်ကုန်သော၊ ဘောဇနာနိ-ဘောဇဉ်တို့သည်၊ ပဏီတဘောဇနာနိ-တို့မည်၏၊ (သံသဋ္ဌအလယ်ပုဒ်ကျေသည်၊) ထိုပဏီတဘောဇဉ်များကို ဂိလာနမဟုတ်ဘဲဥာတိပဝါရိတ မဟုတ်သူ့ထံ "ထောပတ်နှင့်ဆွမ်းလူလော"စသည်ဖြင့် တောင်း၍စားလျှင် ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com

ဂိလာနဖြစ်လျှင်ကား ထိုပဏိတဘောဇဉ်များကို ဥတိပဝါရိတမဟုတ်သူ့ထံမှာပင် တောင်းစားကောင်း၏၊ သို့သော် ထိုထောပတ်စသည်က ရောဂါနှင့်စပ်၍ ဓာတ်စာကျမှ တောင်းစားကောင်း၏၊ [ဂိလာနမဟုတ်သူသည် ထမင်းနှင့်ရောလျက် မဟုတ်ဘဲ ထောပတ်စသော အစာ ၅ မျိုးကို ဆေးအတွက်တောင်းလျှင် အစေလကဝဂ် မဟာနာမ သတ္တမသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၍, မစ္ဆစသော ၄ မျိုးကို တောင်းလျှင်လည်းကောင်း, ထောပတ်စသည်ကို ဆေးအတွက်မဟုတ်ဘဲ သက်သက်စားလို၍ တောင်းလျှင်လည်းကောင်း, သေခိယသူပေါဒနဝိညတ္တိ သိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်သင့်သည်။]

သမ္ပို၊ ဃ၊ ဒမိ။ ။ဤသပ္ပိစသည်ကား ဘောဇဉ်ထဲ၌ ရောစပ်ဖို့ရာ ပဏိတအာဟာရတို့တည်း၊ ဤစကားအရ "ထောပတ်စသော ၉ ပါးကို ပဏိတ"ဟုလည်းကောင်း, ထောပတ်စသည်တို့နှင့် ရောအပ်သောထမင်းကို "ပဏိတဘောဇနေ"ဟုလည်းကောင်း ခွဲခြားမှတ်သားပါ၊ ထိုတွင် သပ္ပိစသော ၅ မျိုးကို နိသဂ္ဂိယ ဘေသဇ္ဇသိက္ခာပုဒ်၌ ပြခဲ့ပြီ၊ မစ္ဆအရ-ရေသတ္တဝါအားလုံးယူ၍, မံသအရ-အသားကြီး ဆယ်မျိုးမှတစ်ပါး စားကောင်းသော ကုန်းသတ္တဝါအားလုံး၏ အသားကိုယူပါ၊ ခီရဒဓိများလည်း အပ်သောအသားရှိသော ကုန်းသတ္တဝါ၏ နို့ရည် နို့ဓမ်းများကိုသာ ဤသိက္ခာပုဒ်၌ ယူရမည်။ [အသားမအပ်သော သတ္တဝါများ၏ ခီရဒဓိတို့ကား ဒုက္ကဋဝတ္ထုများတည်း။]

ဒဓိ။ ။ မီးဖြင့်ပူအောင်ချက်၍ အလွန်ပျစ်သော မချဉ်သေးသော နို့ကိုလည်းကောင်း, တစ်ညဉ့်လောက်ကြာလျှင် အနည်းငယ်ချဉ်နဲ့ပေါက်သော ၂ ညဉ့် ၃ ညဉ့်ကြာလျှင် အတော်ချဉ်သော နို့ပျစ်ကိုလည်းကောင်း ဒဓိဟု ခေါ်သည်၊ မူလကနို့ပျစ်-တစ်ညဉ့်လောက်ကြာမှ အနည်းငယ် ချဉ်နဲ့ပါသော ထိုဒဓိကို မွှေတဲ့ဖြင့် မွှေလိုက်သည့်အခါ "နဝနီတ" ခေါ် "ဆီဦး-မသကာ ထောပေ:" ဖြစ်လာ၏၊ ထို့ကြောင့် နဝနီတကို သက္ကတဟိန္ဒီ အဘိဓာန်များ၌ ဒဓိဇ (ဒဓိမှဖြစ်သည်)ဟုလည်းကောင်း, ဒဓိသာရ (ဒဓိ၏အနှစ်)ဟု လည်းကောင်း, ပရိယာယ်ပုဒ်များ ထုတ်ပြကြသည်၊ မြန်မာနိုင်ငံ၌ တမင်တကာအချဉ်တည်၍ ချဉ်စုတ်နေသော နို့ရည်ကား ထိုနို့ချဉ်မှ ထောပေးဆီဦးမဖြစ်နိုင်။ [၁-ပဏိတဘောဇဉ်ဖြစ်ခြင်း, ၂-ဂိလာနမဟုတ်ခြင်း, ၃-တောင်း၍ရခြင်း, ၄-စားမျိုခြင်း, အင်္ဂါ ၅ ပါ:တည်း။]

[ဏောင်] ပဏိတခေါ်တွင်-ဘောဇဉ်ဖြစ်စွာ[1], ဂိလာနမဟု[2], တောင်းယူရလျှင်:[3], စားမျိုခြင်း:[4]ဟု, ကြောင်:ရင်:လေးလီ, အင်္ဂါညီ, သင့်ပြီ ပဏိတ-ဘောဇန။

---

http://www.dhammadownload.com

၁၀။ ဒန္တဝါဏ ယောပန ဘိက္ခု-သည်၊ ဥဒက ဒန္တပေါဏာ-ရေ, ဒန်ပူကို၊ အညတြ-ကြဉ်၍၊ အဒိန္နံ-မပေးမကပ်အပ်သော၊ အာဟာရံ-အာဟာရကို၊ မုခဒ္ဒါရံ-ခံတွင်းဝသို့၊ အာဟရေယျ-ဆောင်အုံ့၊ ဝါ-မျိုအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [စတုတ္ထောသော၊ ဘောဇနဝဂ္ဂေါ-တည်း။]

* * * * *

၁၀။ ဒန္တဝါဏ။ ။ ["ဒန္တံ-သွားကို၊ ပုနာတိ-ဖြုစင်စေတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဒန္တ ပေါဏောာ-မည်၏၊"(ဒန္တ=(ဒန်)သွား+ပေါဏ=(ပူ)ဖြုစင်စေသည်၊)] ရေနှင့်ဒန်ပူမှ တစ်ပါးသော အခြားအာဟာရများကို လူသာမဏော တိရစ္ဆာန် နတ်တို့က မပေးအပ်(မကပ်အပ်) ဘဲစားလျှင် ပါစိတ်၊ ဒုတိယပါရာဇိကဋ္ဌ ဥစ္စာရှင်က ကိုယ် နှုတ် တစ်ပါးပါးဖြင့် မပေးအပ်သော ဥစ္စာကို "အဒိန္နံ"ဟုဆို၏၊ ဤသိက္ခာပုဒ်ကား မိမိပိုင်ပစ္စည်းဖြစ်စေကာမူ အကပ်မခံအပ်သော အာဟာရကို "အဒိန္နံ"ဟုခေါ်သည်။

အကပ်မြောက် အင်္ဂါ ၅ ပါး။ ။ ၁-ကပ်မည့်သူက ရှေးရှုဆောင်ခြင်း, ၂-အကပ်ခံမည့်ရဟန်း၏ ၂ တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း, ၃-အားအလတ်စားရှိသူ မြှောက်ချိန်ခြင်သောဝတ္ထုဖြစ်ခြင်း, ၄-ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်နေသော (ကိုင်ထားသော) ခွက် စသည်ဖြင့်ဖြစ်စေ, ပစ်၍ဖြစ်စေ, ဤ ၃ မျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်သူကပေးခြင်း, ၅-ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သော ကိုင်ထားသော ခွက် တုတ် စသည်ဖြင့်ခံ၍ ထိ၍ဖြစ်စေ, ဤ ၂ မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံသောရဟန်းက ခံယူခြင်း, ဤ ၅ ပါးပြည့်စုံမှ အကပ်မြောက်သည်။

[ဆောင်] ရှေးရှုလည်းဆောင်[1], ၂ တောင်ထွာရောက်[2], မြှောက်နိုင်ဝတ္ထု[3], သုံးခုပေးခြင်း[4], ခံခြင်းနှစ်လျှောက်[5], ကပ်ခံမြောက်, မှတ်လောက် အင်္ဂါ ၅ ပါးတည်း။

ရှင်းပုံ-"ရှေးရှုဆောင်" ဟူရာ၌ လက်ဖြင့်ရှေ့တိုးပေးမှ ရှေးရှုဆောင်ရာ ရောက်သည် မဟုတ်သေး၊ ဦးခေါင်းပေါ်၌ ရွက်ထားသော စားဖွယ်ခွက် ကိုလွှဲလိုက်၍ ဦးခေါင်းကို အနည်းငယ် စောင်းပေးလိုက်လျှင် ရှေးရှု ဆောင်ရာ ရောက်သောကြောင့် ရဟန်းက ထိုခွက်ကို လက်ဖြင့်ထိကာ အလိုရှိရာ ယူစားနိုင်၏၊ အားအလတ်ရှိသူ ကြွမြှောက်နိုင်သော ယာဂုအိုးကြီးကို

http://www.dhammadownload.com

ရှင်ငယ်ကလေးက မကြွနိုင်၍ မြေပေါ်၌ပင်လိမ့်လျက် ကပ်ရာ၌လည်း ရဟန်းက လက်ထိုးပေးကာ (ထိရုံထိ၍ဖြစ်စေ) အကပ်ခံနိုင်၏။

မှတ်ချက်။ ။ ဤစကားအရ-ယခုကာလ တစ်ယောက်တည်း ကြွနိုင်သောစားပွဲကို ဟင်းဖိတ်မည်ဆိုး၍ ၂ ယောက် ၃ ယောက်ကိုင်လျက်ကပ်ခြင်း, စားပွဲအခင်းတို့ ကြမ်းပြင်မှာ ထိနေလျက်ကပ်ခြင်း, ကပ်မည့်သူက ရှေ့ရှဆောင်၍ ၂ တောင့်ထွာအတွင်း ရောက်ရှိသောဝတ္ထုကို လက်မြှောက်လှမ်းယူ၍ အကပ်ခံခြင်းများ၌ အကပ်မြောက်သည်ချည်းမှတ်။

ဟတ္ထပါသ် တိုင်းနည်း။ ။ ၂ တောင့်ထွာ ဟတ္ထပါသ်တိုင်းရာ၌ ရှေ့ကလာ၍ကပ်ရာဝယ် ရဟန်းကထိုင်နေလျှင် တင်ပါး၏နောက်ဘက်အစွန်းဖြင့်, ရပ်နေလျှင် ဖနောင့်စွန်းဖြင့်စောင်းလျက် လဲ့နေလျှင် စောင်းသောနံပါး၏ ပြင်ဘက်စွန်းဖြင့်, ဝမ်းလျားမှောက်၍နေရာ ဦးခေါင်းနား၌ လာ၍ကပ်လျှင် ဦးခေါင်းစွန်း၏ အနီးဆုံးဖြစ်သော လည်ပင်းဖြင့်, ဤသို့လျှင် လှမ်းယူသော လက်မှတစ်ပါး အနီးဆုံး ကိုယ်အင်္ဂါ၏ နောက်ဘက်စွန်းဖြင့်တိုင်း၍ ..... ကပ်သူ့အတွက်လည်း လှမ်း၍ပေးသော လက်မှတစ်ပါး အခြားသော အနီးဆုံးအင်္ဂါ၏ ဤဘက်အစွန်းဖြင့် တိုင်းတာရမည်။ [စားပွဲကြီးအလယ်ခြား၍ အကပ်ခံကြရာ၌ အနီးဆုံးအင်္ဂါချင်း ဟတ္ထပါသ်ကို သတိပြုရာ၏။]

မုခဒ္ဒါရံ- "ခံတွင်းအဝ" ဟူသည် ပါးစပ်ပေါက်မဟုတ်, အောက်ပိုင်းအဝဖြစ်သော လည်ချောင်းပေါက်တည်း၊ မုခတော-ခံတွင်းမှ၊ ဟေဋ္ဌာ-အောက်ဖြစ်သော၊ ဒ္ဒါရံ-အပေါက်သည်၊ မုခဒ္ဒါရံ-မည်၏၊ ထို့ကြောင့် အာဟာရကို ပါးစပ်ကဖြစ်စေ နှာခေါင်းပေါက်ကဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက်၏ အတွင်းရောက်လျှင် **မျိုရာရောက်တော့**၏။

မှတ်ချက်။ ။ လည်ချောင်းမရောက်ခင် ပါးစပ်အတွင်း၌ ငုံရုံငုံပြီး (အရည်တစ်စက်မျှ လည်ချောင်းတွင်းမဝင်စေဘဲ) ထွေးပစ်နိုင်လျှင် အကပ်မခံသော်လည်း အပြစ်မရှိသေး၊ ထိုကဲ့သို့ပြုနိုင်လျှင် ညနေဘက်မှာလည်း ဝိကာလဘောဇနေ အပြစ်မရှိ၊ သို့သော် အကျိုးမရှိသော ထိုအလုပ်မျိုးကို မလုပ်ခြင်းသာလျှင် ကောင်း၏။

အာဟာရံ- ယာဝကာလိက စသော ၄ ပါးကို အာဟာရဟုဆိုသည်၊ ထိုအာဟာရကို အကပ်ခံရာ၌ ရထရေကုမြူသည် အကပ်ခံနိုင်သော အသေးဆုံး အာဟာရတည်း၊ အကပ်ခံပြီးသော အာဟာရ၌ ရထရေကုမြူကျလျှင်လည်း အကပ် ပျက်တော့သည်သာ။ [လှည်း ရထားတို့ သွားသည့်အခါ

http://www.dhammadownload.com

ထသောမြေမှုန်ကို ရထရေဏုမြေဟုခေါ်၏၊ တံမြက်လှည်း၍ လေတိုက်၍ထသော မြေများလည်း ရထရေဏုပင်၊ ထို့အောက်ငယ်သော နံရံပေါက်မှ ဝင်လာသော (နေရောင်ဖြင့်သာ မြင်နိုင်သော)မြေကို တစ္ဆာရီမြေဟုခေါ်၏၊ ထိုတစ္ဆာရီမြေမှုန်နှင့် အဏုမြေ ပရမာဏုမြေတို့မှာ အကပ်မဖျက်နိုင်၊ မြေမှုန်(ဖုန်)များကို ယာဝဒီဝိကအာဟာရတွင် ပါဝင်သည်–ဟုမှတ်။]

အညတြ ဥဒကဒန္တ ပေါဏာ–ဥဒကဟူသည် ရထရေဏု ပမာဏရှိသော မြေမှုန်မပါသည့် သန့်ရှင်းသောရေတည်း၊ ထိုသန့်ရှင်းသောရေသည် ကာလိက လေးပါးမှ အလွတ်ဖြစ်၍ အကပ်မခံဘဲ သောက်ကောင်း၏၊ ကိုယ်တိုင်လည်း ကျိုကောင်း၏, ချက်ကောင်း၏၊ ရထရေဏုမြေမှုန်များပါသောရေကား မြေ အတွက် အကပ်မခံဘဲ မသောက်ရ၊ သို့ဖြစ်၍ ဝိနည်းဂရုပြုသော ပုဂ္ဂိုလ်များသည် အကပ်မခံအပ်သောရေကို အမြဲစစ်၍ သောက်လေ့ရှိကြသည်။

ဒန္တပူ။ ။ ဒန္တပူစားရာ၌ အိန္ဒိယထုံးစံမှာ သွားဖြင့်ဝါး၍ ဒန္တပူရည် ထွက်လာအောင် စားလေ့ရှိ၏၊ ထိုအရည်ထွက်မှ သွားပိုးမစားနိုင်ဘဲ သွားစင်ကြယ်သည်–ဟုအယူရှိသည်၊ ထိုသို့ဒန္တပူစားရာ၌ ဒန္တပူရည်များ လည်ချောင်းတွင်းမဝင်လျှင် အကပ်ခံဖွယ် မလိုသောကြောင့် "အညတြ ဥဒကဒန္တ ပေါဏာ" ဟု မိန့်တော်မူသည်၊ အကယ်၍ လည်ချောင်းအတွင်း ဒန္တပူရည် ဝင်လျှင်ကား အကပ်ခံမှသာ အပ်သည်၊ အကပ်မခံလျှင် ဤသိက္ခာပုဒ်အရ အာပတ်သင့်မည်သာ။

အဓိပ္ပာယ်–"အညတြ ဥဒကဒန္တ ပေါဏာ" ဖြင့် လွတ်လပ်ခွင့် အထူးမရ, ရေကြည်ကြည်ကလည်း ကာလိကဝိမုတ်ဖြစ်၍ နဂိုကပင်အပ်၏၊ ဒန္တပူလည်း အရည်မဝင်လျှင် ပင်ကိုကပင် အကပ်မခံဘဲအပ်၏၊ သို့ရာတွင် ဘုရားရှင် လက်ထက်တော်က ရဟန်းအချို့တို့သည် ရေနှင့်ဒန္တပူအတွက် သံသယ ဖြစ်ကြသောကြောင့် ဘုရားရှင်ကထပ်၍ ခွင်းချက်ပြုတော် မူရသည်။

မှတ်ချက်။ ။ ပြခဲ့သော စကားများအရ ရထရေဏုမြေသည် အကပ်ခံလောက်သော အာဟာရတွင် ပါဝင်ရကား ဆွမ်းခံတုန်းဖြစ်စေ ဆွမ်းစားတုန်းဖြစ်စေ ခွက်အတွင်းသို့ ထိုမြေမှုန်မှိုးကျလျှင် ထိုမြေနှင့်တကွ ဆွမ်းအနည်းငယ်ကို ယူပစ်ရမည်၊ သို့မဟုတ် ထပ်၍အကပ်ခံရမည်၊ ယူ၍လည်းမပစ်–ထပ်၍လည်း အကပ်မခံဘဲ ဆက်လက်၍ဆွမ်းခံလျှင် ဝိနယဒုက္ကဋ်ခေါ် ဒုက္ကဋ်အာပတ်သင့်၏၊ ဆက်၍ဆွမ်းစားလျှင် ထိုမြေမှုန်ကိုစားမိက ဤသိက္ခာပုဒ်အရ ပါစိတ် အာပတ်သင့်၏။

http://www.dhammadownload.com

ထိုပြင်–ဆွမ်းလုပ်ကို ပါးစပ်သို့ သွတ်သွင်းပြီးနောက် ပါးစပ်တွင်းမှ ဆွမ်းလုံးတစ်လုံးဖြစ်စေ သပိတ်ထဲသို့ ပြန်၍ကျလျှင် ထပ်၍အကပ်ခံလေ့ရှိကြ၏၊ သို့သော် ထိုပြန်ကျလာသော ဆွမ်းလုံးသည် ပါးစပ်ထဲရှိသော သွားရည် နှုတ်ခမ်းရည် စသည်နှင့် မလူးဘဲပြန်ကျလျှင် အကပ်မပျက်သေး၊ သွားရည်စသည်နှင့် လူးပြီးမှ ပြန်ကျလျှင်သာ ထိုသွားရည်အတွက် အကပ်ပျက်ရသည်၊ ထို့ကြောင့် ပါးစပ်မှ ဆွမ်းလုံးပြန်ကျသည့်အခါ ထပ်၍အကပ်ခံလေ့ရှိရာ၌ ဆွမ်းတစ်လုံးကျသည့်အတွက် သပိတ်အတွင်းရှိ ဆွမ်းများ အကပ်ပျက်သောကြောင့်မဟုတ်, ပြန်ကျလာသော ဆွမ်းလုံးက သွားရည်စသည်ဖြင့် လူးလာခဲ့လျှင် အကပ်ပျက်ရာသောကြောင့် ထိုပြန်ကျလာသော ဆွမ်းလုံး ကို ထပ်၍ အကပ်ခံခြင်းဖြစ်သည်–ဟုမှတ်။

ထိုပြင်–ဆွမ်း အချိုပွဲစသည်စားရာ၌ လက်မဆေးဘဲစားလျှင် လက်၌ရထရေကုမ္ပလောက်သော မြူမှုန်များကပ်နေခဲ့သော် ထိုမြူမှုန်များအတွက် လက်ဖြင့်ထိရာ ခဲဖွယ် ဘောဇဉ်တို့ပါ အကပ်ပျက်တတ်ရကား ဆွမ်းစားခါနီး လက်ဆေး, ဆွမ်းစားပြီးနောက် အချိုပွဲစားခါနီး လက်ဆေးရမည်၊ ညာလက်ကိုသာဆေး၍ ဘယ်လက်ကို မဆေးလျှင် ဘယ်ဘက်လက်ဖြင့် စားဖွယ်များကို ကိုင်ရာ၌လည်း ဤနည်းအတိုင်းပင်၊ ထို့ကြောင့် ဘယ်ဘက်လက်ကိုမဆေးလျှင် ထိုလက်ဖြင့် စားဖွယ်များကို မကိုင်မိစေရ။

ဆိုဖွယ်ရှိသေး၏–အချို့ကား စားမည်ဟု လက်ဆေးပြီးမှ ထိုလက်ဖြင့် သင်္ကန်းကို သိမ်းကြ၏၊ ထိုသို့ သိမ်းကြရာဝယ် သင်္ကန်း၌ ရထရေကုမ္ပမြူမှုန်ကို ကိုင်မိလျှင် လက်မဆေးသူနှင့် အတူပင်တည်း၊ တချို့ကား အချိုပွဲ စားစဉ် အကပ်ခံမထားသော လက်သုတ်ပဝါကို သုတ်လိုက်–အချိုပွဲကိုနှိုက်လိုက်နှင့် စားကြ၏၊ ထိုသို့စားရာ၌ လက်သုတ်ပဝါ ညစ်ပေတော့မည်မှာ သေချာပြီ၊ လက်သုတ်ပဝါ၌ ရထရေကုမ္ပမြူမှုန်ပါလျှင် စားဖွယ်များလည်း အကပ်ပျက်လိမ့်မည်၊ ထို့ကြောင့် အစာစားမည်–ဟု လက်ဆေးပြီးနောက် ထိုလက်ဖြင့် အစာမှတစ်ပါ အခြားလက်သုတ်ပဝါ သင်္ကန်းစသည်ကိုမကိုင်ဘဲ စားခြင်းကိစ္စပြီးမှသာ လက်ဆေး၍ လက်သုတ်ပဝါကို သုတ်သင့်ကြပေသည်။

ဒုရူပစိဏ္ဍဥဂ္ဂဟိတက ဒုက္ကင်္ဍ။ ။ ရှေ့၌ ဝိနယဒုက္ကင်္ဍကိုပြခဲ့ပြီ၊ အကပ်မခံရသေးသော ခဲဖွယ်ဘောဇဉ်ကို (လူသာမကောအား ပေးရန်မဟုတ်ဘဲ) သက်သက် လက်ဆော့ခြေဆော့ သဘောဖြင့်ထိလျှင် (နေရာမှ မရွှေ့စေဘဲ ကိုင်လျှင်) ဒုရူပစိဏ္ဍဒုက္ကင်္ဍအာပတ်သင့်၏၊ ဥပမာ – သာမကောဆွမ်းချက်

http://www.dhammadownload.com

နေရာ၌ ဆွမ်းအိုးကိုဖွင့်ခြင်း စသည်နှင့် အကပ်မခံဘဲ ချထားသော သပိတ်၏အဖုံးကိုဖွင့်ခြင်း စသည်များတည်း၊ သစ်ပင်ပေါ်ရှိ သစ်သီးနှင့် စားဖွယ်အရွက်များကို ကိုင်ရာ၌လည်း ဒုရူပစိဏ္ဍပင်၊ ကိုင်ရုံထိရုံမကဘဲ နေရာရွှေ့လောက်အောင်ကိုင်လျှင် (အခြားတစ်နေရာ ရွှေ့သွားလျှင်) ဥဂ္ဂဟိတက ဒုက္ကဋ်အာပတ်သင့်၏၊ [ဒုရူပစိဏ္ဍ=ဒု+ဥပစိဏ္ဍ=မကောင်းသဖြင့် ပြုကျင့်မှု၊ ဥဂ္ဂဟိတ=ကြွချီမြှောက်ယူမှု။]

ထိုပြင်–လူသာမဏေတို့၏ ခွက်ထဲသို့ ရဟန်းက အကပ်ခံပြီးသော ဆွမ်းဟင်း မုန့်စသည်ကို ထည့်ပေးရာ (ဆွမ်းဟင်းလိုက်ရာ) တို့၌ လူသာမဏေတို့၏ ရှိရင်းအစာနှင့်မထိအောင် မြှောက်၍ထည့်ရမည်၊ ဘာကြောင့်နည်း.... လူသာမဏေတို့၏ အစာသည် ရဟန်း၏ လက်စသည်ကိုငြိ၍ ပါလာလျှင် ထိုအစာက အကပ်မခံရသေးသဖြင့် ကပ်ပြီးအစာနှင့်ရောက ကပ်ပြီးအစာပါ အကပ်ပျက်ဖွယ်ရာ ရှိသောကြောင့်တည်း၊ ထိုဒုရူပစိဏ္ဍဖြစ်သော အစာကို ထိုထိကိုင်သော ရဟန်းတစ်ပါးသာ မစားကောင်း, အခြားရဟန်းများကား စားကောင်းသေး၏၊ ဥဂ္ဂဟိတကဖြစ်သော အစာကိုကား ရဟန်းအားလုံးပင် မစားကောင်းတော့ပြီ။

သူတစ်ပါးဖို့ယူခြင်း။ ။ ခရီးသွားစဉ် မိဘသာမဏေများဖို့ အစာကိုကား အကပ်မခံဘဲလည်း ယူသွားကောင်း၏၊ မိမိဖို့ဟု ရည်ရွယ်ချက်လုံးဝမပါ, မိဘစသူဖို့သာဟု မိမိစိတ်ကို စင်ကြယ်စေနိုင်လျှင် ကိုယ်တိုင်ယူခဲ့သော ထိုအစာများကို ရောက်ရာအရပ်၌ အလိုရှိက အကပ်ခံ၍ စားကောင်း၏၊ ထို့ထက်အကျယ်ကို ပါစိတ္တာဒီ အဋ္ဌကထာမှာရှု။

အကပ်ပျက်ကြောင်း

စွန့်။ ။ အကပ်ခံပြီးသော အစာကို မစားတော့အုံ့ဟု အာလယပြတ် (ငဲ့ကွက်မှုမရှိဘဲ) စွန့်လိုက်ခြင်းကြောင့်လည်း အကပ်ပျက်၏၊ ထိုသို့ စွန့်ရာ၌ လက်ကလွတ်မှ အကပ်ပျက်သည်။

ချ။ ။ သိက္ခာချခြင်းကြောင့်လည်း အကပ်ပျက်၏။

ပေး။ ။ သူတစ်ပါးကို ပေးခြင်းကြောင့်လည်း အကပ်ပျက်၏၊ ဤပေးရာ၌လည်း လက်လွတ်မှ ပျက်သည်၊ နှုတ်ကပေးသော်လည်း လက်မလွတ်သေးလျှင် အကပ်မပျက်။

http://www.dhammadownload.com

လ။ ။ လူစသူတို့က အတင်းလုယူသွားခြင်းကြောင့်လည်း အကပ်ပျက်၏။

မစ္စု။ ။ သေခြင်းကြောင့်လည်း အကပ်ပျက်၏။

လိင်ပြန်။ ။ ဘိက္ခုအဖြစ်မှ ဘိက္ခုနီအဖြစ်, ဘိက္ခုနီအဖြစ်မှ ဘိက္ခုအဖြစ်သို့ လိင်ပြန်ခြင်းတို့ကြောင့်လည်း အကပ်ပျက်၏။

[ဆောင်] စွန့်-ချ-ပေး-လု,-မစ္စု-လိင်ပြန်, ဤခြောက်တန်, ကပ်ခံပျက်ကြောင်းတည်း။

မှတ်ချက်။ ။ ဤအကပ်ခံပျက်ရာ၌ အာဟာရကို တစ်ပါ:ပိုင် အာဟာရဟုမှတ်၊ ၂ ပါ: ၃ ပါ: စသည်ဆိုင်သော စားပွယ်၌ တစ်ပါ:ကစွန့်ရုံနှင့် အကပ်မပျက်နိုင်၊ ထို့ပြင်-စွန့်မှ အကပ်ပျက်ရကား: စားနေစဉ် လူ သာမဏေတို့ လာ၍ကိုင်ရာ၌ (ရဟန်:က လက်ဖြင့်မထိစေကာမူ) အကပ်မပျက်၊ အကပ်ခံပြီ:သော သပိတ်ကို မစွန့်ဘဲ လူသာမဏေကို အခြား:တစ်နေရာသို့ အထား:ခိုင်:လိုက်သော်လည်း: အကပ်မပျက်၊ သို့ရာတွင် လူ သာမဏေတို့ ကိုယ်မှမြှုပ်မှုန်များသည် အကပ်ခံပြီ: အာဟာရ၌ကျနေရစ်လျှင်ကား: ထိုမြှုပ်မှုန်အတွက် ထပ်၍အကပ်ခံရမည်။

အဂါ ၄ ပါ:။ ။ ၁-အကပ်မခံခြင်:, ၂-သီ:ခြား:ခွင့်ပြုချက်မရှိခြင်:, ၃-မီ:ခိုး:စသော အဗ္ဗောဟာရိကမဟုတ်ခြင်:, ၄-စား:မျိုခြင်:များ:တည်:။ [၂-"ကျင်ကြီ:-ကျင်ငယ်-သစ်စိမ်:ပြာ-မြေညက်" ဤ ၄ ပါ:ကို မဟာဝိဂတ ဆေ:ဟုခေါ်၏၊ ထိုဆေ:ဖက်ဝင်သော ပစ္စည်:တို့ကို မြွေကိုက်သည့်အခါ၌ ကပ်သူမရှိလျှင် အကပ်မခံဘဲ စား:ခွင့်ပြုတော်မူ၏၊ ၃-မီ:ခိုး:များ:သည် နာခေါင်:မှ ဝမ်:တိုင်အောင် ဝင်သော်လည်: အဗ္ဗောဟာရိက (အာပတ်သင့်ရန် အဂါဟု မပြောပလောက်) ဖြစ်၍ အနာပတ္တိ။]

[ဆောင်] ကောင်:စွာအကပ်-မခံအပ်ငြား:[1], သီ:ခြား:ခွင့်ပြု-မရှိမှုနှော[2], အဗ္ဗောဟာရိ-မဟုတ်ဘိလျှင်:[3], စား:မျိုခြင်:[4]ဟု, ကြောင်:ရင်:လေ:လီ, အဂါညီ, သင့်ပြီဒန်ပေါ်ကာ။

---

http://www.dhammadownload.com

၂၅။ လေ့ကျင့်ခန်းမေးခွန်းများ

က။ အဘယ်ကို "ပဝါရိတ်သင့်" ဟု ခေါ်သနည်း, ထိုအဂါ ၅ ပါးကိုလည်း ပြပါ။

ခ။ ပဝါရိတ် သင့်ပြီးသူသည် မည်ကဲ့သို့သော ခဲဖွယ်ဘောဇဉ်ကိုသာ စားသောက်ကောင်းသနည်း, အတိရိတ်ဝိနည်းကဲ့ပြုရာ၌ အဂါ ၇ ပါးကို ပြပါ။

ဂ။ အဘယ့်ကြောင့် "ယာဝကာလိက" ဟုခေါ်သနည်း, ထိုယာဝကာလိက အာဟာရကို အနည်းငယ်မျှ ညွှန်ပြပါ။

ဃ။ အဘယ့်ကြောင့် "ယာမကာလိက" ဟုခေါ်သနည်း, အဖျော်လုပ်ရန် အသီး ၈ ပါးနှင့် အနုလောမ အသီးတချို့ကိုလည်းပြပါ။

င။ သတ္တာဟကာလိက အာဟာရများကို တော်တော်စုံလင်စွာပြ၍, ယာဝဇီဝိကကို သိသာရုံမျှ ထုတ်ပြပါ။

စ။ သန္ဓိမသိက္ခာပုဒ်၌ အကပ်စွန့်ဝတ္ထုစွန့် ၂ ဝါဒကိုခွဲပြ၍, မည်သည့်ဝါဒကို ဆရာတို့က နှစ်သက်ကြသည်-ဟုလည်း ပြပါ။

ဆ။ ကာလိကချင်းချင်းရောရာ၌ အရှည်ကာလိက က အတိုကာလိကဖက်သို့ လိုက်ရုပ်ကို ထင်ရှားအောင်ပြပါ။

ဇ။ အကပ်ခံရာ၌ အဂါ ၅ ပါးနှင့် အကပ်ဖျက်ခြင်း၏ အကြောင်း ၆ ပါးကို ပြပါ။

ဈ။ တစ်ယောက်နိုင်ဝတ္ထုကို ၂ ယောက် ၃ ယောက်ကပ်မှု-စားပွဲခင်းကကြမ်းမှာထိုနေလျက် ကပ်မှု-ကပ်သူက ရှေးရှုဆောင်နိုက်၌ လက်ထိုး၍ အကပ်ခံမှုများကို အကပ်မြောက်-မမြောက် ဆုံးဖြတ်ပါ။

---

http://www.dhammadownload.com

အစေလကဝဂ်

၁။ အစေလက ယောပန ဘိက္ခု–သည်၊ အစေလကသဝါ–အဝတ်မရှိသော တက္ကဒွန်းအားသော်လည်းကောင်း၊ ပရိဗ္ဗာဇကသဝါ–ပရိဗ္ဗိုဇ်အားသော်လည်းကောင်း၊ ပရိဗ္ဗာဇိကာယဝါ–ပရိဗ္ဗိုဇ်မအားသော်လည်းကောင်း၊ သဟတ္ထာ–မိမိလက်ဖြင့်၊ ခါဒနိယံဝါ–ခဲဖွယ်ကိုသော်လည်းကောင်း၊ ဘောဇနိယံဝါ–ဘောဇဉ်ကိုသော်လည်းကောင်း၊ ဒဒေယျ–ပေးအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၁။ အစေလက။ ။ အစေလကနှင့် ပရိဗ္ဗိုဇ်ယောက်ျား မိန်းမတို့သည် တိတ္ထိများချည်းသာတည်း၊ ထိုတိတ္ထိများအား မိမိလက်ဖြင့် (ကိုယ်တိုင်) ခဲဖွယ်ဘောဇဉ်ကိုပေးလျှင် ပါစိတ်၊ သို့ရာတွင် ဝမ်းတွင်းမျိုဖို့ မဟုတ်–ဗာဟိရလေပ (အပြင်ဘက်သုတ်လိမ်းဖို့သာ) ဖြစ်သော ဆီစသည်ကို ပေးရာ၌ကား အနာပတ္တိဟု ခွင့်ပြုလျက်ရှိသည်၊ စေလသဒ္ဒါသည် အဝတ်ဟူသော အနက်ကိုဟောတ်၏၊ ထိုအဝတ်မရှိသော (ဗလာကိုယ်တီးကျင့်သော) တိတ္ထိတစ်မျိုးကို "နတ္ထိစေလ ယသ"အရ "အစေလက" ဟုခေါ်၏၊ မြန်မာက တက္ကဒွန်းဟုခေါ်သည်။

ပရိဗ္ဗာဇက။ ။ ပရိပုဗ္ဗ ဝဇောတ် ဣုပစ္စည်းဖြင့် ပရိဗ္ဗာဇကဟုဖြစ်၏၊ ပရိ(ပရိစ္စဇိတ္တာ)–လူမှုကိစ္စဟူသမျှကို စွန့်ခွာ၍၊ ဝဇတိ–အသမ (သခ်မ်းကျောင်း) သို့ သွားနေတတ်၏၊ ဣတိ–ထို့ကြောင့်၊ ပရိဗ္ဗာဇကော–မည်၏၊ ဤဝိဂ္ဂဟအရ လူမှုကိစ္စကိုစွန့်ခွာ၍ ကမ္မဋ္ဌာန်းကျောင်းသို့ သွားနေသော ရသေ့ရဟန်းအမျိုးမျိုးကို ရသော်လည်း ဤသိက္ခာပုဒ်၌ သာသနာမှအပဖြစ်သောတိတ္ထိအားလုံးကိုသာယူ၊ ထိုတွင်လည်း အဝတ်မဝတ်သူများကို သီးခြားယူပြီးဖြစ်၍ အဝတ်ဝတ်သူကိုသာယူပါ။ [ယခုကာလ ဖိုးသူတော် သီလရှင်များသည် သာသနာ့ပြင်ပအယူကို ယူသူများမဟုတ်ရကား ဤပရိဗ္ဗာဇက–ပရိဗ္ဗာဇိကာအရတွင် မပါဝင်ကြ၊ သုတ်ပါထေယျ (သမ္မသာဒနီယ) အဋ္ဌကထာ၌ ပြအပ်သော "အဝတ်ဖြူဝတ်သော ရဟန်းအန္ဓယ်ဝင်များ" ဟုယူသင့်သည်။]

အဂါ ၄ ပါး။ ။ ၁ – တိတ္ထိဖြစ်ခြင်း, ၂ – ပြင်ပလိမ်းကျံရန် အတွက် ခွင့်ပြုအပ်သော ဆီ စသည် မဟုတ်ခြင်း, ၃ – စားမျိုကောင်းသော အာဟာရ ဖြစ်ခြင်း, ၄ – ချတားခိုက် မဟုတ်သော ခွက်ထဲ၌ မိမိလက်ဖြင့် စားဖို့ရာ ထည့်ခြင်း, အဂါ ၄ ပါးတည်း။ [တိတ္ထိရှေ့၌ ချထားအပ်သော ခွက်တွင် ထည့်ပေးလျှင် လည်းကောင်း,

http://www.dhammadownload.com

၂။ ဥယျောနေ ယောပန ဘိက္ခု-သည်၊ ဘိက္ခု-ရဟန်းကို၊ အာဝုသော-ငါ့ရှင်၊ ...ဧဟိ-လိုက်ခဲ့လော၊ ဂါမံဝါ - ရွာသို့သော်လည်းကောင်း၊ နိဂမံဝါ-နိဂုံးသို့သော်လည်းကောင်း၊ ပိဏ္ဍာယ-ဆွမ်းအလို့ငှာ၊ ပဝိသိဿာမ-ဝင်ချေကြစို့၊ ဣတိ-ဤသို့ (ပြောဆိုခေါ်သွားပြီး၍)၊ တဿ-ထိုရဟန်း၏အား၊ ဒါပေတွာဝါ-အာမိသတစ်ခုခုကို ပေးစေ၍သော်လည်းကောင်း၊ အဒါပေတွာဝါ-အာမိသတစ်ခုခုကို မပေးစေဘဲသော်လည်းကောင်း၊ ဥယျောဇေယျ-ပြန်လွှတ်အုံ၊ (ကိ-အဘယ်သို့ပြော၍ ပြန်လွှတ်သနည်း)၊ အာဝုသော-ငါ့ရှင်၊ ဂစ္ဆ-သွားတော့၊ မေ-ငါ၏၊ တယာ-သင်နှင့်၊ သဒ္ဓိ-အတူ၊ ကထာဝါ-စကားပြောရခြင်းသည်လည်းကောင်း၊ နိသဇ္ဇာဝါ-ထိုင်နေရခြင်းသည်လည်းကောင်း၊ ဖါသု-ချမ်းသာမှုသည်၊ နဟောတိ-မဖြစ်၊ ဧကကဿ-တစ်ယောက်တည်းသော၊ မေ-ငါ၏၊ ကထာဝါနိသဇ္ဇာဝါဖါသု ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့ပြောဆို၍၊ ဧတေဒေဝ-ဤမလျောက်ပတ်သော အကျင့်ကိုသာလျှင်၊ ပစ္စယံကရိတွာ-အကြောင်းပြု၍၊ အနည်-အခြားသင့်လျော်သောအကြောင်းမရှိဘဲ၊ (ဥယျောဇေယျ-ပြန်လွှတ်အုံ၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

ရဟန်းက ခဲဖွယ်ခွက် ဘောဇဉ်ခွက်ကို ရှေ့ဌ်ချထားပြီးမှ ထိုခွက်ထဲက ယူလော-ဟုဆို၍ပေးလျှင်လည်းကောင်း အနာပတ္တိ၊ ကခ်ါ၌ "အဠောဟရကီ ယတာ" အဂ်ါဝယ် "အဠောဟရကီယံ" ဟု ပါဠိပျက်ကိုမြင်၍ အဂ်ါ ၃ ပါးဟု စာပြင်မှားကြသည်။]

[ဆောင်] တိတ္ထိသက်သက်-ဖြစ်တုံ့လျက်လည်း[1], ချင်းချက်ပေးမှု-ခွင့်ပြု အပ်တွင်-မပါဝင်သား[2], မျိုးစားဖို့ရာ-အစာဖြစ်ဘို[3], တိတ္ထိတို့လက်-ကိုင်ထားခွက်ဝယ် - ကိုယ့်လက်ဖြင့်လျှင်: - ထည့်ပေးခြင်း[4]ဟု, ကြောင်းရင်းလေးလီ, အဂ်ါညီ, သင့်ပြီစေလက။

၂။ ဥယျောနေ။ ။ ရဟန်းတစ်ပါးကို ဆွမ်းခံအတူခေါ်သွားပြီးနောက် မလျောက်ပတ်သောအကျင့်ကို ကျင့်လိုခြင်းကြောင့် ထိုရဟန်းကို ပြန်လွှတ်လျှင် ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com

ဘိက္ခုဏီတိ ဥယျောဇယျ-ဘိက္ခုပုဒ်ကို ဣတိပုဒ်နောက်၌ ထည့်ထား အပ်သော "ပြောဆိုခေါ်သွား၍" ဟူသော အနက်နှင့် ဥယျောဇယျပုဒ်၌ စပ်၊ "ရဟန်းတစ်ပါးကို ပြောဆိုခေါ်သွား၍ ပြန်လွှတ်လိုက်သည်" ဟူလို။

ဟောဝုသော ပဝိသိဿာမ-ဤဝါကျကား ခေါ်မသွားမီ ပြောဆိုပုံ အခြင်းအရာကိုပြသော (အာကာရ) ဝါကျတည်း၊ ဤဝါကျ၌ "ဂါမံဝါ နိဂမံဝါ" တို့ကား ဝါကျ ၂ ရပ်ကို တစ်ဝါကျတည်းပြီးအောင် ပေါင်းထားအပ်သော ပုဒ်တို့တည်း၊ "ဟောဝုသော ဂါမံပိဏ္ဍာယ ပဝိသိဿာမ" ဟုလည်းကောင်း "ဟောဝုသော နိဂမံ ပိဏ္ဍာယ ပဝိသိဿာမ" ဟု လည်း ကောင်း, ၂ ဝါကျခွဲရမည်၊ "ငါ့ရှင်....လိုက်ခဲ့, ရွာသို့ဆွမ်းခံဝင်ချေကြစို့" ဟုဖြစ်စေ "ငါ့ရှင် ..... လိုက်ခဲ့, နိဂုံးသို့ ဆွမ်းခံဝင်ချေကြစို့" ဟုဖြစ်စေ တစ်မျိုးမျိုးသာ ပြောခွင့်ရှိသည်၊ "ငါ့ရှင်.....လိုက်ခဲ့, ရွာသို့ဖြစ်စေ နိဂုံးသို့ ဖြစ်စေ ဆွမ်းခံဝင်ချေကြစို့" ဟု ပြောလိုရင်းမဟုတ်။ [အခြား ဝါကျတို့၌လည်း ဤနည်းကို သတိပြုပါ။]

တဿ ဒါမေတွာ၊ ပေ၊ ဥယျောဇယျ-အိမ်တစ်အိမ်ရောက်သောအခါ ထို အဖော်ခေါ်ခဲ့သောရဟန်းအား ခဲဖွယ်ဘောဇဉ်စသော အာမိသတစ်ခုခုကို အလှူခိုင်းပြီး၍ဖြစ်စေ အလှူမခိုင်းဘဲဖြစ်စေ ပြန်လွှတ်အံ့။

ဂစ္ဆာဝုသော၊ ပေ၊ ဖါသုဟောတိ-ဤဝါကျကား ပြန်လွှတ်ခါနီးဝယ် ပြောဆိုပုံအခြင်းအရာကိုပြသော (အာကာရ)ဝါကျတည်း၊ "သင်နှင့်အတူ စကားပြောရတာလည်းမကောင်း, နေရတာလည်းမကောင်း, ငါ့တစ်ယောက် တည်း ပြောဆိုနေထိုင်ရတာက ကောင်းသည်" ဟူလို။

တေဒေ ပဋိယ် ကရိတ္တာအနည်-တေဒေဝ၌ တေ၏စွဲဖို့ရာ တိုက်ရိုက် မရှိ၊ ပြန်လွှတ်သောရဟန်း၏ "မာတုဂါမနှင့်အတူ ရယ်မောလို-ကြည်စယ်လို-ဆိတ်ကွယ်ရာ၌နေလိုခြင်း" စသော မလျောက်ပတ်သောအကျင့်ကို စွဲရမည်၊ ထိုမလျောက်ပတ်သော အကျင့်ကို ကျင့်လိုခြင်း စသည်ပင် ပြန်လွှတ်ခြင်း၏ အကြောင်းဖြစ်သည်၊ "၂ ပါးအတူ ဆွမ်းခံနေလျှင် မျှတအောင် မရပေဘူး" စသော လျှောက်ပတ်သောအကြောင်းမရှိ-ဟူလို။ [အနည်း၏ သေချာသော အနက်ကို အနုပခဋ္ဌ သိက္ခာပုဒ်ပြန်ကြည့်။]

အဂါ ၃ ပါး။ ။ ၁-မလျော်သောအကျင့်ကိုပြုကျင့်လိုခြင်း, ၂-ထိုသို့ ကျင့်လိုသည့်အတွက် ရဟန်းကို ပြန်လွှတ်ခြင်း, [အတူဆွမ်းခံရန် ခေါ်ခဲ့သော သာမဏေကိုပြန်လွှတ်ရာ၌ကား ဒုက္ကဋ်၊] ၃-မိမိ၏မြင်လောက် ကြားလော်ကရာ

http://www.dhammadownload.com

၃။ သဘောနေ ယောပန ဘိက္ခု-သည်၊ သဘောနေ-သမီး ခင်ပွန်း ၂ ယောက်တို့နှင့် တကွဖြစ်သော၊ ကုလေ-အိမ်၌၊ အနုပခဋ္ဌ-အိပ်ရာအနီးသို့ကပ်ဝင်၍၊ နိသဇ္ဇ-ထိုင်နေခြင်းကို၊ ကပ္ပေယျ-အုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

ဥပစာကို ပြန်လွှတ်အပ်သူကလွန်ခြင်း, အင်္ဂါ ၃ ပါ:တည်:၊ [ဥပစာဟူရာ၌ အကွယ်အကာအတွင်:ကို ဥပစာဟုခေါ်၍, အကွယ်အကာမရှိသော ဟင်:လင်: အပြင်၌ ၁၂ တောင်ကို ဥပစာဟုခေါ်သည်။]

[ဆောင်] မလျော်အကျင့်-ကျင့်လိုလင့်သား:[1], သို့ဖြင့်ဘိက္ခု-ပြန်လွှတ်မှုနှင့်, ဥပစာတွင်:-လွန်မြောက်ခြင်:ဟု[2], ကြောင်:ရင်:သုံ:လီ, အင်္ဂါ ညီ, သင့်ပြီဥယျောဇနေ။

၃။ သဘောနေ။ ။ သဘောဇနကို "သ+ဥဘောဇန" ဟုပုဒ်ဖြတ်၊ သမီ: ခင်ပွန်း ၂ ယောက်ကို ဥဘောဇန, ထိုသမီ: ခင်ပွန်:နှင့်တစ်ကွ ဖြစ်သောအိမ်ကို "သဥဘောဇန=သဘောဇန" ဟုခေါ်သည်၊ သမီ: ခင်ပွန်: ၂ ယောက်တို့က အိပ်ခန်:မှာ တည်ရှိနေစဉ် ထိုအိပ်ခန်:တွင်:ဝင်၍ (အိပ်ရာအနီ:၌ထိုင်လျှင်) ရဟန်:က အလိုက်မသိရာ ရောက်သောကြောင့် ပါစိတ် အာပတ်ဟု ပညတ်တော်မူသည်။ [တစ်နည်:-သဘောဇန၌ ဘောဇနအရ ခံစား:အပ်သော စည်:စိမ်ကိုယူ၊ ယောက်ျား:၏စည်:စိမ်မှာ မိန်:မ, မိန်:မ၏ စည်:စိမ်ကား: ယောက်ျား:တည်:၊ ထို့ကြောင့် "သဘောဇန-စည်:စိမ် ခံစား: အပ်သော မိန်:မယောက်ျား:နှင့်တကွဖြစ်သော"ဟု တစ်နည်:ဖွင့်သေ:၏။]

အင်္ဂါ ၄ ပါ:။ ။ ၁-ရာဂမကင်:သေ:သော (အနာဂါမ်ရဟန္တာမဖြစ်သေ:သော) သမီ: ခင်ပွန်:တို့ ထိုအိမ်မှာတည်ရှိခြင်:, ၂-ထိုင်နေရာ၌ဌာနက အိပ်ခန်:ဖြစ်ခြင်:, ၃-ရဟန်:အဖော်မပါခြင်:, (ရဟန်:အဖော်ပါလျှင် အနာပတ္တိ၊) ၄-ဝင်၍ထိုင်နေခြင်:, ဤ ၄ ပါ:တည်:။

[ဆောင်] ရာဂမကင်:, ခင်ပွန်:ချင်:တို့, ယင်:၌တည်လစ်[1], အိပ်ခန်:ဖြစ်သား:[2], တစ်ပါ:ရဟန်:, ဖော်မပြွမ်:ဘဲ[3], အိပ်ခန်:ဝင်လျှင်:-ထိုင်နေခြင်:[4]ဟု, ကြောင်:ရင်:လေ:လီ, အင်္ဂါညီ, သင့်ပြီသဘောဇနေ။

http://www.dhammadownload.com

၄။ ရဟောပဋိဗ္ဗန္ဓ ယောပန ဘိက္ခု–သည်၊ မာတုဂါမေန–မာတုဂါမနှင့်၊ သဒ္ဓိं–တကွ၊ ရဟော–မျက်စိ၏ကွယ်ရာ၌၊ ပဋိစ္ဆန္နေ–ဖုံးကွယ်အပ်သော၊ အာသနေ–နေရာ၌၊ နိသဇ္ဇं–ကို၊ ကပ္ပေယျ–ပြုအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၅။ ရဟော နိသဇ္ဇ ယောပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ ကော ကောယ–တစ်ယောက်ချင်း၊ ရဟော–နား၏ကွယ်ရာ၌၊ နိသဇ္ဇं–ကို၊ ကပ္ပေယျ–အုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၆။ စာရိတ္တ ယော ပန ဘိက္ခု–သည်၊ နိမန္တိတော–ဘောဇဉ်တစ်ပါး ပါးဖြင့် ဖိတ်မန်အပ်သည်၊ (ဟုတ္တာ–၍၊) သဘတ္တော–ဘတ်ရှိသည်၊ သမာနော–ဖြစ်ပါလျက်၊ သမယာ–အခါကို၊ အညတြ–ကြဉ်၍၊ သန္ဓံ–ထင်ရှားရှိသော၊ ဘိက္ခုं–ရဟန်းကို၊ အနာပုစ္ဆာ–မပန်ကြောဘဲ၊ ပုရေဘတ္တံ ဝါ–ထိုနိမန္တနဘတ်ကို မစားမီ ရှေ့၌သော်လည်းကောင်း၊ ပစ္ဆာ ဘတ္တံ ဝါ–ထိုနိမန္တနဘတ်ကို စားပြီးနောက်၌သော်လည်းကောင်း၊ ကုလေသု–

* * * * *

၄–၅။ ။ ၄ နံပါတ်ရဟောပဋိစ္ဆန္န သိက္ခာပုဒ်နှင့်စပ်၍ မှတ်ဖွယ်ကို ပထမ အနိယတ သိက္ခာပုဒ်အတိုင်း, ၅ နံပါတ် ရဟောနိသဇ္ဇသိက္ခာပုဒ်နှင့် စပ်၍ မှတ်ဖွယ်ကို ဒုတိယအနိယတသိက္ခာပုဒ်အတိုင်း သိပါ၊ ၄–၅ သိက္ခာပုဒ်များကိုထောက်၍ မျက်စိကွယ်ရာ နားကွယ်ရာ၌ မာတုဂါမနှင့် ထိုင်နေသော ရဟန်းအား ပါစိတ်အာပတ်ဖြင့် ဆုံးဖြတ်ရမည်–ဟု အနိယတ သိက္ခာပုဒ်၌ ဆုံးဖြတ်နည်း ပြတော်မူခဲ့သည်။

၆။ စာရိတ္တ။ ။ ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြင့် ဖိတ်မန်အပ်သော ရဟန်းကို "နိမန္တိတ" ဟုခေါ်၏၊ ထိုဖိတ်မန်ထားအပ်သော ဘတ်ရှိသူကို "သဘတ္တ" ဟုခေါ်၏၊ နက်ဖန် တပည့်တော်အိမ်သို့ သြဒန (ထမင်း) အလှူခံကြွပါ" စသည်ဖြင့် ဖိတ်မန်ထားအပ်သောရဟန်းသည် ထင်ရှားရှိနေသောရဟန်းကို မတိုင်ကြားဘဲ ထိုဘတ်ကို မစားမီဖြစ်စေ စားပြီးနောက် မွန်းမတည့်မီဖြစ်စေ အခြားအိမ်တို့၌ လှည့်လည်သွားလာလျှင် ပါစိတ်အာပတ်သင့်၏၊ သို့ရာတွင် စိဝရဒါနသမယ စိဝရကာရသမယတို့၌ကား ထင်ရှားရှိသော ရဟန်းကို မတိုင်ကြားဘဲလည်း သွားကောင်း၏။

http://www.dhammadownload.com

အိမ်တို့၌၊ စာရိတ္တ-လှည့်လည်ခြင်းရှိသူ၏ အဖြစ်သို့၊ အာပဇ္ဇေယျ-ရောက်အုံ့။ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတ္ထ-ထိုအညတြသမယာ ဟူသောပါဠိ၌၊ အယं-ဤဆိုအပ်လတ္တံ့ကား၊ သမယော-အခါတည်း၊ စိဝရ ဒါနသမယော-သင်္ကန်းလှူရာအခါလည်းကောင်း၊ စိဝရကာရသမယော-သင်္ကန်းချုပ်ဆိုးရာ အခါလည်းကောင်း၊ အယံ တတ္ထသမယော။

* * * * *

သန္တံ ဘိက္ခုံ-အိမ်သို့သွားလိုစိတ်ဖြစ်သည်မှစ၍ တွေ့ရမြင်ရသော သို့မဟုတ် ၁ တောင်အတွင်းမှာ ရှိသဖြင့် လှမ်း၍တိုင်ကြားလျှင် ဖြစ်နိုင်သောရဟန်းသည် သန္တ ဘိက္ခု (ထင်ရှားရှိသော ရဟန်း) တည်း၊ ထိုကဲ့သို့ မတွေ့မြင်ရလျှင် အသန္တ ဘိက္ခုဖြစ်၍ ဟိုဟိုသည်သည် လိုက်ရှာနေဖွယ်မလို။

ပုရေဘတ္တံ ပစ္ဆာဘတ္တံ-ဖိတ်ထားသောဘတ်ကို မစားမီကာလသည် ပုရေဘတ္တမည်၏၊ ဖိတ်ထားသောဘတ်ကို စားပြီးဖြစ်လျှင် ပစ္ဆာဘတ္တမည်၏၊ ဤပစ္ဆာဘတ္တမှာ မွန်းမလွဲသေး၊ ဖိတ်ထားသောဘတ်ကို စားပြီးလျှင် နံနက် ၇ နာရီလောက် အချိန်လည်း ပစ္ဆာဘတ္တပင်။ [ဘတ္တသ-ဘတ်၏၊ ဝါ-ဘတ်ကို စားရာကာလ၏၊ ပုရေ-ရှေ့သည်၊ ပုရေဘတ္တံ-မည်၏၊ ပစ္ဆာ ဘတ္တံလည်း နည်းတူ။]

ကုလေသု စာရိတ္တံ-ကုလေသုဆိုသော်လည်း ဘတ်ကိုဖိတ်သော အိမ်မှ တစ်ပါး အခြားအိမ်ကို ယူရမည်၊ ဘတ်ကိုဖိတ်ထားသော အိမ်သို့ကား ပုရေဘတ္တ (ဘတ်မစားမီ) အခါမှာပင် ဧကန် သွားရလိမ့်မည်။

အဂါ ၅ ပါး။ ။ ၁-ဘောဇဉ် ၅ ပါးတွင် တစ်ပါးပါးဖြင့် ဖိတ်သည်ကို သာယာခြင်း (လက်ခံခြင်း-ဟူလို) ၂-တပည့်တော် မည်သူ့အိမ်သို့ သွားပါဦးအုံ" စသည်ဖြင့် ထင်ရှားရှိသော ရဟန်းထံ ခွင့်မပန်ခြင်း, ၃-ဘတ်ရှိရာအိမ်မှ (ဖိတ်ထားသောအိမ်မှ) အခြားအိမ်သို့ဝင်ခြင်း, ၄-မွန်းတည့်အချိန်ကို မလွန်သေးခြင်း, (မွန်းလွဲမှသွားလျှင်ကား ဤသိက္ခာပုဒ်နှင့် မဆိုင်တော့, ဝိကာလေဂါမပွဝေသနသိက္ခာပုဒ်နှင့်သာ ဆိုင်သည်၊) ၅-စိဝရဒါနစသော သမယဖြစ်စေ ရွာတွင်းသို့ အရေးတကြီး ဝင်ရလောက်အောင် ဘေးအန္တရာယ်ဖြစ်စေ မရှိခြင်း ၅ ပါးတည်း။

[ဆောင်] ဘောဇဉ်ဖိတ်ထား-သာယာငြားတည်း[1], ထင်ရှားရဟန်းထံ-ခွင့်မပန်ဘဲ[2], ဖိတ်မန်အိမ်မှ-အခြားကြွဘိ[3], မွန်းမတည့်သေး[4], အခါဘေးတို့-ကင်းဝေးလေကုန်[5], အင်ငါးစုံ, သင့်တုံ့စာရိတ္တ။

http://www.dhammadownload.com

၇။ မဟာနာမ **အဂိလာနေန–ဂိလာနမဟုတ်သော၊ ဘိက္ခုနာ–ရဟန်း**သည်၊ ပုနပဝါရဏာယ–နောက်ထပ်ဖိတ်ခြင်းကို၊ အညတြ–ကြဉ်၍လည်းကောင်း၊ နိစ္စပဝါရဏာယ–အမြဲဖိတ်ခြင်းကို၊ အညတြ–ကြဉ်၍လည်းကောင်း၊ စာတုမာသပစ္ဆိယပဝါရဏာ–လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို၊ သာဒိတဗ္ဗာ–သာယာအပ် သာယာနိုင်၏၊ တတော–ထိုပိုင်းခြားအပ်ရာ အခါ, ပိုင်းခြားအပ်သော ဆေးထက်၊ ဥတ္တရိ–အလွန်၊ စေသာဒယေယျ–အကယ်၍ သာယာအုံ၊ တဿဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၇။ မဟာနာမ။ ။ [ဘုရား၊ရှင်၏ တစ်ဝမ်းကွဲနောင်တော်ဖြစ်သော မဟာနာမ်မင်းကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြစ်သောကြောင့် "မဟာနာမသိက္ခာပုဒ်" ဟု နာမည်တပ်သည်။] သံဃာ့အတွက် ဆေးပစ္စည်းဖြင့် ဖိတ်ရာ၌ ထပ်၍ဖိတ်ခြင်း: မဟုတ်လျှင်လည်းကောင်:, အမြဲဖိတ်ခြင်း: မဟုတ်လျှင်လည်းကောင်:, ၄ လပတ်လုံး: ဖိတ်ခြင်းကို သာယာနိုင်သည်၊ မကျန်:မာသောအခါ တောင်:မည်ကြဲလျက် ဖိတ်သည်ကို လက်ခံခြင်:ကို "သာယာခြင်:" ဟု ဤ၌ဆိုသည်၊ ပထမအကြိမ် ဖိတ်ထား:ရာ လစေ့၍ နောက်ထပ်ဖိတ်လျှင်လည်: သာယာနိုင်၏၊ တစ်သက်လုံ: အမြဲဖိတ်လျှင်လည်: သာယာနိုင်သည်သာ။

မှတ်ချက်။ ။ ဤ၌ "၄ လဖိတ်–ထပ်၍ဖိတ်–အမြဲဖိတ်များကို သာယာနိုင်သည်" ဟု ၃ မျိုး:ခွဲ၍ ဆိုထား:ခြင်:ကို ဝတ္ထုကြောင်:အလိုက် ဆိုထား:ခြင်:–ဟုမှတ်၊ အချုပ်မှာ–ဒါယကာက ဖိတ်သမျှ ၄ လမက–၅ လ စသည့်အတွက်လည်: သာယာနိုင်သည်၊ တစ်လသာ ဖိတ်လျှင်လည်: တစ်လသာ သာယာနိုင်သည်။

တတော ဝေ ဥတ္တရိ သာဒယေယျ–ဒါယကာက သတ်မှတ်ထား:သော ရက်ထက်ပို၍ (ထိုလ–ထိုနစ်တို့မှနောက်၌) သာယာလျှင်လည်:ကောင်:, ဒါယကာက "မည်မျှလောက်သောဆေ:" ဟု သတ်မှတ်အပ်သော ဆေ:ထက်ပို၍ သာယာလျှင်လည်:ကောင်: ပါစိတ်။ [တောင်:ခြင်:ကိုပင် "သာယာခြင်:" ဟုဆိုသည်။]

ဆက်ဦ:အုံ–ဤသိက္ခာပုဒ်လာ ဖိတ်ခြင်:သည် သံဃာကိုဖိတ်ခြင်:တည်:၊ ထိုသို့ သံဃာကို ဖိတ်ရာ၌ မကျန်:မာသောအခါ အလိုက်သိစွာ သင့်တော်

http://www.dhammadownload.com

၀။ ဥယျုတ္တသေနာ ယောပန ဘိက္ခု-သည်၊ တထာရူပပစ္စယာ-ထိုသွား ထိုက်သော သဘောရှိသောအကြောင်းကို ၊ အညတြ-ကြဉ်၍၊ ဥယျုတ္တဲ-မြို့.ရွာမှထွက်ပြီးသော၊ သေနံ-စစ်တပ်ကို၊ ဒဿနာယ-ကြည့်ရှုခြင်းငှာ၊ ဂစ္ဆေယျ-သွားအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

အောင် တောင်းကြဖို့ရာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်၊ သို့ရာတွင် မိမိမှာ တကယ် မကျန်းမာလျှင်ကား ဖိတ်ဖူးသော ဒါယကာအထံသွား၍ ဒါယကာ ..... ဖိတ်ထားတဲ့ရက်တော့ဖြင့် လွန်ခဲ့ပြီ, သို့သော် ဘုန်းကြီးမှာ ယခုမှ မည်သည့်ဆေးကို အလိုရှိနေသည်ဟု အတိအလင်းပြော၍ တောင်းလျှင် လည်းကောင်း, လုံးဝမဖိတ်သူ့ထံကိုပင် အမှန်အသုံးဝင်နေသောဆေးကို တောင်းလျှင်လည်းကောင်း, အနာဃတ္တိ။

မှတ်ချက်။ ။ ပစ္စည်း ၄ ပါးတွင် ဆေးပစ္စည်းကိုတောင်းရာ၌ ဂိလာနအတွက် အမှန်အသုံးရှိလျှင် မဖိတ်ဖူးသူ့အထံမှာပင် တောင်းကောင်းသည်ဟုမှတ်။

အဂါ ၄ ပါး။ ။ ၁-သံဃာကိုဖိတ်ခြင်း, ၂-ဆေးကိုတောင်းခြင်း, ၃-ဂိလာနမဟုတ်ခြင်း, (ဤကဲ့သို့ သံဃာကိုဖိတ်ရာ၌ ဂိလာနမှ တောင်းကောင်းသည်၊ မိမိကို သီးခြားဖိတ်ရာ၌ကား ဂိလာန မဟုတ်သော်လည်း တောင်းကောင်း၏။) ၄-ဖိတ်ထားသော လ ရက် အပိုင်းအခြားကိုဖြစ်စေ ဆေးအပိုင်းအခြားကိုဖြစ်စေ လွန်ခြင်း, ၄ ပါးတည်း။

[ဆောင်] သံဃာဖိတ်မှ[1], ဆေးတောင်းယူ၍[2], သူနာအဖြစ်-ကင်းကွာလစ်သား[3], ပိုင်းခြားအတွင်း-ကျော်လွန်ခြင်း[4]ဟု, ကြောင်းရင်းလေးဖြာ, အင်ညီညာ, မဟာနာမသင့်။

၀။ ဥယျုတ္တသေနာ။ ။ [ဥယျုတ္တဲ၌ ဥပုဇ္ဈ ယုဇတတ် တပစ္စည်းတည်း၊ "ဓာတုနံ အနေကတ္ထတ္တာ (ဓာတ်တို့က အနက်များစွာရှိသည့်အဖြစ်ကြောင့်)" ဟူသော ပရိဘာသာနှင့်အညီ, ဤနေရာ၌ ယုဇတတ်သည် ဂမနအနက်ကို ဟောတ၏၊ ဥနောက်ဖြစ်၍ ယဒွေးဘော်လာသည်၊ ဥ=ထ၍+ယုဇ=သွားသည်၊] စစ်တပ်သို့သွားထိုက်သောအကြောင်းမရှိဘဲ ဆိုင်ရာမြို့.ရွာမှ ထ၍သွားသော (ထွက်သွားသော) စစ်တပ်ကို အကြည့်အရှုသွားလျှင် ပါစိတ်။

http://www.dhammadownload.com

၉။ သေနာဝါသ စ-ဆက်ဦးအံ့၊ တသ ဘိက္ခုနော-ထိုရဟန်း၏၊ သေနံ-စစ်တပ်သို့၊ ဂမနာယ-သွားဖို့ရာ၊ ကောစိဒေဝ-တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ ပစ္စယော-အကြောင်းသည်၊ သိယာ-အကယ်၍ရှိအုံ့၊ တေနဘိက္ခုနာ-ထိုရဟန်းသည်၊ ဒိရတ္တ တိရတ္တံ-၂ ညဉ့် ၃ ညဉ့် ပတ်လုံး၊ သေနာယ-စစ်တပ်၌၊ ဝသိတဗ္ဗံ-နေနိုင်၏၊ တတော-ထို ၂ ညဉ့် ၃ ညဉ့်ထက်၊ ဥတ္တရိ-အလွန်၊ စေဝသေယျ-အကယ်၍နေအုံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

သွားထိုက်သောအကြောင်း။ ။ ထိုစစ်တပ်၌ ဆွေမျိုးတစ်ယောက်ယောက် မကျန်းမာနေ၍ ထိုသူ့ကိုကြည့်ရှုရန် သွားခြင်းစသည်တည်း၊ ထိုသို့သော အကြောင်းရှိ၍သွားရာ၌ အနာပတ္တိ၊ "သေနာ" ဟူသည် ဆင်တပ်-မြင်းတပ်-ရထားတပ်-ခြေလျင်တပ် ၄ မျိုးအပေါင်းတည်း၊ ထို့ကြောင့် စစ်အင်္ဂါ ၄ ပါးတွင် ပါဝင်သော ဆင်တပ်ကိုချည်းဖြစ်စေ ဆင်တစ်စီးကိုသာဖြစ်စေ အကြည့်သွားရာ၌ ဒုက္ကဋ်။

အင်္ဂါ ၄ ပါး။ ။ ၁-ဥယျာဉ်တွင်သေနာဖြစ်ခြင်း, ၂-ကြည့်ရှုရန်သွားခြင်း, ၃-ခွင့်ပြုရာအရပ်မှ အခြားအရပ်၌ကြည့်ခြင်း, [မိမိနေရာသို့ လာလျှင်လည်းကောင်း, ခရီးရင်ဆိုင်တွေ့လျှင်လည်းကောင်း, ကြည့်နိုင်သည်-ဟု ခွင့်ပြုချက်ရှိသည်၊ ထိုခွင့်ပြုရာအရပ်မှ အခြားအရပ်၌ကြည့်လျှင် ပါစိတ်၊] ၄-အကြောင်းနှင့် ဘေးရန်မရှိခြင်းတည်း၊ ဘေးရန်ရှိလျှင်လည်း စစ်တပ်သို့ ဝင်ပြေးနိုင်သည်။

[ဆောင်] စစ်တပ်ထွက်ဗြား[1], ကြည့်ရှုသွားနှင့်[2], ခွင့်မပြုအပ်-ကြည့်လတ်လည်းကောင်း[3], အကြောင်းမဲ့ လျှင်း-ဘေးရန်ကင်း[4]ဟု, ကြောင်းရင်းလေးဖြာ, အင်ညီညာ, သေနာဥယျာတ်သင့်။

၉။ သေနာဝါသသိက္ခာပုဒ်။ ။ ဥယျာဉ်တွင်သေနာသိက္ခာပုဒ်၏ ခွင့်ပြုချက်အရ ဆွေမျိုးမကျန်းမာခြင်းစသော အကြောင်းရှိ၍ စစ်တပ်သို့သွားရလျှင် အလွန်ဆုံး ၃ ညဉ့်သာနေနိုင်သည်၊ အကြောင်းထူးမရှိဘဲ ၃ ညဉ့်ထက်ပို၍နေလျှင်ပါစိတ်။ [မိမိကိုယ်တိုင်က မကျန်းမာနေသောကြောင့်ဖြစ်စေ, မကျန်းမာသူ၏ကိစ္စကြောင့်ဖြစ်စေ, မိမိနေရာစစ်တပ်သို့ အခြားစစ်တပ်ကပိတ်ဆို့ထားသဖြင့် မထွက်နိုင်သောကြောင့်ဖြစ်စေ, တစ်စုံတစ်ယောက် (ရန်သူ) စသည်က

http://www.dhammadownload.com

၁၀။ ဥယျောဓိက ဘိက္ခု-ရဟန်းသည်၊ ဒိရတ္တတိရတ္တံ-၂ ညဉ့် ၃ ညဉ့် ပတ်လုံး၊ သေနာယ-စစ်တပ်၌၊ ဝသမာနော-နေစဉ်၊ ဥယျောဓိကံဝါ-စစ်ပွဲသို့သော်လည်းကောင်း၊ ဗလဂ္ဂဝါ-စစ်သည်အစုကို ရေတွက်ရာသို့သော်လည်းကောင်း၊ သေနာဗျူဟံဝါ-စစ်ဆင်ရာသို့သော်လည်း ကောင်း၊ အနီကဒဿနံဝါ-ဆင်တပ်မြင်းတပ်စသည်ကို ကြည့်ရှုရာသို့သော် လည်းကောင်း၊ စေဂစ္ဆေယျ-အကယ်၍သွားအုံ၊ တဿဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ ပဋ္ဌမော-သော၊ အစေလကဝဂ္ဂေါ-တည်း။

* * * * *

မသွားရအောင် နှောင့်ယှက်ထားသောကြောင့် ဖြစ်စေ, ဘေးရန်ကြောင့်ဖြစ်စေ, ၃ ညဉ့်ထက် ပို၍နေရလျှင် အနာပတ္တိ။

အဂ်ါ ၃ ပါး။ ။ ၁-သုံးညဉ့်လွန်ခြင်း, (ဒိရတ္တ တိရတ္တံ၌ ဒိရတ္တမှာ ဝါစာသိလိဋ္ဌသာ၊) ၂-စစ်တပ်၌နေဝင်စေခြင်း, (၄ ရက်နေ့အချိန်ကို စစ်တပ်တွင်းမှာပင် ကုန်လွန်စေ၍ နေဝင်သွားလျှင် ၄ ရက်မြောက်ညဉ့်ကို စစ်တပ်မှာ နေရာရောက်သည်၊) ၃-မကျန်းမာမှု စသည်မရှိခြင်း, ၃ ပါးတည်း။

[ဆောင်] သုံးညဉ့်လွန်လတ်[1], စစ်တပ်၌တွင်-နေဝင်စေကာ[2], မကျန်းမာခြင်း -စသည်ကင်းဟု[3], ကြောင်းရင်းသုံးဖြာ, အင်ညီညာ, သေနာဝါ သသင့်။

၁၀။ ဥယျောဓိက။ ။ သေနာဝါသသိက္ခာပုဒ်အရ နေသင့်သော အကြောင်းရှိ၍ ၂ ညဉ့် ၃ ညဉ့်မျှ စစ်တပ်၌နေစဉ် ဥယျောဓိက စသည်သို့ အကြည့်အရှုသွားလျှင် ပါစိတ်အာပတ်။

ဥယျောဓိက။ ။ ဗ္ဗေ-ဤစစ်ပွဲ၌၊ ဥဂ္ဂတွာ ဥဂ္ဂတွာ-နိုင်သည့်ဘက်ကတိုးတက်၍ တိုးတက်၍၊ ယုဇ္ဈန္တိ-တိုက်ခိုက်ကြကုန်၏၊ ဣတိ-ထို့ကြောင့်၊ ဥယျောဓိကံ-မည်၏၊ ဤဝိဂ္ဂဟအရ စစ်ပွဲကို ဥယျောဓိကဟုခေါ်သည်။

ဗလဂ္ဂ-ဗလသ-စစ်သည်ဗိုလ်ပါ၏+အဂ္ဂ-အဖို့အစုသည်၊ ဗလဂ္ဂ-မည်၏၊ "ဗလဂ္ဂ ဇာနန္တိ ဗ္ဗေ" အရ "ဆင်မည်မျှရှိ၏, မြင်းမည်မျှရှိ၏" စသည်ဖြင့် စစ်တပ်ကို အုပ်ချုပ်သူတို့က စစ်သည်စုကိုသိရာ (ရေတွက်ရာ) အရပ်ကို ဗလဂ္ဂဟုခေါ်သည်။

http://www.dhammadownload.com

သေနာဗျူဟ်–သေနာယ–စစ်တပ်၏၊ ဗျူဟော–စစ်တိုက်ရန်စုဝေးရာ အရပ်သည်၊ သေနာဗျူဟော–မည်၏၊ "ဤ(ရာ)ဌ ဆင်တပ်နေစေ, ဤ(ရာ)ဌ မြင်းတပ်နေစေ" စသည်ဖြင့် စစ်တိုက်ဖို့ရန် သူ့နေရာနှင့်သူ စုဝေးချထားခြင်း (စစ်ဆင်ခြင်း) ကို သေနာဗျူဟခေါ်၏၊ ဗျူဟသဒ္ဒါသည် သမူဟ (အပေါင်း) နိမ္မာဏ (ဖန်ဆင်းခြင်း) သမ္မာတက္က (ကောင်းစွာကြံခြင်း) ဒေဟ (ကိုယ်) သေနု (စစ်သည်အပေါင်း) သေနာသန္နိဝေသန ဝိသေသ (စစ်တိုက်ဖို့ရန် စစ်တပ်စုဝေးတည်နေပုံအထူး) ဟု အနက်များစွာရှိ၏၊ ဤ နေရာ၌ နောက်ဆုံးအနက်သာ သင့်လျော်သည်။

အနိကဒဿန်–စစ်သား ၁၂ ယောက်စီပါသော ဆင် ၃ စီးသည် ဟတ္ထာ နိက (ဆင်တပ်)မည်၏၊ စစ်သား ၃ ယောက်စီပါသော မြင်း ၃ စီးသည် ဟယာနိက (မြင်းတပ်) မည်၏၊ စစ်သား ၄ ယောက်စီပါသော ရထား ၃ စီးသည် ရထာနိကမည်၏၊ လက်နက်ကိုင် စစ်သား ၄ ယောက်သည် ပတ္တာနိက (ခြေလျင်တပ်) မည်၏၊ ဤအရေအတွက်ကား: အနည်းဆုံး: စစ်တပ် တစ်ဖွဲ့တည်း၊ ဤစစ်တပ် ၄ မျိုးကို သေနာဟုခေါ်သည်၊ ပြခဲ့သော အနိက တစ်စုတစ်စုကို ကြည့်ရှုခြင်းသည် အနိကဒဿနမည်၏။

အဂ်ါ ၃ ပါ:။ ။ ၁–ဥယျောဓိက စသည်ကိုကြည့်ရှုရန်သွားခြင်း, ၂–ခွင့်ပြုရာအရပ်မှတစ်ပါ: အခြားအရပ်ကို ကြည့်ရှုခြင်း, ၃–သွားသင့်သော အကြောင်း–သို့မဟုတ် သေားရန်မရှိခြင်း, ၃ ပါ:တည်း။ [၂–၃–အကျယ်ကို ဥယျူတ္တသေနာ အဂ်ါအတိုင်းယူ။]

[ဆောင်] စစ်တိုက်ရာဟု–စစ်သည်စုကို–ကြည့်ရှုသွားနှင့်[၁], ခွင့်မပြုအရပ်–ကြည့်လတ်လည်းကောင်း[၂], အကြောင်းမဲ့လျှင်:–ရန်သေားကင်းဟု[၃], ကြောင်းရင်းသဘော, သုံးပါ:နော, ဥယျောဓိကသင့်။

---

http://www.dhammadownload.com

သုရာပါနဝဂ်

၁။ **သုရာပါန** (ဘိက္ခုနော-ရဟန်း၏၊) သုရာမေရယပါနေ-သေရည် အရက်ကို သောက်ခြင်းကြောင့်၊ ပါစိတ္တိယ်-ပါစိတ် အာပတ်သည်၊ ဟောတိ-ဖြစ်၏။

၂။ **အဝိုလိပတောဒက** (ဘိက္ခုနော-ရဟန်း၏၊) အဝုံလိပတောဒကေ-လက်ချောင်းထိုးခြင်းဟူသော ကစားခြင်းကြောင့်၊ ပါစိတ္တိယ် ဟောတိ။

* * * * *

၁။ သုရာပါန။ ။ သေရည်ငါးမျိုး-အရက်ငါးမျိုးရှိ၏၊ ထိုတွင် ဆန်မှုန့်ကို လုပ်အပ်သော (ဆန်မှုန့်ကို အိုးဌ်ထည့်ပြီးလျှင် သင့်တော်လောက်သော ရေဖြင့်နယ်၍ လုပ်အပ်သော) ပိဋ္ဌသုရာ, မုန့်ကိုလုပ်အပ်သော-ပူပသုရာ, ထမင်းကို လုပ်အပ်သော-သြဒနသုရာ, "တဆေးမှုန့်" ခေါ် သေရည်ဖြစ်ရန် မျိုးစေ့ကိုထည့်ခတ်၍ လုပ်အပ်သော-ကိဏ္ဏပက္ခိတ္တသုရာ, ဖန်ခါးသီး မုန်ညင်းစေ့စသော အဆောက်အဦများ ရောစပ်၍ လုပ်အပ်သော-သမ္ဘာရ သံယုတ္တသုရာတို့ကား သေရည်ငါးမျိုးတည်း။

သစ်မည်စည်ပွင့် ထန်းပွင့် အုန်းပွင့်စသော ပန်းပွင့်တို့ကို ကြာမြင့်စွာ စိမ်အပ်သော (ပန်းပွင့်စိမ်ရည်) ပုပ္ပါသဝ, အသီးစိမ်ရည်ဟူသော-ဖလာသဝ, မုဒရက်ခေါ် သပျစ်သီးစိမ်ရည်ဟူသော-မဒွာသဝ, ကြဲရည် ထန်းရည်ကို စိမ်အပ်သော-ဂုဠာသဝ, ဖန်ခါးသီးစသော အဆောက်အဦ အမျိုးမျိုးတို့၏ စိမ်ရည်ဟူသော သမ္ဘာရသံယုတ္တာသဝတို့ကား အရက်ငါးမျိုးတည်း။

အဂ်ါ ၂ ပါး။ ။ ၁-သေရည်အရက်ဖြစ်ခြင်း, ၂-သောက်ခြင်းအားဖြင့် အဂ်ါ ၂ ပါးသာ၊ ထိုသေရည်အရက်ကို ဟင်းဌ် အနံ့ကောင်းရုံမျှ အနည်းငယ် ထည့်ခတ်ရာဌ် အနာပတ္တိဟု မိန့်ဆိုရကား အချို့သော ဆေးရည်များ ဌ်လည်း အခိုးပြင်းရုံမျှ သေရည်အရက်နံ့ မသိမသာ ပါနေလျှင် အာပတ် သင့်ဖွယ်မရှိ၊ သေရည်အနံ့အရသာ ထင်ရှားနေလျှင်ကား အာပတ်ပင်တည်း။

[ဆောင်] **မဒ္ဒ**ဖြစ်ခြား[1], သောက်မျိုအားဖြင့်[2], ၂ ပါးအဂ်ါ, ပြည့်စုံစွာ, သုရာ ပါနသင့်။

၂။ အဝိုလိပတောဒက။ ။ [အဝုံလိ=လက်ချောင်း+ ပတောဒက= ထိုးခြင်း။] လက်ချောင်းတို့ဖြင့် လက်ကတီး (ချိုင်း) စသည်ကို ထိုး၍ကစား

http://www.dhammadownload.com

၃။ ဟသဝမ္မ (ဘိက္ခုနော–ရဟန်း၏၊) ဥဒကေ–ဖမျက်မြုပ်လောက်သောရေ၌၊ ဟသဝမ္မေ–ရယ်မြူးခြင်းသဘောရှိသော ကစားခြင်းကြောင့်၊ ပါစိတ္တိယံ–ပါစိတ်အာပတ်သည်၊ ဟောတိ–ဖြစ်၏။

၄။ အနာဒရိယ (ဘိက္ခုနော–၏၊) အနာဒရိယေ–ပုဂ္ဂလဝမ္မကို မရိုသေခြင်းကြောင့်၊ ပါစိတ္တိယံ ဟောတိ။

* * * * *

ခြင်းတည်း၊ လက်ဖြင့် ထိုးခြင်းသာမက, ရဟန်းအချင်းချင်း ကိုယ်ဖြင့်ထိပါး၍ ကစားခြင်းဟူသမျှ အဂုံလိပတောဒကဋ္ဌ ပါဝင်သည်။

အဂါ ၂ ပါး။ ။ ၁–ရယ်မြူးလို (ကစားလို) ခြင်း, ၂–ရဟန်းချင်း၏ ကိုယ်ချင်း (လက်ပါ) သုံးသပ်ခြင်းအားဖြင့် အဂါ ၂ ပါးတည်း။ [ကိုယ်ချင်း မဟုတ်ဘဲ, ကိုယ်နှင့်စပ်နေသော တုတ်စသည်ဖြင့် တို့၍ကစားလျှင် ဒုက္ကဋ်, လူသာမဏော ဘိက္ခုနီတို့အား ကိုယ် တုတ်တို့ဖြင့် တို့၍ကစားရာ၌လည်း ဒုက္ကဋ်။]

[ဆောင်] ကစားလိုလျှင်[1], ရဟန်းချင်း၏–ကိုယ်ချင်းထိမှု[2],
အင်နှစ်ခု, အဂုံပတော သင့်။

၃။ ဟသဝမ္မ။ ။ ဖမျက်(ခြေမျက်စိ) မြုပ်လောက်သော မြစ်ချောင်း ရေကန်တို့၌ ရှိသောရေဝယ် ငုပ်ခြင်း ဖော်ခြင်း ကူးခြင်းတို့ကို ပျော်မြူးလို၍ ပြုလျှင် ပါစိတ်၊ လေဖြင့်ကစားလျှင်လည်းကောင်း, အိုးခွက်တို့၌ ထည့်ထားသောရေကိုဖြစ်စေ ကစီရေကိုဖြစ်စေ တစ်စက်လောက်မျှ မြှောက်၍ ကစားလျှင်လည်းကောင်း ဒုက္ကဋ်၊ မကျွန်းမာ၍ဖြစ်စေ တစ်ဖက်ကမ်းသို့ သွားလို၍ဖြစ်စေ ကူးရာ၌ အနာပတ္တိ၊ ၁–ဖမျက်မြုပ်လောက်သော ရေဖြစ်ခြင်း, ၂–ပျော်မြူးလို၍ ကစားခြင်းအားဖြင့် အဂါ ၂ ပါးတည်း။

[ဆောင်] ဖမျက်ရေတွင်း[3], ကစားခြင်းမျှ[4], အင်နှစ်ဝ, ဟသဝမ္မသင့်။

၄။ အနာဒရိယ။ ။ "နတ္ထိအာဒရော (ရိုသေခြင်းသည်) ယဿ" အရ ရိုသေခြင်းမရှိသူကို "အနာဒရ" ဟုခေါ်၍, ထိုရိုသေခြင်းမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ မရိုသေခြင်းကြီယာကို "အနာဒရိယ" ဟုခေါ်သည်။ [အနာဒရဿ+ဘာဝေါ=အနာဒရိယံ။]

မရိုသေခြင်း ၂ မျိုး။ ။ထိုမရိုသေခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း–ပါဠိ အဋ္ဌကထာဝမ္မကို မရိုသေခြင်းအားဖြင့် ၂ မျိုးပြား၏၊ ထိုတွင် မသင့်

http://www.dhammadownload.com

၅။ ဘီသာပန ယောပနဘိက္ခု-သည်၊ ဘိက္ခု-ရဟန်းကို၊ ဘီသာပေ ယျ-ကြောက်စေအုံ့၊ ဝါ-ခြောက်အုံ့၊ တဿဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

မတော်ပြုနေသော ရဟန်းကို အခြားရဟန်းက ဝိနည်းလမ်းကြောင်းဖြင့်ပြော လျှင် "မင်းပြောတာကို ငါက လိုက်နာရမှာတဲ့ လား" ဟူသော သဘောဖြင့် နားမထောင်ဘဲ ပြုမြဲပြု၏၊ ထိုနားမထောင်ဘဲပြုခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေ ခြင်း (မလေးစားခြင်း-ဂရုမစိုက်ခြင်း) တည်း၊ ဝိနည်းသိက္ခာပုဒ်ဟူသော ဓမ္မဖြင့် ပြောဆိုလျှင် ထိုဝိနယဓမ္မကိုပင် ကွယ်ပျောက်စေလို ပျက်ပြယ်စေလို သော သဘောဖြင့် ပြုမြဲပြု၏၊ ထိုကဲ့သို့ ပုဂ္ဂိုလ်ကိုဖြစ်စေ ဝိနယဓမ္မကိုဖြစ်စေ မရိုသေခြင်း အရေးမစိုက်ခြင်းကြောင့် ပါစိတ်။

အဂ်ါ ၂ ပါး။ ။ ၁-ရဟန်းက ဝိနည်းပညတ်ဖြင့်ပြောဆိုခြင်း, ၂-မလေးမစားပြုခြင်းအားဖြင့် အဂ်ါ ၂ ပါးတည်း၊ ရဟန်းက ထိုဝိနည်းပညတ်မှ တုန်စ်ပါး သုတ် အဘိဓမ္မာလာ တရားတော်ဖြင့် ဆိုဆုံးမသည်ကို မလေးစားရာ၌ လည်းကောင်း, လူ သာမဏေတို့က ဝိနည်းဖြင့်ဖြစ်စေ အခြားတရားဖြင့်ဖြစ်စေ ဆုံးမသည်ကို မလေးမစားလုပ်ရာ၌လည်းကောင်း ဒုက္ကဋ်။

[ဆောင်] ရဟန်းချင်းက-ဝိနယဖြင့်-ဆုံးမသည်ကို[1], မရိုသေစွာ[2], အင် ၂ ဖြာ, အနာဒရိယသင့်။

၅။ ဘီသာပန။ ။ [ဘီသိတတ် ဏာပေပစ္စည်း-ယုပစ္စည်း, ဘီ၌ ဣကို ဒီဃပြု၍ ဘီသာပနဟုဖြစ်၏၊ သဒ္ဒနီတိ၌ နိဂ္ဂဟီတ်လာ၍ ဘီ'သာပနဟု ရှိသည်၊ သဒ္ဒါနက်အားဖြင့် "ကြောက်စေခြင်း" ဟုထွက်၏၊ အဓိပ္ပာယ်မှာ-ခြောက် လှန့်ခြင်းပင်တည်း၊] ရဟန်းအချင်းချင်း ကြောက်ဖွယ်ကောင်းသော အဆင်း အသံကိုပြု၍ (ပြုလုပ်၍) ကြောက်အောင် ခြောက်လျှင် အခြောက်ခံရသူ ကြောက်ကြောက်-မကြောက်ကြောက် ပါစိတ်။

အဂ်ါ ၂ ပါး။ ။ ၁-ရဟန်းဖြစ်ခြင်း, ၂-ထိုရဟန်း၏ မြင်လောက်ရာ ကြားလောက်ရာ အရပ်၌ ခြောက်လှန့်ဖို့ရာ အားထုတ်ခြင်း အားဖြင့် အဂ်ါ ၂ ပါးတည်း၊ လူ သာမဏေကို ခြောက်လှန့်လျှင် ဒုက္ကဋ်။

[ဆောင်] ရဟန်းဖြစ်ခြင်း[1], ခြောက်လှန့်ခြင်းပါ[2], အင် ၂ ဖြာ, ဘီသာပနသင့်။

http://www.dhammadownload.com

၆။ ဓောတိ ယော ပန ဘိက္ခု–သည်၊ အဂိလာနော–ဂိလာနမဟုတ်ဘဲ၊ ဝိသိဋ္ဌနာပေက္ခော–လွှဲခြင်းကို ရှုငဲ့သည်၊ ဝါ–လွှဲလိုသည်၊ (ဟုတ္တာ–ဖြစ်၍) တထာရူပပစ္စယာ–ထိုမီးတောက်စေလိုသော သဘောရှိသော အကြောင်းကို၊ အညတြ–၍၊ ဓောတိ–မီးကို၊ သမာဒဟေယျ၀ါ–ကိုယ်တိုင်မူလည်း တောက်စေအံ့၊ သမာဒဟာပေယျ၀ါ–သူတစ်ပါးကိုမူလည်း တောက်ပါစေဟု စေခိုင်းအံ့၊ တဿဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၇။ နာနသိက္ခာပုဒ် ယော ပန ဘိက္ခု–သည်၊ သမယာ–ရေချိုးသင့်ရာအခါကို၊ အညတြ – ၍၊ အဒ္ဓမာသံ – တစ်လထက်ဝက်ဆယ့်ငါးရက်၏၊ သြရေန – အတွင်း၌၊ နာယေယျ – ရေချိုးအံ့၊ တဿ

* * * * *

၆။ ဓောတိ။ ။ မီးထွန်းခြင်း သပိတ်ဖုတ်ခြင်း စသောအကြောင်းကို "တထာရူပ ပစ္စယ" ဟုခေါ်၏၊ ထိုကဲ့သို့ အကြောင်းမျိုးမရှိဘဲ ဂိလာနလည်း မဟုတ်ဘဲ သက်သက်မီးလွှဲလို၍ မီးမွှေးလျှင်လည်းကောင်း–လူသာမကောတို့ မွှေးပြီးသားကို တောက်အောင်မှုတ်လျှင် ထင်းထည့်ပေးလျှင်လည်းကောင်း–မီးလွှဲဖို့ရန် လူသာမကောကို မီးမွှေးမီးထည့်ခိုင်းလျှင်လည်းကောင်း–ပါစိတ်။ [ဤ၌ "မီးသိစမ်း" စသော ကပ္ပိယဝေါဟာရဖြင့် ခိုင်းကောင်းသည်–ဟု အဆိုမရှိ။]

အဂ်ါ ၄ ပါး။ ။ ၁–ဂိလာနမဟုတ်ခြင်း, [မီးမလွှဲရလျှင် မသက်သာနိုင်အောင် မကျန်းမာသူကို ဂိလာနဟုဆိုလိုသည်၊] ၂–ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, ၃–လွှဲလိုခြင်း, [ရေနွေးတည်ရန် ဆွမ်းချက်ရန် စသည် အတွက် ရဟန်းက မီးမွှေးပေးလျှင်လည်း တထာရူပပစ္စယတွင် ပါ၀င်၍ အနာပတ္တိ၊ သို့သော် မီးမွှေးသောနေရာက ဓာတုပထဝီ (မြေသား) မဟုတ်မှ ပထဝီခဏနေ အပြစ်လွတ်မည်၊] ၄–မီးတောက်စေခြင်း, အားဖြင့် အင်္ဂါ ၄ ပါးတည်း။ [လူသာမကောတို့ မွှေးပြီးမီးကို လွှဲရာ၌ အာနာပတ္တိ။]

[ဆောင်] မကျန်းမာသူ–မဟုတ်မှုနှင့်[1], ခွင့်ပြုအပ်ကောင်း–အကြောင်းမကြိုး[2], မီးလွှဲလိုခြင်း[3], တောက်စေခြင်းဟု[4], ကြောင်းရင်းလေးရှိ, အင်္ဂါပြည့်, ဓောတိပါစိတ်သင့်။

၇။ နာနသိက္ခာပုဒ်။ ။ "သြရေနဒ္ဓမာသံ"အရ ၁၅ ရက်အတွင်း ဟူသည် ၁၅ ရက် မပြည့်ခင်တည်း၊ ၁၅ ရက်ပြည့်မှ တစ်ကြိမ်သာ ရေချိုးခွင့်

http://www.dhammadownload.com

ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတ္ထ-ထိုအညတြသမယာဟူသော ပါဠိ၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ သမယော-အခါတည်း၊ ဂိမှာနံ-နွေလတို့၏၊ သေသော-ကြွင်းကျန်သော၊ ဒိယမောမာသော-တစ်လခွဲလည်းကောင်း၊ ဝဿာနသ-မိုးဥတုတို့၏၊ ပဌမော-ရှေးဦးစွာသော၊ မာသော-တစ်လလည်းကောင်း၊ ဣတိ-ဤသို့၊ ဧတေအမုတေယျမာသာ-ဤ ၂ လခွဲ ဟူကုန်သော၊ ဥဏ္ဏ သမယော-ပူရာအခါလည်းကောင်း၊ အရိဋ္ဌာဟသမယော-အိုက်ရာအခါလည်းကောင်း၊ ဂိလာနသမယော-မကျန်းမာရာအခါလည်းကောင်း၊ ကမ္မသမယော-အလုပ်လုပ်ရာအခါလည်းကောင်း၊ အဒ္ဓါနဂမနသမယော-အဓွန့်ရှည်သော ခရီးကို သွားရာအခါလည်းကောင်း၊ ဝါတဝုဋ္ဌိသမယော-လေ မိုးကျရာအခါလည်းကောင်း၊ အယံ-ဆိုအပ်ပြီးကား၊ တတ္ထ-ထိုအညတြသမယာ ဟူသော ပါဠိ၌၊ သမယော-အခါတည်း။

* * * * *

ရသည်၊ ၁၅ ရက်မပြည့်ခင် ရေချိုးလျှင် ပါစိတ်၊ သိုရာတွင် ဥဏ္ဏသမယစသော သီးခြားခွင့်ပြုအပ်သော အခါများ၌ကား ၁၅ ရက် မပြည့်သော်လည်း ရေချိုးခွင့်ရ၏။ [ဤသိက္ခာပုဒ်သည် မဇ္ဈိမဒေသ အိန္ဒိယနယ်၌သာ ပညတ်အပ်သော ပဒေသပညတ် (တချို့အရပ်အတွက် ပညတ်အပ်သော သိက္ခာပုဒ်) တည်း၊ ထို့ကြောင့် မြန်မာနိုင်ငံစသော ပစ္စန္တ ရာစ်များ၌ အခါမရွေး ရေချိုးနိုင်သည်။]

ဒိယမောမာသော၊ ဃ၊ ပရိဋ္ဌာဟသမယော-နွေလတို့တွင် နောက်ဆုံး တစ်လခွဲဟူသည် (မြန်မာအခေါ်အားဖြင့်) နယုန်လဆန်းတစ်ရက်မှ ဝါဆိုလပြည့်အထိတည်း၊ ဤတစ်လခွဲသည် ဥဏ္ဏသမယ မည်၏၊ မိုးဥတု၏ ပထမတစ်လဟူသည် ဝါဆိုလပြည့်ကျော်တစ်ရက်မှ ဝါခေါင်လပြည့်အထိတည်း။ ဤတစ်လသည် ပရိဋ္ဌာဟသမယ မည်၏၊ သိက္ခာပုဒ်၌ "ဣဒ္ဓေတေ အမုတေယျမာသာကို ဥဏ္ဏသမယော ပရိဋ္ဌာဟသမယောတို့၏ ဝိသေသနပုဒ်" ဟုမှတ်။ [မိုးနှင့်လုံးလုံးဝေးနေသည့်အခါ ပူ၏, မိုးရွာခါနီး ချွေးတစိုစိုနှင့် နေသည့်အခါ အိုက်၏၊ ဤသို့ ဥဏ္ဏသမယနှင့် ပရိဋ္ဌာဟသမယတို့ မတူကြပုံကို သတိပြုပါ။]

ဂိလာနသမယ ဟူသည် ရေချိုးမှ ရောဂါသက်သာမည့်အခါတည်း၊ ကမ္မသမယ ဟူရာ၌ ကျောင်းဝင်းအတွင်း တံမြက်လှည်းမှုများလည်း ကမ္မအရတွင် ပါဝင်နိုင်သည်၊ အဒ္ဓါနဂမနသမယ ဟူသည် အနည်းဆုံး တစ်ယူဇနာဝက်ခရီး

http://www.dhammadownload.com

၈။ ဒုဗ္ဗဏ္ဏကရဏာ

နဝ စီဝရလာဘေန – အသစ်သက်နန်းကိုရသော၊ ဘိက္ခုနာ – ရဟန်းသည်၊ တိဏ္ဏံ – ၃ မျိုးကုန်သော၊ ဒုဗ္ဗဏ္ဏကရဏာနံ – ပျက်သောအဆင်းရှိအောင် ပြုတတ်သော ကပွဗိန္နု တို့တွင်၊ အညတရံ – တစ်မျိုးမျိုးသော၊ နီလံဝါ – စိမ်းညိုရောင်ရှိသည် မူလည်းဖြစ်သော၊ ကဒ္ဒမံဝါ – ရွံ့ညွန်ရောင် ရှိသည်မူလည်းဖြစ်သော၊ ကာဠသာမံဝါ – မဲညိုရောင် ရှိသည်မူလည်းဖြစ်သော၊ ဒုဗ္ဗဏ္ဏရဏ– ပျက်သောအဆင်းရှိအောင် ပြုတတ်သော ကပွဗိန္နုကို၊ အာဒါတဗ္ဗံ – ယူရာ၏၊ ဝါ – ယူရမည်၊ ဘိက္ခု – ရဟန်းသည်၊ တိဏ္ဏံ – ကုန်သော၊ ဒုဗ္ဗဏ္ဏ

* * * * *

သွားရာအခါတည်း၊ ထိုအခါ၌ သွားတုန်းလည်း ရေချိုးနိုင်–လိုရာအရပ်သို့ ရောက်လျှင်လည်း ချိုးနိုင်ပါသည်၊ ဝါတဝုဋ္ဌသမယ ဟူသည် မြူမှုန်နှင့်တကွ လေလာ၍ မိုးလည်းတဖျောက်ဖျောက်နှင့် ကိုယ်ပေါ်မှာ ကျရာအခါ တည်း၊ ထိုအခါ၌ ကိုယ်မှာ မြူမှုန်ကပ်နေသည့်အပြင် ကိုယ်ကို မိုးပေါက်မှန်ထားသဖြင့် ရေချိုးမှသာ စင်ကြယ်နိုင်မည်။ [၁–မဏ္ဍိမဒေသဖြစ်ခြင်း, ၂–၁၅ ရက်မပြည့်မီရေချိုးခြင်း, ၃–ခွင့်ပြုထားရာအခါ, မြစ်တစ်ဖက်သို့ သွားရာအခါ, ဘေးအန္တရာယ်ရှိရာအခါ မဟုတ်ခြင်းအားဖြင့် အင်္ဂါ ၃ ပါ:တည်း။]

[ဆောင်] တိုင်:မဏ္ဍိမ–ဒေသဖြစ်ခြား[1], ဆယ့်ငါ:ရက်လည်, မပြည့်မီချိုး[2], ခါမျိုးမကြွ[3], အင်သုံးစုံ, မှတ်တုံနှာနသင့်။

၈။ ဒုဗ္ဗဏ္ဏကရဏာ။ ။ ကပွဗိန္နု မထိုးရသေးလျှင် သာမဏေတို့ ဝတ်ပြီးဖြစ်၍ ဟောင်းနွမ်းနေသော်လည်း ဤသိက္ခာပုဒ်အရ နဝစီဝရပင်တည်း၊ ထိုသို့ သက်နန်းသစ်ရပြီးသောရဟန်းသည် နီလ–ကဒ္ဒမ–ကာဠသာမဟူသော ကပွဗိန္နု ၃ မျိုးတွင် တစ်မျိုးမျိုးထိုးပြီးမှ ဝတ်ရမည်၊ ကပွဗိန္နုမထိုးဘဲ ဝတ်လျှင် ပါစိတ်၊ [ပါဠိ၌ "အာဒါတဗ္ဗံ" အရ "ယူခြင်း" ဟူသည် ထိုးခြင်း ဗိန္ဒုပြောက်ကို ထင်စေခြင်းပင်တည်း၊ ဝိမတိ၌ "ရက်အနည်းငယ်မျှ ဌားဝတ်ရာ၌လည်း ဗိန္ဒုမထိုးရသေးလျှင် ထိုးပြီးမှ ဝတ်ရမည်" ဟု ဝဒန္တီဝါဒလာ၏၊ ထိုဝါဒအရ သာမဏေတို့ သင်းပိုင်းကို ခေတ္တယူ၍ ရေသနတ်လုပ်ရာ၌ပင် ကပွဗိန္နုထိုးကြသည်။]

http://www.dhammadownload.com

ကရဏာနံ–တို့တွင်၊ အညတရံ–သော၊ ဒုဗ္ဗဏ္ဏကရဏံ–ကို၊ အနာဒါ–မယူမူ၍၊ နဝံ–အသစ်ဖြစ်သော၊ စီဝရံ–ကို၊ စေပရိဘုဥ္ဇေယျ–အကယ်၍သုံးစွဲအုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

နဝံ ဟေ၊ စီဝရလာဘေန–ဤ၌ နဝနှင့် စီဝရလာဘေနသည်၊ ပန+ဘိက္ခုနော ၂ ပုဒ်ခြားသော်လည်း "နဝစီဝရလာဘ=အသစ်သက်နှံ:ကိုရသူ" ဟု အနက်စပ်လျက်ရှိသောကြောင့် "နဝစီဝရလာဘေန" သည် သမာသ်ပုဒ်တစ်ပုဒ်တည်းဖြစ်၏၊ နဝံ၌ နိဂ္ဂဟီတ်ကား ဝါစာသိလိဋ္ဌတည်း။

တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ–[ဒုဗ္ဗဏ္ဏ=ဒု+ဝဏ္ဏ=မကောင်းသောအဆင်းရှိသည်ကို+ကရဏ=ပြုတတ်သည်၊] သက်နှံ:၌ ဗိန္ဒုပြောက်ထိုးလိုက်သည့်အခါ ထိုအပြောက်အကွက်ကလေး သက်နှံ:မှာ ထင်သွားသဖြင့် သက်နှံ:၏ အဆင်:များ အနည်:ငယ် ပျက်သွားသည်၊ ထို့ကြောင့် ဗိန္ဒုပြောက်ကိုပင် ဒုဗ္ဗဏ္ဏကရဏ (အဆင်:ပျက်အောင်ပြုတတ်) ဟု ဆိုရသည်၊ ထိုဗိန္ဒုအတွက် သက်နှံ:တစ်ထည်လုံ:အဆင်:ပျက်သွားသည်ဟု မမှတ်ရ၊ ထိုဗိန္ဒုပြောက်သည် နီလ–ကဒ္ဒမ–ကာဠသာမအားဖြင့် ၃ မျိုးရှိ၏။

အချို့ကား–တိဏ္ဏံ့အရ နီလ စသော ၃ မျိုးကိုမယူဘဲ သက်နှံ:ထောင့်စွန်:၌ ၃ ပွင့်ဆိုင်ထိုးခြင်:ကိုယူ၍ သက်နှံ:ထောင့်စွန်:၌ ၃ ပွင့်ဆိုင် ဗိန္ဒုထိုးကြသည်၊ ထိုနည်:ကို အဋ္ဌကထာ၌ "မအပ်" ဟု ပယ်ထား၏၊ ထို့ကြောင့် (သက်နှံ:တစ်ထောင့်လျှင် တစ်ပြောက်ကျ) ၄ ထောင့်လုံ:ဖြစ်စေ ၂ ထောင့် ၃ ထောင့်မှာဖြစ်စေ တစ်ထောင့်မှာဖြစ်စေ တစ်ပြောက်စီသာ ထိုးရမည်။ [ကခ်ါ၌ "ထောင့်၌ထိုးရမည်ဟုမဆို, ဘယ်နေရာမဆို ထိုးနိုင်၏" ဟု ဆိုသည်။]

ဗိန္ဒုအဆင်:။ ။ ကပ္ပဗိန္ဒုထိုးရာ၌ နီလရောင်–ကဒ္ဒမရောင်–ကာဠသာမရောင် ၃ မျိုးတွင် တစ်မျိုးမျိုးထိုးနိုင်သည်၊ ထိုတွင် သားရေများကို အညိုရည်စိမ်ရာ၌ အသုံ:ပြုသော အညိုရောင်ကိုလည်:ကောင်:, စိမ်:စိညိုသော သစ်ရွက်၏ အရည်ရောင်ကိုလည်:ကောင်:, နီလရောင်ဟုခေါ်၏၊ ကဒ္ဒမရောင် (ရွှံ့ညွန်ရောင်)မှာ ယခုမျက်မြင် ရွှံ့ညွန်များ၏ အရောင်ပင်တည်:၊ သာမ သဒ္ဒါသည် အရွေ–အညိုအဆင်: ၂ မျိုးကိုပင် ဟောနိုင်သည်–ဟု သက္ကတ အဘိဓာန်ဆို၏၊ ဤ၌ ကာဠသဒ္ဒါနှင့် တွဲဖက် ပြသောကြောင့် မဲညိုအဆင်:ကို ဟောရမည်၊ ထိုအညိုဟူသည်လည်: နီလအညိုမျိုးမဟုတ်, မည်:နက်မဲညိုသော အညိုတည်:၊ ထို့ကြောင့် ယခုအခါ ကပ္ပဗိန္ဒုထိုးရာ၌ သစ်ရွက်စိမ်:ကို သက်နှံ:ပေါ်တင်၍

http://www.dhammadownload.com

တုတ်ချောင်းကလေးဖြင့် သစ်ရွက်ရည်များထွက်အောင် ခြစ်ကြ၏၊ ထိုသို့ ထိုးလျှင် နီလရောင်ဖြစ်၏၊ ခဲတံဖြင့်ခြစ်၍ ထိုးလျှင် ကဒ္ဒမရောင်ဖြစ်၏၊ မင်နက်ဖြင့်ထိုးလျှင် ကာဠသာမရောင်ဖြစ်သည်။

ဓိန္နပမာဏ။ ။ ကပ္ပဒိန္နု၏ အရွယ်ပမာဏမှာ ဥဒေါင်းမျက်လုံးလောက်ဖြစ်စေ ကြမ်းပိုး၏ ကျောက်ကုန်းလောက်ဖြစ်စေ ရှိစေရမည်၊ ထိုကပ္ပဒိန္နု၏ အလယ်၌ သုညဝိုင်းကဲ့သို့ ကွက်လပ်လည်းမရှိစေရ၊ ပြည့်ပြည့်ဝန်းဝန်း ရှိစေရမည်၊ အချုပ်မှာ-သင်္ကန်း၏ ၄ ထောင့်၌ဖြစ်စေ ၃-၂-၁ ထောင့်၌ဖြစ်စေ (အစွန်းလည်း သိပ်မကျစေဘဲ) ကြမ်းပိုးကျောက်ကုန်း ဥဒေါင်းမျက်လုံး သဏ္ဌာန်ရှိသော ဓိန္နုကို တစ်ထောင့်လျှင် တစ်ပြောက်သာထိုးရမည်၊ တစ်ထောင့်လျှင် ၂ ပြောက် ၃ ပြောက်စသည် စဉ်တန်း၍ဖြစ်စေ, ၃ ပွင့်ဆိုင်စသည်ဖြစ်စေ, မထိုးရ-ဟုမှတ်၊ တစ်ကြိမ်ထိုးပြီးဖြစ်လျှင် (ခဝါပေး၍; သို့မဟုတ် နောက်ထပ်ဖာထေးရ၍ ဓိန္နုပျက်စေကာမူ) ထပ်၍ ထိုးပွယ်မလိုတော့ပြီ။

ကပ္ပဒိန္နုထိုးရကျိုး။ ။ ကပ္ပဒိန္နုထိုးရာ၌ "ဒုဗ္ဗဏ္ဏကရဏ" ပုဒ်ကို တောက်၍ တချို့က "သင်္ကန်းအဆင်း ပျက်စေခြင်းငှာ ကပ္ပဒိန္နုထိုးရသည်" ဟုဆိုကြ၏၊ တချို့က "သင်္ကန်းကို မှတ်မိအောင် ကပ္ပဒိန္နုထိုးရသည်" ဟုဆိုကြ၏၊ ထိုတွင် သင်္ကန်းထောင့်၌ တစ်ပြောက်မျှထိုးရုံဖြင့် အဆင်းများ စွာမပျက်၊ ရဟန်းတိုင်း၏ သင်္ကန်းတိုင်းမှာ ထိုအပြောက်မျိုးပါနေသောကြောင့် မှတ်မိပွယ်လည်း မရှိရကား ထို ၂ ဝါဒလုံး အခြေအမြစ် မရှိကြချေ၊ ဘုရားလက်ထက်တော်၌ တိတ္ထိများနှင့် ရဟန်းများ ခရီးအတူသွားစဉ် ဓားပြတို့က အဝတ်တို့ကို လုယူပြီးနောက် မင်းမှူထမ်းတို့ဖမ်း၍ ပြန်ရသည့် အခါ တိတ္ထိအဝတ်နှင့် မိမိတို့ သင်္ကန်းကို ရဟန်းများ မခွဲခြားနိုင်သောကြောင့် တိတ္ထိတို့အဝတ်နှင့် ခွဲခြားခြင်းအကျိုးငှာ ရဟန်းများ၏ သင်္ကန်းကို ကပ္ပဒိန္နု ခေါ် အပြောက်တစ်မျိုးပြုခဲ့ မှတ်သားထားစေတော်မူခြင်းဖြစ်သည်။

အဂ်ါ ၃ ပါး။ ။ ၁-ဝတ်ရုံလောက်သောသင်္ကန်း၏ ကပ္ပဒိန္နု မထိုးရသေးခြင်း, ၂-ပျောက်သောသင်္ကန်းရှိသူ စသည်မဟုတ်ခြင်း, (သင်္ကန်းကို နိုးသူစသည် လုယူထားသည့်အခါ ကပ္ပဒိန္နုမထိုးရသေးသော သင်္ကန်းကိုပင် ဝတ်ကောင်းသည်၊) ၃-သင်းပိုင်ကိုယ်ရုံတစ်ခုခုဖြစ်ခြင်း, အဂ်ါ ၃ ပါးတည်း။

[ဆောင်] ဝတ်ရုံလောက်စွ-စီဝရ၏-ကပ္ပဒိန္နု-မပြုရလျှင်း°, သင်္ကန်းပျောက်
လတ်-မဟုတ်တတ်ဘဲ², ခါးဝတ်ကိုယ်ရုံ³, အင်သုံးစုံ, သင့်တုံ့ဒုဗ္ဗဏ္ဏ။

http://www.dhammadownload.com

ဇ။ ဝိကပ္ပနာ

ယောပန ဘိက္ခု-သည်၊ ဘိက္ခုဿဝါ-ရဟန်းအား သော်လည်းကောင်း၊ ဘိက္ခုနိယာဝါ - ရဟန်းမအား သော်လည်းကောင်း၊ သိက္ခမာနာယဝါ-သိက္ခမာန်အားသော်လည်းကောင်း၊ သာမဏေရဿဝါ-သာမဏေအားသော်လည်းကောင်း၊ သာမဏေရိယာဝါ-သာမဏေမအားသော်လည်းကောင်း၊ သာမံ-ကိုယ်တိုင်၊ စီဝရံ-သင်္ကန်းကို၊ ဝိကပ္ပေတွာ-ဝိကပ္ပနာပြုပြီး၍၊ အပစ္စုဒ္ဓရဏံ-ပစ္စုဒ္ဓါရ်မပြုအပ်သေးသော သင်္ကန်းကို၊ ဝါ-ဝိကပ္ပနာ မပြုန်အပ်သေးသော သင်္ကန်းကို၊ ပရိဘုဉ္ဇေယျ-သုံးစွဲအုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

ဇ။ ဝိကပ္ပနာ။ ။ ဘိက္ခုစသော သီတင်းသုံးဖော် ၅ ယောက်တွင် တစ်ယောက်ယောက်အား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီးနောက် ပစ္စုဒ္ဓါရ်မပြုအပ်သေးသော ထိုသင်္ကန်းကို ဝတ်ရုံသုံးစွဲလျှင် ပါစိတ်။

ဝိကပ္ပနာ၏ အဓိပ္ပာယ်နှင့် အကျိုးရ။ ။ [ဝိ=မိမိဥစ္စာအဖြစ်မှ ကင်းအောင်+ကပ္ပန=ပြုခြင်း။] မိမိသင်္ကန်း (မိမိသပိတ်) ဟု အမှတ်မထားတော့ဘဲ သီတင်းသုံးဖော် တစ်ပါးပါးအား ပေးလိုက်သောအခါ ကိုယ့်ဥစ္စာအမှတ်မှ ကင်းသွားတော့သဖြင့် သီတင်းသုံးဖော်အား ပေးခြင်းကိုပင် ဝိကပ္ပနာပြုခြင်းဟု ခေါ်၏။ ထိုသို့ ဝိကပ္ပနာပြုပြီးသောအခါ မိမိဥစ္စာမဟုတ်တော့ရကား ၁၀ ရက်လွန်သော်လည်း နိဿဂ္ဂိမ်ထိုက်တော့။

ဝိကပ္ပနာ ၂ မျိုး။ ။ သမ္မုခဝိကပ္ပနာ ပရံမုခဝိကပ္ပနာဟု ဝိကပ္ပနာ ၂ မျိုးရှိ၏၊ ထိုတွင် "သံမုခေန-မိမိနှုတ်ဖြင့်+ဝိကပ္ပနာ-ဝိကပ္ပနာပြုခြင်းသည်၊ သမ္မုခဝိကပ္ပနာ-မည်၏" ဟူသော ဋီကာနှင့်အညီ, သင်္ကန်းရှင်ကိုယ်တိုင် မိမိနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းသည် သမ္မုခဝိကပ္ပနာမည်၏၊ ဝိနည်းဝိုရ်တစ်ပါးပါး ထံအပ်နှံ၍ သူတစ်ပါးဟု ဆိုရသော ထိုဝိနည်းဝိုရ်၏ နှုတ်ဖြင့် ဝိကပ္ပနာ ပြုခြင်းသည် ပရံမုခဝိကပ္ပနာမည်၏။

သမ္မုခဝိကပ္ပနာ ၂ မျိုး။ ။ သံမုခဝိပ္ပနာလည်း မိမိပေးလိုရာ သီတင်းသုံးဖော်က အနီးအပါးမှာရှိစဉ် ဝိကပ္ပနာပြုပုံတစ်မျိုး, မိမိပေးလိုရာ သီတင်းသုံးဖော်က အဝေးမှာရှိစဉ် ဝိကပ္ပနာပြုပုံ တစ်မျိုးအားဖြင့် ၂ မျိုး ရှိ၏။ [ပရံမုခ ဝိကပ္ပနာမှာ တစ်မျိုးတည်းသာရှိသည်။]

အနီးရှိသူအား သမ္မုခဝိကပ္ပနာပြုပုံ။ ။ သင်္ကန်းရှင်က ဦးတိဿ အား ပေးလိုလျှင် ဦးတိဿထံ ချဉ်းကပ်၍ သင်္ကန်းတစ်ထည်ကို ကိုင်၍ဖြစ်စေ

http://www.dhammadownload.com

အနီးဌ်ချ၍ဖြစ်စေ "ဣမံ စိတ္တံ တုယ္ဟံ ဝိကပ္ပေမိ" ဟုဆိုပါ၊ သင်္ကန်းများနေလျှင် "ဣမာနိ စိတ္တာနိ တုယ္ဟံ ဝိကပ္ပေမိ" ဟုဆို၊ သင်္ကန်းက အနီးမှာ မရှိလျှင် အဝေးရှိရာကို ပြောပြ၍ (မန္တ လေးနေခိုက် စစ်ကိုင်းမှာရှိလျှင် စစ်ကိုင်း မည်သည့်နေရာမှာ မည်သည့်သင်္ကန်းရှိပါသည်–ဟုပြောပြ၍) "ဣမံ" နေရာဝယ် "တံ"–ဣမာနိ နေရာဝယ် "တာနိ"ဟု ပြောင်းလွှဲ၍ဆို။ [ဣမံ စိတ္တံ–ဤသင်္ကန်းကို၊ တုယ္ဟံ–သင့်အား (အရှင့်အား)၊ [ဝိကပ္ပေမိ–ဝိကပ္ပနာပြုပါ၏။]

ပစ္စုဒ္ဓါရ်ပြုပုံ။ ။ ပြခဲ့သောနည်းဖြင့် ဝိကပ္ပနာပြုပြီးသည့်အခါ ထိုသင်္ကန်းကို မိမိနေရာ၌ ပြန်ယူသိမ်းထားရုံကား သိမ်းထားခွင့်ရ၏, နိသဂ္ဂိ မထိုက်၊ သို့သော် မိမိက ဦးတိဿအား ပေးထား၍ ဦးတိဿ၏ ပစ္စည်းဖြစ်သောကြောင့် မိမိကိုယ်တိုင်ဝတ်ရုံခြင်း တစ်ဆင့်ပေးလျှောခြင်း စသည်ကိုကား ပြုပိုင်ခွင့်မရှိသေးချေ၊ အကယ်၍ သုံးစွဲလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်၊ ထို့ကြောင့် ဦးတိဿက ဝိကပ္ပနာပြုအပ်သော သင်္ကန်းကို "မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ" ဟု ပစ္စုဒ္ဓါရ်ပြုရဦးမည်၊ [မယှံ–ငါ၏၊ (တပည့်တော်၏၊) သန္တတံ–ဥစ္စာကို၊ (ဥစ္စာဖြစ်သောသင်္ကန်းကို) ပရိဘုဉ္ဇဝါ–သုံးစွဲလိုမူလည်း သုံးစွဲပါ၊ ဝိသဇ္ဇေဟိဝါ–စွန့်လိုမူလည်းစွန့်ပါ၊ ယထာပစ္စယံ–အကြောင်းအားလျော်စွာ၊ ကရောဟိ–ပြုပါ။] သင်္ကန်းများလျှင် "မယှံ သန္တကာနိ" ဟုဆိုရမည်၊ ဤသို့ ပစ္စုဒ္ဓါရ်ပြုပြီးသည့်အခါ ထိုသင်္ကန်းကို မူလသင်္ကန်းရှင်က အလိုရှိသလို ပြုနိုင်ပြီ။

ဆက်ဦးဆုံ။ ။ ဤ ပစ္စုဒ္ဓါရ်ပြုခြင်းသည် ပထမကထိနသိက္ခာပုဒ်၌ ပြခဲ့သော ရုပ်သိမ်းခြင်းမျိုးမဟုတ်, အလိုရှိသလို သုံးစွဲနိုင်ရန် ခွင့်ပြုခြင်းတည်း၊ ထိုသို့ ပစ္စုဒ္ဓါရ်ပြုသင့်လျက် မပြုလျှင် ဝိနည်းဝိုရ်မှာ ဒုက္ကဋ်ဟု ပထမ ကထိနသိက္ခာပုဒ်၌ဆိုခဲ့ပြီ၊ "ယထာပစ္စယံဝါ" ဟု တချို့စာ၌ ဝါသဒ္ဒါပါ၏၊ ထိုဝါသဒ္ဒါလိုမည်မထင်၊ ဘာ့ကြောင့်နည်း ..... "ယထာပစ္စယံ ကရောဟိ" သည် "ထိုသင်္ကန်းနှင့်စပ်၍ ပြုခွင့်ရှိသမျှကိုပြုတော့" ဟု အကျဉ်းချုပ်ဆိုသော စကားဖြစ်၍ ထိုစကားတွင် ပရိဘုဉ္ဇန ဝိသဇ္ဇနတို့လည်း ပါဝင်ခွင့်ရှိသောကြောင့်တည်း၊ ဤ "ယထာပစ္စယံ ကရောဟိ" အရ တိစီဝရိက် အမ်ဘာန်တင်၍ သုံးစွဲလိုလျှင်လည်း ဝိကပ္ပနာပြုပြီးသင်္ကန်းကို တိစီဝရိက် အမ်ဘာန်တင်၍ သုံးစွဲနိုင်၏–ဟုမှတ်၊ ဤပစ္စုဒ္ဓါရ်ပြုခြင်းကို "ဝိကပ္ပနာပြန်ခြင်း" ဟု ခေါ်ကြသည်။

အဝေးရေသူအား သမ္ပုစ ဝိကပ္ပနာပြုပုံ။ ။ မိမိပေးလိုရာ ပုဂ္ဂိုလ်က အဝေး (အခြားကျောင်းတိုက်) ၌နေလျှင် ဝိနည်းဝိုရ် တစ်ပါးပါးထံသွား၍

http://www.dhammadownload.com

၁၀။ စီဝရာ ပနိစာန ယော ပန ဘိက္ခု-သည်၊ ဘိက္ခုဿ-ရဟန်း၏၊ ပတ္တဝါ - သပိတ်ကိုသော်လည်းကောင်း၊ **စီဝရံဝါ**-သင်္ကန်းကိုသော်လည်းကောင်း၊ နိသီဒနံဝါ-နိသီဒိုန်ကိုသော်လည်းကောင်း၊ သူစိဃရံဝါ- အပ်ဘူးကိုသော်လည်းကောင်း၊ ကာယ ဗန္ဓနံဝါ-ခါးပန်းကြိုးကို သော်လည်းကောင်း၊ အန္တ မသော-

* * * * *

မိမိပေးလိုရာ ပုဂ္ဂိုလ်၏နာမည်ကို လျှောက်ပြီးနောက် (ဥပမာ-မည်သည့် အရပ်၌နေသူ ဦးတိဿအား ပေးလိုပါသည်-ဟု လျှောက်ပြီးနောက်) "ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒိကပေမိ"ဟုဆို၍ ဒိကပွနာပြုရမည်၊ ထို့နောက် ဝိနည်းခိုရ်ကပင်-"တိဿဿ သန္တကံ ပရိဘုဥ္ဇဝါ ဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ" ဟု ပစ္စုဒ္ဓါရ်ပြုပေးရမည်။

ပရိမုခ ဒိကပွနာပြုပုံ။ ။ မိမိကိုယ်တိုင် ဒိကပွနာပြုနည်းကို နားမလည်-နားလည်သော်လည်း ပါးစပ်နာနေခြင်းစသော အကြောင်းတစ်ခုခုကြောင့် ဝိနည်းခိုရ်တစ်ပါးပါးထံ "ဣမံစီဝရံ တုယ္ဟံ ဒိကပွနတ္တာယဒမ္မိ"ဟု ပုါ်ဦလိုဖြစ်စေ "ဤသင်္ကန်းကို ဒိကပွနာပြုရန် အရှင်အား ပေးပါ၏" ဟု မြန်မာလိုဖြစ်စေ ဒိကပွနာပြုဖို့ရန် ပေးရမည်၊ ထိုအခါ ဝိနည်းခိုရ်က-"ကိုယ်တော်ပေးလိုရာ သိတင်းသုံးဖော်ကို ညွှန်ပြပါ"ဟုဆိုလျှင် "မည်သည့် ကျောင်းနေ ဦးတိဿတဲ့" စသည်ဖြင့် ညွှန်ပြရမည်၊ ထိုအခါ ဝိနည်းခိုရ်က "အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ" ဟု ဆို၍ ဒိကပွနာပြုရမည်၊ ထို့နောက် ဝိနည်းခိုရ်ကပင် "တိဿဿသန္တကံ ပရိဘုဥ္ဇ ဝါဝိသဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ"ဟုဆို၍ ပစ္စုဒ္ဓါရ်ပြုပေးရဦးမည်၊ ဘိက္ခုနီစသည်အား ပေးလိုလျှင်လည်း "တိဿာယ ဘိက္ခုနိယာ, တိဿဿ သာမဏေရဿ" စသည်ဖြင့် အလိုရှိရာ သိတင်းသုံးဖော်၏ နာမည်ကို ထည့်၍ဆို။

အဂ်ါ ၃ ပါး။ ။ ၁-ကိုယ်တိုင် ဒိကပွနာ ပြုအပ်သော သင်္ကန်း၏ ပစ္စုဒ္ဓါရ် မပြုရသေးခြင်း, ၂-ဒိကပွနာလောက်သော သင်္ကန်းဖြစ်ခြင်း, ၃-သုံးစွဲခြင်းအားဖြင့် **အဂ်ါ ၃** ပါးတည်း၊ [ဝိနည်းခိုရ်က ပစ္စုဒ္ဓါရ်မပြုရသေးခင် သုံးစွဲလိုလျှင် ထိုဝိနည်းခိုရ်၏ ဥစ္စာကိုပင် ဝိဿာသဂ္ဂါဟအဖြစ်ဖြင့် ယူ၍သုံးစွဲ လျှင်လည်း အနာပတ္တိ။]

[ဏေ] ကိုယ်တိုင်ဝိကပ်-ပြုအပ်ပြီးကို-ပစ္စုဒ္ဓါရ်မှ-မပြုရဘိ[1], ဒိကပွနာ-လောက်စွာသင်္ကန်း-, တင်လွှမ်းဝတ်ရုံ[2], အင်သုံးစုံ, သင့်တုံ့ဝိကပွန။

http://www.dhammadownload.com

အောက်ထစ်ဆုံးအားဖြင့်၊ ဟသာပေက္ခော–ရယ်ရွင်ခြင်းကို ငဲ့သည်၊ (ဟုတ္တာပိ–၍လည်း၊) အပနိဓေယျဝါ–ကိုယ်တိုင်မူလည်း ဝှက်ထားအုံ့၊ အပနိဓာယေယျဝါ–သူတစ်ပါးကိုမူလည်း ဝှက်ထားစေအုံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [ဆဋ္ဌော–သော၊ သုရာပါနဝဂ္ဂေါ–တည်း။]

* * * * *

၁၀။ စီဝရပနိဓာန။ ။ ရဟန်း၏ သပိတ် သင်္ကန်းစသည်ကို ဝှက်ထားလျှင်လည်းကောင်း–သူတစ်ပါးကို အဝှက်ခိုင်းလျှင်လည်းကောင်း, အယုတ်သဖြင့် ဥစ္စာရှင်ဖြစ်သူမှာ ဟိုရှာသည်ရှာဖြင့် ပြုံးတူးပျာတာ ဖြစ်နေသည်ကိုကြည့်ကာ ရယ်ရွင်လိုသောကြောင့်ဖြစ်စေ ကိုယ်တိုင်ဝှက်ထားလျှင် သို့မဟုတ် အဝှက်ခိုင်းလျှင် ပါစိတ်၊ ရယ်ရွင်လို၍ မဟုတ်ဘဲသက်သက် ညှဉ်းဆဲလို၍ ဝှက်ထားလျှင်ကား ပါစိတ်သင့်ကြောင်းမှာ ဆိုဖွယ်ရာမရှိပြီ။

သပိတ်သင်္ကန်းဟူရာ၌ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်သင်္ကန်းတည်း၊ နိသီဒိန်မှာ နောက်၌ ထင်ရှားလတ္တံ့၊ သူစိယရ၌ "သူစိ–အပ်၏+ယရ–အိမ်"အရ အပ်ထည့်ရာ အိမ်ဟူသည့် အပ်ဘူးတည်း၊ ဤအပ်ဘူးကိုပင် ကျည်တောက်နှင့်လည်း တူသောကြောင့် "အပ်ကျည်" ဟုလည်းခေါ်လေ့ရှိသည်၊ ကာယဗန္ဓနကား ယခုမျက်မြင် ခါးပန်းအပြားနှင့် ဝက်အူကဲ့သို့ အထဲ၌ အခေါင်းပါအောင် ရက်ထားသော ခါးပန်းလုံးတည်း၊ ဤပြခဲ့သော ပတ္တစသည်မှတစ်ပါး အခြားသော သပိတ်အိတ်စသည်ကို ဝှက်လျှင်လည်းကောင်း, လူသာမဏေ၏ ပစ္စည်းဟူသမျှကို ဝှက်လျှင်လည်းကောင်း ဒုက္ကဋ်၊ မတော်မလျော် ပစ်ထားသည်ကို သိမ်းထားလျှင်လည်းကောင်း–မတော်မလျော်ထားသူကို ဆုံးမလို၍ ခေတ္တ ဝှက်ထားလျှင်လည်းကောင်း အနာပတ္တိ။

အဂါ ၂ ပါး။ ။ ၁–ရဟန်း၏ဥစ္စာဖြစ်သော သပိတ်စသည် ၅ မျိုးကို ဝှက်ထားခြင်း, ၂–ညှဉ်းဆဲလို, သို့မဟုတ် ရယ်ရွင်လိုခြင်းအားဖြင့် ၂ ပါးတည်း။ [ညှဉ်းဆဲလိုမှုနှင့် ရယ်ရွင်လိုမှု ၂ ပါးတွင် ညှဉ်းဆဲလိုမှုက သာ၍နာဖွယ်ကောင်းခြင်း–ရယ်ရွင်လိုမှုက သက်သာသေးခြင်းကြောင့် ရယ်ရွင်လိုမှုကို "အန္တိမသော–အောက်ထစ်ဆုံး ရည်ရွယ်ချက်" ဟု မိန့်တော်မူသည်။]

[ဆောင်] ဘိက္ခုသန္တိက–သပိတ်စသား–မျိုးငါးပါးကို–ဝှက်ထားဘိလျှင်:^{2}, ညှဉ်းဆဲခြင်းလို–ရယ်ရွင်လိုဟု^{2}, ကြောင်းထိုနှစ်လီ, အဂ်ါညီ, သင့်ပြီစီဝရ–ပနိဓာန။

---

http://www.dhammadownload.com

သပါဏကဝဂ်

၁။ သဠေစ္စပါဏ ယော ပန ဘိက္ခု-သည်၊ သဠေစ္စ-သတ္တဝါဟုသိသော သညာနှင့်တကွစေ့ဆော်၍၊ ပါဏံ-တိရစ္ဆာန်သတ္တဝါကို၊ ဇီဝိတာ-ဇီဝိတင်္ဆေမှ၊ ဝေါရောပေယျ-ခွဲအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၂။ သပါဏက ယော ပန ဘိက္ခု-သည်၊ ဇာနံ-ပိုးကောင်ရှိသောရေဟု သိလျက်၊ သပါဏကံ-ပိုးကောင်နှင့်တကွဖြစ်သော၊ ဝါ-ပိုးကောင်ရှိသော၊ ဥဒကံ-ရေကို၊ ပရိဘုဉ္ဇေယျ-သုံးစွဲအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * *

၁။ သဠေစ္စပါဏ။ ။ တတိယပါရာဇိကဋ္ဌ လူကို သတ်ခြင်းကြောင့် ပါရာဇိကအာပတ် ပညတ်တော်မူခဲ့ပြီ၊ ထိုကြောင့် ဤသိက္ခာပုဒ်ဋ္ဌ ပါဏအရ တိရစ္ဆာန်သတ္တဝါကိုသာ ယူရတော့သည်၊ တိရစ္ဆာန်ကိုသတ်လျှင် ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ, ပါစိတ်အာပတ်ချည်းသာ၊ သို့ရာတွင် ကြီးသော တိရစ္ဆာန်ကိုသတ်ရာဋ္ဌ လုံ့လပယောဂများစွာ စိုက်ရသောကြောင့် အဘိဓမ္မာ နည်းအရ အကုသိုလ်အပြစ်ကား အငယ်ကိုသတ်ခြင်းထက် ကြီးမားမှုပြား လေသည်။ [သဠေစ္စဝေါရောပေယျတို့၏ အဓိပ္ပာယ်ကို တတိယပါရာဇိကဋ္ဌ ပြခဲ့ပြီ၊ အဂါလည်း ပါရာဇိကဋ္ဌကဲ့သို့ ၅ ပါးပင်၊ သို့ရာတွင် "လူဇာတ်ရှိခြင်း" ဟူသော ပထမအင်္ဂါဋ္ဌ "တိရစ္ဆာန်ဖြစ်ခြင်း" ဟု လဲလှယ်သွင်းပြရမည်။]

၂။ သပါဏက။ ။ [အရာဝတ္ထု ၂ မျိုးကွဲရာဋ္ဌ (သဟယောဂ+သဟယော ဂဝန္တ ၂ မျိုးခွဲ၍ရာဋ္ဌ) သ၏အနက်ကို "တကွ" ဟုပေးရ၏၊ အရာဝတ္ထု တစ်ခုတည်းရှိရာဋ္ဌ သ၏အနက်ကို "ရှိ၏" ဟုပေးရမည်၊ ဥပမာ-"သဝိ တက္ကာ-ဝိတက်နှင့်တကွဖြစ်သောတရားတို့၊ သလောမကော-အမွှေးရှိသော ၄ က်" ဟူသည်တည်း၊ ဤသပါဏကဋ္ဌလည်း ရေနှင့်ပါဏ ၂ မျိုးပြားသော ကြောင့် သ၏အတွက် "တကွ" ဟူသော အနက်သာမှန်သည်၊ သို့သော် အများသုံးလိုက်၍ "သပါဏက-ပိုးကောင်ရှိသော" ဟု တစ်နည်းပေးသည်။]

ပါဏရှင်းထူးပုံ။ ။ ပရိဘုဉ္ဇေယျအရ-သုံးစွဲခြင်းဟူသည် "သောက်ခြင်း" တစ်မျိုးသာမက, သောက်ခြင်း-ဆေးခြင်း-မီးငြိမ်းခြင်း-ရေချိုးခြင်းစသော

http://www.dhammadownload.com

ယောပန ဘိက္ခု-သည်၊ ဇာနံ-တရားသဖြင့် ငြိမ်းစေ
၃။ ဥဏ္ဍောဒနံ အပ်ပြီးသော အဓိကရဏ်းဟုသိလျက်၊ ယထာမေ့ံ-
တရားနည်းလမ်းအတိုင်း၊ နိဟတာဓိကရဏ်-နှိပ်နင်းအပ်ပြီးသော အဓိက
ရဏ်းကို၊ ဝါ-ငြိမ်းအပ်ပြီးသောအဓိကရဏ်းကို၊ ပုနကမ္မာယ-ထပ်မံ၍ကပ်ပြုဖို့ရာ၊
ဥဏ္ဍောဒေယျ-လျှပ်ရှားစေအံ့၊ ဝါ-လှုံ့ဆော်ပေးအံ့၊ တဿ ဘိက္ခုနော
ပါစိတ္တိယံ ဟောတိ။

* * * * *

အားလုံးကိုယူပါ၊ ထိုသောက်ခြင်းစသည်ကိုပြုလိုက်လျှင် သေလောက်သော
ပိုးကောင်ငယ်များကို သပါဏကပုဒ်၌ ပါဏအရ ယူရမည်၊ ရှေ့သိက္ခာပုဒ်၌
ပါဏအရ တိရစ္ဆာန်ဟူသမျှကို ယူရခြင်း, ဤ၌ သေးငယ်သော (ရေကိုသုံးစွဲ
ခြင်းကြောင့် သေလောက်သော) ပိုးကောင်ကိုသာ ယူရခြင်းသည် ပါဏ ၂
မျိုးအထူးတည်း၊ ပိုးကောင်ရှိမှန်းသိလျက် ပိုးကောင်ရှိသောရေကို သောက်ခြင်း
စသည်ပြုလျှင် ပါစိတ်အာပတ်၊ ကြွင်းသောအင်္ဂါစသည် မှတ်ဖွယ်များကို
ဘူတဂါမဝဂ် သပါဏက (တစ်နည်း-သိဋ္ဌနဟုခေါ်သော) ၁၀ နံပါတ်သိက္ခာ
ပုဒ်ကို နည်းမှီ၍သိလေ။

၃။ ဥဏ္ဍောဒနံ။ ။ စူဠဝါ သမထက္ခန္ဓက ပါဠိတော်၌ အဓိကရဏ်း
ငြိမ်းကြောင်း တရားနည်းလမ်းများကို ဘုရားရှင်ပြထားတော်မူ၏၊ ထိုတရား
နည်းလမ်းအတိုင်း ဝိနည်းမိရ်ပုဂ္ဂိုလ်တို့ ငြိမ်းစေအပ်သော အဓိကရဏ်းကို
(တရားနည်းလမ်းအတိုင်း ငြိမ်းစေအပ်ပြီးမှန်း) သိလျက် နောက်ထပ် ကပ်ပြု
ဖို့ရာ "အဓိကရဏ်း မငြိမ်းသေးဘူး, မကြာမီက ငြိမ်းစေတယ်ဆိုသော်လည်း
မတရားငြိမ်းစေခြင်းဖြစ်သည်, အဓိကရဏ်းငြိမ်းအောင် နောက်ထပ်ကပ်ပြုသင့်
သည်" ဟု ထိုထိုရဟန်းအထံသွား၍ လှုံ့ဆော်ပေးလျှင် ပါစိတ်။

အင်္ဂါ ၃ ပါး။ ။ ၁-တရားနည်းလမ်းအတိုင်း ငြိမ်းစေအပ်ပြီးဖြစ်ခြင်း,
၂-ထိုကဲ့သို့ ငြိမ်းစေပြီးမှန်းသိခြင်း, ၃-လှုံ့ဆော်ပေးခြင်းအားဖြင့် အင်္ဂါ ၃
ပါးတည်း။ [နိဟတာဓိကရဏ်၌ "နိဟတ" ပုဒ်ကို "ငြိမ်းစေအပ်ပြီး" ဟု
ပေးရာ၌ သဒ္ဒါနက်မဟုတ်, အဓိပ္ပာယ်နက်သာ၊ ဤ၌ "နိဟတော-တွမသိ
အန္တိက" ဟူသော ပါဠိတော်ကိုထောက်၍ "နှိပ်နင်းအပ်ပြီးသော" ဟု
သဒ္ဒါနက်ပေးလိုက်သည်၊ ဥဏ္ဍောဒေယျကို "ဥစ္စာလေယျ" ဟုဖွင့်၏၊
ဥစ္စာလေယျအရ "လှုပ်ရှားစေခြင်း" ဟူသည် ငြိမ်းစေအပ်ပြီးသည့်အတိုင်း

http://www.dhammadownload.com

၄။ ဒုဋ္ဌုလ္ လ ယောပန ဘိက္ခု-သည်၊ ဧကန်-ဒုဋ္ဌုလ္လအာပတ်ဟုသိ
လျက်၊ ဘိက္ခုဿ-ရဟန်း၏၊ ဒုဋ္ဌုလ္လံ-ရှန့်ရင်းသော၊
အာပတ္တိ-အာပတ်ကို၊ ပဋိဗ္ဗာဒေယျ-ဖုံးထားအုံ့၊ တဿဘိက္ခုနော ပါစိတ္တိယံ
ဟောတိ။

* * * * *

တည်တည်တုံ့တုံ့ ငြိမ်ငြိမ်သက်သက် မရှိစေဘဲ ထိုအဓိကရဏ်းနှင့် ဆိုင်ရာ
ပုဂ္ဂိုလ်တို့ လူပ်လူပ်ရွရွ ဖြစ်လာစေခြင်းတည်း၊ ဤကဲ့သို့ လူပ်ရှားစေခြင်းကို
ယခုကာလ၌ "လှုံ့ဆော်ပေးခြင်း" ဟုခေါ်သည်။

[ဆောင်] တရားနည်းလမ်း-ဖြောင့်တန်းမသွေ-ငြိမ်းစေအပ်ဘိ[1]၊ ထိုသို့သိ
လျှင်-၊ လှုံ့ဆော်ခြင်း[2]ဟု၊ ကြောင်းရင်းသဘော၊ ၃ ပါးနှော၊
ဥက္ကောဌနသင့်။

၄။ ဒုဋ္ဌုလ္ လ။ ။ ဤသိက္ခာပုဒ်၌ ဒုဋ္ဌုလ္လအရ သံဃာဒိသေသ်အာပတ်ကို
ယူ၊ ဦးတိဿ၌ ဒုဋ္ဌုလ္လအာပတ် သင့်နေကြောင်းကို ဦးဒတ္တက သိပါလျက်
ဦးတိဿကို အရှက်တကွဲ အကျိုးနည်းမည်စိုး၍ အခြားရဟန်းတို့အား
မပြောဘဲ ဖုံးထားလျှင် ဦးဒတ္တ၌ ပါစိတ်အာပတ်သင့်၏။

ဤသို့ဖုံးထားရာ၌ "မပြောတော့ဘူး" ဟု ကြိုစည်ဆုံးဖြတ်လိုက်လျှင်ပင်
အာပတ်သင့်ပြီ၊ ထိုသို့ဆုံးဖြတ်ပြီးမှ ပြောသော်လည်း အာပတ်မှမလွတ်၊
ပထမအာပတ်သင့်သော ရဟန်းက ဒုတိယရဟန်းကို ဒေသနာပြော ပြော၍,
ဒုတိယသိသောရဟန်းက ဖုံးထားလျှင်လည်း ဒုတိယရဟန်းမှာ အာပတ်သင့်
ပြန်၏၊ ဤနည်းအတိုင်း ဖုံးထားသော ရဟန်းတို့မှာ အာပတ်သင့်နိုင်သည်။

ဒုတိယရဟန်းက တတိယအား ပြောသော်လည်း "ကိုယ်တော်သာသိပါ
စေ, သူများကိုမပြောလိုက်ပါနှင့်" ဟု ဖုံးပြော ပြောလျှင် ဒုတိယရဟန်းမှာ
အာပတ်မလွတ်၊ ဤနည်းအတိုင်း ဖုံးပြော ပြောကြလျှင် ရဟန်းရာထောင်ပင်
အာပတ်မလွတ်ကြ၊ ဒုတိယရဟန်းက တတိယအားပြော, တတိယကလည်း
(သူဖုံးထားလျှင် အာပတ်သင့်မည်စိုး၍) ဒုတိယအားပြန်ပြော, ဤသို့ပြောမှ
အာပတ်အဆက်ပြတ်သည်။

အဂါ ၂ ပါး။ ။ ၁-ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကိုသိခြင်း, ၂-ဖုံးထား
လိုသည့်အတွက် "မပြောတော့ပါဘူး" ဟု ဝန်ချခြင်း၊ [ပြောဖို့ရန်ရှိသော
တာဝန်ကို လျှော့ချလိုက်ခြင်းကို "ဓုရနိက္ခေပ=ဝန်ချခြင်း"ဟု ခေါ်ကြသည်၊]

http://www.dhammadownload.com

၅။ ဥုနဝီသတိဝေယ ။ ယော ပန ဘိက္ခု-သည်၊ ဧကံ-အသက် ၂၀ မပြည့်သေး သူဟုသိလျက်၊ ဥုနဝီသတိဝဿံ-ယုတ်လျော့သော အနှစ် ၂၀ ရှိသော၊ ဝါ-အသက် ၂၀ မပြည့်သေးသော၊ ပုဂ္ဂလံ-ပုဂ္ဂိုလ်ကို၊ ဥပသမ္ပာဒေယျ-ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းခံပေးအုံ၊ သောစပုဂ္ဂလော-ထိုပဋ္ဌင်းလောင်းပုဂ္ဂိုလ်သည်လည်း၊ အနုပသမ္ပန္နော-ဦးပဋ္ဌင်းမဖြစ်၊ တေစဘိက္ခူ-ထိုရဟန်းခံကိစ္စတွင် ပါဝင်သော ရဟန်းတို့ကိုလည်း၊ ဂါရယှာ-ကဲ့ရဲ့အပ်ကဲ့ရဲ့ထိုက်ကုန်၏၊ တသ္မိံ-ထိုဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးခြင်းကြောင့်၊ ဣဒံ ပါစိတ္တိယံ-ဤပါစိတ်အာပတ်သည်၊ ဟောတိ-ဖြစ်၏။

* * * * *

ဤသို့ အဂါ ၂ ပါးရှိ၏၊ ထိုတွင် ရဟန်း၏ ဒုဋ္ဌုလ္လကိုဖုံးမှ ပါစိတ်သင့်ရကား သာမဏေ၏ ဒုဋ္ဌုလ္လဖြစ်စေ ဒုဋ္ဌုလ္လမဟုတ်သော လွန်ကျူးမှုကိုဖြစ်စေ ဖုံးထားလျှင် ဒုက္ကဋ်၊ ထိုပြင်-အာပတ်သင့်သူကို တမင်ကံလာ ညှာတာသော သဘောဖြင့် ဖုံးထားမှ အပြစ်သင့်ရကား ညှာတာ၍မဟုတ် "သူ့အပြစ်နှင့်သူ ထင်ရှားလိမ့်မည်" စသော သဘောထားဖြင့် အခြားရဟန်းအား မပြောဘဲ နေလျှင် အနာပတ္တိ။

[ဆောင်] ရဟန်းချင်းချင်း, ရုန့်ရင်းစွာဘိ, အာပတ္တိမှန်း, သိစွမ်းလျက်ကိုယ်², ဖုံးဝှက်လိုသဖြင့်, တစ်ဆင့်မပြောတဲ့,အင် ၂ ပါးစုံ, ဒုဋ္ဌုပါစိတ်သင့်။

၅။ ဥုနဝီသတိဝဿ။ ။ အသက် ၂၀ မပြည့်သေးသော ရဟန်းလောင်းကို (အသက် ၂၀ မပြည့်မှန်းသိပါလျက်) ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးလျှင် ရဟန်းလောင်းလည်း ဦးပဋ္ဌင်းမဖြစ်,ကာရကသံဃာ (ကံပြုသောကမ္မဝါစာဆရာနှင့် အခြားရဟန်း) တို့မှာလည်း အကဲ့ရဲ့မလွတ်ကြ၊ "အကဲ့ရဲ့မလွတ်" ဆိုသည်မှာ ဒုက္ကဋ်အာပတ်သင့်သည်ဟု ဆိုလိုသည်၊ ဥပဇ္ဈာယ်ဆရာမှာကား ပါစိတ်အာပတ်သင့်သည်။

အသက် ၂၀ တွက်ပုံ။ ။ အသက် ၂၀ ရေတွက်ရာ၌ ပဋိသန္ဓေတည်သည်မှ စ၍ရေတွက်ရမည်၊ ပဋိသန္ဓေတည်၍ အမိဝမ်းဠ်အောင်းစဉ် တချို့မှာ ၇ လ,

http://www.dhammadownload.com

တချို့ ၈ လ, ၉ လ, ၁၀ လ, ၁၁ လ, ၁၂ လ,အမျိုးမျိုးကြာ၏၊ မွေးဖွားပြီး နောက်နှစ်များနှင့် အမိဝမ်းဌ အောင်းခဲ့ရသောလများကို စုပေါင်းရေတွက်၍ အသက် ၂၀ ပြည့်လျှင် "ပရိပုဏ္ဏဝိသတိဝဿ=ပြည့်သောအသက် ၂၀ ရှိသူ" ဟုခေါ်၏၊ တစ်ရက်မျှဖြစ်စေ လိုနေသေးလျှင် "ဥုနဝိသတိဝဿ" ဟု ခေါ်သည်။ [ဥုန=ယုတ်လျော့သော+ဝိသတိဝဿ=အနှစ် ၂၀။]

ဆက်ဦးအုံ-အမိဝမ်းဌ ၇ လကြာလျှင် ဖွားပြီးနောက် ၁၉ နှစ်နှင့် ၅ လပြည့်မှ အသက် ၂၀ ပြည့်၏၊ အမိဝမ်းဌ ၁၂ လ ကြာလျှင် ဖွားပြီးနောက် ၁၉ နှစ်ပြည့်က အသက် ၂၀ ပြည့်၏၊ ဤသို့စသည်ဖြင့် အတိုးအဆုတ်ကို သိရာ၏၊ သို့ရာတွင် အမိဝမ်းတွင်းဌ အောင်းခဲ့ရသောလကို သေသေချာချာ သိနိုင်ရန်မလွယ်ကူလှသောကြောင့် အမိဝမ်းဌ အနည်းဆုံး ၇ လထား၍ ရေတွက်သင့်သည်။

ယေရာဏကထေရ ဝါဒ။ ။ အဋ္ဌကထာဌ်ပြသော ရှေးဆရာတော်တို့ကား အမိဝမ်းဌ အောင်းခဲ့သောလကို မရေတွက်ဘဲ ဖွားပြီးနောက် ဝါထပ်သောလ အပိုနှင့်တကွ ရေတွက်ကြသည်၊ ချဲ့ဦးအုံ- ၃ နှစ်တစ်ကြိမ်ကျ ဝါထပ်လေ့ရှိရာ ၁၉ နှစ်ကြာလျှင် ဝါထပ်သည့်အတွက် လပေါင်း ၆ လပိုလာ၏၊ သို့ရာတွင် ၁၉ နှစ်အတွင်းဌ (တစ်နှစ်လျှင် ရက်မစုံ ၆ လအတွက် ၆ ရက်ကျ လျော့ခဲ့သောကြောင့်) ၃ လနှင့် ၂၄ ရက် လျော့ခဲ့လေ၏၊ လျော့ခဲ့သောရက်များကို ၆ လအပိုမှပြည့်လျှင် ၂ လနှင့် ၆ ရက်သာ အပိုကျန်တော့၏၊ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ဌ ဖွားသူသည် ၁၉ နှစ်ပြည့်ပြီးနောက် (၁၉ နှစ်မြောက် သီတင်းကျွတ်လပြည့်နောက်) တန်ဆောင်မုန်း နတ်တော်စသည်သွား၍ ဝါခေါင်လပြည့်ကျလျှင် ၁၉ နှစ်နှင့် ၁၀ လရှိရကား အပို ၂ လ ၆ ရက်နှင့်ပေါင်းသော် အသက် ၂၀ နှင့် ၆ ရက်ရှိတော့၏၊ ထို့ကြောင့် ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ဌ စိတ်ချလက်ချ ရဟန်းခံပေးကြတော့သည်၊ ထိုဝါဒဌ် စိတ်လည်းချထိုက်ပေသည်၊ ဘာ့ကြောင့်နည်း .....ထိုရဟန်းလောင်းဌ အမိဝမ်းက လများပါ ရေတွက်လျှင် ၂၀ နှင့် ၇ လကျော်အနည်းဆုံး ရှိရာသောကြောင့်တည်း။

ယခုခေတ်ဝါဒ။ ။ ယခုခေတ် တချို့ ဆရာတို့ကား အမိဝမ်းဌ အောင်းခဲ့ရာ လများကိုလည်းကောင်း ဝါထပ်သည့်အတွက် (ရက်မစုံကို ပြည့်၍) အပိုထွက်လာသော ၂ လကျော်ကိုလည်းကောင်း ယူ၍ ရေတွက်ကြ၏၊ ဥပမာ - အမိဝမ်းဌ (မိခင်ဖြစ်သူကို မေး၍) ၁၀ လကြာသည်ဟု သိရလျှင် ဖွားမြင်ပြီးနောက် ၁၉ နှစ်ပြည့်က အပို ၂ လကျော်ပါ အသက် ၂၀ ပြည့်ပြီ - ဟု ယူကြသည်၊ သို့ရာတွင်

http://www.dhammadownload.com

ဤဝါဒသည် အဋ္ဌကထာ၌ ပထမပြသော ဝါဒနှင့်လည်းကောင်း ပေါရာဏ
ကထေရဝါဒနှင့်လည်းကောင်း မထပ်မိချေ၊ ထို့ပြင်–ဘုရားရှင်လည်း လောက
သုံးစွဲရိုးကိုလိုက်၍ အသက် ၂၀ ဟု ပညတ်တော်မူရကား အသက် ၂၀
မပြည့်ပြည့်အောင် ဝါထပ်ရက်ပိုကို ထည့်၍တွက်ခြင်းကို ဘုရားရှင်၏
အလိုတော်ကျမည်ဟုလည်း မထင်မိပေ။ [ပေါရာဏကထေရဝါဒ၌ ဝါထပ်
ရက်ပိုကို ယူ၍တွက်ထားသော်လည်း အမိဝမ်း၌ အောင်းခဲ့ရာလများကို
မယူသောကြောင့် သံသယဖြစ်ဖွယ်မရှိ။]

သောစ၊ ဝေ၊ အနုပသမ္ပန္နော။ ။ ပြခဲ့သောရေတွက်နည်းအတိုင်း
အသက် ၂၀ မပြည့်သူကို ရဟန်းခံပေးလျှင် ရဟန်းအစစ်မဖြစ်နိုင်၊ ချဲ့ဦးအုံ၊–
ရဟန်းအစစ်ဖြစ်ဖို့ရာ အင်္ဂါ ၅ ပါးရှိ၏၊ ၁–ဝတ္ထု၏ပြည့်စုံခြင်း (ရဟန်းလောင်း
ကို ဝတ္ထုဟုခေါ်၏၊ ထိုဝတ္ထုက အသက် ၂၀ ပြည့်ခြင်း, ပါရာဇိကဋ္ဌ ပြခဲ့
သော အဘဗ္ဗပုဂ္ဂိုလ် မဟုတ်ခြင်းကို ဝတ္ထု၏ပြည့်စုံခြင်း–ဟုဆိုသည်၊), ၂–
သိမ်၏ပြည့်စုံခြင်း (သိမ်သမုတ်စဉ်က သိမ်အစစ်ဖြစ်အောင် သမုတ်ထားသော
သိမ်ဖြစ်ခြင်း–ဟူလို၊) ၃–ပရိသတ်၏ ပြည့်စုံခြင်း (မဇ္ဈိမဒေသဖြစ်လျှင်
ရဟန်းစစ်စစ်အနည်းဆုံး ၁၀ ပါး, မြန်မာနိုင်ငံလို ပစ္စန္တရစ်ဖြစ်လျှင်
အနည်းဆုံး ၅ ပါးရှိမှ ပရိသတ်ပြည့်စုံသည်၊), ၄–ဥတ်၏ပြည့်စုံခြင်း (ဥတ်
ကိုဌာန်ကရိဏ်းမှန်ကန်ကျနစွာ ရွတ်ဆိုခြင်း၊), ၅–ကမ္မဝါစာ၏ပြည့်စုံခြင်း
(ကမ္မဝါစာကို ကျနစွာ ရွတ်ဆိုခြင်း)၊ ထိုတွင် တစ်ခုခု ချွတ်ယွင်း၍ ဝိပတ္တိ
ဖြစ်လျှင် ရဟန်း မဖြစ်။

[ထောင်] ဝတ္ထု–သိမာ, ပရိသာ, ဥတ်ပါ ကမ္မဝါထည့်။
ပဋ္ဌင်းမြောက်ရန်, အင်ငါးတန်, ဖောက်ပြန်ဝိပတ္တိ။

ရဟန်း မဖြစ်သော်လည်း အကျိုးမယုတ်။ ။ ထိုသူသည် ရဟန်းမဖြစ်
မှန်းမသိဘဲ မိမိကိုယ်ကို ရဟန်းဟု အထင်ရှိနေက နတ်ရွာနိဗ္ဗာန်မဂ်ဖိုလ်စျာန်၏
အန္တရာယ်မဖြစ်ပါ၊ သို့ရာတွင် ရဟန်းမဖြစ်မှန်း သိသောအခါ ထပ်မံ၍
ရဟန်းခံရမည်၊ ထို့ပြင်–ရဟန်းမဖြစ်သူသည်ပင် ဆယ်နှစ်ကျော်၍ ဥပစ္စာယ်
လုပ်လျက် သူတစ်ပါးကို ရဟန်းခံပေးလျှင်လည်း သူမှတစ်ပါး အခြား
ရဟန်းများဖြင့် ရဟန်းခံဂိုဏ်း ပြည့်စုံလျှင် ထိုရဟန်းလောင်းမှာ ရဟန်း
အစစ်ဖြစ်နိုင်ပေသည်သာ၊ "ဥပစ္စာယ်က ရဟန်းမဖြစ်သော်လည်း တပည့်မှာ
ရဟန်းအစစ်ဖြစ်သည်" ဟူလို။

http://www.dhammadownload.com

ရဟန်းခေါ်ပုံ။ ။ ပြခဲ့သော အဂါ်များနှင့် ပြည့်စုံသူကို ရဟန်းဟုလည်းကောင်း ဦးပဋ္ဌင်းဟုလည်းကောင်း ယခုအခါ ခေါ်ကြ၏၊ ထိုတွင် ပုဂ်ပြည့်အနော်ရထာမင်းလက်ထက်၌ ကြွလာသော ရှင်အရဟံကို အစပြု၍ နောက်နောက် ပုဂ္ဂိုလ်များကို "အရဟံ=ရဟံ=ရဟန်:" ဟု အဆင့်ဆင့် အသံပြောင်းကာ ခေါ်လာခဲ့ကြသည်၊ အရှင်အရဟံကိုလည်း အရဟန္တ ပုဒ်ကိုစွဲ၍ "အရဟံ" ဟု ခေါ်လာဟန်တူသည်၊ ထိုရဟန်းအဖြစ်ကို ခံယူခြင်းကို "ရဟန်းခံ" ဟု ခေါ်ကြသည်။

ဦးပဋ္ဌင်းခေါ်ပုံ။ ။ ဤရဟန်းတော်များကို ဥပသမ္ပန္နပုဒ်သို့လိုက်၍ သိဟိုဠ်၌ "ဥပသမ်:=(သီဟိုဠ်သံဖြင့်) ဥပစမ်:" ဟုခေါ်၏၊ ထို"ဥပစမ်:" ကိုလိုက်၍ မြန်မာတို့က "ဥပစင်:" ဟုခေါ်ခဲ့ရာ, ကာလကြာသဖြင့် "ဦးပစင်:=ဦးပဋ္ဌင်:"ဟု ခေါ်ဝေါ်ရေးသားကြသည်၊ အချို့ကား-ဝတ္ထုသီမာစသော အဂါ် ၅ ပါ:နှင့် ပြည့်စုံ၍ မြင့်မြတ်သူဖြစ်သောကြောင့် "ပဋ္ဌအဂါ်နိ ယဿတိ ပဋ္ဌဂေါ်, ဥတ္တမော ပဋ္ဌဂေါ် ဥပဋ္ဌဂေါ်" ဟူသော သဒ္ဒါနည်းအရ ဥပဋ္ဌဂ်မ ဦးပဋ္ဌင်:ဖြစ်လာသည်-ဟု (မန်သိရိုဓာရေတိတိ မန္ဒလေ:) အကြံပြုဖြင့် ကြံကြံဖန်ဖန် ကြံကြလေသေးသည်။ ["မန်(သိရိုဓ)= ကုက်သရေကို၊ ဓာရေတိတိ-ဆောင်တာတ်သောကြောင့်၊ မန္ဒ လေ:မည်၏" တဲ့။]

လူကိုပင် ရဟန်းခံပေးကောင်းပုံ။ ။"ဥုနဝီသတိဝဿ သာမဏေရံ" ဟုမဆိုဘဲ"ပုဂ္ဂလ" ဟု ပုဂ္ဂိုလ်သာမန်အဖြစ်ဖြင့် ဆိုသောကြောင့်လည်းကောင်:, ရဟန်းဖြစ်ကြောင်: အဂါ် ၅ ပါ:တွင် ဝတ္ထုသမ္ပတ္တိအဂါ်၌ သာမဏေဖြစ်ရမည်ဟု မဆိုဘဲ အသက် ၂၀ ပြည့်ခြင်:နှင့် ပဏ္ဍာကာ်စသော အဘဗ္ဗပုဂ္ဂိုလ်မျိုး: မဟုတ်ခြင်:ကိုသာ ဆိုသောကြောင့်လည်းကောင်: ရဟန်:ခံခါနီ:မှ သက်နှ:ပေး၍, သရဏဂုံမယူဘဲ သက်နှ:ဝတ်ထား:သူ လူကိုပင် ရဟန်:ခံပေ:ကောင်:သည်-ဟုမှတ်။

အဂါ် ၃ ပါ:။ ၁-အသက် ၂၀ မပြည့်သေ:ခြင်:, ၂-အသက် ၂၀ မပြည့်မှန်:သိခြင်:, ၃-ဥပဇ္ဈာယ်လုပ်၍ ရဟန်:ခံပေ:ခြင်:အား:ဖြင့် အဂါ် ၃ ပါ:တည်။

[ဆောင်] နစ်ဆယ်တိတိ - သက်မပြည့်ကို[1], မပြည့်လေမှန် - သိရှိစွမ်:
လျက်-, ရဟန်:ခံပေ:က[2], အင်သုံ:ဝ, ဥုနဝီသတိသင့်။

---

http://www.dhammadownload.com

၆။ ထေယျသတ္ထ ယောပန ဘိက္ခု-သည်၊ ဇာနံ-ထေယျသတ္ထဟုသိ လျက်၊ ထေယျသတ္ထေန - ခိုးမှုလာသည့်ကုန်သည်, ခိုးမှုသွားမည့် ကုန်သည်အပေါင်းနှင့်၊ သဒ္ဓိं သံဝိဓာယ ဧကဒ္ဓါနမဂ္ဂं ပတိပဇ္ဇေယျ အန္တရာမသော ဂါမန္တရံပိ ပါစိတ္တိယံ။ [အနက်ကို ဘိက္ခုနောဝါဒဝဂ် ၇ နံပါတ် သိက္ခာပုဒ်ကို ပြန်ကြည့်၊]

၇။ သံဝိဓာန ယောပန ဘိက္ခု-သည်၊ မာတုဂါမေန-နှင့်၊ သဒ္ဓိं-ဘက္ခု၊ သံဝိဓာယ-၍၊ ဧကဒ္ဓါနမဂ္ဂं-ကို၊ အန္တရာမသော-ဖြင့်၊ ဂါမန္တရမ္ပိ-သို့လည်း၊ ပတိပဇ္ဇေယျ-အံ့၊ ဘသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [အနက်ကို ဘိက္ခုနောဝါဒဝဂ် ၇ နံပါတ်ပြန်ကြည့်။]

* * * * *

၆။ ထေယျသတ္ထ။ ။ [ထေယျ၌ ထေနဓာတ်တွာ ပစ္စည်းကို ယပြု, ဒွေးဘော်လာ, နေ-ချေ။] ထေယျ-ခိုးပြီး၍၊ ဝါ-ခိုးလတ္တံ့ဖြစ်၍၊ ပဋိပန္နော-သွားသော၊ သတ္ထော-ကုန်သည်အပေါင်းသည်၊ ထေယျသတ္ထော-မည်၏၊ ဤဝိဂ္ဂဟအရ ထေယျသတ္ထပုဒ်၌ သတ္ထဟူသည် ကူးသန်းရောင်းဝယ်သော ကုန်သည်အပေါင်းပင်တည်း၊ သို့သော် ဘုရင်၏ ဘဏ္ဍာတော်ကို လှည့်ပတ်ယူလာခဲ့၍ ခိုးပြီးဖြစ်ကြသောကြောင့်လည်းကောင်း, ကင်းကောက်မည့်အရပ်ကို (ကင်းခွန်မပေးရအောင်) ရှောင်သွားလို၍ ခိုးလတ္တံ့ဖြစ်သောကြောင့်လည်းကောင်း ထေယျသတ္ထမည်ရလေသည်၊ ဤသို့ ထေယျသတ္ထမှန်း သိပါလျက် ချိန်းချက်၍ (အချိန်အခါနေ့ရက်ရထား သင်္ဘောများကို သဘောတူစီစဉ်၍) သွားလျှင်ပါစိတ်။

အင်္ဂါ ၄ ပါး။ ။ ၁-ထေယျသတ္ထဖြစ်ခြင်း, ၂-ထေယျသတ္ထမှန်းသိခြင်း, ၃ တိုင်ပင်ခြင်း, ၄-မချုတ်မယွင်းသွားဖြစ်ခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း၊ ကြွင်းသော မှတ်ဖွယ်များကို ဘိက္ခုနောဝါဒဝဂ် ၇ နံပါတ်အတိုင်းသိ။

[ဆောင်] ထေယျသတ္ထ-ဖြစ်ကြလေဘိ², သိရိုထားခြင်း-, တိုင်ပင်ခြင်းနှင့်², မယွင်းသွားက³, အင်လေးဝ, ထေယျသတ္ထသင့်။

၇။ သံဝိဓာန။ ။ ဤသိက္ခာပုဒ်၌ အထူးမှတ်ဖွယ်မရှိ၊ ဘိက္ခုနောဝါဒဝဂ် (၇) နံပါတ်သိက္ခာပုဒ် အတိုင်းပင်ဖြစ်သည်၊ ထိုသိက္ခာပုဒ်၌ ဘိက္ခုနှင့်ချိန်းချက်၍သွားခြင်း, ဤသိက္ခာပုဒ်၌ မာတုဂါမနှင့်ချိန်းချက်၍ သွားခြင်းသာ

http://www.dhammadownload.com

၀။ အရိုဋ္ဌ ယောပန ဘိက္ခု-သည်၊ ဧဝံ-ဤသို့၊ ဝေယျ-ပြောဆိုအံ့၊ (ကိံ-အဘယ်သို့ ပြောဆိုရသနည်း၊) ယေမေ (ယေဣမေ)မှာ-အကြင်မေထုန်အကျင့်တို့ကို၊ အန္တရာယိကာ-နတ်ရွာနိဗ္ဗာန်, စူဠာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟု၍၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ၊ တေမေ-ထိုမေထုန်အကျင့်တို့ကို၊ ပတိသေဝတော-မှီဝဲသောရဟန်း၏၊ (တေမှာ-ထိုမေထုန်အကျင့်တို့သည်။) ယထာ-အကြင်သို့သော အပြားအားဖြင့်၊ အန္တရာယိကနတ်ရွာနိဗ္ဗာန်, စူဠာန် မဂ်ဖိုလ်၏ အန္တရာယ်ကိုပြုခြင်းငှာ၊ နာလံ-မဋ္ဌမ်းနိုင်ကုန်၊ တထာ-ထိုအပြားအားဖြင့်၊ အဟံ-ငါသည်၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဒေသိတံ-ဟောတော်မူအပ်သော၊ မဲ့-တရားကို၊ အာဇာနာမိ သိ၏၊ ဣတိ-ဤသို့ပြောဆိုအံ့။

သောဘိက္ခု-ထိုရဟန်းသည်၊ ဝါ-ကို၊ ဘိက္ခုဟိ-မြင်ကုန်ကြားကုန်သော ရဟန်းတို့သည်၊ ဧဝံ-ဤသို့၊ ပစနီယော-ပြောဆိုထိုက်သည်၊

• • • • •

ထူး၏။ ၂အဂါကိုလည်း ဘိက္ခုနိသံဝိဓာနသိက္ခာပုဒ်၌ ပြခဲ့သော ၅ ပါ:တွင် "အခါ၏ မရှိခြင်း" ဟူသော အဂါကိုပြုတ်၍ အဂါ ၄ ပါ: ဟုမှတ်။

မှတ်ချက်။ ။ ဘိက္ခုနောဝါဒဝဂ်၌ ဘိက္ခုနိသံဃာနှင့် ဘိက္ခုသံဃာအထံ ဘိက္ခုနီဖြစ်သော "ဥဘတော ဥပသမ္မန္နာ ဘိက္ခုနီ" ကိုသာ ယူခဲ့သောကြောင့် မိထွေးတော်ဂေါတမီနှင့်အတူ ဘိက္ခုနီပြုကြသော သာကီဝင်မင်းသမီးတို့ကဲ့သို့ ဘိက္ခုသံဃာထံ၌သာ ဘိက္ခုနီဖြစ်သော ဧကတော ဥပသမ္မန္နာ ဘိက္ခုနီများနှင့် သိက္ခမာန်သာမဏေမ ၃ မျိုးကို ဤသိက္ခာပုဒ်၌ သွင်းရမည်၊ သို့ရာတွင် ထိုဘိက္ခုနီသိက္ခမာန် သာမဏေမများနှင့် သာသက်သပ္ပဋိဘယ်ခရီးကို သွားရာ အခါ၌ အတူသွားခွင့်ရသေး၏၊ မာတုဂါမနှင့်ကား မည်သည့်အခါမျှ တိုင်ပင်ချိန်းချက်၍ ဘုရားဖူးစသည် အတူမသွားရ။

- - - - - - - - - -

၀။ အရိုဋ္ဌ။ ။ အရိုဋ္ဌရဟန်းကို အကြောင်းပြု၍ ပညတ်အပ်သောကြောင့် အရိုဋ္ဌသိက္ခာပုဒ်ဟု နာမည်တပ်သည်၊ ချဲ့ဦးအံ့- အရိုဋ္ဌရဟန်းသည် ဗဟုသုတ မမှကထိက ပုဂ္ဂိုလ်တည်း၊ သတ္တန် အဘိမှောဌ်သာ ကွမ်းကုန်၍

http://www.dhammadownload.com

အသ-ဖြစ်၏၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အာယသ္မာအရှင်သည်၊ ဧဝं-ဤသို့၊ မာ အဝစ-မပြောပါနှင့်၊ ဘဂဝန္တं-မြတ်စွာဘုရားကို၊ မာ အဘ္ဘာစိက္ခိ-မစွပ်စွဲပါနှင့်၊ ဘဂဝတော-ကို၊ အဘ္ဘာစိက္ခနံ-စွပ်စွဲခြင်းသည်၊ နဟိသာဓု-မကောင်းပါ၊ ဘဂဝါ-သည်၊ ဧवं-ဤငါ့ရှင်ပြောသည့်အတိုင်း၊ နဟိဝဒေယ္ယ-မဟောတန်ရာ၊ အာဝုသော-ငါ့ရှင်၊ အနေကပရိယာယေန-ပရိယာယ်အမျိုးမျိုးဖြင့်၊ အန္တရာယိကာ-အန္တရာယ်ကိုပြုတတ်ကုန်သော၊ ဓမ္မာ-မေထုန်အကျင့်တို့ကို၊ အန္တရာယိကာ-အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍၊ ဘဂဝတာ-သည်၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ၊ တေ ဓမ္မေ-ထိုမေထုန်အကျင့်တို့ကို၊ ပတိသေဝတော-မှီဝဲသောရဟန်း၏၊ (တေ ဓမ္မာ-ထိုမေထုန်အကျင့်တို့သည်၊) အန္တရာယာယ-ငှာ၊ အလဋ္ဌပန-စွမ်းနိုင်ကုန်သည်သာ၊ ဣတိ-ဤသို့ပြောဆိုထိုက်၏၊ ဝေဋ္ဌပနသော ဘိက္ခု ဘိက္ခုဟိ ဝုစ္စမာနော တထေဝ ပဋိဃောယ္ယ သော ဘိက္ခု ဘိက္ခုဟိ ယာဝတတိယं သမနုဘာသိတဗ္ဗော တသ (ထိုအယူကို၊) ပတိနိသဋ္ဌိယ၊ ယာဝတတိယံစေ သမနုဘာသိယမာနော တं (ထိုအယူကို) ပတိနိသဇ္ဇေယ္ယ, ဣစ္စေတံကုသလं၊ နော စေ ပတိနိသဇ္ဇေယ္ယ, တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ "ဝေဋ္ဌပနစသော ပါဠိ၏ နိဿဂ္ဂကို သံယာဒိသေသ် ဒုဗ္ဘစသိက္ခာပုဒ်ပြန်ကြည့်။]

* * * * *

ဝိနည်း၌ မကျွမ်းကျင်ချေ၊ ထို့ကြောင့် ကမ္မန္တရာယ်-ကိလေသန္တရာယ်-ဝိပါကန္တရာယ်-အရိယုပဝါဒန္တရာယ်-ပညတ္တိ (အာဏာ) ဝိတိက္ကမန္တရာယ် အားဖြင့် အန္တရာယ် ၅ ပါးရှိသည်တွင် ရှေ့အန္တရာယ် ၄ ပါးကို နားလည်၍ ဘုရား ရှင်၏ အမိန့်အာဏာ ပညတ်တော်ကို ကျူးကျော်ခြင်းကြောင့် (ပါရာဇိကကျလျှင် လူမထွက်သေးသမျှ, သံယာဒိသေသ်သင့်လျှင် ပရိဝါသ် မဆောက်တည်သေးသမျှ, အယုတ်သဖြင့် ဒုက္ကဋ် ဒုဗ္ဘာသိတအာပတ်ပင် ဖြစ်စေကာမူ စေတနာနှင့်တကွ သင့်ထားလျှင် ဒေသနာမပြောသေးသမျှ) ဈာန်မဂ်ဖိုလ်ကိုလည်း မရနိုင်အောင်-သေလျှင် လူ့ပြည် နတ်ပြည် မရောက်နိုင်အောင်-နိဗ္ဗာန်လည်း မရနိုင်အောင်-ထိုအာပတ်က အန္တရာယ်ပြုကြောင်း ကိုလည်း နားမလည်ချေ။

http://www.dhammadownload.com

သို့ဖြစ်၍တစ်နေ့သင်္ဃဆိတ်ငြိမ်ရာဝယ်နေလျက် စဉ်းစားသည်မှာ "လူတို့သည် ကာမဂုဏ် ခံစားရင်းပင် (ကာမဂုဏ်ကို မစွန့်ကြဘဲ) သောတာပန်ဖြစ်သူဖြစ်-သကဒါဂါမ် ဖြစ်သူဖြစ်-အနာဂါမ်ဖြစ်သူ ဖြစ်ကြသည်၊ (အနာဂါမ်ဖြစ်ပြီးသည့်အခါကျမှ ကာမဂုဏ်ကို စွန့်လွှတ်ကြ၏။) ရဟန်းတော်များလည်း ကောင်းမွန်လှပသော အဆင်းအနံ့အရသာနှင့် နူးညံ့သော ဖဲမွေ့ရာကမ္မလာတို့ကို သုံးစွဲကြ၏၊ ဤအားလုံးအပ်လျှင် ဘာ့ကြောင့် မာတုဂါမ၏ အဆင်းအနံ့ စသည်ကျမှ မအပ်ဘဲ ရှိရမည်နည်း၊ ဘုရားရှင်သည် မဟာသမုဒ္ဒရာကို ကန်သင်း (ကဖင်း) ဆည်သကဲ့သို့ မဖြစ်နိုင်သော ပထမပါရာဇိက အမှုကို ဘာ့ကြောင့် ကြိုးစားမင်းစား ပညတ်တော်မူရသတဲ့နည်း" ဟု စဉ်းစားမိလေသည်၊ ဤသို့ စဉ်းစားမိသည့်အားလျော်စွာ "တထာဟံ၊ ပေ၊ အန္တ ရာယာယ" ဟု ဆိုလေသည်။

တထာဟံ၊ ပေ၊ အန္တ ရာယာယ - ယထာ တထာပ သော ၂ ဝါကျတွင် ယထာပါသော ဝါကျကို (နောက်မှာရှိသော်လည်း) ရှေးဦးစွာ အနက်ပေးရသည်၊ ထို ယထာကိုလည်း "ယေန ပကာရေန" ဟု ဦးကာတို့ဖွင့်၍ နာလန्ဒ စပ်ကြသည်၊ ပကာရ ဟူသည်မှာ နည်းအမျိုးမျိုးတွင် သူရည်ရွယ်သော နည်းတစ်မျိုးပင်တည်း၊ ထိုဝါကျများ၏ မြန်မာလိုကား - "အကြင် မေထုန်အကျင့်တို့ကို အန္တ ရာယ်ပြုတတ်၏-ဟု ဘုရားဟောတော်မူထား၏၊ (သို့သော်) ထိုမေထုန်မှုကို မှီဝဲသော ရဟန်းတော်မှာ အကြင်နည်းဖြင့် မှီဝဲလျှင် အန္တ ရာယ်မပြုနိုင်, ထိုအန္တ ရာယ်မပြုနိုင်သော နည်းဖြင့် ဟောတော်မူသည်ကို ငါသိသည်" ဟူလို၊ ဆိုလိုရင်းကား - "ဖဲမွေ့ရာ ကမ္မလာစသော အနံ့အညုံကို သုံးစွဲရာ၌ အလွန်သာယာစွာ သုံးစွဲလျှင် အပြစ်မကင်းသကဲ့သို့, ထို့အတူမေထုန်ကိုလည်း အလွန်သာယာစွာ မှီဝဲမှ အပြစ်ကြီးသည်၊ ဖဲမွေ့ရာ စသည်ကို သင့်တော်သလို နှလုံးသွင်းကာ လွန်မင်းစွာ မသာယာလျှင် အပြစ်မကြီးသကဲ့သို့, ထို့အတူ မေထုန်ကိုလည်း လွန်လွန်မင်းမင်း မသာယာလျှင် ပါရာဇိကဖြစ်လောက်အောင် အပြစ်မကြီးသင့်" ဟု ဆိုလိုသည်။

မှတ်ချက်။ ။ အရိုင်ရှစဉ်းစားသည့်အတိုင်း ဖဲမွေ့ရာစသည်ကို တော်သလို နှလုံးသွင်းကာ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲနိုင်သလို, မေထုန်ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သိပ်မသာယာဘဲ မမှီဝဲနိုင်၊ မေထုန် မှီဝဲမှုဖြင့် အလွန်အမင်းသာယာတော့မည်သာ၊ ထို့ကြောင့် မေထုန်အရသာနှင့် ဖဲမွေ့ရာတို့၏ အရသာကို တန်းတူထား၍ စဉ်းစားခြင်းသည် ဆီးဇေနှင့် မြင့်မိုရ်တောင်ကို နှိုင်းယှဉ်ခြင်းနှင့် တူလေရကား အရိုင်ရဟန်း၏ စဉ်းစားမှု အားလုံးသည် မှားယွင်း

http://www.dhammadownload.com

၉။ ဥက္ခိတ္တသမ္ဘောဂ ယော ပန ဘိက္ခု–သည်၊ ဇာနံ–ဥက္ခိတ္တကရဟန်း ဟု သိလျက်၊ တထာ ဝါဒိနာ – ထို "တထာဟံ ဘဂဝတာ" အစရှိသော စကားကို ပြောလေ့ရှိသော၊ အကတာနုဝမ္မေန–မပြုအပ်သေးသော သြသာရဏာဂတ်ရှိသော၊ တံ ဒိဋ္ဌိ – ထို မိစ္ဆာအယူကို၊

* * * * * * *

သော မိစ္ဆာအယူမျှသာဖြစ်၍ ပထမပါရာဇိကကို ပယ်ရှားခြင်းမှာလည်း ဘုရားရှင်ကိုနားမလည်ရာ ရောက်စေရကား သဗ္ဗညုတဉာဏ်တော်ကို သူ့ဉာဏ်လောက် မလေးနက်ဟု ပယ်ဖျက်ရာ ရောက်လေတော့သည်။

ဆက်ဦးအုံ – သူစွပ်စွဲသော စကားရပ်တွင် "တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ = အန္တ ရာယ် မပြုနိုင်လောက်အောင်သောနည်းဖြင့် ဘုရားဟောထားသောတရားကို ငါသိ၏" ဟု ဆိုခြင်းမှာလည်း ဓမ္မကထိကပီပီ သက်သက် အခြောက်ကြွား – ကြွားလိုက်ခြင်းပင်တည်း၊ အမှန်မှာ ထိုကဲ့သို့ (မေထုန်ကို အန္တ ရာယ်မပြုနိုင်သောနည်းဖြင့်) ဟောထားအပ်သောတရား မရှိချေ၊ ဤမှ နောက်ဌ်ရဟန်းများက ထိုသို့ ပြောဆိုသော ရဟန်းအား ဆုံးမရပုံ စသည်ကို သံဃာဒိသေသ် ဒုဗ္ဗစသိက္ခာပုဒ်အဖွင့်ကို နည်းမှီ၍ သိနိုင်ပြီ၊ ဤသိက္ခာပုဒ်လာ အရိဋ္ဌရဟန်း၏ ဖြစ်ထွေကို မူလပဏ္ဏာသ အလဂဒ္ဒူပမသုတ် အဖွင့်ပါကြည့်မှ သာ၍ သနားဖွယ်ကောင်းသည်၊ ထိုအရိဋ္ဌရဟန်းသည် နောက်ထပ်မည်မျှပင်ကျင့်သော်လည်း ငရဲက လွတ်တော့မည်မဟုတ်၊ ထို့ကြောင့် ဘုရားရှင်နှင့် တရားတော်ကို မစွပ်စွဲမိရန် သတိထားသင့်ကြပေသည်။

အဂါ ၃ ပါး။ ။ ၁–သမနုဘာသနက်၏ ဓမ္မက်ဖြစ်ခြင်း, ၂–သုံးကြိမ်တိုင်အောင် ဆုံးမခြင်း, ၃–အယူကိုမစွန့်ခြင်းအားဖြင့် အဂါ ၃ ပါးတည်း။ [သမနုဘာသနာက် မပြုရသေးခင် ဆုံးမ၍မရလျှင်ကား ဒုက္ကဋ်။]

[ဆောင်] သမနုဘာသန–ထိုကမ္မ၏–ဓမ္မက်ဖြစ်[3], ဆုံးမလစ်ဘိ–သုံးကြိမ်ပြည့်သား[4], မစွန့်ငြား[5]ဟု, သုံးပါးအဂါ, ပြည့်စုံမှ, အရိဋ္ဌပါစိတ်သင့်။

၉။ ဥက္ခိတ္တသမ္ဘောဂ။ ။ အရိဋ္ဌရဟန်းယူအပ်သော မိစ္ဆာအယူမျိုးကို ယူလျှင် ထိုရဟန်းကို ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ရ၏၊ ထိုနှင်ထုတ်အပ်သော ဥက္ခိတ္တကရဟန်းမှန်း သိလျက် အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ စသည်ကို ပြုလျှင် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်။

http://www.dhammadownload.com

အပ္ပဋိ နိသဒ္ဒေန – **မစွန့်သေးသော၊ ဘိက္ခုနှာ–ရဟန်းနှင့်၊ သဒ္ဓိ–**
တက္ခ၊ သံဘုဇ္ဇေယျဝါ–အာမိသမမှ သံဘောဂကိုမူလည်းပြုအံ့၊ သံဝသ
ယျဝါ–ဥပုသ် ပဝါရဏာစသော သံဝါသကိုမူလည်း ပြုအံ့၊ သဟဝါသေ
ယျ – သဟသေယျကို မူလည်း၊ ကပ္ပေယျ – ပြုအံ့၊ တဿ ဘိက္ခုနော
ပါစိတ္တိယံ ဟောတိ။

* * * * * * *

အကတာနဝမ္မေန – ထိုသို့ဥက္ကေပနီယက် အပြုခံရသဖြင့် မာန်မာနကျ၍ ဆိုင်ရာ ကျင့်ဝတ်များကို ကျင့်ပြီးနောက် ထိုက်ကို ငြိမ်းစေပါမည့်အကြောင်း တောင်းပန်သောအခါ သံဃာ့ဘောင်သို့ ပြန်၍သွင်းသော "သြသာရဏက်" ပြုရသည်၊ ထို သြသာရဏက်မပြုရသေးသော ဥက္ခိတ္တကရဟန်းကို "အကတာနဝမ္မ" ဟု ခေါ်သည်၊ [**အနုရူပေါ** – ဥက္ကေပနီယက်အားလျော်သော၊ **ဝမ္မော**–သြသာရဏက်ဟူသော ဝိနည်းတရား သည်၊ **အနဝမ္မော**–**မည်၏**၊ **အကတော** **အနဝမ္မော** ယသာတိ **အကတာနဝမ္မော**–ဟု ပြု။] သြသာရဏက် မပြုရသေးသော်လည်း မိစ္ဆာအယူဝါဒကို စွန့်ပြီးပြီဟု သိလျှင် သမ္ဘောဂစသည်ကို ပြုနိုင်ပြီ၊ ထို့ကြောင့် "**တံဒိဒ္ဓိ** **အပ္ပဋိနိသဒ္ဒေန**= ထိုအယူကို **မစွန့်သေးသူ**"ဟု ထပ်၍ ဝိသေသန ကျမရသည်။

သံဘုဇ္ဇေယျ – ဆွမ်းစသော အာမိသပစ္စည်းကို (မိမိအားပေးလျှင်) ခံယူသုံးစွဲခြင်း, မိမိက ထိုရဟန်းအား ချီးမြှောက်ပေးကမ်းခြင်းသည် **အာမိသ** **သမ္ဘောဂ**၊ ပါဠိတော် **အဋ္ဌကထာ**ဓမ္မကို ပို့ချပေးခြင်း–ထိုရဟန်းအထံ သင်ယူခြင်းသည် **ဓမ္မသမ္ဘောဂ**မည်၏။

သံဝသေယျ၊ ဃ၊ ကပ္ပေယျ–ဥပုသ်ပဝါရဏာ–**အခြား** သံဃာ့ကဲများ၌ ထို ဥက္ခိတ္တကရဟန်းနှင့် **အတူ**တကွ ကပြုခြင်းကို "**သံဝါသ**" ဟုဆို၏၊ [ဤ**သံဝါသ**ကို တားမြစ်ခြင်းကြောင့် "**ဝဇ္ဇနီယာစ ပုဂ္ဂလာ** တသ္မိံ **နေ ဟောန္တိ**" **အဖွင့်**၌ ဥက္ခိတ္တကရဟန်း ၃ မျိုးကို ထည့်သွင်းခဲ့ရသည်၊] **အကာအရံ**ပင်ကွဲသော်လည်း **အမိုး**တူသောကျောင်း **အိပ်**ရာ **နေ**ရာများ၌ ဥက္ခိတ္တကရဟန်းနှင့် **အတူ**မ**အိပ်**ရ။ [၁–**သြသာရဏက်** **မပြုရသေး**ခြင်း, ၂–**သြသာရဏက်** **မပြုရသေး**–**သို့**မဟုတ် ထိုအယူကို **မစွန့်သေး**ဟု **သိ**ခြင်း, ၃ **သမ္ဘောဂ** **စ**သည်ကို ပြုခြင်းအားဖြင့် **အင်္ဂါ** ၃ ပါ:တည်း။]

[ဆောင်] ကဲ**သြသာရဏ**–**မပြုရသေး**[1], **သိ**ရေ:**တစ်ဝ**–, **သမ္ဘောဂ**မှ, **စ**သည် ပြုဟု[2], **သုံ**:**ခ**ကြောင်:ဟိတ်, **အင်**ဆုံ**ကြိ**တ်, **ဥ**က္ခိတ် **သ**မ္ဘောသင့်။

http://www.dhammadownload.com

၁၀။ ကဏ္ဍက

သမဏုဒ္ဒေသောပိ-သာမဏေသည်လည်း၊. ဧဝံ-ဤသို့၊ ဧ ဝဒေယျ-အကယ်၍ ပြောဆိုအံ့၊ (ကိ - နည်း၊) ["တထာဟံ ဘဂဝတာ ဓမ္မံ" မှ စ၍ "ဘိက္ခူဟိ ဝုစ္စမာနော တထေဝ ပဋိဏေယျ" တိုင်အောင် အရိုင်ခ သိက္ခာပုဒ်အတိုင်း အနက်ဆို။] သော သမဏုဒ္ဒေသော-ထို သာမဏေသည်၊ ဝါ-ကို၊ ဘိက္ခူဟိ-တို့သည်၊ ဧဝံ-ဤသို့၊ ဝစနီယော-ပြောဆိုထိုက်သည်၊ အသ-ဖြစ်၏၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်သနည်း။)

အာဝုသော သမဏုဒ္ဒေသ-ငါ့ရှင် သာမဏေ၊ အဇ္ဇတဂ္ဂေ-ယနေ့ကို အစပြု၍၊ တေ-သင်သည်၊ သောဘဂဝါ-ထို ငါတို့ မြတ်စွာဘုရားကို၊ သတ္ထာ - ဆရာဟူ၍၊ နဝ ဧဝ အပဒိသိတဗ္ဗော - မည္သွန်ပြထိုက်၊ စ-သည်သာ မကသေး၊ အညေ-သင်မှတစ်ပါးကုန်သော၊ သမဏုဒ္ဒေသာ-သာမဏေတို့သည်၊ ဘိက္ခူဟိ - ရဟန်းတို့နှင့်၊ သဒ္ဓိ - တကွ၊ ဒိရတ္တ တိရတ္တံ - ၂ ညဉ့် ၃ ညဉ့် ပတ်လုံး၊ ယမ္မိ သဟသေယ္ယုံ-အကြင် အတူ အိပ်ခွင့်ကိုလည်း၊ လဘန္တိ-ရကြကုန်၏၊ သာပိ-ထိုအတူ အိပ်ခွင့်သည်လည်း၊ တေ-သင့်အတွက်မှာ၊ နတ္ထိ-မရှိတော့ပြီ၊ ပိရေ-ပြင်ပ သူစိမ်း, ဟဲ့ လူပြိန်း၊ စရ-သွားလော၊ ဝိနသ-တော်ရာ ချောင်ကြား, ပျက်ပြားလေလော၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏။

ယော ပန ဘိက္ခု-သည်၊ ဧကံ-ဖျက်ဆီးအပ်ပြီးသော သာမဏေဟု သိလျက်၊ တထာ နာသိတံ-ထို ဆိုအပ်ပြီးသော နည်းဖြင့် ဖျက်ဆီး

* * * * * * *

၁၀။ ကဏ္ဍက။ ။ ကဏ္ဍကသာမဏေကို အကြောင်းပြု၍ ပညတ်တော်မူအပ်သောကြောင့် "ကဏ္ဍကသိက္ခာပုဒ်" ဟု နာမည်တပ်သည်၊ အရိုင်ခရဟန်းကဲ့သို့ ကဏ္ဍကသာမဏေမှာလည်း မိစ္ဆာအယူဖြစ်၍ "တထာဟံ ဘဂဝတာ ဓမ္မံ" စသည်ကို ပြောဆိုသည်၊ ယခုအခါ ဘုရားစွပ်စွဲသော ထိုသာမဏေမျိုး ပေါ်လာလျှင် သိက္ခာပုဒ်အတိုင်း ဆုံးမရမည်၊ ဆုံးမ၍မရခဲ့သော် ဆက်လက်၍ ပြောဆိုရမည်မှာ .....

အဇ္ဇတဂ္ဂေ၊ ဃ၊ တေနတ္ထိ- ယနေ့ကစ၍ ငါတို့ ဘုရားရှင်ကို သင်က ဆရာဟူ၍ မည္သွန်ပြနှင့်တော့၊ "သင်က ဘုရားရှင်ကို စွပ်စွဲထားသောကြောင့်

http://www.dhammadownload.com

အပ်ပြီးသော၊ သမဏောဒ္ဓေသ-သာမဏေကို၊ ဥပလာပေယျဝါ-သွေးဆောင်မှုလည်း သွေးဆောင်အံ့၊ ဥပဋ္ဌာပေယျဝါ-လုပ်ကျွေးမှုလည်း လုပ်ကျွေးစေအံ့၊ သံဘုဇ္ဇေယျဝါ-အာမိသ ဓမ္မ သံဘောဂကိုမှုလည်း ပြုအံ့၊ သဟဝါသေယျ-သဟသေယျကိုမှုလည်း၊ ကပ္ပေယ္ယ-ပြုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [သတ္တမော-သော၊ သပါဏာက ဝဂ္ဂေါ-သပါဏာကဝဂ်တည်း။]

* * * * * * *

သင်လည်း ဘုရားရှင်၏ တပည့် မဟုတ်နိုင်တော့ပြီ" ဟူလို၊ အခြား သာမဏေများမှာ ရဟန်းတော်များနှင့်အတူ ၃ ညဉ့် အိပ်ခွင့်ရကြသေး၏၊ သင့်မှာ ထိုအိပ်ခွင့်မျိုး မရတော့ပြီ၊ "သင်နှင့် အတူတကွ တစ်မိုးတည်းသော ကျောင်း၌ အိပ်သော ရဟန်းမှာ အာပတ်သင့်မည်" ဟူလို။

ဧရ ပိရေ ဝိနသ-"သင်သည် ငါတို့၏ မမြင်ကွယ်ရာအရပ်သို့ သွား၍ ပျက်စီးလေတော့" ဟု ပြောဆိုရမည်၊ အဓွတဂ္ဂေမှစ၍ ဤ ဝိနသတိုင်အောင် စကားဖြင့် ထိုသာမဏေကို ဖျက်ဆီးရာရောက်သည်၊ ထို့ကြောင့် နောက်၌ "တထာနာသိတံ" ဟု ဆိုလိမ့်မည်။ ["ပိရေ" ကား ပရနှင့် အနက်တူသော (အာလုပ် အနက်ရှိသော) နိပါတ်ပုဒ်တည်း၊ ပရဟူရာ၌ သာသနာတော်၏ အတွင်းသားမဟုတ်, သူစိမ်းပြင်ပ ဖြစ်သူ-ဟု ဆိုလိုသည်၊ လူပြိန်း ဟူသည် "အဗျင်း=အန=အအ" တည်း။]

တထာနာသိတံ ။ ။တထာနာသိတံအရ ဖျက်ဆီးမှုဟူရာ၌ အရိုဋ္ဌရဟန်းကို ဖျက်ဆီးသလို အပေါင်းအသင်း မလုပ်ရအောင် ဖျက်ဆီးခြင်းဟူသော "သံဝါသနာသန" အသွင်ကိုဖျက် လူထွက်စေခြင်းဟူသော "လိင်္ဂနာသန" အပြစ်ဒဏ်ပေး၍ ဖျက်ဆီးခြင်းဟူသော "ဒဏ္ဍကမ္မနာသန" ဟု ၃ မျိုးရှိ၏၊ ထိုတွင် သာမဏေကို ဖျက်ဆီးရာ၌ ရဟန်းချင်းမဟုတ်၍ အပေါင်းအသင်းကို ဖျက်ဖွယ်မလိုရကား နှင်ဒဏ်ပေးခြင်းဟူသော "ဒဏ္ဍကမ္မနာသန" ဟုမှတ်။

ဥပလာပေယျ၊ ကပ္ပေယ္ယ -"သပိတ်ပေးမည်, သင်္ကန်းပေးမည်, စာချပေးမည်" စသည်ဖြင့် ပြောဆို၍ ထိုနှင်ဒဏ်ပေးထားသော သာမဏေကို သွေးဆောင် ခေါ်ယူလျှင်လည်းကောင်း, အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ ပြုလျှင်လည်းကောင်း, အမိုးတူသော ကျောင်း၌ တစ်ညဉ့်မျှဖြစ်စေ အတူ အိပ်လျှင်လည်းကောင်း ရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။ [အင်္ဂါကို ရှေ့ဥက္ကိုတ္တသမ္ဘောဂအတိုင်း သိလေ။]

---

http://www.dhammadownload.com

သဟဓမ္မိကဝဂ်

၁။ သဟဓမ္မိက ယော ပန ဘိက္ခု-သည်၊ ဘိက္ခုဟိ-ရဟန်းတို့သည်၊ သဟဓမ္မိက-သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်၊ ဝုစ္စမာနော-ပြောဆိုဆုံးမအပ်သော်၊ ဧवं-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိုး- အဘယ်သို့ ပြောဆိုရာသနည်း။)

အာဝုသော-အရှင်တို့၊ ယာဝ-အကြင်မျှလောက်၊ အညံ-အရှင်တို့မှ တစ်ပါးသော၊ ဗုဒ္ဓံ-ထက်မြက်သော၊ ဝိနယရေ-ဝိနည်းဓိရ်ဖြစ်သော၊ ဘိက္ခုံ-ရဟန်းကို၊ နပရိပုစ္ဆာမိ-မမေးရသေး၊ တာဝ-ထို အခြား ဝိနည်းခိုရ်ကို မမေးရသေးမီ၊ အဟံ-တပည့်တော်သည်၊ ဧတသ္မိံ သိက္ခာပဒေ-ဤသိက္ခာပုဒ်၌၊ ၄ သိက္ခိသာမိ-ကျင့်လိမ့် ဦးမည်မဟုတ်၊ ဣတိ-ဤသို့ ပြောဆိုအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

ဘိက္ခဝေ-ရဟန်းတို့၊ သိက္ခမာနေန-ကျင့်ကြံလိုသည် သာလျှင်၊ (ဟုတ္တာ-ဖြစ်၍)ဘိက္ခုနာ-ရဟန်းသည်၊ အညာတဗ္ဗံ-မသိ သိအောင် ပြုရာ၏၊ ပရိပုစ္ဆိတဗ္ဗံ-မသိလျှင်လည်း မေးရာ၏၊ ပရိ ပဥ္ဍိတဗ္ဗံ-မေးပြီးနောက်လည်း အခေါက်ခေါက် အခါခါ ကြံစည်ရာ၏၊

* * * * * * *

၁။ သဟဓမ္မိက။ ။ အနာဒရိယသိက္ခာပုဒ်၌ ဝိနည်းပညတ်တော် ဓမ္မကို မလေးစား ဂရုမစိုက်လုပ်လျှင် အာပတ် ဟု ပညတ်ခဲ့ပြီ၊ ဤသိက္ခာပုဒ်၌ကား သီတင်းသုံးဖော် ရဟန်းများက ဝိနည်းသိက္ခာပုဒ်ဖြင့် "ဤကဲ့သို့ မလုပ်သင့်ကြောင်း" ကို ပြောဆို ဆုံးမသောအခါ "ဤသိက္ခာပုဒ်ကို မကျင့်နိုင်ဘူး" ဟု တိုက်ရိုက် ပြောဆိုလိုက်လျှင် အနာဒရိယသိက္ခာပုဒ်အရ ပါစိတ် အာပတ်ကို ကြောက်သောကြောင့် တိုက်ရိုက် မငြင်းဆန်ဝံ့ဘဲ, "ဤသိက္ခာပုဒ်၌ ဤကဲ့သို့ ကျင့်ရမည်မှာ အမှန်ပင် ဖြစ်ပါသလား" ဟု ထင်ရှားသော အခြားဝိနည်းခိုရ်ကို မေးဦးမည်, ထိုကဲ့သို့ မေးမြန်း စုံစမ်းနေခိုက်မှာဖြင့် ဤသိက္ခာပုဒ်ကို မကျင့်နိုင်သေး-ဟု သွယ်ဝိုက်၍ ငြင်းဆန်သည်၊ ထိုကဲ့သို့ ငြင်းဆန်လျှင်လည်း ပါစိတ် အာပတ်ပင်ဖြစ်သည်။ [သဟဓမ္မိက ဝုစ္စမာနော ပုဒ်အဖွင့်ကို ဒုဗ္ဗစ သိက္ခာပုဒ် ပြန်ကြည့်။]

http://www.dhammadownload.com

အယ်-ဤသိအောင်ပြုခြင်း, မေးခြင်း, ကြံစည်ခြင်းသည်၊ တတ္ထ-ထိုသိက္ခာပုဒ်ကို ကျင့်လိုရာ၌၊ သာမီစိ - လောကုတ္တရာအားလျော်သော ကျင့်ဝတ်တည်း။

၂။ ဝိလေခန ယောပန ဘိက္ခု - သည်၊ ပါတိမောက္ခေ - ပါတိမောက်ကို၊ ဥဒ္ဒိဿမာနေ-ရွတ်ဆိုအပ်သော်၊ ဧवं-ဤသို့၊ ဝဒေယျ - ပြောဆိုအံ့၊ (ကိं-အဘယ်သို့ ပြောဆိုရာသနည်း၊) ဥဒ္ဒိဋ္ဌေဟိ-ရွတ်ဆိုအပ်ကုန်သော၊ ခုဒ္ဒါနုခုဒ္ဒကေဟိ-ငယ်ကုန် သာ၍ငယ်ကုန်သော၊ ဣမေဟိ သိက္ခာပဒေဟိ-ဤသိက္ခာပုဒ်တို့ဖြင့်၊ ကိं ပန-အဘယ်အကျိုး ရှိအံ့နည်း၊ (ဣမာနိ-ဤခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့သည်၊) ယာဝဒေव-အလွန်အကဲသာလျှင်၊ ကုက္ကုစ္စာယ -ကုက္ကုစ္စအကျိုးငှာလည်းကောင်း၊ ဝိဟေသာယ - ပင်ပန်းခြင်းငှာလည်းကောင်း၊ ဝိလေခါယ - စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်သော

* * * * * *

သိက္ခာမာနေန၊ ဃ၊ သာမီစိ-ဤဝါကျကား: "ရဟန်းဆိုတာ ကျင့်လိုစိတ်ရှိလျက် သိက္ခာပုဒ်ဆိုင်ရာဝယ် မသိ-သိအောင်ပြုရမည်၊ သိအောင်ပြုပါလျက် မသိလျှင်လည်း "ဤပါဠိက ဘာကို ဆိုလိုပါသနည်း, ဤပါဠိ၏ အနက်ကား ဘယ်လိုပါနည်း" စသည်ဖြင့်မေးရမည်၊ မေးပြီးနောက်လည်း အခေါ်ခေါက်အခါခါ ကြံစည်ရ-နှိုင်းချိန်ရမည်၊ ဤသို့သိအောင်ပြုမှ-မေးမြန်းမှ-နှိုင်းချိန်မှ ကို ပြုရခြင်းသည် လောကုတ္တရာရကြောင်း ကောင်းမြတ်သောအကျင့်ဖြစ်သည်" ဟု တိုက်တွန်းသောဝါကျတည်း။

အဂါ ၂ ပါး။ ။၁-ရဟန်းကပညတ်တော်ဖြင့်ပြောဆိုခြင်း, ၂-မကျင့်လိုသည့်အတွက် "နတာဝါဟံ" စသည်ကို ပြောဆိုခြင်းအားဖြင့် အဂါ ၂ ပါးတည်း။ [ဝိနည်းပညတ်တော်မှတစ်ပါးသော သုတ္တန်အဘိဓမ္မာနည်းလမ်းဖြင့် ပြောဆိုရာစသည်၌ ဤသို့သွယ်ဝိုက်၍ခြင်းဆန်လျှင် ဒုက္ကဋ်အာပတ်သင့်ကြောင်းကိုလည်း သိလေ။]

[ဏောင်] ရဟန်းချင်းက - ပညတ်ပြု၍ - ဆုံးမလေလင့်[1], မကျင့်ကြံလို-ရှောင်လွှဲဆို[2] ဟု, နဂိုကြောင်းမျှ, အင်နှစ်ဝ, သဟမ္မိကသင့်။

http://www.dhammadownload.com

ဝိစိကိစ္ဆာအကျိုးငှာလည်းကောင်း၊ သံဝတ္ထန္ဓိ-ဖြစ်ကုန်၏၊ ဣတိ-ဤသို့ ပြောဆိုအံ့၊ (ဣတိ-ဤသို့)၊ သိက္ခာပဒ ဝိဝဏ္ဏကေ-သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းကြောင့်၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

၂။ **ဝိလေခန**။ ။ ပါတိမောက်ကို တစ်ပါးပါးက ရွတ်ဆိုနေလသော် ထိုရွတ်ဆိုသံကို ကြားရသောရဟန်းက "ဤခုဒ္ဒါနခုဒ္ဒက သိက္ခာပုဒ်တွေကို ရွတ်ဆိုနေလို့ ဘာလုပ်ဦးမှာလဲ, သည် ခုဒ္ဒါနခုဒ္ဒက သိက္ခာပုဒ်တွေဟာ အလွန်.ကို ကုက္ကုစ္စ ဝိဟေသ ဝိလေခ ဖြစ်စေနိုင်သည်" ဤသို့ သိက္ခာပုဒ်ကို ကဲ့ရဲ့လျှင် ပါစိတ်အာပတ်-ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်း။

ဥဒ္ဒိဿမာနေ- ဥပုဇ္ဈ ဒိသဓာတ်သည် ရွတ်ဆိုခြင်းအနက်ကို ဟော၏၊ ထို့ကြောင့် ဆရာ့ကိုယ်တိုင် တပည့်အား ရွတ်ဆို၍ (ပို့ချ) နေသည်ဖြစ်စေ, တပည့်ကတောင်းပန်၍ ရွတ်ဆိုနေသည်ဖြစ်စေ, ထိုပါတိမောက်ကို တစ်ပါးပါးက စာပြန်သလို ရွတ်ဆိုနေသည်ဖြစ်စေ, ပါတိမောက်ပြသည့်အခါ ရွတ်ဆိုနေသည်ဖြစ်စေ ထို ရွတ်ဆိုမှုအားလုံးကိုပင် ဥဒ္ဒိဿမာနေ၌ သွင်းယူနိုင်သည်။

ခုဒ္ဒါနခုဒ္ဒကေဟိ-"ကိ ပနိမေဟိ၊ ပေ၊ သံဝတ္ထန္ဓိ" ဤဝါကျကား ထိုရဟန်း၏ ကဲ့ရဲ့ပုံကိုပြသော ဝါကျတည်း၊ ထိုဝါကျ၌ ခုဒ္ဒါနခုဒ္ဒကကို "ခုဒ္ဒ+အနုခုဒ္ဒက" ဟု ပုဒ်ဖြတ်ပါ၊ ပါရာဇိကကိုထောက်၍ သံဃာဒိသေသ်စသော သိက္ခာပုဒ်များကို ခုဒ္ဒ (ငယ်သော) သိက္ခာပုဒ်များဟု ဆိုနိုင်၏၊ ခုဒ္ဒအမည် ရပြီးသော သံဃာဒိသေသ်ကိုထောက်၍ ထုလ္လစ္စဉ်းစသော သိက္ခာပုဒ်များကို အနုခုဒ္ဒက (သာ၍ငယ်သော) သိက္ခာပုဒ်များဟုလည်း ဆိုနိုင်သည်၊ အချုပ်မှာ-သံဃာဒိသေသ်သည် ခုဒ္ဒသာမည်၍, ထုလ္လစ္စဉ်း စသည်တို့မှာ ခုဒ္ဒ+အနုခုဒ္ဒက ၂ မျိုးလုံးမည်သည် ဟု ဆိုလိုသည်။ [အကျယ်ကို ကခ်ါဋီကာသစ်မှာ ရှု။]

ယာဝဒေ- ဤပုဒ်ကို "အတိသယတ္ထ" အနက် "သံဝတ္ထန မရိယာဒ ပရိစ္ဆေဒတ္ထ" အနက်အားဖြင့် ၂ နက်ဖွင့်၏၊ နိဿယ၌ အတိသယတ္ထ ပေးခဲ့သည်၊ "ဤသိက္ခာပုဒ်များသည် အလွန်.ကို ကုက္ကုစ္စစသည့်အကျိုးငှာ ဖြစ်ကြသည်၊ ဤသိက္ခာပုဒ်များရှိသည့်အတွက် ကုက္ကုစ္စစသော မကောင်းကျိုးများ အလွန်ဖြစ်ကြရသည်" ဟု ဆိုလိုသည်။

"သံဝတ္ထန မရိယာဒ ပရိစ္ဆေဒ" ဟူသည် သံဝတ္ထန္ဓိအရသံဝတ္ထနကြိယာ၏ အပိုင်းအခြားကို ကန့်သတ်ခြင်းအနက်တည်း၊ ဤသိက္ခာပုဒ်များသည် ကုက္ကုစ္စ

http://www.dhammadownload.com

၃။ မောဟန ယော ပန ဘိက္ခု–သည်၊ အန္ဓမှာသံ – အစဉ်အားဖြင့် လခွဲတိုင်း၊ ပါတိမောက္ခေ – ပါတိမောက်ကို၊ ဥဒ္ဒိသ မာနေ–ရွတ်အပ် ပြအပ်သော်၊ ဧဝं–ဤသို့၊ ဝဒေယျ–ပြောဆိုအံ့၊ (ကိं–နည်း၊) ဣဒါနေဝ – ယခုမှသာ၊ အဟं–တပည့်တော်သည်၊ ဇာနာမိ–သိရ၏။ အယမ္ပိ ဓမ္မော–ဤ သိက္ခာပုဒ် တရားတော်သည်လည်း၊ သုတ္တာ ဂတော–ပါတိမောက် ပါဠိတော်၌ လာသည်၊ သုတ္တ ပရိယာပန္နော–

* * * * * *

တိုင်အောင် ဝိဟေသတိုင်အောင် ဝိလေခတိုင်အောင် ဖြစ်ကြ၏၊ ဤသိက္ခာပုဒ်များကြောင့် သင်အံ့လေ့ကျက် ဆောင်ရွက်ရသော ဒုက္ခမှစ၍ ကုက္ကုစ္စ ဝိဟေသ ဝိလေခအထိ မကောင်းကျိုးများကိုရကြသည်–ဟု ဆိုလိုသည်၊ ယာဝဒေဝ၌ ဧဝကား ထို မကောင်းကျိုးမှတစ်ပါး: ကောင်းကျိုးမရှိ–ဟု ကန့်သည်။ ["ယာဝ ဒေဝ ကုက္ကုစ္စာယ–ကုက္ကုစ္စတိုင်အောင်သော အကျိုးငှာသာလျှင်" စသည်ဖြင့် ယာဝဒေဝကို ၃ ပုဒ်လုံး လိုက်၍ပေး။]

ကုက္ကုစ္စာယ၊ ဝေ၊ ဝိလေခါယ–သိက္ခာပုဒ်များ: ရှိသည့်အတွက် "ငါ ပြုလုပ်သောအမှုသည် အပ်မှ အပ်ပါ့မလား:, မအပ်ဘဲများ: နေမလား:" ဟု ကြံစည်၍ နှလုံးမသာမယာ ဖြစ်နေမှုကို ကုက္ကုစ္စဟုခေါ်၏၊ ထိုသို့ ကြံစည်၍ စိတ်ပင်ပန်းနေမှုကို "ဝိဟေသာ" ဟု ခေါ်၏၊ ထိုသို့ ယုံမှားသံသယ ဝိစိကိစ္ဆာ ဖြစ်စေမှုကို "ဝိလေခါ" ဟု ခေါ်သည်။ [မနော=စိတ်ကို+ဝိလေခါ=ရေးခြစ်သကဲ့သို့ ဖြစ်ခြင်း။]

အဂ်ါ ၂ ပါး။ ။ ၁–ကဲ့ရဲ့လိုခြင်း, ၂–ရဟန်း၏ အနိုင်၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းအားဖြင့် အဂ်ါ ၂ ပါးတည်း။ [လူသာမဏေ၏အနိုင်၌ သိက္ခာပုဒ်ကို ဖြစ်စေ ရဟန်းနှင့်လူသာမဏေတို့အထံ၌ သိက္ခာပုဒ်မှတစ်ပါး: အခြားသောပါဠိ အဋ္ဌကထာဓမ္မကိုဖြစ်စေ ကဲ့ရဲ့လျှင် ဒုက္ကဋ်။]

[ဆောင်] ကဲ့ရဲ့လိုလျှင်:, ရဟန်းချင်း၏–ထံရင်းနီးပါး:–သိက္ခာများထိ–ကဲ့ရဲ့မိချေ, အင်နှစ်ထွေ, ဝိလေခနသင့်။

၃။ မောဟန။ ။ ဤ သိက္ခာပုဒ်၌ အချုပ်ကား–ရဟန်းတစ်ပါးသည် မကြာမီက သိက္ခာပုဒ် တစ်ပါးပါးကို ကျူးလွန်ခဲ့၏၊ ထို့နောက် ဥပုသ်နေ့၌ ပါတိမောက်ပြသည့်အခါ "မကြာမီက မသိလို့ သိက္ခာပုဒ်ကိုကျူးလွန်ခဲ့သည်၊

http://www.dhammadownload.com

ပါတိမောက် ပါဠိတော်၌ အကျူးဝင်သည်၊ (ဟုတ္တာ-ဖြစ်၍၊) အနုမ မာသံ - လခွဲတိုင်း၊ ဥဒ္ဒေသ-ရွတ်ပြအပ်သည်၏အဖြစ်သို့၊ အာဂစ္ဆတိ ကိရ-ရောက်သတဲ့၊ ဝါ-ရောက်, ဆိုပါတကား၊ ဣတိ-ဤသို့ ပြောဆိုအံ့။

တံ ဘိက္ခုံ-ထိုရဟန်းကို၊ အညေ-တစ်ပါးကုန်သော၊ ဘိက္ခူ-ရဟန်းတို့သည်၊ ဒွတ္တိက္ခတ္တုံ-၂ ကြိမ် ၃ ကြိမ်၊ ပါတိမောက္ခေ-ပါတိမောက်ကို၊ ဥဒ္ဒိဿမာနေ-ရွတ်အပ်ပြအပ်စဉ်၊ ဣမိနာ ဘိက္ခုနာ-ဤ ရဟန်းသည်၊ နိသိန္နပုဗ္ဗံ - ဥပုသ်ပြုသ်ယာတွင် ပါဝင်နေထိုင်အပ်ဖူးသည်ကို၊ စေ ဇာနေ

* * * * * *

သိများသိလျှင် ကျူးလွန်မှာ မဟုတ်" ဟု အခြား ရဟန်းတို့က သူ့အပေါ် တွေးကြ ထင်ကြ ညှာတာကြအောင် ..... "တပည့်တော်သည် ယခုမှ သိရ ပါတယ်, ဤသိက္ခာပုဒ်လည်း ပါတိမောက်မှာ လာ၍ ပါတိမောက်ပြရာတွင် ပါဝင်သကိုး" ဟု ပြောဆိုလေသည်။

သို့သော် အခြားရဟန်းများက "ထိုရဟန်းသည် ရှေးရှေး ပါတိမောက်ပြရာအခါတွင် ၂ ကြိမ် ၃ ကြိမ် သံဃာများနှင့်အတူ ပါဝင် နေတိုင်ဖူးပြီ" ဟု သိကြလျှင် (၂ ကြိမ် ၃ ကြိမ်ထက်ပင်ပို၍ ပါဝင်ဖူးသည်-ဟု သိလျှင်ကား ပြောဖွယ်မရှိပြီ၊) ထိုရဟန်းမှာ ရှေးတုန်းက ကျူးလွန်ခဲ့သော အပြစ်အတွက် အာပတ်ကို ကုစားစေ၍, ထို့ထက် အလွန် "တဿ တေ အာဝုသော အလာဘာ" စသော စကားဖြင့် ကဲ့ရဲ့ ရွတ်ချပြီးနောက် မောဟကံသို့ တင်ရမည်။ ["ဣမိနာ ဘိက္ခုနာ" ဟု ရှိသောကြောင့် "နိသိန္နပုဗ္ဗံ-နေထိုင်အပ်ဖူးသည်ကို" ဟု ကံအနက် ပေးလိုက်ရသည်၊ စာသွား မကောင်းလှ၊ "ဣမိနာ ဘိက္ခုနာ" မပါမှ သာ၍ စာသွားလှမည်။]

ထို မောဟကံသို့ တင်အပ်ပြီးသော အခါ ထပ်၍ "ဣဒါနေဝခေါ အဟံ ဇာနာမိ"စသော စကားမျိုးကိုပြောကာ မသိလို့ ပြုမိလေဟန် ဆောင်ပြန်လျှင် ပါစိတ်အာပတ်သင့်သည်။ [မောဟကံသို့ မတင်မီ မသိဟန်ဆောင်ခြင်းကြောင့်ကား ဒုက္ကဋ်အာပတ်သာ သင့်၏၊ မောဟကံသို့ တင်သည့်အခါ ဥတ်ကမ္မဝါစာဖြင့် တင်ရသည်၊ ထို တင်ပုံကို ဤသိက္ခာပုဒ် ပါဠိတော်ရင်းမှာ ရှု။]

အနုမာသံ၊ ပေ၊ ဥဒ္ဒိဿမာနေ-အနု+အမုမာသံ၌ အနု သဒ္ဒါသည် အစဉ်အတိုင်းဟူသော အနက်ကို အတွင်းပြု၍ ဝိဘာအနက်ကိုဟောသည်၊ ထို့ကြောင့် "**အစဉ်အားဖြင့် လခွဲတိုင်း**" ဟု အနက်ပေးသည်၊ ဥဒ္ဒိဿမာနေ

http://www.dhammadownload.com

ယျ၊- အကယ်၍ သိကုန်အုံ၊ ဘိယျော-၂ ကြိမ် ၃ ကြိမ်ထက် အလွန် ပါဝင်ဖူးမှကား၊ ကောပနဝါဒေါ-ဘာပြောဖွယ် ရှိတော့အုံ့နည်း။

စ-ဆက်ဦးအုံ၊ တသ ဘိက္ခုနော-၏၊ အညာဏကေန-မသိဟန် ဆောင်ခြင်းကြောင့်၊ မုတ္တိ-အာပတ်မှ လွတ်ခြင်းသည်၊ နိ အတ္ထိ - မရှိ၊ တတ္ထ-ထိုသိက္ခာပုဒ်ကို လွန်ကျူးခဲ့ရာ၌၊ ယဿ အာပတ္တိ-အကြင် အာပတ်သို့လည်း၊ အာပန္နော-ရောက်ပြီ၊ တဿ-ထို အာပတ်ကိုလည်း၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ ဓမ္မော - တရားတော်သည်၊ (ဌိတော-တည်ရှိ၏၊ တထာ- ထို အခြင်းအရာအားဖြင့်၊) ကာရေတဗ္ဗော-ပြုစေထိုက်၏၊ ဝါ-ကုစားစေထိုက်၏၊ ဥတ္တရိစ-ယထာဓမ္မ ကာရဏထက် တိုးတက်၍လည်း၊ တသ - ထိုရဟန်း၏ (အပေါ်သို့)၊ မောဟော-မောဟက်ကို၊ အာရောပေတဗ္ဗော-တင်ထိုက်၏၊ (ကိ-အဘယ်သို့ကဲ့ရဲ့၍ တင်ထိုက်သနည်း။)

* * * * * *

အရ ရှေ့သိက္ခာပုဒ်၌ကဲ့သို့ သင်အံ ပို့ချခြင်းကို မယူရ, ဥပုသ်ပြုသည့်အခါ ပါတိမောက်ပြခြင်းကို ယူရမည်၊ ဥဒ္ဒိသမာနေဟု ပစ္စုပ္ပန်အနက်ဟော မာန ပစ္စည်းဖြင့် ဆိုထားသော်လည်း ပါတိမောက်ပြတုန်း လောလောဆယ်ကို မယူရ၊ ပါတိမောက် ပြပြီးနောက်မှ ပြောဆိုသည်-ဟု ယူရမည်၊ ဘာ့ကြောင့်နည်း ... သင့်အပ်ပြီးသော အာပတ်ကို ကုစားစေခြင်း မောဟက်သို့တင်ခြင်းကိစ္စတို့ကို ထို ရဟန်းပြော၍ မကြာခင်ပင် ပြုခွင့်ရှိ၍ ထိုကိစ္စများကိုလည်း ပါတိမောက် ပြတုန်းဝယ် ပြုဖို့ရန် မလွယ်ကူသောကြောင့်တည်း။

ယဿ တတ္ထ၊ ဃ၊ ကာရေတဗ္ဗော-တတ္ထ၏ အစွဲကို ရှေးတုန်းက (ပါတိမောက် မပြမီက) သူပြုကျင့်ခဲ့သော လွန်ကျူးမှုကို စွဲရမည်၊ ပါတိမောက်ကို (ယခု အကြိမ်) မနာမီ ရှေးက လွန်ကျူးခဲ့သော အပြစ်များအတွက် မသိ၍ ပြုခဲ့မိဟန် ဆောင်သော်လည်း အာပတ်မှ မလွတ်, ဆိုင်ရာ ဝိနည်းတရားတော်အတိုင်း ထိုအာပတ်ကို ကုစားစေရမည်။

ဥတ္တရိစသ၊ ဃ၊ အာရောပေတဗ္ဗော-[ယထာဓမ္မ = ဝိနည်း တရားတော်အတိုင်း+ကာရဏ = ပြုစေခြင်း၊] ဆိုင်ရာအာပတ်ကို ကုစားစေရုံမက, မောဟက်သို့လည်း တိုး၍တင်ရမည်၊ "နောက်ထပ် မောဟက်ပြုရမည်" ဟုလို။

http://www.dhammadownload.com

အာဝုသော-ငါ့ရှင်၊ ယံ တွံ-အကြင်သင်သည်၊ ပါတိမောက္ခေ-ကို၊ ဥဒ္ဒိဿမာနေ - ရွတ်အပ် ပြအပ်စဉ်၊ သာဓုကံ - ကောင်းမွန်စွာ၊ အဋ္ဌိ ကတွာ-အကျိုးရှိသည်ကိုပြု၍၊ နု မနသိကရောသိ-နှလုံးမသွင်း၊ တဿ တေ-ထိုသင်သည်၊ အလာဘာ-ဒိဋ္ဌမမြိုက သမ္မရာယိကလာဘ်တို့ကို မရ အပ်လေကုန်စွ၊ တဿ တေ-ထိုသင်သည်၊ (မနုဿတ္တံ-ကံကောင်း ထောက်မသဖြင့် ရအပ်သော လူ့အဖြစ်ကို၊) ဒုလ္လဒ္ဓံ-မကောင်းသဖြင့် ရအပ်လေစွ၊ ဝါ-အရ မတော်လေစွ၊ ဣတိ-ဤသို့ ကဲ့ရဲ့ပြီး၍ မောဟက်သို့ တင်ထိုက်၏၊ တသ္မိံ မောဟနကေ-ထိုမသိဟန်ဆောင်သော ပုဂ္ဂိုလ်၌၊ ဣဒံ ပါစိတ္တိယံ-ဤ ပါစိတ်အာပတ်သည်၊ ဟောတိ-၏။

* * * * * *

တဿတော၊ ပေ၊ မနသိ ကရောသိ -ဤ ဝါကျကား မောဟက် မတင်မီ ပြောဆိုရမည့်စကားတည်း၊ ထိုဝါကျ၌ နိဿယလာ အနက်များကို အမိပ္ပါယ် ပေါ်အောင် အဋ္ဌကထာဖွင့်အတိုင်း ပေးထားသည်၊ အဋ္ဌိ ကတွာ၌ သမာသ် မဟုတ်, အဋ္ဌိ တစ်ပုဒ် ကတ္တာတစ်ပုဒ်တည်း၊ "အတ္ထော ယဿ အတ္ထိတိ အဋ္ဌိ" ဩ ကို ဋ (ရ ဋ ဆင့်လျက်) ပြုထားသည်၊ ပါတိမောက်ကို ကောင်းစွာ နှလုံးသွင်း၍ နာခြင်းကြောင့် ရအပ်သော ဒိဋ္ဌမမျှကျိုး သမ္မရာယိက (တမလွန်ကျိုး) ရှိသူကို အဋ္ဌိဟု ဆိုသည်၊ မိမိကိုယ်ကို ထိုအကျိုး ၂ မျိုးရှိသူဖြစ်အောင် ပြုလုပ်၍ မနာယူဘူး-ဟူလို။ [အဋ္ဌိကပုဒ်နောင် တွာပစ္စည်းကြ၍ ပါစိတ္တာဒီယောဇနာ ၌ တစ်နည်း ဖွင့်သေး၏။]

အဂါ ၄ ပါး။ ။ ၁-မောဟက်သို့ တင်ပြီးခြင်း, ၂-ထိုတင်ပြီးနောက် မသိဟန်ဆောင်လိုသောစိတ် ဖြစ်ပြန်ခြင်း, ၃-ပါတိမောက် အကျယ်ပြသည်ကို ၂ ကြိမ် ၃ ကြိမ်မျှ ကြားမူးခြင်း, ၄-မသိဟန်ဆောင်ခြင်းအားဖြင့် အဂါ ၄ ပါးတည်း။ [(၃) အဂါအရ ရဟန်းဖြစ်ခါစ ဖြစ်၍ ပါတိမောက် အကျယ်ပြ သည်ကို ၂ ကြိမ် ၃ ကြိမ် မနာမူးသေးလျှင် မောဟက်သို့ မတင်ရ၊ လွန်ကျူး မိသော အာပတ်ကိုကား တရားအတိုင်း ကုစားစေရမည်သာ၊ ၂ ကြိမ်၃ ကြိမ် နာမူးစေကာမူ အကျဉ်းပြကိုသာ နာမူးလျှင်လည်း မောဟက်သို့ မတင်ရ။]

[ဆောင်] မောဟက်တွင်-တင်ပြီးလျှင်သား[1], မသိချင်ဟန်-ဆောင်လို ပြန်ခါ[2], နှစ် - သုံးခါမျှ - အကျယ်ပြကို-နာရလေဘိ[3], မသိ ဟန်ပြု[4], အင်လေးခု, သင့်မှ မောဟန။

http://www.dhammadownload.com

၄။ ပဟာရ ယောပန ဘိက္ခု – သည်၊ ဘိက္ခုဿ – ရဟန်းအား၊ ကုပိတော–စိတ်ဆိုးသည်၊ အနတ္တမနော–မိမိစိတ် မရှိသည်၊ (ဟုတ္တာ–၍၊) ပဟာရံ–ပုတ်ခတ်ခြင်းကို၊ ဒဒေယ္ယ–ပေးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၅။ တလသတ္တိက ယော ပန ဘိက္ခု – သည် ဘိက္ခုဿ – ရဟန်း၏ (အပေါ်၌)၊ ကုပိတော အနတ္တမနော (ဟုတ္တာ) တလသတ္တိကံ–လုံ့၏ အလား, လက်ဝါးပြင်ကို၊ ဥဂ္ဂိရေယ္ယ–မြှောက်အံ့၊ ဝါ–မိုးအံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

၄။ ပဟာရ။ ။ စိတ်ဆိုး၍ ရဟန်းအား ရိုက်နှက် ပုတ်ခတ်လျှင် ပါစိတ်၊ သေစေလိုသော စေတနာမရှိလျှင် ရိုက်သည့်အတွက် သေစေကာမူ ပါစိတ်ပင်၊ နဂိုကပင် အင်္ဂါချို့ယွင်းစေလို၍ နှိပ်စက်မှု ဒုက္ခင့် ဟူ၏၊ လူသာမကောကို ရိုက်နှက်ရာ၌ကား ဒုက္ခင့်ချည်းသာ၊ သို့ရာတွင် ရန်သူတို့က နှိပ်စက်လာသဖြင့် သူတို့ဘေးမှ လွတ်မြောက်အောင် ကာကွယ်ရာ၌ ရိုက်မိစေကာမူ လက်လွန်၍ သေစေကာမူ အနာပတ္တိ၊ အင်္ဂါကား ၁–စိတ်ဆိုးခြင်း, ၂–လွတ်မြောက်အောင် ကာကွယ်သော အရာမဟုတ်ခြင်း, ၃–ရဟန်းအား ပုတ်ခတ် ရိုက်နှက်ခြင်းတည်း။

[ဆောင်] စိတ်ဆိုးလေ၍[1], လွတ်မြောက်စေ့ဌာ–ကွယ်ကာမဟုတ်[2], ရိုက်ပုတ်သတ်ညှင်း–ရဟန်းချင်း[3] ဟု, ကြောင်းရင်း–သုံးဝ, အင်စုံက, ပဟာရ ပါစိတ်သင့်။

၅။ တလသတ္တိက။ ။ [သတ္တိ=လုံ့+က=တူသည်၊ သတ္တိက=လုံ့နှင့် တူသော+တလ=လက်ဝါးပြင်။] လုံ့သည် ထိုးဆွစရာဖြစ်သကဲ့သို့ လက်ဝါးအပြင်လည်း ရိုက်ပုတ်စရာ ဖြစ်သည်၊ လက်ဝါးအပြင်ကို ဥပလက္ခဏာနည်းဖြင့် မှတ်၍ ပြောဆိုထားသည်၊ လက်ဝါးသာ မက, ခြေ ဒူး စသော ကိုယ်အင်္ဂါ အစိတ်များကိုပါ တလသတ္တိကအရ ယူရမည်။

ရိုက်မည်–ဟု မကြံဘဲ ခြိမ်းခြောက်သောအားဖြင့် ရဟန်း၏ အပေါ်၌ လက်ဝါးကြီး တမိုးမိုး, လက်သီး တရွယ်ရွယ်, ခြေတရမ်းရမ်း, တုတ်ဓားတပြပြ လုပ်လျှင် ပါစိတ်၊ ထိုကဲ့သို့ ခြိမ်းခြောက် ရွယ်မိုးရာ၌ မချိန်ဆနိုင်၍ လက်လွန် (အားလွန်) သွားလျှင် (ရိုက်မိလျှင်) ဒုက္ခင့် ဟူ၏၊ ဤ၌လည်း ရန်သူက ရန်မှ

http://www.dhammadownload.com

၆။ အမူလက ယော ပန ဘိက္ခု-သည် ဘိက္ခု-ကို၊ အမူလကေန-သော၊ သံယာဒိသေသေန-သံယာဒိသေသ် အာပတ် ဖြင့်၊ အနုဒ္ဓံသေယျ-အုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

၇။ သဠီစ ယော ပန ဘိက္ခု-သည်၊ ဘိက္ခုဿ-ရဟန်း၏၊ သဠီစ-သညာနှင့်တကွ စေ့ဆော်၍၊ ကုက္ကုစ္စံ-ကုက္ကုစ္စကို၊ ဥပဒဟေယျ-ဖြစ်စေအုံ့၊ (ကိं-အဘယ်သို့ ရည်ရွယ်၍ ဖြစ်စေသနည်း၊) ဣတိ-ဤသို့ ဖြစ်စေရလျှင်၊ အဿ-ထို ရဟန်း၏၊ မုဟုတ္တမ္ပိ-တမုဟုတ်မျှလည်း၊ အဖာသု-မချမ်းသာမှုသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ဣတိ-ဤသို့ ရည်ရွယ်၍၊ ဧတဒေဝ-ဤစိတ်မချမ်းသာ စေလိုခြင်းကိုသာလျှင်၊ ပစ္စယံ-အကြောင်းကို၊ ကရိတ္တာ - ပြု၍၊ အနည် - အခြား အကြောင်း မရှိဘဲ၊ (ဥပဒဟေယျ-အုံ့၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

လာသဖြင့် လွတ်မြောက်လို၍ ရွယ်မိုးလျှင် အနာပတ္တိ၊ အဂ်ါမှာ ရှေ့သိက္ခာပုဒ် အတိုင်း ၃ ပါးပင်၊ သို့သော် "ပုတ်ခတ် ရိုက်နှက်"နေရာဝယ် "ရွယ်မိုးခြင်း" ကို လဲလှယ်ရမည်။

၆။ အမူလက။ ။ ဤသိက္ခာပုဒ်လာ မှတ်ဖွယ်များကို သံယာဒိသေသ်၌ ပြခဲ့သော အမူလကသိက္ခာပုဒ်အတိုင်း သိနိုင်ပြီ၊ ထို၌ ပါရာဇိကဖြင့် စွပ်စွဲခြင်း၊ ဤ၌ သံယာဒိသေသ်ဖြင့် စွပ်စွဲခြင်းသာ ထူးသည်၊ အဂ်ါမှာ ၁-စွပ်စွဲခံရသူ၏ ရဟန်း ဖြစ်ခြင်း၊ ၂-သံယာဒိသေသ်၏ အမူလက ဖြစ်ခြင်း၊ ၃-စွပ်စွဲခြင်း၊ ၄-ထို စွပ်စွဲပြီး ခဏ၌ သိခြင်းအားဖြင့် ၄ ပါးတည်း။

[ဆောင်] ရဟန်းဖြစ်ဘိ[1]၊ သံယာဒိသ-အမူလဖြင့်[2]၊ စွပ်စွဲလင့်သား[3]၊ ချက်ခြင်းအားပင်၊ သိနိုင်လျှင်ဟူ[4]၊ အင် လေး ဆူ၊ အ-မူ ပါစိတ်သင့်။

၇။ သဠီစ ။ ။ [ငါပြောလိုက်လျှင် သူစိတ်မချမ်းသာ ဖြစ်လိမ့်မည်-ဟု သိသောသညာကို သဠီစ၌ သံအရ "သညာနှင့်တကွ" ဟု ဆိုသည်။] "ကိုယ်တော်ရဟန်းခံခဲ့တာ အသက် ၂၀ မပြည့်ဘူးထင်တယ်, ဆွမ်းဘုဉ်းပေးတုန်းကို နေလွဲတယ် ထင်တယ်" စသည်ဖြင့် ပြောလိုက်လျှင် အပြောခံရသော ရဟန်းမှာ "ရဟန်းမှ ဖြစ်ပါ့မလား" စသည်ဖြင့် ယုံမှား သံသယဖြစ်၏၊ ထို သံသယကိုပင် ဤသိက္ခာပုဒ်၌ "ကုက္ကုစ္စ" ဟု ခေါ်သည်။

http://www.dhammadownload.com

၈။ ဥပသုတိ

ယော ပန ဘိက္ခု–သည်၊ ဘဏ္ဍနဇာတာနံ–ဖြစ်သော မိမိတို့ဘက်တွင် တိုင်ပင်ခြင်း ရှိကုန်သော၊ ကလဟ ဇာတာနံ–ဖြစ်သော ခိုက်ရန်ရှိကုန်သော၊ ဝိဝါဒါပန္နာနံ–ငြင်းခုံခြင်းသို့ ရောက်ကုန်သော၊ ဘိက္ခူနံ–ရဟန်းတို့၏၊ ဥပသုတိ – တိုင်ပင်သံ၏အနီး

* * * * * *

ထိုကဲ့သို့ ကုက္ကုစ္စဖြစ်နေအောင်ပြောဆိုအံ့၊ ပြောဆိုရာ၌လည်း "ယခုလို ပြောလျှင် သူ့မှာ ကုက္ကုစ္စဖြစ်ကာ တစ်မုဟုတ် (တစ်ခဏ) လောက်ဖြစ်စေ, စိတ်နှလုံး မချမ်းသာခြင်းဖြစ်လိမ့်မည်" ဟု ရည်ရွယ်ချက်ထားအံ့၊ ဤသို့ ကုက္ကုစ္စ ဖြစ်စေလိုသော ရည်ရွယ်ချက်မှတစ်ပါး အခြားအကြောင်း မရှိမူ ပါစိတ်၊ တကယ်ပင် အသက်မစေ့ဘူးထင်၍ နောင်ခါ ထိုရဟန်း၌ သံသယဖြစ်မည်စိုး သောကြောင့် အကျိုးလိုသောစိတ်ဖြင့် ပြောလျှင်ကား ထိုရဟန်းမှာ ကုက္ကုစ္စ ဖြစ်သော်လည်း အနာပတ္တိ။

အင်္ဂါ ၃ ပါး။ ။၁–ပြောဆိုအပ်သူကရဟန်းဖြစ်ခြင်း,၂–စိတ်မချမ်းသာ စေလိုခြင်း, ၃–ကုက္ကုစ္စဖြစ်စေခြင်း, (ကုက္ကုစ္စဖြစ်အောင် ပြောဆို–စာရေး ခြင်း) အားဖြင့် အင်္ဂါ ၃ ပါးတည်း။ [ထိုသို့ ကုက္ကုစ္စဖြစ်အောင် ပြုလုပ်ရာ၌ ထိုသူ့မှာ ကုက္ကုစ္စဖြစ်ဖြစ်–မဖြစ်ဖြစ် အာပတ်သင့်သည်။]

[ထောင်] ချင်းချင်းရဟန်း[1], စိတ်မချမ်းစေ–လိုဆိုးထွေလျက်[2], ဖြစ်စေ ကုက္ကုစ္စ[3], အင်သုံးဝ, သဒ္ဓိစ္စ ပါစိတ်သင့်။

၈။ ဥပသုတိ။ ။**တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်နေကြရာဝယ် တခြား** တစ်ဖက် ရဟန်းတို့၏ တိုင်ပင်သံကို သက်သက်ကြားလိုသဖြင့် ချောင်း၍ နား ထောင်လျှင် ပါစိတ်။ [နားထောင်ဟူရာ၌ သွား၍နားထောင်ခြင်းသာ မက, မိမိနေထိုင်ရာအနီးသို့ မိမိရှိမှန်းမသိ၍ တိုင်ပင်ရန်လာကြလျှင် မိမိရှိကြောင်းကို သိအောင် အသံပြုရမည်၊ 'အ'သံမပြုဘဲ နားထောင်နေလျှင်လည်း ပါစိတ်။]

ဘဏ္ဍန၊ ဃ၊ ဝိဝါဒါပန္နာနံ။ ။ "သူတို့က သည်လိုပြောလျှင် ငါတို့က သည်လိုပြောမည် ချေပမည်" စသည်ဖြင့် မိမိတို့ဘက်သားချင်း တိုင်ပင်မှုကို "ဘဏ္ဍန" ဟုခေါ်၏၊ တစ်ဖက်နှင့်တစ်ဖက် ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, ထိခိုက်၍ ရန်ဖြစ်ခြင်းကို "ကလဟ=ခိုက်ရန်" ဟုဆိုသည်၊ "သူ့ဘက်က မှန်သည်, ငါ့ဘက်က မှန်သည်" စသည်ဖြင့် ဝိဝါဒါဓိကရဏ်း ဖြစ်လျက်

http://www.dhammadownload.com

ၨ၌၊ ဝါ-တိုင်ပင်သံကို ကြားလောက်ရာအရပ်ၨ၌၊ တိဋ္ဌေယျ-တည်နေအုံ့၊ (ကိ-အဘယ်သို့ကြို့၍ တည်နေသနည်း၊) ဣမေ - ဤရဟန်းတို့သည်၊ ယံ-အကြင်စကားကို၊ ဘဏိဿန္တိ-ပြောဆိုကုန်လတ္တံ့၊ တံ-ထိုစကားကို၊ သောသာမိ-နားထောင်အုံ့၊ ဣတိ-ဤသို့ကြို့၍၊ ဧတဒေဝ-ဤနားထောင်လိုခြင်းကိုသာလျှင်၊ ပစ္စယံ-ကို၊ ကရိတ္တာ-၍၊ အနည်-အခြားအကြောင်းမရှိဘဲ၊ (တိဋ္ဌေယျ-အုံ့၊) တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

တစ်ဖက်နှင့်တစ်ဖက် ငြင်းကြ-ငြင်းကြရင်းပင် အလွန်ဒေါထ၍ ခုန်ကြခြင်းကို "ဝိဝါဒါပန္နေ=ငြင်းခုန်ခြင်း" ဟု ဆိုသည်။

ဥပသုတိ -"သူယတိ-ကြားအပ်၏" ဟူသော ဝစနတ္ထအရ အသံကို "သုတိ" ဟု ခေါ်၏၊ သုတိယာ-ကြားအပ်သော အသံ၏၊ သမီပံ-သည်၊ ဥပသုတိ-မည်၏၊ အသံ၏အနီးဟူသည် အသံကို ကြားလောက်ရာအရပ်တည်း။ [ဋီကာ၌ တစ်နည်းဖွင့်သော်၏၊] ဥပသုတိသည် အဗျယီဘောသမာသ်တည်း၊ ထို့ကြောင့် "အညသ္မာ လောပေါ စ" သုတ်ဖြင့် သို့ ဝိဘတ်ကိုချေ၍ ဥပသုတိဟု ပုဒ်ရင်းရှိသည်၊ သို့ရာဝယ် အချို့အရာ၌ "စက္ခုံ ဥဒပါဒိ, တတော စေ ဥတ္တရိ" ကဲ့သို့ ဝါစာသိလိဋ္ဌ နိဂ္ဂဟိတ်လာ၍ "ဥပသုတိ" ဟုလည်းရှိသည်။

ယံ ဣမေ၊ ဃ၊ သောသာမိ -ဤဝါကျကား ချောင်း၍ နားထောင်ရာ၌ နားထောင်သူ၏ ရည်ရွယ်ချက်ကိုပြသော ဝါကျတည်း၊ သို့ရာတွင်ထိုဝါကျရှိရင်းအတိုင်း နားထောင်လိုရုံသက်သက် မဟုတ်, နားထောင်ပြီးလျှင် သူတို့စကားအရ စောဒနာမည်-ဟု ရည်ရွယ်ချက်လည်းရှိမှ အာပတ်သင့်သည်၊ စောဒနာလို၍ မဟုတ်ဘဲ, သူတို့စကားကိုကြားလျှင် "ထိုအဓိကရဏ်းမှ မိမိလွတ်အောင်ရှောင်မည်၊ အဓိကရဏ်းကို ငြိမ်းစေမည်" စသော ကောင်းသောစိတ်ဆန္ဒဖြင့်, ချောင်း၍နားထောင်လျှင် အနာပတ္တိ။ [၁-ရဟန်းများဖြစ်ခြင်း, ၂-စောဒနာလိုခြင်း, ၃-နားထောင်ခြင်းအားဖြင့် အင်္ဂါ ၃ ပါးတည်း။]

[ထောင်] ရဟန်းများဖြင့်, တိုင်ပင်လေရာ[1], စောဒနာလိုခြင်း[2], နားထောင်ခြင်း[3] ဟု ကြောင်းရင်း သုံးရပ်, အင်စုံလတ်, ဥပသုတိသင့်။

---

http://www.dhammadownload.com

ယော ပန ဘိက္ခု – သည်၊ ဓမ္မိကာနံ – တရား
၉။ ကမ္မပတိဗာဟန ရှိကုန်သော၊ ဝါ–တရားသဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနိ–ကံတို့ဖို့၊ ဆန္ဒ – ဆန္ဒကို၊ ဒတ္တွာ – ပေးပြီး၍၊ ပစ္ဆာ – နောက်၌၊ ခီယနဓမ္မံ – ရွှတ်ချခြင်းသဘောသို့၊ အာပဇ္ဇေယ္ယ – ရောက်အံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

၉။ ကမ္မပတိဗာဟန။ ။ [ကမ္မ=ကံ+ပတိဗာဟန=တားမြစ်ခြင်း။] ကံပြုဖို့ရန် သဘောတူ ဆန္ဒပေးပြီးနောက် ထိုကံကို ရွှတ်ချပြစ်တင်လျှင် ထိုကံကို တားမြစ်ရာရောက်၍ "ကမ္မပတိဗာဟနသိက္ခာပုဒ်" ဟု နာမည်တပ်သည်။

ဓမ္မိကာနံ ကမ္မာနံ–ဘေသေ–ဤကံတို့၌၊ ဓမ္မော–တရားသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ ဓမ္မိကာနိ–တို့မည်၏၊ ဝိနည်းတရားနှင့်အညီ ပြုအပ်သော ကံများကို "ဓမ္မိက=တရားရှိသောကံ" ဟု ခေါ်၏၊ ထိုကံများကား–အပလောကနကံ–ဥ တ္တိကံ–ဥ တ္တိဒုတိယကံ–ဥ တ္တိ စတုတ္ထကံအားဖြင့် ၄ ပါးရှိ၏။

အပလောကန။ ။ သံဃာစည်းဝေးပြီးနောက် ဆိုင်ရာအကြောင်းကို ပြောပြ၍ ပါဠိလို "ရစ္ဆတိ သံဃသ" ဟု ဖြစ်စေ, မြန်မာလို "သံဃာတော်အား နှစ်သက်ပါ၏လော, သို့မဟုတ် သံဃာတော်က နှစ်သက်ကြပါရဲ့လား" ဟု ဖြစ်စေ ၃ ကြိမ်တိုင်တိုင် ပြော၍ ပြုအပ်သော ကံကို "အပလောကနကံ" ဟု ခေါ်၏၊ ကဏ္ဍကသိက္ခာပုဒ်၌ ပြအပ်ခဲ့သော ကဏ္ဍကသာမဏေကို နှင်ထုတ်ကြောင်း ကံသည် ဤ အပလောကနကံ ပင်တည်း၊ ယခုကာလ၌ မတသန္ဓကသင်္ကန်း စသော သံဃိကပစ္စည်းကို တစ်ခုတစ်ယောက်အား ပေးလိုရာ၌ဖြစ်စေ, ပစ္စည်းဝေဖန်ရန် သမ္မုတိပေးရာ၌ဖြစ်စေ, ဤ အပလောကနကံကို အသုံးပြုကြသည်။

ဥ တ္တိကံ သည် ။ ဥတ်တစ်ကြိမ်တည်းဖြင့် ပြုအပ်သော ဥပသမ္ပဒါ ရဟန်းကံ စသည်သည် ဥ တ္တိကံ မည်၏၊ ဥတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ်ဖြင့် ပြုအပ်သော ကထိနစီဝရဒါနကံ သီမာသမ္မုတိကံ စသည်တို့သည် ဥ တ္တိဒုတိယကံတို့ မည်၏၊ ဥတ်တစ်ကြိမ် ကမ္မဝါစာ ၃ ကြိမ်ဖြင့် ပြုအပ်သော ဥပသမ္ပဒကံ စသည်တို့သည် ဥ တ္တိစတုတ္ထကံ မည်၏။ [ဥ တ္တိဒုတိယ=ဥတ်လျှင် ၂ ကြိမ်မြောက် ရှိသောကံ။]

http://www.dhammadownload.com

ယော ပန ဘိက္ခု – သည်၊ သံဃေ – သံဃာ၌၊

၁။ ဆန္ဒ အဒတ္တာဂမန ဝိနိစ္ဆယ ကထာယ – ဆုံးဖြတ်ကြောင်း စကားသည်၊ ဝတ္တမာနာယ – ဖြစ်နေစဉ်၊ ဆန္ဒ–ဆန္ဒကို၊ အဒတ္တာ–မပေးဘဲ၊ အာသနာ–နေရာမှ၊ ဥဋ္ဌာယ–ထ၍၊ ပက္ကမေယျ–ဖဲသွားအုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

အဂါ ၃ ပါး ။ ။ ၁–ဓမ္မက်ဖြစ်ခြင်း, ၂–ဓမ္မက်ဟု အမှတ်ရှိခြင်း, ၃–ဆန္ဒပေးပြီးနောက် ရွှတ်ချခြင်းအားဖြင့် အဂါ ၃ ပါးတည်း။[အဓမ္မက်ကိုဖြစ်စေ အဓမ္မက်ဟု ထင်၍ဖြစ်စေ ရွှတ်ချလျှင် အနာပတ္တိ။]

[ဆောင်] ဓမ္မက်ပင် ², ဓမ္မက်ထင်လျက် ², နှုတ်မြွက်ဆန္ဒ–ပေးပြီးမှလျှင်–ရွှတ်ချအင် ², သုံးခွင်ကမ္မ–ပတိဗာဟန။

၁၀။ ။ ဆန္ဒ အဒတ္တာဂမန။ ။ အဓိကရဏ်းတစ်ခုကို ဆုံးဖြတ်ဖို့ရန် သံဃာ စည်းဝေးပြီးနောက် စုဒိတက (စောဒနာအပ်သူ–တရားခံ) စောဒက (စောဒနာတတ်သူ–တရားလို) တို့က ဆိုင်ရာစကားကို ပြောဆိုခြင်း, "အနုဝိဇ္ဇက" ခေါ် စစ်ဆေး ဆုံးဖြတ်မည့် ဝိနည်းဝိုဏ်ကိုသမှတ်ခြင်း, ထို့နောက် စစ်ဆေးမေးမြန်းခြင်း, အဆုံးအဖြတ်နှင့် စပ်သော ဥတ်ကမ္မဝါစာကို ရွတ်ဆိုရာဝယ် ဥတ်ထားပြီး၍ ကမ္မဝါစာ မပြီးဆုံးသေးခြင်း, ဤကိစ္စအတွင်းမှာ ဝိနိစ္ဆယကထာ ပြီးပြီဟု မခေါ်ရ၊ ဝိနိစ္ဆယကထာ ဖြစ်တုန်း ဖြစ်ဆဲဟုသာ ခေါ်ရသည်။ [ဝတ္တ မာနာယ၌ မာနပစ္စည်းသည် "ဖြစ်တုန်း ဖြစ်ဆဲ" ဟူသော ပစ္စုပ္ပန် အနက် ဟောတည်း။]

ဆန္ဒ အဒတ္တာ၊ ပေ၊ ပက္ကမေယျ–ထို ဝိနိစ္ဆယကထာ ဖြစ်စဉ် (မိမိက ဟတ္ထပါသ်အတွင်း မရှိ၍ ဝင်ဖြစ်လျှင် မဟာသိမ်မှာ ကဲ့ပျက်သောကြောင့်) ကဲ့ပျက်စေလိုသော စိတ်ဖြင့် ဆန္ဒမပေးဘဲ သွားလျှင် ပါစိတ်အာပတ် သင့်၏။ [ဆန္ဒပေးပြီးမှလည်းကောင်း, ရိုရိုးအကြောင်းရှိ၍လည်းကောင်း, သွားလျှင် အနာပတ္တိ။]

အဂါ ၆ ပါး။ ။ ၁–ဝိနိစ္ဆယကထာ ဖြစ်နေခိုက်ဖြစ်ခြင်း, ၂–ဓမ္မက်ဖြစ်ခြင်း, ၃–ဓမ္မက်ဟု မှတ်ထင်ခြင်း, ၄–တူသောသိမ်၌ တည်ခြင်း, ၅–တူသော သံဃာသရှိသူ ဖြစ်ခြင်း, ၆–ကဲ့ပျက်စေလို၍ ဟတ္ထပါသ်ကို စွန့်ခြင်း

http://www.dhammadownload.com

၁၁။ ဒုဗ္ဗလ

ယော ပန ဘိက္ခု - သည်၊ သမဏေန - ညီညွတ်သော၊ သံယေန-သံဃာနှင့်တကွ၊ စီဝရံ-သင်္ကန်းကို၊ ဒတ္တာ-ပေးပြီး၍၊ ပစ္ဆာ-နောက်၌၊ ခီယနဓမ္မံ-ရွက်ချခြင်းသဘောသို့၊ အာပဇ္ဇေယ္ယ-ရောက်အံ့၊ (ကိံ-အဘယ်သို့ ရွက်ချသနည်း၊) ယထာသန္ထုတံ-အကြင်အကြင် မိတ်ဆွေ ရဟန်းသို့၊ ဘိက္ခု-ရဟန်းတို့သည်၊ သံယိကံ-သံဃာ့ဥစ္စာဖြစ်သော၊ လာဘံ-လာဘ်ကို၊ ပရိဏာမေန္တိ - ညွတ်စေကုန်ဘိ၏၊ ဣတိ-ဤသို့ ရွက်ချအုံ့၊ တသ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

အားဖြင့် ၆ ပါးတည်း။ [(၄) ခဏ္ဍာသိမ်ဖြစ်၍ သိမ့်ပြင်ဘက် ရောက်အောင် သွားလျှင် အာပတ် မသင့်၊ သိမ်အတွင်း၌ ဟတ္ထပါသ်စွန့်နေမှ အာပတ်သင့်သည်။]

[ဆောင်] ဝိနိစ္ဆယကထာ, ဖြစ်တုန်းခါဝယ်[1], ကံမှာခမ္မ[2], ခမ္မကံဟု-မှတ်ထင် မူသား[3], သိမ်တူ၌တည်[4], တူညီသံဝါသ-ရှိသူမှန်လျက်[5], ကံဖျက်လိုလတ်-ဟတ္ထပါသ်စွန့်ခွါ[6], အင်ခြောက်ဖြာ, ဆန္နာ အဒတ်သင့်။

၁၁။ ဒုဗ္ဗလ။ ။ [ဤ သိက္ခာပုဒ်၏ဝတ္ထုရင်း၌ အရှင်ဒဗ္ဗမှာ ဒုဗ္ဗလစီဝရ-နည်းပါးသောသင်္ကန်း ရှိသောကြောင့် ထို ဒုဗ္ဗလပုဒ်ကို ယူ၍ ဤသိက္ခာပုဒ်ကို "ဒုဗ္ဗလသိက္ခာပုဒ်" ဟု နာမည်တပ်သည်။] သမဂ္ဂသံဃာနှင့် အတူ (ထို သမဂ္ဂသံဃာတွင် မိမိလည်း ပါဝင်၍) သင်္ကန်းပါးရှားသော-သံဃာ့ကိစ္စကို လည်း ရွက်ဆောင်နေရသောရဟန်းအား သဘောတူ သင်္ကန်းပေးပြီးနောက် ရွက်ချ ကဲ့ရဲ့လျှင် ပါစိတ်။

ယထာသန္ထုတံ၊ ပေ၊ ပရိဏာမေန္တိ - ဤ ဝါကျကား ရွက်ချပုံကို ပြသော ဝါကျတည်း၊ "ရဟန်းများသည် မိမိတို့၏ မိတ်ဆွေရဟန်းကိုသာ သံယိကပစ္စည်းကို ညွတ်စေကြ-ပေးကြသည်" ဟု ဆိုလိုသည်။ [သန္ထုတ် အရာဝယ် သန္ထ တ်ဟု ပါဠိပျက်တတ်၏၊ မိတ္တသန္ထ ဝပုဒ်ကဲ့သို့ သံပုဗ္ဗ ထုဓာတ် ဖြစ်၍ တပစ္စည်းဖြင့် သန္ထုတ်သာ သင့်သည်၊ ယောယော-အကြင် အကြင်

http://www.dhammadownload.com

၁၂။ ပရိဏာမန

ယော ပန ဘိက္ခု – သည်၊ ဇာနံ–သံဃာသို့ ညွှတ်ပြီးဟု သိလျက်၊ သံဃိကံ – သော၊ ပရိဏတံ–သော၊ လာဘံ–ကို၊ ပုဂ္ဂလဿ– ပုဂ္ဂိုလ်သို့၊ ပရိဏာမေယျ–အုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။ [အဋ္ဌမော–သော၊ သဟဓမ္မိကဝဂ္ဂေါ–တည်း။]

* * * * * *

သို့သော၊ သန္ဓုတော–မိတ်ဆွေတည်း၊ ယထာ သန္ဓုတံ–အကြင် အကြင် မိတ်ဆွေ။]

အဂါ ၄ ပါး။ ။ ၁–သက်နှံ:ပေးရာပုဂ္ဂိုလ်က ရဟန်:ဖြစ်ခြင်:, ၂–ထိုပုဂ္ဂိုလ်သည်ပင် တရား:သဖြင့် သေနာသနပညာပကသမ္မုတိ စသည်ကို ရရှိထား:သူ ဖြစ်ခြင်:, ၃–သံဃာနှင့်အတူ ဝိကပ္ပနာလောက်သော သက်နှံ:ကို ပေး:ခြင်:, ၄–ပေး:ပြီ:နောက်၌ ရွှတ်ချလိုရ်ု ရွှတ်ချခြင်:အား:ဖြင့် အဂါ ၄ ပါ: တည်:။ [သက်နှံ:မှတစ်ပါ: အခြား: ဝေဖန်ဖွယ်ပစ္စည်:များ:ကို သဘောတူ ပေး:ပြီ:နောက် ရွှတ်ချရာ, သမ္မုတိ မရသူအား: ပေး:ပြီ:နောက် ရွှတ်ချရာ, သာမဏေများ:အား: သဘောတူ ပေး:ပြီ:နောက် ရွှတ်ချရာတို့၌ ဒုက္ကဋ်။]

[ဆောင်] ရဟန်:ဖြစ်ခြား:[1], တရား:အရှိ–သမ္မုတိရသူ[2], အတူသံဃာ–ဝိကပ္ပနာလောက်စွမ်:–သက်နှံ:ပေး:လျှင်:[3], ရွှတ်ချခြင်:[4] ဟု, ကြောင်:ရင်:လေ:ဝ, အင်ညီမျှ, ဒုဗ္ဗလ ပါစိတ်သင့်။

၁၂။ ပရိဏာမန။ ။ ဤသိက္ခာပုဒ်၌ မှတ်ဖွယ်ကို နိသဂ္ဂိယပါစိတ် ပရိဏာမန သိက္ခာပုဒ်အတိုင်: သိနိုင်ပြီ၊ ထိုသိက္ခာပုဒ်၌ သံဃိက လာဘ်ကို မိမိသို့ ညွှတ်စေခြင်:ကြောင့် နိသဂ္ဂိပါစိတ် သင့်၍, ဤ၌ သံဃိက လာဘ်ကို အခြား: ပုဂ္ဂိုလ် တစ်ပါ:ပါ:သို့ ညွှတ်စေခြင်:ကြောင့် သုဒ္ဓပါစိတ် သင့်ခြင်:သာ သိက္ခာပုဒ် ၂ ပါ: ထူ:ခြား:တော့သည်။

---

http://www.dhammadownload.com

ရတနဝဂ်

[ရာစဝဂ် ဟုလည်း ခေါ်သည်။]

၁။ အန္တေပုရ

ယော ပန ဘိက္ခု –သည်၊ ခတ္တိယသ – မင်းဇာတ်ရှိသော၊ မုဒ္ဓါဘိသိတ္တသ–ဦးထိပ်၌ ဘိသိက်ရေစင်ဖြင့် သွန်းလောင်း အပ်ပြီးသော၊ ဝါ–ဘိသိက်ခံပြီးသော၊ ရညော – မင်း၏၊ အနိက္ခန္တရာဇကေ–မထွက်သေးသော မင်းရှိသော၊ အနိဂ္ဂတ ရတနကေ–မထွက်သေးသော မိဖုရား ရတနာ ရှိသော၊ (သယနီယရေ–စက်တော် ခန်းဆောင်၌၊) ပုဗ္ဗေ–မဝင်မီ ရှေး၌၊ အပ္ပဋိသံဝိဒိတော–မသိစေဘဲ၊ ဣန္ဒခီလံ တံခါးခုံကို၊ အတိက္ကာမေယျ – ကျော်လွန်စေအုံ၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

၁။ အန္တေပုရ။ ။ [နန်းတော်တွင်းနှင့်စပ်၍ ပညတ်အပ်သောကြောင့် "အန္တေပုရ သိက္ခာပုဒ်" ဟု နာမည်တပ်သည်။] ခတ္တိယဇာတ်ရှိ၍ ဘိသိက်ခံပြီးမင်းနှင့် မိဖုရားရတနာတို့ စက်တော်ခန်းဆောင်မှ မထွက်သေးမီ ရဟန်းက မိမိဝင်လာမည့်အကြောင်း မသိစေဘဲ (တစ်ယောက်ယောက်ကို သံတော်ဦးအတင် မခိုင်းဘဲ) ရုတ်တရက် ဝင်သွားလျှင် မင်းနှင့် မိဖုရားတို့ ပျော်ပါးခိုက်ကြိုနေက မျက်နှာပျက်စရာဖြစ်သောကြောင့် ရဟန်းမှာ ပါစိတ်အာပတ်သင့်၏။ [သယနီယရေကို ပါဠသေသ (ကျန်သောပါဠ) ဟု မှတ်၊ ထို့ကြောင့် ထည့်ပေးရသည်။]

အင်္ဂါ ၅ ပါး။ ။ ၁–ခတ္တိယဇာတ်ရှိခြင်း, ၂–အဘိသိက် သွန်းပြီးခြင်း, ၃–မင်း မိဖုရား ၂ ပါးတို့ စက်တော်ခန်းမှ မထွက်သေးခြင်း, ၄–လာမည့်အကြောင်း ကြိုတင်၍ မသိစေခြင်း, ၅–စက်တော်ခန်းဆောင်၏ တံခါးခုံကို ကျော်လွန်ခြင်းအားဖြင့် ၅ ပါးတည်း။ [အမျိုးအားဖြင့် ခတ္တိယ မဟုတ်ဘဲ ဘိသိက်ခံသောမင်း ဖြစ်လျှင်လည်းကောင်း, ခတ္တိယဇာတ် ဖြစ်သော်လည်း ဘိသိက်မခံရသေးလျှင်လည်းကောင်း, မင်း မိဖုရားတစ်ပါးပါးက စက်တော်ခန်းမှ ထွက်ပြီးဖြစ်လျှင်လည်းကောင်း အနာပတ္တိ၊ စက်တော်ခန်း ဟူရာ၌ ကန့်လန့်ကာ (လိုက်ကာ) ကာထားသော အခန်းများလည်း ပါဝင်သည်။]

[ဆောင်] **မင်းဇာတ်လည်းမှန် [1], ဘိသိက်ခံလျက် [2], ခန်းဆောင် စက်ရာ–**
မထွက်ခွါမီ [3], ဝင်လာမည့် အနေ, မသိစေဘဲ [4], လွန်လေ
တခါးခုံ [5], အင်ငါးစုံ, သင့်တုံ အန္တေပု။

http://www.dhammadownload.com

ယော ပန ဘိက္ခု-သည်၊ ရတနံဝါ-ရတနာကိုသော်
၂။ ရတန လည်းကောင်း၊ ရတနသမ္မတံဝါ-ရတနာ ဟု သမုတ်
အပ်သော အသုံးအဆောင်ကိုသော်လည်းကောင်း၊ အဗ္ဗာရာမာဝါ - အာရာမ်
တွင်းကိုသော်လည်းကောင်း၊ အဗ္ဗာဝသထာဝါ-ဗိမိနေရာဌာနအတွင်းကို
သော်လည်းကောင်း၊ အညတြ-ကြဉ်၍၊ ဥဂ္ဂဏှယျဝါ-ကိုယ်တိုင်မူလည်း
ကောက်ယူဒုံ၊ ဥဂ္ဂဏှာ ပေယျဝါ-သူတစ်ပါးကိုမူလည်း ကောက်ယူစေအုံ၊
တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

ပန-ဆက်ဦးအုံ၊ ဘိက္ခုနာ-ရဟန်းသည်၊ ရတနံဝါ-ရတနာကို
သော်လည်းကောင်း၊ ရတနာသမ္မတံဝါ - ရတနာ ဟု သမုတ်အပ်သော
အသုံးအဆောင်ကိုသော်လည်းကောင်း၊ အဗ္ဗာရာမေဝါ - အာရာမ်အတွင်း၌
သော်လည်းကောင်း၊ အဗ္ဗာဝသထေဝါ- မိမိ နေရာဌာန အတွင်း၌သော်
လည်းကောင်း၊ ဥဂ္ဂဟေတွာဝါ- ကိုယ်တိုင် ကောက်ယူပြီး၍သော်
လည်းကောင်း၊ ဥဂ္ဂဟာပေတွာဝါ - သူတစ်ပါးကို ကောက်ယူစေပြီး၍
သော်လည်းကောင်း၊ နိက္ခိပိတဗ္ဗံ-သိမ်းထားရာ၏၊ (ကိ-အဘယ်သို့
ရည်ရွယ်၍ သိမ်းထားရမည်နည်း၊) ယသ - အကြင်သူ၏

* * * * * *

၂။ ရတန။ ။ ရွေ ငွေ ပုလဲ စသော ရတနာ ၁၀ ပါးကို ရတနာ၌ သွင်း
ယူ၍ ရတနာ အတုများနှင့်ဝတ်စား တန်ဆာစသော လူတို့ အသုံးအဆောင်
(စောင် အိပ်ရာလိပ် စသည်) ကို ရတနသမ္မတ၌ သွင်းယူရမည်၊ ထို ရတန-
ရတနသမ္မတ အသုံးအဆောင်များကို ကျောင်းတိုက်အတွင်း-မိမိ နေရာဌာန
အတွင်းမှတစ်ပါး အခြားအရပ်၌ လူတို့မေ့နေရစ်-ကျန်နေရစ်ခဲ့သော် ကောက်
ယူ၍ သိမ်းမထားရ၊ ကောက်ယူ သိမ်းထားလျှင် ပါစိတ်၊ အာရာမ်အတွင်း မိမိ
နေရာဌာနအတွင်းဖြစ်မူကား ကိုယ်တိုင်ဖြစ်စေ သူတစ်ပါးကို ခိုင်း၍ဖြစ်စေ
ကောက်ယူသိမ်းထားရန် ဝတ္တရားရှိ၏၊ ထိုဝတ္တရားပျက်လျှင်ကား ဝတ္တဘေဒ
(ဝတ္တရား ပျက်ကွက်မှုကြောင့်) ဒုက္ကဋ်အာပတ် သင့်သေးသည်။

အဗ္ဗာရာမ အဗ္ဗာဝသထ။ ။ ရဟန်းများ၏ နေထိုင်ရာ ကျောင်းတိုက်ကို
(အကာရှိလျှင် အကာအထိ-အကာမရှိလျှင် အစွန်ဆုံး ကျောင်းမှ ခဲ ၂ ကျ
အထိကို) အာရာမ ဟု ခေါ်၍၊ ထို အာရာမ်အတွင်းရှိ ကျောင်းဆောင်များနှင့်
ကျောင်းပရိဝုဏ်များကို အဗ္ဗာရာမ ဟု ခေါ်၏၊ အဗ္ဗာဝသထ၌ အာဝသထ
ဟူသည် မိမိနေရာအရပ်တည်း၊ ထို မိမိနေရာ အရပ်ဟူသည် အာရာမ်အတွင်း

http://www.dhammadownload.com

(ဥစ္စာသည်၊) ဘဝိဿတိ–ဖြစ်လတ္တံ့၊ သော–ထို ဥစ္စာရှင်သည်၊ ဟရိ ဿတိ–ဆောင်ယူလာလိမ့်မည်၊ ဣတိ–ဤသို့ရည်ရွယ်၍ သိမ်းထားရာ၏၊ အယံ–ဤကောက်ယူ၍ သိမ်းထားခြင်းသည်၊ တတ္ထ–ထို ရတန, ရတန သမ္မတကိုတွေ့ရာ၌၊ သာမိစိ–တည်း။

၃။ ဝိကာလေ ဂါမ ပဝိသန

ယော ပန ဘိက္ခု – သည် တထာရူပါ – ထိုသို့ သဘောရှိသော၊ အစ္ဆာယိကာ – အဆောတလျင် ဖြစ်သော၊ ကရဏီယာ – ပြုဖွယ်ကိစ္စကို၊ အည တြ – ကြဉ်၍၊ သန္တံ – ထင်ရှားရှိသော၊ ဘိက္ခုံ–ကို၊ အနာပုစ္ဆာ–မပန်

* * * * * *

မှာဖြစ်စေ အခြားအရပ် (ရွာ–တော) မှာဖြစ်စေ (ခေတ္တာဖြစ်စေ အမြဲဖြစ်စေ) မိမိနေခိုက် အိမ် ကျောင်းများတည်း၊ ထို မိမိနေရာဌာနက အကာအရံရှိလျှင် အကာအရံအတွင်းကို–အကာအရံမရှိလျှင်ကျည်ပွေ့တကျအတွင်းကို အစ္ဆာ ဝသထ ဟု ခေါ်သည်။ [ဋီကာများကိုကြည့်ပါ။]

ယဿ၊ ဃ၊ သော ဟရိဿတိ –ဤဝါကျကား ကောက်ယူသိမ်းထားရာ၌ သိမ်းထားသောရဟန်း၏ ရည်ရွယ်ချက်ထားရပုံကိုပြသော ဝါကျတည်း၊ လူတို့ ကျနေရစ် မေ့နေရစ်ရာ၌သာ "ဥစ္စာရှင်တို့ လာယူလိမ့်မည်" ဟု ရည်ရွယ်ချက် ဖြင့် သိမ်းထားခွင့်ရှိသည်၊ လူတို့က သိမ်းပေးပါ ဟု ခိုင်း၍ဖြစ်စေ, ကိုယ် ကိုယ်တိုင် ဘဏ္ဍာစိုးလုပ်၍ဖြစ်စေ သိမ်းထားလျှင် ပါစိတ်။

အင်္ဂါ ၄ ပါး။ ။၁–ခွင့်မပြုအပ်သောအမှုကိုပြုခြင်း, ၂–သူတစ်ပါးဥစ္စာ ဖြစ်ခြင်း, ၃–ဝိဿာသဂ္ဂါဟ ပံသုကူလသညာမရှိခြင်း, ၄–ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ သိမ်းထားခြင်းအားဖြင့် အင်္ဂါ ၄ ပါးတည်း။ [၁–အစ္ဆာရာမ အစ္ဆာဝသထတို့၌ ကောက်ယူသိမ်းထားရန် ခွင့်ပြုတော်မူရာ, ထိုကဲ့သို့ ခွင့်မပြု အပ်သော အရပ်၌ ကောက်ယူသိမ်းထားသည်–ဟူလို၊ ၂–ဥာတိ စသူတို့၏ ဥစ္စာလည်းဖြစ် သုံးသပ် ကိုင်ယူကောင်းသော အသုံးအဆောင်လည်း ဖြစ်မူ ဝိဿာသဂ္ဂါဟဖြင့် ကိုယ်ပိုင်ဖြစ်အောင်ယူ၍ သိမ်းထားလျှင် အနာပတ္တိ၊ ပံသုကူ ကောက်ယူရာ၌ကား ဆိုဖွယ်ရာမရှိပြီ။]

[ဆောင်] ခွင့်မပြုအပ် – ပြုလတ်တစ်တန်[1], လူ.သန္ဓ, က[2], ဝိဿာသမှ–ပံသု ကူလာ–သညာ မရှိ[3], ယူသိမ်းမိလျှင်:– သိမ်းစေခြင်း:[4] ဟု, ဇ်ကြောင်းရင်းလေးဝ, အင်ညီမျှ, ရတန ပါစိတ်သင့်။

http://www.dhammadownload.com

ပြောဘဲ၊ ဝိကာလေ – နေလွဲအခါ၌၊ ဂါမ်–ရွာတွင်းသို့၊ ပဝိသေယျ–ဝင်အုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ။

* * * * * *

၃။ ဝိကာလေဂါမပဝိသန။ ။ အစွာယိက ကရဏီယ အရ အဆောတလျင် (ရုတ်တရက်) ဖြစ်ပေါ်လာသော ကိစ္စဟူသည် ခိုးသူဘေး မီးဘေး စသော ဘေးရန်အန္တရာယ်တို့ ဖြစ်ပေါ်လာခြင်းတည်း၊ ထိုကဲ့သို့ အန္တရာယ် မရှိလျှင် ထင်ရှားရှိသော ရဟန်းကိုမတိုင်ကြားဘဲ မွန်းတည့်ပြီးနောက် နေလွဲအခါ ရွာတွင်းသို့ဝင်လျှင် ပါစိတ်အာပတ်, အန္တရာယ်ရှိလျှင်ကား ဝင်ကောင်း၏။

အမှာ။ ။ သန္တံ ဘိက္ခုံ အနာပုစ္ဆာတို့၏ အဖွင့်ကို အစေလကဝဂ် စာရိတ္တသိက္ခာပုဒ်၌ ပြခဲ့ပြီ၊ ထိုသိက္ခာပုဒ်၌ နိမန္တနဘတ်ရှိသော ရဟန်းအတွက် နေမလွဲမီ ရွာတွင်း ဒကာ ဒကာမတို့အိမ်သို့ လှည့်လည်ခြင်းကြောင့် ပညတ်ခဲ့၍, ဤ၌ ရဟန်းအားလုံးအတွက် နေလွဲသည့်အခါ ရွာတွင်း ဝင်ခြင်းကြောင့် ပညတ်တော်မူသည်။

ပန်ပြောခဲ့။ ။ ထင်ရှားရှိသော ရဟန်းအထံ "ဝိကာလေ ဂါမပ္ပဝိသနံ အာပုစ္ဆာမိ" ပါဠိလိုဖြစ်စေ "နေလွဲအခါ ရွာတွင်းဝင်ခြင်းကို ပန်ပြောပါ၏" ဟု မြန်မာလိုဖြစ်စေ "ရွာတွင်း ဝင်မလို့ပါ, ရွာတွင်း သွားပါရစေ" စသည်ဖြင့်ဖြစ်စေ ပန်ပြောတိုင်ကြား လျှောက်ထား၍ သွားရမည်၊ ရဟန်း ၂ ပါး မြို့တွင်း ရွာတွင်းသို့ အတူဝင်လိုရာ၌ အချင်းချင်း အပြန်အလှန် ပန်ပြောနိုင်၏၊ အများဝင်ရာ၌လည်း နီးရာရဟန်းအား ပန်ပြောနိုင်သည်။

အင်္ဂါ ၃ ပါး။ ။ ၁–ထင်ရှားရှိသောရဟန်းကို မပန်ပြောခြင်း, ၂–ခွင့်ပြုအပ်သော အကြောင်းမရှိခြင်း, [အဆောတလျင် ပြုဖွယ်မရှိခြင်း–ဟူလို။] ၃–ရွာတွင်းသို့ဝင်ခြင်းအားဖြင့် ၃ ပါးတည်း။ [မြို့ရွာအတွင်းရှိ ကျောင်းတိုက်များသို့ သွားလိုရာ၌ကား ပန်ပြောဖွယ်မလိုရုံသာ မက, ခါးပန်း မပန်း–သင်္ကန်းမရုံဘဲပင် သွားနိုင်သတဲ့။]

[ဆောင်] ထင်ရှား ရဟန်းထံ–ခွင့်မပန်မှု[1], ခွင့်ပြုအပ်ကောင်း–အကြောင်းမဲ့စွာ[2], နေလွဲခါဝယ်–မြို့ရွာအတွင်း–ဝင်ရောက်ခြင်း[3] ဟု, ကြောင်းရင်းသုံးဝ, ဝိကာလ–ဂါမပဝိသင်။

---

http://www.dhammadownload.com

၄။ သူစိယရ

ယော ပန ဘိက္ခု–သည်၊ အဋ္ဌမယဝါ–အရိုးဖြင့် ပြုအပ်သည် မူလည်း ဖြစ်သော၊ ဒန္တမယဝါ–ဆင်စွယ်ဖြင့် ပြုအပ်သည်မူလည်းဖြစ်သော၊ ဝိသာဏမယဝါ – ဦးချိုဖြင့် ပြုအပ်သည် မူလည်း ဖြစ်သော၊ သူစိယရံ – အပ်ချည်ကို၊ ကာရာပေယ္ယ – ပြုလုပ်စေအုံ၊ ထာသ ဘိက္ခုနော–၏၊ ဘောဒနကံ–ခွဲခြင်းရှိသော၊ ပါစိတ္တိယံ–ပါစိတ်အာပတ်သည်၊ ဟောတိ–၏။

၅။ မဟု သိက္ခာပုဒ်

နဝံ – အသစ်ဖြစ်သော၊ မဟ္ဃဝါ – ညောင်စောင်းကို သော်လည်းကောင်း၊ ပိဋ္ဌဝါ – အင်းပျဉ်ကိုသော်လည်းကောင်း၊ ကာရယ မာနေန–ပြုစေလိုသော၊ ဘိက္ခုနာ – ရဟန်းသည်၊ ဟေဋ္ဌိမာယ–အောက်ခံဖြစ်သော၊ အဌကိယာ – ဘောင်ကို၊ အညတြ – ကြဉ်၍၊ သုဂတင်္ဂုလေန – ဘုရားရှင်၏ လက်သစ်တော်ဖြင့်၊ အဋ္ဌင်္ဂုလပါဒကံ–လက်ရှစ်သစ် အခြေရှိအောင်၊ ကာရေတဗ္ဗံ – ပြုစေနိုင်၏၊ တံ – ထို

* * * * * *

၄။ သူစိယရ။ ။ [အဋ္ဌနာ–အရိုးဖြင့်၊ ပကတံ–ပြုအပ်သောဘူးသည်၊ အဋ္ဌိမယံ–မည်၏။] နွားရိုး ကျွဲရိုးစသော အရိုးတစ်မျိုးမျိုးဖြင့်ဖြစ်စေ–ဆင်စွယ်ဖြင့် ဖြစ်စေ–နွား စသည်တို့၏ ဦးချိုဖြင့်ဖြစ်စေ အပ်ချည် (အပ်ဘူး) ပြုလုပ်ရာဝယ် ကိုယ်တိုင် စ၍ပြုခြင်း–သို့မဟုတ် အပြုခိုင်းခြင်းကြောင့် ဒုက္ခင့်အာပတ်သင့်၍, ကိုယ်တိုင် ပြုပြီးသည့်အခါ–သို့မဟုတ် ခိုင်းပြီး၍ ရသည့်အခါ ပါစိတ်အာပတ်သင့်၏။

ဘောဒနကံ –ဘောဒနမေဝ–ခွဲခြင်းသည်ပင်၊ (ကပစ္စည်း အနက်သီးခြားမရှိ) ဘောဒနကံ–ဘောဒနကမည်၏၊ "ဘောဒနကံ အသေ အတ္ထိတိ ဘောဒနကံ" ဟု ဝိဂြိုဟ်ပြု၊ ပါစိတ်အာပတ်ကို ဒေသနာမပြောခင် ထို အပ်ဘူးကို ခွဲပစ်ရဦးမည် ဖြစ်၍ "ခွဲခြင်းရှိသော ပါစိတ်အာပတ်" ဟု ဆိုလိုသည်။

အဂါ ၃ ပါး။ ။ ၁–အပ်ဘူးဖြစ်ခြင်း, ၂–အဋ္ဌမယစသည် ဖြစ်ခြင်း, ၃–ကိုယ်တိုင် ပြုပြီးခြင်း–သို့မဟုတ် အပြုခိုင်း၍ ရခြင်းအားဖြင့် ၃ ပါးတည်း။ [အပ်ဘူးမှတစ်ပါး အနားပတ်သီး ခါးပန်းသီးကို အရိုး စသည်ဖြင့် ပြုကောင်း၏၊ အပ်ဘူးကိုကား ဝါး သစ်သား စသည်ဖြင့်သာ ပြုကောင်းသည်–ဟူလို။]

[ဆောင်] အပ်ချည်ဖြစ်ဘိ°, အဋ္ဌမယ–စသည်ဖြစ်မှ², ပြုပြီးပြုစေ–ရရှိလေဘိ³, အင်သုံးပြည့်, သူစိယရ သင့်။

http://www.dhammadownload.com

လက်ရှစ်သစ် ပမာဏကို၊ အတိက္ကာမယတော–လွန်စေသော ရဟန်း၏၊ ဆေဒနက်–ဖြတ်ခြင်းရှိသော၊ ပါစိတ္တိယ်–သည်၊ ဟောတိ–၏။

၆။ တူလောနဒ္ဓ ယော ပန ဘိက္ခု – သည်၊ မဉ္ဇဝါ – ကိုသော်လည်းကောင်း၊ ပိဋ္ဌဝါ – ကိုသော်လည်းကောင်း၊ တူလောနဒ္ဓံ–မြေးယှက်အပ်သော လဲရှိသည်ကို၊ ဝါ–လဲပါသော အခင်းရှိသည်ကို၊ ကာရာပေယျ–ပြုစေအုံ၊ တဿ ဘိက္ခုနော–၏၊ ဥဒ္ဓါလနက်–လဲကို ထုတ်ခြင်းရှိသော၊ ပါစိတ္တိယ်–သည်၊ ဟောတိ–၏။

* * * * * *

၅။ မဟာသီကာဝုဒ်။ ။[မဟာ ပိဋ္ဌတို့ကို ယခုခေတ်၌ ခုတင်–ကုလားထိုင် စသည်ခေါ်ကြောင်း ပြခဲ့ပြီ၊] မဟာ ပိဋ္ဌတို့ကို ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ, အသစ် ပြုလုပ်စေလိုလျှင် ဘုရားရှင်၏ လက်သစ်တော်ဖြင့် ရှစ်လက်သစ် (အလွန်ဆုံး) အခြေရှိစေရမည်၊ ထို့ထက် ရှည်လျှင်ကား ဆေဒနက ပါစိတ် အာပတ်သင့်၍ ခြေထောက်၏ ပိုသောပမာဏကို ဖြတ်ပြီးမှ အာပတ်ကို ဒေသနာ ပြောရမည်။ [အခြေတိုင်းရာ၌ကား "ဘောင်" ဟု ခေါ်သော အပေါင်းကို ထည့်၍ တိုင်းဖွယ်မလို၊ သူတစ်ပါးထံမှ အခြေရှည် ညောင်စောင်းကိုရလျှင် ဖြတ်၍–သို့မဟုတ် အပိုကို မြေတွင်မြှုပ်၍ သုံးစွဲရမည်။]

အင်္ဂါ ၂ ပါး။ ။ ၁–ပမာဏလွန်သော ညောင်စောင်းစသည် ဖြစ်ခြင်း, ၂–မိမိအတွက် ပြုပြီးခြင်း–သို့မဟုတ် အပြုခိုင်း၍ ရခြင်းအားဖြင့် အင်္ဂါ ၂ ပါးတည်း၊ [ဘုရားရှင်၏ ရှစ်လက်သစ်သည် မစ္ဆိုမဟုရိသ လက်သစ်ဖြင့် ၂၄ သစ် ရှိကြောင်း, ယခုလူတို့လက်သစ်ဖြင့် (၂၄ သစ် ခေါက်ချိုးတက်၍) ၃၆ သစ် ရှိကြောင်းကို ဆိုကြ၏၊ ထိုအရာဝယ် စဉ်းစားဖွယ် ရှိပုံကို သံယာဒီသေသ် ကုဋိကာရသိက္ခာပုဒ်၌ ပြခဲ့ပြီ။]

[ဆောင်] တိုင်းရှည်လွန်တောင်း–ညောင်စောင်း အင်းပျဉ် ², ကိုယ်ပင် ပြုပြီး–တစ်နည်းသူ့.စေ–ရရှိလေက ², အင်နှစ်ဝ, မဟာပါစိတ်သင့်။

၆။ တူလောနဒ္ဓ။ ။ ညောင်စောင်း ခုတင်ကိုဖြစ်စေ အင်းပျဉ် ထိုင်ခုံကို ဖြစ်စေ အပေါ်၌ လဲ အဆာသွတ်သော အခင်းရှိအောင် ကိုယ်တိုင် ပြုပြု–သူတစ်ပါးကို ခိုင်း၍ရရ, လဲအဆာကို ထုတ်ပြီးနောက် ဒေသနာ ပြောရသော ဥဒ္ဓါလနက ပါစိတ်အာပတ် သင့်သည်။

http://www.dhammadownload.com

တူလောနဒ္ဒ -ဇော-ဤ ညောင်စောင်း အင်းပျဉ်ဌ၊ သြနဒ္ဒ-မြေ့ယှက် အပ်သော၊ တူလ-လဲသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ကြောင့်၊ တံ-ထိုညောင်စောင်း အင်းပျဉ်သည်၊ တူလောနဒ္ဒ-မည်၏၊ မိန့်လိုရင်းမှာ-ညောင်စောင်း အင်းပျဉ် ပေါ်ဌ် လဲ အဆာ သွတ်ထားသော ဗုံမွေ့ရာများကို မခင်းရ-ဟု မိန့်တော်မူလိုသည်။

ဆက်ဦးဆုံ-လဲ အမျိုးအစားသည် လက်ပ်ပင်စသော သစ်ပင်မှ ဖြစ်သော သစ်ပင်လဲ, နွယ်ပင်မှဖြစ်သော နွယ်လဲ, ရှင်မွေးလွန်းပင် စသော မြက်မျိုးမှဖြစ်သော မြက်လဲ ဟု ၃ မျိုးရှိ၏၊ ယခုအခါ ဝါများလည်း လဲ အမျိုးပင်၊ လဲမှို့သွတ်ထားသော အခင်းများကို ဂိလာန မဟုတ်လျှင် မအိပ်မထိုင်ကောင်း၊ အနာပေါက်ခြင်း စသော မကျန်းမာမှုကြောင့် ရိုးရိုး အခင်းပေါ်ဌ် မထိုင်နိုင် မအိပ်နိုင်သော ဂိလာနတို့ကား ထို လဲမှို့ အခင်းများနှင့် ခေါင်းအုံးများကို ခင်း၍ အိပ်ကောင်း၏။

ခေါင်းအုံးပမာဏ။ ။ ခေါင်းအုံး၏ ပမာဏမှာ အရှည် ၂ တောင်, အနံ တောင်ဆုပ်သာလျှင် အလွန်ဆုံး (အကြီးဆုံး) ရှိစေရမည်၊ ထို့ထက်ကြီးသော မီအုံးကြီးတို့ကား မအပ်၊ ငယ်သည့်အတွက် တားမြစ်ချက် မရှိ။ [ဝိနည်းဝိုရ်ပုဂ္ဂိုလ်များကား ခေါင်းအုံးများကို လက်ထောက်ခြင်း-ရင်အောက်ဌ် ထားခြင်းများကိုလည်း ရှောင်ကြဉ်ကြ၏၊ ကျမ်းဂန်ဌမှ ဂိလာန မဟုတ်လျှင် ခေါင်းအုံး ခြေအုံး ၂ မျိုးအပ်ကြောင်းကို မိန့်လေသည်။]

အဂါ ၂ ပါး။ ။ ၁- တူလောနဒ္ဒ မဋ္ဌ ပိဋ္ဌဖြစ်ခြင်း, ၂-မိမိအတွက် ကိုယ်တိုင် ပြုပြီးခြင်း-သို့မဟုတ် သူတစ်ပါးကို အပြုခိုင်း၍ ရခြင်းအားဖြင့် ၂ ပါးတည်း။ [သူတစ်ပါးထံမှ မခိုင်းဘဲ ရလျှင်လည်းကောင်း လူတို့က လှူလျှင်လည်းကောင်း လဲကို ထုတ်ပြီးမှ သုံးစွဲရမည်၊ ထို လဲမှို့ဝါများကို ခါးပန်းကြိုးစသည်ဌသာ ထည့် ကောင်း၏ဟု မိန့်သောကြောင့် ယခုကာလ ဝါဂွမ်းများကို အတွင်းသွင်း၍ ချုပ်ထားသော စောင်များကို ကိုယ်အောက်မှာထား၍ မအိပ်သင့်။]

[ဆောင်] တူလောနဒ္ဒ-မဋ္ဌ ပိဋ္ဌတည်း, ပြုပြီး ပြုစေ-ရှိလေ ဟု, ၂ ထွေ အဂါ, အစုံနော, တူလောနဒ္ဒသင့်။

---

http://www.dhammadownload.com

၇။ နိသီဒန နိသီဒန်–နိသီဒိုင်ကို၊ ကာရယမာနေန–ပြုစေလိုသော၊ ဘိက္ခုနာ–သည်၊ ပမာဏိကံ–ပမာဏနှင့်ယှဉ်သော နိသီဒိုင်ကို၊ ကာရေတွေ–ပြုစေထိုက်၏၊ တတြ – ထို နိသီဒိုင်၏၊ ဣဒံ–ဤ ဆိုအပ်လတ္တံ့ကား၊ ပမာဏံ–ပမာဏတည်း၊ သုဂတဝိဒတ္ထိယာ–ဘုရား၊ရှင်၏ အထွာတော်ဖြင့်၊ ဒီဃသော – အလျားမှ၊ ဒွေဝိဒတ္ထိယော – ၂ ထွာတို့လည်းကောင်း၊ တိရိယံ–အနံမှ၊ ဒီဃမုံ–တစ်ထွာခွဲလည်းကောင်း၊ ဝိဒတ္ထိ–တစ်ထွာ ရှိသော၊ ဒသာ – အမြီတ်အဆာလည်းကောင်း၊ (ဣတိ – ဤကား ပမာဏတည်း၊) တံ – ထို ပမာဏကို၊ အတိက္ကာမယတော – လွန်စေသော ရဟန်း၏၊ ဆေဒနကံ–သော၊ ပါစိတ္တိယံ–သည်၊ ဟောတိ–၏။

* * * * * *

၇။ နိသီဒန။ ။ နိသီဒိုင်ကို ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ဖြစ်စေ ချုပ်လိုသော ရဟန်းသည် ဘုရား၊ရှင်၏ အထွာတော်ဖြင့် အလျား ၂ ထွာ အနံ တစ်ထွာခွဲ, အမြီတ်ခေါ်သော အဆာ တစ်ထွာ, ဤအတိုင်းအရှည်ရှိသော (ငယ်သာလျှင် ငယ်စေ, သည့်ထက် မပိုရသော) နိသီဒိုင်ကိုသာ ချုပ်နိုင်သည်၊ ထိုအတိုင်း အရှည်ထက် လွန်လျှင်ကား လွန်သမျှကို ဖြတ်ပစ်ရခြင်းရှိသော ပါစိတ်။

အမြီတ်အဆာ။ ။ နိသီဒိုင်ချုပ်လိုသော ပိတ်စဖျင်စ တစ်ခုခုကို ထိုပမာဏအတိုင်း ချုပ်သည့်အခါ တစ်ထွာလောက်သော အဆာကို မိမိလိုရာ တစ်ဖက်ဖက်က တပ်၍ ၂ နေရာ၌ ခွဲထားလျက် ရှိစေရမည်၊ ထိုကဲ့သို့ ခွဲထားသည့်အခါ အမြီတ်အဆာသည် တစ်ခုနှင့်တစ်ခု မစပ်ဘဲ သုံးမြှောက်ခွဲလျက် ရှိလိမ့်မည်။

သုက်နီးသက်နံ။ ။ ဤ နိသီဒိုင်ကို မူလ ပညတ်တော်မူရခြင်း၏ အကြောင်းမှာ ရဟန်းများတို့ မွန်မြတ်သော အစာကို စားကြပြီးနောက် တရားနလုံးမသွင်းဘဲ အိပ်ပျော်ကြသည့်အခါ အိပ်မက် မက်၍ သုက်ထွက်သဖြင့် သက်နံ်းလည်းပေ ကျောင်းအိပ်ရာနေရာနှင့် ခန္ဓာကိုယ်လည်းပေသောကြောင့် ထိုသက်နံ်း ကျောင်း ကိုယ်ခန္ဓာများကို စောင့်ရှောက်ဖို့ရာ (မလူးမလဲဖို့ရာ) ပညတ်တော်မူရခြင်း ဖြစ်သည်၊ ထို့ကြောင့် နိသီဒိုင်ကို "သုက်နီ်းသက်နံ်" ဟုလည်း ခေါ်စမှတ်ပြုကြသည်။

အသုံးမျှပုံ။ ။ ဤနိသီဒိုင်ကို ယခုအခါ နေရာထိုင်ကဲ့သို့ ခင်း၍လည်း ထိုင်နိုင်၏၊ ဆွမ်းစားသည့်အခါ တစ်ပိုင်းကို ခင်း၍ အမြီတ်အဆာကို တင်ဖျဉ်ပေါ်၌တင်ကာ ဆွမ်းဟင်း အစက်များကိုလည်း ကာကွယ်နိုင်၏၊ အထူးအား

http://www.dhammadownload.com

၈။ ကဏ္ဍုပဋိစ္ဆာဒိ

ကဏ္ဍုပဋိစ္ဆာဒိ- အနာလွမ်း သက်နှံးကို၊ ကာရယမာနေန-သော၊ ဘိက္ခုနာ-သည်၊ ပမာဏိကာ - ပမာဏနှင့်ယှဉ်သော အနာလွမ်း သက်နှံးကို၊ ကာရေ တဗ္ဗာ - ပြုစေထိုက်၏၊ တတြ - ထို အနာလွမ်း သက်နှံး၏၊ ဣဒံ- ဤ ဆိုအပ် လတ္တံကား၊ ပမာဏ-တည်း၊ သုဂတ ဝိဒတ္ထိယာ-ဖြင့်၊ ဒီဃသော-မှ၊ စတသော ဝိဒတ္ထိယော-၄ထွာတို့လည်းကောင်း၊ တိရိယ- မှ၊ ဒွေဝိဒတ္ထိယော-တို့လည်းကောင်း၊ (ဣတိ-တည်း၊) တံ-ထိုပမာဏကို၊ အတိက္ကာ မယတော-၏၊ ဆေဒနက်-သော၊ ပါစိတ္တိယံ ဟောတိ။

* * * * * *

ဖြင့်ကား သင်းပိုင် အတွင်းမှ ရှေ့တည့်တည့်က ခံ၍ ဝတ်ဖို့ရန် ဖြစ်သည်၊ ဝတ်သည့်အခါ အလယ်က အမြီတ်ကို ခါးတောင်းကျိုက်သလို နောက်ပို့၍ ကြိုးငယ်-သို့မဟုတ် တွယ်အပ်တို့ဖြင့် ချိတ်ဆွဲထားရမည်၊ ဆရာတို့ကား တင်ပါးဘက်က ဖုံး၍ အလယ်က အမြီတ်ကို ပေါင်ကြားမှ ရှေ့သို့ပို့ကာ ဆီးပုံးပေါ်မှာဖုံး၍ ကြိုးဖြင့်ချည်ထားပုံကို ပြကြသည်။

အဂ်ါ ၂ ပါး။ ။ ၁-နိသီဒိုင်၏ ပမာဏကို လွန်ခြင်း, ၂-မိမိအတွက် ကိုယ်တိုင်ပြုပြီးခြင်း-သို့မဟုတ် အပြုခိုင်း၍ရခြင်းအားဖြင့် အဂ်ါ ၂ ပါ်းတည်း။ [ကိုယ်တိုင်ပြုရာ၌ ပြုပြီးလျှင် အာပတ်သင့်၍, သူတစ်ပါ်းကို ခိုင်းရာ၌ ခိုင်းအပ် သူ့အထံမှ ရသည့်အခါ အာပတ်သင့်သည်။]

[ဆောင်] နိသီဒန-စီဝရ၏-ပမာဏလွန်ဘီ ၁, မိမိတွက် ဟု-ပြုပြီးပြုစေ- ရရှိလေက ၂, အင်နှစ်ဝ, နိသီဒနသင့်။

၈။ ကဏ္ဍုပဋိစ္ဆာဒိ။ ။[ကာရေတဗ္ဗာဟူသော ပမာနကြိယာကိုမင်ဒဲ့ဘဲ ကာရယမာနေနကိုင်၍ "ကဏ္ဍုပဋိစ္ဆာဒိ" ဟု ဒုတိယဝိဘတ်ဖြင့်လည်း ပါ၌ ရှိ၏၊] ကဏ္ဍုသဒ္ဒါသည် ယားနာကိုသာ ဟောသော်လည်း ဤသိက္ခာပုဒ်၌ ယားနာကို ဥပလက္ခဏနည်းအားဖြင့် သတ်မှတ်၍ ဆိုထားသည်၊ ထို့ကြောင့် ကဏ္ဍုသဒ္ဒါဖြင့် ယားနာ, ဝဲနာ, သွေးစုနာ, အရည်ထွက်သော ဘဂန္ဓိလ်နာ- ဆီးချိုရောဂါ-ဒုလာ မြင်းသရိုက်နာနှင့် ကြီးကျယ်သော အရည်ထွက်သော အနာဟူသမျှကို ယူစေလိုသည်။

http://www.dhammadownload.com

၉။ ဝဿိကသာဋီကာ ဝဿိကသာဋီကာ – မိုးရေခံ သက်နံ့ကို၊ ကာရယမာနေန – သော၊ ဘိက္ခုနာ–သည်၊ ပမာဏိကာ – ပမာဏနှင့်ယှဉ်သော မိုးရေခံ သက်နံ့ကို၊ ကာရေ တဗ္ဗာ–၏၊ တတြ–ထို မိုးရေခံသက်နံ့၏၊ ဣဒံ ပမာဏံ၊ သုဂတဝိဒတ္ထိ ယာ–ဖြင့်၊ ဒီဃသော–မှ၊ ဆဝိဒတ္ထိယော–ဝ၀ထွာတို့လည်းကောင်း၊ တိရိယံ–မှ၊ အမုတေယျာ–၂ ထွာခွဲလည်းကောင်း (ဣတိ–ဤကား ပမာဏတည်း၊) တံ–ထိုပမာဏကို၊ အတိက္ကာမယတော ဆေဒနတံ ပါစိတ္တိယံ။

* * * * * *

ထို အနာများသည် ချက်မှ အောက်ပိုင်းဒူးပဆစ်မှ အထက်ပေါက်လျှင် သင်းပိုင်ကို ပေမည်စိုးသောကြောင့် ထိုအနာများကို ဖုံးလွှမ်းကာကွယ်ဖို့ရာ အနာလွှမ်းခေါ် သက်နံ့တစ်မျိုးကို ခွင့်ပြုတော်မူရသည်။ [ကဏ္ဍ=အနာကို+ ပဋိစ္ဆာဒိ=ဖုံးလွှမ်းသည်။] ထိုအနာလွှမ်းသက်နံ့၏ ပမာဏကို သိကွာပုဒ် ပါဠိအတိုင်း သိ၊ အဂ်ါမှာ နိသီဒနသိက္ခာပုဒ်အတိုင်း ၂ ပါးပင်။

၉။ ဝဿိက သာဋီကာ။ ။ [ဝ=ဝေ=မိုးအခါ၌၊ အဓိဋ္ဌာတဗ္ဗာ–အဓိဋ္ဌာန် တင်ထိုက်သော သက်နံ့သည်၊ ဝဿိကာ–မည်၏၊] မိုးအခါဝယ် ဝဿိကသာဋီကာ ဟူသော နာမည်ဖြင့် အဓိဋ္ဌာန်တင်၍ အခြား အခါဝယ် ဝိကပ္ပနာပြု၍ ဖြစ်စေ၊ ပရိက္ခာရစောင္ဆ အဓိဋ္ဌာန်တင်၍ဖြစ်စေ ဆောင်အပ်သော သက်နံ့ကို "ဝဿိကသာဋီကာ" ဟု ခေါ်သည်၊ သာဋီကာ သဒ္ဒါကား ဝတ္ထ သဒ္ဒါ၏ ပရိယာယ်တည်း။

မိုးရေခံသက်နံ့။ ။ ဘုရားရှင်၏ အထွာတော်ဖြင့် အလျား (အရှည်) ၆ ထွာ, အနံ ၂ ထွာခွဲမျှရှိသော (နဂိုမရှိလျှင် ဆက်စပ်ထားသော) ပိတ်–ဖျင် စသည်ကို မိုးရွာသည့်အခါ၀တ်၍ (ရေသနုပ်ကဲ့သို့ အသုံးချ၍) မိုးရေကို ခံကြရ ချိုးကြရသောကြောင့် "မိုးရေခံသက်နံ့" ဟု ခေါ်သည်၊ သက်နံ့ဟု ဆိုသော်လည်း ဆိုးရည်ဖြင့် ပကတိသက်နံ့ရောင် ထွက်အောင် ဆိုးမှမဟုတ်, ဆင်စွယ်ရောင်ကဲ့သို့ ခပ်ဝါ၀ါအရောင်ထွက်ရုံမျှ တစ်ကြိမ်လောက် ဆိုးလျှင်ပင် ဝတ်ကောင်းပြီ၊ အဂ်ါမှာ နိသီဒနသိက္ခာပုဒ်အတိုင်း ၂ ပါးပင်။

---

http://www.dhammadownload.com

၁၀။ နဒ္ဓဏ္ဍရ ယော ပန ဘိက္ခု–သည်၊ သုဂတ စီဝရပွမာဏ–ဘုရားရှင်၏ သင်္ကန်းတော် ပမာဏရှိသည်မူလည်းဖြစ်သော၊ အတိရေကဝါ – ပိုလွန်သည်မူလည်းဖြစ်သော၊ စီဝရံ– သင်္ကန်းကို၊ ကာရာပေယျ–ပြုစေအုံ့၊ တဿ ဘိက္ခုနော ပါစိတ္တိယံ ဟောတိ၊ တတြ–ထိ "သုဂတ စီဝရပွမာဏ စီဝရံ ကာရာပေယျအတိရေကဝါ" ဟူသော စကားရပ်၌၊ [ရှေ့သိက္ခာပုဒ်များကဲ့သို့ "၏" ပေး၍ မပြစ်၊] ဣဒံ–ဤဆိုအပ်လတ္တံ့ကား၊ သုဂတဿ–မြတ်စွာဘုရား၏၊ သုဂတစီဝရပွမာဏ– ဘုရားရှင်၏ သင်္ကန်းတော် ပမာဏတည်း၊ သုဂတဝိဒတ္ထိယာ–ဖြင့်၊ ဒီဃသော–မှ၊ နဝဝိဒတ္ထိယော–၉ ထွာတို့လည်းကောင်း၊ တိရိယံ–မှ၊ ဆဝိဒတ္ထိယော–၆ ထွာတို့လည်းကောင်း ဣဒံ–ဤ ဆိုအပ်ပြီးကား၊ သုဂတဿ–၏၊ သုဂတစီဝရပွမာဏ–တည်း။ [ပမာဏ၏နောက်၌ "ဣတိ" ပါသည်ကို အပိုဟု ထင်၏၊ အနက်ပေးလိုလျှင် "ဣတိ–ဤသို့ မှတ်အပ်၏" ဟု ပေး၊] နဝမော–၉ ခုမြောက်သော၊ ရတနဝဂ္ဂေါ–ရတန ဝဂ်တည်း။

* * * * * *

၁၀။ နဒ္ဓဏ္ဍရ။ ။[ညီတော်နန္ဒထေရ်ကို အကြောင်းပြု၍ ပညတ်အပ်သောကြောင့် "နန္ဒဏ္ဍရသိက္ခာပုဒ်" ဟု ခေါ်သည်။] ဘုရားရှင်၏ သင်္ကန်းပမာဏနှင့်ညီမျှသော သို့မဟုတ် ထို့ထက်ပင်ရှည်သောသင်္ကန်းကို ကိုယ်တိုင်ဖြစ်စေ ခိုင်း၍ ချုပ်ရာဝယ် ရသည်ဖြစ်စေ ထိုသင်္ကန်း၏ အပိုပမာဏကို ဖြတ်ရခြင်းရှိသော ပါစိတ်အာပတ်သင့်၏၊ ဘုရားရှင်၏ သင်္ကန်းတော်ကား ဘုရားအထွာတော်ဖြင့် အလျား ၉ ထွာ, အနံ ၆ ထွာရှိ၏၊ သင်္ကန်းဟူရာ၌လည်း သင်းပိုင်ကို ဆိုလိုသည်မဟုတ်, ဧကသိနှင့် သင်္ကန်းကြီးကိုသာ ဆိုလိုသည်၊ [သင်းပိုင်၏ပမာဏမှာ ထိုမျှလောက်ပင် မရှည်ရာ။]

မှတ်ချက်။ ။ ဘုရားရှင်၏ ဝတ်ရုံတော်မြတ်သင်္ကန်းသည် ဘုရားအထွာတော်ဖြင့် အလျား ၉ ထွာ (၄တောင်ထွာ) အနံ ၆ထွာ (၃ တောင်ရှိရကား) ယခုကာလ ပုဂ္ဂိုလ်များသည် မိမိအထွာဖြင့် အလျား ၄ တောင်ထွာ အနံ ၃ တောင်ရှိသော ဧကသိ–သင်္ကန်းကြီးကိုသာ ဝတ်ရုံထိုက်သည်။ [ထိုမျှလောက် သင်္ကန်းဖြင့် သုပွင့်ပ္ပန္နပရိမဏ္ဍလဖြစ်အောင် ဝတ်နိုင်သည်သာ။]

http://www.dhammadownload.com

နိဒုံး — အာယသ္မန္တော–တို့၊ ဒွေ နဝုတိ–၉၂ ပါးသော၊ ပါစိတ္တိယာ–ပါစိတ်မည်ကုန်သော၊ ဓမ္မာ–တို့ကို၊ ဥဒ္ဒိဋ္ဌာ–ကုန်ပြီ, စသည်ဖြင့် ရှေ့အတိုင်းဆို။ [ပါစိတ္တိယာ–တို့သည်၊ နိဒ္ဒိတာ–ပြီးကုန်ပြီ။]

* * * * * *

တိစီဝရိက်၏ပမာဏ။ ။ ပထမကထိနသိက္ခာပုဒ်၏ ကခ်ါဠ် ကေသိသက်နန်းကြီးအတွက် ၅ တောင် တောင်ဆုပ်, အနံ ၃ တောင် တောင်ဆုပ်ဟုလည်းကောင်း၊ သင်းပိုင်အတွက်အလျားမှာ ကေသိအတိုင်း, အနံ ၂ တောင်ဟုလည်းကောင်း–အမိဋ္ဌာန်လောက်သက်နန်း၏ အတိုဆုံးပမာဏကို ပြထား၏၊ အကြီးဆုံးမှာ ဘုရားရှင်၏ သက်နန်းအောက် နည်းနည်းပါးပါး လျှော့စေရမည်–ဟုဆို၏၊ "တောင်ဆုပ်" ဟူရာ၌ အားလုံး အတောင်များကို လက်သီး ဆုပ်၍တောင်လျှင် အလျား ၄ တောင်ထွာ–အနံ ၃ တောင်မျှရှိရကား: အတိုဆုံးပမာဏဟူသောစကားနှင့် သင့်တင့်ပေသည်၊ ၄ တောင်အပြည့် တောင်၍ နောက်ဆုံး တစ်တောင်ကိုသာ တောင်ဆုပ် တောင်လျှင်ကား: ၄ တောင်ထွာ မကသဖြင့်လည်းကောင်: – မုဋ္ဌိပဋ္ဌမက (ငါးခုမြောက် တောင်ဆုပ်ရှိ) ဟု မဆိုဘဲ, မုဋ္ဌိပဋ္ဌက (တောင်ဆုပ် ၅ ခု အပေါင်:) ဟု ဆိုသောစကားဖြင့် လည်းကောင်:–စဉ်းစားသင့်လေသည်။

စဉ်းစားဖွယ်။ ။ ယခုအခါ၌ကား: သုဂတဝိဒတ္ထိလာသမ္ပ၌ "ရှင်စောတစ်ထွာ, မဇ်သုံးထွာ, တို့ထွာ ခေါက်ချိုးတက်" ဟူသောစကားကို လက်ကိုင် ထားကြလျက် ဘုရားရှင်၏တစ်ထွာသည် ယခုလူတို့အထွာဖြင့် (၃ ဆတက်, ထက်ဝက်တိုး) ၄ ထွာခွဲရှိသည်–ဟု ကြံဆကာ တိစီဝရိတ်စသော သက်နန်: တို့နှင့် ညောင်စောင်:အင်:ပျဉ်များကို အတော်ကြီးမား:ရှည်လျား:စွာ သုံး:စွဲ နေကြလေပြီ၊ ထိုသုံး:စွဲကြရာ၌ ဘုရားရှင်၏ သက်နန်:တော်ကို ခေါက်ချိုးတက် အထိ တွက်ကြည့်က ယခုလူတို့အထွာဖြင့် အလျား:အတောင် ၂၀ နှင့် လက် ၈ သစ်ရှိ၍, အနံလည်: ၁၃ တောင်နှင့် တစ်ထွာရှိသောကြောင့် ထို့အောက် နည်:နည်:လျှော့သော သက်နန်:သည် ယခုပုဂ္ဂိုလ်များ:ဝတ်ဖွယ် အကြီး:ဆုံ:သက်နန်: ဖြစ်ရာ၏၊ ထို့ကြောင့် "ရှင်စောတစ်ထွာ" စသော အသုံ:များကို ထပ်မံ၍ စဉ်:စား:သင့်ကြပေသည်၊ သို့ရာတွင် ဆရာမြတ် အစဉ်အဆက်တို့ အယူအတိုင်: ကောင်:သောစိတ်ထား:ဖြင့် သုံ:စွဲနေကြ သောကြောင့် အပြစ်ရှိသည်ဟုကား: မမှတ်သင့်ပါ။

သုဒ္ဓပါစိတ်အခန်:ပြီ:ပြီ။

---

http://www.dhammadownload.com

ပါဠိဒေသနီယအခန်း

နိဒါန်း အာယသွန္တော–တို့၊ စတ္တာရော–လေးပါးကုန်သော၊ ပါဠိ ဒေသနီယာ–ပါဠိဒေသနီယမည်ကုန်သော၊ ဣမေခေါပန ဓမ္မာ–တို့သည်၊ ဥဒ္ဒေသံ–သို့၊ အာဂစ္ဆန္တိ–ရောက်ကုန်၏။

ပထမ ပါဠိဒေသနီယ ယော ပန ဘိက္ခု – သည်၊ အန္တ ရဃရံ – ရွာတွင်းသို့၊ ပဝိဋ္ဌာယ– ဝင်ပြီးသော၊ အညာတိကာယ – ဆွေမျိုး မတော်သော၊ ဘိက္ခုနိယာ–ရဟန်းမ၏၊ ဟတ္ထတော–လက်မှ၊ ခါဒနိယံဝါ–ခဲဖွယ်ကိုသော်လည်းကောင်း၊ ဘောဇနိယံဝါ–ဘောဇဉ်ကို သော်လည်းကောင်း၊ သဟတ္ထာ–မိမိလက်ဖြင့်၊ ပဋိဂ္ဂဟေတွာ–ခံယူ၍၊ ခါဒေယျဝါ– ခဲမူလည်း ခဲအုံ၊ ဘုဥ္ဇေယျဝါ–စားမူလည်း စားအုံ၊ တေန ဘိက္ခုနာ–ထို ရဟန်းသည်၊ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိ အသပ္ပါယံ ပါဠိ ဒေသနိယံ, တံ ပဋိဒေသေမိတိ–"ဂါရယှံ၊ ဃ၊ ပဋိဒေသေမိ" ဟူ၍၊ ပဋိ ဒေသေတဗ္ဗံ–သီးခြား ပြောရာ၏၊ ဝါ–သီးခြား ဒေသနာကြားရာ၏။ [အာဝုသော – ငါ့ရှင်၊ (အဟံ – တပည့်တော်သည်၊) ဂါရယှံ–ကဲ့ရဲ့ထိုက်သော၊ အသပ္ပါယံ – နတ်ပြည် နိဗ္ဗာန်အားမလျောက်ပတ်သော၊ ပါဠိ ဒေသနိယံ–ပါဠိ ဒေသနိယမည်သော၊ ဓမ္မံ–အာပတ်သို့၊ အာပဇ္ဇိ–ရောက်ပါပြီ၊ တံ–ထို ပါဠိဒေသနိယ အာပတ်ကို၊ ပဋိဒေသေမိ–သီးခြား ပြောပါ၏၊ ဝါ–သီးခြား ဒေသနာကြားပါ၏။]

* * * * * *

ပထမ ပါဠိဒေသနိယ။ ။ ဘိက္ခုနီများသည် ဘိက္ခုများလောက် လာဘ်လာဘ မရလွယ်ကြ၊ ထို့ကြောင့် ခဲယဉ်းစွာရအပ်သော ဘိက္ခုနီတို့လာဘ်ကို မခံယူဘဲ ရှောင်သင့်သမျှ ရှောင်ကြဖို့ရာ ဤပထမပါဠိဒေသနီကို ပညတ်တော်မူရသည်၊ ရွာတွင်းသို့ ဝင်ပြီးသော ဉာတိမဟုတ်သူ ဘိက္ခုနီ၏လက်မှ ခဲဖွယ် ဘောဇဉ် တစ်မျိုးမျိုးကို မိမိလက်ဖြင့် (ကိုယ်တိုင်) ခံယူလျှင် ခံယူသည့်အတွက် ဒုက္ခင့်, စားတိုင်း ပါဠိဒေသနိယ အာပတ်သင့်သည်။

ပါဠိဒေသနိယ၏ပေါ်ပုံ။ ။ အခြား အာပတ်များကဲ့သို့ ဒေသနာ မပြော (ဒေသနာမကြား) ရဘဲ သံဃာပုဒ်၌ တိုက်ရိုက်ပြသည့်အတိုင်း "ဂါရယှံ

http://www.dhammadownload.com

ဒုတိယ
ပါဋိဒေသနီယ

ဘိက္ခု–ရဟန်းတို့သည်၊ (ပန+ဧဝ အနက်မရှိ၊) ကုလေသု–အိမ်တို့၌၊ နိမန္တိတာ–ပင့်ဖိတ်အပ်ကုန်သည် (ဖြစ်၍)၊ ဘုဥ္ဇန္တိ–ဆွမ်းဘုဉ်းပေးကြကုန်၏၊ တတြ – ထို ဆွမ်းကပ်ရာအရပ်၌၊ သာ ဘိက္ခုနီ – ထို ရဟန်းမသည်၊ ဣဓ–ဤ၌၊ သူပ်–ဟင်းကို၊ ဒေထ–ပေးကုန်လော့၊ ဣဓ–ဤ၌၊ သြဒနံ–ထမင်းကို၊ ဒေထ–ပေးကုန်လော့၊ ဣတိ–ဤသို့၊ ဝေါသာသ မာနရူပါ–စိမ်သူ၏အဖြစ်ဟူသော သဘောရှိသည်၊ (ဟုတ္တာ–၍) ဌိတာ – တည်သည်၊ စေ ဟောတိ – အကယ်၍ ဖြစ်အုံ၊ တေဟိ ဘိက္ခူဟိ–ထို ဆွမ်း

* * * * * *

အာဝုသော ဓမ္မံ အာပဇ္ဇိ အသပ္ပါယံ ပါဋိဒေသနီယံ, တံ ပဋိဒေသေမိ" ဟု ဆို၍ ဒေသနာပြောရသောကြောင့် "ပါဋိဒေသနီယ" ဟု ခေါ်သည်၊ ပါဋိဒေသနီယ အာပတ်သင့်လျှင် "အဟံဘန္တေ" စသည်ဖြင့် ထုံးစံအတိုင်း ဒေသနာမပြောဘဲ "ဂါရယှ် အာဝုသော" စသည်ဖြင့် တသီးတခြား ဒေသနာပြောရမည်–ဟူလို။ [ပဋိ (ဝိသုံ)–သီးခြား+ဒေသေတဗ္ဗာ–ဒေသနာပြောထိုက်၏၊ ဣတိ–ကြောင့်၊ ပဋိဒေသနီယာ–မည်၏၊] သို့ရာတွင် အခြား အာပတ်များကဲ့သို့ ဒေသနာပြောလျှင်လည်း အာပတ်မှမထ–ဟု မဆိုသာ။]

အဂါ ၅ ပါး။ ။ ၁–ပြည့်စုံစွာ ဘိက္ခုနီဖြစ်ခဲ့သူဖြစ်ခြင်း, ၂ ဥာတိမတော်ခြင်း, ၃–မြို့ရွာတွင်းသို့ ဝင်ပြီးသော ရဟန်းမ၏ လက်မှ မိမိလက်ဖြင့် ခံယူခြင်း, ၄–ယာဝကာလိက (ခဲဖွယ်ဘောဇဉ်) ဖြစ်ခြင်း, ၅–စားမျိုခြင်း အားဖြင့် အဂါ ၅ ပါးတည်း။ [ဘိက္ခုသ်ဃာ ဘိက္ခုနီသ်ဃာ ၂ ဖက်၌ ဘိက္ခုနီဖြစ်သူ–ဟူလို၊ သို့သော် ဘိက္ခုသ်ဃာ့ထံ၌ ဘိက္ခုနီ ဖြစ်လျှင်လည်း ပါဋိဒေသနီယပင် ဟု၏၊ ၃–မြို့တွင်း မဝင်သေးသော–သို့မဟုတ် ဝင်၍ ခံယူပြီး၍ ထွက်လာသော–သို့မဟုတ် ရွာတွင်းရှိ ဘိက္ခုနီကျောင်း ဘိက္ခုကျောင်း တိတ္ထိ အာရာမ်တို့၌ ရောက်နေသော ဘိက္ခုနီက ပေးလျှင် ခံယူကောင်း၏၊ ကြွင်းသော မှတ်ပွယ်ကို အဋ္ဌကထာမှာ ရှု။]

[ဏာင်] ဥပသမ္ပဒ–ဖြစ်စဉ်ကဝယ်–၂–သွယ်သ်ဃာ–ပြည့်စုံစွာဘီ[1], ဥာတိလည်းကင်း[2], ရွာတွင်းဝင်လျက်–သူ၏လက်မှ–ကိုယ့်လက်ဖြင့် ယူ[3], အစာဟူက–ယာဝကာလိ–ဖြစ်တုံ့ဘိလျှင်[4], စားမျိုခြင်း ဟု[5], ကြောင်းရင်းငါးလီ, ဒေသနီ–သင့်ပြီ ပထမ။

http://www.dhammadownload.com

ဘုဉ်းပေးသော ရဟန်းတို့သည်၊ သာ ဘိက္ခုနီ-ထို ရဟန်းမကို၊ အပ သာဒေတဗ္ဗာ - တားမြစ်ထိုက်၏၊ (ကိ-အဘယ်သို့ တားမြစ်ထိုက် သနည်း၊) ဘဂိနီ - နှမ၊ ယာဝ - အကြင်မျှလောက်၊ ဘိက္ခု - ရဟန်း တို့သည်၊ ဘုဉ္ဇန္တိ-ဆွမ်း ဘုဉ်းပေးကြကုန်သေး၏၊ တာဝ - ထို ဆွမ်း ဘုဉ်းပေးနေသမျှ၊ အပသက္ကေ-တော်ရာသို့ ဖဲသွားဦးလော၊ ဣတိ-ဤသို့ တားမြစ်ထိုက်၏၊ ဧကဿပိ-တစ်ပါးလည်းဖြစ်သော၊ ဘိက္ခုနော-ရဟန်း ၏ (စိတ်၌၊) တံ ဘိက္ခုနိ - ထို ရဟန်းမကို၊ အပသက္ကေတာဝ ဘဂိနီ, ယာဝ ဘိက္ခု ဘုဉ္ဇန္တိတိ-"အပသက္ကေ တာဝ ဘဂိနီ, ယာဝဘိက္ခု ဘုဉ္ဇန္တိ" ဟူ၍၊ အပသာဒေတုံ- တားမြစ်ခြင်းငှါ၊ စေ နု ပဋိဘာသေယျ- အကယ်၍ မထင်အုံ၊ တေဟိ ဘိက္ခုဟိ-ထို ရဟန်းတို့သည်၊ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိမှ အသပွါယံ ပါဠိဒေသနိယံ, တံ ပဋိဒေသေမာ တိ-"ဂါရယှံ၊ ပေ၊ ပဋိဒေသေမ" ဟူ၍၊ ပဋိဒေသေတဗ္ဗံ-သီးခြား ပြောပြ ရာ၏၊ ဝါ-သီးခြား ဒေသနာကြားရာ၏၊ [အာဝုသော-ငါ့ရှင်၊ (မယံ ငါတို့သည်၊) ဂါရယှံ အသပွါယံ ပါဠိဒေသနိယံ ဓမ္မံ-သို့၊ အာပဇ္ဇိမှ- ရောက်ပါကုန်ပြီ၊ တံ-ထို အာပတ်ကို၊ ပဋိဒေသေမ-သီးခြား ပြောပါ ကုန်၏။]

* * * * * *

ဒုတိယ ပါဠိဒေသနီယ။ ။ ဆွမ်း ပင့်ကျွေးရာအိမ်၌ ရဟန်းအများ ဆွမ်း ဘုဉ်းပေးနေစဉ် ဘိက္ခုနီက "သည်မှာ ဟင်းလိုက်လော, သည်မှာ ဆွမ်း လိုက်လော" စသည်ဖြင့် စီစဉ်နေလျှင် ထို ရဟန်းမကို ရဟန်းများက "နှမ-ရဟန်းများ ဆွမ်း ဘုဉ်းပေးနေတုန်းမှာ တော်ရာ သွားနေစမ်းပါ" ဟု ပြော ဆို၍ တားမြစ်ရမည်၊ ထိုရဟန်းအများတွင် တစ်ပါးတလေကမျှ ထို ဘိက္ခုနီမ ကို တားမြစ်ဖို့ရန် စိတ်ကူးမပေါ်လာလျှင် (စိတ်ကူးရ၍ မတားမြစ်လျှင်) ရဟန်းအားလုံးပင် သူစိမ်သည့်အတိုင်း ထည့်ပေးအပ်သော အာမိသကို ခံယူ ရာ၌ ဒုက္ခင့်၊ စားမျိုတိုင်း ပါဠိဒေသနီယအာပတ် သင့်ကြသည်။

အနာပတ္တိ။ ။ ဤ သိက္ခာပုဒ်၌လာသော ရဟန်းမ၏ စီစဉ်ပုံမှာ မည်မမျှ (သူကြည်ညိုရာ ကိုယ်တော်ကိုသာ လှူဖို့ ဆွမ်းဟင်းလိုက်ဖို့) စီစဉ်ခြင်း ဖြစ်သည်၊ အကယ်၍ ညီညီမျှမျှ ဆွမ်းဟင်း လိုက်ဘို့ရန် စီမံလျှင် ခံယူသော ရဟန်းတို့မှာ အနာပတ္တိ၊ ဘိက္ခုနီက သူ့ဆွမ်းကို အလှူခိုင်း၍ ခံယူလျှင်လည်း

http://www.dhammadownload.com

တတိယ ပါဋိဒေသနီယ

သေက္ခ-သမ္မတာနိ-သေက္ခ ဟု သမုတ်အပ်ကုန်သော၊ ယာနိ ခေါပနတာနိ ကုလာနိ-အကြင်အမျိုးတို့သည်၊ (သန္တိ-ရှိကုန်၏၊) ယော ပန ဘိက္ခု-သည်၊ တထာ ရူပေသု-ထိုသို့ သဘောရှိကုန်သော၊ သေက္ခ သမ္မတေသု-သေက္ခ ဟု သမုတ်အပ်ကုန်သော၊ ကုလေသု - အမျိုးတို့၌၊ ပုဗ္ဗေ - အိမ့် ဥပစာ

* * * * * *

အနာပတ္တိ သူ့ဆွမ်းကို သူ့ကိုယ်တိုင်ပေးလျှင် ရှေ့သိက္ခာပုဒ်အရ အာပတ်၊ ဒကာဒကာမတို့ ဆွမ်းကိုသူ့ကိုယ်တိုင် ပေးလျှ||ရာ၌လည်း အနာပတ္တိ၊ မလျှ||ရသေးသော ဆွမ်းဟင်းကို အလိုက် အထည့်ခိုင်းရာ, မရသေးသောကိုယ်တော်အား ဆွမ်းဟင်းကို အလိုက် အထည့်ခိုင်းရာ၌လည်း ခံယူသော ရဟန်းမှာ အနာပတ္တိ။

မှတ်ချက်။ ။ ဝေါသာသမာန ရူပါ၌ "ဝိ+အဝ+သာသဓာတ်" ဝေါသာသမာနအရ စိမ်သူကိုရ၍ ရူပနှင့် အနက်မတူသောကြောင့် "စိမ်သူ၏ အဖြစ်" ဟု ဘာဝပုဒ် အကြေကြေလျက် အနက်ပေးသည်၊ "အပ+သာဒေ တဗ္ဗာ" ကိုလည်း "ခြိမ်းခြောက် မောင်းမဲအပ်၏" ဟု အနက်ပေးကြ၏၊ ဤ၌ "အနိဝါရဏာ" ဟူသော အဂ်ါကိုကြည့်၍ "တားမြစ်ခြင်း" ဟု အနက်ဆိုသည်။

အဂ်ါ ၅ ပါး။ ။ ၁-ပြည့်စုံစွာ ဘိက္ခုနိ ဖြစ်ခဲ့သူဖြစ်ခြင်း, ၂-ဘောဇဉ် ၅ ပါးတွင် တစ်ပါးပါးဖြစ်ခြင်း, ၃-ရွာတွင်း၌ ခွင့်ပြုအပ်သော စိမ်နည်းမှ အခြားနည်းဖြင့် စိမ်ခြင်း, ၄-ရဟန်းတို့က မတားမြစ်ခြင်း, ၅-စားမျိုခြင်း အားဖြင့် အဂ်ါ ၅ ပါးတည်း၊ [(၃) ခွင့်ပြုအပ်သော စိမ်မှုဟူသည် ညီညီမျှမျှ စိမ်ခြင်း စသော အနာပတ္တိအခန်း၌ ပြခဲ့သော စိမ်နည်းတည်း။]

[ဆောင်] ဥပသမ္ပဒ-ဖြစ်စဉ်ကဝယ်-၂ သွယ် သံယာ-ပြည့်စုံစွာပင် [1], ဘောဇဉ်ဖြစ်မှု[2], ခွင့်ပြုနည်းအား-တစ်မျိုးပြား၍-အခြားစိမ် [3], မတားပြန်လျှင်း [4], စားမျိုခြင်းဟု [5], ကြောင်းရင်း ငါးလိ, ဒေသနီ-သင့်ပြီ ဒုတိယ။

တတိယ ပါဋိဒေသနီယ။ ။ အိမ်တစ်အိမ်ရှိသမီးခင်ပွန်း ၂ဦးတို့သည် အလွန် သဒ္ဓါတရား ထက်သန်ကြ၏၊ ရဟန်းသံယာကို နံနက်ပိုင်း မြင်ရလျှင် မိမိတို့ မစားရလျှင်ရှိစေ, မလျှ||ဘဲကား မနေနိုင်ကြ၊ သို့သော် စီးပွားဥစ္စာမှာ

http://www.dhammadownload.com

မရောက်မီ ရှေ့အဖို့၌၊ အနိမန္ဒီတော – ပင့်လည်း မပင့်အပ်ဘဲ၊ အဂိ လာနော–ဂိလာနလည်း မဟုတ်ဘဲ၊ ခါဒနိယံဝါ–ကိုသော်လည်းကောင်း၊ ဘောဇနိယံဝါ–ကိုသော်လည်းကောင်း၊ သဟတ္ထာ–မိမိလက်ဖြင့်၊ ပဋိဂ္ဂဟေတွာ–ခံယူ၍၊ ခါဒေယျဝါ–ခဲမူလည်း ခဲအုံ့၊ ဘုဥ္ဇေယျဝါ–စားမူလည်းစားအုံ့၊ တေန ဘိက္ခုနာ–သည်၊ ဂါရယှံ အာပဇ္ဇသော၊ ပေ၊ ပဋိဒေသေမိတိ–"ဂါရယှံ၊ ပေ၊ ပဋိဒေသေမိ"ဟူ၍၊ ပဋိဒေသေတဗ္ဗံ–၏။ [ဂါရယှံ စသည်၏ အနက်ကို ပထမ သိက္ခာပုဒ်အတိုင်း ပေး။]

* * * * * *

တဖြည်းဖြည်း ယုတ်လျော့နေ၏၊ ထိုသို့ စီးပွားဆုတ်ယုတ်လျက် သဒ္ဓါလွန်ကဲသော အမျိုးကို ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် "သေက္ခမျိုး=သေက္ခ အရိယာ ပုဂ္ဂိုလ်များကဲ့သို့ သဒ္ဓါတရား လွန်ကဲသောအမျိုး" ဟု သမုတ်ဖို့ရန် ဘုရားရှင် မိန့်တော်မူသည်၊ ထိုသို့ သေက္ခသမ္မုတိရသော အမျိုးအိမ်မှ ခဲဖွယ်ဘောဇဉ်ကို ပင့်ဖိတ်ထားအပ်သူလည်း မဟုတ်–ဂိလာနလည်း မဟုတ်ဘဲ ခံယူလျှင် ဒုက္ကဋ်, စားမျိုလျှင် ပါဠိဒေသနီယအာပတ်ဟု ပညတ်တော်မူရသည်။

မှတ်ချက်။ ။ ဤသိက္ခာပုဒ်သည် မြတ်စွာဘုရားရှင်၏ ကရုဏာတော်ကို ထင်ပေါ်စေတော်မူ၏၊ ထိုသို့ ပညတ်တော်မမူလိုက်လျှင် ရဟန်းသံဃာများ ဆွမ်းခံလာတိုင်း လှူနေရသဖြင့် ပစ္စည်း ဆုတ်သည်ထက် ဆုတ်ယုတ်ကာ အိမ်သူအိမ်သားလည်း (စားဖို့ အစာကို လှူကြရသဖြင့်) မစားရဘဲ ရှိရာ၏၊ ထို့ကြောင့် ထိုအိမ်သားများကို သေက္ခဟု သမုတ်စေပြီးကာ ထိုအိမ့်ရှင်တို့ တမင်တကာ ပင့်ဖိတ်လှူသည့်အခါမှ–သို့မဟုတ် မကျန်းမာသော ရဟန်းမှသာ ထိုအိမ်မှ ခဲဖွယ်ဘောဇဉ်များကို ခံယူဖို့ရန် ပညတ်တော်မူခြင်းသည် (ထိုအိမ်သူအိမ်သား၏ အလိုရှိက ပင့်ဖိတ် လှူခွင့်ရသဖြင့် သဒ္ဓါတရားကိုလည်း မပျက်စေဘဲ) ထင်ရှားသော သနားညှာတာချက်ပေတည်း။

အဂါ ၅ ပါး။ ။ ၁–သေက္ခဟု သမုတ်အပ်သော အမျိုးဖြစ်ခြင်း, ၂–ရှေးခ၌ မပင့်ဖိတ်အပ်ခြင်း။ ["ရှေး" ဟူရာ၌ အိမ်၏ ဥပစာသို့ ရဟန်းမရောက်မီ ကာလကို "ရှေး" ဟုဆိုလိုသည်။] ၃–ဂိလာနမဟုတ်ခြင်း, ၄–အိမ်၏ ဥပစာသို့ သက်ရောက်ခြင်း (အိမ့်ဥပစာ မရောက်မီ အိမ်မှ ထုတ်ယူ၍ လှူလျှင် ခံယူသော်လည်း အနာပတ္တိ)၊ ၅–နိစ္စဘတ် စသည်ကိုထား၍ အခြား အာမိသကို ခံယူသုံးဆောင်ခြင်းအားဖြင့် အဂါ ၅ ပါး တည်း။ [ထိုအမျိုးမှ အမြဲဆွမ်းဝတ်

http://www.dhammadownload.com

စတုတ္ထ ပါဋိဒေသနီယ

အာရညကာနိ - ကုန်သော၊ သာသက်သမ္မတာနိ - ကုန်သော၊ သပ္ပဋိဘယာနိ-ကုန်သော၊ ယာနိတာနိ သေနာသနာနိ-တို့သည်၊ သန္တိ-ကုန်၏၊ (အနက်ကို နိသဂ္ဂိယ အဆုံး သိက္ခာပုဒ်ကို ပြန်ကြည့်၊) ယော ပန ဘိက္ခု-သည်၊ တထာရူပေသု-ထိုသို့ သဘောရှိကုန်သော၊ သေနာသနေသု-ကျောင်းတို့၌၊ ပုဗ္ဗေ-အာရာမ်၏ ဥပစာသို့ မရောက်မီ ရှေး၌၊ အပ္ပဋိသံဝိဒိတံ-မသိစေအပ်သော၊ ခါဒနိယံဝါ-ကိုသော်လည်းကောင်း၊ ဘောဇနိယံဝါ - ကိုသော်လည်းကောင်း၊ အဇ္ဈာရာမေ - အာရာမ်တွင်း၌၊ သဟတ္ထာ - မိမိလက်ဖြင့်၊ ပဋိဂ္ဂဟေတွာ-ခံယူ၍၊ အဂိလာနော-ဂိလာန မဟုတ်ဘဲ၊ ခါဒေယျဝါ-အုံ၊ ဘုဉ္ဇေယျဝါ- အုံ၊ တေန ဘိက္ခုနာ - သည်၊ ပဋိဒေသေတဗ္ဗံ -ရာ၏၊ (ကိုယ်-နည်း၊) အာဝုသော-ငါ့ရှင်၊ ..... အဟံ-သည်၊ ဂါရယှ-သော၊ အသပ္ပာယ-သော၊ ပါဋိဒေသနီယ-သော၊ ဓမ္မ-သို့၊ အာပဇ္ဇိ-ပြီ၊ တံ-ကို၊ ပဋိဒေသေမိ-၏၊ ဣတိ-ဤသို့ သီးခြားပြောရာ၏။ [ဤသို့ ဂါရယှ စသော ဝါကျကို အပြင်ထုတ်၍လည်း အနက်ယူ။]

* * * * * *

ဟူသော နိစ္စဘတ် စာရေးတံမဲချ၍ လှူအပ်သော သလာကဘတ် စသည်ကို ကား ခံယူအပ်၏။]

[ဆောင်] သေက္ခသမ္မုတိ-ရရှိလေခိုက်[1], ရှေး၌ အသင့်-မပင့်အပ်ဘိ[2], ဂိလာနလည်း-မဟုတ်တည်းသာ[3], ဥပစာအိမ်ပေါက်-သက်ရောက်မိလတ်[4], နိစ္စဘတ် စသား, ကြဉ်ဖယ်ထား၍-အခြား အာမိသ-ခံပြီးမှနောင်-သုံးဆောင်[5], ငါးလိ, ဒေသနီ-သင့်ပြီ တတိယ။

စတုတ္ထပါဋိဒေသနီယ။ ။ သာသက် သပ္ပဋိဘယဖြစ်သော တောရကျောင်းဝယ် နေသော ရဟန်းသည် ရှေးဦးစွာ မသိစေအပ်သော ခဲဖွယ် ဘောဇဉ်ဟူသော ယာဝကာလိက အာမိသကို ဂိလာန မဟုတ်လျှင် မခံယူကောင်း ခံယူလျှင် ဒုက္ကဋ်, စားမျိုလျှင် ပါဋိဒေသနီယအာပတ် သင့်သည်။

ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ -"ပုဗ္ဗ" အရ ရှေးဦးစွာ ဟူသည် အာရာမ်၏ ဥပစာသို့ မရောက်မီ ရှေးရှေးအချိန်အခါများတည်း၊ နက်ဖန် ဘောဇဉ်ကို တောကျောင်းသို့သွား၍ ပို့လှူလိုလျှင် ယနေ့လိုကဖြစ်စေ, အာရာမ်ဥပစာသို့

http://www.dhammadownload.com

အာယသွန္တော- တို့၊ စတ္တာရော-ကုန်သော၊ ပါဠိဒေသနီယာ-မည်ကုန်သော၊ ဓမ္မာ-တို့ကို၊ ဥဒ္ဒိဋ္ဌာ-ကုန်ပြီ, စသည်ဖြင့် အနက်ဆို၊ [ပါဠိဒေသနီယာ-ပါဠိဒေသနီယတို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။]

* * * * * *

မရောက်မီ အချိန်ကပ်၍ဖြစ်စေ "မည်သူက ခဲဖွယ် (သို့မဟုတ် ဘောဇဉ်, သို့မဟုတ် ၂ မျိုးလုံး) ပို့လျှောလာပါလိမ့်မည်ဘုရား" ဟု ရှေးဦးစွာ ကြိုတင်၍ မလျှောက်အပ်သော အာမိသကို "အပွဋိသံဝိဒိတ" ဟုခေါ်သည်၊ "နက်ဖြန် မည်သူက ဆွမ်းကပ်လာပါလိမ့်မည်" ဟု မလျှောက်အပ်-ဟူလို။

သိစေနှင့်ရကျိုး။ ။ တင်ကြို၍ လျှောက်လာသည်အခါ "အနီးအပါးမှာ ခိုးသူဘေးရန်ရှိကြောင်း" ကို ပြောပြရသဖြင့် အလျှို့ရှင်တို့မှာ ဘေးအန္တရာယ် လွတ်ကင်းအောင် အစောင့်အရှောက်များစွာနှင့် လာနိုင်ခွင့်ရခြင်း အကျိုးရှိ၏၊ ထိုပြင်-ခိုးသူများကိုလည်း "နက်ဖြန် လူတွေလာကြလိမ့်မည်, သင်တို့ကို မဖမ်းမိအောင် မသိအောင် လွတ်ရာသို့ ရှောင်နေကြ" ဟု သတိပေးရခြင်းအကျိုးရှိသည်၊ ထိုသို့ ပြောမထားလျှင် "ရဟန်းများသည် ငါတို့ကိုမျှ သတိမပေးကြ" ဟု အလျှို့ရှင်ဘက်-ခိုးသူဘက်, ၂ ဘက်လုံးကပင် အပြစ်တင်စရာရှိသည်။

အဂါ ၇ ပါး။ ။ ၁-သာသက်သပွဋိဘယ တောကျောင်းဖြစ်ခြင်း, ၂-ယာဝကာလိက အာမိသ၏ တတ္ထစာတက (ထိုတောကျောင်း၌ဖြစ်သော အစာ) မဟုတ်ခြင်း, ၃-ဂိလာနမဟုတ်ခြင်း, ၄-ဂိလာန၏ အကျန်မဟုတ်ခြင်း, ၅-တင်ကြို၍ မသိစေအပ်ခြင်း, ၆-အာရာမ်တွင်း၌ ခံယူခြင်း, ၇-စားခြင်းတည်း။

[ဆောင်] သပွဋိဘယ-သာသက်ဟု-တောရကျောင်းတည်း ၁, ကာလိယာဝ-အာမိသ၏-တတ္ထစာတကာ-မဟုတ်ပါသား ၂, ဂိလာနလည်း-မဟုတ်ဘဲဆို ၃, ထို၏ အကျန်-မဟုတ်မှန်ပင် ၄, ကြိုတင်မသိ-စေအပ်ဘိလျင် ၅, အာရာမ်တွင်းယူ ၆, စားမျိုမူကား ၇, ၇ ပါးပြည့်ညီ, ဒေသနီ-သင့်ပြီ စတုတ္ထ။

ပါဠိဒေသနီယ ပြီးပြီ။

---

http://www.dhammadownload.com

သေခိယအခန်း

ဒါန်း အာယသွန္ဓော–တို့၊ သေခိယာ–သေခိယမည်ကုန်သော၊ ဣမေ ခေါ ပန ဓမ္မာ–တို့သည်၊ ဥဒ္ဒေသ်–သို့၊ အာဂစ္ဆန္တိ–ရောက်ကုန်၏။

* * * * * *

နိဒါန်း။ ။ [သေခိယ၌ သိက္ခာတော် ဣပဓိညား, သွာကွာတ၌ ကကို ချေ၍ သွာခါတဖြစ်သကဲ့သို့, သိက္ခ၌ ကကိုချေ–ဣကို ဧ–ပြု, ဣလာ၍ "သေခိယ" ဟု ဖြစ်၏။] "သိက္ခိတဗ္ဗာတိ သေခိယာ" သိက္ခိတဗ္ဗာ–ကျင့်ကြံကြိုးကုတ် အားထုတ်ထိုက်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ သေခိယာ–သေခိယတို့မည်၏၊ ဤသေခိယသိက္ခာပုဒ်များသည် မိန့်တော်မူသည့်အတိုင်း နားလည်အောင်လည်း သင်ထိုက်, သိလျှင်လည်း ကျင့်ထိုက်–ကျင့်မိအောင်လည်း သတိထား၍ ကြိုးစားထိုက်သည်–ဟူလို။ [သိက္ခာကရဏီယာ၌ သိက္ခာ၏ အဓိပ္ပာယ်လည်း ဤနည်းပင်တည်း။]

မေးမြန်း။ ။ အခြားအခန်းများ၏ နိဒါန်းစကား၌ "စတ္တာရော ပါရာဇိကာ ဓမ္မာ" စသည်ဖြင့် "စတ္တာရော" စသော ဂဏန်းအကန့်အသတ် အပိုင်းအခြားကို ပြသကဲ့သို့, ဤ သေခိယသိက္ခာပုဒ်များလည်း ၇၅ ပါးရှိရကား "ပဗ္ဗသတ္တတိ သေခိယာ" စသည်ဖြင့် အဘယ့်ကြောင့် ဂဏန်းအပိုင်းအခြားကို မပြသနည်း–ဟု မေးမြန်းရှိ၏။

အဖြေကား။ ။ စူဠဝါဝတ္တကွန္ဓကပါဠိတော်ဝယ် အာဂန္တုကဝတ် အာဝါသိကဝတ် စသည်ဖြင့် ကျင့်ဝတ်များစွာ ရှိသေး၏၊ ထိုကျင့်ဝတ်များလည်း သေခိယများပင် ဖြစ်သောကြောင့် ဤ ဒွေးမာတိကာ၌ ပြထားသော သေခိယမျှဖြင့် မကုန်သေးရကား "ပဗ္ဗသတ္တတိ=၇၅ ပါး" ဟု ပိုင်းခြားကန့်သတ်၍ ဂဏန်းမဖြတ်ဘဲ ရှိရလေသည်။

[ဆောင်] ဝတ္တကွန္ဓက, ပါဠိပြသည့်, ဝတ္တများဘို, အားလုံး၏လည်း, သေခိယပင်, ဖြစ်ကြအင်ကြောင့်, ဤတွင် ခန်းရပ်, ဂဏန်းဖြတ်, ကန့်သတ်တော်မမူ။

---

http://www.dhammadownload.com

ပရိမဏ္ဍလဝဂ်

၁။ ပရိမဏ္ဍလ နိဝါသန

ပရိမဏ္ဍလ – ထက်ဝန်းကျင်ဝန်းဝိုင်းစွာ၊ နိဝါသ သာမိ–သင်းပိုင်ကိုဝတ်အံ့၊ ဣတိ–ဤသို့၊သိက္ခာ–သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို၊ ကရကီယာ–ပြုအပ် ပြုထိုက်၏။

* * * * * *

၁။ ပရိမဏ္ဍလနိဝါသန။ ။ [ပရိ (သမန္တ တော) =ထက်ဝန်းကျင်+ မဏ္ဍလ=ဝန်းဝိုင်းသည်။] သင်းပိုင်ကို ဝတ်ရာ၌ အထက်ပိုင်းဝယ် ချုက်၏ ပတ်ဝန်းကျင် ဝန်းဝိုင်းစွာ ပုံးအုပ်စေ၍ အောက်ပိုင်း၌ ခူးဆစ်မှအောက် ခြေသလုံးရိုး အဆက်မှစ၍ လက်ရှစ်သစ်မျှ ချပြီးလျှင် ပတ်ဝန်းကျင် ဝန်းဝိုင်းစွာ ဝတ်ရမည်၊ "ဝန်းဝိုင်း" ဆိုသည်ကား တစ်ဖက်က အထက်မြင့် တစ်ဖက်က အောက်နိမ့်မရှိစေဘဲ ကတ်ကြေးဖြင့် တိုဖြတ်ထားသကဲ့သို့ ဝိုင်းဝိုင်းစက်စက် ညီညီညွတ်ညွတ် ဝတ်ခြင်းကို ဆိုလိုသည်။ [ပရိမဏ္ဍလ ပုဒ်သည် ကြိယာ ဝိသေသနပုဒ်ဖြစ်၍ "ကေမန္တ-သင့်တင့်လျောက်ပတ်စွာ" ဟူသကဲ့သို့ "ထက်ဝန်းကျင် ဝန်းဝိုင်းစွာ=အဝန်းညီစွာ" ဟု ပေးကြသည်။]

လက်ရှစ်သစ်။ ။ "ခူးဆစ်မှအောက် လက်ရှစ်သစ်မျှခေ,လျှက် ဝတ်ရမည်" ဟူသောစကား၌ "လက်ရှစ်သစ်"အတိအကျဖြစ်ဖို့ခဲယဉ်း၏၊ ထို့ကြောင့် လက်ရှစ်သစ်လောက်မှန်း၍ ဝတ်ရာ၌ အနည်းငယ် အတိုအရှည်ရှိသော်လည်း အပြစ်မရှိ၊ ထို့ကြောင့်လည်း ကျမ်းဂန်တို့၌ "လက်ရှစ်သစ်" ဟု အတိအကျ မဆိုဘဲ "အင္ဂုဋ်လမတ္တံ=လက်ရှစ်သစ်လောက်" ဟု မတ္တသဒ္ဒါဖြင့် မသေမချာ ပြသည်၊ အချုပ်မှာ–"လက်ရှစ်သစ်လောက် အောက်ကျအောင် မှန်း၍ သိပ်လည်း မတိုစေရ သိပ်လည်း မရှည်စေရဘဲသင့်လျော်အောင်ဝတ်ပါ" ဟု ဆိုလိုသည်။ [လက်ရှစ်သစ်ဟူရာ၌လည်း ယခု လက်ချောင်းရှစ်ချောင်းဖြင့် မတိုင်းရ ပိုက်ဆံတစ်ပြားစာလျှင် တစ်လက်သစ်ကျ တိုင်းရမည်။]

[ဝိမတိ] အင္ဂုဋ်လမတ္တံတိ–မတ္တသဒ္ဒေန တတော ကိဠိ အဓိက ဥ၂နမ္ပိ သင်္ကာတိ၊ ပေ၊ တသ္မာ ယထာ သာရုပ္ပံ ဟောတိ, ဧဝံ အင္ဂုဋ်လာနုသာရေန နိဝါသနံယေဝ အဓိပ္ပေတံ။

အာပတ်။ ။ ဤ သေခ်ိယသိက္ခာပုဒ်တို့ကိုကျူးလွန်ရာ၌ "မည်သည့် အာပတ်သင့်သည်" ဟု သိက္ခာပုဒ်ပါဠိဖြင့် မသိရသော်လည်း ထိုသိက္ခာပုဒ်

http://www.dhammadownload.com

တို့ကို ဖွင့်ပြရာ ပဒဘာဇနီ၌ ဒုက္ခင့်အာပတ်ဟု ပညတ်တော်မူသည်၊ ဤသေခ်ိယ သိက္ခာပုဒ်များကို သာမဏေတို့လွန်ကျူးလျှင် ဒဏ်ထိုက်သည်။

မေးခွန်း။ ။ ဤသေခ်ိယသိက္ခာပုဒ်များကို လွန်ကျူးရာ၌ ဒုက္ခင့်အာပတ်သင့်လျှင် အဘယ်ကြောင့် "ယောပနဘိက္ခု ဩလမ္ဗေန္တော (တွဲရစ်ချလျက်) နိဝါသေယျ, ဒုက္ခဋံ" ဟု (အခြား သိက္ခာပုဒ်များကဲ့သို့) အာပတ်နာမည် တပ်၍ မဟောပါသနည်း။

အဖြေကား။ ။ ဤသိက္ခာပုဒ်များ၏ စာရိတ္တ ဝိနည်းပြစ်ကြောင်းကို ပြတော်မူလိုသောကြောင့် အာပတ်နာမည်တပ်၍ ပညတ်တော်မမူ၊ ချဉ်ဦးအုံ-စာရိတ္တဝိနည်းဟူသည် လူကောင်းသူကောင်းတို့ ကျင့်ရသောကျင့်ဝတ်တည်း၊ ထိုကျင့်ဝတ်ကို မသိ၍ မကျင့်လျှင် အပြစ်မရှိ၊ သိလျက်နှင့်မကျင့်လျှင်သာ မလေးစားသည့်အတွက် အပြစ်ရှိ၏၊ သို၍ကျင့်လျှင်လည်း အကျိုးရပြန်သည်၊ ဥပမာ- လူကြီးသူမတို့ကို ရိုသေရမည်ဟူသော အကျင့်သည် မျိုးကောင်းရိုးကောင်းတို့ အကျင့်တည်း၊ ထိုအကျင့်ကိုမသိ၍ မကျင့်လျှင် အပြစ်မရှိ, သို၍ မကျင့်လျှင် အပြစ်ရှိ၍, ကျင့်လျှင် အကျိုးရသကဲ့သို့တည်း။

ထို့အတူ ဤသေခ်ိယသိက္ခာပုဒ်များသည် စာရိတ္တဝိနည်းများဖြစ်၏၊ ညီညီဝတ်ရမည် စသော အကျင့်ကို မသိသေး၍ မကျင့်လျှင် "အစာနန္တ ဿ အနာပတ္တိ" အရ အာပတ်မသင့်သေး၊ သိလျက်နှင့် မကျင့်လျှင်ကား အနာဒရိယ (မလေးစားမှု) ကြောင့် ဒုက္ခင့်အာပတ်သင့်၏၊ ကျင့်ပြန်မူ ဤသိက္ခာပုဒ်သိလ လုံခြုံသဖြင့် ကုသိုလ်အကျိုး ရလေသည်၊ အကယ်၍ ဒုက္ခင့်အာပတ်ဟု အတိအလင်း တပ်ထားလျှင် မသိ၍ မကျင့်သူပါ အာပတ်သင့်ဖွယ်ရာရှိသော ဝါရိတ္တသိက္ခာပုဒ်များ ဖြစ်ရာ၏၊ ဤကဲ့သို့ ဝါရိတ္တမဟုတ်-စာရိတ္တ ဝိနည်းဖြစ်ကြောင်းကို ပြတော်မူလိုသောကြောင့် အာပတ်တပ်၍ ပညတ်တော်မမူ။ [ကမ်ပါဋီကာသစ် ဆိုပုံနှင့် မတူပါ။]

[ဏာင်] စာရိတ္တ ဝိနယ, ဖြစ်ကြောင်းပြဖို့၊ ရှေးကဖော်ထုတ်, သိက္ခာပုဒ်များ-ကဲ့အလားသို့, ထင်ရှားအာပတ်, တိုက်ရိုက်တပ်, ပညတ်တော်မမူ။

အနာပတ္တိများ။ ။ ကျင့်နည်းကို မသိသေး၍ မကျင့်သူသာ အာပတ်မသင့်သည် မဟုတ်သေး၊ ခြေသလုံးကြီးနေခြင်း-အမာရွတ်ရှိခြင်း-အနာပေါက်ခြင်း အစရှိသော အကြောင်းများကြောင့် ခြေသလုံး ပေါ်နေလျှင် မလျော်သည့်အတွက် လက်ရှစ်သစ်လောက်ထက် သိသိသာသာ ရှည်စွာချ၍

http://www.dhammadownload.com

၂။ ပရိမဏ္ဍလ ပါရုပန

ပရိမဏ္ဍလ - စွာ၊ ပါရုပိသာမိ - ကိုယ်ဝတ်ကို ရုံအုံ့၊ ဣတိ - ဤသို့၊ သိက္ခာ - ကို၊ ကရဏီယာ- ပြုထိုက်၏။

* * * * * *

ဖြစ်စေ တို့ဖြစ်စေ ဝတ်သူတို့လည်းအာပတ်မသင့်ကြ၊ ဘေးရန်ရှိ၍ မည်မည္ဆတ်ဝတ်လျက် ပြေးသွားရခြင်း-အမှတ်တမဲ့ မည်မည္ဆတ် ဝတ်မိခြင်း ညီညီ ဝတ်မည်ဟု နှလုံးသွင်း၍ဝတ်ရာ မည်မည္ဆတ် ဖြစ်သွားခြင်းတို့ကြောင့်လည်း အနာပတ္တိ။

အဂါ ၃ ပါး။ ။ ၁-သိက္ခာပုဒ်ကို မကျင့်လိုသော အနာဒရိယ စိတ်ထား ရှိခြင်း, ၂-အနာပတ္တိဖြစ်ရန် အကြောင်းမရှိခြင်း, (ကျင့်နည်းကို မသိခြင်း စသော အကြောင်းမရှိ-ဟူလို), ၃-ထက်ဝန်းကျင် ဝန်းဝိုင်းစွာ မဝတ်ခြင်း အားဖြင့် အဂါ ၃ ပါးတည်း။

မှတ်ချက်။ ။ ဤသိက္ခာပုဒ်၌ ပြထားသော အဂါ ၃ ပါးတွင် ရှေ့ ၂ပါး သည် သေခ်ယအားလုံးနှင့်ဆိုင်၏၊ နောက်ဆုံးတစ်ပါးမှာ သိက္ခာပုဒ်၌ပြသော ကျင့်ဖွယ်ကို ပြောင်းပြန်ပြန်ထားသောအဂါ ဖြစ်သည်၊ ထို့ကြောင့် သုဗဒ္ဓနှင့် သိက္ခာပုဒ်၌ "ကောင်းစွာ မဖုံးဘဲ ရုံခြင်း" ဟု တတိယအဂါ ဖြစ်လိမ့်မည်၊ ဤသို့လျှင် ရှေ့အဂါ ၂ ပါး၏ သေခ်ယအားလုံးနှင့်ဆိုင်ခြင်း, တတိယအဂါမှာ သိက္ခာပုဒ်ကို ပြောင်းပြန်ပြန်ထားခြင်းကြောင့် နောက်နောက် သေခ်ယတို့၌ အဂါကို အထူးပြဖွယ် မလိုတော့ပြီ။

[ဆောင်] အနာဒရိ-စိတ်ထားရှိကာ[1] , အနာပတ်ကြောင်း၏ - ကင်းမရှိဘဲ[2], ပရိမဏ္ဍလ-မဝတ်ကလျှင် [3], သုံးခွင်အင်ရပ်, ပြည့်စုံလတ်၍, ဒုက္ကဋ်သင့်မှု၊ .....နောက်နောက်စုလည်း, ယခုရှေ့ဖျား, အင် ၂ ပါးနှင့်, နောက်သွားတစ်မျိုး, သင့်အောင်တိုးသည်, မှတ်ရိုး ၃ ပါးချည်းသာတည်း။

၂။ ပရိမဏ္ဍလပါရုပ်နေ။ ။ ["ပါရုပိသာမိ-ရုံအုံ့" ဟုဆိုသော်လည်း ယခုကာလ သက်နှံးရုံခြင်းကိုမဆိုလို၊ ရန်းခြင်းကိုသာ ဆိုလိုသည်၊ ပါရုပနဏ်၏ သဒ္ဒါနက်မှာ ခြုံခြင်းပင်တည်း။] သက်နှံးအနားစွန်း ၂ ခုကို ညီအောင်ထား၍ ခြုံခြင်း ရန်းခြင်းကို ပရိမဏ္ဍလပါရုပနဟု အဋ္ဌကထာဆို၏၊ "သက်နှံးအနားစွန်း ၂ ခုကို ညီအောင်ထား" ဟူသော စကား၌ အယူအဆ မတူကြချေ၊

http://www.dhammadownload.com

အချို့က ယခုကာလ သက်နှံးရန်းနည်းခ္ခ ရှေ့ဘက်ကျသော အနားစွန်းနှင့် ကျောဘက်ကျသော အနားစွန်း ၂ ခုတို့ အကျည်ခြင်းကို "အနားစွန်း ၂ ခု ညီခြင်း" ဟု ယူကြသည်။

တချို့ကမူ ယခုကာလ သက်နှံးရန်းနည်းသည် ကျမ်းဂန်အဆိုနှင့်မညီ၊ သက်နှံးရုံသည့်အခါ မလိပ်မိ အနားစွန်း ၂ ခုကို ညီစွာထားသကဲ့သို့ ထို့အတူ အနားစွန်း ၂ ခုကို ညီစွာထားခြင်းကို "ဥဘောကဏ္ဍ-အနားစွန်း ၂ ခု တို့ကို၊ သမံကတွာ-ညီစွာထား၍" ဟု အဋ္ဌကထာဆိုသည်ဟု ယူကြ၏၊ ဤ ဒုတိယဝါဒခ္ခ အနားစွန်း ၂ ခုကို ညီစွာထားရုံသာမက, ရန်းသည့် အခါလည်း ဘုဂ္ဂေါ ဆရာသမားရှေ့ သံယာ့အစည်းအဝေး စသည် မဟုတ်လျှင် ပက်ယာ ပခုံးကို သက်နှံးရုံသည့်အခါကဲ့သို့ ဖုံးမ၍ထားစေလိုကြသည်၊ ဝါဒ ၂ ရပ်လုံး မှာပင် အောက်အကျကိုမူ ခွူးဆစ်အောက် လက်လေးသစ်လောက်ချ၍ ရန်းရမည်ဟု ဝိမတိ အဆိုအတိုင်း လိုက်နာစေလိုကြသည်။

ဆက်ဦးအုံ -ယခုကာလ သက်နှံးများ ရှည်လျားဟန်တူကြောင်းပြခဲ့ပြီ၊ စီဝရကွန်ကဋ္ဌလည်း လည်ပင်း ခြေသလုံးတို့ခ္ခ အထိအခိုက်များ၍ သက်နှံး အနား စုတ်လွယ်သောကြောင့် "ဂိဝေယျက=လည်ပင်းဖုံး, ဇေယ်ယျက ခြေသလုံး ဖုံး" များကို ခွင့်ပြုတော်မူ၏၊ သို့ဖြစ်လျှင် သက်နှံးရန်းသည့်အခါ အထက်ပိုင်းအဆုံးသည် လည်ပင်းလုံရုံသာဖြစ်၍ အောက်ပိုင်းအဆုံးသည် ခြေသလုံးကြွက်သား လုံရုံသာ ရှိပေလိမ့်မည်၊ သို့ဖြစ်လျှင် အရှည်အလျား ၄ တောင်ထွာ အနံ ၃ တောင်ရှိ သက်နှံးသည် ပရိမဏ္ဍလဖြစ်အောင် ခြုံနိုင်ရန်းနိုင်လောက်တန်ရာ၏။

ဆက်ဦးအုံ -"ဤပရိမဏ္ဍလသိက္ခာပုဒ် ၂ ပါးကို ကျောင်းတိုက်တွင်ခ္ခ လည်းကောင်း, ရွာတွင်ခ္ခလည်းကောင်း ကျင့်ရမည်" ဟု အဋ္ဌကထာခ္ခဆို၏၊ ထိုတွင် ကျောင်းတိုက်တွင်ခ္ခ ကျင့်ဖွယ်တို့ကား ဘုရားရှေ့ သံယာ့အစည်းအဝေး သံယာအများနှင့် ဆက်ဆံရာ ဆွမ်းစားကျောင်း ဒကာ ဒကာမတို့ရှေ့ စသည်နှင့် ဆရာသမား-ထေရ်ကြီးများရှေ့ စသည်တည်း၊ သုပွဇ္ဇနသိက္ခာပုဒ်ဖြင့် လွတ်လပ်ခွင့်ရသည် ဝါသုပဂတဖြစ်မှု ရွာတွင်ခ္ခလည်း ဤပရိမဏ္ဍလ သိက္ခာပုဒ် ၂ ပါးကို ကျင့်ရမည်၊ အိပ်ဖော်နေသည့်အခါ စသည်ဖြစ်စေ မိမိချည်းနေသည့်အခါဖြစ်စေ အခြား သီတင်းသုံးဖော်များနှင့် လွတ်လပ်စွာနေသည့်အခါဖြစ်စေ ဤသိက္ခာပုဒ် ၂ ပါးအတိုင်း နေနိုင်ရန် ခဲယဉ်း၏၊ ထိုသို့ မနေနိုင်ခြင်းကြောင့် အပြစ်ရှိသည်ဟုလည်း အဆိုမ့ရှိချေ။

http://www.dhammadownload.com

၃-၄။ သုပ္ပဋိဋ္ဌန္နေ – သုပ္ပဋိဋ္ဌန္နော – လည်ပင်း လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးအုပ်လျက်၊ **အန္တ**ရဃရေ–ရွာတွင်း၌၊ ဂမိဿာမိ–သွားအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။ သုပ္ပဋိဋ္ဌန္နော **အန္တ**ရဃရေ နိသီဒိဿာမိ–နေထိုင်အုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၃-၄။ သုပ္ပဋိဋ္ဌန္နေ။ ။ မြို့တွင်း ရွာတွင်းသို့ သွားလိုသောအခါ အနာပတ်သီးကို တပ်ပြီးလျှင် လည်ပင်းလက်ကောက်ဝတ်များကို ဖုံးမိလောက်အောင် သက်နှံ့ရုံ၍ သွားခြင်းကို သုပ္ပဋိဋ္ဌန္နေ သွားခြင်းဟုခေါ်၏၊ လည်မျိုမှ အထက် ဦးခေါင်းကိုလည်းကောင်း–လက်ကောက်ဝတ်မှ ပြင်ဘက် (အဖျားဘက်) လက်ကိုလည်းကောင်း–သလုံးသားမှ အောက်ခြေကိုလည်းကောင်း ဖော်ပြီးလျှင် အခြားကိုယ်အင်္ဂါများကိုဖုံး၍ ထိုင်ခြင်းကို သုပ္ပဋိဋ္ဌန္နေ ထိုင်ခြင်းဟုခေါ်သည်။ [ဦးခေါင်းအတွက်မှာ သြဂုဏ္ဍိတအပြစ်ရှိ၍ လုံးလုံး မဖုံးမိစေရ, လက်ဖျားနှင့် အောက်ပိုင်း ခြေတို့ကိုကား ဖုံးမိခြင်းကြောင့် အပြစ်သင့်ဖွယ်မရှိ။]

အနာပတ္တိ။ ။ အနာပတ္တိဝါရ၌ ဂိလာနစသူတို့အပြင် "ဝါသူပဂတသ–နေဖို့ရန် ကပ်ရောက်ပြီးသော ရဟန်း၏၊ အနာပတ္တိ–အာပတ်မသင့်ခြင်းသည်၊ 'ဟောတိ–ဖြစ်၏" ဟုလည်း လာရကား မြို့ရွာတွင်း၌ခေတ္တတည်းခို နေထိုင်သော ရဟန်းမှာ သုပ္ပဋိဋ္ဌန္နေ သိက္ခာပုဒ်အရ သက်နှံ့ရုံ၍ မနေသော်လည်း အာပတ်မသင့်၊ သို့သော် တည်းခိုနေထိုင်ရန် သွားသည့်အခါမူ သက်နှံ့ရုံ၍ သွားရမည့်ပြင်, ပရိမဏ္ဍလသိက္ခာပုဒ်နှင့်အညီ နေထိုင်ရမည်။

ဆက်ဦးအုံ –"တည်းခို" ဟူရာ၌ ကခ်ါဋ္ဌိကာသစ်ဝယ် ညဉ့်အိပ်နေမှ "အနေ" ဟုဆို၏၊ အဋ္ဌကထာ၌မူ "ရတ္တိဘာဂေဝါ ဒိဝသဘာဂေဝါ ကာယ ဝိဝရိတ္တာ နိသီဒတော အနာပတ္တိ" ဟုရှိ၏၊ ထို၌ ဒိဝသဘာဂေဝါ ဟူသော အမြွက်ကိုထောက်၍ နေ့အဖို့အတွက် တည်းခိုခြင်းလည်း "အနေပင်" ဟုယူသင့်သည်။ တည်းခိုနေထိုင်ခြင်းမဟုတ်ဘဲ ပရိတ်ရွတ် တရားဟော ကိစ္စအတွက် နေရာ၌ကား အချိန်ကြာသော်လည်း သက်နှံ့ရုံ နေရမည်သာ။

အချိန်ယူမှုပုံ။ ။ ယခုကာလ၌ အချို့ဒကာ ဒကာမများက မိမိအိမ်သို့ ရောက်လာသော ရဟန်းကို ချမ်းသာစွာ နေခွင့်ရစေလိုသောသဘောဖြင့် "ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ" ဟုလည်းကောင်း "အရှင်ဘုရား နေသမျှ, ဤအိမ်–ဤမဏ္ဍပ်ကိုလျှောပါ၏" ဟုလည်းကောင်း လျှောက်လေ့ရှိ၏၊ သို့သော် ထိုသို့ လျှောက်ရုံမျှဖြင့် ကျောင်းလည်းမဖြစ်–အလျှောလည်း မမြောက်ရကား ရဟန်းမှာ ထူး၍လွတ်လပ်စွာ နေနိုင်ခွင့် မရနိုင်။ [ဝိမတိဋီကာ။]

http://www.dhammadownload.com

၅-၆။ သုသံဝုတ သုသံဝုတော - ကောင်းစွာ စောင့်စည်းအပ်သော လက်ခြေရှိသည်၊ (ဟုတွာ-ဖြစ်၍)၊ အန္ဓ ရဃရေ ဂမိဿာမိ ဣတိ သိက္ခာ ကရဏီယာ၊ ပေ၊ နိသ်ဒိဿာမိတိ သိက္ခာ ကရဏီယာ။

၇-၀။ သြက္ခိတ္တစက္ခု သြက္ခိတ္တစက္ခု - ၄ တောင်ခန့်မျှ ကြည့်သောအား ဖြင့် အောက်၌ ချအပ်သော မျက်လွှာရှိသည်၊ (ဟုတွာ-၍)၊ ပေ၊ သိက္ခာ ကရဏီယာ။

* * * * * *

၅-၆။ သုသံဝုတော။ ။ သံဝရိယန္တေ -စောင့်စည်းအပ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ သံဝုတာ-တို့မည်၏၊ ယဿ-အကြင်သူ၏၊ သုဋ္ဌု-ကောင်းစွာ၊ သံဝုတာ-စောင့်စည်းအပ်သော လက်ခြေတို့သည်၊ သန္တိ-ရှိကုန်၏၊ ဣတိ-ကြောင့်၊ သုသံဝုတော-မည်၏၊ လက်ခြေများကို မလှုပ်မရမ်းဘဲ ကောင်းမွန်ငြိမ်သက်စွာထား၍ မြို့ရွာတွင်း၌ သွားလာနေထိုင်ရမည်-ဟူလို။ [ရှေးနိဿယများ၌ သဒ္ဒါအနက်ကိုမသုံးဘဲ အဓိပ္ပာယ် ပေါ်လွင်အောင် "သုသံဝုတော-လက်ခြေကို မကစားဘဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းလျက်" ဟု အနက်ပေး၏၊ နောက်၌လည်းရှေးနိဿယများနှင့်မတူလျှင် ဤနိဿယ၌ သဒ္ဒါနည်းမလွတ်အောင် အနက်ပေးထားသည်-ဟု သတိပြုပါ။]

၇-၀။ သြက္ခိတ္တစက္ခု။ ။ [သြသည် အဝ၏ ကာရိယတည်း၊ အဝ-အောက်၌+ခိတ္တ-ချထားအပ်သော+စက္ခု-မျက်စေ့။] ယဉ်ကျေးပြီးသော အာစာရနည်မြင်းများသည် ရထားထမ်းပိုး တစ်ပြန်မျှလောက်ကိုသာ (၄ တောင်လောက်ကိုသာ) ကြည့်ကာ ငြိမ်သက်စွာ သွားလေ့ရှိကြ၏၊ ယခုခေတ်လူကြီးလူကောင်း အခေါ်ခံသူတို့လည်း တောင်ကြည့် မြောက်ကြည့် ကြည့်လေ့မရှိကြ၊ ဣန္ဒြေရစွာ မျက်နှာထား၍ သွားလာနေထိုင်လေ့ရှိကြ၏၊ ထို့ကြောင့် အယဉ်ကျေးဆုံးဟု အခေါ်ခံကြရသော ဘုရားရှင်၏ သားတော် (ရှင်-ရဟန်း) များလည်း မြို့ရွာ အိမ်အတွင်းဝယ် နေထိုင်သွားလာရာ၌ ယဉ်ကျေးသူပီသအောင် ၄ တောင်လောက်ကိုသာ မှန်း၍ ကြည့်မိဖို့ရန် မျက်လွှာကို အောက်သို့ချလျက် သွားလာနေထိုင်ရမည်၊ ဝါသုပဂတပုဂ္ဂိုလ်များလည်း ရှေ့သုသံဝုတသိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ်များမှ လွတ်လပ်ခွင့်မရကြ။ [ဘေးရန်ရှိ-မရှိ သိဖို့ရန်အတွက် ကြည့်သင့်သောနေရာဝယ် သွားလာရင်းပင် အထောင်ဝေးဝေးလှမ်း၍ကြည့်မှကြောင့် အနာပတ္တိ။]

http://www.dhammadownload.com

၉-၁၀။ ဥက္ခိတ္တက ဥက္ခိတ္တကာယ - မြောက်ပင့်အပ်သောသက်နှံးဖြင့်၊ အန္တ ရယရေ - ၌၊ နဂမိဿာမိ - မသွားအံ့၊ ပေ၊ နနိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။ [ပဌမော-သော၊ ပရိမဏ္ဍလဝဂ္ဂေါ-ပရိမဏ္ဍလဝဂ်တည်း။]

ဥစ္ဆရိကဝဂ်

၁၁-၁၂။ ဥစ္ဆရိက ဥစ္ဆရိကာယ - ကျယ်စွာ ရယ်ခြင်းဖြင့်၊ အန္တ ရယရေ နဂမိဿာမိ၊ ပေ၊ နနိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

* * * * * *

၉-၁၀။ ဥက္ခိတ္တကာယ။ ။ ဥက္ခိတ္တက-မြောက်ပင့်အပ်သောသက်နှံး+ အာယကား နာဝိဘတ်၏ ကာရိယတည်း၊ နာဝိဘတ်လည်း ဣတ္ထမ္ဘူတ လက္ခဏာအနက်၌ သက်ရကား "ဥနုပဗ္ဗဇန္တေန ပတ္တေန-ဖြင့်" ဟူရာ၌ကဲ့သို့ "မြောက်ပင့်အပ်သော သက်နှံးဖြင့်" ဟု အနက်ပေးသည်။

သင်းပိုင် ဧကသိမျှားကို အထက်သို့ ပင့်ကာ ပင့်ကာ စွန်တောင်ဆွဲကာ (လူများ ဟန်ပါပါသွားသကဲ့သို့) မြို့ရွာတွင်း၌ မသွားရ၊ ထိုင်သည့်အခါ လည်း အတွင်းအိတ်မှ ရေစစ်ကို ထုတ်ရာ၌ပင် ရုံထားသောသက်နှံးကို ခါးပေါ် အောင် မပင့် မမြောက်မိစေရ။ [ညဉ့်အိပ်နေ့နေ ကပ်ရောက်သော ဝါသူပဂတ ပုဂ္ဂိုလ်မှာ ပင့်မြောက်သင့်၍ ပင့်မြောက်မှုကြောင့် အနာပတ္တိ, သို့သော် ပရိ မဏ္ဍလစသော သိက္ခာပုဒ်များ မပျက်အောင်ကား သတိထားရမည်။]

၁၁-၁၂။ ဥစ္ဆရိက။ ။ ဥသဒ္ဒါသည် မြင့်မြင့်ကျယ်ကျယ်ဟူသော အနက်ကိုဟော၏၊ ဧဂ္ဂမာတ်ကား "ဟသန" အနက်ဟူ၏၊ အာယမှာ ဣတ္ထမ္ဘူတလက္ခဏာအနက်ရှိသော နာဝိဘတ်၏ ကာရိယတည်း၊ ထို့ကြောင့် "ကျယ်စွာရယ်ခြင်းဖြင့်" ဟုပေးသည်၊ ရယ်ခွင့်ကြုံစေကာမူ မြို့ရွာအတွင်း၌ "ဟားဟား" စသည်ဖြင့် ကျယ်စွာမရယ်ရ, ပြုံးရုံလောက်သာ ပြုံးရမည်" ဟု ဆို၏၊ သို့သော် အနာဒရိယစိတ်မရှိလျှင် အသံအနည်းငယ် ထွက်သွားသော် လည်း အာပတ်မသင့်တန်ရာ။

http://www.dhammadownload.com

အပွသဒ္ဒေါ-တိုးသောအသံရှိသည်၊ (ဟုတ္တာ - ၍)
၁၃-၁၄။ အပွသဒ္ဒ အန္တရယရေ ဂမိဿာမိတိ၊ ပေ၊ နိသီဒိဿာမိတိ
သိက္ခာ ကရဏီယာ။

ကာယပွစာလက် - ကိုယ်ကို လှုပ်စေ၍
၁၅-၁၆။ ကာယပွစာလက လှုပ်စေ၍၊ အန္တရယရေ နံ ဂမိဿာမိ၊
ပေ၊ နံ နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

ဗာဟုပွစာလက် - လက်ရုံးကို လှုပ်စေ၍
၁၇-၁၈။ ဗာဟုပွစာလက လှုပ်စေ၍၊ ပေ၊ ကရဏီယာ။

သီသပွစာလက် - ဦးခေါင်းကို လှုပ်စေ၍
၁၉-၂၀။ သီသပွစာလက လှုပ်စေ၍၊ ပေ၊ ကရဏီယာ။ [ဒုတိယော-
၂ ခုမြောက်သော၊ ဥဒ္ဒေ၊ ဣဏ္ဍိကဝဂ္ဂေါ-တည်း။]

* * * * * *

၁၃-၁၄။ အပွသဒ္ဒ။ ။ "အပွ" သဒ္ဒါ၌ "အနည်းငယ်" ဟူသော အနက်ပေးရိုးရှိသော်လည်းဤ၌ "တိုးတိုး" ဟု ဆိုလိုသည်၊ ၁၂ တောင် ကျယ်သော အိမ်ဝယ် မြောက်အစွန်၌တစ်ပါး, အလယ်၌တစ်ပါး, တောင်အစွန်၌တစ်ပါး ထိုင်နေလျှင် မြောက်ဆုံးပုဂ္ဂိုလ်က ၆ တောင်ခန့်ကွာဝေးသော အလယ်ပုဂ္ဂိုလ်ကိုလှမ်း၍ စကားပြောရာ၌ အလယ်ပုဂ္ဂိုလ်သာ အသံကိုလည်းကြား, စကား၏ အဓိပ္ပာယ်ကိုလည်းနားလည်၍, တောင်ဆုံးပုဂ္ဂိုလ်မှာ အသံသာကြား၍ အဓိပ္ပာယ်ကို သဲသဲကွဲကွဲနားမလည်လျှင် အပွသဒ္ဒဖြစ်ပြီ၊ တောင်ဆုံးပုဂ္ဂိုလ်မှာလည်း ကွဲကွဲပြားပြား နားလည်လျှင်ကား မဟာသဒ္ဒဖြစ်၍ အပြစ်သင့်ဘာည်။

ဆက်ဦးအုံ-ဤ အပွသဒ္ဒသိက္ခာပုဒ်မှာ ရဟန်းချင်း အလွတ်စကားပြောရာ၌ ပညတ်တော်မူလိုဟန်ရှိ၏၊ ဘာကြောင့်နည်း ..... မြို့ရွာအတွင်း တရားဟောသည့်အခါနှင့် အနီးအပါးချဉ်းကပ်လာသူလူတို့အား စကားပြောသည့်အခါတို့၌ထိုကဲ့သို့ ၆ တောင်ကွာလောက်နေသူကိုသာ အဓိပ္ပာယ် ကွဲပြားနားလည်ရုံလောက်ပြောလျှင် အကျိုးမရသည့်ပြင်-အပြစ်သာ ရှိယ်ရှိသောကြောင့်တည်း။ [ဝိမတိဋီကာ။]

ပစာလကသိက္ခာပုဒ်ချီး။ ။ [ပ=အပြားအားဖြင့် (အမျိုးမျိုး) + စာလက=လှုပ်စေသည်။] "လှုပ်" ဟူရာ၌ ကိုယ်ကို ငြိမ်သက်တည့်မတ်စွာ

http://www.dhammadownload.com

ခမ္ဘကတဝဂ်

၂၁-၂၂။ ခမ္ဘကတ — ခမ္ဘကတော-ပြုအပ်သော ခါးထောက်ခြင်း ရှိသည်၊ (ဟုတ္တာ-၍)၊ ပေ၊ နေ ဂမိဿာမိ-အုံ၊ ပေ၊ နေ နိသိဒိဿာမိ-အုံ၊ ဣတိ သိက္ခာ ကရဏီယာ။

၂၃-၂၄။ သြဂုဏ္ဍိတ — သြဂုဏ္ဍိတော - ခြိုအပ်သော ဦးခေါင်းရှိသည်၊ (ဟုတ္တာ-၍)၊ ပေ၊ နေ ဂမိဿာမိ နေ နိသိဒိဿာမိတိ သိက္ခာ ကရဏီယာ။

* * * * * *

မထားဘဲ ဆန့်ခြင်း တန်းခြင်း ဝှေ့ယမ်းခြင်း ဦးခေါင်းကို ငြိမ်သက် တည့်မတ်စွာ မထားဘဲ ငိုက်စိုက်ထားခြင်း စောင်းငဲ့ခြင်း, ခေါင်းညိတ်ခြင်း-ခါခြင်း-ယမ်းခြင်း စသည်များတည်း၊ ထိုကဲ့သို့ မလုပ်စေရအောင် ကိုယ် လက်ရုံး-ဦးခေါင်းတို့ကို တည့်မတ်စွာနှင့် ငြိမ်သက်စွာထား၍ သွားလာနေထိုင်ရမည်။ [ပစာလက်ဌ် နိဂ္ဂဟိတ်မှာ ကြိယာဝိသေသနအနုက်ဟောသော ဒုတိယာဝိဘတ်၏ ကာရိယတည်း၊ ထိုကြိယာဝိသေသနမျိုးကို "၍-စွာ-လျောက်-လျက်-အောင်" စသည်ဖြင့် သင့်သလို အနက်ပေးနိုင်သည်။]

၂၁-၂၂။ ခမ္ဘကတ။ ။ ခမ္ဘသဒ္ဒါသည် "ပဋိဗဒ္ဓ=ဆက်စပ်ခြင်း" အနက်ဟောဟု ပါစိတ်ယောဇနာဆို၏၊ ဆက်စပ်ဟူသည်မှာလည်း "ခါ:ဌ် ဆက်စပ်ခြင်း" ဟု ယူ၊ ထိုအလို "ခါ:ဌ်ပြုအပ်သော ဆက်စပ်ခြင်းရှိသည်" ဟု အနက်ပေး၊ ဓာတုတ္ထသင်္ဂဟဌ် ခမ္ဘသဒ္ဒါသည် "ခါ:" ဟူသော အနက်ဟောဟူ၏၊ ဤ၌ ခါ:ထောက်ခြင်းတိုင်အောင် "ဌာနုပစာရ" အားဖြင့်ယူ၍ "ကတ=ပြုအပ်သော+ခမ္ဘ=ခါ:ထောက်ခြင်းရှိသည်" ဟု အနက်ပေး၊ မြို့ရွာအတွင်းဌ် ခါ:ထောက်၍မသွား:ရ, ခါ:ထောက်၍မထိုင်ရ၊ သို့သော် ဝါသုပဂတဖြစ်မှု ခါ:ထောက်၍ထိုင်ရုံကား: ထိုင်ကောင်:၏။

၂၃-၂၄။ သြဂုဏ္ဍိတ။ ။ အဝပုဗ္ဗ (ရစ်ပတ်ခြင်:အနက်ဟော) ဂုဏ္ဍာ ဓာတ်, ဏ်ဟော တပစ္စည်း၊ အဝဂုဏ္ဍိယတေ-လွှမ်:ခြုံရစ်ပတ်အပ်၏၊ ဣတိ-ထို့ကြောင့်၊ သြဂုဏ္ဍိတံ-မည်၏၊ ဦးခေါင်:ကိုရစေ၊ "သြဂုဏ္ဍိတံ ယသ္သာတိ သြဂုဏ္ဍိတော" ဟု ဝိဂ္ဂဟပြု၍ ခြိုအပ်သောဦးခေါင်:ရှိသူကိုရစေ၊ [ထောမနိမိ အဘိဓာန်အတိုင်:တည်း၊ ယောဇနာ၌ ဒုရင်ကောက်ဖြင့် သြဂုဏ္ဍိတ ဟုလည်:ကောင်:, ကတ္တာရူပ်ဖြင့်လည်:ကောင်: ကြံလေသည်။] မြို့ရွာတွင်:ဌ် ခေါင်:မြီ: ခြုံ၍ မသွား:-မထိုင်ကောင်:၊ ဝါသုပဂတဖြစ်မှု ခေါင်:မြီ:ခြုံ၍ နေကောင်:၏။

http://www.dhammadownload.com

၂၁။ ဥက္ကုဋိက ဥက္ကုဋိကာယ–အထက်၌ ခြေတစ်စွန်းရှိသော သွားခြင်းဖြင့်၊ ဝါ–ဖဝါးစွန်းနင်းလျက်၊ ပေ၊ နု ဂမိဿာ မိတိ သိက္ခာ ကရဏီယာ။

၂၆။ ပလ္လတ္ထိက ပလ္လတ္ထိကာယ–လက်, သင်္ကန်းတို့ဖြင့် ထက်ဝန်းကျင် ပတ်ဖွဲ့ခြင်းဖြင့်၊ ပေ၊ နု နိသီဒိဿာမိတိ သိက္ခာ ကရဏီယာ။

၁။ သက္ကစ္စံ ပတိဋ္ဌဟဏ သက္ကစ္စံ – လေးစားသောအား, သတိထား၍၊ ပိဏ္ဍပါတ်–ဆွမ်းကို၊ ပတိဋ္ဌဟောဿာမိ–ခံယူအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၂၁။ ဥက္ကုဋိက။ ။ ဥဒ္ဓံ ကော ကောဋိ ယဿာတိ ဥက္ကုဋိကာ၊ ယဿာ–အကြင်သွားခြင်း၏၊ ဥဒ္ဓံ–အထက်၌၊ ကော–တစ်ခုသော၊ ကောဋိ–အစွန်း. သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထို့ကြောင့်၊ (ဥက္ကောဋိကာဟု ဆိုသင့်လျက် သြကို ဝိပရိတ် ဥပြု၍) ဥက္ကုဋိကာ–မည်၏၊ ရှေ့ကခြေဖျားကို မြှောက်၍ဖြစ်စေ–နောက်ဖနောင့်ကို မြှောက်၍ဖြစ်စေ သွားရာ၌ တစ်ဖက်အစွန်းမှာ အထက်သို့ ထောင်နေသည်၊ ထိုသွားခြင်းကိုပင် "ဖဝါးစွန်းနင်း၍သွားခြင်း" ဟု ခေါ်၏၊ "ခြေဖဝါးကို မြေ၌ ထုံးစံအတိုင်း မနင်းဘဲ တစ်စွန်းတစ်စပြင့်နင်း၍ သွားခြင်း" ဟု ဆိုလိုသည်။

၂၆။ ပလ္လတ္ထိက။ ။ ပရိ (သမန္တတော)–ထက်ဝန်းကျင်မှ၊ အသနံ (ခိပနံ)–ပစ်ချရစ်ပတ်ခြင်းသည်၊ ပလ္လတ္ထိ–မည်၏။ [အသဓာတ် တိပစ္စည်းဖြင့် အတ္ထိဟု ပြီးစေ၍ ရိ၌ ဣကို ယပြု, ရကို လပြု, ဒွေဘော်လာ, ပလ္လတ္ထိဟု ဖြစ်၏။] ထိုင်သည့်အခါ ဒူး ၂ ဖက်ကိုထောင်၍ လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်းကို ဟတ္ထပလ္လတ္ထိကာ, သင်္ကန်းဖြင့် ပတ်ဖွဲ့၍ထိုင်ခြင်းကို ဒုဿပလ္လတ္ထိကာ ဟု ခေါ်သည်၊ မြို့ရွာအတွင်း၌ ထိုကဲ့သို့ မထိုင်ကောင်း၊ ဝါသူပဂတဖြစ်မှ ထိုင်ကောင်း၏၊ [ဤပြုခဲ့သော သိက္ခာပုဒ် ၂၆ ပါးကို လျောက်ပတ်သမျှယဉ်စွာ နေကြထိုင်ကြဖို့ရန် ပညတ်တော်မူအပ်သောကြောင့် သာရုပ္ပသိက္ခာပုဒ်များ ဟုခေါ်သည်။]

၁။ သက္ကစ္စံ ပဋိဋ္ဌဟဏ။ ။ ဤ "သက္ကစ္စံ" အရ လေးစားခြင်းဟူသည် ဆွမ်းခံရာ၌ ဆွမ်းကိုမလိုချင်သလို သွန်ပစ်တော့မလို မလေးမစား မ'လုပ်ဘဲ

http://www.dhammadownload.com

၂။ ပတ္တသည် ပတိဋ္ဌဟဏ ပတ္တသည် - သပိတ်၌ သညာရှိသည်၊ (ဟုတ္တာ-၍၊) ပိဏ္ဍပါတ်-ကို၊ ပတိဋ္ဌ ဟောသာမိတိ သိက္ခာ ကရဏီယာ။

၃။ သမသူပက သမသူပက်-ဆွမ်း၏ လေးဖို့ တစ်ဖို့မျှ လက်ကော်ရ ပဲဟင်း ရှိရုံသာ၊ ပိဏ္ဍပါတ် ပတိဋ္ဌဟောသာမိတိ သိက္ခာ ကရဏီယာ။

* * * * * *

ဆွမ်းကို လေးလေးစားစား သတိထား၍ ခံယူခြင်းတည်း။ ["သက္ကစ္စံ-ရိုသေစွာ" ဟုရှေးနက်ရှိ၏။]

၂။ ပတ္တသည် ပတိဋ္ဌဟဏ။ ။ ဆွမ်းခံနေ့ခိုက်ဝယ် တောင်ကြည့်မြောက်ကြည့်မကြည့်ဘဲ မိမိ၏ သညာကို သပိတ်၌သာ ထား၍ ဆွမ်းခံရမည်၊ ထိုကဲ့သို့ သပိတ်၌ သညာမထားလျှင် လောင်းပြီးသည်ကိုလည်း မသိရ-လောင်း၍ မပြီးသေးသည်ကိုလည်း မသိရဘဲ ရှိလိမ့်မည်-ဟူလို။ [သညာကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ ဆိုထားသည်၊ မျက်စိရော စိတ်ပါ သပိတ်၌ ထားရမည်-ဟူလို။]

၃။ သမသူပက။ ။ ဤသိက္ခာပုဒ်၌ လက်ကော်၍ ရလောက်အောင် မကျဲမပျစ်လွန်းသော ပဲဟင်း. ဟူသမျှကို "သူပ" ဟုခေါ်၏၊ ထိုသူပသည် ဆွမ်း၏ ၄ ပုံ တစ်ပုံဆိုလျှင် စားလောက်ပြီးပြစ်၍ "သမ=သင့်တော်ညီမျှသည်" ဟု ဆိုရသည်၊ ထိုသို့ ဆွမ်း၏ ၄ ပုံ ပုံလျှင် ၁ ပုံလောက်မျှ သင့်တော် ညီမျှသော ပဲဟင်းရှိရုံသာ ခံယူရမည်၊ ပဲဟင်းကို ဆွမ်းပမာဏ၏ ၄ ပုံ တစ်ပုံထက်ပို၍ ခံလျှင် ဒုက္ခဒဏ်, နည်းသည့်အတွက်မှာ အပြစ်မရှိ၊ ပဲဟင်းမှတစ်ပါး အခြားသား-ငါး-အသုပ်-အကြော် စသော ဟင်းကောင်းများကိုကား ဆွမ်း၏ ၄ ပုံ ၁ ပုံထက် ပိုမိုများပြားသော်လည်း အနာပတ္တိ၊ ပဲဟင်းကိုလည်း ဥာတိပဝါရိတ အထံမှမူ ထို့ထက်ပို၍လည်း ခံယူကောင်း၏။

မှတ်ချက်။ ။ "သမသူပက်" ၌ နိဂ္ဂဟိတ်ကား ကြိယာဝိသေသန ခေါ် ဘာဝနပုံးကိုပြသော နိဂ္ဂဟိတ်ဖြစ်သည်း၊ ထို့ကြောင့် "ရှိရုံ" ဟု ဝိသေသနသံ ပါအောင် ပေးလိုက်သည်၊ "သာ" ကား ထို့ထက် မပိုရဟု သိစေလို၍ ရသင့်သောကြောင့် ထည့်ပေးသည်၊ နောက်နောက် နိဂ္ဂဟိတ်ဆုံး၍ ဝိသေသနသံ ပေးသမျှ၌ ကြိယာဝိသေသန (ဘာဝနပုံး) ချည်းမှတ်။

http://www.dhammadownload.com

၄။ သမတိတ္ထိက — သမတိတ္ထိက်-သပိတ်အတွင်း အနားရစ်နှင့် ညီမျှသော ခဲဖွယ်ဘောဇဉ်ရှိရုံသာ၊ ပိဏ္ဍပါတံ ပတိဂ္ဂဟေဿာမိတိသိက္ခာ ကရဏီယာ။ [တတိယော-သုံးဝင်မြောက်ဖြစ်သော၊ ခမ္ဘကတဝဂ္ဂေါ-တည်း။]

သက္ကစ္စဝဂ်

၅။ သက္ကစ္စံ ဘုဥ္ဇန — သက္ကစ္စံ-လေးစားသောအား, သတိထား၍၊ ပိဏ္ဍပါတံ-ကို၊ ဘုဉ္ဇိဿामि-စားအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၆။ ပတ္တသညီ ဘုဥ္ဇန — ပတ္တသညီ-သည်၊ ဟုတ္တာ-၍၊ ပေ၊ ဘုဉ္ဇိဿामि ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၄။ သမတိတ္ထိက။ ။ တိတ္ထသဒ္ဒါသည် မြစ်ကမ်းကိုဟောဂ၏၊ ဤ၌ "တိတ္ထံဝိယ-ဆိပ်ကမ်းနှင့်တူ၏၊ ဣတိ-ထိုကြောင့်၊ တိတ္ထं-မည်၏၊ သပိတ်၏ အတွင်းနှုတ်ခမ်းကိုရစေ၊ တိတ္ထေန သမံ ယဿာတိ သမတိတ္ထိက်၊ ယဿ-အကြင် ဆွမ်း၏၊ တိတ္ထေန-သပိတ်၏ အတွင်းနှုတ်ခမ်းနှင့် (သပိတ်နှုတ်ခမ်းသည် အတွင်းနှုတ်ခမ်း အပြင်နှုတ်ခမ်းဟု ၂ မျိုးရှိရာ အတွင်းနှုတ်ခမ်းနှင့်)၊ သမံ-ညီမျှသော ပမာဏသည်၊ အတ္ထိ-ရှိ၏" ဟု ပေး၊ သပိတ်၏ အတွင်းနှုတ်ခမ်းနှင့်ညီမျှရုံသာ ဆွမ်းခံရမည်၊ ထိုနှုတ်ခမ်းမှ ပိုလျှံမောက်နေအောင် မခံရ-ဟူလို။

ဆွမ်း ဟူရာ၌လည်း ယာဝကာလိက ခဲဖွယ်ဘောဇဉ်ကို ဆိုလိုသည်၊ သပိတ်အပေါ်၌ တင်လျက် ခွက်စသည်ဖြင့် ထည့်၍ ခံရာ၌လည်းကောင်း, အဓိဋ္ဌာန်လောက်သော သပိတ်မဟုတ်သောခွက်ဖြင့် ခံရာ၌လည်းကောင်း မိုမောက်နေသော်လည်း အနာပတ္တိ၊ ထိုပြင်-သပိတ်တစ်လုံးပြည့်နေ၍ ထိုတစ်လုံးကို အခြားသူအား ပေးပြီးနောက် အခြားသပိတ်ဖြင့် ခံရာ၌လည်း အနာပတ္တိပင်။

၅။ သက္ကစ္စံ ဘုဥ္ဇန။ ။ ဆွမ်းစားသည့်အခါ (ဂိလာနမဟုတ်လျှင်) မစားချင့် စားချင်စားသည့် အမှုအရာမျိုးကို မပြဘဲ စားလိုသော အမှုအရာဖြင့်သာ လေးလေးစားစား သတိထား၍ စားရမည်။

၆။ ပတ္တသညီ ဘုဥ္ဇန။ ။ ဆွမ်းစားသည့်အခါ "တောင်ကြည့် မြောက်ကြည့်" မစားရ၊ မိမိခွက်၌ သညာ (စိတ်ရော မျက်စိပါ) ထားပြီး ဣရိယာ စားရမည်။

http://www.dhammadownload.com

၇။ သပဒါန — သပဒါန် -အစဉ်အတိုင်း၊ ပေ၊ ဘုဠိသာမိတိ သိက္ခာ ကရဏီယာ။

၈။ သမသူပကဘုဇန — သမသူပက်-သာ၊ ပိဏ္ဍပါတ် ဘုဠိသာမိတိ သိက္ခာ ကရဏီယာ။

၉။ ထူပက — ထူပကတော-ဆွမ်းဦးဆွမ်းထိပ်မှ၊ သြမဒ္ဒိတ္တာ-နှိပ်၍၊ ဝါ-နှိုက်၍၊ ပိဏ္ဍပါတ်-ကို၊ နှ ဘုဠိသာမိ-မစားအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၇။ သပဒါန။ ။ ဒါဓာတ်သည် "အဝခဏ္ဍန=ပိုင်းဖြတ်ခြင်း" အနက်ကို ဟောတ၏၊ ဒါနတော-ပိုင်းဖြတ်ခြင်းမှ၊ အပေတ်-ကင်းသော အမှုအရာသည်၊ အပဒါန်-မည်၏၊ "သဟ အပဒါနေန ယံ ဝတ္တတိတိ သပဒါန်=ပိုင်းဖြတ်ခြင်းမှကင်းသော အမှုအရာနှင့်တကွဖြစ်သော စားခြင်း" တည်း၊ ဆွမ်းစားသည့်အခါ ဆွမ်းခွက်ထဲဝယ် "ဟိုနား-နှိုက်လိုက်-သည်နား-နှိုက်လိုက်" လုပ်သော အမှုအရာမရှိဘဲ မိမိဘက်ရှိ အစမှစ၍ အစဉ်အတိုင်း စားခြင်းကို "သပဒါနစားခြင်း" ဟုဆိုသည်၊ သူတစ်ပါးကို ပေးသည့်အခါ သူတစ်ပါး၏ ခွက်ထဲဝယ် ထည့်သည့်အခါ၌ကား မိမိအလိုရှိရာကို (အစဉ်အတိုင်း မဟုတ်ဘဲ) ယူ၍ ပေးနိုင်သည်။

၈။ သမသူပကဘုဇန။ ။ အဓိပ္ပာယ်ကို သမသူပက ပတိဂ္ဂဟဏသိက္ခာ ပုဒ်အတိုင်း သိ၊ "ဥာတိပဝါရိတ မဟုတ်သူတို့၏ ဆွမ်းကို စားသည့်အခါ ပဲဟင်းကိုချည်း မျှားစွာ မစားရ" ဟူလို။

၉။ ထူပက။ ။ ထူပသဒ္ဒါသည် စေတီပုထိုးကဲ့သို့ အထက်၌ မိုမောက်နေသော အရာများကိုဟောတ၏၊ ဤ၌ "ထူပမေဝ ထူပက်" ဟု ယောဇနာ၌ ကပစ္စည်းအနက် သီးခြားမရှိ ကြံ့လေသည်။ ထူပကဲ့သို့ မိုမောက်သောဆွမ်းဦးဆွမ်းထိပ် (စားခွက်ဝယ် အလယ်ဗဟို) အရပ်ကို "ထူပက" ဟု ဆိုလိုသည်။ ဆွမ်းစားသည့်အခါဝယ် အလယ်တည့်တည့်မှယူ၍ မစားရ-ဟူလို၊ သို့သော် ကုန်ခါနီး၍ သိမ်းကျုံးစားရာ၌ကား အလယ်ကို ယူမိသော်လည်း အနာပတ္တိ။

---

http://www.dhammadownload.com

၁၀။ ပဋိဿာဒန သူပ်ဝါ–ပဲဟင်း စသည်ကိုလည်းကောင်း၊ ဗျဉ္ဇနံဝါ–ဟင်းလျှာကိုလည်းကောင်း၊ ဘိယျောကမျတံ–အများကို အလိုရှိသူ၏ အဖြစ်ကို၊ ဥပါဒါယ–စွဲ၍၊ သြဒနေန–ဆွမ်းဖြင့်၊ နပဋိဿာ ဒေဿာမိ–မဖုံးအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၁။ သူပေါဒန ဝိညတ္တိ သူပ်ဝါ–ပဲဟင်း စသည်ကိုလည်းကောင်း၊ သြဒနံဝါ–ဆွမ်းကို လည်းကောင်း၊ အဂိလာနော – ဂိလာန မဟုတ်ဘဲ၊ အတ္တနော– မိမိ၏၊ အတ္ထာယ–အကျိုးငှာ၊ ဝိညာပေတွာ–တောင်း၍၊ နဘုဉ္ဇိဿာမိ–မစားအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၁၀။ ပဋိဿာဒန။ ။ ဤသိက္ခာပုဒ်၌ သူပအရ သောက်၍ စားကောင်းသော ဟင်းရည်မျိုးကို ယူသင့်၏၊ "သုခေန ပါတဗ္ဗတိ သူပ်" ဟု ထောမနိမိဆိုသည်၊ ကျမ်းစာတို့၌ကား ပဲဟင်းကိုသာ အဖွင့်များ၏၊ ဗျဉ္ဇနကား သားငါးစသော ဟင်းလျှာများတည်း၊ ထိုသူပဗျဉ္ဇနများကို (ဆွမ်းခံစဉ်) ဆွမ်းဖြင့် ဖုံးထားလျှင် "သည်ကိုယ်တော်မှာ ဟင်းမရှာဘူး" ဟု ထင်၍ ဆွမ်းလောင်းသူတို့က နောက်ထပ် လောင်းချင်လိမ့်မည်၊ ထိုသို့ လောင်းချင်အောင် များများ အလိုရှိ၍ သူပဗျဉ္ဇနတို့ကို ဖုံးမထားရ၊ လောင်းသူတို့ကိုယ်တိုင်က "မာယာတ သမယ=သားငါး: မသတ်ရ" ဟု ကြွေးကြော်ရာအခါဖြစ်၍ လူမမြင်အောင် ဖုံးလျက် လောင်းလိုက်လျှင် ခံယူသူမှာ အနာပတ္တိ။

၁၁။ သူပေါဒနဝိညတ္တိ။ ။ "သူပ်" ဟု ဆိုသော်လည်း ဟင်းကိုမှတ်၍ ဆိုသည်၊ ပဏီတဘောဇနမှ လွတ်သော စားဖွယ်အားလုံးကိုပင် ဤသူပ်ဝါ သြဒနံဝါအရ၌ သွင်းရမည်၊ ထိုစကားမှန်၏–ပဏီတဘောဇန သိက္ခာပုဒ်၌ မဗ္ဗ မံသ ခီရ ဒဓိတို့ကို တောင်းစားလျှင် သူပေါဒန ဝိညတ္တိသိက္ခာပုဒ်အရ ဒုက္ကဋ်ဟု အဋ္ဌကထာတို့ ဖွင့်ကြသည်၊ ထို့ကြောင့် ဂိလာန မဟုတ်လျှင် ဥာတိ ပဝါရိတမဟုတ်သော ဒကာဒကာမတို့ အထံ၌ မည်သည့်အစာကိုမျှ (အယုတ်သဖြင့် သူတို့ပိုင်ပြီးရေကိုမျှ) မတောင်းကောင်း၊ သံဃာ့အတွက် ဖိတ်ထားသူ့အထံဖြစ်စေ လုံးလုံးမဖိတ်သူ့အထံဖြစ်စေ ဂိလာနမဟုတ်ဘဲ ဆေးပစ္စည်းကို တောင်းလျှင် မဟာနာမသိက္ခာပုဒ်တော်အရ ပါစိတ်, ထောပတ် ဆွမ်းစသော ပဏီတဘောဇဉ်ကို တောင်းစားလျှင် ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်, ကြွင်းသော အစာကို တောင်းစားလျှင် ဤသိက္ခာပုဒ်အရ ဒုက္ကဋ်။

http://www.dhammadownload.com

သေခ်ာ (သက္ကစ္စဝဂ်) ၃၈၃

[ဂိလာနဖြစ်သူကား ဓာတ်စာ ဆွမ်းဟင်းနှင့်အမှန်သင့်မြတ်သော ဆေးများကို တောင်းကောင်း၏။]

သူတစ်ပါးအတွက် တောင်းဆေးမူ။ ။ နိသဂ္ဂိယဋ္ဌပြုခဲ့သော အညာတက ဝိညတ္တိ သိက္ခာပုဒ်မှစ၍ တောင်းမှုနှင့်ဆိုင်သမျှဝယ် "အညဿ-အခြားသော ရဟန်း၏၊ အတ္တာယ-အကျိုးငှာ၊ ဝိညာပေန္တ ဿ-တောင်းသောရဟန်း၏၊ အနာပတ္တိ-သည်၊ ဟောတိ-ဖြစ်၏" ဟု လာ၏၊ ဤ ပါဠိတော်သွားအတိုင်း တိုက်ရိုက်ယူလျှင် အခြားရဟန်းအတွက် တောင်းပေးက တောင်းပေးသော ရဟန်းမှာလည်း အနာပတ္တိ, သုံးဆောင်သောရဟန်းမှာလည်း အနာပတ္တိဟု အဓိပ္ပာယ်ယူရမည်ကဲ့သို့ရှိ၏။

သို့သော် အညာတကဝိညတ္တိသိက္ခာပုဒ် အဋ္ဌကထာရင်းခံ "၁-အခြားရဟန်းအတွက် မိမိ၏ ဥာတိပဝါရိတအထံ တောင်းပေးခြင်း၊ ၂-အခြားရဟန်း၏ ဥာတိပဝါရိတအထံ ထိုရဟန်းအတွက်ပင် တောင်းပေးခြင်းကြောင့်သာ အနာပတ္တိ" ဟု ဖွင့်ခဲ့၏၊ ဥာတိပဝါရိတ မဟုတ် သူ့ထံတောင်းပေးခြင်းကြောင့် အနာပတ္တိဟု မဖွင့်၊ ထို့ကြောင့် ဥာတိပဝါရိတ မဟုတ်သော ဒကာ ဒကာမတို့အထံ၌ မိမိဖို့တောင်းခြင်းသာ မအပ်သည် မဟုတ်သေး၊ သူတစ်ပါးအတွက် တောင်းပေးခြင်း, ဆွမ်းဖိတ်ပေးခြင်း, ပစ္စည်း ၄ ပါး အဖိတ်ခိုင်းခြင်း၊ ရဟန်းခံ ရှင်ပြုကိစ္စ စသည်တို့၌ ရဟန်းဒကာ ရှင်ဒကာလုပ်ရန် တိုက်တွန်းခြင်းများသည် တိုက်တွန်းသူမှာလည်း မအပ်, တိုက်တွန်း၍ရရှိသော ပစ္စည်းအဆက်ဆက်လည်း မအပ်စင်စစ်သာ။

[ဝိမတိ] ပဋ္ဌသဟမ္ပိကာနံ အတ္တာယ အညာတက အပ္ပဝါရိတဋ္ဌာနေ ဝိညာပေန္တော ဝိညတ္တိကမ္ပေ အဋ္ဌကထာသု သုတ္တာနုလောမတော ဝုတ္တအကတဝိညတ္တိဒုက္ကဋတော နု မုစ္စတိ၊ သဗ္ဗိစ္ဗ ဘဋ္ဌနကမ္ပေ သယံစ အညေစ မိစ္ဆာဇီဝတော နု မုစ္စန္တိ။

[ထောင်] အပ္ပဝါရိ, အညာတိကို, မိမိတွက်တောင်း, သူ့တွက်တောင်းတည်း, သောင်းပြောင်း ဟင်း ဆွမ်း, ဖိတ်မန်ခန်းနှင့်, ရဟန်းဒကာ, ရှင်ဒကာ ဟု, လုပ်စေမှုစပ်, အရပ်ရပ်, မအပ်ဆက်ဆက်တည်း။

---

http://www.dhammadownload.com

၁၂။ ဥဗ္ဗာနသည် ဥဗ္ဗာနသည်-ကဲ့ရဲ့ခြင်း၌ သညာရှိသည်၊ (ဟုတ္တာ-၍)၊ ပရေသ်-သူတစ်ပါးတို့၏၊ ပတ္တံ-သပိတ်ကို၊ နဿြလောကေသာမိ-မကြည့်အုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၃။ အတိမဟန္တ အတိမဟန္တံ - ဒေါင်းဥအလား အလွန်ကြီးမားသော၊ ကဗဠံ-ဆွမ်းလုတ်ကို၊ နဿ ကရိဿာမိ-မပြုအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၄။ ပရိမဏ္ဍလ အာလောပ ပရိမဏ္ဍလံ - ထက်ဝန်းကျင် ဝန်းဝိုင်းသော၊ အာလောပံ - ဆွမ်းလုတ်ကို ကရိဿာမိ - ပြုအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။ [စတုတ္ထော-လေးဝင်မြောက်သော၊ သက္ကစ္စဝဂ္ဂေါ-သက္ကစ္စဝဂ်တည်း။]

* * * * * *

၁၂။ ဥဗ္ဗာနသည် ။ ။ သူတစ်ပါးသပိတ်ထဲ၌ ဆွမ်းဟင်းနည်းပါးလျှင် လှောင်ပြောင်လို၍လည်းကောင်း, မျှားလျှင်လည်း "ဒကာ ဒကာမကို မည်ကဲ့သို့ ဆက်ဆံတာကို:, ရမှာပေါ့" စသည်ဖြင့် ရှုတ်ချလို၍လည်းကောင်း, သူတစ်ပါး သပိတ်ကို မကြည့်ရ၊ နည်းနေလျှင် လူမည်-များနေလျှင် လူစေမည် (အလှူခံမည်) စသည်ဖြင့် ရိုးသားသော စိတ်ဖြင့်ကား ကြည့်ကောင်း၏။

၁၃။ အတိမဟန္တ ။ ။ ဒေါင်းဥသည် အလွန်ကြီး၏၊ ကြက်ဥကား ငယ်လွန်း၏၊ ထိုဒေါင်းဥနှင့် ကြက်ဥ အကြားလောက်ရှိသော ဆွမ်းလုတ်ကို ပြုရမည်၊ ဆွမ်းလုတ်ကို ကြီးစွာလုပ်၍ ပါးစပ်ပြည့်မောက်နေအောင် မစားရ၊ ဒေါင်းဥလောက်ကြီးလျှင် အာပတ်ဟု ဆိုလိုသည်၊ ကြက်ဥလောက်အငယ်ကိုကား မလျောက်ပတ်၍သာ အဋ္ဌကထာပြသည်၊ အာပတ်ကား မသင့်ဟု ဝိမတိဆိုသည်၊ မုန့် ခဲဖွယ်များနှင့် သစ်သီးများကိုကား ကြီးနေသော်လည်း အနာပတ္တိ။

၁၄။ ပရိမဏ္ဍလအာလောပ။ ။ "ထက်ဝန်းကျင်ဝန်းဝိုင်:" ဆိုသော်လည်း ကွန်ပါးဖြင့် ရစ်ဝိုင်းထားသလိုဖြစ်အောင် ဝိုင်းစေရမည်-ဟု မဆိုလို၊ "အဒီဃ-ရှည်လျှားလျှား မဖြစ်အောင်" ဟု အဋ္ဌကထာ ပွင့်သောကြောင့် ရှည်လျှားလျှားမဖြစ်စေဘဲ အထိုက်အလျောက်ဝိုင်းအောင် သတိထား၍ ဆွမ်းလုတ်ကို ပြုပြင်စားရမည်-ဟု ဆိုလိုသည်၊ ဤ၌လည်း ခဲဖွယ် သစ်သီးနှင့် လက်သုပ်များ၌ မဝိုင်းစေနိုင်သော်လည်း အနာပတ္တိ။

http://www.dhammadownload.com

ကဗဇ္ဇဝဂ်

၁၅။ အနာဟရ — ကဗဇ္ဇေ – ဆွမ်းလုတ်ကို၊ အနာဟရေ–ခံတွင်းဝသို့ မဆောင်ယူအပ်သေးမီ၊ မုခဒ္ဒါရံ–ခံတွင်းအဝကို၊ နဝိဝရိဿာမိ–မဖွင့်အုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၆။ ဘုဉ္ဇမာန — ဘုဉ္ဇမာနော–ဆွမ်းစားစဉ်၊ သမ္ဘဟတ္ထံ–အလုံးစုံသော လက်ချောင်းကို၊ မုခေ–ခံတွင်း၌၊ နိ ပက္ခိပိဿာမိ–မထည့်အုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၇။ သကဗဇ္ဇ — သကဗဇ္ဇေန – ဆွမ်းလုတ်နှင့်တကွဖြစ်သော၊ မုခေန–ခံတွင်းဖြင့်၊ နိ ဗျာဟရိဿာမိ–စကားမပြောအုံ့၊ ဣတိ သိက္ခာ ကရဏီယာ၊

* * * * * *

၁၅။ **အနာဟရ**။ ။ ဆွမ်းစားသည့်အခါ ပါးစပ်ပေါက်သို့ ဆွမ်းလုတ် မရောက်မီ ပါးစပ်ကိုဖွင့်ထားနှင့်ခြင်းကား မယဉ်ကျေးသော အမူအရာတစ်မျိုး ဖြစ်၏၊ ထို့ကြောင့် ခံတွင်းအဝ (ပါးစပ်ပေါက်) သို့ ဆွမ်းလုတ် မတော့မီခင် ခံတွင်းကိုဟု၍ မထားနှင့်ရ၊ ဤအမူအရာမျိုးကို ဂိလာနလည်း မပြုရ။

၁၆။ **ဘုဉ္ဇမာန**။ ။ ထမင်း မစားတတ်သေးသော ကလေးတို့သည် ထမင်းလုတ်ကို ပါးစပ်သို့ သွင်းသည့်အခါ လက်ချောင်းများပါ သွင်းလိုက်သကဲ့သို့ ထို့အတူ ဆွမ်းစားစဉ် လက်ချောင်းများကို ခံတွင်းသို့ မသွင်းမိစေရ။

မှတ်ချက်။ ။ ဟတ္ထသဒ္ဒါသည် လက်ကောက်ဝတ်မှစ၍ လက်ချောင်းအဖျားတိုင်အောင် ဟောသော်လည်း ဤ၌ လက်ချောင်းသက်သက်ကိုသာ ကေဒေသျှုပစာရအားဖြင့်ဟောသည်၊ သမ္ဘဟုဆိုသောကြောင့် "လက်ချောင်းအားလုံးကို (တစ်ချောင်းတလေမျှ) မသွင်းရ" ဟု ဋီကာတို့ဖွင့်ကြ၏၊ တချို့စားနည်း၌ လက်မအဖျားလောက် အနည်းငယ် ဝင်သွားတတ်၏၊ သို့သော် အနာဒရိယစိတ်မရှိလျှင် အနာပတ္တိပင်။

၁၇။ **သကဗဇ္ဇ**။ ။ ပါးစပ်ထဲ၌ ဆွမ်းလုတ်ရှိနေလျှင် စကားမပြောရ၊ "ဆွမ်းလုတ်" ဟူရာ၌ စကားလုံး မပါသလောက်အောင် ပြည့်နေသော ဆွမ်းလုတ်ကို ဆိုလိုသည်၊ တရားဟောစဉ် သို့သျှားသီးကို ပါးစပ်ထဲ၌ ဟောကောင်းသကဲ့သို့ ဆွမ်းလုတ်က အနည်းငယ်သာရှိသဖြင့် စကားလုံးပါသအောင် ပြောနိုင်၍ ပြောလျှင်ကား အနာပတ္တိ။

http://www.dhammadownload.com

၁၈။ ပိဏ္ဍုက္ကေ္ခပက ပိဏ္ဍုက္ကေ္ခပက် – ဆွမ်းလုတ်ကို မြှောက်၍မြှောက်၍၊ နဘုဋ္ဌိဿာမိ – မစားအုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁၉။ ကဗဠာဝစ္ဆေဒက ကဗဠာဝစ္ဆေဒက် – ဆွမ်းလုတ်ကို ကိုက်ဖြတ်၍ ကိုက်ဖြတ်၍၊ နဘုဋ္ဌိဿာမိ–အုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၂၀။ အဝဂ္ဂကာရက အဝဂ္ဂကာရက်–မျောက်ကဲ့သို့ ပါးစောင်ကို မိုမောက်အောင်ပြု၍၊ နဘုဋ္ဌိဿာမိ–အုံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၁၈။ ပိဏ္ဍုက္ကေ္ခပက။ ။ [ပိဏ္ဍ=ထမင်းခဲ(ဆွမ်းလုတ်ပါယူ)+ဥက္ခေ္ခပက=ပစ်မြှောက်သည်၊ နိဂ္ဂဟိတ်ကြောင့် ကြိယာဝိသေသန ဟု မှတ်။] ဆွမ်းလုတ်ဖြစ်စေ ဆွမ်းခဲတစ်ခုကိုဖြစ်စေ ပါးစပ်၌ကပ်၍ သွင်းရမည်၊ ပါးစပ်ထဲ၌ မြှောက်ပစ်၍ မသွင်းရ၊ မုန့်ခဲဖွယ်များနှင့် သစ်သီးများကိုကား ပစ်၍ သွင်းသော်လည်း အနာပတ္တိဟူ၏၊ သို့သော် ပါးစပ်၌ကပ်၍ သွင်းခြင်းသာ ယဉ်ကျေးသည်။

၁၉။ ကဗဠာဝစ္ဆေဒက။ ။ [အဝစ္ဆေဒက–ကိုက်ဖြတ်သည်။] ဆွမ်းလုတ်ကို ဆုပ်ပြီးလျှင် သွားဖြင့် ကိုက်ဖြတ်၍ မစားရ–ဟူလို၊ ဆွမ်းလုတ်ပြုပြီးလျှင် ထိုဆွမ်းလုတ်ကများနေ၍ တော်သင့်ရုံလက်ဖြင့်ပိုင်းပြီး သွင်းရာ၌မူ အပြစ်မရှိသင့်၊ မုန့်ပဲစသောခဲဖွယ်နှင့် လက်သုပ်များကိုကား ကိုက်ဖြတ်စားကောင်းသည်–ဟုဆို၏၊ ထို့ကြောင့် ပြောင်းဖူးကိုကိုက်၍စားခြင်း ငှက်ပျောသီးကို ကိုက်၍စားခြင်းစသည်၌ အနာပတ္တိ။

၂၀။ ။ **အဝဂ္ဂကာရက**။ ။[ဂဏ္ဍသဒ္ဒါသည် ပါးကိုဟောရင်းဖြစ်သော်လည်း "အဝ"သဒ္ဒါက "ဟီန=ယုတ်ညံ့" ဟူသော အနက်ဟောဖြစ်ရကား ပါးစောင်ကို ရိုးရိုးမနေစေဘဲ အမြင်မကောင်းအောင် မိုမောက်နေပုံကိုယူ။] မျောက်သတ္တဝါများ စားသည့်အခါ ပါးဖောင်းလာအောင် စားသကဲ့သို့ ဆွမ်းကို ပါးဖောင်းနေအောင်မစားရ–ဟူလို၊ သျှီသျှားသီး စသည်ကို ပါးတစ်ဖက်၌ ငုံထားလျှင် ဖောင်းနေသကဲ့သို့ သစ်သီးဟူသမျှကို ထားရာ၌ ဖောင်းနေစေသော်လည်း အနာပတ္တိ။

http://www.dhammadownload.com

၂၁။ ဟတ္ထနိဋ္ဌနက — ဟတ္ထနိဋ္ဌနက်–လက်ကိုခါ၍ခါ၍၊ နှ ဘုဠိသာမိတိ သိကွာ ကရဏီယာ။

၂၂။ သိတ္ထာဝကာရက — သိတ္ထာဝကာရက် – ဆွမ်းလုံးများကို ဖြန့်ကြဲ၍ ဖြန့်ကြဲ၍၊ နှ ဘုဠိသာမိတိ သိကွာ ကရဏီယာ။

၂၃။ ဓိဝါနိဋ္ဌာရက — ဓိဝါနိဋ္ဌာရက်–လျှာကို ထုတ်၍ ထုတ်၍၊ နှ ဘုဠိသာမိတိ သိကွာ ကရဏီယာ။

၂၄။ စပုစပုကာရက — စပုစပုကာရက် – စပုစပု ဟု အသံပြု၍၊ ဝါ–စပ်စပ်, ပျတ်ပျတ်မြည်အောင်၊ နှ ဘုဠိသာမိတိ သိကွာ ကရဏီယာ။ [ပဋ္ဌမော–ငါးဝဂ်မြောက်သော၊ ကဗဇ္ဇ ဝဂ္ဂေါ–ကဗဇ္ဇဝဂ်တည်း။]

* * * * * *

၂၁။ ဟတ္ထနိဋ္ဌနက။ ။ တချို့ထမင်းစားရာ၌ လက်ကို မကြာခဏခါ၏၊ ထိုကဲ့သို့ လက်ကိုခါ၍ ဆွမ်းမစားရ၊ ဆွမ်းထဲ၌ ကျောက်ခဲ အမှိုက်ပါလာ၍ ထိုအမှိုက်များကို စွန့်ပစ်သော အခါမျိုး၌ကား ခါကောင်းသည်။

၂၂။ သိတ္ထာဝကာရက။ ။[သိတ္ထာ=ဆွမ်းလုံး+အဝကာရက=မသင့်မတော် ပြုသည်။] ဖရိုဖရဲ ကြဲနေအောင် ဆွမ်းလုံးများကို ဟိုပစ်လိုက် သည်ပစ်လိုက် လုပ်ခြင်းကို "အဝကာရက" ဟု ဆိုသည်၊ ဆွမ်းလုံးများကို မဖိတ်မစင်အောင် ကောင်းစွာ သိမ်းသိမ်းဆည်းဆည်းစားရမည်–ဟူလို၊ အရိုးအမှိုက်များကို စွန့်ပစ်ရင်း ဆွမ်းလုံးပါသွားရာ၌ကား အနာပတ္တိ။

၂၃။ ဓိဝါနိဋ္ဌာရက။ ။ တချို့စားကြရာ၌ ထမင်းလုတ်ကို လျှာထုတ်၍ ကော်ယူတတ်၏၊ ထိုသို့ လျှာထုတ်၍ ဆွမ်းလုတ်ကိုလည်းကောင်း၊ ဟင်းကိုလည်းကောင်း၊ ကော်မယူရ။

၂၄။ စပုစပုကာရက။ ။ "စပုစပု" သဒ္ဒါကား ပါးစပ်မှ မြည်သံကို အတုလိုက်၍လုပ်ထားသော "အနုကရဏ" သဒ္ဒါတည်း၊ အသံကြားရာ၌ လူတစ်မျိုးနှင့်တစ်မျိုး ကြားပုံချင်း မတူကြ၊ ထမင်းစားသည်အခါ တချို့မြည်တတ်သော အသံကို မြန်မာတို့က "ပျတ်=ပျတ်" ဟု ကြား၏၊ တချို့ကား "စပ်=စပ်" ဟု ကြား၏၊ ပါဠိသုံးမှာမူ "စပု=စပု" ဟု ကြားဟန်တူသည်၊ ထိုကဲ့သို့ အသံမထွက်အောင် ဆွမ်းစားရမည်–ဟူလို။

http://www.dhammadownload.com

သုရသုရဝဂ်

၂၅။ သုရသုရကာရက — သုရ သုရ ကာရက်–သုရ သုရ ဟု အသံပြု၍ ဝါ – ရွတ်ရွတ်မြည်အောင်၊ နှ ဘုဠိသာမိတိ သိက္ခာ ကရဏီယာ။

၂၆။ ဟတ္ထနိလ္လေဟက — ဟတ္ထနိလ္လေဟက် – လက်ကို လျက်၍လျက်၍၊ နှ ဘုဠိသာမိတိ သိက္ခာ ကရဏီယာ။

၂၇။ ပတ္ထနိလ္လေဟက — ပတ္ထနိလ္လေဟက် – သပိတ်ကို ခြစ်၍ခြစ်၍၊ ပေ၊ ကရဏီယာ။

၂၈။ သြဋ္ဌနိလ္လေဟက — သြဋ္ဌနိလ္လေဟက်–နှုတ်ခမ်းကို လျက်၍လျက်၍၊ ပေ၊ ကရဏီယာ။

* * * * * *

၂၅။ သုရသုရကာရက။ ။ ဤ "သုရသုရ" သဒ္ဒါလည်း "အနုကရဏ=အသံကိုအတုလိုက်၍ပြုတတ်သော" သဒ္ဒါပင်တည်း၊ ပါဠိက "သုရ=သုရ" မြန်မာက "ရှရ=ရှရ" အသံကြားသည်၊ ထိုအသံမျိုးမဖြစ်အောင် ဆွမ်းကိုလည်းစား ဟင်း နွားနို့ စသည်ကိုလည်း သောက်ရမည်။

၂၆။ ဟတ္ထနိလ္လေဟက။ ။ တချို့လူများထမင်းစားရာ၌ လက်ချောင်းကို လျှာဖြင့်လျက်၏၊ ပါးစပ်ဖြင့်စုပ်၏၊ လက်ဝါးပြင်ကိုပင် လျက်တတ်သေး၏၊ ထိုအားလုံးကိုမလုပ်ကောင်း၊ သို့သော် လက်ချောင်းဖြင့်ကော်၍စားရသော ယာဂုပျစ်–နို့ယနှာ–တင်လဲ–ပျားရည် စသည်ကိုကား လက်ချောင်းကို ပါးစပ်တွင်းသွင်း၍ စုပ်ယူမှုကြောင့် သဗ္ဗဟတ္ထွဲမုခေပကွိပန သိက္ခာပုဒ်အရ အနာပတ္တိ။

၂၇–၂၈။ ပတ္ထနိလ္လေဟက, သြဋ္ဌနိလ္လေဟက။ ။ ဆွမ်းစားသည့်အခါ ကုန်လုနီးသော် သပိတ်ကို လက်ချောင်းတစ်ချောင်းနှင့်မျှ ခြစ်ခြုတ်၍ မစားရ, ထုံးစံအတိုင်း သိမ်းရုံးရှိသာ စားကောင်းသည်၊ နှုတ်ခမ်းကိုလည်း လျှာဖြင့် (အကပ်အသပ်ကလေးများကုန်အောင်) မလျက်ရ၊ အကပ်အသပ်များကို နှုတ်ခမ်းချင်းဖြင့်သာသိမ်းယူ၍ ခံတွင်းရောက်အောင် သွင်းယူရမည်၊ ["လျက်" ဟူရာ၌ နှုတ်ခမ်းပြင်ဘက်သို့ လျှာထွက်လာသော လျက်ခြင်းကို တားမြစ်တော်မူလိုမည်ထင်သည်၊ လျှာမပေါ်အောင်အတွင်းကနှုတ်ခမ်းကို လျက်ရာ၌ အပြစ်မရှိတန်ရာ။]

http://www.dhammadownload.com

၂၉။ ပါနိယတ္ထာလက — အာမိသေန-ဆွမ်းစသော အာမိသနှင့်တကွ ဖြစ်သော၊ ဟတ္ထေန-လက်ဖြင့်၊ ပါနိယတ္ထာ လက်-သောက်ရေခွက်ကို၊ နေ ပတိဂ္ဂဟေဿာမိ-မကိုင်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၃၀။ သသိတ္ထက — သ သိတ္ထက်-ဆွမ်းလုံးနှင့်တကွဖြစ်သော၊ ပတ္တဓော ဝန်-သပိတ်ဆေးရေကို၊ အန္တ ရဃရေ-ရွာတွင်း၌၊ နေ ဆရွှေဿာမိ-မစွန့်အံ့၊ ဣတိ သိက္ခာ ကရဏီယာ။

၁။ ဆတ္တပါဏိ — ဆတ္တပါဏိဿ - လက်၌ထီးရှိသော၊ အဂိလာနဿ-ဂိလာန မဟုတ်သူအား၊ ဓမ္မ-ပါဠိအဋ္ဌကထာဓမ္မကို၊ နေ ဒေသေဿာမိ-မဟောအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

၂၉။ ပါနိယထာလက။ ။[ပါနိယ=သောက်ရေ+ထာလက=ခွက်ငယ်။] သံဃာ့ဥစ္စာ ကိုယ့်ဥစ္စာ လူ့ဥစ္စာအားလုံးကိုပင် သောက်ရေခွက်မှန်က ဆွမ်းစားပြီး၍ လက်၌ ဆွမ်းဟင်းသရေစာ အာမိသပေနေလျှင် ထိုလက်ဖြင့် မကိုင်ရ၊ သို့သော် အာမိသမပေသော လက်ချောင်းဖြင့်ကား ကိုင်ကောင်း၏၊ "သောက်ရေခွက်ကို ကိုင်ပြီးလျှင် ဆေးမည်" ဟု နှလုံးသွင်း၍ကိုင်မူ အနာပတ္တိ။

၃၀။ သသိတ္ထက။ ။ ဆွမ်းလုံးပါသော သပိတ်ဆေးရေကို မြို့ရွာတွင်း၌ မသွန်ရ၊ ဆွမ်းကို တစ်နေရာမှာ စုပုံပြီးမှ ရေချည်းသက်သက်ဖြစ်စေ ဆွမ်းလုံးများကို အားလုံးမထင်ရှားအောင်ချေပြီးမှ ရေနှင့်တကွဖြစ်စေ သွန်ကောင်း၏၊ လက်ဆေးခံ စသည်၌ကား ဆွမ်းလုံးရော ရေပါ မြို့ရွာတွင်းဖြစ်စေကာမူ သွန်ကောင်း၏၊ မြို့ရွာအပြင်သို့ ယူခဲ့ပြီးမှ သွန်ရာ၌မူ ဆိုဖွယ်မရှိ။ ["သက္ကစ္စ ဘုဥ္ဇနပဋိသံယုတ္တ" သိက္ခာပုဒ်များ ပြီး၏။]

၁။ ဆတ္တပါဏိ။ ။ လက်၌ ထီးကိုင်ချက်ရှိသူ အား (ဂိလာန မဟုတ်လျှင်) တရားမဟောရ၊ တရားဟောလိုလျှင် ထီးကို လက်မှ လွှတ်စေပြီးမှသာ ဟောရမည်၊ [ကိုယ်အင်္ဂါ တစ်စုံတစ်ခုနှင့် ထိနေစေကာမူ လက်ဖြင့် မထိလျှင် ဆတ္တပါဏိမဟုတ်၊ နောက်နောက် ဒဏ္ဍပါဏိ စသည်၌လည်း ဤနည်းပင်။]

---

http://www.dhammadownload.com

၂။ ဒဏ္ဍပါဏိ ဒဏ္ဍပါဏိသ-လက်၌ ၄ တောင်ပြည့် တုတ်ရှိသော၊ အဂိလာနသ-အား၊ ဓမ္မ-ကို၊ နဒေသေသာမိတိ သိက္ခာ ကရဏီယာ။

၃။ သတ္ထပါဏိ သတ္ထပါဏိသ - လက်၌ ဓား စသော လက်နက် ရှိသော၊ အဂိလာနသ ဓမ္မ နဒေသေသာမိတိ သိက္ခာ ကရဏီယာ။

၄။ အာဝုဓပါဏိ အာဝုဓပါဏိသ - လက်၌ လေးရှိသော၊ ပေ၊ သိက္ခာ ကရဏီယာ။ [ဆဋ္ဌော - ခြောက်ဝဂ် မြောက်သော၊ သုရသုရဝဂ္ဂေါ-တည်း။]

ပါဒုကဝဂ်

၁။ ပါဒုကာရ ပါဒုကာရဋ္ဌသ-ခြေနင်းစီးသော၊ အဂိလာနသ-အား၊ ဓမ္မ နဒေသေသာမိတိ သိက္ခာ ကရဏီယာ။

၆။ ဥပါဟနာရဋ္ဌ ဥပါဟနာရဋ္ဌသ - ဖိနပ်စီးသော၊ ပေ၊ ကရဏီယာ။

* * * * * *

၂-၃-၄။ ။ "ဒဏ္ဍ" အရ ၄ တောင်ရှိ တုတ်ကိုသာ ယူရမည်၊ ထိုအောက် တိုသော တုတ်-ထိုထက်ရှည်သောတုတ်ကို မယူရ၊ "သတ္ထ"အရ ဓား သန်လျက် လုံ့စသော လက်နက်တွင် ပါဝင်သမျှကိုယူ၊ "အာဝုဓ" အရ ညှို့တင်ပြီးဖြစ်စေ, မတင်သေးဖြစ်စေ, လေးဆိုင်ရာ အားလုံး (လေးကိုင်: လေးကြိုး မြားတို့ပါ) ယူရမည်။

၅-၆။ ။ ပါဒုကနှင့် ဥပါဟနကို သက္ကတအဘိဓာန်၌ အနက်တူ ဖွင့်ထား၏၊ မင်းမြောက်တန်ဆာ ၅ ပါးကို ပြရာ၌လည်း အဘိဓာန်၌ "ပါဒုကာ" ဟုလာ၍ သံကိစ္စဓာတ်၌ "ဥပါဟန" ဟုလာ၏၊ ထို့ကြောင့် အခြား ကျမ်းဂန်တို့ အလို ဥပါဟနနှင့် ပါဒုကာသည် အနက်တူဟုပင် မှတ်သင့်၏၊ ဤသေခံယဉ်ကား သိက္ခာပုဒ် ၂ ပါးရှိသောကြောင့် ဟိန္ဒူများ စီးလေ့ရှိသော သည်းကြိုးမပါ- အဖျားဌ ကြေးဘုတပ်၍ ထိုကြေးဘုကို ခြေမ ခြေညှိုးဖြင့်ညှပ်လျက် စီးရသော ဖိနပ်ကို "ပါဒုကာ" ဟုခေါ်၍, အခြားသည်းကြိုးတပ်အမျိုးမျိုးနှင့် ယခုခေတ် ရှူးဖိနပ် (ခြေနင်း) များကို "ဥပါဟန" ဟု ခေါ်သင့်သည်။

http://www.dhammadownload.com

၇။ ယာနဂတ — ယာနဂတသ–ယာဉ်ပေါ်၌ တက်ရောက်နေသော၊ ပေ၊ ကရဏီယာ။

၈။ သယနဂတ — သယနဂတသ–အိပ်ရာ၌ရောက်နေသော၊ အဂိလာနသ–အား၊ ပေ၊ သိက္ခာ ကရဏီယာ။

* * * * * *

၇။ ယာနဂတ။ ။ [ယာန–ယာဉ်ပေါ်၌+ဂတ–ရောက်နေသူ (စီးနေသူ)။] "ယာဉ်" ဟူရာ၌ ယခုကာလ လှည်း–လန်ချား–ရထား–ကားအမျိုးမျိုး အပြင် အဝတ်ထမ်းစင်များနှင့် လူ ၂ ယောက် လက်ချင်းယှက်၍ ချိမ–ယူအပ်သော လက်ယှက်များကိုပါ ယူရမည်တဲ့၊ ထိုယာဉ်ပေါ်နေသူကို ယာဉ်အောက်နေသူက တရားမဟောရ၊ အကြောင်းအားလျော်စွာ တရားဟောသူပါ ယာဉ်တစ်ခုပေါ်၌ အတူနေလျှင် ဟောကောင်း၏၊ သို့သော် ဟောသူမှာ နောက်ကလည်း မနေရ, နိမ့်ရာ၌လည်း မနေရ၊ ယာဉ် ၂ စီးပေါ်၌ အသီးသီး ရောက်နေမှုကား ဟောသူ၏ ယာဉ်က နောက်လည်းမကျစေရ–နိမ့်လည်း မနိမ့်စေရ။

၈။ သယနဂတ။ ။ အိပ်ရာဟူ ရာ၌ အိပ်ဖို့ပြင်ထားသော နေရာကိုသာ ဆိုလိုသည်မဟုတ်၊ မြေကြီးပေါ်၌ဖြစ်စေ လျောင်းနေလျှင် ထိုမြေကြီးသည် "အိပ်ရာ" ပင်တည်း၊ မိန့်တော်မှုလိုရင်းမှာ– "လျောင်းအိပ်နေသူကို ဓမ္မကထိကလုပ်သူက တရားဟောပလျှင် အင်းပျဉ်ညောင်စောင်းမှာ နေလျက်ပင်ဖြစ်စေ ရပ်၍ ထိုင်၍ဖြစ်စေ မဟောရ" ဟူလို၊ လျောင်းနေချင်းတူလျှင် (ဟောသူ့နေရာကမနိမ့်မှ) ဟောကောင်း၏၊ လျောင်းနေသော ဓမ္မကထိကက ထိုင်သူရပ်သူ ၂ မျိုးလုံးအားလည်း ဟောကောင်း၏၊ ထိုင်နေသော ဓမ္မကထိကသည် ထိုင်သူ ရပ်သူ ၂ မျိုးလုံးကို ဟောကောင်း၏၊ "ရပ်နေသော ဓမ္မကထိကကား ရပ်နေချင်းတူသူကိုသာ ဟောကောင်းသည်"ဟု နောက်၌ "နဠိတောနိသိန္နသ" စသည်ဖြင့် မိန့်တော်မူဦးလတဲ့။

အချုပ်မှာ–ဣရိယာပုတ် ၄ ပါ:တွင် ရပ်ခြင်း:ဣရိယာပုတ်သည် လေးစားရာ အရောက်ဆုံး–ထို့နောက် ထိုင်ခြင်:သည် လေးစားရာရောက်၏၊ ထို့ကြောင့် လေးစားသော ဣရိယာပုတ်ဖြင့် တရားနာသူ –ညီမျှသော ဣရိယာပုတ်ဖြင့် တရားနာသူ ကိုသာ ဟောရမည်–ဟူလို၊ ထို့ကြောင့် ယခုကာလ မတ်မတ်ရပ်၍

http://www.dhammadownload.com

၉။ ပလ္လင်္ဃိကနိသိန္နေ	ပလ္လင်္ဃိကာယ-လက်,အဝတ်တို့ဖြင့် ထက်ဝန်းကျင် ပတ်ဖွဲ့ခြင်းဖြင့်၊ နိသိန္နသ-သော၊ ပေ၊ ကရကိယာ။
၁၀။ ဝေဠိတသိသ	ဝေဠိတသိသသ-ရစ်ပတ်အပ်သော ဦးခေါင်းရှိသော၊ အဂိလာနသ၊ ပေ၊ သိက္ခာ ကရကိယာ။
၁၁။ သြဂုဏ္ဌိတသိသ	သြဂုဏ္ဌိတ သိသသ-ခြုံအပ်သော ဦးခေါင်းရှိသော၊ အဂိလာနသ၊ ပေ၊ သိက္ခာ ကရကိယာ။
၁၂။ ဆမာ	ဆမာယ-မြေ၌၊ နိသိဒိတ္တာ-ထိုင်၍၊ အာသနေ-နေရာ၌၊ နိသိန္နသ အဂိလာနသ ဓမ္မံ နေ ဒေသေသာ မိတိ

သိက္ခာ ကရကိယာ။

* * * * * *

ရဟန်းသာမဏေကိုယ်တိုင် သြဘာစာ ဖတ်ကြားရာ၌ ပါဠိအဋ္ဌကထာ ပါဝင်နေသော် လာလတ္တဲ့ဖြစ်သော "နေ ဠိတော နိသိန္နသ" သိက္ခာပုဒ်အရ အပြစ်မဖြစ်အောင် ဒကာ တစ်ယောက်ယောက်ကို မတ်မတ်ရပ်စေပြီးလျှင် ဖတ်သူကလည်း ထိုဒကာကိုဖတ်ပြသည်-ဟု သဘောထားရန် စိမ်လေ့ရှိကြသည်။

၉။ ပလ္လင်္ဃိက၏ အနက်ကို ခမ္ဘကတဝဂ်၌ ပြခဲ့ပြီ၊ ထိုကဲ့သို့ ထိုင်နေသူအား တရားမဟောကောင်း။

၁၀။ ဝေဠိတသိသ။ ။"ဝေဠိတ" အရ "ရစ်ပတ်" ဟူရာ၌ ခေါင်းပေါင်းပေါင်းသော ရစ်ပတ်ခြင်း ဦးထုပ်ဆောင်းသော မကိုင်ဆောင်းသော ရစ်ပတ်ခြင်း, ပန်ချာပီခေါင်းပေါင်း ရစ်ပတ်ခြင်းအားလုံးကိုယူ၊ ထိုသို့ ရစ်ပတ်ထားရာ၌ ဆံစ မပေါ်သူကိုသာ တရားမဟောကောင်း၊ မြန်မာတို့ ခေါင်းပေါင်းပုံမှာ များသောအားဖြင့် ဆံစ ပေါ်နေသောကြောင့် တရားဟောကောင်းပါ၏၊ ဆံစ မပေါ်လျှင် ဆံစကိုဖော်ပြီးမှ တရားဟောရမည်။

၁၁။ သြဂုဏ္ဌိတအနက်ကို ဖွင့်ပြခဲ့ပြီ၊ ပသိမိန်းမများ ခေါင်းမြီးခြုံသလို ခြုံထားလျှင် ထိုခေါင်းမြီးခြုံကို ဖွင့်စေပြီးမှ တရားဟောရမည်။

၁၂။ ဆမာ။ ။ မြေကြီးပေါ်၌ထိုင်နေသော ဓမ္မကထိကသည် မြက်အခင်းဖြစ်စေ အဝတ်ဖြစ်စေ ခင်းထိုင်နေသူအား တရားမဟောကောင်း။

http://www.dhammadownload.com

၁၃။ နိစ

နိစေ-နိမ့်သော၊ အာသနေ-နေရာ၌၊ နိသိဒိတ္တာ-ထိုင်၍၊ ဥစ္စေ-မြင့်သော၊ အာသနေ-နေရာ၌၊ နိသိန္နဿ၊ ပေ၊ ကရဏီယာ။

၁၄။ ဌိတ

ဌိတော-ရပ်လျက်၊ နိသိန္နဿ-ထိုင်နေသော၊ အဂိလာနဿ၊ ပေ၊ သိက္ခာ ကရဏီယာ။

၁၅။ ပစ္ဆတောဂစ္ဆန္တ

ပစ္ဆတော - နောက်မှ၊ ဂစ္ဆန္တော - သွားစဉ်၊ ပုရတော - ရှေ့မှ၊ ဂစ္ဆန္တဿ - သွားသော၊ အဂိလာနဿ၊ ပေ၊ ကရဏီယာ။

၁၆။ ဥပ္ပထေနဂစ္ဆန္တ

ဥပ္ပထေန - လမ်းမဟုတ်သော ခရီးဖြင့်၊ ဂစ္ဆန္တော-သွားစဉ်၊ ပထေန-လမ်းဖြင့်၊ ဂစ္ဆန္တဿ၊ ပေ၊ ကရဏီယာ။

* * * * * *

၁၃။ နိစ။ ။ မြေပြင်ချင်းတူသော်လည်း နိမ့်သောမြေပေါ်၌ ထိုင်လျက် မြင့်မောက်သောမြေပေါ်ဝယ် ထိုင်နေသူအား တရားမဟောကောင်း။

၁၄။ ဌိတ။ ။ မတ်မတ်ရပ်နေသူက ထိုင်နေသူအား တရားမဟောကောင်း၊ ဆရာထေရ်ကြီးသည် ထိုင်လျက် မိမိအနီးအပါး၌ ရပ်နေသူ ရဟန်းသာမဏေအား ပါဠိအဋ္ဌကထာ ဆိုင်ရာပြဿနာကို မသိ၍ မေးလျှင် ရဟန်းသာမဏေက မဖြေကောင်း၊ ဆရာကို "ရပ်၍ မေးပါ" ဟု လျှောက်ရန်လည်း မသင့်၊ ထိုသို့ အခက်အခဲ ကြုံနေသည့်အခါ မိမိအနီးအပါး၌ (ရပ်လျက်) ရှိသူကိုဖြေမည်- ဟု နှလုံးသွင်း၍ ဖြေရမည်-ဟု အဋ္ဌကထာ မိန့်၏။ [ဆရာက တပည့်ဉာဏ်ကိုစမ်းလို၍ ထိုင်လျက် မေးရာ၌ကား ရပ်သော တပည့်ကလည်း "သည်လိုမဟုတ်ပါလား" ဟု ပြန်မေးသည့်အနေအားဖြင့် ဖြေကောင်း၏။]

၁၅။ ပစ္ဆတောဂစ္ဆန္တ။ ။ ခရီးသွားစဉ် နောက်ကလိုက်သော ရဟန်းက ရှေ့ကသွားသူအား တရားမဟောကောင်း၊ ပါဠိအဋ္ဌကထာ ဆိုင်ရာပြဿနာ မေးလျှင်လည်း မိမိနောက်ကသူအား ဖြေမည်-ဟု နှလုံးသွင်း၍ ဖြေရမည်။

၁၆။ ဥပ္ပထေနဂစ္ဆန္တ။ ။ လမ်းဘေးမှ လိုက်နေသော ရဟန်းသည် လမ်းပေါ်၌ သွားနေသူအား တရားမဟောကောင်း။ ["တရား ဟု လာသမျှ၌ ပါဠိအဋ္ဌကထာဆိုင်ရာကို ပါဠိဘာသာဖြင့် ပြောသော တရားဟုချည်း မှတ်၊ အခြားဘာသာဖြင့်ကား ပြောဟောကောင်းသည်ချည်းသာ။]

http://www.dhammadownload.com

၁၇။ ဌိတောဥစ္စာရ ဌိတော–ရပ်လျက်၊ အဂိလာနော – ဂိလာနမဟုတ်ဘဲ၊ ဥစ္စာရံဝါ–ကျင်ကြီးကိုလည်းကောင်း၊ ပဿာဝံဝါ–ကျင်ငယ်ကိုလည်းကောင်း၊ နကရိဿာမိ–မပြုအုံ့၊ ပေါကရဏီယာ။

* * * * * *

၁၇။ ဌိတောဥစ္စာရ။ ။ ဂိလာနဖြစ်သူမှာ ချမ်းသာသလို ကျင်ကြီး ကျင်ငယ်စွန့်နိုင်သော်လည်း ဂိလာနမဟုတ်သူကား မတ်မတ်ရပ်လျက် ကျင်ကြီး ကျင်ငယ် မစွန့်ရ၊ စွန့်ရာအရပ်သို့ သွားနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွားသော် အနာပတ္တိ။

ကုဋိဝတ်။ ။ ရှေးဆရာတော်တို့သည် ကျောင်းတိုက်၏ စည်းကမ်းရှိ–မရှိကို ဝစ္စကုဋိအိမ်၏ အခြေအနေကြည့်၍ အသိအမှတ်ပြုကြပါသည်၊ သို့ဖြစ်၍ ဝစ္စကုဋိနှင့် ပဿာဝကုဋိတို့ကို ပထမသန့်ရှင်းစွာ တည်ရှိစေပြီးနောက် ရေစစ်နှင့် တကွသော သန့်သက်ရေအိုးနှင့် ကနုတ် ကနုတ်ပုံးများကိုလည်း ထို ဝစ္စကုဋိ၌ တည်ရှိစေသင့်သည်။

ကနုတ်ပုံး ၂လုံးတွင်အဟောင်းပုံးကို ထိုင်သောနေရာ၏ ဝဲဘက်၌ထား၍ အသစ်ပုံးကို ယာဘက်က ထားသင့်သည်၊ သုံးပြီး ကနုတ်များကို အဟောင်းပုံးတွင် ဖရိုဖရဲ ချမထားဘဲ စီလှုက်နေအောင် ချထားသင့်သည်၊ ရေများများ သုံးနိုင်လျှင်, သို့မဟုတ် သဲယာနည်းပါးသော ကျောင်းဖြစ်လျှင် ကနုတ်များကို ပုံး၌ မျှားစွာ မထားဘဲ သုံးပြီးသော ကနုတ်ကို ကိုယ်စီကိုယ်စီ ချက်ချင်းဆေးသော နည်းများကိုလည်း အသုံးပြုသင့်ပါသည်၊ ဤကဲ့သို့ နေသားတကျ ရှိစေလျက် ညွှန်ပြလတ္တံ့သော ဝတ်များကို ပြုလုပ်သင့်ပေသည်။

၁။ ပဝိဝေသယျုဇ္ဇ ဓီတွာ နော, သဟသာ ပဝိသေယျစ၊
ဥက္ကာသိတွာ ဝုဇ္ဇဝေယျ, ပါဒုကာသွေဝ သဏ္ဌိတော။

ဥဇ္ဇဓီတွာ–သင်းပိုင်ကိုပင့်၍၊ နော ပဝိသေယျ–မဝင်ရာ၊ သဟသာစ–အဆောတလျင်လည်း၊ နော ပဝိသေယျ–ရာ၊ ဥက္ကာသိတ္ဝာဝ–ချောင်းဟန့်၍ သာလျှင်၊ ပဝိသေယျ–ဝင်ရာ၏၊ ပါဒုကာသု–ခြေနင်းခုံတို့၌၊ သဏ္ဌိတောဝေ–ကောင်းစွာ ရပ်ပြီးမှသာလျှင်၊ ဥဇ္ဇဝေယျ–သင်းပိုင်ကို မ ရာ၏။

[ဝစ္စကုဋိတွင်းသို့ မရောက်ခင် (ကလေးများကဲ့သို့) သင်းပိုင် မ၍ မဝင်ရ, အရေးတကြီး သုတ်သီးသုတ်ပျာလည်း မဝင်ရ၊ ရှေးက ကုဋိများ၌ အားလုံးတံခါးပိတ်ထားကြသည်၊ သို့ဖြစ်၍ အတွင်း၌ တစ်ယောက်ယောက်ရှိ–မရှိ သိဖို့ရာ အပြင်ဘက်မှ ဝင်ခါနီး၌ "အဟမ်း" ဟု ချောင်းသံပြုရမည်၊ အတွင်း

http://www.dhammadownload.com

မှာ ရှိလျှင်လည်း ထိုအဲတွင်းပုဂ္ဂိုလ်က ပြန်၍ ချောင်းသံပြုရမည်၊ ကုဋိတွင်း၌ ခြေနင်းခုံများပေါ်ဝယ် ရပ်မိမှ သင်းပိုင်ကို (မ) ရမည်၊ ပဿာဝကုဋိ (ကျင်ငယ်အိမ်) ၌လည်း ဆိုင်ရာကျင့်ဝတ်များကျင့်ရမည်။]

၂။ နကရေ နိတ္ထုန် ဝစ္စံ, ဒန္တကဋ္ဌေ ခါဒယ်၊
ဝစ္စပဿာဝ ဒေါဏိနံ, နကရေယျာဘယ် ဗဟိ။

နိတ္ထုန်–ညည်းလျက်လည်းကောင်း၊ ဒန္တကဋ္ဌ–ဒန်ပူကို၊ ခါဒယ်–ခဲလျက်လည်းကောင်း၊ ဝစ္စံ– ကျင်ကြီးကို၊ နကရေ–မစွန့်ရာ၊ ဝစ္စပဿာဝ ဒေါဏိနံ–ကျင်ကြီးခွက်, ကျင်ငယ်ခွက်တို့၏၊ ဗဟိ–ပြင်ဘက်၌၊ ဥဘယ်–ကျင်ကြီး ကျင်ငယ် ၂ မျိုးကို၊ နကရေယျ–မပြုရာ။ [ကျင်ကြီးစွန့်ရာ၌ "အင်း=အင်း" နှင့် ညည်းညူလျက် လည်း မစွန့်ရ၊ ဒန်ပူကိုက်၍လည်း မစွန့်ရ၊ ကျင်ကြီးတွင်း ကျင်ကြီးခွက် ကျင်ငယ်လမ်း ကျင်ငယ်ခွက်များ ရှိ၏၊ ထိုတွင်း ထိုခွက် ထိုလမ်းများ၏ အပြင်ဘက်၌ (ဘေး၌) ချော်ထွက်အောင်လည်း မစွန့်ရ၊ ထို့ပြင် ကျောင်းတိုက်တွင်းဖြစ်မှ ကျင်ကြီးကျင်ငယ်စွန့်ရန် သတ်မှတ်ထားသောနေရာမှတစ်ပါး အခြား တလင်းပြင် စသည်၌လည်း မစွန့်ရ။]

၃။ ကူပေ ကဋ္ဌं နပါတေယျ, ခေဠं ပဿာဝဒေါဏိယဲ၊
နာဝလေခေယျ ဖရသေ-နဟဒဿိ ဟောဝယေ။

ကူပေ–ကျင်ကြီးတွင်း၌၊ ကဋ္ဌ–ကနုတ်ကို၊ နပါတေယျ–တမင်လာ မချရာ၊ ပဿာဝဒေါဏိယဲ–ကျင်ငယ်ချောင်း (ကျင်ငယ်ခွက်)၌၊ ခေဠं–တံတွေးကို၊ နပါတေယျ–မထွေးရာ၊ ဖရသေန–ကြမ်းသော ဆွေးသော ကွဲအက်သော ကနုတ်ဖြင့်၊ နာ အဝလေခေယျ–မခြစ်, မသုတ်ရာ၊ ဥဟဒဿိ–ကျင်ကြီးပေနေသည်ကိုလည်း၊ ဟောဝယေ–ဆေးပစ်ခဲ့ရာ၏၊ [ကျင်ငယ်ချောင်း၌ တံတွေးထွေးလျှင် သုက်အဆင်း ထင်ဖွယ်ရာရှိ၍ ကျင်ငယ်ချောင်း၌ တံတွေးမထွေးရ, နှပ်လည်း မညှစ်ရ၊ သို့ဖြစ်၍ ကုဋိအိမ်အတွင်း၌ထွေးခဲတစ်လုံးထားသင့်ကြသည်။]

၄။ နာ နိက္ခမေယျ သဟသာ, ဥဒ္ဓမိတ္ဘာ နာ နိက္ခမေ၊
စပု စပု နာစမေယျ, ဥဏ္ဏာဟဋ္ဌ ဝိသောဝယေ။

သဟသာ–အဆောတလျင်၊ နာ နိက္ခမေယျ–မထွက်ရာ၊ ဥဒ္ဓမိတ္ဘာ–သင်းပိုင်ကိုမ၍လည်း၊ နာ နိက္ခမေ–မထွက်ရာ၊ စပုစပု–စပ်စပ် အသံမြည်အောင်၊ နာ အာစမေယျ–သန့်သက်ရေ မဆေးရာ၊ ဥဏ္ဏာဟဋ္ဌ–အမှိုက်ကိုလည်း၊ ဝိသောဝယေ–သုတ်သင်ခဲ့ရာ၏။

http://www.dhammadownload.com

၁၈။ ဟရိတေ ဥစ္စာရ အဂိလာနော–ဂိလာနမဟုတ်ဘဲ၊ ဟရိတေ–စိမ်းနိုသော မြက်သစ်ပင်ရှိရာအရပ်၌၊ ဥစ္စာရံ ဝါ–ကိုလည်းကောင်း၊ ပဿာဝံဝါ – ကိုလည်းကောင်း၊ ခေဠံဝါ–တံတွေးကိုလည်းကောင်း၊ နဂရိသာမိ–မပြုအံ့၊ ဣတိ သိက္ခာ ကရဏီယာ။

* * * * * *

ယခုကာလ၌ ကုဋိတက်ရာဝယ် သန့်သက်ရေ ဆေးသူနည်းပါးရုံမက, တချို့ကုဋိများ၌ ရေပင်မရှိကြ၊ သန့်သက်ရေ ဆေးမှုသည် အလွန်တန်းမြင့်သော ယဉ်ကျေးမှု တစ်မျိုးဖြစ်၏၊ ကနုတ် ခြစ်ရုံမျှဖြင့် မစင်ကြယ်နိုင်သည်မှာ (မိမိလက်ကို မစင်လူးရာဝယ်သုတ်ပစ်ရုံဖြင့် အနံ့မပျောက်ပုံကို ထောက်၍) သိသာ၏၊ ထို့ကြောင့် တုတ်သုတ် စက္ကူသုတ် ၂ မျိုးလုံးပင် သန့်ရှင်းအောင် မတတ်နိုင်ရကား (သံယာတော်များသာမက) မြန်မာလူမျိုးအားလုံးပင် တုတ် စက္ကူတို့ဖြင့် သုတ်ပြီးနောက် ရေဆေးခြင်းကို အားကြီးလေ့လာသင့်ကြပေသည်၊ တတ်နိုင်ပါမူ ကျင်ငယ်စွန့်ပြီးနောက်လည်း ဆေးသင့်သေး၏၊ ထိုကဲ့သို့ မဆေးလျှင် ညစ်ပေမှုနှင့်စပ်သော ရောဂါများလည်း ဖြစ်တတ်သည်။

ပုဂ်ပြည် ကုလားကျမင်းသည် ကုလားအမျိုးသို့ မိဖုရားမြောက်ထားရာ ရှင်ဘုရင်က သန့်သက်ရေ မဆေးသောကြောင့် မိဖုရားက အကပ်မခံသဖြင့် မိဖုရားကိုသတ်၊ မိဖုရားဆိုင်ရာ ကုလားတွေကလည်း နောက်၌ ရှင်ဘုရင်ကို သတ်သတဲ့၊ သန့်သက်ရေဆေးပြီးနောက် လက်မသန့်ရှင်းသေးဟု ထင်လျှင် လက်ကိုဆပ်ပြာဖြင့် ဆေးပစ်ပါလေ၊ ထိုသန့်သက်ရေ ဆေးရာ၌ "စပ်စပ်–ပြတ်ပြတ်" အသံမျိုး မမြည်အောင် ငြိမ်သက်စွာ ဆေးရမည်၊ ရေမရှိလျှင်လည်း စပ်ရမည်၊ ကုဋိတွင်း၌ အမှိုက်ရှိလျှင် လှည်းပစ်ရမည်၊ သို့ဖြစ်၍ ကုဋိအတွင်း၌ တံမြက်စည်း တစ်ချောင်းရှိသင့်ပေသည်။

ထို့ပြင်–ယခုကာလ၌ ကုဋိတက်ခါနီးဝယ် အတွင်းသို့ မဝင်မီ ကေသီကို တန်းပေါ်တင်ထားခဲ့သူ နည်းပါးနေရုံမက, တချို့ကုဋိများ၌ သက်နံ့တန်းကို အတွင်းထား၍, တချို့ကုဋိမှာ သက်နံ့တန်းပင်မရှိ၊ ကေသီအတွင်း ရောက်နေလျှင် နံစော်မည်စိုး၍ အပြင်ထားခဲ့ရန် ပညတ်တော်မူသောကြောင့် သက်နံ့တန်းကို အပြင်ဘက်ထား၍ ထိုတန်းပေါ်တွင် ကေသီကို (ခြိုထည်ပါ) ထားပစ်ခဲ့ခြင်းသာ ပညတ်တော်နှင့်ညီပါသည်။

၁၈။ ဟရိတေဥစ္စာရ။ ။ ဤသိက္ခာပုဒ်နှင့် နောက်သိက္ခာပုဒ်၌ ခေဠ သဒ္ဒါဖြင့် သိယ်ဘက်ကား (နှပ်) ပါယူ၊ ထို့ကြောင့် ဂိလာန မဟုတ်လျှင် မသေ

http://www.dhammadownload.com

၁၉။ ဥဒကေဥစ္ဆာရ အဂိလာနော-ဂိလာန မဟုတ်ဘဲ၊ ဥဒကေ-သုံးဆောင် ကောင်းသော ရေ၌၊ ဥစ္ဆာရံဝါ ပဿာဝံဝါ ခေဠံဝါ နကရိဿာမိ ဣတိ သိက္ခာ ကရဏီယာ။ [သတ္တ မော-ခုနစ်ဝဂ်မြောက်သော၊ ပါဒုကဝဂ္ဂေါ-တည်း။]

နိဝုံးနှင့် အနုသာသန အာယသ္မန္တော-တို့၊ သေခိယာ-သေခိယ မည်ကုန်သော၊ ဓမ္မာ-သိက္ခာပုဒ်တို့ကို။ ဥဒ္ဒိဋ္ဌာ-ကုန်ပြီ၊ တတ္ထ-ထိုသေခိယ တို့၌၊ [ဤသို့ စသည်ဖြင့် ရှေးအတိုင်း အနက်ဆို။] သေခိယာ-တို့သည်၊ နိဋ္ဌိတာ-ပြီးကုန်ပြီ။

* * * * * *

သေးသော မြက်ပေါ်၌လည်းကောင်း, မြေကြီးပေါ်ဝယ် ပေါ်ထွက်သော သစ်မြစ်နှင့် ပင်စည် အကိုင်းအခက်တို့အပေါ်၌လည်းကောင်း, ကျင်ကြီး ကျင်ငယ် နှပ် တံထွေးများ မစွန့်, မထွေးကောင်း၊ ပါးစပ်ဖြင့် ငုံထားသော ရေ-ကြဲပတ် အရိုးစသည်ကိုကား ထွေးပစ်ကောင်း၏၊ သစ်ကိုင်းပေါ်၌နေ၍ စိမ်းစိုသော မြက်သစ်ခက် မရှိရာ အရပ်၌ကား စွန့်ချကောင်း၏၊ မြက်ခင်း ပေါ်၌နေစဉ် လွတ်လပ်သော မြေကွက်ကို မရနိုင်မူ မြက်ကရွတ်ခွေ-သစ်ရွက်ခြောက် စသည်တို့အပေါ်၌ စွန့်ရမည်၊ ထိုမြက်ခွေ သစ်ရွက်ခြောက်တို့မှ တစ်ဆင့်စီးသွား၍ မြက်ပေါ်ကျလျှင်လည်းကောင်း, မြက်သစ်ပင် မရှိရာ အရပ်ကို ရှာနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွားလျှင်လည်းကောင်း အနာပတ္တိပင်။

၁၉။ ဥဒကေဥစ္ဆာရ။ ။ ဥဒကအရ သုံးစွဲသောက်ချိုးကောင်းသော ရေကိုသာ ယူရမည်၊ ကုဋိအတွင်း၌ ရောင်နေသော် ထိုရေမျိုး၌ ဥစ္ဆာရစသည် ပြုသော်လည်း အနာပတ္တိ၊ သမုဒ္ဒရာ ရေများလည်း သုံးဆောင်ကောင်းသော ရေမဟုတ်၊ မြစ်ထဲ၌ လှေသင်္ဘော စသည်ကို စီးသွားစဉ်လည်းကောင်း မိုးရွာသဖြင့် ရေပြင်ကြီး ဖြစ်နေစဉ်လည်းကောင်း ဥစ္ဆာရစသည်ပြုဖို့ ရေလွတ်သော အရပ်ကို မရနိုင်မူ "တောဒီသေကာလေ-ဤကဲ့သို့သောကာလ၌၊ အနဒကဋ္ဌာနံ-ရေမရှိသောအရပ်ကို၊ အလဘန္တေန-မရနိုင်သူသည်၊ ကာတုံ-ရေထဲ၌ စွန့်ချခြင်းငှါ၊ ဝဋ္ဋတိ-အပ်၏" ဟု အဋ္ဌကထာ မိန့်သည်။

သေခိယအဖွင့်ပြီးပြီ။

http://www.dhammadownload.com

အဓိကရဏသမထအခန်း

နိဒါန်း အာယသ္မန္တော–တို့၊ သတ္တ–ခုနစ်ပါးကုန်သော၊ အဓိကရဏ သမထာ–အဓိကရဏသမထမည်ကုန်သော၊ ဣမေ ခေါပန ဓမ္မာ–ဤသိက္ခာပုဒ်တို့သည်၊ ဥဒ္ဒေသံ–သို့၊ အာဂစ္ဆန္တိ–ရောက်ကုန်၏။

* * * * * *

နိဒါန်း။ ။ အဓိကရဏ–ဟူသည် သမထတို့၏ တည်ရာဖြစ်သော ငြင်းခုံမှုစသည် ၄ ပါးတည်း၊ "အဓိကရိယန္တိ ဧတ္ထာတိ အဓိကရဏာနိ" ဧတ္ထ–ဤငြင်းခုံမှု စသည်တို့၌၊ သမထေဟိ–သမထတို့သည်၊ အဓိကရိယန္တိ–ငြိမ်းစေသော အားဖြင့် တည်နေအပ်ကုန်၏၊ ဣတိ–ဤသို့ သမထတို့၏ တည်နေရာ၏ အဖြစ်ကြောင့်၊ အဓိကရဏာနိ–အဓိကရဏ်းတို့မည်၏၊ အဓိကရဏ်းဖြစ်လျှင် သမထများက ထို အဓိကရဏ်းကိုငြိမ်းစေနိုင်ကြ၏၊ မီးကို ငြိမ်းစေသော ရေသည်မီးပေါ်မှာတည်ရသကဲ့သို့ ထို့အတူ အဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထတို့လည်း အဓိကရဏ်းပေါ်မှာတည်ကြသည်မည်၏၊ ဤသို့လျှင် သမထတို့၏ တည်ရာဖြစ်သောကြောင့် ဝိဝါဒစသော ၄ ပါးကို "အဓိကရဏ=အဓိကရဏ်း" ဟု ခေါ်ရလေသည်။

အဓိကရဏ်း ၄ ပါး။ ။ ထိုအဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း–အနုဝါဒါဓိကရဏ်း–အာပတ္တာဓိကရဏ်း–ကိစ္စာဓိကရဏ်းအားဖြင့် ၄ ပါးရှိ၏၊ ထိုတွင် တစ်စုံတစ်ခုသော တရားကိုတစ်ဖက်က ဓမ္မ–တစ်ဖက်က အဓမ္မ ဟု ငြင်းခုံခြင်း, တစ်ဖက်က ဝိနယ–တစ်ဖက်က အဝိနယဟုငြင်းခုံခြင်း စသည်ဖြင့် တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံခြင်းကို (ငြင်းခုံ၍ မတဲ့ကြဘဲ ကွဲပြားနေခြင်းကို) ဝိဝါဒါ ဓိကရဏ်းဟုခေါ်၏။

ပါရာဇိက သံဃာဒိသေသ် သင့်ခြင်းများကို သီလဝိပတ္တိ (သီလပျက်မှု) ဟု ခေါ်၏၊ အောက် အာပတ် ၅ ဖုံ သင့်ခြင်းများကို အာစာရဝိပတ္တိ (အကျင့်ပျက်မှု) ဟု ခေါ်၏၊ ကုလဒူသန မိစ္ဆာဇီဝတို့ဖြင့် အသက်မွေးမှုများကို အာဇီဝဝိပတ္တိဟုခေါ်၏၊ အရိယ ရဟန်းကဲ့သို့ အယူလွဲမှုကို ဒိဋ္ဌိဝိပတ္တိဟု ခေါ်၏၊ ထို ဝိပတ္တိတစ်မျိုးမျိုးဖြင့် (ငါ့ရှင် ....ပါရာဇိကကျသည်–စသည်ဖြင့်) စွပ်စွဲမှု စောဒနာမှုကို အနုဝါဒါဓိကရဏ်းဟုခေါ်၏။

ဒွေးမာတိကာပါဠိတော်၌ တိုက်ရိုက်လာသော အာပတ် ၅ ဖုံ–မာတိကာကို အကျယ်ပြသော ပဒဘာဇနီခေါ်ဝိဘင်းပါဠိတော်၌လာသော ထုလ္လစ္စည်းနှင့် ဒုဗ္ဘာသိတ ၂ ဖုံကို, ဤအာပတ် ၇ ဖုံ သင့်ရောက်နေခြင်းကို "အပတ္တာ

http://www.dhammadownload.com

ဥပဓိနုပဓိနာနံ-ဖြစ်ကုန်ဖြစ်ကုန်သော၊ အဓိကရဏာနံ-
သမထ ၇ ပါး အဓိကရဏ်းတို့၏၊ သမထာယ-ငြိမ်းအေးခြင်းငှါ၊
ဝူပသမာယ - ငြိမ်ဝပ်ပိပြားခြင်းငှါ၊ သမ္မုခါဝိနယော - သမ္မုခါဝိနယ
သမထကို၊ ဒါတဗ္ဗော - ပေးထိုက်၏၊ သတိဝိနယော-သတိဝိနယသမထ

* * * * * *

ဓိကရဏ်း" ဟု ခေါ်၏။ [ဒုက္ကဋ်အာပတ်မှာ သေခါယဋ္ဌ နာမည်မတပ်သော်
လည်း တိုက်ရိုက်လာသောအာပတ်ပင်ဖြစ်သည်၊ အာပတ္တာဓိကရဏ်းဟူသည်
မှာ အာပတ်သင့်နေခြင်းသာတည်း၊ သင့်သည်ဖြစ်စေ, မသင့်သည်ဖြစ်စေ,
ထိုအာပတ်ဖြင့် သူတစ်ပါးက စွပ်စွဲခြင်းကိုကား "အနဝါဒါဓိကရဏ်း" ဟု
ခေါ်သည်။] အပလောကနကံ-ဥတ္တိကံ-ဥတ္တိဒုတိယကံ-ဥတ္တိစတုတ္ထကံ-
အားဖြင့် (ဆန္ဒ အဒတ္တာ ပဏ္ဍကမနသိကွာပုဒ်ဌပြုခဲ့သော) ကံ ၄ ပါးတွင်
တစ်ပါးပါးကိုပြုကြခြင်းသည် ကိစ္စာဓိကရဏ်းမည်၏၊ ဤသို့အဓိကရဏ်း
၄ ပါး ရှိသည်။

အဓိကရဏ်းကိုငြိမ်းစေနိုင်သော "အဓိကရဏသမထ" ဟူသည်ပြုကျင့်
လျှင် အာပတ်သင့်ရသော သိက္ခာပုဒ်များ: မဟုတ်ကြသော်လည်း: အဓိသီလ
သိက္ခာ ဟူသော ပါတိမောက်သီလများကိုရဖို့အကြောင်း: (ထိုသီလများ၏
စင်ကြယ်ကြောင်း:) ဖြစ်သောကြောင့် သိက္ခာပုဒ်အမည် ရနိုင်သည်သာ၊
ထို့ကြောင့် "ဣမေခေါပန ဓမ္မာ-ဤသိက္ခာပုဒ်တို့သည်" ဟု ဤအခန်း:ဌ
အနက်ပေးသည်၊ [သိက္ခာယ-အဓိသီလသိက္ခာ၏+ပဒ-ရကြောင်းသည်၊
သိက္ခာပဒ-သိက္ခာပုဒ်မည်၏၊ အဓိကရဏာနိ-အဓိကရဏ်းတို့ကို၊ သမေန္တိ-
ငြိမ်းစေနိုင်ကုန်၏၊ ဣတိ-ကြောင့်၊ အဓိကရဏသမထာ-တို့မည်၏။]
ဤစကားစဉ်အရ ဘိက္ခု ပါတိမောက်သိက္ခာပုဒ်များကို ရေတွက်ရာ၌
ပါရာဇိက ၄ ပါးမှစ၍ ၂၂၇ ပါး ရှိ၏၊ အာပတ်ကိုရေတွက်လျှင် ၂၂၀
သာရှိသည်ဟု မှတ်။

သမထ ၇ ပါး။ ။ ["သမထာယဝူပသမာယ" ၌ "သမထ" အရ
အဓိကရဏ်းငြိမ်းအေးခြင်းကိုယူ၍ "ဝူပသမ" အရ နောက်ထပ်မပေါ်နိုင်အောင်
ပိပြားသွားသော ငြိမ်းအေးခြင်းကိုယူသင့်သည်၊ "ဝူပသမေတိတိ-ပဋိပဿဒ္ဓေ
တိ" ဟု အခြားနေရာ၌ ဖွင့်ပုံကိုထောက်လေ၊ "သမ္မုခါဝိနယော ဒါတဗ္ဗော"
စသည်၌ "ဒါတဗ္ဗော" အရ "ပေး" ဟူသည်မှာ "အနက်ပေးသည်-အဖြေ
ပေးသည်" ဟူသကဲ့သို့ ဆိုင်ရာအဓိကရဏ်းငြိမ်းဖို့ရာ "ဤသမထကို ပေးထိုက်
သည်-ဤသမထကို အသုံးပြုထိုက်သည်" ဟု ဆိုလိုသည်။]

http://www.dhammadownload.com

ကို၊ ဒါတဗ္ဗော-၏၊ အမှုဋ္ဌဝိနယော-အမှုဋ္ဌဝိနယသမထကို၊ ဒါတဗ္ဗော-၏၊ ပဋိညာယ-ဝန်ခံခြင်းဖြင့်၊ ကာရေတဗ္ဗော-ပြုစေထိုက်၏၊ ဝါ-ဆုံးဖြတ်ထိုက်၏၊ ယေဘုယျသိကာ-ယေဘုယျသိကာသမထကို၊ (ဒါတဗ္ဗော-ပေးထိုက်၏၊) တဿပါပိယသိကာ-တဿပါပိယသိကာ သမထကို၊ ဒါတဗ္ဗော-၏၊ တိဏဝတ္ထာရကော-တိဏဝတ္ထာရက သမထကို၊ ဒါတဗ္ဗော-၏။ [ထို့နောက် ဣတိပါလျှင် "ဣတိ-ဤသို့ ရွတ်အပ်ကုန်၏" ဟု အနက်ဆို။]

* * * * * *

သမ္မုခါဝိနယ။ ။[သမ္မုခါ-မျက်မှောက်၌+ဝိနယ-အဓိကရဏ်းကို ပယ်ဖျောက်ကြောင်း, ငြိမ်းစေကြောင်းတရား၊] တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံမှု ဟူသော ဝိဝါဒါဓိကရဏ်းဖြစ်နေလျှင် ထိုအဓိကရဏ်းကိုငြိမ်းစေဖို့ရန် သံဃာစည်းဝေးလျက် ၂ ဖက်ပုဂ္ဂိုလ်များ၌ မှာ ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်၍ ငြိမ်ဝပ်သွားလျှင် ဤဝိနည်းသည် သမ္မုခါဝိနယသမထမည်၏။

သမ္မုခ ၄ ပါး။ ။ သမ္မုခဟူရာ၌ သံဃ-ဓမ္မ-ဝိနယ-ပုဂ္ဂလ ဟု သမ္မုခ ၄ ပါးရှိသည်၊ ထိုတွင် အဓိကရဏ်း ငြိမ်းစေဖို့ရန် ဆုံးဖြတ်ရာဝယ် သံဃာ့ မျက်မှောက်ဖြစ်ခြင်းသည် သံဃသမ္မုခတာမည်၏၊ ဓမ္မသဒ္ဒါသည် "အဟုတ်အမှန်" ဟူသော အနက်ကိုဟော၏၊ ငြိမ်းစေအပ်သောဝတ္ထု (အမှု) က လမ်းမှန်ကျခြင်းသည် ဓမ္မသမ္မုခတာ (ဓမ္မမျက်မှောက်ဖြစ်ခြင်း) မည်၏၊ ဘုရားရှင် ဟောတော်မူအပ်သော ဝိနည်းလမ်းကြောင်းအတိုင်း ငြိမ်းစေခြင်းသည် ဝိနယသမ္မုခတာမည်၏၊ ၂ ဖက် ပုဂ္ဂိုလ်တို့ရှေ့၌ ငြိမ်းစေခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏။ [သံဃာမစည်းဝေးဘဲ ပဓာနပုဂ္ဂိုလ်များသာ စုဝေး၍ ငြိမ်းစေအပ်သော အဓိကရဏ်း၌ သံဃသမ္မုခတာ မရနိုင်၊ ဤသမ္မုခဝိနယ သမထသည် အခြား အဓိကရဏ်းများကို ငြိမ်းစေရာ၌လည်း ထိုက်သင့်သလို ပါဝင်နိုင်၏။]

[ဆောင်] ဝိဝါဒါဓိ - စရိုလေးဝ, ဖြစ်ပေါ်ကမ္မ, သံဃမ္မ-ဝိနယနှင့်, ပုဂ္ဂလရှေးရှု, ငြိမ်းစေမှု, သမ္မုခဝိနယခေါ်။

သတိဝိနယ။ ။ သတိဝေပုလ္လပ္ပတ္တသ ဒါတဗ္ဗော ဝိနယော သတိ ဝိနယော၊ "သတိဝေပုလ္လပ္ပတ္တသ-သတိပြန့်ပြောသူ၏ အဖြစ်သို့ရောက်သော ရဟန္တာအား၊ ဒါတဗ္ဗော-ပေးထိုက်သော၊ ဝိနယော-ဝိနည်းသည်" ဟု အနက်ဆို၊ ရဟန္တာပုဂ္ဂိုလ်မှာ သတိတရား များပြား ပြန့်ပြောလျက်ရှိ၏၊ ထို

http://www.dhammadownload.com

သတိများပြားသော ရဟန္တာအား ပေးထိုက်သော ဝိနည်းသည် သတိဝိနယ မည်၏၊ ချဉ်ဦးအုံ-ရဟန္တာပုဂ္ဂိုလ်ကို တစ်စုံတစ်ယောက်က သီလဝိပတ္တိဖြင့် စွပ်စွဲလာလျှင် စစ်ဆေးမေးမြန်းပြီးနောက် အပြစ်ကင်းမှန်း ထင်ရှားသဖြင့် နောင်ခါ မစွပ်စွဲနိုင်ဖို့ရန် ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဤသတိဝိနယ သမထကို သံဃာက ပေးရလေသည်၊ ထို သတိဝိနယကို ပေးပြီးနောက် စွပ်စွဲသော်လည်း အထ မမြောက်တော့ချေ၊ စစ်ဆေးမေးမြန်းနေဖွယ်မလို, အားလုံးစွပ်စွဲမှု ဟူသော အနုဝါဒါဓိကရဏ်းများ အလိုအလျောက် ငြိမ်းပျောက်တော့သည်၊ ဤသို့ အနုဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သောကြောင့် သတိဝိနယသမထဟု ခေါ်သည်။ [ဤ သတိဝိနယကားအနုဝါဒါဓိကရဏ်း တစ်မျိုးကိုသာ ငြိမ်းစေနိုင်သည်။]

[ဆောင်] သတိလျှမ်းဖြာ, ရဟန္တာအား, ရမ်းကာ တင်လျှင်း, စွပ်စွဲ
ကင်းဖို့, ထင်လင်းပေးရ, သမထ, ဝိနယသတိခေါ်။

အမူဋ္ဌဝိနယ။ ။ အမူဋ္ဌဘာဝ-မတွေဝေသူ၏အဖြစ်သို့၊ ဥပဂတသ-ကပ်ရောက်ခိုက်ဖြစ်သော ရဟန်းရှုးအား၊ ဒါတဗ္ဗော-သော၊ ဝိနယော-သည်၊ အမူဋ္ဌဝိနယော-မည်၏၊ ချဉ်ဦးအုံ-ရဟန်းတစ်ပါးသည် တွေဝေရူးသွပ်သဖြင့် မူဋ္ဌဖြစ်နေ၏၊ ထိုမူဋ္ဌဖြစ်နေခိုက်ဝယ် အပြစ်များကိုကျူးလွန်လေရာ သတိရသောအခါ အခြားရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲကြလေသော်, ထိုရဟန်းရှုးက "တပည့်တော် စိတ်ဖေါက်ပြန်နေသဖြင့် ဘာကိုပြုမိမှန်း မသိပါ"ဟု လျှောက်သော်လည်း စွပ်စွဲမြဲ စွပ်စွဲနေအုံ၊ ထိုရဟန်းအား ထိုစွပ်စွဲမှုများ ငြိမ်းစေဖို့ရာ မတွေဝေသည့်အခါ (မရူးသည့်အခါ) ဝယ် ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် အမူဋ္ဌဝိနယကိုပေးရသည်၊ ထိုသို့ပေးပြီးနောက် စိတ်ဖေါက်ပြန်၍ ပြုမိသမျှကိစ္စ၌ စွပ်စွဲသော်လည်း အထမမြောက်တော့ချေ၊ ဤသို့လျှင် အမူဋ္ဌဝိနယသည် အနုဝါဒါဓိကရဏ်းတစ်မျိုးကိုငြိမ်းစေနိုင်သောကြောင့် သမထ အမည် ရလေသည်။

[ဆောင်] တွေဝေမေ့မူး, အမှန်ရှုးသဖြင့်, လွန်ကျူးမိလျှင်း, စွပ်စွဲခြင်းကို,
လွတ်ကင်းစေ့ဂါ, မတွေဝေခါဝယ်, ကောင်းစွာပေးရ, သမထ,
အမူဋ္ဌဝိနယခေါ်။

ပဋိညာယကာရေတဗ္ဗံ။ ။ ရဟန်းတစ်ပါးသည် အာပတ်သင့်၍ အာပတ္တာဓိကရဏ်း ဖြစ်နေ၏၊ ထိုအာပတ္တာဓိကရဏ်း ငြိမ်းဖို့ရာ အခြားသော သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်တစ်မျိုးမျိုးထံ "အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိं အာပန္နော-

http://www.dhammadownload.com

တပည့်တော် ဤမည်သော အာပတ်သို့ ရောက်နေပါသည်" ဟု ဒေသနာ ပြောရမည်၊ ဒေသနာခံသူကလည်း "ပဿသိတံ အာပတ္တိ=ထိုအာပတ်ကို သင်ရှုရဲ့လော=ကိုယ့်အပြစ်ကို အပြစ်ဟု ရှုရဲ့လား" ဟု ပြန်မေးသည်၊ ထို့နောက် ဒေသနာပြောသူက "အာမ ပဿာမိ=မှန်ပါ, ရှုပါသည်" ဟု ပဋိညာဉ်ပေးလျှင် (ဝန်ခံလျှင်) ဒေသနာခံသူက သူ့ပဋိညာဉ် ဝန်ခံချက် အတိုင်း "အာယတိ သံဝရေယျာသိ=နောင်ခါစောင့်စည်းလော့" ဟု ပြောဆိုဆုံးဖြတ်လေသည်၊ ဤသို့ ဝန်ခံတိုင်း ပြောဆိုပြုလုပ်သည့်အခါ အာပတ် သင့်နေသော အာပတ္တာဓိကရဏ်း ငြိမ်းအေးတော့ရကား ဤ "အာယတိ သံဝရေ ယျာသိ" ဟူသော စကားသည်ပင် ပဋိညာတကရဏ (ဝန်ခံတိုင်းပြုရသော) သမထတစ်မျိုး ဖြစ်လေသည်။

အမှာ။ ။ သံဃာဒိသေသ် အာပတ်၌ကား ပရိဝါသ်စသည်ကို တောင်းခြင်းသည် မိမိမှာ သံဃာဒိသေသ်အာပတ်ရှိကြောင်းကို ဝန်ခံသောကြောင့် ပဋိညာဉ်မည်၏၊ သံဃာက ပရိဝါသ် စသည်ကို ပေးခြင်းသည် ဝန်ခံတိုင်း ပြုသောကြောင့် ပဋိညာတကရဏမည်၏၊ ပဋိညာတသ-ဝန်ခံခြင်းအား၊ (အနုရူပ်-လျော်စွာ၊) ကရဏ်-ပြုခြင်း, ဆုံးဖြတ်ခြင်းသည်၊ ပဋိညာတကရဏ်-မည်၏၊ ဤ ပဋိညာတကရဏနှင့်စပ်၍ ဒေသနာခံ ဒေသနာပြော အစဉ်များ၏ အဓိပ္ပါယ်ကို ဘိက္ခုနီအဖွင့် အဆုံးကျမှ ပြမည်။

[ဆောင်] အာပတ္တာဓိကရဏ, ဖြစ်ပေါ်ကမူ, အာမပဿာမိ, ဝန်ခံဘိသော်, အာယတိ သံဝရေ, ဆုံးဖြတ်ပေ, ခေါ်လေ ပဋိညာတကရဏ။

ယေဘုယျသိကာ။ ။ ဝိဝါဒါဓိကရဏ်းဖြစ်၍ သံဃာကွဲပြားနေသည့် အခါ သမ္ဘုခါဝိနယ သမထသက်သက်ဖြင့် ငြိမ်းအေးအောင် မတတ်နိုင်လျှင် သံဃာစည်းဝေး၍ မဲဆန္ဒကိုယူမည့် ရဟန်းတစ်ပါးကို သမုတ်ရသည်၊ ထို့နောက် ထိုရဟန်းကို ပရိသတ်၌ ဓမ္မဝါဒီမဲဆန္ဒ -အဓမ္မဝါဒီမဲဆန္ဒကို ယူစေရမည်၊ ထိုအခါ ဓမ္မဝါဒီမဲဆန္ဒကများလျှင် များရာလိုက်၍ ထိုဓမ္မဝါဒီတို့ အယူဝါဒ အတိုင်း အတည်ပြု ဆုံးဖြတ်ရသည်၊ အကယ်၍ အဓမ္မဝါဒီဘက်က များပုံ ပေါ်နေလျှင် ရက်ရှေ့ဆိုင်း၍ ဓမ္မဝါဒီဘက်သားများအောင် စုဆောင်းပြီးမှ ဓမ္မဝါဒီတို့ အဆိုအတိုင်း အတည်ပြု ဆုံးဖြတ်စေရမည်၊ မည်သည့်နည်းနှင့် မဆို ဓမ္မဝါဒီဘက်က အများချည်း ဖြစ်စေရမည်-ဟူလို၊ ဤသို့လျှင် များရာ လိုက်၍ အဓိကရဏ်းကို ငြိမ်းစေရသောကြောင့် ထိုအများအလိုအတိုင်း ပြုခြင်း

http://www.dhammadownload.com

ကို "ယေဘုယျသိကာ သမထ" ဟုခေါ်သည်။ [ယေဘုယျေန-များသော အားဖြင့်၊ ဝါ-များရာလိုက်၍+ကတ္တာဗွာ-ပြုထိုက်သော အမှုအရာသည်၊ ယေဘုယျသိကာ-မည်၏၊ သိကာ၌ သကား အာဂုမ်တည်း၊ ဝိမတိ၌ တစ်မျိုး ကြ်ိလေသေး၏။]

[ဆောင်]. ဓမ္မဘက်၌, များရာလိုက်၍, ပြုထိုက်အောင်ပြု, ငြိမ်းစေမှု, ယေဘုယျသိခေါ်။

တဿပါပိယသိက။ ။ ရဟန်းတစ်ပါးကို ပါရာဇိကဖြင့်ဖြစ်စေ ပါရာဇိက အနီးအပါးဖြစ်သော ထုလ္လစဉ်း ဒုက္ကဋ်ဖြင့်ဖြစ်စေ စောဒနာလျှင်, အဆုံးအဖြတ် မခံလို၍ တောင်ပြောမြောက်ပြော ပြောနေသော် တဿပါပိယသိက ကံကို ပြုလုပ်ကြရသည်၊ ထိုကံ၏ သဘောကား အကယ်၍ ပါရာဇိက မကျသေးလျှင် ဆိုင်ရာကျင့်ဝတ်ကို ကျင့်၍ နောက်ထပ် သံဃာ့ထံ ထိုကံကို ငြိမ်းစေလိမ့်မည်၊ ပါရာဇိကကျသူ ဖြစ်လျှင်လည်းနောက်ထပ် အဆုံးအဖြတ် ခံပွယ်မလို၊ ထိုကံဖြင့်ပင် ထိုရဟန်းကို နှိမ်နင်းပြီးဖြစ်၍ လူဝတ်လဲရုံသာရှိသည်၊ ဤသို့လျှင် တဿပါပိယသိကကံ ပြုလိုက်က စောဒနာခြင်းဟူသော အနုဝါဒါဓိကရဏ်းကို ငြိမ်းစေသောကြောင့် ဤ တဿပါပိယသိက ကံကိုပင် သမထ တစ်မျိုးဟုဆိုရလေသည်။ [ဝိသေသေန ပါပေါတိ ပါပိယော=အထူးယုတ်မာသူ၊ တဿ ပါပိယဿ-ထိုအထူးယုတ်မာသော ရဟန်းအား၊ ကတ္တာဗွာ-ပြုထိုက်သော အမှုအရာ (ကံ) သည်၊ တဿ ပါပိယသိကာ-မည်၏၊ တဿ၌ အလုတ္တသမာသ်ကဲ့သို့ အလုတ္တတဒ္ဓိတ်-ဟု မှတ်၊ ပထမရိုက်စာအုပ်၌ "အာပတ္တာဓိကရဏ်းကို ငြိမ်းစေနိုင်သည်" ဟု မှားပါသွားသည်။]

[ဆောင်] တဿပါပိယ - ပုဂ္ဂလကို, ထိုစွပ်စွဲခြင်း, အပြစ်ကင်းဖို့, ထင်လင်းပြုရန်, ဝိနည်းကံပင်, မည်တွင်တဿ-ပါပိယ-သိက သမထခေါ်။

တိဏဝတ္ထာရက။ ။ တိဏောဟိ-မြက်တို့ဖြင့်၊ အဝတ္ထရိယတေ-ဖုံးအုပ်ထားအပ်၏၊ ဣတိ-ကြောင့်၊ တိဏဝတ္ထာရော-မည်၏၊ ကျင်ကြီး ကျင်ငယ်ရစေ၊ တိဏဝတ္ထာရောဝိယ-မြက်ဖြင့် ဖုံးထားအပ်သော ကျင်ကြီးကျင်ငယ်နှင့် တူ၏၊ ဣတိ-ကြောင့်၊ တိဏဝတ္ထာရကော-မည်၏၊ ဝိဝါဒါဓိကရဏ်းရ၏၊ ထိုအဓိကရဏ်းကို ငြိမ်းစေနိုင်သော သမထကား အကြောင်း အဓိကရဏာ၏ အမည်ကို အကျိုးသမထ၌ တင်စားသော ကာရဏူပစာရ၏အားဖြင့် ရသည်၊ [ယောဇနာ၌ ဖလူပစာဟူ၏။]

http://www.dhammadownload.com

နိဝုံးနှင့် ယာဝတတိယာနုသာဝန

အာယသ္မန္တော – တို့၊ သတ္တ–ကုန်သော၊ အဓိကရဏာ သမထာ – အဓိကရဏ သမထမည်ကုန်သော၊ ဓမ္မာ–သိက္ခာပုဒ် တို့ကို၊ ဥဒ္ဒိဋ္ဌာ–သရုပ်အားဖြင့် ရွတ်အပ် ပြအပ်ပါကုန်ပြီ၊ တတ္ထ–ထို ခုနစ်ပါးသော အဓိကရဏသမထတို့၌၊ အာယသ္မန္တေ–တို့ကို၊ ပုစ္ဆာမိ–

* * * * * *

ချဉ်ဦးအုံ–သံဃာ ၂ ဖက်ကွဲ၍ ဝိဝါဒါဓိကရဏ်း ဖြစ်နေရာ၌ ၂ ဖက် လုံးမှာလည်း အာပတ်သင့်လျက် ရှိကြလေသည်၊ ထို့နောက် လဇ္ဇီသဘော သက်ရောက် (စိတ်ကောင်းရ) ကြသဖြင့် ထိုအာပတ်များကို ကုစားစေလို သည့်အခါ တစ်ဖက်၏ အပြစ်ကို အခြားတစ်ဖက်က ဖေါ်ပြနေလျှင် သာ၍ မခံနိုင်ဖွယ်ရာ ရှိသောကြောင့် ဆွေလေ နံ့လေဖြစ်သော ကျင်ကြီးကျင်ငယ်ကို မြက်ဖြင့် တစ်ခါတည်း ဖုံးအုပ်လိုက်သကဲ့သို့ တိဏဝတ္ထာရက ခေါ်သော ကံ တစ်မျိုးဖြင့် အာပတ်တွေကို ဖုံးလိုက်ရလေသည်၊ ထိုကံကြောင့် အင်မတန် ကြီးလေးသော ပါရာဇိက သံဃာဒိသေသ်အာပတ်နှင့် ဂိဟိပဋိသံယုတ္တ (လူနှင့် စပ်သော လူကို ဆဲဆိုမှု) အာပတ်များမှတစ်ပါး အခြားအာပတ် အားလုံးပင် ပြေပျောက်လေတော့၏၊ ဤသို့လျှင် တိဏဝတ္ထာရက ကံသည် ၂ ဖက်သော အာပတ်နှင့် ဝိဝါဒါဓိကရဏ်းကို ငြိမ်းစေနိုင်သောကြောင့် သမထတစ်မျိုးဖြစ်ရ လေသည်။ [ဆိုင်ရာကံ ပြုပုံများကို သမထက္ခန္ဓက ပါဠိတော်မှာ ရှု။]

[ဆောင်] ကျင်ငယ် ဘင်ပုတ်, မြက်ဖြင့် အုပ်သို့, ဆိုးယုတ်များ ဘီ, အာပတ္တိက–ဝိဝါဒကို, မကြွေစေရ, သမထ, တိဏဝတ္ထာ ရကခေါ်။

ကိစ္စာဓိကရဏ်း။ ။ သမထ ၇ ပါးကို ပြခဲ့ရာ၌ ကိစ္စာဓိကရဏ်းကို မည် သည့်သမထဖြင့် ငြိမ်းစေရမည်ဟု မသိသာသေး၊ သို့ဖြစ်၍ ကိစ္စာဓိကရဏ်းကို မည်သည့် သမထဖြင့် ငြိမ်းစေရပါလိမ့်မည်နည်းဟု စဉ်းစားလိုကြပေလိမ့်မည်၊ ကိစ္စဟူသည် အပလောကနစသော သံဃာ့ကံများပင်တည်း၊ ကိစ္စကြီးလာ သည့်အခါ ဆိုင်ရာပုဂ္ဂိုလ် သံဃာတို့ မျက်မှောက်မှာပင် ထိုကိစ္စကို ပြီးစေရ ငြိမ်းစေရသောကြောင့် ကိစ္စာဓိကရဏ်းကို ငြိမ်းစေသော သမထမှာ သမ္မုခါ ဝိနယသမထတစ်ပါးသာဖြစ်သည်၊ ဥပမာ–သိမ်သမုတ်ကိစ္စ (ဥတ္တိဒုတိယက်) ကြီးလာလျှင် အနည်းဆုံး သံဃာ ၄ ပါး မျက်မှောက်၌ ဥတ်ကမ္မဝါစာဖတ်၍ ငြိမ်းစေရသည်၊ ဤသို့ စသည်ဖြင့် သိလေ။

http://www.dhammadownload.com

၏၊ ကစ္စိ-နည်း၊ (တုမှေ-တို့သည်) ပရိသုဒ္ဓါ-အဓိကရဏ်းနှင့်စပ်၍ အရပ်ရပ် အာပတ်တို့မှ စင်ကြယ်ကြကုန်သည်၊ အတ္တ-ဖြစ်ပါကုန်၏ လော၊ (ဒုတိယမ္မိ ပုစ္ဆာမိ-စသည်ကိုလည်း ဤအတိုင်းဆို)၊ ပေ၊ ဓာရယာမိ-ပါ၏၊ ဣတိ - အဓိကရဏသမထပြီးပြီ။ [သတ္တ-ကုန်သော အဓိကရဏသမထာ-တို့သည်၊ နိဋ္ဌိတာ-ပြီ။

* * * * * *

နိဒ်ုန်းနှင့်ယာဝ တတိယာနုသာဝနေ။ ။ "ကိစ္စိတ္တပရိသုဒ္ဓါ" ဝယ် "ပရိသုဒ္ဓါ" အရ ရှေးရှေးအခန်းများကဲ့သို့ဆိုင်ရာ အခန်းတွင်ပါဝင်သော အာပတ်စင်ကြယ်ခြင်းကို မယူရ၊ အဓိအကရဏသမထဟူသည်လည်း အာပတ်ကို ပြနေသော စကားမဟုတ်၊ ထို့ကြောင့် (အာပတ် ၇ ပုံဟူသော) အာပတ္တာဓိကရဏ်းမှ စင်ကြယ်ခြင်း-ဝိဝါဒါဓိကရဏ်းစသော ကြွင်း ၃ ပါးနှင့်စပ်၍ သင့်ထိုက်သော အာပတ်တို့မှ စင်ကြယ်ခြင်းကို ရည်ရွယ်၍ "ပရိသုဒ္ဓါ=စင်ကြယ်ကြကုန်သည်+အတ္တ-ဖြစ်ကုန်၏ လော" ဟုမေးသည်။ [ကခ်ါအဋ္ဌကထာ ဖွင့်ပုံကိုကြည့်။]

ဒုက္ကဋ်သင့်ချိန်မေးဖွယ်။ ။ နိဒါန်းအခန်း၌ "ယသ သိယာ အာပတ္တိ, သော အာဝိကရေယျ" ဖြင့် အာပတ် ၇ ပုံလုံးကို သိမ်းကျုံးပြီးလျှင် "တတ္ထာ ယသ္မွန္တေ ပုစ္ဆာမိ" စသည်ဖြင့် "ထိုအာပတ် ၇ ပုံလုံးမှ စင်ကြယ်ကြပါ၏ လော" ဟု မေးခဲ့ပြီ၊ ပါရာဇိက စသော အခန်းများ၏ အဆုံး၌လည်း သူ့အခန်းနှင့်ဆိုင်သော အာပတ်များမှ စင်ကြယ်ကြပါ၏ လော-ဟုမေးခဲ့ပြီ၊ ဤအဓိကရဏသမထ၏ အဆုံး၌လည်း အာပတ် ၇ ပုံလုံးမှ စင်ကြယ်ကြပါ၏ လော-ဟု ထပ်၍ မေးပြန်သည်၊ ထို မေးတိုင်းပင် "မိမိ မစင်ကြယ်မှန်း သိလျက် အာဝိကရဏ မပြုလျှင် သမ္ဘာန မုသာဝါဒ ဒုက္ကဋ်အာပတ် သင့်လိမ့်မည်" ဟု နိဒါန်း၌ ပြခဲ့၏၊ ထိုဒုက္ကဋ်အာပတ်သည် ဘယ်အခါ သင့်မည်နည်း, နိသဂ္ဂိယပါစိတ်အာပတ်ရှိမှန်း သိလျက် ဖုံးထားသူမှာ နိဒါန်းအဆုံး အမေး၌ သင့်မည်လော, နိသဂ္ဂိယ်အဆုံး အမေး၌ သင့်မည်လော, အဓိကရဏသမထ အဆုံးအမေး၌ သင့်မည်လော, သို့မဟုတ် ၃ ဌာနလုံးမှာပင် ဒုက္ကဋ် ၃ ချက် သင့်မည်လော-ဟု မေးဖွယ်ရှိသည်။

အဖြေကား-နိဒါန်း၌ အာပတ်များ၏ သရုပ်ထုတ်မပြသေးသဖြင့် မိမိမှာ မည်သည့် အာပတ်ရှိနေသည်ဟု မသိသေးလျှင် နိဒါန်းအဆုံးအမေးတွင်

http://www.dhammadownload.com

သမ္မာန မုသာဝါဒ ဒုက္ကဋ်အာပတ် မသင့်သေး၊ သရုပ်ထုတ် မပြသော်လည်း ကျွမ်းကျင်သူဖြစ်၍ မိမိမှာ မည်သည့်အာပတ်ရှိသည်ဟု သိလျှင် နိဒါန်းအဆုံး အမေးတွင် ဒုက္ကဋ်အာပတ် သင့်လေပြီ၊ သို့သော် နိဒါန်း၌ မသိသူအတွက်ကား ဆိုင်ရာ သိက္ခာပုဒ်များကို ကြားနာပြီးနောက် ထိုအခန်းအဆုံးဝယ် မေးသည့်အခါ သိလျက် ဆိတ်ဆိတ်နေမှ ဒုက္ကဋ်သင့်သည်၊ ဆိုင်ရာ အခန်းအဆုံးတွင် မိမိမှာ အာပတ်သင့်ကြောင်းကို သတိမရသေးလျှင်လည်း ထို ဆိုင်ရာ အခန်းအဆုံးမှာလည်း မသင့်သေး၊ အဓိကရဏသမထ အဆုံးဝယ် မေးသည့်အခါ အာပတ်သင့်မှန်းသိလျက် ဆိတ်ဆိတ်နေမှသင့်သည်၊ ထို အဓိကရဏသမထအဆုံးမှာပင် အာပတ်ကို သတိမရသေးက သမ္မာန မုသာ ဝါဒ ဒုက္ကဋ်အာပတ် လုံးဝမသင့်တော့ပြီ။

ဆက်ဦးဆုံ–**နိဒါန်းအဆုံးမှာ ဒုက္ကဋ်အာပတ်သင့်ခဲ့ပြီးသူကား ဆိုင်ရာ အခန်းအဆုံးနှင့် အဓိကရဏသမထ အဆုံးတွင် ထပ်မံသင့်ဖွယ် မလိုတော့ပြီ၊ ဘာ့ကြောင့်နည်း ..... အာပတ်သင့်မှန်းသိလျက် (ပါတိမောက်ပြသည့် အခါ) ဖုံးထားမှု ဝတ္ထုတစ်ခုကြောင့် အာပတ် ၂ ခါ ၃ ခါထပ်၍ မသင့်ထိုက်သောကြောင့်လည်းကောင်း, ဂိုက္ခဲ့သို့ မေးတိုင်း သင့်တမ်းဖြစ်လျှင် အာပတ်သင့်မှန်း သိသူမှာ တစ်ခါပြေပြီးနောက် ထပ်ကာထပ်ကာ (နိဒါန်းအဆုံး ပြေပြီးနောက် ဆိုင်ရာ အခန်းအဆုံးနှင့် သမထအဆုံးမှာလည်း) မိမိမှာ အာပတ်ရှိပါသည်–ဟု ပြေရတော့မလို ဖြစ်သောကြောင့် လည်းကောင်းတည်း၊ အာပတ် ၂ မျိုး ၃ မျိုး စသည် ဖုံးထားသူအတွက်ကား ပထမအာပတ်ကို သတိရ၍ ဖုံးမှုဖြင့် နိဒါန်းအဆုံးမှာ သင့်ပြီးနောက် ဒုတိယအာပတ်ကို သိလျက် ဖုံးပြန်လျှင် ဖုံးမှုအတွက် ဆိုင်ရာ အခန်းအဆုံးမှာ (နိသဂ္ဂိယ အာပတ်ကို ဖုံးလျှင် နိသဂ္ဂိယအဆုံးမှာ) ဒုက္ကဋ်တစ်ချက် တိုးတက်သင့်ဖွယ် ရှိလေသည်၊ ဤကား ဤကျမ်း၏ အယူအဆသာတည်း၊ အခြား ပညာရှိတို့၏ အယူအဆကို တစ်မျိုးကြားဖူးသေး၏, စုံစမ်းကြပါလေ။**

အဓိကရဏသမထအခန်းပြီး၏။

http://www.dhammadownload.com

မဟာနိဂုံး အာယသွန္တော - အရှင်တို့၊ နိဒါန်-နိဒါန်းကို၊ ဥဒ္ဒိဋ္ဌ-သရုပ်အားဖြင့် ရွတ်ဆိုအပ်ပါပြီ။ စတ္တာရော-၄ ပါးကုန်သော၊ ပါရာဇိကာ - ပါရာဇိကမည်ကုန်သော၊ ဓမ္မာ - အာပတ်တို့ကို၊ ဥဒ္ဒိဋ္ဌာ-ကုန်ပြီ၊ (ဤသို့စသည်ဖြင့် ထိုထိုအခန်းအဆုံး၌ အနက်ဆိုခဲ့သည့်အတိုင်း "ဥဒ္ဒိဋ္ဌာ သတ္တ အဓိကရဏသမထာ ဓမ္မာ" တိုင်အောင် အနက်ဆိုပါ။) ဇေတ္တကံ - ဤမျှအတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည်၊ တသ ဘဂဝတော - ထိုမြတ်စွာဘုရား၏၊ သုတ္တာဂတံ - ပါတိမောက်ပါဠိတော်၌လာသည်၊ သုတ္တပရိယာပန္နံ - ပါတိမောက်ပါဠိတော်၌ အကျုံးဝင်သည်၊ (ဟုတ္တာ-ဖြစ်၍၊) အနွဒ္ဒမာသံ - အစဉ်အားဖြင့် လခွဲတိုင်း၊ ဥဒ္ဒေသံ - သရုပ်အားဖြင့် ရွတ်ပြအပ်သည်၏အဖြစ်သို့၊ အာဂစ္ဆတိ-ရောက်၏၊ တတ္တ - ထိုသိက္ခာပုဒ်အပေါင်း၌၊ သဗ္ဗေဟေव - အလုံးစုံတို့သည်ပင်၊ သမဂ္ဂေဟိ-ကာယသာမဂ္ဂီ အစွမ်းဖြင့် ညီညွတ်ကြကုန်သည်၊ သမ္မောဒမာနေဟိ - စိတ္တသာမဂ္ဂီအစွမ်းဖြင့် လွန်စွာ ဝမ်းမြောက်ကြကုန်သည်၊ အဝိဝဒမာနေဟိ - မငြင်းခုံကြကုန်သည်၊ (ဟုတ္တာ-ဖြစ်၍၊) သိက္ခိတဗ္ဗံ-ကျင့်ကြံကြိုးကုတ်, အားထုတ်ရာ၏၊ ဣတိ-ပြီးပြီ။ ["ဝိတ္ထာရဒ္ဒေသော နိဋ္ဌိတော" ဟု ဣတိနောက်၌ရှိသည်ကား မကောင်းလှ။]

ဘိက္ခုပါတိမောက္ခံ-ဘိက္ခုပါတိမောက်သည်၊ နိဋ္ဌိတံ-ပြီးပြီ။

* * * * * *

မဟာနိဂုံး။ ။ ထိုထိုအခန်းအဆုံးဝယ် "ဥဒ္ဒိဋ္ဌံ ခေါ အာယသွန္တော နိဒါနံ" စသည်ဖြင့် နိဂုံးငယ်များ ရှိခဲ့ပြီးသောကြောင့် ဤနိဂုံးကို "မဟာနိဂုံး=နိဂုံးကြီး" ဟု အမည်ပေးလိုက်သည်၊ ဤနိဂုံးစကားရပ်၏အဓိပ္ပာယ်ကို အနက်အတိုင်းပင် သိနိုင်လောက်ပြီ၊ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီအကြောင်းကိုလည်း ပါတိမောက် အချီစကားဝယ် "သမဂ္ဂသ သဝယသ" ၌ ဖွင့်ပြခဲ့ပြီ။

ဥဒ္ဒေသ ၅ ပါး။ ။ လပြည့် လကွယ် ပါတိမောက်ပြရာ၌ ဥဒ္ဒေသ ၅ ပါးရှိ၏၊ မင်းဘေးစသောအန္တရာယ်နှင့် ထေရ်ကြီးကိုယ်တိုင် အကျယ်မရွတ်နိုင်ခြင်းဟူသော အကြောင်းမရှိလျှင် အစမှ အဆုံးတိုင်အောင် ရွတ်ပြရမည်၊ ထိုရွတ်ပြနည်းကို ဝိတ္ထာရဒ္ဒေသ (အကျယ်ပြနည်း) ဟု ခေါ်၏၊ မင်းဘေးမိုးကြီး လေကြီးကျခြင်းစသော ဘေးအန္တရာယ်ရှိလျှင် နိဒါန်းကုန်အောင်

http://www.dhammadownload.com

ရွတ်ပြီးနောက် ကျန်သမျှကို သုတသဒ္ဒါဖြင့် သိမ်းရ၏၊ ထိုပါတိမောက်ပြနည်းကို နိဒါနဒ္ဒေသ ဟု ခေါ်၏၊ ပါရာဇိကတိုင်အောင် ရွတ်ပြီးမှသိမ်းလျှင် ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသ်တိုင်အောင် ရွတ်ပြီးမှသိမ်းလျှင် သံဃာဒိသေသုဒ္ဒေသ, အနိယတတိုင်အောင် ရွတ်ပြီးမှသိမ်းလျှင် အနိယတုဒ္ဒေသ ဟု ခေါ်၏၊ ဤသို့လျှင် ဥဒ္ဒေသ ၅ မျိုးရှိသည်။

နိဒါနဒ္ဒေသော စသည် မပါသင့်ပုံ။ ။ ဤဥဒ္ဒေသ ၅ မျိုးကို ပိုင်းခြားခြင်းသည် ပါတိမောက်ပြသည့်အခါ ဖြတ်ပိုင်းပုံကိုလိုက်၍ ပိုင်းခြင်းဖြစ်၏၊ ထို့ကြောင့် စာအုပ်များ၌ နိဒါန်းအဆုံးမှာ "နိဒါနဒ္ဒေသော ပဌမော" မရှိသင့်၊ ထိုနိဒါန်းကုန်ရုံမျှဖြင့် နိဒါနဒ္ဒေသ မပြီးသေး၊ ထို့အတူ ပါရာဇိကအဆုံးစသည်၌လည်း "ပါရာဇိကုဒ္ဒေသော ဒုတိယော-သံဃာဒိသေသုဒ္ဒေသော တတိယော-အနိယတုဒ္ဒေသော စတုတ္ထော-ဝိတ္ထာရုဒ္ဒေသော ပဉ္စမော" ဟု မရှိသင့်ရုံမက, တစ်ဥပုသ်လျှင် သင့်တော်ရာ တစ်ဥဒ္ဒေသကိုသာ ရွတ်ပြရမည်ဖြစ်သောကြောင့် ပထမ ဒုတိယ စသော အစဉ်များလည်း စည်းကမ်းမကျသည်သာ၊ အကယ်၍ ထည့်လိုလျှင် "နိဒါနံ နိဋ္ဌိတံ-ပါရာဇိကာ နိဋ္ဌိတာ" စသည်ဖြင့်သာ ထည့်သင့်ပေသည်။

သုတသဒ္ဒါဖြင့်သိမ်းပုံ။ ။ ပါတိမောက်ပြရာဝယ် နိဒါန်းဆုံးအောင်ပြပြီးနောက် (ဧဝမေတံ ဘာရယာမိ-ဟု ဆိုပြီးနောက်) အန္တရာယ်တစ်ခုခုရှိလျှင် "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ, သုတာခေါပနာ ယသ္မန္တေ ဟိ စတ္တာရော ပါရာဇိကာ ဓမ္မာ, သုတာ ဘောရသ သံဃာဒိသေသာ ဓမ္မာ, သုတာ ဒွေ အနိယတာ ဓမ္မာ, သုတာ တိ သနိသဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ, သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ, သုတာ စတ္တာရော ပါဋိဒေသနိယာ ဓမ္မာ, သုတာ သေခိယာ ဓမ္မာ, သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ၊ ဘဏ္ဍာ တသ ဘဂဝတော သုတ္တာဂတံ၊ ပေ၊ သိက္ခိတဗ္ဗံ" ဟု ရွတ်ဆိုရမည်၊ ဤရွတ်နည်းမှာ နိဒါန်းကို သရုပ်ထုတ်ပြသောကြောင့် နိဒါနဒ္ဒေသမည်၏၊ ထို့ကြောင့် "သိက္ခိတဗ္ဗံ" အပြီးတွင် "နိဒါနဒ္ဒေသော" ဟု ဆိုလိုက ဆိုနိုင်၏၊ မဆိုလည်း အပြစ်မရှိ၊ "နိဒါနဒ္ဒေသော ပဌမော" ကား နောက်ထပ် ဒုတိယစသည်မရှိသောကြောင့် မဆိုသင့်။

ထို့အတူ ပါရာဇိကဆုံး (ဧဝမေတံ ဘာရယာမိ-ဟု ဆိုပြီးနောက်) "ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ, ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ) သုတာ ခေါ ပနာယသ္မန္တေ ဟိ ဘောရသ သံဃာဒိသေသာ ဓမ္မာ, သုတာ ဒွေ အနိယတာ ဓမ္မာ" စသည်ဖြင့် "သိက္ခိတဗ္ဗံ" အထိ ဆိုရာ၏၊ ဤရွတ်ဆို

http://www.dhammadownload.com

နည်းကား ပါရာဇိကုဒ္ဒေသတည်း၊ ဤနည်းအတိုင်း သံဃာဒိသေသုဒ္ဒေသ-အနိယတုဒ္ဒေသတို့ကို သိလေ၊ သုတ သဒ္ဒါဖြင့် မသိမ်းရဘဲ အကျယ်အကုန် ပြခြင်းကို ဝိတ္ထာရဒ္ဒေသ-ဟုခေါ်၏။

နောက်နောက်ဝါကျ၌ ခေါပနာ ယသ္မေဟိ မပါဘင့်ပုံ။ ။ ယခုကာလ သုတ သဒ္ဒါဖြင့် အချို့ သိမ်းကြရာ၌ "သုတာ ခေါပနာယသ္မေဟိ စတ္တာရော ပါရာဇိကာဓမ္မာ" ဟု ပထမ တစ်ဝါကျဆိုပြီးနောက် "သုတာ ခေါပနာ ယသ္မေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ" စသည်ဖြင့် နောက်နောက် ဝါကျတို့၌လည်း "ခေါပနာယသ္မေဟိ" ကိုထည့်ဆိုကြ၏၊ ထိုဆိုခြင်းကား ဝါကျသွားနည်း စည်းကမ်းမကျ၊ "ခေါ+ပန+အာယသ္မေဟိ" ဟု ၃ ပုဒ်ကို မဆိုထားဘိ, မဟာနိဝုံးဝယ် "ခေါ" ကလေး တစ်လုံးကိုမျှ နောက်နောက် ဝါကျ၌ ထည့်၍မသုံးဘဲ "ဥဒ္ဒိဋ္ဌခေါ အာယသ္မေနာ နိဒါနံ, ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ" စသည်ဖြင့် သုံးနှုန်းထားပုံကို သတိပြုပါ။

သုတသဒ္ဒါ၏ အဓိပ္ပာယ်။ ။ နိဒါန်းကို အကျယ်ရွတ်ပြီးနောက် ပါရာဇိက အခန်းစသည်ကို သုတသဒ္ဒါဖြင့် သိမ်းယူရာဝယ် "အာယသ္မေဟိ-အရှင်တို့သည်၊ စတ္တာရော-ကုန်သော၊ ပါရာဇိကာ-မည်ကုန်သော၊ ဓမ္မာ-အာပတ်တို့ကို၊သုတာ-ကြားအပ်ပါကုန်ပြီ" ဟု ဆိုထားရာ၌ "ဘယ်တုန်းက ကြားအပ်သလဲ, ယခုသော် နိဒါန်းကိုသာ ကြားနာရပါသေးတကား" ဟု စောဒနာဖွယ်ရှိ၏၊ အဖြေကား-ရှေးရှေးက ကြားဖူးသည်ကို "သုတာ-ကြားအပ်ပါကုန်ပြီ" ဟု မဆိုလို၊ "ယနေ့မှ ရဟန်းပြုသူ ဖြစ်လျှင် ရှေးက ကြားပင် မကြားဘူးသေး၊ အမှန်မှာ-နိဒါန်းဝယ် "ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ" ၌ "အာပတ္တိ" အရ ပါရာဇိက စသော အာပတ် ၇ ပုံလုံးကို သိမ်းကျုံ့၍ ယူနိုင်ကြောင်းကို နိဒါန်း၌ဖွင့်ပြခဲ့ပြီ၊ ထို "ယဿ သိယာ အာပတ္တိ" အရ၌ အာပတ် ၇ ပုံလုံးကို အကျဉ်းရုံး၍ ကြားသိခဲ့ရပြီးကို ရည်ရွယ်၍ "သုတာခေါပန" စသည်၌ "သုတာ-ကြားအပ်ပါကုန်ပြီ" ဟုဆိုသည်၊ ထို့ကြောင့်ပင် နိဒါန်းအခန်းကို ရွတ်၍ ပြီးမှ ကျန်အခန်းများကို သုတ သဒ္ဒါဖြင့် သိမ်းခွင့်ရှိသည်၊ နိဒါန်းတစ်ခန်းမျှ မကုန်သေးလျှင်ကား "သုတာ-ကြားအပ်ပါကုန်ပြီ" ဟူသော စကားနှင့် မလျော်သောကြောင့် အန္တရာယ်ရှိစေကာမူ (လုံးလုံးမရွတ်ဘဲ နေတန်လျှင်သာ နေရမည်) ဟု သုတသဒ္ဒါဖြင့်ကား သိမ်းခွင့်မရှိရေ။

ဘိက္ခုပါတိမောက်ဘာသာင်ကားပြီးပြီ။

http://www.dhammadownload.com

ဘိက္ခုနီပါတိမောက်
ဘာသာဋီကာ

မာတိကာ။ ။ ဤဘိက္ခုနီပါတိမောက်၌ ပုလ္လိင်သဒ္ဒါကိုဤတွင်လိင်သဒ္ဒါဖြင့် လဲလှယ်၍ပြခြင်းမှတစ်ပါး ဘိက္ခုပါတိမောက်နှင့် လုံးဝ စာသွားတူသော သိက္ခာပုဒ်နှင့် နိဂုံးတို့၏ အနက်အဓိပ္ပာယ်များကို ရေးသားတော့မည်မဟုတ်၊ လုံးဝမတူသော သိက္ခာပုဒ်များ၌လည်း ကခ်ီအဌကထာ ဖွင့်ပုံလောက်ကိုသာ အနက်အဓိပ္ပာယ် ဖေါ်ပြ၍ ခပ်သွက်သွက် သွားရပေလတ္တံ့၊ သို့ရာတွင် ဆိုင်ရာ အဓိပ္ပယ်များကား အထူး သတိချပ်သဖြင့် မလစ်လပ်ဘဲ ရှိပါလိမ့်မည်။ [စာချဆရာတို့ကမူ သဒ္ဒါနည်းအရ ပြောင်းလွဲပုံကိုမသိလောက်အောင် နားဝေးသေးသော တပည့်တို့အား ဘိက္ခုနှင့်တူသော သိက္ခာပုဒ်များကို အနက်မချဘဲ ပါဠိကိုပင် ကျက်သင့်မှ ကျက်ပါစေ။]

* * * * * *

အချီနှင့်နိဒါန်း။ ။ အချီဂါထာ၌ "ဘိက္ခုနီဂဏနာစ-ဘိက္ခုနီ အပေါင်းကို ရေတွက်ခြင်းလည်းကောင်း" ဟုလည်းကောင်း "ဩဝါဒေါစ-ဘိက္ခုတို့ထံ အဆုံးအမ ခံဖို့ရန် လျှောက်ထားခြင်းလည်းကောင်း" ဟုလည်းကောင်း "ဘိက္ခုနီသံဃသ- ဘိက္ခုနီ သံဃာ၏" ဟုလည်းကောင်း အနက်ပေး၊ နိဒါန်းအခန်းဝယ် "သုဏာတုမေအယျေ သံဃော" ဝါကျ၌ "အရှင်မတို့" ဟုလည်းကောင်း "အရှင်မတို့ကို" ဟုလည်းကောင်း သင့်လျော်အောင် အနက်ပေး၊ ဘိက္ခုပါတိမောက်၌ "သရမာနေန ဘိက္ခုနာ အာပန္နေန ဝိသုဒ္ဓါပေက္ခေန" ဟူသော ပုလ္လိင်ပုဒ်များကိုလည်း ဤဘိက္ခုနီ ပါတိမောက်၌ "သရမာနာယ ဘိက္ခုနိယာ အာပန္နာယ ဝိသုဒ္ဓါပေက္ခာယ"ဟု ဤတွင်လိင်ပုဒ်များဖြင့် လဲလှယ်ထားသောကြောင့် အနက်ပေးပုံမှာ မထူးပြီ-ဟုမှတ်၊ နောက်နောက် သိက္ခာပုဒ်များ၌လည်း ဤနည်းချည်းသာ။

---

http://www.dhammadownload.com

နိဒါန်း **ပါရာဇိကအခန်း**

တတြ–ထိုပါတိမောက်၌၊ **အ**–ရှစ်ပါးကုန်သော၊ **ပါရာ**ဇိကာ–ပါရာဇိက မည်ကုန်သော၊ **ဣမေ ဝမ္မာ**–တို့သည်၊ **ဥဒ္ဒေသ**–သို့၊ **အာဂစ္ဆန္တိ**–ကုန်၏။

၁။ ပထမပါရာဇိက ယာ ပန ဘိက္ခုနီ–အကြင် ရဟန်းမသည်၊ **ဆန္ဒ**သော–အလိုဆန္ဒ, **တူမ္ပ**သောအားဖြင့် **မေထုန်ဝမ္မံ** – မေထုန်အကျင့်ကို၊ **ပဋိသေဝေယျ** – မှီဝဲအံ့၊ **အန္တမသော**–အောက်ထစ်ဆုံးအားဖြင့်၊ **တိရစ္ဆာန**ဂတေနာပိ – တိရစ္ဆာန်အထိုးနှင့် တကွလည်း၊ **ပဋိသေဝေယျ**–အံ့၊ (**အယं** ဘိက္ခုနီ–ဤရဟန်းမသည်၊) **ပါရာဇိကာ** – သာသနာတော်မှ ဆုံးရှုံးစေအပ်သူသည်၊ **ဝါ** – ပါရာဇိက ကျသူသည်၊ **အသံဝါသာ** – ဘိက္ခုနီကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိသူ သည်၊ **ဝါ**–ကေကမ္မ ကေဒ္ဒေသ သမသိက္ခာဟူသော သံဝါသမရှိသူသည်၊ **ဟောတိ**–ဖြစ်၏။

* * * * * *

ပထမ ပါရာဇိက။ ။ ဘိက္ခုနီတို့သည် ဘိက္ခုတို့ကဲ့သို့ "ဗုဒ္ဓံ ပစ္စက္ခာမိ" စသည်ဖြင့် သိက္ခာချဖွယ်မလို၊ ဘိက္ခုပါရာဇိက အဆုံး ၂၄ ပါ:သော ပါရာဇိကတို့ကိုပြုရာ၌ "လူဝတ်သည့်နီ" ဟု ပြခဲ့သည့်အတိုင်း: လူဝတ်လဲလိုက်လျှင် ဘိက္ခုနီအဖြစ်မှကင်းတော့၏၊ ထို့ကြောင့်သိက္ခာပုဒ်ပါဠိ၌ "သိက္ခာ သာဓိဝသမာပန္နာ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတ္တာ" ဟု သိက္ခာနှင့်ဆိုင်သော ပါဠိများ: မထည့်ဘဲ ချန်ထား:တော်မူသည်။

ဆန္ဒသော–ကခ်ါအဋ္ဌကထာ၌ "ဆန္ဒသော" အရ မေထုန်မှီဝဲလိုသော ရာဂနှင့်စပ်သော ဆန္ဒရစိ ၂ မျိုး:ကိုဖွင့်၏၊ ထိုတွင် ရာဂနှင့်ယှဉ်သော ဆန္ဒ စေတသိက်ကို ဆန္ဒ (ချစ်မှု), ရာဂနှင့်ယှဉ်သော ပီတိကို ရစိ (ကြိုက်မှု) ဟု ခွဲခြား:ထား:သင့်သည်၊ **အ**ချုပ်မှာ–**မေထုန်**မှီဝဲလိုသော ရာဂစိတ်ပင်တည်း၊ ထို့ကြောင့် ထိုရာဂစိတ် မရှိဘဲ ဥပွလဝဏ်ထေရီမကို နန္ဒလုလင်က အတင်: ဖျက်သကဲ့သို့ ယောကျ်ား:က အတင်:ကြိုရာ၌ **အ**နာပတ္တိ။ [ဒုတိယ တတိယ စတုတ္ထ ပါရာဇိကတို့ကား: ဘိက္ခုပါရာဇိကနှင့် လုံး:ဝတူပြီ။]

http://www.dhammadownload.com

၅။ ပဌမပါရာဇိက ယာ ပန ဘိက္ခုနီ-သည်၊ အဝဿုတာ-ကာယ သံသဂ္ဂရာဂဖြင့်စိုစွတ်သည်၊ (ဟုတ္တာ-၍)၊ အဝဿုတဿ-ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော၊ ပုရိသပုဂ္ဂလဿ-ယောကျ်ား ပုဂ္ဂိုလ်၏၊ အဝကွက် - ညှပ်ရိုး ၂ ဖက်၏ အောက်၌လည်းကောင်း၊ ဥဇ္ဇာဏု မဏ္ဍလ်-ပုဆစ်ဒူးဝန်း ၂ ဖက်၏ အထက်၌လည်းကောင်း၊ အာမသန်ဝါ-ထိရာအရပ်, မရွှေ့လတ်ဘဲ, သုံးသပ်ဖျစ်ညှစ်ခြင်းကိုလည်းကောင်း၊ ပရာမသန်ဝါ-ထို ဤ အရပ်, ပြောင်းရွှေ့လတ်၍, သုံးသပ်ဖျစ်ညှစ်ခြင်းကိုလည်းကောင်း၊ ဂဟဏဝါ- ကိုင်ရုံမျှကိုလည်းကောင်း၊ ဆုပန်ဝါ-တို့ရုံမျှကိုလည်းကောင်း၊ ပတိပီဠနဝါ-ပွေ့ယူဖျစ်ညှစ်ခြင်းကိုလည်းကောင်း၊ သာဒယေယျ-သာယာအုံ၊ အယံပိ ဘိက္ခုနီ - သည်လည်း၊ ဥဇ္ဇာဏုမဏ္ဍလိကာ - ဥဇ္ဇာဏုမဏ္ဍလိကာ မည်သော၊ ပါရာဇိကာ - သည်၊ အသံဝါသာ - သည်၊ ဟောတိ-၏။

၆။ ဆဋ္ဌပါရာဇိက ယာ ပန ဘိက္ခုနီ-သည်၊ ဇာနံ-ပါရာဇိက ကျသူ ဟု သိလျက်၊ ပါရာဇိကံ ဓမ္မံ-ပါရာဇိက အာပတ်သို့၊ အဇ္ဈာပန္နံ-ရောက်နေသော၊ ဘိက္ခုနိံ-ရဟန်းမကို၊ အတ္တနာ-

* * * * * *

၅။ ပဌမပါရာဇိက။ ။ ကိုယ်အင်္ဂါချင်းနီးနှောလို-ကိုင်လို-ထိလိုသော ရာဂကို "ကာယသံသဂ္ဂရာဂ" ဟုခေါ်၏၊ ထိုရာဂရှိသော ဘိက္ခုနီသည် ညှပ်ရိုး ၂ ဖက်၏အောက် ပုဆစ်ဒူးဝန်း ၂ ဖက်၏ အထက်အရပ်၌ ထိုရာဂမျိုးရှိသော ယောကျ်ား၏ ကိုင်ခြင်း-တို့ခြင်း စသည်ကို သာယာလျှင် ပါရာဇိက ကျ၏။ [တံတောင်ဆစ်အထက် လက်မောင်းကိုလည်း ဥဇ္ဇာဏုမဏ္ဍလ၌ သွင်းယူရမည်။] ထိုပါရာဇိက ကျသူကို "ဥဇ္ဇာဏုမဏ္ဍလိကာ" ဟု ခေါ်၏၊ ဥဇ္ဇသဒ္ဒါသည် "အထက်" ဟူသော အနက်ဟောနိပါတ်တည်း၊ ဏုမဏ္ဍလဿ-ပုဆစ်ဒူးဝန်း၏၊ ဥဇ္ဇ-အထက်သည်၊ ဥဇ္ဇာဏုမဏ္ဍလ်-မည်၏၊ ဥဇ္ဇာဏုမဏ္ဍလေ-ပုဆစ်ဒူးဝန်း ၂ ဖက်၏ အထက်၌၊ သာဒယတိ-ကိုင်ခြင်း ထိခြင်းကို သာယာတတ်၏၊ ဣတိ-ကြောင့်၊ ဥဇ္ဇာဏုမဏ္ဍလိကာ-မည်၏။ [အာမသန် စသည်တို့၏ အဓိပ္ပာယ်ကို အနက်အတိုင်း သိလောက်ပြီ၊ "ဖျစ်ညှစ်" ဟူသည် ကိုင်ရုံတွင်မကဘဲ နာနာညှစ်၍ ကိုင်ခြင်းတည်း၊ အင်္ဂါများကို ဘိက္ခုကာယသံသဂ္ဂ သိက္ခာပုဒ်အတိုင်း သိလေ။]

http://www.dhammadownload.com

ကိုယ်တိုင်လည်း၊ နေဝ ပတိစောဒေယျ-မစောဒနာအံ့၊ ဂဏသ-အခြားဘိက္ခုနီအပေါင်းအားလည်း၊ နှ အာရောစေယျ-မပြောအံ့၊ စ-ဆက်ဦးအံ့၊ ယဒါ-အကြင်အခါ၌၊ သာ-ထိုပါရာဇိက ကျသော ရဟန်းမသည်၊ ဌိတာဝါ - ဘိက္ခုနီ အသွင်၌ တည်နေသည်မူလည်း၊ အသ-ဖြစ်ရာ၏၊ စုတာဝါ-စုတေသည်မူလည်း၊ (အသ-၏၊) နာသိ တာဝါ-အသွင်ကို ဖျက်ဆီးအပ်သည် မူလည်း၊ (အသ-၏၊) အဝသ တာဝါ- တိတ္ထိဘောင်သို့ ပြောင်းရွှေ့သည်မူလည်း၊ (အသ-၏) သာ-ထို သူတစ်ပါးအပြစ်ကို ဖုံးထားသော ရဟန်းမသည်၊ ပဠာ-ဖုံးထားပြီး နောက်မှ၊ ဝေ-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိ-အဘယ်သို့ ပြောဆို သနည်း၊) အယျေ-အရှင်မတို့၊ အဟံ-တပည့်တော်သည်၊ ပုဗ္ဗေဝ-ရှေးတုန်းကပင်၊ တေ ဘိက္ခုနိ - ဤ ရဟန်းမကို၊ ဝါ - ဤရဟန်းမ၏ အကြောင်းကို၊ သာ ဘဂိနီ-ထိုညီမသည်၊ ဝေရူပါစ ဝေရူပါစ-ဤသို့ သဘောလည်း ရှိ, ဤသို့ သဘောလည်းရှိ၏၊ ဣတိ-ဤသို့၊ အညာသိ-သိခဲ့ပါပြီ၊ စခေါ - ထိုသို့သိသော်လည်း၊ အတ္တနာ - ကိုယ်တိုင်လည်း၊ နေဝ ပဋိစောဒသံ-မစောဒနာမိခဲ့၊ ဂဏသ-အခြားဘိက္ခုနီအပေါင်းအားလည်း၊ နှ အာရောစေသံ - မပြောမိခဲ့၊ ဣတိ - ဤသို့ပြောဆိုအံ့၊ အယံပိ ဘိက္ခုနိ - သည်လည်း၊ ဝဇ္ဇပတိစ္ဆာဒိကာ - ဝဇ္ဇပတိစ္ဆာဒိကာ မည်သော၊ ပါရာဇိကာ အသံဝါသာ ဟောတိ။

* * * * * *

6။ ဆဋ္ဌပါရာဇိက။ ။ [ဝဇ္ဇ-အပြစ်ကို+ပတိစ္ဆာဒိကာ-ဖုံးလွှမ်းသူမ။] ဒေါဠဥတ္တရာနှင့် ဒေါဝမ္မာ ဆိုကြပါစို့၊ ဒေါဠဥတ္တရာ ပါရာဇိက ကျနေသည်ကို ဒေါဝမ္မာက သိလျက် "ကိုယ်တိုင်လည်း သံဃာ့ရှေ့မှာ မစောဒနာ တော့ဘူး - အခြားရဟန်းမအပေါင်းအားလည်း ဒေါဠဥတ္တရာ၏အကြောင်းကို မပြောပြတော့ဘူး" ဟု စိတ်ကို ဆုံးဖြတ်လိုက်လျှင် ထိုခဏ၌ပင် ဒေါဝမ္မာမှာ ဝဇ္ဇပတိစ္ဆာဒိကာ ပါရာဇိက ကျတော့၏။

သာ ဌိတာဝါ၊ ဃ၊ အဝသတာဝါ- "သာ" အရကား ဤ ဝဇ္ဇပတိစ္ဆာဒိကာ ပါရာဇိကကျသူ ဒေါဝမ္မာမဟုတ်၊ နဂိုက သူ့အပြစ်နှင့်သူ ပါရာဇိက ကျသော ဒေါဠဥတ္တရာတည်း၊ ထို ဒေါဠဥတ္တရာသည် "ဌိတာ-ဘိက္ခုနီအဖြစ်မှာပင် တည်နေသည်မူလည်းဖြစ်စေ, စုတာ - စုတေသည်မူလည်းဖြစ်စေ,

http://www.dhammadownload.com

၇။ သတ္တမပါရာဇိက ယာ ပန ဘိက္ခုနီ-သည်၊ သမဂ္ဂေန-ညီညွတ်သော၊ သံယေန-သံယာသည်၊ ဓမ္မေန-ဟုတ်မှန်သော ဝတ္ထုဖြင့်၊ ဝိနယေန-စောဒနာသာရဏာ ဝိနည်းဖြင့်၊ သတ္ထုသာသနေန - မြတ်စွာဘုရား၏ အဆုံးအမဟော်ဖြစ်သော ဥတ်ကမ္မ ဝါစာဖြင့်၊ ဥက္ခိတ္တာ - နှင်ထုတ်အပ်သော၊ အနာဒရံ - ရိုသေလေးစားခြင်း မရှိသော၊ အပ္ပဋိကာရံ - ကုစားခြင်း မရှိသော၊ အကတသဟာယံ-ကံကြီး ကဲယက်ကိစ္စ၌ ပြုအပ်သော သဟာယ အဖြစ်မရှိသော၊ တံ ဘိက္ခုံ - ထိုရဟန်းသို့၊ အနုဝတ္တေယ္ယ-လိုက်အုံ့၊ သာဘိက္ခုနီ - ထိုရဟန်းမသည်၊ ဝါ - ထိုရဟန်းမကို၊ ဘိက္ခုနိဟိ - မြင်ကုန်ကြားကုန်သော ရဟန်းမတို့သည်၊ ဧဝံ-ဤသို့၊ ဝဒေယ္ယုံ-ပြောဆိုထိုက်သည်၊ အသ-ဖြစ်၏၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်သနည်း။)

အယ္ယေ-အရှင်မ၊ ဧသော ဘိက္ခု-ဤရဟန်းသည်၊ သမဂ္ဂေန သံယေန ဓမ္မေန ဝိနယေန သတ္ထုသာသနေန ဥက္ခိတ္တော - နှင်ထုတ်အပ်သော

* * * * * *

နာသိတော-လူဝတ်လဲသည်မူလည်းဖြစ်စေ, အဝဿတော-တိတ္ထိတို့ဘောင်သို့ ပြောင်းသွားသည်မူလည်းဖြစ်စေ" (ဘာပဲဖြစ်ဖြစ်-ဟူလို။)

သာပတ္တိဝေဝဝေယျ - ဤ၌ "သာ" အရကား ဒေါ၌ဥတ္တရာ၏ အပြစ်ကို ဖုံးထားသူ ဒေါ၌မမှာတည်း၊ ထိုဖုံးထားသူသည် ဖုံးထားပြီးနောက်မှ "ထို ညီမဟာ (မိမိထက်ကြီးလျှင် ထိုအမဟာ) သည်လို သည်လို ဖြစ်နေတယ်" ဆိုတာကို ရှေးတုန်းကပင် သိပါရဲ့, သို့ပေမဲ့ ကိုယ်တိုင်လည်း မစောဒနာခဲ့ပါ, အခြားရဟန်းမများအားလည်း မပြောခဲ့ပါ-ဟု မိမိဖုံးထားခဲ့ကြောင်းကို ဝန်ခံသော စကားဖြစ်သည်၊ ပါရာဇိကကား ဤသို့ ဝန်ခံသည့် အခါမှ ကျသည်မဟုတ်, ဖုံးထားတော့မည် ဟု ဆုံးဖြတ်တုန်းကပင် ကျခဲ့ပြီ။

၇။ သတ္တမပါရာဇိက။ ။ [ဥက္ခိတ္တာ-နှင်ထုတ်အပ်သော ရဟန်းသို့+ အနုဝတ္တိကာ-လိုက်သော ရဟန်းမ။] အာပတ်ကို မရှုခြင်း-မကုစားခြင်း-မိန္ဓာအယူကို မစွန့်ခြင်းတို့တွင် တစ်ပါးပါးရှိလျှင် နှုတ်ဖြင့် အလွတ်ပြောဆိုဆုံးမရမည်၊ ထိုသို့ ပြော၍ မရသည့်အခါ သံယာက ထိုရဟန်းသို့ ဥတ်ကမ္မ ဝါစာဖြင့် နှင်ထုတ်နိုင်သည်၊ ထိုသို့ နှင်ထုတ်ရာ၌ .....

http://www.dhammadownload.com

ရဟန်းတည်း၊ **အနာဒရော**–ရိုသေလေးစားခြင်းမရှိ၊ **အပ္ပဋိကာရော**–ကုစားခြင်းမရှိ၊ **အကတသဟာယော**–ကံကြီးကံငယ်ကိစ္စ၌ ပြုအပ်သော အပေါင်းအဖော်မရှိ၊ ..... **အယျ**–အရှင်မ၊ **တေ**ဘိက္ခု–ဤရဟန်းသို့၊ **မာ** အနုဝတ္တိ–မလိုက်နှင့်၊ (ဣတိ–ဤသို့ပြောဆိုထိုက်၏။)

ဟဉ္စ–ဤသို့လျှင်၊ **သာ** ဘိက္ခုနီ–သည်၊ **ဝါ**–ကို၊ ဘိက္ခုနိဟိ–တို့သည်၊ **ဝုစ္စမာနာ** – ပြောဆိုအပ်သော်၊ **တထေဝ** – ထိုရှေးအတိုင်း သာလျှင်၊ **ပဋိဋ္ဌေယ္ယ** – ချီးမြှောက်အံ့၊ **သာ**ဘိက္ခုနီ–ကို၊ ဘိက္ခုနိဟိ–တို့သည်၊ **တဿ**–ထိုအယူကို၊ **ပတိနိသဋ္ဌိယ**–စွန့်ဖို့ရာ၊ **ယာဝ** တတိယံ – ၃ ကြိမ်တိုင်အောင်၊ **သမနုဘာသိတ**ဗ္ဗာ–၏၊ **ယာဝတတိယံ** သမနုဘာသိယမာနာ, **တं**–ထိုအယူကို၊ **စေ** ပဋိနိသဇ္ဇေယ္ယ – အကယ်၍စွန့်အံ့၊

* * * * * *

ဝေယ္ယာ ဝိနယေန–နှင်ထုတ်ထိုက်သော အကြောင်းဝတ္ထု (အာပတ်ရှိခြင်း စသော အကြောင်းက) ဟုတ်မှန်သည်ကို ဓမ္မဟုခေါ်သည်၊ ထိုသို့ ဝတ္ထုရင်းကမှန်လျှင် အပြစ်တင်သောအားဖြင့် စောဒနာရမည်၊ အပြစ်ကို သတိရစေသောအားဖြင့် သာရဏ (အောက်မေ့) စေရမည်၊ ဤစောဒနာမှ သာရဏမှကို ဝိနယဟုခေါ်သည်။

သတ္ထုသာသနေန–ထိုကဲ့သို့ စောဒနာသာရဏာမှကို ပြုပြီးနောက် ဥတ်ကမ္မဝါစာကို မှန်မှန်ကန်ကန် ရွတ်ဖတ်ခြင်းသည် သတ္ထုသာသန (ဘုရားအဆုံးမတော်အတိုင်း) ဖြစ်၏၊ ထိုသို့ ဓမ္မ ဝိနယ သတ္ထုသာသနဖြင့် နှင်ထုတ်အပ်သူမှ ဥကွိတ္တက အစစ်ဖြစ်သည်။

အနာဒရ–ထိုဥကွိတ္တကရဟန်းသည်ကံပြုသောသံဃာကိုလည်းကောင်း– ထိုကံပြုရာတွင် ပါဝင်သော ၂ ပါး၊ ၃ ပါးဂိုဏ်းကိုလည်းကောင်း– ပုဂ္ဂိုလ်တစ်ပါးပါးကိုလည်းကောင်း – ပြုအပ်သော ကံကိုလည်းကောင်း ရိုသေလေးစားရိုးမှန်လျှင် ထိုကံမှ ကင်းလွတ်အောင် ထုံးစံအတိုင်း ကောင်းစွာ ကျင့်ရမည်၊ (ကျင့်ရပုံကို ကံမှကွန်ကမှာရှု၊) ထိုကဲ့သို့ ကောင်းစွာ မကျင့်လျှင် **အနာဒရ** (သံဃာ–ဂိုဏ်း–ပုဂ္ဂိုလ်နှင့် ကံကို ဂရုမစိုက်သူ) ဖြစ်၏။

အပ္ပဋိကာရ–ပဋိကာရ (ကုစားခြင်း) ဟူသည် သံဃာစသည်ကို ရိုသေလေးစား၍ ကောင်းစွာကျင့်လျှင် သံဃာတွင်းသို့ပြန်၍ ဥတ်ကမ္မဝါစာဖြင့် သွင်းခြင်းတည်း၊ ထိုသို့ မသွင်းရသေးသူကို "**အပ္ပဋိကာရ**" ဟုခေါ်သည်။

http://www.dhammadownload.com

ဣဒ္ဓေတံ ကုသလံ၊ နော စေ ပဋိနိဒ္ဒေယျ၊ အယံပိ ဘိက္ခုနီ-လည်း၊ ဥက္ခိတ္တာနုဝတ္တိကာ - ဥက္ခိတ္တာနုဝတ္တိကာမည်သော၊ ပါရာဇိကာ - သည်၊ အသံဝါသာ-သည်၊ ဟောတိ-၏။ [မြှုပ်ထားခဲ့သော အနက်များကို ဘိက္ခုသံဃာဒိသေသ် ဘေဒါနုဝတ္တကသိက္ခာပုဒ်အတိုင်း သိပါ။]

၀။ အဌမပါရာဇိက

ယာ ပန ဘိက္ခုနီ-သည်၊ အဝသုတာ-ကာယ သံသဂ္ဂရာဂဖြင့် စိုစွတ်သည်၊ (ဟုတ္တာ-ဖြစ်၍)၊ အဝသုတသ-ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော၊ ပုရိသ ပုဂ္ဂလသ-ယောက်ျားပုဂ္ဂိုလ်၏၊ ဟတ္ထဂ္ဂဟဏံ၀ါ-လက်ကို ကိုင်ဆွဲခြင်းကိုလည်း၊ သာဒယေယျ - သာယာအံ့၊ သံယာဒိကဏ္ဏဂ္ဂဟဏံ၀ါ - သင်္ကန်းအနား ကို ကိုင်ဆွဲခြင်းကိုလည်း၊ သာဒယေယျ-အံ့၊ သန္ဓိဒ္ဒေယျ၀ါ-ဟတ္ထပါသ ၌လည်း တည်နေအံ့၊ သလ္လပေယျ၀ါ-အတူတကွလည်း စကားပြောအံ့၊ သကေတံ၀ါ - ချိန်းချက်ရာအရပ်သို့လည်း၊ ဂစ္ဆေယျ - သွားအံ့ ၊ ပုရိ သသ -ယောကျ်ား၏၊ အဇ္ဈာဂမနံ၀ါ - ရှေ့ရွှေလာခြင်းကိုလည်း၊ သာဒယေ ယျ-အံ့၊ ဆဏ္ဍံ၀ါ-ဖုံးကွယ်အပ်သော အရပ်သို့လည်း၊ အနုပဝိသေယျ-ဝင်အံ့၊ ဧတဒတ္ထာယ-ဤကာယသံသဂ္ဂ အကျိုးငှါ၊ ဧတသ အသဒ္ဓမ္မသ-ဤကာယသံသဂ္ဂဟူသော မသူတော်တို့၏ တရားကို၊ ပဋိသေ၀နေ

* * * * * *

အကတသဟာယ- ထိုကဲ့သို့ သံယာတွင်းသို့မသွင်းရသေးလျှင် ကံကြီး ကံငယ်ကိစ္စ၌ ထို ဥက္ခိတ္တကရဟန်းနှင့်အတူ မပြုရ၊ အဖော်အဖက် မလုပ်ကြ ရ-ဟူ လို။ ["သဟာယဘာ၀" ဟု ဆိုလိုလျက် ဘာ၀ပုဒ်ကိုချေထားသည်။]

ထိုကဲ့သို့ နှင်ထုတ်မြဲ နှင်ထုတ်ထားသော ဥက္ခိတ္တကရဟန်းသို့ (သူ၏ အယူ၀ါဒကို ယူသောအားဖြင့် နောက်လိုက်လုပ်သော ရဟန်းမကို အခြား ရဟန်းမ ကိုက (ဘေဒါနုဝတ္တကဌ ပြခဲ့သည့်အတိုင်း) ပြောဆို ဆုံးမရမည်၊ ပြောဆို ဆုံးမ၍ မရလျှင် ဥတ်ကမ္မ၀ါစာဖြင့် သမနုဘာသနက် (နောက်ထပ် ဆုံးမမှု) ကို ပြုရမည်၊ ထိုသို့ ဆုံးမရာ၌ ကမ္မ၀ါစာ ၃ ကြိမ်မပြည့်ခင် ထိုအယူကို စွန့်လွှတ် လိုက်က ပါရာဇိက မကျသေးပေ, တတိယကမ္မ၀ါစာ၏ "သာဘာသေယျ"၌ ယျ-အက္ခရာတိုင်အောင် အယူမစွန့်လွှတ်လျှင် ဥက္ခိတ္တာနုဝတ္တိကာ အမည်ရ၍ ပါရာဇိက ကျလေတော့သည်။

http://www.dhammadownload.com

ဝတ္ထာယ - မိုဝဲခြင်းအကျိုးငှါ၊ ကာယဝါ - ကိုယ်ကိုလည်း၊ ဥပသံဟရေ ယျ-အနီးသို့ ဆောင်စေအံ့၊ အယံပိ ဘိက္ခုနီ-လည်း၊ အဒ္ဓဝတ္ထုကာ-အဒ္ဓဝတ္ထုကာ မည်သော၊ ပါရာဇိကာ - သည်၊ အသံဝါသာ - သည်၊ ဟောတိ-ဖြစ်၏။

မှတ်ချက် ။ ။ ဤသိက္ခာပုဒ်လာ ဝါသဒ္ဒါတို့သည် သမုစ္စည်းအနက် ရှိကြ၏၊ ထို့ကြောင့် "မူလည်း" ဟု ဝိကပ်နက် မပေးရ၊ "ဥဒ္ဒိဋ္ဌာခေါ အယျာယော" စသော နိဂုံးနှင့်ယာဝတတိယာနသာဝနတို့လွယ်ပြီ။

* * * * * *

၈။ အဒ္ဓမပါရာဇိက။ ။ "အဒ္ဓဝတ္ထုကာ" ဟူရာ၌ဝတ္ထုဟူသည်ကား အာပတ်သင့်ခြင်း၏ အကြောင်းတည်း၊ ထိုဝတ္ထုရှင်မျိုးလုံးကို ကျူးလွန်မှ (ရှစ်မျိုးပြည့်မှ) ပါရာဇိကကျသည်၊ တစ်မျိုး ၂ မျိုးမှစ၍ ၇ မျိုးအထိ ကျူးလွန်ရုံပြင့်ကား အကြိမ်တစ်ရာ ကျူးလွန်သော်လည်း ပါရာဇိက မကျသေး၊ ဝတ္ထု ၈ ပါး သရုပ်ကိုကား ၁-ယောကျ်ားက မိမိလက်ဆွဲသည်ကို သာယာခြင်း, ၂-သက်နှိုးဆွဲခြင်းကို သာယာခြင်းစသည်ဖြင့် သိက္ခာပုဒ်အတိုင်း သိနိုင်ပြီ၊ ထိုတွင် .....

၁။ ဟတ္ထဂ္ဂဟဏံ။ ။ "လက်" ဟူရာ၌ တံတောင်ဆစ်မှ အဖျားဘက်ကို ယူ၊ လက်မောင်းကိုင်သဖြင့် သာယာရာ၌ကား ဥဒ္ဒေသဝေဒနာမဏ္ဍလိကပါရာဇိက ဟုဆိုခဲ့ပြီ၊ လက်ကို ဥပလက္ခဏနည်းအားဖြင့် မှတ်၍ဆိုထားသည်၊ ပါရာဇိက ခေတ်မဟုတ်သော ပုဆစ်ခူးဝန်းအောက်-ညှပ်ရိုးအထက် လည်ပင်းမျက်နှာ ကိုင်ခြင်းများကိုလည်း ဟတ္ထဂ္ဂဟဏံအရ၌သွင်းယူရမည်၊ [၂-သံယာဝိုကဏ္ဍ အရလည်း ဥပလက္ခဏနည်းပင် ဖြစ်၍ သက်နှိုးအနှား သာမက, ခါးဝတ်ကေသီ သက်နှိုးကြီး၏ ထိုထိုအရပ်ကိုလည်း ယူရမည်။]

သန္ဓိဌေယျသည်။ ။ ၃-ကာယသံသဂ္ဂပြုချင်လာအောင် ယောကျ်ား၏ ဟတ္ထပါသ်၌ ရပ်တည်နေခြင်း, ၄-ထို့အတူ ဟတ္ထပါသ်၌ စကားပြောခြင်း, ၅-"မည်သည့်နေရာသို့ လာခဲ့ပါ" ဟု ချိန်းချက်လျှင် ထိုနေရာသို့ သွားခြင်း, ၆-အဇ္ဈာဂမနံအရ ယောကျ်ားက ချိန်းချက်ရာသို့ လာလျှင်လည်း သာယာ

http://www.dhammadownload.com

ခြင်း, ၇-သစ်ပင်ချုံနွယ် အကာအရံရှိရာသို့ (ယောက်ျားလိုက်လာအောင် ဖြစ်စေ-ယောက်ျားရှိပြီးဖြစ်၍ဖြစ်စေ) ဝင်သွားခြင်း, ၈-ယောက်ျားက ကာယသံသဂ္ဂမှုကို ပြုအောင် မိမိကိုယ်ကို ယောက်ျားဘက်သို့ ညွှတ်ပေးခြင်း များတည်း။ [သိက္ခာပုဒ်၌ ဧတဒဂ္ဂာယကိုပင် "ဧတသ အသဒ္ဓမ္မသ ပဒီ သေဝနတ္ထာယ" ဟု ဖွင့်သည်။]

ဆက်ဦးအုံ-ပြခဲ့သော ဟတ္ထဂ္ဂဟဏ စသည်ကို သာယာရာ၌ တစ်မျိုး တစ်မျိုးအတွက် တစ်ခါကျူးလွန်လျှင် ထုလ္လစ္စဉ်: တစ်ချက်တစ်ချက် သင့်၏၊ ရှစ်မျိုးပြည့်သည့်အခါ ပါရာဇိကကျသည်၊ "ရှစ်မျိုးကျူးလွန်" ဟူရာ၌ အစဉ်အတိုင်: ကျူးလွန်မှမဟုတ်, တစ်ခုခြားကျူးလွန်သည်ဖြစ်စေ-ဧနံပါတ်က စ၍ ပြောင်းပြန် ကျူးလွန်သည်ဖြစ်စေ ရှစ်မျိုးပြည့်ခြင်းသာ လိုရင်းဖြစ်သည်။

ဒေသနာကြားရာ ရောက်-မရောက်။ ။ ဤ အဌဝတ္ထုက ပါရာဇိကဌ် ဝတ္ထုရှစ်မျိုးရှိရာ, တစ်မျိုးမျိုး ကျူးလွန်မိ၍ (ဥပမာ-ယောက်ျားက လက်ဆွဲ သည်ကို သာယာမိသဖြင့် ထုလ္လစ္စဉ်းအာပတ်သင့်၍) ဒေသနာ ကြားရာ၌ အာယတိ သံဝရ (နောင်ခါ ဤအမှုကို မကျူးလွန်မိအောင် စောင့်စည်းအုံ-ဟူသော) စိတ်ဖြင့် ဒေသနာကြားမှသာ ဒေသနာကြားရာ ရောက်၍ ထို အာပတ်ထသည်၊ ထိုကဲ့သို့ ဒေသနာကြားပြီးနောက် ကိလေသာ အလျောက် ထပ်၍ ကျူးလွန်မိပြန်လျှင်လည်: တကယ့်ကို အာယတိ သံဝရစိတ်ဖြင့် ဒေသနာ ကြားပြန်လျှင် အာပတ်မှ ထပြန်သည်သာ။

ထိုသို့ ဒေသနာကြားပြီးဖြစ်လျှင် ထိုအာပတ်အတွက် သန့်ရှင်းပြီး ဖြစ်ရကား: အခြားဝတ္ထု ၇ မျိုးကို နောက်ထပ် ကျူးလွန်သော်လည်: အဌဝတ္ထုက မဖြစ်သေး၊ ဒေသနာကြားသည့်အခါ အာယတိ သံဝရစိတ် မရှိဘဲ ဝတ်ကျေတမ်းကျေ ဒေသနာကြားလျှင်ကား: ဒေသနာကြားရာမရောက်, ထို အာပတ်မှ မထ၊ နောက်ထပ် အခြား ၇ မျိုးကို ကျူးလွန်လျှင် အဌဝတ္ထုက ဖြစ်သည်။

မှတ်ချက်။ ။ ဤဘိက္ခုနီတို့၏ အဌဝတ္ထုက ပါရာဇိကနှင့် ဘိက္ခုတို့၏ ဒုတိယပါရာဇိကဝယ် ဆီ စသည်ကို တစ်မတ်တန်မပြည့်အောင် အနည်းငယ်စီ ခွဲ၍ ခိုးရာ၌သာ "နောင်-မပြုတော့အုံ" ဟု ဓုရနိုင့်ကွေပ အာယတိ သံဝရ မရှိလျှင် ဒေသနာကြားသော်လည်: ဒေသနာကြားရာမရောက်ဟု ပရိဝါအဌ ကထာ (ဧကကအဖွင့်) နှင့် သာရတ္ထဒီကာ ဝိမတိဒီကာတို့ ဖွင့်ကြသောကြောင့်

http://www.dhammadownload.com

အခြား အာပတ်များကို ဒေသနာကြားရာ၌ကား အာယတိ သံဝရစိတ်မရှိသော်လည်း အာပတ်မှ ထနိုင်သည်-ဟု ယူကြ၏၊ ဥပမာ-လူပျိုနှာ စွဲကပ်သူသည် အာယတိ သံဝရစိတ် (နောင်ခါ မိန်းမပေါ်နှင့် မပျော်ပါ:တော့အုံ-ဟူသောစိတ်) မရှိသော်လည်း အင်ဂျက်ရှင်းထိုးက မုချပျောက်နိုင်သကဲ့သို့ ထိုအတူ ဘုရားရှင်၏ ဒေသနာဆေးဖြင့် ကုဓားက မုချ အာပတ်မှ လွတ်ရမည်ဟု ဆိုလိုသည်။

ဤစကားသည် သင့်မြတ်ဖွယ်ရှိ၏၊ ဘာကြောင့်နည်း ...သံယာဒိသေသ် အာပတ်သင့်၍ ပရိဝါသ်ဆောက်တည်ရာ၌ "အာယတိ သံဝရေယှာသိ" စသည် မပါ, ပရိဝါသ် မာနတ်တောင်း၍ ဆောက်တည်လျှင် နောင်ခါ ရှောင်ကြဉ်မည်ဟု မကြံသော်လည်း ထိုအာပတ်မှ မုချထနိုင်သောကြောင့်တည်း "အင်ဂျက်ရှင်းထိုးတိုင်းပျောက်သည်" ဟု ဆိုသော်လည်း အမာရွတ်ကွေ ရစရာမရှိတော့သကဲ့သို့အာပတ်တွေများ၍ ဒေသနာကြားဖန်များလျှင်လည်း ထိုသူ၏ စိတ်အစဉ်မှာ ရစရာရှိတော့မည် မဟုတ်ချေ။

နိသဂ္ဂိမှတ်ချက်။ ။ နိသဂ္ဂိယပါစိတ်တို့မှာကား "ဒေသနာ မကြားမီ စွန့်ခြင်းဝိနည်းက်က ရှေးရှိရမည်" ဟု မိန့်တော်မူသောကြောင့် အနာမာသ ငွေ စသည်ကို မစွန့်ဘဲ ဒေသနာကြားသော်လည်း အာပတ်မှ မထနိုင်၊ ထိုသို့ အာပတ်မှ မထလျှင် ဥပုသ်ပြုသောအခါ အာပတ်နှင့်တကွ မပြုကောင်းသောကြောင့် ဥပုသ်ပြုတိုင်းလည်း ဒုက္ခင့်အာပတ် ထပ်၍ထပ်၍ သင့်ဖွယ်ရှိ-ထိ နိသဂ္ဂိပစ္စည်းကို သုံးစွဲတိုင်းလည်း ဒုက္ခင့်အာပတ် ထပ်၍ သင့်ဖွယ်ရှိသောကြောင့် ရှေးဆရာများသည် နိသဂ္ဂိမထိုက်အောင် အထူးရှောင်တော်မူခဲ့ကြလေသည်။

ပါရာဇိကအဖွင့်ပြီးပြီ။

http://www.dhammadownload.com

သံဃာဒိသေသ်အခန်း

[နိဒါန်း "သတ္တရသ-တစ်ဆယ့်ခုနစ်ပါးကုန်သော" ဟုဆို။]

ပထမ သံဃာဒိသေသ

ယာ ပန ဘိက္ခုနီ-သည်၊ ဂဟပတိနာဝါ-အိမ်ရှင်ယောကျ်ားနှင့်သော်လည်းကောင်း၊ ဂဟပတိ ပုတ္တေန ဝါ-အိမ်ရှင်ယောကျ်ား၏ သားနှင့်သော်လည်းကောင်း၊ ဒါသေန ဝါ-ကျွန်နှင့်သော်လည်းကောင်း၊ ကမ္မကာရေန ဝါ-အလုပ်သမားနှင့်သော်လည်းကောင်း၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊သမဏာ ပရိဗ္ဗာဇကေနာပိ-ရဟန်း ပရိဗိုဇ်နှင့်သော်လည်း၊ ဥဿယဝါဒိကာ-ထောင်လွှားဘိတဲ့,

* * * * * *

၁။ **ပထမ သံဃာဒိသေသ်။** ။ [ဘဏ္ဍာတိုက်ကို တရားတွေမှုကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ဖြစ်၍ ဤသိက္ခာပုဒ်ကို "ဥဒေါသိတ သိက္ခာပုဒ်" ဟု အခြားနေရာ၌ နာမည်တပ်သည်၊ ဥဒေါသိတ=ဘဏ္ဍာတိုက်။] ဘိက္ခုနီသည် ဂဟပတိ စသူနှင့်တရားစ၍ တွေ့လျှင် ဒုက္ခင့်, တစ်ဖက်က ပြန်၍ ခုခံစကားပြောလျှင် ဘိက္ခုနီမှာ ထုလ္လစ္စဉ်း, တရား ဆုံးဖြတ်ပြီးလျှင် သံဃာဒိသေသ် အာပတ်သင့်၏။

ဥဿယဝါဒိကာ-[ဥဿယ=ဥပဒ္ဒ, သိမာတ်, အ-ပစ္စည်း၊] "ဥဿိတဒ္ဓဏော-စိုက်ထူအပ်သော တံခွန်အလံရှိသည်"ဟူသကဲ့သို့ ဥဿယသဒ္ဒါလည်း ထောင်လွှားတက်ကြွသော မာနကောဓကိုဟော၏၊ "မဟုတ်လျှင် မခံဘူး" ဟူသောမာန-ခက်ထန်သောဒေါသကို "ဥဿယ" ဟုဆိုလိုသည်၊ ဥဿယေန-ထောင်လွှားသော မာနကောဓဖြင့်+ဝဒတိ (ဝိဝဒတိ)-ငြင်းခုံတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဥဿယဝါဒိကာ-မည်၏၊ မဟုတ်မခံ-ခက်ထန်ထောင်လွှားသော မာနကောဓဖြင့် ငြင်းခုံခြင်းဟူသည် "တရားတွေခြင်း-တရားစွဲခြင်း"ပင်တည်း။ [ရှေးဆရာတို့ကမူ "ဥဿယဝါဒိကာ-မာန်အမျက်ပွားရ၍ တရားတွေလျက်" ဟု အနက်ဆိုတော်မူကြသည်။]

ယခုကာလ၌ "ဂဟပတိ" အရ ပစ္စည်းဥစ္စာကြွယ်ဝသူကို ယူ၍ "သူကြွယ်" ဟု အနက်ပြန်လေ့ရှိ၏၊ အမှန်မှာ-တစ်အိမ်လောက်ကို ပိုင်လျှင် "ဂဟပတိ=အိမ်ရှင်=အိမ်ပိုင်ရှိသူ" ဟု ဆိုရ၏၊ ဂဟပတိပုတ္တဖြင့် သား ညီ အစ်ကို စသူကို ယူ၊ သမဏာပရိဗ္ဗာဇကဟူသည် သီတင်းသုံးဖော် ၅ ဦးမှ တစ်ပါး အခြား ရသေ့ ပရိဗိုဇ်များတည်း။

http://www.dhammadownload.com

မာန်အမျက်ဟုန်ဖြင့်, ငြင်းခုံသောအား, တရားတွေ့လျက်၊ ဝိဟာရေယ-နေအံ့၊. အယံ ဘိက္ခုနီ - ဤရဟန်းမသည်၊ ပဌမာပတ္တိကံ - ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ သင့်ရောက်ခြင်းရှိသော၊ နိဿာရဏီယ-သံယာမ နှင်ထုတ်တတ်သော၊ သံယာဒီသေသ-သံယာဒီသေသ်မည်သော၊ ဓမ္မ-အာပတ္တိသို့၊အာပန္နာ-ရောက်၏။

* * * * * *

နိဿာရဏီယ- သံယတော-သံယာမ၊ နိဿာရေတိ-ထွက်သွားစေတတ်၏၊ ဝါ-နှင်ထုတ်တတ်၏၊ ဣတိ-ထို့ကြောင့်၊ နိဿာရဏီယ-မည်၏၊ "သံယာမ နှင်ထုတ်" ဟူရာ၌ ဥက္ခိတ္တကရဟန်းကို အပေါင်းအသင်း မပြုဘဲ ကြည်ဖယ်ထုတ်ထားသည့် "နှင်ထုတ်မျိုး" မဟုတ်၊ သံယာဒီသေသ်အာပတ်ထုံးစံအတိုင်း မာနတ်ဆောက်တည်ခိုက်၌ ထိုမာနတ်နှင့်ဆိုင်သော ကျင့်ဝတ်များကို ကျင့်နေရသဖြင့် သံယာမ နှင်ထုတ်ရာရောက်သည်။

အစောင့်အရှောက်တောင်းနည်း။ ။ ဘိက္ခုဖြစ်စေ, ဘိက္ခုနီဖြစ်စေ, မိမိကျောင်း၌ အနောင့်အယှက်ပေးနေသော ခိုးသူစသည်ကို တရားမတွေ့ကောင်း၍ ထိုသူတို့ဘေးမှ ကင်းဝေးအောင် ဆိုင်ရာအရာရှိတို့ထံ အစောင့်အရှောက် တောင်းရာ၌ နောင့်ယှက်သူကို တိုက်ရိုက်မညွှန်ပြရ၊ "နောင်ခါ မနောင့်ယှက်အောင်သာ စောင့်ရှောက်ပေးပါ" ဟု နောင်ရေးအတွက်သာ တောင်းရမည်၊ တစ်စုံတစ်ခုပစ္စည်းကို ခိုးသွားလျှင်လည်း "မည်သည့်ပစ္စည်း ပျောက်သွားပါသည်, ရအောင်လုပ်ပေးပါ" ဟု ပြောကောင်းပါ၏၊ "မည်သူ ခိုးသွားသည်" ဟုကားမညွှန်ပြကောင်း၊ မိမိညွှန်ပြ၍ ထိုသူ.ကို ဒဏ်ငွေ တပ်လျှင် မိမိမှာ ဘဏ္ဍာစားထိုက်သည်၊ မညွှန်ပြဘဲ အရာရှိတို့ဘာသာရှာ၍ တွေ့သဖြင့် ဒဏ်တပ်လျှင်ကား မိမိမှာ အပြစ်မရှိ။

တစ်စုံတစ်ခုကို ခိုးနေစဉ်မြင်၍ "သူခိုး=သူခိုး"ဟု ထိုသူ အကျိုးမဲ့ဖြစ်အောင် မအော်ကောင်း, အော်သည့်အတွက် ဖမ်းမိ၍ ဒဏ်တပ်လျှင် ဘဏ္ဍာစားပင်တည်း။ [ဒဏ်မတပ်ဘဲ ဆုံးမ၍ လွတ်လိုက်လျှင်ကား အနာပတ္တိ။] မိမိစကား နားထောင်မည့် အရာရှိတို့ကိုမူ "မည်သူခိုးသွားသည်, ဥစ္စာပြန်ရလျှင် ပြီးပါသည်, ဒဏ်တော့ မတပ်လိုက်ပါနှင့်" ဟု ပြောကောင်း၏၊ ဤသို့ စသည်ဖြင့် အစောင့်အရှောက်တောင်းပုံကို အဌကထာ၌ အကျယ်ပြထား၏။

ဤကဲ့သို့ အစောင့်အရှောက်တောင်းခြင်း-မိမိပိုင်ပစ္စည်းကိုသူတစ်ပါးက မတရားယူထားသောကြောင့် ပြန်ရဖို့သက်သက် ပြောဆိုခြင်းမျိုး မဟုတ်ဘဲ

http://www.dhammadownload.com

၂။ ဒုတိယ ယာ ပန ဘိက္ခုနီ-သည်၊ ဧာနံ-သတ်ထိုက်သော ခိုးသူမ ဟုသိလျက်၊ ဝဇ္ဇေ-သတ်ထိုက်သော၊ ဝိဒိတံ-သတ်ထိုက်သူ ဟူ၍ ထင်ရှားသော၊ စောရိं-ခိုးသူမကို၊ ရာဇာနံ ဝါ-မင်းကိုသော်လည်းကောင်း၊ သံယံ ဝါ-ဘိက္ခုနီသံဃာကိုသော်လည်းကောင်း၊ ဂဏံ ဝါ-မလ္လ ဂဏ စသော ဂိုဏ်းကိုသော်လည်းကောင်း၊ ပူဂံ ဝါ-ကုသိုလ်ကောင်းမှုပြုသော အသင်းကိုသော်လည်းကောင်း၊ သေဏိံ ဝါ-နံ့သာကုန်သည် အထည်ကုန်သည် စသူအပေါင်းကိုသော်လည်းကောင်း၊ အနုပလောကေတွာ-မပန်ပြောဘဲ၊ ကပ္ပါ-အပ်သော ခိုးသူမကို၊ အညတြ-ကြဉ်၍၊ ဝုဋ္ဌာပေယျ-ဥပဇ္ဈာယ်လုပ်၍ ဘိက္ခုနီပြုပေးအံ့၊ အယမ္ပိ ဘိက္ခုနီ - ဤရဟန်းမသည်လည်း၊ ပဌမာပတ္တိတံ နိဿာရဏိယံ သံဃာဒိသေသံ ဓမ္မံ အာပန္နာ။

* * * * * *

ဘိက္ခုနီတို့ တရားတွေ့ရာ၌မိမိဘက်က မှန်စေကာမူ တရားဆုံးဖြတ်ပြီးလျှင် သံဃာဒိသေသ် အာပတ်သင့်၍, မမှန်သောတရားကို တွေ့ရာ၌ကား (ဘိက္ခုတို့ပါ) ဒုက္ကဋ် ထုလ္လစ္စဉ်းနှင့်တကွ အနိုင်ရလျှင် ပါရာဇိကအထိ အပြစ်ရှိသည်။

၂။ ဒုတိယ သံဃာဒိသေသ။ ။[စောရိဝုဋ္ဌာပန သိက္ခာပုဒ်ဟုလည်း ခေါ်၏။] ခိုးမှုတစ်ခုတစ်ရာကိုကျူးလွန်ထားသဖြင့် သတ်ထိုက်သူမ ဟုထင်ရှားသော (ကြော်ငြာထားသော) ခိုးသူမကို "သတ်ထိုက်သူမ" ဟု သိလျက် မင်းစသူကို မတိုင်ကြားဘဲ အပ်သောအခြေအနေသို့ ရောက်နေသူလည်း မဟုတ်သေးဘဲ ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမှာသံဃာဒိသေသ် အာပတ်သင့်၏။

ရာဇာနံ ဝါ၊ ဃ၊ သေဏိံ ဝါ-မင်းကိုယ်တိုင် စီမံအုပ်ချုပ်ရာ အရပ်၌ မင်းကို တိုင်ကြားရမည်၊ မင်းကိုယ်တိုင်မအုပ်ချုပ်ဘဲ ဂဏ-ပူဂ-သေဏိတို့ကို အုပ်ချုပ်ဖို့ရန် လွှဲအပ်ထားသော ရွာနိုဂုံးတို့၌ ထို ဂဏ-ပူဂ-သေဏိတို့ကိုပင် တိုင်ကြားရမည်၊ ထိုသူတို့ကို လွှဲအပ်ထားသော အရပ်မဟုတ်လျှင်ကား ထိုသူတို့ကို တိုင်ကြားဖွယ်မလို၊ မင်းစသော အုပ်ချုပ်သူကို တိုင်ကြားပြီးနောက်လည်း ဘိက္ခုနီသံဃာကို ထပ်မံ၍ ခွင့်ပန်ရဦးမည်။

ဂဏ, ပူဂ, သေဏိ။ ။ ဤသဒ္ဒါတို့သည် အပေါင်းအစု အသင်းအပင်းကို ဟောချင်းတူသော်လည်း ဤသိက္ခာပုဒ်၌ "မလ္လဂဏ-ဗိဿနိုးကို ကိုးကွယ်

http://www.dhammadownload.com

၃။ တတိယ

ယာ ပန ဘိက္ခုနီ-သည်၊ ကော-တစ်ယောက်တည်း၊ ဂါမန္တ ရံဝါ-အခြားတစ်ရွာသို့မူလည်း၊ ဂဠေယျ-သွားအုံ့၊ ကော-တစ်ယောက်တည်း၊ နဒီပါရံဝါ-မြစ်၏ တစ်ဖက်ကမ်းသို့ မူလည်း၊ ဂဠေယျ-အုံ့၊ ကော-တည်း၊ ရတ္တိ ဝါ-ညဉ့်၌မူလည်း၊ ဝိပ္ပ ဝသေယ္ - အဖော်နှင့်ခွဲနေအုံ့၊ ကော - တည်း၊ ( ) ဟာမှာဝါ - ဂိုဏ်းမှ မူလည်း၊ သြဟီယေယျ-ချန်နေရစ်အုံ့၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ နိဿာရဏီယ သံယာဒီသေသ ဓမ္မံ အာပန္နာ။

* * * * * *

ဆည်းကပ်သောဂိုဏ်း, ဘဋ္ဌဂဏ-ကုမာရနတ် (ခန္ဓနတ်) ကို ဆည်းကပ်သော ဂိုဏ်း" စသည်ကို "ဂဏ" ဟု ယူ၊ သာသနာတော်နှင့်သက်ဆိုင်သော ကုသိုလ်တရား ကြီးစားသော ဆွမ်းလောင်းသင်း ကထိန်သင်းစသော အသင်းအပင်းကို "ပူဂ" ဟု ယူ၊ နံ့သာကုန်သည် အထည်ကုန်သည်စသော ကုန်သည် အပေါင်းကို "သေဏီ" ဟု ယူ။

အညတြကပ္ပါ-"ကပ္ပါ"ဟူသည် ဘိက္ခုနီပြုလုပ်ပေးရန် "အပ်စပ်" သူတည်း၊ "သတ်ထိုက်သော သူခိုးမ" ဟု ထင်ရှားကျော်ကြားပြီးနောက် တိတ္ထိတို့အထံမှာဖြစ်စေ, အခြားသောဘိက္ခုနီတို့အထံမှာဖြစ်စေ, ရှေးဦးစွာ ပရိဗ္ဗာဇ်-သာမဏေမလုပ်ပြီးမှ မိမိအထံသို့ရောက်လာလျှင် ဘိက္ခုနီ ပြုလုပ်ပေးရန် အပ်စပ်သူ (ကပ္ပါ) မည်၏၊ ထိုသူမမျိုးကို ကြဉ်ထား၍ မိမိထံ ပထမ ရောက်လာသူအား ရာဇ စသော အုပ်ချုပ်သူကို မတိုင်ကြားဘဲ ဘိက္ခုနီ ပြုလုပ်မပေးရ-ဟူလို။

၃။ တတိယ သံယာဒီသေသ။ ။ ["ဂါမန္တ ရသိက္ခာပုဒ် နဒီပါရဂမန သိက္ခာပုဒ်-ရတ္တိဝိပ္ပဝါသသိက္ခာပုဒ်-ဂဏသြဟီယနသိက္ခာပုဒ်" ဟု အမျိုးမျိုး နာမည်ရသည်။] မိန်းမသားတို့သည် မည်သည့်နေရာ၌မဆို အဖော်နှင့်သာ နေထိုက်သောကြောင့် ဘိက္ခုနီသည် မိမိနေရာရွာမှ အခြားတစ်ရွာသို့ လည်းကောင်း, အခြားတစ်ရွာမှ မိမိနေရာရွာသို့လည်းကောင်း, အဖော်မပါဘဲ သွားလာလျှင် သံယာ ဒီသေသ် အာပတ်၊ ထို့အတူ အဖော်မပါဘဲ မြစ်ကမ်း တစ်ဖက်သို့ သွားလာလျှင်လည်းကောင်း, ညဉ့်အခါ၌ မိမိအိပ်ခန်းတွင်း မှာပင် အဖော်မပါဘဲ (အဖော်ရှိစေကာမူ ၂ တောင်ထွာကျော်ခွဲ၍) အရဏ်တက်ချိန် တိုင်အောင် အိပ်လျှင်လည်းကောင်း, မြို့ရွာပြင် ဘက်၌ အဖော်များနှင့် ခရီးအတူသွားစဉ် (ဒဿနုပစာ သဝနုပစာ

http://www.dhammadownload.com

၄။ စတုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ သမဂ္ဂေန သံဃေန ဓမ္မေန ဝိနယေန သတ္ထုသာသနေန ဥက္ခိတ္တာ-သော၊ (သတ္တမ ပါရာဇိကအတိုင်း အနက်ဆို၊) ဘိက္ခုနီ-ကို၊ ကာရကသံဃ-ဥက္ခိတ္တက ကပ်ပြုသော သံဃာကို၊ အနပလောကေတွာ-မပန်ခြောမူ၍၊ ဂဏသ-ဥက္ခိတ္တကကပ်ပြုသော ဘိက္ခုနီအပေါင်း၏၊ ဆန္ဒ-ဆန္ဒကို၊ အနညာယ-မသိမူ၍၊ သြသာရေယျ-သြသာရဏက ပြုပေးအံ့၊ အယမ္ပိ ဘိက္ခုနီ၊ ပေ၊ ဓမ္မံ အာပန္နာ။

၅။ ပဉ္စမ ယာ ပန ဘိက္ခုနီ-သည်၊ အဝဿုတာ-ဆန္ဒရာဂဖြင့် စိုစွတ်သည်၊ (ဟုတ္တာ-ဖြစ်၍၊) အဝဿုတဿ-ဆန္ဒရာဂဖြင့် စိုစွတ်သော၊ ပုရိသပုဂ္ဂလဿ-၏၊ ဟတ္ထတော-လက်မှ၊ ခါဒနိယံဝါ ဘောဇနိယံဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျဝါ ဘုဉ္ဇေယျဝါ၊ အယမ္ပိ ဘိက္ခုနီ၊ ပေ၊ ဓမ္မံ အာပန္နာ။

* * * * * *

လွန်နေအောင်) ထိုအဖော်များမှ ချန်နေရစ်လျှင်လည်းကောင်း, အသီးအသီး သံဃာဒိသေသ် အာပတ်သင့်သည်၊ အခြားသိမ္ဘယ်များကိုကား အဌကထာမှာရှု။ ["ဂဏမှာ" အရ အဖော်တစ်ယောက်တည်းကိုလည်း "ဂိုဏ်း" ဟုခေါ်ရသည်။]

၄။ စတုတ္ထသံဃာဒိသေသ။ ။ အာပတ်ကို မရှုခြင်းစသော အပြစ်ကြောင့် တရားနှင့်အညီ သံဃာက ဥက္ခိတ္တကကပ်ပြုထားသော (နှင်ထုတ်ထားသော) ဘိက္ခုနီကို ထိုဥက္ခိတ္တကကပ်ပြုခဲ့သော ဘိက္ခုနီသံဃာကို မတိုင်ကြားဘဲ (မတိုင်ကြားရုံတွင်မက), ထို ဥက္ခိတ္တကကပ်ပြုခဲ့သော ရဟန်းမအပေါင်း၏ အလိုဆန္ဒကို (သြသာရဏကပ်ပြုရာ၌ သဘောတူ -မတူကို) လည်း မသိရဘဲ သြသာရဏက (ဥက္ခိတ္တကကပ်ကို ငြိမ်းစေ၍ သံဃာ့ဘောင်သို့သွတ်သွင်းသောက်) ပြုပေးလျှင် ခေါင်းဆောင်လုပ်၍ ပြုပေးသော ဘိက္ခုနီမှာ သြသာရဏကမ္မဝါစာ၏အဆုံး၌ သံဃာဒိသေသ် အာပတ်သင့်သည်။

၅။ ပဉ္စမသံဃာဒိသေသ။ ။ ဤ ၅-၆ နံပါတ် သိက္ခာပုဒ်တို့၌ "အဝဿုတ" အရ ချစ်ကြိုက်မှု ဆန္ဒရာဂ သာမည်ကို ယူ၊ ထိုကဲ့သို့ရာဂဖြင့် စိုစွတ်နေသော ဘိက္ခုနီသည် ထိုရာဂဖြင့် စိုစွတ်သော ယောကျ်ား၏လက်မှ ခဲဖွယ်ကို ဖြစ်စေ, ဘောဇဉ်ကိုဖြစ်စေ, မိမိလက်ဖြင့်ခံယူ၍ ခံစားလျှင် သံဃာဒိသေသ် အာပတ်သင့်၏။

http://www.dhammadownload.com

၆။ ဆဋ္ဌ ယာ ပန ဘိက္ခုနီ-သည်၊ ဧဝं-ဤသို့၊ ဝဒေယျ-တိုက်တွန်း ပြောဆိုအံ့၊ (ကိ-အဘယ်သို့ ပြောဆိုသနည်း၊) အယျေ-အရှင်မ၊ ယတော-အကြင့်ကြောင့်၊ တွံ-အရှင်မသည်၊ အနဝသုတာ-ဆန္ဒရာဂဖြင့် မစိုစွတ်၊ (တတော-ထို့ကြောင့်၊) ဧသော ပုရိသပုဂ္ဂလော-ဤယောကျ်ားပုဂ္ဂိုလ်သည်၊ အဝသုတောဝါ - ဆန္ဒရာဂဖြင့် စိုစွတ်သူ မူလည်းဖြစ်စေ။ အနဝသုတောဝါ-ဆန္ဒရာဂဖြင့် မစိုစွတ်သူမူလည်း ဖြစ်စေ၊ တေ-အရှင်မ၏ (အပေါ်၌)၊ ကိं ကရိဿတိ-ဘာတတ်နိုင်လတ္တံ့နည်း၊ အယျေ-အရှင်မ၊ ကျယ်-တိုက်တွန်းပါ၏၊ ဧသော ပုရိသ ပုဂ္ဂလော-သည်၊ တေ-အရှင်မအား၊ ယံ ခါဒနိယံဝါ-အကြင် ခဲဖွယ်ကိုသော်လည်းကောင်း၊ ယံ ဘောဇနိယံဝါ-ကိုသော်လည်းကောင်း၊ ဒေတိ-ပေး၏၊ တं-ထို ခဲဖွယ် ဘောဇဉ်ကို၊ တွံ-အရှင်မသည်၊ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒဝါ-ခဲလည်း ခဲပါလော၊ ဘုဥ္ဇဝါ-စားလည်းစားပါလော၊ ကျတိ-ဤသို့ တိုက်တွန်းပြောဆိုအံ့၊ အယမ္ပိ ဘိက္ခုနီ၊ ပေ၊ ဓမ္မံ အာပန္နာ။

[၇-သဠေရိတ္တ, ၈-ပထမ ဒုဋ္ဌဒေါသ, ၉-ဒုတိယ ဒုဋ္ဌဒေါသ, သိက္ခာပုဒ်တို့ ဘိက္ခု သိက္ခာပုဒ်များနှင့်တူပြီ။]

၁၀။ ဒသမ ယာ ပန ဘိက္ခုနီ - သည်၊ ကုပိတာ - စိတ်ဆိုးသည်၊ အနတ္တမနာ - မိမိစိတ် မရှိသည်၊ (ဟုတ္တာ - ၍၊) ဧဝं-ဤသို့၊ ဝဒေယျ-ပြောဆိုအံ့၊ (ကိ - အဘယ်သို့ ပြောဆိုသနည်း၊) ဗုဒ္ဓံ-

* * * * * *

၆။ ဆဋ္ဌသံယာဒီသေသ။ ။ ဘိက္ခုနီသည် မိမိအား ယောကျ်ားက ပိုးပန်းသည့်သဘောဖြင့် ပေးလှူသည်ကို မခံဘဲနေ၏၊ ထိုဘိက္ခုနီကိုအခြား ဘိက္ခုနီတစ်ယောက်ကမြင်၍ "အရှင်မ .....ကိုယ်ကမှ ရာဂစိတ် မရှိဘဲနှင့်ဖြင့် သူ့မှာ ရာဂစိတ်ရှိရှိ-မရှိရှိ ဘာတတ်နိုင်မှာလဲ, သူပေးသမျှ ခဲဖွယ်ဘောဇဉ်ကို ကိုယ့်လက်ဖြင့်ယူ၍ ခဲသာ ခဲပါ, စားသာစားပါ" ဟု ပြောဆိုအံ့၊ ထိုကဲ့သို့ တိုက်တွန်းစကားပြောဆိုမှု-တိုက်တွန်းအပ်သော ဘိက္ခုနီ၏ ခံယူမှုတို့ကြောင့် ဒုက္ခင့်, တိုက်တွန်းအပ်သူ စားတိုင်း ထုလ္လစ္စည်း, စားပြီးသောအခါ သံယာဒီသေသ် အာပတ်သင့်၏။ [ဤသိက္ခာပုဒ်လာ အာပတ်များကား တိုက်တွန်းသော ဘိက္ခုနီမှာ သင့်သော အာပတ်ချည်းတည်း။]

http://www.dhammadownload.com

ဘုရားကို၊ ပစ္စာစိက္ခာမိ-စွန့်ပါ၏၊ ဓမ္မံ-တရားကို၊ ပေ၊ သံဃံ-သံဃာကို၊ ပေ၊ သိက္ခံ-သိက္ခာကို၊ ပစ္စာစိက္ခာမိ-စွန့်ပါ၏၊ ယာ သမဏိယော-အကြင် ရဟန်းမတို့သည်၊ သကျမီတရော-သာကီဝင်မင်းသားဘုရား၏ သမီးဖြစ်ကြကုန်၏၊ ဣမာဝ-ဤသကျမီတု ဆိုသူတို့သည်သာ၊ သမဏိယောကိန္နု-ရဟန်းမတို့တဲ့လော၊ အညာပိ-သူတို့မှတစ်ပါးလည်းဖြစ်ကုန်သော၊ လဒ္ဓိနိယော-မကောင်းမှုမှ ရှက်တတ်ကုန်သော၊ ကုက္ကုစ္စိကာ-ကုက္ကုစ္စရှိကုန်သော၊ သိက္ခာကာမာ - သိက္ခာကို လိုလားကြကုန်သော၊ သမဏိယော - ရဟန်းမတို့သည်၊ သန္တိ - ရှိပါကုန်သေး၏၊ အဟံ-ငါသည်၊ တာသံ-ထိုရဟန်းမတို့၏၊ သန္တိကေ-အထံ၌၊ ဗြဟ္မစရိယံ-မြတ်သောအကျင့်ကို၊ စရိဿामိ-ကျင့်အံ့၊ ဣတိ-ဤသို့ ပြောဆိုအံ့။

သာ ဘိက္ခုနီ-သည်၊ ဝါ-ကို၊ ဘိက္ခုနီဟိ-မြင်ကုန်ကြားကုန်သော ရဟန်းမတို့သည်၊ ဧဝံ-ဤသို့၊ ဝစနီယာ-ပြောဆိုထိုက်သည်၊ အသ-ဖြစ်၏၊ (ကိ-အဘယ်သို့ ဆိုထိုက်သနည်း၊) အယျေ-အရှင်မ၊ ကုပိတာ အနတ္တမနာ (ဟုတ္တာ - ၍)၊ ဗုဒ္ဓံ ပစ္စာစိက္ခာမိ ဓမ္မံ ပစ္စာစိက္ခာမိ သံဃံ ပစ္စာစိက္ခာမိ, ကိန္နုမာဝ သမဏိယော, ယာ သမဏိယော, သကျမီတရော၊ သန္တညာပိ သမဏိယော လဒ္ဓိနိယော ကုက္ကုစ္စိကာ သိက္ခာကာမာ, တာသာဟံ သန္တိကေ ဗြဟ္မစရိယံ စရိဿာမိတိ - ဗုဒ္ဓံ ပစ္စာစိက္ခာမိ၊ ပေ၊ စရိဿာမိဟူ၍၊ ဧဝံ-ဤသို့၊ မာ အဝစ-မပြောဆိုပါနှင့်၊ အယျေ - အရှင်မ၊ .....အဘိရမ - မွေ့လျော်ပါလော၊ ဓမ္မော - တရား

* * * * * *

၁၀။ ဒသမ သံဃာဒိသေသ။ ။ ဤသိက္ခာပုဒ်၌ ပါဠိရှည်လျားသလောက် အဓိပ္ပာယ် မခက်၊ ဘိက္ခုနီတစ်ယောက်သည် တကယ်သိက္ခာချလိုသော စိတ်လည်းမရှိ-အခြား တိတ္ထိတို့အထံ၌ ပြောင်းရွှေ့၍ တိတ္ထိလုပ်လိုသော စိတ်လည်းမရှိဘဲ, စိတ်ဆိုးသည့်အတွက် "ဗုဒ္ဓံ ပစ္စာစိက္ခာမိ" စသော သိက္ခာချစကားများကို ဆိုပြီးလျှင် သကျမီတုဆိုသော ဤသူမတို့သာ ရဟန်းမ အစစ်တဲ့လား, သူတို့ပြင်လည်း လဒ္ဓိနိ ကုက္ကုစ္စိကာ သိက္ခာကာမာ ဖြစ်သော ရဟန်းမတို့ ရှိပါသေးတယ်, ထိုသူတို့ထံ၌ဗြဟ္မစရိယကို ကျင့်မယ်-

-http://www.dhammadownload.com

တော်ကို - သွာခါတော - ကောင်းစွာ ဟောတော်မူအပ်ပြီ၊ သမ္မာ-ကောင်းစွာ၊ ဒုက္ခသ - ဝဋ်ဒုက္ခ၏၊ အန္တ ကိရိယာယ - အဆုံးကိုပြုခြင်း ငှာ၊ ဗြဟ္မစရိယ-မြတ်သောအကျင့်ကို၊ စရ-ကျင့်ပါ၊ လာ၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏၊ ဧဝဉ္စ သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဋိဃောယျ၊ သာ ဘိက္ခုနီ ဘိက္ခုနီဟိ တသ-ထိုအပြောကို၊ ပဋိ နိသဏ္ဌ ယ-စွန့်ဖို့ရာ၊ ယာဝတတိယံ သမနုဘာသိတဗ္ဗာ၊ ယာဝတတိယံ စေ သမနုဘာသိယမာနာ၊ ပေ၊ ယာဝတတိယကံ - သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမအပ်ပြီးသည့်အဆုံး၌ သင့်ရောက်အပ်သော၊ နိဿာရဏီယံ, သံယာဒီသေသံ, ဓမ္မံ-အာပတ်သို့၊ အာပန္နာ - ရောက်၏။

ဘ၁။ ကောဒသမ

ယာ ပန ဘိက္ခုနီ-သည်၊ ကိသ္မိဉ္စိဒေဝ-တစ်စုံတစ်ခု သာလျှင်ဖြစ်သော၊ အဓိကရဏေ-အဓိကရဏ်း၌၊ ပစ္စာကတာ-ရှုံးသည်၊ (ဝါ-ရှုံးခြင်းကြောင့်၊) ကုပိတာ အနတ္တမနာ (ဟုတ္တာ) ဧဝံ ဝဒေယျ၊ (ကိံ) ဘိက္ခုနိယော-တို့သည်၊ ဆန္ဒဂါမိနိ ယောစ-ဆန္ဒာဂတိသို့လည်း လိုက်ကြကုန်၏၊ ပေ၊ ဘယဂါမိနိယော စ-ဘယာဂတိသို့လည်း လိုက်ကြကုန်၏၊ ဣတိ - ဤသို့ ပြောဆိုအံ့၊ သာဘိက္ခုနီ ဘိက္ခုနိဟိ ဧဝံ ဝစနီယာ အသ (ကိံ)၊ အယျေ - အရှင်မ၊

* * * * * *

ဟု ပြောဆိုအံ့၊ ထိုသူ့ကို "သည်လိုမပြောပါနှင့်" ဟု တားမြစ်ရမည်၊ ဤသို့ စသည်ဖြင့် (ဘိက္ခု သံယာဒီသေသ်လာ ယာဝ တတိယက သိက္ခာပုဒ်များ အတိုင်း) စီစဉ်၍မှ "ဗုဒ္ဓံ ပစ္စာစိက္ခာမိ" စသော မူလအပြောကို မစွန့်လျှင် တတိယ ကမ္မဝါစာအပြီးတွင် သံယာဒီသေသ်အာပတ်။

အမှာ။ ။ ရဟန်းယောကျ်ားဟူသမျှကို "သကျပုတ္တ" ခေါ်သကဲ့သို့, ရဟန်းမ ဟူသမျှကိုလည်း သာကီဝင် မင်းသမီး ဟုတ်ဟုတ်-မဟုတ်ဟုတ် "သကျဓီတု" ဟု ခေါ်သည်၊ [ကုက္ကုစ္စိကာ၌ ကုက္ကုစ္စဟူသည် "အပ်မှ အပ်ပါ့မလား:, မအပ်ဘဲများနေမလား:" ဟု တွေးတော စဉ်းစားတတ်သော အကြေ-အချို့အရာ၌ ဥာဏ်တည်း၊ သင်ကြိုဟ်ကျမ်း၌ လာသော အကုသိလ် ကုက္ကုစ္စ စေတသိက်မဟုတ်။]

http://www.dhammadownload.com

ကိသ္မိဉ္စိဒေဝ အုဒိကရဏေ ပစ္စာကတာ ကုပိတာ အနတ္တမနာ ဟုတ္တာ-၍၊ ဆန္ဒဂါမိနိယောစ ဘိက္ခုနိယော၊ ပေ၊ ဘယဂါမိနိယောစ ဘိက္ခုနိ ယောတိ - ဆန္ဒဂါမိနိယော၊ ပေ၊ ဘယဂါမိနိယောစ ဘိက္ခုနိယော ဟူ၍၊ ဒေ၀-ဤသို့၊ မာအ၀စ-မဆိုပါနှင့်၊ အယ္ဟာခေါ - အရှင်မသည် သာ၊ ဆန္ဒာပိ - ခွင့်ခြင်းကြောင့်လည်း၊ ဂစ္ဆေယ္ယ - အဂတိသို့ လိုက်ရာ ၏၊ ဒေါသာပိ-မုန်းခြင်းကြောင့်လည်း၊ ပေ၊ မောဟာပိ-တွေ၀ေခြင်း ကြောင့်လည်း၊ ပေ၊ ဘယာပိ-ကြောက်ခြင်းကြောင့်လည်း၊ ဂစ္ဆေယ္ယ-အဂတိသို့ လိုက်ရာ၏၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏၊ ဤသို့ စသည်ဖြင့် အနက်ပေး။

၁၂။ ဒွါဒသမ ဘိက္ခုနိယော-ရဟန်းမတို့သည်၊ (ပန+ဧ၀, အနက် သိုးခြား မရှိ၊) သံသဋ္ဌာ-လူ ဘို့နှင့် ရောနှောကြကုန် သည်၊ ပါပါစာရာ - ယုတ်မာသောအကျင့်ရှိကြကုန်သည်၊ ပါပသဒ္ဒါ-ယုတ်မာသော ကျော်စောသံ ရှိကြကုန်သည်၊ ပါပသီလောကာ - ယုတ် မာသော အသက်မွေးဝမ်းကျောင်းရှိကြကုန်သည်၊ ဘိက္ခုနိသံဃသ-ဘိက္ခုနိသံဃာကို၊ ဝိဟေသိကာ - ညှဉ်းဆဲတတ်ကုန်သည်၊ အညမညိ ဿာ-တစ်ယောက်တစ်ယောက်၏၊ ဝါ--အချင်းချင်း၏၊ ဝဇ္ဇပတိစ္ဆာဒိကာ-

* * * * * *

၁၁။ ဧကာဒသမ သံဃာဒိသေသ။ ။ ဝိဝါဒါဓိကရဏ်း စသော အဓိ ကရဏ်း ၄ ပါးတွင် တစ်ပါးပါး၌ ရှုံးသည့်အတွက် စိတ်ဆိုး၍ "ဘိက္ခုနိတွေ ဆန္ဒာဂတိလိုက်ကြသည်" စသည်ဖြင့် ပြောဆိုလျှင် မပြောဖို့ရန် တားမြစ်၊ တားမြစ်၍ မရလျှင် ဥတ်ကမ္မ၀ါစာဖြင့် သမနုဘာသနကံ ပြု, ကံ ပြုပြီးသည့် တိုင်အောင် ထိုအပြောကို မစွန့်လျှင် သံဃာဒိသေသ် အာပတ်သင့်၏။

၁၂။ ဒွါဒသမ သံဃာဒိသေသ။ ။ သာသနာတော်ထမ်း ရဟန်းမ တို့က ဒကာ ဒကာမအပေါ်၌ ဆက်ဆံခြင်းမျိုး မဟုတ်ဘဲ လူ့အချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းမျိုးကဲ့သို့ ဆန်ဖွပ်ပေးခြင်း ချက်ပြုတ်ပေးခြင်း နံ့သာ ကြိတ်ပေးခြင်း ပန်းကုံးပေးခြင်း တစ်အိမ်မှ သတင်းစကားကို အခြားအိမ်သို့ ပို့ဆောင်ခြင်း စသည်ဖြင့် ဆက်ဆံ ရောနှောမှုကို "သံသဋ္ဌာ" ဟု ဆိုသည်။

http://www.dhammadownload.com

အပြစ်ကို ဖုံးလွှမ်းတတ်ကုန်သည်၊ (ဟုတ္တာ - ဖြစ်၍၊) ဝိဟရန္တိ-နေကြကုန်အံ့၊ တာ ဘိက္ခုနိယော - ထိုရဟန်းမတို့သည်၊ ဝါ-ဏို့ကို၊ ဘိက္ခုနိဟိ - မြင်ကုန်ကြားကုန်သော ရဟန်းမတို့သည်၊ ဧဝံ - ဤသို့၊ ဝစနိယာ - ပြောဆိုထိုက်ကုန်သည်၊ အသု - ဖြစ်ကုန်၏၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်ကုန်သနည်း၊) ဘဂိနိယော - ညီမတို့သည်၊ ပေ၊ ဝိဟရန္တိ၊ အယျ-အရှင်မတို့၊ ဝိဝိစ္စထ-လုတို့မှ ကင်းရှင်းကြပါကုန်၊ ဘဂိနိန်-ညီမတို့၏၊ ဝိဝေကညော - ကင်းရှင်းခြင်းကိုသာလျှင်၊ သံ့ယော-သံ့ယာသည်၊ ဝဏ္ဏောတိ-ချီးမွမ်းပါ၏၊ ဣတိ-ဤသို့ ပြောဆိုထိုက်ကုန်၏၊ ["ဧဝဠုတာ ဘိက္ခုနိယော" မှစ၍ အနက်ထင်ပြီ၊ "တဿ နှင့် တံအတွက်-ထိုလူတို့နှင့် ရောနှောခြင်းစသော အပြုအမူကို" ဟု လည်းကောင်း "အာပန္နာ-ရောက်ကုန်၏" ဟုလည်းကောင်း အနက်ဆို။]

* * * * * *

အာစာရ, သဒ္ဒ, သိလောက။ ။ လူများကဲ့သို့ မကောင်းသော ကိုယ်ကျင့် နှုတ်ကျင့်ရှိခြင်းကို "ပါပါစာရာ" ဟုဆိုသည်၊ ထိုကဲ့သို့ အကျင့် မကောင်းသည့်အလိုက် မကောင်းသတင်း ထွက်နေခြင်းကို "ပါပသဒ္ဒ" ဟုဆိုသည်၊ အသက်မွေးချောင်ဖို့ရာ အလဲရှူးဒလန်များ ဖြင့် ကျော်ကြားအောင် လုပ်မှုကို "ပါပသိလောက" ဟု ကြ၊ [သိလောကသဒ္ဒ ၏ ဟောရင်းအနက်မှာ (ယသ) အကျော်အစောပင်တည်း။]

ဝိဟေသိက, ပဋိစ္ဆာဒိက။ ။ အပြစ်အားလျော်စွာ ထိုဘိက္ခုနီတို့အား သံ့ယာက နိဂ္ဂဟ (နှိပ်မှု) ကဲကို ပြုမည်ဟု စိစဉ်သောအခါ ထိုကဲကို မပြုဖြစ်အောင် (ကဲ အထမမြောက်အောင်) တားမြစ်သောအားဖြင့် ဘိက္ခုနီသံ့ယာကို ညှဉ်းဆဲမှုကို "ဝိဟေသိကာ" ဟုဆိုသည်၊ တစ်ယောက်၏ ခုဒ္ဒါနခုဒ္ဒကအပြစ်ကို အခြားတစ်ယောက်က ဖုံးထားမှုကို "ဝဇ္ဇပဋိစ္ဆာဒိကာ" ဟုဆိုသည်။ [ပါရာဇိကကို ဖုံးလျှင်ကား ဖုံးသူလည်း ပါရာဇိကပင်။]

ဤကဲ့သို့ သံ့သဒ္ဓ စသော အပြစ်ရှိသည့် ဘိက္ခုနီများကို ထိုကဲ့သို့ မပြုကြဖို့ရန် တားမြစ်ရမည်၊ တားမြစ်၍မရလျှင် သမနဘာသနက် ပြုရမည်၊ ကဲ ပြီးဆုံးသည့်တိုင်အောင် ထိုအပြုအမူများကို မစွန့်ကြလျှင် သံ့ယာဒိသေသ် အာပတ်သင့်ကြသည်။

http://www.dhammadownload.com

၁၃။ တေရသမ ယာ ပန ဘိက္ခုနီ - သည်၊ ဧဝံ-ဤသို့၊ ဝေဒယျ-ပြောဆိုအံ့၊ (ကိं - အဘယ်သို့ ပြောဆိုသနည်း၊) အယျေ-အရှင်မတို့၊ တုမှေ-အရှင်မတို့သည်၊ သံသဋ္ဌာဝ-လူတို့နှင့် ရောနှောကြကုန်လျက်သာလျှင်၊ ဝိဟရထ - နေကြကုန်လော၊ တုမှေ-တို့သည်၊ နာနာ - လူတို့မှ တသီးတခြားတို့သည်၊ (ဟုတ္တာ - ဖြစ်၍၊) မာဝိဟရိတ္ထ-မနေကြကုန်လင့်၊ သံယေ - သံယာ၌၊ အညာပိ - အရှင်မတို့မှတစ်ပါးလည်း ဖြစ်ကုန်သော၊ ဧဝါစာရာ-ဤသို့ အကျင့်ရှိကုန်သော၊ ဧဝံသဒ္ဒါ-ဤသို့ ကျော်စောသံရှိကုန်သော၊ ဧဝံ သိလောကာ-ဤသို့ အသက်မွေးဝမ်းကျောင်းရှိကုန်သော၊ ဘိက္ခုနိသံယသ ဝိဟေသိကာ အညမညိသာ ဝဇ္ဇပွင့်ဆွာဒိကာ ဘိက္ခုနိယော - တို့သည်၊ သန္တိ-ရှိကုန်၏၊ တာ-ထိုရဟန်းမတို့ကို၊ သံယော-သံယာသည်၊ ကိဉ္စိ-တစ်စုံတစ်ခုကို၊ (ဝါ-ဘာကိုမျှ၊) နာ အာဟ-မပြောဆို၊ တုမှညေဝ-အရှင်မတို့ကိုသာလျှင်၊ သံယော - သံယာသည်၊ ဥညာယ-နှိမ့်ချသမျှ, အသိအမှတ်ပြုခြင်းကြောင့်လည်းကောင်း၊ ပရိဘဝေန-လွှမ်းမိုးဖွယ်ဟု မှတ်ထင်ခြင်းကြောင့်လည်းကောင်း၊ အက္ခန္တိယာ-သည်းမခံနိုင်ခြင်းကြောင့်လည်းကောင်း၊ ဝေဘသိယာ - အားကောင်းသော စကားရှိသူတို့၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုဗ္ဗလျာ-အရှင်မတို့က အားနည်းသူတို့၏ အဖြစ်ကြောင့်လည်းကောင်း၊ ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ- ပါပါစာရာ ပါပသဒ္ဒါ ပါပသိလောကာ ဘိက္ခုနိ သံယသ ဝိဟေသိကာ အညမညိသာ ဝဇ္ဇပွင့်ဆွာဒိကာ, ဝိဝိစ္စထာယေ, ဝိဝေကညေဝ ဘဂိနိနံ သံယော ဝဏ္ဏောတိတိ-ဘဂိနိယော ခေါ၊ ပေ၊ ဝဏ္ဏောတိဟူ၍၊ ဧဝံ-ဤသို့၊ အာဟ-ပြောဆို၏၊ ဣတိ-ဤသို့ပြောဆိုအံ့။

* * * * * *

၁၃။ တေရသမ သံယာဒိသေသ။ ။ ဤသိက္ခာပုဒ်လာ ဘိက္ခုနီကား ၁၂ နံပါတ် သိက္ခာပုဒ်၌ ပြခဲ့သည့်အတိုင်း သမနုဘာသနက် ပြုအပ်သော ဘိက္ခုနီတို့ကို အားပေး အားမြှောက် ပြုလုပ်သူတည်း၊ သူ၏ အားပေးပုံကား-အရှင်မတို့ ....လူတို့နှင့် ရောနှောလျက်သာ နေမြဲနေကြပါ၊ ဘိက္ခုနိသံယာမှာ အရှင်မတို့လို လူတို့နှင့် ရောနှောကြ-ပါပသဒ္ဒ စသည်တွေရှိကြသော ဘိက္ခုနိတို့အများပင် ရှိကြသည်၊ ထိုဘိက္ခုနိများကိုတော့ သံယာကမပြောဆိုမတား မြစ်ဘဲ, ရှင်မတို့ကို တားမြစ်ခြင်းမှာ ရှင်မတို့ကို "အောက်တန်းစားတွေ,

http://www.dhammadownload.com

[ယာ ပန ဘိက္ခုနီ ဧဝံ ဝဒေယျ-ဟု ပြခဲ့သော ဝဒေယျကို ပြန်၍ အုပ်သည်၊ ဝဏ္ဏေတိတ္ဌလည်း ဣတိတစ်ပုဒ်ကျေသည်ဟု ကြံ။]

သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဧဝံ ဝစနီယာ အသေ၊ (ကိ) အယျေ-အရှင်မ၊ သံသဋ္ဌာဝ အယျေ တုမှေ၊ ပေ၊ သံယော ဝဏ္ဏေတိတိ သံသဋ္ဌာဝ၊ ပေ၊ ဝဏ္ဏေတိဟု၍၊ ဧဝံ-ဤသို့၊ မာ အဝစ-မပြောပါလင့်၊ ဣတိ-ဤသို့ ပြောဆိုထိုက်၏။ ["ဧဝဠ သာ ဘိက္ခုနီ" မှစ၍ အနက်ထင်ပြီ၊ "တံ-ထို အပြောကို" ဟု အနက်ပေး။]

[၁၄-၁၅-၁၆-၁၇ နံပါတ်ဖြစ်သော သံယသောဒကစသော သိက္ခာပုဒ်တို့မှာ ဘိက္ခုအတိုင်းသာတည်း။]

* * * * * *

ငါတို့ပြုလျှင် ဘာတတ်နိုင်မှာလဲ,လွမ်းမိုးစရာတွေ" ဟု မှတ်ထင်ခြင်းကြောင့် ဖြစ်သည်၊ အခြားသူတွေ ရောနှောနေသည်ကိုတော့ သည်းညည်းခံနိုင်ပါလျက် အရှင်မတို့ကိုမှ သည်းညည်းမခံနိုင်ခြင်း-သူတို့စကားက အားကောင်းသည်ဟု အယူရှိ၍ ရှင်မတို့ကို ချောက်လှန့်ခြင်း-ရှင်မတို့က အားနည်းခြင်းကြောင့်သာ ယခုလို အပြောအဆို ခံရသည်-ဟု အားပေးအားမြှောက်ပြုသည်၊ ထိုသို့ အားပေးအားမြှောက်ပြုသော ဘိက္ခုနီကို မြင်ကုန်ကြားကုန်သော ဘိက္ခုနီတို့က "ဤသို့မပြောပါနှင့်" ဟု တား, တားမြစ်၍မရလျှင် သမန ဘာသနကဲ့ပြု, ကဲ့ပြုပြီးသည့်တိုင်အောင် ထိုအပြောအဆိုကိုမစွန့်လျှင် သံယာဒီသေသ် အာပတ်သင့်သည်။

သဒ္ဒတ္ထ။ ။ ဥညာယ၌ ဥသည် ဩ၏ ဝိပရိတ်တည်း၊ ထိုဩကား "နိစ=အောက်ကျနောက်ကျ" ဟု သော အနက်ကိုဟော၏၊ ဥ=အောက်ကျနောက်ကျ အောက်တန်းစား ဟု+ဉာယ=သိခြင်းကြောင့်၊ ပရိဘာဝေန၌ ပရိဘာဝဟူသည် "လွမ်းမိုးဖွယ်=လွမ်းမိုးစရာ" ဟု အထင်ခံရခြင်းတည်း၊ ဝေဘသိယာ၌ "ဝိ=အထူးထူး+ဘာသ=စကားရှိသည်၊ ဝိဘာသာနံ-အထူးထူးစကားရှိသူတို့၏+ဘာဝေါ-အဖြစ်သည်၊ ဝေဘသိယံ-မည်၏၊ အထူးထူးစကားရှိခြင်းဟူသည် သံယာက ပြောပိုင်ဆိုပိုင် ချောက်လှန့်ပိုင်ခြင်းတည်း၊ သံယာက ထိုကဲ့သို့ အာဏာရှိသည်-ဟု ဆိုလိုသည်၊ ပါစိတ္တာဒီယောဇနာ၌ တစ်မျိုးကြ်ိ လေ၏၊ အကြွင်းမှာ လွယ်ပြီ။

http://www.dhammadownload.com

နိုဝုံးနှင့် အနုသာဝန

အယျာယော–တို့၊ ပဌမာပတ္တိကာ–ကုန်သော၊ နဝ–ကိုးပါးသော အာပတ်တို့လည်းကောင်း၊ယာဝတတိယကာ– ကုန်သော၊ **အဋ္ဌ**–ရှစ်ပါးသော အာပတ်တို့လည်းကောင်း၊ (ဣတိ–သို့၊) သတ္တရသ–တစ်ဆယ့်ခုနစ်ပါးကုန်သော၊ သံဃာဒိသေသာ–မည်ကုန်သော၊ **ဓမ္မာ**–တို့ကို၊ ဥဒ္ဒိဋ္ဌာ–ကုန်ပြီ၊ ယေသံ–ယင်း ၁၇ ပါး သော အာပတ်တို့တွင်၊ ဘိက္ခုနိ–ရဟန်းမသည်၊ အညတရံဝါ အညတရံဝါ–တစ်ပါးပါးသော အာပတ်သို့လည်း၊ အာပဇ္ဇတိ – ရောက်အံ့၊ တာယ ဘိက္ခုနိယာ – ထိုရဟန်းမသည်၊ ဥဘတောသံဃေ – နှစ်ဖက်သော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ၌၊ ပက္ခမာနတ္တံ–ပက္ခမာနတ်ကို၊ စရိတမ္မံ–ကျင့်ရာ၏၊ ဝါ–ကျင့်ရမည်၊ ဘိက္ခုနိယာ–ရဟန်းမသည်၊ စိဏ္ဏမာနတ္တာ ယ–ကျင့်အပ်ပြီးသော မာနတ်ရှိလသော်၊ ယတ္ထ–အကြင်သိမ်၌၊ ပေ၊ ဓာရယာမိ–၏၊ ဣတိ–သံဃာဒိသေသ်အပြီးတည်း။ [ပေယျာလမ္ပြုပ်ထား ခဲ့သော ပါဠိတို့၏အနက်ကို ဘိက္ခုသံဃာဒိသေသ် အတိုင်းသိပါ။]

* * * * * *

နိုဝုံးနှင့် ယာဝတတိယာနုသာဝန။ ။ သံဃာဒိသေသ် ၁၇ ပါးတွင် ဘိက္ခု ဘိက္ခုနီ ၂ မျိုးလုံးနှင့် ဆက်ဆံသော သာဓာရဏသိက္ခာပုဒ် ၇ ပါး, အသာဓာရဏ (ဘိက္ခုနှင့်မဆက်ဆံသော) သိက္ခာပုဒ် ၁၀ ပါး ပါသည်၊ ပြန်၍ ကြည့်လေ၊ ဘိက္ခုတို့သံဃာဒိသေသ် အာပတ်သင့်သောအခါ အာဝိကရဏ မပြုဘဲ ညဉ့်ဖုံးထားလျှင် ဖုံးထားသော ညဉ့်များအတွက် ပရိဝါသ် နေရ၏, ဖုံးထားမိခြင်းကြောင့်လည်း တစ်ညဉ့်လျှင် ဒုက္ကဋ်အာပတ် တစ်ချက်ကျသင့်သေး၏၊ ဘိက္ခုနီတို့ကား ထိုကဲ့သို့ ဖုံးထားမှုကြောင့် ပရိဝါသ်လည်း မနေရ၊ ဒုက္ကဋ် အာပတ်လည်းမသင့်၊ တစ်ပက္ခ (၁၅–ညဉ့်) ပတ်လုံး မာနတ်ကိုသာ ကျင့်ရတော့သည်၊ မာနတ်တောင်းပုံ စသည်ကိုကား ကမ်ဗါအဋ္ဌကထာမှာရှု။

သံဃာဒိသေသ်ပြီးပြီ။

– – – – – – – –

http://www.dhammadownload.com

နိသဂ္ဂိယပါစိတ်အခန်း
(ပတ္တဝဂ်)

[ဣမေ ခေါ ပန အယျာယော၊ ပေ၊ အာဂစ္ဆန္တိ၊ (အနက်လွယ်ပြီ၊)]

ပဌမ နိသဂ္ဂိယ ယာ ပန ဘိက္ခုနီ-သည်၊ ပတ္တသန္နိစယ်-သပိတ်သိုမှီးခြင်းကို၊ ကရေယျ-ပြုအုံ့၊ တဿာ ဘိက္ခုနိယာ-ထိ ရဟန်းမ၏၊ နိသဂ္ဂိယ်-စွန့်ခြင်း ဝိနည်းကံရှိသော၊ ပါစိတ္တိယ်-ပါစိတ် အာပတ်သည်၊ ဟောတိ-၏။

ဒုတိယနိသဂ္ဂိယ ယာ ပန ဘိက္ခုနီ-သည်၊ အကာလစီဝရံ-အကာလသက်နှင်းကို၊ ကာလစီဝရန္တိ-ကာလသက်နှင်းဟူ၍၊ အဓိဋ္ဌဟိတ္တာ-ဆောက်တည်၍၊ ဘာဇေယျ-ဝေဖန်စေအုံ့၊ တဿာ ဘိက္ခုနိယာ, နိသဂ္ဂိယ်ပါစိတ္တိယ်။

* * * * * *

ပဌမနိသဂ္ဂိယ။ ။ သပိတ်ကို အဓိဋ္ဌာန်ဝိကပ္ပနာ တစ်ခုခု မပြုဘဲထားခြင်းကို, "ပတ္တသန္နိစယ=သပိတ် သိုမှီးခြင်း" ဟု ခေါ်သည်၊ ဘိက္ခုတို့၌ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သပိတ်သစ်ကို ၁၀ ရက်အထိ ထားနိုင်သော်လည်း ဘိက္ခုနီတို့မှာ တစ်ညဉ့်မျှလွန်၍ မထားရ၊ သပိတ်အသစ်ကို ရသည့်နေ့မှာပင် (သူတစ်ပါးကို မစွန့်လျှင်) အဓိဋ္ဌာန်သော်လည်း တင်, ဝိကပ္ပနာသော်လည်း ပြုရမည်၊ မပြုလျှင် နိသဂ္ဂိယပါစိတ်။

စွန့်ခြင်းဝိနည်းကံရှိသောပါစိတ်။ ။ ရှေးက "နိသဂ္ဂိယ်-စွန့်ခြင်းဝိနည်းကံ(ရှေး) ရှိသော၊ ပါစိတ္တိယ်-ပါစိတ်အာပတ်သည်၊ ဟောတိ" ဟု အနက်ပေးကြ၏၊ ထိုအတိုင်းမှန်လျှင် "ရှေးဦးစွာစွန့်ခြင်း ဝိနည်းကံပြုပြီးမှ အာပတ်သင့်ရမည်" ဟု အဓိပ္ပာယ်ရှိသောကြောင့် "ရှေး" ဟူသော စကားကို ဖြုတ်၍ "နိသဂ္ဂိယ်-စွန့်ခြင်းဝိနည်းကံရှိသော" ဟု အနက်ပေးရမည်၊ ဤပါစိတ်သည် ပါစိတ်သက်သက်မဟုတ် (သုဒ္ဓပါစိတ်မဟုတ်), စွန့်ခြင်းဝိနည်းကံရှိသော (ဒေသနာမပြောခင် စွန့်ခြင်းဝိနည်းကံကို ပြုရသော) ပါစိတ်-နိသဂ္ဂိယပါစိတ် ဖြစ်သည်-ဟူ လို၊ .....ကျေးဇူးရှင် ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်၏ ဝါဒ။

ဒုတိယ နိသဂ္ဂိယ။ ။ [ကာလ-အကာလ အခွဲကို ဘိက္ခုနိသဂ္ဂိယ တတိယ ကထိနသိက္ခာပုဒ်၌ ပြခဲ့ပြီ။] အကာလ၌ဖြစ်သောသံဃိကသက်နှင်းကို

http://www.dhammadownload.com

တတိယနိဿဋ္ဌိယ

ယာ ပန ဘိက္ခုနီ–သည်၊ ဘိက္ခုနိယာ–ရဟန်းမနှင့်၊ သဒ္ဓိं–တကွ၊ စီဝရံ–သင်္ကန်းကို၊ ပရိဝတ္တေတွာ–လဲလှယ်ပြီး၍၊ သာ – ထိုရဟန်းမသည်၊ ပစ္ဆာ–နောက်၌၊ ဧဝံ–ဤသို့၊ ဝဒေယျ – ပြောဆိုအံ့၊ (ကိं – အဘယ်သို့ပြောဆိုသနည်း၊) အယျေ–အရှင်မ၊ ဟန္ဒ–ရော့၊ တုယှံ–သင်၏၊ စီဝရံ–သင်္ကန်းတည်း၊ မေ–၏၊

* * * * * *

(ထိုကျောင်းတိုက်၌ ဝါကျွတ်သူ–အခြားမှ ဝါကျွတ်လာသူ) သံဃာအားလုံး ဝေဖန်ရ၏၊ ကာလအတွင်း၌ဖြစ်သော သံယိကသင်္ကန်းကိုကား ထိုကျောင်းတိုက်၌ ဝါကျွတ်သော သံဃာများသာ ဝေဖန်ရသည်၊ ထို့ပြင် သင်္ကန်းကာလအတွင်းမှာပင် သံယိကမဟုတ်ဘဲ "သုတ္တန်ဆောင်ဂိုဏ်းအား လှူပါ၏" စသည်ဖြင့် ဂိုဏ်းအား လှူလျှင်လည်းကောင်း, ပုဂ္ဂိုလ်တစ်ပါးပါးအား လှူလျှင်လည်းကောင်း အကာလ သင်္ကန်းပင်တည်း၊ သံဃာအားလုံး ဝေဖန်၍မယူရ, ဒါယကာ ရည်ရွယ်သူတို့သာ ရခွင့်ရှိသည်။

ထိုကဲ့သို့ အကာလသင်္ကန်းကို ကာလသင်္ကန်းဟု ဓိဋ္ဌာန်၍ ဤကျောင်းတိုက်၌ ပုရိမဝါကျွတ်သော ဘိက္ခုနီ သံဃာချည်းသာ ဝေဖန်ယူလျှင် ဤသိက္ခာပုဒ်အရ ဝေဖန်ခိုင်းသော ဘိက္ခုနီမှာ ထိုရရှိသောသင်္ကန်း နိသဂ္ဂိ ထိုက်၏၊ ဝိနည်းထုံးစံအတိုင်း စွန့်ပြီးသည့်အခါ ထိုသင်္ကန်းကို ဒါယကာတို့ မူလရည်စူးသောနေရာ၌ ပြန်ပေးရမည်၊ ဒါယကာက သမ္ဘုခီဘုတ သံဃာကို ရည်ရွယ်လျှင် မျက်မှောက်ရှိသမျှသော သမ္ဘုခီဘုတ သံဃာက ဝေဖန်၍ယူ, ဂိုဏ်းကို ရည်ရွယ်လျှင် ဂိုဏ်းကိုပြန်ပေး, ပုဂ္ဂိုလ်ကို ရည်ရွယ်လျှင် ပုဂ္ဂိုလ်ကို ပြန်ပေး–ဟူလို။

မှတ်ချက် ။ ။"သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်အတွင်း၌ (သင်္ကန်းကာလဖြစ်သော်လည်း) သံဃာကို မရည်စူးဘဲ ပုဂ္ဂိုလ်ကိုလည်းကောင်း, ဂိုဏ်းကိုလည်းကောင်း, ရည်စူး၍လှူလျှင် "ကာလစီဝရ–သံယိကသင်္ကန်း"မဟုတ်ဟု ဆိုသောကြောင့် ယခုကာလ ကထိန်သင်္ကန်းလှူဒါန်းရာ၌ ဆရာတော်ကြီး စသော ပုဂ္ဂိုလ်ကို ရည်မှန်းရိုးမှန်လျှင် "ကာလစီဝရ–သံယိက" မမြောက်၊ သံယိကမမြောက်လျှင် "ဣဒံ ကထိနစီဝရံ သံဃဿဒဗ္ဗံ" ဟူသော ဥတ်နှင့် မထပ်မိရကား ကထိန်အစစ်မဖြစ်နိုင်၊ ထိုကဲ့သို့ ကထိန်တုများအတွက် ကထိန် အာနိသင်မရသဖြင့် သင်္ကန်းများကို အဓိဋ္ဌာန်ဝိကပ္ပနာသင့်ရာ တစ်ခုခုပြုမြဲ ပြုစေသင့်သည်။

http://www.dhammadownload.com

တေံ စီဝရံ-ဤသင်္ကန်းကို၊ အာဟရ-ယူခဲ့လော၊ ယံ-အကြင် သင်္ကန်းသည်၊ တုယှံ-မူလက သင့်ဟာဖြစ်၏၊ **တေ**ံ-ဤသင်္ကန်းသည်၊ တုယှ မေ၀-ယခုလည်း သင့်ဟာပင်တည်း၊ ယံ-အကြင်သင်္ကန်းသည်၊ မယှံ-မူလက ငါ့ဟာဖြစ်၏၊ **တေ**ံ-ဤသင်္ကန်းသည်၊ မယှမေ၀-ယခုလည်း ငါ့ဟာပင်တည်း၊ မေ-ငါ၏၊ **တေ**ံ စီဝရံ-ဤသင်္ကန်းကို၊ အာဟရ-ယူခဲ့လော၊ သံ**ကဿ** - မိမိဥစ္စာကို၊ ပစ္စာဟရ - ပြန်ယူလော၊ ဣတိ - ဤသို့ ပြောဆိုအုံ့၊ ဣတိ-ဤသို့ပြောဆို၍၊ (ဣတိတစ်ပုဒ် အကျေကြ)၊ အစ္ဆိန္နေ ယျ၀ါ - ကိုယ်တိုင်မူလည်း လုယူအုံ့၊ **အစ္ဆိန္နာ**ပေယ္ယ ၀ါ - သူတစ်ပါးကို မူလည်း လုယူစေအုံ့၊ တဿ ဘိက္ခုနိယာ နိသဂ္ဂိယ် ပါစိတ္တိယ်။

တုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ အည်-တစ်ပါးသော ထောပတ် စသည်ကို၊ ဝိညာပေတွာ-တောင်းပြီး၍၊ အည်-တစ်ပါးသော ဆီ စသည်ကို၊ ဝိညာပေယ္ယ-တောင်းပြန်အုံ့၊ တဿ ဘိက္ခုနိယာ နိသဂ္ဂိယ် ပါစိတ္တိယ်။

* * * * * *

တတိယ နိသဂ္ဂိယ။ ။ [မေတ်ကို မေ+**တေ**ံဟုပုဒ်ဖြတ်၊] ဘိက္ခုနီသည် အခြားဘိက္ခုနီနှင့် သဘောတူ သင်္ကန်းချင်း လဲပြီးနောက် မိမိသင်္ကန်းကို ပြန်လိုချင်၍ "ရော့, သင့်သင်္ကန်း၊ သင့်ဟာ သင့်ဟာပဲ၊ ငါ့ဟာလဲ ငါ့ဟာပဲ, ငါ့သင်္ကန်းကိုယူခဲ့, သင့်သင်္ကန်းကိုပြန်ယူ" ဟု ပြောဆို၍ လုယူလျှင်, သို့မဟုတ် လုယူခိုင်းလျှင် (သကသညာ=ကိုယ့်ဟာ အမှတ်ဖြင့် ယူခြင်းကြောင့်) ထိုပြန်ရသော သင်္ကန်း နိသဂ္ဂိထိုက်၏၊ သူပိုင်မှန်း သိပါလျက် အတင်းယူလျှင်ကား တန်ဖိုးလိုက်၍ ပါရာဇိကအထိ ဆုံးဖြတ်ခွင့်ရှိသည်။

တုတ္ထ နိသဂ္ဂိယ။ ။ [ဝိညာပေတွာ၌ "မိမိအလိုရှိကြောင်း သိစေခြင်း တောင်းခြင်း" ဟု ၂ နက်သင့်၏၊] မကျန်းမာသော ဘိက္ခုနီကို ဒါယကာက ဖြစ်စေ ဒါယိကာမကဖြစ်စေ "ဘာအလိုရှိပါသနည်း" ဟု မေးလာလျှင် လည်းကောင်း၊ မမေးဘဲလည်းကောင်း အမှန်လိုနေသော ဆေးနှင့်ဓာတ်စာများကို တောင်းကောင်း၏၊ ထိုသို့ တောင်းရာ၌ ပထမက ထောပတ်ကို အလိုရှိသည်-ဟု တောင်းပြီးမှ ထောပတ်လျှလာသည့်အခါ ၂ မျိုးလုံး ရလိမ့်မည်အထင်နှင့် "ထောပတ်ကို မလိုချင်တော့ဘူး, ဆီကို လိုချင်သည်" ဟု ပြောင်းလွဲ၍ တောင်းပြန်လျှင် ဒုတိယ တောင်းအပ်သော ဝတ္ထုသည် နိသဂ္ဂိထိုက်၍ ဘိက္ခုနီမှာ ပါစိတ်။

http://www.dhammadownload.com

ပဌမ ယာ ပန ဘိက္ခုနီ-သည်၊ အည်-တစ်ပါးသော ဆီစသည်ကို၊ စေတာပေတွာ - လဲလှယ်စေပြီး၍၊ အည် - တစ်ပါးသော ထောပတ်စသည်ကို၊ စေတာပေယျ-လဲလှယ်စေပြန်အုံ့၊ တဿာ ဘိက္ခုနိယာ နိသဂ္ဂိယ် ပါစိတ္တိယ်။

ဆဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ အညဒတ္ထိကေန-အခြား ပစ္စည်း အလို့ငှာ လှူအပ်သော၊ အညဒ္ဒိသိကေန-အခြားပစ္စည်းကို ညွှန်ပြ၍ လှူအပ်သော၊ သံဃိကေန - သံဃာအား စွန့်လှူအပ်သော၊ ပရိက္ခာရေန - ပရိက္ခရာဖြင့်၊ အည် - ညွှန်ပြအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို၊ စေတာပေယျ-လဲလှယ်စေအုံ့၊ တဿာ ဘိက္ခုနိယာ နိသဂ္ဂိယ် ပါစိတ္တိယ်။

* * * * * *

ပဌမ နိသဂ္ဂိယ်။ ။ မိမိ၏ သက်နှံးအစရှိသော ကပ္ပိယဝတ္ထုဖြင့် သို့မဟုတ် မိမိအတွက် ကပ္ပိယထံ အပ်သောနည်းဖြင့်ထားအပ်သော ငွေဖြင့် ဆီစသော မိမိအလိုရှိရာ ဝတ္ထုကို တစ်ယောက်ယောက်အား အလဲ(အဝယ်) ခိုင်းပြီးနောက် ယူလာသည့်အခါ နောက်တစ်မျိုးကို သူ့ဘာသာ ဝယ်လျှပ်လိမ့်မည် အထင်နှင့် "ဆီကိုမလိုချင်တော့ဘူး, ထောပတ်ကို လိုချင်သည်" ဟု အလဲ (အဝယ်) ခိုင်းပြန်လျှင် မူလလဲခဲ့သော ဆီပြင့် ထပ်၍ လဲပေးသည်ဖြစ်စေ- အခြားဝတ္ထုဖြင့် ဝယ်ပေးသည်ဖြစ်စေ နောက်ထပ်ရလျှင် နိသဂ္ဂိထိုက်၍ ပါစိတ်အာပတ်။

ဆဋ္ဌမ နိသဂ္ဂိယ်။ ။ ဒကာ တစ်ဦးကဖြစ်စေ အများစုပေါင်း၍ဖြစ်စေ ဘိက္ခုနီသံဃာအား "ဤဆန်ဖြင့် သက်နှံးလဲ၍ သုံးဆောင်ကြပါ" စသည်ဖြင့် လျှောက်ပြီးလျှင် အပ်စပ်သော ပရိက္ခရာတစ်မျိုးမျိုးကို တစ်ယောက်ယောက်ထံ အပ်နှံလှူထားခဲ့အုံ့၊ ထို ပရိက္ခရာဖြင့် ထိုအလှူရှင်တို့ ညွှန်ပြအပ်သော ပစ္စည်း မှတစ်ပါး အခြားပစ္စည်းကို အလဲခိုင်းမှ (ဥပမာ-"သက်နှံးကို လဲလှယ်၍ သုံးဆောင်ပါ" ဟု လျှောက်၍ အပ်နှံထားခဲ့သော ဆန်ဖြင့် ဆေးကို အလဲခိုင်းမှ) ခိုင်းခြင်း ပယောဂကြောင့် ဒုက္ကဋ်, ခိုင်းအပ်သော ပစ္စည်းရလျှင် နိသဂ္ဂိ ပါစိတ်သင့်၏၊ ပစ္စည်းကို စွန့်ပြီးလျှင် ဒကာတို့ မူလညွှန်ပြသော ပစ္စည်းကိုသာ ထပ်မံလဲလှယ်၍ သုံးဆောင်ရမည်။

---

http://www.dhammadownload.com

သတ္တမ ယာ ပန ဘိက္ခုနီ - သည်၊ အညဒတ္ထိကေန - သော၊ အညဒ္ဒိ သိကေန - သော၊ သံယိကေန - သံယာအား စွန့်လွှတ်သည်လည်းဖြစ်သော၊ သံယာစိကေန - ကိုယ်တိုင် တောင်းအပ်သည်လည်းဖြစ်သော၊ ပရိက္ခာရေန-ပရိက္ခရာ ၂ မျိုးဖြင့်၊ အည့-ညွှန်ပြအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို၊ စေတာပေယျ-အုံ့၊ တဿာ ဘိက္ခုနီ ယာ-၏၊ ပေ၊ ပါစိတ္တိယံ။

အဋ္ဌမ ယာ ပန ဘိက္ခုနီ - သည်၊ အညဒတ္ထိကေန-သော၊ အညဒ္ဒိ သိကေန - သော၊ မဟာဇနိကေန - ရဟန်းမအများအား စွန့်လွှတ်အပ်သော၊ ပရိက္ခာရေန-ဖြင့်၊ အည့ - ကို၊ စေတာပေယျ-အုံ့၊ ပေ၊ နိသဒ္ဓိယံ ပါစိတ္တိယံ။

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ အညဒတ္ထိကေန အညဒ္ဒိသိကေန မဟာဇနိကေန-ရဟန်းမ အများအား စွန့်လွှတ်အပ်သည်လည်းဖြစ်သော၊ သံယာစိကေန - ကိုယ်တိုင် တောင်းအပ်သည်လည်းဖြစ်သော၊ ပရိက္ခာရေန-ပရိက္ခရာ ၂ မျိုးဖြင့်၊ အည-ကို၊ စေတာပေယျ-အုံ့၊ ပေ၊ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ အညဒတ္ထိကေန အညဒ္ဒိသိကေန ပုဂ္ဂလိကေန-ပုဂ္ဂိုလ်တစ်ပါးအား စွန့်လွှတ်အပ်သည်လည်းဖြစ်သော၊ သံယာစိကေန - ကိုယ်တိုင် တောင်းအပ်သည်လည်းဖြစ်သော၊ ပရိက္ခာရေန-ပရိက္ခရာ ၂ မျိုးဖြင့်၊ ပေ၊ ပါစိတ္တိယံ။ [ပဌမော-သော၊ ပတ္တ ဝဂ္ဂေါ-ပတ္တဝဂ်တည်း။]

* * * * * *

သတ္တမ နိသဒ္ဓိယ။ ။ ဤသိက္ခာပုဒ်၌ကား ဒါယကာတို့ အပ်နှံထားသော ပရိက္ခရာ-မိမိကိုယ်တိုင် တောင်းရ၍သော ပရိက္ခရာ, ဤပရိက္ခရာ ၂ မျိုးဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတစ်ပါး အခြားသော ပစ္စည်းကို အယူခိုင်းခြင်းသာ ထူးသည်။

အဋ္ဌမ, နဝမ, ဒသမ။ ။ အဋ္ဌမ၌ သံယာအား လှူခြင်းမဟုတ်, ရဟန်းမ အများဟူသော ဂိုဏ်းအား လှူခြင်းတည်း၊ နဝမ၌ ဂိုဏ်းအားလှူသော ပရိက္ခရာ မိမိကိုယ်တိုင် တောင်းအပ်သော ပရိက္ခရာ ၂ မျိုးဖြင့် ညွှန်ပြအပ်

http://www.dhammadownload.com

ဓိဝရဝဂ်

ပထမ

ဂရုပါဝုရဏံ – လေးသော ခြေထည်ကို၊ စေတာပေန္တိယာ–
တောင်းသော၊ ဘိက္ခုနိယာ–ရဟန်းမသည်၊ စတုက္ကဏ္ဍသပရမ်–
အလွန်ဆုံး လေးကံသတန်ဖိုးရှိသော ခြေထည်ကို၊ ဝါ–အလွန်ဆုံးတစ်ဆယ်

* * * * * *

သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲစေခြင်းတည်း၊ ဒသမဋ္ဌ သံယာနှင့် ဂိုဏ်းအား လျှခြင်းမဟုတ်, မိမိတစ်ပါးတည်းအား လျှအပ်သော ပစ္စည်းမှ တစ်ပါး အခြားပစ္စည်းကို လဲစေခြင်းတည်း။

အညဿ–အခြားပစ္စည်း၏ (လဲအပ်သောပစ္စည်းမှ အခြားပစ္စည်း၏၊) **အတ္ထော**–အကျိုးသည်၊ **အညဒတ္ထော**–မည်၏၊ (ဒ–ကား အာဂုံ၊) **အညဒတ္ထာယ**–အခြားပစ္စည်းအကျိုးငှာ၊ **ဒိန္နော**–စွန့်လျှအပ်သော ပရိက္ခရာသည်၊ **အညဒတ္ထိကော**–မည်၏၊ **အညံ**–လဲစေအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို၊ **ဥဒ္ဒိသိတွာ**–ညွှန်ပြ၍၊ (မည်သည့်ပစ္စည်းကို လဲစေ၍ သုံးဆောင်ပါ–ဟု ပစ္စည်းတစ်ခုခုကို တိုက်ရိုက် ညွှန်ပြ၍)၊ **ဒိန္နော**–လျှအပ်သော ပရိက္ခရာသည်၊ **အညုဒ္ဒိသိကော**–မည်၏။ ["**အညုဒ္ဒိသိကေန**" ဟု သဒ္ဒေးဘော်နှင့် ရှိလျှင် "**အညံ+ဥဒ္ဒိသ+ဒိန္နော**" ဟု ဝိဂ္ဂဟပြုရသဖြင့် သာ၍ကောင်း၏၊ "ပရိက္ခရာ ဟူရာ၌ ရဟန်းတို့အား အပ်သောပစ္စည်းအားလုံးကို ဆိုလိုသည်၊ "**လျှ**" ဟူရာ၌လည်း တိုက်ရိုက်လာရောက်၍ ပို့ထားရုံသာမက, တစ်ယောက်ယောက်ထံ အပ်နှံ၍ လျှောက်ထားလျှင်လည်း "**အလျှ**" ပင်။]

"**သံယိကေန သံယာစိကေန**"ဟု သိက္ခာပုဒ်တစ်ပါးတည်း၌ ၂ ပုဒ်ဆိုထားသောကြောင့် သံယိကပရိက္ခရာနှင့် သံယာစိကပရိက္ခရာကို တစ်မျိုးတည်းဟု ထင်မှတ်ဖွယ်ရှိ၏၊ သို့သော် "**သံယာစိကေနာတိ** သယं ယာစိတကေနာပိ–ကိုယ်တိုင် တောင်းအပ်သည်လည်းဖြစ်သော" ဟု သမုစ္စယတ္ထ အပိသဒ္ဒါနှင့် ဖွင့်သောကြောင့်လည်းကောင်း, ပါဠိတော်၌ "**သယံပိယာစိတ္တာ**– ကိုယ်တိုင်လည်းတောင်း၍" ဟု ဖွင့်သောကြောင့်လည်းကောင်း, ဒါယကာတို့ မူလ လျှအပ်သော သံယိက ပရိက္ခရာကတစ်မျိုး, မိမိဘာသာ တောင်းယူ အပ်သော ပရိက္ခရာကတစ်မျိုး, ဤ ပရိက္ခရာ ၂ မျိုးဖြင့် လဲစေသည်–ဟုမှတ်၊ **မဟာစေနကေနဋ္ဌ** **မဟာစေနအရ** ဘိက္ခုနီအများကို ဆိုလိုသည်၊ ဘိက္ခုနီအများဟူသည်လည်း သံယာကုန် မဟုတ်သော သုတ္တန်ဆောင်ဂိုဏ်းစသော ဘိက္ခုနီဂိုဏ်းတည်း။

http://www.dhammadownload.com

ခြောက်ကျပ် တန်ဖိုးရှိသော ခြွေထည်ကို၊ စေတာပေတဗ္ဗ-တောင်းအပ် တောင်းနိုင်၏၊ တတော-ထိုတစ်ဆယ့်ခြောက်ကျပ်တန်ခြွေထည်ထက်၊ ဥတ္တရိ-အလွန်၊ စေ စေတာပေယျ-အကယ်၍တောင်းအံ့၊ တဿ ဘိက္ခုနိယာ-၏၊ တံ-ထိုခြွေထည်ကို၊ နိသဋ္ဌိယံ-ဖွန့်အပ် ဖွန့်ထိုက်၏၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်လည်း၊ ဟောတိ-ဖြစ်၏။ ["နိသဋ္ဌိယံ ပါစိတ္တိယံ" ပုဒ်များကို ဘိက္ခုပါတိမောက်၌ ပြခဲ့သည့်အတိုင်း တစ်မျိုးပြင်၍ အနက်ပေးသည်။]

ဒုတိယ

လဟုပါဝုရဏ-ပေါ့သော ခြွေထည်ကို၊ စေတာပေန္တိယာ, ဘိက္ခုနိယာ-သည်၊ အမှတေယျကံသပရမံ-အလွန်ဆုံး ၂ ကဲ့သ၊ ခွဲ တန်ဖိုးရှိသော ခြွေထည်ကို၊ ဝါ-အလွန်ဆုံး တစ်ဆယ်တန်ဖိုးရှိသော ခြွေထည်ကို၊ စေတာပေတဗ္ဗ-၏၊ တတော-ထို ၂ ကဲ့သ၊ ခွဲတန်ဖိုးရှိသော ခြွေထည်ထက်၊ ပေ၊ ပါစိတ္တိယံ။

* * * * * *

ပထမ,ဒုတိယ။ ။ ဂရုပါဝုရဏဟူသည် ဆောင်းစသော အေးသော အခါဝယ် ခြွေရန်ဖြစ်သော ခြွေထည်တည်း၊ ၄ ကျပ် "တစ်ကဲ့သ" ဖြစ်၍, စတုက္ကဲ့သ ဟူသည် ၁၆ ကျပ်တည်း၊ ထို့ကြောင့် သိတင်းသုံးဖော် ၅ ယောက်လည်း မဟုတ်-မူလ ဥာတိပဝါရိတလည်းမဟုတ်ဘဲ, တရားနာရခြင်းစသော ဂုဏ်ကြောင့် "အလိုရှိရာတောင်းပါ" ဟု ယခုမှ ရုတ်တရက်လျှောက်သော ဒါယကာ ဒါယိကာမကို ဂရုပါဝုရဏတောင်းလျှင် အလွန်ဆုံး ၁၆ ကျပ်တန် သာ တောင်းရမည်၊ ပူအိုက်သောအခါ ခြွေရန်ဖြစ်သော လဟုပါဝုရဏကို တောင်းလျှင် အလွန်ဆုံး ၂ ကဲ့သ၊ ခွဲ (၁၀) တန်သာ တောင်းရမည်၊ ထို့ထက် တန်ဖိုးများလျှင် ထိုခြွေထည်များ နိသဋ္ဌိထိုက်သည်။

ဤမှ နောက်၌ ဤဝဂ်လာ သိက္ခာပုဒ် ၈ ပါး, တတိယဝဂ်လာ သိက္ခာပုဒ် ၁၀ ပါးတို့ကား ဘိက္ခုပါတိမောက်နှင့်တူပြီ၊ ပါဠိစာအုပ်များ၌ "ပတ္တဝဂ္ဂေါ တတိယော" ဟုတတိယဝဂ်ကို "ပတ္တဝဂ်" ဟု နာမည်တပ်သည်မှာ ပထမဝဂ်နှင့် နာမည်ချင်း ထပ်နေသဖြင့် စဉ်းစားသင့်သည်၊ နာမည်မတပ်ဘဲ တတိယဝဂ် ဆိုလျှင်လည်း ပြီးသည်သာ၊ "ဥဒ္ဒိဋ္ဌာ ခေါ" စသော နိဂုံးလည်းလွယ်ပြီ။

နိသဋ္ဌိယပါစိတ်ပြီးပြီ။

http://www.dhammadownload.com

သုဒ္ဒပါစိတ်အခန်း
(လသုနဝဂ်)

["ဣမေ ခေါ ပနာယျာယော" စသော နိဒါန်းကား လွယ်ပြီ၊ "ဆ သင္ခိသတာ-တစ်ရာ့ခြောက်ဆယ့်ခြောက်ပါ:ရှိကုန်သော" ဟုဆို။]

ပထမ ယာ ပန ဘိက္ခုနီ-သည်၊ လသုန်-ကြက်သွန်ဖြူ အစိမ်းကို၊ ခါဒေယျ-ခဲစားအံ့၊ တဿာဘိက္ခုနိယာ - ထိုရဟန်းမ၏၊ ပါစိတ္တိယ်-ပါစိတ်အာပတ်သည် ဟောတိ-ဖြစ်၏။

ဒုတိယ ယာ ပန ဘိက္ခုနီ-သည်၊ သမ္မာခေ - ကျဉ်းမြောင်းသော အရပ် ၌၊ လောမ်-အမွေးကို၊ သံဟရာပေယျ-ပယ်ရှားစေအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယ်။

* * * * * *

ပထမ။ ။ [လသုန သိက္ခာပုဒ်ဟုလည်း နာမည်ရှိ၏၊] ကြက်သွန်ဖြူကို ခဲစားရာ၌ ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်၊ ဘိက္ခုတို့စားလျှင် ဒုက္ကဋ်၊ ရောဂါ ရှိ၍ ဓာတ်စာသဘောဖြင့်ကား စားကောင်း၏ဟု ခုဒ္ဒကဝတ္ထုခန္ဓက၌ မိန့်တော်မူသည်၊ "ကြက်သွန်ဖြူ" ဟူရာ၌ မဂဓတိုင်း၌ဖြစ်သော အမြောင့်များစွာ ပါသော ကြက်သွန်ဖြူမျိုးကို ဆိုလိုသည်၊ ၁ မြောင့်-၂-၃-မြောင့်လောက်မှ ပါသော ကြက်သွန်ဖြူမျိုးကို မဆိုလို၊ ထိုကြက်သွန်ဖြူမျိုးကိုလည်း ဟင်း-လက်သုတ်စသည်၌ ထည့်ခတ်ခြင်းမဟုတ်ဘဲ အစိမ်းသက်သက်စားမှ အာပတ်သင့်သည်၊ ဟင်းစသည်၌ ပါမူ အနာပတ္တိ၊ "ပလဏ္ဍုက" ခေါ် တစ်မြောင့်တည်းရှိသော ကြက်သွန်ဝါ, "ဘဠုနက" ခေါ် ၂ မြောင့်ရှိသော ကြက်သွန်နီ, (ဘဠုနကော လောဟိတဝဏ္ဏော" အဋ္ဌကထာ၊) "ဟရိတက" ခေါ် ၃ မြောင့်ရှိသော ကြက်သွန်စိမ်:, "စာပ" ခေါ် အမြောင့် လုံ:ဝမရှိသော ကြက်သွန်မြိတ်တို့ကိုကား သူ့ချည်:စားသော်လည်: အနာပတ္တိ။

ဒုတိယ။ ။ "သမ္မာခ=ကျဉ်းမြောင်:သောအရပ်"ဟူသည် "ချိုင်:(ကျိုင်:) ကြား:" ခေါ်သော လက်ကတီ:ကြား:နှင့်မှတ္တကရဏ (ကျင်ယမ်စွန်.သောပေါင်ကြား:) အရပ်တည်:၊ ထိုအရပ်ရှိ အမွေ:အမှင်တို့ကို ကတ်ကြေ:-မွေ:ညှပ်-သင်တုန်: စသည်တို့ဖြင့် မဖြတ် မနှုတ် မရိတ်ကောင်:၊ ထိုကဲ့သို့ ပယ်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ "ဘိက္ခုတို့မှာလည်:ဒုက္ကဋ်" ဟု စူဠဝဂ္ဂခုဒ္ဒက ဝတ္ထုခန္ဓက၌ ပညတ်တော်မူသည်။

http://www.dhammadownload.com

တတိယ (ဘိက္ခုနီယာ-ရဟန်းမ၏၊) တလဃာတဲကော-ပဿာဝမဂ် အပြင်ကို ပုတ်ခတ်ခြင်းကြောင့်၊ ပါစိတ္တိယ်-ပါစိတ်အာပတ် သည်၊ ဟောတိ-ဖြစ်၏။

စတုတ္ထ (ဘိက္ခုနီယာ-၏၊) ဇတုမဋ္ဌကော-ပြေပြစ်သော ချိပ်တောင့်ကို ပဿာဝမဂ်သို့သွင်းခြင်းကြောင့်၊ ပါစိတ္တိယ်။

ပဉ္စမ ဥဒကသုဒ္ဓိကံ-ရေဖြင့် စင်ကြယ်အောင်ပြုခြင်းကို၊ အာဒိယ မာနာယ-ယူသော၊ ဘိက္ခုနီယာ-သည်၊ ဒွဂုံလပဗ္ဗ ပရမ်-လက် ၂ ချောင်း၏ လက် ၂ ဆစ် အလွန်အတိုင်းအရှည်ရှိသော အရပ်ကို၊ အာဒါတဗ္ဗံ-ယူအပ်ယူနိုင်၏၊ ဝါ-သွင်းအပ် သွင်းနိုင်၏၊ တံ-ထို လက် ၂ ချောင်း၏ လက် ၂ ဆစ် ပမာဏကို၊ အတိက္ကာမေန္တိယာ-လွန်စေသော ရဟန်းမ၏၊ ပါစိတ္တိယ်။

* * * * * *

တတိယ။ ။ ရာဂထကြွသဖြင့် မိမိ၏ ပဿာဝမဂ်အပြင်ကို တစ်စုံတစ်ခုဖြင့် ပုတ်ခတ်လျှင် (အယုတ်သဖြင့် ကြာရွက်-ကြာဝတ်ဆံတို့ဖြင့် ပုတ်ခတ်စေကာမူ) ပါစိတ်အာပတ်သင့်၏။ [တလ=အပြင်+ဃာတက=ညှဉ်းပန်းနှိပ်စက်ခြင်း, ပုတ်ခတ်ခြင်း။]

စတုတ္ထ။ ။ [ဇတု+ချိပ်+မဋ္ဌက=ချောအောင် ပြုအပ်သည်။] ရာဂထကြွသောကြောင့် ချောနေအောင် ပြုအပ်သော ချိပ်တောင့်ဖြင့် ပဿာဝမဂ်တွင်းသို့ သွင်းလျှင် ပါစိတ်အာပတ်၊ ဝတ္ထုကြောင်းခ္ခ ချိပ်တောင့်သွင်းမှုလာသော ကြောင့် "ချိပ်တောင့်" ဟုဆိုသည်၊ အမှန်မှာ-မည်သည့်အတံမဆို ကြာဝတ် ဆံကလေးကိုပင် သွင်းစေကာမူ ပါစိတ်။

ပဉ္စမ။ ။ [ဥဒကေန-ရေဖြင့်၊ သုဒ္ဓိယာ-စင်ကြယ်ခြင်းငှါ၊ ဝါ-စင်ကြယ်အောင်၊ ကရကံ-ပြုခြင်းသည်၊ ဥဒကသုဒ္ဓိကံ-မည်၏။] ရေဖြင့် စင်ကြယ်အောင် ပြုမှုကိုယူခြင်းဟူသည် အင်္ဂါတော်ကို ရေဆေးခြင်းတည်း၊ ထိုရေဆေးသော ဘိက္ခုနီသည် လက် ၂ ချောင်းဖြင့် နှိုက်၍ ဆေးရမည်၊ ထိုလက် ၂ ချောင်းတွင်လည်း တစ်ချောင်းလျှင် လက်တစ်ဆစ်ကျဖြင့် လက် ၂ ဆစ်သာ နှိုက်ရမည်၊ သာယာသည့်အတွက် လက် ၃ ချောင်း သွင်းလျှင်လည်းကောင်း, လက် ၂ ချောင်းတွင် တစ်ချောင်းချောင်း၏ တတိယမြောက် လက်ဆစ်ကို သွင်းလျှင်လည်းကောင်း, ပါစိတ်။

http://www.dhammadownload.com

ဆဋ္ဌ ယာ ပန ဘိက္ခုနီ-သည်၊ ဘုဥ္ဇန္တေ သေ-ဘောဇဉ်ကို စားသော၊ ဘိက္ခုသေ-ရဟန်း၏၊ ပါနိယေနဝါ-သောက်ဖွယ်တစ်မျိုး မျိုးဖြင့်သော်လည်းကောင်း၊ ဝိဓူပနေနဝါ-ယပ်ဖြင့်သော်လည်းကောင်း၊ ဥပတိဋ္ဌေယျ- အနီးခ်ဉ်တည်နေအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

သတ္တမ ယာ ပန ဘိက္ခုနီ-သည်၊ အာမကဓညေ - စပါးစိမ်းကို၊ ဝိညတ္တာဝါ - ကိုယ်တိုင်တောင်းခ်ဉ်သော်လည်းကောင်း၊ ဝိညာပေတ္တာ ဝါ-သူတစ်ပါးကို တောင်းစေခ်ဉ်သော်လည်းကောင်း၊ ဘဇ္ဇိတ္တာဝါ-ကိုယ်တိုင်လှော်ခ်ဉ်သော်လည်းကောင်း၊ ဘဇ္ဇာပေတ္တာဝါ-သူတစ်ပါးကို လှော်စေခ်ဉ်သော်လည်းကောင်း၊ ကောဋ္ဋေတ္တာဝါ - ကိုယ်တိုင်ထောင်းခ်ဉ်သော်လည်းကောင်း၊ ကောဋ္ဋာပေတ္တာဝါ- သူတစ်ပါးကို ထောင်းစေခ်ဉ်သော်လည်းကောင်း၊ ပစိတ္တာဝါ-ကိုယ်တိုင်ချက်ခ်ဉ်သော်လည်းကောင်း၊ ပစာပေတ္တာဝါ-သူတစ်ပါးကို ချက်စေခ်ဉ်သော်လည်းကောင်း၊ ဘုဥ္ဇေယျ- စားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * * *

ဆဋ္ဌ။ ။ ရဟန်းယောကျ်ားက ဘောဇဉ် ၅ ပါး တစ်ပါးပါးကို စားနေစဉ် ရေဖြစ်စေ ရက်တက်ရည် နွားနို့ရည် စသည်ဖြစ်စေ အရည်သောက်ဖွယ်ဖြင့်သော်လည်းကောင်း, ယပ်တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း, ထိုရဟန်း၏ အနီးခ်ဉ်နေသော ဘိက္ခုနီမှာပါစိတ်။ [ဥပတိဋ္ဌေယျခ်ဉ် ဥပသဒ္ဒါသည် သမီပ (အနီး) အနက်ရှိ၏-ဟု ဖွင့်၏၊ ထို့ကြောင့် ဘိက္ခုသေကို ဥပခ်ဉ်စပ်၍ "ရဟန်း၏အနီး" ဟု မှတ်၊ ကစ္စည်း သမ္ပဒါန်ခန်းခ်ဉ်မှ "ဥပတိဋ္ဌေယျ-ပြုစုလုပ်ကျွေးအံ့" ဟူသော အဓိပ္ပာယ်နက်ကိုယူ၍ "ဘိက္ခုသေ-အား" ဟု သမ္ပဒါန်ပြယုဂ် ထုတ်လေသည်၊ "ရဟန်းအား+ပြုစုလုပ်ကျွေးအံ့" ဟူလို။]

သတ္တမ။ ။ "အာမကဓည=စပါးစိမ်း" ဟူရာခ်ဉ် တကယ့်ကို စိမ်းစိနေသော စပါးကိုသာ ဆိုလိုသည်မဟုတ်၊ ဆန်အဖြစ်သို့ မရောက်သေးသမျှ စပါးမျိုး ၇ ပါးလုံးကို ခြောက်သည်ဖြစ်စေ စိုသည်ဖြစ်စေ စပါးစိမ်းဟု ဆိုလိုသည်၊ ထို့ကြောင့် အဂ်ါကိုပြရာခ်ဉ် အာမက ဟုတ်-မဟုတ်ကိုမပြဘဲ "စပါး ၇ ပါးတွင် တစ်ပါးပါးကို ကိုယ်တိုင်ဖြစ်စေ ခိုင်းခ်ဉ်ဖြစ်စေ တောင်းခြင်း" ဟု ပြသည်၊ ထိုစပါးမျိုး ၇ ပါးတွင် တစ်ပါးပါးကို တောင်းမှု-တောင်းစေမှု, စိုနေသော စပါးကို နေမပူသည့်အခါ လှော်မှု-လှော်စေမှု, ဆန်ဖြစ်အောင်

http://www.dhammadownload.com

အဋ္ဌမ **ယာ ပန ဘိက္ခုနီ–သည်၊ ဥစ္စာရံဝါ – ကျင်ကြီးကိုသော်**
လည်းကောင်း၊ ပဿာဝံဝါ–ကျင်ငယ်ကိုသော်လည်းကောင်း၊
သက်ရံဝါ–အမှိုက်ကိုသော်လည်းကောင်း၊ ဝိယာသံဝါ–စားကြွင်းကိုသော်
လည်းကောင်း၊ တိရောကုဋ္ဌေဝါ – နံရံတစ်ဖက်ခ္ခံသော်လည်းကောင်း၊
တိရောပါကာရေဝါ–တံတိုင်းတစ်ဖက်ခ္ခံသော်လည်းကောင်း၊ ဆဋ္ဌေယျဝါ–
ကိုယ်တိုင်မှုလည်းစွန့်ပစ်အုံ့၊ ဆဋ္ဌာပေယျဝါ–သူတစ်ပါးကိုမှုလည်း စွန့်ပစ်
စေအုံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * * *

ထောင်းမှု ထောင်းစေမှု ချက်မှု–ချက်စေမှုတို့ကြောင့် ဒုက္ခဋ္ဌအာပတ်သင့်၍, စားမှုကြောင့် မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်သည်။

ဆက်ဦးအုံ့ – ဤသိက္ခာပုဒ်ခ္ခံ တောင်းမှုနှင့်စားမှု ၂ မျိုးသာ ပါစိတ်အာပတ်သင့်ဖို့ရာ လိုရင်းဖြစ်၏၊ ထို့ကြောင့် မိမိကိုယ်တိုင်ဖြစ်စေ ခိုင်း၍ ဖြစ်စေ မတောင်းဘဲ ရပြီသောစပါးကို လျှော်မှုစသည်ပြု၍ စားလျှင်လည်းကောင်း, သူတစ်ပါးတို့ဘာသာ တောင်း၍ရအပ်သော စပါးကို လျှော်မှုစသည်ပြု၍ စားလျှင်လည်းကောင်း ဒုက္ခဋ္ဌအာပတ်သာ သင့်သည်။ [ဤ**စပါး**စိမ်းများကို ဘိက္ခုတို့မှာ အလှူခံဖို့ မဆိုထားဘိ ကိုင်ရံမျှ မကိုင်ကောင်း, ကိုင်လျှင် ဒုက္ခဋ္ဌ။]

အဋ္ဌမ။ ။ "သက်ာရ=အမှိုက်" ဟူရာ၌ သစ်ပင် ချုံနွယ်များပါ ယူ၊ "ဝိယာသ=စားကြွင်း" ဟူရာ၌ စားပြီး၍ ကျန်သမျှ လုတ်ဆေးရေဒန်ပူများ လည်း ပါဝင်သည်၊ အရိုးနှင့်စားဖတ်တို့မှာ ဆိုဖွယ်ရာမရှိ၊ ထိုဥစ္စာရ စသည်ကို တိရောကုဋ္ဌ=အိမ်ကျောင်းနံရံ၏ ဟိုဘက်, တိရောပါကာရ=ဝင်း တံတိုင်း၏ ဟိုဘက်သို့ ကျော်၍ စွန့်ပစ်လိုက်လျှင် လမ်းသွား လမ်းလာတို့၏ ဦးခေါင်းပေါ် စသည် ကျရောက်တတ်သောကြောင့် ထို စွန့်ပစ်မှုကို ကိုင်တိုင် လည်းမပြုရ, ခိုင်းလည်းမခိုင်းရ၊ ဘိက္ခုနီတို့ပြုလျှင် ပါစိတ်, ဘိက္ခုတို့ပြုလျှင် ကား ဒုက္ခဋ္ဌတည်း။

မှတ်ချက်။ ။ ဤ သိက္ခာပုဒ်လာ "တိရောကုဋ္ဌေဝါ" အရ ကျောင်း ပေါ်မှနေ၍ အောက်သို့ မကြည့်ရှုဘဲ အမှိုက် စက္ကူစုတ်များကို မပစ်ချကောင်း– ဟု သတိပြု၊ လမ်းသွားလမ်းလာ ရှိ–မရှိကို သေချာစွာ ကြည့်ပြီးမှဖြစ်စေ, လုံးလုံး အသွားအလာ အသုံးအစွဲကင်းသော လမ်းဖြစ်စေ, ထိုလမ်းတို့၏ အနီးရှိ တံတိုင်းနံရံတို့ကိုကျော်၍ စွန့်ပစ်ရာ၌ကား အနာပတ္တိ။

http://www.dhammadownload.com

ယာ ပန ဘိက္ခုနီ ဥစ္စာရံဝါ ဗဟုဝဝါ-သကံဘရံ ဝါ ဝိယာ
နဝမ သံဝါ, ဟရိတေ-စိမ်းစိုသော ကောက်ပဲသီးနှံရှိရာ အရပ်၌၊
ဆဌေယျဝါ ဆဌာပေယျဝါ ပါစိတ္တိယံ။

ယာ ပန ဘိက္ခုနီ - သည်၊ နစ္ဆိဝါ - ကခြင်းကိုသော်
ဒသမ လည်းကောင်း၊ ဂီတံဝါ-သီဆိုခြင်းကိုသော်လည်းကောင်း၊
ဝါဒိတံဝါ-တီးမှုတ်ခြင်းကို သော်လည်းကောင်း၊ ဒဿနာယ-ကြည့်ရှု
နားထောင်ခြင်းငှါ၊ ဂစ္ဆေယျ-သွားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။
[ပဌမော-သော၊ လသုနဝဂ္ဂေါ-လသုန ဝဂ်တည်း။]

* * * * * *

နဝမ။ ။ "ဟရိတေ" အရ သေခိယ သိက္ခာပုဒ်ကဲ့သို့ မြက်သစ်ပင်
အားလုံးကိုမယူရ၊ ကောက်ပဲသီးနှံ အုန်းခြဲ ငှက်ပျောခြဲ စသည် စိုက်ပျိုး
ထားရာအရပ်ကို ယူပါ၊ ထိုအရပ်မျိုး၌ ဥစ္စာရ စသည်ကို စွန့်ပစ်လျှင် ပျက်စီး
တတ်သောကြောင့်လည်းကောင်း, မပျက်စီးသော်လည်း မသန့်ရှင်းသဖြင့် ဥစ္စာရှင်
တို့ မနှစ်သက်သောကြောင့်လည်းကောင်း, စွန့်ပစ်ခြင်းကို ကိုယ်တိုင်ဖြစ်စေ
ခိုင်း၍ဖြစ်စေ မပြုရ၊ ဘိက္ခုနီတို့ပြုလျှင် ပါစိတ်, ဘိက္ခုတို့ပြုလျှင် ဒုက္ကဋ်။
[ဆဌေယျ၌ ဌရင်ကောက် ၂ လုံးဆင့်ဖြင့်လည်းရှိ၏၊ သင့်သည်ချည်းပင်။]

ဒသမ။ ။ ကမ္မ-သီချင်းဆိုမှု-တီးမှုတ်မှုကို ကြည့်ရှုနားထောင် သွားရာ
၌ ဘိက္ခုနီတို့မှာ ပါစိတ်, ဘိက္ခုတို့မှာ ဒုက္ကဋ်၊ ကမ္မ ဟူရာ၌ ဥဒေါင်းကခြင်း
မျောက်ကခြင်း ကလေးသူငယ် ကခြင်းများလည်း ပါဝင်သည်၊ သီချင်းဟူရာ၌
တေးသံပေါက်အောင် ရွတ်အပ်သော တရားများလည်း ပါဝင်သည်၊ ထို
ကမ္မ စသည်ကို ကိုယ်တိုင်လည်း မပြုကောင်း, ခိုင်းလည်းမခိုင်းကောင်း။

မှတ်ချက်။ ။ "ပွဲလမ်းသဘင်ဖြင့် စေတီတော်ကို ဘုန်းကြီးပျံကို ပူဇော်
ပါရစေ" ဟု လျှောက်စေကာမူ "အင်း-ကောင်းပြီ" ဟုမျှ ဝန်မခံရ၊ ဘိက္ခုနီမှာ
ပါစိတ်, ဘိက္ခုမှာ ဒုက္ကဋ်၊ ကျောင်းတိုက်တွင်း၌နေ၍ ကြည့်ရှုနားထောင်ရာ-
ကိစ္စတစ်စုံတစ်ခုဖြင့် သွားစဉ် မျက်စိရှေ့ရောက်လာ၍ ကြည့်ရှုရာတို့၌ကား
ဝိနည်းပြစ် မရှိ၊ အဘိဓမ္မာပြစ်မှာ စိတ်သာ ပဓာနတည်း။

---

http://www.dhammadownload.com

ရတ္တနကာရဝဂ်

ပထမ ယာ ပန ဘိက္ခုနီ-သည်၊ ရတ္တနကာရေ-ညဉ့်မှောင်မိုက်ရာ အခါ၌၊ အပ္ပဒီပေ-ဆီမီးစသော အရောင်အလင်း မရှိသော အရပ်၌၊ ပုရိသေန-ယောကျ်ားနှင့်၊ သဒ္ဓိं-တကွ၊ ကေနေကာ-တစ်ယောက်ချင်း၊ သန္ဓိဌေယျဝါ - အနိုး၌မူလည်း တည်နေအုံ၊ သလ္လပေယျဝါ-အနိုး၌မူလည်း စကားပြောအုံ၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒုတိယ ယာ ပန ဘိက္ခုနီ-သည်၊ ပဋိစ္ဆန္နေ-နံရံစသည်ဖြင့် ဖုံးကွယ်အပ်သော၊ ဩကာသေ-အရပ်၌၊ ပုရိသေန သဒ္ဓိं ကေနေကာ သန္ဓိဌေယျဝါ သလ္လပေယျဝါ၊ တသာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ။

တတိယ ယာ ပန ဘိက္ခုနီ-သည်၊ အဠောကာသေ-လွင်တီးခေါင်၌၊ ပုရိသေန သဒ္ဓိं ကေနေကာ သန္ဓိဌေယျဝါ သလ္လပေယျဝါ၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * * *

ပထမ။ ။ [ရတ္တနကာရ=ရတ္တိ+အနကာရ၊] ဘိက္ခုနီသည် ညဉ့်မှောင်မိုက်ရာ အခါဝယ် ဆီမီး ဓာတ်မီးရောင်-လရောင်-နေရောင် မီးဖိုမှ မီးရောင်တို့တွင် အရောင်တစ်မျိုးမျှ မရှိသောအရပ်၌ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်း (အဖေါ်မပါဘဲ) ဟတ္ထပါသ်၌ တည်နေလျှင်လည်းကောင်း, ဟတ္ထပါသ်၌စကား ပြောလျှင်လည်းကောင်း, ပါစိတ်။

မှတ်ချက်။ ။ ရတ္တနကာရ အရ နေ့ဖြစ်သော်လည်း၊ တစ်စုံတစ်ခုကြောင့် မှောင်ကျနေလျှင် ရတ္တနကာရ (ညဉ့်ကဲ့သို့ မှောင်သောအခါ) ပင်ဖြစ်၏၊ ထို့ကြောင့် အပ္ပဒီပအရ နေရောင်ကိုပါထည့်၍ ဖွင့်ကြသည်၊ အပ္ပဒီပ၌ "ပဒီပ=ဆီမီး" ကိုလည်းဥပလက္ခဏာနည်းအားဖြင့် မှတ်၍ပြခြင်းဖြစ်သောကြောင့် အရောင်အလင်း အားလုံးကိုပင် ယူ။

ဒုတိယ, တတိယ။ ။ ဤသိက္ခာပုဒ် ၂ ပါး၌ ပဋိစ္ဆန္နေ-အဠောကာသေ ပုဒ်တို့သာ ထူးသည်၊ ပဋိစ္ဆန္နေအရ နံရံ သစ်ပင်စသည် တစ်စုံတစ်ခုကွယ်ကာနေသောအရပ်ကိုယူ၊ အဠောကာသကား အမိုးအကာ တစ်စုံတစ်ရာမျှ မရှိသော လွင်တီးခေါင် လွင်ပြင်အရပ်တည်း။

http://www.dhammadownload.com

တုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ ရထိကာယဝါ-ရထားသွားလောက်, ထုတ်ချင်းပေါက်သော လမ်းခ္ဍသော်လည်းကောင်း၊ ဗျုဟေဝါ-ထုတ်ချင်း မပေါက်သော လမ်းခ္ဍသော်လည်းကောင်း၊ သိင်္ဃာဋကေဝါ-လမ်းဆုံ လမ်းခွခ္ဍသော်လည်းကောင်း၊ ပုရိသေန သဒ္ဓိं ဧကေနေကာ သန္ဓိဋ္ဌေယျဝါ သလ္လပေယျဝါ၊ နိကဏ္ဌိကံဝါ-နားရင်းခ္ဍမှလည်း၊ ဧဗွေယျ-ပြောဆိုအုံ၊ ဒုတိယိကံ-အဖော်ဖြစ်သော၊ ဘိက္ခုနိံ ဝါ-ရဟန်းမကိုမှလည်း၊ ဥယျောဇေယျ-ပြန်လွှတ်အုံ၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ပဋမ ယာ ပန ဘိက္ခုနီ-သည်၊ ပုရေဘတ္တं-နံနက်အခါ၌၊ ဝါ-မွန်းမတည့်မီ၊ ကုလာနိ-အိမ်တို့သို့ ၊ဥပသင်္ကမိတွာ-ချဉ်းကပ်ပြီး၍၊ အာသနေ - နေရာထိုင်ပေါ်၌၊ နိသီဒိတွာ - ထိုင်ပြီး၍၊ သာမိကေ-

* * * * * *

ဧကေနေကာ။ ။ "တစ်ယောက်ချင်:" ဟု အနက်ပေးခြင်းကား အလွယ်ပေးခြင်းတည်း၊ "ဧကော-တစ်ယောက်တည်းသည်၊ (ဟုတွာ-ဖြစ်၍)၊ ဧကေန-တစ်ယောက်တည်းသော၊ ပုရိသေန-နှင့်" ဟု ကျနစ္စာ ပေးနိုင်သည်၊ "ယောကျ်ားဘက် ဘိက္ခုနီဘက် ၂ ဖက်လုံးခ္ဍ အဖော်မပါ, တစ်ယောက်စီသာ ဖြစ်သည်" ဟူလို၊ ပုရိသအရလည်း အတူတကွ တည်နေချင် အတူတကွ စကားပြောချင်သော နားလည်ရသော ယောကျ်ားကို ယူ။

တုတ္ထ။ ။ "ရထိကာ" ဟူသည် မြို့တွင်း ရွာတွင်းခ္ဍ အရှေ့အနောက် ဖြစ်စေ, တောင်မြောက်ဖြစ်စေ, ထုတ်ချင်းပေါက်သော မြင်းရထား-ကား စသည်တို့ သွားလာရာ လမ်းတည်း၊ "ဗျူဟ" ကား ထုတ်ချင်းမပေါက်သော (လာခဲ့သောလမ်းကိုပင် ပြန်ထွက်ရသော) တစ်ဆစ်ချိုး လမ်းမျိုးတည်း၊ "သိင်္ဃာဋက" ကား လမ်းဆုံ လမ်းခွတည်း၊ လမ်းအမျိုးမျိုးတွင် မည်သည့် လမ်းခ္ဍမဆို ဘိက္ခုနီသည် ယောကျ်ားနှင့်တစ်ယောက်ချင်း ဟတ္ထပါသ်ခ္ဍ နေမှ-ဟတ္ထပါသ်တွင် မကဘဲ နားအနီး: ကပ်ပြောမှ-ပြောချင်ရာ ပြောရအောင် အဖော် ဘိက္ခုနီကို ပြန်လွှတ်မှ ပါစိတ်အာပတ်သင့်၏။

နိကဏ္ဌိကံ။ ။ နိကဏ္ဌိကံခ္ဍ နိသဒ္ဒါကို သမိပ (အနီး:) အနက်ဟောယူ၍ "ကဏ္ဌသ-နား၏၊ သမီပံ-အနီးသည်၊ နိကဏ္ဌं-မည်၏၊ နိကဏ္ဌမေဝ-နား၏အနီး (နားရင်း) သည်ပင်၊ နိကဏ္ဌိကံ-မည်၏၊" ဏိကပစ္စည်း အနက်သီးခြားမရှိ-ဟူလို။

http://www.dhammadownload.com

အိမ်ရှင်တို့ကို၊ အနာပုစ္ဆာ-မပန်ပြောဘဲ၊ ပက္ကမေယျ-ဖဲသွားအံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယ်။

ယာ ပန ဘိက္ခုနီ-သည်၊ ပစ္ဆာဘတ္တံ-နေလွဲအခါ၌၊ ကုလာနိ ဥပသင်္ကမိတွာသာမိကေ-တို့ကို၊ အနာပုစ္ဆာ-မပန်ပြောဘဲ၊ အာသနေ-နေရာထိုင်ပေါ်၌၊ အဘိနိသီဒေယျဝါ-ထိုင်မူလည်း ထိုင်အံ့၊ အဘိနိပဇ္ဇေယျဝါ-အိပ်မူလည်းအိပ်အံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယ်။

ဆဋ္ဌ

* * * * * *

ပဋ္ဌမ။ ။ ဤသိက္ခာပုဒ်နှင့် ဆဋ္ဌသိက္ခာပုဒ်လာ ပုရေဘတ္တ ပစ္ဆာဘတ္တ သဒ္ဒါတို့သည် ဘိက္ခုအဝေလကဝဂ် စာရိတ္တသိက္ခာပုဒ်၌လာသော ပုရေဘတ္တ ပစ္ဆာဘတ္တတို့နှင့် မတူတတ်၊ ဤ ဘတ္တအရ ဆွမ်းစားရာကာလဟူသည် ဆွမ်းစားနိုင်ရာ မွန်းတည့်အခါတည်း၊ ပုရေဘတ္တ-မွန်းမတည့်မီ၊ ပစ္ဆာဘတ္တ-မွန်းတည့်ပြီးနောက် (နေလွဲ)၊ ဥပသင်္ကမိတွာအရ" ချဉ်းကပ်" ဟူသည် သွားခြင်းပင်တည်း၊ သိက္ခာပုဒ် ၂ ပါးလုံး၌ပင် "အာသနေ" အရ ထိုင်၍ ဖြစ်လောက်သော ဌာနကိုမယူဘဲ ထိုင်ခုံ-အခင်းများကိုယူရမည်။

မွန်းမတည့်မီအတွင်း၌ အိမ်သို့သွားပြီးလျှင် ထိုင်ခုံ-အခင်းပေါ်၌ ထိုင်ပြီးနောက် ပြန်သွားသည့်အခါ အိမ်ရှင်တို့ကို ခွင့်မပန်လျှင် အခင်းထိုင်ခုံပျောက်က အစွပ်စွဲခံရတတ်သဖြင့် နားလည်ပါးလည်ရှိသော အိမ်ရှင်တစ်ယောက်ယောက်ကို "သွားတော့မည်" ဟု ခွင့်ပန်ပြီးမှ သွားရမည်-ဟူလို၊ ထို့ကြောင့် ထိုင်ခုံ (အခင်း) က အသံဟာရိမ (ရွှေ့ရွှေ့ရ-အသေခင်းထား သောအခင်း) ဖြစ်မှ ခွင့်မပန်ဘဲသွားသော်လည်း အနာပတ္တိ-ဟု မိန့်တော်မူသည်။

ဆဋ္ဌ။ ။ နေလွဲအခါ (မွန်းတည့်ပြီးနောက် နေမဝင်မီ) အိမ်သို့သွား၍ အိမ်ရှင်တို့ကို ခွင့်မပန်ဘဲ ထိုင်ခုံ (အခင်း) ပေါ်၌ ထိုင်လျှင် အာပတ်တစ်ချက်, လျောင်းလျှင် အာပတ်တစ်ချက်, ၂ မျိုးလုံးပြုလျှင် အာပတ် ၂ ချက်သင့်၏။ နေရာက တင်ပလ္လင်ခွေ၍မှ မနေလောက်အောင် သေးငယ်မူ ဤသိက္ခာပုဒ်နှင့် ရှေ့သိက္ခာပုဒ် ၂ ရပ်လုံး၌ပင် ဒုက္ကဋ်ဟူ၏၊ ဤသိက္ခာပုဒ်၌ ဘိက္ခုနီတို့ဖို့အမြဲခင်းထားအပ်သော (ဓဝပညတ္တ) နေရာဖြစ်မူ ထိုင်ကောင်း လျောင်းကောင်း၏၊ သာမိက-အရလည်း ရှေးသိက္ခာပုဒ်ကဲ့သို့ နားလည်သူ ဝိညူသာမိကကို မယူရ၊ ပေးနိုင်ဖွယ် (ထိုင်ဖို့အိပ်ဖို့ရန် ခွင့်ပြုနိုင်သူ) ကိုသာ ယူရမည်။

http://www.dhammadownload.com

သဗ္ဗမ ယာ ပန ဘိက္ခုနီ-သည်၊ ဝိကာလေ-အချိန်မဲ့ အခါမဲ့၌၊ ဝါ-နေဝင်သည်မှ နောက်၌၊ ကုလာနိ ဥပသင်္ကမိတွာ သာမိကေ အနာပုစ္ဆာသေယျ-အိပ်ရာနေရာ အခင်းကို၊ သန္ထရိတွာဝါ - ကိုယ်တိုင် ခင်းပြီး၍သော်လည်းကောင်း၊ သန္ထရာပေတွာဝါ-သူတစ်ပါးကို ခင်းစေပြီး၍သော်လည်းကောင်း၊ အဘိနိသီဒေယျဝါ-ထိုင်မူလည်းထိုင်အံ့၊ အဘိနိပဇ္ဇေယျဝါ-အိပ်မူလည်း အိပ်အံ့၊ တဿာ ဘိက္ခုနိယာပါစိတ္တိယံ။

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ ဒုဂ္ဂဟိတေန-မမှန်မကန်ယူခြင်းဖြင့်၊ ဒုပဓာရိတေန-မမှန်မကန် မှတ်သားခြင်းဖြင့်၊ ပရံ-တစ်ပါးသော ရဟန်းမကို၊ ဥဇ္ဈာပေယျ-ကဲ့ရဲ့စေအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * * *

သဗ္ဗမ။ ။ ဤသိက္ခာပုဒ်၌ "ဝိကာလ"အရ နေဝင်ပြီးနောက် ညဉ့်အချိန်အခါကို ယူရမည်၊ ဘိက္ခုရတနဝဂ်လာ-ဝိကာလေ ဂါမပွဝေသနသိက္ခာပုဒ်၌ ပါသော ဝိကာလနှင့်မတူတတ်ပေ၊ နေဝင်သည်မှနောက် အချိန်မဲ့ အခါမဲ့၌ အိမ်သို့သွား၍ အိမ့်ရှင်ကို ခွင့်မပန်ဘဲ အိပ်ရာနေရာ အခင်းများကို ကိုယ်တိုင်ခင်း၍ဖြစ်စေ သူတစ်ပါးကို ခိုင်း၍ဖြစ်စေ ထိုင်လျှင် အာပတ်တစ်ချက်-လျှောင်း(လဲ) လျှင် အာပတ်တစ်ချက်တည်း၊ ဤသိက္ခာပုဒ်၌လည်း (သတ္တမသိက္ခာပုဒ်ကဲ့သို့) ပေးနိုင်-ခွင့်ပြုနိုင်သော အိမ့်ရှင်ကိုသာ "သာမိက"အရ ယူရမည်။

အဋ္ဌမ။ ။ ပြောသူက ချီးမွမ်းစကား ပြောပါလျက် မိမိက အကြားလွဲခြင်း အမှတ်လွဲခြင်းကို "ဒုဂ္ဂဟိတ-ဒုပဓာရိတ" ဟု ခေါ်သည်၊ [ဒု-မကောင်းသဖြင့်၊ ဝါ-အလွဲအမှား+ဂဟိတ=စိတ်ဖြင့်ယူထားခြင်း, နားကြားခြင်း၊ ဥပဓာရိတ-စိတ်ဖြင့်မှတ်သားခြင်း၊] ဥပမာ-ပြောသူက "မည်သူဟာ ငါ့ကို ကောင်းကောင်းမွန်မွန် ပြုစုဖော်ရသည်, သူ့အားသက်နိုးပေးဦးမည်" ဟု ပြောရာ, အပြောနှင့်သက်ဆိုင်သူက "ကောင်းစွာမပြုဘူး, သက်နိုးမပေးဘူး" ဟု ကြားသည်-မှတ်ထားသည်-ဟူလို၊ ထိုကဲ့သို့ အယူလွဲအမှတ်လွဲသဖြင့် အခြား (မိမိအထင်လွဲနေသူ) ရဟန်းမကို ကြားကြားသမျှက ကဲ့ရဲ့ကြလေအောင် အတင်းပြောလျှင် ထိုဘိက္ခုနီမှာ အာပတ်သင့်သည်၊ ရဟန်းမ လူသာမဏေကို ကဲ့ရဲ့စေလျှင် ဒုက္ကဋ်။

---

http://www.dhammadownload.com

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ အတ္တာနံဝါ - မိမိကိုသော်လည်းကောင်း၊ ပရံဝါ-သူတစ်ပါးကိုသော်လည်းကောင်း၊ နိရယေနဝါ-ငရဲဖြင့်သော်လည်းကောင်း၊ ဗြဟ္မစရိယေနဝါ-သာသနာတော်ဟူသော ဗြဟ္မစရိယဖြင့်သော်လည်းကောင်း၊ အဘိသပေယ္ယ-ကျိန်ဆဲအံ့၊ တဿာ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ အတ္တာနံ-မိမိကို၊ ဝဓိတ္တာ ဝဓိတ္တာ-ပုတ်ခတ်၍ ပုတ်ခတ်၍၊ ရောဒေယ္ယ-ငိုအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။ [ဒုတိယော-သော၊ ရတ္တာန္ဓကာရဝဂ္ဂေါ-တည်း။]

* * * * * *

နဝမ။ ။ တစ်စုံတစ်ခု ဘဏ္ဍာပျောက်သော ရဟန်းမက အခြားတစ်ပါးပါးကို "တပည့်တော်ရဲ့ ဥစ္စာများ မမြင်မိပါဘူးလား" စသည်ဖြင့် မေးသည့်အခါ "သူ့ကို ခိုးတယ်ထင်၍ လာမေးတာပဲ" ဟု အောက်မေ့သဖြင့် "သူများဥစ္စာကို ယူတဲ့ အကောင်မမှတ်လို့လား, သူများဟာ ကိုယူလျှင်, နိရယေ ဥပပန္နာမိ=ငရဲကျရစေရဲ့" ဟု မိမိကိုယ်ကို ငရဲဖြင့် ကျိန်လျှင်လည်းကောင်း, ငါ့ကို မဟုတ်ဘဲနှင့် စွပ်စွဲသူလည်း "နိရယေ ဥပပန္နတု=ငရဲ၌ဖြစ်ပါစေဟယ်, ငရဲကျပါစေဟယ်" ဟု သူတစ်ပါးကို ငရဲဖြင့် ကျိန်ဆဲလျှင်လည်းကောင်း, "ဂိဟိနီ ဟောမိ=လူဖြစ်ရစေရဲ့၊ အဿမဏီ ဟောမိ=ရဟန်းမ မဟုတ်ဘဲ ရှိရစေရဲ့" ဟု မိမိကို ဗြဟ္မစရိယ (သာသနာတော်နှင့်စပ်သော ကျိန်မှု) ဖြင့် ကျိန်လျှင်လည်းကောင်း, "လူဖြစ်ပါစေဟယ်" စသည်ဖြင့် သူတစ်ပါးကို ဗြဟ္မစရိယဖြင့် ကျိန်ဆဲလျှင်လည်းကောင်း, ရဟန်းချင်း ကျိန်ဆဲရာ၌ ပါစိတ်, လူသာမဏေကို ကျိန်ဆဲရာ၌ ဒုက္ကဋ်၊ နိရယ ဗြဟ္မစရိယ ၂ မျိုးမှလွတ်သော "ခွေးဖြစ်ရစေရဲ့, သေရစေရဲ့, ခွေးဖြစ်ပါစေ, သေပါစေ" စသည်ဖြင့် ရဟန်းဖြစ်စေ, လူသာမဏေဖြစ်စေ, ကျိန်ဆဲရာ၌ကား ဒုက္ကဋ်ချည်းသာ။

ဒသမ။ ။ ရန်ဖြစ်သည့်အခါ၌ဖြစ်စေ အခြားအခါ၌ဖြစ်စေ မိမိကိုယ်ကို ထုကာ ရိုက်ကာ (ရင်ကို ထု၍ ထု၍) ငိုလျှင် ပါစိတ်၊ ထုရံသာ ထု၍ မငို-ငိုရံသာ ငို၍ မထုလျှင် ဒုက္ကဋ်၊ ဥာတိဗျသန (ဆွေမျိုးပျက်မှု) ရောဂဗျသန (ကျေဂါဖြစ်မှု) ဘောဂဗျသန (စည်းစိမ်ပျက်မှု) တို့နှင့် တွေ့ရ၍ ငိုရံသာ ငိုလျှင် (မထုမငို လျှင်) အနာပတ္တိ။

ရတ္တာန္ဓကာရဝဂ်ပြီး၏။

---

http://www.dhammadownload.com

နဝ္ဌဝဂ်

["နဟာနဝဂ်" ဟုလည်း ခေါ်၏။]

ပထမ ယာ ပန ဘိက္ခုနီ-သည်၊ နဂ္ဂါ-အဝတ်မဆီး, အချည်းနီ:သည်၊ (ဟုတ္တာ-ဖြစ်၍၊) နာယေယျ-ရေချိုးအံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒုတိယ ဥဒက သာဋိကာ-ရေသနုပ်ကို၊ ကာရယမာနာယ - ပြုစေလိုသော၊ ဘိက္ခုနိယာ-ရဟန်:မသည်၊ ပမာဏိကာ-ပမာဏနှင့်ယှဉ်သော ရေသနုပ်ကို၊ ကာရေတဗ္ဗာ-ပြုစေထိုက်၏၊ တတြ-ထို ရေသနုပ်၏၊ ပေ၊ တံ-ထိုပမာဏကို၊ အတိက္ကာမေန္တိယာ-လွန်စေသော ရဟန်:မ၏၊ ဆေဒနကံ ပါစိတ္တိယံ။ [ဘိက္ခု ရတနဝဂ် ကဏ္ဍ၊ ပဋ္ဌာဒိ သိက္ခာပုဒ်အတိုင်: အနက်ဆို။]

* * * * * *

ပထမ။ ။ ခါ:ဝတ်ဖြစ်စေ အပေါ်ရုံဖြစ်စေ တစ်ခုခုမျှ မပါသူကို "နဂ္ဂါ" ဟု ခေါ်၏၊ အဝတ်ဝတ်သည်ကို ရှေ:က (ယခုလည်: အချို့အရပ်၌) "ဆီ:" ဟု ခေါ်၏၊ ရှက်ဖွယ်အရပ်ကို ဖုံ:လွှမ်:-ကာကွယ်-ဆီ:တား:သည်ဟု ဆိုလိုဟန် တူသည်၊ ထိုကဲ့သို့ အဝတ်မဆီ:ဘဲ အချည်:နီ: ရေချိုးလျှင် ဘိက္ခုနီမှာ ပါစိတ်, ဘိက္ခုတို့မှာကား: ဒုက္ကဋ်။

ဖုံ:ကွယ်ခြင်:သုံ:မျိုး။ ။ မီ: ရေ အပြည့်အစုံထား:၍ ရေလည်:ချိုး:နိုင်-ချွေ:လည်:အောင်:နိုင်သော ကျောင်:ကုဋ်တစ်မျိုးကို "ဇန္တာဃရ (ဇရုံ:အိမ်)" ဟု ခေါ်ကြ၏၊ ဇန္တာဃရ ပဋိစ္ဆာဒိ (ဇရုံ:အိမ်ဖြင့် ဖုံ:ကွယ်ခြင်:) -ဥဒက ပဋိစ္ဆာဒိ (မြစ် ချောင်: ကန် စသည်ဝယ် ဆင်:၍ ချိုး:ရာ၌ ရေသနုပ် မဝတ်သော်လည်: ရေဖြင့် ဖုံ:ကွယ်ထား:ခြင်:၊) -ဝတ္ထုပဋိစ္ဆာဒိ (အဝတ် ရေသနုပ်ဖြင့် ဖုံ:ကွယ်ခြင်:) ဟု ၃ မျိုး:ရှိသည်တွင် တစ်မျိုး:မျိုး:ဖြင့် ဖုံ:ကွယ်၍ ရေချိုး:ရမည်၊ ယခုအခါ လုံခြုံသော ရေချိုး:အိမ်များလည်: ဇန္တာဃရနှင့် သဘောတူပင်-ဟု ယူကြ၏။

[ဒုတိယသိက္ခာပုဒ်၌ အဓိပ္ပာယ်မထူ:၊ ဘိက္ခုရတနဝဂ်၌ ဤ သိက္ခာပုဒ်မျိုး: များစွာ ပါခဲ့ပြီ။]

http://www.dhammadownload.com

တတိယ ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ–ရဟန်းမ၏၊ စီဝရံ–သင်္ကန်းကို၊ ဝိသိဗ္ဗေတွာဝါ–ကိုယ်တိုင်ဖြေပြီး၍သော်လည်းကောင်း၊ ဝိသိဗ္ဗာပေတွာဝါ–သူတစ်ပါးကို ဖြေစေပြီး၍သော်လည်းကောင်း၊ သာ–ထို ရဟန်းမသည်၊ ပစ္ဆာ–နောက်၌၊ အနန္တ ရာယိကိနီ–အန္တ ရာယ်မရှိဘဲ၊ စတူဟ ပဉ္စာဟာ – ၄ ရက် ၅ ရက်ကို၊ အညတြ–ကြဉ်၍၊ နေဝ သိဗ္ဗေယျဝါ–ကိုယ်တိုင်မူလည်း ချုပ်မပေးအံ့၊ သိဗ္ဗာပနာယ–ချုပ်စေခြင်းငှါ၊ ဥဿုက္ကဝါ–ကြောင့်ကြကိုမူလည်း၊ နိ ကရေယျ–မပြုအံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

စတုတ္ထ ယာ ပန ဘိက္ခုနီ–သည်၊ ပဉ္စာဟိကံ–၅ရက်ကို၊ ဝါ–၅ ရက်တစ်ကြိမ်၊ သယံဘဋိစာရံ–သင်္ကန်းတို့၏ လှည့်လည်ခြင်းကို၊ အတိက္ကာမေယျ–လွန်စေအံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * * *

တတိယ။ ။ ဘိက္ခုနီသည် အခြား ဘိက္ခုနီတစ်ဦး၏ အချုပ်မကောင်းသော သင်္ကန်းကို ပြင်၍ချုပ်ဖို့ရန် ကိုယ်တိုင်ဖြစ်စေ စေခိုင်း၍ဖြစ်စေ ဖြေပြီးနောက် ချုပ်ခြင်း၌ အန္တ ရာယ်မရှိပါဘဲ ၅ ရက်အတွင်းဝယ် ကိုယ်တိုင်သော်လည်း ချုပ်မပေးအံ့၊ သို့မဟုတ် ချုပ်ဖို့ရန် ကြောင့်ကြသော်လည်း မစိုက်အံ့၊ ဖြေရာနေ့မှ ၅ ရက်လွန်လျှင် ထို ဖြေပေးသော ရဟန်းမမှာ ပါစိတ် အာပတ်။

စတုတ္ထ။ ။ ဘိက္ခုနီတို့သည် မိမိတို့ သင်္ကန်းကို မှီမတက်အောင် အောက်စော်မနံအောင် ၅ ရက်တစ်ကြိမ်ကျ ဝတ်ရ–ရုံရသည်၊ မဝတ် မရုံ (မရမ်း) လျှင်လည်း နေလှန်းပေးရသည်၊ ၅ ရက်ကျော်အောင် ဝတ်လည်း မဝတ်, ရမ်းလည်းမရမ်း, နေသော်လည်း မလှန်းလျှင် ပါစိတ်အာပတ်သင့်၏၊ သယံဘဋိစာရံ၌ သယံဘဋိအရ သင်္ကန်းကြီးကိုသာ မယူရ၊ "သံဃဋိယတေ–ချုပ်စပ်အပ်၏" ဟူသော ဝိဂြိဟ်အရ သင်္ကန်း ၅ ထည်လုံးကို ယူရသည်၊ "စာရ" အရ ထိုသင်္ကန်းများ၏ လှည့်လည်ခြင်းဟူသည် လဲလှယ်၍ဝတ်ခြင်း နေလှန်းခြင်းပင်တည်း၊ သင်္ကန်း ၅ထည်ကား–တိစီဝရိက် ၃ ထည်, ရေသနပ် နှင့် ရင်စည်း တဘက်တည်း။

http://www.dhammadownload.com

ပဌမ — ယာ ပန ဘိက္ခုနီ–သည်၊ စီဝရ သင်္ကန်းကို – ပြောင်းရွှေ့အပ်သော သင်္ကန်းကို၊ ဝါ–ပြန်ပေးအပ်သော သင်္ကန်းကို၊ ဓာရေယျ–ဆောင်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဆဋ္ဌမ — ယာ ပန ဘိက္ခုနီ–သည်၊ ဂဏသ–ဘိက္ခုနီသံဃာ၏၊ စီဝရ လာဘံ–သင်္ကန်း လာဘ်ကို၊ အန္တ ရာယ်–အန္တ ရာယ်ကို၊ ကရေယျ–ပြုအံ့၊ တဿာ ပါစိတ္တိယံ။

သတ္တမ — ယာ ပန ဘိက္ခုနီ–သည်၊ ဓမ္မိကံ–တရားရှိသော၊ စီဝရဝိဘင်္ဂ – သင်္ကန်းဝေဖန်ခြင်းကို၊ ပဋိဗာဟေယျ–တားမြစ်အံ့၊ တဿာ ပါစိတ္တိယံ။

* * * * * *

ပဌမ။ ။ "သင်္ကန်းယူ=ပြောင်းရွှေ့" ဟူသည် ပြန်ပေးရခြင်းတည်း၊ ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ (တိတ်တိတ်) ယူဝတ်ပြီးနောက် မိမိထံ၌ အမြဲမထားနိုင်ဘဲ ပြန်ပေးအပ်သော သင်္ကန်းဟူလို၊ "ထိုသင်္ကန်းကိုဆောင်ခြင်း" ဟူရာ၌ ဥစ္စာရှင်ကို မသိစေဘဲ တိတ်တိတ်ယူ၍ ဝတ်ခြင်းတည်း၊ ထို့ကြောင့် ဥစ္စာရှင်ကို ခွင့်မပန်ဘဲ တိတ်တိတ်ယူ၍ဝတ်သော ဘိက္ခုနီမှာ (မိမိသင်္ကန်း ပျောက်ခြင်း–သူခိုး အခိုးခံရခြင်း စသော အကြောင်းလည်း မရှိလျှင်) ပါစိတ်။

ဆဋ္ဌမ။ ။ "ဂဏသ" အရ ၂ ပါး ၃ ပါး စသော ဂိုဏ်းကို မယူရ၊ ဘိက္ခုနီ သံဃာကိုပင် ယူရသည်၊ "ဘိက္ခုနီ သံဃာအား မည်သည့်ဒါယကာက သင်္ကန်း လှူလိမ့်မည်" ဟု ကြားလျှင် မလှူဖြစ်အောင် အားထုတ်ခြင်းကို "အန္တ ရာယ်ပြုခြင်း" ဟုဆိုသည်၊ ထိုကဲ့သို့ ဘိက္ခုနီသံဃာ၏ ရထိုက်သော (ရခွင့်ရှိသော) သင်္ကန်းကို အန္တ ရာယ်ပြုသော ဘိက္ခုနီမှာ ပါစိတ်၊ တစ်ပါး ၂ ပါး အခြားဂိုဏ်း၏ သင်္ကန်းလာဘ်ကို အန္တ ရာယ်ပြုလျှင်လည်းကောင်း, သင်္ကန်းမှ တစ်ပါး အခြားပစ္စည်းများကို အန္တ ရာယ်ပြုလျှင်လည်းကောင်း, ဒုက္ခင့်၊ "ယခု မလှူကြသေးနှင့်, အဖိုးချိုတဲ့ အခါကျမှ လှူကြတာပ" ဟု အကျိုးအကြောင်း ပြ၍ စိတ်ကောင်းဖြင့် တားထားလျှင် အနာပတ္တိ။

သတ္တမ။ ။ သင်္ကန်းဝေဖန်မည်ဟု ဘိက္ခုနီသံဃာတို့ ညီညွတ်စွာ စည်းဝေးမိသည့်အခါ မိမိဆိုင်ရာ ဘိက္ခုနီက အရပ်တစ်ပါး သွားခိုက်ကြိုသဖြင့် မဝေဖန်ဖြစ်အောင် ပြောဆို နှောင့်ယှက်သော ဘိက္ခုနီမှာ ပါစိတ်။ [ဘိက္ခုနီ သံဃာတို့ ညီညွတ်စွာ စည်းဝေးမိခြင်းကိုပင် "ဓမ္မိက" ဟု ဆိုလိုသည်။]

http://www.dhammadownload.com

ယာ ပန ဘိက္ခုနီ–သည်၊ **အဂါရိကဿဝါ**–**အိမ်နေသူ လူ**
အဋ္ဌမ **အားသော်လည်းကောင်း။ ပရိဗ္ဗာဇကဿဝါ**–**ပရိဗိုဇ်ယောက်ျား**
အားသော်လည်းကောင်း။ ပရိဗ္ဗာဇိကာယဝါ–**ပရိဗိုဇ်မအားသော်လည်းကောင်း။**
သမဏ စီဝရံ–**ကပ္ပဗိန္ဒု ထိုးအပ်ပြီးသော ရဟန်းတို့၏ သင်္ကန်းကို**၊
ဒဒေယျ–**မေးအုံ**၊ **တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ**။

ယာ ပန ဘိက္ခုနီ–သည်၊ **ဒုဗ္ဗလ စီဝရပစ္စာသာယ**–**သင်္ကန်း၌**
နဝမ **အားနည်းသော မျှော်လင့်ချက်ဖြင့်**၊ **စီဝရကာလ သမယ်**–
သင်္ကန်းကာလအခါကို၊ **အတိက္ကာမေယျ**–**လွန်စေအုံ**၊ **တဿာ ဘိက္ခု နိယာ**
ပါစိတ္တိယံ။

* * * * * *

အဋ္ဌမ။ ။ သမဏစီဝရ အရ ဝတ်လောက် ရုံလောက်သော ကပ္ပဗိန္ဒု ထိုးအပ်ပြီး သင်္ကန်းကိုယူ၊ အဂါရိက အရ "လူ" ဟု ဆိုသော်လည်း မိဘမှ တစ်ပါး အခြားလူများကိုယူ၊ သီတင်းသုံးဖော် ၅ ဦးနှင့် မယ်တော် ခမည်း တော်မှတစ်ပါး လူဝတ်ကြောင်–ဖိုးသူတော်–သီလရှင်–ရသေ့ (ယောကျ်ား မိန်းမ) ပရိဗိုဇ် ဟူသမျှအား သမဏစီဝရကိုပေးသော ဘိက္ခုနီမှာ ပါစိတ်, ဘိက္ခုတို့မှာ ဒုက္ကဋ်၊ ကပ္ပဗိန္ဒု မထိုးရသေးလျှင်ကား သမဏ စီဝရ အမည်မရ သေး၍ ပေးသင့်သူအား ပေးကောင်း၏။

မှတ်ချက်။ ။ ဤစကားကို ကောက်ချက်ချလျှင် ကပ္ပဗိန္ဒု မထိုးရသေး သော (သင်္ကန်းဟုခေါ်သော) အဝတ်ကို လူများ၀တ်ရုံကောင်း၏–ဟု အဓိပ္ပာယ် ရ၏၊ သို့ဖြစ်လျှင် ၂ ထပ်သင်္ကန်းကြီးကို သာမဏေတို့ ဝတ်ရာ၌ ဝတ်ကောင်း ကြောင်းကိုကား ဆိုဖွယ်မရှိပြီ။

နဝမ။ ။ [ဒုဗ္ဗလ=အားနည်းသော (မျှော်လင့်ချက် အနည်းငယ်သာ ရှိသော) **စီဝရ ပစ္စာသာ**=**သင်္ကန်း**၌ **ရလိမ့်မည်ဟု မျှော်လင့်ချက်**။] **ဒါယကာ** **တစ်ယောက်ယောက်က ဘိက္ခုနီ သံဃာအား "မည်သည့်အခါ သင်္ကန်း** **လှူပါမည်" ဟု အသေအချာ လျှောက်ခြင်းမဟုတ်ဘဲ "တပည့်တော် တစ်နိုင်** **လျှင် သင်္ကန်းလှူပါမည်" ဟု မသေမချာ လျှောက်ထားရာ, ထိုစကားအရ** ဘိက္ခုနီသံဃာမှ သင်္ကန်းရဖွယ် ရှိသည်ဟု **မျှော်လင့်ခြင်း**ကို "**ဒုဗ္ဗလပစ္စာ** **သာ**" ဟုခေါ်သည်။

[**စီဝရကာလသမယ**ကို ပြန်ပြီ။] ထိုလအတွင်း၌ ရသမျှ သံဃိကသင်္ကန်း သည် တိုက်တွင်း၌ ပုရိမ ဝါကျွတ်သော သံဃာသာ ရထိုက်၏၊ ထို့ကြောင့်

http://www.dhammadownload.com

ဒသမ

ယာ ပန ဘိက္ခုနီ–သည်၊ ဓမ္မိက်–တရားရှိသော၊ ကထိနဒွါရံ–ကထိန်နတ်ခြင်းကို၊ ပဋိဗာဟေယျ–တားမြစ်အုံ၊ တဿာ ဘိက္ခုနိယာပါစိတ္တိယံ။ [တတိယော–၃ ဝဂ်မြောက်သော၊ နဂ္ဂဝဂ္ဂေါ–တည်း။]

* * * * * *

ပုရိမဝါကျတ်သော သံဃာများက သံယိကသင်္ကန်းကို ဝေဖန်မည် ဟု စည်းဝေးကြလျှင် မသေချာသော စိုဝရ ပစ္စာသာဖြင့် "နေကြပါဦး, နောက်ထပ် သင်္ကန်း ရပါလိမ့်ဦးမည်" ဟု တားမြစ်ထားလျှင် သင်္ကန်းကာလ လွန်သွားက ပုရိမဝါကျတ်သော ရဟန်းများမှာ ရသင့်သော လာဘ်မှလည်း ဆုတ်ယုတ်တတ်–နောက်ထပ်ရဖွယ် သင်္ကန်းကလည်း ရချင်မှ ရမည်ဖြစ်၍ နှောင့်ယှက်ရာ ရောက်သောကြောင့် ဘိက္ခုနီမှာ ပါစိတ်။

ဒသမ။ ။ ကထိန်ခင်းပြီးလျှင် ကထိန်အာနိသင်ရရာ တပေါင်းလပြည့်အတွင်း၌ ရသမျှသင်္ကန်းကို ပုရိမဝါကျတ်သော သံဃာသာ ဝေဖန်၍ ယူနိုင်၏၊ ပစ္ဆိမဝါကျတ်သူနှင့် ဝါကျတ်ပြီးမှ ရောက်လာသော သံဃာများမှာ ထိုလပြည့်အတွင်း၌ သံယိကသင်္ကန်းကို ဝေဖန်၍ ယူခွင့်မရ၊ ထိုကဲ့သို့ ဖြစ်နေရာဝယ် ဒါယကာ တစ်ယောက်ယောက်က "ပုရိမဝါကျတ်သူ ပစ္ဆိမဝါကျတ်သူ ဝါကျတ်ပြီးမှ ရောက်လာသူသံဃာအားလုံးအား အကာလသင်္ကန်း လှူဒါန်းလိုပါသည်ဟု လျှောက်လာလျှင် ခင်းပြီးသောကထိန်ကို ပြန်၍ရုပ်သိမ်းသော အားဖြင့် ဥတ်ကမ္မဝါစာဖတ်၍ ကထိန်နတ်ခွင့် ပြုတော်မူသည်၊ ထိုသို့ကထိန်နတ်လိုက်သည့်အခါ ကထိန်အာနိသင် ပျက်ပြယ်လေပြီဖြစ်၍ တိုက်ရှိ သံဃာအားလုံးပင် အညီအမျှ သံယိကသင်္ကန်းကို ဝေဖန်၍ ယူနိုင်သည်။

ဆက်ဦးအုံ–ဤကထိန်နတ်ခွင့် ပြုတော်မူခြင်းမှာ သံဃာအားလုံး ညီတူညီမျှ သံယိကသင်္ကန်းကို ရပါစေတော့ဟု သဘောတော်ထား၍ ခွင့်ပြုတော်မူခြင်း ဖြစ်သော်လည်း ပုရိမဝါကျတ်သော သံဃာများမှာ အရနည်းနေလျှင် မသင့်လျော်ချေ၊ သို့ဖြစ်၍ ကထိန်နတ်ခြင်းကြောင့် ရရှိမည့်လာဘ်သည် ကထိန်အာနိသင် လာဘ်အောက်နည်းနေလျှင် "ဓမ္မိကကထိနဒွါရ–တရားနှင့်လျော်သော ကထိန်နတ်ခြင်း" မဟုတ်၊ ကထိန်နတ်ခြင်းကြောင့် နောက်ထပ် ရရှိမည့် လာဘ်က ကထိန်အာနိသင် လာဘ်ထက် များသော်လည်းကောင်း၊ တန်းတူသော်လည်းကောင်း ဖြစ်မှ "ဓမ္မိက ကထိနဒွါရ" ဖြစ်သည်၊ ထိုဓမ္မိက ကထိနဒွါရကို တားမြစ်သော ဘိက္ခုနီသာ ပါစိတ်အာပတ်သင့်သည်။

နဂ္ဂဝဂ်ပြီး၏။

http://www.dhammadownload.com

တုဝဋ္ဌဝဂ်

ပထမ ယာ ပန ဘိက္ခုနိယော–အကြင်ရဟန်းမတို့သည်၊ ဒွေ–နှစ်ယောက်တို့သည်၊ (ဟုတ္တာ–ဖြစ်၍)၊ ကေမဇ္ဇေ–ညောင်စောင်းတစ်ခုတည်း၌၊ တုဝဋ္ဌေယျုံ–အိပ်ကုန်အံ့၊ တာသံ ဘိက္ခုနိနံ–ထိုရဟန်းမတို့၏၊ ပါစိတ္တိယံ–ပါစိတ်အာပတ်သည်၊ ဟောတိ–ဖြစ်၏။

ဒုတိယ ယာ ပန ဘိက္ခုနိယော–တို့သည်၊ ဒွေ–တို့သည်၊ ကေတ္တရဏ ပါဝုရဏာ–တစ်ခုတည်းသော အခင်းအဖြိ ရှိကြကုန်သည်၊ (ဟုတ္တာ–ဖြစ်၍)၊ တုဝဋ္ဌေယျုံ–အိပ်ကုန်အံ့၊ တာသံ ပါစိတ္တိယံ ဟောတိ။

* * * * * *

ပထမ။ ။ ညောင်စောင်း (ခုတင်) တစ်ခုတည်း၌ ၂ ယောက်အတူ အိပ်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်အာပတ်သင့်၏၊ ဘိက္ခုတို့ကား ဒုက္ကဋ် အာပတ်ဟု ခုဒ္ဒက ဝတ္ထုခန္ဓကဌ် ပညတ်တော်မူသည်။

ဒုတိယ။ ။ "ကေ၊ အတ္ထရဏဆ္ဆ ဝ ပါဝုရဏဆ္ဆ တောသံတိ ကေတ္တရဏ ပါဝုရဏာ=တောသံ–ဤ ဘိက္ခုနီတို့၏၊ ကေ–တစ်ခုတည်းသော၊ အတ္ထရဏ ဆ္ဆေ ဝ–အခင်းသည်လည်းကောင်း၊ ပါဝုရဏဆ္ဆ–အဖြိုသည်လည်းကောင်း၊ အတ္ထိ–ရှိ၏" ဤဝိဂြိုဟ်အရ–စောင်တစ်ထည်ကို တစ်ပိုင်းကခင်း၍ ထိုအခင်းပေါ်၌ ၂ ပါ:အတူအိပ်ပြီးလျှင် တစ်ပိုင်းကိုခြုံထား သူကို "ကေတ္တရဏ ပါဝုရဏာ" ဟုခေါ်သည်၊ သင်ဖြူး ကော်ဇောများကို ထိုကဲ့သို့ ခင်း၍ ခြုံရာ၌လည်း ဤနည်းပင်၊ ဤသို့ ကေတ္တရဏ ပါဝုရဏာဖြစ်အောင် အိပ်ကြရာ၌ ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ် ဟု ခုဒ္ဒကဝတ္ထုခန္ဓကဌ် မိန့်တော်မူသည်။

ဆက်ဦးအုံ –သိက္ခာပုဒ်ရင်းဝယ် တစ်ထည်တည်းကိုပင် ခင်းလည်းခင်း, ခြုံလည်းခြုံရာ၌ ပါစိတ်ဟု ပညတ်တော်မူသည်၊ တစ်ခင်းထဲ၌ (မခြုံဘဲ) အတူအိပ်လျှင်လည်းကောင်း, အခင်းမှာ အသီးအသီးခင်း၍ အတူခြုံလျှင်လည်းကောင်း ဘိက္ခု ဘိက္ခုနီ ၂ မျိုးလုံးမှာပင် ဒုက္ကဋ်ချည်းသာ၊ ဤ ကေတ္တရဏအရာ၌ အဋ္ဌကထာဝယ် ပြောင်းရွှေ့၍ ရစကောင်းသော စောင်ကြီး ကော်ဇောကြီး ဖျာ သင်ဖြူးကြီးများကို ပြသောကြောင့် ယခုအခါ သင်ဖြူးကြီး ကော်ဇောကြီးပေါ်၌ ကိုယ်စီ ကိုယ်ဝ အခင်းရှိမှ အိပ်ကောင်း သည်ကို သတိပြု၊ အခင်းသီးခြားမရှိဘဲ မလွဲသာ၍ အိပ်ခွင့်ကြုံခဲ့သော် ၂ ပါ: အလယ်၌ သက်နံ:တစ်ထည်ဖြစ်စေ တောင်ဝှ:

http://www.dhammadownload.com

တတိယ ယာ ပန ဘိက္ခုနီ-သည်၊ သဠေ့စ္ခ-သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍၊ ဘိက္ခုနီယာ-ရဟန်းမ၏၊ အဖါသုံ-မချမ်းသာမှုကို၊ ကရေယျ-အုံ့၊ တဿာ ပါစိတ္တိယံ။

* * * * * *

ခါ:ပန်:ကြို: တစ်မျိုးမျိုးကိုဖြစ်စေ, အပိုင်:အခြား:ထား:ပြီ:မှ (အလယ်ကတန်:၍ ချထား:ပြီ:မှ) အိပ်လျှင် အနာပတ္တိ။ [ခုတင်ငယ်တစ်ခုဝယ် ၂ ပါ:အိပ်ရာ၌ကား: ဤကဲ့သို့ အလယ်၌ ခြား:ထား:ရုံဖြင့် ပထမသိက္ခာပုဒ်လာ အာပတ်မှမလွတ်။]

တတိယ။ ။ သဠေ့စ္ခ၌ သံသဒ္ဒါသည် "တကွ" ဟူသော အနက်ရှိ၏၊ တကွ- ဟူသည်မှာလည်: "သညာနှင့်တကွ"တည်:၊ သညာဟူသည်လည်: "ဤကဲ့သို့ ပြုလျှင် သူ့ကို မချမ်:သာအောင် ပြုရာရောက်၏" ဟု သိသော သညာတည်:၊ ထိုကဲ့သို့သိလျက် တမင်တကာပြုခြင်:ကို "သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်ခြင်:-အား:ထုတ်ခြင်:" ဟု ဆိုသည်။

လူတစ်ဖက်သား:ကို စိတ်မချမ်:သာအောင် ပြုပုံကား:။ ။ ထိုသူ၏ ရှေ့၌ စကြိုလျှောက်ခြင်:-ရပ်နေခြင်:-ထိုင်နေခြင်:-စာတက်ခြင်:-စာချခြင်:-မေးခြင်:-စာပြန်ခြင်: စသည်များတည်:၊ အချုပ်မှာ-တစ်ဖက်သား: မချမ်:သာအောင် အရွဲ့တိုက်၍ ပြုသမျှ မခန့်လေ:စား:ပြုသမျှကို "မချမ်:သာအောင် ပြုခြင်:" ဟု ဆိုလိုသည်၊ ထိုသို့ ဘိက္ခုနီကို (ဘိက္ခုကိုပါယူ) မချမ်:သာအောင် ပြုလျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့ကား: ဒုက္ကဋ်ဖြစ်သင့်၏၊ လူသာမဏေများကို မချမ်:သာအောင်လုပ်ရာ၌ကား: ဒုက္ကဋ်ချည်:သာ။

ဆက်ဦ:အုံ - အခြား:သူကို မချမ်:သာစေလိုသောစိတ်မရှိဘဲ မိမိဘာသာ စာအံခြင်: စသည်တို့ကို ပြုရာ၌လည်: မိမိထက်ကြီ:သော ပုဂ္ဂိုလ်များအထံ (တစ်ကျောင်:တည်:ဖြစ်မှ) ခွင့်ပန်ပြီ:မှ စာချ-စာဖတ်-စာအံ-တရား:ဟော-မီ:ထွန်:-မီ:ငြိမ်:-တံခါ:ဖွင့်-တံခါ:ပိတ်မှုများကိုပြုရမည်၊ ခွင့်မပန်ဘဲပြုလျှင် ဒုက္ကဋ်ဟု ဝတ္ထုကွန်းကဋ္ဌ ပညတ်တော်မှသည်၊ ခွင့်ပန်ဟူရာ၌ကား: ထိုကျောင်:တိုက်သို့ ရောက်စက "စာအံ မီ:ထွန်:မှစ၍ ခွင့်ပြုစကောင်:သော ဝတ်များကို ခွင့်ပြုတော်မူကြပါ"ဟုလျှောက်ထား:လျှင်လည်: ခွင့်ပန်ပြီ: ဖြစ်တော့၏၊ တစ်ပါ:နှင့်တစ်ပါ: အကျမ်:ဝင်သည် ကျေနပ်လောက်သည်ဟု သဘောထား:၍ ခွင့်မပန်ဘဲ ပြုလျှင်လည်:ကောင်:-တတ်သိနား:လည်သောထေရ်ကြီ:ဖြစ်၍ ထေရ်ကြီ:ကိုယ်တိုင်က "ချမ်:သာသလို နေတာပေါ့" ဟု ခွင့်ပြုထား:လျှင်လည်:ကောင်:, စာအံမှုစသော အား:လုံ:ကိစ္စများ၌ ခွင့်မပန်စေကာမူ အနာပတ္တိ။

http://www.dhammadownload.com

စတုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ ဒုက္ခိတံ-ဒုက္ခ ရောက်နေသော၊ သဟဓိဝိနီ-အတူတကွ အသက်ရှည်လေ့ရှိသော တပည့်မကို၊ ဝါ-ဥပဇ္ဈာယ်ယူ အတူနေ တပည့်မကို၊ နေဝ ဥပဋ္ဌဟေယျ-ကိုယ်တိုင်မူလည်း မလုပ်ကျွေးအံ့၊ ဥပဋ္ဌာပနာယ - လုပ်ကျွေးစေခြင်းငှါ၊ ဥဿုက္ကံ-ကြောင့်ကြကို၊ နေ ကရေယျ-အံ့၊ တဿာ ပါစိတ္တိယံ။

ပဉ္စမ ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုနိယာ-ရဟန်းမအား၊ ဥပဿယံ-ကျောင်းကို၊ ဒတ္တွာ-ပေးပြီး၍၊ ကုပိတာ-စိတ်ဆိုးသည်၊ အနတ္တမနာ-မိမိစိတ်မရှိသည်၊ (ဟုတ္တွာ-၍၊) နိကမေယျ ဝါ-ကိုယ်တိုင်မူလည်း နှင်ထုတ်အံ့၊ နိကမာပေယျ ဝါ-သူတစ်ပါးကိုမူလည်း နှင်ထုတ်စေအံ့၊ တဿာ ပါစိတ္တိယံ။

ဆဋ္ဌ ယာ ပန ဘိက္ခုနီ ဂဟပတိနာ ဝါ ဂဟပတိပုတ္တေန ဝါ၊ သံသဋ္ဌာ-ရောနှောလျက်၊ ဝိဟရေယျ၊ သာ ဘိက္ခုနီ-ထို ရဟန်းမသည်၊ ဝါ - ကို၊ ဘိက္ခုနိဟိ ဧဝံ ဝစနီယာ အသေ၊ (ကိ-အဘယ်သို့ ပြောဆိုထိုက်သနည်း၊) အယျေ-အရှင်မ၊ ဂဟပတိနာပိ-အိမ်ရှင်ယောကျ်ားနှင့်လည်းကောင်း၊ ဂဟပတိ ပုတ္တေနာပိ သံသဋ္ဌာ မာဝိဟရိ၊ အယျေ ဝိဝိစ္စ၊ ဘဂိနိယာ-ညီမ၏၊ ဝိဝေကညော သံယော ဝဏ္ဏေတိ၊

* * * * * *

စတုတ္ထ။ ။ မကျန်းမာ ဖြစ်နေသူကို "ဒုက္ခိတ" ဟု ဆိုလိုသည်၊ သဟဓိဝိနီအရ "အတူတကွ အသက်ရှည်လေ့ရှိသူ" ဟူသည် "သဒ္ဓိဝိဟာရိနီ" ခေါ် ဥပဇ္ဈာယ်ယူနေသော (သူ့ကိုယ်တိုင် ရဟန်းပြုပေးရသော) တပည့်မ အရင်း အချာတည်း၊ ထို တပည့်မရင်း မကျန်းမာ ဖြစ်နေသည့်အခါ ကိုယ်တိုင်လည်း မလုပ်ကျွေး မပြုစု-သူတစ်ပါးကို ပြုစုစေဖို့ရန် ကြောင့်ကြလည်း မစိုက်လျှင် ပါစိတ်၊ "အန္တေ ဝါသိနီ" ခေါ် နီသရည်းယူ တပည့်-စာတက်နေသော တပည့်များကို မပြုစုရာ၌ ဒုက္ကဋ်။

ပဉ္စမ။ ။ မိမိပိုင် ပုဂ္ဂလိကကျောင်းကို အခြား ရဟန်းမအား ပေးပြီးမှ စိတ်ဆိုး၍ နှင်ထုတ်လျှင် သို့မဟုတ် ဆွဲချခိုင်းလျှင် ကျောင်း၏ တံခါးတို့ကို လွန်အောင် တစ်ကြိမ်တည်းဆွဲထုတ်ရလျှင် ပါစိတ်တစ်ချက်, အကြိမ်ကြိမ် ဆွဲထုတ်ရလျှင်ကား ပယောဂများသလောက် ပါစိတ်တို့ပွား၏၊ တံခါးမရှိသော ကျောင်းမှ ဆွဲထုတ်ရာ၌ ဒုက္ကဋ်။

http://www.dhammadownload.com

ဣတိ-ဤသို့ ပြောဆိုထိုက်၏၊ ဝေဠု သာ ဘိက္ခုနီ ဘိက္ခုနီဟိ ဝုစ္စမာနာ တထေဝ ပဂ္ဂဏှယျသာဘိက္ခုနီ ဘိက္ခုနီဟိ, တဿ-ထိုအပြုအမူကို၊ ပဋိနိသဂ္ဂါယ ယာဝတတိယံ သမနုဘာသိတဗ္ဗာ၊ ယာဝတတိယံ သမနုဘာသိယမာနာ တံစေ ပဋိနိသဇ္ဇေယျ၊ ဣစ္ဆေတံ ကုသလံ, နောစေ ပဋိနိသဇ္ဇေယျ, တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

သဏ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ အန္တောရဋ္ဌေ-တိုင်းနိုင်ငံအတွင်း၌၊ သာသကံ သမ္မတေ-ယုံမှားဖွယ် ရှိ၏ဟု သမုတ်အပ်သော၊ သပ္ပဋိဘယေ-ဘေးရန်နှင့်တကွ ဖြစ်သောအရပ်၌၊ အသတ္ထိကာ-အဖော်ကုန်သည် မပါဘဲ၊ စာရိကံ - ဒေသစာရိကို၊ စရေယျ-လှည့်လည်အံ့၊ တဿာ ပါစိတ္တိယံ။

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည် တိရောရဋ္ဌေ-အခြားတစ်နိုင်ငံ၌၊ သာသကံသမ္မတေ သပ္ပဋိဘယေ အသတ္ထိကာ စာရိကံ စရေယျ၊ တဿာ ပါစိတ္တိယံ။

* * * * * *

ဆဋ္ဌ။ ။ ဤသိက္ခာပုဒ်၏ အနက်အဓိပ္ပာယ်မှာ သံဃာဒိသေသ် ၁၂ နံပါတ် သိက္ခာပုဒ်ကို နည်းမှီ၍ သိနိုင်လောက်ပြီ၊ ဂဟပတိ၏ အနက်ကိုကား သံဃာဒိသေသ် ၁ နံပါတ် သိက္ခာပုဒ်၌ ပြခဲ့ပြီ။

သတ္တမ, အဋ္ဌမ။ ။ မိမိနေရာ နိုင်ငံကို အန္တောရဋ္ဌ (နိုင်ငံတွင်း) ဟုခေါ်၏၊ ယခု မြန်မာနိုင်ငံမျိုးတည်း၊ မိမိနိုင်ငံမှတစ်ပါး အခြားနိုင်ငံကို တိရောရဋ္ဌ (နိုင်ငံ၏တစ်ဖက် အခြားတစ်နိုင်ငံ) ဟုခေါ်၏၊ ယခုအခါ တရုတ်ပြည်စသည်မျိုးတည်း၊ နိုင်ငံတွင်းဖြစ်စေ-ပြင်ပနိုင်ငံဖြစ်စေ ဘေးအန္တရာယ်မကင်းသည့်နေရာမျိုး၌ အဖော်ဖြစ်သူ ကုန်သည်မပါဘဲ ဒေသစာရီ လှည့်လည် သွားလာလျှင် (ဘိက္ခုနီအဖော် အများအပြား ပါစေကာမူ) တစ်ရွာမှ တစ်ရွာသို့ကူးတိုင်း-ယူဇနာဝက် လွန်တိုင်း ပါစိတ်အာပတ်သင့်၏၊ တစ်ယောက်တည်းသွားမူကားပြခဲ့သော ဂါမန္တရသိက္ခာပုဒ်အရ သံဃာဒိသေသ်အာပတ်။

http://www.dhammadownload.com

နဝမ ယာ ပန ဘိက္ခုနီ-သည်၊ အန္တော ဝဿ-ဝါတွင်း၌၊ စာရိုက် စရေယျ၊ တဿာပါစိတ္တိယ်။

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ ဝဿ-မိုးလပတ်လုံး၊ ဝုတ္ထာ-နေပြီးသည်၊ (သမာနာ-ဖြစ်လတ်သော်၊) အန္တ မသော-အောက်ဆစ်ဆုံးအားဖြင့်၊ ဆပ္ပဠ္ဌယောဇနာနိပိ-ခြောက်ယူဇနာ ငါးယူဇနာတို့ တိုင်တိုင်လည်း၊ စာရိုက်-လှည့်လည်အပ်သော အရပ်သို့၊ နိ ပက္ကမေယျ-မဖဲသွားအုံ့၊ တဿာ ပါစိတ္တိယ်။ [စတုတ္ထော-လေးဝဂ်မြောက်သော၊ တုဝဋ္ဌဝဂ္ဂေါ-တည်း။]

* * * * * *

နဝမ။ ။ ပုရိမဝါတွင်းဖြစ်စေ, မစ္ဆိမဝါတွင်းဖြစ်စေ, မသွားမဖြစ်လောက်သော ကိစ္စအထူးမရှိဘဲ အခြားအရပ်သို့ ညဉ့်အိပ်ခရီးသွားလျှင် ဘိက္ခုနီတို့မှာ ပါစိတ်, ဘိက္ခုတို့မှာ ဒုက္ကဋ်၊ သတ္တာဟကရဏီယ (၇ ရက်အတွင်း ပြီးအောင် ပြုနိုင်လောက်သော မိဘ-ဆရာ ရတနာ ၃ ပါးစသော ကိစ္စ) ရှိလျှင် ဝါပန်၍ သွားကောင်း၏၊ "ဝါပန်" ဟူသည်မှာလည်း ၇ ရက်အတွင်း ပြန်လာမည်ဟု အာဘောဂ (နှလုံးသွင်း) ပြုခြင်းပင်တည်း၊ တချို့ကား ဘုရားရှေ့-ထေရ်ကြီးရှေ့ စသည်၌ "အန္တော သတ္တာဟေ ပတိ နိဝတ္တေဿာမိ=၇ ရက်အတွင်း၌ ပြန်လာပါမည်" ဟု ခွင့်ပန်သလို ပန်ကြ၏၊ ကျမ်းဂန်မှာ မလာချေ၊ သတ္တာဟကရဏီယ အကျယ်ကို ဝဿုပနာယိကခန္ဓကမှာ ရှု။

ဒသမ။ ။ ဝါကျွတ်သည့်အခါ အနည်းဆုံး ၅ ယူဇနာဖြစ်စေ, ၆ ယူဇနာဖြစ်စေ ခရီးထွက်ရမည်၊ ခရီးမထွက်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ မိမိနေရာမှ ၃ ယူဇနာခရီးကိုသွားပြီး၍, အခြားလမ်းဖြင့် မိမိနေရာသို့ ပြန်လာလျှင်လည်း ၆ ယူဇနာပြည့်သည်သာ၊ အန္တ ရာယ်ရှိခြင်း အဖော်မရခြင်းကြောင့် မသွားလျှင် အနာပတ္တိ။

တုဝဋ္ဌဝဂ်ပြီးပြီ။

http://www.dhammadownload.com

စီတ္တာဂါရဝဂ်

ပထမ

ယာ ပန ဘိက္ခုနီ-သည်၊ ရာဇာဂါရံဝါ-မင်း၏ အိမ်တော်ကိုသော်လည်းကောင်း၊ စိတ္တာဂါရံဝါ-ဆန်းကြယ်သော အိမ်ကိုသော်လည်းကောင်း၊ အာရာမံဝါ-အာရာမ်ကိုသော်လည်းကောင်း၊ ဥယျာနံဝါ- ဥယျာဉ်ကိုသော်လည်းကောင်း၊ ပေါက္ခရဏိ ဝါ-ရေကန်ကိုသော်လည်းကောင်း၊ ဒဿနာယ- ကြည့်ရှုခြင်းငှါ၊ ဂစ္ဆေယျ-သွားအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒုတိယ

ယာ ပန ဘိက္ခုနီ-သည်၊ အာသန္ဒိ ဝါ-လက်ရှစ်သစ်ထက်လွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်ကိုသော်လည်းကောင်း၊ ပလ္လင်္ကံ ဝါ-ခြေသုံ့ သစ် ကျားစသော သားရဲရုပ်ရှိသော ပလ္လင်ကိုသော်လည်းကောင်း၊ ပရိဘုဥ္ဇေယျ-သုံးစွဲအံ့၊ တဿာ ဘိက္ခုနိယာ, ပါစိတ္တိယံ။

* * * * * *

ပထမ။ ။ ရှင်ဘုရင်၏ မွေလျော်ပျော်ပါ: ကစားဖို့ရာ သီးခြားဆောက်လုပ်အပ်သော အိမ်တော်ကို "ရာဇာဂါရ" ဟုခေါ်၏၊ နတ်အိမ်ကို နတ်ကွန်းခေါ်သကဲ့သို့ ဤရာဇာဂါရကိုလည်း "မင်းကွန်း" ဟု ခေါ်သည်၊ လူအများ၏ ကစားပျော်မြူးဖို့ရာ ဆန်းကြယ်စွာ ဆောက်လုပ်အပ်သောအိမ်ကို "စိတ္တာဂါရ" ဟုခေါ်၏။ [စိတ္တ=ဆန်းကြယ်သော+အဂါရ=အိမ်။] ရန်ကုန်မြို့.ရှိ ဘုရင်မပန်းခြံ စသည်ကဲ့သို့ လူအများ၏ ပျော်မွေ့ဖို့ရာ ပြုလုပ်၍ ထားအပ်သော အာရမ် (ခြံ) ကို "အာရာမ" ဟုခေါ်၏၊ မေမြို့.ရှိ ပန်းဥယျာဉ်ကဲ့သို့ လူအများ၏ ပျော်မွေ့ဖို့ရာ အထူးပြုလုပ်ထားသော သစ်သီး ပန်း စသော ဥယျာဉ်ကို "ဥယျာနေ" ဟုခေါ်၏၊ ရန်ကုန် ကန်တော်ကြီးစသည်ကဲ့သို့ လူအများ၏ ပျော်မွေ့ရာဖြစ်သောကန်ကို "ပေါက္ခရဏီ" ဟုခေါ်၏၊ ထိုငါးမျိုးတွင် တစ်မျိုးမျိုးကို အကြည့်သွားလျှင် ခြေလှမ်းတိုင်း ဒုက္ခဉ် မြင်လောက်ရာအရပ်ဝယ် ရပ်တည်၍ ကြည့်ရာ၌ တစ်မျိုးကြည့်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်တစ်ချက်၊ ၅ မျိုးလုံးကို လှည့်ကာ လှည့်ကာ ကြည့်လျှင်ပါစိတ် ၅ ချက်၊ ဘိက္ခုတို့ကား ဒုက္ခဉ်ချည်းသာ။

ဒုတိယ။ ။ အာသန္ဒိနှင့် ပလ္လင်္ကံအထူးကို အနက်အတိုင်း သိသာပြီ၊ ၂ မျိုးလုံးပင် ထိုင်၍လည်းဖြစ်-အိပ်၍လည်းဖြစ်၏။ ["ပရိယင်္ကေ ရာဇာ

http://www.dhammadownload.com

တတိယ ယာ ပန ဘိက္ခုနီ-သည်၊ သုတ္တံ-ချည်ကို၊ ကရေ့ယျ-ငင်အုံ၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

စတုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ ဂိဟိဝေယျာဝစ္စံ-လူတို့၏ အမှုကြီးငယ်ကို၊ ကရေယျ-ပြုအုံ၊ တဿာ ပါစိတ္တိယံ။

ပဉ္စမ ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုနိယာ-ရဟန်းမသည်၊ ဝါ-ရဟန်းမက၊ အယျေ-အရှင်မ၊ ဧဟိ-လာပါလော၊ ဣမံ အဓိကရဏံ - ဤအဓိကရုဏ်းကို၊ ဝူပသမေဟိ - ငြိမ်းစေပါလော၊ ဣတိ-ဤသို့၊ ဝုစ္စမာနာ-သော်၊ သာ စ တေ - ကောင်းပြီဟူ၍၊ ပဋိဿု

* * * * * *

သေတိ-ပလ္လင်ပေါ်၌ မင်းသည်အိပ်၏" ဟူရာ၌ကဲ့သို့ ပရိယင်္ကနှင့် ပလ္လင်ကား အနက်တူပင်။] ထို အာသန္ဒီ ပလ္လင်တို့ကို သုံးစွဲလျှင် (အိပ်လျှင်-ထိုင်လျှင်) ပယောဂတိုင်း (ထိုင်တိုင်း အိပ်တိုင်း) ပါစိတ်အာပတ်၊ ဘိက္ခုဘို့လည်း မသုံးစွဲကောင်း၊ အာသန္ဒီကိုလက်ရှစ်သစ်ရှိရုံ အခြေဖြတ်၍, ပလ္လင်ကို သားရဲရုပ်များကို ဖျက်၍ကား သုံးစွဲကောင်း၏၊ [ခြေသုံ့ သစ် ကျားကိုပင် သားရဲ (ရဲရင့်သောသားကောင်) ဟုဆိုသည်။]

တတိယ။ ။ ချည်ကိုငင်ရာ၌ ငင်သည့်အခါ ဝင်ရိုး၌ တစ်ပတ်ရလျှင် ပါစိတ် အာပတ်တစ်ချက်သင့်၏၊ မင်းမိ ရှေ့အဖို့၌ ဝါကို ရွေးချယ်သည်မှ စ၍ ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်သည်။ [ချည်ငင်သည်ဟုလည်းကောင်း-ချည်ဝင်သည်ဟုလည်းကောင်း-အမျိုးမျိုး ခေါ်ကြ၏။]

စတုတ္ထ။ ။ လူတို့၏ ဝေယျာဝစ္စဟူသည် ယာဂုကျွေးခြင်း-မုန့်လုပ်ပေးခြင်း စသည်တို့တည်း၊ ထိုလူမှုများကို ကူညီ၍ ပြုလုပ်မပေးရ၊ မိဘတို့ပင် ဖြစ်စေဦးတော့, မိမိကိစ္စတစ်စုံတစ်ခုကို အပြုမခိုင်းဘဲ ထိုမိဘတို့ဖို့ ယာဂုကျွေးမှု စသည်ကိုမပြုရ၊ ဘိက္ခုတို့လည်း မပြုကောင်း၊ သို့သော် လူဒါန်း ပူဇော်မှုအတွက်ဖြစ်မှု ဘိက္ခုနီတို့က ကူညီပြုလုပ်ပေးကောင်း၏၊ မိမိ၏ ဝေယျာဝစ္စကို ပြုလုပ်နေသူ့အတွက်လည်း မိမိကပြန်၍ ကူညီပြုလုပ်ကောင်း၏၊ ထို့ကြောင့် အမိ အဖတို့ ကျောင်းလာသည့်အခါ သူတို့ကို ဝေယျာဝစ္စပြုသူ ဖြစ်အောင် ခိုင်းပြီးမှ သူတို့အတွက် ယာဂုကျွေးမှု စသည်ကို ပြုလုပ်ကောင်းသည်။

ပဉ္စမ။ ။ ဝိဝါဒါဓိကရဏ်းစသော အဓိကရဏ်း ၄ ပါးတွင် တစ်ပါးပါး ဖြစ်နေရာ၌ "အရှင်မ .....လာပါ, ဤအဓိကရဏ်းကို ငြိမ်းစေပါ (ငြိမ်းအောင်)

http://www.dhammadownload.com

ကိတ္တာ-ဝန်ခံပြီး၍၊ သာ-ထိုရဟန်းမသည်၊ ပစ္စာ-နောက်၌၊ အနန္တရာ ယိကိနီ - အန္တရာယ်မရှိဘဲ၊ နေဝူပသမေယျ - ကိုယ်တိုင်လည်း မငြိမ်းစေအံ့၊ ဝူပသမာယ - ငြိမ်းဖို့ရာ၊ ဥဿုက္ကံ - ကြောင့်ကြကိုလည်း၊ နကရေယျ-မပြုအံ့၊ တသာ ပါစိတ္တိယံ။

ဆဋ္ဌ ယာ ပန ဘိက္ခုနီ-သည်၊ အဂါရိကသဝါ-လူဝတ်ကြောင်အားသော်လည်းကောင်း၊ ပရိဗ္ဗာဇကသဝါ-ပရိဗိုဇ် ယောကျ်ားအားသော်လည်းကောင်း၊ ပရိဗ္ဗာဇိကာယဝါ-ပရိဗိုဇ်မအားသော်လည်းကောင်း၊ သဟတ္ထာ - မိမိလက်ဖြင့်၊ ခါဒနိယံဝါ - ခဲဖွယ်ကိုသော်လည်းကောင်း၊ ဘောဇနိယံဝါ- ဘောဇဉ်ကိုသော်လည်းကောင်း၊ ဒဒေယျ-ပေးအံ့၊ တသာ ပါစိတ္တိယံ။

သတ္တမ ယာ ပန ဘိက္ခုနီ - သည်၊ အာဝသထစီဝရံ-ကျောင်း၌ထားအပ်သော သင်္ကန်းကို၊ ဝါ-ဥတုနှီး သင်္ကန်းကို၊ အနိသဇ္ဇိတ္တာ-မစွန့်လွှတ်ဘဲ၊ ပရိဘုဥ္ဇေယျ-သုံးစွဲအံ့၊ တသာ ပါစိတ္တိယံ။

* * * * * *

လုပ်ပေးပါ)" ဟု ဘိက္ခုနီ တစ်ယောက်ယောက်က ပြောဆို တောင်းပန်သည့် အခါ "ကောင်းပါပြီ, ငြိမ်းအောင်လုပ်ပေးပါမည်) ဟု ဝန်ခံပြီးနောက် (ငါက ငြိမ်းစေရလျှင် ငါ့ကို တစ်ဖက်ဖက်က ရန်မူလိမ့်မည်-စသော) အန္တရာယ်မျိုး မရှိဘဲ ကိုယ်တိုင်လည်း ငြိမ်းအောင် မလုပ်-ငြိမ်းအောင်လုပ်ဖို့ရာ (စွမ်းနိုင် သူကို ရှာဖွေခြင်းစသော) ကြောင့်ကြလည်းမစိုက်လျှင် "ငြိမ်းအောင် မလုပ်တော့ဘူး" ဟု မိမိတာဝန်ကို လျှော့ချလိုက်သည်နှင့်တစ်ပြိုင်နက် ပါစိတ် အာပတ်သင့်တော့၏။

ဆဋ္ဌ။ ။ လူဝတ်ကြောင် စသူတို့အားမိမိလက်ဖြင့် ခဲဖွယ် ဘောဇဉ် တစ်မျိုးမျိုးကိုပေးလျှင် ပါစိတ်၊ ဒန်ပူနှင့်ရေကိုပေးလျှင် ဒုက္ကဋ်၊ ကြွင်းသော မှတ်ဖွယ်ကို ဘိက္ခု အစေလကဝဂ် ပထမသိက္ခာပုဒ်အတိုင်း သိလေ။

သတ္တမ။ ။ ဘိက္ခုနီတို့ ဥတုလာသည့်အခါ သုံးစွဲဖို့ရန် ကျောင်း၌ လှူဒါန်းထားအပ်သော သင်္ကန်းကို "အာဝသထစီဝရ" ဟုခေါ်၏၊ ထိုသင်္ကန်းကို ဥတုလာသည့်အခါ သုံးစွဲ၍ ၄ ရက်မြောက်မှ ဖွပ်လျှော်ပြီးလျှင် အခြား ဥတုလာသူ ဘိက္ခုနီအားဖြစ်စေ သာမဏေမအားဖြစ်စေ စွန့်ပေးရမည်၊ မပေးလျှင် ပါစိတ်၊ ဥတုလာသူ မရှိသေးလျှင်လည်းကောင်း, နိုးသူအန္တရာယ်ကို နိုးရိမ်ရလျှင်လည်းကောင်း ဆက်လက်၍ ဝတ်ခွင့်ရသေး၏။

http://www.dhammadownload.com

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ **အာဝသထ-တဲခါးရွက်တပ်အပ်သော** ကျောင်းကို၊ **အနိသဒ္ဓိတ္တာ-မစွန့်လွှတ် မအပ်နှံဘဲ၊ စာရိက်-**ဒေသစာရိကို၊ ပက္ကမေယျ-ဖဲသွားအံ့၊ တဿာ ပါစိတ္တိယံ။

နဝမ ယာ ပန ဘိက္ခုနီ-သည်၊ တိရစ္ဆာနဝိဇ္ဇ-သုဂတိလမ်း နိဗ္ဗာန်လမ်း၏ ကန့်လန့်ဖိလာဖြစ်သော အတတ်ကို၊ ပရိယာပုဏေယျ-သင်ယူအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ တိရစ္ဆာနဝိဇ္ဇ-ကို၊ ဝါစေယျ-ပို့ချအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။ [ပဌမော - ငါးဝဂ် မြောက်သော၊ စိတ္တာဂါရဝဂ္ဂေါ-တည်း။]

* * * * * *

အဋ္ဌမ။ ။ အနိသဒ္ဓိတ္တာအရ "စွန့်ပေးခြင်း" ဟူသည် အပိုင်ပေးခဲ့ခြင်း မဟုတ်, ကျောင်းကို စောင့်ရှောက်ရစ်ဖို့ရန် အပ်နှံခြင်းတည်း၊ မိမိနေရာ သဲယိုကကျောင်းကို ထိုကဲ့သို့မအပ်နှံဘဲ တစ်ညဉ့်အိပ်ဖြစ်စေ ထွက်သွားလျှင် ပါစိတ်အာပတ်သင့်၏၊ ဤ "အာဝသထ" အရ တဲခါးရွက်တပ်လျက်ပါသော ကျောင်းကိုသာ ယူစေလိုသည်၊ တဲခါးရွက် မရှိသောကျောင်းမှ ဖဲသွားရာ၌ ကား ဒုက္ကဋ်၊ ဘိက္ခုတို့လည်း ခရီးသွားခါနီး၌ သိမ်းတန်သမျှ သိမ်းဆည်း၍ အပ်နှံသင့်သူကို အပ်နှံပြီးမှ ခရီးသွားဖို့ရန် ဝတ္တရားရှိသည်။ [အကျယ်ကို ဝတ္တက္ခန္ဓက ဂမိကဝတ်မှာ ရှု။]

နဝမ, ဒသမ။ ။ တိရစ္ဆာနသဒ္ဒါသည် "ဖိလာ=ကန့်လန့်" ဟူသော အနက်ကိုဟော၏၊ ဖိလာကန့်လန့်ဟူသည်လည်း ပိတ်ဆို့ထားခြင်း တားဆီးထားခြင်းတည်း၊ သုဂတိလမ်း-နိဗ္ဗာန်လမ်းများကိုကန့်လန့်ဖိလာပြုလျက် တားဆီးတတ်သော (ထိုအတတ်ကိုတတ်၍ အသုံးချလျှင် မုချအပါယ်ရောက်ရမည်ဖြစ်သော) အတတ်များကို "တိရစ္ဆာနဝိဇ္ဇာ" ဟု ခေါ်သည်၊ ထို့ကြောင့် အဋ္ဌကထာတို့၌ ပရူပယာတကရဲ-သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်မှု ပြုတတ်သော၊ ဝိဇ္ဇ-အတတ်ကို" ဟု ဖွင့်သည်။

http://www.dhammadownload.com

တိရစ္ဆာနဝိဇ္ဇာများ။ ။ ဤသိက္ခာပုဒ်၌လာသော မသင် မချကောင်းသည့် တိရစ္ဆာနဝိဇ္ဇာများကား - ဟတ္ထိသိပ္ပ - ဆင်စီးအတတ်, အဿသိပ္ပ-မြင်းစီး အတတ်, ရထသိပ္ပ-ရထားစီးအတတ်, ဓနုသိပ္ပ-လေးပစ်အတတ်, ထရုသိပ္ပ၊ [ထရုသဒ္ဒါသည် သန်လျက်စသော ဓားတို့၏ အရိုးကိုဟော၏၊ ထရုသိပ္ပကို နိသယဒ္ဒ "ဓားဆောက်ချတ်အတတ်" ဟု အနက်ပေး၏၊ ရန်သူလာလျှင် အလွယ်တကူအသုံးပြုနိုင်ရန် ဓားအိမ်မှ ဓားရိုးချတ်နည်းပြ-အတတ် ဟု ဆိုလိုဟန်တူသည်၊ "ဓားရိုးကိုင်နည်းအတတ်" ဟု ဆိုလျှင်လည်း သင့်မည် ထင်၏။] ဤပြခဲ့သော အတတ်များသည် သူတစ်ပါးကို သတ်ဖြတ် ညှဉ်းဆဲ ရာစစ်တိုက်သည့်အခါ ရန်ဖြစ်သည့်အခါတို့၌ အသုံးပြုသော အတတ်များတည်း။

ထို့ပြင်- အထဗ္ဗနမန္တ-အထဗ္ဗန ဝေဒကျမ်းအဆိုအတိုင်း စိရင်အပ်သော သူတစ်ပါးကိုသတ်ကြောင်း မန္တန်, ခိလနမန္တ-ရန်သူသေအောင် သစ်သားနှစ်တံသင်း (စို့) ကို မန်းမှတ်၍ မြေ၌စိုက်ရသော မန္တန်, ဝသိကရဏမန္တ-မိမိအလိုသို့ လိုက်ပါအောင်ပြုတတ်သော လက်ဖွဲ့ပိယဆေးစသည်ကို စိရင်သော မန္တန်, [ဝသိ-မိမိအလိုအတိုင်း (ချစ်စေလိုလျှင် ချစ်ခင်လာအောင်) ကရဏ-ပြုကြောင်းမန္တန်။] သောသာပနမန္တ-ရန်သူ၏ အသွေးအသား ခြောက်ခန်းသွားအောင် အခြောက်တိုက် သေအောင်ပြုသောမန္တန်, ဤပြခဲ့သော မန္တန်များလည်း သူတစ်ပါးကို နှိပ်စက်ကြောင်း မတရားကြံကြောင်းများတည်း။

ဤပြခဲ့သော အတတ်များနှင့် ဂဒပွယောဂ (ဂဒ=အဆိပ်+ပယောဂ=ဆေးစပ်ခြင်း, သူတစ်ပါးကို အဆိပ်ခတ်၍ သတ်ဖို့ရန် အဆိပ်ဆေးစိရင်နည်း) စသော, အတတ်များကို ဤသိက္ခာပုဒ်တို့ဖြင့် တားမြစ်အပ်သော တိရစ္ဆာနဝိဇ္ဇာဟုမှတ်၊ ဤသို့ သူတစ်ပါးကို နှိပ်စက်ကြောင်း အတတ်များကို သင်လည်း မသင်အပ်, ချလည်းမချအပ်၊ သင်လျှင် ချလျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်-ဟု ခုဒ္ဒကဝတ္ထုခန္ဓကမှာ မိန့်တော်မူ၏၊ ဆက်ဦးအုံ-ဤဝိနည်း၌ တားမြစ်အပ်သော တိရစ္ဆာနဝိဇ္ဇာများကို သင်ရုံ ချရုံမျှ မအပ်၊ ဗြဟ္မာလသုတ် မဟာသီလခန်း စသည်၌လာသော သူတစ်ပါးကို နှိပ်စက်ကြောင်း မဟုတ်သော တိရစ္ဆာနဝိဇ္ဇာများကား သင်ရုံ ချရုံ တတ်ထားရုံဖြင့် အပြစ်မရှိ၊ ထိုတိရစ္ဆာနဝိဇ္ဇာများဖြင့် လူတို့ကို ကူညီဟောပြောကာ မိစ္ဆာဇီဝမှုကိုပြုမှ ဝိနည်းပြစ် သုတ္တန်ပြစ်ရှိသည်။

ထင်ရှားစေအုံ့ -ဗြဟ္မာလသုတ် မဟာသီလခန်းစသည်၌ "တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတं ကပ္ပေန္တိ -တိရစ္ဆာနဝိဇ္ဇာဖြင့် မိစ္ဆာဇီဝမှုကို ပြုကြ

http://www.dhammadownload.com

သည်" ဟု အပြစ်တင်တော်မူသည်၊ တတ်ရုံသင်ခြင်း-ပို့ချခြင်းကိုကား အပြစ်တင်တော်မမူ၊ ထို့ကြောင့် မဟာသီလ၌ နက္ခတ်အတတ် ဆေးအတတ် မန္တန်အတတ် ဂဏန်းသင်္ချာအတတ်တို့ကို ပြတော်မူသော်လည်း ဝိနည်းဆိုင်ရာဝယ် အာရည်ကတော်၌ နက္ခတ်များကို နားလည်စေရမည်ဟုလည်းကောင်း, ဂိလာနပဋ္ဌာက (သူနာပြု) ရဟန်းတို့ ဆေးစပ်တတ်ရမည်ဟုလည်းကောင်း, ဤတိရစ္ဆာနဝိဇ္ဇာ သိက္ခာ ပုဒ်တို့၏ အနာပတ္တိဝါရ၌ စာရေးအတတ်-ဓာရဏကျမ်း-ဘီလူးမြွေများကို တားဆီးကြောင်း မန္တန်များကိုသင်လျှင် အနာပတ္တိဟုလည်းကောင်း, မိန့်တော်မူသည်။ [ဓာရဏကျမ်းဟူသည် ထိုကျမ်းအစီအရင်အတိုင်း ပြုလုပ်က အခြားကျမ်းဂန် အတတ်မှားကို မှတ်သား ဆောင်ရွက်နိုင်သည်ဟု ဆိုသော ကျမ်းတည်း၊ ယခုအခါ ပိုင့ကမော်များနှင့် တူဟန်ရှိသည်။]

ဂဏန်း။ ။ တစ်တလိတစ်, စသော ဂဏန်းသင်္ချာကိုပင် တချို့က မချကောင်း မသင်ကောင်းဟု ယူကြသော်လည်း "နော ဧကနော, နဝ ဒွေ:-,အသ်ဌာ ဒသ" စသော ၉ ကြောင်းလက်ာများကိုကား ရှေးရှေး ဝိနည်းမိုရ်ဘုန်းတော်ကြီးများပင် သင်ပြခဲ့ကြလေသည်၊ ဆန်းကျမ်းလာ သင်္ချာတို့ကိုလည်း အများပင် သင်ယူပို့ချနေကြ၏၊ ပဋ္ဌာန်းသင်္ချာဝါရ၌ မူလဋီကာ ဆရာသည် သင်္ချာအရာဝယ် တကယ် တတ်ကျွမ်းတော်မူကြောင်း ထင်ရှားပေသည်။

အချို့ဝါဒ။ ။ အချို့ကား-ပါဠိဘာသာမှ တစ်ပါး အခြားဘာသာဟူသမျှကို တိရစ္ဆာနဝိဇ္ဇာဟု အထင်မှားကြ၏၊ သူတို့ ထင်မှားတိုင်း မှန်လျှင် မိမိတို့ မြန်မာဘာသာ (စကားစာပေများ) လည်း ပါဠိဘာသာမဟုတ်ရကား တိရစ္ဆာနဝိဇ္ဇာတွင် ပါဝင်ရချေတော့သည်၊ စင်စစ်ကား-ဤသိက္ခာပုဒ်လာ တိရစ္ဆာနဝိဇ္ဇာသည် ဘာသာစကား, စာပေများမဟုတ်၊ မည်သည့်ဘာသာ ဖြင့်ဆိုဆို (ရေးရေး) ဆင်အတတ် စသည်မှန်လျှင် တိရစ္ဆာနဝိဇ္ဇာချည်းပင်တည်း၊ ထိုသို့ သူတစ်ပါးကို နှိပ်စက်ကြောင်း မဟုတ်သော အကျိုးရှိသော အတတ်မှန်လျှင် ပါဠိ မြန်မာ အင်္ဂလိပ် ဟိန္ဒီ သက္ကတစသည်တို့တွင် မည်သည့်ဘာသာနှင့်ဆိုဆို မည်သည့်အကွရာဖြင့်ရေးရေး သင်ကောင်း ချကောင်း တတ်ကောင်းသည်သာ။

စိတ္တာဂါရဝဂ်ပြီး၏။

http://www.dhammadownload.com

အာရာမဝဂ်

ပထမ — ယာ ပန ဘိက္ခုနီ-သည်၊ ဇာနံ-ရဟန်းရှိ၏ဟု သိလျက်၊ သ ဘိက္ခုကံ - ရဟန်းရှိသော၊ အာရာမံ - အာရာမ်သို့၊ ဝါ-ကျောင်းတိုက်သို့၊ အနာပုစ္ဆာ - မပန်ပြောဘဲ၊ ပဝိသေယျ - ဝင်အုံ့၊ တဿာ ပါစိတ္တိယံ။

ဒုတိယ — ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခု-ရဟန်းကို၊ အက္ကောသေ ယျဝါ-ဆဲမူလည်းဆဲအုံ့၊ ပရိဘာသေယျဝါ-ခြိမ်းခြောက်မူ လည်း ခြိမ်းခြောက်အုံ့၊ တဿာ ပါစိတ္တိယံ။

တတိယ — ယာ ပန ဘိက္ခုနီ-သည်၊ စဏ္ဍိကတာ-ဒေါသကြမ်းတမ်း အောင် ပြုအပ်သည်၊ ဝါ-စိတ်ဆိုးသည်၊ (ဟုတ္တာ-ဖြစ်၍)၊ ဂဏံ - ဘိက္ခုနီသံဃာကို၊ ပရိဘာသေယျ - ခြိမ်းခြောက်အုံ့၊ တဿာ ပါစိတ္တိယံ။

* * * * * *

ပထမ။ ။ဘိက္ခုနီသည် ဘိက္ခုရှိမှန်းသိလျက် ဘိက္ခုတို့၏ ကျောင်းတိုက်တွင်းသို့ ခွင့်မပန်ဘဲ ဝင်လျှင် အကာအရံရှိမှု အကာအရံကို လွန်သည့်အခါ, အကာမရှိလျှင် ကျောင်းတိုက် ဥပစာကို လွန်သည့်အခါ ပါစိတ်၊ ခွင့်ပန်ရာ၌ကား ဘိက္ခု-သံဃာမကော-အာရာမ်စောင့် (ကပ္ပိယ) တစ်ဦးဦးထံ ခွင့်ပန်နိုင်၏။

ဒုတိယ။ ။ "အက္ကောသေယျ" အရ "ဆဲခြင်း" ဟူသည် သြမသဝါဒ သိက္ခာပုဒ်၌ ပြခဲ့သော ဇာတိ ဂေါတ္တ သိပ္ပ စသော ဆယ်မျိုးတွင် တစ်မျိုးမျိုးကို ထိခိုက်၍ ဆဲခြင်းတည်း၊ ပရိဘာသေယျအရ "ခြိမ်းခြောက်ခြင်း" ဟူသည်ကား တစ်စုံတစ်ခု ဘေးရန် အန္တရာယ်ကိုပြ၍ "သတ်မည်-ဖြတ်မည်-ဘယ်လိုလုပ်မည်" စသည်ဖြင့် ပြောဆိုခြင်းတည်း၊ ဤ ခြိမ်းခြောက်မှုကို "ရေရွတ်ခြင်း" ဟုလည်း ခေါ်ကြသည်၊ ဘိက္ခုနီသည် ဘိက္ခုကိုဆဲလျှင် သို့မဟုတ် ခြိမ်းခြောက်လျှင် ပါစိတ်အာပတ်သင့်၏။

တတိယ။ ။ [အစဏ္ဍာပိ-ပင်ကိုက မကြမ်းတမ်း ပါသော်လည်း၊ ဒေါသေန-ဒေါသက၊ စဏ္ဍာ-ကြမ်းသူကို၊ ဝါ-ကြမ်းတမ်းသူဖြစ်အောင်၊ ကရိယတော-ပြုအပ်၏၊ ဣတိ-ထို့ကြောင့်၊ စဏ္ဍိကတာ-မည်၏၊ "ဒေါသကကြမ်းတမ်းအောင်ပြုအပ်" ဟူသည် ဒေါသဖြစ်ခြင်း စိတ်ဆိုးခြင်းပင်တည်း။] ဘိက္ခုနီသည် စိတ်ဆိုးမာန်ဆိုးနှင့် ဘိက္ခုနီသံဃာကို "သည်ကောင်မတွေ

http://www.dhammadownload.com

တေတ္တ ယာ ပန ဘိက္ခုနီ-သည်၊ နိမန္တိတာ-ဘောဇဉ်ဖြင့် ပင့်ဖိတ်အပ်သည်၊ ဟုတ္တာဝါ-ဖြစ်လျက်သော်လည်းကောင်း၊ ပဝါရိတာ-ပယ်မြစ်စေအပ်ပြီးသည်၊ ဝါ - ပဝါရိတ် သင့်ပြီးသည်၊ ဟုတ္တာဝါ-ဖြစ်လျက်သော်လည်းကောင်း၊ ခါဒနီယံဝါ ဘောဇနီယံဝါ ခါဒေယျဝါ ဘုဉ္ဇေယျဝါ တဿာ ပါစိတ္တိယံ။

ပဋမ ယာ ပန ဘိက္ခုနီ-သည်၊ ကုလမဒ္ဓရိ-အမျိုးဌ ဝန်တိုခြင်းရှိသည်၊ အသ-ဖြစ်အုံ့၊ တဿာ ပါစိတ္တိယံ။

ဆဋ္ဌ ယာ ပန ဘိက္ခုနီ-သည်၊ အဘိက္ခုကေ-ရဟန်းယောက်ျား မရှိသော၊ အာဝါသေ-ကျောင်းဌ၊ ဝဿံ မိုးလပတ်လုံး၊ ဝသေယျ - နေအုံ့၊ တစ်နည်း, ဝဿံ ဝသေယျ - ဝါကပ်အုံ့၊ တဿာ ပါစိတ္တိယံ။

* * * * * *

အမိုက်တွေပဲ၊ ဘာ သိတတ်လို့လဲ" စသည်ဖြင့် ရေရွတ်လျှင် ပါစိတ် အာပတ်။

တေတ္တ။ ။ နိမန္တိတာအရ "ပင့်ဖိတ်" ဟူသည်ဂဏဘောဇနသိက္ခာပုဒ်ဌ ပြခဲ့သည့်အတိုင်း မအပ်သော ပင့်နည်းဖြင့် ပင့်ဖိတ်ခြင်းတည်း၊ ပဝါရိတာအရ "ပဝါရိတ်သင့်ပုံ" ကား ပဝါရိတသိက္ခာပုဒ်အတိုင်းပင်တည်း၊ ထိုကဲ့သို့ ပင့်ဖိတ်အပ်သူသည် ထိုပင့်ထားသူ၏ ခဲဖွယ်ဘောဇဉ်ကို မစားသေးဘဲ အခြားခဲဖွယ်ဘောဇဉ်ကိုစားလျှင် ပါစိတ်၊ ပဝါရိတ် သင့်သော ဘိက္ခုနီလည်း နောက်ထပ်ခဲဖွယ်ဘောဇဉ်ကိုစားလျှင် ပါစိတ်၊ ဤသိက္ခာပုဒ်ကား ဘိက္ခုတို့၏ ပရမ္မရဘောဇနသိက္ခာပုဒ်နှင့်ပထမ ပဝါရိတသိက္ခာပုဒ် ၂ ရပ်ကို တစ်ပေါင်းတည်း ပြုထားသကဲ့သို့ဖြစ်၏။

ပဋမ။ ။ ကုလမဒ္ဓရိအရ စိတ်ဌ ဝန်တိုနေရုံမျှဖြင့် အာပတ်မသင့်သေး၊ ထိုအမျိုးအိမ်သို့ ဘိက္ခုနီတို့မသွားချင်အောင် "အမျိုး၏ သဒ္ဓါတရား နည်းပါးကြောင်း, ခွေးဆိုးရှိကြောင်း" စသည်ကို ဘိက္ခုနီတို့အား ပြောမှသာ-သို့မဟုတ် ထိုအမျိုးက ဘိက္ခုနီတို့အား မလှူချင်အောင် ဘိက္ခုနီတို့၏ အပြစ်ကို ထိုအမျိုးထံ ပြောမှသာ ပါစိတ်အာပတ်သင့်သည်။

ဆဋ္ဌ။ ။ "အဘိက္ခုကေ အာဝါသေ" အရ "ရဟန်းယောက်ျားမရှိသော ကျောင်း" ဟုဆိုဌ "မိမိတို့တိုက်ထဲဝယ် ရဟန်းယောက်ျား ရှိ- မရှိကို ဆိုလို

http://www.dhammadownload.com

သဗ္ဗေ ယာ ပန ဘိက္ခုနီ-သည်၊ ဝဿ - မိုးလပတ်လုံး၊ ဝုတ္ထာ - နေပြီးသည်၊ တစ်နည်း, ဝဿ ဝုတ္ထာ-ဝါကျွတ်ပြီးသည်၊ (သမာနာ-သော်၊) ဥဘတောသံဃ - ၂ ဖက်သော ဘိက္ခုနီသံဃာ ဘိက္ခုသံဃာ၌၊ တီဟိ-၃ ပါးကုန်သော၊ ဌာနေဟိ-အကြောင်းတို့ဖြင့်၊ ဒိဋ္ဌေနဝါ-မြင်ခြင်းဖြင့်လည်းကောင်း၊ သုတေနဝါ-ကြားခြင်းဖြင့်လည်းကောင်း၊ ပရိသင်္ကာယဝါ-ယုံမှားခြင်းဖြင့်လည်းကောင်း၊ နပဝါရေယ္ယ-မဖိတ်အံ့၊ တသာ ပါစိတ္တိယံ။

* * * * * *

သည်" မဟုတ်၊ မိမိတို့ကျောင်းမှ တစ်ယူဇနာဝက်အတွင်း-သွားလာဖို့ရန် ဘေးအန္တရာယ်လည်းကင်းသော အရပ်ဝယ် ရဟန်းယောကျ်ား မရှိခြင်းကို "အဘိက္ခုက" ဟုဆိုလိုသည်၊ ထိုကဲ့သို့ အဘိက္ခုက အာဝါသ၌ ဝါကပ်သော ဘိက္ခုနီမှာ ပါစိတ်အာပတ်သင့်၏။

ထင်ရှားရေးအံ့-ဘိက္ခုနီတို့သည် အဌမ နဝမ သိက္ခာပုဒ်တို့၌ ပြလတ္တံ. အတိုင်း သြဝါဒပေးမည့် ဘိက္ခုတို့အထံ မပြတ်သွား၍ တရားဝမ္မ သြဝါဒကို ကြားနာဖို့ တာဝန်ရှိသည်၊ ဘေးအန္တရာယ်ကင်းသော တစ်ယူဇနာဝက် အတွင်း၌ ဘိက္ခုများရှိမှလည်း နေ့ချင်းပြန်သွားနိုင်မည်၊ ထိုကြောင့် ထိုကဲ့သို့ အနီးအပါးဝယ် ဘိက္ခုမရှိသော ကျောင်းတိုက်၌ ဘိက္ခုနီတို့ ဝါကပ်ခြင်းကို တားမြစ်တော်မူရလေသည်။

သဗ္ဗေ ။ "ဝဿံဝုတ္ထာ=ဝဿံ ဝုဋ္ဌာ" ဟုပါ၌ ၂ ထွေရှိရာ ယခုစာအုပ်များ၌ ဝုတ္ထာရှိ၍, ရှေးစာပေများ၌ ဝုဋ္ဌာ ဟု-အရှိများ၏၊ ဌဝမ်းဘဲနှင့် ပါ၌သာ **အမှန်**ဟုလည်း သက္ကတနှင့် ကစ္စည်းစာသွားအလို ဆရာတို့ ဆုံးဖြတ်တော်မူကြသည်၊ "**တီဟိဌာနေဟိ**" **အရ** ၃ ဌာနဟူသည် ဒိဋ္ဌ-သုတ-ပရိ**သင်္ကာ**ပင်တည်း၊ ဝါကျွတ်သည့်**အခါ** ဤ ၃ ချက် (**အကြောင်း** ၃ ပါး) ဖြင့် ဖိတ်ကြခြင်းကိုပင် "**ပဝါရဏာ**ပြုသည်" ဟုခေါ်သည်၊ ထိုပဝါရဏာ ပြုခြင်း**၏** **လိုရင်းအချက်မှာ**လည်း "**မိမိအပေါ်၌** **အပြစ်တစ်ခုခုတစ်ရာ**ကို ဒိဋ္ဌသုတ ပရိသင်္ကာ**အပြစ်လျှင်** ပြောပါ ဆိုပါ ဆုံးမပါ" ဟု ခွင့်ပြုခြင်း မိမိကိုယ်ကို အပ်နှံ ခြင်းပင်တည်း။

ဆက်ဦးဆုံ-ထိုပဝါရဏာ ပြုမှုကို၊ ဘိက္ခုတို့မှာ ဘိက္ခု**အချင်း**ချင်းသာ ပြုရုံဖြင့် ပြီးသော်လည်း ဘိက္ခုနီတို့မှာ ဘိက္ခုနီသံဃာထံ၌တစ်ကြိမ်-ဘိက္ခုသံဃာထံ၌တစ်ကြိမ်၊ ဤသို့အားဖြင့် ၂ ကြိမ် ပဝါရဏာပြုရသည်၊ ထို**ကြောင့်**

http://www.dhammadownload.com

"ဥဘတော သံဃ" ဟု မိန့်တော်မူသည်။ [လမပြည့်ခင် ၁၄ ရက်နေ့၌ ဘိက္ခုနီသံဃာတို့ စည်းဝေး၍ ပဝါရဏာပြု၊ ထိုအစည်းအဝေးမှာပင် ဘိက္ခုနီသံဃာ၏ကိုယ်စား ဘိက္ခုသံဃာ့ထံ ဖိတ်ဖို့ရာ တစ်ပါးပါးကို သမ္မုတိပေး၊ ထိုသမ္မုတိရသော ဘိက္ခုနီက လပြည့်နေ့၌ ဘိက္ခုနီသံဃာအားလုံးကို ခေါ်သွား၍ ဘိက္ခုသံဃာ့ထံ သူတစ်ပါးတည်းက အများအတွက် ဖိတ်ရ၏၊ အကျယ်ကို အဋ္ဌကထာမှာ ရှု။]

ဘိက္ခုအချင်းချင်းဖိတ်ပုံ။ ။[ဘိက္ခုနီတို့ ဖိတ်ပုံကို ယခုအခါ အရေးမကြီးတော့သဖြင့် လျစ်လျူရှု၍၊ ဘိက္ခုတို့ဖိတ်ပုံ ပဝါရဏာပြုပုံကိုသာ ပြမည်၊ ရှိသမျှ သံဃာများ စည်းဝေးပြီးနောက် ဆိုင်ရာ ပဝါရဏာ ဥတ်ထား၍ (ယခုခေတ် ထုံးစံအတိုင်း အမေးအဖြေပါ လုပ်လိုလျှင် လုပ်ပြီး၍။)

"သံဃ ဘန္တေ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ, ဝဒန္တု မं အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ, ပဿန္တော ပဋိ ကရိဿာမိ၊ ဒုတိယမ္ပိ ဘန္တေ သံဃ ပဝါရေမိ၊ ပေ၊ ပဋိ ကရိဿာမိ၊ တတိယမ္ပိ ဘန္တေ သံဃ၊ ပေ၊ ပဋိကရိဿာမိ"

ဟုဆို၍ ဖိတ်ရမည်၊ [အချို့လည်း ဒုတိယမ္ပိ တတိယမ္ပိကို မထည့်ဘဲ ၃ ခေါက် ပြည့်ရုံသာ ဆိုကြ၏။] ဘန္တေ-အရှင်ဘုရားတို့၊ (အဟံ-တပည့်တော်သည်၊) သံဃ-သံဃာတော်ကို၊ ဒိဋ္ဌေနဝါ-မြင်ခြင်းအားဖြင့်လည်းကောင်း၊ သုတေနဝါ-လည်းကောင်း၊ ပရိသင်္ကာယဝါ-လည်းကောင်း၊ ပဝါရေမိ-ဖိတ်ပါ၏၊ ဝါ-ပြောဆိုဖို့ရန် အပ်နှံခွင့် ပြုပါ၏၊ အာယသ္မန္တော-အရှင်တို့သည်၊ အနုကမ္ပံ-တပည့်တော်အပေါ်၌ သနားခြင်းကို၊ ဥပါဒါယ-စွဲ၍၊ ဝဒန္တု-ပြောဆိုဆုံးမတော်မူပါကုန်၊ ပဿန္တော-အပြစ်ကို မြင်လသော်၊ ပဋိကရိဿာမိ-ကုစားပါမည်။

"ဒိဋ္ဌေနဝါ" စသည်၌ "မြင်ခြင်း" စသည်ကား အဖိတ်ခံရသော ပုဂ္ဂိုလ်တို့က မိမိတစ်စုံတစ်ခု ကျူးလွန်နေသည်ကို ကိုယ်တိုင်မြင်ခြင်း-သို့မဟုတ် တစ်ဆင့်ကြားသိရခြင်း-သို့မဟုတ် နေထိုင်ပုံကိုထောက်၍ ယုံမှားသံသယရှိခြင်းတည်း၊ ထိုသို့ ဒိဋ္ဌ သုတ ပရိသင်္ကာရှိလျှင် တပည့်တော်အား သနားသဖြင့် ဆုံးမတော်မူပါ, "အမှန်အပြစ်ပဲ" ဟု မိမိကိုယ်တိုင် မြင်ပါလျှင် ထိုအပြစ်ကို ကုစားပါမည်-ဟူလို၊ သံဃာမပြည့်၍ ၂ ပါး၊ ၃ ပါး တစ်ပါးထံ ဖိတ်ပုံများကို ပဝါရဏာကွန်မန်က ပါဠိတော် အဋ္ဌကထာတို့မှာရှု၊ "ဝဒန္တု မं အာယသ္မန္တော= ဝဒတု မံ သံဃော" ဟု အဆိုကွဲသေးရာ၌ကား မိမိတို့ဆရာသမားထံ မေးမြန်းလျှောက်ထားကြပါလေ။

http://www.dhammadownload.com

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ သြဝါဒါယဝါ-ဂရုဓမ် သြဝါဒ ကို နာယူခြင်းငှါလည်းကောင်း၊ သံဝါသာယဝါ-ဥပုသ် ပဝါရဏာ ဟူသော သံဝါသ အကျိုးငှါလည်းကောင်း၊ နဂ္ဃေယျ-မသွားအံ့၊ တဿာ ပါစိတ္တိယံ။

နဝမ အန္ဓမှာသံ-လခွဲတိုင်း၊ ဘိက္ခုနိယာ-ရဟန်းမသည်၊ ဘိက္ခု သံဃတော-ဘိက္ခုသံဃာ အထံမှ၊ ဥပေါသထ ပုစ္ဆကဋ္ဌ-ဥပုသ်နေ့ကို မေးခြင်းကိုလည်းကောင်း၊ သြဝါဒူပသက်မနဋ္ဌ-သြဝါဒ ခံယူဖို့ရန် ချဉ်းကပ်ခွင့်ကိုလည်းကောင်း၊ ဒွေဓမ္မာ-၂ပါးကုန်သော တရားတို့ကို၊ ပစ္စာ သီသိတဗ္ဗာ - တောင့်တထိုက်ကုန်၏၊ တံ - ထိုလခွဲကို၊ အတိက္ကာ မေန္တိယာ-လွန်စေသော၊ ဘိက္ခုနိယာ-၏၊ ပါစိတ္တိယံ ဟောတိ။

* * * * * *

အဋ္ဌမ။ ။ သြဝါဒါယ၌ သြဝါဒဟူသည် ဂရုဓမ်၈ ပါးဖြင့် ဆုံးမခြင်းတည်း၊ ထိုသြဝါဒကို ခံယူဖို့ရန် သြဝါဒပေးမည့် ဘိက္ခုအထံသို့ မသွားလျှင် ပါစိတ် အာပတ်သင့်၏၊ သံဝါသာယ၌ သံဝါသဟူသည် "အတူတကွ နေထိုင်ကြောင်းဖြစ်သော ဥပုသ်ပဝါရဏာ" တည်း၊ သို့သော် ဘိက္ခုနီတို့သည် ဘိက္ခုနှင့်အတူ ဥပုသ်မပြုရ, မိမိတို့ချည်း ပြုရမည်၊ ပဝါရဏာကိုကား ဘိက္ခုတို့အထံမှာလည်း ပြုရသည်၊ ထို့ကြောင့် သံဝါသာယ အရ" ယခုလာမည့် ဥပုသ်နေ့ သည် စာတုဒ္ဒသီပါလား-ပန္နရသီပါလား" ဟု ၁၃ ရက်နေ့က ဘိက္ခုတစ်ပါးပါးထံ မေးလျှောက်သွားခြင်းကို လည်းကောင်း-ပဝါရဏာနေ့၌ ဘိက္ခုထံ ပဝါရဏာ ပြုသွားခြင်းကို လည်းကောင်း ယူ၊ ထိုကဲ့သို့ မသွားလျှင် ပါစိတ်အာပတ်သင့်သည်။

နဝမ။ ။ ဥပေါသထသ-ဥပုသ်နေ့ကို၊ ပုစ္ဆာ-မေးခြင်းသည်၊ ဥပေါသထ ပုစ္ဆာ-မည်၏၊ သကတ္ထာ၌ ကပစ္စည်း သက်ပြီးလျှင် ပုစ္ဆာ၌ အာကို ရဿပြု၍ "ဥပေါသထပုစ္ဆက" ဟု ဖြစ်သည်၊ "သြဝါဒူပသက်မနံ" ဝယ် သြဝါဒအရ ဂရုဓမ် အဆုံးအမကို ယူ၊ "ဘိက္ခုနီသံဃာသည် အဆုံးအမကို ရလိုကြပါသတဲ့" ဟု သြဝါဒခံဖို့ရန် ခွင့်တောင်းသွားခြင်းကို သြဝါဒူပသက်မန ဟု ခေါ်သည်။ [ဋီကာသစ်ကား: တစ်မျိုးဖွင့်လေ၏။] လခွဲတစ်ကြိမ်ကျ ဘိက္ခု တို့ထံ၌ "ယခု လာမည့် ဥပုသ်နေ့သည် စာတုဒ္ဒသီပါလော-ပန္နရသီပါလော" ဟု ဥပုသ်နေ့ကို မေးခြင်း-သြဝါဒခံဖို့ရန် ခွင့်တောင်းသွားခြင်းကို မပြုသူသည် လခွဲကို လွန်စေသည်မည်၏၊ ထိုကဲ့သို့ မပြုဘဲ လခွဲ (၁၅ရက်ကို) လွန်စေသော ဘိက္ခုနီမှာ ပါစိတ်။

http://www.dhammadownload.com

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ ပသာခေ-ခက်မ၌၊ ဧတံ-ပေါက်သော၊ ဂဏ္ဍံ၀ါ-မြင်းဖုကိုသော်လည်းကောင်း၊ ရုဓိတံ၀ါ-အနာကိုသော်လည်းကောင်း၊ သံဃံ၀ါ-သံဃာကိုသော်လည်းကောင်း၊ ဂဏံ၀ါ-ဂိုဏ်းကိုသော်လည်းကောင်း၊ အနုပလော ကေတွာ-မပန်ပြောဘဲ၊ ပုရိသေန-ယောကျ်ားနှင့်၊ သဒ္ဓိं-အတူတကွ၊ ဧကေနေကာ-တစ်ယောက်ချင်း၊ ဘေဒါ ပေယျ၀ါ-ဖောက်မှုလည်း ဖောက်စေအုံ့၊ ဖာလာပေယျ၀ါ-ခွဲမှုလည်းခွဲစေအုံ့၊ ဓော၀ါပေယျ၀ါ ဖန်ဆေးမှုလည်း ဖန်ဆေးစေအုံ့၊ အ၀လိမ္ဘာပေယျ၀ါ-ဆေးလိမ်းမှုလည်း ဆေးလိမ်းစေအုံ့၊ ဗန္ဓာပေယျ၀ါ-ကြပ်စည်းမှုလည်း ကြပ်စည်းစေအုံ့၊ မောစာ ပေယျ၀ါ-ဖြေမှုလည်း ဖြေစေအုံ့၊ တသာ ဘိက္ခုနိယာ ပါစိတ္တိယံ။

[ဆဌော-ခြောက်ဝဂ်မြောက်သော၊ အာရာမဝဂ္ဂေါ-တည်း။]

* * * * * *

ဒသမ။ ။ ပသာခသဒ္ဒါသည် အခက်ငယ်များ၏ ဖြာ၍ထွက်ရာ အခက်မကြီးကို ဟောရင်းတည်း၊ ခန္ဓာကိုယ်၏ အောက်ပိုင်းအရပ်လည်း ပေါင် ၂ ဖက်၏ ဖြာ၍ထွက်ရာဖြစ်သောကြောင့် ထိုအခက်မနှင့် အလားတူသည်၊ ထို့ကြောင့် ပသာခအရ ချက်၏ အောက်ပိုင်းဖြစ်သောကိုယ်ကို ယူရမည်၊ သို့သော် ပေါင် ၂ ဖက်လည်း ဘိက္ခုနီတို့မှာ ယောကျ်ားကိုပြ၍ မသင့်လျော်သောကြောင့် ဒူးဆစ်မှအထက် ပေါင် ၂ ဖက်ကိုပါ ပသာခ၌ အဋ္ဌကထာသွင်းယူသည်။

ထိုပသာခ၌ပေါက်သော မြင်းဖုကို-သို့မဟုတ် အခြားအနာကို သံဃာကိုဖြစ်စေ ဂိုဏ်းကိုဖြစ်စေ မတိုင်တန်းဘဲ ယောကျ်ားနှင့်တစ်ယောက်ချင်းဖောက်မှု-ခွဲမှု-ဖန်ဆေးမှု-ဆေးလိမ်းမှု-ကြပ်စည်းမှု-ထိုအစည်းကိုဖြေမှု ဤခြောက်ခုကို ပြုစေလျှင် ယောကျ်ားက မတရားကြံမည်စိုးရကား တစ်ခုလျှင် အာပတ်တစ်ချက်ကျ ပါစိတ်အာပတ်သင့်၏၊ တစ်ခုကိုပြုစေလျှင် အာပတ်တစ်ချက်, ၂ ခုကိုပြုစေလျှင် အာပတ် ၂ ချက် စသည်သိလေ၊ သံဃာ-ဂိုဏ်းကိုတိုင်ကြားပြီးမှ ခွဲခြင်း စသည်ကို ပြုစေလျှင် သံဃာ-ဂိုဏ်းက အစောင့်အရှောက် ထားနိုင်ခွင့်ရှိ၍ ဘေးရန်ကင်းသောကြောင့်လည်းကောင်း, သံဃာ-ဂိုဏ်းကို မတိုင်ကြားဘဲ အဖော် တစ်ယောက်ယောက်ကို အနားထားလျှင်လည်း ဘေးရန်ကင်းသောကြောင့် လည်းကောင်း, အနာပတ္တိ။

အာရာမဝဂ်ပြီးပြီ။

http://www.dhammadownload.com

ဂဇ္ဈနီဝဂ်

ပထမ, ဒုတိယ ။ ။ ယာ ပန ဘိက္ခုနီ - သည်၊ ဂဇ္ဈနိံ - ကိုယ်ဝန်ရှိသော မိန်းမကို၊ ဝုဋ္ဌာပေယျ - ပဋ္ဌင်းပြုပေးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။ [ဒုတိယ၌ "ပါယန္တိံ-နို့တိုက်ဆဲမိန်းမကို" ဟု အနက်ပေး။]

တတိယ ။ ။ ယာ ပန ဘိက္ခုနီ - သည်၊ ဒွေဝဿာနိ-၂ နှစ်တို့ပတ်လုံး၊ ဆသု - ခြောက်ပါးကုန်သော၊ ဓမ္မေသု - သိက္ခာပုဒ်တို့၌၊ အသိက္ခိတသိက္ခံ - မကျင့်အပ်သေးသော သိက္ခာရှိသော၊ သိက္ခမာနံ-သိက္ခမာန်ကို၊ ဝုဋ္ဌာပေယျ-အံ့၊ တဿာ ပါစိတ္တိယံ။

* * * * * *

ပထမ, ဒုတိယ။ ။ ဂဇ္ဈနိဟူသည်ကိုယ်ဝန်ဆောင်မိန်းမတည်း၊ ပါယန္တီ ဟူသည် နို့စို့ကလေးရှိသော (ကလေးမခွာသေးသော) မိခင်-သို့မဟုတ် နို့ထိန်းတည်း၊ ဥပဇ္ဈာယ်ဆရာမ လုပ်၍ ထိုဂဇ္ဈနီ ပါယန္တီမိန်းမတို့ကို ပဋ္ဌင်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်။ [ဝုဋ္ဌာပေယျပုဒ်၏ သဒ္ဒါနက်မှာ "သာမဏေမအဖြစ် သိက္ခမာန်အဖြစ်မှ ထမြောက်စေအံ့" ဟုထွက်သည်၊ ထိုသို့ "ထမြောက်စေခြင်း" ဟူသည် ပဋ္ဌင်းပြုပေးခြင်းတည်း၊ ထို့ကြောင့် "ဝုဋ္ဌာပေယျ-ပဋ္ဌင်းပြုပေးအံ့" ဟူသော အနက်ကို အဓိပ္ပါယ်နက်-ဝေါဟာရနက်ဟု မှတ်။]

တတိယ။ ။ ဘိက္ခုနီဖြစ်လိုသော မိန်းမသားသည် အသက် ၆၀ ရှိစေကာမူ ပဋ္ဌင်းမဖြစ်မီ ၂ နှစ်လောက်က ဘိက္ခုနီသံဃာ့အထံ သိက္ခာသမ္မုတိကို တောင်းရသည်၊ ထိုအခါ သံဃာက ဥတ်ကမ္မဝါစာဖြင့် သိက္ခာသမ္မုတိပေးပြီးနောက် "ပါဏာတိပါတာ ဝေရမဏီ ဒွေဝဿာနိ အဝိတိက္ကမ္မ သမာဒါနံ သမာဒိယာမိ" စသည်ဖြင့် သိက္ခာပုဒ် ၆ ပါးလုံးကို ဆောက်တည်စေရသည်၊ ထိုသိက္ခာပုဒ် ၆ ပါးကို ကျင့်နေသော သာမဏေမကိုပင် "သိက္ခမာန" ဟု ခေါ်သည်၊ သိက္ခာပုဒ် ၆ ပါးကား ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယ, ဝိကာလဘောဇနတို့မှ ရှောင်ကြဉ်ခြင်းတည်း။ [ပါဏာတိပါတာ-မှ၊ ဝေရမဏီ-ရှောင်ကြဉ်ကြောင်းဖြစ်သော၊ အဝိတိက္ကမ္မ-မကျူးလွန်မှု၌၊ သမာဒါနံ-ဆောက်တည်အပ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏, ဟု အနက်ဆို။]

http://www.dhammadownload.com

စတုတ္ထ ။ ။ ယာ ပန ဘိက္ခုနီ–သည်၊ ဒွေဝဿာနိ–လုံး၊ ဆသု–ကုန်သော၊ ဝမ္မေသု–တိုဋ္ဌ၊ သိက္ခိတသိက္ခံ–ကျင့်အပ်ပြီးသော သိက္ခာရှိသော၊ သိက္ခမာနံ – သိက္ခမာန်ကို၊ သံဃေန – ဘိက္ခုနီသံဃာသည်၊ အသမ္ဘတံ–မသမုတ်အပ်သေးဘဲ၊ ဝါ – ဝုဋ္ဌာနသမ္မုတိ မပေးအပ်သေးဘဲ၊ ဝုဋ္ဌာပေယျ–အုံ၎ တဿာ ပါစိတ္တိယံ။

ပဋမ ။ ။ ယာ ပန ဘိက္ခုနီ–သည်၊ ဥုန္နဒ္ဒါဒသဝဿံ–ယုတ်လျော့သော တစ်ဆယ့်နှစ်နှစ်ရှိသော၊ ဝါ – တစ်ဆယ့်နှစ်နှစ် မပြည့်သေးသော၊ ဂိဟိဂတံ–ယောကျ်ားတစ်ပါး သွားလာအပ်ပြီးသော မိန်းမကို၊ ဝုဋ္ဌာပေယျ–အုံ၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * * *

သိက္ခမာန်မေါ်ပုံ။ ။ သိက္ခမာန၌ မာန ပစ္စည်းက ပစ္စုပ္ပန်အနက်ကို ဟောသောကြောင့် "သိက္ခမာန=ကျင့်ဆဲကျင့်တုန်းဖြစ်သူ" ဟု ဆိုလိုသည်၊ တစ်နည်း "သိက္ခံ–သိက္ခာကို+မာနေတိ–မြတ်နိုးတတ်၏" အရ သိက္ခာ ၆ပါးကို မြတ်နိုးသူကို "သိက္ခမာန" ဟု ခေါ်၏၊ ထိုသိက္ခာ ၆ ပါးကို ၂ နှစ်အတွင်း လုံးဝ မပျက်စေရ, ပျက်လျှင် ပြန်၍ ဆောက်တည်ရသည်၊ ထိုသို့ ၂ နှစ်တိတိ မကျင့်ရသေးသော (ကျင့်၍ မပြီးသေးသော) သာမဏေမကို ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်အာပတ်သင့်၏။

စတုတ္ထ။ ။ တတိယသိက္ခာပုဒ်၌ပြခဲ့သည့်အတိုင်း ကျင့်နေသော သိက္ခမာန်သည် ဘိက္ခုနီဖြစ်လိုလသော် ဘိက္ခုသံဃာထံ "ဝုဋ္ဌာနသမ္မုတိ" တောင်း၍ ဥတ်ကမ္မဝါစာပြင့် ပေးအပ်သော ဝုဋ္ဌာနသမ္မုတိကို ရပြီးမှ ပဋ္ဌင်းပြုနိုင်သည်၊ [ပဋ္ဌင်းပြုနိုင်ကြောင်း သမ္မုတိကို "ဝုဋ္ဌာနသမ္မုတိ" ဟုလည်းကောင်း, "ဥပသမ္ပဒါ သမ္မုတိ" ဟု လည်းကောင်း ခေါ်သည်၊] ၂ နှစ်ပတ်လုံး ကျင့်ပြီးသော်လည်း သမ္မုတိ မရသေးသူကို ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်အာပတ်သင့်၏။

[သိက္ခမာန် ၃ မျိုးအပြားကို ကုမာရိဘူတဝဂ်ကျမှ ပြမည်။]

ပဋမ။ ။ မွေးဖွားသည်မှစ၍ ၁၂ နှစ် မပြည့်သေးသူကို "ဥုန္နဒ္ဒါဒသဝဿာ" ဟု ခေါ်၏၊ ယောကျ်ားတစ်ယောက်ယောက်နှင့် မေထုန်မှီဝဲမူးသူကို "ဂိဟိဂတာ" ဟုခေါ်၏၊ အိန္ဒိယ ထုံးစံအတိုင်း အသက်ငယ်သော်လည်း အိမ်ထောင်ကျပြီး ဖြစ်တတ်သည်၊ ထိုသို့ ၁၂ နှစ်မပြည့်သော ဂိဟိဂတာ မိန်းမကို ရဟန်းပြုပေးလျှင် ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်။

http://www.dhammadownload.com

ဆဋ္ဌ — ယာ ပန ဘိက္ခုနီ-သည်၊ ပရိပုဏ္ဏဒွါဒသ ဝဿ-ပြည့်သော ၁၂ နှစ်ရှိသော၊ ဝါ-၁၂ နှစ်ပြည့်ပြီးသော၊ ဂိဟိဂတ်-ကို၊ ဒွေဝဿာနိ-လုံး၊ ဆသု ဓမ္မေသု-တို့၌၊ အသိက္ခိတသိက္ခံ-ကျင့်အပ်ပြီးသော သိက္ခာ မရှိသေးဘဲ၊ ဝုဋ္ဌာပေယျ-အုံ၊ တဿာ ပါစိတ္တိယံ။

သတ္တမ — ယာ ပန ဘိက္ခုနီ ပရိပုဏ္ဏ ဒွါဒသဝဿ-သော၊ ဂိဟိဂတ်-သော၊ ဒွေဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ-ကျင့်အပ်ပြီးသော သိက္ခာရှိသော သိက္ခမာန်ကို၊ သံဃေန-သည်၊ အသမ္မတ်-ဘဲ၊ (စတုတ္ထ သိက္ခာပုဒ် အတိုင်းဆို။) ဝုဋ္ဌာပေယျ-အုံ၊ တဿာ ပါစိတ္တိယံ။

အဋ္ဌမ — ယာ ပန ဘိက္ခုနီ-သည်၊ သဟဓမ္မိနီ-အတူတကွ အသက်ရှည်လေ့ရှိသော တပည့်မကို၊ ဝါ-သဒ္ဓိဝိဟာရိနီ တပည့်မကို၊ ဝုဋ္ဌာပေတွာ - ပဋ္ဌင်းပြုပေးပြီး၍၊ ဒွေဝဿာနိ - လုံး၊ နေဝ အနုဂ္ဂဏှာ ယျ-ကိုယ်တိုင်လည်း မချီးမြှောက်အုံ၊ နှ အနုဂ္ဂဏှာပေယျ-သူတစ်ပါးကိုလည်း မချီးမြှောက်စေအုံ၊ တဿာ ပါစိတ္တိယံ။

* * * * * *

ဆဋ္ဌ။ ။ ပဋ္ဌမ သိက္ခာပုဒ်အတိုင်းဆိုလျှင် ၁၂ နှစ်ပြည့်သော ဂိဟိဂတာမိန်းမကို ရဟန်းပြုပေးကောင်းသည်ဟု ထင်ရသော်လည်း ဤသိက္ခာပုဒ်အရ ၂ နှစ်တိတိ ၆ ပါးသော သိက္ခာပုဒ်ကို မကျင့်ရသေးလျှင် ၁၂ နှစ်ပြည့်သော်လည်း ရဟန်းပြု၍ မပေးရ။

သတ္တမ။ ။ ဆဋ္ဌ သိက္ခာပုဒ်အတိုင်းဆိုလျှင် ၁၀ နှစ်အရွယ်၌ သိက္ခမာန်အကျင့်ကိုကျင့်၍ ၁၂ နှစ်ပြည့်သောအခါ ဂိဟိဂတာသိက္ခမာန်ကို ရဟန်းပြုပေးကောင်းသည်ဟု ထင်ရသော်လည်း ဤသိက္ခာပုဒ်အရ သံဃာ့ထံ ဝုဋ္ဌာနသမ္မုတိကို တောင်း၍ ထိုသမ္မုတိ ရပြီးသော ဂိဟိဂတာသိက္ခမာန်ကိုသာ ရဟန်းပြုပေးကောင်းသည်။ [ဤ ပဋ္ဌမ ဆဋ္ဌ သတ္တမ သိက္ခာပုဒ်၌လာသော မိန်းမများသည် အသက် ၂၀ မပြည့်သေးသော ငယ်ရွယ်သူ ဂိဟိဂတာများတည်း၊ ဂိဟိဂတာ မဟုတ်လျှင်ကား အသက် ၂၀ မပြည့်သေးလျှင် ရဟန်းပြု မပေးရဟု လာဦးလတ္တံ့။]

အဋ္ဌမ။ ။ ဥပဇ္ဈာယ်ယူသော သာမဏေယောက်ျားကို "သဒ္ဓိဝိဟာရိက" ဟု ခေါ်သကဲ့သို့ ဥပဇ္ဈာယ်ယူသော သာမဏေမနှင့် သိက္ခမာန်များကို "သဟ

http://www.dhammadownload.com

နဝမ ယာ ပန ဘိက္ခုနီ - သည်၊ ဝုဋ္ဌာပိတံ - ထမြောက်စေသော၊ ဝါ-ပဋ္ဌင်းပြုပေးသော၊ ပဝတ္တိနိ-ဥပဇ္ဈာယ်ဆရာမသို့၊ ဒွေ ဝဿာနိ-၂ နှစ်တို့ပတ်လုံး၊ နာနုဗန္ဓေယျ-မလိုက်အုံ့၊ ဝါ-မလုပ်ကျေးအုံ့၊ တဿာ ပါစိတ္တိယံ။

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ သဟဓမ္မိကိ-ကို၊ ဝုဋ္ဌာပေတွာ-၍၊ အန္တ မသော-အောက်ထစ်ဆုံးအားဖြင့်၊ ဆပ္ပဏ္ဍ ယောဇနာ နိပိ-၆ ယူဇနာ, ၅ ယူဇနာဝေးသော အရပ်တို့သို့လည်း၊ နေဝ ဝုပကာ သေယျ-ကိုယ်တိုင်မူလည်း ခေါ်မသွားအုံ့၊ နှ ဝုပကာသာပေယျ-သူတစ်ပါးကိုလည်း ခေါ်မသွားစေအုံ့၊ တဿာ ပါစိတ္တိယံ။ [သတ္တမော-သော၊ ဂဒ္ဒိနီဝဂ္ဂေါ-တည်း။]

* * * * * *

ဓိဝိနိ" ဟုလည်းကောင်း "သဒ္ဓိဝိဟာရိနိ" ဟုလည်းကောင်း ခေါ်၏၊ ထိုသဟဓိဝိနိ တပည့်မကို ရဟန်းပြုပေးပြီးနောက် စာသင်ပေးခြင်း စသည်ဖြင့် ၂ နှစ်ပတ်လုံး မိမိကိုယ်တိုင်လည်း မချီးမြှောက်-သူတစ်ပါးကို ချီးမြှောက်လိုက်ပါဟုလည်း မတိုက်တွန်းလျှင် ပါစိတ်။

နဝမ။ ။ "အစဉ်လိုက်ခြင်း" ဟူသည် သဒ္ဓိဝိဟာရိနီတပည့်များ၏ ထုံးစံအတိုင်း မျက်နှာသစ်ရေကပ်ခြင်း ဒန်ပူကပ်ခြင်း စသော ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းတည်း၊ ထိုသို့ ဝတ်ကြီး ဝတ်ငယ်ပြုကာ ဥပဇ္ဈာယ်ဆရာမနောက်သို့ မကွာ ထက်ကြပ်လိုက်၍ မလုပ်ကျေးလျှင် တပည့်မမှာ ပါစိတ်အာပတ်။ [သဒ္ဓိ-အတူတကွ+ဝိဟာရိနိ-နေလေ့ရှိသော တပည့်မ၊ "သဒ္ဓိ ဝိဟာရိနိ" ဟု ရှိသင့်လျက် ဝါစာသိလိဋ္ဌဖြစ်အောင် သဒ္ဓိဟု နိဂ္ဂဟိတ်မဲ့ပါဌ်ကို အသုံးပြုကြသည်။]

ဒသမ။ ။ ပဋ္ဌင်းသစ်မ၏ ရည်းစားနှင့် ခင်ပွန်းဟောင်းများရှိလျှင် အနောင့်အယှက်ခံရဖွယ် ရှိသောကြောင့် သဒ္ဓိဝိဟာရိနိ တပည့်မကို ရဟန်းပြုပေးပြီးနောက် အနည်းဆုံး ၆ ယူဇနာ ၅ ယူဇနာလောက်ဝေးသော အရပ်တစ်ပါးသို့ ကိုယ်တိုင်ဖြစ်စေ စေခိုင်း၍ဖြစ်စေ ခေါ်သွားရမည်၊ "သူ့ရဲ့ ခင်ပွန်းဟောင်းတို့ မနောင့်ယှက်နိုင်လောက်သော အရပ်သို့ ရောက်စေရမည်" ဟူလို၊ ထိုသို့ မခေါ်လျှင် ပါစိတ်။

ဂဒ္ဒိနီဝဂ်ပြီး၏။

http://www.dhammadownload.com

ကုမာရိဘူတဝဂ်

ပထမ — ယာ ပန ဘိက္ခုနီ-သည်၊ ဥုနဝီသတိဝဿံ - ယုတ်လျော့သော အနှစ်နှစ်ဆယ်ရှိသော ၊ ဝါ-အသက် ၂၀ မပြည့်သေးသော၊ ကုမာရိဘူတံ-အပျိုစင် ဖြစ်၍ဖြစ်သော သာမဏေမကို၊ ဥဒ္ဒါပေယျ-အုံ့၊ တဿာ ပါစိတ္တိယံ။

ဒုတိယ — ယာ ပန ဘိက္ခုနီ-သည်၊ ပရိပုဏ္ဏဝီသတိ ဝဿံ-ပြည့်သော အနှစ်နှစ်ဆယ်ရှိသော၊ ဝါ - အသက် ၂၀ ပြည့်ပြီးသော၊ ကုမာရိဘူတံ-ကို၊ ဒွေဝဿာနိ ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ-ကျင့်အပ်ပြီးသော ဘိက္ခာမရိုဘဲ၊ ဥဒ္ဒါပေယျ-အုံ့၊ တဿာ ပါစိတ္တိယံ။

တတိယ — ယာ ပန ဘိက္ခုနီ-သည်၊ ပရိပုဏ္ဏဝီသတိ ဝဿံ ဒွေဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ - ကျင့်အပ်ပြီးသော သိက္ခာရှိသော၊ ကုမာရိဘူတံ-ကို၊ သံဃေန, အသမ္မတံ-မသမုတ်အပ်သေးဘဲ၊ ဝါ-ဥဒ္ဒါန သမ္မုတိ မရသေးဘဲ၊ ဥဒ္ဒါပေယျ၊ တဿာ ပါစိတ္တိယံ။

* * * * * *

ပထမ-ဒုတိယ-တတိယ။ ။ ဤသိက္ခာပုဒ် ၃ ပါး၌ မှတ်သားဖွယ်များကို ဂဒ္ဒိနိဝဂ်လာ ၅-၆-၇-သိက္ခာပုဒ်များအတိုင်း သိပါ၊ ဂိဟိဂတနှင့် ကုမာရိဘူတသာ ထူးသည်၊ ဂိဟိဂတ ဟူသည် ယောကျ်ား သွားလာအပ်ဖူးသော မိန်းမဖြစ်၍ ဆင်းရဲဒုက္ခတို့ကို အပျိုစင်များထက် ခံနိုင်ရည် ရှိသောကြောင့် ၁၂ နှစ်ပြည့်လျှင် သိက္ခိတသိက္ခာရှိ၍ ဥဒ္ဒါန သမ္မုတိရမူ ဘိက္ခုနီ ဖြစ်ခွင့်ရ၏၊ ကုမာရိဘူတ ဟူသည် (ယောကျ်ားနှင့် မဆက်ဆံဖူးသော) အပျိုစင် သာမဏေမတည်း၊ ဤအပျိုစင်များကား ဒုက္ခကိုခံနိုင်ရည် မရှိလှ, စိတ်ရောကိုယ်ပါ နုနယ်ကြ၏၊ သို့ဖြစ်၍ အသက် ၂၀ပြည့်မှ ဘိက္ခုနီ ပြုခွင့်ရကြသည်။ [အသက် ၂၀ ပြည့်ပုံ စစ်တမ်းစသည်မှာ သာမဏေယောကျ်ားများနှင့်အတူပင်။]

ဆက်ဦးအုံ -"ဂိဟိဂတာ" ခေါ်သော မိန်းကလေးတို့သည် စောစောကလူ့ဘောင်မှာ ဝတ်ကြောင်နှင့်နေ၍ သိက္ခမာန် လုပ်ခါနီးမှဖြစ်စေ သိက္ခမာန်မလုပ်ခင် မကြာမီက ဖြစ်စေ သာမဏေမ အဝတ်ကို ဝတ်သူတည်း၊ "ကုမာရိဘူတာ" ခေါ်သော အပျိုးသမီးတို့ကား သိက္ခမာန်မလုပ်မီ ရှေးရှေးကပင် (ငယ်ရွယ်စဉ်ကပင်) စင်စင်ကြယ်ကြယ်နှင့် သာမဏေမ အဝတ်ကို ဝတ်လာခဲ့သူ ငယ်ပြုများ ဖြစ်ကြသည်။

http://www.dhammadownload.com

စတုတ္ထ ယာ ပန ဘိက္ခုနီ-သည်၊ ဥုန ဒွါဒသဝဿာ-ယုတ်လျော့သော တစ်ဆယ့်နှစ်ဝါရှိသည်၊ (ဝါ-တစ်ဆယ့်နှစ်ဝါ မရသေးသည်၊ ဟုတ္တာ-ဖြစ်လျက်၊) ဥဒ္ဒါပေယျ-ထမြောက်စေအံ့၊ ဝါ-ဥပဇ္झာယ်လုပ်၍ ပဋ္ဌင်းပြုပေးအံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ပဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ ပရိပုဏ္ဏ ဒွါဒသ ဝဿာ-ပြည့်သော တစ်ဆယ့်နှစ်ဝါရှိသည်၊ ဝါတစ်ဆယ့်နှစ်ဝါရပြီးသည်၊ (သမာနာပိ-ဖြစ်သော်လည်း) သံဃေန-သံဃာသည်၊ အသမ္မတာ-

* * * * *

သိက္ခမာန် ၃ မျိုး။ ။ မဟာသိက္ခမာန်-ဂိဟိဂတာသိက္ခမာန်- ကုမာရိဘူတာသိက္ခမာန်ဟု သိက္ခမာန် ၃မျိုးရှိ၏၊ ထိုတွင် ဂဒ္ဒိနီဝဂ် တတိယ စတုတ္ထ သိက္ခာပုဒ်ကို၌ လာခဲ့သော သိက္ခမာန်တို့သည် အသက် ၂ဝကျော်ပြီးသော မဟာသိက္ခမာန်တို့တည်း၊ ၎င်းတို့ကို သိက္ခာသမ္မုတိပေးသည့်အခါ ဥတ်ကမ္ဘဝါစာတို့၌ ဂိဟိဂတာဖြစ်ဖြစ် ကုမာရိဘူတာဖြစ်ဖြစ် "သိက္ခမာနာ"ဟုသာ ခေါ်ဝေါ်သုံးစွဲရမည်၊ ဂိဟိဂတာဟုလည်းကောင်း ကုမာရိဘူတာဟုလည်းကောင်း မသုံးစွဲရ။

၁ဂနှစ် မပြည့်သေးသော ဂိဟိဂတာများကို ဂိဟိဂတာဟုလည်းကောင်း သိက္ခမာနာဟုလည်းကောင်း ခေါ်ဝေါ်နိုင်သည်၊ ၁ဂနှစ်မှ အနှစ် ၂ဝအတွင်း ဂိဟိဂတာများကိုကား ဂိဟိဂတာသိက္ခမာနာဟူသော နာမည်အပြင် "ကုမာရိဘူတာ"ဟုလည်း ခေါ်ဝေါ်လိုက ခေါ်ဝေါ်နိုင်သတဲ့၊ ဘာကြောင့်နည်း... ၁ဂနှစ်မှ အနှစ် ၂ဝအတွင်းအရွယ်သည် ကုမာရိဘူတသာမဏေမတို့ သိက္ခာဖိပါးကို ကျင့်ကြရာ အရွယ်ဖြစ်သောကြောင့်တည်း၊ ကုမာရိဘူတ သာမဏေမတို့မှာ အသက် ၂ဝပြည့်မှ ဘိက္ခုနီလုပ်နိုင်သောကြောင့် ၁ဂနှစ်မပြည့်မီ သိက္ခာသမ္မုတိ မရနိုင်သေး၊ ၎င်းတို့ကို သိက္ခာသမ္မုတိပေးသည့်အခါဝယ် "ကုမာရိဘူတာ"ဟုလည်းကောင်း၊ "သိက္ခမာနာ"ဟုလည်းကောင်း ခေါ်ဝေါ်နိုင်၏၊ ဂိဟိဂတာဟုကား မခေါ်ဝေါ်နိုင်။

စတုတ္ထ။ ။ ဘိက္ခုနီသည် ၁၂ပါမရသေးခင် ဥပဇ္झာယ် ဆရာမလုပ်၍ သိက္ခမာန်ကို ရဟန်းပြုမပေးရ၊ ပြုပေးလျှင် ပါစိတ်။ [ဘိက္ခုတို့မှာ ၁ဝဝါမရသေးခင် ဥပဇ္झာယ်ဆရာ မလုပ်ရ၊]

ပဋ္ဌမ။ ။ "ဥဒ္ဒါပန သမ္မုတိ"ဟူသည် ဥပဇ္झာယ်ဆရာမ လုပ်၍ ပဋ္ဌင်းပြုပေးခွင့်ရသော သမ္မုတိတည်း၊ ဥပဇ္झာယ်ဆရာမလုပ်မည့် ရဟန်းမသည် ထို သမ္မုတိကို သံဃာ့အထံတောင်းရ၏၊ ထိုအခါ သံဃာက လန္ဓိနီ ဟုတ်-

http://www.dhammadownload.com

မသမုတ်အပ်ဘဲ၊ ဝါ-ဝုဋ္ဌာပန သမ္မုတိ မရဘဲ၊ ဝုဋ္ဌာပေယျ-အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ယာပန ဘိက္ခုနီ-သည်၊ အယျေ-အရှင်မ၊ တေ-အရှင်မအား၊ ဝါ-အရှင်မ၏၊ ဝုဋ္ဌာပိတေန-ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းပြုပေး ခြင်းဖြင့်၊ အလံ တာဝ-မသင့်လျော်သေးပါ၊ ဣတိ-ဤသို့၊ ဝုစ္စမာနာ-ပြောဆိုအပ်သော်၊ သာရှေတိ-ကောင်းပါပြီဟူ၍၊ ပတိဿုဏိတ္တာ- ဝန်ခံပြီး၍၊ ပစ္ဆာ-နောက်၌၊ ခိယျနမ္မ-ရှုံ့ချခြင်းသဘောသို့၊ အာပဇ္ဇေယျ- ရောက်အံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ယာပန ဘိက္ခုနီ-သည်၊ သိက္ခမာနံ-သိက္ခမာန်ကို၊ အယျေ-

သဏ္ဌမ အရှင်မ၊ တွံ-သင်သည်၊ မေ-ငါ့အား၊ စိဝရံ-သင်္ကန်းကို၊ သစေဒဿသိ-အကယ်၍ပေးအံ့၊ ဧဝံ-ဤသို့ သင်္ကန်းပေးလျှင်၊ အဟံ-ငါသည်၊ တံ-သင့်ကို၊ ဝုဋ္ဌာပေဿာမိ-ပဋ္ဌင်းပြုပေးအံ့၊ ဣတိ-ဤသို့၊ ဝတ္တာ-ပြောဆိုပြီး၍၊ သာ-ထိုရဟန်းမသည်၊ ပစ္ဆာ - နောက်၌၊ အနန္တရာ

* * * * *

မဟုတ်ကို စိစစ်၍ လဇ္ဇီနီဟုတ်မှ ဥတ်ကမ္မဝါစာဖြင့် သမ္မုတိ ပေးရသည်၊ လဇ္ဇီနီ မဟုတ်လျှင် သမ္မုတိမပေးရ၊ ထိုသမ္မုတိ မရသေးလျှင် ၁၂ဝါပြည့်စေကာမူ ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းပြုမပေးနိုင်၊ ဥပဇ္ဈာယ်လုပ်လျှင် ပါစိတ်။

ဆဋ္ဌ။ ။ ဥပဇ္ဈာယ် ဆရာမလုပ်လိုသော ရဟန်းမသည် သံဃာ့ထံ ဝုဋ္ဌာပန သမ္မုတိကိုတောင်းသည့်အခါ သံဃာက သူ၏ လဇ္ဇီနီမဟုတ်ကြောင်းကို သိ၍ ဝုဋ္ဌာပန သမ္မုတိမပေးဘဲ "အရှင်မမှာ ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်းခံပေးဖို့ မသင့်သေးပါ"ဟုပြောလေသော် "ကောင်းပါပြီ"ဟု ဝန်ခံပြီးနောက် အခြား သူတို့အား ဝုဋ္ဌာပန သမ္မုတိပေးသည်ကို မြင်သည့်အခါ "ငါတော့ အမိုက်မ တဲ့လား, အလဇ္ဇီနီတဲ့လား, ငါ့ကိုတော့ သမ္မုတိ မပေးဘူး" စသည်ဖြင့် သံဃာကို ကဲ့ရဲ့ရှုတ်ချလျှင် ပါစိတ်။

သတ္တမ။ ။သိက္ခမာန်တစ်ယောက်ယောက်က ဥပဇ္ဈာယ်လုပ်၍ ပဋ္ဌင်း ပြုပေးပါရန် တောင်းပန်သည့်အခါ ငါ့အား သင်္ကန်းပေးလျှင် ဥပဇ္ဈာယ်လုပ်မည် ဟု ဝန်ခံပြီးနောက် သူ တောင်းသည့်အတိုင်း သင်္ကန်းရပါလျက် အနန္တရာယ် တစ်စုံတစ်ရာလည်း မရှိပါဘဲကိုယ်တိုင်လည်း ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုမပေး,

http://www.dhammadownload.com

,ယိကိနီ-အန္တရာယ်မရှိပါဘဲ၊ နေဝ ဝုဋ္ဌာပေယျ-ကိုယ်တိုင်လည်း ပဋ္ဌင်းပြုမပေးအုံ၊ ဝုဋ္ဌာပနာယ-ပဋ္ဌင်းပြုပေးခြင်းငှာ၊ ဥဿုက္ကံ-ကြောင့်ကြကို၊ နကရေယျ-မပြုအုံ၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

အဋ္ဌမ ယာ ပန ဘိက္ခုနီ-သည်၊ သိက္ခမာနံ-သိက္ခမာန်ကို၊ အယျ-အရှင်မ၊ တွံ-သည်၊ မေ-ငါ၏(နောက်သို့၊) ဒွေဝဿာနိ-၂ နှစ်တို့ပတ်လုံး၊ သစေ အနုဗန္ဓိဿသိ-အကယ်၍လိုက်အုံ၊ ဧဝံ-ဤသို့လိုက်လျှင်၊ အဟံ တံ ဝုဋ္ဌာပေဿာမိ, ဣတိဝတ္တာ သာ ပဗ္ဗာ အနန္တရာ ယိကိနီ နေဝ ဝုဋ္ဌာပေယျ, ဝုဋ္ဌာပနာယ ဥဿုက္ကံ နကရေယျ၊ တဿာ ပါစိတ္တိယံ။

နဝမ ယာ ပန ဘိက္ခုနီ-သည်၊ ပုရိသသံသဋ္ဌ-အသက် ၂၀ပြည့်ပြီး ယောကျ်ားကြီးတို့နှင့်ရောနှောသော၊ ကုမာရကသံသဋ္ဌ-အသက် ၂၀ မပြည့်ခင် လုလင်ပျိုတို့နှင့် ရောနှောသော၊ စဏ္ဍီ-ကြမ်းတမ်းသော၊ သောကာဝါသံ-ယောကျ်ားတို့အတွင်း သောကသွင်းတတ်သော၊ တစ်နည်း, သောကာဝါသံ- သောကဟူသော နေရာရှိသော၊ သိက္ခမာနံ-ကို၊ ဝုဋ္ဌာပေယျ-အုံ၊ တဿာ ပါစိတ္တိယံ။

* * * * *

ဥပဇ္ဈာယ်ဆရာ ရှာပေးသောအားဖြင့် ကြောင့်ကြလည်းမစိုက်သော ဘိက္ခုနီမှာ ပါစိတ်။

အဋ္ဌမ။ ။ သိက္ခမာန်တစ်ယောက်ယောက်က "တပည့်တော်ကို ပဋ္ဌင်းပြုပေးပါ"ဟု လျှောက်လာသည့်အခါ "ငါ့နောက်သို့ ၂နှစ်မျှ ပြုစုလုပ်ကျွေးလျက် လိုက်နေလျှင် ရဟန်းပြုပေးမည်"ဟု ဝန်ခံပြီးနောက် "သူပြောသည့်အတိုင်းပင် လိုက်ပါမည်"ဟု ပဋိညာဉ်ရပါလျက် တစ်စုံတစ်ခုအန္တရာယ်လည်းမရှိဘဲ ရဟန်းပြုမပေးလျှင် သို့မဟုတ် ကြောင့်ကြမစိုက်လျှင် ပါစိတ်။

နဝမ။ ။"ပုရိသ"အရ"အသက် ၂၀ပြည့်ပြီးသောယောကျ်ား" ဟုလည်းကောင်း, "ကုမာရက"အရ"အသက် ၂၀မပြည့်သောလုလင်"ဟုလည်းကောင်း, ဤသိက္ခာပုဒ်၏ ပဒဘာဇနီမှာဖွင့်သည်၊ သောကာဝါသံ၏ အနက် ၂မျိုးကို ကခ်ါမှာရှု၊ ယောကျ်ားကြီးငယ်တို့နှင့် ရောနှောနေလေ့ရှိသော, ကြမ်းလည်းကြမ်းတမ်းသော,(သူ့ကိုမတွေ့ရလျှင်ယောကျ်ားများပူဆွေးသောကြောင့်)

http://www.dhammadownload.com

ဒသမ ယာ ပန ဘိက္ခုနီ-သည်၊ မာတာပိတူဟိ၀ါ-မိဘရင်းတို့သည် လည်းကောင်း၊ သာမိကေနဝါ - လင်သည်လည်းကောင်း၊ အနနုညာတံ-ခွင့်မလွတ်အပ်သော၊ သိက္ခမာနံ-ကို၊ ဝုဋ္ဌာပေယျ-အုံ့၊ တဿာ ပါစိတ္တိယံ။

ကောဒသမ ယာ ပန ဘိက္ခုနီ-သည်၊ ပါရိ၀ါသိက ဆန္ဒဒါနေန-သုံ့အပ်ပြီးသောဆန္ဒပေးခြင်းဖြင့်၊ သိက္ခမာနံ-သိက္ခမာန်ကို၊ ဝုဋ္ဌာပေယျ-အုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * *

ယောက်ျားတို့အတွင်းသို့ သောကကို သွင်းတတ်သော, (ယောက်ျားများကို မတွေ့ရလျှင် သူ့ကိုယ်တိုင်လည်း သောကဖြစ်ကတတ်သောကြောင့်) သူသည်ပင် သောက၏တည်နေရာဖြစ်သော သိက္ခမာန်ကို ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးသော ဘိက္ခုနီမှာ ပါစိတ်။

ဒသမ။ ။ "မာတာပိတု"အရ မွေးစားသော မိဘများကို မယူရ, အမိရင်း အဘရင်းကိုယူရမည်၊ သာမိကဟူသည် သူ့ကိုသိမ်းပိုက်ထားသော လင်တည်း၊ ရှင်ပြုပေးလိုလျှင် ထိုသူတို့ထံမှ ခွင့်လွှတ်ချက်ရစေရမည်၊ ရဟန်းပြုပေးလိုပြန်လျှင်လည်း ထို့အတူပင် ခွင့်ပြုချက်ရစေရမည်၊ ဤသို့လျှင် မိန်းမသားတို့မှာ ဆိုင်ရာကို ၂ကြိမ်မျှခွင့်တောင်းကြရသည်၊ ရဟန်းပြုခါနီးဌ ထိုကဲ့သို့ ခွင့်မရဘဲရဟန်းပြုပေးသော ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ်။ [ဘိက္ခုတို့မှာ ရှင်ပြုခါနီးဌ တစ်ကြိမ်ခွင့်ရလျှင် ဆက်၍ရဟန်းပြုပေးနိုင်ပြီ၊ ရဟန်းပြုခါနီးဌ ထပ်မံ၍ ခွင့်တောင်းဖွယ်မလို၊ ရှင်ပြုခွင့်ကိုသော်မှ မရသေးသူကို ရဟန်းပြုပေးလျှင် ဒုက္ခင့်၊ သို့သော် ရဟန်းလောင်းမှာ ရဟန်းဖြစ်သည်သာ။]

ကောဒသမ။ ။ သံဃာအများ ကပြုဖို့ရန် စည်းဝေးကြသော် ထိုကပြုမည့် သိမ်အတွင်းရှိ ရဟန်းတစ်ပါးကား မလိုက်နိုင်၍ ထိုကဲ့ကို သဘောတူကြောင်း ဆန္ဒပေးလိုက်သည်၊ ဤကား "ဆန္ဒဒါန"အရ ဆန္ဒပေးခြင်းတည်း၊ ထိုအခါ "နက္ခတ္တပါဋိဂ"ခေါ် နက္ခတ်ကျမ်းကို ရွတ်ဖတ်လေ့လာသော ရဟန်းက "ယနေ့ နက္ခတ်မကောင်းသေးပါ, ဤကဲ့ကိုမပြုကြသေးနှင့်" ဟု ပြောဆိုသောကြောင့်ဖြစ်စေ, အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ, ထို ကပြုလိုသောဆန္ဒကို စွန့်လွှတ်လိုက်ကြ၏၊ ထိုအကြိမ်မှာ ထိုကဲ့မပြုဖြစ်တော့-ဟူလို၊ ဤသို့ကဲ့မပြုဖြစ်သောအခါ မလိုက်နိုင်သောရဟန်း၏ ဆန္ဒပေးမှုလည်း ပါရိ၀ါသိက ဖြစ်လေတော့သည်။

http://www.dhammadownload.com

"ပါရိဝါသိကဖြစ်"ဟူသည်ကား ထိုဆန္ဒပေးမှုသည် သုံးအပ်ပြီးဖြစ်သည်, နောက်ထပ် သုံး၍မရတော့ပြီ, ထိုဆန္ဒပေးမှုကင်းလေပြီ–ဟု ဆိုလိုသည်၊ ထို့ကြောင့် ဝိမတိဋ္ဌိကာ၌ "ပါရိဝါသိကေန ဆန္ဒဒါနေနာတိ–ဟူသည်ကား၊ ပရိဝုတ္ထေန ဆန္ဒဒါနေန–သုံးအပ်ပြီးသော ဆန္ဒပေးခြင်းဖြင့်၊ ဝိဂတေန ဆန္ဒဒါနေန–ကင်းပြီးသော ဆန္ဒပေးခြင်းဖြင့်"ဟုဖွင့်သည်၊ ယခု နိဿယတို့၌ကား "ပါရိဝါသိက ဆန္ဒဒါနေန–သိုးခဲ့ပြီးသော ဆန္ဒပေးခြင်းဖြင့်"ဟု တွေ့ရ၏၊ "သိုး"ဆိုသည်မှာ ထမင်းသိုး ဟင်းသိုးကဲ့သို့ "နောက်ထပ် အသုံးပြု၍မဖြစ်တောပြီ"ဟု အဓိပ္ပါယ်မှန်ထွက်သော်လည်း "ပါရိဝါသိက" ဟူသော သဒ္ဒါရင်းက "သိုး"ဟု အနက်ထွက်ဖို့မှာ အလွန် အလှမ်းကွာလေသည်၊ ကျမ်းပြုဆရာ မူလရေးသားစဉ်က "သုံးခဲ့ပြီးသော"ဟု ရေးသားခဲ့ကာမှ ကာလကြာသဖြင့် အကူးမှား၍ "သိုးခဲ့ပြီးသော"ဟု ဖြစ်လေရော့သလားဟု ကြံမိတော့သည်။

ပါရိဝါသိက၌ ပရိပုဗ္ဗ ဝသဓာတ် ကျေပစ္စည်း ဣအာဂုံတည်း၊ ယကို ကပြု၍ ပါရိဝါသိကဟု ပါဠိအရှိများသည်၊ တချို့စာ၌ ပါရိဝါသိယဟုလည်း ရှိ၏၊ သင့်သည်ချည်းသာ၊ ဝသဓာတ်သည် "ဝုသိတ် ဗြဟ္မစရိယံ"စသည်၌ ကျင့်သုံးခြင်းအနက်ကိုဟော၏၊ "ပရိဝုတ္ထ ပရိဝါသော"စသည်၌ ပရိ ရှေးရှိသော်လည်း "သုံးခြင်း"အနက်ကိုပင်ဟော၏၊ ပါရိဝါသိကဌ၌ ကျေပစ္စည်းကြ၍ "ပရိဝုတ္ထေန"ဟူသော ဋီကာနှင့်အညီ "သုံးအပ်"ဟု ကမ္မသာဓနအနက် ကြံလိုက်ပေသည်၊ "သုံး"ဟူသည်မှာလည်း "ပရိဘုဥ္ဇန"ခေါ်သော"သုံးစွဲခြင်း–သုံးဆောင်ခြင်း"မဟုတ် "သုည–သုဉ်းခြင်း–ဘာမျှမရှိခြင်း"လည်း မဟုတ်၊ ထို ဆန္ဒဒါနဖြင့် နောက်ထပ် ကဲတစ်ခုခု မပြုနိုင်တော့ခြင်း–ထို ဆန္ဒဒါန၏ ကိစ္စပြီးစီးခြင်းကိုသာ "သုံးအပ်"ဟု ဆိုသည်။

ဤကဲ့သို့ ဆန္ဒဒါနက ပါရိဝါသိကဖြစ်လျှင် ထိုပါရိဝါသိကဆန္ဒဒါနဖြင့် ကဲပြု၍မဖြစ်၊ ကဲပြုလိုလျှင် ကဲပြုရာသို့ မလိုက်နိုင်သော ရဟန်း၏ဆန္ဒကို ထပ်မံ၍ ဆောင်ရသည်၊ ထိုသို့ ထပ်မံ၍မဆောင်ဘဲပါရိဝါသိက ဆန္ဒဒါနဖြင့် သိက္ခာမာန်ကို ရဟန်းပြုပေးလျှင် (ဥပသမ္ပဒကဲပြုလျှင်) ဥပဇ္ဈာယ်ဆရာမမှာ ပါစိတ် အာပတ်သင့်သည်။ [ဤသိက္ခာပုဒ်နှင့်စပ်၍ ပါရိဝါသိက ၄မျိုး အကျယ်ကို အဋ္ဌကထာမှာရှု။]

http://www.dhammadownload.com

ဒွါဒသမ ယာ ပန ဘိက္ခုနီ-သည်၊ **အနဝသဿ-နှစ်စဉ်၊ ဝုဋ္ဌာပေယျ-**
အုံ၊ **တ**ဿာ**ပါ**စိ**တ္တိ**ယ်။

တေရသမ ယာ ပန ဘိက္ခုနီ-သည်၊ **ဧ**ကဝဿ-**တ**စ်**နှ**စ်**ထ**ဲ**၌**၊ **ဒွေ-**
သိက္ခ**မာ**နိ် ၂**ယော**ာ**ကတ**ို့**ကို**၊ **ဝ**ုဋ္ဌ**ာ**ပ**ေ**ယ**ျ-**အ**ုံ**၊ **တ**ဿာ
ပါ**စ**ိ**တ**ိ**ယ**်။

အဋ္ဌ**မော-ရ**ုစ်**ဝ**ဂ်**မြော**ာ**ကော**၊ **ကု**မ**ာ**ရ**ိ**ဘ**ုတ**ဝ**ဂ**္ဂေါ-**တ**ည်း**။**

* * * * *

ဒွါဒ**သ**မ**။** ။ ဘိက္ခုနီတို့မှာ ဘိက္ခုတို့လောက် လာဘ်လာဘ မများ ကြချေ၊ သို့ဖြစ်၍ နေထိုင်ရာ ဥပသထခေါ် ကျောင်းများလည်း ဘိက္ခုတို့လို လုံလုံလောက်လောက်မရှိကြ၊ ဥပဇ္ဈာယ်လုပ်နိုင်လောက်သော ဘိက္ခုနီတိုင်းက တစ်နှစ် တစ်ပါးကျ ရဟန်းခံပေးလျှင် ဘိက္ခုနီတွေများ၍ ကျောင်းနေရာ လည်း ကြပ်တည်းပွယ်ရှိ၏၊ ထို့ကြောင့် ဘိက္ခုနီတို့သည် တစ်နှစ်တစ်ပါးကျ ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးလျှင် ပါစိတ်အာပတ်သင့်၏။

တေရ**သ**မ**။** ။ ပထမနှစ် ဥပဇ္ဈာယ်လုပ်ပြီးနောက် ဒုတိယ တစ်နှစ် ခြား၍ တတိယနှစ်၌ သိက္ခမာန် ၂ပါးကို ရဟန်းပြုပေးပြန်လျှင်လည်း နှစ်စဉ် တစ်ပါးကျနှင့် မထူးပြီ၊ ထို့ကြောင့် မည်သည့်နှစ်၌မဆို, တစ်နှစ်ထဲ၌ သိက္ခမာန် ၂ပါးကို ရဟန်းပြုပေးပြန်လျှင် ပါစိတ်ဟု ပညတ်တော်မူရပြန်သည်၊ ၂ နှစ်မှ တစ်ပါးသာ ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးရမည်-ဟု အချုပ်မှတ်။

မှတ်**ချ**က်**။** ။ "ကုမာရိ" ပုဒ်ရင်းဖြစ်၍ "ကုမာရိဘူတ"ဟု မူလ ရှိသော်လည်း သမာသ်အလယ်၌ ရဿပြု၍ "ကုမာရိဘုတ"ဟု ဖြစ်ရသည်။

ကုမာရိဘုတဝဂ်ပြီးပြီ။

---

http://www.dhammadownload.com

ဆတ္တာ့ပါဟနဝဂ်

ပထမ — ယာ ပန ဘိက္ခုနီ–သည်၊ အဂိလာနာ–ဂိလာနမဟုတ်ဘဲ၊ ဆတ္တာ့ပါဟနံ–ထီး,ဖိနပ်ကို၊ ဓာရေယျ–ဆောင်အုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ဒုတိယ — ယာ ပန ဘိက္ခုနီ–သည်၊ အဂိလာနာ–ဂိလာနမဟုတ်ဘဲ၊ ယာနေန–ယာဉ်ဖြင့်၊ ယာယေယျ–သွားအုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * *

ပထမ။ ။ ဂိလာနမဟုတ်ဘဲ ကျောင်းတိုက်အတွင်းနှင့် ကျောင်းတိုက် ဥပစာမှတစ်ပါးသော မြို့တွင်း ရွာတွင်းတောအရပ် အားလုံးမှာပင် ဘိက္ခုနီတို့ ထီး ဖိနပ် ၂မျိုးလုံးကိုဆောင်လျှင် စ၍ဆောင်တိုင်း၌ ပါစိတ် အာပတ် သင့်၏၊ တစ်မျိုးကိုသာဆောင်လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ "ဆောင်" ဟူသည် ထီးကိုဆောင်းခြင်း ဖိနပ်ကိုစီးခြင်းတည်း၊ ဘိက္ခုတို့လည်း ထီးအတွက်မှာ ဘိက္ခုနီများကဲ့သို့ မြို့ရွာတော အားလုံးမှာပင် မဆောင်အပ်ဟု ခုဒ္ဒကဝတ္ထုခန္ဓကဋ္ဌ မိန့်တော်မူသည်၊ ဖိနပ်ကား မြို့ရွာအတွင်းနှင့် အာဂန္တုဖြစ်ခိုက် အခြားကျောင်းတိုက်၌သာ မစီးအပ်၊ အာဂန္တုမဟုတ်သည့်အခါ တောထဲသို့ သွားသည့်အခါမှာမူကား စီးကောင်း၏။

ထီး ဖိနပ်အပ်သောအချက်။ ။ ကိုယ်ပူရောဂါ–သည်းခြေပျက်ရောဂါ–မျက်စိ အားနည်းသောရောဂါ–စသည်ဖြင့် ထီးမဆောင်းရလျှင် တိုးပွားမည့် ရောဂါမျိုးရှိလျှင်လည်းကောင်း မိုးရွာသည့်အခါ၌ အအေးမိမည်ကို စိုးရိမ်ရခြင်း နေပူလွန်း၍ အပူမိမည်ကို စိုးရိမ်ရခြင်း သင်္ကန်းကို မိုးစိုမည်မှ စောင့်ရှောက်လိုခြင်းစသော လုံလောက်သောအကြောင်းရှိလျှင်လည်းကောင်း၊ ထီးဆောင်းကောင်း၏၊ နေပူလွန်းခြင်း အအေးများလွန်းခြင်း သွားရာအရပ်က ရောဂါဘယရှိခြင်း စသော အကြောင်းကြောင့် ကျန်းမာရေးကို ထိခိုက်လောက်လျှင် ဖိနပ်လည်း စီးကောင်း၏၊ ထိုသို့ အကြောင်းမလုံလောက်လျှင် ထီး ဖိနပ် ၂မျိုးလုံးပင် မအပ်၊ ထီးအစား ယပ်ကိုသုံးစွဲ၍ ဖိနပ်မစီးဘဲ သွားနိုင်ခြင်းသာ အပြစ်အကင်းဆုံးဖြစ်သည်။ [ယခုကာလ အချို့ဖိနပ်တို့မှာ နဂိုကပင်မအပ်, စမ္မက္ခန္ဓကမှာ ကြည့်ပါ။]

ဒုတိယ။ ။ ယခုကာလ မီးရထား မာတ်ရထား မော်တော်ကားများကို လူက လှည့်ပေးရသော်လည်း သွားအောင် တွန်းပေးရ ဆွဲငင်ပေးကြရသည်

http://www.dhammadownload.com

တတိယ ယာ ပန ဘိက္ခုနီ–သည်၊ သယံဂဏီ–ခါးကြိုးတန်ဆာကို၊ ဓာရေယျ–ဆောင်အုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

စတုတ္ထ ယာ ပန ဘိက္ခုနီ–သည်၊ ဣတ္ထာလင်္ကာရ–မိန်းမတို့၏ တန်ဆာကို၊ ဓာရေယျ–ဆောင်အုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

ပဉ္စမ ယာ ပန ဘိက္ခုနီ–သည်၊ ဂန္ဓဝဏ္ဏကေန–နံ့သာရည်, အလှရည် ဖြင့်၊ နှာယေယျ–ရေချိုးအုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

* * * * *

မဟုတ်, ဆိုင်ရာ စက်အား ဓာတ်အားတို့ဖြင့် သွားလာနေရကား လူက ပထမ သွားရုံနှင့် လမ်းဖြောင့်ရုံသာ ဂရုစိုက်ရသည်၊ မည်သည့် နွား မြင်း လူကိုမျှ ပင်ပန်းကြီးစွာ နှိပ်စက်ရာမရောက်၊ ထို့ကြောင့် မီးရထားစသည်ကို ရဟန်းတို့ မစီးကောင်းသော ယာဉ်များ၌သွင်း၍မယူကြ၊ နွား မြင်း လူအား စိုက်၍ တွန်းရ ဆွဲရသော လှည်း မြင်းရထား လန်ချား ဆိုက်ကားနှင့် ထမ်းစင်များကိုသာ ဤယာနေနအရ ယူကြ၏၊ စမ္ဘကွန်ကပါဠိတော်၌ ဘုရားရှင် ပညတ်တော်မူလိုရင်းကိုပါ စဉ်းစားကြပါကုန်၊ ဤလှည်းစသော ယာဉ်များဖြင့် ဂိလာန မဟုတ်ဘဲ သွားလာလျှင် ဘိက္ခုနီတို့မှာ ပါစိတ်, ဘိက္ခုတို့မှာ ဒုက္ကဋ်၊ ဂိလာနဟူသည် မြင်းရထား လှည်းစသည်ကို မစီးရလျှင် ရောဂါတိုးလောက်အောင် မကျန်းမာနေသူတည်း။

တတိယ။ ။ သယံဂဏီဟူသည် ခါးအတွက် ဆင်မြန်းအပ်သော ခါး တန်ဆာ တစ်မျိုးတည်း၊ သို့သော် "ယာကာစိ ကဋ္ဌပဂါ=အလုံးစုံသော ခါးတန်ဆာ"ဟု ဆိုသောကြောင့် ယခုအခါ ခါးပတ်များနှင့် အလှပတ်သော (ခါးပန်းကြိုးမဟုတ်သော) ပဝါ ခါးစီးများလည်း ပါဝင်သည်၊ ထိုအလုံးစုံကို ဘိက္ခုနီတို့သာမက, ဘိက္ခုသာမဏေတို့ပါ မအပ်သည်သာ။

စတုတ္ထ။ ။ မိန်းမတို့ ဝတ်ဆင်လေ့ရှိသော ပုတီး လက်ကောက် လက်စွပ် ခြေချင်းစသည်နှင့် လက်ပတ်နာရီတို့ပါ ဣတ္ထာလင်္ကာရ (ဣတ္ထိအလင်္ကာရ) ၌ ပါဝင်သည်၊ ထိုအလုံးစုံကို ဝတ်ဆင်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်, ဘိက္ခုတို့မှာ ဒုက္ကဋ်။

ပဉ္စမ။ ။ "ဂန္ဓ"ဟူသည် အမွှေးအကြိုင် အနံ့တည်း၊ ဝဏ္ဏကဟူသည် အဆင်းလှအောင် ပြုနိုင်သော အလှရည်တည်း။ [ဝဏ္ဏကကို နံ့သာဖျောင်း

http://www.dhammadownload.com

ဆဋ္ဌ ယာ ပန ဘိက္ခုနီ-သည်၊ ဝါသိတကေန-နံ့သာဖြင့်၊ ထုံအပ်သော၊ ပိညာကေန-နှမ်းမှုန့်ညှိုက်ဖြင့်၊ နှာယေယျ-ရေချိုးအုံ့၊ တဿာ ဘိက္ခုနိယာ ပါစိတ္တိယံ။

သတ္တမ ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုနိယာ-ရဟန်းမကို၊ ဥမ္မဒ္ဒါ ပေယျဝါ-ပွတ်တိုက်မူလည်း ပွတ်တိုက်စေအုံ့၊ ပရိမဒ္ဒါပေယျ ဝါ-နှိပ်မူလည်း နှိပ်စေအုံ့၊ တဿာ ပါစိတ္တိယံ။

* * * * *

(နံ့သာပြစ်)ဟု အနက်ပေးကြသေး၏။] ဂန္ဓအမျိုးမျိုးကို ရေ၌ စပ်၍ဖြစ်စေ ဝဏ္ဏကအမျိုးမျိုးကို ရေ၌ စပ်၍ဖြစ်စေ ရေချိုးလျှင် ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်။

ဆဋ္ဌ။ ။ ပဋ္ဌမ သိက္ခာပုဒ်သည် နံ့သာအလှရည်တို့ကို ရေ၌ ရောစပ်၍ ချိုးခြင်းမှ တားမြစ်သော သိက္ခာပုဒ်တည်း၊ ဤသိက္ခာပုဒ်ကား နံ့သာထုံအပ်သော နှမ်းမှုန့်တို့ဖြင့် ကိုယ်ကို ပွတ်တိုက်၍ ရေချိုးခြင်းမှ တားမြစ်သည်၊ သိက္ခာပုဒ် ၂ပါးလုံးပင် မာလာဂန္ဓ ဝိလေပန ဓာရဏာစသော သိက္ခာပုဒ်နှင့် တစ်ထပ်တည်း ကျရကား ဘိက္ခု ဘိက္ခုနီတို့သာမက- သာမဏေများလည်း နံ့သာရောသော ရေဖြင့်လည်းကောင်း နံ့သာထုံထားသော နှမ်းမှုန့်ညက် ဆပ်ပြာဖြင့်လည်းကောင်း ရေမချိုးကောင်း။ [နှမ်းမှုန့်ညက်သည် သွေးကို ကြည်စေတတ်၏၊ ထို့ကြောင့် ရှေးက နှမ်းမှုန့်ဖြင့် ကိုယ်ကို ပွတ်တိုက်လေ့ရှိကြသည်၊ နံ့သာမထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ပွတ်တိုက်ခြင်းကြောင့်ကား အနာပတ္တိ။]

ဆက်ဦးဆုံ - ယခုခေတ် များစွာသော ဆပ်ပြာမျိုးတို့သည် ဝါသိတက ဆပ်ပြာများဖြစ်ကြ၏၊ ထိုဆပ်ပြာတို့ကား (မှန်မှန်ပြောရလျှင်) မသုံးအပ်ကြချေ၊ အများထက် ထူးခြား၍ ကိုယ်နံ့ဆိုးဝါးသူများ ရှိတတ်၏၊ ထိုသူများ အတွက်ကား ဤဆပ်ပြာမျိုးများကို အပ်ပါ၏၊ ကိုယ်နံ့မဆိုးဝါးဘဲလျက် ဆပ်ပြာမျိုးကိုသုံးစွဲလို၍ ကိုယ်နံ့ဆိုးဝါးသူ ဖြစ်အောင်လည်း မိမိကိုယ်ကို မကြဲဆောင်သင့်၊ ထို့ကြောင့် ရောဂါထူး မရှိသူတို့မှာ မျက်နှာသစ် ရေချိုး စသည်တို့၌ အမြေးနံ့ မထင်ရှားသော ရိုးရိုးဆပ်ပြာများကိုသာ သုံးစွဲသင့်ကြပေသည်။

သတ္တမသည်။ ။ ဥမ္မဒ္ဒါပေယျကို "ဥမ္မဒ္ဒနပေယျ-ပွတ်တိုက်စေအုံ့" ဟုဖွင့်၏၊ ရေချိုးရာ၌ ချေးပွတ်သကဲ့သို့ နာနာနှိပ်၍ ဟိုနား သည်နား ပွတ်စေခြင်းကို ဆိုလိုဟန်ရှိသည်၊ ပရိမဒ္ဒါပေယျကား ဆုပ်စေ နှိပ်စေခြင်းပင်တည်း၊

http://www.dhammadownload.com

အဌမဝေယျ အဌမ၌ "သိက္ခမာနာယ-သိက္ခမာန်ကို" ဟုလည်းကောင်း, နဝမ၌ "သာမဏေရိယာ-သာမဏေမကို"ဟုလည်းကောင်း, ဒသမ၌ "ဂိဟိနိယာ-လူဝတ်ကြောင် မိန်းမကို"ဟုလည်းကောင်း ဆိုရုံသာ။

ဧကာဒသမ ယာ ပန ဘိက္ခုနီ-သည်၊ ဘိက္ခုဿ-ရဟန်း၏၊ ပုရတော-ရှေ့၌၊ အနာပုစ္ဆာ-မပန်လျှောက်ဘဲ၊ အာသနေ-နေရာ၌၊ နိသီဒေယျ- ထိုင်အုံ့၊ တဿာ ပါစိတ္တိယံ။

ဒွါဒသမ ယာ ပန ဘိက္ခုနီ-သည်၊ အနော ကာသကတံ-မပြုအပ်သော မေးခွင့်ရှိသော၊ ဝါ-မေးခွင့်မပြုသေးသော၊ ဘိက္ခု-ရဟန်းကို၊ ပဉ္ဍ-ပြဿနာကို၊ ပုစ္ဆေယျ-မေးအုံ့၊ တဿာ ပါစိတ္တိယံ။

တေရသမ ယာ ပန ဘိက္ခုနီ-သည်၊ အသံကစ္စိကာ-ရင်စည်းတဘက် မပါဘဲ (ရင်လွမ်းတဘက် မပါဘဲ)၊ ဂါမံ-ရွာသို့၊ ပဝိသေယျ-ဝင်အုံ့၊ တဿာ ပါစိတ္တိယံ။ [နဝမော-ဧဝဂ်မြောက်သော၊ ဆတ္တုပါဟနဝဂ္ဂေါ-ဆတ္တုပါဟနဝဂ်တည်း။]

* * * * *

ဘိက္ခုနီသည် ထိုပွတ်နှိပ်ဆုပ်နယ်မှုများကို အခြားဘိက္ခုနီအား မခိုင်းကောင်း၊ သိက္ခမာန် သာမဏေမ လူဝတ်ကြောင်မများကိုလည်း ထိုသို့ မခိုင်းကောင်း၊ ညောင်းမှု ကိုက်ခဲမှု စသည်ဖြင့် ဂိလာနဖြစ်၍ ခိုင်းမှု အနာပတ္တိ။

ဧကာဒသမ။ ။ "ပုရတော"ဟု ဆိုသော်လည်း ရှေ့တည့်တည့်သာ မယူရ၊ ဘိက္ခု၏ ပတ်ပတ်လည် ၁၂တောင် ဥပစာတွင်းကို ယူရမည်၊ ထို ဥပစာ အတွင်းအရပ်ဝယ် (မြေပေါ်၌ပင် ထိုင်လိုစေကာမူ) "ထိုင်ပါရစေ ဘုရား"ဟု ဘိက္ခုကို ခွင့်တောင်းပြီးမှ ဘိက္ခုနီတို့ ထိုင်ကောင်းသည်၊ ခွင့် မတောင်းဘဲ ထိုင်လျှင် ပါစိတ်။

ဒွါဒသမ။ ။ ဘိက္ခုနီသည် ဘိက္ခုကို ပြဿနာမေးလိုလျှင် "မည်သည့် ဌာန၌မေးပါရစေ သုတ္တန်ဘက်က မည်သည့်နေရာကို မေးပါရစေ"စသည်ဖြင့် ခွင့်တောင်းပြီးလျှင် မေးခွင့်ရမှ မေးရမည်၊ သုတ္တန်ဘက်က ခွင့်တောင်းပြီး နောက် ဝိနည်း အဘိဓမ္မာဘက်က မေးလျှင်ပင် ပါစိတ် အာပတ်သင့်၏၊ လုံးလုံးအခွင့် မတောင်းဘဲမေးလျှင်ကား ဆိုဖွယ်ရာ မရှိပြီ။

http://www.dhammadownload.com

တေရသမ။ ။ သမန္တ တော–ထက်ဝန်းကျင်မှ၊ ပုရိသဒဿနံ–ယောကျာ်းတို့၏ ကြည့်ရှုခြင်းကို၊ **ဗွေ**–ဤအရပ်၌၊ **ကတိယတိ**–ဖြတ်အပ်၏၊ **ဣတိ**– ထို့ကြောင့်၊ **သံကစ္စ**–သံကစ္စမည်၏ (ပါစိတ္တာဒီယောဇနာ)၊ ယောကျာ်းတို့ မကြည့်နိုင်အောင် ဖြတ်တောက် ဆီးတားအပ်ရာဖြစ်သော ညှပ်ရိုးမှ အောက်ချက်၏ အထက်အရပ်တည်း၊ ထိုအရပ်၌ အသုံးချအပ်သော အထည် ဟစ်မျိုးကို သံကစ္စိကာဟုခေါ်၏၊ သံကစ္စိကာကိုမဝတ်ဘဲ မြို့ရွာတွင်းသို့ ဝင်လျှင် ပါစိတ်။

ရှေးနိဿယတို့၌ သံကစ္စိကာကို "ရင်လွှမ်းတဘက်"ဟု အနက်ဆိုကြ၏၊ သို့သော် ဘိက္ခုနီသည် သံကစ္စိကာမပါဘဲ ရွာတွင်းသို့ဝင်ရာ လေပွေမွှေ့သဖြင့် အပေါ်သက်နှီး လန်သွားသည့်အခါ လူတွေက "သုနှာ အယျာယ ထနဒရာ=လှပါပေရဲ့ အရှင်မရဲ့ သားမြတ်နှင့် ဝမ်းဗိုက်ကလေး"ဟု လှောင်ပြောင်ကြသောကြောင့် ဤသိက္ခာပုဒ်ကို ပညတ်တော်မူရကား ကေသိ အပေါ်ကလွှမ်းရသော "ရင်လွှမ်းတဘက်"မဟုတ်တန်ရာ၊ အကျီကို မဝတ်ကောင်းသောကြောင့် ယခုကာလ ကိုယ်ကြပ် (ဘော်ဒီ)လည်းမဟုတ်နိုင်၊ အမှန်မှာ ကေသိ အတွင်းဘက်သားမြတ်နှင့် ဝမ်းဗိုက်ကို စည်းထားရသော အဝတ် (ရင်စည်းတဘက်) တစ်မျိုးပင် ဖြစ်တန်ရာသည်။

ဆတ္တပါဟနဝဂ် ပြီးပြီ။

* * * * *

မှာထားချက်။ ။ ဤ ဆတ္တပါဟနဝဂ်မှနောက်၌ မုသာဝါဒဝဂ်စသော ၇ဝဂ်တို့မှာ ဘိက္ခုပါတိမောက်နှင့် သိက္ခာပုဒ်အစီအစဉ်ချင်း မတူသော်လည်း ဘိက္ခုပါတိမောက်၌လာသော သာဓာရဏသိက္ခာပုဒ်များချည်းသာတည်း၊ ထို့ကြောင့် ထိုသိက္ခာပုဒ်များ၏ အနက်အဓိပ္ပါယ်ကို အထူးရေးသားဖွယ် မလိုတော့ပြီ၊ ဥဒ္ဒိဋ္ဌာ ခေါစသော နိဂုံးလည်း မထူးပြီ။

ဆသဋ္ဌသတာ၏ အနက်ကိုပြခဲ့ပြီ၊ ဤသုဒ္ဓပါစိတ်၌ ဘိက္ခုနီတို့အတွက်သာဖြစ်သော အသာဓာရဏသိက္ခာပုဒ် (ဝဂ်ပေါင်း ၉ဝဂ်တွင် ကုမာရိဘူတဝဂ်နှင့် ဆတ္တပါဟနဝဂ်၌ ၁၃ပါးစီရှိ၍ ရှေ့ဝဂ်များ၌ ၁ဝပါးစီရှိရကား) ၉၆ပါးရှိ၏၊ ကျန်သိက္ခာပုဒ်တို့မှာ ဘိက္ခုဘိက္ခုနီ ၂မျိုးလုံးနှင့် ဆက်ဆံသော သာဓာရဏ သိက္ခာပုဒ်ချည်းဖြစ်သည်။

သုဒ္ဓပါစိတ် ပြီးပြီ။

http://www.dhammadownload.com

ပါဋိဒေသနီယအခန်း

ပထမ ယာ ပန ဘိက္ခုနီ-သည်၊ အဂိလာနာ-ဂိလာနမဟုတ်ဘဲ၊ သပ္ပိ-ထောပတ်ကို၊ ဝိညာပေတွာ-တောင်း၍၊ ဘုဥ္ဇေယျ-စားအုံ၊ တာယဘိက္ခုနိယာ-ထိုရဟန်းမသည် "အယျေ-အရှင်မ၊ (အဟံ-တပည့်တော်သည်၊) ဂါရယှံ-သော၊ ပါဋိဒေသနီယံ-သော၊ ဓမ္မံ-သို့၊ အာပဇ္ဇိ-ပြီ၊ တံ-ကို၊ ပဋိဒေသေမိ-၏" ဣတိ-ဤသို့ပြောဆို၍၊ ပဋိဒေသေတဗ္ဗ-၏။

ဒုတိယစသည် "တေလ-ဆီကို၊ မဓု-ပျားရည်ကို၊ ဖါဏိတံ-တင်လဲကို၊ မစ္ဆ-ငါးဟင်းကို၊ မံသ-အသားဟင်းကို၊ ခီရ-နို့ရည်ကို၊ ဒဓိ-နို့ဓမ်းကို"ဟု အနက်ဆိုရ်သာ။

* * * * *

ပထမ။ ။ ပါဋိဒေသနီယသိက္ခာပုဒ်များ၌ အဓိပ္ပါယ် အထူးမရှိ၊ ဘိက္ခုတို့၏ ဘောဇနဝဏ်၌လာသော ပဏီတဘောဇနဝိညတ္တိသိက္ခာပုဒ်၌ ပြခဲ့သော အဓိပ္ပါယ်ကိုနည်းမှီ၍ သိနိုင်လောက်ပြီ။ [သေခိယနှင့် အဓိကရဏသမထတို့၌ အထူးမရှိ။]

ဘိက္ခုနီပါတိမောက္ခ
ဘာသာဋီကာ ပြီးပြီ။

နောက်ဆက်တွဲမှတ်ဖွယ်များ

ဥပုသ် ၉မျိုး။ ။ နေ့အားဖြင့် စာတုဒ္ဒသီ-ပန္နရသီ-သာမဂ္ဂိဟု ၃မျိုး ကာရက(ဥပုသ်ပြု) ပုဂ္ဂိုလ်အားဖြင့် သံဃ-ဂဏ-ပုဂ္ဂလဟု ၃မျိုး, ကတ္တာကာရ (ကတ္တာ+အာကာရ = ပြုထိုက်သောအခြင်းအရာ)အားဖြင့် သုတ္တုဒ္ဒေသ-ပါရိသုဒ္ဓိ-အဓိဋ္ဌာန်ဟု ၃မျိုး, ဤသို့ ဥပုသ် ၉မျိုးပြားသည်၊ ထိုတွင် နေ့အားဖြင့်ပြားသော ၃မျိုးကို "ဥဃါသဏော ယာဝတိကာစ ဘိက္ခု" စသော ဂါထာ၌ဖွင့်ခဲ့ပြီ။

http://www.dhammadownload.com

သံဃ-သုတ္တုဒ္ဒေသ။ ။ ၄ ပါးစသော သံဃာတို့ပြုအပ်သော ဥပုသ်သည် သံဃဥပုသ်မည်၏၊ တစ်ကျောင်းတည်း၌ သံဃာ ၄ ပါးရှိလျှင် သံဃဥပုသ်ပြုရမည်၊ တစ်တိုက်ထဲဝယ် ကျောင်းအများရှိရာ အခြားကျောင်းများက သံဃဥပုသ် မပြုကြ-သိမ်ထဲသို့ ၂ ပါးတစ်တွဲ သွားရ၍ပြုကြသော်လည်း မိမိတို့ကျောင်းမှာ သံဃာညီညွတ်နေလျှင် မိမိတို့ကျောင်းကမူ သိမ်ထဲသို့သွားရ၍ သံဃဥပုသ်ပြုရမည်၊ ဤသံဃဥပုသ်သည်ပင် ပါတိမောက်ကိုရွတ်၍(ပြ၍) ပြုရသောကြောင့် သုတ္တုဒ္ဒေသဥပုသ်လည်းမည်၏။ [သုတ္တ= ပါတိမောက်တည်းဟူသော သုတ်ပါဠိတော်ကို+ဥဒ္ဒေသ=ရွတ်ပြရာဥပုသ်။]

အကျဉ်း-အကျယ်။ ။ ဤသုတ္တုဒ္ဒေသ သံဃဥပုသ်ပြုရာ၌ ပြလတ္တံ့သော အန္တရာယ် ၁၀ ပါးတွင် တစ်ပါးပါးမျှမရှိလျှင် ဘိက္ခုပါတိမောက်ကို ဆုံးအောင်ရွတ်သောအားဖြင့် အကျယ်ရွတ်ဆိုရမည်၊ အန္တရာယ် ၁ ပါးပါးရှိလျှင်သော်လည်းကောင်း, ဆုံးအောင်ရသူ မရှိလျှင်သော်လည်းကောင်း, နိဒါန်းအဆုံးမှ နောက်-ရောက်ရာအခန်း၌ တန့်ရပ်ပြီးဆုံးစေသောအားဖြင့် အကျဉ်းလည်း ရွတ်နိုင်၏၊ ဥဒ္ဒေသ ၅ ရပ်ကို (အခန်း ၅ ပါးကို) ဘိက္ခုပါတိမောက် အဆုံး၌ပြန့်ပြီ။

အန္တရာယ် ၁၀ ပါး။ ။ပါတိမောက် အကျဉ်းရွတ်နိုင်သော အန္တရာယ်ကား ပါတိမောက်ရွတ်နေစဉ် ၁-မင်းလာခြင်း, ၂-ကျောင်းစသည်ကို မီးလောင်ခြင်း, ၃-သူခိုးခိုးခြင်း, ၄-မိုးကြီးရွာခြင်း, သို့မဟုတ် ရေကြီးခြင်း, ၅-လူအများ လွမ်းမိုးလာခြင်း, ၆-ရဟန်းကို ဘီလူးပူးခြင်း, ၇-ခြေသုံ့သစ်ကျား စသော သားရဲကောင်များ ဝင်လာခြင်း, ၈-ရဟန်းကို မြွေကိုက်ခြင်း, ၉-အသက်အန္တရာယ် ဖြစ်လောက်အောင် ရဟန်းတစ်ပါး မကျန်းမမာ ဖြစ်လာခြင်း, သို့မဟုတ် သတ်မည်ဟုကြိုစည်ခြင်း, သို့မဟုတ် ပြန်တော်မူခြင်း, ၁၀-ဗြဟ္မစရိယခေါ် သာသနာတော်၏ အန္တရာယ်ဖြစ်လောက်အောင် (လူထွက်ရလောက်အောင်) ရဟန်းတစ်ပါးကိုဖြစ်စေ ရဟန်းအများကိုဖြစ်စေ ဖမ်းယူကြခြင်းတည်း။

[ဆောင်] မင်း-မီး-ခိုး-သူ-မိုးရေဟူ, လူနှင့်ဘီလူးဆွယ်။
သားရဲ-မြွေ-အသက်, ထွက်အောင်ဖျက်, ဆယ်ချက်အန္တရာယ်။

ဂဏ-ပါရိသုဒ္ဓိဥပုသ်။ ။ ၃ ပါးဖြစ်စေ ၂ ပါးဖြစ်စေ ပြုအပ်သော ဥပုသ်သည် "ဂဏဥပုသ်" မည်၏၊ "သံဃာမပြည့်သော ရဟန်းအပေါင်းသည် ပြုအပ်သော ဥပုသ်" ဟူလို၊ ဤဂဏဥပုသ်ကိုပင် "ပရိသုဒ္ဓေါအဟံ-ဘန္တေ" စသည်ဆို၍ ပြုရသောကြောင့် "ပါရိသုဒ္ဓိဥပုသ်" ဟုလည်းခေါ်သည်။

http://www.dhammadownload.com

၃ ပါးပြုပုံ။ ။ တဲမြက်လှည်းမှ စသော ပုဗ္ဗကရဏ ပုဗ္ဗကိစ္စတို့ကို ပြုပြီးသောအခါ, တစ်ပါးက .....

"သုဏန္ဟုမေ အာယသ္မန္တော, အဒ္ဓုပေါသထော ပန္နရသော, ယဒါ-ယသ္မန္တာနံ ပတ္တကလ္လံ, မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ" ဟု

ဥတ်ထားရသည်၊ ၁၄ ရက် ဥပုသ်နေ့ဖြစ်လျှင် "အဒ္ဓုပေါသထော စာတုဒ္ဒသော" ဟုပြင်၍ဆို။ [အာယသ္မန္တော-အရှင်တို့၊ မေ-တပည့်တော်၏(စကားကို)၊ သုဏန္ဟု-နားစိုက်ကြပါကုန်၊ အဒ္ဓ-ယနေ့ကား၊ ပန္နရသော-၁၅ ရက်မြောက်သော၊ (စာတုဒ္ဒသော-၁၄ ရက်မြောက်သော၊) ဥပေါသထော-ဥပုသ်နေ့ပါတည်း၊အာယသ္မန္တာနံ-အရှင်တို့၏၊ (ကမ္မံ-ဥပုသ်ကံသည်၊) ပတ္တကလ္လံ-လျောက်ပတ်သောအခါရှိသည်၊ ယဒိသိယာ-အကယ်၍ဖြစ်အုံ၊ (ဧဝံသတိ-ဤသို့ဖြစ်လတ်သော်၊) မယံ-တို့သည်၊ အညမညံ-အချင်းချင်း၊ ပါရိသုဒ္ဓိ ဥပေါသထံ-ပါရိသုဒ္ဓိဥပုသ်ကို၊ ကရေယျာမ-ပြုကြပါကုန်စို့။]

ဤသို့ ပါဠိသက်သက် ရွတ်ဆိုခြင်းအားဖြင့် ဥတ်ထားပြီးနောက် သီတင်းကြီးသူက လက်ကတော့တင်ကာ ဆောင့်ကြောင့်ထိုင်၍ "ပရိသုဒ္ဓေါ အဟံအာဝုသော, ပရိသုဒ္ဓေါတိ မံ ဓာရေထ, ဒုတိယမ္ပိ ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထ, တတိယမ္ပိ ပရိသုဒ္ဓေါ၊ ပေ၊ ဓာရေထ" ဟုဆို၍ ပါရိသုဒ္ဓိပြုရသည်၊ ထို့နောက် သီတင်းငယ် ၂ ပါးတွင် တစ်ပါးကလည်း ဤနည်းအတိုင်းဆို, ထို့နောက် တတိယပုဂ္ဂိုလ်ကလည်း ဤနည်းအတိုင်းဆို, သို့ရာတွင် သီတင်းငယ် ၂ ပါးအတွက် "အာဝုသော" ဟုမခေါ်ဘဲ "ဘန္တေ"ဟုခေါ်ရမည်။ [မံ ဓာရေထ-ဟု ၃ ကြိမ်အပြီးတွင် ယခုကာလ၌ "သာဓု-သာဓု" ဟု အခြားပုဂ္ဂိုလ်များက ဆိုလေ့ရှိကြသည်။]

၂ ပါးပြုပုံ။ ။ ၂ ပါးတည်းရှိသော ကျောင်းတိုက်၌ ပါရိသုဒ္ဓိဥပုသ်ပြုသည့်အခါ "ဥတ်"ထားဖွယ်မလို၊ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စများကို ပြုသင့်သမျှပြုပြီးနောက် သီတင်းကြီးက လက်ကတော့တင်ကာ ဆောင့်ကြောင့်ထိုင်၍ "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပေ၊ ဓာရေဟိ" ဟု ၃ ခေါက် ဆိုရမည်။ [အာဝုသော-ငါ့ရှင်၊ အဟံ-ငါသည်၊ ပရိသုဒ္ဓေါ-အာပတ်မှ စင်ကြယ်ပါ၏၊ မံ-ငါ့ကို၊ ပရိသုဒ္ဓေါတိ-အာပတ်မှ စင်ကြယ်သူဟု၍၊ ဓာရေဟိ-မှတ်ပါလော၊ သီတင်းငယ်အတွက် "ဘန္တေ-အရှင်ဘုရား၊ ပေ၊ ဓာရေထ-မှတ်ပါကုန်လော" ဟုဆို၊ ဤဥပုသ်ပြု၌ "ပရိသုဒ္ဓေါ-အာပတ်မှ စင်ကြယ်ပါ၏" ဟု ဝန်ခံသောကြောင့် အာပတ်ရှိလျှင် ဥပုသ်မပြုခင် ဒေသနာပြောကြရသည်။]

http://www.dhammadownload.com

ပါရိသုဒ္ဓိပြုရာဌာနများ။ ။ ၂ ပါး ၃ ပါးရှိသော ကျောင်းတိုက်၌ ပါရိသုဒ္ဓိဥပုသ် ပြုရသည်သာ မကသေး၊ ပုရိမဝါကပ်သော ပုဂ္ဂိုလ်တို့ ပဝါရဏာပြုပြီးလျှင် ထိုပုဂ္ဂိုလ်တို့အထံ၌ ပစ္ဆိမဝါကပ်သူ-ဝါကျိုးသူတို့ ပါရိသုဒ္ဓိ ဥပုသ်ပြုရသည်၊ သိုရာတွင် ပါရိသုဒ္ဓိပြုသူတို့က ပဝါရဏာ ပြုသူတို့နှင့်အညီအမျှ သို့မဟုတ် အနည်းဖြစ်မှ ပါရိသုဒ္ဓိ ပြုခွင့်ရသည်၊ ပဝါရဏာပြုသူတို့ထက် များနေလျှင် မိမိတို့က ဆိုင်ရာဥပုသ်ပြုပြီးမှ ထိုဝါကပ်သူတို့က မိမိတို့ထံ ပဝါရဏာ ပြုရမည်။

ထို့ပြင်-ကျောင်းတိုက်၌ရှိနှင့်သော ရဟန်းတို့ သံဃဥပုသ်ပြုပြီးမှ ရောက်လာသော ရဟန်းတို့သည် မူလဥပုသ်ပြုနှင့်သော သံဃာထက် မများလျှင် ထိုဥပုသ်ပြုပြီး သံဃာ-ဂိုဏ်း ပုဂ္ဂိုလ်တွေ့သမျှအထံ၌ ပါရိသုဒ္ဓိဥပုသ် ပြုနိုင်သည်၊ ဥပမာ-ရဟန်း ၅ ပါးတို့ သံဃဥပုသ် ပြုပြီးလေရာ နောက်ထပ် ၅ ပါး ၄ ပါး စသော သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်တို့ရောက်လာလျှင် "ပရိသုဒ္ဓေါ အဟံဘန္တေ" စသည်ဆို၍ ပါရိသုဒ္ဓိဥပုသ် ပြုနိုင်သည်-ဟူလို။ [နောက်ရောက် ပုဂ္ဂိုလ်က များနေလျှင်ကား သံဃဥပုသ်ပင် ထပ်၍ပြုရမည်။]

ပုဂ္ဂိုလ-အဓိဋ္ဌာန်ဥပုသ်။ ။ တစ်ပါးတည်းသာရှိသော ကျောင်းတိုက်၌ ဥပုသ်ပြုချိန်ဝယ် တံမြက်လှည်းခြင်း အစရှိသော ပုဗ္ဗကရဏများကို ပြုပြီးလျှင် အာဂန္တုများလာချိန်စောင့်၍ (အာဂန္တုများလာလျှင် ပုဗ္ဗကိစ္စများပါ ပြု၍ ဆိုင်ရာဥပုသ်ကိုပြု၊ အာဂန္တုမလာလျှင်) မိမိမှာ အာပတ်ရှိနေမှု "သဘောတူ ပုဂ္ဂိုလ်လာလျှင် ဒေသနာပြောမည်"ဟု အဓိဋ္ဌာန်၍ "ယနေ့ ငါ၏ ပန္နရသဉ္ဇပုသ်နေ့တည်း"ဟု စိတ်ထဲ၌ မိဋ္ဌာန် (နှလုံးသွင်း) ရမည်၊ စာတုဒ္ဒသီဖြစ်လျှင်လည်း "ယနေ့ ငါ၏ စာတုဒ္ဒသီဥပုသ်နေ့"ဟု မိဋ္ဌာန်ရမည်၊ ဤအဓိဋ္ဌာန် ဥပုသ်ကိုပင် ပုဂ္ဂိုလ်တစ်ပါးတည်း ပြုရသောကြောင့် ပုဂ္ဂလဥပုသ်ဟုလည်းခေါ်သည်။

ကမ်ဓိဆိုပုံ။ ။ ကမ်ဓိအဋ္ဌကထာကား စိတ်ထဲ၌ မိဋ္ဌာန်ရုံ နှလုံးသွင်းရုံကို မပြဘဲ ..... "အဇ္ဇမေ ဥပေါသထော စာတုဒ္ဒသောတိဝါ ပန္နရသော တိဝါဝတ္တာ အဓိဋ္ဌာမိတိ ဝတ္တွေ" ဟုမိန့်သည်၊ ထိုကမ်ဓိအလို "အဇ္ဇမေ ဥပေါသထော စာတုဒ္ဒသောတိ အဓိဋ္ဌာမိ" ဟု လည်းကောင်း, "အဇ္ဇမေ ဥပေါသထော ပန္နရသောတိ အဓိဋ္ဌာမိ" ဟု လည်းကောင်း နှုတ်ဖြင့် ဆိုရမည်ကဲ့သို့ ဖြစ်သည်၊ သို့သော် "အဓိဋ္ဌာန်မှု" ဟူသည် စိတ်ထဲ၌ စွဲမြဲစွာ နှလုံးသွင်းမှုပင် ဖြစ်သောကြောင့် နှုတ်ဖြင့်မဆို တော့ဘဲ စိတ်၌ မိဋ္ဌာန်မှုဖြင့်ပင် အဓိဋ္ဌာန်ဥပုသ် ပြုခြင်းကိစ္စ ပြီးသင့်ပေသည်၊ ထို့ကြောင့် ဥပေါသထကွန္ဓက ပါဠိတော် အဋ္ဌကထာတို့၌ ဝတ္တာ -

http://www.dhammadownload.com

ဝတ္ထုတို ကြိယာမပါဘဲ "အဖွ မေ ဥပေါသထော ပန္နရသော" တိ အဓိဋ္ဌာ တဗ္ဗော-ဟု မိန့်တော်မူသည်။

ဒေသနာပြော, ဒေသနာခံ။ ။ "အဟံဘန္တေ သဗ္ဗာ အာပတ္တိယော" စသည်ဖြင့် ပထမပုဂ္ဂိုလ်က ပြောဆိုခြင်းကို "ဒေသနာပြော" ဟု ခေါ်၍, ထိုသို့ပြောဆိုသည့်အခါ ဒုတိယပုဂ္ဂိုလ်က "သာဓု သာဓု" စသည်ဖြင့် လက်ခံခြင်းကို "ဒေသနာခံ" ဟုခေါ်၏။ [ဒေသနာပြောကို "ဒေသနာကြား" ဟုလည်း ခေါ်ကြ၏၊ သို့သော် "ဒေသနာ" ဟူသော ပါဠိက "ပြောဆိုခြင်း" အနက်သာထွက်၍ နားဌ်ကြားသော "ကြားခြင်း" အနက် မထွက်နိုင်သောကြောင့် "ဒေသနာကြား" ဟူသော အသုံးကို ဆရာတို့ နှစ်သက်တော် မမူကြကုန်။]

ထိုင်ပုံစသည်။ ။ ဒေသနာပြောလိုသူသည် သံဃာ-ဂိုဏ်း-ပုဂ္ဂိုလ်ထံ ပြောနိုင်၏၊ သို့သော် ယခုခေတ် ထုံးစံအတိုင်း ပုဂ္ဂိုလ်တစ်ပါးထံ ပြောလိုရာ၌ ရှေးဦးစွာ သင်းပိုင်ကေသိများကို ကောင်းမွန်စွာဝတ်, လက်ကတော့တင်, ဆောင့်ကြောင့်ထိုင်၍ ဒေသနာခံသူကကြီးလျှင် သူ့ကိုရှိခိုး, ဒေသနာပြောသူကကြီးလျှင် ရှိမခိုးဘဲ, ဒေသနာခံသူ့ဘက်သို့လှည့်၍ ရှိသေစွာ ဒေသနာပြောရမည်။ [ယခုခေတ်၌ အချို့သိတင်းကြီးသူတို့မှာ သူတို့က ဒေသနာပြောပါလျက် ဒေသနာခံသူ သိတင်းငယ်ကို သူတို့ဘက် လက်အုပ်ချီကာ အရိုအသေ ပေးစေလိုကြသေး၏၊ အမှန်မှာ- ဒေသနာခံသူက အရိုအသေပေးဖွယ်မလို။]

ရှေးဆုတ်ဒေသနာပြောနည်း။ ။ ဘုရားလက်ထက်တော်မှစ၍ အတော်ရှေးကျသောခေတ်၌ အာပတ်အသင့်နည်းရကား မိမိမှာသင့်သော အာပတ်၏နာမည်ကို တိုက်ရိုက်ထုတ်ဖော်၍ "အဟံဘန္တေ သုက္ကဝိသဋ္ဌိ သံဃာ ဒီသေသံ အာပဇ္ဇိ" စသည်ဖြင့် ပြောလေ့ရှိကြ၏၊ ယခုခေတ်ကဲ့သို့ "သဗ္ဗာ အာပတ္တိယော" ဟု ယီးတီးယောင်တောင် မပြောဆိုကြကုန်၊ [ထိုရှေး ခေတ် ဒေသနာပြောပုံကို မဟာဝဂ္ဂပေါသထက္ခန္ဓက အဋ္ဌကထာမှာရှု]

ယခုခေတ်ပြောနည်း။ ။ ယခုခေတ်ပြောနည်းမှာ မည်သည့်အာပတ်သင့်သည်-ဟု မထင်ရှား၊ သင့်သော အာပတ်ကို ပြောင်းလွဲ၍ မဆိုတတ်သူတို့အတွက် ရှေးဆရာတို့ စီစဉ်ပေးခဲ့ရာမှ တစ်စတစ်စ တွင်ကျယ်ကာ အများသုံး ဖြစ်လာဟန်တူသည်၊ သို့သော် "သဗ္ဗာ အာပတ္တိယော" ဆိုလျှင် အနည်းငယ် အာပတ်လည်း ပါဝင်သောကြောင့် သင့်သမျှ အာပတ် အနည်းငယ်လည်း ပြေပျောက်နိုင်ရကား ပညာရှိအများပင် လက်ခံလျက် ရှိသောကြောင့် ယခုခေတ် ဒေသနာပြော အစဉ်ကိုသာ အဓိဋ္ဌာယ်နှင့်တကွ ပြုရပေတော့မည်။

http://www.dhammadownload.com

(အရကျက်ရန်)

၁။ သီတင်းယမ်က သီတင်းကြီးထံပြောပုံ

ဒေသနာပြော။ ။ အဟံဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ဒေသနာခံ။ ။ သာဓု သာဓု။

ပြော။ ။ အဟံဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိ ယော အာပဇ္ဇိं၊ တာ တုမှ-မူလေ ပတိဒေသေမိ။

ခံ။ ။ ပဿသိ အာဝုသော တာ အာပတ္တိယော။

ပြော။ ။ အာမ ဘန္တေ ပဿာမိ။

ခံ။ ။ အာယတिं အာဝုသော သံဝရေယျာသိ။

ပြော။ ။ သာဓု, သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ခံ။ ။ သာဓု သာဓု။

* * * * *

အနက်နှင့်အဓိပ္ပာယ်

ဒေသနာပြော။ ။ ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ သဗ္ဗာ-အလုံးစုံကုန်သော၊ အာပတ္တိယော - သင့်မိသမျှ အာပတ်တို့ကို၊ အာဝိကရောမိ-ထင်စွာပြုပါ၏၊ [ဤစကားကား သံဃာဒိသေသ်ဟူသော ဂရုကအာပတ်ကို ထင်စွာပြုသော စကားတည်း၊ ဂရုကအာပတ်သင့်လျက် ဖုံးထားလျှင် ဖုံးသမျှ ညဉ့်အရေအတွက်အတိုင်း ပရိဝါသ်နေရ၏၊ တစ်ညဉ့်ဖုံး လျှင် တစ်ချက်ကျ ဒုက္ကဋ်အာပတ်လည်း သင့်သေး၏၊ ထို့ကြောင့် ဂရုက အာပတ်ကို ဖုံးထားရာမရောက်အောင် "အာဝိကရောမိ=ဖုံးမထားဘဲ အထင် အရှားဖော်ပြောပါ၏" ဟုဆိုလိုသည်၊ "အာရောစယာမိ-အာရောစေမိ"ဟု အမျိုးမျိုးဆိုကြသေး၏၊ "ပြော၏"ဟု အနက်ဆို၊ ဤဝါကျ၏ အဓိပ္ပာယ်ကို ခဒ္ဒသိက္ခာနိသျှင် တစ်မျိုးဆိုသေး၏၊ ရှုလေတော့။]

ဒေသနာခံ။ ။ သာဓု သာဓု-ကောင်းပြီ, ကောင်းပြီ၊ [ဤစကား ကား အာဝိကရဏ ပြုသည်ကို လက်ခံသော စကားတည်း။]

http://www.dhammadownload.com

၂။ သီတင်းကြီးက သီတင်းငယ်ထံပြောပုံ

ပြော။ ။ အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ခံ။ ။ သာဓု သာဓု။

ပြော။ ။ အဟံ အာဝုသော သမ္မဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိं၊ တာ တုယှ-မူလေ ပတိဒေသေမိ။

ခံ။ ။ ပဿထ ဘန္တေ တာ အာပတ္တိယော။

ပြော။ ။ အာမ အာဝုသော ပဿာမိ။

ခံ။ ။ အာယတိं ဘန္တေ သံဝရေယျာထ။

ပြော။ ။ သာဓု, သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ခံ။ ။ သာဓု သာဓု။

* * * * *

ဒေသနာပြော။ ။ ဘန္တေ-ဘုရား၊ အဟံ-သည်၊ သမ္မဟုလာ-များစွာ ကုန်သော၊ နာနာဝတ္ထုကာ-အမျိုးမျိုး ဝတ္ထုရှိကုန်သော၊ သဗ္ဗာ-အလုံးစုံကုန်သော၊ အာပတ္တိယော-အာပတ်တို့သို့၊ အာပဇ္ဇိं-ရောက်ပါပြီ၊ တာ-ထိုအာပတ်တို့ကို၊ တုမှံ-အရှင်ဘုရားတို့၏၊ မူလေ-အထံ၌၊ ပတိဒေသေမိ-ပြောပြပါ၏။ [ဤစကားကား ထုလ္လစ္စဉ်းစသော လဟုက အာပတ်များကို ဒေသနာပြောသော စကားတည်း၊ နာနာဝတ္ထုကာဟူသည် တစ်မူးတန်ကို နိုးခြင်းတည်းဟူသော ဝတ္ထုကြောင့် သင့်အပ်သော ထုလ္လစ္စဉ်း, ဘီလူးကို သတ်ဖြတ်ခြင်း ဝတ္ထုကြောင့် သင့်အပ်သော ထုလ္လစ္စဉ်း, လိမ်ခြင်းဝတ္ထုကြောင့် သင့်အပ်သော ပါစိတ်, ညစာစားခြင်း ဝတ္ထုကြောင့် သင့်အပ်သော ပါစိတ်, ဤသို့ စသည်ဖြင့် ဝတ္ထုအမျိုးမျိုး ရှိကြသည်-ဟူလို၊ "သဗ္ဗာ အာပတ္တိယော" ကား ထိုထုလ္လစ္စဉ်း ပါစိတ်စသော သင့်သမျှ အာပတ်အားလုံးဟု ဆိုလိုသည်၊ "တုမှံ+မူလေ"ဟု ဆိုလိုလျက် နိဂ္ဂဟိတ် ချေထားသောကြောင့် "တုမှ+မူလေ" ဟု ရှိရသည်၊ ငယ်သူက ကြီးသူကို ရိုသေရာ ရောက်အောင် "တုမှံ-အရှင်ဘုရားတို့၏" ဟု ဗဟုဝစ်ဖြင့် အသုံးပြုကြသည်။]

ဒေသနာခံ။ ။ အာဝုသော-ငါ့ရှင်၊ တာအာပတ္တိယော-ထိုအာပတ်တို့ကို၊ ပဿသိ-ရှု၏လော။ [ထိုအာပတ်များကို "ငါ့မှာသင့်နေသော အာပတ်တွေ"

http://www.dhammadownload.com

၃။ သီတင်းယ်ကထပ်၍ပြောပုံ

[ဤသီတင်းယ်က ထပ်မံ၍ ဒေသနာပြောပုံမှာ (၁) နံပါတ်ပြောနည်းတွင် (ပြော) "အဟံဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ" (ခဲ) "သာဓု သာဓု" ဤ(အပြော,အခဲ) တစ်စုံကိုချန်၍ ကျန်သမျှဆိုရုံသာ၊ ထို့ကြောင့် "အဟံဘန္တေ သမ္မဟုလာ နာနာဝတ္ထုကာ" မှစ၍ (၁)နံပါတ်ပြောနည်းခံနည်းအတိုင်း ပြောရ-ခံရမည်။]

* * * * *

ဟု သင်ရွှရဲ့.လား-ဟု ပဋိညာဉ်တောင်းသော စကားဖြစ်သည်၊ ခုဒ္ဒသိက္ခာနိဿယ၌ "ပဿသိ-မြင်ပေ၏" ဟု ပေး၏, ဆင်ခြင်ပါ။]

ဒေသနာပြော။ ။ ဘန္တေ-ရား၊ အာမ-မှန်ပါ၊ ပဿာမိ-ရှုပါ၏။ ["ပဿသိ အာဝုသော" ဟု ပဋိညာဉ်တောင်းသည့်အတိုင်း "မှန်ပါ, ရှုပါသည်" ဟု ဝန်ခံသောစကားတည်း။]

ဒေသနာခံ။ ။ အာဝုသော-ငါ့ရှင်၊ အာယတိ-နောက်နောင်အခါ၌၊ သံဝရေယျာသိ-စောင့်စည်းလော။ [နောက်နောင်အခါ အာပတ်မသင့်အောင် စောင့်စည်းပါ-ဟူလို၊] ဤစကားကား "အာမ ဘန္တေ ပဿာမိ" ဟူသော ပဋိညာဉ်အရ "ပဋိညာယ ကာရေတဗ္ဗော" ဟူသော သမထနှင့်အညီ ဝန်ခံသည့်အတိုင်း ဆုံးဖြတ်သော ပဋိညာတကရဏ စကားတည်း။

ဒေသနာပြော။ ။ ဘန္တေ-ရား၊ သာဓု-ကောင်းပါပြီ၊ သုဋ္ဌုသံဝရိဿာမိ-ကောင်းစွာ စောင့်စည်းပါအုံ။ [ဤကား ဆုံးဖြတ်တိုက်တွန်းသည့်အတိုင်း "ကောင်းပါပြီ, ကောင်းစွာစောင့်စည်းပါမည်ဟု ဝန်ခံသောစကားတည်း။]

သီတင်းကြီးက ဒေသနာပြောပုံ။ ။ အနက်အဓိပ္ပာယ် မထူးပြီ၊ သီတင်းကြီးသူဖြစ်၍ ငယ်ရွယ်သူကို "အာဝုသော-ငါ့ရှင်" ဟုခေါ်ခြင်း "တုမ္ဘဲ" ဟု လေးလေးစားစား ဗဟုဝုစ်စကားကိုမသုံးဘဲ "တုယှံ-သင်၏" ဟု ကေဝုစ် စကားကိုသုံးခြင်းသာ ထူးတော့သည်၊ "တုယှံ+မူလေ" ဆိုလိုလျက် နိဂ္ဂဟီတ်ချေထားသဖြင့် "တုယ္ဟ+မူလေ" ဟုရှိသည်။ ["တုမ္ဘ+မူလေ, တုယ္ဟ+မူလေ" ပုဒ်တို့ သံမာသ်မဟုတ်-ဝါကျဟု ပါစိတျာဒိယောဇနာ မိန့်သည်။]

သီတင်းယ်က ထပ်၍ပြောပုံ။ ။ သီတင်းကြီးက ပြောပြီးနောက် သီတင်းယ်က ထပ်၍ပြောရာ၌ "အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ" ဟူသော ဝါကျမပါခြင်းမှာ ထိုဝါကျက ဂရုကအာပတ်ကို ထင်စွာပြုသော

http://www.dhammadownload.com

ဝါကျဖြစ်၍ ထိုဂရုကအာပတ်အတွက်မှာ ပထမတစ်ကြိမ် ပြောရုံမျှဖြင့် ညဉ့်မဖုံးလွှမ်းခြင်းကိစ္စ ပြီးသောကြောင့်ဖြစ်သည်၊ သို့ဖြစ်လျှင် ဘာ့ကြောင့် "အဟံ ဘန္တေ သမ္မဟုလာ" မှစ၍ ထပ်ရပြန်သနည်း–ဟု မေးဖွယ်ရှိ၏၊ အဖြေကား–သဘာဂအာပတ်ရှိသူချင်း ဒေသနာပြောမိလျှင် ဒုက္ကဋ်အာပတ် ထပ်၍သင့်သောကြောင့် ထိုဒုက္ကဋ်အာပတ်ကို ပြေပျောက်စေခြင်းငှာ "အဟံ ဘန္တေ သမ္မဟုလာ" စသည် ထပ်ရပြန်သည်။

ချဉ်းအုံ။ ။ ရဟန်း ၂ ပါး ညစာစားမိ၍ ဝိကာလဘောဇနပါစိတ်အာပတ်သင့်ကြရာ၌ ထိုအာပတ်သည် ညစာစားခြင်း သဘောတူသော ဝတ္ထုကြောင့် သင့်ရကား "သဘာဂအာပတ်" မည်၏၊ ထိုကဲ့သို့ သဘာဂ အာပတ်ရှိသူချင်း ဒေသနာပြော–ဒေသနာခံလျှင် ပြောသူခံသူ ၂ ပါးလုံးပင် ဒုက္ကဋ်အာပတ် တစ်ချက်စီ ထပ်၍သင့်ကြ၏၊ သို့သော် ထိုဒုက္ကဋ်အာပတ်သည် ပြောခြင်းဝတ္ထုကြောင့် တစ်ပါးမှာသင့်၍, ခံခြင်းဝတ္ထုကြောင့် အခြားတစ်ပါးမှာ သင့်ရသည်၊ ဝတ္ထုချင်း သဘောမတူကြ၍ သဘာဂအာပတ် မဟုတ်ကြချေ။

ထို့ကြောင့် ပထမဆုံး သီတင်းငယ်က ဒေသနာပြောရာ၌ သဘာဂ အာပတ်ရှိသူချင်း ပြောမိသော် ၂ ပါးလုံးမှာ ဒုက္ကဋ်တစ်ချက်စီ ထပ်၍သင့်၏၊ သီတင်းကြီးက ဒုတိယအကြိမ်ပြောရာ၌ ရှေးက သင့်ပြီးသော အာပတ်များ နှင့်တကွ ယခင် ဒုက္ကဋ်အာပတ်ပါ ပြေပျောက်လေပြီ၊ သီတင်း ငယ်မှာကား ဒုက္ကဋ်အာပတ်တစ်ချက် ကျန်သေး၏၊ ထိုဒုက္ကဋ်အာပတ်ကို ပြေပျောက်စေ ခြင်းငှာ တတိယဒေသနာ ပြောရပြန်သည်။

"သဘာဂအာပတ်မရှိဘူး" ဟု သိလျှင်ကား ထိုဒုက္ကဋ်အာပတ်လည်း မသင့်သဖြင့် တတိယအကြိမ် ထပ်၍ ဒေသနာပြောဖွယ်မလို၊ ယခုကာလ၌ကား သဘာဂအာပတ်ရှိရှိ–မရှိရှိ ရိုးရာဖြစ်၍ တတိယအကြိမ် ထပ်လေ့ရှိကြသည်၊ ထိုတတိယအကြိမ် ထပ်ရာမှာလည်း "သမ္မဟုလာ နာနာဝတ္ထုကာ= များစွာ ကုန်သော ဝတ္ထုအမျိုးမျိုးကြောင့် သင့်ကုန်သော" ဟု ဆိုထားပြန်၏၊ များ လည်းမများ, ဒုက္ကဋ်တစ်ချက်သာ၊ ဝတ္ထုအမျိုးမျိုးလည်းမရှိ, သဘာဂဝတ္ထုရှိ သူချင်း ဒေသနာပြောမှ ဝတ္ထုတစ်မျိုးသာရှိသည်၊ သို့ရာတွင် အများဆိုလျှင် တစ်ပါးလည်းပါဝင်, ဝတ္ထုအမျိုးမျိုးဆိုလျှင် ဝတ္ထုတစ်မျိုးလည်း ပါဝင် သောကြောင့် အထူးမပြင်တော့ဘဲ ရိုးရာအတိုင်းသာ လိုက်ကြပေတော့သည်။

နောက်ဆက်တွဲမှတ်ဖွယ်များပြီးပြီ။

---

http://www.dhammadownload.com

ဘာသာဦးကာနိဝုံး

ရတနာဘုဂုဏ်ရည်–အခြေပြုသင္ဂြိဟ်–အခြေပြုသဒ္ဒါ–သင္ဂြိဟ်ဘာသာ ဦးကာ–ဝိထိနှင့် သုံးချက်စုဘာသာဦးကာ–ကိုယ်ကျင့်အဘိဓမ္မာဟူသော ကျမ်း ပေါင်းခြောက်စောင်အပြင် ဤပါတိမောက်ဘာသာဦးကာ သတ္တမကျမ်းစာလည်း ပါတိမောက်နှင့် ကခ်ါအဋ္ဌကထာကို ပို့ချရင်း ရေးသားခဲ့ရာ နှစ်တစ်ပတ်လည် အချိန်မှာပင် ကောင်းစွာ ပြီးစီးပြန်ပေပြီ။

သိရ္ဆိတ္ထ ဟော ဘာသာဦးကာ, ဒေသ ဘာသာယ သစ်တာ၊
ဝဏ္ဏနာ ပါတိမောက္ခာနံ, ဥဘိန္နမ္ပိ သု ဒုလ္လဘာ။

ဥဘိန္နံပိ–ဘိက္ခု ဘိက္ခုနီ, အမည်ပြားတုံ, ၂ ပါးစုံလည်း ဖြစ်ကုန် သော၊ ပါတိမောက္ခာနံ–ပါတိမောက်ခေါ်, သိက္ခာပုဒ်ပါဠိတော်တို့၏၊ ဝဏ္ဏနာ– အဋ္ဌကထာအပြင်, တစ်မျိုးထွင်၍, ဆင်ယင်ဖွင့်ပြကြောင်းဖြစ်သော၊ သု ဒုလ္လဘာ–ပညာစိစစ်, တက်တုန်းဖြစ်သည့်, ခေတ်နှင့်တန်အောင်, အမှန်ရခဲလှစွာသော၊ ဒေသဘာသာယ–တိုင်းရင်းမြန်မာ, ကိုယ့်ဘာသာဖြင့်၊ သခ်ံတာ–တစ်သန့်တစ်သန့်, အကန့်ကန့်လျက်, ခဲ့ခဲ့စီရရ, တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဦးကာ–ဘာသာဦးကာ, အမည်သာသည့်, မှီရာ သိပ်သည်:, နိဿရည်:သည်၊ သိရ္ဆိတ္ထဟော–ဝန်:ကျင်ပတ်ကုံ:, ကမ္ဘတ်ဖုံ:၍, နိဝုံ:အရောက်, ပြီ:မြောက်ပြန်ပြီတကား:။

ဤသို့ ကျမ်းပေါင်:အရပ်ရပ်ကို ထပ်ကာထပ်ကာ စိစဉ်နေခြင်:မှာလည်: ကျမ်:စာတွေကိုညွှန်ပြ၍ "ကျမ်:ပြုဆရာတော်" ဟူသော ပကာသနစသည်ကို လိုလားခြင်:ကြောင့် မဟုတ်ပါ၊ သာသနာ့ဝန်ကို ထမ်:ရာဝယ် စွမ်:ဆောင်နိုင် ရာဘက်မှ ဆောင်ရွက်ထိုက်သည်ဟု သဘောရ၍ စိတ်ပန်:ကိုယ်ပန်: ထမ်: နေခြင်:ဖြစ်ပါသည်၊ သို့ဖြစ်၍ .....

ယဒိ အညာ ဥပွဓေထ, ဣတောပိ သုဒသမ္ဘတာ၊
တဿောကာသ ပဒါနာယ, အယံ အမ္ဘရတယတံ။

ဣတောပိ–အများမှီ:လောက်, ခရီ:ရောက်၍, ပြီ:မြောက်ခဲ့ရာ, ဤ ဘာသာဦးကာထက်လည်:၊ သုဒသမ္ဘတာ–ကြည်ရွှပ်ချ, လွယ်ကူလှသဖြင့်, အား၊ရှယ်တောင်:, အကောင်:ဟု သမုတ်အပ်သော၊ အညာ–ပါတိမောက်တွင်:, ဉာဏ်ရောင်သွင်:မည့်, သန့်ရှင်:ကျစ်လစ်, ဦးကာသစ်တစ်မျိုး:သည်၊ ယဒိဥပွဓေ ထ–ပညာလိုလား:, နောက်နောက်သား:တို့, ကြိုး:စား:ရစ်သော်, အကယ်၍ဖြစ်ပေါ်

http://www.dhammadownload.com

လာအုံ့၊ တဲ့သော–ထိုသို့ဖြစ်ရစ်, ဋ္ဌိကာသစ်၏၊ သြကာသ် ပဒါနာယ–ထွန်းတောက်တင့်ရေး, အခွင့်ပေးခြင်းငှာ၊ အယံ–လပေါင်းမြားမြောက်, လွန်အားဆောက်မှ, ထွန်းတောက်ထွက်လာ, ဤဋ္ဌိကာသည်၊ အန္တ ရဓာယတံ–ရိုးရာမတည့်, တိုးကာင့်၍, ကပ်ဖဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

ဤသို့ ကျမ်းစာအစောင်စောင် ရေးသားနိုင်အောင်သော ဉာဏ်စွမ်းကို အထိုက်အလျောက် ရရှိခြင်းမှာလည်း မိမိပဋိဘာန် ပင်ကိုယ်ဉာဏ်ကြောင့် မဟုတ်ပါ၊ ငယ်ရွယ်စဉ်ကစ၍ စာပေအရာ ဝါသနာပါမှန်း သိတော်မူကြသော (သင်္ဂြိုဟ်ဘာသာဋီကာနိဂုံးပါ) ဆရာတော်တို့ အဆက်ဆက် ချီးမြှောက်တော်မူကြခြင်းကြောင့်သာ ဖြစ်ပါသည်၊ ထို့ကြောင့် .....

သမ္ဘူဧယာမိ ထေရာနံ, ယေသာဟံ သမ္ဘဂ္ဂဟိတော၊
ဧယံ ဧယံ ဧယန္တောဝ, သမ္ဘဒ္ဒ သာသနဿရော။

ယေသံ ထေရာနံ–အထက်ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင်ဆရာတော် ဘုရားတို့သည်၊ သမ္ဘဂ္ဂဟိတော–အထူးစောင့်ရှောက်, ချီးမြှောက်အပ်သည်ဖြစ်၍၊ ဧယံ ဧယံ–အောင်သင့်အောင်ရန်, စာတော်ပြန်ဟု, တိုင်းမြန်ထင်ရှား, အောင်ပွဲများကို၊ ဧယန္တောဝ–လာဘ်လည်းမကူ, လူလည်းမပုံ, ခုံခုံသိုက်မြှိုက်, အောင်လံစိုက်လျက်သာလျှင်၊ အဟံ–ငါသည်၊ သမ္ဘဒ္ဒ သာသနဿရော–ဗုဒ္ဓမြတ်စွာ, သာသနာကျိုး, တိုးသင့်တိုးအောင်, တစ်မျိုးဆောင်ရပေ၏၊ တေသံ ထေရာနံ–ကျေးဇူးတော်ရင်, ဂုဏ်အင်ကြီးမား, ထိုဆရာတော်ဘုရားတို့အား၊ သမ္ဘူဧယာမိ–ကျမ်းစာရေးသား, ကောင်းမှုများ ဖြင့်, လေးစားကော်ရော်, ပူဇော်ပါ၏။

မိမိ ဆရာတော်များသာမက, ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို မကွယ်မပျက်အောင် ဆောင်ရွက်တော်မူခဲ့ကြ–ယခုလည်း ဆောင်ရွက်တော်မူနေကြပေသော ဆရာတော်များလည်း ရှိကြပေသေး၏၊ ထိုဆရာတော်များ၏ ကိုယ်ပန်း စိတ်ပန်းနှင့် ချမ်းသာခွင့် မရကြပုံကို အလုံးစုံလောက်ပင် မြော်မြင်မိပါသည်၊ ထို့ကြောင့် .....

ရဓေဟာရောမိ ထေရာနံ၊ သာသနံ ယေသ-မာဘတံ၊
ပါဒဋ္ဌိနိစ သမ္ဘာနိ, သမ္ဘဝိဒ္ဓာမိ စတ္ဌကေ။

ယေသံ ထေရာနံ–သာသနာဝန်, အားသွန်ကြိုးပမ်း, ထမ်းကြပျော်ပျော်, အကြင်ဆရာတော်တို့သည်၊ သာသနံ–ဘဝင်ဘုရား, တည်ထောင်ထားသည့်, အများတွက်တာ, သာသနာတော်ကြီးကို၊ အာဘတံ–ပင်ပန်းသမျှ, လစ်လျှ

http://www.dhammadownload.com

ရှုရ၏, အမှုပါအောင်, ထမ်းဆောင်ကော်မှုအပ်လေပြီ၊ တေသံ ထေရာနံ-သားကောင်းပီပီ, ဇာနည်စစ်စစ်, ရှေးခေတ်ခုပေါ်, ထိုဆရာတော်ဘုရားတို့၏၊ ရဇောဟာရော-ခြေခ္ခြေကပ်တွယ်, မြူမှုန်ပယ်ဖို့, အလွယ်ချိတ်ထား, ခြေသုတ်အလားသည်၊ အမှိ -အမှန်စိတ်ထား, နှိမ့်သောအားဖြင့်, လေးစားလျက်သာ, ဖြစ်ရိုးပါတည်း၊ သဗ္ဗာနိ-ကြွင်းမဲ့ဥသုံ-အလုံးစုံကုန်သော၊ ပါဒဋ္ဌိနိစ-သာသနာ့ဝန်ဆောင်, အခေါင်ထွတ်မြတ်, ခြေရိုးဓာတ်တို့ကိုလည်း၊ မတ္ထကေ-ဆရာ့တံဆိပ်, ခြေစုံနှိပ်သည့်, ဦးထိပ်ရတနာ, မြတ်အင်္ဂါဖြင့်၊ သမ္ပဋိစ္ဆामि-သရဖူအလား, စိတ်ဝယ်တား၍, လေးစားတစ်မှု, ခံယူပါသတည်း။

ဤသို့ ကျမ်းစာအရပ်ရပ်ကို အထပ်ထပ်ပြုစုခြင်းကြောင့် မိမိစေတနာအားလျော်စွာ သံသရာစခန်းဝယ် မျှော်မှန်း၍ မဆုံးနိုင်သော အကျိုးအာနိသင်များကို ဇကန်ရလိမ့်မည်ဟု ယုံကြည်ပါ၏၊ သို့သော် ထိုရလတ္တံ့သော အကျိုးများတွင် မိမိအတွက် ခံစားစံစားဖို့ အချက်ကိုကား တစ်စက်မျှ မလိုလားပါ၊ "ကိုယ်ထည်းတစ်ယောက်, ဆင်းရဲရောက်၍, ကိုယ့်မောက်အများ, ချမ်းသာပွားမှ, တစ်ပါးဖြစ်ဆွ, ဆင်းရဲစေတော့" ဟု ရည်ရွယ်ရင်း အတိုင်းသာလျှင် အများ၏ ချမ်းသာရေးကို ဆောင်ရွက်လျက် နိဗ္ဗာန်သို့ မြန်မြန်တက်နိုင်အောင်

အဘိဝမ္ဘဒ္ဒ, မေ ပညာ, သဒ္ဓါ သတိ သမာဓယော၊
ပရက္ကမော လောကသာရ-ဟောဗျတ္ထာယ ဝရံ ပရံ။

မေ-ငါ၏၊ ပညာ-ဝဇိရစိန်, ကဲ့အရှိန်သို့, ထိန်တလက်လက်, ထက်မြက်သော ပညာသည်လည်းကောင်း၊ သဒ္ဓါ-ယုံကြည်ဖွယ်ရန်, ဝတ္ထုမှန်လျှင်, ကေန်ဆုံးဖြတ်, ယုံကြည်တတ်သော သဒ္ဓါသည်လည်းကောင်း၊ သတိသမာဓယော-ကုသိုလ်ဖြစ်မြောက်, ကိစ္စရောက်ဖို့, တအောက်မေ့မေ့, အဓလေ့တို့, ထွေ.ထွေ.ကြိုးကြိုး, မတုန်လှုပ်သော သမာဓိတို့သည်လည်းကောင်း၊ ပရက္ကမော-ကိုယ်နှင့်အသက်, မင့်ကွက်ဘဲ, ဆက်ဆက်ကြိုးကုတ်, အားထုတ်နိုင်ကြောင်း, လုံ့လကောင်းသည်လည်းကောင်း၊ လောကသာရ ဟောဗျတ္ထာယ-လောကီလူပေါင်း, နှစ်မြို့.ကြောင်းနှင့်, အကောင်းဆုံးရည်သန်, ဟောဓိဉာဏ်အကျိုးငှာ၊ ပရံ ပရံ-တမြင့်ထဲမြင့်, ဆင့်ကဲတင့်သည်ဖြစ်၍၊ အဘိဝမ္ဘဒ္ဒ-တက်သစ်လဝန်း, နေသစ်ထွန်းသို့, ရွန်းတဝေဝေ, တိုးတက်ကြပါစေသတည်း။

ပါတိမောက်ဘာသာဋီကာပြီးပြီ။